*<u>သင်သည်</u>သမ္မာကျမ်းစာကိုနားလည်နိုင်ပါသည်။*

# *ပေါလုဟောပြောသောဧဝံဂေလိသတင်းကောင်း ရောမဩဝါဒစာ*

BOB UTLEY
ဟောပြောခြင်းဆိုင်ရာ ပါမောက္ခ
(သမ္မာကျမ်းနည်းကျအနက်ပြန်ခြင်း)

အနက်ဖွင့်ခြင်းလေ့လာမှုလမ်းညွှန်စာစဉ်များ
ဓမ္မသစ်ကျမ်း။ အတွဲ ၅။

Bible Lessons International, Marshall, Texas
၁၉၉၈
ပြန်လည်မွမ်းမံခြင်း ၂၀၁၀

## မာတိကာ

ဤအနက်ဖွင့်ကျမ်း၌ သုံးသောအတိုကောက်များ ၅
ကျမ်းပြုသူ၏ အမှာစကား။ ။ ဤအနက်ဖွင့်ကျမ်းသည် သင့်ကို မည်သို့ကူညီနိုင်ကြောင်း ၇
သမ္မာကျမ်းစာ ကောင်းစွာဖတ်ရှုခြင်းအတွက် လမ်းညွှန်။ သမ္မာတရားကိုမိမိကိုယ်တိုင် ရှာဖွေဖော်ထုတ်ခြင်း။ ၁၀
**အနက်ဖွင့်ကျမ်း**
ရောမဩဝါဒစာမိတ်ဆက် ၂၁
ရောမ ၁ ၂၈
ရောမ ၂ ၉၄
ရောမ ၃ ၁၁၆
ရောမ ၄ ၁၄၄
ရောမ ၅ ၁၆၂
ရောမ ၆ ၁၉၀
ရောမ ၇ ၂၀၈
ရောမ ၈ ၂၂၇
ရောမ ၉ ၂၇၂
ရောမ ၁၀ ၃၁၅
ရောမ ၁၁ ၃၃၃
ရောမ ၁၂ ၃၅၄
ရောမ ၁၃ ၃၇၇
ရောမ ၁၄ ၄၀၃
ရောမ ၁၅ ၄၂၁
ရောမ ၁၆ ၄၄၃

နောက်ဆက်တွဲ တစ်။ ။ ဂရိသဒ္ဒါဖွဲ့စည်းပုံ၏အဓိပ္ပါယ်ဖွင့်ဆိုချက် အကျဉ်း ၄၆၄
နောက်ဆက်တွဲ နှစ်။ ။ မူရင်းကျမ်းဆိုင်ရာအကဲဖြတ်မှု ၄၇၈
နောက်ဆက်တွဲ သုံး။ ။ ခက်ဆစ်အဓိပ္ပါယ် ၄၈၄
နောက်ဆက်တွဲ လေး။ ။ ဩဝါဒဆိုင်ရာ ဖော်ပြချက် ၄၉၉

**ရောမဩဝါဒစာထဲက အထူးအကြောင်းအရာများအတွက်
မာတိကာ**


| | |
|---|---|
| စေလွှတ်သည် (*Apostellō*) ၁း၁ | ၃၂ |
| ကနဦးအသင်းတော်ဟောပြောသောအရာ၊(*Kerygma)* ၁း၂ | ၃၅ |
| ဘုရားသခင်၏သားတော်၊ ၁း၃ | ၃၆ |
| သွေးသား/ဇာတိ၊(*Sarx)* ၁း၃ | ၃၈ |
| မေရှိယ၊ ၁း၄ | ၄၁ |
| ဘုရားနာမတော်များ၊ ၁း၄ | ၄၂ |
| ဓမ္မဟောင်းကျမ်းထဲက ယုံကြည်၊ ကိုးစား၊ ယုံကြည်ကိုးစား(Believe, Trust, Faith)နှင့် သစ္စာရှိခြင်း၊ ၁း၅ | ၄၉ |
| ကျွန်ုပ် (Bob) ၏ဧဝံဂေလိဆိုင်ရာအမြင်၊ ၁း၅ | ၅၄ |
| ခေါ်ဖိတ်ခြင်းခံရသော၊ ၁း၆ | ၅၅ |

| | |
|---|---|
| သန့်ရှင်းသူများ၊၁း၇ | ၅၇ |
| ဘုရားသခင်၏ခမည်းတော်အရာ၊ ၁း၇ | ၅၈ |
| ဓမ္မသစ်ကျမ်းထဲကဝိညာဉ် (*pneuma*)၊၁း၈ | ၆၂ |
| ကယ်တင်ခြင်း(ဓမ္မဟောင်းဝေါဟာရ)၊၁း၁၆ | ၆၆ |
| ဖြောင့်မတ်ခြင်းတရား၊ ၁း၁၇ | ၆၈ |
| ဘုရားသခင်အားလူသားကဲ့သို့ ရေးသားဖော်ပြခြင်း၊ ၁း၁၈ | ၇၅ |
| ပေါလုရေးသောစာများ၌ ဖော်ပြသည့် "သမ္မာတရား"၊ ၁း၁၈ | ၇၇ |
| သိရှိသည်၊ ၁း၁၉ | ၇၈ |
| ဖျက်ဆီး၊ပျက်စီး၊ဖေါက်ပြန်*(Phtheirē)*၊၁း၂၃ | ၈၃ |
| နှလုံး၊ ၁း၂၄ | ၈၄ |
| အမြဲထာဝရ(ဂရိအီဒီယံများ)၊ ၁း၂၅ | ၈၅ |
| အာမင်၊ ၁း၂၅ | ၈၆ |
| လိင်တူဆက်ဆံခြင်း၊ ၁း၂၆၊၂၇ | ၈၈ |
| ဓမ္မသစ်ကျမ်းထဲ၌ရှိသော ဆိုးညစ်မှုများနှင့်ကောင်းမြတ်မှုများ၊ ၁း၂၉–၃၁ | ၉၀ |
| *"HUPER"* ပေါင်းစပ်စကားလုံးများအား ပေါလုအသုံးပြုပုံ၊ ၁း၃၀ | ၉၁ |
| နောင်တတရား၊ ၂း၄ | ၉၈ |
| လူမျိုးခွဲခြားရေးဝါဒ၊ ၂း၁၁ | ၁၀၂ |
| ဝါကြွားခြင်း၊၂း၁၇ | ၁၁၀ |
| ဂရိဝေါဟာရ"စမ်းသပ်စစ်ဆေးခြင်း"နှင့် ၎င်း၏အဓိပ္ပါယ်ပွါးများ၊ ၂း၁၈ | ၁၁၁ |
| ပယ်ပြယ်ဆိတ်သုဉ်းသွားစေသည် *(Katargeō)*၊ ၃း၃ | ၁၁၉ |
| ဘုန်းတန်ခိုးတော်၊ ၃း၂၃ | ၁၂၉ |
| လူတစ်ယောက်ကယ်တင်ခြင်းရကြောင်း ဓမ္မသစ်အထောက်အထား၊ ၃း၂၄ | ၁၃၀ |
| ရွေးနှုတ်ခ/ရွေးနှုတ်သည်၊ ၃း၂၄ | ၁၃၁ |
| အရှေ့တိုင်း စာပေ၊ ၃း၂၇ | ၁၃၈ |
| ဘုရားတစ်ဆူ အယူဝါဒ၊ ၃း၃၀ | ၁၄၀ |
| ယုံကြည်/ကိုးစားသည် (belief/faith)၊ ၄း၅ | ၁၄၉ |
| တံဆိပ်၊ ၄း၁၁ | ၁၅၃ |
| အာမခံ၊ ၄း၁၆ | ၁၅၇ |
| ငြိမ်သက်ခြင်း၊ ၅း၁ | ၁၆၆ |
| ရပ်တည်သည် *(Histēmi)*၊ ၅း၂ | ၁၆၇ |
| စိတ်ချမှုရှိခြင်း၊ ၅း၂ | ၁၆၉ |
| ခရစ်ယာန်များ အဘယ်ကြောင့် ဆင်းရဲဒုက္ခခံကြသနည်း၊ ၅း၃ | ၁၇၂ |
| ဒုက္ခဝေနာ ၅း၃ | ၁၇၂ |
| ခရစ်ယာန်ကြီးထွားမှု ၅း၄ | ၁၇၃ |
| ဘုရားသခင်၏နိုင်ငံတော်၌ စိုးစံခြင်း၊ ၅း၁၇၊၁၈ | ၁၈၅ |
| ဗိတ္တဇံမင်္ဂလာ၊၆း၃–၄ | ၁၉၄ |
| သန့်ရှင်းစင်ကြယ်စေခြင်း၊ ၆း၄ | ၁၉၅ |
| နည်းဥပဒေသ *(Tupos)*၊ ၆း၁၇ | ၂၀၃ |
| ပေါလု၏ချီးမွမ်းခြင်း၊ ဆုတောင်းခြင်းနှင့် ဘုရားသခင်အားကျေးဇူးတင်ခြင်း၊ ၇း၂၅ | ၂၂၄ |

| | |
|---|---|
| ယေရှုနှင့်ဝိညာဉ်တော်၊ ၈း၉ | ၂၃၆ |
| သုံးပါးတစ်ဆူ၊ ၈း၁၁ | ၂၃၈ |
| ယုံကြည်သူ ခံရသောအမွေ၊ ၈း၁ | ၂၄၅ |
| သဘာဝအရင်းအမြစ်များ၊ ၈း၁၉ . | ၂၄၇ |
| မြှော်လင့်ခြင်း၊ ၈း၂၅ | ၂၅၃ |
| စွဲမြဲရန် လိုအပ်မှု၊ ၈း၂၅ | ၂၅၄ |
| ဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်း၊ ၈း၂၇ | ၂၅၇ |
| သားဦး၊ ၈း၂၉ | ၂၆၂ |
| ရွေးကောက်ခြင်း/ကြိုတင်ခန့်ထားခြင်းနှင့် ဓမ္မသဘောတရားချိန်ခွင်လျှာညီရန် လိုအပ်ခြင်း၊ ၈း၃၃ | ၂၆၄ |
| အကြီးဆုံး *(Archē)*၊ ၈း၃၈ | ၂၆၉ |
| ကိုယ်ကိုကိုယ် သိသောစိတ် *(conscience)*၊ ၉း၁ | ၂၇၇ |
| ကြားဝင်ဆုတောင်းပေးခြင်း၊ ၉း၃ | ၂၇၉ |
| ကျိန်ဆဲခြင်း *(Anathema)*၊ ၉း၃ | ၂၈၃ |
| အစ္စရေး၊ ၉း၄ | ၂၈၄ |
| ပဋိညာဉ်တရား၊ ၉း၄ ၂၈၆ | |
| ဘုရားသခင်အား လူသားကဲ့သို့ ရေးသားဖော်ပြခြင်း၊ ၉း၁၃ | ၂၉၂ |
| ချစ်သနားတော်မူခြင်း*(Hesed)*၊ ၉း၁၅ | ၂၉၆ |
| အကြွင်းအကျန်များ၊ အသိအမြင်သုံးမျိုး၊ ၉း၂၇–၂၈ | ၃၀၃ |
| ဘုရားနာမတော်များ၊ ၉း၂၉ | ၃၀၄ |
| တိုက်ထောင့်အမြစ်ကျောက်၊ ၉း၃၃ | ၃၁၂ |
| သိရှိသည်၊၁၀း၂ | ၃၁၈ |
| နာခံခြင်း၊ ၁၀း၃ | ၃၁၉ |
| ကယ်တင်ခြင်းအတွက်သုံးသောဂရိစကားလုံး ကာလပြကြိယာများ၊ ၁၀း၄ | ၃၂၁ |
| ဝန်ခံခြင်း၊ ၁၀း၉ | ၃၂၃ |
| ကိုယ်တော်၏နာမတော်၊၁၀း၉ | ၃၂၅ |
| ရှင်းလင်းစွာရှင်းပြခြင်း၊ ၁၀း၁၈ | ၃၃၀ |
| ယုံကြည်ခြင်းတရားအားစွန့်ပယ်ခြင်း၊၁၁း၂၁ | ၃၄၅ |
| လျှို့ဝှက်ဖုံးကွယ်သောအရာ၊ ၁၁း၂၅ | ၃၄၈ |
| သန့်ရှင်းသည်၊ ၁၂း၁ | ၃၅၇ |
| လက်ရှိကပ်ကမ္ဘာနှင့် ဖြစ်လတ္တံ့သောကပ်ကမ္ဘာ၊ ၁၂း၂ | ၃၅၈ |
| ပြန်လည်ဆန်းသစ်စေခြင်း *(Anakainōsis)*၊ ၁၂း၂ | ၃၆၀ |
| ဘုရားသခင်၏အလိုတော် *(Thelēma)* ၁၂း၂ | ၃၆၁ |
| ဓမ္မသစ်ကျမ်း၏ အနာဂတ္တိစကား၊ ၁၂း၆ | ၃၆၄ |
| စင်ကြယ်သော၊ ရက်ရောမှု *(Haplotes)* ၁၂း၈ | ၃၆၈ |
| ဝေငှခြင်း *(Koinonia)* ၁၂း၁၃ | ၃၇၂ |
| အခွင့်အာဏာ၊ ၁၃း၁ | ၃၈၀ |
| လူ့အစိုးရ၊ ၁၃း၁ | ၃၈၀ |
| မောရှေ၏ပညတ္တိကျမ်းအပေါ် ပေါလုရှုမြင်ပုံ၊ ၁၃း၉ | ၃၈၈ |
| ထွက်မြောက်ရာကျမ်း ၂၀။ ၁၃း၁၅၊၁၇ အားရှင်းလင်းချက်အကျဉ်း | ၃၈၉ |

| | |
|---|---|
| အားနည်းခြင်း၊ ၁၄း၁ | ၄၀၆ |
| ခရစ်ယာန်များ အချင်းချင်းစီရင်ကြပါဦးမလော။ ၁၄း၁၃ | ၄၁၃ |
| ဘုရားသခင်၏နိုင်ငံတော်၊ ၁၄း၁၇ | ၄၁၅ |
| ခိုင်ခံ့စေသည်၊ ၁၅း၂ | ၄၂၄ |
| ပေါကြွယ်ခြင်း၊ *(Perissevō)* ၁၅း၁၃ | ၄၂၉ |
| ခရစ်ယာန်နှင့် ငတ်မွတ်ခေါင်းပါးမှု၊ ၁၅း၂၆ | ၄၃၆ |
| ဘုရားသခင်၏စီမံမှု၌ အမျိုးသမီးများ၊ ၁၆း၁ | ၄၄၆ |
| အသင်းတော် *(Ekklesia)* ၁၆း၁ | ၄၄၉ |
| ဆိုးသွမ်းမှု၏ပုဂ္ဂိုလ် ၁၆း၂၀ | ၄၅၆ |
| ထာဝရ၊ ၁၆း၂၆ | ၄၆၂ |


## ဤအနက်ဖွင့်ကျမ်း၌သုံးသော အတိုကောက်စလုံးများ

| | |
|---|---|
| AB | Anchor Bible Commentaries, ed. William Foxwell Albright and David Noel Freedman |
| ABD | Anchor Bible Dictionary (6 vols.), ed. David Noel Freedman |
| AKOT | Analytical Key to the Old Testament by John Joseph Owens |
| ANET | Ancient Near Eastern Texts, James B. Pritchard |
| BAGD | A Greek-English Lexicon of the New Testament and Early Christian Literature. |
| BDB | A Hebrew and English Lexicon of the Old Testament by F. Brown, S.R. Driver and C.A.Briggs |
| BHS | Biblia Hebraica Stuttgartensia, GBS, 1997 |
| IDB | The Interpreter's Dictionary of the Bible (4 vols.), ed. George A. Buttrick |
| ISBE | International Standard Bible Encyclopedia (5 vols.), ed. James Orr |
| IB | Jerusalem Bible |
| JPSOA | The Holy Scriptures According to the Masoretic Text: A New Translation (The Jewish Publication Society of America) |

| | |
|---|---|
| KB | The Hebrew and Aramaic Lexicon of the Old Testament by Ludwig Koehler and Walter Baumgartner |
| LAM | The Holy Bible From Ancient Eastern Manuscripts (the Peshitta) by George M. Lamsa |
| LXX | Septuagint (Greek-English) by Zondervan, 1970 |
| MOF | A New Translation of the Bible by James Moffatt |
| MT | Masoretic Hebrew Text |
| NAB | New American Bible Text |
| NASB | New American Standard Bible |
| NEB | New English Bible |
| NET | NET Bible: New English Translation, Second Beta Edition |
| NIDNTT | New International Dictionary of New Testament Theology and Exegesis (5 vols.),ed. Willem A. VanGemeren |
| NRSV | New Revised Standard Bible |
| NIV | New International Version |
| NJB | New Jerusalem Bible |
| OTPG | Old Testament Parsing Guide by Todd S.Beall, William A. Banks and Colin Smith |
| REB | Revised English Bible |
| RSV | Revised Standard Version |
| SEPT | The Septuagint (Greek-English) by Zondervan, 1970 |
| TCNT | The Twentieth Century New Testament |
| TEV | Today's English Version from United Bible Societies |
| YLT | Young's Literal Translation of the Holy Bible by Robert Young |
| ZPBE | Zondervan Pictorial Bible Encyclopedia (5 vols.), ed. Merrill C.Tenney |

# စာရေးသူ၏ အမှာစာ
# ဤအနက်ဖွင့်ကျမ်းသည် သင့်ကို မည်သို့ကူညီနိုင်မည်နည်း

သမ္မာကျမ်းစာနည်းကျ အနက်ပြန်ခြင်းဟူသည် ဝိညာဉ်တော်မှုတ်သွင်းခံ ကျမ်းပြုသူတစ်ဦးအား နားလည် သဘောပေါက်နိုင်ရန် အားထုတ်သော၊ စဉ်းစားခြင်းနှင့်ဝိညာဉ်ရေး လုပ်ထုံးတစ်မျိုးပင်ဖြစ်ပြီး၊ ထိုသို့ပြုခြင်းဖြင့် ဘုရားသခင်ပေးသောသတင်းစကားအား နားလည်သဘောပေါက်ကာ၊ ယနေ့ မိမိတို့ ခေတ်ကာလ၌ လက်တွေ့ကျင့်သုံး နိုင်ရန်ဖြစ်သည်။

ဝိညာဉ်ရေးရာလုပ်ထုံးသည် အဆုံးအဖြတ်ပေးသောအရာဖြစ်သော်လည်း အဓိပ္ပါယ် သတ်မှတ်ချက်ပေးရန် ခက်ခဲသည်။ ၎င်း၌ ဆက်ကပ်ခြင်းနှင့် ပွင့်လင်းမှုလိုအပ်သည်။ (၁) ကိုယ်တော်အား ဆာငတ်ခြင်း (၂) ကိုယ်တော် အား သိကျွမ်းလိုခြင်းနှင့် (၃) အစေခံလိုသောစိတ်ဆန္ဒများ ရှိရပါမည်။ ဤလုပ်ထုံး၌ ဆုတောင်းခြင်း၊ ဝန်ခံခြင်းနှင့် မိမိအသက်ရှင်ခြင်းပုံစံ ပြောင်းလဲ လိုသောစိတ်ဆန္ဒများလိုအပ်သည်။ အနက်ပြန်ခြင်းလုပ်ထုံး၌ ဝိညာဉ်တော်သည် အပြတ်ဆုံးဖြစ်သူ ဖြစ်သော်လည်း စိတ်နှလုံးစင်ကြယ်ပြီး၊ ဘုရားတရားကိုင်းရှိုင်းသူ ခရစ်ယာန်များ၏ သမ္မာကျမ်းစာအား နားလည်သဘောပေါက်ပုံ ကွဲပြားခြားနား နေခြင်းမှာ လျှို့ဝှက်နက်နဲသော အရာတစ်ခုဖြစ်သည်။

စဉ်းစားခြင်းလုပ်ထုံးမှာ ရှင်းလင်းရန် လွယ်ကူသည်။ မူရင်းကျမ်းအပေါ် တည်ကြည်ရန်နှင့် ဘက်လိုက်ခြင်း ကင်းရန်လိုအပ်ပြီး၊ မိမိကိုယ်တိုင်နှင့် ဂိုဏ်းဂနဆိုင်ရာ ငဲ့ကွက်မှုများ၏ လွှမ်းမိုးမှု ကင်းစင်ရပါမည်။ ကျွန်တော်တို့အား လုံးသည် သမိုင်း၏ပြုပြင်ပြောင်းလဲမှုခံကြရသည် ချည်းသာလျှင် ဖြစ်ကြသည်။ ကျွန်တော်တို့၌ ဘက်လိုက်ခြင်းမရှိဘဲ၊ အရှိကို အရှိအတိုင်း အနက်ပြန်သူဟူ၍ တစ်ယောက်မှမရှိချေ။ မိမိတို့၏ငဲ့ကွက်မှုများအား ကျော်လွှားသွားနိုင်ရေး အတွက် ဂရုတစိုက် ပြင်ဆင်ထားသည့် အနက်ပြန်ခြင်း နိယမသုံးခုပါဝင်သော စဉ်းစားခြင်းလုပ်ထုံးတစ်ခုကို ဤအနက်ဖွင့်ကျမ်း၌ ပေးထားပါသည်။

**ပထမနိယမ**

ပထမနိယမမှာ သမ္မာကျမ်းစာ၏ကျမ်းတစ်ကျမ်းအား ရေးသားစဉ်က သမိုင်းနောက်ခံအခြေအနေနှင့်၊ ကျမ်းပြုသူသည် အဆိုပါကျမ်းအား ရေးသားရခြင်းသမိုင်းဆိုင်ရာ အဖြစ်အပျက်ဖြစ်သည်။ မူရင်းကျမ်းပြုသူ၌ မိမိ ပြောဆိုဆက်သွယ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကြောင်းအရာတစ်ခုခုရှိသည်။ ဝိညာဉ်တော်မှုတ်သွင်းခံရသူ ရှေးခေတ် မူရင်းစာရေးသူအတွက် အဓိပ္ပါယ်ကင်းမဲ့သောအရာကို မူရင်းကျမ်း၌ ဖော်ပြလိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့၏သမိုင်း ကျောထောက် နောက်ခံမဟုတ်သော၊ ကျွန်ုပ်တို့၏ စိတ်ထဲရှိသည့်အရာမဟုတ်သော၊ ကျွန်တော်တို့၏ထုံးတမ်းဓလေ့၊ လူပုဂ္ဂိုလ်(ဝါ) အသင်းတော်၊ ဂိုဏ်းဂဏ၏ လိုအပ်ချက်များမပါသော ထိုမူလကျမ်းပြုသူ၏ ရည်ရွယ်ချက်မှာ အဓိကသော့ ချက်ဖြစ်သည်။ လက်တွေ့အသုံးချခြင်းက အမြဲလိုက်လာရန် ဖြစ်သည်။ သမ္မာကျမ်းစာ၏စာပိုဒ်တိုင်း၌ အဓိပ္ပါယ်တစ်ခုရှိ စမြဲဖြစ်ပြီး၊ နှစ်ခုသုံးခုမရှိချေ။ ဤဆိုလိုရင်းအဓိပ္ပါယ်မှာ မူရင်းကျမ်းပြုသူသည် သူ၏ခေတ်ကာလ၌ ဝိညာဉ်တော်၏ ဦးဆောင်မှုဖြင့် ပြောလိုသောရည်ရွယ်ပင်ဖြစ်သည်။ တစ်ခုတည်းသော ဤဆိုလိုရင်းအဓိပ္ပါယ်ကို ကွဲပြားခြားနားသော ထုံးတမ်းဓလေ့များနှင့် အခြေအနေများအတွက် အမျိုးမျိုးအသုံးချနိုင်သည်။ ဤအသုံးချမှုများသည် မူရင်းကျမ်းပြုသူ ဗဟိုပြုသောသမ္မာတရားနှင့် ဆက်စပ်နေရပါမည်။ ထို့ကြောင့်ပင် ဤအနက်ဖွင့် လေ့လာမှုလမ်းညွှန်စာအုပ်၌ သမ္မာကျမ်းစာပါ ကျမ်းတစ်ကျမ်းစီတိုင်းအတွက် စကားချီးပါရှိပါသည်။

**ဒုတိယနိယမ**

ဒုတိယနိယမမှာ နဂိုပါရှိသောအပိုင်းကဏ္ဍများကို ဖော်ထုတ်ရန်ဖြစ်သည်။ သမ္မာကျမ်းစာ၏ ကျမ်းတစ်ကျမ်းစီ တိုင်းမှာ ပေါင်းစပ်ထားသောမှတ်တမ်းမှတ်ရာ တစ်ခုစီဖြစ်သည်။ အနက်ပြန်သူများ၌ အဆိုပါ၊ ပါရှိသောသမ္မာတရား တစ်ရပ်ကို သီးခြားခွဲထုတ်ရေးအတွက် အခြားပါဝင်သော သမ္မာတရားများကို ဖယ်ရှားရန် အခွင့်အရေးမရှိချေ။ ထို့ ကြောင့် ကျမ်းတစ်ကျမ်း၌ပါသောအပိုင်းကဏ္ဍများကို အနက်ပြန်ခြင်းမပြုမီ ထိုကျမ်းတစ်ခုလုံး၏ရည်ရွယ်ချက်အားနား လည်ရန် ကြိုးစားရပါမည်။ အပိုင်းတပိုင်းစီဖြစ်သောအခန်းကြီးများ၊ စာပိုဒ်များနှင့် အခန်းငယ်များသည် အဆိုပါကျမ်း တစ်ခုလုံး၏ဆိုလိုရင်းမဟုတ်သော အခြားအဓိပ္ပါယ်ရှိနိုင်မည် မဟုတ်ချေ။ အနက်ပြန်ခြင်းသည် ကျမ်းတစ်ခုလုံးအား ခြုံ၍လေ့လာခြင်းမှသည် အပိုင်းကဏ္ဍ အလိုက်လေ့လာခြင်းသို့ ဆက်လက်ရပါသည်။ ထို့ကြောင့် ဤအနက်ဖွင့်ခြင်း လေ့လာမှုလမ်းညွှန်စာအုပ်ကို အပိုင်းကဏ္ဍတစ်ခုစီအား စာပိုဒ်များခွဲ၍ အသေးစိတ်လေ့လာနိုင်ရန် ပံ့ပိုးနိုင်ရေးအတွက် စီစဉ်ထားပါသည်။ စာပိုဒ်များနှင့် အခန်းကြီး၊ အခန်းငယ်ခွဲခြားမှုများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော် လည်း မူရင်းစာရေးသူ၏ အတွေးအကြံများကို ဖော်ထုတ်ရန် ကူညီပေးသည်။

ဝါကျအလိုက်၊ စကားစုအလိုက် (သို့) က စကားလုံးတလုံးခြင်း အလိုက်မဟုတ်ဘဲ၊ စာပိုဒ်အလိုက် အနက်ပြန်ခြင်းသည် မူရင်းကျမ်းပြုသူ၏ ဆိုလိုရင်း အဓိပ္ပါယ်ကိုနားလည်ရန် သော့ချက်ဖြစ်သည်။ စာပိုဒ်များသည် ပေါင်းစပ်ထားသော အကြောင်းအရာတစ်ခုကို အခြေပြုခြင်းဖြစ်ပြီး ၎င်းကိုဦးတည်ချက် (သို့) ပြောလိုရင်းအကြောင်းအရာအား ဖော်ပြသော စာဟုခေါ်သည်။ အဆိုပါစာပိုဒ်ထဲ၌ပါသော စကားလုံးတိုင်း၊ စကားစုတိုင်း၊ ဝါကျတိုင်းသည် အဆိုပါစုစည်းထားသော အကြောင်းအရာ(ဝါ)ဦးတည်ချက်အကြောင်းအရာနှင့် တနည်းမဟုတ်တနည်း ဆက်စပ်ကြသည်။ ၎င်းတို့သည် ထိုအရာ ကိုကန့်သတ်သည်။ အကျယ်ချဲ့သည်၊ရှင်းလင်းသည်။ သို့မဟုတ် မေးခွန်းထုတ်သည်။ ဆီလျှော်သောအနက်ပြန်ခြင်း၏ အဓိက သော့ချက်မှာ အဆိုပါကျမ်းတကျမ်းအား ဖွဲ့စည်းထားသည့်အပိုင်းကဏ္ဍများမှတဆင့် မူရင်းကျမ်းပြုသူ၏ အတွေးအကြံကို စာပိုဒ်အလိုက် နားလည်ရန်ဖြစ်သည်။ ခေတ်သစ်အင်္ဂလိပ်ဘာသာပြန်ကျမ်းများအား လေ့လာခြင်းအား ဖြင့် ကျောင်းသားများ ထိုသို့ပြုနိုင်ရန် ဤအနက်ဖွင့်ခြင်း လေ့လာမှုလမ်းညွှန်အား စီစဉ်ထားပါသည်။ ဤဘာသာပြန် ကျမ်းများကို ရွေးခြယ်ရခြင်းမှာ ၎င်းတို့သည် ကွဲပြားခြားနားသော ဘာသာပြန်ခြင်းသီအိုရီများ အသုံးပြုကြ၍ဖြစ်သည်။

၁. United Bible Society ၏ဂရိကျမ်းမှာ ပြန်လည်မွမ်းမံသည့် စတုတ္ထမြောက်ထုတ်ဝေခြင်းဖြစ်သည်။ (UBS[4]) ဤကျမ်းကို ခေတ်သစ်မူရင်းကျမ်းဆိုင်ရာပညာရှင်များက ကျမ်းပိုဒ်ခွဲကြခြင်းဖြစ်သည်။
၂. The New King James Version (NKJV) မှာ Textus Receptus ဟု လူသိများသောရှေးရိုးစဉ်လာ ဂရိမူရင်း ကျမ်းကို အခြေပြု၍လုံးစေ့ပတ်စေ့ ဘာသာပြန်ကျမ်းတစ်ခုဖြစ်သည်။ ၎င်း၏ ကျမ်းပိုဒ်ခွဲများသည် အခြားဘာသာ ပြန်များထက် ပို၍ရှည်သည်။ အကြောင်းအရာများအား ခွဲခြားသတ်မှတ်ရာ၌ ၎င်း၏စာပိုဒ်ခွဲများသည် အထောက် အကူဖြစ်စေပါသည်။
၃. The New Revised Standard Version (NRSV) သည် လုံးစေ့ပတ်စေ့ဖြင့် ဆီလျော်အောင် ဘာသာပြန်သော ကျမ်းဖြစ်သည်။ ၎င်းသည် အောက်ပါခေတ်သစ် ဘာသာပြန်ကျမ်းနှစ်ခုအနက် အလယ်အလတ်ဖြစ်သည်။ ၎င်း၏ စာပိုဒ်ခွဲများသည် အကြောင်းအရာများအား ခွဲခြားသတ်မှတ်ရာ၌ အတော်ပင် အထောက်အကူပြုသည်။
၄. The Today's English Version (TEV) မှာ United Bible Society မှ ထုတ်ဝေသောမူရင်းကျမ်းနှင့် အပြည့်အဝ ကိုက်ညီသော ဘာသာပြန်နည်း (dynamic equivalent) ဖြင့် ဘာသာပြန်သော ကျမ်းဖြစ်သည်။ ခေတ်သစ်အင်္ဂလိပ် စာဖတ်သူ (ဝါ) ဘာသာစကားပြောဆိုသူသည် မူရင်းဂရိကျမ်းအား နားလည်သဘောပေါက်နိုင်စေရန် အားထုတ် ဘာသာပြန်ဆိုသော သမ္မာကျမ်းစာဖြစ်သည်။ အထူးသဖြင့် ခရစ်ဝင်ကျမ်းများ၌ ကျမ်းပိုဒ်များကို NIV မှာ နည်းတူ အကြောင်းအရာအားဖြင့်မဟုတ်ဘဲ၊ စကားပြောသူအားဖြင့် ပိုင်းခွဲသည်။ ၎င်းသည်

အနက်ပြန်သူအတွက် အထောက် အကူမပြုချေ။ UBS[4] နှင့်TEV တို့ကို ပုဂ္ဂိုလ်တစ်ဦးတည်း ထုတ်ဝေခြင်းဖြစ်သော်လည်း၊ ကျမ်းပိုဒ်ခွဲပုံ ကွဲပြားခြားနားသည်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

၅. Jerusalem Bible (JB) မှာ မူရင်းကျမ်းနှင့် အပြည့်အဝကိုက်ညီသော ဘာသာပြန်နည်း(dynamic equivalent) ဖြင့်ဘာသာပြန်ဆိုသော ပြင်သစ်ကာသိုလစ် ဘာသာပြန်ကျမ်းဖြစ်သည်။ ဥရောပတိုက်သားအမြင်ဖြင့် ကျမ်းပိုဒ်ခွဲ ပုံကို နှိုင်းယှဉ်ရသည်မှာ အထောက်အကူ လွန်စွာပြုသည်။

၆. ဤအနက်ဖွင့်ကျမ်းသည် ၁၉၉၅ခုနှစ်က ပြန်လည်မွမ်းမံသောကျမ်း Updated New American Standard Bible (NASB) ကို အသုံးပြုသည်။ ၎င်းမှာ လုံးစေ့ပတ်စေ့ ဘာသာပြန်ကျမ်းတစ်ခုဖြစ်သည်။ အပိုဒ်ငယ်များ တစ်ခုပြီး တစ်ခုအနက်ဖွင့်ရာ၌ ဤဘာသာပြန်ကျမ်း၏ စာပိုဒ်ကိုလိုက်သည်။

တတိယနိယမ

ဤတတိယနိယမမှာ သမ္မာကျမ်းစာစကားလုံးများ (ဝါ)စကားစုများ၌ ရှိနိုင်သည့်အဓိပ္ပါယ်ကို အကျယ်ပြန့်ဆုံး သိရှိနိုင်ရန် ကွဲပြားခြားနားသော ဘာသာပြန်ကျမ်းများကို ဖတ်ရှုရန်ဖြစ်သည်။ မူရင်းဂရိ စကားစု(ဝါ)စကားလုံးတစ် လုံးအား နားလည်နိုင်ပုံအမျိုးမျိုး ရှိလေ့ရှိတတ်သည်။ ၎င်းတို့ကို ကွဲပြားခြားနားသောဘာသာပြန်ကျမ်းများအားဖြင့် သိရှိရပြီး၊ ဂရိမူရင်းကျမ်းကွဲများအား ရှင်းလင်းချက်ပေးသည်။ ၎င်းတို့သည် ဩဝါဒကိုထိခိုက်ခြင်း မရှိသော်လည်း ရှေးခေတ်ကာလ၌ ဝိညာဉ်တော်မှုတ်သွင်းမှုရှိသူ ကျမ်းပြုဆရာရေးသားခဲ့သည့် မူရင်းကျမ်းဆီသို့ပြန်ရောက်ရန် အားထုတ်ရာ၌ ကူညီပံ့ပိုးသည်။

ဤအနက်ဖွင့်ကျမ်းသည် လေ့လာသူအား မိမိကိုယ်တိုင် အနက်ပြန်ခြင်းကို မြန်ဆန်စွာ စစ်ဆေးနိုင်စေရန် ပြင်ဆင်ပေးသည်။ ဤသို့ပြုခြင်းကို အတိအကျအဖြစ် မှတ်ယူရန်မဟုတ်သော်လည်း မှတ်သားဘွယ်ရာနှင့် စဉ်းစား ဘွယ်ရာများရရှိရန်ဖြစ်သည်။ အခြားဖြစ်နိုင်ချေရှိသော ဘာသာပြန် ကျမ်းများအားသိရခြင်းသည် ကျွန်တော်တို့အား ကျဉ်းမြောင်းသောအမြင်၊ ဩဝါဒစွဲ၊ ဂိုဏ်ဂနစွဲမရှိစေရန် ကူညီသည်။ ရှေးဟောင်းမူရင်း ကျမ်း၏အနက်အဓိပ္ပါယ်မည်မျှ မသဲမကွဲနှင့် ဒွိဟဖြစ် စရာကောင်းကြောင်းအားသိနိုင်ရန် မည်ကဲ့သို့ အမျိုးမျိုးဘာသာပြန်နိုင်ကြောင်းအား ကျယ်ပြန့်စွာ သိရှိရန်လိုအပ်သည်။ သမ္မာကျမ်းစာအား မိမိစွဲကိုင်သည့် သမ္မာတရား၏အရင်းအမြစ်အဖြစ်ခံယူသူ ခရစ်ယာန်များ အထဲ၌ သဘောတူညီမှု မည်မျှနည်းပါးကြောင်းသိရသည်မှာ ထိတ်လန့်ဘွယ်ရာပင် ကောင်းနေ လေတော့သည်။

ဤနိယမများသည် ကျွန်ုပ်ကို ရှေးဟောင်းမူရင်းကျမ်းအား အပတ်တကုတ်လေ့လာရန် တွန်းအားပေးလျက်၊ ကျွန်ုပ်၏ သမိုင်း နောက်ခံအခြေအနေများစွာအား အောင်မြင်ကျော်လွှားနိုင်ရန် များစွာကူညီ ပံ့ပိုးပေးပါကြောင်း။

Bob Utley
East Texas Baptist University
၁၉၉၆ခု၊ ဇွန်လ ၂၇ရက်

# သမ္မာကျမ်းစာအား ကောင်းစွာဖတ်ရန်လမ်းညွှန်
# မှန်ကန်ကြောင်းသက်သေထူ၍ ရသောသမ္မာတရားအား ကိုယ်တိုင်စူးစမ်းရှာဖွေခြင်း

သမ္မာတရားကို ကျွန်တော်တို့သိနိုင်ပါဦးမလား၊ ၎င်းကို ဘယ်မှာရှာဖွေတွေ့ရှိ နိုင်မလဲ၊ သမ္မာတရားဖြစ်ကြောင်း ယုတ္တိဗေဒနည်းဖြင့် ပြနိုင်မလား၊ အဆုံးစွန်သောအခွင့်အာဏာဟူ၍ ရှိဦးမလား၊ ကျွန်တော်တို့၏ဘဝ အသက်တာ၊ ကျွန်တော်တို့၏ကမ္ဘာကြီးကို ဦးဆောင်လမ်းပြနိုင်သောအကြွင်းမဲ့ အကြောင်းတရားများရှိပါဦးမလား၊ အသက်ရှင်ရ ခြင်း၌ ဆိုလိုရင်းအဓိပ္ပါယ်ရှိပါသလား၊ □ဤနေရာ၌ ကျွန်တော်တို့ အဘယ်ကြောင့်ရှိနေကြလဲ၊ ဘယ်နေရာဆီကို ဦးတည်သွားနေကြလဲ၊ ဤမေးခွန်းများမှာ ဆင်ခြင်စဉ်းစားတတ်သူတိုင်း အလေးအနက်မေးမြန်းခဲ့ကြသည့် မေးခွန်း များဖြစ်ကာ၊ အသိဉာဏ်ရှိသော လူသားအား အချိန်ကာလ၏မူလအစကပင် သရဲတစ္ဆေခြောက်သလို ချောက်လန့်ခဲ့ သောမေးခွန်းများဖြစ်သည်။ (ဒေသနာကျမ်း၊ ၁း၁၃–၁၈။ ၃း၉–၁၁)။ ကျွန်ုပ်ဘဝ၏အစိတ်အပိုင်းများ စုစည်းပေါင်းစပ် ရာဇဟိုချက်မအား ကျွန်ုပ်စူးစမ်းရှာဖွေခဲ့ပုံကို ကျွန်ုပ်သတိရသည်။ ခရစ်တော်ကိုယုံကြည်သူ ကျွန်ုပ်မိသားစုဝင်များ၏ အဓိပ္ပါယ်ရှိသောသက်သေပေါ် အဓိကအားဖြင့် အခြေပြုပြီး၊ ငယ်စဉ်ကပင် ခရစ်တော်ကိုယုံကြည်သူတစ်ယောက် ဖြစ်လာခဲ့သည်။ အရွယ်ရောက်လာသည်နှင့်အမျှ ကျွန်ုပ်အကြောင်း၊ ကျွန်ုပ်နေထိုင်ရာလောကအကြောင်း မေးမြန်းစရာ များလည်း တိုး၍လာပါသည်။ စာအုပ်စာပေများထဲက ဖတ်ရှုခဲ့ရသောအရာများ၊ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ရိုးရိုးသာမန်ယဉ်ကျေးမှု ထုံးတမ်းဓလေ့များနှင့် ရိုးအီနေသောဘာသာရေးစကား အသုံးအနှုန်းများသည် ၎င်းတို့ကို အဓိပ္ပါယ် ဆောင်ကျဉ်းပေးနိုင်ခြင်း မရှိခဲ့ချေ။ နားလည်ရခက်ပြီး၊ ကြမ်းတမ်းခက်ထရော်သော ကျွန်ုပ်နေထိုင်ရာ ကမ္ဘာ လောကကြီးအားရင်ဆိုင်ရာ၌ ထိုအချိန်မှာ စမ်းတဝါးဝါးဖြင့် ရှုပ်ထွေးလှပြီး၊ လိုလား တောင့်တမှုများနှင့်ပြည့်နှက်နေ ကာ၊ မကြာခဏပင် မြော်လင့်ချက်ကင်းမဲ့ခဲ့ရသော ကာလများပင်ဖြစ်ချေသည်။

အပြီးသတ်ပေးသော ဤမေးခွန်းများ၏အဖြေများ မိမိတို့၌ရှိသည်ဟု လူအများ အပြား ကြွေးကြော်ခဲ့ကြသော် လည်း၊ စူးစမ်းလေ့လာပြီး၊ သေချာစဉ်းစားဆင်ခြင်သည့်အခါ သူတို့ပေးသော အဖြေများသည် (၁) ကိုယ်ပိုင်တွေးခေါ်မှု များ (၂) ရှေးခေတ်ဒဏ္ဍာရီများ (၃) ကိုယ်ပိုင်အတွေ့အကြုံများနှင့် (၄) အနာဂတ်ကာလအတွက် စိတ်ပိုင်းဆိုင်ရာ မှန်းဆ မှုများသာလျှင် အခြေပြုကြောင်းတွေ့ရှိခဲ့ရသည်။ ကျွန်တော်အလိုရှိသည်မှာ မိမိ၏လောကအမြင်၊ မိမိ၏စုစည်းပေါင်း စပ်မှုအတွက် ဗဟိုချက်မတစ်ခု၊ အသက်ရှင်နေရခြင်း၏အကြောင်းရင်းများအတွက် တစုံတခုသောအတိုင်း အတာအထိ မှန်ကန်ကြောင်း သက်သေပြ၍ရသောအမှန်တရား၊ သက်သေသာဓကအချို့နှင့် အချို့သောဆင်ခြင်မှုများ သာလျှင်ဖြစ် သည်။

သမ္မာကျမ်းစာအားလေ့လာရာ၌ ဤအချက်များကို ကျွန်ုပ်ရှာဖွေတွေ့ရှိခဲ့သည်။ ကျွန်ုပ်၏တွေ့ရှိမှု ခိုင်လုံစိတ်ချ ရမှုအတွက် သက်သေအထောက်အထားများကို စတင်စူးစမ်းရှာဖွေခဲ့ရာတွင် (၁)သမ္မာကျမ်းစာသည် သမိုင်းအကြောင်း အရာအရ ယုံကြည်စိတ်ချရကြောင်း ရှေးဟောင်း သုတေသနပြုချက်များက အတည်ပြုကြောင်း (၂) ဓမ္မဟောင်းကျမ်း၏ အနာဂတ္တိစကားများ တိကျမှန်ကန်စွာ ပြည့်စုံခဲ့ကြောင်း (၃)နှစ်ပေါင်း တစ်ထောင်ခြောက်ရာ အတွင်းရေးသား ထုတ်ဝေသည့် သမ္မာကျမ်းစာပါ အကြောင်းအရာများ၏ စုစည်းညီညွတ်မှုနှင့် (၄)သမ္မာကျမ်းစာနှင့်ထိတွေ့မှုကြောင့် ဘဝအ သက်တာခိုင်မြဲစွာ ပြောင်းလဲသွားခဲ့သူများ၏ တစ်ဦးချင်း သက်သေခံချက်များအား တွေ့ရှိခဲ့ရပါသည်။ စနစ်တကျ စုစည်းထားသည့်ခရစ်ယာန်ဝါဒသည် လူ့ဘဝ၏ရှုပ်ထွေးနေသောမေးခွန်းများကို ကိုင်တွယ်နိုင်စွမ်းရှိသည်။ ၎င်းသည် စဉ်းစား ဆင်ခြင် စရာသာလျှင်မဟုတ်ဘဲ၊ သမ္မာကျမ်းနည်းကျ ယုံကြည်ခြင်းသည် အတွေ့အကြုံကိုပါပေးစွမ်းခြင်းသည် ကျွန်ုပ်အား စိတ်ပိုင်းဆိုင်ရာ ဝမ်းမြောက်မှုနှင့် ခိုင်ခံ့ခြင်းကို ပေးပါသည်။ သမ္မာကျမ်းစာအားဖြင့် နားလည်ခဲ့ရသည့် အတိုင်း ကျွန်ုပ်၏ဘဝ စုစည်းရာဗဟိုဖြစ်သူ ခရစ်တော်အား တွေ့ရှိခဲ့ရပြီဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းသည် လွန်စွာ

**အာရုံခံစားစေပြီး၊ စိတ်လှုပ်ရှားစေသည်။ မည်သို့ဖြစ်စေ ဤသမ္မာကျမ်းစာအား အဓိပ္ပါယ်ဖွင့်ဆိုရာ၌ အသင်းတော် တစ်ပါး၊ ဓမ္မပညာသင် ကျောင်းတစ်ကျောင်း၌ပင် မည်သို့အမျိုးမျိုးကွဲပြားခြားနားနေခြင်းသည် ကျွန်ုပ်တို့အား လူနှံ၊ လူရှာတစ်ယောက်မက ဖြစ်သွားစေသည့်အခါ မည်မျှအထိတ်တလန့်ဖြစ်ကာ၊ ®စိတ်ဆင်းရဲခဲ့ရပုံအား ကျွန်ုပ်သတိရနေ ပါသေးသည်။ သမ္မာကျမ်းစာသည် မှုတ်သွင်းတော်မူ၍ ရေးသားခြင်း ဖြစ်ကြောင်းနှင့်၊၎င်း၏ယုံကြည်စိတ်ချရမှုတို့အား အတည် ပြုခြင်းသည် အဆုံးမဟုတ်ဘဲ၊ အစသာလျှင် ဖြစ်နေချေတော့သည်။**

**သမ္မာကျမ်းစာ၏အခွင့်အာဏာနှင့် ၎င်း၏ယုံကြည်စိတ်ချရမှုတို့အား ကျေညာပြောဆို သူများအတွင်း၌ပင် သမ္မာကျမ်းစာ၏ ခက်ခဲသောကျမ်းပိုဒ်များစွာတို့အား အနက်ဖွင့်ရာ၌ တစ်မျိုးနှင့် တစ်မျိုးဆန့်ကျင်တိုက်ခိုက်မှု အမျိုးမျိုး တို့အား ဟုတ်မဟုတ် မည်သို့စစ်ဆေးကာ၊ (ဝါ)ငြင်းပယ်ရန် မည်သို့ကျွန်ုပ်လုပ်မည်နည်း၊**

**ဤတာဝန်ကြီးသည် ကျွန်ုပ်၏ဘဝပန်းတိုင်နှင့် ယုံကြည်ခြင်းခရီးသွားမှုပင်ဖြစ်သည်။ ခရစ်တော်အား ယုံကြည် ခြင်းသည် ကျွန်ုပ်အား (၁) ကြီးမားသောငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်မှုပေးသည်။ အချင်းချင်း နီးနွယ်ဆက်စပ်နေသော ကျွန်ုပ်တို့၏ခေတ်ကာလ(ခေတ်လွန်ယဉ်ကျေးမှု** (post-modernity)**အလယ်၌ အကြွင်းမဲ့ တရားအချို့ တောင့်တ ခဲ့ပါသည်။ (၂) တယူသန်သော ကမ္ဘာ့ဘာသာရေးများ၏ ဆန့်ကျင်တိုက်ခိုက်မှုများနှင့် (၃) ဂိုဏ်းဂနစွဲသောဝင့်ဝါမှု များကိုလည်းတွေ့ရပါသည်။ ရေးခေတ်စာပေများအား ဘာသာပြန်ရာ၌ ခိုင်မာစွာချဉ်းကပ်ကာ၊ စူးစမ်းရှာဖွေရင်းနှင့်ပင် သမိုင်းရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ ဂိုဏ်းဂနရေးရာနှင့် အတွေ့အကြုံဆိုင်ရာတို့၌ ကျွန်ုပ်ကိုယ်တိုင်၏ ငဲ့ကွက်မှုများကို ထိတ်လန့်ဘွယ်ရာ တွေ့ရှိခဲ့သည်။ ကျွန်ုပ်သည် သမ္မာကျမ်းစာကို ကျွန်ုပ်၏သမိုင်းဆိုင်ရာ၊ ထုံးတမ်းစဉ်လာ၊ ဂိုဏ်းဂန ဆိုင်ရာနှင့် အတွေ့အကြုံဆိုင်ရာငဲ့ကွက်မှု၊ ဘက်လိုက်မှုများအား ပံ့ပိုးစေရန် မကြာခဏ ဖတ်လေ့ရှိခဲ့သည်။ ကျွန်ုပ် ကိုယ်တိုင်၌ လုံခြုံမှုကင်းမဲ့ပုံနှင့်၊ လျော်ကန်ပြည့်စုံခြင်းကင်းမဲ့ပုံတို့ကို ထပ်မံ၍အတည်ပြုရင်းဖြင့်၊ အထက်ပါ ကျွန်ုပ်၏ ငဲ့ကွက်ခြင်းသဘောကိုပင် အခြားသူများအား ဆန့်ကျင်တိုက်ခိုက်ရန် အယူဝါဒဆိုင်ရာ အရင်းအမြစ်တစ်ရပ်အဖြစ် အသုံးပြုခဲ့ပါသေးသည်။ မိမိကိုယ်၌က ဤသို့ဖြစ်ကြောင်းအား သဘောပေါက်ရခြင်းသည် နာကျည်းဘွယ်ရာ ကောင်းလှပါဘိတော့သည်ဒ္**

**ကျွန်ုပ်သည် အရှိကိုအရှိတိုင်း အကြွင်းမဲ့မည်သည့်အခါ၌မျှ ရှုမြင်နိုင်စွမ်းရှိမည်မဟုတ်သော်လည်း သမ္မာကျမ်း စာဖတ်ရှုရာ၌ ပို၍တော်လာပါသည်။ ကျွန်ုပ်၌ မည်ကဲ့သို့သော ငဲ့ကွက်မှုများရှိကြောင်းသိရှိကာ၊ ၎င်းအား ဝန်ခံသည့် အခါ ကျွန်ုပ်၏ငဲ့ကွက်တတ်သောသဘောကို ကန့်သတ်လျှော့ချနိုင်လာသည်။ ၎င်းတို့နှင့် မကင်းရှင်း နိုင်သေးသော်လည်း ကျွန်ုပ်၏အားနည်းချက်တို့ကို မရှောင်ရှားဘဲရင်ဆိုင်လာခဲ့သည်။ ကျမ်းစာ အနက်ပြန်သူသည် သမ္မာကျမ်းစာ အား ကောင်းစွာဖတ်ရှုခြင်း၏အဆိုးဝါးဆုံး ရန်သူဖြစ်နေလေ့ရှိသည်။**

**သမ္မာကျမ်းစာလေ့လာရာ၌ ကျွန်ုပ်ခံယူသောအချက်အချို့တို့အား ဖော်ပါရစေ။ အကြောင်းမှာ စာရှုသူသည် ၎င်းတို့ကို ကျွန်ုပ်နှင့်အတူ ဆန်းစစ်သွားနိုင်ရန်ဖြစ်ပါသည်။**

၁။ မှန်သည်ဟု ခံယူသောအချက်များ

**က။ သမ္မာကျမ်းစာသည် တစ်ဆူတည်းစစ်မှန်တော်မူသောဘုရား၏ မိမိကိုယ်မိမိဖွင့်ပြခြင်းအား၊ လုံးလုံးလျားလျား မှုတ်သွင်းသောကျမ်းဖြစ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သမိုင်းဆိုင်ရာ တိကျသောအချိန်ကာလတစ်ခု အတွင်း၊ လူသားစာရေးသူတစ်ယောက်ကို အသုံးပြုသောမူရင်း စာရေးသူဖြစ်သည့် ဝိညာဉ်တော်ဘုရား၌ မည် သည့်ရည်ရွယ်ချက်ရှိကြောင်းအား အခြေပြုကာ၊ သမ္မာကျမ်းစာကို အနက်ဖွင့်ရန်ဖြစ်သည်။**

**ခ။ သမ္မာကျမ်းစာကို လူသားအားလုံးအတွက် ရေးသားခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်ဒ္ ဘုရားသခင်သည် သမိုင်းခေတ်ကာလတစ်ခုနှင့် ယဉ်ကျေးမှုဓလေ့ထုံး တမ်းတစ်မျိုး၏**

**ဘောင်ခွင်တစ်ခုအတွင်း မိမိကိုယ်မိမိ လိုက်လျောညီထွေနေကာ၊ ကျွန်ုပ်တို့အား ရှင်းလင်းစွာ စကားပြောသည်။ ဘုရားသခင်သည် သမ္မာတရားကို ဖွတ်ထားခြင်းမပြုဘဲ၊ ကျွန်တော့်ကို နားလည်စေချင်သည်ဥထို့ကြောင့် ၎င်းအား မိမိတို့၏အမြင်ဖြင့် အနက် မပြန်ဘဲ၊ ထိုခေတ်ကာလ၏အမြင်ဖြင့် အနက်ပြန်ရန်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် သမ္မာကျမ်းစာ၏ဆိုလို ရင်းမှာ ၎င်းအား ပထမဆုံးဖတ်ရှုခဲ့သူ(ဝါ)ကြားနာခဲ့သူများအတွက် အဓိပ္ပါယ်မရှိသောအရာမျိုး မဖြစ်နိုင်ချေ။ သမ္မာကျမ်းစာသည် သာမာန်လူသားချင်း ဆက်သွယ်မှုပုံစံနှင့် နည်းလမ်းများကိုသာ အသုံးပြုခြင်း ဖြစ်သဖြင့် သာမန်လူသားတိုင်း နားလည်နိုင်သည်။**

**ဂ။ သမ္မာကျမ်းစာ၌ စုစည်းညီညွတ်သော သတင်းစကားနှင့် ရည်ရွယ်ချက်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။ ၎င်း၌ နားလည်ရခက်ပြီး၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်နေဟန်ရှိသော ကျမ်းပိုဒ်များ ပါရှိသော်လည်း သမ္မာ ကျမ်းစာသည် မိမိကိုယ်မိမိ ဆန့်ကျင်ဘက်မပြုချေ။ သို့ဖြင့် အကောင်းဆုံးသော သမ္မာကျမ်းစာအနက်ပြန်သူမှာ သမ္မာကျမ်းစာပင်ဖြစ်သည်။**

**ဃ။ အနာဂတ္တိစကားများ အပါအဝင်ကျမ်းပိုဒ်တိုင်း၌ မှုတ်သွင်းခြင်းခံသော စာရေးသူ၏ မူလရည်ရွယ်ချက်ပေါ် အခြေခံသည့်ဆိုလိုရင်း အနက်အဓိပ္ပါယ်တစ်မျိုးတည်းသာလျှင်ရှိသည်ဟု ကျွန်တော်ယုံကြည်သည်။ မူရင်းစာ ရေးသူ၏ရည်ရွယ်ရင်းအချက်အား ကျွန်ုပ်တို့သိရှိထားသည်ဟု မည်သည့်အခါ၌မျှ အကြွင်းမဲ့သေချာနိုင်ကြ မည်မဟုတ်သော်လည်း ၎င်းကို ညွှန်ပြသောအချက် များစွာကား ရှိနေပါသည်။**

**၁။ သတင်းစကားအား ဖော်ပြရန်သုံးသည့် စာရေးဟန်**

**၂။ ရေးသားသည့်အရာအား ပေါ်လွင်ထင်ရှားစေသည့်သမိုင်းဆိုင်ရာ (ဝါ) တိကျသည့်အဖြစ်အပျက်**

**၃။ ကျမ်းတစ်ကျမ်းစီ ၌ပါရှိသော အကြောင်းအရာများနည်းတူ၊ တစ်ကျမ်းလုံး၌ ပါရှိသောအကြောင်းအရာ**

**၄။ ကျမ်းတစ်ကျမ်းစီ၏ အဓိကအကြောင်းအရာများနှင့် ၎င်းတို့သည် တစ်ကျမ်းလုံး၏ သတင်းစကားနှင့် ဆက်စပ်ပုံ**

**၅။ ပါရှိသောသတင်းစကားအား ပို့ဆောင်ရန်အသုံးပြုသည့် သဒ္ဒါပိုင်းဆိုင်ရာ တိကျသော ကြွင်အင်လက္ခ ဏာများ**

**၆။ ပါရှိသောသတင်းစကားအား တင်ပြရန် ရွေးချယ်အသုံးပြုသည့်စကားလုံးများ**

**၇။ ဆင်တူကျမ်းပိုဒ်များ**

**ဤကဏ္ဍတစ်ခုစီအား လေ့လာခြင်းသည်ပင် ကျမ်းပိုဒ်တစ်ခုအား လေ့လာခြင်း၏ ရည်ရွယ်ချက်ဖြစ်သည်။ သမ္မာကျမ်းစာကောင်းစွာ ဖတ်ရှုခြင်းအတွက် ကျွန်ုပ်၏နည်းစံနစ်ကို ရှင်းလင်း ဖော်ပြခြင်းမပြုမီ၊ ယနေ့အသုံးပြု လျက်ရှိနေကြကာ၊ အနက်ဖွင့်ခြင်းအား အမျိုးမျိုးကွဲပြားစေသဖြင့်၊ ရှောင်ကျဉ်ရန်ဖြစ်သည့်၊ ဥင့်လျော် လုံလောက်ခြင်း မရှိသော နည်းစံနစ်များကို အသေးစိတ်ဖော်ပြပါရစေ။**

၂။ သင့်လျော်လုံလောက်ခြင်းမရှိသော နည်းစံနစ်များ

**က။ သမ္မာကျမ်းစာထဲရှိသော ကျမ်းများ၌ပါရှိသည့်အကြောင်းအရာများကို လစ်လျူရှုကာ၊ မူရင်းစာရေးသူ၏ ရည်ရွယ်ချက်(ဝါ)ပိုမိုကျယ်ပြန့်သည့်အကြောင်းအရာတို့နှင့် ဆက်စပ်ခြင်း မရှိသော်လည်း ဝါကျတစ်ခု၊ဝါကျ တစ်ခု၏အစိတ် အပိုင်းတစ်ခု (ဝါ) စကားလုံးတစ်လုံးကိုပင် အသုံးပြုကာ သမ္မာတရားအဖြစ် ဖော်ပြပြော ဆိုခြင်း။ ၎င်းကို "ကျမ်းချက်တစ်ခုတည်းဖြင့် အတည်ပြုခြင်း"–"စမသသ်–အနထအညေါ"ဟုခေါ်သည်။**

ခ။ ကျမ်းတစ်ကျမ်း၏ သမိုင်းကြောင်းအား လစ်လျူရှုကာ၊ ပါရှိသောအကြောင်းအရာ၏ ကျောထောက်နောက်ခံ အနည်းငယ်မျှသာ ပါရှိသော(ဝါ)လုံးဝမပါရှိသော မိမိယူဆသည့် သမိုင်းကြောင်းတစ်ခုဖြင့် အစားထိုးခြင်း၊

ဂ။ ကျမ်းတစ်ကျမ်း၏ သမိုင်းကြောင်းအား လစ်လျူရှုကာ ခေတ်သစ်ခရစ်ယာန်များအတွက် အဓိကအားဖြင့် ရေးသားသော နေ့စဉ်ထုတ် သတင်းတစ်စောင်ကဲ့သို့ သမ္မာကျမ်းစာအား ဖတ်ရှုခြင်း။


ဃ။ ကျမ်းတစ်ကျမ်း၏ သမိုင်းကြောင်းအား လစ်လျူရှုကာ၊ ပထမဦးဆုံး ကြားနာသူများ၏ နားလည်သဘော ပေါက်ပုံနှင့် မူရင်းစာရေးသူ၏ ရည်ရွယ်ချက်တို့နှင့် ဆက်စပ်ခြင်း လုံးဝကင်းမဲ့သော တွေးခေါ်မြော်မြင်မှု ဆိုင်ရာ၊ သဘောတရားအားဖြင့် ဥပမာပြု၍ အဓိပ္ပါယ် ဖွင့်ဆိုခြင်း။

င။ မူရင်းသတင်းစကားကို လစ်လျူရှုကာ မိမိ၏ ဓမ္မသဘောတရားဆိုင်ရာများ၊ မိမိစိတ်ကြိုက်သြဝါဒ(ဝါ) မူရင်း စာရေးသူ၏ ရည်ရွယ်ချက်နှင့်ဖော်ပြသည့် အကြောင်းအရာနှင့် ဆက်စပ်ခြင်းမရှိသော ခေတ်ပြိုင်အကြောင်း အရာများနှင့်အစားထိုးခြင်း။ ဤအမျိုးအစား၌ အစပြုကျမ်းစာဖတ်ခြင်းမှာ ဟောပြောသူ၏ ဟောပြောချက် အားအတည်ပြုရန် အသုံးချခြင်းသာ ဖြစ်သည်။ ၎င်းကို "စာဖတ်သူ၏ တုံ့ပြန်မှု" (ကျွန်ုပ်အတွက် ကျမ်းပိုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်) အားဖြင့် အနက်ပြန်ခြင်းဟုခေါ်သည်။

စာပေအရေးအသားဖြင့်ပြုသော လူသားများ၏ ဆက်သွယ်မှုအားလုံး၌ အနည်းဆုံးအစိတ်အပိုင်း သုံးခုပါဝင် သည်။




လွန်ခဲ့သောကာလများ၌ ဖတ်ရှုခြင်းနည်းပညာအမျိုးမျိုးတို့သည် ဤအစိတ်အပိုင်းသုံးခု အနက်တစ်ခုခု အားစူး စိုက်ခဲ့သည်။ သို့သော် သမ္မာကျမ်းစာသည် ဝိညာဉ်တော်မှုတ်သွင်းခြင်း အစစ်အမှန်ဖြစ်ကြောင်း အခိုင်အမာပြုရာ၌ တစ်ဖက်စောင်း နင်းမကျသောပုံစံဇယားမျိုး ပိုမိုဆီလျော်သည်။




အနက်ပြန်ရာ၌ ဤအစိတ်အပိုင်းသုံးခုစလုံး ပါဝင်ရသည်။ မှန်ကန်ကြောင်း ပြသရာ၌၊ ပထမနှစ်မျိုးဖြစ်သည့် မူရင်းစာရေးသူနှင့်၊ သူရေးသားသည့်အကြောင်းအရာကို အခြေပြုကာ၊ ကျွန်တော် အနက်ပြန်လေ့ရှိပါသည်။ ဤသို့ပြု ခြင်းဖြင့် ကျွန်ုပ်လေ့လာခဲ့သောမှားယွင်းစွာ အသုံးပြုခဲ့ကြသည့် (၁)ကျမ်းပိုဒ်အား ဥပမာတင်စားမှုသာ ဖြစ်စေခြင်း(ဝါ) ဝိညာဉ်ရေးအားဖြင့်သာမှတ်ယူခြင်း (၂)စာဖတ်သူ၏ တုံ့ပြန်မှု (ကျွန်ုပ်အတွက် ကျမ်းပိုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်)ပုံစံ မျိုးဖြင့် လိုက်လုပ်ခြင်းဖြစ် ချင်လည်းဖြစ်နိုင်သည်။ မည်သည့်အဆင့်၊ မည်သည့်အပိုင်း၌မဆို လွဲမှားစွာအသုံးပြုမှု ဖြစ်နိုင်သည်။ မိမိ၏ ရည်ရွယ်ချက်များ၊ မိမိ၏ ငဲ့ကွက်မှုများ၊ နည်းလမ်းနှင့်အသုံးပြုမှုများကို အမြဲဆန်းစစ်ရန်လိုသည်။ သို့သော် အနက်ပြန်မှုများ၌ ကန့်သတ်ချက်များ၊ သတ်မှတ်ရန် စံများအတွက် နယ်နိမိတ်တစ်ခု သတ်မှတ်ခြင်းမပြုပါက ၎င်းတို့ကို မည်သို့စစ်ဆေးနိုင်မည်နည်း၊ သို့ဖြင့် မူရင်းစာရေးသူ၏

ရည်ရွယ်ချက်နှင့် မူရင်းစာ၏ဖွဲ့စည်းပုံတို့သည် ဖြစ်နိုင်ချေရှိသော တရားဝင်အနက်ပြန်မှု၏မြင်ကွင်းကို ကန့်သတ်ခြင်း ပြုနိုင်ရန် သတ်မှတ်ချက်စံနှုန်းအချို့ပေးပါ သည်။

သင့်လျော်ခြင်းမရှိသော အဆိုပါဖတ်ရှုခြင်းနည်းများ အသုံးပြုကြသည်ဖြစ်ရကား၊ သမ္မာကျမ်းစာအား ကောင်း မွန်စွာ ဖတ်ရှုခြင်းနှင့် အနက်ပြန်ခြင်းအား အတိုင်းအတာတစ်ခုအထိ မှန်ကန်ကြောင်းပြသနိုင်ရန်နှင့် ကိုက်ညီမှုရှိရန် မည်ကဲ့သို့ချဉ်းကပ်မည်နည်း၊

## ၃။ သမ္မာကျမ်းစာ ကောင်းမွန်စွာဖတ်ရှုခြင်းအတွက် အသုံးပြုနိုင်သောချဉ်းကပ်မှုများ

အနက်ပြန်ခြင်း အတတ်ပညာဆိုင်ရာအဆင့်မြင့် သီးသန့်အမျိုးအစားများအကြောင်း ကျွန်ုပ်ဆွေးနွေးရန် မရည် ရွယ်ဘဲ၊ သမ္မာကျမ်းရှိ ကျမ်းတိုင်း၌အသုံးချနိုင်မည့် ယေဘုယျသဘောနိယမများကိုသာ ဆွေးနွေးလိုပါသည်။ အဆိုပါ သီးသန့်အမျိုးအစားများအတွက် ကောင်းမွန်သောစာအုပ်တစ်အုပ်မှာ Gordon Fee နှင့် Douglas Stuart တို့ ရေးသား ပြုစုပြီး Zondervan စာအုပ်တိုက်ကထုတ်ဝေသော *How To Read The Bible For All Its Worth* စာအုပ်ဖြစ်သည်။

ကျွန်ုပ်၏နည်းလမ်းသည် စာဖတ်သူကို အစပြုဗဟိုပြုပြီး၊ ပတ်လည်ဖတ်ရှုခြင်း လေးကျော့မှတစ်ဆင့် ကျွန်ုပ် တို့ကို သမ္မာကျမ်းစာအား အဓိပ္ပါယ်ရှင်းလင်းစေရန်ဝိညာဉ်တော်အား ခွင့်ပြုခြင်းဖြစ်သည်။ ဤစံနစ်သည် ဝိညာဉ်တော်၊ မူရင်းစာနှင့် စာဖတ်သူတို့အား ဒုတိယနေရာ၌မထားဘဲ၊ မူလအခြေခံ ပြုထားသည်။ ဤနည်းသည် စာဖတ်သူအား အနက်ဖွင့်ကျမ်းပြုသူများ၏ တဖက်သတ် လွှမ်းမိုးမှုမှလည်း ကာကွယ်သည်။ "သမ္မာကျမ်းစာသည် အနက်ဖွင့်ကျမ်းများ ကိုနားလည်ရန် များစွာပံ့ပိုးသည်"ဟူသော ပြောဆိုချက်ကို ကျွန်ုပ်ကြားခဲ့ဘူးပါသည်။ လေ့လာမှုအကူပစ္စည်းများအား လျော့တွက်ခြင်းမဟုတ်ဘဲ၊ ၎င်းတို့အားအသုံးပြုရာ၌ အလွန်အကျွံ မဖြစ်စေရန် မေတ္တာရပ်ခံခြင်း မျှသာဖြစ်သည်။

မိမိတို့၏အနက်ဖွင့်မှုအား မူရင်းကျမ်းအားဖြင့် အထောက်အထားပြုနိုင်ရပါမည်။ မှန်ကန်ကြောင်း အတိုင်း အတာတစ်ခုထိ ဖော်ထုတ်ခြင်းကို အနည်းဆုံးကဏ္ဍလေးခုမှ ရယူနိုင်သည်။

၁။ မူရင်းကျမ်းပြုသူ၏

က။ သမိုင်းနောက်ခံ

ခ။ မူရင်းစာ

၂။ မူရင်းကျမ်းပြုသူ၏ ရွေးချယ်မှု

က။ သဒ္ဒါပိုင်းဆိုင်ရာ တည်ဆောက်ပုံ (syntax)

ခ။ ခေတ်ကာလဆိုင်ရာ စကားလုံးအသုံးအနှုန်း

ဂ။ စာရေးသားပုံ အမျိုးအစား (genre)

၃။ မိမိတို့၏ဆီလျော်သော သဘောပေါက်နားလည်မှု

က။ သက်ဆိုင်ဆီလျော်မှုရှိသော အလားတူစာပိုဒ်များ

ခ။ ဩဝါဒများ၏ဆက်စပ်မှု (paradox)

မိမိတို့၏အနက်ပြန်ခြင်းအတွက် အကြောင်းရင်းများနှင့် ၎င်းတို့ယုတ္တိတန်ကြောင်း ဖော်ပြနိုင်ရန် လိုသည်။ သမ္မာကျမ်းစာ သည်သာလျှင် ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုအတွက် မူလရင်းမြစ်ဖြစ်သည်။ ခရစ်ယာန်တို့သည် သမ္မာ ကျမ်းစာသွန်သင်သောအရာ(ဝါ) ၎င်းက အခိုင်အမာပြောသောအရာများအပေါ် မကြာခဏ သဘောထားကွဲပြားကြသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ ၎င်းမှာ သမ္မာကျမ်းစာကို ဝိညာဉ်တော်မှ သွင်းထားခြင်းဖြစ်ကြောင်း အခိုင်အမာမ ပြောနိုင်ခြင်းနှင့် သမ္မာကျမ်းစာ၏သွန်သင်မှုများနှင့် တောင်းဆိုမှုများအပေါ် ယုံကြည်သူများ သဘောမတူနိုင်ကြခြင်း ဖြစ်သည်။

ပတ်လည်ဖတ်ရှုခြင်း လေးကျော့တို့ကို အနက်ပြန်ရန် အောက်ပါအသိအမြင်တို့ကိုရရှိစေရန် စီစဉ်ထားခြင်းဖြစ် သည်။

## က။ ပတ်လည်ဖတ်ရှုခြင်း ပထမအကျော့

၁။ ကျမ်းစာကို တစ်ထိုင်တည်းနှင့်ဖတ်ပါ။ ၎င်းကိုပင် အခြားဘာသာပြန်ကျမ်းတစ်ကျမ်းမှ ပြန်ဖတ်ပါ။ ဘာသာပြန်ခြင်း မူဝါဒမတူသော ကျမ်းတစ်ကျမ်းဖြစ်စေရန် မျှော်လင့်ပါသည်။

(၁) လုံးစေ့ပတ်စေ့ဘာသာပြန်ကျမ်း (NKJV, NASB, NRSV)

(၂) အပြည့်အဝကိုက်ညီသော ဘာသာပြန်ကျမ်း (JEV, JB)

(၃) ချဲ့ကားသော ဘာသာပြန်ကျမ်း (Living Bible, Amplified Bible)

၂။ မိမိဖတ်ရှုသော ထိုကျမ်းတစ်ခုလုံး၏ ဗဟိုပြုရာရည်ရွယ်ချက်ကိုရှာဖွေပါ။ ၎င်း၏ဦးတည်ချက် သတ်မှတ် ပါ။

၃။ ဤဗဟိုပြုရာ ရည်ရွယ်ချက်(ဝါ)ဦးတည်ချက်အား ဖြစ်နိုင်ပါက စာတစ်ပိုဒ်၊ အခန်းကြီး တစ်ခန်း(ဝါ) ဝါကျ တစ်ကြောင်းဖြင့် ရှင်းလင်းစွာဖော်ပြပါ။

၄။ မည်ကဲ့သို့သောစာပေမျိုးဖြစ်ကြောင်း သတ်မှတ်ပါ

(က) ဓမ္မဟောင်းကျမ်း

(၁) ဟေဗြဲ သမိုင်းပုံပြင်

(၂) ဟေဗြဲကဗျာ၊ အလင်္ကာ (ပညာဆိုင်ရာစာပေ၊ ဆာလံသီချင်း)

(၃) ဟေဗြဲအနာဂတ္တိကျမ်း (စကားပြေ၊ ကဗျာ)

(၄) တရားဥပဒေများ (ပညတ်ကျမ်း)

(ခ) ဓမ္မသစ်ကျမ်း

(၁) သမိုင်းကြောင်းများ (ခရစ်ဝင်ကျမ်းများ၊ တမန်တော်ဝတ္ထု)

(၂) ပုံဆောင်ချက်များ (ခရစ်ဝင်ကျမ်းများ)

(၃) ပေးစာ/ဩဝါဒစာများ

(၄) နောင်ဖြစ်ပျက်မည့်အရာများဆိုင်ရာ စာပေ

## ခ။ ပတ်လည်ဖတ်ရှုခြင်း ဒုတိယအကျော့

၁။ ထိုကျမ်းတစ်ကျမ်းလုံး ပြန်ဖတ်ပါ။ အဓိကအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ပါ

၂။ အဓိကအကြောင်းအရာများကို အကျဉ်းချုံ့ကာ၊ ပါဝင်သောအကြောင်းအရာများကို ရိုးရိုးလေးဖြင့် ဖော်ပြပါ။

၃။ မိမိဖော်ပြသောရည်ရွယ်ချက်နှင့် မိမိအကျဉ်းချုံ့ပြုခြင်းကို အခြားသောလေ့လာမှု အကူစာအုပ်များအသုံးပြု ကာ စစ်ဆေး၍ချဲ့ထွင်ပါ။

## ဂ။ ပတ်လည်ဖတ်ရှုခြင်း တတိယအကျော့

၁။ အဆိုပါကျမ်းတစ်အုပ်လုံးပြန်ဖတ်၍၊ ထိုကျမ်းအား ရေးသားရခြင်း၏သမိုင်းနောက်ခံနှင့် အဖြစ်အပျက် တို့ကို သမ္မာကျမ်းစာထဲမှ ရှာဖွေဖော်ထုတ်ပါ။

၂။ သမ္မာကျမ်းစာထဲ ဖော်ပြသည့်သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို စာရင်းပြုစုပါ

(က) ကျမ်းပြုသူ

(ခ) ရက်စွဲ

(ဂ) လက်ခံရရှိသူများ

(ဃ) ရေးသားရခြင်း၏ အကြောင်းအရင်း

(င)ရေးသားရခြင်း၏အကြောင်းရင်းနှင့်ဆက်စပ်သော ထုံးတမ်းဓလေ့ဆိုင်ရာကဏ္ဍများ

(စ) သမိုင်းကြောင်းဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များ

၃။ မိမိအနက်ပြန်သည့် ကျမ်း၏အဆိုပါအပိုင်းအား မိမိအကျဉ်းချုံ့မှုကို စာပိုဒ်အဆင့်ချဲ့ပါ။ စာပေမျိုးအစား ကိုဖော်ပြ၍ အကျဉ်းချုံ့ပါ။ ၎င်းသည် အခန်းကြီးအချို့ (ဝါ) စာပိုဒ်နှင့် ချီကာရှိနိုင်သည်။ ဤသို့ပြုခြင်း သည် မူရင်းကျမ်းပြုသူ၏အတွေးအခေါ်နှင့် မူရင်းစာ၏ ဖွဲ့စည်းပုံအား နားလည်နိုင်ရန်ပံ့ပိုးလိမ့်မည်။

၄။ မိမိ၏သမိုင်းကြောင်း ဖော်ပြမှုအား လေ့လာမှုအကူစာအုပ်များ အသုံးပြုကာ၊ စစ်ဆေးပါ။

## ဃ။ ပတ်လည်ဖတ်ရှုခြင်း စတုတ္ထအကျော့

၁။ မိမိဖတ်သောကျမ်းကိုပင် ဘာသာပြန်ကျမ်းအမျိုးမျိုးမှ တစ်ခါပြန်ဖတ်ပါ။

(က) လုံးစေ့ပတ်စေ့ ဘာသာပြန် (NKJV, NASB, NRSV)

(ခ) အပြည့်အဝကိုက်ညီသော ဘာသာပြန် (TEV, JB)

(ဂ) ချဲ့ကားသော ဘာသာပြန် (Living Bible, Amptified Bible)

၂။ စာပေ (ဝါ) သဒ္ဒါဆိုင်ရာ ဖွဲ့စည်းမှုများ

(က) ထပ်၍ဖော်ပြသောစကားစုများ–ဖေက် ၁း၆၊ ၁၂၊၁၃

(ခ) ထပ်နေသော သဒ္ဒါဆိုင်ရာဖွဲ့စည်းမှု–ရောမ ၈း၃၁

(ဂ) ဆန့်ကျင်ဘက် အယူအဆများ

၃။ အောက်ပါအမျိုးအစားတို့ကို ပြုစုပါ

(က) ပေါ်လွင် ထင်ရှားသော ဝေါဟာရများ

(ခ) သုံးနေကျမဟုတ်သော ဝေါဟာရများ

(ဂ) အရေးကြီးသော သဒ္ဒါဖွဲ့စည်းမှုများ

(ဃ) အထူးခက်ခဲသော စကားလုံးများ၊ ဝါကျအစိတ်အပိုင်းများနှင့် ဝါကျများ

၄။ ဆီလျော်သောအလားတူ စာပိုဒ်မျိုးကို ရှာဖွေပါ။

က။ အောက်ပါတို့ကို အသုံးပြုကာ၊ မိမိ၏အကြောင်းအရာအား အရှင်းလင်းဆုံးဖော်ပြသော စာပိုဒ်ကိုရှာ ပါ။

(၁) ဓမ္မပညာအား စံနစ်ကျစွာ လေ့လာသောစာအုပ်များ ("systematic theology" books)

(၂) ကျမ်းညွှန်းပါ ကျမ်းစာအုပ်များ

(၃) တူညီသောစကားလုံးအလိုက် ကျမ်းညွှန်းဖော်ပြသောစာအုပ်များ (concordances)

ခ။ ဆန့်ကျင်ဘက်ဖြစ်နေဟန်ရှိသော်လည်း ထိုသို့မဟုတ်သော (paradox) ဖော်ပြချက်မျိုးရှိမရှိရှာဖွေပါ။ သမ္မာကျမ်းစာ၏ သမ္မာတရားအများအပြားတို့ကို အကျိုးသင့်အကြောင်းသင့်စွာ ဖော်ပြလေ့ရှိသည်။ ဂိုဏ်းဂဏချင်း ဆန့်ကျင်တိုက်ခိုက်မှု များစွာတို့မှာ ကျမ်းချက်တစ်ခုတည်းဖြင့် အတည်ပြုခြင်း (proof-texting) မှ ပေါ်ပေါက်လာခြင်း ဖြစ်ပြီး၊ သမ္မာကျမ်းစာဆိုင်ရာ တင်းမာမှုတစ်ဝက်ကို ၎င်းကဖန်တီး သည်။ သမ္မာကျမ်းစာအားလုံး ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြစ်သဖြင့်၊ အနက်ပြန်ရာ၌ သမ္မာကျမ်းနည်း ကျဟန်ချက်ညီစေရန် အကြောင်းအရာ၊ အချက်အလက်စုံလင်စွာ စူးစမ်းရှာဖွေရပါမည်။

ဂ။ အလားတူ အကြောင်းအရာ၊ အချက်အလက်များအား မိမိဖတ်ရှုသောကျမ်းထဲ၌လည်းကောင်း၊ ၎င်း ကျမ်းအားပြုစုသူ ရေးသားသည့် အခြားကျမ်းများ၌လည်းကောင်း၊ (သို့)အလားတူ စာပေအမျိုးအစား တို့၌ ရှာဖွေပါ။ သမ္မာကျမ်းစာတစ်အုပ်လုံးကို ရေးသားသူမှာ ဝိညာဉ်တော် တစ်ပါးတည်း သာလျှင်ဖြစ် ရကား၊ သမ္မာကျမ်းစာအား အကောင်းဆုံး အနက်ပြန်သူမှာ သမ္မာကျမ်းစာပင်ဖြစ်သည်။

၅။ သမိုင်းကြောင်းနှင့် အဖြစ်အပျက်များအကြောင်း မိမိ၏လေ့လာမှုများကိုစစ်ဆေးရန် အထောက်အကူပြု စာအုပ်များသုံးပါ။

(က) လေ့လာမှုနှင့် တွဲဖက်သောသမ္မာကျမ်းစာများ

(ခ) သမ္မာကျမ်းစာဆိုင်ရာ သုတစွယ်စုံကျမ်းများ၊ လက်စွဲစာအုပ်များနှင့် အဘိဓါန်များ၊

(ဂ) သမ္မာကျမ်းစာ မိတ်ဆက်စာအုပ်များ

(ဃ) အနက်ဖွင့်ကျမ်းများ။ (ဤအဆင့်၌ အတိတ်ကာလက ယုံကြည်သူများနှင့် ယခုလက်ရှိယုံကြည် သူများသည် မိမိ၏လေ့လာမှုအားကူညီရန်နှင့် အမှားပြင်ပေးနိုင်ရန် ခွင့်ပြုပါ)

**၄။ သမ္မာကျမ်းစာအနက်ပြန်မှုအား လက်တွေ့အသုံးချခြင်း၊**

ယခုလက်တွေ့အသုံးချခြင်းအပိုင်းသို့ ဦးလှည့်ကြမည်။ မိမိဖတ်ရှုသောအကြောင်းအရာအား မူရင်းအတိုင်း နားလည်သဘောပေါက်နိုင်ရန် အချိန်ယူခဲ့ကြပြီးဖြစ်သည်။ ယခုတစ်ခါ ၎င်းကို မိမိအသက်တာထဲ၊ မိမိယာဉ် ကျေးမှုနယ်ပယ်ထဲ၌ပင် အသုံးချရန်ဖြစ်သည်။ သမ္မာကျမ်းစာ၏အခွင့်အာဏာကို ကျွန်တော်အဓိပ္ပါယ် သတ်မှတ်ပုံမှာ "မူရင်းကျမ်းပြုသူသည် မိမိခေတ်၊ မိမိကာလ၌ ပြောသည့် အရာအားနားလည်ကာ၊ အဆိုပါ သမ္မာတရားကိုပင် ယနေ့ ကျွန်တော်တို့၏ခေတ်ကာလ၌ လက်တွေ့အသုံးပြုခြင်းဖြစ်သည်"ဟူ၍ဖြစ်၏။

မူရင်းကျမ်းပြုသည့် အချိန်ကာလနှင့်အကျိုးအကြောင်း သဘောဖြင့်ရည်ရွယ်သည့်အရာအား အနက်ပြန်ဖော် ထုတ်မှုကို လက်တွေ့ကျင့်သုံးမှုက လိုက်ပါလာရပါမည်။ သမ္မာကျမ်းစာအပိုဒ်တစ်ပိုဒ်သည် သူ့ခေတ်သူ့အခါက ပြောခဲ့သောအရာအား နားမလည်မချင်း၊ ယနေ့မိမိ၏ခေတ်ကာလအတွက် အသုံးပြုနိုင်မည်မဟုတ်ချေ။ ကျမ်းပိုဒ်တစ် ပိုဒ်၏ဆိုလိုချက် မဟုတ်ခဲ့ဘူးသောအရာတစ်ခုသည်၊ ယနေ့ကာလ၏ ဆိုလိုချက်လည်းမဖြစ်နိုင်ချေ။

အသေးစိတ်ဖော်ပြသည့် အဓိကအကြောင်းအရာကောက်နုတ်ချက်အား စာပိုဒ်တစ်ခုအဖြစ် ချဲ့၍ရေးသားမှု သည်(ပတ်လည်ဖတ်ရှုခြင်း၏အကျော့#၃) သင်၏လမ်းညွှန်ဖြစ်နေပေမည်။ လက်တွေ့အသုံးချခြင်းအား စကားလုံး အဆင့်၌မယူဘဲ၊ စာပိုဒ်အဆင့်၌သာ ယူရပါမည်။ စကားလုံးတစ်လုံးသည် ၎င်းစကားလုံးနှင့် အဆက်အစပ်များ၌သာ အဓိပ္ပါယ်ရှိသည်။ ဝါကျအပိုင်းတစ်ပိုင်းသည် ၎င်းအပိုင်းနှင့်အဆက်အစပ်များ၌ အဓိပ္ပါယ်ရှိသည်။ အနက်ပြန်ခြင်း လုပ်ငန်းစဉ်၌ ဝိညာဉ်တော်မှုတ်သွင်းခြင်းရရှိသူမှာ မူရင်းကျမ်းပြုသူ သာလျှင်ဖြစ်သည်။ ကျွန်တော်တို့မှာ ဝိညာဉ်တော် ၏ရှင်းလင်းဖော်ပြမှုအားဖြင့်၊ မူရင်းကျမ်းပြုသူဦးဆောင်ခေါ်သွားရာနောက်၌ လိုက်သွားကြခြင်း သာဖြစ်သည်။ သို့သော် ရှင်းလင်းအောင်ဖော်ပြမှုမှာ မှုတ်သွင်းခြင်းမဟုတ်ချေ။ "ဘုရားရှင် ဤသို့မိန့်ဆိုသည်"ဟုဆိုကာ၊ မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်၌သာ မြဲမြဲနေရန်ဖြစ်သည်။ လက်တွေ့အသုံးချခြင်းသည် ရေးသားချက်တစ်ခုလုံး၏ယေဘု ယျရည်ရွယ်ချက်၊ စာပေအမျိုးအစားနှင့် အကျယ်ချဲ့ ထားသောစာပိုဒ် အဆင့်တို့နှင့် အတိအကျဆက်စပ်နေရပါမည်။

ကျွန်တော်တို့၏ ယနေ့ခေတ်ကာလအကြောင်းအရာအားဖြင့် သမ္မာကျမ်းစာကို အနက်ပြန်ခွင့်မပြုပါနှင့်။ သမ္မာ ကျမ်းစာကိုသာ စကားပြောစေပါ။ ထို့ကြောင့် မူရင်းစာမှနိယမများ ဆွဲထုတ်ရန်လိုအပ်ကောင်း လိုအပ်နိုင်သည်။ မိမိ ထုတ်နှုတ်သည့်နိယမသည် မူရင်းစာနှင့်ကိုက်ညီပါက တရားဝင်ဖြစ်ပါသည်။ ကံမကောင်း၊ အကြောင်းမလှစွာပင် ကျွန်တော်တို့၏နိယမများသည် မူရင်းစာ၏နိယမများ မဟုတ်မူဘဲ၊ "ကျွန်တော်တို့ ကိုယ်ပိုင်"၏ နိယမများသာလျှင် ဖြစ်လေ့ဖြစ်ထရှိသည်။

သမ္မာကျမ်းစာအား လက်တွေ့အသုံးပြုရာ၌ သမ္မာကျမ်းစာရှိ ကျမ်းတစ်ကျမ်းအတွက် ဆိုလိုရင်းအဓိပ္ပါယ် တစ်မျိုးတည်းသာလျှင် တရားဝင်သည်။ (အနာဂတ္တိကျမ်းများ၌မူ ထိုသို့မဟုတ်ချေ။) အဆိုပါဆိုလိုရင်း အဓိပ္ပါယ်မှာ မူရင်းကျမ်းပြုသူက အရေးတကြီးဖြစ်သော(ဝါ)သူ့အချိန်သူ့အခါက လိုအပ်ချက်

တစ်ခုအား ရည်စူးပြောဆိုရာ၌ ထားရှိ သော ရည်ရွယ်ချက်နှင့်ဆက်စပ်သည်။ ထိုတစ်မျိုး သောဆိုလိုရင်း အဓိပ္ပါယ်မှ ဖြစ်နိုင်ချေရှိသော လက်တွေ့အသုံးချမှု များစွာရယူနိုင်သည်။ ဤလက်တွေ့ အသုံးချခြင်းသည် ထိုကျမ်းအား လက်ခံရရှိသူများ၏လိုအပ်ချက်ပေါ် အခြေပြု ထားခြင်းဖြစ်သည့်ပြင်၊ မူရင်းကျမ်းပြုသူ၏ ဆိုလိုရင်းအဓိပ္ပါယ်နှင့် ဆက်စပ်နေရပါမည်။

**၅။ အနက်ဖွင့်ခြင်း၌ ဝိညာဉ်ရေးရာအပိုင်း**

အခုထိ ကျွန်ုပ်ဆွေးနွေးသင်ပြနေသည်မှာ အနက်ဖွင့်ခြင်းနှင့်အသုံးချခြင်း လုပ်ငန်းစဉ်၌ ပါဝင်သောကြောင်းကျိုး စဉ်းစားတွေးတောခြင်းနှင့် မူရင်းစာဆိုင်ရာများဖြစ်သည်။ ယခုအနက်ပြန်ခြင်း၏ ဝိညာဉ်ရေးရာအပိုင်းအား အကျဉ်းချုံ့ ဆွေးနွေးတင်ပြပါရစေ။

- က။ ဝိညာဉ်တော်၏ကူညီပံ့ပိုးမှုအတွက် ဆုတောင်းပါ။ (၁ကော ၁း၂၆– ၂း၆)
- ခ။ မိမိသိရှိသောအပြစ်များမှ အပြစ်လွှတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်စေရေးအတွက် ဆုတောင်းပါ။ (၁ယော ၁း၉)
- ဂ။ ဘုရားသခင်အား ပိုမိုကြီးမားစွာ သိရှိလိုသောစိတ်ဆန္ဒမွေးမြူနိုင်ရန် ဆုတောင်းပါ။ (ဆာလံ ၁၉း၇– ၁၄။ ၄၂း၁။ ၁၁၉း၁)
- ဃ။ အတွေးအမြင်သစ်တစ်ခုခုရပါက ချက်ခြင်းအသုံးပြုပါ။
- င။ နှိမ့်ချစွာဖြင့် သွန်သင်၍ရသောသူ တစ်ယောက်ဖြစ်နေပါစေ။

အကျိုးအကြောင်းဆက်စပ်မှုဖြစ်စဉ်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုတို့အကြား ဟန်ချက် ညီညီ ဆက်လက်ထိန်းထားရေးမှာ အလွန်ခက်ခဲသည်။ ဤအရာနှစ်ခုဟန်ချက်ညီစေရန် အောက်ပါ ရည်ညွှန်းချက်တို့ သည် ကျွန်ုပ်ကိုများစွာပံ့ပိုးသည်။

**က။** James W.Sire **၏** ***"လိမ်တွန့်သော သမ္မာကျမ်းစာ"*** **စာမျက်နှာ ၁၇–၁၈** (*Scripture Twisting pp. 17-18*)

"ရှင်းလင်းသဘောပေါက်စေခြင်းအလုပ်သည် ဝိညာဉ်တော်နှင့်ပြည့်ဝသူ လက်ရွေးစင် လူလက်တဆုပ်စာများ၌ သာလျှင်မဟုတ်ဘဲ၊ ဘုရားသခင်၏လူများစိတ်ထဲ၌ ရောက်ရှိလာသည်။ ခရစ်ယာန်၌ သုခမိန် အဆင့်အတန်းမရှိ၊အကြား အမြင်ပေါက်သူဟူ၍ သီးသန့်မရှိ၊ မှန်ကန်သောအနက်ပြန်မှု အားလုံးလာရမည့် သီးသန့်လူပုဂ္ဂိုလ်ဟူ၍မရှိချေ။သန့်ရှင်း သောဝိညာဉ်တော်သည် ပညာဝိညာဉ်ဆုကျေးဇူး၊ ထိုးထွင်းသိမြင်ခြင်း ဆုကျေးဇူး၊ ဝိညာဉ်ရေးဆိုင်ရာ ခွဲခြားသိမြင်တတ် ခြင်းဆုကျေးဇူးများပေးသည်မှာ မှန်သော်လည်း နှုတ်ကပတ်တော်အား အနက်ဖွင့်ရန် အခွင့်အာဏာကို ဝိညာဉ်ဆုကျေး ဇူးရရှိသူ ဤခရစ်ယာန်များ၌သာ အပ်နှင်းသည်မဟုတ်ချေ။ ဘုရားသခင်ထံမှ အထူးတတ်စွမ်းနိုင်မှုရရှိထားသူ အဆိုပါ လူများအပေါ်၌ပင် အခွင့်အာဏာပိုင်လူအဖြစ် ရပ်တည်နေကာ၊ သမ္မာကျမ်းစာအား ရည်ညွှန်းကိုးကားလျက် လေ့လာ ဆည်းပူးရန်၊ စီရင်ဆုံးဖြတ်ရန်နှင့် ပိုင်းခြားသိမြင်ရန် ဘုရားသခင်သည် မိမိ၏လူတိုင်းအား အပ်နှင်းထားသည်။ ဤကျမ်းတစ်ကျမ်းလုံးအတွက် ကျွန်ုပ်၏အယူအဆအကျဉ်းချုံးမှာ သမ္မာကျမ်းစာသည် လူသားထုတစ်ရပ်လုံးသို့ ဘုရားသခင်သည် မိမိကိုယ်မိမိ ဖွင့်ပြမှုအစစ်အမှန်ဖြစ်သည်။ ၎င်းပြောဆိုသည့် အရာခပ်သိမ်းတို့သည် ကျွန်တော်တို့၏ အဆုံးစွန်သော အခွင့်အာဏာဖြစ်သည်။ ၎င်းသည် ဖုံးကွယ်ထားသည့် လျှို့ဝှက်သောအရာမဟုတ်မူဘဲ၊ လူမျိုးမရွေး ကောင်းမွန်လုံလောက်စွာ နားလည် သဘောပေါက်နိုင်သော ကျမ်းဖြစ်သည်။"

ခ။ Bernard Ramm **၌ တွေ့ရှိရသည့်** Kiekegaard **၏** ***"ကာသိုလစ်မဟုတ်သူများ သမ္မာကျမ်းစာအား အနက်ပြန်ပုံ"*** **စာ ၇၅။** (*Protestant Biblical Interpretation*)

“သမ္မာကျမ်းစာအား သဒ္ဒါနည်းကျ၊ မူရင်းဘာသာစကားရပ်များအားဖြင့်၊ သမိုင်းကြောင်းအခြေခံကာ လေ့လာ ခြင်းတို့မှာ လိုအပ်သည်မှန်သော်လည်း အဓိကမှာ သမ္မာကျမ်းစာအား စစ်မှန်စွာဖတ်ရှုခြင်းဖြစ်သည်။ သမ္မာကျမ်းစာ အား ဘုရားသခင်၏နှုတ်ထွက်စကားအဖြစ် ဖတ်ရှုခြင်းဟူသည် မိမိ၏နှလုံးသားအားဖြင့် မြော်လင့်တကြီး၊ ခြေဖျား ထောက်ကာ၊ ဘုရားသခင်နှင့်စကား စမြည်ပြောခြင်းအဖြစ် နှုတ်ထဲမ ဖတ်ရှုရန်ဖြစ်သည်။ သမ္မာကျမ်းစာအား မဆင်မ ခြင်ဖြစ်စေ၊ ဖြစ်သလိုဖြစ်စေ၊ ပညာနှင့်ဖြစ်စေ၊ အလုပ်သဘောဖြင့်ဖြစ်စေ ဖတ်ရှုခြင်းတို့မှာ သမ္မာကျမ်းစာအား ဘုရား သခင်၏နှုတ်ကပတ်တော်အနေဖြင့် ဖတ်ရှုခြင်းမဟုတ်ချေ။ လူတစ်ယောက်သည် ၎င်းအား မိမိ၏ချစ်သူရည်းစား ပေးပို့ သည့်စာတစ်စောင် အလားဖတ်ရှုသည့်အခါ၌သာလျှင် ၎င်းအား ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ်ဖတ်ရှုခြင်းမည် ပေသည်”။

ဂ။ H. H. Rowley ၏ **“ဆီလျော်မှုရှိသော သမ္မာကျမ်းစာ”** (*The Relevance of the Bible*) **စာ၊ ၁၉**

“သမ္မာကျမ်းစာအား ဦးနှောက်အားဖြင့် နားလည်သဘောပေါက်ခြင်းသည် ၎င်း၏ ဘဏ္ဍာတိုက်အလုံးစုံအား အပြည့်အဝပိုင်ဆိုင်စေနိုင်လိမ့်မည် မဟုတ်ချေ။ ထိုသို့သော နားလည်သဘောပေါက် ခြင်းသည်လည်း ပြည့်စုံစွာ သဘော ပေါက်ခြင်းအတွက် မရှိမဖြစ် အရေးကြီးအရာဖြစ်သဖြင့် ရှုတ်ချမှုပြုခြင်း မဟုတ်ချေ။ ဤကျမ်းအား အပြည့်အဝ နားလည်သဘောပေါက်ရန်ဆိုလျှင် ၎င်း၏ ဝိညာဉ်ဘဏ္ဍာ တိုက်အကြောင်းအား ဝိညာဉ်ရေးရာနားလည် သဘောပေါက်မှု လိုအပ်သည်။ ထိုသို့ ဝိညာဉ်ရေးရာနားလည် သဘောပေါက်ခြင်းရှိစေရန် အသိညာဏ်ဆိုင်ရာ နိုးကြားမှုထက် ကျော်လွန်သော အရာတစ်ခုလိုအပ်သည်။ ဝိညာဉ်ရေးကိစ္စကို ဝိညာဉ်အားဖြင့်သာ ခွဲခြားသိမြင်နိုင်သည်ဖြစ်ရကား၊ သမ္မာကျမ်းစာ သင်ယူလေ့လာသူသည် မိမိ၏ သိပ္ပံနည်းကျလေ့လာမှုကို ကျော်လွန်ကာ၊ ကျမ်းတကာတို့၏ ကျမ်းဖြစ်သော ဤကျမ်း၏ ပိုမိုကြွယ်ဝသောအမွေအနှစ်များ ပိုင်ဆိုင်ရရှိရန်အလို့ငှါ၊ မိမိကိုယ်မိမိ ကိုယ်တော်မြတ်ထံ ဆက်ကပ်အပ်နှံ နိုင်ရေးအတွက် ဘုရားသခင်အား ရှာဖွေတွေ့ရှိလိုသည့် ပြင်းပြသော ဆန္ဒနှင့်၊ ဝိညာဉ်ရေးရာ နာခံတတ်သောစိတ်နေ စိတ်ထားရှိရန် လိုအပ်သည်။”

**၆။ ဤအနက်ဖွင့်ကျမ်း၏နည်းလမ်း**

*ဤအနက်ဖွင့်ခြင်း လေ့လာမှုလမ်းညွှန်*၏အနက်ဖွင့်ခြင်း လုပ်ငန်းစဉ်အားကူညီရန် အောက်ပါအတိုင်း စီစဉ် ထားသည်။

က။ ကျမ်းတစ်ကျမ်းစီအား မိတ်ဆက်ပေးသည့်သမိုင်းကြောင်းဆိုင်ရာ အကျဉ်းချုံ့။ ပတ်လည် ဖတ်ရှုခြင်းအကျော့ # ၃ ပြီးစီးပြီးနောက် ဤကဏ္ဍကို စစ်ဆေးလေ့လာပါ။

ခ။ ကျမ်းစကားချင်း ဆက်စပ်မှုသဘောကို အခန်းကြီးတစ်ခုအစတိုင်း၌ တွေ့ရလေ့ရှိသည်။ စာရေးသားမှု ပုံစံ မည်သို့တည်ဆောက် ထားပုံအားသိနိုင်ရန် ၎င်းသည် အထောက်အကူ ပြုလိမ့်မည်။

ဂ။ အခန်းကြီးတစ်ခန်း၏အစ(ဝါ)စာစုကြီးတစ်ခုအစ၌ စာပိုဒ်ခွဲများနှင့် ၎င်းတို့အကြောင်း ရေးသားဖော်ပြသော ခေါင်းစဉ်များကို ခေတ်သစ်ဘာသာပြန်ကျမ်းများ၌ ထည့်ပေးထားသည်။

၁။ The United Bible Society ၏မူရင်းဂရိ၊ ပြန်လည်မွမ်းမံသော စတုတ္ထအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း (UBS[4])

၂။ The New American Standard Bible, **နောက်ဆုံးထုတ် ၁၉၉၅** (NASB)

၃။ The New King James Version (NKJV)

၄။ The New Revised Standard Version (NRSV)

၅။ Today's English Version (TEV)

၆။ The Jerusalem Bible (JB)

**စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်ချေ။ ၎င်းတို့ကို အကြောင်းအရာ ဆက်စပ်မှု အားဖြင့် စီစစ်ရန်ဖြစ်သည်။ ဘာသာပြန်ခြင်းနှင့်အယူအဆချင်း၊ ဓမ္မပညာအမြင်ချင်း မတူကွဲပြားခြားနားသော ခေတ်သစ်ဘာသာပြန် ကျမ်းအတော်များများမှ နှိုင်းယှဉ် လေ့လာသည့်အခါ မူရင်းကျမ်းပြုသူ မည်သို့ တွေးတောကြောင်း ခွဲခြမ်းစိတ်ဖြာ၍ မိမိ၏ အယူအဆတစ်ခုကို တည်ဆောက်နိုင်စွမ်းရှိစေသည်။ စာပိုဒ်တစ်ခု စီ၌ အဓိက သမ္မာတရားတစ်ခုသည် ၎င်းကို "ခေါင်းစဉ်ဝါကျ(ဝါ)"မူရင်းစာ၏ အဓိကအတွေးအကြံ"ဟုခေါ် သည်။ စုစည်းပေါင်းစပ်ပေးသော ဤတွေးတောချက် သည် သမိုင်း ကြောင်းဆိုင်ရာနှင့် သဒ္ဒါနည်းကျ အနက် ပြန်ခြင်းအတွက် ကောင်းသောသော့ချက်ဖြစ်သည်။ အနက်ပြန်ရာ၌ဖြစ်စေ၊ တရားဟောရာ၌ ဖြစ်စေ၊သင်ကြား ပို့ချရာ၌ဖြစ်စေ၊ စာပိုဒ်တစ်ပိုဒ်ထက် နည်းသောအစိတ်အပိုင်းကို အခြေပြုကာ မည်သည့်အခါ၌မျှ မပြုရပါ။ ထို့ပြင် စာပိုဒ်တစ်ပိုဒ်စီသည် ၎င်း၏ အေးပတ်ဝန်းကျင်စာပိုဒ်များနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ကျမ်းတစ်ကျမ်း၏ အဓိကအကြောင်းအရာအားကောက်နုတ်ရာ၌ စာပိုဒ်တစ်ပိုဒ်စာပြုခြင်းမှာ အရေးကြီးလှသည်။ ဝိညာဉ်တော်မှုတ်သွင်းခြင်းခံရသူ၊ မူရင်းကျမ်းပြုသူ ပြောပြသည့်အကြောင်းအရာ၏ ကျိုးကြောင်း ဆင်ခြင်မှုရေယဉ်ကြောကို ကျွန်တော်တို့ လိုက်တတ်ရပေမည်။**

ဃ။ **ကျွန်တော်**(Bob) **၏မှတ်စုများသည် အခန်းငယ်တစ်ခုပြီးတစ်ခု အနက်ပြန်ခြင်းပုံစံကို လိုက်ပါသည်။ ၎င်းနည်းသည် ကျွန်တော်တို့အား မူရင်းကျမ်းပြုသူ၏ စိတ်ကူး အတွေးနောက်ကို လိုက်ရန် တွန်းအားပေး သည်။ ကျွန်ုပ်၏မှတ်စုများသည် အောက်ပါ ကဏ္ဍ အသီးသီးအကြောင်း ပြောပြသည်။**

**၁။ စာအရေးအသားချင်း ဆက်စပ်မှု**

**၂။ သမိုင်းကြောင်း၊ ထုံးတမ်းဓလေ့ဆိုင်ရာ အသိအမြင်များ**

**၃။ သဒ္ဒါပိုင်းဆိုင်ရာ အကြောင်းအရာများ**

**၄။ စကားလုံးလေ့လာမှုများ**

**၅။ အလားတူ ဆီလျော်မှုရှိသောကျမ်းပိုဒ်များ**

င။ **ဤအနက်ဖွင့်ကျမ်း၌ အသုံးပြုသည့်** New American Standard Version (1995) **အား အချို့နေရာများ၌ အခြား ခေတ်သစ်ဘာသာပြန်ကျမ်းများဖြင့် ဖြည့်စွက်ထားသည်။**

၁။ The New King James Version (NKJV) **မူရင်းလက်ရေးစာမူ** "Textus Receptus" **ကိုလိုက်သည်။**

၂။ The New Revised Standard Version (NRSV) **မှာ လုံးစေ့ပတ်စေ့ ပြန်လည်မွမ်းမံသော ကျမ်းဖြစ် သည်။**

၃။ The Today's English Version (TEV) **မှာ** American Bible Society **၏ အပြည့်အဝကိုက်ညီသော ဘာသာပြန်ကျမ်းဖြစ်သည်။**

၄။ The Jerusalem Bible (JB) **မှာ ပြင်သစ်ကာသိုလစ်အသင်းတော်၏အပြည့်အဝ ကိုက်ညီသောအင်္ဂလိပ် ဘာသာပြန်ကျမ်းဖြစ်သည်။**

စ။ **ဂရိဘာသာ မတတ်ကျွမ်းသူများသည် အင်္ဂလိပ်ဘာသာပြန်ကျမ်းများအား နှိုင်းယှဉ်လေ့လာပါက မူရင်းစာပါ ပြဿနာများ မည်သို့ဖြစ်ကြောင်း နားလည်နိုင်ရန် ပံ့ပိုးနိုင်ပါသည်။**

ဆ။ **အခန်းကြီးတစ်ခန်း၏အဆုံးတိုင်း၌ အဆိုပါအခန်းကြီး၏ အဓိကအနက်ပြန်မှုအား ဦးတည်သည့် ဆီလျော် သောဆွေးနွေးခြင်းမေးခွန်းများ ပြင်ဆင်ပေးထားပါကြောင်း။**

## ရောမဩဝါဒစာမိတ်ဆက်
Introduction to epistle of Romans

### အဖွင့်ဖော်ပြချက်များ

က။ ရောမဩဝါဒစာသည် တမန်တော်ကြီးပေါလု၏စနစ်အကျဆုံးနှင့် ကျိုးကြောင်းဆီလျော်မှု အပြည့်ဝဆုံး ဩဝါဒကျမ်း ဖြစ်သည်။ ရောမမြို့တော် အခြေအနေအရပ်ရပ်၏ အကျိုးသက်ရောက်မှု များစွာရှိသဖြင့်၊ ဤကျမ်းမှာ ""အချိန်တန်၍ဖြစ်လာသော" မှတ်တမ်းတစ်ရပ်ဖြစ်သည်။ ဤဩဝါဒစာကို ပေါလုရေးသားရန်အကြောင်းဖန်လာသောအရာတချို့ရှိသည်။ မည်သို့ဖြစ်စေ ဤဩဝါဒစာမှာ ပြဿနာကိုင်တွယ်ရန် (ယုံကြည်သူဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသား ခေါင်းဆောင်ပိုင်းတို့ အကြားမနာလိုမှုပြဿနာဖြစ်နိုင်သည်။ ၁၄း၁-၁၅း၁၃နှစ်ခုကိုနှိုင်းယှဉ်ပါ)။ ပေါလုရေးသားသော စာများအနက် ပြင်းထန်မှုအနည်းပါးဆုံးဖြစ်သည်။ ၎င်းမှာဧဝံဂေလိသတင်းကောင်းသည်အသက်တာအတွက်မည်သို့အဓိပ္ပါယ်ရှိကြောင်းအားဤဩဝါဒစာ၌ရှင်းလင်းစွာတင်ပြခြင်းဖြစ်သည်။

ခ။ ရောမဩဝါဒစာသည်ဂလာတိဩဝါဒစာပါသမ္မာတရားဆိုင်ရာဓမ္မပညာတိုးတက်ဖြစ်ပေါ်မှုသည်။ ဧဖက်ဩဝါဒစာမှာ ရောမဩဝါဒစာအား အကျဉ်းချုံကာ တစ်ပတ်ပြန် ကျော့သော တိုးတက်မှုဖြစ်သည်။ ပေါလုဟောပြောသော ဧဝံဂေလိတရားသည် ပြောင်းလဲခြင်းမရှိသော်လည်း၎င်း အားတင်ပြပုံတင်ပြနည်းမှာ ပြောင်းလဲသည်သာဖြစ်၏။

ဂ။ ရောမဩဝါဒစာ၌ဧဝံဂေလိ သတင်းကောင်းအားပေါလုတင်ပြပုံသည် ခေတ်ကာလတစ်ခုစီတိုင်း၌ရှိသောအသင်းတော်တွင်း ဘဝအသက်တာ၌ဩဇာသက်ရောက်သည်။

၁။ ဩဂက်စတင် Augustine သည် အေဒီ ၃၈၆ ၌ရောမ ၁၃း၁၃-၁၄ အားဖတ်ရာမှ ပြောင်းလဲသွားခဲ့သည်။

၂။ ကယ်တင်ခြင်းတရားအား Martin Luther နားလည်ပုံသည် အေဒီ ၁၅၁၃ ၌ ဆာလံ ၃၁း၁ နှင့် ရောမ ၁း၁၇ (ဟဗက္ကုတ် ၂း၄နှင့် နှိုင်းယှဉ်)တို့ကိုနှိုင်းယှဉ်ရာမှ ပြတ်သားစွာပြောင်းလဲသွားခဲ့သည်။

၃။ John Wesley ဝွန်ဝီစလီသည် အေဒီ ၁၇၃၈ ၌လန်ဒန်မြို့ထဲကျင်းပသည့် Mennonite အသင်းတော်စည်းဝေးပွဲ တစ်ခုအနားလမ်းလျှောက် သွားရင်း မာတင်လူသာ၏ ရောမဩဝါဒ စာမိတ်ဆက် ဒေသနာအားစာဖြင့် ဖတ်ကြသည်ကို ကြားရာက ပြောင်းလဲသွားခဲ့သည်။ ထိုနေ့အစည်းအဝေး၌ သတ်မှတ်ထားသည့် တရားဟောဆရာပေါ်မလာသဖြင့် အထက်ပါ အတိုင်း မာတင်လူသာ၏ စာဖြင့်ရေးသားထားသည့် ဒေသနာအား ဖတ်ကြားခြင်းဖြစ်သည်။

ဃ။ ရောမဩဝါဒစာအားနားလည်ခြင်းသည်ခရစ်ယာန်ဖြစ်ခြင်းအားနားလည်ခြင်းဖြစ်သည်။ ဤဩဝါဒစာသည်ယေရှု၏ဘဝအသက်တာနှင့် သွန်သင်မှုများအား ခေတ်ကာလများအားလုံး၌ အသင်းတော်အတွက် သမ္မာတရား၏ အခြေခံအုတ်မြစ်ချပေးသည်။ မာတူလူသားကဤဩဝါဒစာအား "ဓမ္မသစ်ကျမ်း၏ အဓိကအကျဆုံးကျမ်းနှင့် အစင်ကြယ်ဆုံးသော ဧဝံဂေလိသတင်းကောင်းဖြစ်သည်။" ဟုဆိုသည်။

၄။ ကျွန်ုပ်သည်ယုံကြည်သူလူသစ်များအားနေ့စဉ်သမ္မာကျမ်းစာဖတ်ရှုခြင်းအကျင့် စတင်ရန်အား ပေးတိုက်တွန်းလေ့ရှိသည်။ ထိုသို့ပြုရာ၌ဓမ္မသစ်ကျမ်း၏ ကျမ်းသုံးကျမ်းဖြင့် စတင်ရန်အား ပေးထောက်ခံသည်။

၁။ ယေရှုအကြောင်းနားလည်ရန် ယောဟန်ခရစ်ဝင်ကျမ်း

၂။ အသင်းတော်များအားယေရှုသွန်သင်သည့် အရာများကိုနားလည်ရန်ရောမဩဝါဒစာ

၃။ ဧဝံဂေလိသတင်းကောင်းအတိုင်းနေ့စဉ်မည်ကဲ့သို့အသက်ရှင်ရမည်ကိုသိရှိရန် ပထမယောဟန်ဩဝါဒစာ

## ကျမ်းပြုသူ

ကျမ်းပြုသူမှာပေါလုပင်ဖြစ်သည်။ သူ၏နှုတ်ဆက်စကားပြောခြင်းပုံစံအား ၁း၁ ၌တွေ့ရသည်။ ပေါလု၏ "ကိုယ်ခန္ဓာ၌စူးသောဆူး" ဆိုသည်မှာမျက်စိမှုန်ခြင်းဖြစ်သည်ဟု အများအားဖြင့် သဘောတူထားကြသည်နှင့်အညီ သူသည်ဤ ဩဝါဒစာကိုမိမိကိုယ်တိုင် မရေးဘဲနမအငကျတေရတိခေါ် စာရေးတစ်ယောက်အသုံးပြုသည်။ (၁၆း၂၂)။

## အချိန်ကာလ

က။ ရောမဩဝါဒစာကိုရေးသားချိန်မှာအေဒီ၅၆-၅၈အတွင်းဖြစ်နိုင်သည်။ ဤနှစ်ကာလမှာ ဓမ္မသစ်ကျမ်းတစ်ကျမ်းအားရေးသားချိန်အဖြစ်အတိအကျသတ်မှတ်နိုင်သောနှစ်ကာလဖြ စ်သည်။ ၎င်းကိုတမန်တော် ၂၀း၂ နှင့် ရောမ၁၅း၁၇တို့အား နှိုင်းယှဉ်ရာမှ ရရှိခြင်းဖြစ်သည်။ ရောမဩဝါဒစာကိုပေါလု၏ တတိယမြောက် သာသနာပြုခရီး အဆုံးပိုင်း၌ ယေရုစလင်မြို့သို့ မထွက်ခွာမီကောရိန္သုမြို့၌ ရေးသားခဲ့ခြင်းဖြစ် ဟန်ရှိပါသည်။

ခ။ ပေါလုရေးသားသောဩဝါဒများ၏ သက္ကရာဇ်စဉ်ပြဇယား။ F.F Bruce နှင့် Murry Harris တို့၏အနည်းငယ်ပြင်ဆင်ရေးသားချက်ကိုယူထားသည်။

| | ဩဝါဒစာ | နှစ်ကာလ | နေရာ | တမန်တော်ဝတ္ထုနှင့် ဆက်စပ်မှု |
|---|---|---|---|---|
| ၁။ | ဂလာတိ | ၄၈ | ဆီးရီးယား/အန္တိအုတ် | ၁၄း၂၈။ ၁၅း၂ |
| ၂။ | ၁သက်သာလောနိ | ၅၀ | ကောရိန္သု | ၁၈း၅ |
| ၃။ | ၂သက်သာလောနိ | ၅၀ | ကောရိန္သု | |
| ၄။ | ၁ကောရိန္သု | ၅၅ | ဧဖက် | ၁၉း၂၀ |
| ၅။ | ၂ကောရိန္သု | ၅၆ | မာကေဒေါနိ | ၂၀း၂ |
| ၆။ | ရောမ | ၅၇ | ကောရိန္သု | ၂၀း၃ |
| ၇-၁၀။ | **အကျဉ်းထောင်မှ ရေးသောစာများ** | | | |
| | ကောလောသဲ | ၆၀ အစောပိုင်း | | |
| | ဧဖက် | ၆၀ အစောပိုင်း ရောမ | | |
| | ဖိလေမုန် | ၆၀ အစောပိုင်း | | |
| | ဖိလိပ္ပိ | ၆၂-၆၃ | | ၂၈း၃၀-၃၁ |
| ၁၁-၁၃။ | **လေးကြိမ်မြောက်သာသနာပြုခရီး** | | | |
| | ၁ တိမောသေ | ၆၃ (ဝါ) နောက်ပိုင်း | မာကေဒေါနိ | |
| | တိတု | ၆၃ (ဝါ) မတိုင်မီ | ဧဖက် (?) | |

**လက်ခံရရှိသူများ**

ရောမမြို့သို့ပို့ရန်ဖြစ်ကြောင်းသြဝါဒစာထဲ၌ဖော်ပြသည်။ ရောမမြို့ အသင်းတော် တည်ထောင်သူ မည်သူဖြစ်ကြောင်းမသိရှိရချေ။

က။ ပင်တေကုတ္တေပွဲတော်နေ့၌ အလည်ရောက်ရှိသူအချို့သည် ပြောင်းလဲမှုရရှိကာ အိမ်ပြန်ရောက်သည့်အခါ အသင်းတော် စတင်ခဲ့ကြခြင်းဖြစ်နိုင်သည်။ (တမန်တော် ၂း၁၀)

ခ။ သတေဖန်သေဆုံးပြီးနောက်ယေရုစလင်မြို့၌ညှင်းပန်းနှိပ်စက်မှုအတွင်း ထွက်ပြေးသွားသောတပြည့်တော်များ ဖြစ်နိုင်သည်။ (တမန်တော် ၈း၄)

ဂ။ ပေါလု၏သာသနာပြုခရီးများ၌ ပြောင်းလဲမှုရရှိခဲ့သော ရောမမြို့သို့ခရီးသွားသူများဖြစ်နိုင်သည်။ ပေါလုသည်ဤအသင်းတော်သို့မသွားရောက်ခဲ့ဘူးသော်လည်း၊ သွားရောက်ရန်တောင့်တသည်။ (တမန်တော် ၁၉း၂၁)။ ထိုမြို့၌သူ့မိတ်ဆွေများစွာရှိသည်။ (ရောမ ၁၆)။

ယေရုရှလင်မြို့သို့ "မေတ္တာလက်ဆောင်" များပေးပို့ပြီးနောက် စပိန်ပြည်သို့ သွားရင်း ရောမမြို့သို့ဝင်ရန် သူစီစဉ်ခဲ့ကြောင်း ထင်ရှားသည် (ရောမ၁၅း၂၈)။ မြေထဲပင်လယ်အရှေ့ပိုင်းဒေသ၌မိမိအမှုတော် လုပ်ငန်းပြီးစီးခဲ့ပြီဟု ပေါလုခံစားရသည်။ နယ်သစ်များသို့ သူခြေဆန့်လိုသည် (ရောမ၁၅း၂၀-၂၁, ၂၈)။ ပေါလု၏စာကိုကောရိန္သုမြို့မှ ရောမမြို့သို့ ပို့ပေးသူမှာ သင်းထောက် အမျိုးသမီးတစ်ယောက်ဖြစ်ပြီး၊ သူမမှာထိုအရပ်သို့ခရီးသွားမည့်သူဖြစ်သည် (ရောမ၁၆း၁)။

ပထမရာစုနှစ်အတွင်း ဂျူးလူမျိုးရွက်ဖျင်တဲချုပ်လုပ်သူတစ်ယောက်က ကောရိန္သုမြို့၏ ချောင်ကျသော လမ်းများ၌ နေကာရေးသားခဲ့သောဤစာသည်အဘယ်ကြောင့်ဤမျှတန်ဘိုးရှိရသနည်း? မာတင်လူသား ကဤစာကို "ဓမ္မသစ်ကျမ်း၌ အဓိကအကျဆုံးသောကျမ်းနှင့် အစင်ကြယ်ဆုံးသော ဧဝံဂေလိသတင်းကောင်း" ဟုခေါ်ဆိုသည်။ ဤကျမ်း၏တန်ဘိုး ကိုဧဝံဂေလိသတင်းကောင်းအား နက်ရှိုင်းစွာရှင်းလင်း ဖော်ပြရာ၌တွေ့ရှိရသည်။ ဤကျမ်းကို တစ်ပါးအမျိုးသားများအတွက် တမန်တော်ဟုခေါ်ဆိုသူ၊ ဂျူးဘာသာဆရာကြီးတဖြစ်လဲ၊ တာရှုမြို့သားရှောလုရေးသားခဲ့ခြင်းဖြစ်သည်။ ပေါလုရေးသားသောစာအများစု မှာဒေသန္တရအရပ်ဒေသတစ်ခုနှင့် အသေးစိတ် သက်ဆိုင်လေ့ရှိသော်လည်း ရောမသြဝါဒစာ၌မူ ထိုသို့မဟုတ်ချေ။ ဤကျမ်းမှာတမန်တော်ကြီး တစ်ပါး၏ ယုံကြည်မှုအားစနစ်တကျ တင်ပြခြင်းဖြစ်သည်။

ယုံကြည်ခြင်းတရားအကြောင်းရှင်းလင်းရေးသားရာ၌ ယနေ့ ခရစ်ယာန်များ အသုံးပြုသည့် နည်းပညာပိုင်းဆိုင်ရာ ဝေါဟာရအများစုဖြစ်သော ဖြောင့်မတ်ရာ၌တည်စေခြင်း (justification)၊ မှတ်ယူခြင်း (imputation)၊ သားအရာပေးခြင်း (adoption)နှင့် သန့်ရှင်းစင်ကြယ်စေခြင်း (sactification) တို့မှာဤရောမသြဝါဒစာမှ ဖြစ်ကြောင်းသတိပြုမိပါသလား? ၄င်းသည် ဂလာတိသြဝါဒစာပါ သမ္မာတရားဆိုင်ရာ ဓမ္မပညာတိုးတတ်ဖြစ်ပေါ်မှုဖြစ်သည်။ ယနေ့ကျွန်တော်တို့၏ ဘဝအသက်တာအတွက် ဘုရားရှင်၏အလိုတော်ကိုအတူတကွစူးစမ်းလေ့လာရာ၌ ဘုရားရှင်သည် ဤသြဝါဒစာအားဖြင့်အံ့သြဖွယ်ရာပြပါမည်အကြောင်းဆုတောင်းပါ။

**ရည်ရွယ်ချက်**

- က။ စပိန်ပြည်သို့သူ၏သာသနာပြုခရီးစဉ်အတွက်ရောမမြို့အသင်းတော်၏အကူအညီတောင်းခြင်း။ ပေါလုသည်မြေထဲပင်လယ်အရှေ့ပိုင်း၌မိမိ၏သာသနာပြုလုပ်ငန်းပြီးစီးသွားခဲ့ပြီဟုမြင်သည်။ (၁၅း၂၀-၂၃,၂၈)။
- ခ။ ရောမမြို့အသင်းတော်အတွင်း ဖြစ်ပေါ်သည့်ယုံကြည်သူဂျူးလူမျိုးများနှင့် ယုံကြည်သူတစ်ပါးအမျိုးသားများအကြားပြဿနာအကြောင်းပြောရန်။ ဤပြဿနာမှာ ဂျူးလူမျိုးများအားလုံး ရောမမြို့မှနှင့် ထုတ်ခံပြီးနောက် သူတို့ပြန်လည်ရောက်ရှိလာရာမှ ဖြစ်ပေါ်ခြင်းဖြစ်နိုင်သည်။ ထိုစဉ်ကဂျူးလူမျိုး ခရစ်ယာန်ခေါင်းဆောင်များနေရာ၌ တပါးအမျိုးသား ခရစ်ယာန် ခေါင်းဆောင်များဖြင့် အစားထိုးထားသည်။
- ဂ။ သူ့ကိုယ်သူရောမ အသင်းတော်နှင့် မိတ်ဆက်ရန်။ ယေရုရှလင်မြို့မှ သဘောထားစင်ကြယ်သည့် ဂျူးလူမျိုးပြောင်းလဲသူများကရော (တမန်တော်၁၅က ယေရုရှလင်ကောင်စီကို ကြည့်ပါ)။ သဘောထား မစင်ကြယ်သည့်ဂျူးများ (ဂလာတိဩဝါဒစာနှင့် ၂ကောရိန္သု ၃၊၁၀-၁၃များ၌တွေ့ရသည့်ဂျူးဘာသာဝင်များ) အပါအဝင် တစ်ပါးအမျိုးသားများ (ကောလောသဲနှင့်ဧဖက်မြို့များမှ) ဖြစ်သည့် ဧဝံဂေလိ သတင်းကောင်းအား မိမိတို့ချစ်မြတ်နိုးသည့်သီအိုရီများ (ဝါ)အတွေးအခေါ် များနှင့် ရောနှောလိုသူများ (ဥပမာ နော့စတစ်ဝါဒီများ) ကပေါလုကို များစွာဆန့်ကျင်ဘက် ပြုကြသည်။
- ဃ။ ပေါလုအားယေရှု၏သွန်သင်မှုများကို အရမ်းကာ ရောဖြည့်စွက်လျက် ကြောက်စရာကောင်းလောက် အောင်အဆန်းထွင် သူအဖြစ်စွပ်စွဲခဲ့ကြသည်။ သူသည်ဓမ္မဟောင်းကျမ်းနှင့် ယေရှု၏သွန်သင်မှုများကို (ခရစ်ဝင်ကျမ်းများ)အသုံးပြုလျက်၊ သူဟောပြောသည့် ဧဝံဂေလိသတင်းကောင်းမည်မျှစစ်မှန်ကြောင်းပြသခြင်းအားဖြင့်မိမိကိုယ်မိမိ ရောမဩဝါဒစာအားဖြင့် စနစ်တကျကာကွယ်ခြင်းဖြစ်သည်။

**အဓိကအကြောင်းအရာများအကျဉ်းချုပ်**

က။ မိတ်ဆက်စကား (၁း၁-၁၇)

- ၁။ နှုတ်ဆက်စကား (၁း၁-၇)
  - ၁။စာရေးသူ (၁-၅)
  - ၂။နောက်ဆုံးပန်းတိုင် (၆-၇က)
  - ၃။နှုတ်ဆက်ခြင်း (၇ ခ)
- ၂။ အချိန်အခါ/အဖြစ်အပျက် (၁း၈-၁၅)
- ၃။ ဦးတည်ချက် (၁း၁၆-၁၇)

ခ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းလိုအပ် (၁း၁၈၊ ၃း၂၀)

- ၁။ တပါးအမျိုးသားများ၏ လောကဆုတ်ယုတ်နေခြင်း (၁း၁၈-၃း၂၀)
- ၂။ ဂျူးများ (ဝါ)တပါးအမျိုးသား သိက္ခာရှင်များသူတော်ကောင်းယောင်ဆောင်နေကြခြင်း(၂း၁-၁၆)
- ၃။ ဂျူးများအား တရားစီရင်ခြင်း (၂း၁၇-၃း၈)
- ၄။ တစ်လောကလုံးအားပြစ်ဒဏ်စီရင်ခြင်း (၃း၉-၂၀)

ဂ။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းဟူသည် အဘယ်နည်း (၃း၂၁-၈း၃၉)

၁။ ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်တ်မှုရရှိခြင်း (၃း၂၁-၃၁)
၂။ ဖြောင့်မတ်ခြင်းတရား၏အခြေခံဘုရားသခင်၏ကတိတော် (၄း၁-၂၅)
(၁)အာဗြဟံ၏မှန်ကန်သောရပ်တည်မှု (၄း၁-၅)
(၂)ʻဒါဝိဒ် (၄း၆-၈)
(၃) အာဗြဟံနှင့် အရေဖျားလှီးခြင်းဆက်စပ်မှု (၄း၉-၁၂)
(၄) အာဗြဟံအတွက် ဘုရားသခင်၏ကတိတော် (၄း၁၃-၂၅)
၃။ ဖြောင့်မတ်ရာသို့ရောက်ခြင်း (၅း၁-၂၁)
(၁) စိတ်ပိုင်းဆိုင်ရာမြင်ကွင်း-မထိုက်တန်သောမေတ္တာတော်၊ မညီမျှသောဝမ်းမြောက်မှု (၅း၁-၅)
(၂) ပင်ပမှုမြင်ရသောအခြေခံ-အံ့ဘွယ်မေတ္တာတော် (၅း၆-၁၁)
(၃) အာဒံသည် ခရစ်တော်အားပုံဆောင်-အာဒံပြစ်မှားခြင်း၊ ဘုရားသခင်၏ ထောက်ပံ့မှု (၅း၁၂-၂၁)
၄။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည်လူပုဂ္ဂိုလ်တစ်ဦးချင်း၌ဖြောင့်မတ်မှုဖြစ်ပေါ်စေရမည် (၆း၁-၇း၂၅)
က။ အပြစ်မှလွတ်မြောက်သည် (၆း၁-၁၄)
(၁) ရည်ရွယ်သောငြင်းခုန်ခြင်းတစ်ခု (၆း၁-၂)
(၂) ရေနှစ်မင်္ဂလာ၏အဓိပ္ပါယ် (၆း၃-၁၄)
ခ။ စာတန်၏ကျေးကျွန် (ဝါ)ဘုရားသခင်၏ ကျေးကျွန်မိမိရွေးချယ်မှု အတိုင်း ဖြစ်သည် (၆း၁၅-၂၃)
ဂ။ လူသည်ပညတ်တော်နှင့် လက်ထပ်ထိမ်းမြား (၇း၁-၆)
ဃ။ ပညတ်တော်သည် ကောင်းသော်လည်း၊ အပြစ်သည် ကောင်းသော အရာကိုဆီးတား (၇း၇-၁၄)
င။ ယုံကြည်သူ၌ အဆိုးနှင့် အကောင်း၏ထာဝရတိုက်ခိုက်မှု (၇း၁၅-၂၅)
၅။ ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် ဆိုင်သောမြင်သာသည့်ရလဒ်များ (၈း၁-၃၉)
(၁) ဝိညာဉ်တော်အထဲကအသက် (၈း၁-၁၇)
(၂) ဖန်ဆင်းခံသတ္တဝါများအား ရွေးနှုတ်ခြင်း (၈း၁၈-၂၅)
(၃) ဝိညာဉ်တော်၏ မပြတ်မလပ်ထောက်မမှု (၈း၂၆-၃၀)
(၄) ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်မှုသည် တရားစီရင်ခြင်းအပေါ်အောင်နိုင်ခြင်း (၈း၃၁-၃၉)
ဃ။ လူသားအားလုံးအတွက်ဘုရားသခင်၏ရည်ရွယ်ချက် (၉း၁-၁၁း၃၂)
၁။ အစ္စရေးလူမျိုးအားရွေးကောက်ခြင်း (၉း၁-၃၃)
(၁) ယုံကြည်ခြင်းတရားအားအမွေခံသူအစစ်များ (၉း၁-၁၃)
(၂) ဘုရားသခင်၏အချုပ်အချာအာဏာ (၉း၁၄-၂၆)
(၃) တလောကလုံးအတွက်ဘုရားရှင်၏အစီအစဉ်၌ တပါးအမျိုးသားများလည်းပါ။(၉း၂၇-၃၃)
၂။ အစ္စရေးလူမျိုးများအားကယ်တင်ခြင်း (၁၀း၁-၂၁)
(၁) ဘုရားသခင်၏ဖြောင့်မတ်ခြင်းနှင့် လူ၏ဖြောင့်မတ်ခြင်းပြိုင်ဘက်ဖြစ် (၁၀း၁-၁၃)

(၂) ဘုရားသခင်၏ဂရုဏာတော်သည်သတင်းပို့မည့်သူများလိုအပ်လာစေသည်။ ကမ္ဘာ့သာသနာပြုလုပ်ငန်းအတွက်ဖိတ်ခေါ်သည် (၁၀း၁၄-၁၈)
(၃) အစ္စရေးများခရစ်တော်ကို မယုံကြည်ပဲဆက်လက်ရှိ (၁၀း၁၉-၂၁)
၃။ အစ္စရေး၏ရှုံးနိမ့်ခြင်း (၁၁း၁-၃၆)
(၁) ဂျူးအကြွင်းအကျန်များ (၁၁း၁-၁၀)
(၂) ဂျူးများ၏ မနာလိုမှု (၁၁း၁၁-၂၄)
(၃) အစ္စရေးခေတ္တမျက်စိကန်းခြင်း (၁၁း၂၅-၃၂)
(၄) ပေါလုထံမှ ပွင့်ထွက်လာသောချီးမွမ်းမှု (၁၁း၃၃-၃၆)
င။ ဖြောင့်မတ်တော်မူခြင်း ဆုကျေးဇူး၏ရလဒ် (၁၂း၁-၁၅း၁၃)
၁။ ဆက်ကပ်ရန်ကမ်းလှမ်းခြင်း (၁၂း၁-၂)
၂။ ဆုကျေးဇူးများအသုံးပြုခြင်း (၁၂း၃-၈)
၃။ ယုံကြည်သူအချင်းချင်းတို့၏ ဆက်ဆံရေး (၁၂း၉-၂၁)
၄။ နိုင်ငံတော်အစိုးရနှင့် ဆက်ဆံရေး (၁၃း၁-၇)
၅။ အိမ်နီးချင်းများနှင့် ဆက်ဆံရေး (၁၃း၈-၁၀)
၆။ ကိုယ်တော်နှင့် ဆက်ဆံရေး (၁၃း၁၁-၁၄)
၇။ အသင်းသူအသင်းများနှင့် ဆက်ဆံရေး (၁၄း၁-၁၂)
၈။ အခြားသူများအပေါ်မိမိတို့၏ အကျိုးသက်ရောက်မှု (၁၂း၁၃-၂၃)
၉။ ခရစ်တော်နှင့် သဏ္ဍာန်တူမှုအားဖြင့် ဆက်ဆံခြင်း (၁၅း၁-၁၃)
စ။ နိဂုံးချုပ် (၁၅း၁၄-၃၃)
၁။ ပေါလုကိုယ်တိုင်၏ အစီအစဉ် (၁၅း၁၂-၂၉)
၂။ ဆုတောင်းပေးရန် မေတ္တာရပ်ခံခြင်း (၁၅း၃၀-၃၃)
ဆ။ ဖြည့်စွက်ချက် (၁၆း၁-၂၇)
၁။ နှုတ်ဆက်စကားများ (၁၆း၁-၂၄)
၂။ ကောင်းချီးပေးခြင်း (၁၆း၂၅-၂၇)

**ဖတ်ရှုခြင်းဖြစ်စဉ်တစ် (စာ လငငင ဦ-ရှု)**

၄င်းမှာအနက်ဖွင့်မှုအတွက် <u>လမ်းညွှန်</u>ခြင်းအားလေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိဟာ မိမိအနက်ဖွင့်ရာ၌ မိမိတွင်တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းစီသည်မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအားအနက်ဖွင့်ခြင်း အလုပ်ကို အနက်ဖွင့် ကျမ်းရေးသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ကျမ်းတစ်ကျမ်းအားတစ်ထိုင်တည်းနှင့်အပြီးဖက်ပါ။

အဆိုပါကျမ်းတစ်ကျမ်းလုံး၏အဓိကဦးတည်ချက်အားမိမိကိုယ်ပိုင်စကားဖြင့်ဖော်ပြပါ။

၁။ ကျမ်းတစ်ခုလုံး၏ ဦးတည်ချက်

၂။ မည်ကဲ့သို့သောစာပေအရေးအသားမျိုးဖြစ်ကြောင်း (genre)

**ဇတ်ရှုခြင်းဖြစ်စဉ်နှစ် (စာ လငငင -ရှု)**

ငှင်းမှာအနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအားလေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိဟာ မိမိအနက်ဖွင့်ရာ၌ မိမိတွင်တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါန အကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်းရေးသူများ အပေါ်၌သာ ပုံချရန် မဟုတ်ချေ။

အဆိုပါကျမ်းကိုပင် တစ်ထိုင်တည်းဖြင့် ဒုတိယအကြိမ်ဖတ်ပါ။ အဓိကအကြောင်းအရာများကို အကျဉ်းရေးကာအဆိုပါအကြောင်းအရာကို ဝါကျတစ်ခုတည်းဖြင့်ဖော်ပြပါ။

၁။ ပထမအုပ်စု၏အကြောင်းအရာ
၂။ ဒုတိယအုပ်စု၏အကြောင်းအရာ
၃။ တတိယအုပ်စု၏အကြောင်းအရာ
၄။ စတုတ္ထအုပ်စု၏အကြောင်းအရာ
၅။ အခြား. . .

# ရောမ ၁

**ခေတ်သစ်ဘာသာပြန်ကျမ်းများအားအပိုင်းလိုက်ခွဲခြင်း**[1]

| UBS[4] | NKJV | NRSV | TEV | NJB |
|---|---|---|---|---|
| နှုတ်ဆက်ခြင်း<br>၁း၁-၇ | နှုတ်ဆက်စကား<br>၁း၁-၇ | နှုတ်ဆက်ခြင်း<br>၁း၁-၆<br><br>၁း၇က<br>၁း၇ ခ | နှုတ်ဆက်ခြင်း<br>၁း၁<br>၁း၂-၆<br><br>၁း၇က<br>၁း၇ ခ | မိန့်ဆိုခြင်း ၁း၁-၂<br><br><br>၁း၃-၇ |
| ရောမမြို့သို့<br>ပေါလုသွားလို<br>၁း၈-၁၅ | ကျေးဇူးတော်<br>ပေါလုသွားလို<br>၁း၈-၁၅ | ကျေးဇူးတော်ချီး<br>မွမ်း ခြင်း<br><br>၁း၈-၁၅ | ချီးမွမ်းခြင်း သော<br>ဆုတောင်းခြင်း<br>၁း၈-၁၂ ၁း၁၃-<br>၁၅ | ကျေးဇူးတော်ချီးမွမ်း<br>နှင့်ဆုတောင်းခြင်း<br>၁း၈-၁၅ |
| ဧဝံဂေလိတရား<br>၏တန်ခိုး<br>၁း၁၆-၁၇ | ဖြောင့်မတ်သူသ<br>ည်<br>ယုံကြည်ခြင်းဖြင့်<br>အသက်ရှင်<br>၁း၁၆-၁၇ | ကျမ်း၏ဦးတည်ချ<br>က် ပြခြင်း<br>၁း၁၆-၁၇ | ဧဝံဂေလိတရား<br>၏တန်ခိုး<br><br>၁း၁၆-၁၇ | ဧဝံဂေလိတရား၏<br>ဦးတည်ချက်အားဖော်<br>၁း၁၆-၁၇ |

---

[1] စာပိုဒ်များသည်ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏
ရည်ရွယ်ချက်အား လိုက်နာရန် သော့ချက်ဖြစ်သည်။ ခေတ်သစ်ဘာသာပြန် ကျမ်းတစ်ခုစီသည် အခန်းကြီးတစ်ခုကို အပိုင်းခွဲကာအကျဉ်းချုပ်ကြသည်။ စာပိုဒ်တစ်ခုစီ၌ အဓိကခေါင်းစဉ် တစ်ခုသမ္မာတရား (ဝါ) အတွေးအခေါ် တစ်ခုစီရှိသည်။ ဘာသာပြန်ကျမ်းတစ်ခုစီသည် အဆိုပါ ခေါင်းစဉ်ကို မိမိနည်း မိမိဟန်ဖြင့် အကျဉ်းချုပ်ကြသည်။ အကြောင်းအရာကို ဖတ်ရင်းအဆိုပါ အကြောင်းအရာနှင့် အခန်းငယ် ပိုင်းခြားမှုများအား မိမိနားလည်သဘောပေါက်ပုံသည် မည်သည့် ဘာသာပြန်ကျမ်းနှင့် ကိုက်ညီကြောင်း စဉ်းစားပါ။

အခန်းကြီးတစ်ခုတိုင်းအား သမ္မာကျမ်းစာ၌ပထမဦးစွာဖတ်ရှုကာ ၎င်း၌ပါဝင်သည့် အကြောင်းအရာများ (စာပိုဒ်များ) ကိုခွဲခြား သတ်မှတ်နိုင်ရန်ကြိုးစားပါ။ ပြီးနောက် မိမိနားလည်ရပုံအားခေတ်သစ်ဘာသာပြန်ကျမ်းများနှင့် နှိုင်းယှဉ်ပါ။ မူလကျမ်းပြုသူ၏ ရည်ရွယ်ချက်အားသူ၏အတွေးအခေါ်နှင့် တင်ပြပုံအတိုင်း နားလည်သဘောပေါက်နိုင်မှသာ သမ္မာကျမ်းစာကိုနားလည် သဘောပေါက်နိုင်ပါသည်။ မူရင်းကျမ်းပြုသူသာလျှင် ဝိညာဉ်တော် မှုတ်သွင်းခြင်းဖြစ်ကာ စာရှုသူများ၌ မူရင်းကျမ်းပြုသူပြောသည့်အရာအား ပြောင်းလဲရန် (ဝါ) ဆီလျှော်အောင်ပြင်ဆင်ပိုင်ခွင့်မရှိချေ။ သမ္မာကျမ်းစာဖတ်ရှုသူများ၏တာဝန်မှာဝိညာဉ်တော်မှုတ်သွင်းထားသော သမ္မာတရားအားမိမိတို့ဘဝအသက်တာ၌ လက်တွေ့အသုံးချရန်ဖြစ်သည်။

**ဝေါဟာရများနှင့် အတိုကောက်စာလုံးများကို နောက်ဆက်တွဲတစ်၊ နှစ် နှင့် သုံးတို့၌ ပြည့်စုံစွာရှင်းလင်းထားပါသည်။**

| | | | | |
|---|---|---|---|---|
| လူသား၌အပြစ်ရှိခြင်း<br>၁း၁၈-၂၃<br><br><br><br><br>၁း၂၄-၃၂ | မဖြောင့်မတ်သူများအပေါ်အမျက်တော် ၁း၁၈-၃၂ | အပြစ်အားဘုရားရှင်တရားစီရင်ခြင်း<br>၁း၁၈-၂၃<br>၁း၂၄-၂၅<br>၁း၂၆-၂၇<br>၁း၂၈-၃၂ | လူသား၌အပြစ်ရှိခြင်း<br>၁း၁၈-၂၃<br><br>၁း၂၄-၂၅<br>၁း၂၆-၂၇<br>၁း၂၈-၃၂ | တပါးအမျိုးသားများအားဘုရားရှင်ပြန်လည်ပေးဆပ်ခြင်း<br>၁း၁၈-၂၃<br>၁း၂၄-၂၅<br>၁း၂၆-၂၇<br>၁း၂၈-၃၂ |

**ဇတ်ရှုခြင်းဖြစ်စဉ်သုံး (စာ လငငင -ရှု)**

ငှင်းမှာအနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအားလေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအားမိမိဟာ မိမိအနက်ဖွင့်ရာ၌ မိမိတွင်တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါန အကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်းရေးသူများ အပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ထိုအခန်းကြီးကိုတစ်ထိုင်တည်းနှင့်ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ဖော်ပြပါ။ မိမိ၏ အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များသည် ဝိညာဉ်တော်မှုတ်သွင်းခြင်း မဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ ရည်ရွယ်ချက် အားနားလည်ရန် သော့ချက်ဖြစ်သည်။ ငှင်းမှာအနက်ဖွင့်ခြင်း၏ အဓိက မဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာ တစ်ခုဖြစ်ပြီး၊ စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်
၂။ ဒုတိယစာပိုဒ်
၃။ တတိယစာပိုဒ်
၄။ အခြား . . .

**စကားအဆက်အစပ်ကိုကြည့်၍ နားလည်နိုင်ခြင်း (Contextual Insights)**

က။ အငယ် ၁-၇ သည်အဖွင့်စကား ဖြစ်သည်။ ငှင်းမှာပေါလုရေးသောစာများအနက် အရှည်ဆုံးသော အဖွင့်စကားဖြစ်သည်။ သူသည်မိမိအား လူပုဂ္ဂိုလ်အားဖြင့်မသိခဲ့ရဘဲ၊ သူ့အကြောင်း မကောင်းသတင်းများကြားခဲ့ ကောင်းကြားခဲ့နိုင်သော အသင်းတော်တစ်ပါးအားမိမိကိုယ်မိမိနှင့် သူ့ဓမ္မပညာ အတွေးအခေါ်အား မိတ်ဆက်ရန် အားထုတ်ခြင်းဖြစ်သည်။

ခ။ အငယ် ၈-၁၂ မှာကျေးဇူးတော်ချီးမွမ်းသောအဖွင့်ဆုတောင်းချက်ဖြစ်သည်။ ငှင်းသည် ဂရိလူမျိုးများနှင့် အထူးသဖြင့်ပေါလု၏စာရေးဟန်ဖြစ်သည်။

ဂ။ အငယ် ၁၆-၁၇ သည်ကျမ်း၏အဓိကအကြောင်းအရာဖြစ်သည်။

ဃ။ အငယ်၁၈ မှ ၃း၂၀ သည် ပထမအုပ်စုနှင့် ပေါလုဟောသော ဧဝံဂေလိတရား၏ ပထမအချက်ဖြစ်သည်။ လူသားအားလုံး(အုပ်စု၃-မျိုး) ယိုယွင်းပျက်စီးသဖြင့် ကယ်တင်ရန် လိုအပ်သည် (ကမ္ဘာ၃)။

၁။ အကျင့်သီလကင်းသော သာသနာပလူများ

၂။ အကျင့်သီလရှိသော သာသနာပလူများ

၃။ ဂျူးများ

င။ ရောမ ၁း၁၈-၃း၂၀ သည် ကမ္ဘာဦးကျမ်းအခန်းကြီး ၃ကိုရောင်ပြန်ဟပ်သည်။ (ဂျူးကျမ်းတတ်ဆရာကြီးများသည်လူ၏ ဗီဇအပြစ်အဖြစ်ကမ္ဘာဦးကျမ်းအခန်းကြီး၆ ကို ထူးဆန်းစွာ အာရုံပြုကြသည်။ လူသားကိုဘုရားသခင်နှင့်မိတ်သဟာယပြုရန်သဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းသည် (ကမ္ဘာဦးကျမ်း၁း၂၆-၂၇)။သို့သော် လူသားသည်အသိဉာဏ်၊ တန်ခိုးနှင့် လွတ်လပ်မှုကို ရွေးချယ်ခဲ့သည်။

အမှန်မှာလူသားတို့သည်ဘုရားသခင်၏ချီးမြှောက်မှုအားမိမိကိုယ်မိမိချီးမြှောက်မှုအားဖြင့် အစားထိုး လဲလှယ်ခဲ့ကြသည်။ (ဘုရားမဲ့လူသားဝါဒ)

ဤအဆုံးအဖြတ်ပေးခြင်းကိုဘုရားသခင်ခွင့်ပြုသည်။ ဘုရားသခင်၏ သဏ္ဍာန်ဖြစ်ခြင်းဆိုသည်မှာ တာဝန်ရှိခြင်း၊ ကိုယ့်ကျင့် တရားအရ တာဝန်ရှိခြင်း၏အကျိုးဆက်များနှင့် ပတ်သက်၍ မိမိ၏ စိတ်စေတနာ အလျှောက်လွတ်လပ်ခြင်း ဖြစ်သည်။ဘုရားသခင်သည် လူသားများအား မိမိ၏ ရွေးချယ်မှု၊သူတို့၏ ရွေးချယ်မှုနှစ်ခုစလုံးအားဖြင့် သီးခြားခဲ့သည်။ (နှစ်ဦးနှစ်ဖက် ပဋိညာဉ်တရားအားဖြင့် ဆက်ဆံခြင်း) ကိုယ်တော်သည် သူတို့အားမိမိတို့၏ အတ္တနှင့်၄င်း၏ နောက်ဆက်တွဲများအားလုံးနှင့် အတူရွေးချယ်ပိုင်ခွင့် ပေးသည်။

ဘုရားသခင်သည် စိတ်နာသွားခဲ့သော်လည်း (ကမ္ဘာဦး၆း၅-၇) လူသားတို့မှာ မူလုပ်ပိုင်ခွင့် အပြည့်အဝနှင့် ၄င်းကြောင့် ဖြစ်လာသောတာဝန်ရှိခြင်း အလုံးစုံဖြင့် ကိုယ်ကျင့်တရား လွပ်လပ်သူများ ဖြစ်ကြသည်။ “အပ်လိုက်တော်မူသည်နှင့်အညီ” ဆိုသည့်စကားစုအား ထပ်ခါတလဲလဲဖော်ပြခြင်းသည် (၁း၂၄၊၂၆၊၂၈) အဆိုပါလွတ်လပ်မှု အားအသိအမှတ် ပြုခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ တမင်သက်သက်ငြင်းဆန်ခြင်းမဟုတ်ချေ။ ၄င်းမှာဘုရားသခင်၏ ရွေးချယ်မှုမဟုတ်။ ဤကမ္ဘာမှာဘုရားသခင်ရည်ရွယ်ထားသည့် ကမ္ဘာမျိုး<u>မဟုတ်</u>ချေ။ (ကမ္ဘာဦး ၃း၂၂။ ၆း၅-၇၊၁၁-၁၃)

စ။ ၁း၁၈-၃း၂၀၏ ဓမ္မပညာအားဖြင့် အကျဉ်းချုပ်ကို ၃း၂၁-၃၁၌ တွေ့ရသည်။ ၄င်းမှာ လူသားအားလုံး အပြစ်ပြုခဲ့ကြပြီ ဘုရားသခင်၏ အပြစ်လွတ်ခြင်း လိုအပ်သည်ဟူသော ဧဝံဂေလိ သတင်းကောင်းနှင့် ပထမဦးဆုံးသော ဓမ္မပညာဆိုင်ရာ အချက်ဖြစ်သည်။ ဘုရားသခင်သည် ပြန်လည်၍မိတ်သဟာယဖြစ်နိုင်ရန် လမ်းကြောင်းတစ်ခုအား ကရုဏာသက်စွာဖြင့် ပြင်ဆင်ပေးထားသည်။ (ဒေင်ဉယျာဉ် အတွေ့အကြုံအား ကမ္ဘာဦး ၁-၂ နှင့် ဗျာဒိတ် ၂၀-၂၂ တို့ဖြင့်နှိုင်းယှဉ်ခြင်း)။

ဆ။ ဧဝံဂေလိ သတင်းကောင်းအား ပေါလုတင်ပြချက်ဖြစ်သည့် ဤပထမအုပ်စု၌စိတ်ဝင်စားစရာမှာ အပြစ်ထဲကျဆင်းသော လူသားအားမိမိတို့၏ပုန်ကန်မှုနှင့် အပြစ်အတွက်တာဝန်ရှိရာတွင်စာတန် (ဝါ) နတ်ဆိုး၊ ဝိဉာဉ်ဆိုးများအားထည့်သွင်းဖော်ပြခြင်းမရှိမှုဖြစ်သည်။ (ရောမ၁း၁၈-၃း၂၀)။ ဤအပိုင်းသည်ကမ္ဘာဦးကျမ်းအခန်းကြီး ၃ ကိုရောင်ပြန်ဟပ်သည် မှန်သော်လည်း အပြစ်ပြုရန် သွေးဆောင်သူ ပုဂ္ဂိုလ်အဖြစ် တစ်စုံတစ်ရာအားဖော်ပြမှုမရှိခြင်းဖြစ်သည်။ ဘုရားသခင်သည်

အပြစ်လုပ်သောလူသားအားစာတန်ကိုသော်လည်းကောင်း (ကမ္ဘာဦး ၃း၁၃)၊ မိမိဘုရားသခင်ကိုသော်လည်းကောင်း (ကမ္ဘာဦး၃း၁၂)၊ နောက်တဖန်အပြစ်တင်ခွင့်မပြုတော့ချေ။ လူသားကိုဘုရားသခင်၏သဏ္ဍာန်တော်နှင့် အညီဖန်ဆင်းခြင်းဖြစ်သည်။ (ကမ္ဘာဦး ၁း၂၆။၅း၁၊ ၃။၉း၆)။ သူတို့၌ရွေးချယ်ရန်အခွင့်အရေး၊ တန်ခိုးနှင့်တာဝန်ရှိပေသည်။ သူတို့၌မိမိတို့ ရွေးချယ်မှုအတွက်အာဒံအထဲ၌တစ်ရပ်လုံးအပေါ်နှင့် မိမိကိုယ်တိုင် ပြုသောအပြစ် အတွက်တစ်ဦးချင်း၌တာဝန်ရှိကြသည်။ (၃း၂၃)။

**စကားလုံးနှင့် စကားစုများအားလေ့လာခြင်း**

**NASB(နောက်ဆုံးပြင်ဆင်သော)ကျမ်း ၁း၁-၆**

**[1]ယေရှုခရစ်၏ ကျွန်ငါပေါလုသည် တမန်တော်တစ်ပါးအဖြစ်ခေါ်ဖိတ်ခံရသူနှင့်၊ ဘုရားသခင်၏ဧဝံဂေလိတရား အတွက် သီးသန့်ခွဲထားခြင်း ခံရသူဖြစ်သည်။ [2]ထိုတရားသည် သန့်ရှင်းသောသမ္မာကျမ်း စာ၌မိမိ၏ပရောဖက်များအားဖြင့် ကတိထားတော်မူသော [3]လူဇာတိအားဖြင့်ဒါဝိဒ်အမျိုးဖြစ်တော်မူထသော [4]သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သေခြင်းမှ ထမြောက်တော်မူသော၊ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း တန်ခိုးတော်အားဖြင့်ထင်ရှားတော်မူ သောမိမိ သားတော်အကြောင်းဖြစ်သတည်း။ [5]ငါတို့သည် ထိုသခင်အားဖြင့် ကျေးဇူးတော်နှင့်တမန်တော်အရာကိုရကြ၏။ [6]၎င်းမှာယေရှုခရစ်တော်၏ ခေါ်ဖိတ်ခံရသူသင်တို့ အပါအဝင်လည်းဖြစ်သော၊ တစ်ပါးအမျိုးသားများအထဲ၌နာမတော်အဘို့အလို့ငှါ၊ယုံကြည်ခြင်းတရားအားနာခံကြစေရန်ဖြစ်၏။**

**၁း၁ "ပေါလု"** ပေါလုခေတ်ကာလ ဂျူးလူမျိုးအများစု၌ နာမည်ပထမပိုင်း၌ဂျူးနာမည်တစ်လုံး၊ ဒုတိယပိုင်း၌ ရောမနာမည် တစ်လုံးဟူ၍နာမည်နှစ်လုံးရှိကြသည်။ (တမန်တော်၁၃း၉)။ ပေါလု၏ဂျူးနာမည်မှာ ရှောလုဖြစ်သည်။ သူသည်ရှေးခေတ်အစ္စရေးဘုရင်ကြီးရှောလုနည်းတူ ဘင်ဂျမင်အနွယ်ဖြစ်သည် (ရောမ၁၁း၁။ ဖိ၃း၅)။ ဂရိပုံစံသူ၏ ရောမနာမည်မှာပေါလု (ပေါလုစ်)ဖြစ်ပြီး "သေးငယ်သည်"ဟုအဓိပ္ပါယ်ရှိသည်။

၎င်းကရည်ညွှန်းနေသည်မှာ-

၁။ ဓမ္မသစ်ကျမ်းထဲ၌ မပါဝင်သော ဒုတိယရာစုနှစ်အတွင်းရေးသားသည့် ပေါလု၏လုပ်ဆောင်မှုများ (*The Acts of Paul*) ခေါ်ကျမ်းတစ်ကျမ်း၏အခန်းကြီးတစ်ခု၌ သက်သာလောနိမြို့အကြောင်းရေးသားရာ၌ "ပေါလုနှင့် သက်(ခ်)လာ Paul and Thekla" ဆိုသောနာမည်နှစ်ခုပါဝင်သည်။

၂။ သူသည်အသင်းတော်ကို ညှင်းပန်းခဲ့သူဖြစ်ခြင်းကြောင့် (၁ကော ၁၅း၉။ ဧဖက်၃း၈။ ၁တိ ၁း၁၅) သန့်ရှင်းသူများအနက် အငယ်ဆုံးအဖြစ်သူ့ကိုယ်သူသိမြင်သည်။

၃။ သူမွေးဘွားစဉ်မိဘများပေးသည့် နာမည် ရွေးချယ်ရန် # ၃ မှာ အကောင်းဆုံးဖြစ်ဟန်ရှိသည်။

- **"ကျေးကျွန်"** NKJV, NRSV, TEVနှင့် JB ဘာသာပြန်ကျမ်းများ၌ "အစေခံ" ဟုသုံးသည်။ ဤအယူအဆ၏ ဖြစ်နိုင်ခြေတို့မှာ

  ၁။ ယေရှုအားသခင်အဖြစ်ဖော်ပြချက်နှင့် ဆန့်ကျင်ဘက်အဖြစ်

  ၂။ ဓမ္မဟောင်းကျမ်းထဲက ဂုဏ်ပြုခြင်းဘွဲ့နာမတစ်ခု (တော၁၂း၇ နှင့် ယော၁း၁ တို့၌မောရှေ၊ ယော၂၄း၂၉၌ယောရှုနှင့် ဆာလံကျမ်းများ(ခေါင်းစဉ်)နှင့် ဟေရှာယ၄၂း၁-၁၉။ ၅၂း၁၃ တို့၌ဒါဝိဒ်အသီးသီးတို့အသုံးပြုခဲ့ကြသည်။

▪

**NASB, TEV, NJB, REB "ခရစ်တော်ယေရှု"**
**NKJV, NRSV "ယေရှုခရစ်တော်"**

"ခရစ်တော်ယေရှု" မှာပို၍အသုံးနည်းသဖြင့် မူရင်းအသုံးအနှုန်းဖြစ်နိုင်ပါသည် (MSS P[10], B)။ UBS[4]သည်၄င်းအား "B" အဖြစ်သတ်မှတ်သည်။ (သေချာသလောက်ဖြစ်သည်)။

မည်သို့ဖြစ်စေအခြားပုံစံတစ်ခု၌ မှန်ကြောင်းသက်သေခိုင်လုံသည်။ (MSS P[26], ℵ, A, D,G နှင့် ကနဦး အသင်းတော်ဖခင်ကြီးအများစုတို့).

နောက်ဆက်တွဲနှစ် ရှိမူရင်းကျမ်းဆိုင်ရာ အကဲဖြတ်မှုအယူအဆများ ခေါင်းစဉ်၌ကြည့်ပါ။ မူရင်းကျမ်းကွဲများ အနက်အများစုတို့မှာ ဤကဲ့သို့ပင် မူရင်းဂရိကျမ်း၏ အခြေခံအဓိပ္ပါယ်ကို မည်သို့မျှ မထိခိုက်ချေ။

▪ **"တမန်တော်အရာ၌ခန့်ထားသော"** ၄င်းမှာသူ၏ရွေးချယ်မှု မဟုတ်ဘဲ ဘုရားသခင်၏ ရွေးချယ်မှုဖြစ်သည်။ (တမန်တော်၉း၁၅။ ဂလာတိ၁း၁၅။ ဧဖက်၃း၇)။ ပေါလုသည် ဤစကားစုအားဖြင့်မိမိ၏ဝိညာဉ်ရေးရာအရည်အချင်းနှင့် အခွင့်အာဏာကိုမိမိမမြင်ခဲ့ဘူးသောအသင်းတော်အား အခိုင်အမာပြောဆိုခြင်းဖြစ်သည်။ သူသည် ၁ကော၁း၁။ ၂ကော၁း၁။ ဂလာတိ ၁း၁။ ဧဖက်၁း၁။ ကော၁း၁။ ၁တိ၁း၁။ တိ၁း၁ တို့၌လည်း အလားတူပြုသည်။ အင်္ဂလိပ်ကျမ်းစာတွင် ၁း၆ ၌ပါသည့် - ခေါ်ခြင်းခံရသော- - ယခုနိ စကားလုံးအား အထူးအကြောင်းအရာ၌ကြည့်ပါ။

Koine ဝေါဟာရတမန်တော် - apostle သည်ပထမရာစုနှစ်အတွင်းပါလက်စတိုင်း ဂျူးအသိုင်းအဝိုင်း၌ "ကိုယ်စားပြုသူ အဖြစ်ရုံးတော်မှ စေလွှတ်ခြင်းခံရသူ"ဟုအဓိပ္ပါယ်ရှိသည်။ (၂ရာ၁၇း၇-၉)။ ဤဝေါဟာရကိုဓမ္မသစ်ကျမ်း၌အဓိပ္ပါယ်နှစ်မျိုးဖြင့်သုံးသည်။ (၁) အထူး တပြည့်တော်တစ်ဆယ်နှစ်ဦးနှင့် ပေါလု (၂) အသင်းတော်၌ ဆက်လက်ရှိနေသောဝိညာဉ်ဆုကျေးဇူးတစ်မျိုး (၁ကော၁၂း၂၈-၂၉။ ဧဖက်၄း၁၁)။

**အထူးအကြောင်းအရာ။ / စေလွှတ်သည် (*APOSTELLŌ*)**

**၄င်းမှာအများသုံးဂရိစကား "စေလွှတ်သည်" (*apostellō*) ဖြစ်သည်။ဤဝေါဟာရ၌ဓမ္မပညာဆိုင်ရာသုံးနှုန်းပုံအမျိုးမျိုးရှိသည်။**

**၁။ ဂျူးဆရာကြီးများသည် ဤစကားလုံးကိုအခြားလူတစ်ယောက်အားရုံးတော်ဆိုင်ရာကိုယ်စားပြုသူအဖြစ် ခေါ်ဖိတ်ကာ၊ စေလွှတ်ခြင်းခံရသူအဖြစ်အသုံးပြုသည်။ အင်္ဂလိပ်စကားလုံး "ambassdor' သံတမန်နှင့် အလားတူဖြစ်သည်။ (၂ကော၅း၂၀)**

| |
|---|
| ၂။ ခရစ်ဝင်ကျမ်းများ၌ ဤဝေါဟာရကို ခမည်းတော်ကစေလွှတ်သောယေရှုအဖြစ်သုံးလေ့ရှိသည်။ ယောဟန်ခရစ်ဝင်ကျမ်း၌ ဤဝေါဟာရကိုမေရှိယနှင့် ဆိုင်၍ထပ်ခါတလဲလဲသုံးသည်။ (မဿဲ၁၀း၄၀။ ၁၅း၂၄။ မာကု၉း၃၇။ လုကာ၉း၄၈နှင့် အထူးသဖြင့် ယောဟန်၄း၃၄။ ၅း၂၄၊ ၃၀၊၃၆၊ ၃၇၊ ၃၈း၆း၂၉၊ ၃၈။ ၃၉၊ ၄၀၊ ၅၇။ ၇း၂၉။ ၈း၄၂။ ၁၀း၃၆။ ၁၁း၄၂။ ၁၇း၃၊ ၈၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅။ ၂၀း၂၁)။ ၄င်းကိုယေရှုကယုံကြည်သူများ အားစေလွှတ်ခြင်း၌သုံးသည်။ (ယောဟန်၁၇း၁၈။ ၂၀း၂၁)။ |
| ၃။ ဓမ္မသစ်ကျမ်းသည်၄င်းကိုတပြည့်တော်များ၌သုံးသည်။ |
| က။ မူရင်းအတွင်းလူတစ်ဆယ့်နှစ်ယောက်ဖြစ်သောတပြည့်တော်များ(လုကာ၆း၁၃၊တမန်တော်၁း၂၁၂၂)။ |
| ခ။ တမန်တော်များ၏အကူများနှင့် လုပ်ဘော်ဆောင်ဘက်များဖြစ်သောအထူးအုပ်စုတစ်ခု |
| (၁) ဗာနဗ (တမန်တော်၁၄း၄၊၁၄)။ |
| (၂) အန္ဒြောနိတ်နှင့် ယုနိ (KJV, Junia,ရောမ၁၆း၇) |
| (၃) အာပေါလု (၁ကော၄း၆–၉) |
| (၄) သခင်ဘုရား၏ညီယာကုပ် (ဂလာတိ၁း၁၉) |
| (၅) သိလွာနု နှင့် တိမောသေ (၁သက်၁း၁) |
| (၆) တိတုလည်းဖြစ်နိုင်သည်။ (၂ကော၈း၂၃) |
| (၇) ပေဖြောဒိတ်လည်းဖြစ်နိုင်သည်။ (ဖိ၂း၂၅) |
| ဂ။ အသင်းတော်၌ဆက်လက်သောဝိညာဉ်ဆုကျေးဇူးတစ်မျိုး (၁ကော၁၂း၂၈–၂၉။ ဧဖက်၄း၁၁)။ |
| ၄။ ခရစ်တော်ကိုကိုယ်စားပြုသူအဖြစ်ဘုရားသခင်ပေးသည့်မိမိ၏အခွင့်အာဏာကို အခိုင်အမာပြုခြင်း နည်းလမ်းတစ်ခု အဖြစ်ပေါလုသည် မိမိရေးသားသော စာအများစုတို့၌ ဤဘွဲ့နာမကိုမိမိ၌သုံးလေ့ရှိသည်။ (ရောမ၁း၁။၁ကော၁း၁။ ၂ကော၁း၁။ ဂလာတိ၁း၁။ ဧဖက်၁း၁။ ကော၁း၁။ ၁တိ၁း၁။ ၂တိ၁း၁။ တိတု၁း၁)။ |

■

**"ရွေးချယ်ခွဲထား၍** - set apart "၄င်းမှာအပြုခံကြိယာ (PERFECT PASSIVE PARTICIPLE) ဖြစ်၍ဘုရားသခင်သည် သူ့အားအတိတ်ကာလ၌ပင် ရွေးချယ်ခွဲထားခဲ့ခြင်းဖြစ်ပြီး၊ (ယေရမိ၁း၅ နှင့် ဂလာတိ၁း၁၅) ၄င်းအတိုင်းဆက်လက်ဖြစ်နေသည်ဟုအဓိပ္ပါယ်ရသည်။ အာရမိစကား "ဖာရိရှဲ"စကားလုံး၏စကားလိမ်လည်းဖြစ်နိုင်သည်။
သူတို့မှာဂျူးဘာသာစည်းမျဉ်းစည်းကမ်းများလိုက်နာကျင့်သုံးရန်ရွေးချယ်ခွဲထား (သီးခြားခွဲထား) ခြင်းခံသူများဖြစ်ပြီး (ပေါလုသည်လည်း [ဖိ ၃း၅] ဒမာသက်မြို့သွားရာလမ်းပေါ်၌ယေရှုနှင့် မတွေ့မီကလည်း ဖါရိရှဲတစ်ယောက်ပင်ဖြစ်ခဲ့) သော်လည်း ယခုအခါဧဝံဂေလိတရား အတွက် သီးခြားခွဲထုတ်ခြင်း ခံရသူဖြစ်သည်။

၄င်းစကားလုံးမှာဟေဗြဲစကားလုံး "သန့်ရှင်း" (BDB 872) နှင့် ဆက်စပ်ပြီး "ဘုရားသခင်အသုံးပြုရန် သီးသန့်ခွဲထားသည်" ဟုအဓိပ္ပါယ်ရှိသည် (ထွက်မြောက်၁၉း၆။ ၁ပေ၂း၅)။

သန့်ရှင်းသူများ -saint၊ သန့်ရှင်းစင်ကြယ်စေသည်-sanctify နှင့် သီးသန့်ခွဲထားသည် " set apart" တို့အားလုံးမှာဂရိစကား "သန့်ရှင်း" - holy *(hagios)* မှယူထားခြင်းဖြစ်သည်။

- **"ဘုရားသခင်၏ ဧဝံဂေလိတရားအတွက်"** ဤအပိုင်းနှင့် (အငယ်၅ ၌) ပါသောဂရိဝိဘတ် *eis* သည်ပေါလု အား "ခေါ်ခြင်း" (ငယ် ၁)နှင့် "သီးသန့်ခွဲထားခြင်း" (ငယ် ၁) တို့၏ရည်ရွယ်ချက်ကိုပြသည်။

ဧဝံဂေလိသတင်းကောင်း - gospel မှာ "ကောင်းသော" –good(eu) နှင့် "သတင်း" - message (*angellos*) တို့ပေါင်းစပ်သော စကားလုံးဖြစ်သည်။ ဘုရားသခင်ကတိပြုသည့် မေရှိယအရှင်နှင့် ဆိုင်သော (ငယ်၃-၄) ပဋိညာဉ်တရားသစ်၌ ဖွင့်ပြထားသည့် ဩဝါဒ အားရှင်းလင်းရေးသားရန် ဤဝေါဟာရကိုအသုံးပြုသည်။ (ယေရမိ၃၁း၃၁-၃၄။ ယေဇကျေလ ၃၆း၂၂-၃၂)။ ၄င်းမှာ "သားတော်၏ဧဝံဂေလိတရား" (ငယ် ၂) ဖြစ်သည်။

၄င်းမှာဘုရားသခင်၏ဧဝံဂေလိတရားဖြစ်ပြီး၊ ပေါလု၏ဧဝံဂေလိတရားမဟုတ်ချေ။ (၁၅း၁၆၊ မာကု၁း၁၄။ ၂ကော ၁၁း၇။ ၁သက်၂း၂, ၈၊၉။ ၁ပေ၄း၁၇)။ ပေါလုသည်စတန့်ထွင်သူမဟုတ်။ ဓလေ့ထုံးစံ နှစ်မျိုးရောစပ်သူမဟုတ်ဘဲ၊ မိမိလက်ခံရရှိထားသည့် သမ္မာတရားအား ဟောပြောသူသာလျှင် ဖြစ်သည်။ (တမန်တော် ၉။ ၁ကော၁း၁၈-၂၅)။

**၁း၂ "ရှေးကမိမိပရောဖက်များအားဖြင့် သန့်ရှင်းသောကျမ်းစာ၌ ဂတိထားတော်မူသည်"** ဤဝါကျ၌ပါသောကြိယာ (AORIST MIDDLE (deponent) INDICATIVE)ကို ပေါလု ရေးသောစာများ၌သာသုံးသည်။ (ဤနေရာနှင့် ၂ကော၉း၅၌)။ ဧဝံဂေလိတရားမှာ ဘုရားသခင်သည် နောက်ပိုင်းမှာရရှိလာသောစိတ်ကူးအတွေးမဟုတ်ဘဲ၊ ရည်ရွယ်ချက် ဖြင့်ထာဝရ ကြံစည်သောအရာ ဖြစ်သည်။ (ကမ္ဘာဦး၃း၁၅။ ၁၂း၃။ ထွက်မြောက်၁၉း၅။ ဟေရှာယ၃။ ဆာလံ၁၁၈။ မာကု၁၀း၄၅။ လုကာ၂း၂၂။ တမန်တော်၂း၂၃။ ၃း၁၈။၄း၂၈။ တိတု၁း၂)။ တမန်တော်ဝတ္ထုအထဲ ကနဦး တရားဒေသနာဟောချက်များ၌ (*kerygma*) ယေရှုမှာ ဓမ္မဟောင်းခေတ်၌ပြုခဲ့သောကတိတော်များနှင့် အနာဂတ္တိစကားများ၏ပြီးပြည့်စုံခြင်းအဖြစ်တင်ပြသည်။

ဓမ္မဟောင်းကျမ်းကို ဓမ္မသစ်ကျမ်း၌ဖော်ပြပုံနှစ်မျိုးရှိသည်။

၁။ "ကျမ်းစာလာသည်" (ဝါ) "ကျမ်းစာ" ၂တိ၃း၁၆။ ၂ပေ၃း၁၆။

၂။ ကျမ်းစာ (များ)

ပရောဖက်များနှင့် ဆိုင်၍လည်း၄င်းကို ညွှန်းဆိုလေ့ရှိသည်။ ကျမ်းစာရေးသားသူများမှာ ပရောဖက်များပင်ဖြစ် သည်ဟု ဂျူးများမှတ်ယူထားကြသည်။

၁။ "ပညတ္တိကျမ်း (ဝါ) အနာဂတ္တိကျမ်း" မဿ`၅း၁၇-၁၈။လုကာ၂၄း၄၄ ကိုလည်းကြည့်ပါ။

၂။ "ပရောဖက်စကား" လုကာ၂၄း၂၇

၃။ "ပရောဖက်တို့၏ကျမ်းစာများ" မဿဲ၂၆း၅၆

၄။ "အနာဂတ္တိကျမ်းစာများ" ရောမ၁၆း၂၆ (ရောမ၁း၂ ၌လည်း "ပရောဖက်များ" ဟူ၍ပါရှိသည်။)

၅။ "ကျမ်းစာ၏အနာဂတ္တိစကား" ၂ပေ ၁း၂၀ "သန့်ရှင်း" ဟူသော နာမဝိသေနကို နှစ်နေရာ၌ တွဲထားသည်။

၁။ "သန့်ရှင်းသောကျမ်းစာ - Holy Scripture" ("ပရောဖက်များ၏" ဆိုသည့်စကားလုံးလည်းပါ သည်) ရောမ၁း၂။

၂။ "သန့်ရှင်းသောကျမ်းစာ – sacred writings" ၂တိ၃း၁၅

**အထူးအကြောင်းအရာ။ ။ ကနဦးအသင်းတော်၏အစီအမံ**

**က။** ဓမ္မဟောင်းကျမ်း၌ဘုရားသခင်ပေးသောကတိတော်များသည် မေရှိယယေရှုကြွလာခြင်းဖြင့်ယခုပြည့်စုံလာခဲ့ပြီ။ (တမန်တော်၂း၃၀။ ၃း၁၉၊၂၄။ ၁၀း၄၃။ ၂၆း၆–၇၊၂၂။ ရောမ၁း၂–၄။ ၁တိ၃း၁၆။ ဟေဗြဲ၁း၁–၂။ ၁ပေ၁း၁၀–၁၂။ ၂ပေ၁း၁၈–၁၉။)

**ခ။** ဘုရားသခင်သည်ယေရှုအားရေနှစ်မင်္ဂလာခံချိန်၌ မေရှိယအဖြစ်ဘိသိတ်ပေးခဲ့သည်။ (တမန်၁၀း၃၈)။

**ဂ။** ယေရှုသည်ရေနှစ်မင်္ဂလာခံပြီးနောက် ဂါလိလေနယ်၌ အမှုတော်စတင်သည်။(တမန်၁၀း၃၇)

**ဃ။** သူ၏အမှုတော်မှာကောင်းမှုပြုခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်ဖြင့်အံ့သြဘွယ်ရာများလုပ်ဆောင်ခြင်းဖြစ်သည်။ (မာကု၁၀း၄၅။ တမန်၂း၂၂။ ၁၀း၃၈)

**င။** ဘုရားသခင်၏ထာဝရအကြံအစည်နှင့် အညီမေရှိယမှာလက်ဝါးကပ်တိုင်ပေါ် တင်သတ်ခံရသည်။ (မာကု ၁၀း၄၅။ ယောဟန်၃း၁၆။ တမန်၂း၂၃။ ၃း၁၃–၁၅၊၁၈။ ၄း၁၁။ ၁၀း၃၉။ ၂၆း၂၃။ ရောမ၈း၃၄။ ၁ကော ၁း၁၇–၁၈။ ၁၅း၃။ ဂလာတိ၁း၄။ ဟေဗြဲ၁း၃။ ၁ပေ၁း၂၊၁၉။ ၃း၁၈။ ၁ယော၄း၁၀)။

**စ။** သူသည်သေခြင်းမှ ပြန်ရှင်ထမြောက်ကာ၊ သူ့တပြည့်တော်များထံပေါ်လာသည်။ (တမန်၂း၂၄၊၃၁–၃၂။ ၃း၁၅၊၂၆။ ၁၀း၄၀–၄၁။ ၁၇း၃၁။ ၂၆း၂၃။ ရောမ၈း၃၄။ ၁၀း၉။ ၁ကော၁၅း၄–၇၊ ၁၂။ ၁သက်၁း၁၀။ ၁တိ၃း၁၆။ ၁ပေ၁း၂။ ၃း၁၈၊၂၁။

**ဆ။** ဘုရားသခင်သည်ယေရှုကို "အရှင်သခင်" – Lord ဟူသောနာမတော်ကိုပေးကာချီးမြှောက်သည်။ (တမန်၂း၂၅–၂၉၊ ၃၃–၃၆။ ၃း၁၃။ ၁၀း၃၆။ ရောမ၈း၃၄။ ၁၀း၉။ ၁တိ၃း၁၆။ ဟေဗြဲ၁း၃။ ၁ပေ၃း၂၂။

**ဇ။** ဘုရားသခင်၏လူ့အဖွဲ့အစည်းသစ်အား ဖွဲ့စည်းထူထောင်ရန်သူသည် သန့်ရှင်းသောဝိညာဉ်တော်ပေး သည်။ (တမန်၁း၈။ ၂း၁၄–၁၈။ ၃၈–၃၉။ ၁၀း၄၄–၄၇။ ၁ပေ၁း၁၂)

**ဈ။** သူသည်တရားစီရင်ရန်နှင့် အရာခပ်သိမ်းတို့အားနဂိုမူလအနေအထားပြန်ရောက်စေရန်ပြန်လည်ကြွလာဦးမည်။ (တမန်၃း၂၀–၂၁။ ၁၀း၄၂။ ၁၇း၃၁။ ၁ကော၁၅း၂၀–၂၈။ ၁သက်၁း၁၀)

**ည။** ဧဝံဂေလိသတင်း စကားကြားရသူတိုင်း အပြစ်ကိုနောင်တရကာ ရေနှစ်မင်္ဂလာခံကြသည်။ (တမန်၂း၂၁။ ၃၈။ ၃း၁၉။ ၁၀း၄၃၊ ၄၇–၄၈။ ၁၇း၃၀။ ၂၆း၂၀။ ရောမ၁း၁၇။ ၁၀း၉။ ၁ပေ၃း၂၁)။

ဤစီမံချက်သည်ကနဦးအသင်းတော်၏ အရေးကြီးဆုံးဟောပြောသည့်အရာဖြစ်သည်။ ဓမ္မသစ်ကျမ်းရေးသားသူများသည်မိမိတို့၏ဟောပြောမှု၌ မိမိတို့အသားပေးလိုသည့်အခြားအချက်၊ အခြားအပိုင်းများရှိနိုင်ပါသည်။ မာကုခရစ်ဝင်ကျမ်းတစ်ခုလုံးသည်ပေတရု၏ စီမံမှုပုံသဏ္ဍာန်ကိုနီးစပ်စွာလိုက်သည်။ မာကုခရစ်ဝင်ကျမ်းကိုရောမမြို့၌ ပေတရုဟောပြောချက်များကို ခရစ်ဝင်ကျမ်း တစ်ခုအဖြစ်တည်ဆောက်ရေးသာချက်အဖြစ် အစဉ်အလာအားဖြင့်ရှုမြင်ထားကြသည်။ မဿဲနှင့် လုကာနှစ်ခုစလုံးသည်မာကု၏အခြေခံတည်ဆောက်ပုံကိုလိုက်ကြသည်။

**၁း၃**- ဟောရှေ၁း၁။ ဆာလံ၂း၇။ မဿဲ၂း၁၅)။

ဓမ္မဟောင်းကာလ၌ ဘုရားသခင်သည် အစေခံများနှင့် ပရောဖက်များမှတဆင့်စကားပြောသည်။ ယေရှုသည် ဘုရားသခင်၏အစေခံမဟုတ်ချေ။ မိသားစုဝင်ဖြစ်သည်။ (ဟေဗြဲ၁း၁-၂။ ၃း၆။ ၅း၈။ ၇း၂၈)။

အံ့ဩစရာကောင်းသည်မှာ ဤကျမ်းထဲတွင် ဤနေရာ၌သာလျှင် ပေါလုသည်ခရစ်တော်၏ ဆွေစဉ်မျိုးဆက်အကြောင်း အဓိကထားဖော်သည်။ ရောမဩဝါဒစာသည် ဓမ္မပညာအားစနစ်တကျလေ့လာမှု အပြည့်အစုံမဟုတ်ချေ။

**အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏သားတော်**

**ဤသည်မှာ ဓမ္မသစ်ကျမ်း၌ ယေရှု၏အဓိကဘွဲ့နာမတော်များအနက် တစ်ခုဖြစ်သည်။ ၎င်း၌ဘုရားဆိုင်ရာအဓိပ္ပါယ်ပွားဘွဲ့နာမများရှိသည်မှာ သေချာသည်။ ၎င်းအထဲ၌ယေရှုအား "သားတော်" (ဝါ) "ငါ့သား" ဟူ၍လည်းကောင်း၊ ဘုရားသခင်ကိုမူ "ဖခင်" ဟုခေါ်ဆိုခြင်းများပါဝင်သည်။ ၎င်းမှာဓမ္မသစ်ကျမ်း၌ ၁၂၄ကြိမ်ပါသည်။ ယေရှုကမိမိကိုယ်မိမိ "လူသား" အဖြစ်ခေါ်ဆိုခြင်းသည်ပင်လျှင်ဒံယေလ၇း၁၃-၁၄မှဘုရားသခင်၏ဘွဲ့နာမပွားတစ်ခုဖြစ်သည်။**

**ဓမ္မဟောင်းကျမ်း၌ "သား" ဟူသောဘွဲ့နာမသည် အုပ်စုလေးခုအားရည်ညွှန်းခြင်းဖြစ်နိုင်သည်။**

**၁။ ကောင်းကင်တမန်များ (အများကိန်းဖြင့်ဖော်ပြလေ့ရှိသည်။ ကမ္ဘာဦး၆း၂။ ယောဘ၁း၆။ ၂း၁)**

**၂။ အစ္စရေးဘုရင် (၂ဓမ္မ၇း၁၄။ ဆာလံ၂း၇။ ၈၉း၂၆-၂၇)**

**၃။ အစ္စရေးလူမျိုးတစ်ခုလုံးအားခြုံလျက်(ထွက်မြောက်၄း၂၂-၂၃။ တရားဟော၁၄း၁။ ဟောရှေ၁၁း၁။ မာလခိ၂း၁၀)**

**၄။ အစ္စရေးတရားသူကြီးများ (ဆာလံ၈၂း၆)**

**ယေရှုနှင့်ဆက်စပ်သည်မှာနံပါတ်နှစ်အသုံးအနှုန်းမျိုးဖြစ်သည်။ ဤသို့ဖြင့်"ဒါဝိဒ်၏သားတော်" နှင့် "ဘုရားသခင်၏သားတော်" နှစ်ခုစလုံးသည် ၂ဓမ္မ၁၇။ ဆာလံ၂နှင့် ၈၉တို့နှင့်ဆက်စပ်သည်။ ဓမ္မဟောင်းကျမ်း၌မေရှိယနှင့် စပ်လျဉ်း၍ "ဘုရားသခင်၏သားတော်" ဆိုသည့်အသုံးအနှုန်းမရှိချေ။ အနာဂတ်၏ရှင်ဘုရင်အနေဖြင့်အစ္စရေးဆိုင်ရာ "ဘိသိတ်ခံသောရာထူးများ" အနက်တစ်မျိုးအဖြစ်ဖော်ပြမှုတစ်ခုသာလျှင်ချွင်းချက်အဖြစ်ရှိပါသည်။မည်သို့ဖြစ်စေ - Dead Sea Scrolls ခေါ်နောက်ဆုံးတွေ့ရှိသောဓမ္မဟောင်းကျမ်းမူရင်းများ၌မူမေရှိယအားရည်ညွှန်း ခြင်းသဘောသက်ရောက်မှုအားခြုံ၍တွေ့ရသည်။ (တိကျသော အညွှန်းများကို Dictionary of Jesus and the Gospels စာ၊ ၇၇၀၌ကြည့်ပါ)။ ဂျူးများ၏မြုပ်ထားသောကျမ်းပယ်နှစ်ကျမ်းတို့၌လည်း "ဘုရားသခင်၏သားတော်" Gospels စာ၊ ၇၇၀၌ကြည့်ပါ)။ ဂျူးများ၏မြုပ်ထားသောကျမ်းပယ်နှစ်ကျမ်းတို့၌လည်း "ဘုရားသခင်၏သားတော်" ဟူသည်မေရှိယ၏ ဘွဲ့နာမတစ်ခုဖြစ်သည်။ (2 Esdras 7: 28; 13:32, 37, 52; 14:9; II Enoch 105:2)။ ဓမ္မသစ်ကျမ်း၌ ၎င်းသည်ယေရှုအားရည်ညွှန်းကြောင်းနေရာ အတော်များများ၌ကောင်းစွာအကျဉ်းချုံ့ဖော်ပြထားသည်။**

**၁။ ရှေးမဆွကရှိခဲ့ခြင်း (ယောဟန်၁း၁-၁၈)။**

**၂။ အတုအနှိုင်းကင်းသော (အပျိုကညာမှ) ဘွားမြင်ခြင်း(မဿဲ၁း၂၃။ လုကာ၁း၃၁-၃၅)။**

**၃။ ရေနှစ်မင်္ဂလာခံယူခြင်း (မဿဲ၃း၁၇။ မာကု၁း၁၁။ လုကာ၃း၂၂။ ဘုရားသခင်၏ကောင်းကင်က အသံသည ဆာလံ၂ ကမင်းမျိုးနွယ်ဘုရင်ကြီးနှင့် ဟေရှာယ၅၃က ဆင်းရဲဒုက္ခခံသောအစေခံကျွန်တို့ကို ပေါင်းစပ်ပေးသည်။)**

**၄။ စာတန်၏သွေးဆောင်မှုခံခြင်း(မဿဲ၄း၁-၁၁။ မာကု၁း၁၂၊၁၃။ လုကာ၄း၁-၁၃။ မိမိ၏သားတော် အရာအားသံသယဝင်စေရန်(ဝါ) မိမိ၏ရည်ရွယ်ချက်အား လက်ဝါးကပ်တိုင်မဟုတ်သော နည်းလမ်းဖြင့်ပြီးမြောက်စေရန်သွေးဆောင်ခံရသည်။)**

**၅။ လက်သင့်ခံနိုင်ဘွယ်ရာမဟုတ်သောဝန်ခံသူများက သူ၏သားတော်အရာအား အတည်ပြုကြသည်။**

**က။ နက်ဆိုးများ (မာကု၁း၂၃-၂၅။ လုကာ၄း၃၁-၃၇၊၄၁။ မာကု၃း၁၁-၁၂။ ၅း၇)။**

**ခ။ မယုံကြည်သူများ (မဿဲ၂၇း၄၃။ မာကု၁၄း၆၁။ ယောဟန်၁၉း၇)။**

**၆။ သူ့တပည့်တော်များက သူ၏သားအရာအားအတည်ပြုကြသည်။**

**က။ မဿဲ၁၄း၃၃။ ၁၆း၁၆။**

**ခ။ ယောဟန်၁း၃၄၊၄၉။ ၆း၆၉။ ၁၁း၂၇။**

**၇။ သူကိုယ်တိုင်၏အတည်ပြုချက်**

**က။ မဿဲ၁၁း၂၅–၂၇။**

**ခ။ ယောဟန်၁၀း၃၆။**

**၈။ ဘုရားသခင်အား ဖခင်အဖြစ်သိသာစွာတင်စားခေါ်ဝေါ်ခြင်း။**

**က။ ဘုရားသခင်အား"အဗ္ဗ" အဖြစ်ဖော်ပြခြင်း။**

**၁/ မာကု၁၄း၃၆။**

**၂/ ရောမ၈း၁၅။**

**၃/ ဂလာတိ၄း၆။**

**ခ။ မိမိနှင့် ဘုရားရှင်၏တော်စပ်မှုအားရေးသားဖော်ပြရန်ဖခင် (Patēr)စကားလုံးအားထပ်ခါတလဲလဲအသုံးပြုခြင်း။**

**အကျဉ်းချုပ်အားဖြင့် 'ဘုရားသခင်၏သားတော်' ဟူသောဘွဲ့နာမသည်ဓမ္မဟောင်းကျမ်းနှင့် ၎င်း၌ပါရှိသောကတိတော်များအားသိရှိသူများအတွက်ဓမ္မပညာဆိုင်ရာအဓိပ္ပါယ်ကြီးမားစွာရှိသည်။ သို့သော်ဓမ္မသစ်ကျမ်းပြုစုသူများမှာမူအဆိုပါဘွဲ့နာမအားအသုံးပြုရာ၌စိတ်အနှောင့်အယှက်ဖြစ်ခဲ့ကြရသည်။ အကြောင်းမှာတစ်ပါး အမျိုးသား (အစ္စရေးမဟုတ်သောလူမျိုးများ)တို့၏ 'ဘုရားများ'သည်လူမိန်းမများနှင့် စုံဘက်ကာလူ့ဘီလူးကြီးများ (သားများ) မွေးဖွားသည့် မိစ္ဆာဒိဋ္ဌိအယူဝါဒများကြောင့်ဖြစ်သည်။**

- ***ဒါဝိဒ်အမျိုးဖြစ်တော်မူထသော"*** ၎င်းသည် ၂၈မ္မ၇ကပရောဖက်ပြုချက်နှင့် ဆက်စပ်သည်။ မေရှိယသည် ယုဒအမျိုး(ကမ္ဘာဦး၄၉း၄-၁၂။ ဟေရှာယ၆၅း၉) ဒါဝိဒ်မင်းမျိုးနွယ် (ဟေရှာယ၉း၇။ ၁၁း၁၊၁၀။ ယေရမိ၂၃း၅။ ၃၀း၉။ ၃၃း၁၅) မှဖြစ်သည်။ မဿဲခရစ်ဝင်ကျမ်း၌ ယေရှုအားဒါဝိဒ်အမျိုးအဖြစ်အကြိမ် အတော်များများအသိအမှတ်ပြုထားသည် (၁း၆။ ၉း၂၇။ ၁၂း၂၃။ ၁၅း၂၂။ ၂၀း၃၀၊ ၃၁။ ၂၁း၉၊၁၅။ ၂၂း၄၂) ။ ၎င်းသည်ဒါဝိဒ်အမျိုးမှလာသောကယ်တင် သူတစ်ပါးကြွလာရန် မျှော်လင့်ခြင်းကို ထင်ဟပ်စေပါသည်။

  ပေါလုသည်ယေရှုနှင့် ဆိုင်သော ဤအမြင်ကိုအထူးမပြုခြင်းမှာ အံ့သြစရာဖြစ်သည်။ သူသည် ဤအမြင် ကိုဤနေရာနှင့် ၂တိ၂း၈၌သာဖော်ပြပြီး၊ ကနဦးအသင်းတော်၏ယုံကြည်ခြင်းပုံစံတစ်ခုမှ ယူကာဖော်ပြခြင်းဖြစ်နိုင်သည်။ NIDNTTအတွဲ ၃၊ စာ ၆၁၌ခရစ်တော်၏မျိုးရိုးနှင့် ဆိုင်သောယုံကြည်မှု/ဓမ္မသီချင်း/ ဘုရားရှိခိုး စာများအားထင်ဟပ်စေသည့် ဓမ္မသစ်ကျမ်းချက်အတော်များများဖော်ပြထားသည်။ (ဥပမာ ရောမ ၁း၃-၄။ ၈း၃၄။ ၁ကော၁၅း၃-၄။ ဖိ၂း၆-၁၁။ ၁တိ၃း၁၆။ ၂တိ၂း၈။ ၁ပေ၃း၁၈-၁း၃း၁၄)။

- **NASB, NKJV**

  **NRSV** " လူ့ဇာတိအားဖြင့် "

  **TEV** " လူသားအဖြစ်ဖြင့် "

  **NJB** " လူ့သဘာဝအရ"

ငှင်းသည်ယေရှုမှာ လူသားဖြစ်ကြောင်း ပရောဖက်ပြုချက်ပြည့်စုံခြင်းနှင့် ၎င်းအား အတည်ပြုချက်ဖြစ်သည်။ ဤအချက်ကိုပထမရာစုခေတ်အား လွှမ်းခြုံသည့် ဘာသာရေး လောက၌ငြင်းဆိုသည်။ (၁ယော ၁း၁-၄။ ၄း၁-၃)။ ပေါလုသည် "သွေးသား/ဇာတိ" -flesh (*sarx*) ဆိုသောဝေါဟာရကိုအဆိုးဘက်အမြင်ဖြင့်သုံးလေ့မရှိကြောင်း ဤကျမ်းပိုဒ်၌ ရှင်းလင်းစွာဖော်ပြသည်။ (၂း၂၈။ ၉း၃)။ ထိုစကားဖြစ်သည့်သွေးသား/ဇာတိစကားလုံးကိုပေါလုက "ဝိညာဉ်" ၏ဆန့်ကျင်ဘက် အရာအဖြစ်အသုံးပြုလေ့ရှိသည်။ (၆း၁၉။ ၇း၅၊ ၁၈၊၂၅။ ၈း၃-၉၊ ၁၂၊၁၃။ ၁ကော၅း၅။ ၂ကော၁း၁၇။ ၁၁း၁၈။ ဂလာတိ၃း၃။ ၅း၁၃၊ ၁၆၊ ၁၇-၁၉၊၂၄။ ၆း၈။ ဖေက်၂း၃။ ကော၂း၁၁၊၁၃၊၁၈၊၂၃)။

အငယ်၄ နှင့် ယှဉ်တွဲ၍ " *kata* (*according to* )-အားဖြင့်" ဟူသောစကားသုံးသည်။ ယေရှုသည်လူသား (လူ့သွေးသား/ဇာတိအားဖြင့်/အရငယ် -၃) နှင့် ဘုရား (ဝိညာဉ်အားဖြင့်၊ ငယ် - ၄) ဖြစ်သည်။ လူဖြစ်လာခြင်း မှာ အဆုံးဖြတ်ပေးသည့်အရေးကြီးအချက်ဖြစ်သည်။ (၁ယော၄း၁-၃)။ ၎င်းသည် "လူသား" ဟူ သောဘွဲ့နာမမှာ ယေရှုကိုယ်တိုင်ရွေးချယ်ခြင်းဖြစ်သည်ဆိုသည့် သဘောလည်း သက်ရောက်နိုင်သည်။ (လူသား -ဆာလံ၈း၄။ ယေဇ ၂း၁ နှင့် ဘုရား- ဒံယေလ၇း၁၃)။

**အထူးအကြောင်းအရာ။ ။ သွေးသား/ဇာတိ –FLESH (*sarx*)**

**ဤဝေါဟာရကိုဂလာတိသြဝါဒစာနှင့် ၎င်း၏ဓမ္မပညာဆိုင်ရာတိုးတက်ဖြစ်ပေါ်မှုဖြစ်သော ရောမသြဝါဒစာ တို့၌ပေါလုအများဆုံးသုံးသည်။ ၎င်းဝေါဟာရ၏အဓိပ္ပါယ်ပွါးများ အကြောင်းကိုကျမ်းစာဆရာများအမြင်ချင်းမတူချေ။ ၎င်း၌ဝေါဟာရကွဲအဓိပ္ပါယ်များကျယ်ပြန့်စွာရှိကြောင်းသိရှိစေရန် အားထုတ်မှုအဖြစ်အောက်တွင်ဖော်ပြထားပါသည်။ မပါဘဲကျော်သွားမိသောအဓိပ္ပါယ်ကွဲအချို့ရှိနေမှာသေချာပါသည်။**

**က။ လူသား၏ကိုယ်ခန္ဓာ။ ယောဟန်၁း၁၄။ ရောမ၂း၂၈။ ၁ကော၅း၅။ ၇း၂၈။ ၂ကော၄း၁၁။ ၇း၅။၁၂း၇။ ဂလာတိ၁း၁၆။ ၂း၁၆၊၂၀။ ၄း၁၃။ ဖိလိပ္ပိ၁း၂၂။ ကော၁း၂၂၊ ၂၄။ ၂း၅။ ၁တိ၃း၁၆။**

**ခ။ လူသားမှဆင်းသက်သည်။ ယောဟန်၃း၆။ ရောမ၁း၃။ ၄း၁။ ၉း၃၊၅၊၈။ ၁၁း၁၄။ ၁ကော၁၀း၁၈။ ဂလာတိ၄း၂၃၊၂၉။**

**ဂ။ လူသား၏ပုဂ္ဂိုလ်။ ရောမ၃း၂၀။ ၇း၅။ ၈း၇–၈။ ၁ကော၁း၂၉။ ၂ကော၁၀း၃။ ဂလာတိ၂း၁၆။၅း၂၄။**

**ဃ။ လူသားကဲ့သို့စကားပြောခြင်း။ ယော၈း၁၅။ ၁ကော၁း၂၆။ ၂ကော၁း၁၂။ ၅း၁၆။ ၁၀း၂။ ဂလာတိ၆း၁၂။**

**င။ အပြစ်ထဲကျဆင်းခြင်း၏အကျိုးဆက်အဖြစ်လူသားများက ဘုရားသခင်အားရန်လိုခြင်း။ ရောမ၇း၁၄။ ၁၃း ၁၄။ ၁ကော၃း၁၊ ၃။ ဖေက်၂း၃။ ကော၂း၁၈။ ၁ပေ၂း၁၁။ ၁ယော၂း၁၆။**

**NRSV, NIV " ကြေညာသည် " - declared**

**TEV " ပြသသည် " - shown**

**NJB, RSV " ခန့်အပ်သည် " - designated**

**NET " ခန့်ထားသည် " - appointed**

**REB " အများအားသိစေသည် " -proclaimed**

အထက်ပါအသုံးအနှုန်းမှာ အပြုခံ (passive)ကြိယာ- AORIST PASSIVE PARTICLE ဖြစ်သည်။ ဘုရားသခင်သည်ယေရှုအား "ဘုရားသခင်၏သားတော်" အဖြစ်

ခန့်ထားသည်။ ဤသို့ ဆိုခြင်းကြောင့် ဗက်လင်မြို့သည် ယေရှု၏ အစဖြစ်သည်(ဝါ)သူသည် ခမည်းတော် ထက်ပိုမို အဆင့်နိမ့်သည်ဟု မဆိုလိုချေ။ ၈း၁၁ ၏အထူးအကြောင်းအရာ။ သုံးပါတစ်ဆူ၌ကြည့်ပါ။ တတိယစာပိုဒ်ကိုအောက်၌ကြည့်ပါ။

- **"တန်ခိုးနှင့် တကွဘုရားသခင်၏သားတော်ဖြစ်သော"** ဓမ္မသစ်ကျမ်းပြုစုသူများသည်ယေရှုအား "ဘုရားသခင်၏ သားတော်" ဆိုသည့်ဘွဲ့နာမဖြင့်မကြာခဏဖော်ပြလေ့မရှိကြချေ။ (မဿဲ၄း၃)။ ဤသဘောမှာ "အတုအန္ဒိုင်းကင်းသူ၊ တစ်မျိုးတစ်စားတည်း - unique one of kind " (*monogenes* ယောဟန်၁း၁၈။ ၃း၁၆၊ ၁၈။ ၁ယော၄း၉) ဟူသော စကားလုံးအားဖြင့်လုံလောက်နေပြီဖြစ်သည်။ သို့ဖြင့်အဓိပ္ပါယ်မှာ "ဘုရားသခင်၏တစ်ပါးတည်းသော စစ်မှန်သည့် သားတော်ယေရှု" ဟူ၍ဖြစ်သည်။ ၁း၃ ၏အထူးအကြောင်းအရာ၌ကြည့်ပါ။

ဓမ္မသစ်ကျမ်း၌ ခမည်းတော်ဘုရားနှင့် သားတော်ယေရှုဆိုင်ရာ ဓမ္မပညာဆိုင်ရာ ဝင်ရိုးနှစ်မျိုးရှိသည်။

၁။ သူတို့ မှာတန်းတူညီကြသည်။ (ယောဟန်၁း၁။၅း၁၈။ ၁၀း၃၀။ ၁၄း၉။ ၂၀း၂၈။ ၂ကော၄း၄။ ဖိလိပ္ပိ ၂း၆။ ကော၁း၁၅။ ဟေဗြဲ၁း၃) သို့သော်

၂။ သီးခြားပုဂ္ဂိုလ်ဖြစ်ကြသည်။ (မာကု၁၀း၁၈။ ၁၄း၃၆။ ၁၅း၃၄) ဟူ၍ဖြစ်၏။

ပေါလုသည်ကနဦး ကာလခရစ်တော်ဆိုင်ရာ အယူဝါဒအားဖော်ပြခြင်း(ဝါ) ဆာလံ၂း၆၊၇ (ဝါ) ၁၁၀း၁ (တမန်၂း၃၄-၃၆) ၌ဖော်ပြသောထာဝရဘုရား (YHWH) ၏ မေရှိယ ဘုရင်ကြီးအား အရိပ်အမြွက် ဖော်ပြခြင်းဖြစ် နိုင်သည်။ သူသည်ထိုသို့ပြုခြင်းကြောင့် "တန်ခိုးနှင့်တကွ ဘုရားသခင်၏သားတော်ဖြစ်သော" ဆိုသည့်စကားစုအားအလေးအနက်ပြုခြင်းဖြစ်သည်/ (NIDNTTအတွဲ၂၊ စာ ၇၉) ၄င်းသည်သူ၏ ဘွားမြင်ခြင်း (ဝါ)ရေနှစ်မင်္ဂလာ အားစူးစိုက်ခြင်းမဟုတ်ဘဲ၊ ကောင်းကင်သို့ တတ်ခြင်းအားစူးစိုက်သည်။ မည်သို့ဖြစ်စေ Adoptionist Christologies ခေါ် (ခက်ဆစ်အဓိပ္ပါယ် ရှင်းလင်းခြင်း၌ကြည့်ပါ) အယူဝါဒစွဲကိုင်သူ များကမူအထက်ပါကျမ်းပိုဒ်အားမိမိတို့၏ကိုယ်ပိုင်အကြောင်းပြချက်အတွက်အသုံးပြုကြသည်။ ကျမ်းပိုဒ တစ်စုကိုအခြေပြုကာ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းနည်းလမ်းနှင့် သာဆိုရင် တစ်ယောက်ယောက်သည် သမ္မာကျမ်းစာကတစ်ခုခုအား (မိမိကြိုက်ရာ) ပြောသည်ဟုဆိုနိုင်သည်။ (ကျွန်ုပ်၏ **ဝက်ဘ်ဆိုဒ်** www.freedbiblecommentary.org ၌သမ္မာကျမ်းစာနည်းကျအနက်ပြန်ခြင်း ကျွန်ုပ်၏ ပို့ချမှုကို ကြည့်ပါ)။

- **"သေခြင်းမှထမြောက်တော်မူခြင်းအားဖြင့်"** ခမည်းတော်ဘုရားသည် ယေရှု၏ဘဝအသက်တာနှင့် သူဟောသော သတင်းစကားအား သူ့ကိုသေခြင်းမှ ထမြောက်စေခြင်းအားဖြင့် အတည်ပြုခဲ့သည်။ (၄း၂၄။ ၆း၄၊၉ ၈း၁၁။ တမန်၂း၃၁-၃၃)။ ယေရှုသည်ဘုရားသခင်ပင်ဖြစ်ကြောင်းနှင့် (ယောဟန်၁း၁-၁၄။ ကော၁း၁၅-၁၉။ ဖိလိပ္ပိ ၂း၆-၁၁။ ဟေဗြဲ၁း၂-၃) သူ၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း (၄း၂၅။ ၁၀း၉-၁၃။ ၁ကော၁၅)တို့မှာ ခရစ်ယာန်၏အမွှာအူတိုင်ကြီးနှစ်တိုင်ဖြစ်သည်။
- အယူဝါဒများယွင်းသည့် " adoptionism " ဝါဒီများကဘုရားသခင်သည် ယေရှုအားသူ၏ နာခံခြင်း ပုံသက်သေကောင်းထူမှုကြောင့် ဆုချကားချီးမြောက်ခြင်း ဖြစ်သည်ဟူသော အဆိုအတွက် ဤကျမ်းပိုဒ်ကို အသုံးပြုလေ့ရှိ ကြသည်။ အယူလွဲမှားသောသူတို့က ယေရှုသည် အစဉ်ထာဝရဘုရားမဟုတ်ခဲ့ဘဲ (ontologically) ဘုရားသခင်ကသူ့အားသေခြင်းမှ ရှင်ပြန်

ထမြောက်စသေည့်အခါ ဘုရားဖြစ်လာသည်ဟုဆိုကြသည်။ ဤအချက်မမှန်ကြောင်းရှင်းလင်းလှကြောင်းအား ယောဟန် ၁ နှင့် ၁၇ တို့ကဲ့သို့သောကျမ်းပိုဒ်အများအပြား၌ထင်ရှားသော်လည်း ယေရှုရှင် ပြန်ထမြောက်သည့်အခါ အံ့ဩဘွယ်ရာကို သူ၌အပ်နှင်းသည်။ ဘုရားကို မည်ကဲ့သို့ ဆုချီးမြှင့်နိုင်ကြောင်းဖော်ပြရန် ခက်ခဲသော်လည်းထိုအတိုင်းပင်ဖြစ်ပျက်သည်။ ယေရှုသည် ခမည်းတော်နှင့်အတူ ထာဝရဘုန်းတော် ခံစားရသည်မှန်သော်လည်း သူ့အားအပ်နှင်းထားသည့် ရွေးနှုတ်ခြင်းတာဝန်အားပည့်ဝစွာပြီးစီးစေခြင်းအားဖြင့်သူ့ဂုဏ်ဒြပ်မှာတစ်နည်းတစ်ဖုံပိုမိုကြွယ်ဝသွားစေသည်။ နာဇရက်မြို့သားယေရှု၏ဘဝ၊ ပုံသက်သေ၊ သွန်သင်မှုနှင့် ယဇ်ကောင် အဖြစ်အသေခံခြင်းတို့အား အတည်ပြုခြင်း အဖြစ်ခမည်းတော် သည်သူ့ကိုသေခြင်းမှ ထမြောက်စေသည်။ အစဉ်ထာဝရဘုရား၊ လူသားစစ်စစ်၊ စုံလင်ပြည့်ဝသောကယ်တင်ရှင်၊ နိဂိုနေပြန်ဖြစ်စေခြင်းနှင့် ဆုချီးမြှင့်ခံရသူ၊ အတုအနှိုင်းမဲ့သောသားတော်ဖြစ်သည်။ နောက်ဆက်တွဲသုံး- Adoptionism (မွေးစားခြင်းအယူဝါဒ) ကိုကြည့်ပါ။

- **NASB, NKJV " သန့်ရှင်းသောဝိညာဉ်တော်(the Spirit)အားဖြင့်"**

**NKJV** **" သန့်ရှင်းသောဝိညာဉ်တော် (the spirit) အားဖြင့်"**

**TEV** **" ဘုရားဖြစ်၍သန့်ရှင်သဖြင့်"**

**NJB** **" သန့်ရှင်းသောဝိညာဉ်ဖြစ်သည်နှင့် အညီ (**in the order of the spirit, the spirit of holiness)

အချို့ဘာသာပြန်ဆရာများသည်သန့်ရှင်းသောဝိညာဉ်အားဆိုလိုခြင်းအဖြစ် ''S''ကိုစာလုံးကြီးဖြင့်ရေးက၊ စာလုံးသေး "S" ကမူယေရှု၏လူသားဝိညာဉ်ကိုဆိုလိုသည်။ ခမည်းတော် ဘုရားသည် နာမ်ဝိညာဉ်ဖြစ်သည် နည်းတူ ယေရှုလည်းထိုနည်းတူဖြစ်သည်။ ရှေးခေတ်ဟေဗြဲနှင့် ဂရိကျမ်းများ၌ စာလုံးကြီး၊ စာလုံးကြီးမရှိ၊ အခန်းကြီး၊ အခန်းငယ်ခွဲမထားဘဲ၊ ၎င်းတို့အားလုံးမှာ ဘာသာပြန်ဆရာများ၏ အဓိပ္ပါယ်ဖွင့်ဆိုမှု (ဝါ) အစဉ်အလာအဖြစ်ရရှိလာကြခြင်းဖြစ်သည်။

အငယ် ၃ နှင့် ၄င်းအားအမြင်သုံးမျိုးဖြင့် ကြည့်နိုင်သည်။

၁။ ယေရှု၏သဘာဝနှင့် နှစ်မျိုးဖြစ်သည့် လူသားနှင့်ဘုရားအဖြစ်ကို ရည်ညွှန်းခြင်းအဖြစ်

၂။ သူ၏မြေကြီးပေါ် ဘဝအဆင့်နှစ်ခုဖြစ်သည့်လူသားနှင့် ရှင်ပြန်ထမြောက်သူအရှင်အား ရည်ညွှန်းခြင်းအဖြစ်

၃။ "ငါတို့၏အရှင်ယေရှုခရစ်တော်" နှင့် ထပ်တူဖော်ပြမှုအဖြစ်

- **"ယေရှု"** အာရမိနာမည်*ယေရှု (Jesus)* သည်ဟေဗြဲနာမည်*ယောရှု(သျှကစ)*နှင့်တူသည်။ ၎င်းမှာ ဟေဗြဲစကားလုံးများဖြစ်သည့် "YHWH" (ဂျေဟောဝါး)နှင့် "ကယ်တင်ခြင်း"စကား နှစ်လုံးပေါင်းစပ်ခြင်းဖြစ်သည်။ "YHWH ကကယ်တင်သည်" "YHWH က ကယ်ဆယ်သည်" (ဝါ) " YHWH သည် ကယ်တင်ခြင်းဖြစ်သည်" ဟူ၍ အဓိပ္ပါယ်ရှိနိုင်သည်။ အဓိပ္ပါယ်၏ အဓိကအချက်ကို မဿဲ၁း၂၁၊ ၂၅ ၌တွေ့နိုင်သည်။
- **"ခရစ်တော်"** ၎င်းမှာဟေဗြဲဝေါဟာရမေရှိယ - *messiah* (BDB ၆၀၃) အားဂရိလိုဘာသာပြန်ခြင်းဖြစ်ပြီး "ဘိသိတ်ခံသူ" ဟုအဓိပ္ပါယ်ရှိသည်။ ဓမ္မဟောင်းကျမ်း၌ လူအချို့ (ပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့် ရှင်ဘုရင်များ) အားဘုရားသခင်၏ ရွေးချယ်မှုနှင့်

တန်ဆာပလာ တပ်ဆင်မှု၏ အမှတ်လက္ခဏာ အဖြစ်ဆီလိမ်း/လောင်းခြင်းပြုကြသည်။ ယေရှု၌ ဆီးလိမ်းရသည့် ဤရာထူးသုံးမျိုးစလုံးပြည့်စုံသည်။ (ဟေဗြဲ၁း၂-၃)။

ဖြောင့်မတ်ခြင်းခေတ်သစ်ဆီသို့ပို့ဆောင်ပေးမည့်အထူး "ဘိသိက်ခံသူတစ်ဦး" အားဘုရားသခင် စေလွှတ်မည်ဖြစ်ကြောင်းဓမ္မဟောင်းကျမ်း၌ ကြိုတင်ဟောကြားသည်။ ယေရှုသည်ဘုရားသခင်၏အထူး "အစေခံ" "သားတော်" နှင့် "မေရှိယ" ဖြစ်သည်။

**အထူးအကြောင်းအရာ။ ။ မေရှိယ**

ဤအချက်များကို ဒံယေလ ၉း၆ အကြောင်းအကျွန်ုပ်၏အနက်ဖွင့်ခြင်းမှတ်စုမှယူထားခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်အားအနက်ဖွင့်ရာ၌ခက်ခဲစေသည်မှာ မေရှိယ (ဝါ) ဘိသိက်ခံသူဆိုသည့် ဝေါဟာရ၌ဖြစ်နိုင်ချေရှိသော အဓိပ္ပါယ်အမျိုးမျိုးရှိသောကြောင့် ဖြစ်သည်။ (BDB ၆၀၃)

၁။ ဂျူးဘုရင်များနှင့် ဆိုင်၍သုံးသည် (၁ဓမ္မ ၂း၁၀။ ၁၂း၁၃)
၂။ ဂျူးယဇ်ပုရောဟိတ်များနှင့် ဆိုင်၍သုံးသည် (ဝတ်ပြု၄း၃၊၅)
၃။ ကုရုဘုရာနှင့် ဆိုင်၍သုံးသည် (ဟေရှာယ၄၅း၁)
၄။ ဆာလံ၁၁၀ နှင့် ဇာခရိ၄တို့၌ # ၁နှင့် # ၂ တို့တွဲသုံးသည်။
၅။ ဖြောင့်မတ်ခြင်းခေတ်သစ်ထဲပို့ဆောင်လတ့်သောဘုရားသခင်၏ကြွလာဦးမည် ဒါဝိဒ်အနွယ်အထူး ဘုရင်းကြီး
   က။ ယုဒအမျိုး (ကမ္ဘာဦး၄၉း၁၀)
   ခ။ ယေရှဲမိသားစုထဲက (၂ဓမ္မ ၇)
   ဂ။ တစ်ကမ္ဘာလုံး၌စိုးစံ (ဆာလံ၂။ ဟေရှာယ၉း၆။ ၁၁း၁–၅၊ မိက္ခာ ၅း၁–၄)

ကျွန်ုပ်ကိုယ်အနေဖြင့်မှ "ဘိသိတ်ခံသူတစ်ဦး" ဆိုသည်မှာ နာဇရက်မြို့သားယေရှုပင်ဖြစ်သည်ဟုယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော်

၁။ အခန်းကြီး ၂ ၌ဖော်ပြသည့် ထာဝရနိုင်ငံတော်စတင်ခြင်းသည် စတုတ္ထမြောက်အင်ပါယာ အတွင်းဖြစ်သည်။
၂။ အခန်းကြီး ၇း၁၃ ၌ ဖော်ပြသည့် "လူသားတစ်ဦး" အားထာဝရနိုင်ငံတော်တစ်ခုပေးအပ်သည်။
၃။ ရွေးနှုတ်ခြင်းအကြောင်းဖြစ်သော ၉း၂၄ ပါစကားစုသည်ကျဆင်းသောကမ္ဘာ့သမိုင်း၏အဆုံး သတ်ခြင်းအားဖော်ပြသည်။
၄။ ဓမ္မသစ်ကျမ်း၌ယေရှုသည်ဒံယေလအနာဂတ္တိကျမ်းအားအသုံးပြုမှု (မဿဲ၂၄း၁၅။ မာကု ၁၃း ၁၄)။

- **"သခင်/အရှင် -Lord"**ဂျူးဘာသာ၌ ဘုရားသခင်၏ပဋိညာဉ်ခံနာမတော် YHWHသည် သန့်ရှင်းလွန်းသည်ဖြစ်၍ သမ္မာကျမ်းစာဖတ်ရှုသည့်အခါ ဘုရားသခင်၏နာမတော်ကိုအကျိုးမဲ့အကြောင်းမဲ့ခေါ်ရာရောက်ကာ (ထွက်၂၀း၇။ တရားဟော၅း၁၁) ပညတ်တော်တစ်ဆယ်ပါးအနက်တစ်ပါးအားချိုးဖောက်ရာရောက်မည်ကိုစိုးရိမ်ကြ သဖြင့် ဂျူးကျမ်းစာ ဆရာကြီးများသည် "ကိုယ်တော် - Lord *(Adon)*ဟူသောဘွဲ့နာမဖြင့် အစားထိုး ကြသည်။ ဓမ္မသစ်ကျမ်းပြုသူများသည် ဓမ္မပညာဆိုင်ရာစာများ၌ ယေရှုအား "ကိုယ်တော် -Lord" (kurios)

ဟူ၍ခေါ်ကြ သည့်အခါသူ၏ဘုရားဖြစ်ခြင်းအား အတည်ပြုနေကြခြင်းဖြစ်သည်။ (တမန်တော် ၂း၃၆။ ရောမ၁ဝး၉-၁၃။ ဖိလိပ္ပိ ၂း၆-၁၁)။

**အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏နာမတော်များ**

**က။** *El* (BDB 42. KB 48)

**၁. ရှေးဟောင်းဝေါဟာရအမျိုးအစားဆိုင်ရာ ဘုရားဝိနငအပ ၏မူလအနက်အဓိပ္ပါယ်မှာသေချာရှင်းလင်းခြင်းမရှိချေ။ အချို့ပညာရှင်များကမူ ဗုဒ်ငြေ စကား "သန်မာသည် (ဝါ) တန်ခိုးကြီးသည်" မှဆင်းသက်သည်ဟုဆိုကြသည်။ (ကမ္ဘာဦး၁၇း၁။ တောလည်၂၃း၁၉။ တရားဟော၇း၂၁။ ဆာလံ၅ဝး၁)။**

**၂. ခါနန်လူမျိုးများ၏ဘုရားကျောင်းတန်များ၌ အမြင့်ဘုရားမှာ ၎ဖြစ်သည်။** (Ras Shamra **ကျမ်းပိုဒ်များ)**

**၃. သမ္မာကျမ်းစာထဲ၌** *EI* **ကိုတခြားဝေါဟာရများနှင့် မတွဲဖက်ချေ။ အောက်ပါတွဲဖက်မှုများသည်ဘုရားသခင်၏ စရိုက်အားဖော်ပြသည်။**

*၁. EI – Elyon –* **အဲလ် – ဧလီအွန် (အမြင့်ဆုံးသောဘုရား:** BDB 42 &751 II), **ကမ္ဘာဦး ၁၄း၁၈–၂၂။ တရားဟော ၃၂း၈။ ဟေရှာယ ၁၄း၁၄။**

*၂. EI – Roi –* **("မြင့်သောဘုရား" (ဝါ) "သူ့ကိုယ်သူဖွင့်ပြသောဘုရား"** BDB **၄၂** & **၉ဝ၉)၊**

**ကမ္ဘာဦး၁၆း၁၃။**

**၃.** *EI – Shaddai –* **("တန်ခိုးအကြီးဆုံးဘုရား" (ဝါ) "အလုံးစုံသော ဂရုဏာရှင်ဘုရား" (ဝါ) "တောင်ပေါ်ဘုရား"** BDB **၄၂** & **၉၉၄)၊ ကမ္ဘာဦး၁၇း၁။ ၃၅း၁၁။ ၄၃း၁၄။ ၄၉း၂၅။**

**ဇဖက်၆း၃။**

**၄** *EI – Olam –* **(ထာဝရဘုရား"** BDB **၄၂** & **၇၆၁)၊ ကမ္ဘာဦး၂၁း၃၃။ ဤဝေါဟာရသည် ဒါဝိဒ်အားပေးသည့် ဘုရားသခင်၏ ကတိတော်၂ဓမ္မ၇း၁၃၊ ၁၆ နှင့် ဓမ္မပညာသဘောအရဆက်စပ်သည်။**

**၅** *EI – Berit–* **("ပဋိညာဉ်တရား၏ဘုရားသခင်"** BDB **၄၂** & **၁၃၆)၊ တရားသူကြီး၉း၄၆။**

**၄.** *EI* **ကိုအောက်ပါဝေါဟာရများနှင့် တန်းထူထားသည်၊**

**၁.** YHWH **ဆာလံ၈၅း၈။ ဟေရှာယ၄၂း၅။**

**၂.** *Elohim* **ကမ္ဘာဦး၄၆း၃။ ယောဘ၅း၈။ "ငါသည်သင့်ဖခင်၏** *EI* **ဖြစ်သူ** *Elohim* **ဖြစ်သည်။"** (I am *EI,* the *Elohim* of your father)

**၃.** *Shaddai* **ကမ္ဘာဦး၄၉း၂၅။**

**၄. "အပြစ်ရှိသည်ဟုထင်လွယ်သူ"** (jealousy–**သဝန်တိုတတ်သူ)။ ထွက်၃၄း၁၄။ တရားဟော ၄း၂၄။ ၅း၉။ ၆း၁၅။**

**၅. "ဂရုဏာ" တရားဟော၄း၃၁။ နေဟမိ၉း၃၁။**

**၆. "တန်ခိုးကြီး၍ ကြောက်မက်ဘွယ်ဖြစ်သော" တရားဟော၇း၂၁။ ၁ဝး၁၇။ နေဟမိ၁း၅။ ၉း၃၂။ ဒံယေလ၉း၄။**

**၇. သဗ္ဗညုတဉာဏ်တော်ရှင်၊ ၁ဓမ္မ ၂း၃။**

**၈. "ငါ၏ခိုင်ခံ့သောခိုလှုံရာ" ၂ဓမ္မ ၂၂း၃၃။**

**၉. "ငါ့အတွက်ကိုယ်စားချေပေးသူ" ၂ဓမ္မ ၂၂း၄၈။**

**၁ဝ. "သန့်ရှင်းတော်မူသူ" ဟေရှာယ၅း၁၆။**

**၁၁. "တန်ခိုးကြီးတော်မူသူ" ဟေရှာယ၁ဝး၂၁။**

**၁၂. "ကျွန်ုပ်၏ကယ်တင်ခြင်း" ဟေရှာယ၁၂း၂။**

၁၃. "ကြီးမြတ်၍တန်ခိုးတော်နှင့်ပြည့်စုံသူ" ယေရမိ ၂၁း၁၈။
၁၄. "အကျိုးအပြစ်ကိုပေးသူ" ယေရမိ၅၁း၅၆။

၅။ ဓမ္မဟောင်း၌ ရှိဘုရားသခင်၏နာမည်အားလုံး ယောရှု ၂၂း၂၂ ၌တပေါင်းတည်းတွေ့ရသည်။ (*EI, Elohim, YHWH* နှစ်ခါထပ်၍ဖော်ပြသည်။)

ခ။ *Elyon* (BDB 751, KB 832)

၁. ၎င်း၏အခြေခံအဓိပ္ပါယ်မှာ "မြင့်သော" "ချီးမြှောက်ထားသော" (ဝါ) " မြင့်တင်ထား သော" ဟူ၍ဖြစ်သည်။ (ကမ္ဘာဦး၄၀း၁၇။ ၃ဓမ္မ၉း၈။ ၄ဓမ္မ၁၈း၁၇။ နေဟမိ၃း၂၅။ ယေရမိ ၂၀း၃။ ၃၆း၁၀။ ဆာလံ၁၈း၁၃)။

၂. ၎င်းကိုဘုရားသခင်၏အခြားသောဘွဲ့နာမအတော်များများနှင့် အလားတူအသုံးပြုသည်။

၁. *Elohim*- ဆာလံ၄၇း၁-၂။ ၇၃း၁၁။ ၁၀၇း၁၁။
၂. *YHWH* – ကမ္ဘာဦး၁၄း၂၂။ ၂ဓမ္မ ၂၂း၁၄။
၃. *EI - Shaddai* – ဆာလံ၉၁း၁၉။
၄. *EI* – တော ၂၄း၁၆။
၅. *Elah* – ဒံယေလ ၂–၆ နှင့် ဧဇ ၄–၇ တို့၌ ဒံယေလ၃း၂၆။ ၄း၂။ ၅း၁၈၊ ၂၁တို့၌ရှိသည့် *illair* (အာရမိ–ကြီးမြင့်သောဘုရား)နှင့် ဆက်စပ်သုံးလေ့ရှိသည်

၃. အစ္စရေးမဟုတ်သူများအဖြစ်လည်း မကြာခဏသုံးကြသည်။

၁. မေလခိဇေက် — ကမ္ဘာ၁၈း၁၈–၂၂။
၂. ဗာလမ် — တော ၂၄း၁၆။
၃. တရား၃၂း၈ ၌တပါးအမျိုးသားများအားပြောရာ၌ မောရှေအသုံးပြုသည်။
၄. ဓမ္မသစ်ကျမ်း၏လုကာခရစ်ဝင်ကျမ်း၌ တပါးအမျိုးသားများအားစာရေးရာ၌၎င်း နှင့် အဓိပ္ပါယ်တူဂရိစကား *'hypsistos'*အသုံးပြုသည်။ (၁း၃၂၊ ၃၅၊ ၇၆။ ၆း၃၅။ ၈း၂၈။ တမန်၇း၄၈။ ၁၆း၁၇)။

ဂ။ *Elohim* (အများပြကိန်း)*Eloah* (အနည်းပြကိန်း)။ မူလအားဖြင့်ကဗျာအလင်္ကာများ၌သုံးသည်။ (BDD 43, KB 52)။

၁. ဤဝေါဟာရကို ဓမ္မဟောင်းပြင်ပ၌မတွေ့ရချေ။
၂. ဤစကားလုံးသည်အစ္စရေးတို့ဘုရားသခင် (ဝါ) တပါးအမျိုးသားများ၏ဘုရားများအားညွှန်းဆိုနိုင်သည်။ (ထွက်၁၂း၁၂။ ၂၀း၃)။ အာဗြဟံ၏ မိသားစုများသည် နတ်ဘုရားအများကိုးကွယ်သူများဖြစ်သည်။ (ယောရှု၂၄း၂)။
၃. အစ္စရေးတရားသူကြီးများအား ညွှန်းဆိုခြင်းဖြစ်နိုင်သည်။ (ထွက် ၂၁း၆။ ဆာလံ၈၂း၆)။

၄. *Elohim* ဝေါဟာရကို အခြားနာမ်ဝိညာဉ်များ (ကောင်းကင်တမန်များ၊ နတ်ဆိုများ) နှင့် ဆိုင်၍လည်း တရား၃၂း၈ (LXX) ဆာလံ၈း၅။ ယောဘ၁း၆။ ၃၈း၇ တို့မှာကဲ့သို့အသုံးပြုသည်။

၅. သမ္မာကျမ်းစာ၌၎င်းမှာဘုရားသခင်၏ပထမဆုံးဘွဲ့နာမတော်ဖြစ်သည်။ (ကမ္ဘာ၁း၁)။ ၎င်းကို ကမ္ဘာ၂း၄၌ YHWHနှင့်ပူးတွဲမသုံးမီအခြားစကားလုံးနှင့် မရောဘဲသီးသန့်သုံးသည်။ ၎င်းသည် အခြေခံအားဖြင့်/ဓမ္မပညာဆိုင်ရာ အရဘုရားသခင်အားဖန်ဆင်းသူ၊ ထိန်းချုပ်သူနှင့် ဤကမ္ဘာဂြိုလ်ပေါ်သတ္တဝါအားလုံးအားထောက်ပံ့သူအဖြစ်ရည်ညွှန်းသည် (ဆာလံ၁၀၄) ။ ၎င်းသည် *El*နှင့် အဓိပ္ပါယ်ဆင်တူသည် (တရား၃၂း၁၅–၁၉)။ ၎င်းသည် ဆာလံ၁၄ (*Elohim*) မှာကဲ့သို့ နှင့်အလားတူဖြစ်နိုင်သည်။ ဘုရားဘွဲ့နာမများပြောင်းလဲလိုက်ခြင်း ကလွဲလျှင် ၎င်းမှာ ဆာလံ ၅၃ (YHWH) နှင့်အတိအကျတူသည်။

၆. ၎င်းသည်အများပြကိန်းဖြစ်ကာအခြားဘုရားများ၌ သုံးသော်လည်းဤဝေါဟာရသည်အစ္စရေး၏ ဘုရားသခင်အားညွှန်းဆိုလေ့ရှိသည်။ သို့သော် ဘုရားတစ်ဆူတည်းအား ဖော်ညွှန်းရန် အနည်းပြကြိယာသုံးလေ့ရှိသည်။

၇. ဤဝေါဟာရအားဘုရား၏နာမတော်အဖြစ် အစ္စရေးမဟုတ်သူများ၏နှုတ်မှလည်းထွက်လေ့ရှိကြောင်းတွေ့ရသည်။

၁။ မေလခိဇေဒက်။ ကမ္ဘာ၁၄း၁၈–၂၂။

၂။ ဗာလမ်။ တော၂၄း၂။

၃။ တရား ၃၂း၈ ၌တပါးအမျိုးသားများအား ပြောသည့်အခါမောရှေအသုံးပြုသည်။

၇. အစ္စရေးတို့၏တစ်ဆူတည်းသောဘုရားအတွက်နာမည်အများပြကိန်းဖြစ်နေခြင်းမှာထူးဆန်းသည်။ သေချာမဟုတ်သော်လည်းသီအိုရီအချို့ရှိသည်။

၁. ဟေဗြဲတို့၌ အထူးပြုဖော်ပြခြင်းအတွက် အများပြကိန်း အများအပြားအသုံးပြုကြသည်။ ၎င်းသည် နောက်ပိုင်း၌ပေါ်လာသည့် ဟေဗြဲသဒ္ဒါ သဘောတရားတစ်မျိုးဖြစ်သော "ခန့်ညားထယ်ဝါခြင်း၏ အများကိန်းများ" ဆိုသည့်အရာနှင့် များစွာနီးစပ်သည်။ ၎င်းသဘော၌ အများပြကိန်းများကို အယူအဆတစ်ခုအား အကျယ်ချဲ့ရန်၊ ချဲ့ကားဖော်ပြရန် အသုံးပြုသည်။

၂. ၎င်းသည်ကောင်းကင်ဘုံ၌ ဘုရားသခင်ဆင့်ခေါ်သည့် မိမိ၏ဆင့်ဆိုမှုအား လိုက်နာဆောင်ရွက်သော ကောင်းကင်တမန်များ ညီလာခံကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (၃ဓမ္မ၂၂း၁၉–၂၃။ ယောဘ၁း၆။ ဆာလံ၈၂း၁။ ၈၉း၅၊၇)။

၃. ၄င်းသည်ပုဂ္ဂိုလ်သုံးပါးပေါင်းဘုရားတစ်ဆူအကြောင်း ဓမ္မသစ်ကျမ်း၌ဖွင့်ပြမှုကိုထင်ဟပ်ခြင်းဖြစ်နိုင်သည်။ ကမ္ဘာ၁း၁ ဘုရားသခင်ဖန်ဆင်းသည် ကမ္ဘာ၁း၂ ၌ဝိညာဉ်တော်လှုပ်ရှားကာဓမ္မသစ်ကျမ်း၌ယေရှုသည် ခမည်းတော်၏ဖန်ဆင်းခြင်းတန်ဆာပလာဖြစ်သည်။ (ယောဟန်၁း၃၊ ၁၀။ ရောမ၁၁း၃၆။ ၁ကော၈း၆။ ကော၁း၁၅။ ဟေဗြဲ၁း၂။ ၂း၁၀)။

ဃ။ YHWH (BDB 217, KB 394)

၁။ ၄င်းမှာဘုရားသခင်အားပဋိညာဉ်တရားပြုသူ၊ ကယ်တင်သူ၊ ရွေးနှုတ်သူ၊ ဘုရားအဖြစ်ပေါ်လွင်စေသောဘွဲ့နာမဖြစ်သည်။ လူသားသည်ပဋိညာဉ်တရားများကို ချိုးဖောက်သော်လည်းဘုရားသခင်မှာမူ မိမိပြောစကား၊ မိမိ၏ ကတိတော်၊ မိမိပဋိညာဉ်တရားပေါ်သစ္စာရှိ သည် (ဆာလံ ၁၀၃)။

ဤနာမကို *Elohim* နှင့် ပေါင်းစပ်၍ပထမဆုံး (ကမ္ဘာ၂း၄ ၌ဖော်ပြသည်။ ကမ္ဘာ၁–၂ ၌ဖန်ဆင်းခြင်း မှတ်တမ်းနှစ်ခုရှိခြင်း မဟုတ်ဘဲ၊ အထူးပြုခြင်းနှစ်မျိုးဖြစ်သည်။ (၁) ဝတ္ထုပိုင်းဆိုင်ရာ စကြဝဠာ ဖန်ဆင်းသူဘုရားအဖြစ်နှင့် (၂) ဘုရားသခင်အား လူသတ္တဝါဖန်ဆင်းသူ အဖြစ်အထူး ဖော်ပြသည်။ ကမ္ဘာ၂း၄–၃း၂၄ သည်လူသား၏အထူး အခွင့်အရေးရသော အနေအထားနှင့် သူ့အားဖန်းဆင်ခြင်း၏ ရည်ရွယ်ချက်နည်းတူအပြစ် ပြဿနာနှင့် ပုန်ကန်မှုသည် အတုအနှိုင်းကင်းသော အနေအထားနှင့် တွဲဖက်ကြောင်းအား စတင်ဖွင့်ပြသည်။

၂။ ကမ္ဘာ၄း၂၆ ၌ "*လူများသည်* ထာဝရဘုရား၏နာမတော်ကိုအမှီပြု၍ ကိုးကွယ်စပြုကြလေ ၏" (YHWH) ဟုဆိုသည်။ သို့သော်ပဋိညာဉ်ခံကနဦးလူများသည် (ဘိုးဘေးများနှင့် သူတို့၏မိသားစုများ) ဘုရားသခင်ကို *EI – Shaddai* အဖြစ်သာလျှင်သိရှိခဲ့ကြကြောင်း ထွက်၆း၃ အရသိရှိရသည်။

YHWH နာမတော်ကို ထွက်၃း၁၃–၁၆ အထူးသဖြင့် အငယ် ၁၄ ၌ တစ်ကြိမ် သာလျှင် ရှင်းလင်းထားသည်။ မည်သို့ဖြစ်စေမောရှေရေးသော စာများ၌မူ စကားလုံးများ အားလူသိများသော စကားလုံးများဖြင့် ကစား ကာရှင်းလင်းလေ့ရှိပြီး စကားလုံးများ၏မူလ ကိုစိစစ်လေ့လာခြင်း သဘောမျိုးမသုံးချေ။ (ကမ္ဘာ၁၇း၅။ ၂၇း၃၆။၂၉း၁၃–၃၅)။ ဤဘွဲ့ နာမတော်၏အဓိပ္ပါယ်အတွက် သီအိုရီအတော် များများရှိသည်။ (IDB, Vol 2, pp.409-11) မှရယူသည်။

၁. အာရပ်မူရင်းစကားမှဆင်းသက်လာပြီး "ပြင်းပြသောမေတ္တာပြရန်"
၂. အာရပ်မူရင်းစကား "တိုက်ခတ်သည် ၎င်းအားမုန်တိုင်း ဘုရားအဖြစ်)
၃. Ugartic ယူဂါးတစ်ခေါ်ခါနန်စကားမှဆင်းသက်ပြီး"ပြောဆိုသည်"
၄. ဖိုနီးရှန်းကဗ္ဗည်းကျောက်စာတစ်ခုအရ"ဆက်လက်တည်ရှိနေစေသူ"(ဝါ) "တည်မြဲစေသူ"

၅. ဟေဗြဲ *Qal* ကြိယာပုံစံ "ရှိနေသူ" (အနာဂတ်အမြင်၌ "ရှိနေဦးမည်သူ")
၆. ဟေဗြဲ *Hiphil* ကြိယာပုံစံ "ဖြစ်ပေါ်စေသူ"
၇. ဟေဗြဲမူရင်း (ကမ္ဘာ၃း၂၀) "အသက်ရှင်သည်"။အဓိပ္ပါယ်မှာ "အမြဲအသက်ရှင်သူ" "တစ်ပါးတည်းအသက်ရှင်နေသူ"
၈. ထွက် ၃း၁၃-၁၆ ပါကျမ်းပိုဒ်အရ "ငါသည်ဖြစ်နေ ကျအတိုင်း ဆက်လက်ဖြစ်နေမည်"(ဝါ) "ငါသည်/ဖြစ်ခဲ့၍ယခုတိုင်/ဖြစ်နေ သည့်အတိုင်း ဆက်လက်/ဖြစ်နေမည်" (*J.Wash Watt, A Survey of Syntax in the Old Testament, p.67*) YHWH ၏နာမည် အပြည့်အစုံကိုအတိုကောက်ဖြင့် (ဝါ) ဖြစ်နိုင်သမျှမူရင်းပုံစံအားဖြင့်ဖော်ပြလေ့ရှိသည်။
(၁) *Yah* (ဥပမာ Hallelu-yah, BDB 219, ထွက်၁၅း၂။ ၁၇း၁၆။ ဆာလံ၈၉း၉။ ၁၀၄း၃၅)။
(၂) *Yaho* ("iah" နှင့်ဆုံးသောနာမည်များ။ ဥပမာ- Isaiah)။
(၃) *Yo* ("Jo"နှင့်စသောနာမည်များ။ ဥပမာ- Joshua (ဝါ) Joel)။

၃။ ဂျူးဘာသာ၌နောက်ပိုင်းကာလများတွင် ဤပဋိညာဉ်ခံနာမတော်မှာ သန့်ရှင်းလွန်းသဖြင့်၊ ထွက်၂၀း၇။ တရား၅း၁၁။ ၆း၁၃ တို့၌ပါရှိသော ပညတ်ချက်ကို ချိုးဖေါက်ရာမရောက် စေရန် ဂျူးလူမျိုးများသည် ထိုနာမတော်ကို မပြောရဲကြချေ။ ထို့ကြောင့်သူတို့သည် "ပိုင်ရှင်" "ဆရာကြီး/ master" "ခင်ပွန်းသည်" "ကိုယ်တော် lord ဟူ၍အဓိပ္ပါယ် ရှိသောဟေဗြဲစကားလုံး *adon* (ဝါ) *adonai* (ကျွန်ုပ်၏အရှင်) ဖြင့်အစားထိုး ကြသည်။ ဓမ္မဟောင်းကျမ်းဖတ်ရင်း YHWH စကားလုံးနှင့် တိုးမိသောအခါအရှင် (my lord) ဟုအသံထွက် ကြသည်။ ထို့ကြောင့် အင်္ဂလိပ်ဘာသာပြန်ကျမ်းများ၌ YHWH ကို LORD ဟူ၍စာလုံးကြီးများဖြင့် ရေးသားခြင်းဖြစ်သည်။

၄။ *EI, YHWH* နှင့်စပ်လျဉ်း၍အစွရေးတို့၏ ပဋိညာဉ်ခံဘုရားသခင်၏ထူးခြားချက် အချို့အား အလေးအနက်ပြုရန် ၄င်းကို အခြားဝေါဟာရများနှင့်တွဲဖက်လေ့ရှိသည်။ တွဲဖက် ဝေါဟာရများစွာရှိနိုင်သော်လည်း ဤနေရာတွင်အချို့ဖော်ပြပါသည်။

၁. *YHWH- Yireh* ယေဟောဝါး-ယီရိ (၂သည်ပြင်ဆင်ပေးလိမ့်မည်။ BDB 217 & 906)။ ကမ္ဘာ၂၂း၁၄။
၂. *YHWH-Rophekha* ယေဟောဝါး-ရောပက်ခါ (YHWH သည်သင့်အား ရောဂါပျောက်ကင်းစေသူဖြစ်သည်။ BDB 217 & 950) ထွက်၁၅း၂၆။
၃. *YHWH- Nissi* ယေဟောဝါး-နိစိ (YHWH သည်ငါ၏အောင်လံတော်ဖြစ်သည်။ BDB 217 & 651) ထွက်၁၇း ၁၅။
၄. *YHWH- Meladdishkem* (YHWH သည်သင့်အားသန့် ရှင်းစေသူဖြစ်သည်။ BDB 217&872 *Piel* PARTICLE) ထွက်၃၁း၁၃။

၅. *YHWH- Shalom* (YHWH **သည်ငြိမ်သက်ခြင်းဖြစ်သည်။** BDB 217&1022) **တရားသူကြီး၆း၂၄။**
၆. *YHWH- Sabbaoth* **(ဗိုလ်ခြေတို့၏ဖြစ်သည်။** BDB 217&878) **၁ဓမ္မ ၁း၃၊၁၁။၄း၄။ ၁၅း၂။ ပရောဖက်ကျမ်းများ၌မကြာခဏတွေ့ရသည်။**
၇. *YHWH- Ro I* (YHWH **သည်ကျွန်ုပ်အားသိုးကဲ့သို့ ထိန်းကျောင်းသူဖြစ်သည်။** BDB217&944 *Qa*/ PARTICLE)**ဆာလံ ၂၃း၁။**
၈. *YHWH- Sidqenu* (YHWH **သည်ငါတို့၏ဖြောင့်မတ်ခြင်းဖြစ်သည်။** BDB 217&841) **ယေရမိ ၂၃း၆။**
၉. *YHWH- Shammah* (YHWH **သည်ဤအရပ်၌ရှိသည်။** BDB 217&1027) **ယေဇကျေလ ၄၈း၃၅။**

**၁း၅ "ငါတို့"** ပေါလုသည် သူရေးသောအခြားဩဝါဒစာတို့မှာ နည်းတူမိမိ၏ အဖွင့်မိတ်ဆက်၌ အခြားသူများအားဖော်ပြ ခြင်းမပြုခဲ့ချေ။ ဤစကားစုသည် ဒမသက်မြို့သွားရာလမ်း၌ ပေါလု ပြောင်းလဲ သွားခဲ့ခြင်းနှင့် ခန့်အပ်ခြင်း ခံရမှုအား ရည်ညွှန်းသည်။ (တမန်၉)။ "ငါတို့" ဟူသော စကားလုံးသည် အဆိုပါ ခန့်အပ်ခံရခြင်းကိုအခိုင်အမာဆိုလိုသည်။

- **"ကျေးဇူးတော်နှင့် တမန်တော်အရာကိုငါတို့သည်ခံရကြပြီ"** ပေါလုသည် ခရစ်တော်ကြောင့် ရသောကယ်တင်ခြင်း ဆုကျေးဇူးကို သာလျှင်ပြောခြင်းမဟုတ်ဘဲ၊ ၄င်းနှင့် ဆက်စပ်လျက် တပါးအမျိုးသားတို့အတွက်တမန်တော်အဖြစ် ခေါ်ခြင်းခံရမှုကိုပါ အခိုင်အမာပြောခြင်းဖြစ်ပါသည်။ ဤအရာအားလုံး ဒမသက်မြို့သွားရာလမ်းပေါ်၌ချက်ခြင်း ဖြစ်ပေါ်သည်။ (AORIST ACTIVE INDICATIVE, တမန်တော် ၉း၁-၂၂။ ၂၂း၃-၁၆။ ၂၆း၉-၁၈)။ ၄င်းမှာထိုက်တန်မှုကြောင့် မဟုတ်ဘဲ ကျေးဇူးတော်သက်သက်ဖြစ်သည်။
  "ကျေးဇူးတော်" နှင့် "တမန်တော်အရာ" ကိုတစ်မျိုးတည်းအဖြစ် "တမန်တော်ဖြစ်ရခြင်းကျေးဇူး" ဟုယူနိုင်သည်။ (NET note # ၁၃)"ဓမ္မသစ်ကျမ်း ဘာသာပြန်ကျမ်း ၂၆ကျမ်း (*The New Testament in 26 Translations* (စ. ၆၄၆) စလုံးသည်၄င်းကို-------.
- **"စေခြင်းငှါ** (to bring about)**"** ၄င်းမှာရည်ရွယ်ချက်တခုတည်းအတွက် *eis* အားဒုတိယ အကြိမ်သုံးခြင်းဖြစ်သည်။ တင်းကောင်းသည်ဘုရားသခင်၏သဏ္ဌာန်တော်ကို ယေရှုခရစ်တော်အား ယုံကြည်ခြင်းအားဖြင့် ပြန်လည်ရယူစေသည်။ ၄င်းသည် ဘုရားသခင်၏ မူလအကြံအစည်အား ပေါ်လွင်လာစေသည်။ ၄င်းမှာ ဘုရားသခင်၏အမှတ်လက္ခဏာကို ထင်ဟပ်စေသောလူမျိုးတစ်မျိုး (ယုံကြည်သူများ)နှင့် မိမိ၏ ရင်းနှီးသော မိတ်သဟာယ ပင်ဖြစ်သည်။ (ငယ် ၇)။
-

**NASB, NJB"ယုံကြည်နားထောင်ခြင်း"**
**NKJV"ယုံကြည်နားထောင်ခြင်းအတွက်"**
**NRV"ယုံကြည်နားထောင်စေခြင်းငှါ"**
**TEV"ယုံကြည်၍နားထောင်စေရန်"**

ၚင်းမှာရောမသြဝါဒ၌ အချက်အခြာဝေါဟာရဖြစ်သော "ယုံကြည်ခြင်း" စကားလုံးအား ပထမဆုံး အသုံးပြုခြင်းဖြစ်သည်။ (၄း၅ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ)။ ဤစကားလုံးကို ဤအခန်းကြီးနှင့် ဤကျမ်းထဲ၌ သုံးမျိုးသုံးစားဖြင့် အသုံးပြုသည်။

၁. အငယ် ၅။ ယေရှုနှင့်ခရစ်ယာန်အသက်တာနှင့် ဆိုင်သော သမ္မာတရားများ(ဝါ) သြဝါဒများအတွက် အသုံးပြု သည်။ (တမန်တော်၆း၇။ ၁၃း၈။ ၁၄း၂၂။ ၁၆း၅။ ရောမ၁၄း၁။ ၁၆း၂၆။ ဂလာတိ၁း၂၃။ ၆း၁၀။ ယုဒ ၃၊၂၀)။

၂. အငယ် ၈။ ဤနေရာမှုလူတစ်ဦးချင်းက ယေရှုအားယုံကြည်ခြင်း အတွက်အသုံးပြုသည်။ အင်္ဂလိပ် စကားလုံး " believe," " faith " နှင့် " trust " သုံးမျိုးစလုံး (ယုံကြည်သည်။ ကိုးစားသည်) ဂရိစကား (pistis/pisteuo) အားဘာသာပြန် ခြင်းဖြစ်သည်။ ဧဝံဂေလိတရားသည် အတွေးအခေါ် (အယူဝါဒ) နှင့် ပုဂ္ဂိုလ်နှစ်မျိုးစလုံးဖြစ်သည်။ (ငယ် ၁၆။ ယောဟန် ၁း၁၂၊ ၃း၃၆)။ ၄း၅ ၏အထူးခေါင်းစဉ်ကိုကြည့်ပါ။

၃. အငယ် ၁၇။ ဤနေရာ၌ ဓမ္မဟောင်းအမြင်ဖြစ်သော အားကိုးအားထားထိုက်ခြင်း၊ သစ္စာရှိခြင်း(ဝါ) မှီခို၍ရခြင်းအဖြစ် အသုံးပြုသည်။ ၄င်းမှာဟဗက္ကုတ် ၂း၄၏အဓိပ္ပါယ်ဖြစ်သည်။ ဓမ္မဟောင်းခေတ်၌ ယုံကြည်ခြင်းဆိုင်ရာသြ ဝါဒဖွံ့ဖြိုးမှုဟူ၍ မရှိဘဲ၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း၏ ဥပမာများတစ်ခုပြီး တစ်သာလျှင်ရှိသည်။ (အာဗြဟံ- ကမ္ဘာဦး၁၅း၆)။ ၄င်းတို့မှာစုံလင်ပြည့်ဝသောယုံကြည်ခြင်းမျိုးမဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ရုန်းကန်မှုသာလျှင် ဖြစ်သည်။ (ဟေဗြဲ၁၁)။ လူသား၏မြော်လင့်ခြင်းမှာမိမိတို့လုပ်ဆောင်နိုင်စွမ်း (ဝါ) မှန်ကန်စွာ ယုံကြည်နိုင်ခြင်းမဟုတ်ဘဲဘုရားသခင်၏ပင်ကိုယ်စရိုက်အားဖြင့်ရရှိသောမြော်လင့်ခြင်းဖြစ်သည်။ (၃း၂၄။ ၆း၂၃။ ဧဖက် ၂း၈-၉)။ ဘုရားရှင်ကသာလျှင်ယုံကြည်ထိုက်သူဖြစ်သည် (မာလခိ၃း၆) ။

ကယ်တင်ခြင်းဖြစ်စဉ်ဟုခေါ်နိုင်သောပြုမူဆောင်ရွက်မှုဖြစ်စဉ်တစ်ခုရှိသည်။

(၁) အပြစ်ကိုနောင်တရခြင်း (၂း၄။ မာကု၁း၁၅။ လုကာ၁၃း၃၊၅။ တမန်၃း၁၆၊၁၉။ ၂၀း၂၁)။

(၂) ယုံကြည်ခြင်း။ belief/ faith (၁း၁၆။ ယောဟန်၁း၁၂။ ၃း၁၆။ တမန်၁၆း၃၁။ ရေနှစ်မင်္ဂလာသည် မိမိ၏ ယုံကြည်မှုအား လူအများရှေ့ကမှောက်၌ ကြော်ငြာခြင်း ဖြစ်သည်။)

(၃) နာခံခြင်း/နားထောင်ခြင်း။ (၂း၁၃။ ၂ကော၉း၁၃။ ၁၀း၅။ ၁ပေ၁း၂၊၂၂)။

(၄) စွဲမြဲခြင်း(၂း၇။ လုကာ၁၈း၁။ ၂ကော၄း၁၊ ၁၆။ ဂလာတိ၆း၉။ ၂သက် ၃း၁၃)။

ၚင်းတို့မှာ ပဋိညာဉ်တရားသစ်၏အခြေခံအုတ်မြစ်ဖြစ်သည်။ ကျွန်တော်တို့မှာခရစ်တော်အထဲမှ ဘုရားသခင်ပေးသည့်အရာကိုလက်ခံ/ယုံကြည်ကာဆက်ကပ်၍ လက်ခံ/ယုံကြည်သွားရန်ဖြစ်သည်။ (ငယ် ၁၆။ ယောဟန်၁း၁၂)။

**အထူးအကြောင်းအရာ။ ။ ဓမ္မဟောင်းကျမ်းထဲကယုံကြည်ခြင်း/ကိုးစားခြင်း၊ သစ္စာရှိခြင်း - believe, trust, faith and faithfulness (אמן)**

**၁။ အဖွင့်ဖော်ပြချက်**

ဓမ္မပညာဆိုင်ရာ ဤအယူအဆအားအသုံးပြုခြင်းသည် ဓမ္မသစ်ကျမ်း၌အကြီးမြတ်ဆုံးဖြစ်သောအရာဖြစ်ကာ၊ ဓမ္မဟောင်းကျမ်း၌မူထိုသို့ရှင်းလင်းခြင်းမရှိကြောင်းဖော်ပြရန်လိုအပ်သည်။ ၎င်းမှာဓမ္မဟောင်းကျမ်း၌ ရှိသည် မှန်သော်လည်း ရွေးချယ်ထားသည့် သော့ချက် စာပိုဒ်များနှင့် ပုဂ္ဂိုလ်များ၌ သာရှင်းလင်းစွာဖော်ပြသည်။

ဓမ္မဟောင်းကျမ်း ထဲရောစပ်ပါဝင်ပုံများ

က။ လူတစ်ဦးချင်းနှင့် လူမှုအသိုင်းအဝိုင်း

ခ။ လူပုဂ္ဂိုလ်အားဖြင့် တွေ့ကြုံရခြင်းနှင့် ပဋိညာဉ်တရားအားနာခံခြင်း။

ယုံကြည်ခြင်းသည်လူကိုယ်တိုင်တွေ့ကြုံခြင်းနှင့် နေ့စဉ်အသက်ရှင်ခြင်းပုံစံဖြစ်သည်။ အက္ခရာစာသားများအားဖြင့်ရေးသား ဖော်ပြခြင်းထက် လူပုဂ္ဂိုလ်တစ်ယောက်အားဖြင့် ဖော်ပြခြင်းမှာပိုမိုလွယ်ကူသည်။ လူပုဂ္ဂိုလ်၌မြင်ရပုံကိုအကောင်းဆုံးရှင်းလင်းဖော်ပြမှုများမှာ

က။ အာဗြဟံနှင့် သူ၏အဆက်အနွယ်များ

ခ။ ဒါဝိဒ် နှင့် အစ္စရေး

ဤပုဂ္ဂိုလ်များသည် ဘုရားသခင်ကိုတွေ့ကြုံကြရပြီး၊ သူတို့၏ဘဝမှာအမြဲပြောင်း လဲသွားခဲ့သည်။ (စုံလင်ပြည့်ဝသောအသက်တာမျိုးမဟုတ်ဘဲ၊ ဆက်လက်ယုံကြည်သွားသောအသက်တာဖြစ်သည်)။ စမ်းသပ်ခံရမှုများသည်ဘုရားသခင်အား တွေ့ကြုံသောသူတို့၏ ယုံကြည်မှုအားနည်းချက်အားသားချက်များကိုပေါ်လွင်စေသော်လည်းရင်းနှီးကျွမ်းဝင်သော၊ ယုံကြည်ကိုးစားသည့်ဆက်ဆံရေးသည်တစ်ရောက်လုံးဆက်လက်သွားခဲ့သည်။

၎င်းသည်စမ်းသပ်ခြင်းနှင့် ဆေးကြောမှုများခံရသော်လည်း သူတို့၏ဆက်ကပ်မှုနှင့် အသက်ရှင်ခြင်းပုံစံကသက် သေထူသည့်အတိုင်းဆက်လက်သွားခဲ့သည်။

**၂။ အသုံးပြုသောမူရင်းစကားလုံး**

**က။** אמן (BDB 52)

**၁။ ကြိယာ**

(၁) *Qal* အခြေခံ –ထောက်ပံ့သည်၊ ကျွေးမွေးပြုစုသည် (၄ဓမ္မ၁၀း၁၅။ သေတာ ၂း၇။ ဓမ္မပညာနှင့် မဆိုင်သောအသုံးအနှုန်း)

(၂) *Niphal* အခြေခံ– သေချာစေသည် (ဝါ) အတည်ဖြစ်စေသည်၊ တည်ထောင်သည်၊ အတည်ပြုသည်၊ ယုံကြည်အားထားရသည်။

၁. လူများနှင့် ဆိုင်၍ဟေရှာယ ၈း၂။ ၅၃း၁။ ယေရမိ ၄၀း၁၄။

၂. အရာဝတ္ထုများနှင့် ဆိုင်၍ ဟေရှာယ ၂၂း၂၃။

၃. ဘုရားသခင်နှင့် ဆိုင်၍တရားဟော ၇း၉၊၁၂။ ဟေရှာယ ၄၉း၇။ ယေရမိ ၄၂း၅။

၂။ *Hiphil* အခြေခံ – ခိုင်ခံ့ရပ်တည်သည်၊ ယုံကြည်သည်၊ ကိုးစားသည်။

၁. အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်။ ကမ္ဘာဦး ၁၅း၆။

၂. အီဂျစ်နိုင်ငံက အစ္စရေးလူမျိုးများကယုံကြည်ခဲ့ကြားသည်။ထွက် ၄း၃၁။ ၁၄း၃၁ (တရားဟော ၁း၃၂၌ပယ်ဖျက်သည်)

၃. မောရှေမှတဆင့် စကားပြောသော YHWH ကိုအစ္စရေးများယုံကြည် ခဲ့ကြသည်။ ထွက်၁၉း၉။ ဆာလံ၁ဝ၆း၁၂၊၂၄။
၄. အာခတ်မင်းသည် ဘုရားသခင်ကိုမယုံကြည်၊ ဟေရှာယ၇း၉။
၅. ၄င်း/သူ့အားလုံးယုံကြည်သူတိုင်း၊ ဟေရှယ၂၈း၁၆။
၆. ဘုရားသခင်အကြောင်းသမ္မာတရားများယုံကြည်၊ ဟေရှာယ ၄၃း၁ဝ–၁၂။

၂။ **အထီးပြနာမ်** – သစ္စာရှိခြင်း (တရားဟော၃၂း၂ဝ။ ဟေရှာယ၂၅း၁။ ၂၆း၂)

၃။ **ကြိယာ** –စစ်မှန်စွာ၊ မှန်ကန်စွာ၊ ကျွန်ုပ်သဘောတူညီသည်၊ ထိုသို့ဖြစ်နိုင်သည် (တရားဟော၂၇း၁၅–၂၆။ ၃ဓမ္မ၁း၃၆။ ၁ရာ၁၆း၃၆။ ဟေရှာယ၆၅း၁၆။ ယေရမိ၁၁း၅၊ ၂၈း၆။ ၄င်းမှာဓမ္မဟောင်း၊ ဓမ္မသစ်များရှိဆုတောင်းစာများ၌ သုံးသည် "အာမင်" ဖြစ်သည်။

ခ။ (BDB 54) **အမပြနာမ်** – ခိုင်မာခြင်း၊ သစ္စာရှိခြင်း၊ သမ္မာတရား
၁။ လူများနှင့် ဆိုင်၍၊ ဟေရှာယ၁ဝး၂ဝ။ ၄၂း၃။ ၄၈း၁။
၂။ ဘုရားနှင့် ဆိုင်၍၊ ထွက်၃၄း၆။ ဆာလံ၁၁၇း၂။ ဟေရှာယ၃၈း၁၈၊ ၁၉။၆၁း၈။
၃။ သမ္မာတရားနှင့် ဆိုင်၍၊ တရားဟော၃၂း၄။ ၃ဓမ္မ၂၂း၁၆။ ဆာလံ၃၃း၄။ ၉၈း၃။ ၁ဝဝး၅။ ၁၁၉း၃ဝ။ ယေရမိ၉း၄။ ဇာခရိ၈း၁၆။

ဂ။ (BDB 53) **ခိုင်ခံ့ခြင်း၊ တည်မြဲခြင်း၊ သစ္စာစောင့်ခြင်း။**
၁။ လက်များနှင့် ဆိုင်၍၊ ထွက်၁၇း၁၂။
၂။ အချိန်ကာလနှင့် ဆိုင်၍၊ ဟေရှာယ၃၃း၆။
၃။ လူသားများနှင့် ဆိုင်၍၊ ယေရမိ၅း၃။ ၇း၂၈။ ၉း၂။
၄။ ဘုရားနှင့်ဆိုင်၍၊ ဆာ ၄ဝး၁၁။ ၈၈း၁၂။ ၈၉း၂၊၃၊၆၊၉။ ၁၁၉း၁၃၈။

၃။ ဤဓမ္မဟောင်းအယူအဆကို ပေါလုအသုံးပြုသည်။

က။ ပေါလုသည် YHWH နှင့် ဓမ္မဟောင်းကျမ်းအား မိမိနားလည်သဘောပေါက်မှုကို ဒမသက်မြို့သွား ရာလမ်းပေါ်ယေရှုနှင့် ပုဂ္ဂိုလ်အားဖြင့်ဆုံတွေ့ခြင်းအပေါ်အခြေပြုသည်။ (တမန်တော်၉း၂၂။ ၂၆)။

ခ။ သူသည်မိမိ၏အသစ်နားလည်သဘောပေါက်မှုအားအထောက်အကူပြုသည့် သော့ချက်ကျသောဓမ္မဟောင်းကျမ်းပိုဒ်နှစ်ခုတွေ့ရပြီး ၄င်းတို့၌မူရင်း אמן ကိုအသုံးပြုသည်။
၁. ကမ္ဘာ၁၅း၆ – ဘုရားသခင် အစပြုမှုဖြင့်အာဗြဟံသည် မိမိကိုယ်တိုင် ဘုရားသခင် အားတွေ့ကြုံမှုသည် ကမ္ဘာ ၁၂ ယုံကြည်မှုဖြင့် နာခံသောအသက်တာဖြစ်စေသည်။ (ကမ္ဘာ၁၂–၂၂) ပေါလုသည်ဤအချက်ကို ရောမ၄နှင့် ဂလာတိ၃ တို့၌ရည်ညွှန်းသည်။
၂. ဟေရှာယ၂၈း၁၆ – သူကိုယုံကြည်သူများသည် (ဘုရားသခင်ကစမ်းသပ်ပြီးခိုင်မာစွာချသည့်တိုက်ထောင့်အုတ်မြစ်ကျောက်) မည်သည့်အခါ၌မျှ
က။ ရောမ ၉း၃၃ "ရှက်ကြောက်ခြင်း" (ဝါ) "စိတ်ပျက်ခြင်း" မခံစားစေရ။
ခ။ ရောမ ၁ဝး၁၁ အထက်ပါအတိုင်း

၃. ဟာဗက္ကုတ် ၂း၄ – သစ္စာတရားပြည့်ဝသူ ဘုရားသခင်အား သိကျွမ်းသူများသည် သစ္စာရှိသော အသက်တာရှိ ရမည်။ (ယေရမိ၇း၂၈)။ ပေါလုသည်ဤအကြောင်းကိုပင် ရောမ၁း၁၇ နှင့် ဂလာတိ ၃း၁၀ ၌ကအသုံး ပြုသည်။ (ဟေဗြဲ ၁၀း၃၈ ကိုမှတ်သားပါ)။

၄။ ပေတရုသည် ဓမ္မဟောင်းကျမ်းအယူအဆအသုံးပြုပုံ

က။ ပေတရုသည် အောက်ပါတို့ကိုပေါင်းစပ်အသုံးပြုသည်။

၁။ ဟေရှာယ ၈း၁၄ – ၁ပေ ၂း၈ (ထိမိ၍လဲစရာ)

၂။ ဟေရှာယ ၂၈း၁၆ – ၁ပေ ၂း၆ (တိုက်ထောင့်အုတ်မြစ်)

၃။ ဆာလံ ၁၁၁း၂၂ – ၁ပေ ၂း၇ (ငြင်းပယ်ခံကျောက်တုံး)

ခ။ သူသည်အစုရေးအား "ရွေးချယ်သောအမျိုး၊ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောအပေါင်းအသင်း" ဟူ၍ရေးသားဖော်ပြသည့် အတုအနိုင်းကင်းသောစကားကို အောက်ပါကျမ်း ပိုဒ်တို့မှရယူသည်။

၁။ တရား၁၀း၁၅။ ဟေရှာ၄၃း၂၁

၂။ ဟေရှာ၆၁း၆။ ၆၆း၂၁

၃။ ထွက်၁၉း၆။ တရား၇း၆

၄င်းတို့ကိုခရစ်တော်အားယုံကြည်သောအသင်းတော်အတွက်အသုံးပြုသည်။

၅။ ထိုအယူအဆကို ယောဟန်အသုံးပြုပုံမှာ

က။ ဓမ္မသစ်ကျမ်း၌အသုံးပြုပုံ

"ယုံကြည်သည် (belived)" စကားလုံးမှာဂရိစကား *pisteuõ* မှလာပြီး "ယုံကြည်" (believe) "ကိုးစား" (faith or trust) ဟူ၍လည်းဘာသာပြန်ဆိုနိုင်သည်။ ဥပမာအားဖြင့် ယောဟန်ခရစ်ဝင်ကျမ်း၌၄င်း စကားလုံးကိုနာမ်အဖြစ်မတွေ့ရဘဲ ကြိယာအဖြစ် သာမကြာခဏ သုံးသည်။ နာဇရက် မြို့သားယေရှုအားမေရှိယအဖြစ် လူအုတ်ကြီး၏ ဆက်ကပ်မှုမှာ စစ်မှန်ခြင်းရှိမရှိယောဟန် ၂း ၂၃–၂၅ ၌မသေမချာဖြစ်သည်။ "ယုံကြည်" *believe* ဆိုသောဤစကားလုံးအား အပေါ်ယံအဖြစ်အသုံး ပြုခြင်း၏ အခြားဥပမာများမှာ ယောဟန်၈း၃၁–၅၉နှင့် တမန်တော် ၈း၁၃၊ ၁၈–၂၄ တို့ဖြစ်သည်။ သမ္မာကျမ်းစာနည်းကျ စစ်မှန်သည့်ယုံကြည်ခြင်း (faith) မှာအစပြုမှုထက်ပိုမိုသည်။ ၄င်းကို တပြည့် တော်ဖြစ်ခြင်းအဆင့်ဆင့်ကလိုက်လာ ရမည်ဖြစ်သည်။ (မဿဲ၁၃း၂၀–၂၂၊၃၁–၃၂)။

ခ။ ၄င်းအားဝိဘက်များနှင့် အသုံးပြုခြင်း

၁။ *eis* ၏အဓိပ္ပါယ်မှာအထဲသို့ into ဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့၏ကိုးစား/ယုံကြည်ခြင်းကို ယေရှုအထဲထားခြင်းဖြစ်သည်။

၁. သူ၏နာမည်ထဲ၌ (ယော၁း၁၂။ ၂း၂၃။၃း၁၈။ ၁ယော၅း၁၃)။

၂. သူ၏အထဲ၌ (ယောဟန်၂း၁၁။ ၃း၁၅၊ ၁၈။ ၄း၃၉။ ၆း၄၀။ ၇း၅၊၃၁၊၃၉၊၄၈။ ၈း၃၀။ ၉း၃၆။ ၁၀း၄၂။ ၁၁း၄၅၊၄၈။ ၁၇း၃၇၊ ၄၂။ မဿဲ၁၈း၆။ တမန်၁၀း၄၃။ ဖိလိပ္ပိ၁း၂၉။ ၁ပေ၁း၈)။

၃. ငါ့အထဲ၌ (ယောဟန်၆း၃၅။ ၇း၃၈။ ၁၁း၂၅၊၂၆။ ၁၂း၄၄၊၄၆။ ၁၄း၁၊၁၂။ ၁၆း၉။ ၁၇း၂၀)။

၄. သားတော်အထဲ၌ (ယောဟန်၃း၃၆။ ၉း၃၅။ ၁ယော၅း၁၀)။

၅. ယေရှုအထဲ၌ (ယောဟန်၁၂း၁၁။ တမန်၁၉း၄။ ဂလာတိ၂း၁၆)။

၆. အလင်းတော်ထဲ၌ (ယောဟန်၁၂း၃၆)။

၇. ဘုရားသခင်ထဲ၌ (ယောဟန်၁၄း၁)။

၂။ *en* သည် "အထဲ – in "ဟု အဓိပ္ပါယ်ရှိသည်။ ယောဟန်၃း၁၅။ မာကု၁း၁၅။ တမန် ၅း၁၄။

၃။ *epi* သည် အထဲ/အပေါ် – in or upon ဟုအဓိပ္ပါယ်ရှိသည်။ မဿဲ ၂၇း၄၂။ တမန်၉း၄၂။ ၁၁း၁၇။၁၆း၃၁။ ၂၂း၁၉။ ရောမ၄း၅၊ ၂၄။ ၉း၃၃။ ၁၀း၁၁။ ၁တိ ၁း၁၆။ ၁ပေ၂း၆။

၄။ ဝိဘတ်မတွဲဘဲအသုံးပြုသော DATIVE CASE ကျမ်းပိုဒ်များမှာ ဂလာတိ၃း၆။ တမန် ၁၈း၈။ ၂၇း၂၅။ ၁ယော၃း၂၃။ ၅း၁၀။

၅။ *hoti* သည် "ကြောင်းအားယုံကြည်သည်" ဟုအဓိပ္ပါယ်ရှိပြီး ယုံကြည်ရမည့်အရာ တဆက်တည်းပါဝင်သည်။

၁. ယေရှုသည် ဘုရားသခင်၏သန့်ရှင်းသူဖြစ်သည်။ (ယောဟန်၆း၆၉)။
၂. ယေရှုသည် ငါ—ဖြစ်သည်ဆိုသူဖြစ်သည်။ (ယောဟန်၈း၂၄)။
၃. ယေရှုသည်ခမည်းတော်အထဲရှိ၍၊ ခမည်းတော်သည်သူ့အထဲရှိသည်။ (ယောဟန် ၁၀း၃၈)။
၄. ယေရှုမှာ မေရှိယဖြစ်သည်။ (ယောဟန်၁၁း၂၇။၁၀း၃၁)။
၅. ယေရှုမှာ ဘုရားသခင်၏သားတော်ဖြစ်သည်။ (ယောဟန်၁၁း၂၇။ ၂၀း၃၁)။
၆. ယေရှုကိုခမည်းတော်ကစေလွှတ်သည်။ (ယောဟန်၁၁း၄၂။ ၁၇း၈၊၂၁)။
၇. ယေရှုသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။ (ယောဟန် ၁၄း၁၀–၁၁)။
၈. ယေရှုသည် ခမည်းတော်ထံမှကြွလာသည်။ (ယောဟန်၁၆း၂၇၊၃၀)။
၉. ယေရှုသည် ခမည်းတော်၏ပဋိညာဉ်ခံနာမတော်ဖြစ်သော "ငါ––ဖြစ်သည်" နှင့် မိမိကိုယ်မိမိတထပ်တည်းပြုသည်။ (ယောဟန်၈း၂၄။ ၁၃း၁၉)။
၁၀. ငါတို့သည်သူနှင့် အတူနေထိုင်ကြမည်။ (ရောမ၆း၈)။
၁၁. ယေရှုသည် အသေခံ၍ ပြန်ရှင်ထမြောက်သည်။ (၁သက်၄း၁၄)။

၆။ နိဂုံးချုပ်ခြင်း

သမ္မာကျမ်းနည်းကျယုံကြည်ခြင်းမှာ ဘုရားပြောစကား/ကတိတော်အား လူသားကတုံ့ပြန်ခြင်းဖြစ်သည်။ ဘုရားသခင်သည်အစပြုလေ့ရှိသော်လည်း (ယောဟန် ၆း၄၄၊၆၅) ဘုရားရှင်၏ဤဆက်သွယ်မှု၌ လူသား၏တုံ့ပြန်မှုလိုအပ်သည်။

က။ အားကိုးအားထားပြုခြင်း – trust

ခ။ ပဋိညာဉ်ခံလိုက်နာမှု —covenant obedience

သမ္မာကျမ်းနည်းကျယုံကြည်ခြင်းသည်

၁။ ပုဂ္ဂိုလ်အားဖြင့် ဆက်စပ်မှု (အစပြုသောယုံကြည်ခြင်း)

၂။ သမ္မာကျမ်းနည်းကျသမ္မာတရားအားအတည်ပြုခြင်း။
(ဘုရားသခင်၏ဖွင့်ပြမှုအား အယုံအကြည်ရှိခြင်း)

၃။ ၎င်းအားသင့်လျော်လုံလောက်သောနာခံမှုဖြင့် တုံ့ပြန်ခြင်း (နေ့စဉ်ယုံကြည်မှု)

သမ္မာကျမ်းနည်းကျယုံကြည်ခြင်းဟူသည် ကောင်းကင်ဘုံရောက်ရန် လက်မှတ် (သို့) အာမခံစံနစ်တစ်ရပ် မဟုတ်ချေ။ ၎င်းမှာ ပုဂ္ဂိုလ်ချင်းဆက်စပ်မှု/ တော်စပ်မှုဖြစ်သည်။ ၎င်းမှာ ဖန်ဆင်းခြင်း၏ရည်ရွယ်ချက် ဖြစ်ပြီး၊ လူသားများကိုဘုရားသခင်၏ သဏ္ဌာန်တော်နှင့် အညီဘုရားသခင်ကဲ့သို့ ဖန်ဆင်းသည်။ (ကမ္ဘာ ၁း၂၆–၂၇)။ ၎င်းကြောင့် ဖြစ်လာသောအရာမှာ "ရင်းနှီးကျွမ်းဝင်ခြင်း" ဖြစ်သည်။ ဘုရားသခင်သည် မိတ်သဟာယဖြစ်ခြင်း/အပေါင်းအဖော်ဖြစ်ခြင်းကို လိုလားခြင်းဖြစ်ပြီး၊ ဓမ္မပညာဆိုင်ရာအရပ်တည်မှုတစ်ခု အားလိုလားခြင်းမဟုတ်ချေ။ သို့သော်သန့်ရှင်းတော်မူသူဘုရားသခင်နှင့် အပေါင်းအသင်းဖြစ်ခြင်းတွင်သား ဖြစ်သူတို့၌ "မိသားစု" လက္ခဏာထင်ရှားပေါ်လွင်နေဂန်လိုအပ်သည်။(ဥပမာသန့်ရှင်းစင်ကြယ်ခြင်း၊ ဝတ်ပြု၁၉း၂။ မဿဲ၅း၄၈။ ၁ပေ၁း၁၅–၁၆)။ အပြစ်ထဲကျဆင်းခြင်းသည် ကျွန်ုပ်တို့၏သင့်လျော် လုံလောက်စွာ တုံ့ပြန်မှုစွမ်းရည်ကို ထိခိုက်သည်။

ထို့ကြောင့်ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်၌နေကာ လုပ်ဆောင်လျက် (ယေဇေ၃၆း၂၇–၃၈) "နှလုံးအသစ်" နှင့် "ဝိညာဉ်အသစ်" ပေးသည်။ ၎င်းသည် ကျွန်ုပ်တို့အားယုံကြည်ခြင်းနှင့် အပြစ်ကို နောင်တရခြင်းအားဖြင့် ကိုယ်တော်နှင့် မိတ်သဟာယဖြစ်ကာ သူ့အားနာခံနိုင်ရန် တတ်စွမ်းနိုင်စေသည်။

အထက်ပါ အချက်သုံးခုစလုံးမှာ အပြတ်ဆုံးဖြတ်မှုပေးသည့်အရေးကြီး အချက်များဖြစ်သည်။ သုံးချက်စလုံးဆက်လက်ထိန်းထားရပါမည်။ ပန်းတိုင်မှာဘုရားသခင်အားသိကျွမ်းရန် (ဟေဗြဲနှင့် ဂရိ အမြင်နှစ်ခုစလုံး၌) နှင့် သူ၏အမှတ်အသားအားကျွန်တော်တို့၏ အသက်တာ၌ ထင်ဟပ်ပေါ်လွင်စေရန်ဖြစ် သည်။ ယုံကြည်ခြင်း၏ ပန်းတိုင်မှာ တစ်နေ့သောအခါကောင်းကင်ဘုံရောက်ရန် မဟုတ်ဘဲ၊ ခရစ်တော်နှင့် နေ့စဉ်တူနေရန်ဖြစ်သည်။

ဘုရားသခင်နှင့် ဆက်စပ်နီးနွယ်မှုအတွက်လူသား၏သစ္စာရှိခြင်းသည်အခြေခံ(ဓမ္မဟောင်း)မဟုတ်ဘဲ၊ ရလဒ် (ဓမ္မသစ်) ဖြစ်သည်။ ဘုရားသခင်၏သစ္စာတရားအပေါ်လူသားကယုံကြည်သည်။ ဘုရားသခင်၏ ယုံကြည်ထိုက်မှုကိုလူသားကကိုးစားခြင်းဖြစ်သည်။ ကယ်တင်ခြင်းဆိုင်ရာဓမ္မသစ်ကျမ်းအမြင်၏ အနှစ်သာရမှာခရစ်တော်အထဲရှင်းလင်းစွာဖော်ပြထားသည့် ဘုရားသခင်အစပြုပေးခဲ့သော ကျေးဇူးတော်နှင့် ဂရုဏာတော်ကို လူသားကအစပြုတုံ့ပြန်ကာ၊ ဆက်လက်တုံ့ပြန် သွားခြင်းဖြစ်သည်။ ကိုယ်တော်သည် ကျွန်တော်တို့ကိုချစ်ခဲ့ပါပြီ။ သားတော်ကိုစေလွှတ်ခဲ့ပါပြီ၊ ကျွန်တော်တို့ကိုထောက်မခဲ့ပါပြီ။ ကျွန်တော်တို့သည်ယုံကြည်ခြင်းနှင့် သစ္စာရှိမှုဖြင့်တုံ့ပြန်ကြရပါမည်။ (ဖေက် ၂း၈–၉ နှင့် ၁၀)။

သစ္စာရှိသောဘုရားသခင်သည် မိမိကိုယ်မိမိအားသစ္စာမဲ့သောလောက၌ ဖွင့်ပြမည့်၊ သစ္စာရှိသော လူမျိုးတစ်မျိုးအလိုရှိနေပါသည်။

▪

**NASB "မိမိ၏နာမတော်ကိုထောက်၍"**

**NKJV "မိမိ၏နာမတော်အဘို့အလိုငှါ"**

**NRSV "မိမိ၏နာမတော်ကိုထောက်၍"**

**TEV "ခရစ်တော်ကိုထောက်၍"**

**NJB "နာမတော်အားချီးမြှောက်ရန်"**

၁၀း၉၏အထူးအကြောင်းအရာ၌ကြည့်ပါ။

▪ **"ယုံကြည်နားထောင်ခြင်း။"** ဂရိမူရင်းကျမ်း၏အတိအကျစကားစုမှာ "နားထောင်စေခြင်းငှါ(eis)" ဟူ၍ဖြစ်သည်။ ဧဝံဂေလိတရားမှာ

၁။ အပြစ်ကိုနောင်တရခြင်းနှင့် ကိုးစားခြင်းအားဖြင့် ချက်ခြင်းနားထောင်/နာခံရန်ဖြစ်သည်။

၂။ ခရစ်တော်ကဲ့သို့သောနာခံခြင်းနှင့်စွဲမြဲသောအသက်ရှင်ခြင်းပုံစံ

ဧဝံဂေလိတရားသည် ဆုကျေးဇူး တစ်မျိုးဖြစ်သော်လည်း ရလာဒ်ကိုမျှော်လင့်သည်။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်း နည်းတူပဋိညာဉ် တရားပြုခြင်းတစ်မျိုးဖြစ်သည်။ နှစ်မျိုးစလုံးသည် ယုံကြည်ခြင်း/နာခံခြင်းဖြင့် တုံ့ပြန်မှုတောင်းဆိုသည်။ နှစ်မျိုးစလုံး၌အကျိုးကျေးဇူးများ၊ တာဝန်များနှင့် မြော်လင့်ခြင်းများရှိသည်။ (ဥပမာ ဧဖက်၁း၄။ ၂း၁၀)။၎င်းမှာဖြောင့်မတ်သောအလုပ်မဟုတ်ဘဲ၊ အတည်ပြုသော အလုပ်များဖြစ်သည် (ယာကုပ်။ ၁ယော)။ ထာဝရအသက်၌မြင်တွေ့နိုင်သော ထူးခြားမှုများရှိသည်။

- **NASB, NRSV "တစ်ပါးအမျိုးသားများ အားလုံးအထဲ၌"**

  **NKJ "လူမျိုးများ အားလုံးအထဲ၌"**

  **TEV "လူမျိုးများ အားလုံးမှလူများ"**

  **NJB "သာသနာပလူမျိုးများ အားလုံး"**

ငင်းမှာတစ်ကမ္ဘာလုံးဆိုင်ရာ ဧဝံဂလိတရားဖြစ်သည်။ ကမ္ဘာဦး ၃း၁၅ ထဲဘုရားသခင် ကတိပြုသည့်ရွေးနှုတ် ခြင်း၌လူသားတစ်ရပ်လုံးပါဝင်သည်။ ယေရှု၏ ကိုယ်စားပြု အသေခံခြင်းသည် အပြစ်၌ကျဆင်းသောအာဒံ၏အဆက်အနွယ်အားလုံးအတွက်ဖြစ်သည်။ (၅း၁၈။ ယောဟန်၁း၂၉။ ...။ ...း ...။

**အထူးအကြောင်းအရာ။ ။ ကျွန်ုပ်၏ဧဝံဂေလိဆိုင်ရာသီးသန့်အမြင်**

**ဤအချက်၌ကျွန်ုပ်၏အမြင်တစ်မျိုးဖြစ်ကြောင်းစာရှုသူများကိုဝန်ခံပါသည်။ ကျွန်ုပ်၏ဓမ္မပညာ ဆိုင်ရာ အမြင်မှာကဲလ်ဗင်ဝါဒမဟုတ်သလိုကာလအပိုင်းအခြားဝါဒလည်း (ပြစနည်းအသေသည်နှင့်ခရူ)မဟုတ်ဘဲ၊ မဟာစေ နိုင်းခြင်းဧဝံဂေလိဝါဒဖြစ်သည်။ (မဿဲ၂၈း၁၈–၂၀။ လုကာ၂၄း၄၆–၄၇။ တမန်၁း၈) ဘုရားသခင်သည် မိမိသဏ္ဍာန်တော်နှင့်အညီ မိမိကဲ့သို့ ဖန်ဆင်းသောလူသားအားလုံး (ကမ္ဘာ၁း၂၆–၂၇) တို့အားရွေးနှုတ်ရန် ထာဝရအကြံအစည်တော်ရှိသည်ဟုကျွန်ုပ်ယုံကြည်သည်။ (ကမ္ဘာ၃း၁၅။ ၁၂း၃။ ထွက်၁၉း ၅–၆။ ယေရမိ၃၁း ၃၁–၃၄။ ယေဇ၁၈။ ၃၆း၂၂–၃၉။ တမန်၂း၂၃။ ၃း၁၈။ ၄း၂၈။ ၁၃း၂၉။ ရောမ၃း ၉–၁၈၊ ၁၉–၂၀၊ ၂၁– ၃၁)။ ပဋိညာဉ်အရာများသည် ခရစ်တော်အထဲ၌ပေါင်းစည်းထားသည်။ (ဂလာတိ၃း၂၈–၂၉။ ကော၃း၁၁)။ ဘုရားသခင်သည်ဖုံးကွယ်ထားသောအရာဖြစ်သော်လည်း ယေရှုသည်ယခုအခါဖွင့်ပြခဲ့ပြီဖြစ်သည်။ (ဧဖက်၂း ၁၁–၃း၁၃)၌ သမ္မာကျမ်းစာ၏သော့ချက်မှာအစ္စရေးမဟုတ်၊ ဓမ္မသစ်ကျမ်း၏ဧဝံဂေလိသတင်းကောင်းဖြစ်သည်။**

**ဤကဲ့သို့သောနားလည်မှုသည် ကျွန်ုပ်ပြုသမျှသောသမ္မာကျမ်းစာအနက်ပြန်မှုအားလုံး၏ အခြေခံဖြစ် သည်။ ကျွန်ုပ်သည်သမ္မာကျမ်းစာထဲရှိ အကြောင်းအရာအားလုံး ဤအခြေခံဖြင့်ဖတ်ရှုပါသည်။ ငင်းသည် တစ်ဖက်သတ်ကျသည် မှန်သော်လည်း(အနက်ပြန်သူအားလုံး၌ ထိုကဲ့သို့ဖြစ်သည်။) ငင်းမှာသမ္မာကျမ်းစာနည်း ကျအသိအမြင်များမှရရှိသည်။**

**၁း၆ "သင်တို့သည်လည်း"** ပေါလုသည်ဘုရားသခင်၏ကျေးဇူးတော်နှင့် ဆိုင်၍ပြင်းထန်သော ပုံသက်သေ(အသင်းတော်ကို ညှဉ်းပန်းသူ) ဖြစ်သော်လည်း သူ၏စာဖတ်သူများမှာလည်းဘုရားသခင်၏ ကျေးဇူးတော်နှင့် မထိုက်တန်ခြင်း၏ ပုံသက်သေများဖြစ်ကြသည်။

- **NASB, NKJV " ထိုသခင်ခေါ်ဖိတ်တော်မူသော"**

**NRSV "ယေရှုခရစ်တော်ပိုင်ဆိုင်ရာ အဖြစ်ခေါ်ဖိတ်တော်မူသော"**

**TEV** **"ယေရှုခရစ်တော်ပိုင်ဆိုင်ရာအဖြစ်ဘုရားသခင်ခေါ်ဖိတ်တော်မူသော"**

**NJB** **"ခေါ်ဖိတ်တော်မူခြင်းအားဖြင့် ယေရှုခရစ်တော်ပိုင်ဆိုင်ရာဖြစ်သော"**

ဖြစ်နိုင်သည်မှာ

၁။ "ခေါ်ထုတ်ခံရသူများ" (ဝါ) "စုဝေးနေသူများ" ဟူ၍အဓိပ္ပါယ်ရှိသော "အသင်းတော်" ဆိုသည့် စကားလုံးအားမွေနှောက်ဖော်ပြခြင်း။

၂။ ဘုရားသခင်၏ရွေးကောက်ခြင်းအားရည်ညွှန်းခြင်း (ရောမ ၈း၂၉-၃၀။ ၉း၁။ ဧဖက် ၁း၄၊၁၁။ ၃း၂၁။ ၄း၁၄)

၃။ Revised English Bible ၏ဘာသာပြန်မှု "ခေါ်ဖိတ်တော်မူခြင်းကိုကြားခဲ့ရပြီး၊ ယေရှုခရစ်တော် ပိုင်ဆိုင်ရာဖြစ်သော သင်တို့" သည်ဤစကားစုများအား NRSV, TEV နှင့် JB တို့၏ ဘာသာပြန်မှုများကို ထင်ဟပ် သည်။ အောက်ပါအထူးအကြောင်းအရာကိုကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ "ခေါ်ဖိတ်ခြင်းခံရသော"**

**ဘုရားသခင်သည် ခေါ်ဖိတ်ခြင်း၊ ရွေးကောက်ခြင်းနှင့် ယုံကြည်သူများအားသူထံသို့ပိုးပန်းခြင်းများပြုကာ၊ စတင်ခြင်းပြုလေ့ရှိသည်။ (ယောဟန်၆း၄၄၊၆၅။ ၁၅း၁၆။ ၁ကော၁း၁၂။ ဧဖက်၁း၄–၅၊၁၁) "ခေါ်ဖိတ်ခြင်း" ဟူသောဝေါဟာရကို ဓမ္မပညာဆိုင်ရာ အမြင်အတော်များများ၌အသုံးပြုသည်။**

**က။ ဘုရားသခင်သည်ခရစ်တော်၏ပြီးစီးသွားခဲ့သောအလုပ်နှင့် ဝိညာဉ်ကအပြစ်ဖော်ပြမှုမှ တစ်ဆင့် အပြစ်သားများအား ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရန် ခေါ်ဖိတ်သည်။ (ဥပမာအားဖြင့်** *kletos* **ရောမ ၁း၆–၇။ ၉း၂၄သည် ဓမ္မပညာအားဖြင့် ၁ကော၁း၁–၂ နှင့် ၂တိ ၁း၉။ ၂ပေ၁း၁၀နှင့် ဆင်တူသည်)။**

**ခ။ အပြစ်သားများသည်ကယ်တင်ခြင်းရရန်ကိုယ်တော်၏နာမတော်ကိုခေါ်ကြသည်။ (ဥပမာ** *epikale* **တမန် ၂း၂၁။၂၂း၁၆။ ရောမ ၁၀း၉–၁၃)။ ၄င်းမှာ ဂျူးလူမျိုးတို့၏ဝတ်ပြုကိုးကွယ်ခြင်းစကား တစ်ခုဖြစ်သည်။**

**ဂ။ ယုံကြည်သူတို့ကို ခရစ်တော်ကဲ့သို့ အသက်ရှင်ရန်ခေါ်ဖိတ်သည်။ (ဥပမာ** *klesis* **၁ကော ၁း၂၆။ ၇း၂၀။ ဧဖက် ၄း၁။ ဖိလိပ္ပိ ၃း၁၄။ ၂သက် ၁း၁၁။ ၂တိ ၁း၉)**

**ဃ။ ယုံကြည်သူတို့ကို အမှုတော်တာဝန်ထမ်းဆောင်ရန်ခေါ်ဖိတ်သည်။ (တမန်တော် ၁၃း၂။ ၁ကော ၁၂း၄–၇။ ဧဖက် ၄း၁)**

NASB **(နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ။ ၁း၇**

[2]**ရောမမြို့၌ရှိသော သန့်ရှင်းသူများအဖြစ်ခေါ်ခြင်းခံရသည့်ဘုရားသခင်၏ချစ်ခြင်း ခံရသူအားလုံးအပေါ် ငါတို့၏ခမည်းတော်ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းအသက်ရောက်ပါစေသော။**

**၁း၇ "ဘုရားသခင်၏ချစ်ခြင်းခံရသူ"** ဤစကားစုကိုယေရှု၌ သုံးလေ့ရှိသည်။ (မဿဲ၃း၁၇။ ၁၇း၅)။ ယခုရောမမြို့၌ ရှိသောအသင်းတော်၌သုံး၍ ၎င်းသည် မိမိ၏သားတော်အား ကိုးစား သူများပေါ် ဘုရားသခင်မည်မျှနက်ရှိုင်းစွာ ချစ်ကြောင်း ပြသည်။ ဤကဲ့သို့သောပြောင်းလဲမှုမျိုး ဧဖက်၁း၂၀၌ လည်းတွေ့ရသည်။ (၎င်းမှာယေရှုအတွက် ဘုရားသခင်၏ လုပ်ဆောင်မှုဖြစ်ပြီး၊ ဧဖက်၂း၅-၆ သည်ယုံကြည်သူများအတွက်ယေရှု၏လုပ်ဆောင်မှုဖြစ်သည်။)

- **"ရောမမြို့၌"**ဤအသင်းတော်ကို ပေါလုစတင်ခဲ့ခြင်းမဟုတ်ချေ။ ဤအသင်းတော် မည်သူစတင်ကြောင်း မည် သူမှမသိချေ။ (နိဒါန်း၌ကြည့်) ရောမသြဝါဒစာမှာ တည်ထောင်ခဲ့ပြီးသားအသင်းတော်သို့ မိမိကိုယ် မိမိမိတ်ဆက် ရေးသားသောစာဖြစ်သည်။ ရောမသြဝါဒစာမှာ ပေါလုကမိမိဟောပြောခဲ့သောဧဝံဂေလိ သတင်းကောင်းကို အကောင်းဆုံး တိုးတက်တင်ပြခြင်းဖြစ်သည်။ ရောမမြို့အသင်းတော်အတွင်းဂျူးနှင့် တပါးအမျိုးသား ယုံကြည်သူ များအကြား၌ တင်းမာမှုများရှိကာ ပေါလုသည်၎င်းကို ဤသြဝါဒစာ တစ်လျှောက်လုံး၌ ပြောသည်မှန်သော်လည်း (အထူးသဖြင့် ၉-၁၀) ဤသြဝါဒ စာရေးသားရခြင်းသည် နေရာဒေသတစ်ခု၏ အခြေအနေကြောင့်ဖြစ်စရာအလွန် နည်းပါးသည်။

- **NASB "သန့်ရှင်းသူများအဖြစ်ခေါ်ခြင်းခံရ"**
  **NKJV, NRSV**
  **NJB "သန့်ရှင်းသူများအဖြစ်ခေါ်ခြင်းခံရ"**
  **TEV "သူ့လူမျိုးများဖြစ်ရန်ခေါ်ခြင်ခံရ"**

**"သန့်ရှင်းသူ"** ဟူသောဝေါဟာရမှာ ခရစ်တော်အထဲ၌ယုံကြည်သူများ၏ အနေအထားကို ပြောခြင်းဖြစ်ပြီး (၆း၄ ၏အထူးအကြောင်းအရာ ၌ကြည့်) သူတို့၌အပြစ်ကင်းသည်ဟုမဆိုလိုချေ။ ခရစ်တော်နှင့် ပို၍ပို၍တူလာကြခြင်းကို ပြောခြင်းလည်းဖြစ်ရပေမည်။ ဤဝေါဟာရကို ဖိလိပ္ပိ ၄း၂၁ ကလွဲလျှင် အများပြစကားဖြင့် ဖော်ပြလေ့ရှိသည်။ ထိုကျမ်းပိုဒ်၌ ပင်တစုတပေါင်းတည်း ပြောခြင်းဖြစ်သည်။ ခရစ်ယာန်ဖြစ်ခြင်းသည် လူမှုအသိုင်းအဝိုင်းတစ်ခု၊ မိသား စုတစ်စု၊ ကိုယ်ခန္ဓာတစ်ခု၏အစိတ်အပိုင်းတစ်ခုဖြစ်လာခြင်းဖြစ်သည်။

ပေါလုအားတမန်တော် တစ်ပါးအဖြစ်ခေါ်ကြောင်းအငယ်တစ်၌ရေးသားဖော်ပြသည်။ ယုံကြည်သူများကို "ယေရှုခရစ်တော်ကခေါ်ထားသောသူများ" ဖြစ်ကြသည်ဟု အငယ် ၆ ၌ ဖော်ပြသည်။ ယုံကြည်သူများကိုလည်း အငယ် ၇ ၌ "သန့်ရှင်းသူများ"ဟုခေါ်သည်။ ဤ "ဖိတ်ခေါ်ခြင်း" ၌ဘုရားသခင်၏အစပြုခြင်းအရင်ဆုံးဖြစ်ကြောင်း သမ္မာတရားအား ဓမ္မသစ်ကျမ်း၌ အခိုင်အမာဖော်ပြခြင်းတစ်မျိုးဖြစ်သည်။ (၁း၆ ၏အထူးအကြောင်းအရာကြည့်ပါ)။ အပြစ်ထဲ ကျဆင်းခဲ့ပြီး သူမည်သည့်လူသားကမှ မိမိဟာမိမိဘုရားသခင်အားခေါ်ခြင်းမပြုခဲ့ဘူးချေ။ (၃း၉-၁၃။ ဟေရှာ ယ၅၃း၆။ ၁ပေ၂း၂၅)။ ဘုရားသခင်သည်အစပြုသူဖြစ်လေ့ရှိသည်။ (ယောဟန်၆း၄၄၊၆၅။ ၁၅း၁၆)။ သူသည် ပဋိညာဉ်တရားကို ကျွန်တော်တို့ထံယူလာလေ့ရှိသည်။ (၉း၄ ၏ အထူးအကြောင်းအရာ ၉း၄ ၌ကြည့်ပါ)။ ကျွန်တော်တို့၏ ကယ်တင်ခြင်း၌လည်း ထိုနည်းတူဖြစ်သည်။ (ကျွန်တော်တို့အတွက် မှတ်ယူပေးသောဖြောင့်မတ်ခြင်း (ဝ) တရားဥပဒေအရ ကျွန်တော်တို့၏ရပ်တည်မှု) တိုပြင်အမှုတော်ထိရောက်စွာဆောင်ရွက်နိုင်ရန်ဆုကျေးဇူးပေးခြင်းနှင့် (၁ကော၁၂း၇၊၁၁) ခရစ်ယာန် အသက်တာအတွက်လည်းဖြစ်သည်။ အောက်တွင်ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ သန့်ရှင်းသူများ**

**ငှင်းသည်ဟေဗြဲ** *kadash* **နှင့် အဓိပ္ပါယ်တူဂရိစကားလုံးဖြစ်၍ တစ်စုံတစ်ယောက်၊ တစုံတခု(ဝါ)၊ နေရာတစ်ခုအား** YHWH **အတွက်သက်သက်ထားခြင်းဆိုသည့်အခြေခံအဓိပ္ပါယ်ရှိသည်။** (BDB **၈၇၁)ငှင်းသည် အင်္ဂလိပ်စာ** "the sacred" **–သန့်ရှင်းစေသည့်အရာ သဘောကိုဖော်ပြသည်။** YHWH **သည် မိမိ၏ပင်ကိုယ် သဘာဝ (ဖန်ဆင်းခံမဟုတ်သည့်ထာဝရနာမ်ဝိညာဉ်)နှင့် သူ၏အကျင့်စရိုက် (စုံလင်ပြည့်ဝသောကိုယ်ကျင့်တရား) များအားဖြင့်လူသားများနှင့် သီးသန့်ဖြစ်သည်။ သူသည် အခြားအားလုံးတို့ကို တိုင်းတာရာနှင့် တရားစီရင်ရာစံဖြစ် သည်။ သူသည်ဉာဏ်မမှီနိုင်အောင်ဖြစ်သော သန့်ရှင်းသူဖြစ်သည်။**

**ဘုရားသခင်သည် လူကိုမိတ်သဟာယပြုရန်ဖန်ဆင်းခဲ့သော်လည်းအပြစ်ထဲကျဆင်းခြင်း (ကမ္ဘာ၃) သည် သန့်ရှင်းသောဘုရားနှင့် အပြစ်ရှိသောလူသားအကြား၌ဆက်စပ်မှုနှင့် ကိုယ်ကျင့်တရားသည် အတားအဆီးဖြစ် သွားသည်။ ဘုရားသခင်သည် သိတတ်သောမိမိ၏ဖန်ဆင်းခြင်းကို နဂိုမူလအတိုင်းပြန်ဖြစ်စေရန် ရွေးချယ်သဖြင့်မိမိ ၏လူမျိုးအားသန့်ရှင်းခြင်းရှိရန်ခေါ်ဖိတ်သည်။ (ဝတ်ပြု၁၁း၄၄။ ၁၉း၂။ ၂၀း၇၊၂၆ ၂၁း၈)။ သူ၏လူမျိုးသည် ယုံကြည်ခြင်းအားဖြင့်** YHWH **နှင့် ဆက်စပ်မှုအရာဘုရားသခင်နှင့် မိမိတို့၏ပဋိညာဉ်ဆိုင်ရာအရ ကိုယ်တော်အထဲမိမိတို့၏ ရပ်တည်မှု အနေအထားအားဖြင့် သန့်ရှင်းသူများ ဖြစ်လာကြသည် မှန်သော်လည်းသန့်ရှင်းသောအသက်တာရှိ ရန်လည်းဖိတ်ခေါ်ခြင်းခံကြသည (မဿဲ၅း၄၈)**ˆ**။**

**ယုံကြည်သူများသည် သန့်ရှင်းစွာအသက်ရှင်နိုင်သည်။ အကြောင်းမှာ ယေရှု၏အသက်တာနှင့်အလုပ်အားဖြင့်သူတို့သည်အပြည့်အစုံလက်ခံခြင်းနှင့်အပြစ်လွတ်ခြင်းရရှိကြတာ သန့်ရှင်းသောဝိညာဉ်တော်သည်သူတို့၏စိတ်နှလုံးထဲ၌ရှိနေသောကြောင့်ဖြစ်သည်။ ဤအချက်သည် ဆန့်ကျင်ဘက်ဖြစ်နေဟန်ရှိသောအခြေအနေကိုပြေလည် သွားစေသည်။ ငှင်းတို့မှာ**

**၁။ ခရစ်တော်၏ဖြောင့်မတ်ခြင်းကိုရရှိသောကြောင့် သန့်ရှင်းကြသည်။**

**၂။ ဝိညာဉ်တော်ရရှိသောကြောင့် သန့်ရှင်းစွာအသက်ရှင်ရန်ခေါ်ဖိတ်ခံရသည်။**

**ယုံကြည်သူများသည် "သန့်ရှင်းသူများ"** (*hagioi*) **ဖြစ်ရခြင်းမှာ (၁) သန့်ရှင်းတော်မူသူ/ခမည်းတော်၏<u>အလိုတော်</u> (၂) သန့်ရှင်းသောသားတော် (ယေရှု)၏ <u>အလုပ်</u>ကြောင့်နှင့် (၃) သန့်ရှင်းသောဝိညာဉ်<u>ကျိန်ဝပ်မှု</u>တို့ကြောင့်ဖြစ်သည်။**

**ဓမ္မသစ်ကျမ်းသည် သန့်ရှင်းသူများကိုအများပြစကားဖြင့်ဖော်ပြလေ့ရှိသည်။ (ဖိလိပ္ပိ ၄း၂၁ ၌အနည်းပြစကားသုံးသော်လည်း အကြောင်းအရာကဖော်ပြနေသည်မှာအများကိုရည်ညွှန်းသည်) ကယ်တင်ခြင်းရမှုမှာမိသားစုတစ်ခု၊ ကိုယ်ခန္ဓာတစ်ခု၊ အဆောက်အဦးတစ်ခု၏ အစိတ်အပိုင်း တစ်ခုဖြစ်လာခြင်းပင် ဖြစ်သည်။ သမ္မာကျမ်းစာ နည်းကျယုံကြည်ခြင်းသည် တစ်ဦးချင်းအနေဖြင့်လက်ခံမှုနှင့် အစပြုသော်လည်း စုပေါင်းသောမိတ်သဟာယဖြစ် ပေါ်စေသည်။ အသင်းတော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာအားကျန်းမာစေရန်၊ ကြီးထွားစေရန်နှင့် ကောင်းမွန်စေရန်အတွက် ကျွန်တော်တိုတစ်ယောက်ချင်းအားဆုကျေးဇူးပေးထားသည်။ (၁ကော၁၂း၁၁) ကျွန်တော်တို့ကို အစေခံရန်ကယ်တင်သည်။ သန့်ရှင်းခြင်းသည်မိသားစု၏လက္ခဏာဖြစ်သည်။**

□□**"အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည်သင်တို့၌ ရှိပါစေသော"** ၎င်းမှာ ရှင်ပေါလု၏ အဖွင့်ကောင်းချီးပေးခြင်း ပုံစံဖြစ်သည်။ ၎င်းမှာ ဂရိလူမျိုးတို့၏ 'နှုတ်ဆက်ခြင်း' အစဉ်အလာ ဝေါဟာရ (*charein*) ဖြစ်ပြီး၊ ခရစ်ယာန် ဝေါဟာရစစ်စစ်ဖြစ်သော 'ကျေးဇူးတော်' (*charis*) ဖြစ်သည်။ ပေါလုသည် ဤဂရိအဖွင့်စကားအား ဟေဗြဲတို့၏ အစဉ်အလာနှုတ်ဆက်စကား၊ *ႏူသော*

(ဝါ) 'ငြိမ်သက်ခြင်း' နှင့် ပေါင်းစပ်ခြင်း ဖြစ်နိုင်သည်။ သို့သော် မှန်းဆခြင်းမျှသာ ဖြစ်သည်။ ဓမ္မပညာ သဘောအရ ကျေးဇူးတော် နောက်၌ ငြိမ်သက်ခြင်း လိုက်လာလေ့ရှိကြောင်း မှတ်သားပါ။

□□**"သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်အထံတော်က"** ပေါလုသည် နာမည်နှစ်ခုအတွက် ဝိဘတ်တစ်ခုသာလျှင် ပုံမှန်သုံးလေ့ရှိသည်။ (၁ ကော ၁း၃၊ ၂ ကော ၁း၃၊ ဂလာတိ ၁း၃၊ ဧဖက် ၁း၂၊ ဖိလိပ္ပိ ၁း၁၊ ၂ သက် ၁း၂၊ ၁ တိ၁း၂၊ ၂တိ ၁း၂၊ တိတု ၁း၄)။ ၎င်းမှာ သုံးပါးတစ်ဆူမှ ထိုနှစ်ပါးတို့အား သဒ္ဒါနည်းကျဆက်စပ်ခြင်းနည်း ဖြစ်သည်။ ၎င်းသည် ယေရှုမှာ ဘုရားဖြစ်ကြောင်းနှင့် ခမည်းတော်နှင့် တန်းတူညီကြောင်း အထူးပြုလိမ့်မည် ဖြစ်သည်။

**အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏ ခမည်းတော်အရာ**

၁။ ဓမ္မဟောင်းကျမ်း

- က။ ဖန်ဆင်းမှုအားဖြင့် ဘုရားသခင်မှာ ခမည်းတော်ပင် ဖြစ်သည်။
  - ၁။ ကမ္ဘာဦး ၁း၂၆-၂၇
  - ၂။ မာလ ၂း၁၀
  - ၃။ တမန် ၁၇း၂၈
- ခ။ ခမည်းတော် ဝေါဟာရကို အသွင်အမျိုးမျိုး၌ အဓိပ္ပါယ်တူအဖြစ် သုံးသည်။
  - ၁။ အစ္စရေးလူမျိုး၏ ဖခင် (ရွေးကောက်ခြင်းအားဖြင့်)
    - က။ 'သား' - ထွက်၊ ၄း၂၂၊ တ ၁၄း၁၊ ၃၉း၅၊ ဟေရှာ ၁း၂၊ ၆၃း၁၆။ ၆၄း၈။ ယေ ၃း၁၉၊ ၃၁း၂၀၊ ဟော ၁း၁၀၊ ၁၁း၁။ မာလ ၁း၆
    - ခ။ ''သားဦး' - ထွက်၊ ၄း၂၂။ ယေ၊ ၃၁း၉။
  - ၂။ အစ္စရေးဘုရင်၏ ခမည်းတော် (မေရှိယနှင့်ဆိုင်သည်)
    - က။ ၂ ဓမ္မ ၇း၁၁-၁၆
    - ခ။ ဆာ ၂း၇။ တရား ၁၃း၃၃။ ဟေဗြ ၁း၅၊ ၅း၅
    - ဂ။ ဟော ၁၁း၁၊ မ ၂း၁၅
  - ၃။ ချစ်သော မိဘနှင့်ဆိုင်၍ ဆင်တူစကားများ
    - က။ ဖခင် (တင်စားခြင်း - )
      - (၁) သူ့သားကို ကျောပိုးသည် - တရား ၁း၃၁
      - (၂) စည်းကမ်းကြပ်မတ်သည် - တရား ၈း၅။ သု ၃း၁၂
      - (၃) ထောက်ပံ့သည် (ထွက်မြောက်ရာ) - တရား ၃၂း၁
      - (၄) စွန့်ခွါမည်မဟုတ် - ဆာ ၂၇း၁၀
      - (၅) ချစ်သည် - ဆာ ၁၀၃း၁၃
      - (၆) မိတ်ဆွေ/လမ်းပြ - ယေ ၃း၄
      - (၇) ရောဂါပျောက်စေသူ/အပြစ်လွှတ်သူ - ယေ ၃း၂၂
      - (၈) ဂရုဏာပြုသူ - ယေ၊ ၃၁း၂၀
      - (၉) လေ့ကျင့်ပေးသူ - ဟော ၁၁း၁-၄
      - (၁၀) အထူးသား - မာလ ၃း၁၇
  - ခ။ မိခင် တင်စားခြင်း (metaphor)

(၁) စွန့်ခွါမည်မဟုတ် - ဆာ ၂၇း၁၀

(၂) သားထိန်းမိခင်ကဲ့သို့ ချစ် - ဟောရှာ ၄၉း၁၅။ ၆၆း၉-၁၃ နှင့် ဟော ၁၁း၄ (ထမ်းပိုးသဘောဖြင့် အကြံပေးမှုကို 'သားကလေး' သဘောဖြင့် ပြောင်းလဲသည်)

၂။ ဓမ္မသစ်ကျမ်း

က။ သုံးပါးတစ်ဆူ (သုံးပါးစလုံး ဖော်ပြသော ကျမ်းပိုဒ်များ)

၁။ ခရစ်ဝင်ကျမ်းများ

(က) မ ၃း၁၆-၁၇။ ၂၈း၁၉

(ခ) ယော ၁၄း၂၆

၂။ ပေါလု

(က) ရောမ ၁း၄-၅။ ၅း၁၊ ၅။ ၈း၁-၄၊ ၈-၁၀

(ခ) ၁ ကော ၂း၈-၁၀။ ၁၂း၄-၆

(ဂ) ၂ ကော ၁း၂၁။ ၁၃း၁၄

(ဃ) ဂလ ၄း၄-၆

(င) ဧ ၁း၃-၁၄၊ ၁၇။ ၂း၁၈။ ၃း၁၄-၁၇။ ၄း၄

(စ) ၁ သက် ၁း၂-၅

(ဆ) ၂ သက် ၂း၁၃

(ဇ) တိ၊ ၃း၄-၆

၃။ ပေတရု - ၁ ပေ ၁း၂

၄။ ယုဒ - ငယ် ၂၀-၂၁

ခ။ ယေရှု

၁။ ယေရှုအား 'တစ်ပါးတည်းသောသူ အဖြစ်' - ယော ၁း၁၈။ ၃း၁၆၊ ၁၈။ ၁ ယော ၄း၉

၂။ ယေရှုအား 'ဘုရားသခင်၏ သားတော်အဖြစ်' - မဿဲ ၄း၃။ ၁၄း၃၃။ ၁၆း၁၆။ လုကာ ၁း၃၂၊ ၃၅။ ယော ၁း၃၄၊ ၄၉။ ၆း၆၉။ ၁၁း၂၇

၃။ ယေရှုအား ချစ်တော်မူသော သားတော်အဖြစ် - မ၊ ၃း၁၇။ ၁၇း၅

၄။ ယေရှုသည် ဘုရားသခင်အား (abba-အဗ္ဗ) ဟု ခေါ်သည်။ မာ ၁၄း၃၆

၅။ ယေရှုသည် သူနှင့် ကျွန်တော်တို့နှစ်မျိုးစလုံး၏ ဘုရားသခင်နှင့် တော်စပ်မှုကို ဖော်ပြရာ၌ နာမ်စားများ သုံးသည်။

(က) 'ငါ၏ အဘ' ဥပမာ ယော ၅း၁၈။ ၁၀း၃၀၊ ၃၃။ ၁၉း၇။ ၂၀း၁၇

(ခ) 'သင်တို့၏ အဘ' ဥပမာ မ၊ ၇း၂၄-၂၇

(ဂ)။ 'ငါတို့၏ အဘ' ဥပမာ မ၊ ၆း၉၊ ၁၄၊ ၂၆

ဂ။ ဘုရားသခင်နှင့် လူသားမျိုးနွယ်၏ ရင်းနှီးသောတော်စပ်မှုအား ရှင်းလင်းရေးသားရန် မိသားစုဆိုင်ရာ တင်စားမှုများစွာအနက် တစ်ခုမှာ

၁။ ဘုရားသခင်အား အဘအဖြစ်

၂။ ယုံကြည်သူများအား

က။ ဘုရားသခင်၏ သားများအဖြစ်

ခ။ ကလေးများ (children) အဖြစ်

ဂ။ ဘုရားသခင် ဖြစ်ဖွားစေသော သူများအဖြစ်
ဃ။ အသစ်မွေးဖွားသူများအဖြစ်
င။ မွေးစားသားအဖြစ်
စ။ မွေးထုတ်သည်
ဆ။ ဘုရားသခင်၏ မိသားစုအဖြစ်

**NASB (နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ၁း၈-၁၅**

၈သင်တို့၏ ယုံကြည်ခြင်းသည် တစ်ကမ္ဘာလုံး၌ ဟိုးလေးတကျော် ဖြစ်နေသဖြင့်
သင်တို့အားလုံးကြောင့် ယေရှုခရစ်တော်အားဖြင့် ငါ၏ ဘုရားသခင်အား ပထမဦးစွာ ကျေးဇူးတင်ပါ၏။
၉ငါဆုတောင်းသည့်အခါ သင်တို့အားလုံးအကြောင်း အဘယ်မျှလောက် မပြတ်မလပ် ဖော်ပြကြောင်း
မိမိသားတော်၏ ဧဝံဂေလိတရားအား ဟောရာ၌ ငါ၏ စိတ်ဝိညာဉ်အားဖြင့် အစေခံရာ
ဘုရားသခင်သည် ငါ၏ သက်သေဖြစ်၏။ ၁၀ယခုနောက်ဆုံး၌ ဘုရားသခင်၏ အလိုတော်အားဖြင့်
သင်တို့ထံသို့ ငါလာရောက်နိုင်ကောင်း လာရောက် နိုင်မည်လားဟု ဆုတောင်းပါသည်။
၁၁သင်တို့ခိုင်ခံ့နိုင်ရန်၊ ဝိညာဉ်ဆုကျေးဇူးအချို့အား ဝေမျှနိုင်ရန် သင်တို့ကို ငါတွေ့လိုပါသည်။ ၁၂၎င်းမှာ
သင်တို့၌ရှိသော ယုံကြည်ခြင်းနှင့် ငါ၌ရှိသော ယုံကြည်ခြင်းအားဖြင့် ငါတို့သည် တစ်ယောက်၏
ယုံကြည်ခြင်းကြောင့်၊ အခြားတစ်ယောက်၏ ယုံကြည်ခြင်းကို အားပေးကာ၊ သင်တို့နှင့်အတူ နေစဉ်
ငါသည် ခွန်အားရနိုင်မည်အကြောင်း ဖြစ်၏။ ၁၃အခြားသော တပါးအမျိုးသားများ၌မှာနည်းတူ
သင်တို့၌လည်း အသီးအချို့ရနိုင်ရန် အလို့ငှါ၊ သင်တို့ဆီလာရန် ငါမကြာခဏ စီစဉ်ကြောင်း (ယနေ့ထိ
ဟန့်တားခြင်းခံရသည်) ညီအစ်ကိုတို့မသိဘဲ နေခြင်းငှါ ငါမလိုမရှိချေ။ ၁၄ငါသည် ဂရိလူမျိုးမှာ နည်းတူ
မယဉ်ကျေးသေးသူများ၊ ပညာရှိသူများနှင့် ပညာမဲ့သူ နှစ်မျိုးစလုံးပေါ် တာဝန်ရှိ ပါသည်။ ၁၅သို့ဖြစ်ရကား
ငါ့အနေဖြင့်မူ ရောမမြို့၌ရှိသော သင်တို့ဆီ၌လည်း ဧဝံဂေလိတရားဟောရန် ဆန္ဒပြင်းပြပါသည်။

**၁း၈ 'ပထမဦးစွာ'** ဤစာပိုဒ်၌ 'ပထမဦးစွာ' ဆိုသည်မှာ 'အစပထမ၌' (ဝ) 'ငါအစပြုရဦးမည်' ဟု အဓိပ္ပါယ်ရှိသည်။ (J.B.Phillips)

**□□"ယေရှုခရစ်တော်အားဖြင့်/မှတစ်ဆင့် ငါ၏ ဘုရားသခင်အား ကျေးဇူးတင်ပါ၏။** ပေါလုသည် ဘုရား သခင်ထံ ဆုတောင်းသည့်အခါ ပုံမှန်အားဖြင့် ယေရှုခရစ်တော်မှတဆင့် ပြောလေ့ရှိသည်။ ယေရှုသည်သာလျှင် ဘုရားသခင်ထံ ချဉ်းကပ်ရန် ကျွန်တော်တို့၏ တစ်ခုတည်းသော လမ်းဖြစ်သည်။ ၇း၂၅ ၏ အထူးအကြောင်းအရာ၌ ပေါလု၏ ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း ဆုတောင်းမှုများ ကြည့်ပါ။

□□"သင်တို့အားလုံးအကြောင်းကြောင့်" အခန်းငယ် ၇ မှာနည်းတူ 'အားလုံး' ဟူသောစကားသည် နေးရိုး ဘုရင်၏ အမိန့်ကြောင့် ထွက်ပြေးသွားခဲ့ရသည့် ဂျူးလူမျိုးယုံကြည်သူများနှင့် ၎င်းတို့၏ နေရာကို

အစားထိုးသည့် တပါးအမျိုးသားယုံကြည်သူများအကြား မနာလိုမှုနှင့် တိုက်ခိုက်မှုအား ထင်ဟပ်ခြင်း ဖြစ်နိုင်သည်။ ရောမ ၉-၁၁ ၌လည်း ဤအကြောင်းကိုပင် ပြောသည်။

ရောမ ၁၄း၁-၁၅း၁၃ ၌ ပါရှိသည့် 'အားနည်းသူ' နှင့် 'အားကြီးသူ' များအကြောင်းကို ပြောခြင်းလည်း ဖြစ်နိုင်သည်။ ဘုရားသခင်သည် ရောမမြို့အသင်းတော်ရှိ အားလုံးကို ချစ်ပြီး၊ သူတို့ကို ညီတူညီမျှ ချစ်တော်မူသည်။

□□**"သင်တို့၏ ယုံကြည်ခြင်းအရာသည် တကမ္ဘာလုံး၌ ဟိုးလေးတကျော် ဖြစ်နေသဖြင့်"** ရောမ ၁၆း၁၉ သည် ဤအရာကိုပင် ညွှန်းဆိုသည်။ ၎င်းသည် ရောမလောက/အင်ပါယာကိုပင် ညွှန်းဆိုသည့် အရှေ့တိုင်းပုံစံချဲ့ကားပြောဆိုမှုဖြစ်ကြောင်း ထင်ရှားသည် (၁ သက်၊ ၁း၈)။

**၁း၉ "ဘုရားသခင်သည် ငါ၏ သက်သေဖြစ်တော်မူ၏"** ပေါလုသည် ဘုရားသခင်၏ နာမတော်ကို တိုင်တည်ကာ ကျိန်ဆိုခြင်း ဖြစ်သည်။ (၉း၁၊ ၂ကော ၁း၂၃၊ ၁၁း၁၀-၁၁၊ ၃၁။ ၁၂း၁၉။ ဂလတိ ၁း၂၀။ ၁သက် ၂း၅)။ ၎င်းမှာ သူ၏ သစ္စာရှိမှုကို ဂျူးပုံစံဖြင့် အခိုင်အမာပြောဆိုခြင်း ဖြစ်သည်။

□

**NASB** **"အဘယ်မျှလောက်မပြတ်မလပ်"**

**NKJV, NRSV** **"မပြတ်မလပ်"**

**NJB** **"အဆက်မပြတ်ဖော်ပြကာ"**

**NIV** **"မည်မျှ တစိုက်မတ်မတ်ဖြင့်"**

ပေါလု၏ တစိုက်မတ်မတ်နှင့် အလျင်လိုသော ဆုတောင်းမှုများသည် (၁သက် ၁း၂၊ ၂း၁၃။ ၂တိ ၁း၃) အသင်းတော်ခေါင်းဆောင်များ ဖွဲကောင်းစွာ လိုက်ရမည့် ပုံသက်သေတစ်ခု ဖြစ်ရပါမည် (၁သက် ၅း၁၇)။ ဆုတောင်းခြင်းသည် တန်ခိုးကြီးသော ဝိညာဉ်တံခါးများ ဖွင့်သည်။ ကျွန်တော်တို့ မတောင်းသောကြောင့် မရခြင်းဖြစ်သည် (ယာကုပ် ၄း၂)။

□□"စိတ်ဝိညာဉ်နှင့်အားဖြင့်" ၎င်းသည် ဂရိစကား *(pneuma)* အားလူ့ဝိညာဉ်အဖြစ် အသုံးပြုခြင်း၏ ဥပမာကောင်း တစ်ခုဖြစ်သည်။ (၈း၅၊ ၁၀၊ ၁၆။ ၁၂း၁၁)။ ၎င်းမှာ လူ၏အသက်ကို (ထွက်သက် ဟေဗြဲ *ruach, BDB 924* က ၆း၁၇။ ၇း၁၅၊၂၂) ပြောခြင်းဖြစ်သည်။

**အထူးအကြောင်းအရာ။ ဓမ္မသစ်ကျမ်းထဲက ဝိညာဉ် (*PNEUMA*) စကားလုံး**

ဂရိဝေါဟာရ 'ဝိညာဉ်' ကို ဓမ္မသစ်ကျမ်း၌ အဓိပ္ပါယ်အတော်များများ အတွက်သုံးသည်။ အမျိုးအစားအချို့အတွက် ဥပမာများ ဤတွင် ဖော်ပြသည်။

က။ သုံးပါးတစ်ဆူဘုရားနှင့် ဆိုင်၍

၁။ ခမည်းတော်ဘုရားနှင့်ဆိုင်၍ (ယော ၄း၂၄)

၂။ သားတော်ဘုရားနှင့်ဆိုင်၍ (ရော ၈း၉-၁၀။ ၂ ကော ၃း၁၇။ ဂလ ၄း၆။ ၁ ပေ၊ ၁း၁၁)

၃။ သန့်ရှင်းသော ဝိညာဉ်တော်နှင့်ဆိုင်၍ (မာ၊ ၁း၁၁။ မ ၃း၁၆။ ၁၀း၂၀။ ယော ၃း၅၊၆၊၈။ ၇း၃၉။ ၁၄း၁၇။ တ ၂း၄။ ၅း၉။ ၈း၂၉၊ ၃၅။ ရောမ ၁း၄။ ၈း၁၁၊၁၆။ ၁ ကော ၂း၄၊၁၀၊၁၁၊ ၁၃၊၁၄။ ၁၂း၇)

ခ။ လူ့အသက်၏ ခွန်အား

၁။ ယေရှုနှင့်ဆိုင်၍ (မာ ၈း၁၂။ ယော ၁၁း၃၃၊ ၃၈။ ၁၃း၂၁)

၂။ လူသားနှင့်ဆိုင်၍ (မ၊ ၂၂း၄၃။ တ၊ ၇း၅၉။ ၁၇း၁၆။ ၂၀း၂၂။ ရော ၁း၉။ ၈း၁၆။ ၁ ကော ၂း၁၁။ ၅း၃-၅။ ၇း၃၄။ ၁၅း၄၅။ ၁၆း၁၈။ ၂ ကော ၂း၁၃။ ၇း၁၃။ ဖိ ၄း၂၃။ ကော ၂း၅)။

ဂ။ ဝိညာဉ်လောကနှင့်ဆိုင်၍

၁။ ဝိညာဉ်သတ္တဝါများ

(က) ကောင်းသော (ကောင်းကင်တမန်များ၊ တ ၂၃း၈-၉။ ဟေဗြဲ ၁း၁၄)

(ခ) ဆိုးသော (ဝိညာဉ်ဆိုးများ/နတ်ဆိုးများ၊ မ ၈း၁၆။ ၁၀း၁။ ၁၂း၄၃၊ ၄၅။ တ၊ ၅း၁၆။ ၈း၇။ ၁၆း၁၆။ ၁၉း၁၂-၂၁။ ဧ ၆း၁၂)။

(ဂ) တစ္ဆေများ (လုကာ ၂၄း၃၇)

၂။ ဝိညာဉ်ရေးရာ အသိအမြင် (မ ၅း၃။ ၂၆း၄၁။ ယော ၃း၆။ ၄း၂၃။ တ ၁၈း၂၅။ ရော ၂း၂၉။ ၇း၆။ ၈း၄၊၁၀။ ၁၂း၁၁။ ၁ ကော ၁၄း၃၇။

၃။ ဝိညာဉ်အရာများ (ယော ၆း၆၃။ ရော ၂း၂၉။ ၈း၂၅၊၉၊၁၅။ ၁၅း၂၇။ ၁ ကော ၉း၁၁။ ၁၄း၁၂)

၄။ ဝိညာဉ်ဆုကျေးဇူးများ (၁ ကော ၁၂း၁။ ၁၄း၁)

၅။ ဝိညာဉ်မှုတ်သွင်းခြင်း (မ၊ ၂၂း၄၃။ လု ၂း၂၇။ ဧ ၁း၁၇)

၆။ ဝိညာဉ်ခန္ဓာ (၁ ကော၊ ၁၅း၄၄-၄၅)

ဃ။ ထင်ရှားစေသောအရာများမှာ

၁။ လောကစိတ်နေသဘောထား (ရော ၈း၁၅။ ၁၁း၈။ ၁ ကော ၂း၁၂)

၂။ လူသား၏ စဉ်းစားခြင်းအလုပ် (တ၊ ၆း၁၀။ ရော ၈း၆။ ၁ ကော ၄း၂၁)

င။ ရုပ်လောက၌

၁။ လေ (မ ၇း၂၅၊၂၇။ ယော ၃း၈။ တ ၂း၂)

၂။ ထွက်သက် (တ ၁၇း၂၅။ ၂ သက် ၂း၈)

ဤဝေါဟာရကို ၎င်း၏ ပေါ်လာရာစာပိုဒ်ရှိ အကြောင်းအရာအားဖြင့် အနက်ပြန်ရမည်မှာ သေချာသည်။ ညွှန်းဆိုနိုင်သော အဓိပ္ပါယ် အရိပ်အမြွက်အချို့ရှိသည်။ (၁) ရုပ်လောက (၂) မမြင်နိုင်သော လောက (၃) ရုပ်ကမ္ဘာ (ဝါ) ဝိညာဉ်လောက၏ ပုဂ္ဂိုလ်များ။

သန့်ရှင်းသော ဝိညာဉ်တော်သည် သန့်ရှင်း၍ အကြီးမြင့်ဆုံး လုပ်ဆောင်သူ၊ သုံးပါးတစ်ဆူဘုရား၏ ဝိညာဉ်အပိုင်း ဖြစ်သည်။ ကောင်းသော၊ သန့်ရှင်းသော၊ မှန်၍ စစ်မှန်သော အရာအားလုံးသည် သူနှင့်ဆိုင်သည်။ သူ၏ ရှိနေခြင်း၊ သူ၏ ဆုလက်ဆောင်နှင့် အမှုတော်ဆောင်ရွက်ခြင်းများသည် ဧဝံဂေလိတရား ပြန့်ပွားမှုနှင့် ဘုရားသခင်၏ နိုင်ငံတော် အောင်မြင်ရေးအတွက် အမြတ်ဆုံးသော အရာဖြစ်သည်။ (ယော ၁၄ နှင့် ၁၆)။ သူသည် မိမိထံအာရုံမဆွဲဆောင်ဘဲ၊ ခရစ်တော်ထံသို့သာ အာရုံဆွဲဆောင်စေသည်။ (ယော ၁၆း၁၃-၁၄)။ သူသည် အပြစ်ကို ဖော်ပြသည်။ သဘောပေါက်နားလည်စေသည်။ ပိုးပန်းသည်/သွေးဆောင်သည်။ ဗတ္တိဇံပေးသည်။ ယုံကြည်သူအားလုံးတို့ကို ရင့်ကျက်စေသည် (ယော ၁၆း၈-၁၁)

**၁း၁၀ 'အစဉ်မပြတ်ဆုတောင်းပဌနာပြုသည်။'** ပေါလုသည် ဤအသင်းတော်အား တည်ထောင်ခြင်း မဟုတ်သော်လည်း ယူဆောင်သော အသင်းတော်များအားလုံးနည်းတူ တစိုက်မတ်မတ် ဆုတောင်းပေးသည် (၂ ကော၊ ၁၁း၂၈)။ အထူးအကြောင်းအရာ။ ကြားဝင်ဆုတောင်းပေးခြင်း။ ၉း၃ ၌ ကြည့်ပါ။ သို့သော် ရောမမြို့အသင်းတော်၌ ပေါလု၏ မိတ်ဆွေအများအပြားရှိကြောင်း အခန်းကြီး ၁၆ ၌ ရှင်းလင်းစွာ ဖော်ပြသည်။

□□**"အခွင့်တစုံတခုရှိနိုင်ဦးမလားဟု ဆိုကာ** (ရှိပါမည်အကြောင်း)"။ ထိုသို့ အမှန်ဖြစ်လာမည်ဟု စာရေးသူမှတ်ယူထားခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် စာပါအတိုင်းလည်း ဖြစ်နိုင်သော ချွင်းချက်ပါ ဝါကျမျိုး ဖြစ်သည်။ ပေါလုသည် စပိန်ပြည်သွားရင်း ရောမမြို့သို့ ခရီးသွားဟန်လွှဲလည်ပတ်ရန် စီစဉ်သည်။ (၁၅း၂၂-၂၄)။ ကြာကြာနေရန် စီစဉ်ပုံမရချေ။ ပေါလုသည် အခြားသူများ မလုပ်မကိုင်ခဲ့ရာ နယ်မြေဒေသသစ်များ၌ လုပ်ဆောင်လိုလေ့ရှိသည်။ (၁၅း၂၀။ ၂ ကော၊ ၁၀း၁၅၊၁၆)။ ရောမသြဝါဒစာ ရေးခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ စပိန်ပြည်သာသနာပြုခရီးအတွက် ရံပုံငွေတောင်းရန်လည်း ဖြစ်နိုင်သည် (၁၅း၂၄)။

□□**"ဘုရားသခင် အလိုတော်အားဖြင့် အဆင်သင့်၍ သင်တို့ရှိရာသို့ ငါလာရသော အခွင့်တစုံတရာရှိပါမည်အကြောင်း။"** ၎င်းသည် အငယ် ၁၃ နှင့် ၁၅း၃၂ တို့နှင့် တူသည်။ ပေါလုသည် မိမိဘဝနှင့်ခရီးစဉ် စီမံချက်များကို သူပိုင်ဆိုင်သည်မဟုတ်ဘဲ၊ ဘုရားသခင်ကသာ ပိုင်သည်ဟု ခံယူသည် (တ၊ ၁၈း၂၁။ ၁ ကော ၄း၁၉။ ၁၆း၇)။ ၁၂း၂ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ။
ဘုရားသခင်၏ အလိုတော်ကို ယုံကြည်သူ၏ ဆုတောင်းမှုများက အကျိုး သက်ရောက်စေနိုင် ကြောင်းလည်း မှတ်သားပါ။

**၁း၁၁ "သင်တို့ကို အလွန်တွေ့မြင်ချင်ပါ၏။"** ၎င်းသည် ၁၅း၂၃ နှင့် တူသည်။ ပေါလုသည် ရောမမြို့ရှိ ယုံကြည်သူများကို ကာလကြာမြင့်စွာကပင် တွေ့မြင်လိုသည်။ (တ၊ ၁၉း၂၁)။

□□**"ဝိညာဉ်ဆုကျေးဇူးတစုံတခုကို အပ်ပေးခြင်းငှါ"**

'ဝိညာဉ်ဆုကျေးဇူး' ဆိုသည့် စကားစုအား ဝိညာဉရေးရာ အသိအမြင် (ဝါ) ဝိညာဉ်ရေး ကောင်းချီးဟူသော အမြင်ဖြင့် အသုံးပြုခြင်း ဖြစ်သည်။ (၁၁း၂၉။ ၁၅း၂၇)။ ပေါလုသည် မိမိအား တပါးအမျိုးသား (အစ္စရေးမဟုတ်သော အခြားလူမျိုးများ) အတွက် တမန်တော်အဖြစ် ထူးခြားစွာ ခေါ်ဖိတ်ခံရသူအဖြစ် မိမိကိုယ်မိမိ သိမြင်သည် (ငယ်၊ ၁၅)။

□□**"သင်တို့သည် မြဲမြံခိုင်ခံ့မည်အကြောင်း"** ၎င်းသည် *histēmi* ၏ *Aorist Passive Infinitive* ခေါ် အပြုခံကြိယာ တစ်မျိုးဖြစ်သည်။ အဓိပ္ပါယ်သုံးမျိုးရှိနိုင်သည်။

၁။ မြဲမြံ - ရော၊ ၁း၁၁။ ၁၆း၂၅။ ၁ သက် ၃း၁၃။ ၂ ပေ ၁း၁၂

၂။ ခွန်အားပေး - လု၊ ၂၂း၃၂။ ၁ သက် ၃း၂။ ၂ သက်၊ ၂း၁၇။ ၃း၃။ ယာကုပ် ၅း၈။ ဗျာ ၃း၂။

၃။ ခိုင်မာသော ဆုံးဖြတ်ချက်အတွက် အရှေ့အလယ်ပိုင်း ဘာသာစကား၊ လုကာ ၉း၅၁။ ၅း၂ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ။

**၁း၁၂** ၎င်းမှာ ခရစ်ယာန်မိတ်သဟာယ၏ ရည်ရွယ်ချက်ဖြစ်သည်။ ဆုကျေးဇူးများသည် အလုပ်လုပ်သော အသိုင်းအဝိုင်း တစ်ခုအဖြစ် ယုံကြည်သူများအား ပေါင်းစည်းရန် ဖြစ်သည်။ ခရစ်ယာန်တို့ကို ဆုကျေးဇူးများ ပေးသည်မှာ အားလုံး၏ ကောင်းကျိုးအတွက် ဖြစ်သည် (၁ ကော ၁၂း၇)။ ဆုကျေးဇူးများအားလုံး ဆီလျော်သင့်တော် ကြသည်ချည်းဖြစ်၏။ ဆုကျေးဇူးအားလုံးကို ကယ်တင်ခြင်းရချိန်၌ သန့်ရှင်းသော ဝိညာဉ်က ပေးသည် (၁ ကော ၁၂း၁၁)။ ယုံကြည်သူအားလုံး ခေါ်ဖိတ်ခံသူများ၊ ဆုကျေးဇူးရရှိသူများနှင့် အချိန်ပြည့် အမှုဆောင်များဖြစ်သည် (ဧ၊ ၄း၁၁-၁၂)။ မိမိ၌ တမန်တော်အဖြစ် အခွင့်အာဏာရှိကြောင်း မိမိသိရှိထားမှုကို ပေါလုရှင်းလင်းစွာ ဖော်ပြသော်လည်း အသိုင်းအဝိုင်းအတွင်း အပြန်အလှန်သဘောဖြစ်ခြင်းကိုလည်း ဖော်ပြသည်။ ယုံကြည်သူများသည် အချင်းချင်း တစ်ယောက်ကို တစ်ယောက် လိုအပ်ကြသည်။ ယုံကြည်သူများသည် ခရစ်တော်၏ ကိုယ်ခန္ဓာချင်းများ ဖြစ်ကြသည်။

**၁း၁၃ "သင်တို့မသိဘဲ နေခြင်းငှါ၊ ငါအလိုမရှိ။"** ၎င်းသည်အရေးကြီးသော အကြောင်းအရာများ မပြောမီ ပေါလု သုံးနေကျစကားဖြစ်သည် (၁၁း၂၅။ ၁ ကော၊ ၁၀း၁။ ၁၂း၁။ ၂ ကော၊ ၁း၈။ ၁ သက်၊ ၄း၁၃)

□□**"ယခုတိုင်အောင်ဟန့်တားခြင်းခံရသည်။"** ၎င်းမှာ အပြုခံကြိယာတစ်မျိုး ဖြစ်သည်။ ဤစကားစုမျိုးကို ၁ သက်၊ ၂း၁၈ ၌လည်း တွေ့ရပြီး၊ ဟန့်တားသူမှာ စာတန်ဖြစ်သည်။ မိမိ၏ အသက်တာကို ဘုရားသခင် လမ်းပြပြီး၊ စာတန်က ဖျက်ဆီးသည်ဟု ပေါလု ယုံကြည်သည်။ နှစ်မျိုးစလုံးမှန်သင့်သလောက် မှန်ပါသည်။ (ယောဘ၊ ၁-၂။ ဒံ၊ ၁၀)။ ၁၅း၂၂ ၌ ဤဝေါဟာရအသုံးပြုရာ၌ တားဆီးမှုမှာ မြေထဲပင်လယ်အရှေ့ဖက်ဒေသ အတွင်းမပြီးပြတ်သေးသော (ပိတ်ဆို့ခံရသည်) ပေါလု၏ သာသနာပြု လုပ်ငန်းကို ဆိုလိုသည်။

□□**"သင်တို့တွင်လည်း အကျိုးတစုံတစ်ခုရခြင်းငှါ"** ဤနေရာရှိ "အကျိုး" ဆိုသည်မှာ "fruit"-အသီး ဖြစ်ပြီး ယုံကြည်ပြောင်းလဲသူ အသစ်များကို ဆိုလိုခြင်း ဖြစ်နိုင်သော်လည်း၊ ယော၊ ၁၅း၁-၈ နှင့် ဂလာ ၅း၂၂ တို့၌မူ ခရစ်ယာန်ရင့်ကျက်မှုကို ညွှန်းဆိုသည်။ မဿဲ ၇ ၌ "သူတို့၏ အသီးအားဖြင့် သူတို့ကို သိရလိမ့်မည်" ဟု ဆိုသော်လည်း မည်သို့သော အသီးဖြစ်ကြောင်း မဖော်ပြချေ။ (မြန်မာကျမ်းစာ၌မူ

"အကျင့်" ဟု ပါရှိသည်) ၎င်းနှင့်အကောင်းဆုံးကျမ်းပြိုင်တစ်ခုမှာ ဖိ၊ ၁း၂၂ ဖြစ်ပြီး ပေါလုက ဤကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ တင်စားမှုစကားလုံး သုံးပါသည်။

**၁း၁၄ "အကြွေးသည် ငါ၌တင်လျက်ရှိ၏"** ဤဝေါဟာရကို ရောမဩဝါဒစာထဲ၌ ပေါလုအတော်များများ သုံးသည်။

၁။ တပါးအမျိုးသားများအားလုံး၌ (ဤနေရာတွင်) ဧဝံဂေလိတရားဟောရန် ပေါလု၌ တာဝန်ရှိသည်။
၂။ သွေးသား ဇာတိအပေါ် ပေါလု၌ တာဝန်မရှိ/အကြွေးမတင် (၈း၁၂)
၃။ တပါးအမျိုးသားအသင်းတော်သည် ယေရုရှလင်မြို့ရှိ မိခင်အသင်းတော်အား ပံ့ပိုးရန် တာဝန်ရှိ (၁၅း၂၇)

□□**"တပါးအမျိုးသား** - (ဂျူးမဟုတ်သူများ)" ဖွံ့ဖြိုးတိုးတက်သော၊ ယဉ်ကျေးမှု ထွန်းကားသည့် မြေထဲပင်လယ် တဝိုက်ဒေသလူများကို ညွှန်းသည်။ မဟာအလက်ဇန္ဒြား ဘုရင်ကြီးနှင့် သူ့နောက်လိုက်များသည် ထိုစဉ်က သိရသည့် ကမ္ဘာအား ဂရိယဉ်ကျေးမှု သွတ်သွင်းခဲ့ကြသည်။ (နူနည၀ဖနိ) ရောမလူမျိုးတို့ သိမ်းပိုက်ပြီးနောက် ဂရိယဉ်ကျေးမှုကို ခံယူကြသည်။

□□**"မယဉ်ကျေးသောသူများ"** ဤဝေါဟာရ (*Barbarians-onomatopoeia*) သည် ပညာမတတ်သော၊ မယဉ်ကျေးသော လူမျိုးအုပ်စုများ၊ အထူးသဖြင့် မြောက်ပိုင်းဒေသ လူမျိုးများကို ဆိုလိုသည်။ သူတို့စကားပြောသံသည် ဂရိလူမျိုးများနှင့် ရောမလူမျိုးများအတွက် "ဘား၊ ဘား၊ ဘား" နှင့် တူသည်။

□□**"ပညာရှိသူများနှင့် ပညာမဲ့သူ"** မူရင်း ဂရိ၌ ၎င်းသည် "barbarian" နှင့် ဆင်တူဖြစ်နိုင်သော်လည်း၊ ထိုသို့မဟုတ်ချေ။ ဤအုပ်စုအားလုံးနှင့် လူတစ်ဦးချင်းအားလုံးအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

> **NASB (နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ။ ၁း၁၆-၁၇**
> [16]ဧဝံဂေလိတရားသည် ယုံကြည်သောသူတိုင်း ပထမဦးစွာ ဂျူးများနှင့် တစ်ပါးအမျိုးသားများအား ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သဖြင့် ငါသည် ၎င်းကြောင့် ရှက်ကြောက်ခြင်း မရှိချေ။ [17] အဘယ်ကြောင့်ဆိုသော "ဖြောင့်မတ်သော သူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်" ဟု ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ၎င်းတရား၌ ယုံကြည်ခြင်းမှ ယုံကြည်ခြင်းအတွက် ဖွင့်ပြလျက်ရှိသည်။

**၁း၁၆-၁၇။** အငယ် ၁၆-၁၇သည် ဤဩဝါဒစာတစ်အုပ်လုံးရဲ့ ဦးတည်ချက်ဖြစ်သည်။ ဤဦးတည်ချက်ကို ၃း၂၁-၃၁ ၌ အကျယ်ချဲ့ကာ အကျဉ်းချုပ်သည်။

၁း၁၆

**NASB, NRSV “ငါသည် ဧဝံဂေလိတတရားကြောင့် မရှက်ချေ။”**

**NKJV “ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် မရှက်ချေ။”**

**TEV “ငါသည် ဧဝံဂေလိတရား၌ ယုံကြည်စိတ်ချမှု အပြည့်အဝရှိသည်။”**

**NJB “ငါသည် သတင်းကောင်းကြောင့် မရှက်ချေ။”**

ပေါလုသည် မာ၊ ၈း၃၈ နှင့် လု၊ ၉း၂၆ တို့ပါ ယေရှုပြောစကားများအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ သူသည် ဧဝံဂေလိတရား၌ပါသော အရာများ (ဝါ) ၎င်းကြောင့် ဖြစ်လာသော ညှဥ်းဆဲနှိပ်စက်မှုများကြောင့် မရှက်ချေ။ (၂တိ၊ ၁း၁၂၊၁၆၊၁၈)။

ဧဝံဂေလိတရားသည် ဆင်းရဲဒုက္ခခံ၊ မေရှိယကို အတည်ပြုသဖြင့် ဂျူးလူမျိုးများသည် ၎င်းတရားအား ရှက်ကြောက်ကြကာ၊ ဂရိလူမျိုးများကမူ ဧဝံဂေလိတရားသည် ခန္ဓာကိုယ်ပြန်ရှင်ထမြောက်ခြင်းအား အတည်ပြုသဖြင့် ထိုတရားအား ရှက်ကြောက်ကြသည် (၁ ကော၊ ၁း၂၃)။

□□**“ကယ်တင်ခြင်းတရား”** ဓမ္မဟောင်းကျမ်း၌ ဟေဗြဲဝေါဟာရ (*yasho*) သည် မူလအားဖြင့် ရုပ်ပိုင်းဆိုင်ရာ ကယ်လွတ်မှုကို ရည်ညွှန်း (ယာကုပ်၊ ၅း၁၅) သော်လည်း ဓမ္မသစ်ကျမ်း၌မူ ဂရိဝေါဟာရ (*sōzō*) သည် မူလအားဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာ ကယ်လွတ်မှုကို ညွှန်းဆိုသည် (၁ ကော၊ ၁း၁၈၊ ၂၁)။ Robert B. Girdlestone ၏ *Synonymns of the Old Testament*- ဓမ္မဟောင်းကျမ်း၏ အဓိပ္ပါယ်တူ ဝေါဟာရများ၊ စာ၊ ၁၂၄-၁၂၆ ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ ကယ်တင်ခြင်း** (ဓမ္မဟောင်းဝေါဟာရ)

ဤဝေါဟာရ (BDB, ၄၄၇) ၌ အဓိပ္ပါယ်ပွားအမျိုးမျိုးရှိသည်။

၁။ သာယာဖြောင့်ဖြူးခြင်း၊ အောင်မြင်ကြီးပွားခြင်း - ယောဘ၊ ၃၀း၁၅

၂။ ခန္ဓာနှင့်ဝိညာဉ် သဘောနှစ်မျိုးစလုံးပါသော ဘုရားသခင်၏ ကယ်တင်ခြင်း

က။ က၊ ၄၉း၁၈

ခ။ တရား၊ ၃၂း၁၅

ဂ။ ဆာ၊ ၃း၂၈။ ၂၂း၁။ ၃၅း၃။ ၆၂း၂။ ၆၉း၂၉။ ၇၀း၅။ ၇၈း၂၂။ ၈၀း၃။ ၈၉း၂၆။ ၉၁း၁၆။ ၁၀၆း၄။ ၁၄၀း၇။ ဟေရှာ ၁၂း၂။ ၃၃း၂။ ၅၁း၆၊၈။ ၅၂း၇၊၁၀။ ၅၆း၁။ ၅၉း၁၁။ ၆၀း၁၈။ ၆၂း၁

၃။ ခန္ဓာနှင့် ဝိညာဉ်ဆိုင်ရာ ကယ်လွတ်ခြင်းကို ယောန ၂း၉-၁၀ တွင် ရှင်းလင်းစွာ တင်ပြသည်။

၄။ ‘ဝမ်းမြောက်ခြင်း’ သည် YHWH ၏ ကယ်တင်ခြင်းနှင့် ဆက်စပ်လေ့ရှိသည်။ ၁ ဓမ္မ၊ ၂း၁။ ဟေရှာ၊ ၂၅း၉။ ၂၆း၁။ ဆာ၊ ၉း၁၄။ ၁၃း၅။ ၃၅း၉။ မိမိဖန်ဆင်းသော လူသတ္တဝါများနှင့် မိမိ၏ မိတ်သဟာယဖြစ်ခြင်းနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ YHWH မူလရည်ရွယ်ချက်ဖြစ်မြောက်စေရေးအတွက် ကယ်တင်ခြင်းတရား ပါဝင်ရသည်။ ၎င်း၌ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း၏ ပြည့်စုံခြင်း ပါဝင်သည်။

□

**NASB "ယုံကြည်သူတိုင်း၌"**
**NKJV "ယုံကြည်သူတိုင်းအတွက်"**
**NRSV "ယုံကြည်ခြင်း (ငေအ့) ရှိသူတိုင်း၌"**
**TEV "ယုံကြည်သူအားလုံး"**
**NJB "ယုံကြည်ခြင်း (ငေအ့) ရှိသူအားလုံး"**

ဧဝံဂေလိတရားသည် လူသားအားလုံးအတွက် ဖြစ်သည်။ (လူတိုင်း၊ ဘယ်သူမဆို၊ အားလုံး. . . စသည့် စကားလုံးများ ချစ်စရာကောင်းလိုက်ပါဘိခြင်း။ ၁း၅ ၏ မှတ်ချက်၌ နံပါတ် ၆ ကို ကြည့်ပါ)။ သို့သော် လက်ခံခြင်းရရှိရန် လိုအပ်ချက် တစ်ခုမှာ ယုံကြည်ခြင်းဖြစ်သည်။ (တ၊ ၁၆း၃၀-၃၁)။ အခြားလိုအပ်ချက် တစ်ခုမှာ အပြစ်ကို နောင်တရခြင်း ဖြစ်သည် (မာ၊ ၁း၁၅၊ တ၊၃း၁၅ နှင့် ၁၉။ ၂၀း၂၁)။ ဘုရားသခင်သည် လူသားမျိုးနွယ်အား ပဋိညာဉ်တရားဖြင့် ဆက်ဆံသည်။ (၉း၄ ၏ အထူးအကြောင်းအရာ ကြည့်ပါ)။ သူသည် စတင်အစပျိုးကာ၊ အစီအစဉ်ချမှတ်သည်။ (ယော ၆း၄၄၊ ၆၅)။ သို့သော် အတုံ့အလှည့် ပြုမှုအခြေခံအချို့ရှိသည်။ (၁း၅ ဆိုင်ရာ မှတ်ချက်၊ နံပါတ် ၄ ၌ ကြည့်ပါ)။

ဤနေရာ၌ ဘာသာပြန်သည့် ဂရိစကား ယုံကြည် (believe) ကို အင်္ဂလိပ်စကား - faith or trust (အားကိုးသည်၊ အားကိုးအားထားပြုသည်) ဟုလည်း ဘာသာပြန်ဆိုနိုင်သည်။ ဆက်လက်ဖြစ်ပေါ်နေခြင်း သဘောပြသော အဓိပ္ပါယ်ရှိသည်။ ကယ်တင်သော ယုံကြည်ခြင်းသည် ဆက်လက်ဖြစ်ပေါ်နေသော ယုံကြည်ခြင်းဖြစ်သည်။ (၁ ကော၊ ၁း၁၈။ ၁၅း၂။ ၂ကော ၂း၁၅။ ၁ သက် ၄း၁၄) (၁၀း၄ ၏ အထူးအကြောင်းအရာ ကြည့်ပါ)။

မူရင်းဟေဗြဲနှင့်ဆက်စပ်သော ဤဝေါဟာရ၏ ဂရိဝေါဟာရ faith ၏ အဓိပ္ပါယ်မှာ လူတစ်ယောက်သည် အလွယ်တကူ မရွေ့နိုင်ရန် ခြေထောက်ခွဲလျက်၊ ခိုင်မာစွာ ရပ်နေသော အနေအထားကို ဆိုလိုသည်။ ၎င်း၏ ဆန့်ကျင်ဘက် ဓမ္မဟောင်းကျမ်း၏ တင်စားမှုမှာ 'ငါ့ခြေထောက်အစုံသည် တောထဲ ကျွံနေသည်' (ဆာ၊ ၄၀း၂)။ 'ငါကား၊ ခြေချော်လုလျက်၊ ခြေလှမ်းလွဲလုနီးပါးရှိပြီ' (ဆာ၊ ၇၃း၂) ဟူ၍ ဖြစ်၏။ ဆက်စပ်သည့် ဟေဗြဲစကားလုံး နာကညယ နာကညဝ့ယ ဝေညေ တို့ကို ယုံကြည်အားကိုးထိုက်သော၊ သစ္စာရှိသောသူ တစ်ယောက်ယောက်နှင့် ဆိုင်၍ သုံးသော တင်စားသည့် စကားလုံးများ ဖြစ်လာသည်။ ကယ်တင်ခြင်းယုံကြည်မှုမှာ အပြစ်ထဲကျဆင်းသော လူသားသည် သစ္စာရှိနိုင်စွမ်းရှိသည်ဟူသော အဓိပ္ပါယ်မရှိဘဲ ဘုရားသခင်၏ သစ္စာရှိမှုကို ဆိုလိုသည်။ ယုံကြည်သူများ၏ မြော်လင့်ခြင်းသည် သူတို့၏ တတ်စွမ်းနိုင်မှုပေါ် မတည်မှီဘဲ ဘုရားသခင်၏ အကျင့်စာရိတ္တနှင့် ကတိစကားတွေကိုသာ အမှီပြုသည်။ ၎င်းမှာ သူ၏ အားကိုးအားထားထိုက်မှု၊ သစ္စာရှိမှု၊ သူ၏ ကတိတော်များဖြစ်သည်။ (၁း၅ ၏ အထူးအကြောင်းအရာ ကြည့်ပါ။

□□**"ပထမဦးစွာ ဂျူးများနှင့်"** ၎င်း၏ အကြောင်းရင်းကို ၂း၉-၁၀ နှင့် ၃း၁-၂၀ ၌ အကျဉ်းချုံးဆွေးနွေးကာ အခန်းကြီး ၉-၁၁ ၌ အပြည့်အစုံတိုးချဲ့ ဆွေးနွေးသည်။ ၎င်းသည် မ၊ ၁၀း၆။ ၁၅း၂၄။ မာ၊ ၇း၂၇။ ယော၊ ၄း၂၂ တို့ပါ ယေရှု၏ ဖော်ပြပြောဆိုမှုကို လိုက်သည်။

ဤင်းသည် ရောမမြို့အသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် ယုံကြည်သူ တပါး အမျိုးသားများ အကြား မနာလိုမှုနှင့်လည်း ဆက်စပ်နိုင်သည်။

**၁း၇ "ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား"** ဤကျမ်းပိုဒ်အရ ဤစကားစုသည် (၁) ဘုရားသခင်၏ အကျင့်စရိုက်နှင့် (၂) ထိုစရိုက်ကို လူသားမျိုးနွယ်အားမည်သို့ ပေးကြောင်း ရည်ညွှန်းသည်။ ဘာသာပြန် ယေရုရှလင်ကျမ်းစာ (JB) ၌ ဤသို့ တွေ့ရသည်။ "ဎင်းမှာ ဘုရားသခင်၏ တရားမျှတမှုက ဖွင့်ပြသော အရာဖြစ်သည်။" ဎင်းသည် ယုံကြည်သူ၏ ကိုယ်ကျင့်တရားဆိုင်ရာ အသက်ရှင်ခြင်း ပုံစံကို ရည်ညွှန်းရင်း၊ မူလအားဖြင့် ဖြောင့်မတ်သောတရားသူကြီးဖြစ်တော်မူသူ၏ ရှေ့တော်မှောက်၌ တရားဥပဒေအရ သူ၏ ရပ်တည်မှုကို ရည်ညွှန်းသည်။ ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းအား ကျဆင်းသော၊ အပြစ်ပြုသောလူသားအတွက် မှတ်ယူပေးခြင်းသည် ပြန်လည်ပြုပြင်ခြင်းခေတ် (Reformation) မှစ၍ "ယုံကြည်ခြင်းမှတဆင့် ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ခြင်း" အဖြစ် ထင်ရှားလာခဲ့သည် (၂ ကော၊ ၅း၂၁။ ဖိ၊ ၃း၉)။ ဤကျမ်းပိုဒ်သည် မာတင်လူသာ၏ ဘဝနှင့် ဓမ္မပညာကို ပြောင်းလဲသွားစေသည်။

မည်သို့ဖြစ်စေ ဖြောင့်မတ်ရာ၌ တည်စေခြင်း၏ ပန်းတိုင်မှာ သန့်ရှင်းစင်ကြယ်ခြင်း၊ ခရစ်တော်နှင့်တူခြင်း (ဝါ) ဘုရားသခင်၏ ဖြောင့်မတ်ခြင်း လက္ခဏာအမှတ်အသားဖြစ်သည်။ (ရော ၈း၂၈-၂၉။ ဂလ၊ ၄း၁၉။ ဧ၊ ၁း၄။ ၂း၁၀။ ၄း၁၃။ ၁သက် ၃း၁၃။ ၄း၃။ ၁ ပေ၊၁း၁၅)။ ဖြောင့်မတ်ခြင်းသည် တရားဥပဒေအရ ကျေညာချက် ထုတ်ပြန်ရုံသက်သက်မဟုတ်ဘဲ၊ သန့်ရှင်းစွာ အသက်ရှင်ရန် ခေါ်ဖိတ်ခြင်း၊ လူသားထဲ၌ရှိသော ဘုရားသခင်၏ သဏ္ဌာန်တော်အား အပြုသဘောဖြင့် ပြန်လည်ဖော်ထုတ်ခြင်း ဖြစ်သည် (၂ ကော၊ ၅း၂၁)။

**အထူးအကြောင်းအရာ။ ဖြောင့်မတ်ခြင်း**

"ဖြောင့်မတ်ခြင်း" ဟူသည်အပြတ်အဆုံးအဖြတ်ပေးသော အကြောင်းအရာဖြစ်ပြီး သမ္မာကျမ်းစာ လေ့လာသူတစ်ဦးအနေဖြင့် ထိုအယူအဆကို ကျယ်ပြန့်စွာ လေ့လာရန်ဖြစ်သည်။

ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်၏ အမှတ်လက္ခဏာကို "တရားသူ" (ဝါ) "ဖြောင့်မတ်သူ" အဖြစ် ရေးသားဖော်ပြသည်။ (BDB ၈၄၁) မေဆိုပိုတေမီးယား (ယခုခေတ် အီရတ်) ၏ မူရင်းဝေါဟာရမှာ ဆောက်လုပ်ရေးလုပ်ငန်း၌ အုတ်တံတိုင်းများနှင့် ခြံစည်းရိုးများဖြောင့်တန်းခြင်းရှိ မရှိဆုံးဖြတ်ရန် သုံးသော မြစ်လက်တက် တစ်ခု၏ အမည်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ မူလသဘောသာဝအား တင်စားပြသရန်အတွက် ထိုစကားလုံးသုံးရန် ရွေးချယ်သည်။ သူသည်အရာခပ်သိမ်းအား တန်ဖိုးဖြတ်ရန် အသုံးပြုသည့် (ပေတံ) ဖြစ်သည်။ ဤအယူအဆ၌ ဘုရားသခင်၏ တရားစီရင်ပိုင်ခွင့် အာဏာကိုသာမက ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းကိုပါ အခိုင်အမာ ဖော်ပြသည်။

လူကို ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသည်။ (က၊ ၁း၂၆-၂၇။ ၅း၁၊၃။ ၉း၆)။ လူသားကို ဘုရားသခင်နှင့် မိတ်ဖြစ်ပေါင်းဖော်ရန် ဖန်ဆင်းသည်။ ဖန်ဆင်းသမျှ အရာအားလုံးသည် လူသား၏ အပြန်အလှန် ဆက်ဆံခြင်းအတွက် စင်မြင့် (သို့) နောက်ခံကားချပ်ဖြစ်သည်။ ဘုရားသခင်သည် မိမိဖန်ဆင်းမှု၏ အထွတ်အထိပ်ဖြစ်သူ လူသားအား မိမိကို သိကျွမ်းစေလိုသည်။ ချစ်စေလိုသည်။

အစေခံစေလိုသည်။ မိမိနှင့်တူစေလိုပါသည်။ လူ၏ သစ္စာရှိမှုသည် စမ်းသပ်မှုခံကာ (က၊ ၃) မူလဇနီးမောင်နှံတို့သည် စမ်းသပ်မှုအား ရှုံးနိမ့်ခဲ့ကြသည်။ ၎င်းသည် ဘုရားသခင်နှင့်လူသားအကြား ဆက်စပ်မှု ပျက်စီးသွားစေသည်။ (က၊ ၃။ ရော၊ ၅း၁၂-၂၁)။

ထိုမိတ်ဆွေဖြစ်မှုကို ပြင်ဆင်ကာ နဂိုနေပြန်ဖြစ်စေရန် ဘုရားသခင်ကတိပြုသည်။ (က၊ ၃း၁၅)။ သူသည် ၎င်းကို မိမိနှင့် မိမိသားတော်၏ ဆန္ဒအတိုင်း ပြုသည်။ ထိုကွဲအက်မှုကို ပြန်ကောင်းလာစေရန် လူသားမတတ်နိုင်ခဲ့ချေ။ (ရောမ ၁း၁၈-၃း၂၀)။

အပြစ်လုပ်ကာ ကျရှုံးပြီးနောက်၊ နဂိုနေပြန်ဖြစ်စေရန် ဘုရားသခင်၏ ပထမခြေလှမ်းမှာ ပဋိညာဉ်တရားဖြစ်ပြီး၊ ၎င်းသည် လူသားအား အပြစ်ကို နောင်တရရန်၊ သစ္စာရှိရန်၊ နာခံမှုဖြင့် တုံ့ပြန်ရန် ခေါ်ဖိတ်မှုပေါ် အခြေပြုသည်။ အပြစ်ပြုမှုကြောင့် လူသားသည် သင့်လျော်လုံလောက်အောင် မပြုမူနိုင်ချေ။ (ရော၊ ၃း၂၀-၃၁။ ဂလ၊ ၃)။ ပဋိညာဉ်အားချိုးဖေါက်သူ လူသားများ နဂိုနေပြန်ဖြစ်စေရန်ဆိုလျှင် ဘုရားသခင်ကိုယ်တိုင် အစပြုခြေလှမ်း စတင်ရန် ဖြစ်သည်။ သူသည် ဤအရာကို လုပ်ပုံမှာ -

၁။ ခရစ်တော်ပြုသော အလုပ်အားဖြင့်ရသော ဖြောင့်မတ်ခြင်းတရားကို လူသားထံ ကြော်ငြာခြင်း (တရားဥပဒေနှင့် ဆိုင်သော ဖြောင့်မတ်ခြင်း)

၂။ ခရစ်တော်ပြုသော အလုပ်အားဖြင့်ရသော ဖြောင့်မတ်ခြင်းတရားအား လူသားကို အခမဲ့ပေးခြင်း

၃။ ဖြောင့်မတ်ခြင်း တရားအား လက်တွေ့ဖြစ်စေသူ ဝိညာဉ်တော်ကျိန်းဝပ်မှုအား ထောက်ပံ့ပေးကမ်းခြင်း (ခရစ်တော်နှင့် တူခြင်း၊ ဘုရားသခင်၏ သဏ္ဍာန်တော်အား ပြန်လည်ရယူခြင်း)

သို့သော် ဘုရားသခင်သည် ပဋိညာဉ်တရားအရ တုံ့ပြန်မှု တောင်းဆိုသည်။ ဘုရားသခင်သည် ရုံးတော်အမိန့်ချမှတ်ကာ (အခမဲ့) ထောက်ပံ့သည် မှန်သော်လည်း လူသားသည် တုံ့ပြန်မှုပြုကာ၊ အောက်ပါအတိုင်း ဆက်လက်တုံ့ပြန်သွား ရပေမည်။

၁။ အပြစ်နောင်တရခြင်း

၂။ ယုံကြည်ခြင်း

၃။ နာခံသောအသက်ရှင်ခြင်း ပုံစံရှိခြင်း

၄။ စွဲမြဲခြင်း

ထို့ကြောင့် ဖြောင့်မတ်ခြင်းဟူသည် ပဋိညာဉ်နှင့်ဆိုင်သော ဘုရားသခင်နှင့် သူ၏အမြင့်ဆုံး ဖန်ဆင်းရာ လူသားအကြား အတုံ့အလှည့် ပြုမူခြင်းဖြစ်သည်။ ဘုရားသခင်၏ အကျင့်စရိုက်၊ ခရစ်တော် ပြုသောအလုပ်နှင့် ဝိညာဉ်တော်၏ တတ်စွမ်းစေမှုတို့ပေါ် အခြေပြုကာ လူတစ်ဦးချင်းတို့သည် ဆက်လက်၍ သင့်လျော်လုံလောက်စွာ တုံ့ပြန်ကြရပေမည်။ ဤအယူအဆကို 'ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း' ဟုခေါ်သည်။ ဤသဘောကို ခရစ်ဝင်ကျမ်းများ၌ ဖွင့်ပြသော်လည်း၊

ဤဝေါဟာရများအားဖြင့် မတွေ့ရချေ။ ၎င်းကို မူလအားဖြင့် ပေါလုက အဓိပ္ပါယ်သတ်မှတ်ကာ၊ ဂရိဝေါဟာရ 'ဖြောင့်မတ်ခြင်း' အား ပုံစံအမျိုးမျိုးဖြင့် အကြိမ်ပေါင်း ၁၀၀ ကျော် သုံးသည်။

ပေါလုသည် လေ့ကျင့်ထားသည့် ဂျူးရဗိဆရာကြီးတစ်ပါးပီပီ ဂရိဝေါဟာ ရ *dikaiosunē* ကို ၎င်း၏ ဟေဗြဲလို SDQ ပုံစံဖြင့် အသုံးပြုသည်။ ၎င်းသည် ဂရိဘာသာပြန်ဓမ္မဟောင်းကျမ်း (Septuagint- LXX) ၌ အသုံးပြုပုံဖြစ်ပြီး၊ ဂရိစာပေပုံစံ မဟုတ်ချေ။ ဂရိစာပေရေးသားမှု၌ ထိုဝေါဟာရအား ဘုရားနှင့်လူ့အဖွဲ့အစည်းဆိုင်ရာ မျှော်လင့်ခြင်းများနှင့် ကိုက်ညီသောသူနှင့် ဆက်စပ်သော ဝေါဟာရဖြစ်သည်။ ဟေဗြဲသုံးနှုန်းပုံစံအမြင်၌မူ ပဋိညာဉ်ပြုခြင်းဆိုင်ရာ အသုံးအနှုန်းများ ထည့်သွင်းလေ့ရှိသည်။ YHWH သည် တရားသော၊ ကိုယ်ကျင့်တရားနှင့်ညီသော ဘုရားဖြစ်သည်။ သူသည် မိမိ၏ လူများကို မိမိ၏ အကျင့်စရိုက်အား ထင်ဟပ်စေလိုသည်။ ရွေးနှုတ်ခြင်းခံလူသားသည် အသစ်ဖန်ဆင်းသော သတ္တဝါဖြစ်လာသည်။ ဤအသစ်ပြုပြင်ခြင်းသည် ဘုရားတရားနှင့်ညီသော အသက်ရှင်ခြင်းပုံစံသစ် ဖြစ်ပေါ်စေသည်။ (ရောမကာသိုလစ်၏ အမြင်ဖြောင့်မတ်ခြင်းတရား)။ အစ္စရေးသည် ဘာသာရေးဖြင့် အုပ်ချုပ်သော စံနစ်ကျင့်သုံးသဖြင့် လောကီရေးရာ (လူ့အဖွဲ့အစည်းအတွင်း ဖြောင့်မတ်ခြင်း) နှင့် လောကုတ္တရာအရေး (ဘုရား၏ အလိုတော်) အားရှင်းစွာ အသေးစိတ်ဖော်ပြခြင်း မရှိချေ။ ဤကွဲပြားထူးခြားမှုကို ဟေဗြဲနှင့်ဂရိဝေါဟာရမျာအားဖြင့် ဖော်ပြထားရာ အင်္ဂလိပ်လို 'ဂျာအငခန'- တရားမျှတမှု (လူ့အဖွဲ့အစည်းဆိုင်ရာ) နှင့် 'မငါ့အနသကျညန္ျ' ဖြောင့်မတ်ခြင်း (ဘာသာရေးဆိုင်ရာ) များအဖြစ် ဘာသာပြန် ဆိုသည်။

ယေရှု၏ ဧဝံဂေလိတရား (သတင်းကောင်း) ဟူသည် ကျဆင်းသော လူသားအား ဘုရားသခင်နှင့် ပြန်၍ မိတ်သဟာယရှိစေခြင်းပင် ဖြစ်သည်။ ၎င်းအား ခမည်းတော်၏ ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်နှင့် ကျေးဇူးတော်၊ သားတော်၏ အသက်အသေခံခြင်းနှင့် ပြန်ရှင်ထမြောက်ခြင်း၊ ဝိညာဉ်တော်၏ ပိုးပန်းမှုနှင့် ဧဝံဂေလိသတင်းကောင်းသို့ ဆွဲဆောင်ခြင်းများအားဖြင့် ဆောင်ရွက်ပြီးစီးစေသည်။ ဖြောင့်မတ်ရာ၌ တည်စေခြင်းသည် ဘုရားသခင်၏ အခမဲ့ (free- လွတ်လပ်သော) လုပ်ဆောင်မှုတစ်ခုဖြစ်သော်လည်း ၎င်းသည် ဘုရားတရားနှင့် ကိုက်ညီမှု ဖြစ်ထွန်းစေရပါမည်။ (ဩဂတ်စတင်း၏ ရပ်တည်ချက်ဖြစ်သည်။ ဧဝံဂေလိသတင်းကောင်းအား အထူးပြုသည့် ပြန်လည်ပြုပြင်ခြင်း - Reformation နှင့် ပြောင်းလဲသော အသက်တာ၊ ချစ်ခြင်းမေတ္တာနှင့် သစ္စာရှိခြင်းကို အထူးပြုသည့် ရောမကာသိုလစ်နှစ်ခုစလုံးကို ထင်ဟပ်ပေါ်လွင်စေသည်။) ပြန်လည်ပြုပြင်သူများအတွက် ထိုဝေါဟာရသည် 'ဘုရားသခင်၏ ဖြောင့်မတ်မှု၊ အပြစ်ရှိသူ လူသားအား ဘုရားသခင် လက်သင့်ခံနိုင်စေရန် လုပ်ဆောင်မှုတည်းဟူသည့် အနေအထားဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုဖြစ်ပြီး ကာသိုလစ်ခံယူချက်များအတွက်မှာမူ ထိုဝေါဟာရသည် ဘုရားသခင်နှင့် ပို၍ပို၍ တူလာခြင်းလုပ်ငန်းစဉ်တည်းဟူသော အတွေ့အကြုံဆိုင်ရာ တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်သည်။ အမှန်မှာ နှစ်မျိုးစလုံး ဖြစ်သည်)။

ကျွန်ုပ်၏ အမြင်၌မူ ကမ္ဘာဦးကျမ်း ၄ မှသည် ဗျာဒိတ် ၂၀ အထိ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဧဒင်ဥယျာဉ်က မိတ်သဟာယကို ဘုရားသခင် ပြန်လည်ဖော်ဆောင်ခြင်း မှတ်တမ်းဖြစ်ပါသည်။ သမ္မာကျမ်းစာသည် အစပထမ၌ ဘုရားသခင်နှင့် လူသား၏ မိတ်သဟာယဖြစ်ခြင်းနှင့်စတင်ကာ

(ကမ္ဘာဦး ၁-၂)၊ ထိုအခြေအနေမျိုးနှင့်ပင် အဆုံးသတ်သည် (ဗျာဒိတ် ၂၁-၂၂)။ ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ရည်ရွယ်ချက်အတိုင်း ပြန်လည်ဖြစ်ပေါ်လာလိမ့်မည်။

အထက်ပါဆွေးနွေးချက်များကို အထောက်အထားပြုရန် အဆိုပါ ဂရိဝေါဟာရအုပ်စုကွဲများအား ရှင်းလင်းသည့် ရွေးချယ်ထားသော အောက်ပါဓမ္မသစ်ကျမ်း၊ ကျမ်းပိုဒ်များကို မှတ်ထားပါ။

၁။ ဘုရားသခင် ဖြောင့်မတ်သည်။ (ဘုရားသခင်အား တရားသူကြီးအဖြစ် ဖော်ပြလေ့ရှိသည်)

က။ ရောမ ၃း၂၆

ခ။ ၂ သက်သာလောနိ ၁း၅-၆

ဂ။ ၂ တိမောသေ ၄း၈

ဃ။ ဗျာဒိတ် ၁၆း၅

၂။ ယေရှုဖြောင့်မတ်တော်မူသည်

က။ တမန်တော် ၃း၁၄။ ၇း၅၂။ ၂၂း၁၄ (မေရှိယ၏ ဘွဲ့နာမ)

ခ။ မဿဲ ၂၇း၁၉

ဂ။ ၁ ယော၊ ၂း၁၊ ၂၉။ ၃း၇။

၃။ မိမိ၏ ဖန်ဆင်းခြင်းအတွက် ဘုရားသခင်၏ အလိုတော်မှာ ဖြောင့်မတ်ခြင်းဖြစ်သည်။

က။ ဝတ်ပြုရာ ၁၉း၂

ခ။ မဿဲ ၅း၄၈ (၅း၁၇-၂၀)

၄။ ဖြောင့်မတ်ခြင်းအား ဘုရားသခင် ထောက်ပံ့ခြင်းနှင့် ဖြစ်ပွားစေခြင်းနည်းလမ်းများ

က။ ရောမ ၃း၂၁-၃၁

ခ။ ရောမ ၄

ဂ။ ရောမ ၅း၆-၁၁

ဃ။ ဂလာတိ ၃း၆-၁၄

င။ ဘုရားသခင်ပေးသည်မှာ

(၁) ရောမ ၃း၂၄။ ၆း၂၃

(၂) ၁ကောရိန္သု ၁း၃၀

(၃) ဧဖက် ၂း၈-၉

စ။ ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိသည်မှာ

(၁) ရောမ ၁း၁၇။ ၃း၂၂၊ ၂၆။ ၄း၃၊၅၊၁၃။ ၉း၃၀။ ၁၀း၄၊၆၊၁၀။

(၂) ၂ ကောရိန္သု ၅း၂၁

ဆ။ သားတော်၏ လုပ်ဆောင်မှုအားဖြင့်

(၁) ရောမ ၅း၂၁

(၂) ၂ကောရိန္သု ၅း၂၁

(၃) ဖိလိပ္ပိ ၂း၆-၁၁

၅။ ဘုရားသခင်၏ အလိုတော်မှာ သူ့နောက်လိုက်သူများ ဖြောင့်မတ်ကြရန် ဖြစ်သည်။

(က) မဿဲ ၅း၃-၄၈။ ၇း၂၄-၂၇

(ခ) ရောမ ၂း၁၃။ ၅း၁-၅။ ၆း၁-၂၃

(ဂ) ၁ တိမောသေ ၆း၁၁

(ဃ) ၂ တိမောသေ ၂း၂၂။ ၃း၁၆

(င) ၁ ယော ၃း၇
(စ) ၁ ပေ ၂း၂၄

၆။ ဘုရားသခင်သည် ကမ္ဘာအား ဖြောင့်မတ်ခြင်းတရားဖြင့် တရားစီရင်လိမ့်မည်။
က။ တမန်တော် ၁၇း၃၁
ခ။ ၂ တိမောသေ ၄း၈

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် အပြစ်ပြုသူလူသားအား ခရစ်တော်အားဖြင့် အခမဲ့ပေးသော ဘုရားသခင်၏ အမှတ်လက္ခဏာတစ်ခု ဖြစ်သည်။
၁။ ဘုရားသခင်၏ တရားရုံးတော် စီရင်ချက်တစ်ခု
၂။ ဘုရားသခင်၏ လက်ဆောင်တစ်ခု
၃။ ခရစ်တော်၏ လုပ်ဆောင်မှု တစ်ခု

သို့သော် ၎င်းသည် အင်တိုက်အားတိုက်နှင့် စွဲစွဲမြဲမြဲ ကြိုးပမ်းရမည့် ဖြောင့်မတ်ခြင်းလုပ်ငန်းစဉ် တစ်ခုလည်းဖြစ်ပြီး ၎င်းသည် ခရစ်တော် ဒုတိယအကြိမ်ပြန်လည် ကြွလာသောနေ့၌ အဆုံးသတ်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်နှင့် မိတ်သဟာယဖြစ်ခြင်းကို ကယ်တင်ခြင်းရချိန်၌ ပြန်ရသည်မှန်သော်လည်း၊ ဘဝအသက်တာ တလျှောက်လုံး ဆက်လက်ဖြစ်ပေါ်ကာ သေဆုံးချိန် သို့မဟုတ် ချီဆောင်ခြင်း၌ မျက်နှာချင်းဆိုင် ဖူးတွေ့ရသည်အထိ ဖြစ်သည်။

ဤဆွေးနွေးမှုအား နိဂုံးချုပ်ရန် ဖော်ပြဘို့ ကောင်းမွန်သော အညွှန်းတစ်ခုရှိသည်။ ၎င်းကို 'ပေါလုနှင့် သူရေးသောစာများ ဆိုင်ရာ အဘိဓါန် *Dictionary of Paul & His Letters* ဖြစ်သည်။

ကဲလ်ဗင် (Calvin) သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ဆက်စပ်ခြင်းဆိုင်ရာ မြင်ကွင်းကို လူသာ (ဖူကအဲနမ) ထက်ပို၍ အထူးပြုသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအပေါ် လူသာ၏ အမြင်မှာ တရားသေလွတ်လိုက်ခြင်း အမြင်ပါနေသည်နှင့် တူသည်။ ကဲလ်ဗင်ကမူ ဘုရားသခင်၏ ဖြောင့်မတ်မှုအား ကျွန်ုပ်တို့ အဆက်အသွယ်ပြုခြင်း (ဝါ) သွင်းပေးခြင်း၏ အံ့ဩဖွယ်ရာ သဘောသဘာဝကို အထူးပြုသည် (စာ၊ ၈၃၄)။

ကျွန်ုပ်အတွက်မူ ယုံကြည်သူသည် ဘုရားသခင်နှင့် ဆက်စပ်မှု၌ မျက်နှာစာသုံးမျိုးရှိသည်။
၁။ ဧဝံဂေလိတရားသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည် (အရှေ့ပိုင်း အသင်းတော်နှင့် ကဲလ်ဗင်၏ အထူးပြုမှု)
၂။ ဧဝံဂေလိတရားသည် သမ္မာတရားဖြစ်သည် (ဩဂတ်စတင်းနှင့် လူသာတို့၏ အထူးပြုမှု)
၃။ ဧဝံဂေလိတရားသည် ပြောင်းလဲသော အသက်တာဖြစ်သည် (ကာသိုလစ် အထူးပြုမှု)

၎င်းတို့အားလုံး မှန်ကန်ပြီး ကျန်းမာကြံ့ခိုင်သော၊ မှန်ကန်ပြီး သမ္မာကျမ်းနည်းကျ ခရစ်ယာန်ဖြစ်ရေးအတွက် အားလုံး စွဲကိုင်ထားရပါမည်။ တစ်ယောက်ယောက်က တစ်မျိုးမျိုးအား အလွန်အကျွံ အထူးပြုမည် (ဝါ) ရှုတ်ချမည်ဆိုပါက ပြဿနာဖြစ်သွားပါသည်။

ယေရှုကို ကြိုဆိုရပါမည်။
ဧဝံဂေလိတရားကို ယုံကြည်ရပါမည်။
ခရစ်တော်နှင့်တူညီခြင်းအား မှီအောင်လိုက်ရပါမည်။

□

**NASB, NKJV “ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့”**
**NRSV “ယုံကြည်ခြင်းမှတဆင့် ယုံကြည်ခြင်းအတွက်”**
**TEV “၎င်းသည် အစမှအဆုံး ယုံကြည်ခြင်းမှတဆင့် ဖြစ်၏”**
**NJB “ယုံကြည်ခြင်းသည် ယုံကြည်ခြင်းသို့ မည်ကဲ့သို့ ဦးဆောင်သွားကြောင်း ပြသည်”**

ဤစကားစု၌ *ek* နှင့် *eis* ခေါ် ဝိဘတ်နှစ်ခုရှိရာ အပြောင်းအလဲ (ဝါ) တိုးတက်မှုကို ပြသည်။ ပေါလုသည် ဝါကျတည်ဆောက်ပုံမျိုးကို ၂ ကော ၂း၁၆ ၌ အသုံးပြုပြီး၊ ၂ကော ၃း၁၈ ၌ သုံးသော ဝိဘတ်များမှာ *သစသ*နှင့် *စေသ*ဖြစ်သည်။ ခရစ်ယာန်ဖြစ်ခြင်းသည် အခမဲ့ လက်ဆောင်တစ်မျိုးဖြစ်ကာ၊ ၎င်းသည် ထူးခြားမှုနှင့် အသက်ရှင်ခြင်းပုံစံ တစ်ခုဖြစ်လာရန် မျှော်လင့်သည်။

ဤစကားစုကို အမျိုးမျိုးဘာသာပြန်နိုင်သည်။ ႕ငူငဝေ၏ ဓမ္မသစ်ဘာသာပြန်ကျမ်း၌ ‘ပိုမိုကြီးမားသော ယုံကြည်ခြင်းဖြစ်လာရန် ယုံကြည်ခြင်းက ပေးသောဦးဆောင်မှု” ဟူ၍ ဖြစ်သည်။ ဓမ္မပညာဆိုင်ရာ အဓိကအချက်များမှာ -

၁။ ယုံကြည်ခြင်းသည် ဘုရားသခင်ထံမှ လာသည် (ဖွင့်ပြသည်)
၂။ လူသားသည် တုံ့ပြန်ရမည်ဖြစ်ပြီး၊ ဆက်လက်တုံ့ပြန်သွားသည်။
၃။ ယုံကြည်ခြင်းသည် ဘုရားတရားကိုင်းရှိုင်းသော အသက်တာဖြစ်ပေါ်စေရပါမည်။

သေချာသည်မှာ ခရစ်တော်အား ‘ယုံကြည်ခြင်း’ သည် အပြီးအပြတ် ဆုံးဖြတ်ချက်ပေးသော အရာဖြစ်သည်။ (၅း၁။ ဖိ၊ ၃း၉) ဘုရားသခင်ပေးသည့် ကယ်တင်ခြင်းမှာ ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုအပေါ် အခြေခံသည် (မာ ၁း၁၅။ ယော ၁း၁၂။ ၃း၁၆။ တ၊ ၃း၁၆ နှင့် ၁၉။ ၂၀း၂၁)။ ၁း၅။ ၄း၅ နှင့် ၁၀း၄ တို့၏ အထူးအကြောင်းအရာ တို့၌ ကြည့်ပါ။

□

**NASB “သို့သော် ဖြောင့်မတ်သောလူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်”**
**NKJV “မှန်ကန်သော (ကြွအ) သူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်”**
**NRSV “ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်လိမ့်မည်”**
**TEV “ဘုရားသခင်နှင့် မှန်ကန်သော သူသည် ယုံကြည်ခြင်းမှတဆင့် အသက်ရှင်လိမ့်မည်”**
**NJB “ဖြောင့်မှန်သောလူသည် ယုံကြည်ခြင်းမှတဆင့် အသက်ကို တွေ့သည်”**

၎င်းသည် ဟဗ၊၂း၄ မှ ဖြစ်သော်လည်း အဓိက ဂရိမူရင်းကျမ်းဖြစ်သည့် Masoretic Text (MT) နှင့် ဂရိဘာသာ၏ ဓမ္မဟောင်းကျမ်း Septuagint (LXX)) တို့၌ ထိုသို့မဟုတ်ချေ။ ဓမ္မဟောင်းကျမ်း၌ ‘ယုံကြည်ခြင်း- faith တွင် ‘‘trustworthiness’’ (ယုံကြည်အားထားထိုက်မှု) ‘‘faithfulness’’ or ‘‘loyalty’’ -(သစ္စာရှိခြင်း) စကားလုံးတို့အားတင်စား (metaphorical) သည့်အဓိပ္ပါယ်ရှိသည်။ (၁း၅ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ)။ ကယ်တင်ခြင်းပေးသော

ယုံကြည်ခြင်းသည် ဘုရားသခင်၏ သစ္စာရှိမှုပေါ် အခြေပြုသည်။ (၃း၅၊၂၁၊၂၂၊၂၅၊၂၆) လူသည် ဘုရားသခင်၏ ထောက်ပံ့မှုကို အားကိုးအားထား ပြုခြင်းသည် လူ၏ သစ္စာရှိမှုကို ပေါ်လွင်စေသည်။ ဤစမ္မဟောင်းကျမ်းချက်ကိုပင် ဂလ၊ ၃း၁၁ နှင့် ဟေဗြဲ၊ ၁၀း၃၈ တို့၌ ဖော်ပြသည်။ အဆက်ကျမ်းပိုဒ် ရောမ ၁း၁၈-၃း၂၀ သည်ဘုရားသခင်၏ သစ္စာရှိမှုနှင့် ဆန့်ကျင်ဘက်ရှိ ဖော်ပြသည်။

ဤစကားစု၏ နောက်ဆုံးအပိုင်းအား ခေတ်သစ်အနက်ဖွင့်ကျမ်း ပြုစုသူများ မည်ကဲ့သို့ နားလည် ကြောင်း ဖော်ပြပါက အထောက်အကူဖြစ်စေပါသည်။

၁. Vaughan -ယုံကြည်ခြင်းအားဖြင့် အစပြု၍ ယုံကြည်ခြင်းအားဖြင့် အဆုံးသတ်သည်။

‘ ၂. Hodge -ယုံကြည်ခြင်းအားဖြင့်သာ-

၃. Barrett -အခြားမဟုတ်ဘဲ ယုံကြည်ခြင်းအခြေခံအားဖြင့်သာ-

၄. Knox -ယုံကြည်ခြင်းသည် ပထမနှင့်နောက်ဆုံး-

၅. Stagg -ဖြောင့်မှန်သူသည် ယုံကြည်ခြင်းအားဖြင့် (out of faith) အသက်ရှင်လိမ့်မည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ကျမ်း။ ။၁း၁၈-၂၃**

**[၁၈]ဘုရားတရားမဲ့ခြင်းနှင့်သမ္မာတရားအား မတရားမှုဖြင့် ဖိနှိပ်ချုပ်ချယ်သူ၊ မတရားသောလူများ၏
တဖက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်ပေါ်မှ ဖွင့်ပြလျက်ရှိ၏။ အဘယ်ကြောင့်
ဆိုသော် ဘုရားသခင်အကြောင်းသိ၍ရသော အရာများကို ဘုရားသခင်သည် သူတို့၌ ထင်ရှားစေသဖြင့်
၎င်းသည် သူတို့အထဲ၌ ထင်ရှားလျက်ရှိ၏။ [၂၀]အကြောင်းမူကား ဘုရားသခင်၏ မျက်မြင်မရသော
ဂုဏ်အင်္ဂါများ၊ သူ၏ထာဝရတန်ခိုးတော်နှင့် ဘုရားပကတိသည် ဖန်ဆင်းတော်မူသောအရာများအားဖြင့်
နားလည်ကာ၊ ကမ္ဘာအား ဖန်ဆင်းသည့် အချိန်မှစ၍ ရှင်းလင်းစွာ သိမြင်ရ၏။ ထို့ကြောင့်သူတို့၌
ဆင်ခြေတက်နိုင်စရာ အကြောင်းမရှိချေ။ [၂၁]အကြောင်းမူကား သူတို့သည် ဘုရားသခင်ကို
သိသည်မှန်သော်လည်း ဘုရားသခင်အဖြစ် ဖြင့် သူ့ကို ဂုဏ်ပြုခြင်း၊ ကျေးဇူးတင်ခြင်းမရှိကြဘဲ၊ မိမိတို့၏
မှန်းဆမှုများအားဖြင့် အချည်းနှီးဖြစ်သွားကြ ကာ၊ မိုက်မဲသောသူတို့၏ စိတ်နှလုံးများသည်
မှောင်မိုက်လျက်ရှိ၏။ [၂၂]ပညာရှိဖြစ်ပါသည် ဟုဆိုကြသော်လည်း၊ အရူးများဖြစ်သွားကြကာ
[၂၃]မပျက်စီးနိုင်သော ဘုရားသခင်၏ ဘုန်းတော်ကို ပျက်စီးတတ်သောလူနှင့် ကျေးငှက်များ၊
ခြေလေးချောင်း သတ္တဝါများနှင့် တွားသွားသော သတ္တဝါများ၏ ရုပ်တုဆင်းတုများနှင့် လဲလှယ်
လိုက်ကြ၏။**

**၁း၁၈ “အကြောင်းမူကား”** အဓိကဦးတည်ချက်အား ဖော်ပြသည့် ၁၆-၁၇၌ -gar- စကားလုံး ဘယ်နှစ်ခါသုံးကြောင်း- သုံးကြိမ်ဖြစ်ကြောင်း သိထားပါ။ ၎င်းသည်ယခုဓဝံဂေလိတရား၏ ပထမအချက်ကို ပေါလုစ၍ တင်ပြခြင်း ဖြစ်သည် (၁း၁၈-၃း၃၁)။ ၎င်းသည် ကယ်တင်ခြင်းပေးသည့် ဘုရားသခင်၏ တန်ခိုးတော်နှင့်ကား (၁း၁၆-၁၇) ဆန့်ကျင်ဘက်ဖြစ်သည်။

□‘**“ဘုရားသခင်၏ အမျက်တော်”** အငယ် ၁၈-၂၃ သည် ပေါလုခေတ်သာသနာပလောကအကြောင်း ဖော်ပြသည်။ သာသနာလောကအကြောင်း ပေါလု၏ဖော်ပြခြင်း ပုံစံကို ဂျူးစာပေများ၌လည်း

တွေ့ရသည်။ *(Wisdom of Solomon 13:1နှင့် Letter of Aristeas, 134-38)* နှင့် ဂရိနှင့်ရောမလူမျိုးများ ငါကိုယ်ကျင့်တရားဆိုင်ရာ စာပေများ၌ပါတွေ့ရသည်။ ဘုရားသခင်၏ မေတ္တာတော်အကြောင်းပြောသော သမ္မာကျမ်းစာ ကပင် ဘုရားသခင်၏ မျက်တော်အကြောင်းကိုလည်း ပြောပြသည်။ (၂၃-၃၂။ ၂း၅-၈။ ၃း၅။ ၄း၁၅။ ၅း၉။ ၉း၂။ ၁၂း၁၉။ ၁၃း၄-၅)။

အမျက်ထွက်ခြင်းနှင့် ချစ်ခြင်းတည်းဟူသည့် လူ့ဝေါဟာရနှစ်မျိုးစလုံးကိုပင် ဘုရားသခင်၌ သုံးသည်။ ဘုရားသခင်သည် ယုံကြည်သူများအား မိမိကို တုံ့ပြန်မှုပေးကာ၊ အသက်ရှင် စေလိုခြင်းပုံစံ တစ်မျိုးရှိကြောင်း ထိုဝေါဟာရများကဖော်ပြသည်။ ဘုရားသခင်၏ အလိုတော် (ခရစ်တော်၏ ဧဝံဂေလိတရား) အားလူ တစ်ယောက်က ငြင်းဆန်သည့်အခါ ဖြစ်ပေါ်လာသော အကျိုးဆက်မှာ ဤအခန်းငယ်၌ပြသည့်တိုင်း ယာယီအကျိုးဆက် ရှိသကဲ့သို့ ခရစ်တော် ကြွလာသည့် အချိန်၌ တွေ့ရမည့် အကျိုးဆက်လည်းရှိသေးသည် (၂း၅)။ သို့သော်ဘုရားသခင်ကို အာဃာတကြီးပြီး လက်စားချေလိုစိတ် တစ်ကဲကဲနှင့်ဖြစ်နေသူအားဖြင့် ရှုမြင်ရန်ကားမဟုတ်ချေ။ တရားစီရင်ခြင်းသည် သူ၏ "ထူးဆန်းသောအလုပ်" ဖြစ်သည် (ဟေရှာ၊ ၂၈း၂၁)။ ချစ်ခြင်းမေတ္တာသည် သူ၏ အမှတ်အသားဖြစ်သည်။ တရားဟောရာကျမ်း ၅း၉-၅း၁၀၊ ၇း၉တို့နှင့် နှိုင်းယှဉ်ပါ။ သူ၌ တရားမျှတမှုနှင့် ကျေးဇူးကရုဏာ ပို၍သာလွန် ပိုကဲသည်။ သို့သော် လူတိုင်း (ဒေ ၁၂း၁၃-၁၄။ ဂလ၊ ၆း၇) ခရစ်ယာန်များပါမကျန် ဘုရားသခင်အား သတင်းပို့ကြရမည်ဖြစ်သည်။ (၁၄း၁၀-၁၂။ ၂ ကော၊ ၅း၁၀)။

**အထူးအကြောင်းအရာ။ ။ဘုရားသခင်အား လူသားကဲ့သို့ ရေးသား ဖော်ပြခြင်း**
(Anthropomorphic language)

၁။ ဤပုံစံစကားလုံးအသုံးအနှုန်းသည် ဓမ္မဟောင်းကျမ်း၌ အလွန်အသုံးများသည်။ (ဥပမာအချို့မှာ)

က။ ခန္ဓာကိုယ်အစိတ်အပိုင်းများ

၁။ မျက်စိ- က၊ ၁း၄း၃၁၊ ၆း၈၊ ထွက်၊ ၃၃း၁၇၊ တော၊ ၁၄း၁၄၊ တရား၊ ၁၁း၁၂၊ ဇာ၊ ၄း၁၀။

၂။ လက် - ထွက်၊ ၁၅း၁၇၊ တော၊ ၁၁း၂၃၊ တရား၊ ၂း၁၅။

၃။ လက်မောင်း - ထွက်၊ ၆း၆၊ ၁၅း၁၆၊ တော၊ ၁၁း၂၃၊ တရား၊ ၄း၃၄၊ ၅း၁၅။

၄။ နားရွက် - တော၊ ၁၁း၁၈၊ ၁ ဓမ္မ၊ ၈း၂၁၊ ၄ဓမ္မ၊ ၁၉း၁၆၊

၅။ မျက်နှာ - ထွက်၊ ၃၂း၃၀၊ ၃၃း၁၁၊ တော၊ ၆း၂၅၊ တရား၊ ၃၄း၁၀၊ ဆာ၊ ၁၁၄း၇။

၆။ လက်ချောင်းများ - ထွက်၊ ၈း၁၉၊ ၃၁း၁၈၊ တရား၊ ၉း၁၀၊ ဆာ၊ ၈း၃။

၇။ အသံ - က၊ ၃း၈၊ ၁၀၊ ထွက်၊ ၁၅း၂၆၊ ၁၉း၁၉၊ တရား၊ ၂၆း၁၇၊ ၂၇း၁၀။။

၈။ ခြေထောက် - ထွက်၊ ၂၄း၁၀၊ ယေဇ၊ ၄၃း၇။

၉။ လူသားသဏ္ဍာန် - ထွက်၊ ၂၄း၉-၁၁၊ ဆာ၊ ၄၇၊ ဟေရှာ၊ ၆း၁၊ ယေဇ၊ ၁း၂၆။

၁၀။ ထာဝရဘုရား၏ ကောင်းကင်တမန် - က၊ ၁၆း၇-၁၃၊ ၂၂း၁၁-၁၅၊ ၃၁း၁၁-၁၃၊ ၄၈း၁၅-၁၆၊ ထွက်၊ ၃း၄၊ ၁၃-၂၁၊ ၁၄း၁၉၊ သူကြီး၊ ၂း၁၊ ၆း၂၂-၂၃၊ ၁၃း၃-၂၂။

ခ။ ခန္ဓာကိုယ်ပြုမူလှုပ်ရှားမှုများ

၁။ ဖန်ဆင်းခြင်းစက်ယန္တရားအဖြစ်စကားပြောခြင်း - က၊ ၁း၃၊၆၊၉၊၁၁၊၁၄၊၂၀၊၂၄၊၂၆။

၂။ ဧဒင်ဥယျာဉ်၌ လမ်းလျှောက်ခြင်း (အသံ) - က၊ ၃း၈၊ ၁၈း၃၃၊ ဟဗ၊ ၃း၁၅၊

၃။ နောဧ၏သင်္ဘောတံခါးပိတ်ခြင်း - က၊ ၇း၁၆

၄။ မီးရှို့သောယဇ်ကောင်များအနံ့ကိုရှူခြင်း - က၊ ၈း၂၁၊ ဝတ်၊ ၂၆း၃၁၊ အာ၊ ၅း၂၁။

၅။ ဆင်းလာခြင်း - က၊ ၁၁း၅၊ ၁၈း၂၁၊ ထွက်၊ ၃း၈၊ ၁၉း၁၁၊၁၈၊၂၀။

၆။ မောရှေကို သင်္ဂြိုလ်ခြင်း - တရား၊ ၃၄း၆

ဂ။ လူသား၏စိတ်လှုပ်ရှားမှုများ (ဥပမာအချို့)

၁။ နောင်တရ (စိတ်နာ) - က၊ ၆း၆-၇၊ ထွက်၊ ၃၂း၁၄၊ သူကြီး၊ ၂း၁၈၊ ၁ဓမ္မ၊ ၁၅း၂၉၊ ၃၅၊ အာ၊ ၇း၃၊၆။

၂။ စိတ်ဆိုး - ထွက်၊ ၄း၁၄၊ ၁၅း၇၊ တော၊ ၁၁း၁၀၊ ၁၂း၉၊ ၂၂း၂၂၊ ၂၅း၃-၄၊ ၃၂း၁၀၊၁၃၊၁၄၊ တရား၊ ၆း၅၊ ၇း၄၊ ၂၉း၂၀။

၃။ သဝန်တို (အပြစ်ရှိသည်ဟုထင်လွယ်) - ထွက်၊ ၂၀း၅၊ ၃၄း၁၄၊ တရား၊ ၄း၂၄၊ ၅း၉၊ ၆း၁၅၊ ၃၂း၁၆၊၂၁၊ ယောရှု၊ ၂၄း၁၉။

၄။ ရွံရှာ - ဝတ်၊ ၂၀း၂၃၊ ၂၆း၃၀၊ တရား၊ ၃၂း၁၉။

ဃ။ မိသားစုဝေါဟာရများ (ဥပမာအချို့)

၁။ ဖခင်

(က) အစ္စရေးများနှင့်ဆိုင်၍ - ထွက်၊ ၄း၂၂၊ တရား၊ ၁၄း၁၊ ၃၉း၅၊

(ခ) ရှင်ဘုရင်နှင့်ဆိုင်၍ - ၂ဓမ္မ၊ ၇း၁၁-၁၆၊ ဆာ၊ ၂း၇။

(ဂ) ဖခင်ကဲ့သို့ပြုမူသူအဖြစ် တင်စားမှုများ - တရား၊ ၁း၁၃၊ ၈း၅၊ ၃၂း၁၊ ဆာ၊ ၂၇း၁၀၊ သု၊ ၃း၁၂၊ ယေ၊ ၃း၄၊၂၂၊ ၃၁း၂၀၊ ဟော၊ ၁၁း၁-၄၊ မာလ၊ ၁၁း၁-၄။

၂။ မိဘများ - ဟော၊ ၁၁း၁-၄

၃။ မိခင် -ဆာ၊ ၂၇း၁၀ (နို့ထိန်းသည်ကဲ့သို့)၊ ဟေရှာ၊ ၄၉း၁၅၊ ၆၆း၉-၁၃။

၄။ ငယ်ချစ်ဦး - ဟော၊ ၁-၃။

၂။ ဤပုံစံဘာသာစကားသုံးရခြင်းအကြောင်းရင်းများ

က။ ဘုရားသခင်သည် မိမိကိုယ်မိမိလူသားများအား ဖွင့်ပြရန် ၎င်းပုံစံလိုအပ်သည်။ ဘုရားသခင်သည် နာမ် ဝိညာဉ်ဖြစ်၍မမြင်ရသဖြင့် ဘုရားသခင်အား လူသား အဖြစ်ရေးသားဖော်ပြကာ၊ ယောကျ်ားအဖြစ်ယူဆခြင်းမှာ အလွန်ပျံ့နှံ့သည်။

ခ။ ဘုရားသခင်သည် လူသားဘဝ၏ အဓိပ္ပါယ်အရှိဆုံးမြင်ကွင်းများကိုယူကာ၊ ဆင်းသော လူသားအား မိမိကိုယ်မိမိဖော်ထုတ်ပြသရန် ၎င်းတို့ကိုအသုံးပြုသည်။ (ဖခင်၊ မိခင်၊ မိဘ၊ ချစ်သူ)

ဂ။ ရုပ်ခန္ဓာပုံစံတစ်မျိုးမျိုးဖြင့် မိမိကိုယ်မိမိကန့်သတ်ထုတ်ပြရန် လိုအပ်မှုရှိသော်လည်း ထိုသို့ပြုရန် ဆန္ဒမရှိ ချေ။ (ထွက်၊ ၂၀၊ တရား၊ ၅)။

ဃ။ ဘုရားသခင်အား လူသားကဲ့သို့ ရေးသားဖော်ပြခြင်း၏ အထွဋ်အထိပ်မှာ ယေရှုအဖြစ် လူဝင်စားခြင်းဖြစ် သည့် ဘုရားသခင်သည် ရုပ်ခန္ဓာ၊ တို့ထိ၍ရသော သူဖြစ်လာခဲ့ခြင်းဖြစ်သည်။ (၁ယော၊ ၁း၁-၃)။ ဘုရားခင်၏ သတင်းစကားသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်လာသည် (ယော၊ ၁း၁-၁၈)။

□□**"ဖွင့်ပြလျက်ရှိသည်"** ဧဝံဂေလိတရားသည် ဖွင့်ပြထားသော သမ္မာတရားတစ်ရပ် (ငယ် ၁၇) ဖြစ်သည်နည်းတူ ဘုရားသခင်၏ အမျက်တော်မှာလည်း ထိုနည်းတူဖြစ်သည်။ ဘယ်ဟာကမှ လူသားများ ရှာဖွေတွေ့ရှိ၍မဟုတ် သလို၊ ယုတ္တိဗေဒသဘောသာသာလည်းမဟုတ်ချေ။

□□**"သမ္မာတရားအားဖိနှိပ်ချုပ်ချယ်သူ"** ၎င်းမှာ လူသား၏ မသိရှိ၊ နားမလည်မှုကို မဆိုလိုဘဲ၊ လူသား၏ ခေါင်းမာမာဖြင့်ငြင်းဆန်မှုကို ရည်ညွှန်းသည်။ (၂း၃၂၊ ယော၊ ၃း၁၇-၂၁)။ ဤစကားစု၏ ဖြစ်နိုင်ချေရှိသောအဓိပ္ပါယ်မှာ

၁။ သူတို့သည် သမ္မာတရားကို သိရသော်လည်းငြင်းဆန်ကြသည်။

၂။ သမ္မာတရားကို သူတို့ငြင်းဆန်ကြောင်းအား၊ သူတို့၏ အသက်ရှင်ခြင်း ပုံစံကပြသနေသည်။

၃။ သူတို့၏အသက်တာများနှင့်/စကားများသည် အခြားသူများအား သမ္မာတရားကိုမသိရန်၊ လက်မခံရန်အကြောင်းဖြစ်စေသည်။

**အထူးအကြောင်းအရာ။ ။ ပေါလုရေးသောစာများထဲဖော်ပြသည့် "သမ္မာတရား"**

ဤဝေါဟာရအား ပေါလုသုံးနှုန်းခြင်းနှင့် ၎င်းနှင့်ဆက်စပ်သည့် အသုံးအနှုန်းများသည် ဓမ္မဟောင်း ကျမ်းနှင့် အဓိပ္ပါယ်ညီမျှသော *emet* မှလာခြင်းဖြစ်ပြီး ယုံကြည်အားထားထိုက်သည့် (ဝါ) သစ္စာရှိသည်ဟု အဓိပ္ပါယ်ရှိသည်။ (BDB ၅၃)။ ဂျူးလူမျိုးများ၏ သမ္မာကျမ်းစာဆိုင်ရာ အရေးအသားများ၌၎င်းကို အမှားနှင့်ဆန့်ကျင်ဘက် ဖြစ်သော သမ္မာတရားနှင့်ဆိုင်၍ သုံးသည်။ ၎င်းနှင့်အနီးစပ်ဆုံးအလားတူ အသုံးအနှုန်းမှာ the Dead Sea Scrolls ခေါ်ပင်လယ်သေဒေသမှ နောက်ဆုံးတွေ့ရှိသော သားရေကျမ်း အလိပ်များ၌ ပါဝင်သည့် "ကျေးဇူးတော် ချီးမွမ်းရာ ဓမ္မဟောင်းများ" ဖြစ်ပြီး၊ ၎င်း၌ ဖွင့်ပြခဲ့ပြီးသော ဩဝါဒများနှင့်ဆိုင်သော အသုံးအနှုန်းများဖြင့် ရေးသားသည်။ ထိုလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်များသည် "သမ္မာတရား၏ သက်သေများ" ဖြစ်လာသည်။

ပေါလုသည် ထိုဝေါဟာရအား ယေရှုခရစ်တော်၏ ဧဝံဂေလိတရားရှိ ရည်ညွှန်းရန်အသုံးပြုမည်။

၁။ ရော၊ ၁း၁၈၊၂၅၊ ၂း၈၊ ၂၀း၊ ၃း၇၊ ၁၅း၈။

၂။ ၁ကော၊ ၁၃း၆။

၃။ ၂ကော၊ ၄း၂၊ ၆း၇၊ ၁၁း၁၀၊ ၁၃း၈။

၄။ ဂလ၊ ၂း၅၊၁၄၊ ၅း၇။

၅။ ဧဖက်၊ ၁း၁၃၊ ၆း၁၄။

၆။ ကောလောသဲ၊ ၁း၅-၆။

၇။ ၂သက်သလောနိ၊ ၂း၁၀၊၁၂၊၁၃။

၈။ ၂တိမောသေ၊ ၂း၄၊ ၃း၁၅၊ ၄း၃၊ ၆း၅။

၉။ ၂တိမောသေ၊ ၂း၁၅၊၁၈၊၂၅။ ၃း၇၊၈။ ၄း၄။

၁၀။ တိတု ၁း၁၊၁၄။

ပေါလုသည် ဤဝေါဟာရအား မိမိမှန်ကန်စွာပြောဆိုကြောင်းပြရန်လည်း သုံးသည်။

က ။ တမန်တော် ၂၆း၂၅

ခ ။ ရောမ ၉း၁

ဂ။ ၂ကောရိန္တု ၇း၁၄၊ ၁၂း၆။

ဃ ။ ဧဖက်၊ ၄း၂၅

င။ ဖိလိပ္ပိ၊ ၁း၁၈

စ။ ၂တိမောသေ၊ ၂း၇။

သူသည် မိမိရည်ရွယ်ချက်အား ရှင်းလင်းရန် (၁ကော၊ ၅း၈)နှင့် မိမိအသက်ရှင်ခြင်းပုံစံအား (ခရစ်ယာန်များ အားလုံးအတွက်ပါ)ပြသရန်နှင့် (ဧဖက်၊ ၄း၂၄။ ၅း၉။ ဖိ၊ ၄း၈) တခါတလေ လူများအတွက်သုံးသည်။

က ။ ဘုရားသခင်- ရောမ၊ ၃း၄၊ (ယောဟန်၊ ၃း၃၃။ ၁၇း၁၇)

ခ ။ ယေရှု- ဧဖက်၊ ၄း၂၁ (ယောဟန်၊ ၁၄း၆ နှင့်ဆင်တူ)

ဂ။ တမန်တော်အဖြစ်ပြသောသက်သေ - တိတု၊ ၁း၁၃။

ဃ ။ ပေါလု - ၂ကော၊ ၆း၈။

**ဂလတိ၊ ၄း၁၆ နှင့် ဧဖက်၊ ၄း၁၅ များထဲက ကြိယာပုံစံမျိုး (ဥပမာ၊ *ဧနှေအန့သပ*)ရှိပေါလုကသာလျှင်သုံးကာ၊ ဧဝံလေိတရားရှိ ညွှန်းဆိုသည်။** နောက်ထပ်လေ့လာရန် Colin Brown (ed)*The New International Dictionary of New Testament Theology*, အတွဲ ၃၊ စာ၊ ၇၈၄-၉၀၂ ကိုတိုင်ပင်ပါ။

**၁း၁၉ "အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အကြောင်းသိ၍ရသောအရာများကို ဘုရားသခင်သည် သူတို့၌ ထင်ရှားစေသဖြင့် ၎င်းသည် သူတို့အထဲ၌ထင်ရှားလျက်ရှိ၏"** လူသားအားလုံးသည် ဘုရားသခင်အကြောင်း အချို့တို့အား ဖန်ဆင်းသောအရာများမှ သိကြသည်သာဖြစ်သည်။ (ငယ်၊ ၂၀။ ယောဘ၊ ၁၂း၇-၁၀ နှင့် ဆာ၊ ၁၉း၁-၆တို့၌ သဘာဝတရားမှတဆင့်) ဓမ္မပညာ၌၎င်းကို "သဘာဝတရားအားဖြင့်ဖွင့်ပြခြင်း" ဟုခေါ်သည်။ ၎င်းသည် အပြည့်အစုံမဟုတ်သည့်တိုင် သမ္မာကျမ်းစာထဲ ပါရှိသည့် ဘုရားသခင်၏ "အထူး ဖွင့်ပြခြင်း" (ဆာ၊ ၁၉း၇-၁၄) သို့မဟုတ် ယေရှုအားဖြင့် အဆုံးစွန်သော ဖွင့်ပြမှုအားမရရှိလိုက်သူများအပေါ် ဘုရားသခင် ကိုင်စွဲသည့် တာဝန်ယူမှုဖြစ်သည် (ကော၊ ၁း၁၅။ ၂း၉)။

"သိသည်" ဆိုသော ဝေါဟာရကို ဓမ္မသစ်ကျမ်း၌ အမြင်နှစ်မျိုးဖြင့် သုံးသည်။ (၁) ၎င်း၏ ဓမ္မဟောင်းအမြင်ဖြစ်သော ပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းဝင်သည့် ဆက်စပ်မှု (က၊ ၄း၁။ ယေ၊ ၁း၅) နှင့် (၂) အကြောင်းအရာတစ်ခု၏ အဖြစ်မှန်အား ဂရိအမြင်ဖြင့် ဖော်ပြမှု (ငယ် ၂၁) တို့ဖြစ်သည်။ ဧဝံဂေလိတရားသည် ကြိုဆိုခြင်းပြုရမည့် ပုဂ္ဂိုလ်တစ်ဦးနှင့် လက်ခံယုံကြည်ခြင်းပြုရမည့် အဆိုပါ ပုဂ္ဂိုလ်အကြောင်း သတင်းစကားနှစ်မျိုးစလုံးပင်ဖြစ်သည်။ ဤအငယ် ၁၉ ၌ ၎င်းကို နံပါတ် (၂) အမြင်အားဖြင့်သာ သုံးသည်။

**အထူးအကြောင်းအရာ။ ။သိရှိသည် (ဥပမာအဖြစ် တရားဟောရာကျမ်းအား သုံးလေ့ရှိသည်)**

ဟေဗြဲစကား "သိရှိသည်" (BDB 393) ၌ အဓိပ္ပါယ်အတော်များများ (အရှေ့အလယ်ပိုင်း ဘာသာစကား) ကို ကြိယာအမျိုးအစား၌ တွေ့ရသည်။

၁။ အဆိုးအကောင်း နားလည်ခြင်း - က၊ ၃း၂၂။ တရား၊ ၁း၃၉။ ဟေရှာ၊ ၇း၁၄-၁၅။ ယောန၊ ၄း၁၁

၂။ နားလည်ခြင်းအားဖြင့် သိရှိခြင်း - တရား၊ ၉း၂၊၃၊၆။ ၁၈း၂၁

၃။ အတွေ့အကြုံအားဖြင့် သိရှိခြင်း - တရား၊ ၃း၁၉။ ၄း၃၅။ ၈း၂၊၃၊၅။ ၁၁း၂။ ၂၀း၂၀။ ၃၁း၁၃။
ယောရှု၊ ၂၃း၁၄
၄။ စဉ်းစားခြင်း - တရား၊ ၄း၃၉။ ၁၁း၂။ ၂၉း၁၆
၅။ လူပုဂ္ဂိုလ်အားဖြင့် သိရှိခြင်း
(က) လူပုဂ္ဂိုလ်တစ်ယောက် - က၊ ၂၉း၅။ ထွက်၊ ၁း၈။ တရား၊ ၂၂း၂။ ၃၃း၉
(ခ) ဘုရားတစ်ဆူ - တရား၊ ၁၁း၂၈။ ၁၃း၂၆၊၁၃။ ၂၈း၆၄။ ၂၉း၂၆။ ၃၂း၁၇
(ဂ) YHWH- တရား၊ ၄း၃၅၊ ၃၉။ ၇း၉။ ၂၉း၆။ ဟေရှာ၊ ၁း၃။ ၅၆း၁၀-၁၁
(ဃ) လိင်မှုကိစ္စအားဖြင့် - က၊ ၄း၁။ ၁၇၊ ၂၅။ ၂၄း၁၆။ ၃၈း၂၆
၆။ သင်ယူသော ကျွမ်းကျင်မှု (ဝါ) အသိပညာ - ဟေရှာ၊ ၂၉း၁၁၊၁၂။ အာ၊ ၅း၁၆
၇။ ပညာရှိသူဖြစ်ခြင်း - တရား၊ ၂၉း၄။ သု၊ ၁း၂။ ၄း၁။ ဟေရှာ၊ ၂၉း၂၄
၈။ ဘုရားသခင်၏ အသိပညာ
(က) မောရှေနှင့်ဆိုင်၍ - တရား၊ ၃၄း၁၀
(ခ) အစ္စရေးနှင့်ဆိုင်၍ - တရား၊ ၃၁း၂၁၊၂၇၊၂၉

**၁း၂၀။** ဤကျမ်းပိုဒ်သည် ဘုရားသခင်အကြောင်း သုံးမျိုးဖော်ပြသည်။

၁။ သူ၏ မမြင်နိုင်သော ဂုဏ်သတ္တိများ (သူ၏ လက္ခဏာ။ ကော၊ ၁း၁၅။ ၁ တိ၊ ၁း၁၇။ ဟေဗြဲ၊ ၁၁း၂၇)

၂။ သူ၏ ထာဝရတန်ခိုးတော် (သဘာဝအား ဖန်ဆင်းခြင်း၌ တွေ့ရသည့်အတိုင်း၊ ဆာလံ၊ ၁၉း၁-၆)

၃။ သူ၏ ဘုရားသဘာဝ (သူ၏ လုပ်ဆောင်မှုများနှင့် ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်၌ တွေ့ရသည်။ က၊ ၁-၂)

□□**"ကမ္ဘာအားဖန်ဆင်းသည့် အချိန်မှစ၍"** ဝိဘတ် *apo* ကို ယာယီ အဓိပ္ပါယ်ဖြင့် သုံးသည်။ အလားတူ စကားစုမျိုးအား မာ၊ ၁၀း၆။ ၁၃း၁၉။ ၂ ပေ၊ ၃း၄ တို့၌ တွေ့ရသည်။ မမြင်ရသော ဘုရားသခင်ကို ယခုအခါ -

၁။ ရုပ်ကမ္ဘာအား ဖန်ဆင်းခြင်း (ဤကျမ်းပိုဒ်) ဖြင့်မြင်ရသည်။

၂။ သမ္မာကျမ်းစာအားဖြင့် (ဆာ၊ ၁၉။ ၁၁၉) မြင်ရသည်။

၃။ အဆုံးစွန်တွင် ယေရှု၌ (ယော၊ ၁၄း၉) မြင်ရသည်။

□□"ဘုရားပကတိ" ဂရိစာပေမှ *theiotēs* ကို "ဘုရား၏ ကြီးမြင့်ခြင်း - majesty" ဟူ၍ ဘာသာပြန်ဆိုနိုင်သည်။ ၎င်းကို ယေရှု၌ အကြီးမြင့်ဆုံး မြင်နိုင်သည်။ သူသည် ဘုရားသဏ္ဍာန်တော်ကို အတုအနှိုင်းကင်းစွာ ဆောင်ယူသည်။ (၂ ကော၊ ၄း၄။ ဟေဗြဲ၊ ၁း၃)။ သူသည် လူသားပုံပန်းသဏ္ဍာန်ဖြင့် ဘုရားသခင်အား အပြည့်အဝဖွင့်ပြသူဖြစ်သည်။ (ကော၊ ၁း၁၉။ ၂း၉)။ ဧဝံဂေလိတရား၏ အံ့ချီးဘွယ်ရာ သမ္မာတရားမှာ အပြစ်ထဲကျဆင်းခဲ့သူ လူသားသည် ခရစ်တော်အား ယုံကြည်ခြင်းမှတဆင့် ခရစ်တော်နှင့် တူညီခြင်းဝေမျှ ရယူသည် ဟူသော အချက်ဖြစ်၏ (ဟေဗြဲ ၁၂း၁၀။ ၁ ယော၊ ၃း၂)။ လူသားအထဲ၌

ရှိသော ဘုရားသခင်၏ သဏ္ဍာန်တော်ကို (က၊ ၁း၂၆၊ ၂၇) ပြန်လည်ရယူခဲ့ပြီးဖြစ်သတည်း (*theios*၂ ပေ၊ ၁း၃-၄)။

**NASB "ဖန်ဆင်းသည့်အရာများအားဖြင့် နားလည်ကာ ရှင်းလင်းစွာ သိမြင်ခဲ့ရပြီ"**

**NKJV"ဖန်ဆင်းသည့်အရာများအားဖြင့် နားလည်ကာ ရှင်းလင်းစွာ သိမြင်ရ၏"**

**NRSV"ဖန်ဆင်းသောအရာများအားဖြင့် နားလည်ကာ သိမြင်ခဲ့ရပြီ"**

**TEV"ရှင်းလင်းစွာ သိမြင်ခဲ့ရပြီ။ ၎င်းတို့ကို ဘုရားသခင်၏ ဖန်ဆင်းသောအရာများအားဖြင့် သိမြင်ရသည်"**

**NJB "ဖန်ဆင်းတော်မူသောအရာများကို လူစိတ်အားဖြင့် နားလည်ရမှုမှ ရှင်းလင်းစွာ သိမြင်ခဲ့ရပြီ"**

ပေါင်းစပ်ထားသည့် *noeō* (မ၊ ၁၅း၁၇) နှင့် *kathoraō* တို့သည် နှစ်ခုစလုံး အပြုခံကြိယာစစ်မှန်စွာ သိမြင်သည်ဟု ဆိုလိုရာရောက်သည်။ ဘုရားသခင်သည် ကျမ်းနှစ်ကျမ်းရေးသားခဲ့ရာ (၁) သဘာဝတရား (ဆာ၊ ၁၉း၁-၆) နှင့် (၂) သမ္မာကျမ်းစာ (ဆာ၊ ၁၉း၇-၁၄) တို့ဖြစ်သည်။ ၎င်းတို့နှစ်မျိုးစလုံးမှာ လူသားဘဝဖြင့် နည်းလည်နိုင်စွမ်းသောအရာဖြစ်ကာ တုံ့ပြန်မှုကိုလည်း တောင်းဆိုသည်။ (Wisdom ၁၃:၁-၉)

□□**"ထို့ကြောင့် သူတို့၌ ဆင်ခြေတက်နိုင်စရာအကြောင်း မရှိချေ"** အဓိပ္ပါယ်အတိအကျမှာ "တရားဝင်ခုခံပိုင်ခွင့်မရှိချေ" ဟူ၍ ဖြစ်၏။ ဤဂရိဝေါဟာရ (*apologeomai* ၌ *a* ထပ်ထည့်ခြင်း) ကို ဓမ္မသစ်ကျမ်း၌ ဤနေရာနှင့် ၂း၁ ၌ သာလျှင် သုံးသည်။ ၁း၁၈-၃း၂၀ ၏ ဓမ္မပညာအရရည်ရွယ်ချက်မှာ လူသားအားလုံး ဝိညာဉ်ရေး၌ ပျောက်ဆုံးနေခြင်းအား ပြသရန်ဖြစ်ကြောင်း သတိရပါ။ လူသားတိုင်း၌ မိမိတို့ ရရှိထားသည့် အသိပညာပေါ်မူတည်ကာ တာဝန်ရှိကြသည်။ ဘုရားသခင်သည် လူသားများအား မိမိတို့သိထားသည့်အရာ (ဝါ) သိနိုင်သည့်အရာ အတွက်၌သာ တာဝန်ရှိသည်ဟု စွဲကိုင်သည်။ (၄း၁၅။ ၅း၁၃)။

**၁း၂၁ "အကြောင်းမူကား သူတို့သည် ဘုရားသခင်ကို သိသည်မှန်သောလည်း"** လူသားသည် တဖြည်းဖြည်းချင်း ဘုရားတရားကိုင်းရှိုင်းလာသည်မဟုတ်ပဲ၊ တိုး၍တိုး၍ ဆိုးညစ်လာကြခြင်းဖြစ်သည်။ လူသားသည် ကမ္ဘာဦးကျမ်း ၃ အချိန်ကာလမှစ၍ တောင်ခြေရင်းသို့ ဆင်းသောလမ်းကို ဆက်လက်လိုက်လာခဲ့ကြခြင်းဖြစ်သည်။ မှောင်မိုက်သည် ပို၍ပို၍ မှောင်မဲလာနေခြင်းသာဖြစ်သည်။

□□**"သူ့ကို ဘုရားသခင်အဖြစ် ဂုဏ်ပြုခြင်း၊ ကျေးဇူးတင်ခြင်းမရှိကြဘဲ"** အငယ် ၂၃၊၂၄ ၌ ဖော်ပြသည့် သာသနာပရုပ်တုဆင်းတု လောက၏ ဝမ်းနည်းစရာ ကံကြမ္မာဖြစ်သည်။ (ယေ၊ ၂း၉-၁၃)။ ယုံကြည်သူများကမူ ခရစ်တော်ကဲ့သို့အသက်ရှင်ခြင်းအားဖြင့် ဘုရားသခင်ကို "ချီးမြှောက်ဂုဏ်ပြု" ကြသည်။ (မ၊ ၅း၁၆။ ရော၊ ၁၂း၁-၂။ ၁ ကော၊ ၆း၂၀။ ၁၀း၃၁။ ဖိ၊ ၁း၂၀။ ၁ ပေ၊ ၄း၁၁) YHWH ဘုရားသခင်သည် မိမိ၏ အမှတ်အသားကို ကျဆင်း၍ မျက်စိကန်းသော လောကအား ထင်ဟပ်ပြသမည့် လူတစ်မျိုးအလိုတော်ရှိပါသည်။

□□**"မိမိတို့၏ မှန်းဆမှုများအားဖြင့် အချည်းအနှီးဖြစ်သွားကြကာ၊ မိုက်မဲသော သူတို့၏ စိတ်နှလုံးများသည် မှောင်မိုက်လျက်ရှိ၏"** Olaf M. Morlie ၏ "*အသစ်ဘာသာပြန်ခြင်း ဓမ္မသစ်ကျမ်း*" ၌ ယခုလိုဖတ်ရပုံမှာ "ထိုသို့ဖြစ်ရမည့်အစား သူတို့သည် ဘုရားသခင်အကြောင်း မိမိတို့၏ မိုက်မဲသော မှန်းဆမှုများအထဲ မိမိကိုယ်မိမိ ဗျာများလျက်ရှိကြပြီး၊ မိုက်မဲသော မိမိတို့၏ စိတ်နှလုံးများသည် အမှောင်ထဲ၌ စမ်းတဝါးဝါးဖြစ်နေကြ၏" ဟူ၍ ဖြစ်သည်။ လူသားတို့၏ ဘာသာတရားများသည် ဝိညာဉ်ရေးရာ ပုန်ကန်မှုနှင့် မာန်မာနများအတွက် မော်ကွန်းကျောက်တိုင်များ ဖြစ်သည်။ (ငယ် ၂၂။ ကော၊ ၂း၁၆-၂၃)

ဂရိဓမ္မဟောင်းကျမ်း LXX ၌ သုံးသည့် အချည်းနှီး futile စကားလုံးသည် အစ္စရေး၏ အိမ်နီးချင်းများ ကိုးကွယ်သည့်ရုပ်တုများနှင့် ဆိုင်၍ "vain - **အလဟသ**" "non-existent- မတည်ရှိခြင်း" ကို ရည်ညွှန်းသည်။ ပေါလုသည် Septuagint (LXX) ကို သိကျွမ်းသော ဟောပြောတွေးခေါ်ရှင်ဖြစ်သည်။ LXX ၌ သုံးသည့် ဂရိစကားလုံးများသည် ဓမ္မသစ်ကျမ်း ရေးသားပြုစုသူများအတွက် ဂရိအဘိဓါန်ကြီးများထက် ပို၍ ကောင်းသော လမ်းညွှန်ဖြစ်သည်။

ဤကြိယာနှစ်မျိုးစလုံးသည် Aorist Passive Indicative ခေါ်အပြုခံကြိယာ (PassiveVoice) များ ဖြစ်သည်။။ သူတို့၌ နားလည်မှုကောင်းစွာ တုံ့ပြန်မှုပြုခြင်း ချို့တဲ့ရခြင်းမှာ ဘုရားသခင်သည် သူတို့၏ စိတ်နှလုံးများကို ဖုံးကွယ်ပေး၍လော? သို့မဟုတ် အလင်းကို သူတို့ငြင်းဆန်မှုသည် သူတို့စိတ်နှလုံးကို ခိုင်မာစေ၍လော? ဤအပြုခံကြိယာ စကားလုံးနှစ်လုံးသည် ဤမေးခွန်း ဖြစ်ပေါ်စေသည်။ (၁၀း၁၂-၁၆။ ၄ ဓမ္မ၊ ၁၇း၁၅။ ယေ၊ ၂း၅။ ဧဖက်၊ ၄း၁၇-၁၉)။ ၎င်းသည် ထွက်မြောက်ရာကျမ်းထဲက ဖါရိုဘုရင်နှင့် ဆိုင်၍ အလားတူ ဓမ္မပညာဆိုင်ရာ မေးခွန်းဖြစ်ပေါ်စေသည်။

| ဘုရားသခင်သည် သူ့စိတ်နှလုံးကို ခိုင်မာစေသည် | ဖါရိုသည် မိမိစိတ်နှလုံးကို ခိုင်မာစေသည် |
|---|---|
| ထွက်၊ ၄း၂၁ | ထွက်၊ ၈း၁၅ |
| ၉း၁၂ | ၈း၃၂ |
| ၁၀း၂၀ | ၉း၃၄ |
| ၁၁း၁၀ | |
| ၁၄း၄ | |
| ၁၄း၈ | |
| ၁၄း၁၇ | |

၉း၃၅ ၌ ခိုင်မာစေသူမှာ ဘုရားသခင် (ဝါ) ဖါရိုနှစ်မျိုးစလုံးရည်ညွှန်းနိုင်သည်။ ၎င်းမှာ ဘုရားသခင်၏ ဖုံးကွယ်ထားသော အချုပ်အချာအာဏာနှင့် လူသား၏ လွတ်လပ်သော ဆန္ဒဖြစ်သည်။

□□ **"စိတ်နှလုံး - heart"** ဓမ္မဟောင်းကျမ်း၌ ဤဝေါဟာရကို လူ၏ ပုဂ္ဂိုလ်တစ်ခုလုံးအား ရည်ညွှန်းအသုံးပြုသည်။ သို့သော် စဉ်းစားခြင်းနှင့် စိတ်ခံစားမှုဖြစ်စဉ်အား ရည်ညွှန်းလေ့ရှိသည်။ ၁း၂၄ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ။

၁း၂၂

**NASB, NKJV“ပညာရှိဖြစ်သည်ဟု ဆိုကြသော်လည်း အရူးများဖြစ်လာကြကာ”**

**NRSV“ပညာရှိဖြစ်သည်ဟု အခိုင်အမာဆိုကြသော်လည်း အရူးများဖြစ်လာကြကာ”**

**TEV“သူတို့ကိုယ်သူတို့ ပညာရှိဖြစ်သည်ဟု ပြောကြသော်လည်း အရူးများဖြစ်ကြသည်”**

**NJB“သူတို့ကိုယ်သူတို့ တွေးခေါ်ရှင်ကြီးများဟု ခေါ်လေလေ ပို၍ မိုက်မဲကြလေလေဖြစ်ကြသည်”**

ကျွန်တော်တို့၏ အင်္ဂလိပ်စကား “moron” (အသက်ကို လိုက်၍ အသိဉာဏ်တိုး မလာဘဲ၊ အူကြောင်ကြောင်ဖြစ်နေသူ) ကို ဂရိစကား “fool” - အရူးမှရရှိသည်။ ပြဿနာမှာ လူသား၏ မာနနှင့် မိမိ၏ အသိပညာကို အားကိုးအားထားပြုခြင်းဖြစ်သည်။ (၁ ကော၊ ၁း၁၈-၃၁။ ကော ၂း၈-၂၃)။ ၎င်းမှာ ကမ္ဘာဦးကျမ်းအခန်းကြီး ၃ က ပြဿနာဖြစ်သည်။ အသိပညာသည် သီးခွဲထုတ်ခံခြင်းနှင့် တရားစီရင်ခံခြင်း ဖြစ်ပေါ်စေသည်။ လူသား၏ အသိပညာမှာ အစဉ်မှားယွင်း၍မဟုတ်ဘဲ ၎င်းသည် အဆုံးစွန်သော အရာ မဟုတ်ခြင်းမျှသာ ဖြစ်သည်။

**၁း၂၃** ဘုရားသခင်၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသော လူသားသည် ခေါင်းမာမာဖြင့် လစ်လျူရှုသည့်ခါ (က၊ ၁၁း၂၆-၂၇။ ၅း၁၊၃။ ၉း၆) ဘုရားသခင်ကို အောက်ပါတို့ကဲ့သို့သော လောကီရုပ်တုများဖြစ်သွားစေသည်။

၁။ တိရစ္ဆာန်များ (အီဂျစ်နိုင်ငံ)

၂။ သဘာဝစွမ်းအားများ (ပါရှား/ယခုခေတ်အီရန်)

၃။ လူသားပုံစံ (ဂရိ/ရောမ) ရုပ်တုများ၊ ဘုရားသခင်၏ လူမျိုးတော်ကိုယ်တိုင် ဤသို့ပြုခဲ့ကြသည်။ (တရား၊ ၄း၁၅-၂၄)

ရှေးခေတ်ကာလက ဤအပြစ်များ၏ ယနေ့ခေတ်သစ်ပုံစံအချို့မှာ

၁။ သဘာဝပတ်ဝန်းကျင်ဝါဒီ (အမိမြေကမ္ဘာ)

၂။ အရှေ့တိုင်း၏ ခေတ်သစ်ဝါဒ (ဈာန်ဝါဒ၊ ဝိဉာဉ်ဝါဒနှင့် မှော်ပညာ)

၃။ ဘုရားမဲ့လူသာပဓါနဝါဒီ၊ မာ(ခ်)စ် ဝါဒ၊ အရာခပ်သိမ်းပြည့်စုံခြင်း ဝါဒ - utopianism၊ တိုးတက်နေသော ပြည့်စုံခြင်းဝါဒ - progressive idealism နှင့် နိုင်ငံရေး (ဝါ) ပညာရေး၌ အဆုံးစွန်သော ယုံကြည့်မှုရှိခြင်း

၄။ ဆေးဝါးအားကိုးဝါဒ - holistic medicine (ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်း)

၅။ ပညာရေး

□□**“ဘုန်းတန်ခိုးတော်”** ၃း၂၃ ၏ အထူးအကြောင်းအရာ၌ ကြည့်ပါ။

□□**“ပျက်စီးတတ်သော လူသား”** အောက်ပါအထူးအကြောင်းအရာ၌ ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ဖျက်ဆီး၊ ပျက်စီး၊ ဖေါက်ပြန် -Destroy, Ruin, Corrupt (PHTHEIRŌ)**

ဤဝေါဟာရ *phtheirō* ၏ အခြေခံ အဓိပ္ပါယ်မှာ ဖျက်ဆီး - destroy, ပျက်စီး - ruin, ဖေါက်ပြန် - corrupt or spoil ဖြစ်သည်။ အောက်ပါအတိုင်းသုံးနိုင်သည်။

၁။ ငွေကြေးဆိုင်ရာ ဖေါက်ပြန်ပျက်စီးမှု (၂ ကော၊ ၇း၂ ဖြစ်နိုင်သည်)
၂။ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်း (၁ ကော၊ ၃း၁၇)
၃။ ကိုယ်ကျင့်တရားပျက်စီးခြင်း (ရောမ၊ ၁း၂၃။ ၈း၂၁။ ၁ ကော၊ ၁၅း၃၃၊ ၄၂၊ ၅၀။ ဂလ၊ ၆း၈။ ဗျာ၊ ၁၉း၂)
၄။ လိင်မှုဆိုင်ရာ သွေးဆောင်ခြင်း (၂ ကော၊ ၁၁း၁၃)
၅။ ထာဝရပျက်စီးခြင်း (၂ ပေ၊ ၂း၁၂၊၁၉)
၆။ လူသားများ၏ ဖေါက်ပြန်ပျက်စီးနေသော မိရိုးဖလာဓလေ့ထုံးစံများ (ကော၊ ၂း၂၂။ ၂ ကော၊ ၃း၁၇)

ဤဝေါဟာရအား ဆန့်ကျင်ဘက်များအား ပယ်ဖျက်ခြင်းအဖြစ် တစ်နေရာတည်း၌ အသုံးပြုလေ့ရှိသည်။ (ရောမ၊ ၁း၂၃။ ၁ ကော၊ ၉း၂၅။ ၁၅း၅၀၊၅၃)

ကျွန်တော်တို့၏ မြေကြီးရုပ်ခန္ဓာနှင့် ကျွန်တော်တို့၏ ကောင်းကင်ဘုံဆိုင်ရာ ထာဝရခန္ဓာကိုယ်တို့ ဆန့်ကျင်ဘက်ဖြစ်နေခြင်း၌ အလားတူ အသုံးပြုပုံကို မှတ်သားပါ။

၁။ ပုပ်ပျက်နိုင်သောအရာနှင့် မပုပ်ပျက်နိုင်သောအရာ (၁ ကော၊ ၁၅း၄၂၊၅၀)
၂။ အသရေမဲ့သောအရာနှင့် အသရေပြည့်စုံသောအရာ (၁ ကော၊ ၁၅း၄၃)
၃။ အားနည်းခြင်းနှင့် အစွမ်းတန်ခိုး (၁ ကော၊ ၁၅း၄၃)
၄။ သဘာဝကိုယ်ခန္ဓာနှင့် ဝိညာဉ်ခန္ဓာ (၁ ကော၊ ၁၅း၄၄)
၅။ ပထမအာဒံနှင့် နောက်ဆုံးအာဒံ (၁ ကော၊ ၁၅း၄၅)
၆။ မြေကြီးသဏ္ဍာန်နှင့် ကောင်းကင်ဘုံသဏ္ဍာန် (၁ ကော၊ ၁၅း၄၉)

**NASB(နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ။ ၁း၂၄-၂၅**

**[၂၄]သူတို့သည် မိမိတို့ကိုယ်ခန္ဓာကို မိမိတို့အချင်းချင်း ရှုတ်ချကြစေရန် အလို့ငှါ၊ သူတို့၏ စိတ်နှလုံးတပ်မက်ခြင်းကို လိုက်၍ ဘုရားသခင်သည် သူတို့အား မစင်ကြယ်ခြင်း၌ လွှတ်လိုက်တော်မူ၏။ [၂၅]အကြောင်းမူကား သူတို့သည် ဘုရားသခင်၏ သမ္မာတရားကို မုသာနှင့်လဲလိုက်ကြကာ၊ ဖန်ဆင်းသူထက် ဖန်ဆင်းသော အရာများကို ကိုးကွယ်ကာ၊ အစေခံကြ၏။ ထိုအရှင်သည် အမြဲထာဝရကောင်းချီးမင်္ဂလာ ခံစားသူဖြစ်တော်မူ၏။ အာမင်။**

**၁း၂၄၊၂၆၊၂၈ "ဘုရားသခင်သည် သူတို့အား . . . လွှတ်လိုက်တော်မူ၏"** ၎င်းသည် အစွမ်းကုန် ဆိုးဝါးသော တရားစီရင်မှုဖြစ်သည်။ ၎င်းမှာ ဘုရားသခင်က "ကျဆင်းသူ လူသားအား

သူ့လမ်းသူလျှောက်နေပါလေစေ” ဟု ဆိုခြင်းဖြစ်သည်။ (ဆာလံ ၈၁း၁၂။ ဟော ၄း၁၇။ တ၊ ၇း၄၂) ဤဓမ္မပညာဆိုင်ရာ အကြောင်းအရာအတွက် ဓမ္မဟောင်းကျမ်းပိုဒ်အတော်များများ ပါရှိသည်။ အငယ် ၂၃-၃၂ သည် သာသနာပ လောကအား ဘုရားသခင်ငြင်းဆန် (ယာယီအမျက်တော်) ခြင်းနှင့် ၎င်း၏ အပေါ်ယံ ဘာသာရေးကိုင်းရှိုင်းမှု (ကျွန်တော်တို့၌ပါ) ကို ရေးသားဖော်ပြသည့် သာသနာပ ကမ္ဘာ၏ အမှတ်လက္ခဏာမှာ လိင်မှုရေးရာ ဖောက်ပြန်မှုနှင့် ၎င်းအား အမြင့်ထုတ်ခြင်းဖြစ်ခဲ့ပြီး၊ ယခုခေတ်၌လည်း ထိုနည်းတူဖြစ်ပါသည်။

**၁း၂၄ “စိတ်နှလုံးများ” အောက်ပါအထူးအကြောင်းအရာကို ကြည့်ပါ။**

**အထူးအကြောင်းအရာ။ ။ နှလုံး**

Septuagint (LXX) ဂရိဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း၌ သုံးသော၊ ဂရိဝေါဟာရ*ခေ်ဒီ*ကို ဟေဗြဲဝေါဟာရ *leb* (BDB523) ၏ အဓိပ္ပါယ်ထင်ဟပ်ပေါ်လွင်စေသော စကားလုံးဖြစ်သည်။ ၎င်းကို အသုံးပြုပုံအတော်များများ ရှိသည်။ (Bauer, Arndt, Gingrich နှင့် Darker တို့၏ *A Greek-English Lexicon,* pp. ၄၀၃-၄၀၄)

၁။ ရုပ်ခန္ဓာအသက်၏ ဗဟို၊ လူပုဂ္ဂိုလ်အား တင်စားခေါ်ဝေါ်ခြင်းတစ်မျိုး (တ၊ ၁၄း၁၇။ ၂ ကော၊ ၃း၂-၃။ ယာကုပ် ၅း၅)

၂။ ဝိညာဉ်အသက်၏ဗဟို (ဥပမာ - ကိုယ်ကျင့်တရားနှင့်ဆိုင်သော)

(က) ဘုရားသခင်သည် စိတ်နှလုံးကို သိသည်။ (လု၊ ၁၆း၁၅။ ရော၊ ၈း၂၇။ ၁ ကော၊ ၁၄း၂၅။ ၁ သက်၊ ၂း၄။ ဗျာ၊ ၂း၁၃)

(ခ) လူသား၏ ဝိညာဉ်ရေးရာ အသက်နှင့်ဆိုင်၍ သုံးသည်။ (မ၊ ၁၅း၁၈-၁၉။ ၁၈း၃၅။ ရော၊ ၆း၁၇။ ၁ တိ၊ ၁း၅။ ၂ တိ ၂း၂၂။ ၁ ပေ၊ ၁း၂၂)။

၃။ စဉ်းစားခြင်း အသက်တာ၏ ဗဟို (ဥပမာ - အသိဉာဏ်။ မ၊ ၁၃း၁၅။ ၂၄း၄၈။ တ၊ ၇း၂၃။ ၁၆း၁၄။ ၂၈း၂၇။ ရော၊ ၁း၂၁။ ၁၀း၆။ ၁၆း၁၈။ ၂ ကော၊ ၄း၆။ ဧ၊ ၁း၁၈။ ၄း၁၈။ ယာ၊ ၁း၂၆။ ၂ ပေ၊ ၁း၉။ ဗျာ၊ ၁၈း၇။ ၂ ကော၊ ၃း၁၄-၁၅ နှင့် ဖိ၊ ၄း၇ တို့၌ နှလုံးသည် စိတ်နှင့် အဓိပ္ပါယ်တူသည်။

၄။ စိတ်ဆန္ဒ/စေတနာ၏ ဗဟိုဌာနဖြစ်သည် (ဥပမာ - စိတ်အလို၊ တ၊ ၅း၄။ ၁၁း၂၃။ ၁ ကော၊ ၄း၅။ ၇း၃၇။ ၂ ကော၊ ၉း၇)

၅။ စိတ်လှုပ်ရှားခြင်း၏ ဗဟိုဌာန (မ၊ ၅း၂၈။ တ၊ ၂း၂၆၊ ၃၇။ ၇း၅၄။ ၂၁း၁၃။ ရော၊ ၁း၂၄။ ၂ ကော၊ ၂း၄။ ၇း၃။ ဧ၊ ၆း၂၂။ ဖိ၊ ၁း၇)

၆။ ဝိညာဉ်အလုပ်လုပ်ရာ (ရော၊ ၅း၅။ ၂ ကော၊ ၁း၂၂။ ဂလ၊ ၄း၆။ (ဥပမာ - ကျွန်တော်တို့ နှလုံးထဲ ခရစ်တော်ရှိသည်။ ဧ၊ ၃း၁၇)

၇။ နှလုံးသည် လူပုဂ္ဂိုလ်တစ်ခုလုံးအား ရည်ညွှန်းသည့် တင်စားမှု တစ်မျိုးဖြစ်သည်။ (မ၊ ၂၂း၃၇။ တရား၊ ၆း၅ ကို ယူသည်)။ စဉ်းစားခြင်း၊ ရည်ရွယ်ရင်းနှင့် ပြုမူခြင်းများသည် နှလုံးပင် ဖြစ်သည်ဟူသော သဘောရှိပြီး၊ ၎င်းသည် လူတစ်ယောက်အား မည်ကဲ့သို့ ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း အပြည့်အဝ ဖော်ပြသည်။ ဓမ္မဟောင်းကျမ်း၌ ထူးခြားမှတ်သား လောက်သော ဝေါဟာရ အသုံးအနှုန်းများ ရှိသည်။

(က) ကမ္ဘာ၊ ၆း၆။ ၈း၂၁ "ဘုရားသခင်သည် မိမိနှလုံး၌ နာကျင်သည်" ဟော၊ ၁၁း၈-၉ ၌လည်း ကြည့်ပါ။
(ခ) တရား၊ ၄း၁၉။ ၆း၅ "နှလုံးအကြွင်းမဲ့၊ ဝိညာဉ် (soul) အကြွင်းမဲ့"
(ဂ) တရား၊ ၁၀း၁၆ "အရေဖျားမလှီးသော နှလုံး" ရောမ၊ ၂း၂၉
(ဃ) ယေဇ၊ ၁၈း၃၁-၃၂ "နှလုံးအသစ်"
(င) ယေဇ၊ ၃၆း၂၆ "နှလုံးအသစ်" - "ကျောက်နှလုံး"

**၁း၂၅ "ဘုရားသခင်၏ သမ္မာတရားကို မုသာနှင့်လဲကြသည်"** ၎င်းကိုနည်းလမ်းအတော်များများဖြင့် နားလည်နိုင်သည်။

၁။ လူသားအား ဘုရားအဖြစ် ကိုးကွယ်ခြင်း (၂ သက်၊ ၂း၄၊ ၁၁)
၂။ မိမိလုပ်သည့်အရာ - ရုပ်တုအား ကိုးကွယ်ခြင်း (ဟေရှာ၊ ၄၄း၂၀။ ယေဇ၊ ၁၃း၂၅။ ၁၆း၁၉)။ အရာခပ်သိမ်းအား ဖန်ဆင်းသူ YHWHအား အစားထိုး (၁၈-၂၃)
၃။ ဧဝံဂေလိနှင့်ဆိုင်သော သမ္မာတရားအား လူက အဆုံးစွန်ငြင်းဆန်ခြင်း (ယော၊ ၁၄း၁၇။ ၁ ယော၊ ၂း၂၁၊၂၇)။ နံပါတ် ၂ မှာ အသင့်တော်ဆုံးဖြစ်သည်။

□□**"ကိုးကွယ်၍ အစေခံသည်"** လူသား၌ ဘုရားများ အစဉ်အမြဲပြတ်ရှိမည်သာ ဖြစ်သည်။ လူသားမှန်လျှင် မိမိတို့ လက်လှမ်းမမှီသော တစုံတယောက်၊ သမ္မာတရားတစ်ခုခု (ဝါ) အရာတစ်ခုခုရှိကြောင်း ခံစားသိရှိသည်။

□□**"အမြဲထာဝရကောင်းချီးမင်္ဂလာ ခံစားသူဖြစ်တော်မူ၏။ အာမင်"** ပေါလုသည် ဂျူးလူမျိုးတို့၏ ကောင်းချီးပေးခြင်းတစ်ခု ပြင်းထန်စွာ ခံစားပြောထွက်လိုက်ခြင်းဖြစ်သည်။ ၎င်းမှာ သူ့အကြောင်း အလွန်ထင်ရှားစေမှုတစ်ခု ဖြစ်သည်။ (ရော၊ ၉း၅။ ၂ ကော၊ ၁၁း၃၁)။ ပေါလုသည် စာရေးရင်း ဆုတောင်းလေ့ရှိသည်။ (၉း၅။ ၁၁း၃၆။ ၁၅း၃၃။ ၁၆း၂၇)
□□**"အမြဲထာဝရ"** အောက်ပါ အထူးအကြောင်းအရာ၌ ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ အမြဲထာဝရ** (ဂရိ အီဒီယံ)

အခြားဂရိအီဒီယံ အသုံးအနှုန်းတစ်ခုမှာ "ခေတ်အဆက်ဆက် - unto the ages" ဖြစ်သည် (လု၊ ၁း၃၃၊ ရော၊ ၁း၂၅။ ၁၁း၃၆၊ ၁၆း၂၇။ ဂလာ၊ ၁း၅၊ ၁ တိ၊ ၁း၁၇)။ ၎င်းသည် ဟေဗြဲ *olam* ကို ထင်ဟပ်ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။ Robert B. Girdlestone ၏ *Synonyms of the Old Testament,* pp. ၃၁၉-၃၂၁ နှင့် ဓမ္မဟောင်း အထူးအကြောင်းအရာ။ ။ "အမြဲထာဝရ ('*Olam*)" တို့ကိုကြည့်ပါ။ အခြားဆက်စပ်မှုရှိသော စကားစုများမှာ "unto age - ခေတ်ကာလ" (မ၊ ၂၁း၁၉။ မာ၊ ၁၁း၁၄။ လု၊ ၁း၅၅။ ယော၊ ၆း၅၈။ ၈း၃၅။ ၁၂း၃၄။ ၁၃း၈။ ၁၄း၁၆။ ၂ကော၊ ၉း၉)တွင် "of the age of the ages" - ကမ္ဘာအဆက်ဆက်မှ ကမ္ဘာအဆက်ဆက်" (ဧ၊ ၃း၂၁)။ ဂရိအီဒီယံ "forever - အမြဲထာဝရ"နှင့် ကွဲပြားခြားနားမှုရှိပုံ မပေါ်ချေ။ အများပြကိန်း "ages" သည်

"အများကိန်းပြု၍ထူးမြတ်စေခြင်း "the plural of majesty" ခေါ် ဂျူးဆရာကြီးများအသုံးပြုသည့် တင်စားခြင်းတစ်မျိုးဖြစ်နိုင်သည်။ သို့မဟုတ် ဂျူးလူမျိုးတို့၏ရှုမြင်ပုံအရ ခေတ်ကာလ/ကပ်ကမ္ဘာ အမျိုးမျိုးဖြစ်သည်။ "ဆိုးသွမ်းခြင်းကပ်ကမ္ဘာ၊" "လာလတံ့သောကပ်ကမ္ဘာ" "ဖြောင့်မတ်ခြင်းကပ်ကမ္ဘာ" တို့ကို ညွှန်းဆိုခြင်းဖြစ်နိုင်သည်။
□□**"အာမင်"** အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ အာမင် (Amen)**

**၁။ ဓမ္မဟောင်းကျမ်း**

က။ "အာမင်"ခေါ် ဝေါဟာရမှာ အောက်ပါဟေဗြဲစကားလုံးများမှ လာသည်။

၁။ "သမ္မာတရား" (*emeth*, BDB49)

၂။ "သမ္မာတရားကျခြင်း" (*emun, emunah*, BDB53)

၃။ "ယုံကြည်ခြင်း(ဝါ) သစ္စာရှိခြင်း"

၄။ "ကိုးစားသည်" (*dmn*, BDB52)

ခ။ ၎င်း၏စကားလုံးမူရင်းအနက်မှာ လူတစ်ယောက်၏ ခန္ဓာကိုယ်ရပ်တည်မှုခိုင်မြဲခြင်းဖြစ်သည်။ ဆန့်ကျင်ဘက်မှာ မခိုင်မြဲသော၊ ချော်လဲသောဟူ၍ဖြစ်ပေလိမ့်မည် (တရား၊ ၂၈း၆၄-၆၇၊ ၃၈း၁၆၊ ဆာလံ ၄၀း၂၊ ၇၃း၁၈၊ ယေ၊ ၂၃း၁၂) သို့မဟုတ် ခလုတ်တိုက်မိခြင်း (ဆာ၊ ၇၃း၂)။ ဤအသုံးအနှုန်းမှ တင်စားသုံးနှုန်းခြင်းဖြစ်သည့် သစ္စာရှိသည် - faithful, အားကိုး ယုံကြည်ထိုက်သည် - trustworthy, သစ္စာစောင့်သည် - loyal နှင့် dependable - မှီခိုထိုက်သည် စသဖြင့် ဖြစ်လာသည် (က၊ ၁၅း၁၆၊ ဟဗ၊ ၂း၂၄)။

ဂ။ အထူးအသုံးအနှုန်းများ

၁။ တိုင်တစ်တိုင် - ၄ ဓမ္မ၊ ၁၈း၁၆ (၁တိ ၃း၁၅)

၂။ စိတ်ချသေချာခြင်း - ထွ၊ ၁၇း၁၂

၃။ တည်ငြိမ်ခြင်း - ထွ၊ ၁၇း၁၂

၄။ ခိုင်မြဲခြင်း - ဟေရှာ၊ ၃၃း၆။ ၃၄း၅-၇။

၅။ မှန်ကန် - ၃ဓမ္မ၊ ၁၀း၆။ ၁၇း၂၄။ ၂၂း၁၆။ သု၊ ၁၂း၂၂။

၆။ မြဲမြံ - ၂ရာ၊ ၂၀း၂၀။ ဟေရှာ၊ ၇း၉

၇။ မှီခိုထိုက် (ပညတ်ကျမ်း - Torah) ဆာလံ၊ ၁၁၉း၄၃၊ ၁၄၂၊ ၁၅၁၊ ၁၆၈။

ဃ။ ဓမ္မဟောင်းကျမ်း၌ လှုပ်ရှားမှုရှိသော ယုံကြည်ခြင်းအတွက် အခြား ဟေဗြဲဝေါဟာရ နှစ်လုံးသုံးသည်။

၁။ *bathach* (BDB105) အားကိုး

၂။ *yra* (BDB 431) ကြောက်သည်၊ ရိုသေသည်၊ ကိုးကွယ်သည် (က၊ ၂၂း၁၂)။

င။ ယုံကြည်အားကိုးသည် (ဝါ) အားကိုးထိုက်သည်ဟူသော သဘောမှသည် တခြားသူတစ်ဦး၏ ဖေါ်ပြချက်မှန်ကန်ကြောင်း၊ ယုံကြည်အားကိုးထိုက်ကြောင်း အတည်ပြုရန်အသုံးပြုသည့် ဘုရားရှိခိုး၊ ဆုတောင်းစာအသုံးအနှုန်းဖြစ်လာသည် (တရား၊ ၂၇း၁၅-၂၆၊ နေ၊ ၈း၆၊ ဆာလံ ၄၁း၁၃၊ ၇၀း၁၉၊ ၈၉း၅၂၊ ၁၀၆း၄၈)။

စ။ ဤဝေါဟာရအတွက် ဓမ္မပညာဆိုင်ရာသော့ချက်မှာ လူသား၏သစ္စာရှိမှုကိုဖေါ်ပြသည် (ထွ၊ ၃၄း၆။ တရား၊ ၃၂း၄။ ဆာ၊ ၁၀၈း၄။ ၁၁၅း၁။ ၁၁၇း၂။ ၁၃၈း၂)။ ကျဆင်းသောလူသား၏ တစ်ခုတည်းသော မျှော်လင့်ရာမှာ ပဋိညာဉ်တရားကို စောင့်ထိန်းသော YHWH ၏ ဂရုဏာနှင့်ပြည့်ဝသော သစ္စာရှိမှုနှင့် သူ၏ကတိတော်များဖြစ်သည် (ဟဗ၊ ၂း၄)။ သမ္မာကျမ်းစာ ဟူသည် ဘုရားသခင်က မိမိ၏သဏ္ဍာန်တော်အား (က၊ ၁း၂၆-၂၇) လူသားအထဲ၌ပြန်လည် ဖေါ်ဆောင်ခြင်းသမိုင်းနှင့် မှတ်တမ်းဖြစ်သည်။

**၂။ ဓမ္မသစ်ကျမ်း။**

က။ ဖေါ်ပြပြောဆိုချက်တစ်ရပ်၏ ယုံကြည်အားကိုးထိုက်ခြင်းအား အတည်ပြုခြင်းဖြစ်သည့် ဆုတောင်း ဝတ်ပြုခြင်းဆိုင်ရာ အဆုံးသတ်စကားအဖြစ် ဓမ္မသစ်ကျမ်း၌အသုံးပြုသည် (၁ကော၊ ၁၄း၁၆၊ ၂ကော၊ ၁း၂၀၊ ဗျာ၊ ၁း၇၊ ၅း၁၄၊ ၇း၁၂)။

ခ။ ဆုတောင်းချက်တစ်ရပ်အား အဆုံးသတ်ခြင်းဝေါဟာရအဖြစ် ဓမ္မသစ်ကျမ်း၌သုံးသည် (ရော၊ ၁း၂၅၊ ၉း၅၊ ၁၁း၃၆၊ ၁၆း၂၇၊ ဂလ၊ ၁း၅၊ ၆း၁၈၊ ဧ၊ ၃း၂၁၊ ဖိ၊ ၄း၂၀၊ ၂သက်၊ ၃း၁၈၊ ၁တိ၊ ၁း၁၇၊ ၆း၁၆၊ ၂တိ ၄း၁၈)။

ဂ။ အဓိပ္ပါယ်ရှိသော ပြောဆိုမှုများအစပြုရန် ဤဝေါဟာရကိုသုံးသူမှာ (ယောဟန်ခရစ်ဝင်ကျမ်း၌ နှစ်ခါထပ်သုံးလေ့ရှိသည်)။ ယေရှုသာလျှင်ဖြစ်သည် (လု၊ ၄း၂၄၊ ၁၂း၃၇၊ ၁၈း၁၇၊ ၂၉၊ ၂၁း၃၂၊ ၂၃း၄၃)။

ဃ။ ယေရှု၏ဘွဲ့နာမတော်တစ်မျိုးအဖြစ် ဗျာ၊ ၃း၁၄၌ သုံးသည် (ဟေရှာ၊ ၆၅း၁၆ မှ YHWH ၏ဘွဲ့နာမတော်တစ်မျိုးဖြစ်နိုင်သည်)။

င။ သစ္စာရှိခြင်း(ဝါ) ယုံကြည်ခြင်း၊ ယုံကြည်အားကိုးခြင်း (ဝါ) အားကိုးခြင်းသဘောတို့ကို ဂရိဝေါဟာရ *pistos* (ဝါ) *pistis* ဖြင့် ဖေါ်ပြပြီး၊ အင်္ဂလိပ်ဘာသာသို့ trust - အားကိုးသည်၊ faith - ယုံကြည်ကိုးစားသည်၊ believe - ယုံကြည်သည်ဟူ၍ ဘာသာပြန်ဆိုသည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ကျမ်း။** ။ ၁း၂၆-၂၇

[၂၆]ဤအကြောင်းကြောင့် ဘုရားသခင်သည် သူတို့အား ယုတ်ညံ့သော ကိလေသာ တပ်မက်ခြင်း၌ အပ်စေလိုက်တော်မူ၏။ အကြောင်းမူကား သူတို့၏ မိန်းမများသည် သဘာဝကျင့်ထုံးကို သဘာဝမဟုတ်သော ကျင့်ထုံးဖြင့် လဲလှယ်ကြကာ [၂၇]ယောကျ်ားများသည်လည်း မိန်းမနှင့် သဘာဝကျင့်ထုံးကို စွန့်လွှတ်လျက် ယောကျ်ားသား အချင်းချင်း ကိလေသာ မက်မောသော စိတ်ပူလောင်ကြကာ၊ မဖွယ်မရာသော အပြု အကျင့်များ လွန်ကျူးကြသဖြင့် မိမိတို့၏ မှားယွင်းမှုဒဏ်ကို သူတို့ကိုယ်တိုင် ခံစားကြ၏။

**၁း၂၆-၂၇** လိင်တူ ဆက်ဆံခြင်းသည် ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရှင်းလင်းပေါ်လွင်သော အလိုတော် (ပွါးများကြလော့) မှ သွေဖီသော အသက်တာ၏ ဥပမာ တစ်ခုဖြစ်သည်။ ၎င်းသည် အပြစ်တစ်ခုဖြစ်ပြီး ယဉ်ကျေးမှု ထွန်းကားခြင်း၏ အဓိက ပြဿနာ တစ်ရပ်လည်းဖြစ်သည်။

၁။ ဓမ္မဟောင်းကျမ်းထဲ၌ (ဝတ်၊၁၈း၂၂။ ၂၀း၁၃။ တရား ၂၃း၁၈)

၂။ ဂရိ- ရောမကမ္ဘာ၌ (၁ ကော ၆း၉။ ၁တိ ၁း၁၀)

၃။ ကျွန်တော်တို့၏ ခေတ်၌

လိင်တူဆက်ဆံခြင်းအကြောင်းတစ်ခုလုံးသည် ကမ္ဘာဦးကျမ်း ၁-၃ကို ဦးတည်နေသဖြင့် ကျဆင်းခြင်းဘ၀၏ ဥပမာတစ်ခုအဖြစ် ထည့်သွင်းခြင်းဖြစ်နိုင်သည်။ လူသားကို ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် အညီဖန်ဆင်းသည်။(က၊ ၁း၂၆-၂၇။ ၅း၁၊၃။ ၉း၆)။လူသားကို ယောကျ်ား၊မိန်းမ ဖန်ဆင်းသည်။ (က၊ ၁း၂၇)။ ဘုရားသခင်၏အမိန့်တော်မှာ များပြား၍ တိုးပွားရန်ဖြစ်သည်။ (က၊ ၁း၂၈။ ၉း၁၊၇)။ လူသား၏ကျဆင်းခြင်းသည် (ကမ္ဘာဦး ၃) ဘုရားသခင်၏အစီအစဉ်နှင့် အလိုတော်ကို ချေဖျက်ပစ်လိုက်သည်။ လိင်တူဆက်ဆံခြင်းသည် ပေါ်လွင်သော ဖောက်ဖျက်မှုတစ်မျိုးဖြစ်သည်။ သို့သော် ဤကျမ်းပိုဒ်၌ဖော်ပြသည်မှာ ဤအပြစ်တစ်မျိုးတည်းသာလျှင် မဟုတ်ကြောင်းကို လည်းသိထားရန်ဖြစ်သည် (၄ယ်၊ ၂၉-၃၁)။ အပြစ်အားလုံးသည် ဘုရားသခင်ထံတော်ပါးမှ လူသားခွဲထုတ် ခံရကြောင်းနှင့် သူတို့နှင့် ထိုက်တန်သော ပြစ်ဒဏ်ကို ဖော်ပြသည်။ အပြစ်အားလုံး၊ အထူးသဖြင့် အသက်ရှင်ခြင်းပုံစံဖြစ်လာသော (အကျင့် အဖြစ်စွဲမြဲနေသော) အပြစ်ကို ဘုရားသခင် ရွံရှာမုန်းတီးလှသည်။

**အထူးအကြောင်းအရာ။ ။လိင်တူဆက်ဆံခြင်း။**

လိင်တူဆက်ဆံခြင်းအား စိတ်ကြိုက်ရွေးချယ်နိုင်သော အသက်ရှင်ခြင်းပုံစံတစ်မျိုး အဖြစ်လက်ခံရန် ခေတ်သစ်ယဉ်ကျေးမှု၏ ကြီးမားသောဖိအားပေးခြင်းရှိနေပါသည်။ ၎င်းသည်မိမိ၏ ဖန်ဆင်းခြင်းအတွက် ဘုရားသခင်၏ အလိုတော်မဟုတ်သော၊ ပျက်စီးသည့် အသက်ရှင်ခြင်းပုံစံအဖြစ် သမ္မာကျမ်းစာက ပြစ်ဒဏ် စီရင်သည်။

၁။ ၎င်းသည် များပြား၍ပွားများရန် ကမ္ဘာဦး ၁ ရှိ အမိန့်တော်အားချိုးဖောက်သည်။

၂။ ၎င်းသည် သာသနာပကိုးကွယ်မှုနှင့် ယဉ်ကျေးမှု၏ အမှတ်အသားဖြစ်သည်။ (ဝတ် ၁၈း၂၂။ ၂၀း၁၃။ ရောမ ၁း၂၆-၂၇ နှင့်ယုဒ၇)

၃။ ၎င်းသည် ဘုရားသခင်နှင့် လွတ်ကင်းကာ မိမိကိုယ်မိမိ ဗဟိုပြုခြင်းအား ဖော်ပြသည် (၁ကော ၆း၉-၁၀)။

မည်သို့ဖြစ်စေ ပုန်ကန်တတ်သော လူသားအားလုံးအတွက် ဘုရားသခင်၏မေတ္တာတော်နှင့် အပြစ်လွှတ် ခြင်းအား ဤအကြောင်းအရာ အပြီးမသတ်မီ၊ ကြားညှပ်ဖော်ပြပါရစေ။ ကျွန်တော်တို့အားလုံးသည် အပြစ်ပြုသူများသာလျှင်ဖြစ်ကြောင်းအားထောက်ရှုလျက်၊ ခရစ်ယာန်များသည် ဤအပြစ်ကျူးလွန်သူများအား မုန်းတီးရန်နှင့် သူတို့အပေါ် မာနထောင်လွှားခြင်းပြုပိုင်ခွင့်မရှိချေ။ ဤအပြစ်အား အပြင်းအထန်ရှုတ်ချခြင်းထက် ဆုတောင်းခြင်း၊ စိုးရိမ်ကြောင့်ကျမှုရှိခြင်း၊ သက်သေခံခြင်းနှင့် ကရုဏာသက်ခြင်းတို့သည် ပိုအကျိုးဖြစ်ထွန်းစေသည်။ နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အတွက် လမ်းဖွင့်ပေးပါက၊ ပြစ်တင်ရှုတ်ချခြင်းကဏ္ဍအား ပြုလိမ့်မည်ဖြစ်သည်။ ဤအပြစ်တစ်မျိုးတည်းသာလျှင်မဟုတ်ဘဲ၊ လိင်မှုဆိုင်ရာပြစ်မှုတိုင်းသည် ဘုရားသခင်အတွက်

ရွံ့ရှာဖွယ်ရာ ဖြစ်သဖြင့် တရားစီရင်မှုခံရပါသည်။ လိင်စိတ်ဟူသည် လူသားများ၏ ကောင်းကျိုး၊ ဝမ်းမြောက်မှုနှင့် တည်ငြိမ်သော လူ့အဖွဲ့အစည်းဖြစ်စေရန် ဘုရားသခင်ပေးသော လက်ဆောင်မွန် ဖြစ်ပါသည်။ သို့သော် ဘုရားသခင်ပေးသည့် အစွမ်းထက်သော ဤနှင်တံသည် ပုန်ကန်ခြင်း၊ အတ္တဆန်ခြင်း၊ အပျော်အပါးလိုက်ခြင်း၊ "ဘယ်လောက်ပဲပေးရပေးရ ငါ့အတွက်သာလျှင် အများဆုံး" ဟုဆိုကာ အသက်ရှင်ခြင်းပုံစံအဖြစ်သို့ ပြောင်းလဲသွားလေ့ရှိသည် (ရော ၈း၁-၈။ ဂလ ၆း၇-၈)။

**NASB(နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ။ ၁း၂၈-၃၂**

[၂၈] ဘုရားသခင်အားဆက်လက် ဝန်ခံသိမှတ်သင့်သည်ဟု သူတို့ မသိမြင်ကြတော့သည်နှင့်အညီ၊ ဘုရားသခင်သည် သူတို့အား၊ မသင့်လျော်သော ထိုအရာများပြုရန် ယိုယွင်းပျက်စီးသော စိတ်ထဲလွှတ်လိုက် တော်မူသဖြင့် [၂၉]မဖြောင့်မတ်ခြင်းမျိုးစုံ၊ ဆိုးသွမ်းခြင်း၊ လောဘကြီးခြင်း၊ ဆိုးယုတ်ခြင်း၊ မနာလိုမှုနှင့် ပြည့်စုံခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ လှည့်စားခြင်း၊ ငြူစူခြင်း၊ အတင်းအဖျင်းပြောခြင်း [၃၀]သူတပါးအကြောင်း မမှန်သတင်းပြောသူများ၊ ဘုရားသခင်ကိုမုန်းတီးသူများ၊ မထီလေးစားပြုသူများ၊ မာန ထောင်လွှားသူများ၊ ဝါကြွားသူများ၊ ဆိုးသွမ်းမှုဖန်တီးသူများ၊ မိဘများအား မနာခံသူများ၊ [၃၁]သိနားလည်တတ် ခြင်းမရှိသူများ၊ ယုံကြည်အားကိုး၍မရသူများ၊ မချစ်တတ်သောသူများ၊ ကျေးဇူးဂရုဏာကင်းသူများဖြစ်ကြ၏။ [၃၂]ထိုသို့သောအရာများပြုကျင့်သူသည် သေခြင်းခံထိုက်သူများ ဖြစ်သည်ဟူသော ဘုရားသခင်၏စီရင်တော်မူ ချက်ကို သိကြသော်လည်း မိမိတို့ကိုယ်တိုင် ထိုနည်းတူ ပြုကြရုံသာမက၊ ထိုအရာတို့ကို ကျင့်သူများအား တက်ကြွစွာ ထောက်ခံကြပေသေးသည်။

**၁း၂၈-၃၁** ဤအပိုဒ်မှာ ဂရိကျမ်း၌ ဝါကျတစ်ခုတည်းဖြစ်သည်။ ၎င်းသည် လူသားများမှာ ပုန်ကန်သော ကျဆင်းသော၊ လွတ်လပ်သောသူများ ဖြစ်ကြောင်းပြသည် (ရော ၁၃း၁၃။ ၁ကော ၅း၁၁။ ၆း၉။ ဂလ ၅း၁၉-၂၁။ ဧ၊ ၅း၅။ ၁တိ ၁း၁၀။ ဗျာ ၂၁း၈)။

လူသား၏ အပြစ်မှာ ဘုရားသခင်မပါဘဲ ရှိနေရန် ရွေးချယ်မှုဖြစ်သည်။ ငရဲမီးအိုင်ဆိုသည်မှာ ထိုသို့သောတည်ရှိမှုအား ထာဝရဖြစ်စေသည်။ လွတ်လပ်မှုဟူသည် အဆိုးဖြင့်အဆုံးသတ်သော အရာဖြစ်သည်။ လူ၌ ဘုရားသခင်လိုအပ်သည်။ လူသည် ဘုရားသခင်မပါလျှင် ပျောက်ဆုံးနေသူ သင်လျော်လုံလောက်ခြင်းမရှိသူ၊ စုံလင်ခြင်းမရှိသူဖြစ်သည်။ ထာဝရငရဲမီးအိုင်၏ အဆိုးဝါးဆုံးသော အရာမှာ ဘုရားသခင်နှင့် ဆက်စပ်မှုမရှိခြင်းပင်ဖြစ်သည်။

**၁း၂၉ "ယိုယွင်းပျက်စီးစေသောစိတ်"** ကျဆင်းသောလူသားမြင်ရသည့် လွတ်လပ်ခြင်းမှာ မိမိကိုယ်မိမိ ကိုးကွယ်ခြင်း ဖြစ်သည်။ ၎င်းမှာ "တစုံတရာနှင့် အရာခပ်သိမ်း ငါ့အတွက်သာလျှင်" ဆိုသည့် စိတ်ဓါတ်ဖြစ်သည်။ ဤအပြုခံ ကြိယာ၏ ကံပုဒ်မှာ ၁း၂၄၊ ၂၆၊ ၂၈ တို့၌ ဖော်ပြသည့်အတိုင်း ဘုရားသခင် ဖြစ်သော်လည်း ဤကျမ်းပိုဒ်နှင့် ကမ္ဘာဦး ၁-၃ တို့၏ ဆက်စပ်မှုအရ၊ ပြဿနာ ဖြစ်ပွားစေသော တရားခံလက်သည်မှာ လူသားက အသိပညာနှင့် အတ္တအား ရွေးချယ်မှု သာလျှင်ဖြစ်သည်။ ဘုရားသခင်သည် မိမိဖန်ဆင်းသော သတ္တဝါများအား မိမိတို့၏ ကိုယ်ပိုင်ရွေးချယ်မှုနှင့် မိမိတို့၏ စိတ်ကြိုက် လွတ်လပ်မှုကြောင့် ဖြစ်လာသော အကျိုးဆက်ကို ကိုယ်တိုင် ခံစားစေသည်။

□□**"နှင့် ပြည့်စုံသည်"။** ဤစကားစုမှာလည်း အပြုံခံကြိယာ ဏနမ်နခအ ဏချေလေန ဏမေအငခေငစူန ဖြင့် ဖွဲ့စည်းခြင်း ဖြစ်သည်။ "နှင့်ပြည့်စုံစေခြင်းခံရသည်" ဟူ၍ ဖြစ်၏။ လူသားတို့၌ မိမိ အရှည် ကြာဆုံးတွေးသောအရာ အပြည့်ရှိပြီး၊ ၎င်းအရာကိုပင် ပေါ်လွင်ထင်ရှားစေကြသည်။ ဂျူးဘာသာဆရာကြီးများက လူသားတိုင်း၏ နှလုံးထဲ၌ ခွေးမဲတစ်ကောင် (အဆိုး *yetzer*) နှင့် ခွေးဖြူတစ်ကောင် (အကောင်း *yetzer*) ရှိသည်။ အများဆုံး အစာကျွေးခြင်းခံရသော အကောင်သည် အကြီးဆုံးဖြစ်လာသည်ဟု ဆိုကြသည်။

**၁း၂၉-၃၁** ၎င်းတို့မှာ ဘုရားသခင်မပါသော ဘဝအသက်တာ၏ ရလာဒ်များနှ် လက္ခဏာများဖြစ်သည်။ ၎င်းသမ္မာကျမ်းစာထဲက ဖော်ပြသော ဘုရားသခင်အား ငြင်းဆန်ဘို့သူ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတို့၌ ထင်ရှားသည်။ ၎င်းမှာ ပေါလုပြုစုသည့် အပြစ်စာရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ (၁ကော၊ ၅း၁၁။ ၆း၉။ ၂ ကော၊ ၁၂း၂၀။ ဂလ၊ ၅း၁၉-၂၁။ ဧ၊ ၄း၃၁။ ၅း၃-၄။ ကော၊ ၃း၅-၉)။

**အထူးအကြောင်းအရာ။ ။ဓမ္မသစ်ကျမ်းထဲကပါရှိသော ဆိုးညစ်ခြင်းများနှင့် ကောင်းမြတ်ခြင်းများ**

ဓမ္မသစ်ကျမ်း၌ ဆိုးညစ်ယုတ်မာမှုများနှင့် အကျင့်သီလကောင်းမြတ်မှု နှစ်မျိုးစလုံးပါရှိသည်။ ၎င်းတို့သည် ပညတ်တော်နှင့် ဂရိယဥ်ကျေးမှု နှစ်မျိုးစလုံးအား ထင်ဟပ်ပေါ်လွင်စေသည်။

| | **ဆိုးညစ်မှုများ** | **ကောင်းမြတ်မှုများ** |
|---|---|---|
| ၁။ ပေါလု | ရော၊ ၁း၂၈-၃၂ | --- |
| | ရော၊ ၁၃း၁၃ | ရော၊ ၁၂း၉-၂၁ |
| | ၁ ကော၊ ၅း၉-၁၁ | --- |
| | ၁ ကော၊ ၆း၁၀ | ၁ ကော၊ ၆း၆-၉ |
| | ၂ ကော၊ ၁၂း၂၀ | ၂ ကော၊ ၆း၄-၁၀ |
| | ဂလ၊ ၅း၁၉-၂၁ | ဂလ၊ ၅း၂၂-၂၃ |
| | ဧ၊ ၄း၂၅-၃၂ | --- |
| | ဧ၊ ၅း၃-၅ | --- |
| | --- | ဖိ၊ ၄း၈-၉ |
| | ကော၊ ၄း၅၊၈ | ကော၊ ၃း၁၂-၁၄ |
| | ၁ တိ၊ ၁း၉-၁၀ | --- |
| | ၁ တိ၊ ၆း၄-၅ | --- |
| | ၂ တိ၊ ၂း၂၂၊၂၃ | ၂ တိ၊ ၂း၂၂၊၂၄ |
| | တိ၊ ၁း၇၊ ၃း၃ | တိ၊ ၁း၈-၉။ ၃း၁-၂ |
| ၂။ ယာကုပ် | ယာ၊ ၃း၁၅-၁၆ | ယာ၊ ၃း၁၇-၁၈ |
| ၃။ ပေတရု | ၁ ပေ၊ ၄း၃ | ၁ ပေ၊ ၄း၇-၁၁ |
| | ၂ ပေ၊ ၁း၉ | ၂ ပေ၊ ၁း၅-၈ |
| ၄။ ယောဟန် | ဗျာ၊ ၂၁း၈။ ၂၂း၁၅ | --- |

၁း၃၀ **"မာနထောင်လွှား"** ၎င်းမှာ ဂရိစကားလုံး *huperēphanous* ဖြစ်သည်။ (အောက်တွင် ကြည့်ပါ)

**အထူးအကြောင်းအရာ။ ။ "UPER" ပေါင်းစပ်စကားလုံးများအား ပေါလုအသုံးပြုပုံ**

အခြေခံအားဖြင့် "အပေါ်-over" (သို့) "အထက်- upper" ဟူ၍ အဓိပ္ပါယ်ရှိသော ဂရိဝိဘတ် *huper* ကို အသုံးပြုကာ စကားလုံးသစ်များ ထွင်ခြင်းကို ပေါလု အထူးဝါသနာထုံသည်။ ပိုင်ဆိုင်မှုသဘောအတွက် သုံးသည့်အခါ "ဘက်၌" "in behalf of" ဟု အဓိပ္ပါယ်ရှိသည်။ "အကြောင်း" (ဝါ) "နှင့်ဆိုင်၍" ဟူ၍ လည်း အဓိပ္ပါယ်ရှိနိုင်သည်။ (*စနမင* စကားလုံးကဲ့သို့။ ၂ကော ၈း၂၃။ ၂သက် ၂း၁)။ ပြုလုပ်ခြင်းခံသူအဖြစ် (ACCUSSATIVE) သုံးသည့်အခါ"အထက်၌ above, over" (သို့) "တဘက်ကမ်း၌/ အလွန်၌ above, beyond ဟု အဓိပ္ပါယ်ရှိသည်။ (A.T. Robertson ၏ *A Grammar of the Greek Neew Tesstament in the Light of Historical Research*, pp. ၆၂၅-၆၃၃. ) ပေါလုသည် အယူအဆတစ်ရပ်အား အလေးအနက်ပြုလိုသည့်အခါ ဤဝိဘက်ကို ပေါင်းစပ်စကားလုံး အဖြစ် (ခသာစသကညိ) သုံးလေ့ရှိသည်။ အောက်ပါစာရင်းမှာ ဤဝိဘက်အား ပေါင်းစပ်စကားလုံးများအဖြစ် ပေါလုအထူးတလည် အသုံးပြုပုံဖြစ်သည်။

က။ *apax legomenon* (ဓမ္မသစ်ကျမ်း၌သာ သုံးသည်)

၁။ *Huperakmos*, b0 ၏ အတောက်ပဆုံးအချိန်ကုန်လွန်သည် ၁ကော ၇း၃၆

၂။ *Huperauxanō*, အလွန်တရာတိုးပွါး ၂ သက် ၁း၃

၃။ *Huperbainō*, ခြေလှမ်းကျော်သည်၊ ချိုးဖေါက်သည် ၁သက် ၄း၆

၄။ *Huperkeina* အလွန်တွင် ၂ကော ၁၀း၆

၅။ *Huperekteina*, အလွန်အကျွံတိုးချဲ့သည် ၂ ကော ၁၀း၁၄။

၆။ *Huperentugchanō*, ကြားဝင်သည် ရော ၈း၂၆။

၇။ *Hupernikaō*, အပြည့်အဝအောင်မြင်သည်။ ရော ၈း၃၇

၈။ *Huperpleonazō*, အလွန်တရာ ပေါကြွယ်သည် ၁တိ ၁း၁၄

၉။ *Huperupsoō*, အချုပ်အချာအဖြစ် ချီးမြှင့်သည် ဖိ ၂း၉

၁၀။ *Huperphroneō* လူနေခြ၊ ကြား၊စိတ်နေဘုံ ဖျားဟူသော အတွေးမျိုး ရော ၁၂း၃

ခ။ ပေါလု၏ စာအရေးအသားများ၌သာ သုံးသောစကားလုံးများ

၁။ *Huperairomai*, မိမိကိုယ်ကို ချီးမြှောက် ၂ကော ၁၂း၇။ ၂ သက် ၂း၄

၂။ *Huperballontōs*, အတိုင်ထက်အလွန်၊အလွန်အမင်း ၂ကော၊ ၁၁း၂၃။ (ဤနေရာ၌အထူးပြု ကြိယာ *(adverb)* အထူးပြုအဖြစ်သုံးပြီး၊ ကြိယာအဖြစ်အသုံးပြုသည်မှာ ၂ကော ၃း၁ဝ။ ၉း၁၄။ ဧ ၁း၁၉။ ၂း၇။၃း၁၉)

၃။ *Huperbolē*, အလွန်အကျွံပစ်ခြင်း၊ သာမန်ထက်လွန်ကဲသော လက်နက်တပ်ဆင်ခြင်း။ ရော ၇း၁၃။ ၁ကော ၁၂း၃၁။။ ၂ကော ၁း၈။ ၄း၇၊၁၇။ ၂၂း၇။ ဂလ၊ ၁း၁၃

၄။ *Huperekperissou* အတိုင်းအဆအားလုံးကို ကျော်လွန်၍ ဧ ၃း၂ဝ။ ၁သက် ၃း၁ဝ။ ၅း၁၃

၅။ *Huperlian* အမြင့်ဆုံးဒီဂရီ (ဝါ) အခြားအားလုံးထက်ပို၍ ကြီးမြင့်သော ၂ကော ၁၁း၅။ ၁၂း၁၁

၆။ *Huperochē*, ထင်ရှားသော၊ ထူးမြတ်သော၊ ၁ကော ၂း၁။ ၁တိ ၂း၂

၇။ *Huperperisseuō*, အလွန်ပေါကြွယ်သည် ရော ၅း၂ဝ။ လွန်စွာပြည့်သော MIDDLE VOICE ၂ကော ၇း၄)

ဂ။ ပေါလုအသုံးပြုပြီး၊ အခြားဓမ္မသစ်ကျမ်းပြုသူများကလည်း အနည်းငယ်သုံးကြသည်။

၁။ *Huperanō*, အထက်အရပ်၏ အစွန်အဖျား၊ဧ ၁း၂၁။ ၄း၁ဝ နှင့် ဟေဗြဲ၊ ၉း၅

၂။ *Huperechō*, ထူးမြတ်သော၊ အားလုံးထက်ပို၍ ကြီးမြင့်သော၊ ရော၊ ၁၃း၁။ ဖိ၊ ၂း၃။ ၃း၈။ ၄း၇။ ၁ပေ၊ ၂း၁၃

၃။ *Huperēphanos* ဟန်ဆောင်ခြင်း (ဝါ) မောက်မာခြင်း။ ရော၊ ၁း၃ဝ။ ၂တိ၊ ၃း၂ နှင့် လု ၁း၅၁။ ယာ ၄း၆။ ၁ပေ၊ ၅း၅

ပေါလုသည် အလွန်လှိုက်လှိုက်လှဲလှဲရှိတတ်သူတစ်ယောက်ဖြစ်သည်။ အရာဝတ္ထုများ (ဝါ) လူများသည် ကောင်းသည့်အခါ အလွန်ကောင်းကြပြီး၊ ဆိုးသည့်အခါ၌လည်း အလွန်ဆိုးသွားကြသည်။ အပြစ်၊ အတ္တ၊ ခရစ်တော်နှင့် ဧဝံဂေလိတရားများအကြောင်း မိမိ၏အမြင့်မားဆုံးသော စိတ်တွင်း ခံစားမှုများကို ဤဝိဘတ်တွဲများသည် ပေါလုအား ဖော်ပြနိုင်စွမ်းရှိစေသည်။

**၁း၃၂ "ထိုသို့သော အရာများ ပြုကျင့်သူသည် သေခြင်းခံထိုက်သူများဖြစ်သည်။"** ဤဖော်ပြခြင်းသည် မောရှေ၏ ပညတ်တရားကို ထင်ဟပ်ပေါ်လွင်စေသည်။ ၎င်းကို ရော ၆း၁၆၊ ၂၁၊၂၃။ ၈း၆၊ ၁၃ တို့၌ အကျဉ်းချုံးဖော်ပြသည်။ သေခြင်းတရားသည် ဘုရားသခင်၏ အလိုတော်၊ ဘုရားသခင်၏ အသက်တို့နှင့်ဆန့်ကျင်သော အရာဖြစ်သည်။ (ဇေယ ၁၈း၃၂။ ၁တိ ၂း၄။ ၂ပေ ၃း၆)

□□**"ထိုအရာတို့ကို ကျင့်သူများအား တက်ကြွစွာ ထောက်ခံကြပေသေးသည်။"** ကြီးမားသော ဆင်းရဲဒုက္ခသည် အပေါင်းအဖော်ကို နှစ်သက်စေသည်။ ကျဆင်းသော လူသားသည် အခြားသူများ၏ အပြစ်များကို မိမိကိုယ် မိမိခွင့်လွှတ်ရန် အကြောင်းပြချက်အဖြစ် အသုံးပြုကာ "လူတိုင်း

လုပ်နေတာပဲလေ” ဟုဆိုတတ်ကြသည်။ ထုံးတမ်းဓလေ့များသည် သူတို့၏ သီးခြားအပြစ်များကို ထင်ရှားစေသည်။

**ဆွေးနွေးရန်မေးခွန်းများ**

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရကြောင်း လမ်းညွှန်မှုအား လေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်ပိုင်အနက်ဖွင့်ရာ၌ မိမိ၏ တာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများ အပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်း၏ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများ အား စဉ်းစားဆင်ခြင်နိုင်ရန်ပံ့ပိုးဖို့ဖြစ်သည် အပြည့်အစုံ မဟုတ်ဘဲ စဉ်းစား ဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာလျှင် ဖြစ်ပါသည်။

၁။ ပေါလုသည် ရောမအသင်းတော်အား အဘယ့်ကြောင့် စာရေးသနည်း။
၂။ ခရစ်ယာန်အကြောင်းဖော်ပြရာ၌ ရောမသြဝါဒစာသည် ဓမ္မပညာအရအဘယ်ကြောင့် ဤမျှ အရေးပါ သနည်း။
၃။ ၁း၁၈မှ ၃း၂၀ ကို မိမိကိုယ်ပိုင်စကားဖြင့် အကျဉ်းချုံးပါ။
၄။ ဧဝံဂေလိသတင်းကောင်းမကြားခဲ့ဘူး သူများသည် ခရစ်တော်ကို ကိုးစားခြင်းမပြုမှုကြောင့် ငြင်းဆန်ခြင်း ခံကြဦးမည်လား။
၅။“သဘာဝအားဖြင့် ဖွင့်ပြခြင်း” နှင့် “အထူးဖွင့်ပြခြင်း” တို့၏ ကွဲပြားခြားနားမှုတို့ကို ရှင်းပြပါ။
၆။ ဘုရားသခင်မပါသော လူ့ဘဝအကြောင်းရှင်းလင်းရေးသားဖော်ပြပါ။
၇။ အငယ် ၂၄-၂၇၌ လိင်တူဆက်ဆံခြင်းအကြောင်းပြောပါသလား။

# ရောမ ၂

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| ဘုရားသခင်၏ဖြောင့်မတ်သော တရားစီရင်မှု | ဘုရားသခင်၏ဖြောင့်မတ်သောတရားစီရင်မှု | တရားစီရင်ခံသောဂျူးများ | ဘုရားသခင်၏တရားစီရင်မှု | ဂျူးတို့သည် ဘုရားသခင်၏ပြစ်ဒဏ်နှင့်မလွတ် |
| ၂း၁–၁၆<br>ဂျူးများနှင့်ပညတ်တော် | ၂း၁–၁၆<br>ဂျူးတို့သည် တပါးအမျိုးများနည်းတူအပြစ်ရှိ | ၂း၁–၁၁<br>တရားစီရင်မှု၏အခြေခံ | ၂း၁–၁၆<br>ဂျူးများနှင့်ပညတ်တော်<br>(၂း၁၇–၃း၈) | ၂း၁–၁၁<br>ပညတ်တော်သည်သူတို့ကိုကယ်မည်မဟုတ် |
| | | ၂း၁၂–၁၆ | | ၂း၁၂–၁၆ |
| ၂း၁၇–၃း၈ | ၂း၁၇–၂၄ | ၂း၁၇–၂၄ | ၂း၁၇–၂၄ | ၂း၁၇–၂၄ |
| | အကျိုးမရှိသောအရေဖျားလှီးခြင်း | | | အရေဖျားလှီးခြင်းသည်သူတို့ကိုကယ်မည်မဟုတ် |
| | ၂း၂၅–၂၉ | ၂း၂၅–၂၉ | ၂း၂၅–၂၉ | ၂း၂၅–၂၉ |

## ပတ်လည်ဖတ်ရှုခြင်း အကျော့သုံး(စာ xi ရှု)

### *မူရင်းစာရေးသူ၏စာပိုဒ်အလိုက် ရည်ရွယ်ချက်ကိုနားလည်ခြင်း*

ဤအချက်မှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲ လျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်း အပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ပါ။ မိမိ၏ အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ၎င်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ်

၄။ ... စသဖြင့်

## ရောမ ၂း၁ – ၃း၂၀ အား ကျမ်းစကားအဆက်အစပ်များအားဖြင့် နားလည်ခြင်း

က။ အခန်းကြီး ၂ နှင့် ၃ သည် ၁း၁၈ ၌ အစပြုသော စာစုကို အဆုံးသတ်ပြည့်စုံစေသည်။ ဤအပိုင်း၌ အောက်ပါအကြောင်းအရာတို့ကို ဖော်ပြသည်။
 ၁။ လူသားတစ်ရပ်လုံး လမ်းပျောက်သူများဖြစ်ကြောင်း
 ၂။ အပြစ်အပေါ် ဘုရားသခင်၏တရားစီရင်မှု
 ၃။ တစ်ဦးချင်း၏ယုံကြည်မှုနှင့် အပြစ်မှနောင်တရခြင်းအားဖြင့် လူသား၌ ခရစ်တော်အားဖြင့်ရရှိသော ဘုရားသခင်၏ဖြောင့်မတ်မှုလိုအပ်ခြင်း

ခ။ အခန်းကြီး ၂ ၌ ဘုရားသခင်၏တရားစီရင်မှုနှင့်ဆိုင်သော နိယမခုနစ်ခုရှိသည်
 ၁။ သမ္မာတရားနှင့်အညီ အငယ် ၂
 ၂။ အပြစ်အား စုဆောင်းသို မှီးထားခြင်း – အငယ် ၅
 ၃။ အကျင့်ကိုလိုက်၍ တရားစီရင်ခြင်း – ငယ် ၆ နှင့် ၇
 ၄။ လူပုဂ္ဂိုလ်အားဖြင့် မျက်နှာလိုက်ခြင်းမရှိ – ငယ် ၁၁
 ၅။ အသက်ရှင်ခြင်းပုံစံ – အငယ် ၁၃
 ၆။ လူ့နှလုံးသားထဲရှိ မထင်ရှားသောလျှို့ဝှက်ချက်များ – ငယ် ၁၆
 ၇။ လူမျိုးအလိုက် အထူးသီးသန့်ဟူ၍မရှိ – အငယ် ၁၇–၂၉

ဂ။ အခန်းကြီး ၂း၁–၁၇သည် မည်သူ့အားရည်ညွှန်းကြောင်း အနက်ဖွင့်ကျမ်းပြုစုသူများ၌ ဆွေးနွေးမှုများစွာ ရှိသည်။ ၂း၁၂–၂၉ သည် ဂျူးများအားညွှန်းဆိုကြောင်း ထင်ရှားသည်။ အငယ် ၁–၁၇ သည် သာသနာပလူ (ဂျူးမဟုတ်သူများ)ကိုယ်ကျင့်တရားသမားများနှင့် ၎င်းတို့၏လူမှုကျင့်ထုံးဆိုင်ရာ စံများနည်းတူဂျူးအမျိုးသားများ (မောရှေ၏ပညတ္တိကျမ်း)ကိုလည်း ရည်ညွှန်းသည်။

ဃ။ ၁း၁၈–၂၀၌ ပေါလုသည် ဖန်ဆင်းသောအရာများအားဖြင့် လူသားများသည် ဘုရားသခင်ကို သိကျွမ်းနိုင်သည်ဟု အခိုင်အမာပြောသည်။ လူအားလုံး၌ ဘုရားသခင်ပေးသော အတွင်းစိတ်အားဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ အဆိုးအကောင်း ခွဲခြားသိမြင်တတ်သောစိတ်ရှိသည်ဟု ၂း၁၄–၁၅၌လည်း ပေါလုအခိုင်အမာပြောသည်။ ဤအရာနှစ်ခုဖြစ်သည့် ဖန်ဆင်းသောအရာများနှင့် အဆိုးအကောင်း ပိုင်းခြားတတ်သောစိတ်သည် ဓမ္မဟောင်းကျမ်း(ဝါ) ဧဝံဂေလိသတင်းကောင်းများ မကြားသိရသူများပင်ဖြစ်စေ၊ လူသားတိုင်းအား ဘုရားသခင်ပြစ်ဒဏ်စီရင်ခြင်းအတွက် အခြေခံများဖြစ်သည်။ လူသားတို့သည် မိမိအကောင်းဆုံးရရှိသော အလင်းတရားနှင့်အညီ အသက်မရှင်ကြခြင်းအပေါ် တာဝန်ကိုယ်စီရှိကြပေသည်။

## စကားလုံးနှင့် စကားစုလေ့လာမှု

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ၂း၁–၁၁

**[1]သင်တို့သည် သူတပါးအား စစ်ကြောစီရင်သည့်အတိုင်း သင်တို့ကိုယ်တိုင်ပြုသည်ဖြစ်၍၊ သူတပါးကို စစ်ကြောစီရင်သည့်အတိုင်းပင် မိမိကိုယ်မိမိ ပြစ်ဒဏ်စီရင်ရာရောက်၏။ [2]ထိုသို့ပြုသော သူတို့အပေါ် ဘုရားသခင်၏ တရားစီရင်တော်မူခြင်း မှန်ကန်စွာကျရောက်သည်ကို ငါတို့သိရကြ၏။ [3]ထိုသို့သောအမှုတို့ကို ပြုသောသူတို့အား စစ်ကြောစီရင်သော အို၊ အသင်လူသားသည် သူတို့နည်းတူ ပြုကျင့်သည်တွင် ဘုရားသခင်၏တရားစီရင်တော်မူ ခြင်းနှင့်လွတ်မည်ဟု ထင်မှတ်သလော။ [4]သို့မဟုတ် ဘုရားသခင်၏ သနားတော်မူခြင်းသည် သင့်အား နောင်တရစေခြင်းငှါ၊ လမ်းပြနေသည်ကိုမသိရှိဘဲ၊ ကြွယ်ဝသော သနားတော်မူခြင်းနှင့်သည်းခံ၊ စိတ်ရှည်တော်မူခြင်းကို ပေါ့ပေါ့တန်တန် မှတ်ယူသလော။ [5]သို့သော် သင်၏**

ခေါင်းမာခြင်းနှင့် နောင်တမရသောစိတ်နှလုံးကြောင့် ဘုရားသခင်၏အမျက်တော်နှင့် ဖြောင့်မတ်သော တရားစီရင်တော်မူခြင်း ထင်ရှားသောနေ့အတွက် အမျက်တော်ကို သိုမှီးနေခြင်းဖြစ်သည်။ [၆]ဘုရားသခင် သည် လူတိုင်းအား မိမိတို့၏လုပ်ဆောင်မှုနှင့်အညီ အကျိုးအပြစ်ပေးတော်မူလိမ့် မည်။ [၇]ဘုန်းအသရေနှင့် မဖေါက်ပြန် မပျက်စီးခြင်းကိုရှာကာ၊ ကောင်းသောအရာကို စွဲမြဲစွာလုပ်ဆောင်သူတို့အား ထာဝရအသက် ကိုပေးတော်မူလတံ့။ [၈]သို့သော် အလိုဆန္ဒပြင်းထန်၍ သမ္မာတရားကိုမနာခံဘဲ မတရားသောအရာကို နာခံ သူတို့သည် ဒေါသနှင့်အမျက်တော်ခံရလိမ့်မည်။ [၉]မကောင်းမှုကိုပြုသောသူတိုင်းသည် ပထမဦးစွာ ဂျူး လူမျိုးများနှင့် တစ်ပါးအမျိုးသားများပါ ဆင်းရဲဒုက္ခနှင့်ဝေဒနာခံစားကြလိမ့်မည်။ [၁၀]သို့သော် ကောင်းသော အရာပြုလုပ်သူများအား ပထမဦးစွာ ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများပါ ဘုန်းအသရေနှင့်ငြိမ် သက်ခြင်း ခံစားကြလတ္တံ့။ [၁၁]အကြောင်းမူကား ဘုရားသခင်သည် မျက်နှာလိုက်တော်မမူ။

၂း၁

**NASB "သူတပါးကို စစ်ကြောစီရင်တတ်သူ၊ သင်သည် ဆင်ခြင်ပေးစရာအကြောင်း မရှိနိုင်ရာ။"**
**NKJV "စစ်ကြောစီရင်သူ အသင်လူသား၊ သင့်အား ခွင့်လွှတ်စရာအကြောင်း မရှိနိုင်ရာ။"**
**NRSV "သူတပါးအား စစ်ကြောစီရင်သူမည်သူမဆို ဆင်ခြင်ပေးစရာအကြောင်း မရှိနိုင်ရာ။"**
**TEV "သင်သည် သူတပါးအားစစ်ကြောသဖြင့် သင်မည်သူဖြစ်စေ ခွင့်လွှတ်စရာအကြောင်း လုံးဝမရှိနိုင်ရာ။"**
**NJB "သင် မည်သူဖြစ်စေ၊ စစ်ကြောစီရင်ပါက ဆင်ခြင်ပေးစရာအကြောင်းမရှိ။"**

"တရားဝင်ခုခံကာကွယ် ပိုင်ခွင့်မရှိ"ဟူ၍ဖြစ်သည် (၁း၂၀)။ ၎င်း၏ဆိုလိုရင်းအား အထူးပြုသည့်အနေဖြင့် မူရင်း ဂရိဝါကျ၌ ၎င်းကို ရှေ့၌ထားရှိသည်။ အငယ် ၁–၁၆ သည် သူတို့ကိုယ်သူတို့ ဖြောင့်မတ်သူများအဖြစ် မှတ်ယူသူ ဂျူး လူမျိုး ပညတ်တရားသမားများနှင့် ကျင့်ဝတ်သိက္ခာသမားဖြစ်သူ ဂရိလူမျိုး (ဂျူးမဟုတ်သူများကို ကိုယ်စားပြုသည်) နှစ်မျိုးစလုံးနှင့် သက်ဆိုင်နေဟန်ရှိသည်။ အခြားသူများအပေါ် စစ်ကြောစီရင်မှုပြုခြင်းဖြင့် သူတို့ကိုယ်သူတို့ ပြစ်ဒဏ် စီရင်ကြသည်။

ဤစကားစုကိုပင် ၁း၂၀ ၌သုံးသော်လည်း နာမ်စားဖြစ်သည့် "သူတို့"သည် ဤနေရာ"သင်တို့"ဖြစ်နေသည်။ ပေါလုသည် အပြစ်သား/ဆန့်ကျင်ပုန်ကန်သူများ အမျိုးမျိုးအား ရည်ညွှန်းပြောဆိုကြောင်း သိသာသည်။ ထိုအမျိုး အစားများအနက်တစ်မျိုး၌ သူကိုယ်တိုင်သည် တစ်ချိန်ကပါဝင်ခဲ့သည်။
ဤနေရာ၌ ပြဿနာနှစ်မျိုးရှိသည်။

၁။ ဘုရားသခင်အား သိကျွမ်းခြင်းကို ငြင်းဆန်ခြင်းနှင့် ကပြောင်ကပြန်ပြုခြင်း

၂။ ၎င်းကိုပင် စည်းမျဉ်းစည်းကမ်း သဖွယ်ဖြစ်သွားစေကာ၊ စစ်ကြောစီရင်မှုပြုခြင်းနှင့် မိမိကိုယ်မိမိ ဖြောင့်မတ် သူအဖြစ် ယူဆရန်အကြောင်း ဖြစ်သွားစေခြင်းတို့ဖြစ်သည်။

ထို့ပြင် အခန်းကြီးတစ်က "သူတို့"သည် ၁၂း၁–၈၌ "သင်တို့" ဖြစ်လာကြောင်းကိုလည်း သိမှတ်ပါ။ ဂျူးလူမျိုး နှင့်ဂရိလူမျိုးမှသည် ၂း၉–၁၁ ၌ "လူသားတိုင်း"ဟူ၍ တစ်ကမ္ဘာလုံးအား လွှမ်းခြုံလာသည်။ ကွဲပြားခြားနားသောအုပ်စု များ(နှစ်မျိုး သို့မဟုတ် သုံးမျိုး)ရှိသော်လည်း အဆုံး၌ကွဲပြားခြားနားခြင်းမရှိပဲ၊ အားလုံးသောသူတို့သည် တရားစီရင် ခြင်းခံကြသည်သာဖြစ်၏။ (၃း၂၃)

**၂း၂ "ငါတို့သိရကြ၏။"**ဤနာမ်စားသည် ပေါလု၏အမျိုးသားချင်းဂျူးများကို ရည်ညွှန်းခြင်းဖြစ်နိုင်သော်လည်း ခရစ်ယာန်များကို ဆိုလိုခြင်းလည်းဖြစ်နိုင်သည်။ အခန်းငယ် ၂–၄ ၌ ပေါလုသည် သူလုပ်နေကျအတိုင်း၊ အမေးအဖြေ တစ်စုံ ပြန်၍ထုတ်ပြသည်။ ၎င်းကို ပြစ်တင်ဝေဖန်သောစာ (ဥပမာ၊ အငယ် ၁–၁၁။ ၁၇–၁၉)ဟုခေါ်ပြီး၊ ငြင်းခုံသူတစ် ဦးမေးခွန်းထုတ်လိုက်ခြင်းပုံစံဖြင့် သမ္မာတရားတစ်ရပ်အား တင်ပြခြင်းဖြစ်သည်။ ၎င်းပုံစံကို ဟဗ္ဗက္ကုု၊ မာလခိနှင့် ဂျူးရဗ္ဗိဆရာကြီးများနည်းတူ ဂရိတွေးခေါ်ရှင်များ (Socrates (ဆိုကရေးတီး) နှင့် Stoics ဂိုဏ်းသားများ) လည်း အသုံးပြုကြသည်။

"ငါတို့သိရကြ၏"ဟူသောစကားစုကို ရောမသြဝါဒစာ၌ အတော်များများသုံးသည်။ (၂း၂။ ၃း၁၉။ ၇း၁၄။ ၈း၂၂၊ ၂၈။) အခန်းကြီးတစ်ထဲက ကိုယ်ကျင့်တရားပျက်ပြားသော သာသနာပလူများကဲ့သို့မဟုတ်ဘဲ၊ သူ၏တရားနာပရိသတ်တို့သည် အတိုင်းအတာတစ်ခုအထိ သိရှိထားကြသည်ဟု ပေါလုမှတ်ယူထားသည်။

**▣"ဤအကြောင်းအရာကို သမ္မာကျမ်းစာ၌ ရှင်းလင်းစွာဖော်ပြသည်။"**ဘုရားသခင်သည် အခမဲ့ဆုလက်ဆောင်အဖြစ် ပေးသောအသက်အတွက် လူသားတိုင်းသည် ဘုရားသခင်ထံတော်၌ အကျိုးအကြောင်း ရှင်းလင်းချက်ပေးကြရမည်ဖြစ်သည်။ (ငယ်၊ ၅-၉။ မဿဲ၊ ၂၅း၃၁-၄၆။ ဗျာ၊ ၂၀း၁၁-၁၅)။ ခရစ်ယာန်များပင်လျှင် ခရစ်တော်ရှေ့မှောက်၌ ရပ်ကြရမည်ဖြစ်သည်။ (၁၄း၁၀-၁၂။ ၂ကော၊ ၅း၁၀)။

**၂း၃** တရားဟောပြောခြင်း အတတ်ပညာဆိုင်ရာ ပေါလုထုတ်သောမေးခွန်း၏သဒ္ဒါသဘောသည်"မဟုတ်"ဟူသောအဖြေကိုမျှော်လင့်သည်။

**▣"ထင်မှတ်သလော"ငင်းသည် ဂရိကြိယာ *logizomai* ဖြစ်သည်။** ၎င်းကို ပေါလုမကြာခဏသုံးသည်။ (ရောမ၊ ၂း၃-၂၆။ ၃း၂၈။ ၄း၃၊၄၊၅၊၆၊၈၊၉၊၁၀၊၁၁၊၂၂၊၂၃၊၂၄။ ၆း၁၁။ ၈း၁၈၊၃၆။ ၉း၈။ ၁၄း၁၄။ ဂလာ ၃း၆။ ၁နှင့်၂ ကောရိန္တုတို့၌ အကြိမ်တစ်ဆယ်နှင့် ဖိလိပ္ပိ၌ နှစ်ကြိမ်)။ ၄း၃ နှင့် ၈း၁၈ပါ မှတ်ချက်များ၌လည်းကြည့်ပါ။

**▣ "အို၊ အသင်လူသား"**၎င်းသည် အငယ်တစ်က အီဒီယံအသုံးအနှုန်းနှင့်တစ်သဘောတည်းဖြစ်သည်။ ၉း၂၀၌ ၎င်းသည် ဂျူးလူမျိုးများကိုညွှန်းသည်။

**၂း၄** ၌လည်း ၎င်းသည် ဂရိမူရင်းတွင် မေးခွန်းတစ်ခုဖြစ်သည်။

**▣**

**NASB**

**NKJV, NRSV "ပေါ့ပေါ့တန်တန် မှတ်ယူသလော"**

**TEV, REB "အထင်သေးသလော"**

**NJB "မရိုမသေပြုလျက်"**

**NIV "အထင်သေးမှုပြသ"**

**NET "ခြင်းကြောင့် အထင်သေး"**

အင်္ဂလိပ်ဘာသာပြန်ကျမ်းများကို နှိုင်းယှဉ်ကြည့်သည့်အခါ ဘာသာပြန်ဆရာများသည် အရှေ့အလယ်ပိုင်းဘာသာစကားကြိယာပုံစံမျိုး ခံစားမှုရရှိကြသည်ကိုတွေ့ရသည်။ ၎င်းသည် ပြင်းထန်သောငြင်းဆန်လိုခြင်း ဝေါဟာရတစ်ခုဖြစ်သည်။ ၎င်းအသုံးပြုပုံအား အောက်ပါတို့၌ကြည့်ပါ။

၁။ ယေရှုပြောသောစကားများ - မဿဲ၊ ၆း၂၄။ ၁၈း၁၀

၂။ ပေါလု-၁ကော၊ ၁၁း၂၂။ ၁တိ၊ ၄း၁၂။ ၆း၂

၃။ ဟေဗြဲလူမျိုးများ-(ယေရှုအား) ၁၂း၂

၄။ ပေတရု-၂ပေ၊ ၂း၁၀

၅။ တမန်တော်-၁၃း၄၁ ကနာမ်စကားလုံး

▣ **"ကြွယ်ဝသောသနားတော်မူခြင်းနှင့်သည်းခံ၊ စိတ်ရှည်တော်မူခြင်း"**လူသားတို့သည် ဘုရားသခင်၏ကျေးဇူးတော်၊ ဂရုဏာတော်နှင့် သည်းခံတော်မူခြင်းတို့ကို မကြာခဏပင် နားလည်မှုလွဲမှားသွားကြကာ၊ မိမိအပြစ်ကို နောင်တရရမည့်အစား၊ အပြစ်ပြုရန် အခွင့်ကောင်းဖြစ်သွားစေကြသည်။ (၂ပေ၊ ၃း၉)

ပေါလုသည် ဘုရားသခင်၏ဂုဏ်အင်္ဂါအားဖော်ပြရာ၌"ကြွယ်ဝတော်မူခြင်း"ဟူ၍ ပြောလေ့ရှိသည်။(၉း၂၃။ ၁၁း၃၃။ ကော၊ ၁း၂၇။ ဧဖက်၊ ၁း၇၊၁၈။ ၂း၄၊၇။ ၃း၈၊၁၆။ ဖိလိပ္ပိ၊ ၄း၁၉)။

"သည်းခံခြင်း"ဟူသောနာမ်စကားလုံး ဓမ္မသစ်၌ နှစ်ကြိမ်သာလျှင်ပါရှိရာ နှစ်ကြိမ်စလုံး ပေါလုရေးသော ဤစာထဲ၌ဖြစ်သည်။ ဤနေရာ (၁း၁၈-၃း၃၁)နှင့် ၃း၂၆ ၌ဖြစ်ပြီး နှစ်ခုစလုံးသည် အပြစ်သားများအပေါ် ဘုရားသခင်၏ သည်းခံတော်မူခြင်းကို ရည်ညွှန်းသည်။

▣ **"သင့်အား နောင်တရစေခြင်းငှါ၊ လမ်းပြနေသည်ကို"**ဘုရားသခင်နှင့် ယုံကြည်ခြင်းပဋိညာဉ်အားဖြင့် တော်စပ်မှုရရှိရန် အပြစ်အားနောင်တရခြင်းသည် အပြတ်ဆုံးဖြတ်ချက်ပေးသောအရာဖြစ်သည်။ (မဿဲ၊ ၃း၂။ ၄း၁၇။ မာကု၊ ၁း၁၅။ ၆း၁၂။ လုကာ၊ ၁၃း၃၊၅။ တမန်တော်၊ ၂း၃၈။ ၃း၁၆၊၁၉။ ၂၀း၂၁) ဤဝေါဟာရသည် ဟေဗြဲဘာသာစကား၌ အပြုအမူ ပြောင်းလဲခြင်းအားဆိုလိုသည်။ နောင်တရခြင်းဆိုသည်မှာ အတ္တကိုဗဟိုပြုသောဖြစ်တည်မှုမှ ဘုရားသခင်၏ စကားပြောခြင်းနှင့် ညွှန်ကြားမှုခံရသောဘဝအသက်တာသို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ ၎င်းအတွက် အတ္တကိုဦးစားပေးခြင်းနှင့် ၎င်း၏ချုပ်နှောင်ခံရမှုမှ ပြန်လှည့်လာခြင်းလိုအပ်သည်။ အခြေခံအားဖြင့် ၎င်းသည် အသစ်သောသခင်အား ရရှိခြင်းဖြစ်သည်။ နောင်တရခြင်းသည် အာဒံ၏ကျဆင်းသောသားသမီးတိုင်း သဏ္ဍာန်တော်နှင့်ညီစေရန် ဘုရားသခင်၏အလိုတော်ဖြစ်သည်။ (ယေဇ၊ ၁၈း၂၁၊၂၃၊၃၂ နှင့် ၂ပေ၊ ၃း၉)။

နောင်တရခြင်းအတွက် ကွဲပြားခြားနားသောဂရိဝေါဟာရများအား အကောင်းဆုံးပေါ်လွင်စေသော ဓမ္မသစ်ကျမ်းပိုဒ်မှာ ၂ကော၊ ၇း၈-၁၁ ဖြစ်သည်။

၁။ *lupeō*"စိတ်နာသည်"(ဝါ)"ဝမ်းနည်းသည်"။ အငယ် ၈ ၌(နှစ်ကြိမ်) ၉၌ (သုံးကြိမ်) ၁၀ ၌ (နှစ်ကြိမ်)၊ ၁၁

၂။ *metamelomai*"မှားကြောင်းသိရှိသည်"(ဝါ)"အချိန်နှောင်းမှ ဂရုစိုက်သည်"(after care)ငယ် ၈ (နှစ်ခါ)၊ ၉

၃။ *metanoia*"နောင်တ"(ဝါ)"အချိန်နှောင်းမှ စိတ်ထဲထည့်သည်"(after mind) ငယ် ၉၊ ၁၀

ဆန့်ကျင်ဘက်မှာ မှားယွင်းသောနောင်တ(*metamelomai*)ဖြစ်သည်။ (ယုဒ-မဿဲ၊ ၂၇း၃နှင့်ဧသော ဟေဗြဲ၊ ၁၂း၁၆-၁၇)။ ၎င်းနှင့် ဆန့်ကျင်ဘက်မှာ စစ်မှန်သည့်နောင်တ (*metanoeō*)ဖြစ်သည်။

စစ်မှန်သော နောင်တ၏ဓမ္မသဘောမှာ -

၁။ ပဋိညာဉ်တရားသစ်အကြောင်း ယေရှု၏ဟောပြောမှု (မဿဲ၊ ၄း၁၇။ မာကု၊ ၁း၁၅။ လုကာ၊ ၁၃း၃၊၅)

၂။ တမန်တော်များ တမန်ဝတ္တု၌ ဟောကြားမှုများ(တမန်တော်၊ ၃း၁၆၊၁၉။ ၂၀း၂၁)

၃။ ဘုရားသခင်၏ အမြင့်မားဆုံးကျေးဇူး (တမန်တော်၊ ၅း၃၁။ ၁၁း၁၈ နှင့် ၂တိ၊ ၂း၂၅)

၄။ ပျက်စီးနေခြင်း (၂ပေ၊ ၃း၉) နောင်တရရန်ဆိုသည်မှာ စိတ်ကြိုက်ရွေးချယ်၍ရသော အရာ<u>မဟုတ်</u>!

## အထူးအကြောင်းအရာ။ ။နောင်တရခြင်း

နောင်တရခြင်း(ယုံကြည်ခြင်းနှင့်အတူ)သည် ပဋိညာဉ်တရားဟောင်းနှစ်မျိုးလုံးအတွက် လိုအပ်သောပဋိညာဉ်တရားဖြစ်သည်။ (*Nacham,BDB* ၆၃၆၊ ဥပမာ ၁၃း၁၂။ ၃၂း၁၂၊၁၄။ *Shuv, BDB* ၉၉၆။ ဥပမာ ၃ဓမ္မ၊ ၈း၄၇။ ယေဇ၊ ၁၄း၆။ ၁၈း၃၀)နှင့် ပဋိညာဉ်တရားသစ်။

၁။ ဗိတ္တိဇံဆရာယောဟန် (မဿဲ၊ ၃း၂။ မာကု၊ ၁း၄။ လုကာ၊ ၃း၃၊၈)

၂။ ယေရှု (မဿဲ၊ ၄း၁၇။ မာကု၊ ၁း၁၅။ လုကာ၊ ၅း၃၂။ ၁၃း၃၊၅။ ၁၅း၇။ ၁၇း၃)

၃။ ပေတရု (တမန်တော်၊ ၂း၃၈။ ၃း၁၉။ ၈း၂၂။ ၁၁း၁၈။ ၂ပေ၊ ၃း၉)

၄။ ပေါလု (တမန်တော်၊ ၁၃း၂၄။ ၁၇း၃၀။ ၂၀း၂၁။ ၂၆း၂၀။ ရောမ၊ ၂း၄။ ၂ကော၊ ၂း၉-၁၀)

သို့သော် နောင်တရသည်ဆိုသည်မှာ အဘယ်နည်း? ၎င်းမှာ ဝမ်းနည်းခြင်းလော၊ အပြစ်လုပ်ခြင်းမှ ရပ်တံ့ခြင်းလော။ အယူအဆကွဲပြားခြားနားသော ဤအဓိပ္ပါယ်ပွါးများအကြောင်း နားလည်သဘောပေါက်ရန် အကောင်းဆုံးဓမ္မသစ်ကျမ်းပိုဒ်မှာ ၂ကောရိန္သု၊ ၇း၈–၁၁ ဖြစ်သည်။ ၎င်း၌ ဆက်စပ်သော်လည်း ကွဲပြားခြားနားသော ဂရိဝေါဟာရသုံးခုသုံးထားသည်။

၁။ "ဝမ်းနည်းသည်" (*lupē* ငယ် ၈(နှစ်ခါ)၊ ၉(သုံးခါ)၊ ၁၀(နှစ်ခါ)၊၁၁)။ ဝမ်းနည်းသည် (ဝါ) သောကရောက်သည်ဟု အဓိပ္ပါယ်ရှိပြီး ဓမ္မသဘောအရ ကြားနေသောအဓိပ္ပါယ်ရှိသည်။

၂။ "နောင်တရသည်" (*metanoeō*– အငယ် ၉၊၁၀)။ ၎င်းသည် နောက်နောင်(after)နှင့်"စိတ်"(mind)နှစ်ခုစပ်စကားလုံးဖြစ်ပြီး စိတ်သစ်၊ တွေးတောပုံအသစ်၊ ဘဝနှင့်ဘုရားသခင်ဆိုင်ရာ၌ စိတ်နေသဘောထားအသစ်ကို ဆိုလိုသည်။ ၎င်းမှာ စစ်မှန်သောနောင်တဖြစ်သည်။

၃။ "စိတ်ပျက်သည်"(*metamelomai*–ငယ် ၈(နှစ်ခါ)၊၁၀)၊ ၎င်းသည် နောက်နောင် (after)နှင့် "ဂရုစိုက်(care)" နှစ်ခုစပ်စကားလုံးဖြစ်သည်။ ၎င်းအား ယုဒအကြောင်း မဿဲ၊ ၂၇း၃ နှင့် ဧသောအကြောင်း ဟေဗြဲ၊ ၁၂း၁၆၊ ၁၇တို့၌သုံးသည်။ ၎င်းသည် အပြုအမူမဟုတ်ဘဲ၊ ၎င်းအပြုအမူ၏ အကျိုးဆက်ဖြစ်သည်။

နောင်တရခြင်းနှင့်ယုံကြည်ခြင်းတို့သည် လိုအပ်သောပဋိညဉ်တရားဆိုင်ရာ လုပ်ဆောင်မှုဖြစ်သည် (မာကု၊ ၁း၁၅။ တမန်တော်၊ ၂း၃၈၊၄၁။ ၃း၁၆၊၁၉။၂၀း၂၁)။ ဘုရားသခင်သည် နောင်တရစေသည်ဆိုသည့် သဘောသက်ရောက်သောကျမ်းပိုဒ်အချို့ရှိသည်။ (တမန်တော်၊ ၅း၃၁။ ၁၁း၁၈။ ၂တိ၊ ၂း၂၅)။ သို့သော် အများစုသောကျမ်းပိုဒ်များအရ ၎င်းမှာ အခမဲ့သောကယ်တင်ခြင်း ပေးစမ်းသည့်ဘုရားသခင်အား လူသားများအနေဖြင့် ပဋိညဉ်တရားဆိုင်ရာတုံ့ပြန်မှုပြုရန် လိုအပ်ချက်ဖြစ်သည်။

နောင်တရခြင်း၏အနက်အဓိပ္ပါယ် အပြည့်အဝနားလည်သဘောပေါက်နိုင်ရန် ဟေဗြဲစကားနှင့်ဂရိစကားနှစ်မျိုးစလုံး၏အဓိပ္ပါယ်သတ်မှတ်ချက်များလိုအပ်သည်။ ဟေဗြဲစကားလုံးအရ "အပြုအမူပြောင်းလဲခြင်း"လိုအပ်ပြီး၊ဂရိစကားလုံးအရ"စိတ်နှလုံးပြောင်းလဲခြင်း"လိုအပ်သည်။ ကယ်တင်ခြင်းရရှိသူသည် စိတ်သစ်၊ နှလုံးသစ်ရရှိသည်။ သူ၏စိတ်ကူးအတွေးမှာ ကွဲပြားခြားနားသွားပြီး၊ ကွဲပြားခြားနားစွာ အသက်ရှင်သွားသည်။ "ငါ့အတွက် ဘယ်အရာရှိမလဲ"ဆိုသည့်မေးခွန်းအစား"ဘုရားသခင် ဘယ်အရာအလိုရှိလဲ"ဟူသောမေးခွန်းသည် အစားထိုးလာသည်။နောင်တရခြင်းသည် ပျက်ပြယ်သွားသည့် စိတ်လှုပ်ရှားမှု(ဝါ)အကြွင်းမဲ့အပြစ်ကင်းစင်သွားခြင်းမဟုတ်ဘဲ၊ သန့်ရှင်းတော်မူသူနှင့်အသစ်သောတော်စပ်မှုဖြစ်ပေါ်လာကာ၊ ၎င်းသည် ယုံကြည်သူအား သန့်ရှင်းသူအဖြစ် တိုး၍တိုး၍ပြောင်းလဲသွားစေသည်။

**၂း၅–၉** ဤအခန်းငယ်များသည်(၁) ကျဆင်းသောလူသား၏ခေါင်းမာပုံ(၂) ဘုရားသခင်၏အမျက်တော်နှင့် တရားစီရင်တော်မူခြင်းတို့ကို ရေးသားဖော်ပြသည်။

**၂း၅ "ခေါင်းမာခြင်း"**ဤနာမ်စကားလုံးကို ဓမ္မသစ်ကျမ်း၌ ဤနေရာ၌သာတွေ့ရသည်။ အစ္စရေးအား ဤနည်းဖြင့်ဖော်ပြရာ ကျမ်းပိုဒ်များမှာ ထွက်၊ ၃၂း၉။ ၃၃း၃၊၅။ ၃၄း၉။ တရား၊ ၉း၆၊၁၃၊၂၇။ (ဟေဗြဲ၊ ၃း၈၊၁၅။ ၄း၇ တို့ကိုလည်း မှတ်သားပါ)။

▣ **"စိတ်နှလုံး"**၁း၂၄ ၏အထူးအကြောင်းအရာ၌ ကြည့်ပါ။

▣ **"အမျက်တော် ထင်ရှားတော်မူသောနေ့။"**၎င်းကို ဓမ္မဟောင်းကျမ်း၌ (ယောလ၊ အာမုတ်)"ထာဝရဘုရား၏နေ့" ဟုခေါ်သည်။ ၎င်းသည် တရားစီရင်သောနေ့(ဝါ)ယုံကြည်သူများအတွက်မူ ရှင်ပြန်ထမြောက်သောနေ့ဖြစ်သည်။ လူသားတိုင်းဘုရားသခင်ထံမှ ဆုလက်ဆောင်အဖြစ် မိမိတို့ရရှိသောအသက်ကို မည်သို့အသုံးပြုကြကြောင်းအတွက် ဘုရားသခင်ထံ ရှင်းလင်းချက်(ဖြေရှင်းချက်)ပေးကြရလိမ့်မည်။ (မဿဲ၊ ၂၅း၃၁–၄၆။ ဗျာ၊ ၂၀း၁၁–၁၅)

ဘုရားသခင်၏အမျက်တော်အား သိုမှီးထားသူတို့မှာ အပြစ်သားများကိုယ်တိုင်ဖြစ်သည်။ ဘုရားသခင်သည် မိမိအမျက်တော်ထွက်ရခြင်းအကြောင်း ခိုင်လုံပေါ်လွင်စေရန် အပြစ်ကိုတစ်ခုသောအတိုင်းအတာအထိ လွှတ်လပ်စွာလွှတ်ထားကာ၊ အမျက်တော်ပိုမိုကြီးထွားလာစေရန် ခွင့်ပြုသည်။

အမျက်တော်ဟူသည် ဘုရားသခင်အကြောင်းအား ရှင်းလင်းရေးသားရန် အသုံးပြုသောလူသားစကားလုံးများအနက်တစ်ခုဖြစ်သည်။ (၁း၁၈ ၏အထူးအကြောင်းအရာ"ဘုရားသခင်အား လူသားကဲ့သို့ ရေးသားဖော်ပြခြင်း"၌ကြည့်ပါ။) ဘုရားသခင်သည် ထာဝရ၊ သန့်ရှင်းတော်မူသူနှင့်နံဝိညာဉ်ဖြစ်သည်။ လူသားများသည် အကန့်အသတ်နှင့်ဖြစ်သော၊ အပြစ်ရှိသော၊ ရုပ်ခန္ဓာဖြစ်သည်။ ဘုရားသခင်သည် စိတ်လှုပ်ရှားကာ၊ ဒေါသထွက်နေခြင်းမျိုးရှိသည် မဟုတ်ချေ။ အပြစ်သားဖြစ်သော လူကိုချစ်သော်လည်း၊ လူသားများက မိမိအား ဆန့်ကျင်ပုန်ကန်ခြင်းကိုမူ အခိုင်အမာဆန့်ကျင်သည်။ ဘုရားသခင်သည် ပုဂ္ဂိုလ်ဖြစ်သည်။ သူသည် အပြစ်ကိုပုဂ္ဂိုလ်အလိုက် ဗွေယူသဖြင့် ကျွန်တော်တို့၌မိမိအပြစ်အတွက် မိမိကိုယ်တိုင် တာဝန်ရှိသည်။

ဘုရားသခင်၏အမျက်တော်နှင့်ဆိုင်သော နောက်ထပ်ဖြည့်စွက်ပြောစရာမှာ ၎င်း၌ လက်ရှိကာလ(ခေတ္တယာယီ ၁း၂၄၊၂၆၊၂၈)နှင့် ခေတ်ကာလ၏အဆုံး(နောင်ဖြစ်ပျက်မည့်အရာများနှင့်ဆိုင်သည် ၂း၅–၈)ဟူ၍ သမ္မာကျမ်းစာ၌ ဖော်ပြသည်။ ဘုရားသခင်၏နေ့ရက် (တရားစီရင်တော်မူရာနေ့)မှာ အစ္စရေးလူမျိုးများ အနာဂတ်ကာလ၌ တရားစီရင်ခြင်းမခံရဘဲ၊ ကောင်းချီးရရှိစေရန် သူတို့အပြစ်ကို နောင်တရကြဘို့ ဓမ္မဟောင်းခေတ်ပရောဖက်များ၏ ကြိုတင်သတိပေးခြင်းတစ်မျိုးဖြစ်သည်။ (တရားဟော၊ ၂၇–၂၈) ဓမ္မဟောင်းခေတ်ပရောဖက်များသည် မိမိတို့ခေတ်ကာလ၏ အလွန်အရေးကြီးသောအချိန်အခါတစ်ခုကို နောက်ဆုံးသောကာလအကြောင်းဟောရန် အသုံးပြုလေ့ရှိကြသည်။

**၂း၆** ၎င်းကို ဆာလံ၊ ၆၂း၁၂ မှ ယူထားခြင်းဖြစ်သည်။ (မဿဲ၊ ၁၆း၂၇)၊ လူသားများသည် မိမိတို့၏ပြုမူမှုများအတွက် ကိုယ်စီတာဝန်ရှိကြပြီး၊ ဘုရားသခင်အား ရှင်းလင်းချက်ပေးကြမည်မှာ ကမ္ဘာ့နိယမတစ်ရပ်ဖြစ်သည်။(၂း၁ ၏မှတ်ချက် ဒုတိယစာပိုဒ်၌ ကြည့်ပါ။) (ယောဘ၊ ၃၄း၁၁။ သုတ္တံ၊ ၂၄း၁၂။ တရားဟော၊ ၁၂း၁၄။ ယေရမိ၊ ၁၇း၁၀။ ၃၂း၁၉။ မဿဲ၊ ၁၆း၂၇။ ၂၅း၃၁–၄၆။ ရောမ၊ ၂း၆။ ၁၄း၁၂။ ၁ကော၊ ၃း၈။ ဂလာတိ၊ ၆း၇–၁၀။ ၂တိ၊ ၄း၄။ ၁ပေ၊ ၁း၁၇။ ဗျာ၊ ၂း၂၃။ ၂၀း၁၂။၂၂း၁၂)။ ယုံကြည်သူများပင်လျှင် မိမိတို့ဘဝနှင့် ခရစ်တော်အတွက် အမှုဆောင်ရွက်မှုအကြောင်း ရှင်းလင်းချက်ပေးကြရပေမည်။ (၂ကော၊ ၅း၁၀)။ ယုံကြည်သူတို့သည် သူတို့၏အကျင့်(work–အလုပ်)*ကြောင့်* ကယ်တင်ခြင်းရခြင်း*မဟုတ်*သော်လည်း အကျင့်ကျင့်*ရန်* ကယ်တင်ခံရသူများ ဖြစ်ကြသည်။ (ဧဖက်၊ ၂း၈–၁၀။ အထူးသဖြင့် ၂း၁၄–၂၆။ ယာကုပ်နှင့်ယောဟန်ဩဝါဒစာ)၊ ပြောင်းလဲခဲ့သောဘဝအသက်တာနှင့် မေတ္တာအားဖြင့် ပြောင်းလဲနေသောအသက်တာ၊ အမှုဆောင်ရွက်ခြင်းနှင့် တစ်ကိုယ်ကောင်းမဆန်ခြင်းတို့သည် ကယ်တင်ခံရခြင်း၏စစ်မှန်မှု အထောက်အထားဖြစ်သည်။

**၂း၇** "သူတို့အား"အငယ် ၇ ၌ရေးသားဖော်ပြသောသူများနှင့်အငယ် ၈ ကလူများ၌ ကွဲပြားခြားနားမှုရှိသည်။ (သို့သော် ...သူတို့အား)

▣

**NASB "ဘုန်းအသရေနှင့် မဖေါက်ပြန်မပျက်စီးခြင်းကိုရှာကာ၊ ကောင်းသောအရာကိုစွဲမြဲစွာ လုပ်ဆောင်သူတို့အား ထာဝရအသက်ကို ပေးတော်မူလတ့်"။**

**NKJV "ဘုန်းအသရေနှင့် မဖေါက်ပြန်မပျက်စီးခြင်းကိုရှာကာ၊ ကောင်းသောအရာကို ဆက်လက်၍ သည်းခံလုပ်ဆောင်သူတို့အား ထာဝရအသက်ကို ပေးတော်မူလတ့်"။**

**NRSV "ဘုန်းအသရေနှင့် မဖေါက်ပြန်မပျက်စီးခြင်းကိုရှာကာ၊ ကောင်းသောအရာကို ဆက်လက်၍ သည်းခံစွာဖြင့် လုပ်ဆောင်သူတို့အား၊ ထာဝရအသက်ကို ပေးတော်မူလတ့်"။**

**TEV "လူအချို့တို့သည် ကောင်းသောအရာကို ဆက်လက်လုပ်သွားကြကာ၊ ဘုန်းအသရေနှင့် မဖေါက်ပြန်မပျက်စီး ခြင်းအား ရှာဖွေကြသည်။ ဘုရားသခင်သည် သူတို့အား ထာဝရအသက်ပေးလိမ့်မည်။**

**NJB "ကောင်းသောအရာကို အစဉ်အမြဲလုပ်သွားခြင်းဖြင့် ထင်ပေါ်မှု၊ အသရေနှင့် မဖေါက်ပြန်မပျက်စီးခြင်း အား ရှာဖွေကြသည်။ ဘုရားသခင်သည် သူတို့အား ထာဝရအသက်ပေးလိမ့်မည်။**

ၰင်းသည် ကော်နေလိက်ဲ့သို့သောသူမျိုးကို ရည်ညွှန်းသည်။ (တမန်တော်၊ ၁၀း၃၄–၃၅)။ ဤစာပိုဒ်သည် အလုပ် အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်နေသကဲ့သို့ ထင်ရသော်လည်း (လူသား၏အားထုတ်မှုဖြင့် ဖြောင့်မတ်ခြင်းရရှိသကဲ့ သို့)ဤအချက်သည် ရောမသြဝါဒစာ၏ အဓိကဦးတည်ချက်ကို ဆန့်ကျင်ဘက်ပြုရန် မဟုတ်ချေ။ အငယ် ၁–၁၆ (ဝါ) ၁–၁၁တစ်ခုခုသည် စာပိုဒ်တစ်ပိုဒ်ဖြစ်ကြောင်း သတိရပါ။ ဤအပိုဒ်တစ်ခုလုံး၏ဓမ္မသဘောတရား ဖော်ပြလိုရင်း အချက်မှာ ဘုရားသခင်သည် လူမျက်နှာကိုမထောက် (ငယ် ၁၁)ကြောင်းနှင့် လူအားလုံးအပြစ်ပြုကြကြောင်း(ငယ် ၁၂) ဖြစ်သည်။ လူတို့သည် မိမိတို့ရရှိသည့်အလင်းနှင့်အညီ အသက်ရှင်ကြပါက (တစ်ပါးအမျိုးသားများအတွက် သဘာဝ အားဖြင့် ဖွင့်ပြမှုနှင့်ဂျူးလူမျိုးများအတွက် အထူးဖွင့်ပြခြင်း–၁၀း၅) ဘုရားသခင်နှင့်အဆင်ပြေကြပေလိမ့်မည်။ သို့သော် ဖြောင့်မတ်သောသူဟူ၍ မရှိခဲ့ဘူးကြောင်းနှင့် မည်သည့်အခါ၌မှလည်း ရှိနိုင်လိမ့်မည်မဟုတ်ကြောင်း ၃း၉–၁၈၊၂၃၌ အကျဉ်းချုံ့ဖော်ပြသည်။

ယုံကြည်သူသည် ဘုရားတရားကိုရိုသေကာ၊ ပြောင်းလဲသောအသက်တာရှိခြင်းသည် ယုံကြည်ခြင်းဖြင့် အစပြု တုံ့ပြန်ကြောင်း အထည်ပြုနိုင်လုံစေသည်။ ပြောင်းလဲသောအသက်တာမှာ ဘုရားသခင်၏ဝိညာဉ်တော်ကျိန်ဝပ်ကြောင်း ၏အထောက်အထားဖြစ်သည်။ (အငယ် ၁၀၊ ၁၃။ မဿဲ၊ ၇။ ဧဖက်၊ ၂း၈–၁၀။ ယာကုပ်၊ ၂း၁၄–၂၆နှင့် ၁ယော ဟန်)။ အထူးအကြောင်းအရာ။ ။ စွဲမြဲရန် လိုအပ်မှု ၈း၂၅ ၌ကြည့်ပါ။

▣ **"ထာဝရအသက်။"** ၎င်းသည် ယောဟန်၏အရေးအသားလက္ခဏာတစ်ရပ်ဖြစ်ပြီး ခရစ်ဝင်ကျမ်း ပထမသုံးကျမ်းတို့ ၌တွေ့ရခဲသည်။ ပေါလုသည် ဤစကားလုံးကို ဒံယေလ ၁၂း၂ (တိတု၊ ၁း၂။ ၃း၇)မှရယူသည်နှင့်တူသည်။ ထိုကျမ်းပိုဒ်၌ ၎င်းစကားလုံးသည် ကပ်ကမ္ဘာအသစ်နှင့်ဆိုင်သောအသက်၊ ဘုရားသခင်နှင့် မိတ်သဟာယဖြစ်သော အသက်တာ၊ ပြန်ရှင်ထမြောက်သောဘဝကို ဖော်ပြသည်။ သူသည် ၎င်းကို ဂလာတိ ၆း၈၌ ပထမဦးဆုံးသုံးသည်။ ၎င်းသည် ရောမသြဝါဒစာ၏ သြဝါဒပိုင်းဆိုင်ရာကဏ္ဍ၌ ဦးတည်ချက်ဖြစ်လေ့ရှိသည်(၂း၇။ ၅း၂၁။ ၆း၂၂၊၂၃)။ သင်းအုပ်ဆိုင်ရာသြဝါဒများ၌လည်း အတော်များများပါရှိသည်။ (၁တိ၊ ၁း၁၆။ တိတု၊ ၁း၂။ ၃း၇)။

၂း၈

**NASB** **"အလိုဆန္ဒပြင်းထန်၍"**

**NKJV, NRSV "မိမိကိုယ်ကျိုးရှာသူတို့"**

**TEV** **"အခြားသူများသည် ကိုယ်ကျိုးဖက်ကြ၏"**

**NJB** **"မနာလိုစိတ်ရှိသူများ"**

ဤဝေါဟာရ၏မူရင်းအဓိပ္ပါယ်မှာ "အခပေး၍ ငှါးရမ်းသည်"ဟုဆိုလိုသည်။ (ယောဘ၊ ၂း၁၁)

Louw နှင့် Nida တို့၏ *"Greek-English Lexicon"*အတွဲ ၂။ စာ၊ ၁၀၄ ၌ ဤဝေါဟာရ၏သုံးနှုန်းပုံနှစ်မျိုး ဖော်ပြသည်။

၁။ **"စိတ်ဆန္ဒပြင်းထန်သည်"**selfish ambition ဟူ၍ဖြစ်ပြီး ရောမ၊ ၂း၈ကိုညွှန်းကာ"အခြားသူတစ်ပါးထက် ပိုမို ကောင်းမွန်လိုခြင်း"ဟုဆိုသဖြင့် ဤကျမ်းပိုဒ်နှင့်ကိုက်ညီသည်။

၂။ **"ရန်ငြိုးကြီးခြင်း"**–hostility ဟူ၍ဖြစ်ပြီး၊ ဖိလိပ္ပိ ၁း၁၇ ကိုညွှန်းကာ၊ အပြိုင်အဆိုင်ပြုခြင်းအဖြစ်လည်း ဘာသာ ပြန်နိုင်သည်ဟုဖော်ပြသည်။ (၂ကော၊ ၁၂း၂၀။ ဂလာတိ၊ ၅း၂၀။ ဖိလိပ္ပိ၊ ၂း၃။ ယာကုပ်၊ ၃း၁၄၊၁၆)။

▣ **"သမ္မာတရားကို မနာခံဘဲ။"**သမ္မာတရား"truth"(*aletheia*)အား ၎င်း၏ဟေဗြဲအဓိပ္ပါယ်(emeth)ဖြစ်သည့်မှန် ကန်မှု၊ စိတ်ချမှုအဖြစ်သုံးသည်။ ဤသဘောအားဖြင့်၎င်း ဝေါဟာရသည် အသိညာဉ်နှင့်မဆိုင်ဘဲ ကိုယ်ကျင့်တရားနှင့် ဆိုင်သည်။ အထူးအကြောင်းအရာ။ ။ ပေါလုရေးသောစာများထဲက သမ္မာတရား–၁း၁၈၌ ကြည့်ပါ။

**၂း၉ "လူသားတိုင်း။"** ပေါလုသည် ဂရိဝေါဟာရ *pas* ကိုသုံးသည်။ "အားလုံး"(ဝါ)"တိုင်း"ဟူ၍ ဘာသာပြန်လေ့ရှိသော ၎င်းအား ရောမသြဝါဒစာအဖွင့် အခန်းကြီးများ၌ မကြာခဏသုံးပြီး တစ်ကမ္ဘာလုံးခြုံသော"သတင်းဆိုး"(လူသားတိုင်း လမ်းပျောက်သူများဖြစ်နေကြခြင်းနှင့် ဘုရားသခင်သည် တရားစီရင်ရာ၌ မျက်နှာမလိုက်ခြင်း)"သတင်းကောင်း"(ဘုရားသခင်သည် ကယ်တင်ခြင်းအား ပေးစမ်းခြင်းနှင့်၊ နောင်တရကာ ခရစ်တော်ကိုယုံကြည်သူတိုင်း အပြစ်လွှတ်ခြင်း အပြည့်အဝရရှိခြင်း) နှစ်မျိုးစလုံးအားဆိုလိုသည်။

ဤစာပိုဒ်သည် တစ်ကမ္ဘာလုံးလွှမ်းခြုံသော တရားစီရင်တော်မူခြင်းနှင့် ၎င်း၏အကျိုးဆက်အား ခိုင်မာစွာညွှန်းဆိုသည်။ ဤသမ္မာတရားအရ ဖြောင့်မတ်သူနှင့်ဆိုးသွမ်းသူ နှစ်မျိုးစလုံး၏ရှင်ပြန်ထမြောက်မှုလိုအပ်ကြောင်း ဖော်ပြသည်။ (ဒံယေလ၊ ၁၂း၂။ ယောဟန်၊ ၅း၂၈-၂၉။ တမန်တော်၊ ၂၄း၁၅)။

အငယ် ၆-၁၁ သည် တဆက်တည်းဖြစ်ပါက အငယ် ၈-၉သည် တရားစီရင်တော်မူခြင်း(ဝါ)မကောင်းမှုပြုသူများအား ရည်ညွှန်းသည့်သော့ချက်ကျမ်းပိုဒ်များဖြစ်သည်။

**၂း၉-၁၀** "ပထမဦးစွာ ဂျူးလူမျိုးများ"။ အလေးအနက်ပြုခြင်းအနေဖြင့် ဤစကားကို ထပ်မံဖော်ပြသည်။ ဂျူးများသည် ဘုရားသခင်၏ဖွင့်ပြတော်မူခြင်း ရရှိခဲ့ကြသဖြင့် ပထမဦးဆုံး အခွင့်ထူးခံစားရသူများဖြစ်သည်။ (၁း၁၆။ မဿဲ၊ ၁၀း၆။ ၁၅း၂၄။ ယောဟန်၊ ၄း၂၂။ တမန်တော်၊ ၃း၂၆။ ၁၃း၄၆)။ သို့သော် ဘုရားသခင်၏ဗျာဒိတ်တော်အား ရရှိသူများပီပီ (၉း၄-၅) တရားစီရင်တော်မူခြင်းကိုလည်း ပထမဦးဆုံး ခံရသူများဖြစ်ကြသည်။ (၉-၁၁)

၂း၁၁

| | |
|---|---|
| **NASB, NKJV** | **"အကြောင်းမူကား၊ ဘုရားသခင်သည် မျက်နှာလိုက်တော်မမူ"** |
| **NRSV** | **"အကြောင်းမူကား၊ ဘုရားသခင်သည် မျက်နှာလိုက်ခြင်း ပြတော်မမူ"** |
| **TEV** | **"အကြောင်းမူကား၊ ဘုရားသခင်သည် လူတိုင်းအား တန်းတူစီရင်တော်မူသည်။"** |
| **NJB** | **"ဘုရားသခင်သည် မျက်နှာသာပေးခြင်းမရှိ"** |

ဓမ္မဟောင်းကျမ်း၏တရားစီရင်ခြင်းဆိုင်ရာ တင်စားသုံးနှုန်းသော ဝေါဟာရတစ်မျိုးဖြစ်ပြီး "မျက်နှာမော့သည်"ဟု အဓိပ္ပါယ်ရှိသည်။ (ဝတ်ပြု၊ ၁၉း၁၅။ တရားဟော၊ ၁၀း၁၇။ ၂ရာဇဝင်ချုပ်၊ ၁၉း၇။ တမန်တော်၊ ၁၀း၃၄။ ဂလာတိ၊ ၂း၆။ ဧဖက်၊ ၆း၉။ ကော၊ ၃း၂၅။ ၁ပေ၊ ၁း၁၇) တရားသူကြီးတစ်ဦးသည် မိမိ၏အမှုသည်၌ တရားမျှတမှုတွေ့ရပြီဆိုလျှင် ငဲ့ကွက်စရာအခွင့်အရေးဖြစ်လာသည်။ ထို့ကြောင့် သူသည် မိမိရှေ့၌ ရပ်နေသူ၏မျက်နှာအား မော့ပေးခြင်းပြုတော့မည်မဟုတ်ချေ။

## အထူးအကြောင်းအရာ။ ။လူမျိုးခွဲခြားရေးဝါဒ

I. နိဒါန်း

က။ ၎င်းကို ကျဆင်းသောလူသား လူ့အဖွဲ့အစည်းအတွင်း တစ်ကမ္ဘာလုံး၌ တွေ့ရသည်။ ၎င်းသည် သူတစ်ပါး၏ကျောကုန်းပေါ် တက်စီးသောလူသား၏အတ္တဖြစ်သည်။ လူမျိုးခွဲခြားရေးဝါဒအား နည်းလမ်းများစွာဖြင့် ခေတ်သစ်ကာလ၌ တွေ့မြင်ရပြီး၊ အမျိုးသားရေးဝါဒ(သို့မဟုတ် လူမျိုးစုဝါဒ)မှာမူ ပို၍ရှေးကျသော အသုံးအနှုန်းဖြစ်သည်။

ခ။ အမျိုးသားရေးဝါဒသည် ဗာဗုလုန်၌ အစပြုခဲ့ပြီး(ကမ္ဘာ၊ ၁၁)မူလအားဖြင့် နောဧ၏သားယောကျာ်းသုံးယောက်နှင့်ဆက်စပ်ကာ၊ ၎င်းတို့မှ မျိုးနွယ်စုဆိုသူများ စတင်ထွန်းကားလာခဲ့သည်။(ကမ္ဘာ၊ ၁၀)။ မည်သို့ဖြစ်စေ လူသားမျိုးနွယ်ဟူသည် မျိုးရိုးတစ်ခုတည်းမှ ဆင်းသက်လာခြင်းဖြစ်ကြောင်း သမ္မာကျမ်းစာမှ ထင်ရှားစွာ သိရှိရသည်။(ကမ္ဘာဦး၊ ၁း-၃။ တမန်တော်၊ ၁၇း၂၄-၂၆)

ဂ။ လူမျိုးခွဲခြားရေးဝါဒသည် မျက်နှာလိုက်ခြင်းအမျိုးများစွာ အနက်တစ်မျိုးသာလျှင်ဖြစ်သည်။ အချို့တို့မှာ (၁) ပညာရေးကိုအကြောင်းပြုပြီး မျက်နှာကြီးလိုက်ခြင်း (၂) လူမှုရေး၊ ဓနဥစ္စာမာန (၃) မိမိသာလျှင် မှန်သည်ဆိုသောဘာသာရေး အယူသည်းဝါဒနှင့် (၄) နိုင်ငံရေးအယူဝါဒဆိုင်ရာ ကိစ္စရပ်များ

II. သမ္မာကျမ်းလာအချက်များ

က။ ဓမ္မဟောင်းကျမ်း

၁။ ကမ္ဘာဦး ၁း၂၇။ ယောကျ်ား၊ မိန်းမတည်းဟူသောလူသားအား ဘုရားသခင်၏သဏ္ဌာန်တော်အတိုင်း၊ ဘုရားသခင်နှင့်တူအောင် ဖန်ဆင်းသည်ဖြစ်၍၊ သူတို့မှာ အတုအနှိုင်းကင်းသူများဖြစ်သည်။ ၎င်းသည် သူတို့တစ်ဦးချင်းစီ၏တန်ဘိုးနှင့် ဂုဏ်သိက္ခာကိုလည်း ဖော်ပြသည်။ (ယောဟန် ၃း၁၆)

၂။ ကမ္ဘာဦး ၁း၁၁–၂၅။ "အမျိုးအလိုက်"ဆိုသောစကားစုတစ်ဆယ်ကြိမ် မှတ်တမ်းတင်ထားသည်။ ၎င်းအားလူမျိုးခွဲခြားရေးအတွက် အထောက်အထားအဖြစ် အသုံးပြုလေ့ရှိသည်။ သို့သော် ကျမ်းစကားအဆက်အစပ်ကိုကြည့်သည့်အခါ တိရစ္ဆာန်များနှင့်အပင်များကို ညွှန်းဆိုခြင်းသာဖြစ်ပြီး၊ လူသားနှင့်မဆိုင်ကြောင်း ထင်ရှားသည်။

၃။ ကမ္ဘာဦး ၉း၁၈–၂၇။ ၎င်းအား လူမျိုးကြီး စိုးမိုးရေးဝါဒအတွက် အထောက်အထားအဖြစ် အသုံးပြုသူများရှိသည်။ ဘုရားသခင်သည် ခါနန်အား မကျိန်ဆဲခဲ့ကြောင်း သတိရရန်လိုအပ်သည်။ သူ့အားအဖိုးဖြစ် သူနောဧကသာ အရက်မူးမူးဖြင့်နိုးလာသည့်အခါ ကျိန်ဆဲလိုက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် ဤကျိန်ဆဲမှုအားအတည်ပြုကြောင်း သမ္မာကျမ်းစာ၌ မှတ်တမ်းမရှိချေ။ ဘုရားသခင်သည် ထိုသို့ပြုသည် ဆိုဦးတော့ ၎င်းသည် အသားမဲသောလူမျိုးနွယ်အား ထိခိုက်ခြင်းမရှိချေ။ ခါနန်သည် ပါလက်စတိုင်းဒေသနေ လူမျိုးများဖြစ်လာကာ၊ သူတို့သည် အသားမဲသူများမဟုတ်ကြောင်း အီဂျစ်လူမျိုးများ၏ အုတ်နံရံပန်းချီကားများကဖော်ပြသည်။

၄။ ယေရှု ၉း၂၃။ ၎င်းအား မျိုးနွယ်တစ်ခုသည် အခြားမျိုးနွယ်တစ်ခုအား အစေခံရခြင်းကို ထောက်ပြရန်အသုံးပြုလာခဲ့ကြသည်။ သို့သော် ကျမ်းစကားဆက်စပ်မှုက ဖော်ပြသည်မှာ ဂိဗောင်အမျိုးသားများသည် ဂျူးလူမျိုးကဲ့သို့သော မျိုးနွယ်ဝင်များဖြစ်သည်။

၅။ ဧဇရ၊ ၉–၁၀နှင့် နေဟမိ၁၃။ ဤကျမ်းပိုဒ်များကို လူမျိုးခွဲခြားရေးအမြင်ဖြင့် သုံးလာခဲ့ကြသော်လည်း ထိန်းမြားလက်ထပ်ခြင်းအား အပြစ်တင်ရခြင်းမှာ မျိုးနွယ်ကြောင့်မဟုတ်ဘဲ (သူတို့သည် နောဧမှဆင်းသက်သူချင်းများဖြစ်ကြသည်။ ကမ္ဘာဦး၊ ၁၀) ဘာသာရေးအကြောင်း ပြချက်ကြောင့်ဖြစ်သည်။

ခ။ ဓမ္မသစ်ကျမ်း

၁။ ခရစ်ဝင်ကျမ်းများ

(က) လူမျိုးခွဲခြား မုန်းတီးခြင်းသည် မသင့်တော်ကြောင်း ပြသရန် ယေရှုသည် ဂျူးများနှင့်ရှမာရီများအကြား မုန်းတီးမှုအကြောင်း မကြာခဏအသုံးပြု ပြောကြားလေ့ရှိသည်။

(၁) ကောင်းသောရှမာရိ ဥပမာ (လုကာ၊ ၁၀း၂၅–၃၇)

(၂) ရေတွင်းက အမျိုးသမီး (ယောဟန်၊ ၄)

(၃) ကျေးဇူးသိသော အနာကြီးရောဂါသည် (လုကာ၊ ၁၇း၇–၁၉)

(ခ) ခရစ်ဝင်ကျမ်းများသည် လူသားထုတစ်ရပ်လုံးအတွက်ဖြစ်သည်။

(၁) ယောဟန် ၃း၁၆

(၂) လုကာ ၂၄း၄၆–၄၇

(၃) ဟေဗြဲ ၂း၉

(၄) ဗျာဒိတ် ၁၄း၆

(ဂ) နိုင်ငံတော်၌ လူသားထုတစ်ရပ်လုံး ပါဝင်လိမ့်မည်

(၁) လုကာ ၁၃း၂၉
(၂) ဗျာဒိတ် ၅

၂။ တမန်တော်ဝတ္ထု

က။ ဘုရားသခင်သည် တစ်ကမ္ဘာလုံးအား ချစ်တော်မူကြောင်းနှင့် ဧဝံဂေလိသတင်းကောင်းသည် တစ်ကမ္ဘာလုံးအတွက်ဖြစ်ကြောင်း တမန်တော် ၁၀ မှာ တိကျသောကျမ်းပိုဒ်ဖြစ်သည်။

ခ။ ပေတရုသည် တမန်တော်အခန်း ၁၁က မိမိအပြုအမူကြောင့် တိုက်ခိုက်ခံလာခဲ့ရာ၊တမန်တော် ၁၅၌ ယေရုရှလင်ကောင်စီအစည်းဝေး၌ အဖြေရလာချိန်တိုင်အောင်ဖြစ်သည်။ ပထမရာစုအတွင်း ဂျူးလူမျိုးနှင့် ဂျူးမဟုတ်သူများအကြား တင်းမာမှုအလွန်ပြင်းထန်ခဲ့သည်။

၃။ ပေါလု

(က) ခရစ်တော်အထဲ၌ အပိုင်းအခြားမရှိ
၁။ ဂလာတိ ၃း၂၆–၂၈
၂။ ဧဖက် ၂း၁၁–၂၂
၃။ ကော ၃း၁၁

(ခ) ဘုရားသခင်သည် လူကိုမျက်နှာလိုက်ခြင်းမရှိ
၁။ ရောမ ၂း၁၁
၂။ ဧဖက် ၆း၉

၄။ ပေတရုနှင့် ယာကုပ်

က။ ဘုရားသခင်သည် လူကိုမျက်နှာလိုက်ခြင်းမရှိ။ ၁ပေ၊ ၁း၁၇

ခ။ ဘုရားသခင်သည် ဘက်လိုက်ခြင်းမရှိသဖြင့် သူ့လူမျိုးသည်လည်း ဘက်လိုက်ခြင်းမရှိ။ ယာကုပ်၊ ၂း၁

၅။ ယောဟန်

က။ ယုံကြည်သူများ၏တာဝန်အကြောင်း အပြင်းထန်ဆုံး ဖော်ပြမှုတစ်ခု ၁ယော ၄း၂၀ ၌ တွေ့ရသည်။

III. နိဂုံးချုပ်

က။ လူမျိုးရေးခွဲခြားမှုနှင့် မည်သည့်အမျိုးအစားဖြစ်စေ မျက်နှာလိုက်ခြင်းသည် ဘုရားသခင်၏သားသမီးများ နှင့် မသင့်လျော်ချေ။ ၁၉၆၄ ခုနှစ်တွင် New Mexico ပြည်နယ် Glorieta မြို့၌ကျင်းပသည့် "ခရစ်ယာန် အသက်တာ တာဝန်ဝတ္တရား" ညီလာခံ၌ Henlee Barnettee ၏မိန့်ခွန်းထဲမှ ကောက်နုတ်ချက် တစ်ခုရှိပါသည်။

"လူမျိုးခွဲခြားရေးဝါဒသည် သမ္မာကျမ်းစာနှင့်မကိုက်ညီ၊ ခရစ်ယာန်သဘောမဟုတ်သဖြင့် ၎င်းမှာ မိစ္ဆာဝါဒဖြစ်သည်။ သိပ္ပံနည်းမကျသဖြင့် ဖော်ပြပြောဆိုသင့်သောအရာမဟုတ်ချေ"ဟူ၍ဖြစ်၏။

ခ။ ဤပြဿနာသည် ခရစ်ယာန်များအနေဖြင့် လမ်းပျောက်နေသောကမ္ဘာကြီးအပေါ် ခရစ်တော်နည်းတူ ချစ်ခြင်း မေတ္တာ၊ ခွင့်လွှတ်မှုနှင့် နားလည်မှုရှိကြောင်းပြသရန် အခွင့်ကောင်းဖြစ်သည်။ ခရစ်ယာန်များသည် ဤကဏ္ဍ အား ငြင်းဆန်သည့်အခါ ယုံကြည်သူ၏ယုံကြည်ခြင်း၊ စိတ်ချရမှုနှင့်ကြီးထွားမှုအား ဟန့်တားနှောင့်နှေးစေ ရန်မာရ်နတ်အတွက် အခွင့်ကောင်းဖြစ်စေသည်။ ၎င်းသည် လမ်းပျောက်သူများ ခရစ်တော်ထံလာရန် အတား အဆီးလည်းဖြစ်နေပေမည်။

ဂ။ ကျွန်ုပ်ဘာလုပ်နိုင်မည်နည်း။ (ဤကဏ္ဍအား"ခရစ်ယာန်အသက်တာ တာဝန်ဝတ္တရား"အဖွဲ့၏"လူမျိုးချင်းဆက်ဆံရေး"ခေါင်းစာစောင်မှ ယူထားခြင်းဖြစ်သည်။)

## "တစ်ဦးချင်းအဆင့်"

★လူမျိုးရေးဆိုင်ရာပြဿနာများ ဖြေရှင်းရာ၌ မိမိကိုယ်တိုင်၌ တာဝန်ဝတ္တရားရှိကြောင်း လက်ခံပါ။

★လူမျိုးရွေး မျက်နှာလိုက်မှုအား မိမိ၏အသက်တာမှ ဖယ်ရှားပစ်ရန် ဆုတောင်းခြင်း၊ သမ္မာကျမ်းစာ လေ့လာခြင်းနှင့် အခြားလူမျိုးများနှင့် မိတ်သဟာယပြုခြင်းအားဖြင့် အားထုတ်ပါ။

★လူမျိုးရေးမုန်းတီးမှုလုံ့ဆော်သူများ စိမ်ခေါ်ခြင်းမခံရရာနေရာများ၌၊ လူမျိုးရေးဆိုင်ရာ မိမိ၏နားလည် သဘောပေါက်မှုအား ဖော်ထုတ်ပြသပါ။

## "မိသားစု အသက်တာ၌"

★အခြားလူမျိုးများအပေါ် စိတ်နေသဘောထား တိုးတက်မှုအား မိသားစုအနေဖြင့် ပြသပေါ်လွင်စေရန် အရေးကြီးပုံအား အသိအမှတ်ပြုပါ။

★မိသားစုပြင်ပ၌ လူမျိုးရေးအကြောင်း မိမိတို့ကြားခဲ့ရခြင်းများအား သားသမီးများနှင့်မိဘများ အတူပြော ဆိုခြင်းဖြင့် မိမိတို့၏ခရစ်ယာန်စိတ်သဘောထားအား ဖွံ့ဖြိုးစေရန် ကြိုးစားပါ။

★အခြားလူမျိုးများအကြောင်း၊ လူများနှင့်ပြောဆိုရာ၌ မိဘများသည် ခရစ်ယာန်ပုံသက်သေပြသရန် ဂရုစိုက်ရမည်။

★အခြားလူမျိုးများနှင့် မိသားစုချင်း၊ မိတ်ဆွေဖြစ်ရန် အခွင့်အရေးများရှာဖွေပါ။

## "သင်၏အသင်းတော်၌"

★လူမျိုးရေးဆိုင်ရာ သမ္မာကျမ်းစာပါ သမ္မာတရားဟောပြော၊ သင်ကြားခြင်းအားဖြင့် အသင်းတော်သည် မိမိတို့၏အသိုင်းအဝိုင်းတစ်ခုလုံး၌ ပုံသက်သေပြသနိုင်သည်။

★အသင်းတော်တွင်း ဝတ်ပြုကိုးကွယ်ခြင်း၊ မိတ်သဟာယပြုခြင်းနှင့် အမှုဆောင်ရွက်ခြင်းများ၌ ဓမ္မသစ် အသင်းတော်များ၌ လူမျိုးခွဲခြားမှုမပြုခဲ့ကြသည်နည်းတူ လူတိုင်းအတွက် လမ်းဖွင့်ပေးခြင်းရှိမရှိ သေချာစေပါ။ (ဧဖက်၊ ၂း၁၁–၂၂။ ဂလာတိ၊ ၃း၂၆–၂၉)

## "နေ့စဉ်အသက်တာ၌"

★ ကမ္ဘာပေါ်အလုပ်လုပ်ကိုင်ရာ၌ လူမျိုးခွဲခြားခြင်း ကိစ္စရပ်အားလုံး အောင်မြင်ကျော်လွှားနိုင်ရန် ကူညီပါ။

★ တိုက်ခိုက်ရန်မှာလူမျိုးရေးပြဿနာဖြစ်ပြီး၊ လူပုဂ္ဂိုလ်မဟုတ်ကြောင်း သတိရလျက် လူမှုအဖွဲ့အစည်း မျိုးစုံ၌ အလုပ်လုပ်ရာတွင် တန်းတူညီမျှသောအခွင့်အရေးနှင့် အခွင့်ကောင်းများ သေချာထိန်းထားပါ။ ရည်ရွယ်ချက်မှာ နားလည်မှုမြှင့်တင်ရန်ဖြစ်ပြီး၊ ခါးသည်းမှုဖန်တီးရန် မဟုတ်ချေ။

★ လူမျိုးချင်းဆက်ဆံရေးတိုးမြှင့်ပေးရန်၊ လူထုအတွင်း အထွေထွေပညာပေးရန်နှင့် တိကျသောလုပ်ဆောင် မှုများပြုရန်၊ အသိုင်းအဝိုင်းအတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လာစေရန် ရည်ရွယ်ချက်ထား ရှိလျက်၊ ကြောင့်ကျစိုးရိမ်မှုရှိသူများပါဝင်သည့် အထူးကော်မီတီတစ်ခုအား အဆင်ပြေမည်ဆိုပါက ဖွဲ့စည်းပါ။

★ လူမျိုးရေးဆိုင်ရာ တရားမျှတမှုအားမြှင့်တင်ရန်နှင့် နိုင်ငံရေးအမြတ်ထုတ်ရန် မျက်နှာလိုက်မှုများအား အသုံးချသူများကို ဆန့်ကျင်သည့် ဥပဒေပြဋ္ဌါန်းခြင်းနှင့် ဥပဒေပြုသူများအား ထောက်ခံအားပေးပါ။

★ ဥပဒေအတည်ပြုသူများသည် ခွဲခြားခြင်းမရှိဘဲ အတည်ပြုနိုင်ရန် ဥပဒေအတည်ပြုသူအရာရှိများအား ထောက်ခံအားပေးပါ။

★ ဥပဒေပါအချက်အလက်များသည် ခွဲခြားမှုအားမြှင့်တင်မည့် သူများလက်ထဲ၌ လက်နက်သဖွယ်ဖြစ်မ လာစေရန် ခရစ်ယာန်နိုင်ငံသားတစ်ဦးအနေဖြင့် မိမိလုပ်နိုင်သမျှအရာအားလုံးလုပ်ကာ၊ အကြမ်းဖက်မှု အားရှောင်လျက်၊ တရားဥပဒေ ရှိသေလေးစားမှုအား မြှင့်တင်ပါ။

★ လူသားချင်း ဆက်ဆံရေးကဏ္ဍတိုင်း၌ ခရစ်တော်၏စိတ်ဝိညာဉ်နှင့် သဘောထားအား နမူနာယူပါ။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာကျမ်း။ ၂း၁၂–၁၆**

[12]ပညတ်တရားကိုမသိဘဲ ပြစ်မှားသမျှသောသူတို့သည် ပညတ်တရားမဲ့ ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်။ ပညတ်တရားလက်အောက်၌ ပြစ်မှားသမျှသောသူတို့သည် ပညတ်တရား၏စီရင်ခြင်း ခံရကြလိမ့်မည်။ [13]အကြောင်းမူကား ပညတ်တရားကြားနာသူများသည် ဘုရားသခင့်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်။ ပညတ်တရားကိုကျင့်သောသူသည်သာလျှင် ဖြောင့်မတ်ရာသို့ရောက်လိမ့်မည်။ [14]ပညတ်တရားမရှိသော သာသနာပလူတို့သည် ပညတ်တရားတော်၌ပါသောအရာများကို အလိုအလျောက်ကျင့်သောအခါ၊ ပညတ်တရားမရှိသောသူတို့အတွက် ထိုအရာများသည် သူတို့၏ပညတ်တရားပင်ဖြစ်သည်။ [15]သူတို့၏ ကိုယ်ကိုကိုယ်သိသောစိတ်သည် သက်သေခံသဖြင့် သူတို့၏အတွေးသည် မိမိတို့အား အပြစ်တင်လိုက်၊ အကာအကွယ်ပေးလိုက်ဖြင့် တလှည့်စီဖြစ်နေရာ၊ ပညတ်တရားတော်၏အလုပ်အား သူတို့နှလုံးသားထဲရေးသားထားကြောင်းပြသည်။ [16]ငါ၏ဧဝံဂေလိတရားနှင့်အညီ၊ ဘုရားသခင်သည် တရားစီရင်တော်မူသောနေ့၌ လူတို့၏လျှို့ဝှက်ချက်များကို ခရစ်တော်ယေရှုအားဖြင့် စီရင်တော်မူလတ့ံ။

**၂း၁၂ "ပညတ်တရားကိုမသိဘဲ၊ ပြစ်မှားသမျှသောသူတို့သည်။"** ဓမ္မဟောင်းကျမ်း(ဝါ)ခရစ်ဝင်ကျမ်းများကို မကြားဘူးသူများပင်ဖြစ်စေ၊ လူသားအားလုံး၌ တာဝန်ရှိသည်ဟု ဘုရားသခင်မှတ်ယူပေလိမ့်မည်။ လူသားအားလုံးသည် ဖန်ဆင်းသောအရာများမှတစ်ဆင့် (၁း၁၉–၂၀။ ဆာလံ ၁၉း၁–၆ နှင့် ပင်ကိုအားဖြင့် ကိုယ်ကျင့်တရားကို သိတတ်ခြင်း (၂း၁၄–၁၅) များမှတဆင့် ဘုရားသခင်နှင့်ဆိုင်သော အသိအမြင်အချို့ရကြသည်သာဖြစ်၏။ ဝမ်းနည်းစရာကောင်းသည်မှာ လူတိုင်းမိမိရရှိသောအလင်းတရားအား တမင်သက်သက်ဖေါက်ဖျက်နေကြသည်။ (၁း၂၁–၂၃။ ၃း၉၊ ၁၉၊ ၂၃။ ၁၁း၃၂။ ဂလာတိ ၃း၂၂)

▣ **"ပညတ်တရားတော်။"** ပညတ်တရားတော် "law"ဆိုသောဝေါဟာရ၌ "the"ဆိုသည့် တစုံတရာအား သီးသန့်ရည်ညွှန်းသည့် အသုံးအနှုန်းမရှိချေ။ သို့သော် ရောမသြဝါဒစာ၌ ပေါလု၏အသုံးအနှုန်းမှာ "the law"ဟူ၍ဖြစ်ပြီး အောက်ပါတို့ကို ရည်ညွှန်းသည်။

၁။ ရောမတရား ဥပဒေ

၂။ မောရှေ၏ပညတ်တရား

၃။ လူမှုရေးဆိုင်ရာ ယေဘုယျအယူအဆ

ဤစကားလုံးအားဖြင့်မဟုတ်ဘဲ၊ ကျမ်းစကားအဆက်အစပ်များဖြင့် အလေးအနက်ပြုကြသည်မှာ လူတိုင်း၌ မိမိစိတ်နှလုံးများအထဲ ဘုရားသခင်သည် မိမိကိုယ်မိမိသဘောဝအားဖြင့် ဖွင့်ပြသောသိမြင်မှုအချို့ရှိကြောင်းပင်ဖြစ်သည်။ (ငယ်၁၅)

**၂း၁၃ "အကြောင်းမူကား၊ ပညတ်တရားကြားနာသူများသည် ဘုရားသခင့်ရှေ့၌ ဖြောင့်မတ်သည်မဟုတ်"** "ကြားနာသူများ"ဟူသော ဝေါဟာရသည် (၁) ပညတ်တော်ကျမ်း သင်ကြားသူများနှင့်ဆိုင်သော သီးသန့်အသုံးအနှုန်း သို့မဟုတ် (၂) တရားဇရပ်များ၌ သမ္မာကျမ်းစာဖတ်ရှုသည်ကို ကြားနာခဲ့သူများအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ဓမ္မသစ်ကျမ်းရေးသားသူများသည် Koine ဂရိစကားဖြင့်ရေးကာ ဟေဗြဲအတွေးဖြင့် တွေးခေါ်သူများဖြစ်ကြောင်း သတိရပါ။ ထို့ကြောင့် စကားလုံးစီစစ်မှုသည် ဂရိအဘိဓါန်မဟုတ်ဘဲ Septuagint (ဓမ္မဟောင်း ဂရိလိုဘာသာပြန်ကျမ်း)ဖြင့် အစပြုရပေမည်။

"ဖြောင့်မတ်သည်"(ဝါ)"ဖြောင့်မတ်စေခြင်းခံရသည်"ဟူသောဝေါဟာရသည် (*dikē*) ပေါလု၏ဓမ္မသဘောတရား၌ အလွန်အရေးကြီးသည်။ (၃း၄၊ ၂၀၊၂၄၊ ၂၆၊ ၂၈၊ ၃၀။ ၄း၂၊၅။ ၅း၁၉။ ၆း၇။ ၈း၃၀၊၃၃)။ "ဖြောင့်မတ်သည်"(just)၊ "ဖြောင့်မတ်စေသည်"(justify) "ဖြောင့်မတ်စေခြင်း"(justification)၊ "မှန်သည်"(right)၊ "မှန်ကန်ခြင်း"(righteousness)၊

တို့အားလုံးမှာ *dikaios* မှလာသည်။ (မြန်မာကျမ်းစာ၌မူ justificationနှင့် righteousness နှစ်ခုစလုံးအား"ဖြောင့်မတ်ရာ၌ တည်စေသည်/တည်စေခြင်းဟူ၍ တွေ့ရသည်)။ အထူးအကြောင်းအရာ။ ။ ဖြောင့်မတ်ခြင်းတရား ၁း၁၇၌ကြည့်ပါ။ ဟေဗြဲစကားလုံး(*tsadag, BDB 843*)၏မူရင်းမှာ အုတ်နံရံများ၊ ခြံစည်းရိုးများတိုင်းတာရန် ချိန်သီးအဖြစ်သုံးသောရှည်၍ဖြောင့်တန်းသည့်(၁၅–၂၀ပေ)ကျူလုံးဖြစ်သည်။ ၎င်းသည် တရားစီရင်ရာစံအဖြစ် ဘုရားသခင်အကြောင်းတင်စားဖော်ပြမှုအတွက် အသုံးပြုသောအရာဖြစ်လာသည်။

ပေါလု၏အရေးအသား၌ ၎င်းဝေါဟာရတွင် အချက်နှစ်ခုရှိသည်။ တစ်၊ ဘုရားသခင်၌ရှိသော ဖြောင့်မတ်ခြင်းအား၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အခမဲ့လက်ဆောင်အဖြစ် အပြစ်ရှိသူလူသားကိုပေးအပ်သည်။ ၎င်းကို သွတ်သွင်းပေးသောဖြောင့်မတ်ခြင်း(ဝါ)တရားဥပဒေဆိုင်ရာ ဖြောင့်မတ်ခြင်းဟုခေါ်သည်။ ၎င်းသည် ဖြောင့်မတ်တော်မူသောဘုရားသခင်၏ရှေ့တော်မှောက်၌ တရားဥပဒေဆိုင်ရာ ရပ်တည်မှုအားရည်ညွှန်းသည်။ ၎င်းသည် ပေါလု၏နာမည်ကျော် "ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာ၌ တည်စေခြင်း"ခေါ် တရား၏မူရင်းဖြစ်သည်။

နှစ်အချက်မှာ အပြစ်ရှိသောလူသားအား မိမိ၏သဏ္ဍာန်တော်အတိုင်း ပြန်လည်ဖြစ်လာစေသော ဘုရားသခင်၏လုပ်ဆောင်မှုဖြစ်သည်။ (ကမ္ဘာဦး၊ ၁း၂၆–၂၇)သို့မဟုတ် ခရစ်တော်နှင့်တူလာစေခြင်းဖြစ်သည်။ ဤအခန်းငယ်သည် ယုံကြည်သူများအား တရားနာသူများသာလျှင်မဟုတ်ဘဲ၊ တရားအတိုင်း ပြုကျင့်သူများဖြစ်လာရန် တောင်းဆိုသောကျမ်းပိုဒ်များနှင့်တူသည်။ ၎င်းတို့မှာ မဿဲ၊ ၇း၂၄။ လုကာ၊ ၈း၂၁နှင့်၁၁း၂၈။ ယောဟန်၊ ၁၃း၁၇။ ယာကုပ်၊ ၁း၂၂၊ ၂၃၊၂၅တို့ဖြစ်သည်။ သွတ်သွင်းပေးသောဖြောင့်မတ်ခြင်းသည် ဖြောင့်မတ်သောအသက်တာ(သန့်ရှင်းစင်ကြယ်ခြင်း)ကိုဖြစ်ပွါးစေရပါမည်။ ဘုရားသခင်သည် အပြစ်သားများ အပြစ်လွှတ်ရုံမျှသာမဟုတ်ဘဲ၊ ပြောင်းလဲသွားစေသည့်ပေါလု၏ ဤအသုံးအနှုန်းမှာ တရားဥပဒေဆိုင်ရာနှင့် ကျင့်ဝတ်တရားဆိုင်ရာ နှစ်မျိုးစလုံးအတွက်ဖြစ်သည်။ ပဋိညာဉ်တရားသစ်သည် လူသားများအား တရားဥပဒေဆိုင်ရာရပ်တည်မှုကိုသာမက ဘုရားတရားနှင့်အညီ အသက်ရှင်ခြင်း ပုံစံမျိုးကိုလည်းတောင်းဆိုသည်။ ၎င်းမှာ အခမဲ့ဖြစ်သော်လည်း တန်ဘိုးကြီးမားလှပါဘိ၏ !

▣ **"ပညတ်တရားအတိုင်း ကျင့်သောသူ"။** ဘုရားသခင်သည် နာခံတတ်သောအသက်ရှင်ခြင်းပုံစံမျိုး တောင်းဆိုသည်။ (ဝတ်ပြု ၁၈း၅။ မဿဲ ၇း၂၄–၂၇။ လုကာ ၈း၂၁။ ၁၁း၂၈။ ယောဟန် ၁၃း၁၇။ ယာကုပ် ၁း၂၂–၂၅။ ၂း၁၄–၂၈)။ ဤအယူအဆသည် ဟေဗြဲဝေါဟာရ *shema* (BDB 1033)နှင့် များစွာဆင်တူကာ၊ ကြားသည့်အတိုင်းလုပ်ရန်ဟူသောအဓိပ္ပါယ်ရှိသည်။ (တရားဟော ၅း၁။ ၆း၄။ ၉း၁။ ၂၀း၃။ ၂၇း၉–၁၀)

၂း၁၄

**NASB** **"ပညတ်တရားမရှိသော သာသနာပလူတို့သည် ပညတ်တရားနှင့်ဆိုင်သောအရာများကို အလိုအလျောက်ကျင့်သောအခါ၊ ပညတ်တရားမရှိသောသူတို့အတွက်၊ ထိုအရာများသည် သူတို့၌ပညတ်တရားပင် ဖြစ်သွားသည်။"**

**NKJV** **"ပညတ်တရားမရှိသောသာသနာပလူတို့သည် ပညတ်တရား၌ပါရှိသောအရာများကို သဘာဝအားဖြင့်ကျင့်သည့်အခါ၊ ပညတ်တရားမရှိကြသော်လည်း ထိုအရာများသည် သူတို့၌ ပညတ်တရားပင်ဖြစ်သွားသည်။**

**NRSV** **"ပညတ်တရားမပိုင်ဆိုင်သော သာသနာပလူတို့သည် ပညတ်တရားတောင်းဆိုသောအရာကို အလိုအလျောက်ကျင့်သောအခါ ပညတ်တရားမရှိကြသော်လည်း ထိုအရာများသည် သူတို့၌ ပညတ်တရားပင်ဖြစ်သွားသည်။**

**TEV** **"သာသနာပလူတို့၌ ပညတ်တရားမရှိသော်လည်းပညတ်တရား၏ပညတ်ချက်များကို မိမိတို့သဘောဖြင့် လွတ်လပ်စွာကျင့်ကြသည့်အခါ၊ သူတို့၌ပညတ်တရားမရှိသော်လည်း၊ ၎င်းတို့သည် သူတို့၌ ပညတ်တရားပင် ဖြစ်သွားသည်။**

**NJB "သာဓကအားဖြင့် ပညတ်တရားမကြားခဲ့ဘူးသူ သာသနာပလူများသည် မိမိ၏ကြောင်းကျိုး ဆင်ခြင်မှု၏လမ်းပြမှုဖြင့် ပညတ်တရား၏ပညတ်ချက်များကို ကျင့်ကြသောအခါ၊ ပညတ်တရားကို တကယ်တမ်း မပိုင်ဆိုင်ကြသော်လည်း ၎င်းတို့ကို ပညတ်တရားဟုပြောနိုင်သည်။**

လူမျိုးတိုင်း၌ လူမှုရေးစံထားရာဖြစ်သော၊ အရင်းခံကိုယ်ကျင့်တရားရှိကြသည်။ သူတို့၌ မိမိတို့ရရှိသောအလင်းတရားအပေါ် တာဝန်ရှိကြသည်။ (၁ကော ၉း၂၁)။ မိမိတို့လူမျိုး၏ ယဉ်ကျေးမှုအလင်းတရားအတိုင်းကျင့်ပါက ဘုရားသခင်နှင့်မှန်ကန်နိုင်သည်ဟု ဆိုလိုခြင်းမဟုတ်သော်လည်း၊ မိမိတို့ပင်ကိုယ်အားဖြင့် ဘုရားသခင်အား သိရှိရခြင်းအပေါ်တာဝန်ရှိကြသည်။

**၂း၁၅ "သူတို့၏ ကိုယ်ကိုကိုယ်သိသောစိတ်သည် သက်သေခံသဖြင့် သူတို့၏အတွေးသည် မိမိတို့အား အပြစ်တင်လိုက်၊ အကာအကွယ်ပေးလိုက်ဖြင့် တလှည့်စီဖြစ်နေရာ"**ဤနေရာ၌ ကိုယ်ကျင့်တရားဆိုင်ရာအတွင်း အဇ္ဈတ္တအသံဟူ၍ရှိသည်။ သို့သော် သမ္မာကျမ်းစာအား ဝိညာဉ်တော်၏နားလည်သဘောပေါက်စေခြင်းသည်သာလျှင်အပြည့်အဝယုံကြည်စိတ်ချရသည်။ အပြစ်ထဲကျဆင်းခြင်းသည် ကျွန်တော်တို့၏ကိုယ်ကိုကိုယ်သိတတ်ခြင်း (ဩတ္တပ္ပစိတ်)ကို ထိခိုက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မည်သို့ဖြစ်စေ လူအချို့တို့သည် ဖန်ဆင်းခြင်း(၁း၁၈–၂၀)နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အတွင်းအဇ္ဈတ္တအသံ(၂း၁၄–၁၅)အား ပိုင်ဆိုင်ထားကြသည်။ ဂရိစကားလုံး "ကိုယ်ကိုကိုယ် သိတတ်သောစိတ်"(ဝါ) "အဆိုးအကောင်းခွဲခြားသိမြင်တတ်သော စိတ်"ခေါ်ဩတ္တပ္ပစိတ်"(*syneidesis*)နှင့်တူညီသော ဟေဗြဲစကားလုံးမရှိချေ။ အဆိုးအကောင်း ခွဲခြားသိတတ်ခြင်းတည်းဟူသော ကိုယ်ကျင့်တရားဆိုင်ရာ လိပ်ပြာစိတ် အယူအဆအကြောင်း ဂရိတွေးခေါ်ရှင် *stoic* ဂိုဏ်းသားများ(ချုပ်တည်းသည်းခံခြင်း အယူဝါဒ)က မကြာခဏဆွေးနွေးကြသည်။ ပေါလုသည် ဂရိ တွေးခေါ်ရှင်များအကြောင်း တာရှုမြို့၌ ပညာသင်ကြားစဉ် ကောင်းစွာ သိကျွမ်းခဲ့သည်။ (Clenthes အား တမန်တော် ၁၇း၂၈။ Menandar အား ၁ကော ၁၅း၃၃ နှင့် Epimenides အား တိတု ၁း၁၂ တို့၌ ရည်ညွှန်းသည်)။ သူမွေးဖွားရာ တာရှုမြို့မှာ ဂရိလူမျိုးတို့၏ တရားဟောခြင်းအတတ်ပညာနှင့် ဂရိဒဿနိကပညာသင်ကျောင်းများ အကောင်းဆုံးရှိရာအရပ်ဟု နာမည်ရသည်။

**၂း၁၆ "သောနေ့၌"** ၂း၅ ၏မှတ်ချက်၌ကြည့်ပါ။

**▣"ငါဟောပြောသော ဧဝံဂေလိတရားနှင့်အညီ"**ပေါလုဟောပြောသည့်ဖွင့်ပြမှုများကို ရည်ညွှန်းကြောင်း၊ ကျမ်းစကားအဆက်အစပ်ဖြင့်ပြသသည်။ "ငါ"ဟူသောစကားလုံးသည် သူ့အားအပ်နှင်းထားသည့် ဧဝံဂေလိသတင်းကောင်းဆိုင်ရာ ဘဏ္ဍာထိန်းအရာအား ပေါလုနားလည်သဘောပေါက်ပုံကို ထင်ဟပ်စေသည်။ (၁၆း၂၅။ ၁ကော ၁၅း၁။ ဂလာတိ ၁း၁၁။ ၁တိ ၁း၁၁။ ၂တိ ၂း၈)။ အစ္စရေးမဟုတ်သော တပါးအမျိုးသားများအတွက် တမန်တော်ကြီးအဖြစ်၊ ယေရှုအကြောင်း သမ္မာတရားအား ဂရိယဉ်ကျေးမှုလွှမ်းမိုးသည့် ရောမအင်ပါယာအတွင်း ပျံ့နှံ့စေရေးအတွက် မိမိ၌တာဝန်ရှိပုံအား အံ့ဩတုန်လှုပ်ဘွယ်ရာခံစားပုံကို ထင်ဟပ်စေသည်။

**▣"လူတို့၏လျှို့ဝှက်ချက်များကို စီရင်တော်မူလတံ့"** ဘုရားသခင်သည် လူသားအားလုံး၏စိတ်နှလုံးတို့ကို သိရှိသည်။(၁ဓမ္မ ၂း၇။ ၁၆း၇။ ၃ဓမ္မ ၈း၃၉။ ၁ရာဇဝင်ချုပ် ၂၈း၉။ ၂ရာဇဝင်ချုပ် ၆း၃၀။ ဆာလံ ၇း၉။ ၄၄း၂၁။ ၁၃၉း၁–၆။ သုတ္တံ ၁၅း၁၁။ ၂၁း၂။ ယေရမိ ၁၁း၂၀။ ၁၇း၁၀။ ၂၀း၁၂။ လုကာ ၁၅း၁၆။ တမန်တော် ၁း၂၄။ ၁၅း၈။ ရောမ ၈း၂၇။ ဗျာ ၂း၂၃)။ ခမည်းတော်ဘုရားသည် သားတော်၏ကိုယ်စားလှယ် ဆောင်ရွက်မှုအားဖြင့် လူတို့၏ပြုမူလုပ်ဆောင်မှုများနှင့် ဘာကြောင့် ထိုသို့ပြုမူလုပ်ဆောင်ကြောင်းအား တရားစီရင်ရေးဆိုင်ရာအမြင်ဖြင့် ပြန်လည်စီစစ်လိမ့်မည်။ (မဿဲ ၂၅း၃၁–၄၆။ ဗျာဒိတ် ၂၀း၁၁–၁၅)။

▣**"ခရစ်တော်ယေရှုမှတဆင့်"**ယေရှုသည် တရားသူကြီးအဖြစ်ဆောင်ရွက်ရန် ကြွလာခဲ့ခြင်းမဟုတ်ချေ။ (ယောဟန် ၃း၁၇-၂၁)ခမည်းတော်ဘုရားအားဖွင့်ပြရန်၊ ကိုယ်စားပြုအသေခံရန်နှင့် ယုံကြည်သူများလိုက်နာရန် ဥပမာပေးဘို့ ကြွလာခဲ့ခြင်းဖြစ်သည်။ လူများသည် ယေရှုအားငြင်းဆန်ကြသည့်အခါ မိမိကိုယ်မိမိ တရားစီရင်ကြခြင်းဖြစ်သည်။

သို့တစေ ယေရှုသည် တရားစီရင်ရာ၌ ခမည်းတော်ကိုယ်စား ဆောင်ရွက်လိမ့်မည်ဟူ၍လည်း ဓမ္မသစ်ကျမ်းက သွန်သင်သည်။ (ယောဟန် ၅း၂၂၊၂၇။ တမန်တော် ၁၀း၄၂။ ၁၇း၃၁။ ၂တိ ၄း၁)။ ယေရှုသည် တရားသူကြီးလော၊ ကယ်တင်သောအရှင်လောဟူသည့် တင်းမာမှုကို ယောဟန်ခရစ်ဝင်ကျမ်း၌ တွေ့နိုင်သည်။ (၃း၁၇-၂၁။ ၉း၃၉)။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။၂း၁၇-၂၄**

**၁၇သို့သော်လည်း ယုဒလူဟု သမုတ်ခြင်းကိုခံသောသူ၊ ပညတ်တရားတော်ကို ကိုးစားသောသူ၊ ဘုရားသခင်ကိုအမှီပြု၍၊ ဝါကြွားသောသူ ၁၈အလိုတော်ကိုသိရှိသောသူ၊ ပညတ်တရားတော်အားဖြင့် သွန်သင်ခြင်းခံရသောသူဖြစ်ကာ၊ မရှိမဖြစ် အရေးကြီးအရာများကို သိသောသူဖြစ်သည်နှင့်အညီ ၁၉လူကန်းတို့အား လမ်းပြသောသူ၊ မှောင်မိုက်၌နေထိုင်သူတို့ကို လင်းစေသောသူ ၂၀မိုက်မဲသောသူတို့ကို ဆုံးမသောသူ၊ မရင့်ကျက်သောသူများ၏ဆရာသမား၊ ပညတ်တရားတော်မှ အသိပညာကိုလည်းကောင်း၊ သမ္မာတရား၌ပါရှိသောအရာတို့ကိုလည်းကောင်း သိရှိသူအဖြစ် မိမိကိုယ်မိမိ မှတ်ယူသည်မှန်လျှင် ၂၁သူတပါးကို သွန်သင်သောသင်သည် မိမိကိုယ်မိမိ မသင်သလော၊ မခိုးရဟူ၍ သူတပါးကို သွန်သင်သောသင်သည်၊ မိမိကိုယ်တိုင် ခိုးယူထလော့၊ ၂၂သူတပါးမယားကို မပြစ်မှားရဟူ၍ သူတပါးအားသွန်သင်သောသင်သည် မိမိကိုယ်တိုင် သူ့မယားကိုပြစ်မှားသလော၊ ရုပ်တုကိုရွံရှာသောသင်သည် ဗိမာန်တော်ကိုဖေါက်ထွင်းခိုးယူသလော၊ ၂၃ပညတ်တရားတော်ကို အမှီပြု၍ ဝါကြွားသောသင်သည် ပညတ်တရားတော်ကိုလွန်ကျူးသဖြင့် ဘုရားသခင်၏ဂုဏ်အသရေတော်အားပျက်ပြားစေသလော။ ၂၄အကြောင်းမူကား၊ ကျမ်းစာလာသည်နှင့်အညီ ဘုရားသခင်၏နာမတော်သည် သင်တို့ကြောင့် တပါးအမျိုးသားများကြား၌ ရှုတ်ချခြင်းခံရ၏။**

**၂း၁၇ "မှန်လျှင်"**(if )ၣင်းမှာ ပထမတန်းစား ချွင်းချက်ပါဝါကျမျိုးဖြစ်ပြီး၊ စာရေးသူအမြင်၌မှန်သည်ဟု မှတ်ယူထားခြင်း(ဝါ) သူ၏စာရေးဟန်ဖြစ်သည်။ ဤအခြေအနေသည် အခန်းငယ်၂၀အထိဖြစ်သော်လည်း နိဂုံးချုပ်ခြင်းမပြုသဖြင့် TEV သည် ၎င်းတို့အား ယေရှုပြုခဲ့ခြင်းအဖြစ်မှတ်ယူကာ အတည်ဝါကျအဖြစ် ဘာသာပြန်သည်။ ဂျူးလူမျိုးတို့သည် မိမိတို့မျိုးနွယ်၊ ဓလေ့ထုံးတမ်းနှင့်လုပ်ဆောင်မှုများသည် မိမိတို့အားကယ်တင်ခြင်းပေးလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ (မဿဲ ၃း၉။ ယောဟန် ၈း၃၃၊၃၇၊၃၉)။

▣ **"ဘုရားသခင်ကိုအမှီပြု၍ ဝါကြွား။"** ဂျူးလူမျိုးအများအပြား အားကိုးအားထားပြုကြသည်မှာ (၁) အာဗြဟံ၏ အမျိုးအနွယ်ဖြစ်ရခြင်းနှင့် (၂) ဘုရားသခင်၏လက်သင့်ခံမှုရစေရန် မောရှေ၏ပညတ်တရားနှင့်ဆိုင်သော မိမိတို့၏ လုပ်ဆောင်မှုများဖြစ်သည်။ မည်သို့ဖြစ်စေ ပညတ်တော်အားဖြင့် သူတို့ကိုယ်သူတို့ ဖြောင့်မတ်စေခြင်းတရားသည် သူတို့အား ဘုရားသခင်ထံတော်မှ ခွဲထွက်သွားစေသည်။ (မဿဲ ၅း၂၀။ ဂလာတိ ၃)ကြေကွဲဘွယ်ရာ ပြောင်းပြန်အကျိုးသက်ရောက်မှုပါတကား!

ပေါလုသည် ဝါကြွားခြင်းသဘောတရားအား ၁ကောရိန္ထုဩဝါဒစာ၌ အသက်ဝင်စေသည်။ ပေါလုသည် မာနထောင်လွှားသောအစွရေးနှင့်ဂရိလူမျိုးတို့၏ ပညာမာနနှစ်မျိုးလုံး ရင်ဆိုင်ခဲ့သည်။ အဆုံးအဖြတ်ပေးသော အဖြစ်မှန်မှာ ဘုရားသခင်မျက်မှောက်တော်၌ ဘယ်သူမျှဝါကြွားစရာ ရှိလိမ့်မည်မဟုတ်ဟူ၍ဖြစ်၏။

**အထူးအကြောင်းအရာ။ ။ ဝါကြွားခြင်း**

ဂရိဝေါဟာရများဖြစ်သည့် *kauchaomai, kauchēma* နှင့် *kauchēsis* တို့ကို ပေါလုက သုံးဆယ့်ငါးကြိမ်ခန့်သုံးခဲ့ ရာဓမ္မသစ်ကျမ်း၌ အခြားနှစ်နေရာ၌သုံးသည်။ (နှစ်ခုစလုံး ယာကုပ်)၎င်းအား ၁ နှင့် ၂ကောရိန္သုသြဝါဒစာများ၌ ပို၍ သုံးသည်။

ဝါကြွားခြင်းနှင့်ဆက်စပ်သော သမ္မာတရားနှစ်ခု အဓိကတွေ့ရသည်။

★ ဘုရားသခင်၏မျက်မှောက်တော်၌ မည်သူမျှ ဝါကြွားရလိမ့်မည်မဟုတ်ချေ။ (၁ကော ၁း၂၉။ ဧဖက် ၂း၉)။

★ ယုံကြည်သူများသည် သခင်ဘုရား၌ ဝါကြွားရပေမည်။ (၁ကော ၁း၃၁။ ယေရမိ ၉း၂၃၊၂၄ ကို ရည်ညွှန်းသည့် ၂ကော ၁၀း၁၇)

ထို့ကြောင့် သင့်လျော်သောဝါကြွားခြင်းနှင့် မသင့်လျော်သောဝါကြွားခြင်း (ဥပမာ – မာန)

**က။ သင့်လျော်သော ဝါကြွားခြင်း**

၁။ ဘုန်းတန်ခိုးတော်အား မျှော်လင့်ခြင်း (ရောမ ၄း၂)

၂။ သခင်ယေရှုအားဖြင့် ဘုရားသခင်ကြောင့် ဝါကြွားခြင်း (ရောမ ၅း၁၁)

၃။ သခင်ယေရှုခရစ်တော်၏လက်ဝါးကပ်တိုင်တရားတော်ကြောင့် (ပေါလု၏အဓိကဦးတည်ချက်မှာ ၁ကော ၁း၁၇–၁၈။ ဂလာတိ ၆း၁၄)

၄။ ပေါလုဝါကြွားသည်မှာ

(က) အခကြေးငွေမယူဘဲ အမှုတော်ဆောင်ရွက်ခြင်း (၁ကော ၉း၁၅၊၁၆။ ၂ကော ၁၀း၁၂)

(ခ) ခရစ်တော်ပေးသော မိမိ၏အခွင့်အာဏာ (၂ကော ၁၀း၈၊၁၂)

(ဂ) အခြားသူများ၏လုပ်ဆောင်မှုအားဖြင့် မဝါကြွားခြင်း(ကောရိန္သုမြို့ရှိ လူအချို့ကဲ့သို့ ကော ၁၀း၁၅)

(ဃ) မိမိ၏မျိုးရိုးအမွေကြောင့် (ကောရိန္သုမြို့ရှိလူအချို့ကဲ့သို့–၂ကော ၁၁း၁၇။ ၁၂း၁၊၅၊၆)

(င) သူစတင်သည့်အသင်းတော်များ

(၁) ကောရိန္သု (၂ကော ၇း၄၊ ၁၄။ ၈း၂၄။ ၉း၂။ ၁၁း၁၀)

(၂) သက်သာလောနိ (၂သက် ၁း၄)

(၃) ဘုရားသခင်၏နှစ်သိမ့်မှုနှင့် ကယ်မခြင်းအား ယုံကြည်စိတ်ချမှုရှိခြင်း။ (၂ကော ၁း၁၂)

**ခ။ မသင့်လျော်သော ဝါကြွားခြင်း**

၁။ ဂျူးဖြစ်ခြင်းကြောင့် ဆက်ခံရရှိသည့်အမွေကြောင့် (ရောမ ၂း၁၇၊၂၃။ ၃း၂၇။ ဂလာတိ ၆း၁၃)

၂။ ကောရိန္သုအသင်းတော်အတွင်း လူအချို့ဝါကြွားကြသည်မှာ

(က) လူများကြောင့် (၁ကော ၃း၂၁)

(ခ) ဉာဏ်ပညာကြောင့် (၁ကော ၄း၇)

(ဂ) လွတ်လပ်သူဖြစ်ခြင်းကြောင့် (၁ကော ၅း၆)

၃။ ဆရာသမားအတုအယောင်တို့သည် ကောရိန္သုအသင်းတော်အတွင်း ဝါကြွားခွင့်ရရှိနိုင်ရန် ကြိုးစားကြသည်။ (၂ကော ၁၁း၁၂)

**၂း၁၈ "နှစ်သက်။"**(approve) ၎င်းသည် ဂရိကြိယာ *dokimazō* ၏ PRESENT ACTIVE INDICATIVE ပုံစံဖြစ်သည်။ စမ်းသပ်ခြင်းနှင့်ဆိုင်သော အောက်ပါအထူးအကြောင်းအရာ၌ ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။စမ်းသပ်ခြင်းအတွက် ဂရိဝေါဟာရများနှင့် ၎င်းတို့၏ အဓိပ္ပါယ်ပွါးများ

ရည်ရွယ်ချက်တစ်ခုအတွက် တစုံတယောက်အားစမ်းသပ်ခြင်း (စစ်ကြောခြင်း)ဟူ၍အဓိပ္ပါယ်ရှိသော ဂရိဝေါဟာရနှစ်လုံးရှိသည်။

၁။ *Dokimazō, Dokimion, Dokimasia*

ဤဝေါဟာရမှာ သတ္တုပစ္စည်းဆိုင်ရာ ဝေါဟာရဖြစ်ပြီး တစုံတရာ၏စစ်မှန်မှုအား မီးဖြင့်စမ်းသပ်ခြင်းကို လူအားရည်ညွှန်းကာ တင်စားသုံးနှုန်းခြင်းဖြစ်သည်။ မီးသည် ပစ္စည်းတစ်ခုအား သတ္တုစစ်စစ်ဖြစ်ကြောင်းဖော်ပြကာ အညစ်အကြေး၊ အမှိုက်သရိုက်များ လောင်ကျွမ်း(သန့်စင်)သွားစေသည်။ သတ္တုပစ္စည်း၌သုံးသော ဤလုပ်ထုံးလုပ်နည်းသည် ဘုရားသခင်နှင့်စာတန်မာရ်နတ်(ဝါ)လူသားများအတွက် အခြားသူများအား စမ်းသပ်၊ စစ်ကြောရန်အားပါလှသောအသုံးအနှုန်းတစ်ခုဖြစ်လာသည်။ ဤဝေါဟာရကို အပြုသဘောစမ်းသပ်မှုပြုခြင်း၌သာ အသုံးပြုပြီး၊ လက်သင့်ခံခြင်းပြုရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုဖြစ်သည်။ ၎င်းကို ဓမ္မသစ်ကျမ်း၌ စမ်းသပ်ခြင်းအတွက် အသုံးပြုပုံတို့မှာ

က။ နွားထီး – လုကာ ၁၄း၁၉

ခ။ မိမိတို့ကိုယ်တိုင် – ၁ကော ၁၁း၂၈

ဂ။ မိမိတို့၏ယုံကြည်မှု – ယာကုပ် ၁း၃

ဃ။ ဘုရားသခင်အား – ဟေဗြဲ ၃း၉

ဤစမ်းသပ်မှု (မြန်မာကျမ်းစာ၌ "စုံစမ်း၊ စုံစမ်းနှောင့်ယှက်၊ စစ်ကြောစုံစမ်း")များ၏ရလာဒ်မှာ အကောင်းဘက်ဖြစ်ရန် မျှော်လင့်ခြင်းဖြစ်သည်။ (ရောမ ၁း၂၈။ ၁၄း၂၂။ ၁၆း၁၀၊ ၂ကော ၁၀း၁၈။ ၁၃း၃။ ဖိလိပ္ပိ ၂း၂၇။ ၁ပေ ၁း၇)။ ထို့ကြောင့် ဤဝေါဟာသည် တစုံတယောက်အား စမ်းသပ်ပြီး၊ ကျေနပ်နှစ်သက်စရာဖြစ်စေခြင်း သဘောဖြစ်သည်။

(က) ထိုက်တန်မှုရှိစေရန်

(ခ) ကောင်းမွန်စေရန်

(ဂ) စစ်မှန်စေရန်

(ဃ) တန်ဘိုးရှိစေရန်

(င) ဂုဏ်ပြုခြင်းခံစေရန်

၂။ *Peirazō, Peirasmus*

ဤဝေါဟာရသည် အပြစ်ရှာရန်(ဝါ)ငြင်းပယ်ရန်ရည်ရွယ်ချက်ဖြင့် စမ်းသပ်စစ်ဆေးခြင်းဟူသော အဓိပ္ပါယ်ရှိသည်။ ၎င်းကို သဲကန္တာရထဲ ယေရှုအားစုံစမ်းသွေးဆောင်ခြင်းနှင့်ဆက်စပ်၍ သုံးလေ့ရှိသည်။

(က) ၎င်းသည် ယေရှုအားထောင်ချောက်ဆင်ရန် အားထုတ်ခြင်းသဘောကို ဖော်ပြသည်။ (မဿဲ ၄း၁။ ၁၆း၁။ ၁၉း၃။ ၂၂း၁၈၊၃၅။ မာကု ၁း၁၃။ လုကာ ၄း၁၈။ ဟေဗြဲ ၂း၁၈)

(ခ) ဤဝေါဟာရ (*peirazōn*)ကို မာရ်နတ်၏နာမည်တစ်မျိုးအဖြစ် မဿဲ ၄း၃။ ၁သက် ၃း၅တို့၌သုံး သည်။

(ဂ) ဘုရားကိုစမ်းသပ်ခြင်း(အစုံအစမ်းပြုခြင်း)မပြုရန် ကြိုတင်သတိပေးရာ၌ ယေရှုအသုံးပြုသည်။ (မဿဲ ၁၄း၇။ လုကာ ၄း၁၂။ (ဝါ)ခရစ်တော်ကို–၁ကော ၁၀း၉)။ ၎င်းအား ရှုံးနိမ့်ခဲ့ပြီး(ဝါ)မအောင် မမြင်ဖြစ်ခဲ့သော အရာတစ်ခုအား ဖြစ်မြောက်လာရန် အားထုတ်ခြင်းအား ဖော်ပြရန်လည်းသုံးသည်။ (တမန်တော် ၉း၂၀။ ၂၀း၂၁။ ဟေဗြဲ ၁၁း၂၉)။ ၎င်းကို ယုံကြည်သူများအား စုံစမ်းသွေးဆောင်ခြင်းနှင့် စစ်ကြောခြင်းများ(trials) နှင့်ဆိုင်၍သုံးသည်။ (၁ကော ၇း၅။ ၁၀း၉၊၁၃။ ဂလာတိ ၆း၁။ ၁သက် ၃း၅။ ဟေဗြဲ ၂း၁၈။ ယာကုပ် ၁း၂၊၁၃၊၁၄။ ၁ပေ ၄း၁၂။ ၂ပေ ၂း၉)။ ဘုရားသခင်သည် လူသားများထံ ရန်သူသုံးမျိုး(လောက၊ သွေးသားဇာတိနှင့်မာရ်နတ်)အား တိကျသောအချိန်နှင့်နေရာ၌ ပေါ်လာရန်ခွင့်ပြုသည်။

▣**"ပညတ်တရား"**အငယ် ၁၇ သည် ဂျူးလူမျိုးများအကြောင်းဖြစ်သဖြင့်"ပညတ်တရား"ဆိုသည်မှာ ဟေရှေ၏ပညတ်တရားကိုဆိုလိုသည်။ အငယ် ၂၅ ၌ အရေဖျားလှီးခြင်းအကြောင်းပါရှိခြင်းသည် ၎င်းကို အတည်ပြုသည်။

**၂း၁၈–၂၀** ဂျူးခေါင်းဆောင်များသည် မိမိတို့၏လမ်း(ဂျူးဘာသာ)သည် မှန်သောလမ်း၊ ဘုရားသခင်ထံတော် သွားရာတစ်ခုတည်းသောလမ်းအဖြစ် ယုံကြည်ခဲ့ကြသည်။ သူတို့သည် ဘာသာရေးဆိုင်ရာကိစ္စရပ်များ၌ မှန်ကန်သောဆရာများအဖြစ် မိမိကိုယ်မိမိယုံကြည်ခဲ့ကြသည်။ (မဿဲ ၁၅း၁၄)။ အခွင့်ထူးရခြင်းသည် တာဝန်ဝတ္တရားကိုလည်း ယူဆောင်လာသည်။ (လုကာ ၁၂း၄၈)

အလားတူစကားစုများသည် သူတို့၏ယုံကြည်မှုနှင့်ဆိုင်သည် (မဿဲ ၁၅း၁၄။ ၂၃း၁၆၊၂၄။ လုကာ ၆း၃၉)

၁။ မျက်ကန်းများအား လမ်းပြသူငယ် ၁၉

၂။ အမှောင်ထဲရှိသူများအတွက် အလင်း၊ ငယ် ၁၉

၃။ မိုက်မဲသူများအား သွန်သင်သူ၊ ငယ် ၂၀

၄။ မရင့်ကျက်သောသူများအတွက် ဆရာသမား၊ ငယ် ၂၀

၅။ ပညတ်တော်၌ ပါဝင်သောအသိပညာနှင့် သမ္မာတရားအား သိရှိရခြင်း၊ ငယ် ၂၀

**၂း၂၁–၂၄** မိမိ၏နာခံနိုင်မှုကို အားကိုးအားထားပြုမည်ဆိုပါက ထိုနာခံမှုသည် အပြည့်အဝနာခံခြင်းဖြစ်ရပါမည်။ (မဿဲ ၅း၂၀၊၄၈။ ဂလာတိ ၃း၁၀။ တရားဟော ၂၇း၂၆နှင့် ယာကုပ် ၂း၁၀)။ ၎င်းမှာ ကျဆင်းခဲ့ပြီးဖြစ်သောလူသားအတွက် မဖြစ်နိုင်သောအရာဖြစ်သည်။ ပေါလုသည် မိမိ၏ဂျူးလူမျိုးစာရှုသူများအား မေးခွန်းများမေးမြန်းသည်။ ငယ် ၂၁–၂၃

**၂း၂၂** အငယ် ၂၂–၂၃ ၌ ပေါလုမည်သည့်အရာအား ရည်ညွှန်းကြောင်းသိရှိရန် ခက်ခဲသည်။ ဤရေးသား ဖော်ပြမှုသည် ပေါလုခေတ်ကာလ ဂျူးလူမျိုးအများစုနှင့်မကိုက်ညီသဖြင့်၊ ယေရှုက ပညတ်တော်အား မဿဲ ၅း၂၀–၄၈၌ အနက်ပြန်ခြင်းပေးသောပုံစံမျိုးဖြင့် ဝိညာဉ်ရေးရာသဘော အသုံးပြုခြင်းဖြစ်နိုင်သည်။ George Ladd သည် မိမိရေးသားပြုစုသည့် *A Theology of the New Testament* စာအုပ်၌ပြောသည်မှာ "ဘုရားသခင်နှင့်သာ ထိုက်တန်သည့် ဂုဏ်အသရေအား မိမိတို့အတွက်လုယူခြင်း၊ ဝိညာဉ်ရေးရာ၌ အခြားသူများ၏မယားနှင့်ပြစ်မှားသူ နည်းတူဖြစ်ခြင်း၊ တရားသူကြီးကဲ့သို့ မိမိတို့ကိုယ်မိမိ ချီးမြှောက်ကာ၊ ဘုရားသခင်၌သာ ပြုရမည့်ဆက်ကပ်မှုအား မထီမဲ့မြင်ပြုခြင်းနှင့် မိမိတို့နည်းတူ အဖန်ဆင်းခံလူသတ္တဝါချင်းတို့အပေါ် အရှင်သခင်အဖြစ် ပြုမူခြင်းတို့အကြောင်းအား ပေါလုရည်ညွှန်းနေခြင်းဖြစ်ရပေမည်။" စာမျက်နှာ ၅၀၅။

**၂း၂၂ "ရုပ်တုကိုရွံ့ရှာ"**ပုပ်သိုးသောအရာတစ်ခုခုဆီမှ လှည့်ထွက်သွားခြင်းသည် ဤဝေါဟာရ၏အဓိပ္ပါယ်ရင်းဖြစ်သည်။

▣**"ဗိမာန်ကို ဖေါက်ထွင်းခိုးယူသလော"**၎င်းသည် မည်သည့်အရာအားညွှန်းဆိုကြောင်း သမိုင်းကြောင်းအရ သေချာမသိရသော်လည်း ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် ဆက်စပ်သည်။

**၂း၂၃ "ဝါကြွား"**အထူးအကြောင်းအရာ။ ။ ဝါကြွားခြင်း – ၂း၁၇ ၌ကြည့်ပါ။

**၂း၂၄** ၎င်းကို ဂရိဓမ္မဟောင်းကျမ်း၏ဟေရှာယ ၅၂း၅ မှ ယူထားခြင်းဖြစ်သည်။ ပဋိညာဉ်တရားအား စောင့်ထိန်းခြင်းကြောင့် အစ္စရေးလူမျိုးအား ဘုရားသခင်ကောင်းချီးပေးခြင်းသည် (တရားဟော ၂၇–၂၈)ကမ္ဘာလောကအတွက် သက်သေတစ်ရပ်ဖြစ်သည်။ သို့သော် အစ္စရေးသည် ထိုပဋိညာဉ်တရားကို စောင့်ထိန်းခြင်း မရှိခဲ့ဘူးသဖြင့်၊ ကမ္ဘာသည် ဘုရားသခင်၏တရားစီရင်တော်မူခြင်းကိုသာလျှင် တွေ့မြင်ခဲ့ရသည်။ (ယေဇကျေလ ၃၆း၂၂–၃၂)။ အစ္စရေးနိုင်ငံသည်

ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော်အဖြစ်တည်ရှိနေကာ၊ (ထွက်၊ ၁၉း၅–၆)တစ်ကမ္ဘာလုံးအား YHWH (ထာဝရအရှင်ဘုရားသခင်)ကို ယုံကြည်လာစေရန်ဖြစ်သည်။ (ကမ္ဘာ ၁၂း၃။ ဧဖက် ၂း၁၁–၃း၁၃)
အထူးအကြောင်းအရာ။ ။ ကျွန်ုပ် (Bob)၏ဧဝံဂေလိဆိုင်ရာအမြင် ၁း၅ ၌ကြည့်ပါ။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၂း၂၅–၂၉**

[၂၅]**သင်သည် ပညတ်တရားကိုကျင့်လျှင် အရေဖျားလှီးခြင်းအားဖြင့်အကျိုးရှိ၏။ သို့သော် ပညတ်တရားကို လွန်ကျူးလျှင်၊ သင်၏အရေဖျားလှီးခြင်းသည် အရေဖျားမလှီးခြင်းဖြစ်သွား၏။** [၂၆]**သို့ဖြစ်၍ အရေဖျားလှီးခြင်းကိုမခံသောသူသည် ပညတ်တရား၏တောင်းဆိုချက်များကို စောင့်ရှောက်လျှင်၊ ထိုသူ၏အရေဖျားမလှီးခြင်းအဖြစ်ကို အရေဖျားလှီးခြင်းကဲ့သို့ မှတ်ယူရလိမ့်မည်မဟုတ်လော။** [၂၇]**ကိုယ်ခန္ဓာအရေဖျားလှီးခြင်းကို မခံသောသူသည် ပညတ်တရားကိုစောင့်ရှောက်လျှင် ကျမ်းစာနှင့်အရေဖျားလှီးခြင်းရှိလျက်ပင်၊ ပညတ်တရားကိုလွန်ကျူးသောသင့်ကို တရားစီရင်လိမ့်မည်မဟုတ်လော။** [၂၈]**အကြောင်းမူကား အပြင်သဏ္ဍာန်အားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်သည်နည်းတူ၊ အပြင်သဏ္ဍာန်သွေးသား၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်းအမှန်မဟုတ်။** [၂၉]**သို့သော် အတွင်းသဏ္ဍာန်အားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူအမှန်ဖြစ်၏။ အရေဖျားလှီးခြင်းသည်လည်း ကျမ်းဟောင်းတရားအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၏။ သူ့ကိုချီးမွမ်းသူမှာ လူများမဟုတ်ဘဲ၊ ဘုရားသခင်ဖြစ်သတည်း။**

**၂း၂၅ "အရေဖျားလှီးခြင်း"**ပေါလုသည် ပြစ်တင်ဝေဖန်ခြင်းပုံစံအသုံးအနှုန်း ဆက်လက်သုံးနေသေးသည်။ တစ်စုံတစ်ယောက်သောသူက "ငါတို့သည် အနည်းဆုံးအနေဖြင့်ပြောရပါက အရေဖျားလှီးခြင်းခံသူတွေ မဟုတ်ပေဘူးလား"ဟူ၍ မေးခွန်းထုတ်လာနိုင်သည်။ (ကမ္ဘာဦး ၁၇း၁၀–၁၁)။ ငါတို့သည် အာဗြဟံ၏အဆက်အနွယ်များ ဖြစ်ကြသည်ဟူသော ဂျူးလူမျိုးတို့ မြတ်နိုးလှသည့် အဆိုအား ပွင့်လင်းစွာနှင့် ရဲတင်းစွာဖြင့် ခွါထုတ်ပစ်လိုက်သည်။ (မဿဲ ၃း၇–၁၀။ ယောဟန် ၈း၃၁–၅၉)

ပါလက်စတိုင်းလူမျိုးများကလွဲလျှင် အစ္စရေး၏အိမ်နီးချင်းများအားလုံး အရေဖျားလှီးကြသည်။ အရေဖျားလှီးခြင်းသက်သက်သည် အဓိပ္ပါယ်မရှိဘဲ၊ မိမိရရှိထားသောယုံကြည်ခြင်းအား ဆက်လက်ထိန်းသိမ်းခြင်းသည်သာလျှင် ၎င်း၏ဆိုလိုရင်းဖြစ်သည်။ (ငယ် ၂၆–၂၇။ တရားဟော ၁၀း၁၆။ ၃၀း၆)။ ဘာသာရေးဆိုင်ရာ လုပ်ရိုးလုပ်စဉ်အားလုံး ထိုနည်းတူဖြစ်သည်။ ဘာသာရေးပုဂ္ဂိုလ်များသည် ဘုရားသခင်၏ပဋိညာဉ်တရား၌ပါသော မိမိတို့၏တာဝန်ဝတ္တရားများကို ဘေးဖယ်ထားကြကာ၊ ၎င်းအားဖြင့် ရရှိသောကောင်းချီးမင်္ဂလာများကိုသာ လိုချင်ကြလေ့ရှိသည်။

**၂း၂၅–၂၆ "လျှင်…လျှင်…လျှင်"။** ၎င်းတို့မှာ တတိယတန်းစာချွင်းချက်ဝါကျများဖြစ်ပြီး၊ အနာဂတ်ကာလ၌ လုပ်ဆောင်နိုင်ချေရှိခြင်းကို ညွှန်းသည်။ အခန်းကြီး ၂ ၌ပေါလုပြောသည့်အကြောင်းအရာ၏သော့ချက်မှာ နာခံခြင်း(တရားဟော ၂၇–၃၀)ဖြစ်သော်လည်း ၃း၂၁–၃၁၌မူ ထိုသို့မဟုတ်ချေ။ (ဂလာတိ ၃)။ နာခံခြင်းသည် ကယ်တင်ခြင်း၏အကျိုးရလာဒ်ဖြစ်သော်လည်း၊ ကျေးဇူးတော်မှာ ၎င်း၏အခြေခံဖြစ်သည်။ (ဧဖက် ၂း၈–၁၀)။

**၂း၂၆–၂၇** အချို့သောတစ်ပါးအမျိုးသား(ဂျူးမဟုတ်သူ)တို့သည် မိမိတို့ရရှိသောအလင်းတရားအား တုံ့ပြန်မှုပေးကြသဖြင့် မော်လင့်ခြင်းပေးသည်။ (အငယ် ၂၆ ၏အဖြေအဖြစ် "ဟုတ်ပါသည်"အား မျှော်လင့်ထားသည်)။ ၎င်းအတွက် သမ္မာကျမ်းစာအားဖြင့် ပေးနိုင်သည့်တစ်ခုတည်းသောဥပမာမှာ တမန်တော် ၁၀ က ကောနေလိဖြစ်သည်။ သူသည် ဘုရားသခင်ကိုကြောက်ရွံ့ကာ၊ ဂျူးတရားဇရပ်၌ ဝတ်ပြုသူဖြစ်သဖြင့် ဤကျမ်းပိုဒ်နှင့် သင့်တော်ခြင်းမရှိလှချေ။ ဂျူးလူမျိုးများ ကယ်တင်ခြင်းရရှိရန်လိုအပ်ကြောင်း ပေါလု၏ပြောကြားချက်များအတွက် ဤအခန်းငယ်များမှာ အမှန်ပင် ညီညွတ်မျှတသောအကြောင်းတရားများဖြစ်သည်။ လူသားအားလုံးသည် ခရစ်တော်မပါလျှင် ဝိညာဉ်ရေးရာပျောက်ဆုံး

သူများဖြစ်ကြောင်း ရောမ ၃း၂၃၌ အကျဉ်းချုံ့ဖော်ပြသည်။ ဖန်ဆင်းခြင်းနှင့် အတွင်းအဖွဲ့တွင်သတ္တာန်၌ရှိသော လူ့ကျင့်ဝတ်ဆိုင်ရာအသိအမြင်အတိုင်း အသက်ရှင်သူတပါးအမျိုးသားများရှိခဲ့မည်ဆိုလျှင်၊ သူတို့သည် ခရစ်တော်အား တုံ့ပြန်နိုင်ရန် အခွင့်ကောင်းတစုံတရာအား၊ နည်းလမ်းတမျိုးမျိုးဖြင့်၊ တစ်ချိန်ချိန်တွင် ဘုရားသခင်ပြင်ဆင်ပေးလိမ့်မည်။

**၂း၂၈–၂၉ "ယုဒလူမှန်မဟုတ်...ယုဒလူအမှန်ဖြစ်၏။"**ဤအချက်မှာ အလွန်အရေးကြီးသည်။ အကြောင်းမှာ ခေတ်သစ်ဓမ္မပညာရှင်အုပ်စုအချို့သည် ဓမ္မဟောင်းခေတ်က ဘုရားသခင်၏လူမျိုးတော်နှင့် ဓမ္မသစ်ခေတ်က ဘုရားသခင်၏လူများကို ခွဲခြားနိုင်ရန် အားထုတ်ကြသည်။ ပဋိညာဉ်တစ်မျိုးနှင့် လူမျိုးတော်တစ်မျိုးသာလျှင်ရှိသည်။ (ရောမ ၉း၆။ ဂလာတိ ၃း၇–၉၊၂၉။ ၆း၁၆။ ၁ပေ ၃း၆)။ ပဋိညာဉ်တရားအသစ်ဟူသည် ပဋိညာဉ်တရားအဟောင်း တိုးတက်ကာ ပြည့်စုံလာခြင်းဖြစ်ပြီး၊ တစ်ခုသောအရာ၏အပိုင်းနှစ်ပိုင်းသာလျှင်ဖြစ်သည်။ ဘုရားသခင်၏ လူမျိုးတော်ဟူသည် မျိုးရိုးအားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့်သာဖြစ်သည်။ သူတို့သည်"နှလုံးသားလူမျိုး"ဖြစ်ပြီး ဘာသာရေးလုပ်ရိုးလုပ်စဉ်(ဝါ) လူမျိုးရေးလူများမဟုတ်ကြချေ။ သော့ချက်မှာ မိဘမဟုတ်ဘဲ ယုံကြည်ခြင်းဖြစ်သည်။ အမှတ်အသားမှာ ပဋိညာဉ်တရား၏ အမှတ်အသားမဟုတ်ဘဲ၊ ၎င်း၏ စိတ်ဓာတ်သာလျှင် ဖြစ်သည်။

▣ **"သွေးသား"**အထူးအကြောင်းအရာ ၁း၃ ၌ကြည့်ပါ။

**၂း၂၉** ပဋိညာဉ်တရား၏ အမှတ်အသားဖြစ်သောအရေဖျားလှီးခြင်းမှာ (ကမ္ဘာဦး ၁၇း၁၄)လူတစ်ယောက်သည် ဘုရားသခင်ထံတော်သို့ချဉ်းကပ်ရန် လမ်းပွင့်နေခြင်းအား တင်စားဖော်ပြမှုဖြစ်သည်။ ၎င်းအား တင်စားဖော်ပြမှုအမျိုးမျိုးရှိရာ

၁။ နှလုံးသားအရေဖျားလှီးခြင်း (တရားဟော ၁၀း၁၆။ ၃၀း၆။ ယေရမိ ၄း၄။ ၉း၂၄–၂၅)

၂။ နား အရေဖျားလှီးခြင်း (ယေရမိ ၆း၁၀)

၃။ နှုတ်ခမ်းအရေဖျားလှီးခြင်း (ထွက်မြောက် ၆း၁၂၊၃၀)။

ပညတ်တရားတော်၏သဘောမှာ မည်သည့်အခါ၌မှ ပြင်ပသတ္တာန်ဆိုင်ရာ ဥပဒေသမဟုတ်ခဲ့ဘဲ၊ ဘုရားသခင်သည် မိမိ၏စရိုက်နှင့် ကတိတော်များအား အာဒံ၏သားသမီးများအားလုံးအတွက် ဖွင့်ပြရာဖြစ်ပြီး၊ ထာဝရအရှင်ဘုရားသခင် (YHWH)နှင့် နေ့စဉ်ဆက်စပ်ကာ၊ အသက်တာပြောင်းလဲသွားစေသောတရားဖြစ်သည်။
အထူးအကြောင်းအရာ။ ။ ပညတ်တရားတော်အား ပေါလုရှုမြင်ပုံ ၁၃း၉ ၌ကြည့်ပါ။

▣

**NASB "ကျမ်းဟောင်းတရားအားဖြင့် မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့်၊ စိတ်နှလုံးနှင့်စပ်ဆိုင်၏။"**
**NKJV "ကျမ်းဟောင်းအထဲမဟုတ်ဘဲ၊ ဝိညာဉ်တော်အထဲ စိတ်နှလုံးနှင့်ဆိုင်၏။"**
**NRSV "စိတ်နှလုံးနှင့်ဆိုင်သောအရာဖြစ်၏။ ၎င်းသည် ပကတိအတိုင်းမဟုတ်ဘဲ၊ ဝိညာဉ်ရေးရာဖြစ်သည်။"**
**TEV "၎င်းသည် ကျမ်းဟောင်းတရားမဟုတ်ဘဲ၊ ဘုရားသခင်၏ဝိညာဉ်တော် အလုပ်လုပ်ခြင်းဖြစ်သည်။"**
**NJB "ကျမ်းဟောင်းတရားမဟုတ်ဘဲ၊ စိတ်နှလုံးထဲ ဝိညာဉ်တော်နှင့်ဆိုင်သည်။"**

ဤစကားစုသည် ဂရိကျမ်း၌ အဓိပ္ပါယ်မသဲကွဲချေ။ အချို့ဘာသာပြန်ကျမ်းများ၌ ၎င်းကိုဝိညာဉ်ရေးနှင့် သွေးသားဓာတ်တို့ ၏ဆန့်ကျင်ဘက်ဖြစ်နေပုံအား ရည်ညွှန်းချက်အဖြစ် ယူထားကြသည်။ (NRSV, The Twentieth Century New Testament, Knox၏ဘာသာပြန်ကျမ်း၊ Peshitta က Lamsa ဘာသာပြန်ကျမ်း၊ Williams ၏ဘာသာပြန်ကျမ်းနှင့် New Berkeley Version)။ အခြားသောဘာသာပြန်ကျမ်းများသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် (ရှး၆။ ၂ကော ၃း၆ တို့၌ အလားတူဖွဲ့စည်းပုံမျိုးတစ်ခု တွေ့ရသည်) အက္ခရာစာလုံးဖြင့်ရေး သောကျမ်းစာ (NASB, NKJV, NEB, NIV နှင့်TEV စသဖြင့်) တို့၏ ကွဲပြားခြားနားခြင်းအဖြစ် ရှုမြင်ကြသည်။ The Jerome Biblical Commentary ခေါ် အနက်ဖွင့်ကျမ်း၏စာမျက်နှာ ၂၉၉၌ ၂ကော ၃း၆ ကိုအခြေပြုကာ၊ ၎င်းသည် ပဋိညာဉ်တရားဟောင်းနှင့် ပဋိညာဉ်တရားအသစ်တို့အား ရည်ညွှန်းသောပေါလု၏တင်စားမှု အရေးအသားမျိုးဖြစ်ပြီး၊ ပထမဖော်ပြ

ချက်သည် ပြင်ပသဏ္ဍာန်ဖြစ်သော ပညတ်တရားဖြစ်သည်။ ဒုတိယဖော်ပြချက်သည် အသစ်သောအတွင်းစိတ်သဏ္ဍာန်နှင့် ဝိညာဉ်တော်ခေတ်သစ်၌ သန့်ရှင်းသောဝိညာဉ်တော်ပေးသည့် အသစ်သောဝိညာဉ်ဖြစ်သည်ဟုဆိုပါသည်။

အချို့သောတစ်ပါးအမျိုးသားတို့သည် ပညတ်တရားတော်အားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်အား ကျေနပ်မှုပြုကောင်းပြုနိုင်ကြကြောင်း ပေါလုဆွေးနွေးလာခဲ့ခြင်းဖြစ်သည်။ ဤအရာမှန်ကန်ခဲ့မည်ဆိုလျှင်၊ ခန္ဓာကိုယ်အရေဖျားကိုသာလျှီးသူများ(ဂလာတိမြို့သားများ)ထက် ဘုရားသခင်၏မိသားစုသည် လူမျိုးနွယ်ဂျူးများထက် ပိုမိုကျယ်ပြန့်သည်။ (ကမ္ဘာဦး ၃း၁၅။ ၁၂း၃။ ထွက်မြောက် ၁၉း၅)။ ယောဘ၊ မေလခိဇေဒက်၊ ယေသရော၊ ကာလက်၊ ရာခပ်နှင့် ရုသတို့မှာ ဂျူးလူမျိုးမဟုတ်ကြချေ။ ဧဖရိမ်နှင့် မနာရှေအမျိုးများသည်ပင်လျှင် အီဂျစ်အမျိုးတစ်ပိုင်းဖြစ်ကြသည်။ (ကမ္ဘာ ၄၁း၅၀–၅၂)။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် <u>လမ်းညွှန်</u>ခြင်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့်သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်းရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သောဤမေးခွန်းများမှာ ဤစာအုပ်၏ဤအပိုင်းတွင်ပါဝင်သော အဓိကအကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊ စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ဂျူးလူမျိုးတို့၏ သစ္စာမဲ့ခြင်းသည် ဘုရားသခင်၏ကတိတော်ကို မည်သို့ထိခိုက်သနည်း? (၃း၃–၄)
၂။ ဂျူးဖြစ်ရခြင်းကြောင့် ဘုရားသခင်၏ရှေ့မှောက်တော်၌ အကျိုးကျေးဇူးတစုံတရာရှိပါသလား? (၃း၁–၈)
၃။ ဝေဖန်ပြစ်တင်စာ (diatribe)ဟူသည် အဘယ်နည်း?
၄။ ရောမ ၃း၅–၈ အတွင်း ဝေဖန်ပြစ်တင်စာ၏အဓိကအချက်မှာ အဘယ်နည်း?
၅။ လုပ်ဆောင်မှုမပါဘဲ၊ ကျေးဇူးတော်ကြောင့်၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းရပါက လူသည် မည်သို့တာဝန်သိစွာ အသက်ရှင်သနည်း?
၆။ လုံးဝဥသုံပျက်စီးခြင်း (total depravity)ဟူသော ဓမ္မသဘောတရားမှာ အဘယ်နည်း? (၃း၁၀–၁၈)
၇။ မောရှေပညတ်တရား၏ ယေဘုယျရည်ရွယ်ချက်မှာ အဘယ်နည်း? (၃း၂၀။ ဂလာတိ ၃း၂၄–၂၅)
၈။ လူသားကျဆင်းခြင်းအကြောင်းဖြစ်သည့် ရောမ ၁–၃ အတွင်း အဘယ်ကြောင့် စာတန်ကို မဖော်ပြသနည်း၊
၉။ ဓမ္မဟောင်းကျမ်း၏ကတိတော်များမှာ ချွင်းချက်အားဖြင့် လော၊ သို့မဟုတ် ချွင်းချက်မဲ့လော?
၁၀။ (၁)ဂျူးမဟုတ်သူများနှင့် (၂)ဂျူးများ၏ဘဝအသက်တာ၌ မောရှေ၏ပညတ်တရားသည် မည်သည့်ရည်ရွယ်ချက်ရှိသနည်း၊
၁၁။ ၁း၁၈–၃း၂၀ အတွင်း ပေါလု၏ဆွေးနွေးမှုများအား စာပိုဒ်အလိုက်၊ မိမိစကားလုံးဖြင့် အကျဉ်းချုံ့ရေးပါ။

# ရောမ ၃

## ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ

| UBS [4] | NKJV | NRSV | TEV | NJB |
|---|---|---|---|---|
| ဂျူးများနှင့်ပညတ်တော် (၂း၁၇– ၃း၈)<br>၃း၁–၈ | ဘုရားသခင်၏တရား စီရင်ခြင်းကိုကာကွယ် ပြောဆိုခြင်း | ဂျူးဖြစ်ရခြင်း ၏အကျိုး<br>၃း၁–၈ | ဂျူးများနှင့် ပညတ်တော် (၂း၁၇–၃း၈)<br>၃း၁–၄<br>၃း၅–၆<br>၃း၇–၈ | ဘုရားသခင်၏ ကတိတော်များသည် သူတို့ကို ကယ်မည် မဟုတ်<br>၃း၁–၈ |
| ဖြောင့်မတ်သူမရှိ<br>၃း၉–၂၀ | အားလုံးအပြစ်ပြုပြီ<br>၃း၉–၂၀ | အားလုံးအပြစ်ရှိ<br>၃း၉–၁၈<br>၃း၁၉–၂၀ | ဖြောင့်မတ်သူမရှိ<br>၃း၉–၁၈<br>၃း၁၉–၂၀ | အားလုံးအပြစ်ရှိ<br>၃း၉–၁၈<br>၃း၁၉–၂၀ |
| ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း | ယုံကြည်ခြင်းမှတဆင့် ဘုရားသခင်၏ဖြောင့် မတ်ခြင်း<br>၃း၂၁–၂၆ | စစ်မှန်သော ဖြောင့်မတ်ခြင်း<br>၃း၂၁–၂၆ | ဘုရားသခင်သည် လူကို ဖြောင့်မတ် စေပုံ<br>၃း၂၁–၂၆ | ဘုရားသခင်၏ တရားစီရင်မှုအား ဖွင့်ပြခြင်း<br>၃း၂၁–၂၆ |
| ၃း၂၇–၃၁ | ဝါကြွားစရာဖယ်ရှား<br>၃း၂၇–၃၁ | ဝါကြွားစရာဖယ်ရှား<br>၃း၂၇–၃၁ | ၃း၂၇–၃၁ | ယုံကြည်ခြင်းအလုပ်<br>၃း၂၇–၃၁ |

## ပတ်လည်ဖတ်ရှုခြင်း အကျော့သုံး(စာ–xi ၌ရှု)

*မူရင်းစာရေးသူ၏ စာပိုဒ်အလိုက်ရည်ရွယ်ချက်ကိုနားလည်ခြင်း*

ဝင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲလျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်းအပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ဝင်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ်

၄။ … စသဖြင့်

## ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်း

က။ အငယ် ၁–၈ သည် အကြောင်းအရာချင်း ဆက်စပ်သော်လည်း ပေါလုသည် အငြင်းအခုံပြုသူ တစ်ယောက်ရှိလေဟန်ပုံစံဖြင့် ရေးသားခြင်းနည်းသုံးသောကြောင့် သူ၏တတ္တဗေဒအား သိရှိရန်ခက်ခဲသည်။

ခ။ ၂း၁၇–၂၉ အား ဂျူးလူမျိုးအချို့မည်ကဲ့သို့ တုံ့ပြန်နိုင်ကြောင်းအပေါ် ပေါလုလက်ဦးမှုယူလိုက်သည်နှင့် တူပါသည်။ ထို့ကြောင့် သူတို့ပြုမည့် မေးခွန်းများကို သူအဖြေပေးထားသည်။ (Corley, Vaughanတို့၏ *Romans* စာ ၃၇–၃၉)

၁။ ပထမမေးခွန်း။ ဂျူးများအတွက် အမှန်ပင်အကျိုးမဲ့နေသလော? (ငယ် ၁–၂)

၂။ ဒုတိယမေးခွန်း။ အချို့သောဂျူးများသစ္စာမရှိခြင်းကြောင့် ဘုရားသခင်ပြောစကားများ အကျိုးမဲ့ဖြစ်သွားသလော? (ငယ် ၃–၄)

၃။ တတိယမေးခွန်း။ ဘုရားသခင်သည် မိမိအကျင့်စရိုက်အားဖွင့်ပြရန် ဂျူးများကိုသုံးခဲ့သည်ဆိုလျှင်၊ ဂျူးတို့သည် တရားရေးသဘောအရ တာဝန်ရှိနေကြသေးပါသလား? (ငယ် ၅–၈)

ဂ။ နိဂုံးအတွက် ၂း၁၁ကို ပြန်ယူသည်။ ဘုရားသခင်၌ မျက်နှာလိုက်ခြင်းမရှိချေ။ လူသားတိုင်းသည် မိမိတို့ရရှိသည့် အလင်းတရား(သဘာဝတရားအားဖြင့် ဖွင့်ပြခြင်း/အထူးဖွင့်ပြခြင်း)နှင့် တလွဲစီအသက်ရှင်နေကြခြင်းအတွက် တာဝန်ရှိကြသည်။

ဃ။ အငယ် ၉–၁၈၌ ဂျူးများ၏အပြစ်များကို ကြော်ငြာသောဓမ္မဟောင်းကျမ်းများပါရှိသည်။

င။ အငယ် ၁၉–၂၀သည် အစ္စရေး၏ဝိညာဉ်ရေးရာအခြေအနေနှင့် ဓမ္မဟောင်းကျမ်း၏ရည်ရွယ်ချက်ကို အကျဉ်းချုံ့ဖော်ပြသည်။ (ဂလာတိ ၃)

စ။ အငယ် ၂၁–၃၁သည် ၁း၁၈–၃း၂၀အား အကျဉ်းချုံ့သည်။
၎င်းတို့မှာ ဧဝံဂေလိသတင်းကောင်း၏ ပထမဦးဆုံးသောဓမ္မသဘောတရားဖြစ်သည်။ (ရောမသြဝါဒစာ မိတ်ဆက်ခေါင်းစဉ်အောက်က "အဓိကအကြောင်းအရာများ အကျဉ်းချုပ်"စာ၌ကြည့်ပါ။)

## စကားလုံးနှင့် စကားစုလေ့လာမှု

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။၃း၁–၈

[၁]သို့ဖြစ်လျှင် ယုဒလူတို့၌ မည်သည့်အကျိုးထူးရှိသနည်း၊ သို့မဟုတ် အရေဖျားလှီးခြင်းသည် မည်သည့်
အကျိုးရှိသနည်း? [၂]အထွေထွေသော အကျိုးများစွာရှိသည်။ ပထမဦးဆုံးအနေဖြင့် ဘုရားသခင်၏ဗျာဒိတ်
တော်များကို သူတို့အားအပ်ထားသည်။ [၃]သို့ဖြစ်လျှင် အဘယ်သို့နည်း? အချို့သောသူတို့သည် မယုံကြည်ခဲ့
ကြပါက၊ သူတို့၏မယုံကြည်ခြင်းသည် ဘုရားသခင်၏သစ္စာတော်ကို ပယ်ဖျက်လိမ့်မည်လော? [၄]ထိုသို့ မည်
သည့်အခါ၌မျှမဖြစ်နိုင်! ထိုသို့ဖြစ်မည့်အစား၊ လူတိုင်းမုသာပြောကြသော်လည်း မိန့်တော်မူရာ၌ ဖြောင့်မတ်
ကာ၊ တရားစီရင်ရာ၌ အောင်မြင်စေသတည်းဟူ၍ ကျမ်းစာလာသည်နှင့်အညီ၊ ဘုရားသခင်ကား၊ မှန်ကန်ပါ
စေသတည်း။ [၅]သို့သော် သင်၏မဖြောင့်မှန်ခြင်းသည် ဘုရားသခင်၏ဖြောင့် မှန်တော်မူခြင်းကို ထင်ရှားပေါ်
လွင်စေသည်ဆိုလျှင် အဘယ်သို့ပြောရလိမ့်မည်နည်း? အမျက်တော်ထွက်ကာ၊ ဒဏ်ပေးတော်မူသူ ဘုရားသခင်
သည် မဖြောင့်မှန်သလော?(ငါသည် လူသားသုံးသောဝေါဟာရဖြင့် ပြောနေခြင်းဖြစ်သည်) [၆]မည်သည့်အခါ၌မှ
ထိုသို့မဖြစ်နိုင်! ထိုသို့ဖြစ်လျှင်မူ ဘုရားသခင်သည် လောကကို မည်သို့တရားစီရင်လိမ့်မည်နည်း? [၇]သို့သော်
ငါ၏မုသာသည် ဘုရားသခင်၏သမ္မာတရားအား တိုးပွါးစေကာ၊ ဘုန်းတော်ထင်ရှားစေသည်မှန်လျှင်၊ ငါသည်
အပြစ်သားတစ်ယောက်အဖြစ် အဘယ်ကြောင့် တရားစီရင်ခြင်းခံရသေးသနည်း? [၈]ထို့ပြင် (ထိုသို့ ငါတို့
ပြောသည်ဟု လူအချို့တို့သည်ကဲ့ရဲ့ကာ ပြောနေကြသည်နည်းတူ)"ကောင်းသောအရာဖြစ်လာစေရန် မကောင်း

**သောအရာပြုကြကုန်အံ့”ဟု အဘယ်ကြောင့် မပြောကြသနည်း? သူတို့သည် အမှန်ပင်ပြစ်ဒဏ်စီရင်ခြင်း ခံထိုက်ပေ၏။**

**၃း၁ "ဂျူးလူမျိုးတို့၌ မည်သည့်အကျိုးထူးရှိသနည်း၊"**ပေါလုသည် သူပြောလိုသောအကြောင်းအရာအား ဖော်ပြရာ၌ ပြစ်တင်ဝေဖန်စာပုံစံ(ဝါ) ငြင်းခုံသူတစ်ယောက်ယောက်ရှိနေလေဟန်ဖြင့် ရေးသောဟန်မျိုး ဆက်လက်သုံးနေခြင်းဖြစ်သည်။ ဂျူးများရရှိသောအကျိုးထူးစာရင်းအား ၃း၂နှင့် ၉း၄–၅တို့၌ ကြည့်ပါ။ ဤကျမ်းပိုဒ်၌ အခန်းကြီး၉–၁၁ အတွင်း ပေါလုအကျယ်တဝင့်ဖော်ပြသည်။

**၃း၂ "ပထမဦးစွာ"**ပေါလုက အငယ် ၁း၈၌ "ပထမဦးစွာ"ဟူ၍ ပြောသော်လည်း ဒုတိယအချက်ဟူ၍ မဖော်ပြခဲ့ချေ။ ဤနေရာ၌လည်း ထိုနည်းတူဖြစ်သည်။ ပေါလုရေးသားသည့် အကြောင်းအရာမှာ ပြင်းထန်သည့်အပြင်၊ ခေါ်ပေး၍ ရေးသားစေခြင်းဖြစ်ရကာ၊ သူ၏သဒ္ဒါဖွဲ့စည်းပုံမှာ မကြာခဏ မပြည့်မစုံဖြစ်လေ့ရှိသည်။

**▣"ဘုရားသခင်၏ဗျာဒိတ်တော်များကို သူတို့အားအပ်ထားသည်"**ဘုရားသခင်၏ဖွင့်ပြတော်မူမှုများအား လက်ခံရရှိခြင်းသည် ကြီးကျယ်လှသောအခွင့်ထူးတစ်ရပ်ဖြစ်သည်နည်းတူ အံ့သြထိတ်လန့်ဘွယ်ရာ တာဝန်ကြီးတစ်ရပ်လည်း ဖြစ်သည်။ (၉း၄–၅)။ သူတို့မှာ ဘုရားသခင်၏အခမဲ့လက်ဆောင်အား ထိန်းသိမ်းစီမံရသူ ဘဏ္ဍာစိုးများဖြစ်သည်။ (AORIST PASSIVE ၁သက် ၂း၄)။

စကားလုံး (*logion*–ဗျာဒိတ်တော်)ကို ဂရိဓမ္မဟောင်းကျမ်း Septuagint(Lxx)၌ ဘုရားသခင်ပြောသောစကား အဖြစ်အသုံးပြုကာ ဓမ္မသစ်ကျမ်းကိုဆိုလိုသည်။ (တောလည် ၂၄း၄၊ ၁၆။ တရား ၃၃း၉။ ဆာလံ ၁၀၇း၁၁။ ၁၁၉း၆၇။ ဟေရှာ ၅း၂၄။ ၂၈း၁၃)။ ဓမ္မသစ်ကျမ်း၌ ဤအမြင်ဖြင့် တပြေးညီသုံးနှုန်းသည်။ (တမန် ၇း၃၈။ ဟေ ၅း၁၂။ ၁ပေ ၄း၁၁)။

**၃း၃ "သို့ဖြစ်လျှင်"**၎င်းသည် ပထမတန်းစားချွင်းချက်ပါသော ဝါကျမျိုးဖြစ်သည်။ ၎င်းကို စာရေးသူ၏အမြင်၌ မှန်ကန်သည်ဟု မှတ်ယူထားခြင်း သို့မဟုတ် စာရေးသူ၏ရေးဟန်ဖြစ်သည်။ အငယ် ၅နှင့်၇ တို့သည်လည်း အလားတူ ဝါကျမျိုးဖြစ်သည်။

အငယ် ၃၌မူ ၎င်း၏သဒ္ဒါသုံးနှုန်းပုံအရ "မဟုတ်"ဟူသောအဖြေအား မျှော်လင့်သည်။

▣

| | |
|---|---|
| **NASB, NKJV** | **"အချို့သောသူတို့သည် မယုံကြည်"** |
| **NRSV, NJB** | **"အချို့သောသူတို့သည် သစ္စာမရှိ"** |
| **TEV** | **"သူတို့အချို့သည် သစ္စာမရှိခဲ့ကြဟုဆိုလျှင်"** |

၎င်းသည် အစ္စရေးလူမျိုးတစ်ဦးချင်း၏ (၁) သစ္စာမရှိခြင်း၊ သို့မဟုတ် (၂) YHWH (ထာဝရအရှင် ဘုရားသခင်) အား ယုံကြည်မှုကင်းမဲ့ခြင်း တစ်ခုခုအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ဘုရားသခင်၏ <u>ချွင်းချက်မဲ့သော ကတိတော်များ</u> (ဥပမာ –ကျဆင်းသောလူသားမျိုးနွယ်အား ရွေးနှုတ်ခြင်း)နှင့် လူသား၏တုံ့ပြန်မှုဆိုင်ရာ <u>ချွင်းချက်ပါသောစေခိုင်းမှုများ</u>အကြောင်း ပြောပြရန်ခက်ခဲသည်။ အထူးအကြောင်းအရာ။ ပဋိညာဉ်တရား။ ၉း၄ ၌ကြည့်ပါ။ သို့သော် ၎င်းမှာ သမ္မာကျမ်းစာနည်းကျဖြစ်သည်။(၃း၄–၅)။ မိမိ၏လူများသစ္စာမရှိသော်လည်း ဘုရားသခင်မှာမူ သစ္စာရှိသည်သာဖြစ်၏။ (ဟောရှေ ၁၊၃။ ၂တိ ၂း၁၃)။

**▣"ပယ်ဖျက်"** အောက်ပါ"အထူးအကြောင်းအရာ"၌ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ ပယ်ဖျက်သည်။ ကင်းမဲ့စေသည် (KATARGEO)**

ဤစကားလုံး (*katargeō*)သည် ပေါလုနှစ်သက်သောစကားလုံးများအနက် တစ်ခုဖြစ်သည်။ သူသည် ၎င်းကို နှစ်ဆယ့်ငါးကြိမ်ခန့် သုံးခဲ့သော်လည်း၊ အလွန်ကျယ်ပြန့်သောဝေါဟာရ (semantic)ဖြစ်သည်။

က။ ၎င်း၏ဒဏ္ဍာရီပုံပြင်ဆိုင်ရာ အမြစ်မှာ *argos* ဟူ၍ဖြစ်ပြီး အဓိပ္ပါယ်မှာ

၁။ မလှုပ်ရှား၊ မတက်ကြွ

၂။ ပျင်းရိ

၃။ အသုံးမပြု

၄။ အသုံးမဝင်

၅။ အကျိုးမသက်ရောက်

ခ။ ပေါင်းစပ်စကားလုံးအဖြစ် *kata* နှင့်တွဲသောအခါ အဓိပ္ပါယ်မှာ

၁။ မလှုပ်ရှား၊ မတက်ကြွခြင်း

၂။ အသုံးမဝင်ခြင်း

၃။ ပယ်ဖျက်သောအရာ

၄။ ဖျောက်ဖျက်ပစ်သောအရာ

၅။ အကျိုးသက်ရောက်ခြင်း လုံးဝမရှိသောအရာ

ဂ။ ၎င်းကို လုကာထဲ၌ အသီးမဲ့ခြင်းအားဖော်ပြရန် တစ်ခါသုံးသည်။ ထို့ကြောင့် အသုံးမဝင်သောအပင်ဟူ၍ ဖြစ်သည်။ (လုကာ ၁၃း၇)။

ဃ။ ပေါလုသည် ၎င်းအား တင်စားခြင်းအဖြစ် အဓိကအားဖြင့် အသုံးပြုခြင်းနှစ်မျိုးရှိသည်။

၁။ ဘုရားသခင်သည် လူသားအား ရန်ဘက်ပြုသောအရာများကို အကျိုးမသက်ရောက်စေရန်လုပ်ခြင်း

(က) လူသား၏အပြစ်ရှိခြင်း သဘာဝ ရောမ ၆း၆

(ခ) "အမျိုးအနွယ်တော်"(the seed)နှင့်ဆိုင်သော ဘုရားသခင်၏ကတိတော်များနှင့်စပ်ဆိုင်သည့် မောရှေ၏ပညတ်ကျမ်း– ရော ၄း၁၄။ ဂလာတိ ၃း၁၇။ ၅း၄၊၁၁။ ဧဖက် ၂း၁၅။

(ဂ) အထွက်အမြတ်အာဏာတန်ခိုးများ (spiritual forces)– ၁ကော ၁၅း၂၄

(ဃ) အဓမ္မလူ ၂သက် ၂း၈

(င) ခန္ဓာကိုယ်သေဆုံးခြင်း – ၁ကော ၁၅း၂၆။ ၂တိ ၁း၁၆။ (ဟေဗြဲ ၂း၁၄)

၂။ အဟောင်း (ပဋိညာဉ်တရား၊ ခေတ်ကာလ) ကို အသစ်ဖြင့်အစားထိုး

(က) မောရှေ၏ပညတ်ချက်ဆိုင်ရာများ – ရောမ ၃း၃၊၃၁။ ၄း၁၄။ ၂ကော ၃း၇၊၁၁၊၁၃၊၁၄။

(ခ) ထိန်းမြားလက်ထပ်ခြင်းအကြောင်းဖြင့် ပညတ်တရားအား ရှင်းလင်းခြင်း – ရောမ ၇း၂၊ ၆။

(ဂ) ယခုခေတ်ကာလနှင့်ဆိုင်သောအရာများ – ၁ကော ၁၃း၈၊၁၀၊၁၁

(ဃ) ဤကိုယ်ခန္ဓာ – ၁ကော ၆း၁၃

(င) ယခုခေတ်ကာလခေါင်းဆောင်များ – ၁ကော ၁း၂၈။ ၂း၆

ဤစကားလုံးကို အမျိုးမျိုးဘာသာပြန်ကြသော်လည်း ၎င်း၏အဓိကအဓိပ္ပါယ်မှာ တစ်စုံတစ်ခုအား သုံးမရဖြစ်သွားစေသည်။ ပယ်ဖျက်၍ ကင်းမဲ့သွားစေသည်။ အကျိုးသက်ရောက်ခြင်းမရှိ ဖြစ်သွားစေသည်။ တန်ခိုးမဲ့ဖြစ်သွားစေသည် ဟူ၍ဖြစ်သည်။ သို့သော် မတည်ရှိခြင်း၊ ဖျက်ဆီးခြင်း(ဝါ)အစဖျောက်ပစ်လိုက်ခြင်း သဘောကားမသက်ရောက်ချေ။

▣ **"ဘုရားသခင်၏သစ္စာတော်"**ဤသမ္မာတရားမှာ (၁ကော ၁း၉။ ၁၀း၁၃။ ၂ကော ၁း၁၈) ဘုရားသခင်သည် အောက်ပါအရာများအား (တရား ၇း၉။ ဟေရှာ ၄၉း၇)ယုံကြည်ကိုးစားပြုခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။

၁။ မပြောင်းမလဲသောစရိုက်များ

၂။ ထာဝရကတိတော်များ

ကိုယ်တော်သည် ဖန်ဆင်းခြင်း၊ ဖွင့်ပြခြင်း(ဗျာဒိတ်တော်)၊ ပဋိညာဉ်တရားနှင့် မေရှိယအားဖြင့် မိမိကိုယ်မိမိ ဖွင့်ပြ တော်မူသည်။ လူသားများမည်မျှပင် သစ္စာမဲ့နေသော်လည်း ကိုယ်တော်မှာမူသစ္စာတည်မြဲတည်နေသည်! (၂တိ ၂း၁၃)။

၃း၄

**NASB** **"ထိုသို့ မည်သည့်အခါ၌မျှ မဖြစ်နိုင်ပါ"**

**NKJV, TEV** **"မဖြစ်နိုင်ကြောင်း သေချာသည်"**

**NRSV** **"မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်"**

**NJB** **"အဓိပ္ပါယ်မရှိသော စကားဖြစ်လိမ့်မည်"**

ၚင်းသည် အသုံးနည်းသော OPTATIVE MOOD ဖြစ်ပြီး ဆန္ဒတစ်ခု(ဝါ)ဆုတောင်းချက်တစ်ခုအား ဖော်ပြခြင်းဖြစ်သဖြင့် "ထိုသို့ မည်သည့်အခါ၌မျှ မဖြစ်နိုင်ချေ"ဟူ၍ ဘာသာပြန်ရပေမည်။ ၎င်းသည် ဟေဗြဲအီဒီယံတစ်ခုနှင့် လည်း ဆင်တူနိုင်သည်။ "ကြောက်လန့်ဘွယ်ရာမယုံကြည်မှု"။ ဤစကားစုကို ပေါလုမကြာခဏအသုံးပြုသည်။ အကြောင်းမှာ အငြင်းအခုံပြုသူတစ်ယောက်ယောက်ရှိလေဟန်ဖြင့် ရေးသည့်ပြစ်တင်ဝေဖန်စာပုံစံမှာ သူ၏စာရေးဟန်ပင်ဖြစ်သည်။ (၃း၄၊၆၊၃၁။ ၆း၂၊၁၅။ ၇း၇၊၁၃။ ၉း၁၄။ ၁၁း၁။ ၁ကော ၆း၁၅။ ဂလာတိ ၂း၁၇။ ၃း၂၁။ ၆း၁၄)ဤသည်မှာ အတည် ပြောဆိုချက်တစ်ရပ်အား အလေးအနက်ပြုကာ၊ ငြင်းဆန်ခြင်းပြုနေဟန် သူ၏စာရေးနည်းဖြစ် သည်။

ရှိနေလေဟန်ပြုသော ငြင်းဆန်သူ၏မေးခွန်းများနှင့်အဆိုများအား ပေါလုငြင်းဆန်ခြင်းပုံစံကိုလည်း မှတ်သားပါ။

၁။ "ထိုသို့ မည်သည့်အခါ၌မှ ဖြစ်လိမ့်မည်မဟုတ်"။ ငယ် ၄၊၆

၂။ "လူတိုင်းမုသာပြောကြသော်လည်း၊ ဘုရားသခင်ကား မှန်ကန်ပါစေသတည်း" ငယ် ၄

၃။ "(လူသား၏ဝေါဟာရဖြင့် ငါပြောနေခြင်းဖြစ်သည်)" ငယ်၊ ၅

၄။ "(ငါတို့ပြောသည်ဟု လူအချို့ကဲ့ရဲ့ပြောကြသည်နည်းတူ)" ငယ်၊ ၈

▣**"လူတိုင်း မုသာပြောကြသော်လည်း၊ ဘုရားသခင်ကား မှန်ကန်ပါစေသတည်း"**ၚင်းမှာ PRESENT MIDDLE IMPERATIVEဖြစ်သည်။ ဤပုံစံသဒ္ဒါဖွဲ့စည်းမှုမှာ အကြောင်းအရာတစ်ခု ဆက်လက်ဖြစ်ပေါ်နေခြင်းကို အခြေပြုသည်။ ဘုရားသခင်သည် သစ္စာရှိကာ၊ မှန်ကန်သည် (အထူးအကြောင်းအရာ–၁း၁၈ ၌ကြည့်ပါ)။ လူသားများသည် သစ္စာမဲ့ပြီး၊ လိမ်ညာသူများဖြစ်ကြသည်? ၎င်းသည် ဆာလံ ၁၁၆း၁၁ အား ရည်ညွှန်းချက်တစ်ခုဖြစ်ပြီး၊ ယောဘသိရှိခဲ့သည့်အရာနှင့်လည်းဆင်တူသည်။ ၃၂း၂။ ၄၀း၈။

တစ်လောကလုံးအပြစ်ရှိခြင်းအကြောင်းအား *pas* (တိုင်း၊ အားလုံး)စကားလုံးအသုံးပြုကာ ပေါလုတင်ပြထားသော်လည်း ငယ် ၄၊ ၉၊ ၁၂၊ ၁၉၊ ၂၀၊ ၂၃၊၂၄ ဘုရားသခင်သည် တလောကလုံးအား ကယ်တင်ခြင်း ပေးနေခြင်းကြောင့် (၃း၂၂) ကိုယ်တော်အား ချီးမွမ်းရကြောင်း မှတ်သားပါ။

▣**"ကျမ်းစာလာသည်နှင့်အညီ"** အတိအကျမှာ "ရေးသားခဲ့ပြီးဖြစ်ကာ၊ ဆက်လက်ရေးသားခြင်းခံနေသည်"ဟူ၍ဖြစ်သည်။ ၎င်းမှာ PERFECT PASSIVE INDICATIVEဖြစ်သည်။ ၎င်းမှာ သမ္မာကျမ်းကို ဘုရားသခင်မှုတ်သွင်းတော်မူခြင်းဖြစ်ကြောင်းပြောရန် အသုံးအနှုန်းဖြစ်လာသည်။(မဿဲ ၅း၁၇–၁၉)။ ၎င်းသည် ဂရိဓမ္မဟောင်းကျမ်း Septuagint (LXX) မှလာသော ဆာလံ ၅၁း၄ ကို သတိရစေသည်။

**၃း၅–၆** ဤအခန်းငယ်များထဲ ပေါလု၏ဖော်ပြမှုများသည် တလောကလုံးအား ဆက်သွယ်ရန်နည်းလမ်းအဖြစ် ဘုရားသခင်သည် အစ္စရေးအား အထူးရွေးချယ်ကြောင်း ပြောပြသည်။ (ကမ္ဘာ ၁၂း၃။ ထွက် ၁၉း၅–၆)။ ဓမ္မဟောင်းကျမ်း၌ "ရွေးချယ်မှု"သည် အထူးအခွင့်အရေးတစ်ရပ်မဟုတ်ဘဲ၊ အမှုဆောင်ရွက်ခြင်းကိုညွှန်းသည်။ ဘုရားသခင်သည် သူတို့နှင့်ပဋိညာဉ်တရားတစ်ခုပြုသည်။ ဘုရားသခင်မှာ ကတိသစ္စာတည်သည်။ သူတို့၌ သစ္စာတရားမရှိချေ။ (နေဟ ၉)။

သစ္စာမဲ့သောအစ္စရေးအား ဘုရားသခင်တရားစီရင်တော်မူခြင်းသည် ကိုယ်တော်ဖြောင့်မတ်ကြောင်း အထောက်အထား ဖြစ်သည်။

အစ္စရေးမှာ ဂျူးမဟုတ်သူတစ်ပါးအမျိုးသားများအားဆက်သွယ်ရန် ဘုရားသခင်၏နည်းလမ်းဖြစ်သည်။ သူတို့ ပျက်ကွက်ခဲ့ကြသည် (၃း၂၄)! အစ္စရေးပျက်ကွက်ခဲ့ခြင်းကြောင်း တစ်လောကလုံးအားကယ်တင်ရန် ဘုရားသခင်၏ ရည်ရွယ်ချက်မထိခိုက်ချေ။(ကမ္ဘာ ၃း၁၅)။ အမှန်မှာ ဘုရားသခင်သည် မိမိ၏မူလပဋိညဉ်တရားအပေါ် ကတိသစ္စာ တည်မှုအား ရောမ ၉–၁၁၌ အတည်ပြုသည်။ မယုံကြည်သူအစ္စရေးများသည် ငြင်းပယ်ခံကြသော်လည်း၊ ယုံကြည်သူ အစ္စရေးများသည် ရွေးနှုတ်ခြင်းဆိုင်ရာ ဘုရားသခင်၏အစီအစဉ်အား ပြီးဆုံးသွားစေကြလိမ့်မည်။

ပေါလု၏ ငယ် ၅–၆က ဝေဖန်စာသည် ငယ် ၇–၈နှင့်တူသည်။

**၃း၅ "လျှင်"**၎င်းသည် ပထမတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်ပြီး၊ စာရေးသူ၏အမြင်၌ မှန်ကန်သည်ဟု ယူဆထား သည့်(ဝါ)သူ၏စာရေးဟန်ဖြစ်သည်။ အငယ် ၃ နှင့် ၇ တို့သည်လည်း ပထမတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်သည်။

▣**"ငါတို့၏မဖြောင့်မတ်မှုသည် ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို ပေါ်လွင်ထင်ရှားစေသည်"** "ငါတို့" ဟူသောနာမ်စားသည် ဂျူးလူမျိုးများအားလုံးအား ခြုံ၍ရည်ညွှန်းခြင်းဖြစ်ရပေမည်။ အထူးအကြောင်းအရာ ၁း၁၇၌ ကြည့်ပါ။

▣**"အဘယ်သို့ပြောရလိမ့်မည်နည်း"**ပေါလုသည် ဝေဖန်စာဟန်မျိုးပင် ဆက်လက်သုံးနေခြင်းဖြစ်သည်။ (၃း၅။ ၇း၇။ ၈း၃၁။ ၉း၁၄၊၃၉)။ ပေါလုသည် ငြင်းခုံသူရှိနေလေဟန်မျိုးသုံးကာ၊ မိမိ၏တင်ပြချက်ကို ရှင်းလင်းချက်ပေးနေ ခြင်းဖြစ်သည်။ (မာလခိ ၁း၂၊၆၊၇၊၁၂၊၁၃။ ၂း၁၄၊၁၇ (၂ ခါ)။ ၃း၇၊၁၃၊၁၄)။

▣

**NASB** **"(ငါသည် လူသားသုံးသော ဝေါဟာရများဖြင့် ပြောနေခြင်းဖြစ်သည်)"**
**NKJV** **"(ငါသည် လူတစ်ယောက်ကဲ့သို့ ပြောသည်)"**
**NRSV** **"(ငါသည် လူတစ်ယောက်စကားပြောခြင်းမျိုးဖြင့် ပြောသည်)"**
**TEV** **"(ငါသည် ဤနေရာ၌ လူကဲ့သို့ ပြောသည်)"**
**NJB** **"...လူတစ်ယောက်၏ခွဲခြမ်းစိတ်ဖြာခြင်း ပုံစံမျိုးသုံးသည်..."**

ပေါလုသည် မိမိ၏ ဓမ္မသဘောတရားဆိုင်ရာ အကျိုးအပြစ်ဖော်ပြမှုများ၌ လူ၏တက္ကဗေဒပညာကို သုံးလေ့ရှိသည်။ (၆း၁၉။ ၁ကော ၉း၈။ ဂလာတိ ၃း၁၅)ဤနေရာ၌ ၎င်းသည်ငြင်းခုံသူ၏ချေပမှုများကို ငြင်းဆန်ခြင်း အဖြစ်သုံးသည်။

**၃း၇–၈** အငယ် ၅ နှင့် ၇တို့၌ ပေါ်လွင်သည့်ဆင်တူမှုရှိသည်။ (နှစ်ခုစလုံး *ei dei* နှင့်စသည်)။ ပေါလုသည် အောက် ပါတို့အနက် တစ်ခုခုဖြစ်သည်။

၁။ ငြင်းဆန်သူတစ်ယောက်ရှိလေဟန်ဖြင့်၊ ဝေဖန်စာရေးဟန်မျိုး ဆက်လက်သုံးနေခြင်းဖြစ်သည်။ (၃း၅၊ ၇။ ၇း၇။ ၈း၃၁။ ၉း၁၄၊ ၃၀)

၂။ ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဆိုသော သူ၏ဟောကြားမှုအား ဝေဖန်သူ များကိုတုံ့ပြန်ခြင်း။ (ငယ် ၈)

ပေါလုသည် အဆိုပါစွပ်စွဲမှုကို အသေးစိတ်ရှင်းလင်းခြင်း(ဝါ) ဖြေဆိုခြင်းမပြုဘဲ၊အဆိုပါစွပ်စွဲမှုကို ပြင်းထန်စွာ ပြစ်တင်သည်။ ထိုက်တန်မှုရှိ၍မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် အခမဲ့ဖြောင့်မတ်စေခြင်းရရှိမှုသည် ဘုရားတရားမဲ့မှု များ(ဝါ)သစ္စာမဲ့သောမနာခံမှုများ ဖြစ်ပွါးစေမည်ဟုဆိုကာ၊ ငြင်းဆန်ခြင်းဖြစ်နိုင်သည်။ အခမဲ့ကျေးဇူးတော်သည်

အသစ်သောစိတ်နှလုံးနှင့် ဝမ်းမြောက်သောအသက်တာ ပိုင်ဆိုင်ခြင်းမှတဆင့် ခရစ်တော်နှင့် ပို၍ပို၍တူလာစေလိမ့်မည်ဟုပေါလုယုံကြည်သည်! ဂျူးများ၊ ဂရိကိုယ်ကျင့်တရားသမားများနှင့်ပေါလု အားလုံးသောသူတို့သည် မိမိတို့ကြောင့်ပြောင်းလဲလာသူတို့ကို ကိုယ်ကျင့်တရားနှင့်လျော်ညီစွာ အသက်ရှင်စေလိုကြသည်သာဖြစ်၏! သို့သော် ၎င်းသည်လူ၏ပြင်ပရှိ ဥပဒေသတစ်ခုနှင့်အညီ ကျင့်ကြံပြုမူခြင်းအားဖြင့်မရရှိဘဲ၊ အသစ်သောစိတ်နှလုံး၊ အသစ်သောအတွင်းဝိညာဉ်အားဖြင့်သာရရှိသည်။ (ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၂–၃၆)။

**၃း၇ "လျှင်"**၎င်းသည် ပထမတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်ပြီး (အငယ် ၃ နှင့် ၅) စာရေးသူ၏အမြင်၌ မှန်သည်ဟုယူဆသည် (ဝါ)သူ၏စာရေးဟန်ဖြစ်သည်။

▣**"တိုးပွါးစေသည်"** အထူးအကြောင်းအရာ –၁၅း၁၃ ၌ကြည့်ပါ။

▣**"ဘုန်းတော်"** ၃း၂၃ ၏မှတ်ချက်၌ကြည့်ပါ။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၃း၉–၁၈**

**၉သို့ဖြစ်လျှင် အဘယ်သို့နည်း? ငါတို့သည် သူတို့ထက်သာသလော? လုံးဝသာသည်မဟုတ်။ အကြောင်း**
**မူကား ယုဒလူမျိုး၊ ဂရိလူမျိုးနှစ်မျိုးစလုံးသည် အပြစ်လက်အောက်၌ အားလုံးရှိကြသည်ဟု ငါတို့ဆိုခဲ့ကြပြီ။**
**၁၀ကျမ်းစာလာသည်ကား "ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ ၁၁နားလည်သော သူမရှိ၊ ဘုရားသခင်ကို**
**ရှာသောသူမရှိ။ ၁၂အားလုံးသောသူတို့သည် လမ်းလွှဲခဲ့ကြပြီ၊ အတူတူချည်းပင် သုံးမရသောသူများဖြစ်နေကြ**
**ပြီ။ ကောင်းသောအရာပြုသူမရှိ၊ တစ်ယောက်မျှမရှိ။ ၁၃သူတို့၏လည်ချောင်းသည် ဖွင့်ထားသောသင်္ချိုင်းတွင်း**
**ဖြစ်၏။ သူတို့၏လျှာဖြင့် ဆက်လက်လှည့်စားကြသည်။ မြွေဆိုးအဆိပ်သည် သူတို့နှုတ်ခမ်းအောက်၌ရှိ၏။**
**၁၄သူတို့၏နှုတ်သည် ကြိမ်ဆဲခြင်း၊ ခါးသည်းခြင်းနှင့်ပြည့်၏။ ၁၅သူတို့၏ခြေသည် အသွေးသွန်းရန် လျင်မြန်**
**သည်။ ၁၆သူတို့ သွားရာလမ်း၌ ဖျက်စီးခြင်းနှင့် ကြီးစွာသောဒုက္ခဆင်းရဲရှိ၏။ ၁၇ငြိမ်သက်ခြင်းလမ်းကို သူတို့**
**မသိရှိကြ။ ၁၈သူတို့၏မျက်လုံးများ၌ ဘုရားသခင်အား ကြောက်ရွံ့ခြင်းမပေါ်ချေ။**

**၃း၉ "ငါတို့သည် သူတို့ထက်သာသလော"**ဤအချက်၌ သဒ္ဒါဖွဲ့စည်းပုံမှာ သဲကွဲခြင်းမရှိချေ။ ဤကျမ်းပိုဒ်၏အဓိကသမ္မာတရားမှာ လူသားတစ်ရပ်လုံး၏ လိုအပ်ချက်မှာ ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သည်ဟူသော အချက်ဖြစ်၏။(၃း၉၊ ၁၉၊ ၂၃။ ၁၁း၃၂။ ဂလာတိ ၃း၂၂)။ သို့သော် ရည်ညွှန်းရာအတိအကျမှာ ဂျူးလူမျိုးများလော (ပေါလုနှင့်သူ့အမျိုး) သို့တည်းမဟုတ် ခရစ်ယာန်များ (ပေါလုနှင့်ဘုရားသခင်၏ ကျေးဇူးတော်ခံစားရသူ ယုံကြည်သူများ)လောဆိုသည်မှာ မသေချာချေ။ ဂျူးလူမျိုးတို့သည် အကျိုးကျေးဇူးးပို၍ ခံစားခဲ့ကြသော်လည်း (ငယ်၁–၂။ ၉း၄–၅) ၎င်းသာလွန်သောအကျိုးကျေးဇူးသည် ၎င်းတို့၏တာဝန် ပိုမိုကြီးမားသွားစေသည် (လုကာ ၁၂း၄၈)။ လူသားအားလုံးဝိညာဉ်ရေးရာ၌ လမ်းပျောက်နေကြကာ၊ ဘုရားသခင်၏ကျေးဇူးတော်မှာ အားလုံးသောသူတို့အတွက် လိုအပ်သည်။

"ပို၍သာသည်–better"ဆိုသောဝေါဟာရကို ကျမ်းစာပညာရှင် အနည်းစုတို့သည် MIDDLE ထက် PASSIVE VOICE (အပြုခံကြိယာ)အဖြစ် နားလည်ကြသည်။ သို့ဖြင့် ၎င်းမှာ "သာလွန်စေခြင်း ခံရသည်"(ဝါ)"အကျိုးမဲ့စေခြင်းခံရသည်"ဟူ၍ ဖြစ်လာသည်။

ရောမသြဝါဒစာမှာ ပေါလုရေးသောစာများအနက် ဒေသန္တရဆိုင်ရာကြားနေ သဘောအဆန်ဆုံးဖြစ်သည်ဟု ဆိုကြလေ့ရှိသည်။ ပေါလုပေးစာအများစုသည် ဒေသန္တရတစ်ခုခု၏လိုအပ်မှု(ဝါ) အရေးကြီးအကြောင်းအရာတစ်ခုခုကြောင့်ရေးခြင်းဖြစ်လေ့ရှိသည်။ ရောမမြို့ အသင်းတော်အတွင်း ယုံကြည်သူဂျူးခေါင်းဆောင်များနှင့် ယုံကြည်သူတစ်ပါးအမျိုးသားများအကြား မနာလိုမှုသည် အခန်းကြီး ၁–၃ နှင့် ၉–၁၁တို့၏ နောက်ခံအကြောင်းအရာဖြစ်နိုင်သည်။

■**"အကြောင်းမူကား ယုဒလူမျိုး၊ ဂရိလူမျိုးနှစ်မျိုးစလုံးသည် အပြစ်လက်အောက်၌ အားလုံးရှိနေကြသည်ဟု ငါတို့ဆိုခဲ့ကြပြီ"**။ ဤကြိယာ (AORIST MIDDLE [deponent] INDICATIVE)ကို ဓမ္မသစ်ကျမ်း၌ ဤနေရာ၌သာလျှင် တွေ့ရသည်။ ပေါလုသည် ၁း၁၈၊ ၂း၂၉က မိမိပြောခဲ့သည့် အကြောင်းအရာအား ဆက်လက်ရည်ညွှန်းနေခြင်းဖြစ်သည်။

■**"အပြစ်လက်အောက်က"**ပေါလုသည်"အပြစ်" (*Jerome Biblical Commentary,* p.300)အား ကျဆင်းသော လူသားမျိုးနွယ်အပေါ် အုပ်စိုးနေသည့်ကောက် ကျစ်စဉ်းလဲသော ကျွန်ခေါင်းတစ်ယောက်အလား တင်စားထားသည်။ (၆း၁၆–၂၃)

**၃း၁၀–၁၈ "ကျမ်းစာလာသည်ကား"**ဤစကားစုကို အခန်းငယ်၄ ခု၌လည်းတွေ့ရသည်။ အောက်ပါဓမ္မဟောင်းကျမ်း ဖော်ပြချက်များမှာ လူသား၏ကျဆင်းမှု အလေးအနက်ပြုရန် လူ၏ကိုယ်အင်္ဂါများဖြင့် တင်စားသုံးနှုန်းခြင်းဖြစ်သည်။

၁။ ငယ် ၁၀–၁၂။ ဒေ ၇း၂၀ (ဝါ) ဆာလံ ၁၄း၁–၃
၂။ ငယ် ၁၃။ ဆာလံ ၅း၉ နှင့် ၁၄၀း၃
၃။ ငယ် ၁၄။ ဆာလံ ၁၀း၇
၄။ ငယ် ၁၅–၁၇။ ဟေရှာ ၅၉း၇–၈ နှင့် သုတ္တံ
၅။ ငယ် ၁၈။ ဆာလံ ၃၆း၁

ပေါလုက ဟေရှာ ၅၃း၆ အား မသုံးသည်မှာ အံ့သြစရာဖြစ်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၃း၁၉–၂၀**

**[19]ပညတ်တရားပြောသမျှစကားတို့သည် ပညတ်တရားလက်အောက်၌ ရှိနေသူများအား ပြောခြင်းဖြစ်ကြောင်း ငါတို့သည်သိကြ၏။ နှုတ်အားလုံးပိတ်ပစ်ခြင်းခံကာ လောကီသားအားလုံး ဘုရားသခင်အပေါ် တာဝန်ရှိသူများဖြစ်လာစေသည်။ [20]ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်ရာ။ အကြောင်းမူကား ပညတ်တရားမှတစ်ဆင့် ဒုစရိုက်အပြစ်ကို သိရှိရကြ၏။**

**၃း၁၉ "ငါတို့သည် သိကြ၏"**၂း၂ ၏မှတ်ချက်၌ကြည့်ပါ။

■**"ပညတ်တရားတော်"** ဤကျမ်းပိုဒ်၌ ဤစကားလုံးသည် ဓမ္မဟောင်းကျမ်းတစ်ခုလုံးအား ရည်ညွှန်းခြင်း ဖြစ်ရပါမည်။ (ငယ် ၂၁)။ အကြောင်းမှာ အငယ် ၁၀–၁၈ အတွင်း ပညတ်တော်ကျမ်းခေါ် ဓမ္မဟောင်းကျမ်း၏ ပထမဆုံးကျမ်းငါးကျမ်းထဲက တစ်ချက်ကိုမှ သတ်သတ်မှတ်မှတ်ဖော်ပြခြင်း မရှိ၍ဖြစ်သည်။ ပေါလုသည်"အပြစ်"နည်းတူ(၆း၁၆–၂၃) "ပညတ်တရားတော်"ကိုလည်း သက်ရှိလူ သားကဲ့သို့ တင်စားဖော်ပြသည်။

■**"ပညတ်တရားလက်အောက်၌ရှိနေသူများ"** ဤစကားသည် ပြောင်းလဲခြင်းရရှိသူ ဂျူးလူမျိုးနှင့်တစ်ပါး အမျိုးသားများအား ရည်ညွှန်းသည်။ ရည်ညွှန်းအသုံးပြုသော ဓမ္မဟောင်းကျမ်းအတော်များများသည် တစ်ပါးအမျိုးသားများအား ပြောဆိုရည်ညွှန်းသည်မှန်သော်လည်း လူသားအားလုံးအပြစ်ရှိကြသည်။ အပြစ်အကုသိုလ်သားများဖြစ်ကြသည်။ (၃း၂၃)!

▣

**NASB** **"နှုတ်အားလုံး ပိတ်ပစ်ခြင်းခံကာ၊ လောကီသားအားလုံး သခင်ဘုရားပေါ် တာဝန်ရှိသူများ ဖြစ်လာကြစေသည်။"**

**NKJV** **"နှုတ်အားလုံး ရပ်တံ့စေခြင်းခံကာ၊ လောကီသားအားလုံး ဘုရားသခင့်ရှေ့တော်၌ အပြစ်ရှိသူများ ဖြစ်လာကြ၏။"**

**NRSV** **"နှုတ်အားလုံး တိတ်ဆိတ်စေခြင်းခံကာ၊ လောကီသားအားလုံး ဘုရားသခင်ပေါ် တာဝန်ရှိသူများ ဖြစ်လာကြသည်။"**

**TEV** **"လူသား၏ဆင်ခြေအားလုံး ရပ်တံ့ကာ၊ လောကီသားအားလုံး ဘုရားသခင်၏တရားစီရင်မှုအောက်၌ ပို့ဆောင်သည်။"**

**NJB** **"သို့သော် ၎င်းသည် လူတိုင်းအား တိတ်ဆိတ်သွားစေကာ၊ လောကီသားအားလုံး ဘုရားသခင်၏ တရားစီရင်ခြင်း ခံရမည့်သူများဖြစ်လာစေသည်။"**

**၎င်းမှာ ၁း၁၈– ၃း၂၀ အား အကျဉ်းချုံ့ထားသည့် အဓိကဦးတည်ချက်ဖြစ်သည်။**

▣**"နှုတ်အားလုံး"**အငယ် ၁၉–၂၀ အတွင်း လူသားထုတစ်ရပ်လုံးအား ရည်ညွှန်းသည့်စကားစုအတော်များများရှိပါသည်။

၁။ "နှုတ်အားလုံး" ငယ် ၁၉
၂။ "လောကီသား အားလုံး" ငယ် – ၁၉
၃။ "ဘယ်သူမျှ"(ဇာတိသွေးသား)– ငယ် ၂၀

**၃း၂၀"ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်ရာ"** ၎င်းသည် ဆာလံ ၁၄၃း၂ အား ရည်ညွှန်းခြင်းတစ်ခုဖြစ်သည်။ (ယောဘ ၄း၁၇။ ၉း၂။ ၂၅း၄။ ဆာလံ ၁၃၀း၃။ သုတ္တံ ၂၀း၉။ ဒေ ၇း၂၀။ ၃ဓမ္မ ၈း၄၆။ ၂ရာ ၆း၃၆)။ သို့သော် အဖွင့်စကားစုတစ်ခု ပေါင်းထည့်ထားပါသည်။ ၎င်းမှာ ပေါလုဟောသည့် ဧဝံဂေလိသတင်းကောင်း၏ အဓိကမျက်နှာစာဖြစ်သည်။ (ဂလာတိ ၂း၁၆။ ၃း၁၁)။ ပေါလုသည် ဆက်ကပ်သည့် ဖါရိရှဲ(ဘာသာရေးသမား)တစ်ဦးပီပီ ဘာသာရေးစိတ်အားထက်သန်မှုနှင့် ထိုက်တန်မှုရရှိစေရန် လုပ်ဆောင်မှုတို့သည် အတွင်းငြိမ်သက်ခြင်းအား ဆောင်ကြဉ်းပေးနိုင်ခြင်းမရှိကြောင်း ကောင်းမွန်စွာသိရှိထားပါသည်။

"ဇာတိသွေးသားအကြောင်း"အထူးအကြောင်းအရာ ၁း၃ ၌ကြည့်ပါ။

▣

**NASB, NRSV** **"ပညတ်တရားမှ တဆင့်အပြစ်တရားကို သိရှိရ၏"**

**NKJV** **"အကြောင်းမူကား ပညတ်တရားအားဖြင့် အပြစ်တရားကို သိရှိရ၏"**

**TEV** **"ပညတ်တရားလုပ်သည့်အရာမှာ လူသည် အပြစ်ပြုခဲ့ပြီးဖြစ်ကြောင်းအား သိရှိစေရန်ဖြစ်သည်။"**

**NJB** **"ပညတ်တရား၏တစ်ခုတည်းသောအလုပ်မှာ အပြစ်ရှိသောအရာမှာ မည်သည့်အရာဖြစ်ကြောင်း ငါတို့ကိုပြောပြရန်ဖြစ်သည်။"**

၎င်းမှာ ဓမ္မဟောင်းကျမ်း၏ရည်ရွယ်ချက်များအနက် တစ်ခုဖြစ်သည်။ အထူးအကြောင်းအရာ ၁၃း၉ ၌ ကြည့်ပါ။ ၎င်းသည် ကျဆင်းခဲ့ပြီဖြစ်သော လူသားထံ ကယ်တင်ခြင်းယူဆောင်လာစေရန် ရည်ရွယ်ချက်မရှိခဲ့ဘူးချေ။ ၎င်း၏ ရည်ရွယ်ချက်မှာ အပြစ်ရှိကြောင်းဖွင့်ပြကာ၊ လူသားအားလုံးအား အရှင်ထာဝရဘုရားသခင် YHWH ထံတော်သို့ မောင်းပို့ရန်ဖြစ်သည်။ (၄း၁၅။ ၅း၁၃၊ ၂၀။ ၇း၇။ ဂလာတိ ၃း၁၉–၂၂၊ ၂၃–၂၉)။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင်တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်း သောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်း ရေးသား သူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သော ဤမေးခွန်းများမှာ ဤစာအုပ်၏ဤအပိုင်းတွင်ပါဝင်သော အဓိကအကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊ စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ဂျူးလူမျိုးတို့၏ သစ္စာမဲ့ခြင်းသည် ဘုရားသခင်၏ကတိတော်ကို မည်သို့ထိခိုက်သနည်း? (၃း၃–၄)

၂။ ဂျူးလူမျိုးဖြစ်ရခြင်းကြောင့် အကျိုးကျေးဇူး တစုံတရာရှိပါသလား? (၃း၁–၈)

၃။ ဝေဖန်ပြစ်တင်သောစာ (diatribe)ဟူသည် အဘယ်နည်း? (ငယ် ၅–၈)

၄။ လုပ်ဆောင်မှုမပါဘဲ၊ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းရပါက လူသည် မည်သို့တာဝန်သိတတ်စွာ အသက်ရှင်သနည်း? (၃း၈)

၅။ လုံးဝဉဿုံပျက်စီးခြင်းဟူသော ဓမ္မသဘောတရား(ကဲလ်ဗင်အယူဝါဒ)အား အဓိပ္ပါယ်ဖွင့်ဆိုပါ။ (၃း၁၀–၁၈)

၆။ မောရှေ၏ပညတ်တရား ယေဘုယျရည်ရွယ်ချက်မှာ အဘယ်နည်း? (၃း၂၀။ ဂလာတိ ၃း၂၄–၂၅)

၇။ လူသားကျဆင်းခြင်းအကြောင်းဖြစ်သည့် ရောမ ၁–၃အတွင်း အဘယ့်ကြောင့် စာတန်ကိုမဘော်ပြ သနည်း?

## ရောမသြဝါဒစာ ၃း၂၁–၃၁ အား ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်း

က။ ရောမ ၃း၂၁–၃၁

၁။ ၁း၁၈– ၃း၂၀အား အစွမ်းကုန်အကျဉ်းချုံ့ခြင်း

၂။ ၁း၁၆–၁၇၏ဆိုလိုချက်

၃။ အခန်းကြီး ၄–၈(အထူးသဖြင့် ၃း၂၈)၏မိတ်ဆက်

ခ။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာ၌တည်စေခြင်း သြဝါဒ၏အစွမ်းကုန် အကျဉ်းချုံ့ကို အလယ်ခေတ် ပြန်လည်ပြင်ဆင်ရေးသမားများ(Reformers မာတင်လူသာနှင့် အလားတူ ပုဂ္ဂိုလ်များ)က ဖော်ပြခဲ့ကြသည်။

၁။ မာတင်လူသာ – "ဤသြဝါဒစာနှင့် သမ္မာကျမ်းစာတစ်အုပ်လုံး၏အဓိကအချက်နှင့် ဗဟိုချက်မဖြစ် သည်။"

၂။ ဂျွန်ကဲလ်ဗင် – "ခရစ်တော်အထဲ၌ ပေါ်လွင်သောဘုရားသခင်၏ဖြောင့်မတ်ခြင်းအား ဤကျမ်းပိုဒ် ထက် ပို၍ထင်ရှားစွာ ဖော်ပြသောကျမ်းချက်သည် သမ္မာကျမ်းစာတစ်အုပ်လုံး၌ မရှိသလောက်ဖြစ် သည်။"

ဂ။ ၎င်းသည် ဧဝံဂေလိသတင်းကောင်း ခရစ်ယာန်များ၏ဓမ္မသဘောတရား အနှစ်သာရဖြစ်သည်။ ဤကျမ်းပိုဒ် အားနားလည်သဘောပေါက်ခြင်းသည် ခရစ်ယာန်ဖြစ်ခြင်းအား နားလည်သဘောပေါက်ခြင်းဖြစ်သည်။ ယောဟန် ၃း၁၆ သည် ဧဝံဂေလိသတင်းကောင်းအား ကျမ်းချက်တစ်ချက်တည်းဖြင့် ဖော်ပြခြင်းဖြစ်သည် နည်းတူ ၎င်းသည် စာပိုဒ်နှစ်ပိုဒ်ဖြင့် ဖော်ပြသောဧဝံဂေလိသတင်းကောင်းဖြစ်သည်။ ၎င်းသည် ဧဝံဂေလိ သတင်းကောင်းအား ပေါလုတင်ပြခြင်း၏ အသဲနှလုံးနှင့်အသက်ဖြစ်သည်။

အနက်ပြန်မှုအတွက် သော့ချက်မေးခွန်းသုံးခုမှာ

၁။ "ပညတ်တရားတော်"ဟူသော ဝေါဟာရသည် မည်သည့်အရာကို ဆိုလိုသနည်း?

၂။ “ဘုရားသခင်၏ဖြောင့်မတ်ခြင်း”ဟူသော စကားစုသည် မည်သည့်အရာကို ဆိုလိုသနည်း?
၃။ ယုံကြည်ကိုးစားခြင်း (faith)နှင့် ယုံကြည်ခြင်း (believe)ဝေါဟာရနှစ်လုံးတို့သည် မည်သည့်အရာကိုဆိုလိုသနည်း?

ဃ။ ကျွန်ုပ်သည် အငယ် ၂၂ (ငယ် ၂၉)က “အားလုံး”ဆိုသော စကားလုံးနှင့်“လက်ဆောင်”(၅း၁၅၊၁၇။ ၆း၂၃) ဆိုသည့်စကားလုံးများကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

## စကားလုံးနှင့် စကားစုလေ့လာမှု

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၃း၂၁–၂၆

[21]ယခုမူကား ပညတ်တော်ကျမ်းနှင့်ပရောဖက်ကျမ်းများ သက်သေခံသည်နှင့်အညီ ပညတ်တရားနှင့်မစပ်ဆိုင်ဘဲ၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားပေါ်လွင်လာခဲ့ပြီ။ [22]ၒင်းမှာ ယုံကြည်သူအားလုံးအတွက် ဖြစ်သော၊ ယေရှုခရစ်တော်အား ယုံကြည်ခြင်းမှရရှိသော ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းဖြစ်သည်။ [23]အကြောင်းမှာ အားလုံးသောသူတို့သည် အပြစ်ပြုခဲ့ကြပြီဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို မမှီကြချေ။ [24]ခရစ်တော် ယေရှုအထဲ၌ရှိသော ရွေးနှုတ်ခြင်းမှတဆင့်၊ ကျေးဇူးတော်အားဖြင့် အခမဲ့ဖြောင့်မတ်စေခြင်းခံခဲ့ကြပြီ။ [25]ဘုရားသခင်သည် ခရစ်တော်၏အသွေးတော်အား ယုံကြည်ခြင်းမှတဆင့် အပြစ်ဖြေရာယဇ်အဖြစ် ထိုအရှင်အား လူထုရှေ့မှောက်၌ ပြသခဲ့သည်။ ၎င်းမှာ ယခင်က ကျူးလွန်ခဲ့ပြီးသောအပြစ်များကို မှတ်တော်မမူဘဲ၊ သည်းခံတော်မူရာ၌ ဘုရားသခင်သည် မိမိ၏ဖြောင့်မတ်တော်မူခြင်းအား ပေါ်လွင်ထင်ရှားစေရန်ဖြစ်သည်။ [26]ပေါ်လွင်ထင်ရှားစေရန်ဟုဆိုရာ၌ ဘုရားသခင်သည် ယေရှုအားယုံကြည်သူကို ဖြောင့်မတ်စေသူနှင့် (ထိုသို့ပြုရာ၌) ဖြောင့်မတ်တော်မူစေရန် ယခုလက်ရှိကာလ၌(ပေါ်လွင်ထင်ရှားသော) သူ၏ဖြောင့်မတ်တော်မူခြင်းအားဆိုလိုသည်။

**၃း၂၁ “ယခုမူကား”**ပေါလုသည် ပဋိညာဉ်တရားဟောင်းနှင့် ပဋိညာဉ်တရားအသစ်၊ ခေတ်ဟောင်းဆန့်ကျင်ပုန်ကန်မှုနှင့် ခေတ်သစ်ဖြောင့်မတ်ခြင်းတရားတို့အား နှိုင်းယှဉ်ပြနေခြင်းဖြစ်သည်။ ထို့ကြောင့် “ယခုလက်ရှိကာလ”သည် (ငယ် ၂၆ နှင့်“ယခုမူကား” – ၆း၂၂။ ၇း၆)နှင့် တူညီသောကျမ်းပိုဒ်များဖြစ်ကြသည်။

▣**“ပညတ်တရားနှင့် မစပ်ဆိုင်သော”**ပေါလုသည် မောရှေ၏ပညတ်တော်ကျမ်းကို ရည်ညွှန်းခြင်းလော (NASB) သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာတရား (law)အားလုံးကိုခြုံ၍ ညွှန်းခြင်းလော(NRSV, TEV, NJB, NIV) ဤအဖွင့်အခန်းကြီးများထဲ၌ သေချာပြောရန်ခက်ခဲသည်။ ဤကျမ်းချက်၌မူ ပေါလု၏ပြောပုံမှာ ဂျူးပညတ်တော်ကျမ်းအား ရည်ညွှန်းကြောင်း အကောင်းဆုံးပြောနိုင်သည်။ လူသားအားလုံးသည် ချမှတ်သမျှ ကိုယ်ကျင့်တရားဆိုင်ရာနှင့် လူ့အဖွဲ့အစည်းဆိုင်ရာတရားဥပဒေ(law)များကို စိတ်အားဖြင့်ဖြစ်စေ၊ ပြင်ပလုပ်ဆောင်မှုအားဖြင့်ဖြစ်စေ ဖေါက်ဖျက်ကြသည်။ ကျဆင်းခဲ့ပြီးသောလူသားအနေဖြင့် ကျွန်တော်တို့၏ပြဿနာမှာ မိမိတို့၏အတ္တ၊ မိမိအတ္တကို ဗဟိုပြုသောစိတ်ဆန္ဒများ(ကမ္ဘာ ၃)ကလွှဲလျှင် မည်သည့်လမ်းညွှန်မှုကိုမှ မလိုလားခြင်းဖြစ်သည်။ ၎င်းမှာ ယနေ့ခေတ် အနောက်တိုင်း၏ တသီးပုဂ္ဂလဝါဒ၌ အထင်အရှားတွေ့ရသည်။

▣

| | |
|---|---|
| **NASB** | **“ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား”** |
| **NKJV, NRSV** | **“ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား”** |
| **TEV** | **“လူများမိမိနှင့် မှန်ကန်စေရန် ဘုရားသခင်၏နည်းလမ်း”** |
| **NJB** | **“ဘုရားသခင်၏ကယ်တင်သောတရားမျှတမှု”** |

"ဖြောင့်မတ်ခြင်း"စကားလုံး၌ သီးသန့်ရည်ညွှန်းမှုပြသော(the)မပါရှိချေ။ ၎င်းသည် ဘုရားသခင်၏စရိုက်လက္ခဏာ ကိုပြောခြင်းမဟုတ်ဘဲ၊ အပြစ်ရှိလူသားများအား အပြစ်လွတ်ခြင်းနှင့် လက်သင့်ခံခြင်းနည်းလမ်းကိုပြောပါသည်။ ဤစကားစုကိုပင် ရောမ ၁း၁၆–၁၇၏ဓမ္မသဘောတရား ဦးတည်ချက်အဖြစ်သုံးသည်။ ရှင်းလင်းစွာ ဖွင့်ပြထားသည့် ယဇ္ဇရားမှာ လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခြင်းခံသူ ယေရှုခရစ်တော်အား ယုံကြည်ကိုးစားခြင်းဖြစ်သည်။ (၎ယ် ၂၂၊ ၂၄–၂၆)

ဤစကားလုံး(*dikaiosonē*)နှင့် ၎င်းမှ ဆင်းသက်လာသော စကားလုံးများ(၂း၁၃၏မှတ်ချက်၌ကြည့်ပါ)မကြာခဏ သုံးပုံကိုကြည့်လျှင် ၎င်း၏အဓိပ္ပါယ်ပြည့်ဝပုံကိုပြသည်။ (၁း၁၇။ ၃း၅၊ ၂၁၊ ၂၂၊ ၂၅၊ ၂၆။ ၄း၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၃၊ ၂၂။ ၅း၁၇၊ ၂၁။ ၆း၁၃၊ ၁၆၊ ၁၈၊ ၁၉၊ ၂၀။ ၈း၁၀။ ၉း၂၈၊ ၃၀၊ ၃၁။ ၁၀း၃၊ ၄၊ ၅၊ ၆၊ ၁၀၊ ၁၇)။ ဤဂရိဝေါဟာရမှာ "စံချိန်တစ်ခု"(ဝါ)"တိုင်းတာစရာကျူးစလုံးတစ်လုံး"(၁း၁၇ ၏အထူးအကြောင်းအရာ၌ကြည့်ပါ) အား တင်စားအသုံးပြုသည့် ဓမ္မဟောင်းကျမ်းစကားလုံး(*tsadak*)မှလာသည်။ ထိုစံချိန်မှာ ဘုရားသခင်ကိုယ်တိုင်ဖြစ်သည်။ ဤဝေါဟာရသည် ကျဆင်းသောလူသားအား ခရစ်တော်မှတဆင့် အခမဲ့ပေးသည့် ဘုရားသခင်၏စရိုက်လက္ခဏာကို ပေါ်လွင်စေသည်။ (အခန်းကြီး ၄။ ၂ကော ၅း၂၁)မိမိတို့၏လိုအပ်မှုကိုဝန်ခံကာ၊ ဘုရားသခင်၏ အခမဲ့လက်ဆောင်အားလက်ခံ ရန်မှာ မာနကြီးသော၊ အတ္တဗဟိုပြုသောလူသားများ အထူးသဖြင့် နည်းဥပဒေသသမားများ၊ ဘာသာရေးသမားများအတွက် နိမ့်ကျရာကျလွန်းလျက်ရှိသည်။

**▣"ထင်ရှားပေါ်လွင်လာခဲ့ပြီ"**ဤစကားစုမှာ ၁း၁၇နှင့်ဆင်တူသည်။ သို့သော် ကြိယာ၏TENSE မှာကွဲပြားသည်။ ဤနေရာ၌ ထိုကြိယာကို"အလွန်ရှင်းလင်းစွာ ထင်ရှားပေါ်လွင်ခဲ့ပြီး ဆက်လက်ပေါ်လွင်နေသည်"ဟု ဘာသာပြန်နိုင်သည်။ ဤနေရာ၌ PERFECT PASSIVE INDICATIVEဖြစ်ပြီး၊ အလားတူ ၁း၁၇၌ PRESENT PASSIVE INDICATIVE ဖြစ်သည်။ ဘုရားသခင်သည် ဧဝံဂေလိသတင်းကောင်းအား ဓမ္မဟောင်းကျမ်း(အခန်းကြီး ၄)နှင့် ယေရှုအထဲနှစ်ခုစလုံး၌ ရှင်းလင်းစွာ ဖော်ပြခဲ့ပြီဖြစ်သည်။

**▣"ပညတ္တိကျမ်းနှင့်ပရောဖက်ကျမ်းများ သက်သေခံသည်နှင့်အညီ"** ၎င်းသည် အပိုင်းသုံးပိုင်းရှိသော ဟေဗြဲကျမ်း (ပညတ္တိကျမ်း၊ ပရောဖက်ကျမ်းများနှင့်စာပေများ)အနက်နှစ်ခုအား ရည်ညွှန်းခြင်းဖြစ်သည်။ ဤပထမနှစ်မျိုးအား တစ်ခုလုံးကိုရည်ညွှန်းရန်သုံးသည်။ (၃း၁၉ ၏မှတ်စုနှင့် မဿဲ ၅း၁၇ တို့ကိုကြည့်ပါ)။ ဧဝံဂေလိသတင်းကောင်းသည် ဓမ္မဟောင်းကျမ်း၌ နိဒါန်းပျိုးခြင်းသဘောပါဝင်ကြောင်း ဤအချက်က ထင်ရှားစွာ ပြနေပါသည် (လုကာ ၂၄း၂၇၊ ၄၄။ တမန်တော် ၁၀း၄၃)။ ၎င်းမှာ နောက်မှပေါ်လာသောအတွေး၊ စီမံချက်"ခ"(ဝါ) အရေးပေါ်အလောတကြီးဖြင့် အားသွန်လုပ်ရသော နောက်ဆုံးပိတ် အစီအစဉ်မျိုးမဟုတ်ချေ။ (၁း၂)

**၃း၂၂ "ယေရှုခရစ်တော်အား ယုံကြည်ခြင်းမှ"**၎င်းမှာ လုံးစေ့ပတ်စေ့အားဖြင့် "ယေရှုခရစ်တော်နှင့်ဆိုင်သော ယုံကြည်ခြင်းမှတဆင့်"ဟူ၍ဖြစ်သည်။ ၎င်းမှာ သဒ္ဒါသဘောအရ ပိုင်ဆိုင်ခြင်းပြသောပုဒ်မျိုးဖြစ်သည်။ ၎င်းကို ဂလာတိ ၂း၁၆။ ဖိ ၃း၉။ ရောမ ၃း၂၆။ ဂလာတိ ၂း၁၆၊ ၂၀။ ၃း၂၂တို့မှာ နည်းတူအသုံးပြုသည်။ အဓိပ္ပါယ်နှစ်မျိုးရှိနိုင် သည်။

၁။ ယေရှု၏ယုံကြည်ခြင်း (ဝါ)၊ သစ္စာရှိခြင်း (SUBJECTIVE GENITIVE)

၂။ ကျွန်တော်တို့ ယုံကြည်ရာအကြောင်းတရားဖြစ်သူယေရှု (ORJECTIVE GENITIVE)

အလားတူသဒ္ဒါဖွဲ့စည်းပုံဖြစ်သော ဂလာ ၂း၁၆ အရ#၂ မှာ အကောင်းဆုံးဖြစ်သည်။

၎င်းသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းအကြောင်း အဓိကမျက်နှာစာကိုဖော်ပြသည်။ လူတစ်ယောက်၏ဘဝအသက်တာထဲ သက်ဝင်လှုပ်ရှားသည်မှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်ပြီး၊ ၎င်းမှာ ခရစ်တော်မှတဆင့် အခမဲ့ပေးသော ဘုရားသခင်၏လက်ဆောင်ဖြစ်သည်။ (၄း၅။ ၆း၂၃)။ ၎င်းကို ယုံကြည်ကိုးစားခြင်းအားဖြင့် လက်ခံရမည်ဖြစ်ပြီး (ဧဖက် ၂း၈–၉) ကျွန်တော်တို့၏အသက်တာ၌ အသက်ရှင်ပေါ်လွင်လာသည်။ (ဧဖက် ၁း၄။ ၂း၁၀)။

■**"အားလုံးအတွက်"**ဧဝံဂေလိသတင်းကောင်းသည် လူသားအားလုံးအတွက်ဖြစ်သည်။ (ငယ် ၂၄။ ဟေ ၅၃း၆။ ယေဇ ၁၈း၂၃–၃၂။ ယောဟန် ၃း၁၆–၁၇။ ၄း၄၂။ ၂တိ ၂း၄။ ၄း၁၀။ တိတု ၂း၁၁။ ၂ပေ ၃း၉။ ၁ယော ၂း၁။ ၄း၁၄)။ ကြီးမား လှသောသမ္မာတရားပါတကား! ၎င်းသည် သမ္မာကျမ်းနည်းကျ သမ္မာတရားဖြစ်သော ရွေးချယ်ခြင်းနှင့်လိုက်လျော ညီထွေရှိရပေမည်။ ဘုရားသခင်၏ရွေးချယ်ခြင်းအား စိတ်ပိုင်းဖြတ်ခြင်းဝါဒဆိုင်ရာ အစ္စလမ်အယူဝါဒအမြင်မျိုး(ဝါ) လွန်ကဲသောကဲလ်ဗင်ဝါဒမျိုးကဲ့သို့မမြင်ဘဲ၊ ပဋိညဉ်ပြုခြင်းဆိုင်ရာအမြင်မျိုးဖြင့် မြင်ရပါမည်။ ဓမ္မဟောင်းခေတ်၌ ရွေးချယ် ခြင်းသည် အမှုဆောင်ရွက်ခြင်းအတွက်ဖြစ်ပြီး၊ အခွင့်ထူးမဟုတ်ချေ! ကျဆင်းခဲ့ပြီးသောလူသားကိုကယ်ရန် ဘုရားသခင်ကတိပေးခဲ့သည် (ကမ္ဘာ ၃း၁၅)။ ဘုရားသခင်သည် လူသားတစ်ရပ်လုံးအား အစ္စရေးမှတဆင့် ခေါ်ဖိတ် သည်။ (ကမ္ဘာ ၁၂း၃။ ထွက် ၁၉း၅–၆)။ ဘုရားသခင်သည် ခရစ်တော်အား ယုံကြည်ခြင်းမှတဆင့် ရွေးချယ်သည်။ ကယ်တင်ခြင်းကိစ္စ၌ ဘုရားသခင်သည် အစပြုဆောင်ရွက်လေ့ရှိသည်။ (ယောဟန် ၆း၄၄၊ ၆၅)။ ဓမ္မသဘောတရားအရ ဩဂတ်စတင်နှင့်ကဲလ်ဗင်တို့ အထူးပြုခဲ့ကြသည့် ကြိုတင်ခန့်ထား ခြင်းဝါဒအတွက် ဧဖက် ၁နှင့် ရောမ ၉တို့မှာ ခိုင်မာ မှုအရှိဆုံး သမ္မာကျမ်းပိုဒ်များဖြစ်သည်။

ဘုရားသခင်သည် ယုံကြည်သူများကို ကယ်တင်ခြင်း(ဖြောင့်မတ်စေခြင်း) အတွက်သာလျှင်မဟုတ်ဘဲ၊ သန့်ရှင်း စင်ကြယ်ခြင်းအတွက်ပါ ရွေးချယ်သည်။ (ဧဖက် ၁း၄။ ကော ၁း၁၂)။ ၎င်းနှင့်ဆက်စပ်နိုင်သည်မှာ

၁။ ခရစ်တော်အထဲ ငါတို့၏အနေအထား (၂ကော ၅း၂၁)

၂။ မိမိသားသမီးများအထဲမှ မိမိ၏စရိုက်လက္ခဏာ ပြန်လည်ထင်ရှားစေလိုသည့် ဘုရားသခင်၏စိတ်ဆန္ဒ (ရောမ ၈း၂၈–၂၉။ ဂလာတိ ၄း၁၉။ ဧဖက် ၂း၁၀)။ မိမိသားသမီးများအတွက် ဘုရားသခင်၏အလိုတော် မှာ တစ်နေ့သောအခါ ကောင်းကင်နိုင်ငံတော်နှင့် ယခုလက်ရှိ၌ ခရစ်တော်နှင့်တူညီခြင်း နှစ်မျိုးစလုံးဖြစ် သည်။

ကြိုတင်ခန့်ထားခြင်း၏ပန်းတိုင်မှာ သန့်ရှင်းစင်ကြယ်ခြင်းဖြစ်ပြီး (ဧဖက် ၁း၄) အထူးအခွင့်အရေး မဟုတ်ချေ! ဘုရားသခင်၏ရွေးချယ်မှုမှာ အာဒံ၏သားသမီး အနည်းအကျဉ်းမျှသာမဟုတ်ဘဲ၊ အားလုံးကိုရွေးချယ်သည်! ၎င်းသည် ဘုရားသခင်၏စရိုက်လက္ခဏာအားပိုင်ဆိုင်ရန် ခေါ်ဖိတ်ခြင်းဖြစ်သည်။ (၁သက် ၅း၂၃။ ၂သက် ၂း၁၃)။ ကြိုတင်ရွေး ချယ်ခန့်ထားခြင်းအား၊ သန့်ရှင်းစင်ကြယ်ခြင်းအစား၊ ဓမ္မသဘောတရားဆိုင်ရာ အယူဝါဒတစ်မျိုးဖြစ်သွားစေခြင်းမှာ လူ၏ဓမ္မသဘောတရား စံနစ်၏အဖြစ်ဆိုးတစ်ရပ်သာလျှင်ဖြစ်သည်။ ကျွန်တော်တို့၏ဓမ္မသဘောတရားဆိုင်ရာ ဘောင် ခတ်မှုများသည် သမ္မာကျမ်းစာကို ပုံပန်းပျက်ပြားသွားစေလေ့ရှိသည်!

အထူးအကြောင်းအရာ။ ။ ရွေးချယ်ခြင်း/ကြိုတင်ခန့်ထားခြင်းနှင့် ဓမ္မသဘောတရား ချိန်ခွင်လျှာညီရန် လိုအပ် ခြင်း–ဧး၃၃ ၌ကြည့်ပါ။

■**"ယုံကြည်သူများ"**ယေရှုအသေခံခဲ့သည်မှာ လူသားအားလုံးအတွက်ဖြစ်သည်။ လူသားအားလုံး၌ ကယ်တင်ခြင်း ရရှိရန် အလားအလာရှိသည်။ ယေရှု၏ဖြောင့်မတ်ခြင်းအား မိမိဘဝအတွက်ဖြစ်လာစေသည်မှာ (၁း၁၆။ ယောဟန် ၁း၁၂။ ၃း၁၆။ ၂၀း၃၁။ ရောမ ၁၀း၉–၁၃။ ၁ယော ၅း၁၃) လူသား၏လက်ခံမှုပင်ဖြစ်သည်။ (PRESENT PARTICIPLE ၁၀း၄ ၏အထူးအကြောင်းအရာ၌ကြည့်ပါ)။ ဖြောင့်မတ်သူအဖြစ် သတ်မှတ်ခြင်းခံရန် လိုအပ်သောစံနှုန်းနှစ်ခု သမ္မာ ကျမ်းစာ၌ ဖော်ပြထားရာ ယုံကြည်ခြင်းနှင့်အပြစ်အားနောင်တရခြင်းဖြစ်သည်။ (မာကု ၁း၁၅။ တမန် ၃း၁၆၊၁၉။ ၂၀း၃၁ နှင့် ၁း၅ ၏မှတ်ချက်ကိုလည်းကြည့်ပါ)။ ကယ်တင်ခြင်းကို လူသား ထုတစ်ရပ်လုံးအား ပေးစမ်းနေသော်လည်း အဖြစ်ဆိုးနှင့်လျှို့ဝှက်ချက်မှာ အားလုံးသောသူတို့သည် ကယ်တင်ခြင်းမရကြောင်း ဤကျမ်းပိုဒ်၌ ရှင်းလင်းစွာဖော်ပြ သည်။

■**"အကြောင်းမူကား ခြားနားခြင်းမရှိ"**လူသားများ (ဂျူးနှင့်တပါးအမျိုးသားများ) ကယ်တင်ခြင်းရနိုင်ရန် တစ်ဦး တည်းသော ပုဂ္ဂိုလ်နှင့်လမ်းတစ်လမ်းတည်းသာရှိသည်။ (ယော၊ ၁၀း၁–၂၊ ၇။ ၁၁း၂၅။ ၁၄း၆)။ ခရစ်တော်အား

ကိုးစားယုံကြည်ခြင်းအားဖြင့် ဘယ်သူမဆို၊ လူတိုင်းကယ်တင်ခြင်းရနိုင်သည်။ (၁း၁၆။ ၄း၁၁၊၁၆။ ၁၀း၄၊၁၂။ ဂလာတိ ၃း၂၈။ ကော ၃း၁၁)။

**၃း၂၃–၂၆** ၎င်းသည် ဂရိမူရင်းစာ၌ ဝါကျတစ်ခုတည်းဖြစ်သည်။

**၃း၂၃**

**NASB, NKJV**

**NRSV** **"အကြောင်းမှာ အားလုံးသောသူတို့သည် အပြစ်ပြုခဲ့ကြပြီဖြစ်၍၊ ဘုရားသခင်၏ ဘုန်းတော်ကို မမှီကြချေ။**

**TEV** **"လူအားလုံးတို့သည် အပြစ်ပြုခဲ့ကြပြီဖြစ်၍...မှအလှမ်းဝေးခဲ့ကြပြီ။**

**NJB** **"အပြစ်ပြု၍၊ အဆုံးခံခဲ့ကြပြီ"**

၎င်းသည် ၁း၁၈–၃း၂၀အား အကျဉ်းချုံ့ခြင်းဖြစ်သည်။ လူတိုင်းခရစ်တော်အားဖြင့် ကယ်တင်ခြင်းရရှိရန် လိုအပ်သည်။ (၃း၉၊ ၁၉။ ၁၁း၃၂။ ဂလာတိ ၃း၂၂။ ဟေရှာ ၅၃း၆) "အပြစ်ပြုခဲ့သည်"ဆိုသည်မှာ AORIST ACTIVE INDICATIVE ဖြစ်ပြီး၊ "ဆက်လက်၍...မမှီကြ"ဆိုသည်မှာ PRESENT MIDDLE INDICATIVE ဖြစ်သည်။ ဤစကားစု၏ ဖြစ်နိုင်ခြေရှိသောရည်ညွှန်းချက်မှာ (၁) လူသားသည် အာဒံ၌ တစ်တစ်ပေါင်းတည်းကျဆင်းခြင်း (၅း၁၂–၂၁) နှင့် (၂)လူသားတစ်ဦးချင်း၏ ဆက်လက်ပုန်ကန်ဆန့်ကျင်သော အပြုအမူဖြစ်သည်။ ခေတ်သစ်အင်္ဂလိပ်ဘာသာပြန်ကျမ်း တစ်ကျမ်းကမှ ဤကွဲပြားခြားနားမှုကို ထင်ဟပ်ဖော်ပြခြင်း မရှိချေ။

ဤအငယ်သည် ဓမ္မသဘောအားဖြင့် အငယ် ၂၁ နှင့်ဆက်စပ်ကာ၊ အငယ် ၂၄ နှင့်တိုက်ရိုက်ဆက်စပ်ခြင်း မရှိချေ။

▣**"ဘုရားသခင်၏ဘုန်းတော်"** လူသားတို့ကို ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းဖြစ်ပြီး (ကမ္ဘာ ၁း၂၆–၂၇)အခြားမည်သည့် အဖန်ဆင်းခံသတ္တဝါ၌မှ ထိုသို့မဟုတ်ချေ။ လူသားများသည် ဘုန်းတော်ရှင် ဘုရားသခင်နှင့်မိတ်သဟာယပြုကာ၊ သူ၏စရိုက်တော်အား ထင်ဟပ်ပေါ်လွင်နေစေရန်ဖြစ်သည်။ အပြစ်သည် ဤသဏ္ဌာန်တော်အား ဖျက်စီးပစ်ခဲ့သော်လည်း ခရစ်တော်၏သေခြင်းတရားမှ ထမြောက်ခြင်းမှတဆင့် ဘုရားသခင်၏ကျေးဇူးတော်နှင့် ယုံကြည်သူ၏ယုံကြည်ခြင်းသည် အဆိုပါသဏ္ဌာန်တော်ကို နဂိုနေပြန်၍ဖြစ်ပေါ်စေသည်။ (ကော ၃း၁၀)

ဓမ္မဟောင်းကျမ်းထဲက "ဘုန်းတော်" glory အတွက် ဟေဗြဲစကားလုံး (*kbd*) မှာ မူရင်းအားဖြင့် ကုန်သည်သုံး ဝေါဟာရ'ချိန်ခွင်"ဟူ၍ဖြစ်ပြီး အဓိပ္ပါယ်မှာ"အလေးစီး"သည်ဟူ၍ဖြစ်၏။ အောက်ပါအထူးအကြောင်းအရာ၌ ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ဘုန်းတော်/ဘုန်းတန်ခိုးတော်

သမ္မာကျမ်းလာ"ဘုန်းတန်ခိုး"glory ၏သဘောအား အဓိပ္ပါယ်သတ်မှတ်ရန်ခက်ခဲသည်။ ယုံကြည်သူများ၏ ဘုန်းတော်ဟူသည်မှာ သူတို့သည် ဧဝံဂေလိသတင်းကောင်းနှင့် ဘုရားသခင်၏ဘုန်းတော်ကို နားလည်ကြခြင်းဖြစ်ပြီး သူတို့ကိုယ်တိုင်၌ ဘုန်းတန်ခိုးမရှိချေ။ (ယေရ၊ ၉း၂၃–၂၄)

ဓမ္မဟောင်းကျမ်း၌ "glory–ဘုန်းတော်"(kbd, BDB 217)အတွက် သုံးသောဟေဗြဲစကားလုံးမှာ မူရင်းအားဖြင့် ကုန်သည်ဝေါဟာရဖြစ်ပြီး (အလေးစီးသည်)မှ အဓိပ္ပါယ်ရှိသည်။ လေးသောအရာမှာ တန်ဘိုးကြီးမားသည်(ဝါ)ပင် ကိုယ်တန်ဘိုးရှိသည်။ ဘုရားသခင်၏ခမ်းနားထယ်ဝါမှုအား ဖော်ပြသောစကားလုံးအဖြစ်သုံးရာ၌ ထွန်းလင်းတောက်ပခြင်းသဘောဆောင်သော အယူအဆပေါ်လွင်စေရန် ဖြည့်စွက်အသုံးပြုလေ့ရှိသည်။ (ထွက် ၁၉း၁၆–၁၈။ ၂၄း၁၇။ ဟေရှာ ၆၀း၁–၂)သူတစ်ပါးတည်းသာလျှင် ထိုက်တန်ကာ၊ ဂုဏ်ပြုထိုက်တော်မူသည်။ သူသည် အပြစ်ပြုသောလူသားများကြည့်ရှုရန် တောက်ပလွန်းလှသည်။ (ထွက် ၃၃း၁၇–၂၃။ ဟေရှာ ၆း၅) အရှင်ထာဝရဘုရားသခင် (YHWH)အား ခရစ်တော်မှတဆင့်အားဖြင့်သာ စစ်မှန်စွာ သိနိုင်သည်။ (ယော ၁၄း၈–၁၁ ကော ၁း၁၅။ ဟေဗြဲ ၁း၃။ ယာကုပ် ၂း၁)။

"ဘုန်းတော်"(glory)ဟူသောဝေါဟာရမှာ အဓိပ္ပါယ်မသဲကွဲချေ။

၁။ ၎င်းသည် "ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်း"နှင့် အလားတူဖြစ်နိုင်သည်။

၂။ ၎င်းသည် ဘုရားသခင်၏"သန့်ရှင်းတော်မူခြင်း"(ဝါ)"စုံလင်ပြည့်ဝတော်မူခြင်း"အား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

၃။ ၎င်းသည် လူသားအား ဖန်ဆင်းရာဖြစ်သည့် ဘုရားသခင်၏သဏ္ဌာန်တော်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။(ကမ္ဘာ ၁း၂၆–၂၇။ ၅း၁။ ၉း၆)သို့သော် ၎င်းမှာ ဆန့်ကျင်ပုန်ကန်မှုကြောင့် နောက်ပိုင်း၌ ပျက်ယွင်းသွားခဲ့ရသည်။ (ကမ္ဘာ ၃း၁–၂၂)။ အရှင်ထာဝရဘုရားသခင်(YHWH)သည် မိမိ၏လူမျိုးတော်နှင့်အတူရှိနေခြင်းအားဖော်ပြရန် ထိုစကားလုံးအား ပထမဦးဆုံးအသုံးပြုသည်မှာ (သဲကန္တာရထဲ လှည့်လည်သွားလာစဉ်ကာလ၌ဖြစ်သည်။ ထွက် ၁၆း၇၊ ၁၀။ ဝတ် ၉း၂၃။ တော ၁၄း၁၀)

**၃း၂၄ "ကျေးဇူးတော်အားဖြင့် အခမဲ့ဖြောင့်မတ်ခြင်းခံခဲ့ကြပြီ"**၎င်းသည် PRESENT PASSIVE PARTICIPLE ဖြစ်သည်။ ၎င်းမှာ ဧဝံဂေလိ သတင်းကောင်း အစပြုရာဖြစ်သော၊ ဖြောင့်မတ်ခြင်းရရှိစေသည့် ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သည်။ (၅း၁၅–၁၇။ ၆း၂၃။ ဧဖက် ၂း၈–၉)။ "ဖြောင့်မတ်စေသည်"ဟူသောဂရိဝေါဟာရ (*dikaioō*)သည် "ဖြောင့်မတ်ခြင်း"(*dikaiosunē* ၁း၁၇၏အထူးအကြောင်းအရာ၌ကြည့်ပါ)နှင့် အမြစ်တူစကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဘုရားသခင်သည် အစပြုခြင်း ပြုလေ့ရှိသည်။ (ယောဟန် ၆း၄၄၊ ၆၅)

အငယ် ၂၄–၂၅ ၌ ကယ်တင်ခြင်းအား ရေးသားဖော်ပြရာ၌ သုံးသောတင်စားမှု သုံးခုရှိသည်။

၁။ "ဖြောင့်မတ်စေသည်"၎င်းသည် တရားဥပဒေဆိုင်ရာ ဝေါဟာရဖြစ်ပြီး "ပြစ်ဒဏ်ချမှတ်ခြင်းမပြု"(ဝါ) "အပြစ်ရှိသူအဖြစ် ကျောညာခြင်းမပြု"ဟူ၍ဖြစ်သည်။

၂။ "ရွေးနှုတ်ခြင်း"၎င်းသည် ကျွန်ဈေး၌သုံးသောဝေါဟာရဖြစ်ပြီး "ပြန်၍ဝယ်ယူသည်"(ဝါ)"လွှတ်လိုက်သည်"ဟူ၍ဖြစ်၏။

၃။ "အပြစ်ဖြေခြင်း"၎င်းသည် ယဇ်ပူဇော်ခြင်း စံနစ်မှလာသောဝေါဟာရဖြစ်ပြီး၊ ဖုံးအုပ်ရာ(ဝါ)"ကြေအေးခြင်းပြုရာနေရာ"ဟုအဓိပ္ပါယ်ရှိသည်။ ၎င်းသည် အပြစ်ဖြေရာနေ့၌ ယဇ်ပူဇော်သောယဇ်ကောင်၏အသွေးကိုဖျန်းရာနေရာဖြစ်သော ပဋိညာဉ်သေတ္တာတော်၏အဖုံးအား ရည်ညွှန်းသည်။(ဝတ် ၁၆။ ဟေဗြဲ ၉း၅)။

## အထူးအကြောင်းအရာ။ ။ ကယ်တင်ခြင်းရကြောင်း ဓမ္မသစ်ကျမ်းအထောက်အထား

၎င်းသည် ယေရှုအထဲ ပဋိညာဉ်တရားသစ်ပေါ် အခြေပြုသည်။ (ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၂–၃၈)

၁။ ခမည်းတော်၏စရိုက်လက္ခဏာ (ယောဟန် ၃း၁၆)သားတော်၏အလုပ် (၂ကော ၅း၂၁)နှင့် ဝိညာဉ်တော်၏ဆောင်ရွက်ခြင်း(ရောမ ၈း၁၄–၁၆)ဖြစ်ပြီး လူသား၏လုပ်ဆောင်မှု၊ နာခံမှုကြောင့်ရရှိသော ကျသင့်သည့်အဘိုးအခမဟုတ်၊ ဘာသာရေးတစ်ရပ်အား ယုံကြည်ခြင်းမျှသာမဟုတ်ချေ။

၂။ ၎င်းမှာ လက်ဆောင်တစ်ခုဖြစ်သည် (ရောမ ၃း၂၄။ ၆း၂၃။ ဧဖက် ၂း၅၊ ၈–၉)

၃။ ၎င်းမှာ အသစ်သောအသက်၊ အသစ်သောကမ္ဘာ့အမြင်တစ်ခုဖြစ်သည်။ (ယာကုပ်နှင့် ၁ယောဟန်)

၄။ ၎င်းမှာ သိရှိခြင်း၊(ဧဝံဂေလိသတင်းကောင်း)မိတ်သဟာယဖြစ်ခြင်း၊ (ယေရှုအား ယုံကြည်ခြင်းနှင့် ယေရှုနှင့်အတူရှိနေခြင်း)၊ အသစ်သောအသက်ရှင်ခြင်းပုံစံတစ်ခု(ဝိညာဉ်တော်ဦးဆောင်ခြင်းဖြင့် ခရစ်တော်နှင့်တူခြင်း) သုံးမျိုးစလုံးဖြစ်ပြီး၊ ၎င်းတို့အနက် တစ်ခုခုမျှသာမဟုတ်ချေ။

၅။ စစ်မှန်သောကယ်တင်ခြင်းအား စစ်ဆေးခြင်းကို ၁ယော ၂း၃။ ၃း၃၌ ကျမ်းစကားအဆက်အစပ်အားဖြင့် ရသော အမြင်ဖြင့်ကြည့်ပါ။

■**"လက်ဆောင်"**ပေါလုသည် ဤသဘောအား ကွဲပြားခြားနားသောဝေါဟာရများသုံးကာ အကြိမ်ပေါင်းအတော်များများသုံးသည်။

၁။ *dōrean* ADVERB "အခမဲ့"

၂။ *dōrea* NOUN "အခမဲ့လက်ဆောင်"

၃။ *dōro* NOUN "လက်ဆောင်" (ဧဖက် ၂း၈)

၄။ *charisma* NOUN "အကြွေးကြေ "အခမဲ့မျက်နှာသာ" (၁း၁၁။ ၅း၁၅၊ ၁၆။ ၆း၂၃။ ၁၁း၂၉။ ၁၂း၆)

၅။ *charisomai* VERB "အခမဲ့မျက်နှာသာအဖြစ် ခွင့်ပြုပေးသနားသည်" (၈း၃၂)

၆။ *charis* NOUN "အခမဲ့မျက်နှာသာ" (ဝါ) "အခမဲ့လက်ဆောင်" (၄း၄၊ ၁၆။ ၁၁း၅၊၆။ ဧဖက် ၂း၅၊ ၈)

■**"ခရစ်တော်ယေရှုအထဲ၌ရှိသော ရွေးနှုတ်ခြင်း"**ကျွန်ုပ်တို့၏ကယ်တင်ခြင်းယန္တရားမှာ ယေရှု၏ကိုယ်စားပြုအသေခံခြင်းနှင့် ပြန်ရှင်ထမြောက်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာအလိုကျ အဓိကအချက်မှာ မည်မျှပေးဆပ်ခဲ့ပြီ(ဝါ) မည်သူအတွက် ပေးဆပ်သည်မဟုတ်ဘဲ(ဩဂစ်စတင်း) အပြစ်ကင်းသောသူ၏အစားထိုးမှုကြောင့် လူသားသည် အပြစ်ကြောင့် အပြစ်ရှိခြင်းနှင့် ပြစ်ဒဏ်မှကယ်လွှတ်ခံခဲ့ပြီဟူသော အဖြစ်မှန်သာလျှင်ဖြစ်သည်။ (ယော ၁း၂၉၊ ၃၆။ ၂ကော ၅း၂၁။ ၁ပေ ၁း၁၉)။

အဆိုပါကျမ်းပိုဒ်ငယ်သည် ကမ္ဘာ ၃း၁၅ကိုလည်း အရိပ်အမြွက်ပြပါသည်။ ယေရှုသည် ကျိန်ဆဲခြင်းကိုထမ်းကာ (ဂလာတိ ၃း၁၃) ကျဆင်းသောလူသားမျိုးနွယ်၏ကိုယ်စား၊ အသေခံခဲ့သည်။ (၂ကော ၅း၂၁)။ ကယ်တင်ခြင်းကို အခမဲ့ရနိုင်သော်လည်း၊ ၎င်းမှာ အမှန်စင်စစ် ဈေးချို၍ကားမဟုတ်ချေ!

## အထူးအကြောင်းအရာ။ ။ရွေးနှုတ်သည်

I. ဓမ္မဟောင်းကျမ်း

က။ ဤသဘောဆောင်သော တရားဥပဒေဆိုင်ရာ မူလဟေဗြဲဝေါဟာရ နှစ်လုံးရှိသည်။

၁။ *Ga'al* (BDB 145,1)၎င်း၏မူလအဓိပ္ပါယ်မှာ "တန်ရာတန်ဘိုးပေး၍လွှတ်သည်"ဟူ၍ဖြစ်သည်။ ပေါင်းစပ်သောဝေါဟာရ၏အဓိပ္ပါယ်မှာ မိသားစုဝင်တစ်ဦးဦး၏(ဆွေမျိုးသားချင်း၊ရွေးနှုတ်သူ) ကြားဝင်ဆောင်ရွက်မှုသဘောကိုပြသည်။ ခလေ့ထုံးစံအရဝတ္ထုပစ္စည်းများ၊ တိရစ္ဆာန်များ၊ မြေယာများ (ဝတ် ၂၅၊၂၇)သို့မဟုတ် ဆွေမျိုးသားချင်းများအား (ရှသ ၄း၁၅။ ဟေရှာ ၂၉း၂၂) ရွေးနှုတ်ပိုင်ခွင့်ကို ဓမ္မသဘောတရားအားဖြင့် အရှင်ထာဝရဘုရားသခင် YHWH ကအစ္စရေးအား အီဂျစ်နိုင်ငံမှ ကယ်နှုတ်ခြင်းအား ဖော်ပြပြောဆိုရာ၌ ပြောင်းလဲအသုံးပြုသည်။ (ထွက် ၆း၆။ ၁၅း၁၃။ ဆာလံ ၇၄း၂။ ၇၇း၁၅။ ယေရ ၃၁း၁၁)။ ဘုရားသခင်မှာ "ရွေးနှုတ်သောအရှင်"ဖြစ်လာသည်။ (ယောဘ ၁၉း၂၅။ ဆာလံ ၁၉း၁၄။ ၇၈း၃၅။ သုတ္တံ ၂၃း၁၁။ ဟေရှာ ၄၁း၁၄။ ၄၃း၁၄။ ၄၄း၆၊၂၄။ ၄၇း၄။ ၄၈း၁၇။ ၄၉း၇၊ ၂၆။ ၅၄း၅၊ ၈။ ၅၉း၂၀။ ၆၀း၁၆။ ၆၃း၁၆။ ယေရ ၅၀း၃၄)။

၂။ *Padah* (BDB 804)။ ၎င်း၏အခြေခံမှာ "ကယ်လွှတ်သည်"–"to deliver"သို့မဟုတ်"ကယ်ဆယ်သည်"–rescueဟူ၍အဓိပ္ပါယ်ရှိသည်။

(က) သားဦးအားရွေးနှုတ်ခြင်း (ထွက် ၁၃း၁၃၊ ၁၄။ တော ၁၈း၁၅–၁၇)

(ခ) ကိုယ်ခန္ဓာရွေးနှုတ်ခြင်းမှာ ဝိညာဉ်ရေးရာရွေးနှုတ်ခြင်းနှင့်မတူ ကွဲပြားခြားနားသည်။(ဆာ ၄၉း၇၊ ၈၊ ၁၅)

(ဂ) YHWH သည် အစ္စရေးအား သူတို့အပြစ်နှင့် တော်လှန်ပုန်ကန်မှုများမှ ရွေးနှုတ်လိမ့်မည် (ဆာလံ ၁၃၀း၇–၈)

ခ။ ဓမ္မသဘောတရားအရ ဆက်စပ်သောအယူအဆအတော်များများ ပါဝင်သည်။

၁။ လိုအပ်ချက်တစ်ရပ်၊ ကျွန်ခံမှုတစ်ခု၊သိမ်းယူခံခြင်းတစ်ရပ် အကျဉ်းကျခံခြင်းတစ်ခုရှိရန် လိုအပ်သည်။
(က) ကိုယ်ကာယ၌
(ခ) လူမှုရေး၌
(ဂ) ဝိညာဉ်ရေး၌ (ဆာလံ ၁၃၀း၈)

၂။ လွတ်လပ်ခြင်း၊ ဖြည်လွှတ်ခြင်းနှင့်နဂိုနေပြန်ဖြစ်စေရေးအတွက် တန်ရာတန်ဘိုးတစ်ခုခုပေးဆပ်ရန် လိုအပ်သည်။
(က) အစ္စရေးအမျိုးသားများနှင့်ဆိုင်၍ (တရား ၇း၈)
(ခ) လူတစ်ဦးချင်းနှင့်ဆိုင်၍ (ယောဘ ၁၉း၂၅-၂၇။ ၃၃း၂၈)

၃။ တစ်စုံတစ်ယောက်သောသူသည် ကြားဝင်ဆောင်ရွက်သူနှင့်ကျေးဇူးပြုသူ စေတနာရှင်အဖြစ်ဆောင်ရွက်ရန်လိုသည်။ Gaal ဟူသောဝေါဟာရအရ ဤတစ်စုံတစ်ယောက်သောသူသည် မိသားစုဝင်တစ်ယောက်(ဝါ) နီးစပ်သောဆွေမျိုးတစ်ယောက်ဖြစ်လေ့ရှိသည်။ (ဥပမာ၊ *go'el* BDB)

၄။ YHWH သည် မိမိကိုယ်မိမိ မိသားစုဆိုင်ရာ ဝေါဟာရများဖြင့် ဖော်ပြလေ့ရှိသည်။
(က) ဖခင်
(ခ) လင်ယောကျ်ား
(ဂ) နီးစပ်သောဆွေမျိုးသားချင်း/ပြစ်ဒဏ်ပေးသူ။ (Avenger)ရွေးနှုတ်ခြင်းအား YHWHကိုယ်တိုင်၏ ကိုယ်စားလှယ်အလုပ်အားဖြင့်ရလေ့ရှိသည်။ တန်ရာတန်ဘိုးကိုပေးချေကာ၊ ရွေးနှုတ်ခြင်းအား ဆောင်ရွက်ပြီးစီးစေသည်။

## II. ဓမ္မသစ်ကျမ်း

က။ ဤအကြောင်း ဓမ္မသဘောတရားအားဖြင့် ဖော်ပြသော ဝေါဟာရအတော်များများသုံးသည်

၁။ *Agorazō* (၁ကော ၆း၂၀။ ၇း၂၃။ ၂ပေ ၂း၁။ ဗျာ ၅း၉။ ၁၄း၃-၄)။ ၎င်းသည် ကုန်သည်သုံးဝေါဟာ ရဖြစ်ပြီး တစ်စုံတစ်ရာ၏တန်ဘိုးအား ပေးချေခြင်းကို ထင်ဟပ်ပေါ်လွင်စေသည်။ ကျွန်ုပ်တို့သည် မိမိတို့ဘဝကို မိမိမထိန်းချုပ်သောသူ၊အသွေးအားဖြင့်ရွေးဝယ်ခြင်းခံသူများဖြစ်ကြသည်။ ကျွန်တော် တို့ကို ခရစ်တော်ကပိုင်ဆိုင်သည်။

၂။ *Exagorazō* (ဂလာတိ ၃း၁၃။ ၄း၅။ ဧဖက် ၅း၁၆။ ကော ၄း၅)။ ၎င်းသည်လည်း ကုန်သည်သုံးဝေါဟာရဖြစ်သည်။ ၎င်းသည် ကျွန်တော်တို့ကိုယ်စား ယေရှု၏အစားထိုး အသေခံခြင်းကို ပေါ်လွင်စေသည်။ ယေရှုသည် ပညတ်တရား၏ဆောင်ရွက်မှုတစ်မျိုးဖြစ်သော "ကျိန်ဆဲခြင်း"ကို ထမ်းခဲ့သည်။(မောရှေ၏ပညတ္တိကျမ်း။ ဧဖက် ၂း၁၄-၁၆။ ကော ၂း၁၄)။ ၎င်းမှာ အပြစ်ရှိသူလူသားများ မဆောင်ရွက်နိုင်သောအရာဖြစ်သည်။ သူသည် ထိုကျိန်ဆဲခြင်းကို(တရား ၂၁း၂၃) ကျွန်တော်တို့အားလုံးအတွက်(မာကု ၁၀း၄၅။ ၂ကော ၅း၂၁)ထမ်းပေးသည်! ဘုရားသခင်၏တရားမျှတမှုနှင့်ချစ်ခြင်းမေတ္တာသည် ယေရှုအထဲ၌ အပြည့်အဝအပြစ်လွှတ်ခြင်း၊ လက်ခံနှင့်ချဉ်းကပ်ခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်!

၃။ *Luō* "လွှတ်မြောက်စေသည်"
(က) Lutro"ပေးချေထားသောတန်ဘိုး"(မဿဲ ၂၀း၂၈။ မာကု ၁၀း၄၅)မိမိမတင်သည့် အပြစ်ကြွေးအားဆပ်ပေးခြင်းဖြင့်၊ လောက၏ကယ်တင်ရှင်ဖြစ်လာရန် မိမိကြွလာခြင်း၏ရည်ရွယ်ချက်နှင့်ဆိုင်လျက် ယေရှု၏နှုတ်မှထွက်လာသော တန်ခိုးကြီးစကားလုံးများဖြစ်သည်။ (ယော ၁း၂၉)
(ခ) *Lutroō* "ဖြည်လွှတ်သည်"

(၁) အစ္စရေးကို ရွေးနှုတ်ရန် (လု ၂၄း၂၁)

(၂) လူမျိုးတစ်မျိုးအားရွေးနှုတ်ရန် မိမိကိုယ်မိမိပေးဆပ်ကာ သန့်စင်စေရန် (တိတု ၂း၁၄)

(၃) အပြစ်ကင်းစင်သော အစားထိုးရာအဖြစ် (၁ပေ ၁း၁၈–၁၉)

(ဂ) Lutrosis "ရွေးနှုတ်ခြင်း" "ကယ်နှုတ်ခြင်း" (ဝါ) "လွတ်မြောက်စေခြင်း"

(၁) ယေရှုအကြောင်း ဇာခရိ၏ပရောဖက်စကား၊ လုကာ ၁း၆၈

(၂) ယေရှုကြောင့် အန္နက ဘုရားသခင်အား ချီးမွမ်းခြင်း။ လုကာ ၂း၃၈

(၃) တစ်ခါတည်းနှင့်အပြတ်ဖြစ်သော၊ ပို၍သာလွန်သည့် ယေရှု၏ယဇ်ပူဇော်ခြင်း၊ ဟေဗြဲ ၉း၁၂

၄။ *Apolytrōis*

(က) ဒုတိယအကြိမ်ပြန်လည်ကြွလာချိန်၌ ရွေးနှုတ်ခြင်း (တမန်တော် ၃း၁၉–၂၁)

(၁) လုကာ ၂၁း၂၈

(၂) ရောမ ၈း၂၃

(၃) ဧဖက် ၁း၁၄။ ၄း၃၀

(၄) ဟေဗြဲ ၉း၁၅

(ခ) ခရစ်တော်အသေခံခြင်း၌ ရွေးနှုတ်ခြင်း

(၁) ရောမ ၃း၂၄

(၂) ၁ကော ၁း၃၀

(၃) ဧဖက် ၁း၇

(၄) ကောလောသဲ ၁း၁၄

၅။ *Antilytron* (၁တိ ၂း၆)။ ၎င်းသည် တိတု ၂း၁၄ ကဲ့သို့ အလွန်အရေးကြီးသောကျမ်းချက်ဖြစ်ရာ သူသည် လက်သင့်ခံနိုင်ဘွယ်ရာတစ်ခုတည်းသော ယဇ်ပူဇော်ရာဖြစ်သူ "ခပ်သိမ်းသောသူတို့"အတွက် အသေခံသူဖြစ်သည်။ (ယော ၁း၂၉။ ၃း၁၆–၁၇။ ၄း၄၂။ ၁တိ ၂း၄။ ၄း၁၀။ တိတု ၂း၁၁။ ၂ပေ ၃း၉။ ၁ယော ၂း၂။ ၄း၁၄)

ခ။ ဓမ္မသစ်ကျမ်းမှ ဓမ္မသဘောတရားအမြင်မှာ

(၁) လူသားသည် အပြစ်၏ကျွန်ပြုခြင်း ခံနေသည် (ယော ၈း၃၄။ ရောမ ၃း၁၀–၁၈။ ၆း၂၃)

(၂) လူသားသည် အပြစ်၏ကျေးကျွန်ဖြစ်ခြင်းအား ဓမ္မဟောင်းက မောရှေ၏ပညတ္တိကျမ်းနှင့် (ဂလာတိ ၃) ယေရှု၏တောင်ပေါ်ဒေသနာတော် (မဿဲ ၅–၇)အားဖြင့် ပေါ်လွင်ထင်ရှားစေသည်။ လူသား၏ဆောင်ရွက်မှုသည် သေဒဏ်စီရင်ချက်ဖြစ်လာသည်။ (ကော ၂း၁၄)

(၃) အပြစ်နှင့်ကင်းစင်သော ဘုရားသခင်၏သိုးသူငယ်ယေရှုသည် ကျွန်တော်တို့၏နေရာ၌ အစားထိုးအသေခံရန် ကြွလာခဲ့ပြီ။ (ယော ၁း၂၉။ ၂ကော ၅း၂၁)။ ကျွန်တော်တို့သည် ဘုရားသခင်ကိုအစေခံနိုင်ရန်အလို့ငှါ၊ အပြစ်လက်အောက်မှ ရွေးဝယ်ခြင်းခံခဲ့ကြပြီးဖြစ်သည်။ (ရောမ ၆)

(၄) YHWH နှင့် ယေရှုတို့မှာ ကျွန်တော်တို့ဘက်မှနေကာ ဆောင်ရွက်ပေးသူ "နီးစပ်သောဆွေမျိုးသားချင်း" ဖြစ်ကြသည်။ ၎င်းကို မိသားစုဆိုင်ရာ တင်စားသောဝေါဟာရများဖြင့် ဆက်လက်ဖော်ပြသည်။ (ဖခင်၊ လင်ယောကျ်ား၊ သား၊ ညီအစ်ကို၊ နီးစပ်သောဆွေမျိုးသားချင်း)။

(၅) ရွေးနှုတ်ခြင်းဟူသည် စာတန်ထံပေးချေသည့် ကျသင့်သောတန်ဘိုးမဟုတ်ဘဲ(အလယ်ခေတ် ဓမ္မပညာ) ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့် ဘုရားသခင်၏တရားမျှတမှုတို့အား ဘုရားသခင်၏မေတ္တာတော်နှင့် ခရစ်တော်၏အပြည့်အဝထောက်ပံ့မှုတို့ဖြင့် သဟာဇာတဖြစ်စေခြင်း

ဖြစ်သည်။ လက်ဝါးကပ်တိုင်၌ ငြိမ်သက်ခြင်းပြန်လည်ရရှိသည်။ လူသား၏တော်လှန်ပုန်ကန်မှုအား အပြစ်လွှတ်သည်။ လူသားအထဲက ဘုရားသခင်၏သဏ္ဍာန်တော်သည် ရင်းနှီးသော မိတ်သဟာယအားဖြင့် တဖန်ပြန်၍ အပြည့်အဝရှင်သန်လာသည်!

၆။ ကျွန်တော်တို့၏ ရှင်ပြန်ထမြောက်သော ကိုယ်ခန္ဓာများအားဖြင့် သုံးပါးတစ်ဆူနှင့်ပုဂ္ဂိုလ်ချင်း ရင်းနှီးကျွမ်းဝင်မှု ပါဝင်သောအနာဂတ်ရွေးနှုတ်ခြင်းဟူ၍ ရှိနေပါသေးသည်။ (ရောမ ၈း၂၃။ ဖေက် ၁း၁၄။ ၄း၃၀)။ ရှင်ပြန်ထမြောက်သော ကျွန်တော်တို့၏ကိုယ်ခန္ဓာများသည် သခင်ဘုရား၏ကိုယ်ခန္ဓာတော်ကဲ့သို့ဖြစ်လိမ့်မည်။ (၁ယော ၃း၂)။ သူ၌ ရုပ်ခန္ဓာရှိသော်လည်း အတိုင်းအဆမှာ ထူးကဲသည်။ ဆန့်ကျင်ဘက်သဘောနှစ်မျိုးအား ဖော်ပြသော ၁ကော ၁၅း၁၂–၁၉နှင့် ၁ကော ၁၅း၃၅–၅၈တို့အား သတ်မှတ်ချက်ပေးရန် ခက်ခဲသည်။ ရုပ်ပိုင်းဆိုင်ရာ မြေကြီးခန္ဓာတစ်ခုနှင့် ကောင်းကင်ဆိုင်ရာ ဝိညာဉ် ခန္ဓာတစ်ခုရှိသည်မှာ ထင်ရှားသည်။ ယေရှု၌ နှစ်မျိုးလုံးရှိ၏။

၃း၂၅

**NASB** **“ဘုရားသခင်သည် …ထိုအရှင်အား လူထုရှေ့မှောက်၌ ပြသခဲ့သည်”**

**NKJV** **“ဘုရားသခင်သည် …ထိုအရှင်အား ပြသခဲ့သည်”**

**NRSV** **“ဘုရားသခင်သည် …ထိုအရှင်အား ထောက်ခံခဲ့သည်”**

**TEV** **“ဘုရားသခင် ပေးလှူခဲ့သည်”**

**NJB** **“ထိုအရှင်ကို ဘုရားသခင်ခန့်အပ်ခဲ့သည်”**

ၚင်းသည် *protithemi* ၏ AORIST MIDDLE INDICATIVE ဖြစ်ပြီး (ရောမ ၁း၁၃ နှင့် ဧဖက် ၁း၉၌ ၎င်းသည် ရောမ ၈း၂၈က NOUN နည်းတူ“ရည်ရွယ်သည်”ဟုအဓိပ္ပါယ်ရှိသည်) ဘုရားသခင်သည် မိမိ၏နှလုံးနှင့်ရည်ရွယ်ချက်အား ခရစ်တော်အသေခံခြင်းအားဖြင့် ဖွင့်ပြတော်မူသည်ဟု အဓိပ္ပါယ်ရှိသည်။ (ဧဖက် ၁း၉။ ဂလာတိ ၃း၁) ဘုရားသခင်၏ရွေးနှုတ်ခြင်း အစီအစဉ်တော်၌ (တမန် ၂း၂၃။ ၃း၁၈။ ၄း၂၈။ ၁၃း၂၉။ ၂၆း၂၂ နှင့် အထူးအကြောင်းအရာ ၁း၅) ယေရှု၏ယဇ်ပူဇော်ခြင်း ပါဝင်သည်။ (ဟေရှာ ၅၃း၁၀။ ဗျာ ၁၃း၈)။ ၉း၁၁ ၏မှတ်ချက်၌ကြည့်ပါ။

▣**“ထင်ရှားစေရန်”**ဤဂရိဝေါဟာရ *endeiknumai* (*endeixix* ၃း၂၅၊၂၆)အား ရောမသြဝါဒစာ၌ အတော်များများသုံးသည်။ (၂း၁၅။ ၉း၁၇၊ ၂၃။ LXX ထွက် ၉း၁၆) ၎င်း၏အခြေခံအဓိပ္ပါယ်မှာ ပေါ်လွင်စေသည်(ဝါ) ခင်းကျင်းပြသသည်ဟူ၍ဖြစ်၏။ ဘုရားသခင်သည် မိမိ၏ရွေးနှုတ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်၊ စီမံချက်နှင့်ဖြောင့်မတ်ခြင်းတရားတို့ကို လူသားတို့အား ရှင်းလင်းစွာနားလည်စေလိုသည်။ ဤစာပိုဒ်သည် သမ္မာကျမ်းစာနည်းကျ ကမ္ဘာ့အမြင်ဖြစ်သော အောက်ပါတို့ကိုဖော်ပြသည်။

၁။ ဘုရားသခင်၏အကျင့်စရိုက်အကြောင်း

၂။ ခရစ်တော်၏အလုပ်အကြောင်း

၃။ လူသား၏လိုအပ်ချက်အကြောင်း

၄။ ရွေးနှုတ်ခြင်း၏ ရည်ရွယ်ချက်အကြောင်း

ဘုရားသခင်သည် ကျွန်တော်တို့ကိုနားလည်သိရှိစေလိုသည်! ဤကျမ်းပိုဒ်သည် ခရစ်ယာန်အကြောင်း ကောင်းစွာနားလည်သိရှိနိုင်ရန် အလွန်အရေးကြီးသည်။ အချို့စကားလုံးများနှင့်စကားစုတို့မှာ အဓိပ္ပါယ်သဲကွဲခြင်းမရှိ(ဝါ) အမျိုးမျိုးဖြင့် နားလည်နိုင်ခြင်းများရှိသော်လည်း၊ ကျမ်းပိုဒ်တစ်ခုလုံး၏အဓိကအချက်မှာ အလွန်ရိုးစင်းရှင်းလင်းသည်။ ဤကျမ်းပိုဒ်သည် ဧဝံဂေလိသတင်းကောင်းအတွက် ဓမ္မသဘောတရား ရုပ်ကြွယ်ပင်ဖြစ်သည်။

▣

NASB **“ အသွေးတော်အား …အပြစ်ဖြေရာအဖြစ်”**

NKJV **"အသွေးတော်အားဖြင့် အပြစ်ဖြေစရာဖြစ်စေရန်"**
NRSV **"အသွေးတော်အားဖြင့် အပြစ်ဖုံးအုပ်သော ယဇ်ပူဇော်ခြင်းအဖြစ်"**
TEV **"အသွေးတော်အားဖြင့် လူများ၏အပြစ်များ လွှတ်ရခြင်းအကြောင်းဖြစ်လာစေရန်"**
NJB **"ပြန်လည်သင့်မြတ်စေရန် မိမိအသက်အားပေးလှူရန်"**

ဂရိယဉ်ကျေးမှု လွှမ်းမိုးသောရောမကမ္ဘာ၌ ဤစကားလုံးသည် စိမ်းကားသောနတ်ဘုရားတစ်ပါးနှင့် ပေးဆပ်သော တန်ရာတန်ဘိုးအားဖြင့် ပြန်လည်မိတ်သဟာယဖြစ်ခြင်း သဘောကိုဆောင်သည်။ သို့သော် ဘာသာပြန် ဂရိဓမ္မဟောင်း ကျမ်း Septuagint (LXX) ၌ ဤအဓိပ္ပါယ်ဖြင့် မသုံးချေ။ ၎င်းစကားလုံးကို Septuagint နှင့် ဟေဗြဲ ၉း၅ ၌"ကျေးဇူး တော်ပလ္လင်"–mercy seat အဖြစ် ဘာသာပြန်သည်။ (ထွက် ၂၅း၂၁–၂၂။ ဝတ် ၁၆း၁၂–၁၅)။ ၎င်းမှာ အသန့်ရှင်းဆုံး ဌါနတော်အထဲ ထားရှိသောသေတ္တာတော်၏အဖုံးပင်ဖြစ်ပြီး၊ အဖြေရာနေ့၌(ဝတ် ၁၆) တစ်မျိုးသားလုံးအတွက် အပြစ် ဖုံးအုပ်ခြင်းအား ထိုနေရာမှရရှိသည်။ ပေါလုသည် အစ္စရေး၏ ယဇ်ပူဇော်ခြင်း နည်းဥပဒေသများထဲကပင်(ဝတ် ၁–၇) ယဇ်ပူဇော်ခြင်းဆိုင်ရာ တင်စားသောစကားလုံးများ သုံးနေခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ဤတင်စားသောစကားလုံး များဖြစ်သည့် (အပြစ်ဖြေခြင်း၊ ရွေးနှုတ်ခ၊ ယဇ်ပူဇော်ခြင်း)စသည်တို့ကို ဓမ္မဟောင်းကျမ်းထဲက ဘုရားသခင်၏ ဗျာဒိတ်တော်များနှင့်ဆက်စပ်၍သာ နားလည်နိုင်သည်။ ထို့ကြောင့် ပေါလုသည် ၎င်းတို့မှာ လူသားအားလုံးအတွက် ဖြစ်ကြောင်း ရှင်းလင်းရမည်ဖြစ်သည်။ YHWH သည် မိမိကိုယ်မိမိ အာဗြဟံ/အစ္စရေးအား ဖွင့်ပြခြင်းမှာ အားလုံးသော လူသားတို့အား မိမိကိုယ်မိမိဖွင့်ပြရန်ပင်ဖြစ်သည်။ အားလုံးသောသူတို့သည် ကိုယ်တော်၏သဏ္ဍာန်တော်အား ဆောင် ထားကြသည်။ အားလုံးသောသူတို့သည် တော်လှန်ပုန်ကန်ခဲ့ကြပြီဖြစ်သည်။ အားလုံးသောသူတို့သည် ခရစ်တော် (ဂျူးလူမျိုးတို့၏မေရှိယ)အား ယုံကြည်ခြင်းမှတဆင့် ကယ်တင်ခြင်းရရှိနိုင်သည်။

အပြစ်အပေါ် ဘုရားသခင်၏ခက်ထန်မှုကို မလျော့ကျစေဘဲ၊ အပြစ်သားများအပေါ်အပြုသဘောဖြင့်ရွေးနှုတ်ခြင်း စိတ်နေသဘောထားအား အတည်ပြုရန် ဤဝေါဟာရကို အသုံးပြုရပေမည်။ ဤအကြောင်း ကောင်းမွန်သောဆွေးနွေး မှုအား James ၏ *A Man in Christ* စာအုပ်စာမျက်နှာ ၂၁၄–၂၂၄၌တွေ့ရသည်။ ဤဆွေးနွေးမှုအား အဆုံးသတ်စေရန် နည်းလမ်းတစ်မျိုးမှာ ဤစကားလုံးအား ခရစ်တော်အထဲ ဘုရားသခင်၏အလုပ်ကို ထင်ဟပ်စေသည့်ဝေါဟာရများဖြစ် သော"အပြစ်ဖြေသောယဇ်ပူဇော်ခြင်း"(ဝါ)"အပြစ်ဖြေသည့် တန်ခိုးနှင့်ဆိုင်သော"စသည်ဖြင့် ဘာသာပြန်ရန်ဖြစ်သည်။ "အသွေးတော်၌/အားဖြင့်"ဆိုသည်မှာ ဘုရားသခင်၏အပြစ်ကင်းစင်သော သိုးသူငယ်ပြုသည့်ကိုယ်စားပြု ယဇ်ပူဇော်မှု အား ရည်ညွှန်းသောဟေဗြဲအသုံးအနှုန်းဖြစ်သည်။ (ယောဟန် ၁း၂၉)။ ဤသဘောကို အပြည့်အဝနားလည်သဘော ပေါက်ရန် ဝတ်ပြု ၁–၇သည် အခန်းကြီး ၁၆က အပြစ်ဖြေရာနေ့ကဲ့သို့ အလွန်အရေးကြီးသည်။ အသွေးဟူသည် အပြစ်ရှိသူအတွက် ပေးဆပ်သောအပြစ်ကင်းသည့်အသက်အား ရည်ညွှန်းသည်။ဟေရှာ ၅၂း၁၃– ၅၃း၁၂)။တစ်ယောက် သောသူသည် အားလုံးသောသူတို့အတွက် အသေခံသည်။ (၅း၁၂–၂၁)!

▣ **"ယုံကြည်ခြင်းမှတဆင့်"**၎င်းသည်လည်း ယေရှု၏ကိုယ်စားပြုအသေခံတော်မူခြင်းအားဖြင့် ဘယ်သူမဆိုနှင့် လူတိုင်း ကိုယ်စီရနိုင်သော အကျိုးကျေးဇူးရနိုင်ရာ ယန္တရားဖြစ်သည်။ (၁း၁၇။ ၃း၂၂၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၀)။

ရှေးခေတ်တွင် စာလုံးကြီးများဖြင့်သာရေးသော လက်ရေးမူရင်းများဖြစ်သည့် ၅ရာစုနှစ်က Chrysostom သုံးခဲ့ သည့် လက်ရေးကျမ်းစာ A အပါအဝင်ဖြစ်သည်)နှင့် ၁၂ရာစုက ရေးသည့်စာလုံးကြီးများဖြစ်သော MS(2127)တို့၌ ဤစကားစုကို ချန်ထားခဲ့ကြသည်။ အခြားရှေးဟောင်းဂရိ လက်ရေးကျမ်းများအားလုံး၌ ၎င်းစကားစု ပါဝင်သည်။ အချို့၌ DEFINITE ARTICLE the ပါရှိပြီး "the faith"ဟူ၍ဖြစ်ကာ (MSS $p^{40}$, $B_1$, $C^3$, $D^3$)အချို့တို့၌မူ မပါရှိ သော်လည်း(MSS Aleph, C*, D*, F, G) ၎င်းသည် ဆိုလိုရင်းအဓိပ္ပါယ်ကား ထိခိုက်ခြင်းမရှိချေ။ $UBS^3$ သည် ၎င်း၏ပါရှိမှုကို "B"အဆင့်သတ်မှတ်သည်။(သေချာသလောက်)

▣ **"ဖြောင့်မတ်တော်မူခြင်းအား ပေါ်လွင်ထင်ရှားစေရန်"**ဘုရားသခင်သည် မိမိ၏စရိုက်လက္ခဏာနှင့် မိမိပြောစ ကားအပေါ် သစ္စာတည်နေရပါမည် (မာလ ၃း၆)။ ဓမ္မဟောင်းခေတ်၌ အပြစ်ပြုသူ သေဆုံးရသည်။ (ကမ္ဘာ ၂း၁၇။

ယေဇ ၁၈း၄၊ ၂၀)။ အပြစ်ရှိသူကို မိမိမလွတ်ဟု ဘုရားသခင်ပြောခဲ့သည်။ (ထွက် ၂၃း၇)။ ကျဆင်းသူလူသား အပေါ် ဘုရားသခင်၏မေတ္တာတော်မှာ ကြီးမားလှသဖြင့် သူသည်လူတစ်ယောက်ဖြစ်လာရန်၊ ပညတ္တိကျမ်းအား ပြည့်စုံစေရန် နှင့် ကျဆင်းသောလူသား၏နေရာ၌ အသေခံရန်ဆန္ဒရှိသည့်အထိဖြစ်သည်။ (၅း၁၂–၂၁)။ ဘုရားသခင်၏ချစ်ခြင်း မေတ္တာနှင့်တရားမျှတမှု (သစ္စာတရား)သည် ယေရှုအထဲ ဆုံဆည်းခဲ့ကြသည်။ (ငယ် ၂၆)

▣
NASB, NKJV
NRSV **"ယခင်က ကျူးလွန်ခဲ့ပြီးသောအပြစ်များကို မှတ်တော်မမူဘဲ"**
TEV **"အတိတ်ကာလ၌ သည်းခံကာ၊ လူများ၏အပြစ်များကို လစ်လျူရှုသည်"**
NJB **"အပြစ်များ ဒဏ်ပေးခြင်းမခံရသော အတိတ်ကာလအတွက်"**

"ကျော်သွားသည်"–passed over (မမှတ်)ဟူသောဝေါဟာရ *paresis* ကိုဓမ္မသစ်ကျမ်း၌ ဤနေရာတွင် တစ်ကြိမ် သာသုံးပြီး၊ Septuagint (ဂရိဘာသာပြန် ဓမ္မဟောင်း)၌မူ မသုံးခဲ့ဘူးချေ။ ဂရိဖခင်ကြီးများနှင့် Jerome (အေဒီ ၄ရာစု)တို့သည် လုံးစေ့ပတ်စေ့အဓိပ္ပါယ် "အကြွေးတစ်ခုအား ကြေအေးစေခြင်း"ဟူ၍ ဘာသာပြန်ဆိုကြသည်။ (Moulton နှင့် Milligan, p. 493)။ သို့သော် ၎င်း၏ကြိယာ *pariēmi* ၏အဓိပ္ပါယ်မှာ"ဘေး၌ ဖြတ်သွားစေသည်"(ဝါ) "ဖြေလျော့သည်"ဟူ၍ဖြစ်သည်။ (လုကာ ၁၁း၄၂)

သို့ဖြင့် မေးစရာမေးခွန်းမှာ ဘုရားသခင်သည် အနာဂတ်၌ ခရစ်တော်ပြုမည့်အလုပ်အား မျှော်ကြည့်ခြင်း အားဖြင့် အတိတ်ကာလက အပြစ်များကိုလွတ်ခဲ့ခြင်းလော(ဝါ) ခရစ်တော်၏အသေခံခြင်းသည် အပြစ်ပြဿနာအား ဖြေရှင်း လိမ့်မည်ကို သိရှိထားကာ၊ အပြစ်များကို ရိုးရိုးလေးပင် မှတ်တော်မမူခဲ့ခြင်းလောဟူ၍ဖြစ်သည်။ ရလာဒ်မှာ အတူတူပင် ဖြစ်သည်။ လူသား၏အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂါတ်အပြစ်အား ခရစ်တော်ပြုသည့်ယဇ်ပူဇော်ခြင်းဖြင့် ဖြေရှင်းပေးသည်။

၎င်းမှာ ခရစ်တော်ပြုသောအလုပ်အား မျှော်ကြည့်ကာ၊ ဘုရားသခင်၏ကျေးဇူးတော်သည် အတိတ်ကာလ၌ ပြုခဲ့ သောအရာ(တမန် ၁၇း၃၀။ ရောမ ၄း၁၅။ ၅း၁၃)ဖြစ်သည်နည်းတူ၊ လက်ရှိပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလတည်း ဟူသောကာလသုံးပါးစလုံး၌ ဘုရားသခင်လုပ်ဆောင်ခဲ့ပြီး၊ လုပ်ဆောင်နေဆဲနှင့် လုပ်ဆောင်လတ္တံ့သောအရာဖြစ်သည်။ (ငယ် ၂၆)။ ဘုရားသခင်သည် အပြစ်အား ပေါ့ပေါ့တန်တန်သဘောထားသည် မဟုတ်သော်လည်း ယေရှုပြုခဲ့သော ယဇ်ပူဇော်မှုအား၊ ပုန်ကန်တော်လှန်သောလူသားကို အပြည့်အဝနှင့် နောက်ဆုံးရွေးနှုတ်ခြင်းအဖြစ် လက်ခံတော်မူ၏။ ဖန်ဆင်းခြင်း၏ရည်ရွယ်ရင်းဖြစ်သော (ကမ္ဘာ ၁း၂၆–၂၇)မိမိကိုယ်တိုင်နှင့် လူသားတို့ရင်းနှီးစွာ မိတ်သဟာယဖြစ် ရေးအတွက်အပြစ်မှာ အတားအဆီးတစ်ရပ်မဖြစ်တော့ချေ။

**၃း၂၆** အငယ် ၂၅ "ဖြောင့်မတ်ခြင်း"ဟူသော ဝေါဟာရ၏မူရင်းအား စီစစ်လေ့ရာရာ၌ "ဖြောင့်မတ်သည်"နှင့် "ဖြောင့်မတ်စေသူ" ငယ် ၂၆ဟူသော ဝေါဟာရနှစ်လုံးနှင့် ဆက်စပ်သည်။ ဘုရားသခင်သည် မိမိ၏စရိုက်လက္ခဏာ အား ခရစ်တော်ကိုယုံကြည်ခြင်းမှတဆင့် ယုံကြည်သူများ၏ဘဝအသက်တာထဲ၌ပေါ်လွင် ထင်ရှားစေလိုသည်။ ယေရှု သည် ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းဖြစ်လာသည် (၂ကော ၅း၂၁)မှန်သော်လည်း ယုံကြည်သူများသည်ကိုယ်တော်၏ ဖြောင့်မတ်ခြင်း၊ ကိုယ်တော်နှင့်တူညီခြင်းများ ရှိလာရဦးမည်လည်းဖြစ်သည်။ (၈း၂၉။ မဿဲ ၅း၄၈။ ဝတ်ပြု ၁၉း၂) အထူးအကြောင်းအရာ ၁း၁၇ ၌ကြည့်ပါ။

▣
**NASB, NKJV**
**NRSV** **"ယေရှုအား ယုံကြည်သူ"**
**TEV** **"ယေရှုအား ယုံကြည်သူတိုင်း"**
**NJB** **"ယေရှုအား ယုံကြည်ခြင်းရှိသူတိုင်း"**

**REB** **"မိမိ၏ယုံကြည်ခြင်းအား ယေရှု၌ထားသူမည်သူမဆို"**
**NET** **"ယေရှု၏သစ္စာရှိမှုကြောင့် အသက်ရှင်သူ"**

ဂရိမူရင်း၌ "ယေရှု၏ယုံကြည်ခြင်း၏လူ" the *one* of faith of Jesus ဟူ၍ဖြစ်သည်။ အခက်အခဲမှာ ပိုင်ဆိုင်ရာ ပြပုဒ် GENITIVE ထပ်နေခြင်းဖြစ်သည်။ (G.B Caird ၏ *The Language and Imagery of the Bible*, p. 99) အင်္ဂလိပ်ဘာသာပြန်ကျမ်းအများစုတို့သည် ၎င်းအား လူတစ်ယောက်က ယေရှုအား ယုံကြည်ခြင်း၊ ကိုးစားခြင်းအဖြစ် ရှုမြင်သည်။ NET ဘာသာပြန်ကျမ်း၏အလိုအရ ၎င်းသည် ၃း၂၂အား ညွှန်းသည်ဟု မှတ်ယူထားသည်။ မည်သို့ဖြစ်စေ အငယ် ၂၂သည် နှစ်မျိုးစလုံးရည်ညွှန်းသည်။

၁။ ယေရှု၏သစ္စာရှိမှု (faithfulness–ယုံကြည်စိတ်ချရမှု)

၂။ ယုံကြည်သူ၏ကိုးစားမှု (believer's faith)

ကယ်တင်ခြင်းဟူသည် လက်ခံရယူရန်ဖြစ်သည့် ယေရှု၏ယုံကြည်စိတ်ချရခြင်း မှရရှိသောရလဒ်ဖြစ်သည်။ (ငယ် ၃၀)

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၃း၂၇–၃၀

**[27]သို့ဖြစ်လျှင် ဝါကြွားစရာကား အဘယ်နည်း? ဝါကြွားစရာအကြောင်းကိုပယ်ပြီ၊ အဘယ်တရားအားဖြင့် ပယ်သနည်း? အကျင့်တရားအားဖြင့် ပယ်သလော? မဟုတ်ပါ။ ယုံကြည်ခြင်းတရားအားဖြင့်ပယ်ပြီ။ [28]ထို့ကြောင့် လူတစ်ယောက်သည် ပညတ်တရားနှင့်ဆိုင်သော အကျင့်မပါဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းခံရသည်ဟု ငါတို့အရိုင်အမာဆိုကြသည်။ [29]သို့မဟုတ် ဘုရားသခင်သည် ဂျူးတို့၏ ဘုရားသာလျှင် ဖြစ်တော်မူသလော? တစ်ပါးအမျိုးသားတို့၏ ဘုရားလည်း ဖြစ်တော်မူသည် မဟုတ်လော? ဟုတ်ပေသည်။ တစ်ပါး အမျိုးသားတို့၏ ဘုရားလည်းဖြစ်တော်မူ၏။ [30]စင်စစ်မူကား အရေဖျားလှီးခြင်းခံသူတို့အား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူသူနှင့်၊ အရေဖျားလှီးခြင်းမခံသူတို့အား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူသူ ဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူ၏။**

**၃း၂၇ "သို့ဖြစ်လျှင် ဝါကြွားစရာကား အဘယ်နည်း၊"** "ဝါကြွားစရာ" စကားစု၌ ARTICLE ပါရှိနေခြင်းသည် ဂျူးလူမျိုး၏မာနအား ထပ်ဟပ်ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။ (၂း၁၇၊၂၃)။ ဓမ္မဝေလိသတင်းကောင်းမှာ နှိမ့်ချ၍နေခြင်း ဖြစ်သည်။ ကျဆင်းသောလူသားသည် (ဂျူးနှင့်တပါးအမျိုးသားများ) မိမိကိုယ်မိမိ မကယ်နိုင်ချေ။ (ဧဖက် ၂း၈–၉) အထူးအကြောင်းအရာ။ ။ ဝါကြွားခြင်း – ၂း၁၇ ၌ကြည့်ပါ။

စောစောက တင်ပြချက်အား နောက်ထပ်အနည်းငယ်ရှင်းလင်းရန် ဖြစ်သည်။ လူသားများသည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် အပြစ်လွှတ်ခြင်းအတွက် ထိုက်တန်ခြင်းမရနိုင်သော်လည်း ကယ်တင်ခြင်းရရန် သူတို့အပိုင်းကဏ္ဍ မရှိဟု ဆိုလိုခြင်းကား မဟုတ်ချေ။ လူသားတို့သည် မိမိ၏အပြစ်အား သိရှိကာခရစ်တော်အထဲ ဘုရားသခင်ပေးစမ်း သည့်အရာကို လက်ခံရန်ဖြစ်သည်။ ဘုရားသခင်သည် ကျဆင်းသောလူသားအား "ပဋိညဉ်တရား"ဖြင့်ဆက်ဆံသည်။ ကျွန်တော်တို့သည် တုံ့ပြန်မှုပြုကာ၊ ဆက်လက်တုံ့ပြန်သွားရန်ဖြစ်သည်။

၁။ အပြစ်အား နောင်တရခြင်း

၂။ ယုံကြည်ခြင်း

၃။ နာခံခြင်း

၄။ စွဲမြဲခြင်း

ဘုရားသခင်နှင့်ဆက်ဆံရာ၌ မိမိတို့၏အပိုင်းမှာ အပြတ်ဆုံးဖြတ်ပေးသောကဏ္ဍ ဖြစ်သည်။ ကျွန်တော်တို့သည် တုံ့ပြန်ရသူများဖြစ်သည်! ထို့ကြောင့် တုံ့ပြန်မှုပြုရန်လိုသည်! လွတ်လပ်သောဆန္ဒသည် အချုပ်အခြာအာဏာနည်းတူ

အပြတ်ဆုံးဖြတ်မှုပေးသော သမ္မာကျမ်းစာလာ ဩဝါဒဖြစ်သည်။ အရှေ့တိုင်း ကျမ်းတစ်ကျမ်းဖြစ်သော သမ္မာကျမ်းစာသည် သမ္မာတရားအား တင်းမာမှုနှစ်မျိုးပါသောအတွဲများဖြင့်ဖော်ပြသည်။

## အထူးအကြောင်းအရာ။ ။အရှေ့တိုင်းစာပေပုံရိပ်ကြီး

ပုံရိပ်ကြီးသမ္မာကျမ်းစာတော်လာ ဆန့်ကျင်ဘက်ဖြစ်နေဟန် ဖော်ပြမှုများ

၁။ သမ္မာကျမ်းစာအား ဘုရားသခင်ပြောစကားအဖြစ် မြတ်နိုးကိုးစားသူတစ်ယောက်အနေဖြင့် ဤအမြင်သည် ကျွန်ုပ်အား အများဆုံးထောက်ကူပြုပါသည်။ သမ္မာကျမ်းစာအား နက်နဲစွာခံယူရန် အားထုတ်သည့်အခါ ကွဲပြားခြားနားသော ကျမ်းပိုဒ်များသည် သမ္မာတရားအား အထူးရွေးချယ်ဖော်ပြခြင်းနှင့် နည်းစံနစ်ကျကျဖြင့်၊ အစီအစဉ်ကျကျ ဖော်ပြသည် မဟုတ်ကြောင်း ပေါ်လွင်သည်။ ဝိညာဉ်တော်မှုတ်သွင်းသော ကျမ်းပိုဒ်တစ်ပိုဒ်သည်၊ အလားတူဝိညာဉ်တော်မှုတ်သွင်းသော သမ္မာတရားတစ်ရပ်အား ပယ်ဖျက်ခြင်း (ဝါ) ရှုတ်ချခြင်းပြုလိမ့်မည်ကား မဟုတ်ချေ။ သမ္မာတရားကို သမ္မာကျမ်းစာတစ်ရပ်လုံးအား သိရခြင်းမှရရှိပြီး (သမ္မာကျမ်းစာသည် တစ်ချို့တစ်ဝက်ကိုသာ ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်ဘဲ၊ တစ်ခုလုံးဝိညာဉ်တော်မှုတ်သွင်းခြင်းဖြစ်သည်။ ၂တိ ၃း၁၆–၁၇)ကျမ်းပိုဒ်တစ်ပိုဒ်တည်းရည်ညွှန်းရုံဖြင့် သမ္မာတရားမရရှိချေ။ (ကျမ်းချက်တစ်ချက်တည်းဖြင့်အတည်ပြုခြင်း– proof-texting)!

၂။ သမ္မာကျမ်းစာ၏သမ္မာတရားများ (အရှေ့တိုင်းစာပေ)အား ကျိုးကြောင်းဖော်ပြမှု (ဝါ)ဆန့်ကျင်တက်ဖြစ်နေဟန်အချက်နှစ်ချက်ပါသော အတွဲများအားဖြင့် တင်ပြလေ့ရှိသည်။ (ဓမ္မသစ်ကျမ်းရေးသားသူများမှာ လုကာမှလွဲလျှင် အများသုံးဂရိစာဖြင့် ရေးသားကာ၊ ဟေဗြဲအတွေးဖြင့် တွေးသူများဖြစ်ကြောင်း သတိရပါ။ ပညာဆိုင်ရာကျမ်းများနှင့် ကဗျာအလင်္ကာကျမ်းများသည် သမ္မာတရားကို အတွဲလိုက်ဖော်ပြလေ့ရှိသည်။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်သောပုံစံအတွဲများသည် ဆန့်ကျင်ဘက်ဖြစ်နေဟန် တင်ပြပုံ (paradox)များနှင့်တူသည်။ ပေါင်းစပ်သောအတွဲများသည် ကျမ်းပြိုင်များနှင့်အလားသဏ္ဍာန်တူသည်။) ထိုဖော်ပြမှုနှစ်ဖက်စလုံး သူ့အတိုင်းအတာနှင့် သူမှန်ကန်ကြသည်! ဆန့်ကျင်ဘက်ဖြစ်နေဟန်တင်ပြမှုများသည် မိမိတို့စိတ်ကြိုက်၊ လွယ်ကူစွာ နားလည်လိုခြင်းနှင့်မကိုက်ညီချေ။

က။ ကြိုတင်ရွေးချယ်ခန့်ထားခြင်းသည် လူ၏လွတ်လပ်သောဆန္ဒနှင့် အပြိုင်ဖြစ်သည်။

ခ။ ယုံကြည်သူများ၏ လုံခြုံမှုသည် ဇွဲမြဲမှုလိုအပ်ခြင်းနှင့် အပြိုင်ဖြစ်သည်။

ဂ။ ဗီဇအပြစ်သည် စိတ်ဆန္ဒအလျောက် ပြုသောအပြစ်နှင့် အပြိုင်ဖြစ်သည်။

ဃ။ ဘုရားဖြစ်သော ယေရှုနှင့်လူဖြစ်သောယေရှုမှာ အပြိုင်ဖြစ်သည်။

င။ ယေရှုသည် ခမည်းတော်နှင့်ဘုန်းတော် ညီတူဖြစ်ခြင်းသည် ယေရှုက ခမည်းတော်အား အစေခံခြင်းနှင့် အပြိုင်ဖြစ်သည်။

စ။ သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ခြင်းမှာ ရေးသားသူလူသားဖြစ်ခြင်းနှင့် အပြိုင်ဖြစ်သည်။

ဆ။ အပြစ်ကင်းစင်ခြင်း (စုံလင်ပြည့်ဝခြင်းဝါဒ၊ ရောမ ၆)သည် အပြစ်နည်းနိုင်သမျှနည်းခြင်းနှင့် အပြိုင်ဖြစ်သည်။

ဇ။ စစချင်း တစ်ခါတည်းဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်မှုမှာ ပို၍ပို၍ သန့်ရှင်းစင်ကြယ်သွားခြင်းနှင့် အပြိုင်ဖြစ်သည်။

စ။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသည် (ရောမ ၄)အလုပ်/အကျင့်အားဖြင့် အတည်ဖြစ်သော ဖြောင့်မတ်ခြင်း (ယာကုပ် ၂း၂၄–၂၆)နှင့် အပြိုင်ဖြစ်သည်။

ည။ ခရစ်ယာန်လွတ်လပ်မှုသည် (ရောမ ၁၄း၁–၂၃။ ၁ကော ၈း၁–၁၃။ ၁၀း၂၃–၃၃) ခရစ်ယာန်၏တာဝန်ရှိမှုနှင့် (ဂလာတိ ၅း၁၆–၂၁။ ဧဖက် ၄း၁) အပြိုင်ဖြစ်သည်။

ဌ။ ဘုရားသခင်၏သာလွန်ထူးကဲမှုသည် လူ၏အတွင်းအစ္စုတ္တသဏ္ဍာန်နှင့် အပြိုင်ဖြစ်သည်။

ဍ။ ဘုရားသခင်အား အကြွင်းမဲ့သိကျွမ်းနိုင်မှု မရှိခြင်းသည် သမ္မာကျမ်းစာနှင့် ခရစ်တော်အားဖြင့် သိကျွမ်းခြင်းနှင့်အပြိုင်ဖြစ်သည်။

ဎ။ ကယ်တင်ခြင်းအတွက် ပေါလု၏တင်စားဖော်ပြမှု (metaphor)များစွာတို့မှာ

(၁) သားအရာ၌ခန့်ခြင်း (မွေးစားခြင်း)

(၂) သန့်ရှင်းစင်ကြယ်စေခြင်း

(၃) ဖြောင့်မတ်စေခြင်း

(၄) ရွေးနှုတ်ခြင်း

(၅) ဘုန်းကြီးစေခြင်း

(၆) ကြိုတင်ရွေးချယ်ခန့်ထားခြင်း

(၇) ပြန်လည်သင့်မြတ်စေခြင်း

ဏ။ ဘုရားသခင်၏ပစ္စုပ္ပန်နိုင်ငံတော်သည် အနာဂတ်၌၎င်း၏ ပြီးပြည့်စုံခြင်းနှင့် အပြိုင်ဖြစ်သည်။

ဏ။ ဘုရားသခင်၏လက်ဆောင်ဖြစ်သော နောင်တရခြင်းသည် ကယ်တင်ခြင်းရရန် တုံ့ပြန်မှုအတွက် အမိန့်ဖြစ်သော နောင်တရခြင်း(မာကု ၁း၁၅။ တမန် ၂၀း၂၁)နှင့် အပြိုင်ဖြစ်သည်။

တ။ ဓမ္မဟောင်းကျမ်းမှာ အမြဲအသက်ဝင်နေသည်ဟု ဆိုခြင်းသည် ဓမ္မဟောင်းကျမ်းမှာ ခေတ်ကုန်သွားပြီး၊ ပျက်ပြယ်ဆိတ်သုဉ်းသွားခဲ့ပြီ (မဿဲ ၃း၁၇–၁၉ အပြိုင် ၅း၂၁–၄၈။ ရောမ ၇ အပြိုင် ဂလာတိ ၃) ဟု ဆိုခြင်းနှင့်အပြိုင်ဖြစ်သည်။

ထ။ ယုံကြည်သူများသည် အစေခံများ/ ကျွန်များဖြစ်သည်ဆိုခြင်းနှင့် သားသမီးများ/ အမွေခံများဖြစ်သည်ဆိုခြင်းတို့မှာ အပြိုင်ဖြစ်သည်။

■ **"ဝါကြွားစရာအကြောင်းကိုပယ်ပြီ"** ဤဝေါဟာရ (*ek* [out] *kleio* [shut])တို့ ပေါင်းစပ်ခြင်းကို ဤနေရာနှင့် ဂလာတိ ၄း၁၇ ၌သာသုံးသည်။ လုံးစေ့ပတ်စေ့အဓိပ္ပါယ်မှာ "အလုပ်ပိတ်သည်"ဟူ၍ဖြစ်သည်။

■**"ယုံကြည်ခြင်းတရားအားဖြင့်"** ဘုရားသခင်၏ပဋိညာဉ်တရားအသစ် ယေ ၃၁း၃၁–၃၄။ (ယေရ ၃၆း၂၂–၃၈)သည် လုပ်ဆောင်မှုအပေါ် အခြေပြုခြင်းမဟုတ်ဘဲ ကျေးဇူးဂရုဏာနှင့်ပြည့်သော စရိုက်တော်နှင့်ကတိတော်အား ယုံကြည်ခြင်း၊ ကိုးစားခြင်းဖြစ်သည့် trust/ faith/ belief တည်းဟူသော *(pistis* )ကို အခြေပြုသည်။ ပဋိညာဉ်တရားအဟောင်းနှင့် အသစ်နှစ်မျိုးလုံးမှာ ကျဆင်းခဲ့ပြီးသော လူသားအား ဘုရားသခင်၏စရိုက်တော် (ဖြောင့်မတ်ခြင်းဥပမာ ဝတ် ၁၉း၂။ မဿဲ ၅း၄၈။ ရောမ ၈း၂၉) အတိုင်း ပြောင်းလဲသွားစေရန်ဖြစ်သည်။

**၃း၂၈ "လူတစ်ယောက်သည် ပညတ်တရား၏အကျင့်မပါဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းခံရသည်ဟု ငါတို့အခိုင်အမာဆိုကြသည်"** ၎င်းသည် ၃း၂၁–၂၆အား အကျဉ်းချုံ့ခြင်းနှင့် အခန်းကြီး ၄–၈တို့အား တင်ကူး၍ အရိပ်ပြခြင်းဖြစ်သည်။ (၂တိ ၁း၉။ တိ ၃း၅)။ ကယ်တင်ခြင်းသည် ခရစ်တော်ပြီးစီးခဲ့သည့် အလုပ်မှတဆင့် အခမဲ့လက်ဆောင်ဖြစ်သော်လည်း (၃း၂၄။ ၅း၁၅၊၁၇။ ၆း၂၃။ ဧဖက် ၂း၈–၉) ရင့်ကျက်ခြင်းမှာမူ နာခံသော၊ဆောင်ရွက်သော၊ ဝတ်ပြုကိုးကွယ်သောအသက်တာဖြစ်သည့် "အရာခပ်သိမ်း"အား ၎င်း၏တန်ဘိုးအဖြစ် ပေးဆပ်ရသည်။ (ဂလာတိ ၅း၆။ ဧဖက် ၂း၁၀။ ဖိလိပ္ပိ ၂း၁၂ နှင့် ၁း၅ ၏မှတ်ချက်များ၌ကြည့်ပါ။

**၃း၂၉** ဘုရားသခင်၏ရည်ရွယ်ချက်မှာ သဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခဲ့သည့် လူသားအားလုံး ရွေးနှုတ်ရန်ဖြစ်သည်။ (ကမ္ဘာ ၁း၂၆၊ ၂၇။ ၅း၁။ ၉း၆)။ ရွေးနှုတ်ခြင်းကတိတော်ဖြစ်သည့် ကမ္ဘာ ၃း၁၅မှာ အာဒံ၏သားသမီးများအားလုံး

အတွက်ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာအား ရွေးချယ်ရန်အလို့ငှါ၊ အာဗြဟံကိုရွေးချယ်ခဲ့သည်။ (ကမ္ဘာ ၁၂း၃၁။ ထွက် ၁၉း၄–၆။ ယော၃း၁၆)။

ဤအခန်းငယ်သည် ၃း၉နည်းတူ ရောမအသင်းတော်အတွင်း ဂျူးခေါင်းများနှင့် တပါးအမျိုးသားများအကြား တင်းမာမှုအား ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။ ဂျူးများ၏ဝတ်ပြုကိုးကွယ်မှုအား တားဆီးသော Nero ဘုရင်၏အမိန့်တော်ကြောင့် ဂျူးလူမျိုးတို့သည် ရောမမြို့မှ ထွက်ခွါသွားကြပြီး၊ ၎င်းတို့နေရာတွင် တပါးအမျိုးသားခေါင်းဆောင်များအစားထိုးဝင်လာသည်။ အခန်းကြီး ၉–၁၁သည်လည်း ဤတင်းမာမှုကိုပင် ပြောနေခြင်းဖြစ်နိုင်သည်။

**၃း၃၀**

NASB **"စင်စစ်မှုကား ဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူ၏"**

NKJV **"ဘုရားသခင် တစ်ဆူရှိ၏"**

NRSV **"ဘုရားသခင်မှာ တစ်ဆူတည်းဖြစ်၏"**

TEV **"ဘုရားသခင်သည် တစ်ဆူဖြစ်၏"**

NJB **"ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏"**

၎င်းမှာ ပထမတန်းစား ချွင်းချက်ပါသောဝါကျဖြစ်ပြီး၊ စာရေးသူ၏အမြင်၌ မှန်ကန်သောအရာအဖြစ် မှတ်ယူခြင်း (ဝါ)သူ၏စာရေးဟန်ဖြစ်သည်။ တစ်ဆူတည်းသောဘုရားအယူဝါဒမှန်သည်ဆိုလျှင်၊ ထိုအရှင်မှာ လူသားအားလုံး၏ဘုရားပင်ဖြစ်ပေမည်။

## အထူးအကြောင်းအရာ။ ။ ဘုရားတစ်ဆူတည်းသာရှိသည်ဟူသော အယူဝါဒ

အစ္စရေး (အာဗြဟံ ၂၀၀၀ ဘီ၊ စီ)အတွက်မှာမူ "ဘုရားအများထဲက"အဆင့်မြင့်ဘုရား high good– သို့မဟုတ် အမြွာဘုရားဖြစ်သော (Zoroastrianism)၊ ကောင်းမြတ်သည့် Iranian ဘုရားမျှသာလျှင်မဟုတ်ဘဲ၊ တစ်ဆူတည်းသာလျှင်ဖြစ်သော ဘုရားသည်သာ အစစ်အမှန်ဖြစ်သည်။ ရှားရှားပါးပါး ချွင်းချက်တစ်ယောက် အီဂျစ်နိုင်ငံ၌ တစ်ခဏသာရှိခဲ့ဘူးသည်။ (Akhenatan အဖြစ်လည်း သိရှိထားကြသည့် စတုတ္ထမြောက် Amenhotep IV ဖြစ်သည်။ ၁၃၆၇–၁၃၅၀ (ဝါ) ၁၃၈၆–၁၃၆၁ ဘီ၊ စီ)

ဤအယူဝါဒကို ဓမ္မဟောင်းကျမ်း၌ စကားစုအတော်များများဖြင့် ဖော်ပြသည်။

၁။ "ငါတို့၏ *Elohim* ဖြစ်သော YHWH နှင့်တူသောသူတစ်ယောက်မျှမရှိ။"ထွက် ၈း၁၀။ ၉း၁၄။ တရား ၃၃း၂၆။ ၃ဓမ္မ ၈း၂၃။

၂။ "သူ့အပြင်အခြားမရှိ"၊ တရား ၄း၃၅၊ ၃၉။ ၃၂း၃၉။ ၁ဓမ္မ ၂း၂။ ၂ဓမ္မ ၂၂း၃၂။ ဟေရှာ ၄၅း၂၁။ ၄၄း၆၊ ၈။ ၄၅း၆၊ ၂၁။

၃။ " YHWH သည် တစ်ဆူတည်းဖြစ်တော်မူ၏"။ တရား ၆း၄။ ရောမ ၃း၃၀။ ၁ကော ၈း၄၊ ၆။ ၁တိ ၂း၅။ ယာကုပ် ၂း၁၉။

၄။ "ကိုယ်တော်ကဲ့သို့သောသူမရှိ" ၂ဓမ္မ ၇း၂၂။ ယေရ ၁၀း၁၆။

၅။ "ကိုယ်တော်သာလျှင် ဘုရားဖြစ်တော်မူ၏။" ဆာ ၈၆း၁၀။ ဟေရှာ ၃၇း၁၆။

၆။ "ငါ့ရှေ့မှာ ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမရှိ၊ ငါ့နောက်မှာလည်း အဘယ်ဘုရားသခင်မျှမရှိ" ဟေရှာ ၄၃း၁၀။

၇။ "ငါတပါးတည်းသာ...။" ဟေရှာ ၄၅း၅၊ ၆၊ ၂၂။

၈။ "ထိုဘုရားမှတပါး၊ အခြားဘုရားမရှိ" ဟေရှာ ၄၅း၁၄၊ ၁၈။

၉။ "ငါမှတပါးအခြားသောဘုရားမရှိ" ဟေရှာ ၄၅း၂၁။

၁၀။ ငါမှတပါး၊ ငါကဲ့သို့သောအခြားဘုရားမရှိ" ဟေရှာ ၄၆း၉။

အပြတ်ဆုံးဖြတ်ချက်ပေးသော ဤအယူဝါဒအား တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်ပြခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံရပေမည်။ ကနဦးဖော်ပြချက်များမှာ "ထာဝရဘုရားသခင်သည် အခြားဘုရားတို့၏အထွဋ်အထိပ်ဖြစ်သည်" (henotheism) သို့မဟုတ် လက်တွေ့အားဖြင့်မူ တစ်ဆူတည်းသောဘုရား အယူဝါဒဖြစ်သည်ဟု နားလည်ထားရန်ဖြစ်သည်။ (အခြားသောဘုရားများရှိသော်လည်း၊ ငါတို့အတွက်မှာမူ တစ်ဆူတည်းသာလျှင်ဖြစ်သည်။ ထွက် ၁၅း၁၁။ ၂၀း၂–၅။ တရား ၃း၂၈။ ၅း၇။ ၆း၄၊ ၁၄။ ၁၀း၁၇။ ၃၂း၁၂။ ၃ဓမ္မ ၈း၂၃။ ဆာ ၈၃း၁၈။ ၈၆း၈။ ၁၃၆း၁–၂)

ပထမဆုံးအကြိမ်ဓကေဝုစ်(အနည်း)ကိန်းဖြင့် ဖော်ပြသောကျမ်းပိုဒ်များမှာ စောစောကပင်ဖြစ်သည်။ (ထွက် ၈း၁၀။ ၉း၁၄။ တရား ၄း၃၅၊ ၃၉။ ၃၃း၂၆)။ အပြည့်အစုံ အပြိုင်ဖြစ်သော အဆိုများကို ဟေရှာယ ၄၃–၄၆ အတွင်း တွေ့ရှိရသည်။ (၄၃း၁၁။ ၄၄း၆၊ ၈။ ၄၅း၇၊ ၁၄၊ ၁၈၊ ၂၂။ ၄၆း၅၊ ၉)။

ဓမ္မသစ်ကျမ်းသည် တရားဟော ၆း၄ အား ရောမ ၃း၃၀။ ၁ကော ၈း၄၊ ၆။ ဧဖက် ၄း၆။ ၁တိ ၂း၅ နှင့် ယာကုပ် ၂း၁၉ တို့၌ညွှန်းသည်။ ယေရှုသည် ၎င်းအား ပညတ္တိကျမ်း၏အကြီးဆုံးအချက်အဖြစ် မဿဲ ၂၂း၃၆–၃၇။ မာကု ၁၂း၂၉–၃၀။ လုကာ ၁၀း၂၇ တို့၌ ဖော်ပြညွှန်းဆိုသည်။ ဓမ္မဟောင်းကျမ်းနည်းတူ၊ ဓမ္မသစ်ကျမ်းသည်လည်း အခြားသောနဝိညာဉ်များရှိကြောင်း ခိုင်မာစွာ ဖော်ပြသော်လည်း (နတ်ဆိုးများ၊ ကောင်းကင်တမန်များ) ဖန်ဆင်းရှင်/ ရွေးနှုတ်သောအရှင် ထာဝရအရှင်ဘုရားသခင် YHWH (ကမ္ဘာ ၁း၁) တစ်ဆူတည်းကိုသာလျှင် အခိုင်အမာဖော်ပြသည်။

သမ္မာကျမ်းစာလာ တစ်ဆူတည်းသောဘုရားရှင်အား ထင်ရှားအောင် ဖော်ပြမှုများမှာ

၁။ ထာဝရဘုရားရှင်သည် တစ်ဆူတည်းနှင့်အစစ်အမှန်ဖြစ်သည်။ (ယထာဘူတသဘောဆောင်သော်လည်း အတိအကျမဟုတ်ချေ)
၂။ ထာဝရဘုရားရှင်မှာ ပုဂ္ဂိုလ်ဖြစ်သည် (ကမ္ဘာ ၁း၂၆–၂၇။ ၃း၈)
၃။ ဘုရားသခင်သည် ကိုယ်ကျင့်တရားနှင့်ဆိုင်သည်။ (ထွက် ၃၄း၆။ နေဟမိ ၉း၁၇။ ဆာလံ ၁၀၃း၈–၁၀)
၄။ ဘုရားသခင်သည်လူသားကို မိမိနှင့်မိတ်သဟာယပြုစေရန် (#၂) မိမိ၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသည်။ (ကမ္ဘာ ၁း၂၆–၂၇) သူသည် သဝန်တိုတတ်သောဘုရားဖြစ်သည်။ (ထွက် ၂၀း၂–၃။ အပြစ်ရှိသည်ဟု ထင်လွယ်သူ/သဝန်တိုတတ်သူ)

ဓမ္မသစ်ကျမ်းထဲတွင်

၁။ ဘုရားသခင်၌ ထာဝရဖြစ်သော၊ ပုဂ္ဂိုလ်အားဖြင့် ပေါ်လွင်မှုသုံးခုရှိသည်။ (အထူးအကြောင်းအရာ။ ။ သုံးဆူဘုရား – ၈း၁၁ ၌ကြည့်ပါ)။
၂။ ဘုရားသခင်သည် စုံလင်ပြည့်ဝစွာဖြင့် ယေရှုအထဲ ဖွင့်ပြခဲ့သည်။ (ယော ၁း၁–၁၄။ ကော ၁း၁၅–၁၉။ ဟေဗြဲ ၁း၂–၃)
၃။ ကျဆင်းခဲ့ပြီးသောလူသားအား ရွေးနှုတ်ရန် ဘုရားသခင်၏ ထာဝရအစီအစဉ်မှာ၊ သူ၏တစ်ပါးတည်းသောသားတော်သည် ယဇ်ကောင်အဖြစ် မိမိကိုယ်မိမိ ပေးလှူပူဇော်ခြင်းဖြစ်သည်။ (ဟေရှာ ၅၃။ မာကု ၁၀း၄၅။ ၂ကော ၅း၂၁။ ဖိလိ ၂း၆–၁၁။ ဟေဗြဲ)

**■ "အရေဖျားလှီးခြင်းခံသူတို့အား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူသည်"** "ဖြောင့်မတ်စေသည်" ဟူသော ဂရိစကားလုံးမှာ "ဖြောင့်မတ်ခြင်း"စကားနှင့် မူရင်းအတူတူပင်ဖြစ်သည်။ အထူးအကြောင်းအရာ– ၁း၁၇ ၌ကြည့်ပါ။ ဘုရားသခင်နှင့်မှန်ကန်ရန် နည်းလမ်းတစ်ခုတည်းသာလျှင်ရှိသည်။ (ရောမ ၉း၃၀–၃၂)။ ကယ်တင်ခြင်း အတွက် သတ်မှတ်သောစံနှုန်းနှစ်ရပ်မှာ ယုံကြည်ခြင်းနှင့် နောင်တရခြင်းဖြစ်သည်။ (မာကု ၁း၁၅။ တမန် ၃း၁၆၊ ၁၉။ ၂၀း၂၁။ ၁း၅ ၏မှတ်ချက်၌ကြည့်ပါ။) ၎င်းသည် ဂျူးနှင့်တပါးအမျိုးသား နှစ်မျိုးစလုံးအတွက်မှန်သည်။

**■ "ယုံကြည်ခြင်းအားဖြင့်...ယုံကြည်ခြင်းမှတဆင့်"**ဤစကားစုနှစ်မျိုးမှာ အလားတူဖြစ်ကြောင်းသိသာသည်။ ဝိဘတ်ဖြစ်သော ek နှင့် dia တို့ကို အပြန်အလှန်သုံးပြီး၊ ကွဲပြားခြားနားသောသဘော ရည်ရွယ်ခြင်းမရှိချေ။

NASB(နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၃း၃၁

[31]သို့ဖြစ်လျှင် ငါတို့သည် ယုံကြည်ခြင်းတရားအားဖြင့် ပညတ်တရားတော်ကို ပယ်ဖျက်ကြသလော? ထိုသို့မည်သည့်အခါမျှ မဖြစ်နိုင်ချေ! ထိုသို့ဖြစ်ရမည့်အစား ငါတို့သည် ပညတ်တရားတော်ကို ခိုင်မြဲစေကြ၏။

၃း၃၁

**NASB** **"သို့ဖြစ်လျှင် ငါတို့သည် ယုံကြည်ခြင်းတရားအားဖြင့် ပညတ်တရားတော်ကို ပယ်ဖျက်ခဲ့ကြသလော?"**

**NKJV** **"သို့ဖြစ်လျှင် ငါတို့သည် ယုံကြည်ခြင်းတရားအားဖြင့် ပညတ်တရားတော်ကို ဆိတ်သုဉ်းသွားစေခဲ့ကြသလော?"**

**NRSV** **"သို့ဖြစ်လျှင်၊ ငါတို့သည် ဤယုံကြည်ခြင်းတရားအားဖြင့် ပညတ်တရားတော်အား မှောက်လှန်ခဲ့ကြသလော?"**

**TEV** **"ငါတို့သည် ဤယုံကြည်ခြင်းတရားအားဖြင့် ပညတ်တရားတော်ကို ဖယ်ရှားခဲ့ကြသည်ဟု ဆိုလိုသလော?"**

**NJB** **"ယုံကြည်ခြင်းတရားသည် ပညတ်တရားတော်ကို အကြောင်းမဲ့ဖြစ်သွားစေသည်ဟု ဆိုလိုသလော"**

ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းအား ကွဲပြားခြားနားသောနည်းလမ်းနှစ်မျိုးဖြင့် တင်ပြသည်။

၁။ ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြစ်သည်။ ဘုရားသခင်ပေးသော ဖွင့်ပြမှုဖြစ်ပြီး၊ မည်သည့်အခါ၌မျှ ပျက်စီးသွားမည်မဟုတ်ချေ။ (မဿဲ ၅း၁၇–၁၉။ ရောမ ၇း၁၂၊ ၁၄၊ ၁၆)

၂။ ၎င်းသည် ဟောင်းနွမ်း၍၊ ကုန်လွန်ခဲ့ပြီ(ဟေဗြဲ ၈း၁၃)

ပေါလုသည် "ပျက်ပြယ်"(nullify)စကားလုံးကို အကြိမ်ပေါင်းနှစ်ဆယ့်ငါးကြိမ်တိုင် သုံးခဲ့သည်။ ၎င်းစကားလုံးအား "ပျက်ပြယ်၍ ဆိတ်သုဉ်းသွားစေသည်" "တန်ခိုးမဲ့ဖြစ်သွားစေသည်" "အကျိုးသက်ရောက်မှုမရှိ ဖြစ်သွားစေသည်" ဟူ၍ ဘာသာပြန်ကြသည်။ အထူးအကြောင်းအရာ။ ။ ၃း၃ ၌ကြည့်ပါ။ ပေါလုအဆိုမှာမူ ပညတ်တရားတော်မှာ အထိန်းတော်(ဂလာ ၃း၂၃)နှင့် ဆရာ (ဂလာ ၃း၂၄)ဖြစ်သော်လည်း ထာဝရအသက်ကိုမူ မပေးနိုင်ချေ။ (ဂလာ ၂း၁၆၊ ၁၉။ ၃း၁၉) လူသားအား ပြစ်ဒဏ်စီရင်ရာ၌ ၎င်းကိုအခြေပြုခြင်းဖြစ်သည်။ (ဂလာ ၃း၁၃။ ကော ၂း၁၄)။ "အဆိုးအကောင်းခွဲခြားသိမြင်ရာအပင်"နည်းတူ မောရှေ၏ပညတ်ကျမ်းသည်လည်း ဖွင့်ပြခြင်းနှင့် လူ၏ကျင့်ဝတ်အားစမ်းသပ်မှုဖြစ်သည်။

ပညတ်တရားဟုဆိုရာ၌ ပေါလု၏ဆိုလိုရင်းမှာ မသဲကွဲချေ။

၁။ ဂျူးဘာသာ၏ဖြောင့်မတ်ခြင်းဆိုင်ရာနည်းစံနစ်

၂။ ခရစ်တော်အထဲ ကယ်တင်ခြင်းရရန် တပါးအမျိုးသားယုံကြည်သူများ ဖြတ်သွားကြရမည့် အဆင့်တဆင့် (ဂလာတိအသင်းတော်တွင်းရှိ ဂျူးဘာသာဝင်များ)

▣ **"ပညတ်တရားတော်ကို ခိုင်မြဲစေကြ၏"**နောက်က စကားစုကိုကြည့်ပါက၊ ဤစကားစု၏အဓိပ္ပါယ်မှာ အဘယ်နည်း? ဖြစ်နိုင်ချေမှာ

၁။ ပညတ်တရားတော်သည် ကယ်တင်ခြင်းရရန် လမ်းမဟုတ်ဘဲ၊ ဆက်လက်စောင့်ထိန်းသွားရန် ကိုယ်ကျင့်တရား လမ်းပြဖြစ်သည်။

၂။ "ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း" ၃း၂၁။ ၄း၃ ဩဝါဒအား သက်သေခံသည်။ (ကမ္ဘာ ၁၅း၆။ ဆာလံ ၃၂း၁–၂၊ ၁၀–၁၁)

၃။ ပညတ်တရား၏အားနည်းမှု (လူသား၏ဆန့်ကျင်ပုန်ကန်မှု ရောမ ၇။ ဂလာ ၃)အပေါ် ဘုရားသခင်

ကျေနပ်မှုကို ခရစ်တော်၏အသေခံခြင်းက ပြည့်စုံစေသည် ၈း၃–၄။

၄။ ဖွင့်ပြတော်မူခြင်း၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏သဏ္ဍာန်တော်ကို လူသားအထဲပြန်လည်ဖော်ဆောင်ရန်ဖြစ်သည်။

တရားဥပဒေဆိုင်ရာ ဖြောင့်မတ်ခြင်းသဘောအားဖြင့် ပညတ်တရားတော်သည် စစ်မှန်သောဖြောင့်မတ်ခြင်း/ခရစ်တော်နှင့် တူညီခြင်းအတွက် လမ်းပြတစ်ခုဖြစ်လာသည်။

အထူးအကြောင်း အရာ။ ။ မောရှေ၏ပညတ္တိကျမ်းအပေါ် ပေါလု၏အမြင် ၁၃း၉ ၌ကြည့်ပါ။

ထိတ်လန့်ဘွယ်ရာကောင်းသည့် ဆန့်ကျင်ဘက်ဖြစ်နေဟန် မှန်သောအရာတစ်ခုမှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတည်မြဲစေရန် ပညတ်တရားသည် မစွမ်းဆောင်နိုင်ခဲ့သော်လည်း၊ ၎င်း၏ပျက်ပြယ်သွားမှုမှ တစ်ဆင့် ခရစ်ယာန်သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏အခမဲ့ကျေးဇူးတော်မှတဆင့် ဖြောင့်မတ်သော၊ ဘုရားတရားနှင့်ညီသောဘဝဖြင့် အသက်ရှင်သွားကြသည်။ ပညတ်တရားတော်၏ပန်းတိုင်မှာ အောင်မြင်သွားခဲ့ပြီ ဖြစ်သည်။ သို့သော် လူသား၏ဆောင်ရွက်မှုအားဖြင့် မဟုတ်ဘဲ၊ ခရစ်တော်အထဲ၊ ဘုရားသခင်၏အခမဲ့ကျေးဇူးတော် ကြောင့်သာဖြစ်ပါသတည်း! ၄း၁–၁၂ "ခိုင်မြဲစေသည်"ဝေါ်ဝါဟာရအား အထူးအကြောင်းအရာ။ ။ရပ်တည်သည် ၅း၂ ၌ကြည့်ပါ။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းစီသည် မိမိရရှိထားသည့်အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်းရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သောဤမေးခွန်းများမှာ ဤစာအုပ်၏ဤအပိုင်းတွင်ပါဝင်သော အဓိကအကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊ စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ရောမ ၃း၂၁–၃၁အား မိမိစကားဖြင့် အကျဉ်းချုံ့ပါ။

၂။ ဘုရားသခင်သည် အတိတ်ကာလကလူသားတို့၏အပြစ်များကို အဘယ်ကြောင့်လစ်လျူရှုခဲ့သနည်း? (ငယ် ၂၅)

၃။ ဓမ္မဟောင်းခေတ်ယုံကြည်သူများ မည်သို့မည်ပုံအပြစ်မှ ကယ်တင်ခြင်းရခဲ့ကြသနည်း? (၃း၂၅)

၄။ ယေရှုအား ယုံကြည်ခြင်းသည် ပညတ်တရားတော်ကို မည်သို့ခိုင်မြဲစေသနည်း? (၃း၃၁)။

# ရောမ ၄

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEB | NJB |
| အာဗြဟံ၏ဥပမာ | အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းရ | အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းရ | အာဗြဟံ၏ဥပမာ | အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်စေခြင်းရ |
| ၄း၁–၁၂ | ၄း၁–၄<br>ဒါဝိဒ်သည်အလားတူသမ္မာတရားကိုပြ<br>၄း၅–၈<br>အာဗြဟံသည်အရေဖျားမလှီးမီဖြောင့်မတ်စေခြင်းရ | ၄း၁–၈ | ၄း၁–၈ | ၄း၁–၈<br>အရေဖျားမလှီးမီဖြောင့်မတ်စေခြင်းရ |
| ယုံကြည်ခြင်းအားဖြင့်ကတိတော်ကိုရရှိစေ | ၄း၉–၁၂<br>ယုံကြည်ခြင်းအားဖြင့် ကတိတော်အတိုင်းပေးသနား | ၄း၉–၁၂<br>အာဗြဟံ၏စစ်မှန်သောအနွယ်များ | ၄း၉–၁၂<br>ဘုရားသခင်၏ကတိတော်အတိုင်းရ | ၄း၉–၁၂<br>ပညတ်တော်လိုက်နာ၍ဖြောင့်မတ်သည်မဟုတ် |
| ၄း၁၃–၂၅ | ၄း၁၃–၂၅ | ၄း၁၃–၁၅<br>၄း၁၆–၂၅ | ၄း၁၃–၁၅<br>၄း၁၆–၂၅ | ၄း၁၃–၁၇<br>အာဗြဟံ၏ယုံကြည်ခြင်းသည်ခရစ်ယာန်ယုံကြည်ခြင်း၏ဥပမာ<br>၄း၁၈–၂၅ |

## ဖတ်လည်ဖတ်ရှု၏ အကျော့သုံး(စာမျက်နှာ Xi –ကြည့်)

### *မူရင်းစာရေးသူ၏ စာပိုဒ်အလိုက်ရည်ရွယ်ချက်အားနားလည်ခြင်း*

ဤင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင်အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲလျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်းအပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ၎င်းမှာအနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်
၃။ တတိယ စာပိုဒ်
၄။ ... စသဖြင့်

## စာအဆက်အစပ်ဖြင့် နားလည်ခြင်း

က။ ကျဆင်းခဲ့ပြီးဖြစ်သောလူသားအား မောရှေ၏ပညတ်တရားအားဖြင့် လုံးဝမဟုတ်ဘဲ၊ အခမဲ့လက်ဆောင်အားဖြင့် ဘုရားသခင်နှင့် မှန်ကန်သူအဖြစ် ကျေညာပေးခြင်းခံရသည်ဟု အခိုင်အမာဆိုသော ပေါလု၏ထိတ်လန့်ဘွယ်ရာ သွန်သင်ချက်အား ၃း၂၁–၃၁၌ဖော်ပြသည်။ ပေါလု၏စိတ်ထဲ၌ ဂျူးဘာသာအားဆန့်ကျင်သောသဘောရှိကြောင်း ထင်ရှားသည်။ ယခုပေါလုသည် မိမိဟောသည့် ဧဝံဂေလိသတင်းကောင်းမှာ မိမိအဆန်းထွင်ခြင်းမဟုတ်ကြောင်းအား (၃း၂၁) ဓမ္မဟောင်းကျမ်းမှ အာဗြဟံနှင့်ဒါဝိဒ်တို့အားဖြင့် ဥပမာပေးကာ သက်သေပြသည်။ (အငယ် ၆–၈)

ခ။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဩဝါဒအတွက် ကိုးကားသောအထောက်အထားများကို မောရှေ၏ပညတ္တိကျမ်းဖြစ်သည့် ကမ္ဘာဦးကျမ်းမှ တရားဟောရာကျမ်းတည်းဟူသော ပထမကျမ်းငါးတို့မှယူကာ ရောမ ၄ ၌တင်ပြထားသည်။ ဤအကြောင်း ၃း၂၁–၃၁၌ အကျဉ်းချုံ့ဖော်ပြသည်။ ဂျူးလူမျိုးတစ်ဦးအတွက်ဆိုပါမူ မောရှေ၏ကျမ်းများ ကိုးကားဖော်ပြခြင်း၊ အထူးသဖြင့် ဂျူးလူမျိုးများ၏ဖခင်ကြီးအဖြစ် ရှုမြင်ခြင်းခံရသူ အာဗြဟံနှင့်ဆိုင်သောအကြောင်းအရာများအား ကိုးကားဖော်ပြခြင်းသည် ဓမ္မသဘောတရားအရ အထူးအဓိပ္ပါယ်ပြည့်ဝသည်။ ဒါဝိဒ်အား ကြွလာလတ့ံသော မေရှိယ၏ပုံစံအဖြစ် ရှုမြင်ထားကြသည်။ (၂ဓမ္မရာဇဝင် ၇)

ဂ။ ရောမအသင်းတော်အတွက် ယုံကြည်သူဂျူးများနှင့် ယုံကြည်သူတစ်ပါးအမျိုးသားများအကြား တင်းမာမှုကြောင့် ဤအကြောင်းအား ဆွေးနွေးခြင်းဖြစ်နိုင်သည်။ ဂျူးလူမျိုးခရစ်ယာန်ခေါင်းဆောင်များသည် သူတို့အားနေးရိုး (Nero)ဘုရင်ကြီးက ရောမမြို့အား စွန့်ခွါထွက်ပြေးစေလိုသည်ဟု ခံစားခဲ့ကြသည်။ (သူကဂျူးများ၏ဘာသာရေးပွဲတော်များ အားလုံးပယ်ဖျက်သည်)။ အသင်းတော်အတွင်း သူတို့၏နေရာကိုတစ်ပါးအမျိုးသားခရစ်ယာန်ခေါင်းဆောင်များ အစားထိုးနေရာယူကြသည်။ ပထမအသုတ် ပြန်လာသူများကြောင့် ခေါင်းဆောင်နေရာ မည်သူယူရမည်အကြောင်းနှင့် အငြင်းပွါးမှုဖြစ်ပွါးလာခဲ့သည်။

ဃ။ ကျဆင်းခဲ့ပြီးဖြစ်သောလူသားသည် မိမိတို့ရရှိသောဝိညာဉ်ရေးရာအလင်းတရားအား တုံ့ပြန်မှုပြုကာ၊ ဘုရားသခင်အား ယုံကြည်ခြင်းနှင့် နောင်တရခြင်းမှတဆင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရခဲ့ကြခြင်းဖြစ်ကြောင်း ရောမ ၄ ကဖော်ပြသည်။ (ကမ္ဘာ၊ ၁၅း၆။ ရောမ ၄း၃)။ အသစ်သောပဋိညာဉ်တရားသည် နည်းလမ်းပေါင်းများစွာဖြင့် ပဋိညာဉ်တရားဟောင်းနှင့် ပြတ်ပြတ်ထင်ထင် ကွဲပြားခြားသည်မဟုတ်ချေ။ ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၂–၃၈)

င။ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းအား လူသားအားလုံးအတွက်လမ်းဖွင့်ပေးထားခြင်းဖြစ်ပြီး၊ ကနဦးယုံကြည်ခြင်း ဖခင်ကြီးများ(ဝါ)အစ္စရေးလူမျိုးများအတွက်သာလျှင်မဟုတ်ချေ။

စ။ ပေါလုသည် ယခင်က ဂလာတိ ၃၌ဖော်ပြခဲ့သည့်အတိုင်း အာဗြဟံအကြောင်းကိုအခြေပြုကာ မိမိ၏ဓမ္မသဘောတရားဆိုင်ရာ တင်ပြမှုအား ဤနေရာ၌ အကျယ်တဝင့်ဖော်ပြသည်။

ဆ။ ကျွန်ုပ်သည် ဧဝံဂေလိသတင်းကောင်း ခရစ်ယာန်တစ်ဦးအနေဖြင့် ရောမ ၃း၂၁–၃၁။ ၄း၁–၂၅။ ၅း၁–၂၁ နှင့်ဂလာတိ ၃တို့မှာ အဆုံးအဖြတ်ပေးသောကျမ်းပိုဒ်များဖြစ်သည်ဟု ဝန်ခံပါသည်။ ၎င်းကျမ်းပိုဒ်များသည်

ခရစ်ယာန်အကြောင်းအား ကျွန်တော်နားလည်သဘောပေါက်နိုင်သည့်နည်းဖြင့် ရှင်းလင်းပေးပါသည်။ ကျွန်တော်၏မြော်လင့်ခြင်းသည် အောက်ပါတို့အပေါ် အခြေတည်နေပါသည်။

၁။ ဘုရားသခင်၏ကျေးဇူးတော်

၂။ ခရစ်တော်၏ကျေးဇူးတော်

၃။ သမ္မာကျမ်းစာ၏ ယုံကြည်စိတ်ချရမှု

၄။ ပေါလု၏ ရှင်းလင်းသောစာများ

## စကားလုံးနှင့် စကားစုလေ့လာမှု

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၄း၁–၈

**[1]ထိုသို့ဖြစ်လျှင်၊ ငါတို့ဘိုးဘေးအာဗြဟံသည် သွေးသားဇာတိအားဖြင့် ဘယ်အကျိုးရသနည်း။ [2]အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မှန်လျှင် ဝါကြွားစရာအကြောင်းရှိ၏။ သို့သော် ဘုရားသခင့်ရှေ့တော်၌ ထိုသို့မဟုတ်။ [3]ကျမ်းစာ၌ အဘယ်သို့လာသနည်း အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူတော်မူ၏။ [4]အကျင့်ရှိသောသူမည်သည်ကား မျက်နှာသာပေးမှုအားဖြင့် အကျိုးခံစားရသည်မဟုတ်။ ရထိုက်သောအရာအား ရရှိခြင်းဖြစ်၏။ [5]အကျင့်မရှိသောသူမည်သည်ကား ဘုရားတရားမရှိသောသူအား ဖြောင့်မတ်စေသောသူကို ယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်ယူ၏။ [6]ထို့အတူ အကျင့်ကိုမထောက်ဘဲ၊ ဘုရားသခင်၏ဖြောင့်မတ်စေတော်မူခြင်း ခံရသူ၏ကောင်းချီးအကြောင်း ဒါဝိဒ်သည်လည်း ပြောသည့်အတိုင်း [7]တရားမဲ့သောအပြုအမူများအား အပြစ်လွှတ်ခြင်းခံရကာ၊ ၎င်းတို့၏အပြစ်ဖုံးအုပ်ပေးခြင်းခံရသူတို့သည် မင်္ဂလာရှိကြ၏။ [8]ထာဝရဘုရား၏ ပြစ်တင်တော်မူခြင်းနှင့်လွှတ်သောသူသည် မင်္ဂလာရှိ၏။**

**၄း၁ "ငါတို့ဘိုးဘေးအာဗြဟံ"**အာဗြဟံ၏နာမည်အဓိပ္ပါယ်မှာ "လူများစွာတို့၏ဖခင်"ဟူ၍ဖြစ်သည်။ (အငယ် ၁၆–၁၈)။ သူ၏မူလနာမည် "အာဗြံ"သည် "ချီးမြှောက်ခြင်းခံရသောဖခင်"ဟူ၍ အဓိပ္ပါယ်ရှိသည်။

ဤနေရာ၌သုံးသည့် စာရေးဟန်မှာ ပြစ်တင်ဝေဖန်စာမျိုးဖြစ်သည်။ (၄း၁။ ၆း၁။ ၇း၇။ ၈း၃၁။ ၉း၁၄၊၃၀) အာဗြဟံအား ဥပမာထားရခြင်းမှာ (ကမ္ဘာ ၁၁း၂၇–၂၅း၁၁)

၁။ ဂျူးတို့သည် မိမိတို့အမျိုး၏မူလအဖြစ် ထိုသို့သောဂုဏ်ယူမှုများရှိခြင်းကြောင့် (မဿဲ ၃း၉။ ယောဟန် ၈း၃၃၊ ၃၇၊ ၃၉)

၂။ သူကိုယ်တိုင်၏ ယုံကြည်ခြင်းသည် ပဋိညဉ်တရား ပုံစံနှင့်အလားတူနေခြင်းကြောင့် (ကမ္ဘာ ၁၅း၆)

၃။ သူ၏ယုံကြည်ခြင်းသည် မောရှေ၏ပညတ္တိကျမ်းပေးခြင်းထက် အရင်ကျသောကြောင့် (ထွက် ၁၉–၂၀)

၄။ သူ့အား မှားယွင်းသောဆရာသမားများ အသုံးပြုခြင်းကြောင့် (ယုဒဘာသာဝင်များ ဥပမာ –ဂလာတိ မြို့သားများ)

ကနဦးကျမ်းတတ်ပုဂ္ဂိုလ်များသည် အကြောင်းရင်းအချို့ကြောင့် အောက်ပါစကားလုံးနှစ်လုံးတို့အား ယောင်ဝါးဝါးသုံးခဲ့ကြသည်။

၁။ ဘိုးဘေး (forefather MSS ℵ*2)A, C*

၂။ အဘ၊ MSS ℵ 1, C3, D, E, G

ထိုသို့ဖြစ်ရခြင်းမှာ အာဗြဟံသည် အစ္စရေးလူမျိုးတို့၏ဘိုးဘေး (ဥပမာ–ခေါင်းဆောင်ပေါလုသည် အသင်းတော်တွင်းရှိ ဂျူးလူမျိုးများကိုရည်ညွှန်းသည်) အဖြစ်နှင့်ထိုအာဗြဟံသည်ပင် ဘုရားသခင်ကိုယုံကြည်ခြင်းအား ကျင့်သုံးသူ

အားလုံးတို့၏ ဖခင်ဖြစ်ခြင်းနှစ်မျိုး (ဂျူးနှင့်တပါးအမျိုးသားနှစ်မျိုးစလုံး၏ဖခင် ကဗ္ဗာ ၂း၂၈–၂၉)အပြိုင်ဖြစ်နေခြင်း နှစ်မျိုးအကြား ခွဲဝေရခက်နေကြခြင်းဖြစ်နိုင်သည်။

■ **"သွေးသားဇာတိအားဖြင့်"**အထူးအကြောင်းအရာ ၁း၃ ၌ကြည့်ပါ။

**၄း၂ "လျှင်"**၎င်းသည် ပထမတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်ပြီး(A.T Robertson ၏ *Word Pictures* အတွဲ ၄။ စာ၊ ၃၅၀ ၌ကြည့်ပါ။) စာရေးသူ၏အမြင်မှ မှန်ကန်သည်ဟု ယူဆမှု(ဝါ)သူ၏စာရေးဟန်ဖြစ်သည်။ ၎င်းမှာ အစစ်အမှန် မဟုတ်သော်လည်း ဓမ္မသဘောတရား၏အချက်တစ်ချက်အား ရည်ညွှန်းနေခြင်းသဘောဖြစ်သော ပထမအမျိုးအစား ချွင်းချက်ဝါကျများအတွက် ဥပမာကောင်းတစ်ခုဖြစ်သည်။ (ငယ် ၁၄)။

Joseph A. Fitzmyer သည်သူ၏ *The Anchor Bible* အတွဲ ၃၃၊ စာ ၃၂၇ ၌ပြောသည်မှာ ထိုဝါကျသည် ရောနှောသောချွင်းချက်ဖြစ်ကာ (အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်မှန်"လျှင်"ဟုဆိုရာ၌ ထို သို့မဟုတ်သဖြင့် အဖြစ်မှန်နှင့်ဆန့်ကျင်နေသည်။ ဒုတိယပိုင်းသည် ပထမတန်းစားဖြစ်သည်။

■ **"အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်"** ၎င်းသည် ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော် ကြောင့် ဖြောင့်မတ်ခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ဤနည်းဖြင့် လူ၏အားထုတ်မှုအားဖြင့်(၄း၄)ကယ်တင်ခြင်းရနိုင် ခဲ့မည်ဆိုလျှင် ခရစ်တော်၏လုပ်ဆောင်မှု လိုအပ်လိမ့်မည်မဟုတ်ချေ။ ပညတ်တရားတော်၏အကျင့်များအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို ဂျူးရဗ္ဗိဆရာကြီးများစွာက အာဗြဟံနှင့် ဆိုင်၍ အခိုင်အမာဖော်ပြကြသည်။ (*Wisdom 10:5; Ecclesiasticus* 44:20-21; *IMac.* 2:52; *Jubilees* 6:19-20; 15:1-2) ပေါလုသည် ရဗ္ဗိဆရာကြီး သင်တန်း တက်ခဲ့သူတစ်ဦးပီပီ ဤကျမ်းပိုဒ်များကို ကောင်းစွာသိထားလိမ့်မည်သာဖြစ်၏။

မည်သို့ဖြစ်စေ ကျဆင်းခဲ့ပြီဖြစ်သောလူသားသည် ဘုရားသခင်၏ပဋိညဉ်ဆိုင်ရာအလုပ်များကို ဆောင်ရွက်နိုင် စွမ်းမရှိခြင်းကြောင့် ဓမ္မဟောင်းကျမ်းသည် ကျိန်ဆဲခြင်းတစ်မျိုး၊ သေဒဏ်စီရင်ချက်တစ်ခုဖြစ်လာသည်။ (ဂလာတိ ၃း၁၃။ ကော ၂း၁၄)။

ဂျူးဓမ္မပညာရှင်များသည် မောရှေ၏ပညတ္တိကျမ်းမတိုင်မီ အာဗြဟံအသက်ရှင်ခဲ့ကြောင်း သိရှိခဲ့ကြသော်လည်း သူသည် ပညတ်တော်ကိုတင်ကူးသိရှိပြီး စောင့်ထိန်းလိုက်နာသည်ဟု ယုံကြည်ကြသည်။ (*Ecclesiasticus* 44:20 နှင့် *Jubilees* 6:19-20; 15:1-2)

■ **"ဝါကြွားစရာရှိ၏"**ဤအသုံးအနှုန်းကို ပေါလုရေးသောစာများ၌ မကြာခဏတွေ့ရသည်။ သူ၌ ဖါရိရှဲတစ်ယောက် ဖြစ်ခဲ့သောနောက်ခံသမိုင်းရှိသဖြင့် ဤပြဿနာကို သူခံစားသိရှိသည်။ (၃း၂၇။ ၁ကော ၁း၂၉။ ဧဖက် ၂း၈–၉)။ အထူး အကြောင်းအရာ။ ။ ဝါကြွားခြင်းအကြောင်း ၂း၁၇ ၌ကြည့်ပါ။

**၄း၃**

NASB, NKJV
NRSV, TEV **"အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်"**
NJB **"အာဗြဟံသည် မိမိ၏ယုံကြည်ခြင်းကို ဘုရားသခင်၌ထားရှိသည်"**

၎င်းမှာ ကဗ္ဗာ ၁၅း၆ မှကောက်နုတ်ဖော်ပြခြင်းဖြစ်သည်။ ပေါလုသည် ဤစကားကို ဤအခန်းကြီး၌ သုံးခါသုံးပြီး (၄း၃၊၉၊ ၂၂) ကယ်တင်ခြင်းအကြောင်းအား ဓမ္မသဘောတရားအရ ပေါလုနားလည်မှု၌ မည်မျှအရေးကြီးကြောင်း ပေါ်လွင်သည်။ ဓမ္မဟောင်းကျမ်း၌ "ယုံကြည်ခြင်း"ဝေါဟာရ၏အဓိပ္ပါယ်မှာ သစ္စာစောင့်ခြင်း၊ ကတိတည်ခြင်း(ဝါ) ယုံကြည်စိတ်ချရခြင်းဖြစ်ပြီး ဘုရားသခင်၏သဘောသဘာဝအားဖော်ပြသည်။ ကျွန်တော်တို့လူသားများအား ဖော်ပြ

ခြင်းမဟုတ်ချေ။ ၎င်းသည် ဟေဗြဲဝေါဟာရ (*emun, emunah*)မှဆင်းသက်ပြီး "သေချာသည် သို့မဟုတ် ခိုင်မြဲသည်" ဟူသောအဓိပ္ပါယ်ရှိသည်။ ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်းမှာ

၁။ စိတ်အားဖြင့် သဘောတူခြင်း (သမ္မာတရားကိုသိခြင်း)

၂။ စိတ်ဆန္ဒအားဖြင့် ဆက်ကပ်ခြင်း (ဆုံးဖြတ်ခြင်း)

၃။ ကျင့်ကြံပြုမူခြင်း (အသက်ရှင်ခြင်းပုံစံ)

၄။ မူလအားဖြင့် တော်စပ်မှု (လူတစ်ယောက်အား လက်ကမ်းကြိုဆိုခြင်း)

အထူးအကြောင်းအရာ။ ။ ဓမ္မဟောင်းကျမ်းထဲက ယုံကြည်၊ ကိုးစားခြင်းနှင့် သစ္စာရှိခြင်း(Believe, Trust, Faith and Faithfulness)အကြောင်း ၁း၅ ၌ကြည့်ပါ။

အထူးသတိပြုရန်မှာ အာဗြဟံ၏ယုံကြည်ခြင်းသည် အနာဂတ်ကာလ မေရှိယ၌မဟုတ်ဘဲ၊ သူ့၌သားယောကျ်ား တစ်ယောက်ထွန်းကားပြီး၊ အဆက်အနွယ်များရှိမည်ဟူသော ဘုရားသခင်၏ကတိတော်အား ယုံကြည်ခြင်းဖြစ်သည်။ (ကမ္ဘာ ၁၂း၂။ ၁၅း၂–၅။ ၁၇း၄–၈။ ၁၈း၁၄)။ အာဗြဟံသည် ဘုရားသခင်အား ကိုးစားခြင်းဖြင့် ဤကတိတော်ကို တုံ့ပြန်ခဲ့သည်။ ၎င်းကတိတော်ပြည့်စုံလာရန် ဆယ့်သုံးနှစ်တိုင်ကြာခဲ့သဖြင့် သူ၌သံသယများနှင့်၊ ကတိတော်နှင့်ဆိုင်သောပြဿနာများရှိခဲ့သည်သာဖြစ်၏။ မည်သို့ဖြစ်စေသူ၏ မစုံလင်သောယုံကြည်ခြင်းကိုပင်၊ ဘုရားသခင်သည် လက်ခံခဲ့သည်။ လူသားသည် အပြစ်အနာအဆာနှင့်ဖြစ်သော်လည်း ဘုရားသခင်သည် မိမိနှင့် မိမိ၏ကတိတော်များ အား ယုံကြည်ခြင်းဖြင့် တုံ့ပြန်သူများနှင့်အတူ အလုပ်လုပ်လိုပြီး၊ သူတို့၏ယုံကြည်ခြင်းသည် မုန်ညင်းစေ့အရွယ်မျှပင် ဖြစ်စေကာမူ လက်ခံတော်မူ၏။ (မဿဲ ၁၇း၂၀)။

**၄း၃၊ ၄၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀၊ ၂၂၊ ၂၃၊ ၂၄**

NASB, NRSV **"မှတ်ယူတော်မူ၏"**

NKJV **"ယူဆတော်မူ၏"**

TEV **"ဘုရားသခင်သည် သူ့အားလက်ခံတော်မူ၏"**

NJB **"ထိုယုံကြည်ခြင်းကို...ယူဆသည်"**

မှတ်ယူသည်–reckoned (*logizomia*)၃း၂၈နှင့် အခန်းကြီး ၄ ၌ ၁၁ကြိမ်သုံးသည်)ဆိုသည်မှာ စာရင်းဇယား ဆိုင်ရာဝေါဟာရဖြစ်ပြီး "တာချပေးသည်" "တစ်စုံတစ်ယောက်၏စာရင်း၌ ငွေသွင်းသည်" (LXX ကမ္ဘာ ၁၅း၆။ ဝတ် ၇း၁၈။ ၁၇း၄)ဟူ၍ဖြစ်၏။ အလားတူသမ္မာတရားကို ၂ကော ၅း၂၁နှင့်ဂလာတိ ၃း၆ တို့၌ လုပစ္စာဖော်ပြသည်။ ကမ္ဘာ ၁၅း၆ နှင့် ဆာလံ ၃၂း၂တို့၌ စာရင်းဇယားဆိုင်ရာဝေါဟာရ"ငွေသွင်းသည်"စကားလုံးသုံးသဖြင့် ပေါလုသည် ၎င်း ကျမ်းပိုဒ်နှစ်ခုစလုံး ပေါင်းစပ်သုံးနှုန်းခြင်းဖြစ်နိုင်သည်။ ဤကဲ့သို့ပေါင်းစပ်သုံးနှုန်းခြင်းမှာ ရဗ္ဗိဆရာကြီးများသုံးသည့် အနက်ဖွင့်ခြင်းဆိုင်ရာ နိယမတစ်ခုဖြစ်သည်။

ဂရိဘာသာပြန် ဓမ္မဟောင်းကျမ်း (LXX)၌မူ ငွေစုခြင်းဆိုင်ရာဝေါဟာရမသုံးဘဲ၊ စာအုပ်ထိန်းသိမ်းခြင်းဆိုင်ရာ ဝေါဟာရအသုံးပြုပြီး ဒံယေလ ၇း၁၀။ ၁၂း၁ တို့၌ ဖော်ပြသောစာအုပ်များနှင့် ဆက်စပ်မှုရှိနိုင်သည်။ တင်စားဖော်ပြမှု ဖြစ်သော ဤစာအုပ်နှစ်အုပ် (ဘုရားသခင်၏မှတ်တမ်း) မှာ

၁။ ကျင့်ကြံပြုမူခြင်းဆိုင်ရာစာအုပ် (ဆာလံ ၅၆း၈။ ၁၃၉း၁၆။ ဟေရှာ ၆၅း၆။ မာလ ၃း၁၆။ ဗျာ ၂၀း၁၂–၁၃)

၂။ အသက်စာစောင် (ထွက် ၃၂း၃၂။ ဆာလံ ၆၉း၂၈။ ဟေရှာ ၄း၃။ ဒံ ၁၂း၁။ လု ၁၀း၂၀။ ဖိ ၄း၃။ ဟေဗြဲ ၁၂း၂၃။ ဗျာ ၃း၅။ ၁၃း၈။ ၁၇း၈။ ၂၀း၁၅။ ၂၁း၂၇)

အာဗြဟံ၏ယုံကြည်ခြင်းအား သူ၏ဖြောင့်မတ်ခြင်းအဖြစ် ဘုရားသခင်ရေးသားဖော်ပြရာ စာအုပ်မှာ"အသက်စာစောင်"၌ ဖြစ်သည်။

**၄း၃၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၂၂၊ ၂၅ "ဖြောင့်မတ်ခြင်းအဖြစ်"**၎င်းသည် ဓမ္မဟောင်းကျမ်း ဝေါဟာရဖြစ်သော "တိုင်းတာရာကျူးလုံး"(*tsadak*)ကို ထင်ဟပ်ပေါ်လွင်စေသည်။ ၎င်းမှာ ဘုရားသခင်၏စရိုက်တော်အားဖော်ပြရန် တင်

စားအသုံးပြုသည့် ဆောက်လုပ်ရေးဆိုင်ရာဝေါဟာရဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်ပြီး၊ လူသားအားလုံး မှာ ကောက်ကွေးကြသည်။ ဓမ္မသစ်ကျမ်း၌ ၎င်းစကားလုံးကို ဘုရားတရားနှင့်ညီသော အသက်ရှင်ခြင်းပုံစံကို မျှော်လင့်သောအဓိပ္ပါယ်ဖြင့် ရပ်တည်ချက်နှင့်ဆိုင်သော တရားဥပဒေ(တရားစီရင်ရေး)ဆိုင်ရာအဓိပ္ပါယ်ဖြင့်သုံးသည်။ ခရစ်ယာန်တိုင်းအတွက် ဘုရားသခင်၏မြော်လင့်ခြင်းမှာ မိမိ၏စရိုက်တော်ပင်ဖြစ်ပြီး၊ တစ်နည်းအားဖြင့် ခရစ်တော်နှင့်တူခြင်းဖြစ်သည်။ (၈း၂၈–၂၉။ ဂလာတိ ၄း၁၉)။ အထူးအကြောင်းအရာ။ ။ဖြောင့်မတ်ခြင်းတရား – ၁း၁၇ ၌ကြည့်ပါ။

**၄း၅** ယုံကြည်ခြင်း၏အနှစ်သာရမှာ မိမိကိုယ်မိမိ ဖွင့်ပြတော်မူသူ ဘုရားသခင်အား မိမိ၏အားထုတ်မှု(ဝါ)ထိုက်တန်မှု အပေါ် အားထားခြင်းလုံးဝမပြုဘဲ၊ တုံ့ပြန်ခြင်းဖြစ်သည်။ တစ်ခါကယ်တင်ခြင်းရကာ၊ ဝိညာဉ်တော်ကျိန်းဝပ်လာခဲ့ပြီဆိုလျှင် မိမိတို့၏အသက်ရှင်ခြင်း ပုံစံအရေးကြီးမဟုတ်တော့ချေဟူသော သဘောမဟုတ်ချေ။ ခရစ်ယာန်၏ပန်းတိုင်မှာ တမလွန်ဘဝ၌ ကောင်းကင်ဘုံအား အမွေခံခြင်းမဟုတ်ဘဲ၊ ယခုလက်ရှိ၌ ခရစ်တော်နှင့်တူခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မိမိတို့၏လုပ်ဆောင်မှုများကြောင့် ကယ်တင်ခြင်း၊ ဖြောင့်မတ်စေခြင်းများရရှိသည်<u>မဟုတ်</u>။ ကျွန်တော်တို့၏လုပ်ဆောင်မှုများ<u>အားဖြင့်</u> မှန်ကန်သောရပ်တည်ခြင်းရရှိကြသည် <u>မဟုတ်</u>သော်လည်း၊ ကောင်းသောအရာများ<u>ပြုရန်</u>ရွေးနုတ်ခံကြခြင်းဖြစ်သည်။ (ဧဖက် ၂း၈–၉ နှင့် ၁၀။ ယာကုပ်နှင့်၁ယောဟန်)။ အသက်တာပြောင်းလဲခဲ့ပြီး၊ ပြောင်းလဲလျက်ရှိနေခြင်းမှာ လူတစ်ယောက် ကယ်တင်ခြင်းရကြောင်း၏အထောက်အထားဖြစ်သည်။ ဖြောင့်မတ်ခြင်းသည် သန့်ရှင်းစင်ကြယ်ခြင်းဖြစ်ပေါ်စေသည်။

▣ **"ယုံကြည်သည်"**၎င်းမှာ PRESENT ACTIVE PARTICIPLEဖြစ်သည်။ အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ယုံကြည်သည်၊ ကိုးစားသည်** FAITH, BELIEVE, OR TRUST, *Pistis* **(နာမ်)** *Pisteuō* **(ကြိယာ)** *Pistos* **(နာမဝိသေသန)။**

က။ သမ္မာကျမ်းစာ၌ ၎င်း၏အရေးကြီးပုံကို ဟေဗြဲ ၁၁း၁၊ ၆ ၌တွေ့ရသည်။ ၎င်းမှာ ယေရှု၏ကနဦးဟောကြားသည့်အကြောင်းအရာဖြစ်သည်။ (မာ ၁း၁၅)။ ပဋိညဉ်တရားသစ်၌ အနည်းဆုံး တောင်းဆိုမှုနှစ်ခုရှိရာ နောင်တရခြင်းနှင့်ယုံကြည်ခြင်းဖြစ်သည်။ (၁း၁၅။ တမန်တော် ၃း၁၆၊ ၁၉။ ၂၀း၂၁)။

ခ။ ၎င်း၏မူလဇစ်မြစ်မှာ

၁။ ဓမ္မဟောင်းကျမ်း၌ "ယုံကြည်ခြင်း"–faith ၏အဓိပ္ပါယ်မှာ သစ္စာရှိခြင်း ကတိသစ္စာစောင့်ခြင်း(ဝါ) ယုံကြည်စိတ်ချရခြင်းဖြစ်ပြီး၊ ဘုရားသခင်၏သဘာဝအား ရေးသားဖော်ပြရန်သုံးသည်။ လူ၏သဘာဝအား ဖော်ပြရန်မသုံးချေ။

၂။ ၎င်းသည် ဟေဗြဲဝေါဟာရ (*emun, emunal*)မှ ဆင်းသက်လာပြီး"သေချာသည် သို့မဟုတ် ခိုင်ခံ့သည်"ဟုအဓိပ္ပါယ်ရသည်။ ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်း(faith)သည် စိတ်ပိုင်းဆိုင်ရာ သမ္မာတရားကိစ္စရပ်များ၊ အသက်တာဆိုင်ရာ ကိုယ်ကျင့်တရားနှင့် မူလတော်စပ်မှု(လူတစ်ဦးအား လက်ကမ်းကြိုဆိုခြင်း)နှင့် အဆိုပါလူပုဂ္ဂိုလ်၌ စိတ်ဆန္ဒအားဖြင့် ဆက်ကပ်မှု(ဆုံးဖြတ်ခြင်း)ဖြစ်သည်။

ဂ။ ၎င်းဝေါဟာရအား ဓမ္မဟောင်းကျမ်း၌ အသုံးပြုပုံကို အထူးဖော်ပြရန်မှာ အာဗြဟံ၏ယုံကြည်မှုသည် အနာဂတ် မေရှိယ၌ မဟုတ်ဘဲ၊ သူသည် သားယောကျ်ားတစ်ယောက်ထွန်းကားပြီး၊ အဆက်အနွယ်များရှိမည်ဟူသော ဘုရားသခင်၏ကတိတော်အား ယုံကြည်ခြင်းဖြစ်သည်။ (ကမ္ဘာ ၁၂း၂။ ၁၅း၂–၅။ ၁၇း၄–၈။ ၁၈း၁၄)။ အာဗြဟံသည် ဘုရားသခင်အား ကိုးစားခြင်းဖြင့် တုံ့ပြန်မှုပြုသည်။ အဆိုပါကတိတော်အတိုင်းဖြစ်လာရန် နှစ်ပေါင်းတဆယ့်သုံးနှစ်တိုင် ကြာညောင်းခဲ့သဖြင့် သူ၌လည်း သံသယ

များနှင့် ပြဿနာများရှိသည်သာဖြစ်၏။ မည်သို့ဖြစ်စေ သူ၏မစုံမလင်သောယုံကြည်ခြင်းကိုပင် ဘုရားသခင်လက်ခံတော်မူသည်သာဖြစ်၏။ လူသားသည် အပြစ်အနာအဆာနှင့်ဖြစ်သော်လည်း၊ဘုရားသခင်သည် မိမိနှင့်မိမိ၏ကတိတော်များအား ယုံကြည်ခြင်းဖြင့် တုံ့ပြန်သူများနှင့်အတူ၊ အလုပ်လုပ်လိုပြီး သူတို့၏ယုံကြည်ခြင်းသည် မှန်ညင်းစေ့အရွယ်မျှပင်ဖြစ်ပါစေ လက်ခံပေးတော်မူ၏။ (မဿဲ ၁၇း၂၀)။

ဃ။ ၎င်းအား ဓမ္မသစ်ကျမ်း၌ အသုံးပြုပုံ

"ယုံကြည်"–belief ဆိုသော ဝေါဟာရသည် ဂရိဝေါဟာရ(*pisteuo*)မှဖြစ်ပြီး၊ ယုံကြည်သည်–belief သို့မဟုတ်"ကိုးစားသည်"–trust (ဝါ) faith အဖြစ် ဘာသာပြန်နိုင်သည်။ ဥပမာအားဖြင့် နာမ်ဖြစ်သည့် faith ကို ယောဟန်ခရစ်ဝင်ကျမ်း၌ မသုံးသော်လည်း ကြိယာဖြစ်သည့် belief or trust ကို မကြာခဏ သုံးသည်။ ယောဟန် ၂း၂၃–၂၅၌လူအုပ်ကြီးသည် နာဇရက်မြို့သားယေရှုအပေါ် မေရှိယအဖြစ် ဆက်ကပ်မှုမှာ အစစ်အမှန်ဟုတ်မဟုတ် မသေချာပေ။ ဤအပေါ်ယံ"ယုံကြည်"–belief ဝေါဟာရ အတွက် အခြားသောဥပမာများမှာ ယောဟန် ၈း၃၁–၅၉ နှင့် တမန်တော် ၈း၁၃၊ ၁၈–၂၄ တို့ဖြစ်သည်။ သမ္မာကျမ်းအလိုအရ စစ်မှန်သောယုံကြည်ခြင်းသည် အစပြုတုံ့ပြန်လိုက်ရုံထက် ပိုမိုသည်။ ၎င်းအား တပည့်တော်ဖြစ်ခြင်းက လိုက်ပါလာရပါမည်။ (မဿဲ ၁၃း၂၀–၂၂။ ၃၁–၃၂)။

င။ ၎င်းအား ဝိဘတ်များနှင့်တွဲ၍ သုံးနှုန်းပုံ

၁။ *eis* သည် "အထဲသို့"ဟုအဓိပ္ပါယ်ရှိသည်။ ယုံကြည်သူများသည် မိမိတို့၏ကိုးစားမှု trust/faith အား ယေရှုအထဲ ထားရှိသည်ဟုအထူးပြုသည်။

(က) နာမတော်ထဲ၌ (ယော ၁း၁၂။ ၂း၂၃။ ၃း၁၈။ ၁ယော ၅း၁၃)။

(ခ) ကိုယ်တော်၏အထဲ၌ (ယော ၂း၁၁။ ၃း၁၅၊ ၁၈။ ၄း၃၉။ ၆း၄၀။ ၇း၅၊ ၃၁၊ ၃၉၊ ၄၈။ ၈း၃၀။ ၉း၃၆။ ၁၀း၄၂။ ၁၁း၄၅၊ ၄၈။ ၁၇း၃၇၊ ၄၂။ မဿဲ ၁၈း၆။ တမန် ၁၀း၄၃။ ဖိ ၁း၂၉။ ၁ပေ ၁း၈)။

(ဂ) ငါ့အထဲ၌ (ယော ၆း၃၅။ ၇း၃၈။ ၁၁း၂၅၊ ၂၆။ ၁၂း၄၄၊ ၄၆။ ၁၄း၁၊ ၁၂။ ၁၆း၉။ ၁၇း၂၀)။

(ဃ) သားတော်အထဲ၌ (ယော ၃း၃၆။ ၉း၃၅။ ၁ယော ၅း၁၀)

(င) ယေရှုအထဲ၌ (ယော ၁၂း၁၁။ တမန် ၁၉း၄။ ဂလာ ၂း၁၆)

(စ) အလင်းတော်အထဲ၌ (ယော ၁၂း၃၆)

(ဆ) ဘုရားသခင်အထဲ၌ (ယောဟန် ၁၄း၁)

၂။ *en* သည် ယော ၃း၁၅။ မာကု ၁း၁၅။ တမန် ၅း၁၄တို့မှာ နည်းတူ"အထဲ–in"ဟူ၍ အဓိပ္ပါယ်ရှိသည်။

၃။ *epi* သည် မဿဲ ၂၇း၄၂။ တမန် ၉း၄၂။ ၁၁း၁၇။ ၁၆း၃၁။ ၂၂း၁၉။ ရောမ ၄း၅၊ ၂၄။ ၉း၃၃။ ၁၀း၁၁။ ၁တိ ၁း၁၆။ ၁ပေ ၂း၆ တို့မှာ နည်းတူ"အထဲ"သို့မဟုတ် အပေါ်(upon)ဟူ၍အဓိပ္ပါယ်ရှိသည်။

၄။ ဝိဘတ်မပါဘဲ၊ ကတ္တားပုဒ် DATIVE CASE အဖြစ် တွေ့ရသည်မှာ ဂလာတိ ၃း၆။ တမန် ၁၈း၈။ ၂၇း၂၅။ ၁ယော ၃း၂၃။ ၅း၁၀။

၅။ *hoti* ၏အဓိပ္ပါယ်မှာ "ကြောင်းအား ယုံကြည်"ဟူ၍အဓိပ္ပါယ်ရှိပြီး ယုံကြည်ရမည့်အရာမှာ

(က) ယေရှုသည် ဘုရားသခင်၏သန့်ရှင်းတော်မူသူဖြစ်ကြောင်း (၆း၆၉)

(ခ) ယေရှုသည်"ငါ"ဆိုသူဖြစ်ကြောင်း (ယော ၈း၂၄)

(ဂ) ယေရှုသည် ခမည်းတော်အထဲ၌ရှိပြီး၊ ခမည်းတော်သည် ယေရှုအထဲရှိကြောင်း(ယော၁၀း၃၈)

(ဃ) ယေရှုမှာ မေရှိယဖြစ်ကြောင်း (ယော ၁၁း၂၇။ ၂၀း၃၁)

(င) ယေရှုမှာ ဘုရားသခင်၏သားတော်ဖြစ်ကြောင်း (ယော ၁၁း၂၇။ ၂၀း၃၁)

(စ) ယေရှုကို ခမည်းတော်စေလွှတ်ကြောင်း (ယော ၁၁း၄၂။ ၁၇း၈၊ ၂၁)

(ဆ) ယေရှုသည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း (ယော ၁၄း၁၀-၁၁)
(ဇ) ယေရှုသည် ခမည်းတော်ထံတော်မှ ကြွလာကြောင်း (ယော ၁၆း၂၇၊ ၃၀)
(ဈ) ယေရှုသည် ခမည်းတော်၏ပဋိညာဉ်ခံနာမတော်ဖြစ်သော "ငါဖြစ်သည်"ဟူသောနာမတော်နှင့် သူ့ကိုယ်သူ ထပ်တူပြုကြောင်း (ယော ၈း၂၄။ ၁၃း၁၉)
(ည) ငါတို့သည် သူနှင့်အတူ အသက်ရှင်နေထိုင်ကြလိမ့်မည်အကြောင်း (ရောမ ၆း၈)
(ဋ) ယေရှုသည် အသေခံ၍ ပြန်ထကြောင်း (၁သက် ၄း၁၄)

▣

NASB, NKJV **"သူ၏ယုံကြည်ခြင်း"**

NRSV **"ထိုကဲ့သို့သော ယုံကြည်ခြင်း"**

TEV, NJB **"၎င်းမှာ ဤယုံကြည်မှုပင်ဖြစ်သည်"**

အာဗြဟံ၏ယုံကြည်ခြင်းကို သူ့အတွက် ဖြောင့်မတ်ခြင်းအဖြစ် မှတ်ယူပေးလိုက်သည်။ ၎င်းမှာ အာဗြဟံ၏ လုပ်ဆောင်မှုကြောင့် မဟုတ်ဘဲ၊ သူ၏တုံ့ပြန်မှုကြောင့်ဖြစ်သည်။ သူ၏အပြုအမူသည် သူ၏ယုံကြည်မှုကို အတည်ဖြစ်စေသည်။ (ယာကုပ် ၂း၁၄-၂၆)။

"သွင်းပေးသည်၊တာချပေးသည်"-reckoned ဟူသောစကားကိုလည်း တောလည် ၂၅း၁၁-၁၃ကိုညွှန်းသည့် ဆာလံ ၁၀၆း၃၁ က ဖိနိဟပ်နှင့်ဆိုင်၍ ဂရိဓမ္မဟောင်းကျမ်း(LXX)၌ အသုံးပြုသည်။ ဤနေရာ၌ ကမ္ဘာ၁၅း၆က အာဗြဟံကဲ့သို့မဟုတ်ဘဲ၊ ဖိနိဟပ်၏အပြုအမူကို အခြေပြုကာ သွင်းပေးခြင်းဖြစ်သည်။

▣ **"ဘုရားတရား မရှိသေသောသူအား ဖြောင့်မတ်စေသောသူကိုယုံကြည်လျှင်၊ သူ၏ယုံကြည်ခြင်းကို၊ ဖြောင့်မတ် ခြင်းကဲ့သို့ မှတ်ယူ၏။"** ၎င်းမှာ ထိတ်လန့်စရာကောင်းသော ဖော်ပြမှုဖြစ်သည်။ အငယ် ၃ က အာဗြဟံ အကြောင်းနှင့်ဆင်တူသည်(ကမ္ဘာ ၁၅း၆)။ ဖြောင့်မတ်ခြင်းဟူသည် လူ့လုပ်ဆောင်မှု၏ရလာဒ်မဟုတ်ဘဲ၊ ဘုရားသခင် ၏ဆုလက်ဆောင်(၃း၂၄ မှတ်ချက်၌ကြည့်ပါ)ဖြစ်သည်။ အထူးအကြောင်းအရာ ၁း၇ ၌ကြည့်ပါ။

▣ **"ဒါဝိဒ်"**အာဗြဟံသည် လူပုဂ္ဂိုလ်အားဖြင့် စုံလင်ပြည့်ဝသူမဟုတ်သော်လည်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင် နှင့် မှန်ကန်သူဖြစ်သည့်အတိုင်း၊ ဒါဝိဒ်လည်း ထိုနည်းတူဖြစ်သည်။ (ဆာလံ ၃၂ နှင့် ၅၁)။ ဘုရားသခင်သည် မိမိနှင့် (ဓမ္မဟောင်း) မိမိ၏သားတော်(ဓမ္မသစ်)အား ယုံကြည်မှုဖော်ထုတ်ကာ၊ ကျဆင်းခဲ့ပြီးသူ လူသားများကိုချစ်၍ (ကမ္ဘာ ၃) ထိုသို့သောသူများနှင့် အလုပ်လုပ်သည်။

**၄း၆ "အကျင့်ကိုမထောက်ဘဲ"**ပေါလုသည် ဓမ္မဟောင်းကျမ်းအား ရည်ညွှန်းဖော်ပြခြင်းမပြုမီ (ဆာ ၃၂း၁-၂) ဤ စကားစုကို အထူးပြုကြားညှပ်ဖော်ပြသည်။ လူသားသည် ခရစ်တော်၏ဖျန်ဖြေမှု ကျေးဇူးတော်မှတဆင့် လူပုဂ္ဂိုလ်၏ ဘာသာရေးလုပ်ဆောင်မှုအားဖြင့်မဟုတ်ဘဲ၊ ယုံကြည်မှုအားဖြင့် ဘုရားသခင်နှင့်မှန်ကန်မှုရရှိသည်။ (၃း၂၁-၃၁။ ဧဖက် ၂း၈-၁၀)

**၄း၇-၈**။၎င်းမှာ ဆာလံ ၃၂း၁-၂ အား ဖော်ပြခြင်းဖြစ်သည်။ အငယ် ၇ ရှိကြိယာနှစ်ခုဖြစ်သည်! "အပြစ်လွှတ်ခြင်းခံခဲ့ ပြီ"နှင့်"ဖုံးအုပ်ပေးခြင်းခံခဲ့ရပြီ" နှစ်မျိုးစလုံးမှာ AORIST PASSIVE ဖြစ်သည်။ လုပ်ဆောင်သူမှာ ဘုရားသခင်ဖြစ်သည် ဟုဆိုလိုသည်။ အငယ် ၈ ၌ ခိုင်မာသောအငြင်းသဘောနှစ်ခုပါရှိသည်။ "မည်သည့်အခြေအနေ၌မဆို"မမှတ်ယူ၊ မယူဆ၊ သွင်းပေးလိမ့်မည်မဟုတ်"ဟူ၍ဖြစ်သည်။ ဤကျမ်းညွှန်း၌ပါရှိသော ကြိယာသုံးခုကို မှတ်သားပါ။ ၎င်းတို့ အားလုံးသည် အပြစ်အား တရားသေလွှတ်လိုက်ကြောင်းဖော်ပြသည်။

**၄း၇ "အပြစ်များ ဖုံးအုပ်ပေးခြင်းခံရသူ"** ၎င်းမှာ ဆာလံ ၃၂း၁ မှဖြစ်သည်။ "ဖုံးအုပ်ပေးခြင်း"သဘောမှာ အစ္စရေးတို့ ယဇ်ပူဇော်ခြင်း ဘာသာ၏အနှစ်သာရဖြစ်သည်။ (ဝတ် ၁–၇)။ ဘုရားသခင်သည် အပြစ်အားဖုံးအုပ်ခြင်း (AORIST PASSIVE INDICATE)အပြစ်အား မိမိမြင်ကွင်းမှ ဖယ်ရှားခြင်းဖြစ်သည်။ (ဟေရှာ ၃၈း၁၇။ မိက္ခာ ၇း၁၉။ Brown, Driver, Briggs, p.491)ဤသဘောကိုပင် အခြားဟေဗြဲစကားလုံးတစ်လုံးဖြစ်သည့် "ဖုံးအုပ်ခြင်း"–(*caphar*)အတွက် အပြစ်ဖြေရာ/ဖုံးအုပ်ရာနေ့ အခန်းအနားဌ်သုံးသည်။ ၎င်းမှာ အစ္စရေး၏အပြစ်များကိုဖုံးအုပ်သည့် "ကျေးဇူးပလ္လင်တော်" mercy seat ဖြစ်ပြီး၊ ၎င်းအပေါ်အသွေးပက်ဖြန်းသည်။ (ဝတ် ၁၆)။ အခြားသမ္မာကျမ်းနည်းကျ တင်စားသုံးနှုန်းမှု တစ်မျိုးမှာ တစ်ယောက်၏အပြစ်အားဖျက်ပစ်သည် (ဟေရှာ ၁း၁၈။ ၄၃း၂၅) သို့မဟုတ် ဖယ်ရှားသည်(တမန် ၃း၁၉။ ကော ၂း၁၄။ ဗျာ ၃း၅)ဟူ၍ဖြစ်၏။

**၄း၈ "ထာဝရဘုရား၏ပြစ်တင်တော်မူခြင်းနှင့် လွတ်သောသူသည် မင်္ဂလာရှိ၏"**။၎င်းမှာ ဆာလံ ၃၂း၂ မှကိုးကားခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ "မှတ်ယူသည်"(reckon)"သွင်းသည်"(impute)သို့မဟုတ်"တစ်ယောက်၏စာရင်းထဲ ငွေသွင်းသည်"ဟူသောဝေါဟာရအား အငြင်းသဘောဖြင့် သုံးနှုန်းခြင်းဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်သူ၏ ဝိညာဉ်ရေးရာငွေစာရင်း၌ အပြစ်ကိုမသွင်းပေးချေ။ (အငြင်းသဘောနှစ်ခု ထပ်သုံးသည်)။ ၎င်းအစား ဖြောင့်မတ်ခြင်းကို သွင်းပေးပါသည်။ ၎င်းသည် လူသား၏ဂုဏ်ဒြပ်၊ လုပ်ဆောင်မှု(ဝါ)ထိုက်တန်မှုကို အခြေခံခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ကျေးဇူးဂရုဏာတော်ဖြစ်သောစရိုက်တော်၊ အခမဲ့လက်ဆောင်နှင့် ထုတ်ဖော်ကျေညာမှုကိုသာ အခြေပြုသည်!

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၄း၉–၁၂

**[9]အရေဖျားလှီးခြင်းကိုခံသောသူတို့သာလျှင် ထိုမင်္ဂလာကိုရကြသလော။ သို့မဟုတ် အရေဖျားလှီးခြင်းကို မခံသောလူတို့သည်လည်း ရကြသလော။ အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းကို အာဗြဟံ၌ ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူသည်ဟု ငါတို့ဆိုကြ၏။ [10]ထိုသို့ဆိုသော် အဘယ်သို့မှတ်သနည်း။ အရေဖျားလှီးခြင်းကို ခံပြီးမှ မှတ်သလော။ အရေဖျားလှီးခြင်းကိုမခံမီ မှတ်သလော။ ခံပြီးမှမှတ်သည်မဟုတ်။ မခံမီ မှတ်သတည်း။ [11]ထို့ပြင် အရေဖျားလှီးခြင်းကိုမခံဘဲ၊ ယုံကြည်သောသူတို့သည် ဖြောင့်မတ်ခြင်းသွင်းပေးခြင်းခံကာ၊ သူတို့အားလုံး၏အဘဖြစ်စေခြင်းငှါ၊ မိမိအရေဖျားလှီးခြင်း မခံမီက၊ ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်မှု၏ တံဆိပ်ဖြစ်သော အရေဖျားလှီးခြင်း အမှတ်အသားကို ခံယူခဲ့၏။ [12]သူသည် အရေဖျားလှီးခြင်းခံသူတို့သာမက၊ ငါတို့အဘအာဗြဟံသည် အရေဖျားလှီးခြင်းမခံမီက ရှိခဲ့သောယုံကြည်ခြင်းခြေလှမ်းများအားလိုက်လျှောက် သူတို့၏အဘလည်းဖြစ်၏။**

**၄း၉–၁၂** ယုဒဆရာတို့သည် ကယ်တင်ခြင်းရရှိရန် အရေဖျားလှီးခြင်းလိုအပ်သည်ဟု ဟောကြခြင်းကြောင့် (ဂလာတိ သြဝါဒစာနှင့် ယေရုရှလင်ကောင်စီ–တမန်တော် ၁၅)ပေါလုသည် အရေဖျားလှီးခြင်းအကြောင်း ထည့်သွင်းဆွေးနွေး ခြင်းဖြစ်နိုင်သည်။

ပေါလုသည် ဂျူးကျမ်းတတ်ပုဂ္ဂိုလ်များ၏အနက်ဖွင့်ခြင်း အတတ်ပညာအား သင်ကြားခဲ့သူဖြစ်သဖြင့် ဂလ ၁၅း၆ နှင့် ဆာလံ ၃၂း၂ တို့မှာ ပုံစံတူကြိယာဖြစ်ကြောင်း သိရှိခဲ့သည်သာဖြစ်၏။ (ဟေဗြဲမူရင်းနှင့်ဂရိဘာသာ ပြန်ကျမ်း LXX နှစ်မျိုးစလုံး)ဤအချက်သည် ဤကျမ်းပိုဒ်များ၏မွေ့သဘောတရားဆိုင်ရာရည်ရွယ်ချက် ပေါင်းစပ်ထားရာဖြစ် ပေလိမ့်မည်။

**၄း၉** အငယ် ၉ ကမေးခွန်းသည်"မဟုတ်"ဟူသောအဖြေကို မျှော်လင့်သည်။ ဘုရားသခင်သည် တစ်ပါးလူမျိုးများပင် ဖြစ်စေ၊ လူသားအားလုံးကို ယုံကြည်ခြင်းအားဖြင့် လက်ခံသည်။ ကမ္ဘာ ၁၅း၆ ကိုပြန်၍ကိုးကားသည်။ ဂျူးလူမျိုးတို့၏ အဘအာဗြဟံမှာ ဖြောင့်မတ်သူအဖြစ် မှတ်ယူခံရသူဖြစ်သည်။ (ကမ္ဘာ ၁၅)၎င်းမှာ မောရှေ၏ပညတ္တိကျမ်းမတိုင်မီနှင့် (အငယ် ၁၃)သူအရေဖျားလှီးခြင်းမခံမီကဖြစ်သည်။ (ကမ္ဘာ ၁၇)

**၄း၁၀–၁၁ "ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်မှု၏တံဆိပ်ဖြစ်သော အရေဖျားလှီးခြင်းအမှတ်အသားကို ခံယူခဲ့၏။"** အာဗြဟံသည် ခေါ်ဖိတ်ခြင်းနှင့် ဖြောင့်မတ်သူအဖြစ်မှတ်ယူခြင်းခံပြီး နောက်၌၊ ဘုရားသခင်သည် ပဋိညာဉ်တရား၏အမှတ်အသားဖြစ်သော အရေဖျားလှီးခြင်းကိုပေးသည်။ (ကမ္ဘာ ၁၇း၉–၁၄)။ ပါလက်စတိုင်းလူမျိုးများမှအပ ကျန်ရှေးဟောင်းအရှေ့အလယ်ပိုင်းလူမျိုးများအားလုံးတို့ အရေဖျားလှီးကြသည်။ ပါလက်စတိုင်း လူမျိုးတို့မှာမူ အေဂျင်ပင်လယ်ရှိ ကျွန်းစုများမှ ပေါက်ဖွားလာခဲ့ကြပြီး၊ ၎င်းတို့၏မူလဘူတမှာ ဂရိဖြစ်သည်။ သူတို့အတွက် အရေဖျားလှီးခြင်းဟူသည် ကလေးအရွယ်မှ လူကြီးဘဝသို့ ကူးပြောင်းခြင်း၏ပွဲတစ်မျိုးဖြစ်သည်။ ဂျူးတို့အတွက်မှာမူ ပဋိညာဉ်ခံအဖွဲ့ဝင်ဖြစ်ခြင်း၏ ဘာသာရေးအမှတ်အသားတစ်ရပ်ဖြစ်ကာ၊ မွေးဖွားပြီး ရှစ်ရက်မြောက်သောနေ့၌ ပြုလုပ်သည်။

ဤအခန်းငယ်၌ "အမှတ်အသား"(sign)နှင့် "တံဆိပ်"(seal)နှစ်မျိုးလုံးသုံးပြီး၊ နှစ်ခုစလုံးသည် အာဗြဟံ၏ ယုံကြည်ခြင်းကိုညွှန်းဆိုသည်။ အရေဖျားလှီးခြင်းဟူသည် ဘုရားသခင်အား ယုံကြည်မှုကို ကျင့်သုံးသူအား မြင်နိုင်သောအမှတ်အသားပေးခြင်းဖြစ်သည်။ "ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း"ဆိုသည့် GENITIVEစကားစုကို အငယ် ၁၃၌ သုံးကြိမ်သုံးခါပြန်သုံးသည်။ သန့်ရှင်းတော်မူသူ ဘုရားသခင်နှင့်မှန်ကန်သူအဖြစ် ကြေငြာသမှတ်ခံရရန် သော့ချက်မှာ အရေဖျားလှီးခြင်းမဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြစ်သည်။

**၄း၁၁ "...အရေဖျားလှီးခြင်းကိုမခံဘဲ၊ ယုံကြည်သူတို့....အားလုံး၏အဘဖြစ်စေခြင်းငှါ"**၊ ရောမဩဝါဒစာကို ဂလာတိဩဝါဒစာရေးပြီးနောက် ရေးသားခြင်းဖြစ်သည်။ ဂျူးများမည်သည့်အရာကိုအားကိုးကြောင်း ပေါလုကောင်းစွာ သိရှိသည်။ ၎င်းမှာ သူတို့၏မျိုးရိုး(မဿဲ ၃း၉။ ယောဟန် ၈း၃၃၊ ၃၇၊ ၃၉)နှင့် မောရှေ၏ပဋိညာဉ်တရားအား အဓိပ္ပါယ် ဖွင့်ဆိုကာ လုပ်ဆောင်မှုဖြစ်သည်။ (နှုတ်အားဖြင့် လက်ဆင့်ကမ်းသော ထုံးတမ်းစဉ်လာ သို့မဟုတ် ရှေးဟောင်းလူတို့၏ထုံးတမ်းစဉ်လာဖြစ်ပြီးနောက်ပိုင်း၌ စာပေအက္ခရာတင် ရေးသားပြုစုကာ Talmud ကျမ်းဟုခေါ်သည်)။ သို့ဖြစ်၍ အားကိုးရာပြုခြင်းဖြင့် (by faith)ယုံကြည်မှုပြုသူ (believe)တိုင်း၏ဥပမာအဖြစ် အာဗြဟံကို ပေါလုအသုံးပြုဖော်ပြသည်။ (သူသည် အရေဖျားလှီးခြင်းမရှိသော်လည်း ယုံကြည်အားထားခြင်းပြု သူတစ်ပါးအမျိုးသားတို့၏အဘဖြစ်သည်။ ၂း၂၈–၂၉။ ဂလာတိ ၃း၂၉)။

▣ **"တံဆိပ်"**။ အောက်ပါအထူးအကြောင်းအရာ၌ ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ တံဆိပ်**

တံဆိပ်ဟူသည် ရှေးခေတ်ကာလ၌ တစုံတရာအား ဖော်ပြခြင်းနည်းတစ်မျိုးဖြစ်နိုင်သည်။

၁။ သမ္မာတရား (ယော ၃း၃၃)

၂။ ပိုင်ဆိုင်မှု (ယော ၆း၂၇။ ၂တိ ၂း၁၉။ ဗျာ ၇း၂–၃)

၃။ လုံခြုံမှု (ဝါ)ကာကွယ်မှု (ကမ္ဘာ ၄း၁၅။ မဿဲ ၂၇း၆၆။ ရော ၁၅း၂၈။ ၂ကော ၁း၂၂။ ဧဖက် ၁း၁၃။ ၄း၃၀)။

၄။ ဘုရားသခင်ကတိပေးသည့် လက်ဆောင်၏စစ်မှန်မှုအားပြသည့် အမှတ်အသားတစ်ခုလည်းဖြစ်နိုင်သည်။ (ရော ၄း၁၁။ ၁ကော ၉း၂)

ဤတံဆိပ်၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏လူများသည် အမျက်တော်မခံရစေရန် သူတို့အား အမှတ်အသား ပြဘို့ဖြစ်သည်။ စာတန်၏တံဆိပ်သည် ဘုရားသခင်အမျက်တော်ထွက်ရခြင်းအကြောင်းဖြစ်သော စာတန်၏လူများကို ဖော်ပြသည်။ ဗျာဒိတ်ကျမ်း၌ "ဆင်းရဲဒုက္ခ"tribulation (*thlipsis*)သည် ယုံကြည်သူများကိုညှဉ်းဆဲသော မယုံကြည် သူများကိုပြောခြင်းဖြစ်လေ့ရှိရာ၊ အမျက်တော် (*orgē* or *thumos*)သည် မယုံကြည်သူများ အပြစ်ကို နောင်တရကာ၊ ခရစ်တော်အား ယုံကြည်လာကြစေရေးအတွက် သူတို့ပေါ် ဘုရားသခင်၏တရားစီရင်ခြင်းအား ပြောလေ့ရှိသည်။ အပြု

သဘောဖြစ်သော ဤတရားစီရင်မှု၏ရည်ရွယ်ချက်အား ကျိန်ဆဲခြင်းနှင့်ကောင်းချီးမင်္ဂလာဆိုင်ရာ ပဋိညာဉ်တရားတွင် တရားဟောရာကျမ်း၁ ၂၇–၂၈ ၌တွေ့ရသည်။

**၄း၁၂ "ခြေလှမ်းများအတိုင်း လိုက်လျှောက်"**၎င်းမှာ စစ်တပ်သုံးဝေါဟာရ (*stoicheō*)ဖြစ်ပြီး စစ်သားများ ရှေ့နောက်တစ်တန်းတည်း ချီတက်သွားခြင်းအတွက်သုံးသည်။ (တမန် ၂၁း၂၄။ ဂလ ၅း၂၅။ ဖိ၁၃း၁၆။ ဖိ ၃း၁၆) ဤ အငယ်၌ ပေါလုသည် ယုံကြည်သူဂျူးများ (အရေဖျားလှီးသူများ၏အဘ)ကိုပြောသည်။ ဘုရားသခင်နှင့် သူ၏ကတိ တော်များအား ယုံကြည်ခြင်းကို ကျင့်သုံးသူတိုင်းအတွက် အာဗြဟံမှာအဘဖြစ်သည်။

ဤဒုတိယအမြင်ဖြစ်သည့် ("ခြေလှမ်းများအတိုင်းလိုက်")သည်ဟုဆိုရာ၌ the (*tois*) နှစ်လုံးသုံးခြင်းကြောင့် တစ်ခါယုံကြည်လိုက်ခြင်းမျိုးအား ပြောခြင်းမဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းပုံစံ(PRESENT MIDDLE) [deponent] PARTICIPLE သဘောကို ထပ်ဆင့်လိုက်ခြင်းဖြစ်သည်။ ကယ်တင်ခြင်းဟူသည် ဆုံးဖြတ်ချက် တစ်ခုချ လိုက်ရုံ(ဝါ)စိတ်ဆွအားဖြင့် စတင်လှုပ်ရှားမှုပြုရုံမျှသာမဟုတ်ဘဲ၊ ဆက်လက်ဖြစ်ပေါ်နေသောတော်စပ်မှု၊ ဆက်စပ်မှုရှိ နေခြင်းဖြစ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၄း၁၃–၁၅

**[13]အကြောင်းမူကား ဤလောကအား အမွေဆက်ခံသူဖြစ်စေမည်ဟူသောကတိတော်ကို အာဗြဟံ သို့မဟုတ် သူ၏အဆက်အနွယ်များသည် ပညတ်တရားအားဖြင့် ရကြသည်မဟုတ်ဘဲ၊ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်း အားဖြင့်ရကြ၏။ [14]အကြောင်းမူကား ပညတ်တရားနှင့်ဆိုင်သောသူတို့သည် အမွေခံကြသည်ဆိုလျှင် ယုံကြည် ခြင်းတရားကို အချည်းနှီးဖြစ်စေကာ၊ ကတိတော်ကိုလည်း ပယ်ဖျက်ခံစေသည်။ [15]ပညတ်တရားတော်သည် အမျက်ဒေါသဖြစ်စေသော်လည်း၊ ပညတ်ချက်မရှိပါက၊ လွန်ကျူးခြင်းဟူ၍လည်းမရှိချေ။**

**၄း၁၃ "ကတိတော်ကို အာဗြဟံ သို့မဟုတ် သူ၏အဆက်အနွယ်များသည်"**ဘုရားသခင်သည် "ပြည်တော်နှင့် အဆက်အနွယ်"အား အာဗြဟံကို ကတိပေးခဲ့သည်။ (ကမ္ဘာ ၁၂း၁–၃။ ၁၅း၁–၆။ ၁၇း၁–၈။ ၂၂း၁၇–၁၈) ဓမ္မဟောင်း သည် ပြည်တော်(ပါလက်စတိုင်း)ကို အဓိကအခြေပြုသော်လည်း ဓမ္မသစ်မူကား"အဆက်အနွယ်"ကို အဓိကထားသည် (မေရှိယအရှင်ယေရှု။ ဂလာ ၃း၁၆၊ ၁၉)သို့သော် ဤနေရာ၌ "အဆက်အနွယ်"သည် ယုံကြည်ခြင်းလူများအား ညွှန်းပါ သည်။(ဂလာ ၃း၂၉)။ ဘုရားသခင်၏ကတိတော်များသည် ယုံကြည်သူအားလုံး၏ ယုံကြည်ကိုးစားမှုအခြေခံဖြစ်သည်။ (ဂလာ ၃း၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၁၊ ၂၂၊ ၂၉။ ၄း၂၈။ ဟေဗြဲ ၅း၁၃–၁၈)။

▣ **"ဤလောကအား အမွေဆက်ခံသူဖြစ်စေမည်ဟူသော"**တစ်လောကလုံးအား ဖော်ပြပြောဆိုမှုသည် အလွန် အဓိပ္ပါယ်ပေါ်လွင်လှကြောင်း ပြဆိုသောကျမ်းပိုဒ်များမှာ ကမ္ဘာ ၁၂း၃။ ၁၈း၁၈။ ၂၂း၁၈ နှင့် ထွက်၊ ၁၉း၅–၆ တို့ဖြစ် သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်အားလုံးဖိတ်ခေါ်ရန် အာဗြဟံကိုဖိတ်ခေါ်သည်။ (ကမ္ဘာ ၁း၂၆–၂၇။ ၃း၁၅) အာဗြဟံနှင့် သူ့အဆက်အနွယ်များမှာ တစ်ကမ္ဘာလုံးသို့ ဖွင့်ပြတော်မူခြင်း နည်းလမ်းတစ်မျိုးဖြစ်စေရန်တည်း။ ၎င်းမှာ ကမ္ဘာမြေပေါ်က ဘုရားသခင်၏နိုင်ငံတော်အား ရည်ညွှန်းခြင်းတစ်မျိုးဖြစ်သည်။ (မဿဲ ၆း၁၀)

▣ **"ပညတ်တရားအားဖြင့် ရကြသည်မဟုတ်ဘဲ"။** မောရှေ၏ပညတ္တိကျမ်းမပေးရသေးချေ။ ဂရိမူရင်း၏ဝါကျ၌ ဤ စကားစုကို ပထမထားကာ၊ ၎င်း၏အရေးပါပုံကိုပြသသည်။ လူ၏အားထုတ်မှုနှင့် ကျေးဇူးတော်တရားတို့၏ ကွဲပြား ခြားနားမှုအား အလေးအနက်ပြုရန် ဤအချက်မှာ အလွန်အရေးကြီးသည်။(၃း၂၁–၃၁)။ ကျေးဇူးတော်သည် ပျက်ပြယ် သွားခဲ့ပြီးဖြစ်သောပညတ်တရားတော်ကို ကယ်တင်ခြင်းအတွက် လမ်းဖြစ်သွားစေသည်။ (ဟေဗြဲ ၈း၇၊၁၃)။ အထူးအကြောင်းအရာ။ ။ မောရှေ၏ပညတ္တိကျမ်းအပေါ် ပေါလု၏အမြင် ၁၃း၉ ၌ကြည့်ပါ။

**၄:၁၄ "လျှင်"**ငင်းသည် စာရေးသူ၏အမြင်၌ မှန်သည်ဟု မှတ်ယူထားခြင်းဖြစ်သည့် ပထမတန်းစားချွင်းချက်ပါ ဝါကျမျိုးသို့မဟုတ် စာရေးသူ၏ရေးဟန်ဖြစ်သည်။ ပေါလုသည် မိမိ၏အကျိုးသင့်အကြောင်းသင့် ဆွေးနွေးမှုအတွက် ဤအံ့အားသင့်စရာပြောဆိုမှုကို အသုံးပြုခြင်းဖြစ်သည်။ ငင်းမှာ တရားဟောခြင်း အတတ်ပညာအရ မိမိအလေးအနက်ပြုလိုသောအချက်အတွက် အသုံးပြုသည့် ပထမတန်းစားချွင်းချက်ပါဝါကျများအတွက် ဥပမာကောင်းတစ်ခုဖြစ်သည်။ သူသည် ဤအဆိုကို အမှန်ဟုမယုံကြည်သော်လည်း ငင်း၏မမှန်ကန်မှုပေါ်လွင်လာစေရန် ထိုသို့ပြောဆိုခြင်းဖြစ်သည်။ (ငယ် ၂)

မြင်နိုင်သောအရေဖျားလှီးခြင်း အမှတ်အသားပိုင်ရှင်ဂျူးမျိုးနွယ်များသည် လောကအား အမွေဆက်ခံမည့်သူများမဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်နှင့် နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းအား ကျင့်သုံးသူတို့ကသာလျှင် ကမ္ဘာကိုအမွေဆက်ခံကြမည့်သူများဖြစ်သည်။ (၂:၂၈–၂၉)

▣

| | |
|---|---|
| NASB, NKJV | **"ယုံကြည်ခြင်းတရားကို အချည်းနှီးဖြစ်စေကာ"** |
| NRSV | **"ယုံကြည်ခြင်းတရားမှာ ပယ်ခြင်းခံရသည်"** |
| TEV | **"လူ၏ယုံကြည်ခြင်းတရားမှာ ဘာမျှမဟုတ်ဟု အဓိပ္ပါယ်ရှိသည်"** |
| NJB | **"ယုံကြည်ခြင်းတရားမှာ အချက်အလက်မဲ့ဖြစ်သွားသည်"** |

ငင်းသည် *kenoō* ၏ PERFECT PASSIVE INDICATIVE ဖြစ်ပြီး၊ အခြေကျနေသော အခြေအနေတစ်ရပ်အား အလေးအနက်ပြုသည့် ဂရိကြိယာတစ်ခုဖြစ်ကာ"ဗလာဖြစ်သွားစေသည်" "အခြေခံအုတ်မြစ်မဲ့ဖြစ်ကြောင်း ပြသသည်" ဟူ၍အဓိပ္ပါယ်ရှိပြီး"မှားယွင်း"သည်ဟူ၍ပင်ဆိုလိုသည်။(၁ကော ၁:၁၇)။ဤဝေါဟာရကိုပင် ပေါလုသည် ၁ကော ၁:၁၇။ ၉:၁၅။ ၂ကော ၉:၃ နှင့် ဖိ ၂:၇ တို့၌သုံးသည်။

▣

| | |
|---|---|
| NASB | **"ကတိတော်ကိုလည်း ပယ်ဖျက်ခံစေသည်"** |
| NKJV | **"ကတိတော်ကို အချည်းနှီးဖြစ်သွားစေသည်"** |
| NJB | **"ကတိတော်မှာ တန်ဘိုးမဲ့ဖြစ်သွားသည်"** |

ငင်းသည်လည်း PERFECT PASSIVE INDICATIVE ဖြစ်ပြီး အခြေကျသောအခြေအနေတစ်ရပ်အား အလေးအနက်ပြုသည့် ပြင်းထန်သောဂရိကြိယာတစ်ခုဖြစ်သည်။ "ဗလာဖြစ်သွားစေသည်" "ဖျက်သိမ်းသည်" "ဆုံးခန်းတိုင်စေသည်" ဟူ၍အဓိပ္ပါယ်ရှိသည့်ပြင် "ဖျက်ဆီးသည်(ဝါ)အစဖျောက်ပစ်လိုက်သည်"ဟူ၍ပင် ဆိုလိုသည်။ ပေါလုသည် ဤဝေါဟာရကိုပင် ရောမ ၃:၃၊ ၃၁။ ၆:၆။ ၇:၂၊ ၆။ ၁ကော ၂:၆။ ၁၃:၈။ ၁၅:၂၄၊ ၂၆။ ၂ကော ၃:၇။ ဂလာ ၅:၄။ ၂သက် ၂:၈ တို့၌လည်းသုံးသည်။ ဤအပိုဒ်ငယ်၌ပေါ်လွင်သော အလားတူသဘောတစ်ခုရှိသည်။ ကယ်တင်ခြင်းနည်းလမ်းနှစ်ခုရှိသည်မဟုတ်ချေ။ ကျေးဇူးတော်၏ပဋိညဉ်တရားအသစ်သည် အကျင့်(work–လုပ်ဆောင်မှု)နှင့်ဆိုင်သော ပဋိညဉ်တရားအဟောင်းကိုပယ်ဖျက်၍ အချည်းနှီးဖြစ်သွားစေသည်! အထူးအကြောင်းအရာ။ ။ ပယ်ပြက်ဆိတ်သုဉ်းသွားစေခြင်းအား ၃:၃ ၌ကြည့်ပါ။

**၄:၁၅ "ပညတ်တရားတော်…ပညတ်ချက်"**ဤဝေါဟာရအား ပထမသုံးရာ၌ (*the*)ပါရှိပြီး၊ ဒုတိယမြောက်သုံးရာ၌မပါရှိချေ။ ဂရိမူရင်း၌(*the*)ပါရှိခြင်း၊ မပါရှိခြင်းအား အာရုံစိုက်လွန်းခြင်းမှာ အန္တရာယ်ရှိသည်မှန်သော်လည်း ဤကိစ္စ၌ပေါလုသည် ဤဝေါဟာရအား အဓိပ္ပါယ်နှစ်မျိုးဖြစ် သုံးနေခြင်းဖြစ်ကြောင်း ပေါ်လွင်စေရန် ပို့ပိုးဘို့ဖြစ်နိုင်ပါသည်။

၁။ ဂျူးလူမျိုးတို့သည် မိမိတို့ကယ်တင်ခြင်းရရေးအတွက် အားကိုးအားထားပြုနေကြသည့် မောရှေ၏ပညတ္တိကျမ်းနှင့် ငင်း၏နှုတ်ပါးစပ်အားဖြင့် လက်ဆင့်ကမ်းသောထုံးတမ်းစဉ်လာ

၂။ ပညတ်ချက်ဆိုင်ရာ ယေဘုယျအယူအဆ

ပို၍ကျယ်ပြန့်သော ဤဒုတိယအဓိပ္ပါယ်ကောက်ယူမှု၌ တစ်ပါးအမျိုးသားများ၏ဇာတိဖြောင့်မတ်ခြင်းပါဝင်သည်။ ၎င်းမှာ ကိုယ်ကျင့်တရား(ဝါ) ဘာသာရေးပွဲလမ်းသဘင်ဆိုင်ရာ မိမိတို့၏ရိုးရာဥပဒေအသီးသီးဖြစ်ပြီး၊ နတ်ဘုရားများသည် မိမိတို့၏အဆိုပါလုပ်ဆောင်မှုများကို အခြေပြုကာမိမိတို့အား လက်သင့်ခံခြင်းပြုသည်ဟု ယုံကြည်ကြသည်။

▣ **"ပညတ်တရားတော်သည် အမျက်ဒေါသဖြစ်စေ..."**၎င်းမှာ ထိတ်လန့်ဘွယ်ရာပြောဆိုမှုဖြစ်သည်။ (၃း၂၀။ ဂလ ၃း၁၀–၁၃။ ကော ၂း၁၄)။မောရှေ၏ပညတ္တိကျမ်းမှာ ကယ်တင်ခြင်းရစေသော လမ်းတစ်လမ်းဖြစ်သည်ဟု အဓိပ္ပါယ်မရှိခဲ့ဘူးချေ။ (ဂလာ ၃း၂၃–၂၉)။ ၎င်းမှာ ဂျူးလူမျိုး မည်သူမဆို(သို့မဟုတ် နည်းဥပဒေသသမားများ)အတွက် နားလည်သဘောပေါက်ရန်(ဝါ)လက်ခံရန် အလွန်ခက်ခဲသောသမ္မာတရားဖြစ်သော်လည်း ၎င်းမှာ ပေါလုပြုသောပြောဆိုမှု၏အခြေခံအချက်ဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ၁၃း၉ ၌ကြည့်ပါ။

▣ **"သို့သော် ပညတ်ချက်မရှိပါက၊ လွန်ကျူးခြင်းဟူ၍လည်းမရှိချေ။"**ဘုရားသခင်သည် လူသားတို့အား မိမိတို့ရရှိသည့်အလင်းတရားအပေါ် တာဝန်ရှိသည်ဟု သဘောထားသည်။ တစ်ပါးအမျိုးသားများသည် မိမိတို့မကြားခဲ့ဘူးသော မောရှေ၏ပညတ္တိကျမ်းအားဖြင့် တရားစီရင်ခြင်းခံကြလိမ့်မည်ကား မဟုတ်ချေ။ သဘာဝတရားအားဖြင့် ဖွင့်ပြမှုအပေါ် သူတို့၌ တာဝန်ရှိသည်။ (၁း၁၉–၂၀။ ၂း၁၄–၁၅)

ပေါလု၏ကျိုးကြောင်းပြဆွေးနွေးမှု၌ ဤသမ္မာတရားသည် နောက်တစ်ဆင့် ခြေလှမ်းတစ်ခုလှမ်းလိုက်ခြင်းဖြစ်သည်။ မောရှေ၏ပညတ္တိကျမ်းသည် ဘုရားသခင်အား ရှင်းလင်းစွာ ဖွင့်ပြခြင်းမပြုမီကာလ၌ ကိုယ်တော်သည် လူသားများ၏ကျူးလွန်မှုများအား မှတ်တမ်းတင်ခြင်းမပြုချေ။ (၃း၂၀၊ ၂၅။ ၄း၁၅။ ၅း၁၃၊ ၂၀။ ၇း၅၊ ၇–၈။ တမန် ၁၄း၁၆။ ၁၇း၃၀။ ၁ကော ၁၅း၅၆)။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၄း၁၆–၂၅

**[၁၆]ထိုအကြောင်းကြောင့် ကတိတော်အား ပညတ်တရားတော်နှင့်ဆိုင်သော အမျိုးကိုသာမက၊ အာဗြဟံ၏ယုံကြည်ခြင်းတရားနှင့်ဆိုင်သောသူ အားလုံးတို့ကိုလည်း ပေးသနားတော်မူစေရန်အလို့ငှါ၊ ကျေးဇူးတော်နှင့်အညီဖြစ်စေရေးအတွက်၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းရရှိ၏။ [၁၇]ထိုအာဗြဟံကား(ငါသည် သင့်ကိုလူမျိုးအများတို့၏အဘဖြစ်စေပြီဟု ကျမ်းစာလာသည်နှင့်အညီ) သေလွန်ပြီးသောသူတို့ကို အသက်ရှင်စေတော်မူထသော၊ မတည်မရှိသောအရာကို တည်နေသည်၊ ရှိနေသည်ဟုဆိုဘိသူ၊ မိမိယုံကြည်သောဘုရားသခင်၏မျက်မှောက်တော်၌ ငါတို့အားလုံး၏အဘဖြစ်သတည်း။ [၁၈]"သင်၏အမျိုးအနွယ်များ ထိုသို့ဖြစ်လိမ့်မည်ဟု ပြောခဲ့ပြီးသည့်အတိုင်း၊ သူသည် လူမျိုးအများတို့၏အဘဖြစ်နိုင်ရန် မြော်လင့်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော်လည်း၊ သူသည်မျှော်လင့်လျက် ယုံကြည်၏။ [၁၉]မိမိအသက်သည် အနှစ်တစ်ရာလောက်ရှိသဖြင့် မိမိကိုယ်သည် သေပြီးသကဲ့သို့ဖြစ်ကြောင်းနှင့်၊ စာရာ၏ဝမ်းသည်သေနေကြောင်းအား ဆင်ခြင်ကာယုံကြည်အားနည်းခြင်းကင်း၏။ [၂၀]ဘုရားသခင်၏ကတိတော်ကိုလေးစားလျက်၊ မယုံကြည်မှုဖြင့် ယိမ်းယိုင်မနေဘဲ၊ ဘုရားသခင်ကိုချီးမွမ်းလျက်၊ ယုံကြည်ခြင်း၌ ပို၍ခိုင်မာလာကာ [၂၁]ဘုရားသခင်သည် မိမိကတိပြုသည့်အရာအား ဆောင်ရွက်တတ်စွမ်းနိုင်သည်ဟု အပြည့်အဝစိတ်ချလျက်ရှိ၏။ [၂၂]ထို့ကြောင့် ၎င်းကိုပင်သူ၏ဖြောင့်မတ်ခြင်းအဖြစ် မှတ်တော်မူ၏။ [၂၃]သူ၏အဆိုပါ ယုံကြည်ခြင်းအား သူ၏ဖြောင့်မတ်ခြင်းအဖြစ်မှတ်တော်မူသည်ဟု ကျမ်းစာ၌ရေးထားခြင်းမှာ သူ့အကျိုးအတွက်သာမဟုတ်ဘဲ [၂၄]ငါတို့၏ အရှင်ယေရှုအားသေခြင်းမှ ထစေတော်မူသူအား ယုံကြည်သူများအတွက် ဤယုံကြည်ခြင်းကိုပင် ဖြောင့်မတ်ခြင်းအဖြစ်မှတ်ပေးမည်အကြောင်း၊ ငါတို့အကျိုးအတွက်လည်း ရေးသားခြင်းဖြစ်၏။ [၂၅]ထိုအရှင်သည် ငါတို့၏လွန်ကျူးခြင်းများကြောင့် အပ်နှံခြင်းခံကာ၊ ငါတို့သည် ဖြောင့်မတ်စေခြင်းရရှိရန် ထတော်မူစေခြင်းခံရ၏။**

**၄း၁၆** ၎င်းသည် အငယ် ၁၄ မှ ပေါလု၏အကျိုးသင့်အကြောင်းသင့် ဆွေးနွေးမှုအား လုပစ္စာအကျဉ်းချုံ့ခြင်း တစ်ခုဖြစ်သည်။

၁။ လူသားများသည် ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုပြုကြရမည်

၂။ ဘုရားသခင်၏ကျေးဇူးကတိတော်

၃။ ထိုကတိတော်သည် ယုံကြည်ခြင်းတရားအား ကျင့်သုံးသူများဖြစ်သည့် အာဗြဟံ၏အဆက်အနွယ်များအားလုံး (ဂျူးနှင့်တစ်ပါးအမျိုးသားများ)အတွက် သေချာသည်။

၄။ အာဗြဟံသည် ယုံကြည်ခြင်းတရားနှင့်စပ်ဆိုင်သူအားလုံးအတွက် ဥပမာဖြစ်သည်။

▣

| | |
|---|---|
| NRSB, NRSV | |
| TEV, NIV | **"ပေးသနားတော်မူခြင်း ခံရသည်"** |
| NKJV | **"စိတ်ချရသည်"** |
| REB | **"တရားဝင်သည်"** |
| NET | **"သေချာသည်"** |

အောက်ပါ အထူးအကြောင်းအရာကိုကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ အာမခံသည်**

၎င်းမှာ ဂရိဝေါဟာရ *bebaios* ဖြစ်ပြီး အဓိပ္ပါယ်ပွါးသုံးမျိုးရှိသည်။

၁။ စိတ်ချရသော၊ သေချာသော(ဝါ)မှီခို၍ရသော (ရောမ ၄း၁၆။ ၂ကော ၁း၇။ ဟေဗြဲ ၂း၂၀။ ၃း၆၊ ၁၄။ ၆း၁၉။ ၂ပေ ၁း၁၀၊ ၁၉)

၂။ တစုံတရာ၏ယုံကြည်စိတ်ချရမှုအား ပြသသော(ဝါ)တည်ဆောက်သောလုပ်နည်းလုပ်ထုံး (ရောမ ၁၅း၈။ ဟေဗြဲ ၂း၂။ Louw and Nida, *Greek-English Lexicon of the New Testament*, Vol. 1, pp. 340, 377, 670 )

၃။ ပုရပိုက်စာပေများ၌ ၎င်းသည် တရားဥပဒေဆိုင်ရာ အာမခံပေးခြင်းအတွက် သုံးသောနည်းပညာသုံးဝေါဟာရဖြစ်လာသည်။ (Moulton and Milligan, *The Vocabulary of the Greek New Testament*, pp.107-8 )

၎င်းသည် အငယ် ၁၄ ၏ဆန့်ကျင်ဘက်စကားဖြစ်ပေမည်။ ဘုရားသခင်ပေးသောကတိတော်များကို စိတ်ချရပါသည်။

▣ **"အားလုံး...အားလုံး"** ၎င်းသည် ယုံကြည်သူအားလုံးတို့ကို ရည်ညွှန်းသည်(ဂျူးလူမျိုးနှင့် တစ်ပါးအမျိုးသားများ)

**၄း၁၇–၂၃** ပေါလုသည် အာဗြဟံအား ဦးစားပေးအချက် နှစ်ချက်အားဖော်ပြရန် နောက်တဖန်အသုံးပြုသည်။ (၁) ဘုရားသခင်သည် ကျေးဇူးတော်ကြောင့် အစပြုကတိတော်ပေးခြင်း(ပဋိညာဉ်တရား)နှင့် (၂) လူသည် ယုံကြည်ခြင်းအားဖြင့် အစပြုတုံ့ပြန်မှုပြုရန်နှင့် ယုံကြည်ခြင်းအားဖြင့် ဆက်လက်တုံ့ပြန်ရန်လိုအပ်သည်။ (၁း၅ ၏မှတ်ချက်၊ ပဋိညာဉ်တရား၌ ကြည့်ပါ။) ပဋိညာဉ်တရား၌ နှစ်ဦးနှစ်ဖက်လုပ်ဆောင်မှု ပါဝင်လေ့ရှိသည်။

**၄း၁၇ "လူမျိုးအများတို့၏အဘ....ကျမ်းစာလာသည်နှင့်အညီ"** ၎င်းသည်ကမ္ဘာ ၁၇း၅ အားကိုးကားခြင်းဖြစ်သည်။ ဂရိဓမ္မဟောင်း(LXX)၌ "တစ်ပါးအမျိုးသားများ"(Gentiles)ဟုပါရှိသည်။ ဘုရားသခင်သည် အာဗြဟံ၏အဆက်အနွယ်များသာမကဘဲ၊ အာဒံ၏အဆက်အနွယ်အားလုံးရွေးနှုတ်ရန် အလိုတော်ရှိနေကျဖြစ်သည်။ (ကမ္ဘာ ၃း၁၅)အာဗြံ(Abram)၏နာမည်သစ်မှာ အာဗြဟံ(Abraham)ဖြစ်ပြီး အဓိပ္ပါယ်မှာ"လူမြောက်များစွာတို့၏အဘ"ဟူ၍ဖြစ်သည်။

၎င်းတွင် ကိုယ်ခန္ဓာအဆက်အနွယ်များကိုသာမကဘဲ၊ ယုံကြည်ခြင်းအဆက်အနွယ်များပါဝင်ကြောင်း ယခုအခါကျွန်တော်တို့သိရှိကြ၏။

▣ **"သေလွန်ပြီးသောသူတို့ကို အသက်ရှင်စေတော်မူထသော"**ကျမ်းစကားအဆက်အစပ်အရ ၎င်းသည် အာဗြဟံနှင့်စာရာ တို့၏ ကာမစွမ်းအား အသစ်ပြန်လည်မွေးဖွားခြင်းအား ရည်ညွှန်းသည်။ (၄ယ် ၁၉)

▣ **"မတည်မရှိသောအရာကို တည်နေသည်၊ ရှိနေသည်ဟုဆိုဘိသူ"**ကျမ်းစကားအဆက်အစပ်အကြောင်းသဘောအရ ၎င်းသည် စာရာကဣဇက်အား ကိုယ်ဝန်ဆောင်ခြင်းကိုရည်ညွှန်းသော်လည်း ယုံကြည်ခြင်းသည် အမြတ်ဆုံးဖြတ်သောအရာဖြစ်ခြင်းသဘောကိုပါ ညွှန်းဆိုသည်။ (ဟေဗြဲ ၁၁း၁)

၄း၁၈

NASB **"မျှော်လင့်ရန် ဆန့်ကျင်ဘက်ဖြစ်နေသောသူသည်၊ မြော်လင့်လျက်ယုံကြည်သည်"**
NRSV **"မြော်လင့်ခြင်းနှင့် ဆန့်ကျင်ကာ မျှော်လင့်ရင်း သူသည်ယုံကြည်၏"**
TEV **"အာဗြဟံသည် မျှော်လင့်နေရန် အကြောင်းမရှိသည့်အခါ၌ပင် ယုံကြည်ကာ၊ မျှော်လင့်သည်"**
NJB **"မြော်လင့်ခြင်းမရှိသကဲ့သို့ဖြစ်သော်လည်း၊ သူသည် မျှော်လင့်ကာယုံကြည်သည်"**

"မြော်လင့်ခြင်း"အကြောင်းအထူးအကြောင်းအရာကို ၁၂း၁၂ ၌တွေ့ရသည်။ ဤဝေါဟာရသည် အရှေ့အလယ်ပိုင်းဘာသာရပ်ဆိုင်ရာ ကျယ်ပြန့်သောသဘောရှိသည်။ Harold K.Moulton, *The Analytical Greek Lexion Revised*, p.133 ၌သုံးနှုန်းပုံ အချို့ပေးထားသည်။

၁။ မြော်လင့်ခြင်း၏အခြေခံအဓိပ္ပါယ် (ရောမ ၅း၄။ တမန် ၂၄း၁၅)
၂။ မြော်လင့်ခြင်း၏အကြောင်းတရား(ရောမ၈း၂၄။ဂလာ၅း၅)
၃ မြော်လင့်ခြင်းအားပြုစုသူ(ဝါ)မူလရင်းမြစ်(ကော၁း၂၇။၁တိ၁း၁)
၄။ အားကိုးအားထားပြုခြင်း၊ ယုံကြည်စိတ်ချခြင်း (၁ပေ ၁း၂၁)
၅။ အာမခံဖြင့်လုံခြုံမှု (တမန် ၂း၂၆။ ရောမ ၈း၂၀)

ဤအပိုင်း၌ မြော်လင့်ခြင်းကို ကွဲပြားသောအဓိပ္ပါယ်နှစ်မျိုးဖြင့်သုံးသည်။ လူသား၏စွမ်းအားနှင့် တန်ခိုး၌ မြော်လင့်မှုမှာ (၄ယ် ၁၉–၂၁) ဘုရားသခင်၏ကတိတော်အား မြော်လင့်ခြင်းနှင့် ပြိုင်ဘက်ဖြစ်သည်။ (၄ယ် ၁၇)

▣

NASB, NKJV **"သင်၏အမျိုးအနွယ်များ ထိုသို့ဖြစ်လိမ့်မည်ဟု"**
NRSV **"သင်၏အမျိုးအနွယ်များ ထိုသို့များပြားလိမ့်မည်ဟု"**
TEV **"သင်၏အဆက်အနွယ်များ များပြားလိမ့်မည်"**
NJB **"သင်၏အမျိုးအနွယ်များသည် ကြယ်များကဲ့သို့များပြားလိမ့်မည်"**

၎င်းကို သားယောကျ်ားတစ်ယောက် (ထွန်းကားမည်အကြောင်း အာဗြဟံအားပေးသည့် ကတိတော်၏သေချာမှုအား အလေးအနက်ပြုသည့် ကမ္ဘာ ၁၅း၅ မှကိုးကားသည်)။(၄ယ် ၁၉–၂၂)။ ဣဇက်အား အောက်ပါအကြောင်းအရာတို့ဖြစ်ပျက်ပြီးနောက်၌ မွေးဖွားခြင်းဖြစ်ကြောင်း သိထားပါ။

၁။ ကတိတော်ပေးပြီးတဆယ့်သုံးနှစ်ပြည့်ပြီးနောက်
၂။ အာဗြဟံသည် စာရာအား စမ်းသပ်ပြီးနောက် (နှစ်ခါဖြစ်သည်။ ကမ္ဘာ ၁၂း၁၀–၁၉။ ၂၀း၁၇)

၃။ အာဗြဟံသည် စာရာ၏အစေခံ အီဂျစ်အမျိုးသမီးဟာဂရနှင့် သားယောကျ်ားတစ်ယောက်ရပြီးနောက် (ကမ္ဘာ ၁၆း၁–၁၆)

၄။ စာရာနှင့်(ကမ္ဘာ ၁၈း၁၂)အာဗြဟံနှစ်ယောက်စလုံးတို့သည် (ကမ္ဘာ ၁၇း၁၇)ထိုကတိတော်အား ရယ်ခဲ့ကြပြီးနောက်၊ အာဗြဟံနှင့်စာရာနှစ်ယောက်စလုံး၌ စုံလင်ပြည့်ဝသော ယုံကြည်ခြင်းရှိခဲ့ကြသည်မဟုတ်ချေ။ ကယ်တင်ခြင်းသည် စုံလင်ပြည့်ဝသောယုံကြည်ခြင်းကိုမတောင်းဆိုဘဲ၊ မှန်ကန်သောအကြောင်းတရားကို (ဓမ္မဟောင်း၌ ဘုရားသခင်နှင့် ဓမ္မသစ်၌ သားတော်အား)သာလျှင် တောင်းဆိုနေခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်လုပါ၏။

**၄း၁၉ "ဆင်ခြင်ကာ"**ဤဘာသာပြန်ချက်သည် MSS Aleph, A, B, Cကိုလိုက်သည်။ သို့သော် အချို့ရေးဟောင်းလက်ရေးစာမူစာလုံး ကြီးများသည် အငြင်းသဘောအဖြစ် အသုံးပြုသော(*ou*)ကို ပေါင်းထည့်သည်။ D, F, G. UBS[4]သည် ("C "အဆင့်ထားလျက်) ဆုံးဖြတ်ချက်မချနိုင်သော်လည်း ပိုမိုတိုတောင်းသောမူရင်းစာကို ပံ့ပိုးသည်။ NET ဘာသာပြန်ကျမ်းသည်လည်း ပိုမိုတိုတောင်းသောမူရင်းစာကို ထောက်ခံသည်။

**၄း၂၀** အစပိုင်း၌ အာဗြဟံသည် ထိုသားမှာ စာရာမှ မွေးဖွားလိမ့်မည်ဆိုသော ကတိတော်ကို ကောင်းစွာနားမလည်ခဲ့ချေ။ အာဗြဟံ၏ယုံကြည်ခြင်းကိုလက်ခံကာ၊ ၎င်းအားဖြင့်ပြုမူခြင်းမှာ ကိုယ်တော်သည် မစုံလင်မပြည့်ဝသူ လူသားများကိုချစ်တော်မူသောကြောင့်တည်း။

■ **"မယုံကြည်မှုဖြင့် ယိမ်းယိုင်မနေဘဲ"**ဤကြိယာဖြစ်သည့် *diakrinō* ကို ယေရှုက မဿဲ ၂၁း၂၁။ မာကု ၁၁း၂၃ တို့၌သုံးသည်။ အာဗြဟံသည် ဘုရားသခင်ပြောသည့်စကား(ကတိတော်)အား မေးခွန်းထုတ်ရန် အကြောင်းရင်းများရှိနေသော်လည်း၊ (ငယ် ၁၉) သူသည် ထိုသို့ပြုရမည့်အစား ပို၍စွမ်းအားကောင်းလာသည်။

အငယ် ၂၀ရှိ ကြိယာနှစ်ခုစလုံး AORIST PASSIVE INDICATIVE ဖြစ်သည်။ ပြုလုပ်သူ ကံပုဒ်မှာ ဘုရားသခင်ဖြစ်ကြောင်း၊ အပြုခံကြိယာ PASSIVE ကပြသသော်လည်း အားဗြဟံသည် တန်ခိုးတော်အား မိမိကိုခွန်အားပြည့်စေ ရန် ခွင့်ပြုဘို့ (ပဋိညာဉ်ပြုခြင်း)လိုအပ်သည်!

■ **"ဘုရားသခင်ကို ချီးမွမ်းလျက်"**အထူးအကြောင်းအရာ ၃း၂၃ ၌ကြည့်ပါ။

**၄း၂၁**

| | |
|---|---|
| NASB | **"အပြည့်အဝ စိတ်ချလျက်ရှိ၏။"** |
| NKJV, NRSV | **"အပြည့်အဝ သဘောပေါက်လျက်ရှိ၏။"** |
| TEV | **"လုံးဝစိတ်ချလျက်ရှိ၏။"** |
| NJB | **"အပြည့်အဝသဘောပေါက်၏။"** |

၎င်းသည် AORIST PASSIVE PARTICLE ဖြစ်ပြီး၊ တစ်စုံတစ်ရာ(လု ၁း၁။ ကော ၄း၁၂)သို့မဟုတ် တစ်စုံတစ်ယောက် (ရောမ ၄း၂၁။ ၁၄း၅)အကြောင်းအား အပြည့်အဝစိတ်ချမှုရှိခြင်းကိုပြသည်။ ၎င်းစကားလုံး၏နာမ်ပုဒ်အား အပြည့်အဝစိတ်ချခြင်းအတွက် ကော ၂း၂ နှင့် ၁သက် ၁း၅တို့၌သုံးသည်။ ဘုရားသခင်၏အလိုတော်၊ နှုတ်ကပတ်တော်နှင့်တန်ခိုးတော်တို့အား စိတ်ချမှုရှိခြင်းသည် လူသားများအား လက်တွေ့လုပ်ဆောင်ရန် တတ်စွမ်းစေသည်။

■**"ဘုရားသခင်သည် မိမိကတိပြုသည့်အရာအားဆောင်ရွက်ရန် တတ်စွမ်းနိုင်သည်"**။၎င်းသည် PERFECT MIDDLE (သက်သေထွက်ဆိုချက်)ဖြစ်ပြီး အတိတ်ကာလက ပြုခဲ့သောလုပ်ဆောင်မှုတစ်ခု ပြီးစီးသွားခဲ့ကာ၊ တည်ရှိနေသည်ဟုဆိုလိုသည်။ ယုံကြည်ခြင်း၏အနှစ်သာရမှာ ဘုရားသခင်၏စရိုက်တော်နှင့်ကတိတော်များကို တစ်ယောက်သော

သူက အားကိုးအားထားပြုခြင်းဖြစ် (၁၆း၂၅။ ဖေက် ၃း၂၀။ ယုဒ ၂၄)ကာ၊ လူသား၏လုပ်ဆောင်မှုမဟုတ်ချေ။ ယုံကြည်ခြင်းသည် ကတိပေးသူဘုရားရှင်တော်ကို ကိုးစားခြင်းပြုသည်။ (ဟေရှာ ၅၅း၁၁)

**၄း၂၂** ၎င်းသည် ကမ္ဘာ ၁၅း၆ (၄ယ် ၃)အား အရိပ်အမြွက်ဖော်ပြခြင်းဖြစ်ပြီး၊ ဘုရားသခင်သည် အပြစ်ရှိသူလူသားများအား မိမိ၏ဖြောင့်မတ်ခြင်းကို မည်ကဲ့သို့ပေးကြောင်း ပေါလု၏အကျိုးသင့်၊အကြောင်းသင့် ဖော်ပြဆွေးနွေးမှု၏ ဓမ္မသဘောတရားဆိုင်ရာသော့ချက်ဖြစ်သည်။

**၄း၂၃-၂၅** ဤအခန်း၄ယ်များသည် ဂရိမူရင်း၌ ဝါကျတစ်ခုတည်းဖြစ်သည်။ အဆင့်ဆင့်ဖြစ်နေပုံကို သိမှတ်ထားပါ။

၁။ အာဗြဟံ၏အကျိုးအတွက် (၄ယ် ၂၃)
၂။ ယုံကြည်သူအားလုံး၏အကျိုးအတွက် (၄ယ် ၂၄)
၃။ ဘုရားသခင်သည် ယေရှုအား ထစေခြင်းဖြင့် (၄ယ် ၂၄)
၄။ ယေရှုသည် ငါတို့အပြစ်ကြောင့် အပ်နှံခြင်းခံကာ(ယော ၃း၁၆)ငါတို့၏အပြစ်များလွှတ်စေရန်အတွက် (ဖြောင့်မတ်စေခြင်း)ထမြောက်စေခြင်းခံရသည်။ ၄ယ် ၂၅။

**၄း၂၄** အာဗြဟံ၏ယုံကြည်ခြင်းသည် သူ၏စစ်မှန်သောအဆက်အနွယ်များအားလုံးလိုက်နာရန် ပုံစံဖြစ်လာသည်။ အာဗြဟံသည် သားယောကျ်ားတစ်ယောက်နှင့် အဆက်အနွယ်အား ကတိပေးခြင်းအပေါ် ဘုရားသခင်အား ယုံကြည်ခဲ့သည်။(အထူးအကြောင်းအရာ ၄း၅ ၌ကြည့်ပါ)။ ကျဆင်းခဲ့ပြီးသောလူသားအပေါ် ဘုရားသခင်၏ကတိတော် အားလုံးတို့၏ပြည့်စုံခြင်းမှာ မေရှိယယေရှုဖြစ်ကြောင်း ပဋိညာဉ်တရားသစ်ယုံကြည်သူများ ယုံကြည်ကြသည်။

သားယောကျ်ားတစ်ယောက်နှင့် လူမျိုးတစ်မျိုးဟူသောစကားနှစ်လုံးတို့မှာ "seed"မှဆင်းသက်လာပြီး အနည်းပြကိန်းနှင့် အများပြကိန်းနှစ်မျိုးစလုံးအတွက် သုံးခြင်းဖြစ်သည်။

▣ ထသည်၊ ထစေခြင်းခံရသည် (raised )အတွက် ၈း၁၁ ၌ကြည့်ပါ။

**၄း၂၅ "ငါတို့၏လွန်ကျူးခြင်းများကြောင့် အပ်နှံခြင်းခံကာ"** ၎င်းမှာ တရားဥပဒေဝေါဟာရဖြစ်ပြီး "တစ်ယောက်သောသူအား ပြစ်ဒဏ်ခံရန်အပ်နှံသည်"ဟုအဓိပ္ပါယ်ရှိသည်။ အ၄ယ် ၂၅သည် ဂရိဘာသာပြန် ဓမ္မဟောင်းကျမ်း(LXX)၏ ဟေရှာ ၅၃း၁၁-၁၂အားပေါ်လွင်စေသည့်ခရစ်တော်အကြောင်း အံ့သြဘွယ်ရာဖော်ပြမှုတစ်ခုဖြစ် သည်။

▣ **"ငါတို့သည် ဖြောင့်မတ်ခြင်းရရှိရန် ထတော်မူစေခြင်းခံရ၏။"** အ၄ယ် ၂၅ က ဝါကျအပိုင်းနှစ်ပိုင်းစလုံးအပြိုင်ဖြစ်နေသော်လည်း (ဝိဘတ်တစ်မျိုးတည်းဖြစ်ပြီး နှစ်ခုစလုံး AORIST PASSIVE INDICATIVE ဖြစ်သည်) ၎င်းမှာ ဓမ္မသဘောတရားအတွက်မဟုတ်ဘဲ၊ စာရေးဟန်သက်သက်ဖြစ်သည်။ (၅း၉-၁၀။ ၂ကော ၁၃း၄)။ Frank Stagg ၏ဘာသာပြန်မှု၌(*New Testament Theology*, p.97)"ငါတို့၏လွန်ကျူးမှုများကြောင့် အပ်နှံခြင်းခံကာ၊ ငါတို့သည် ဖြောင့်မတ်စေခြင်းခံသူများဖြစ်စေရန် ဟူသောအမြင်ဖြင့် ထစေခြင်းခံရသည်"ဟုဆိုရာ အလွန်ဆီလျော်သည်။ ဤဘာသာပြန်ချက်၌ ဖြောင့်မတ်စေသည်-justify ဟူသောစကားလုံးအား ပေါလုသုံးခြင်း၏အမြင်နှစ်မျိုးဖြစ်သည့် (၁)တရားရုံးတော်/ဥပဒေပိုင်းဆိုင်ရာရပ်တည်မှုနှင့် (၂) ခရစ်တော်နှင့်တူသော ဘဝအသက်တာ နှစ်မျိုးစလုံးပါဝင်သည်။ ၁း၁၇ ၏အထူးအကြောင်းအရာ၌ ကြည့်ပါ။

ယေရှု၏ပြန်ရှင်ထမြောက်ခြင်းသည် ပေါလုအတွက် ဓမ္မသဘောတရားဆိုင်ရာ သမ္မာတရား၏ဗဟိုချက်မဖြစ်သည်။ (၁း၃-၄။ ၄း၂၄-၂၅။ ၆း၄၊ ၉။ ၇း၄။ ၈း၁၁၊ ၃၄။ ၁၀း၉း ၁ကော ၆း၁၄။ ၁၅း၃-၁၁၊ ၂၀-၂၃။ ၂ကော ၁း၉။ ၄း၁၄။ ၅း၁၅။ ၁၃း၄။ ဂလာ ၁း၁။ ဖေက် ၂း၂၀။ ကော ၂း၁၂။ ၁သက် ၁း၁၀။ ၂တိ ၂း၈)။ သချိုင်းဂူမှာ လွတ်လျက်ရှိနေသည် သို့မဟုတ် ခရစ်ယာန်မှာ လိမ်ညာမှုကြီးတစ်ရပ်သာလျှင်ဖြစ်သည်ဟူ၍ တစ်ခုခုဖြစ်ရပေမည်။ (၁ကော ၁၅း၁၂-၁၉)!

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်းရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သော ဤမေးခွန်းများမှာ ဤစာအုပ်၏ ဤအပိုင်းတွင်ပါဝင်သောအဓိကအကြောင်းအရာများအားစဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ရောမသြဝါဒစာ၏ ဤအပိုင်းသည် အဘယ်ကြောင့် အလွန်အရေးကြီးရသနည်း?

၂။ ပေါလုသည် အာဗြဟံနှင့် ဒါဝိဒ်တို့အား ဥပမာများအဖြစ် အဘယ်ကြောင့်သုံးသနည်း?

၃။ အောက်ပါသော့ချက်စကားလုံးများကို ပေါလု၏သုံးနှုန်းပုံအတိုင်း (သင်၏အဓိပ္ပါယ်ဖွင့်ဆိုချက်မဟုတ်) အဓိပ္ပါယ်သတ်မှတ်ချက်ပေးပါ။

(က) ဖြောင့်မတ်ခြင်း – righteousness

(ခ) မှတ်ယူသည် – reckoned

(ဂ) ယုံကြည်ခြင်း – faith

(ဃ) ကတိတော် – promise

၄။ ဂျူးလူမျိုးများအတွက် အရေဖျားလှီးခြင်းသည် အဘယ်ကြောင့်အလွန်အရေးကြီးသနည်း?(ငယ် ၉:၁၂)

၅။ အငယ် ၁၃ နှင့် ၁၆ တို့၌ "အမျိုးအနွယ်"ဟု ဆိုရာတွင် မည်သူ့ကို ရည်ညွှန်းသနည်း?

# ရောမ ၅

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| ဖြောင့်မတ်စေခြင်း၏ရလဒ်များ | ယုံကြည်ခြင်းသည် ဒုက္ခခံရာ၌အောင်မြင် | ဖြောင့်မတ်စေခြင်း၏ အကျိုးဆက်များ | ဘုရားနှင့်မှန်ကန်ခြင်း | ယုံကြည်ခြင်းသည်ကယ်တင်ခြင်းကိုအာမခံ |
| ၅:၁–၁၁ | ၅:၁–၅ | ၅:၁–၅ | ၅:၁–၅ | ၅:၁–၁၁ |
| | ငါတို့နေရာကိုခရစ်တော်ယူ | | | |
| | ၅:၆–၁၁ | ၅:၆–၁၁ | ၅:၆–၁၁ | |
| အာဒံနှင့်ခရစ် | အာဒံ၌သေခြင်း | အာဒံနှင့်ခရစ်တော် | အာဒံနှင့်ခရစ်တော် | အာဒံနှင့်ယေရှု |
| တော် | ခရစ်တော်၌အသက်ရှင်ခြင်း | ဆင်တူမှုနှင့်ခြားနားမှု | | ခရစ်တော် |
| ၅:၁၂–၁၄ | ၅:၁၂–၂၁ | ၅:၁၂–၁၄ | ၅:၁၂–၁၄ | ၅:၁၂–၁၄ |
| | | | ၅:၁၄–၁၇ | |
| ၅:၁၅–၂၁ | | ၅:၁၅–၁၇ | | ၅:၁၅–၂၁ |
| | | ၅:၁၈–၂၁ | ၅:၁၈–၁၉ | |
| | | | ၅:၂၀–၂၁ | |

## ပတ်လည်ဖတ်ရှုခြင်း အကျော့သုံး(စာ–၈ xi ကြည့်)

*မူရင်းစာရေးသူ၏ စာပိုဒ်အလိုက်ရည်ရွယ်ချက်အားနားလည်ခြင်း*

ၤင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲ လျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်းအပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ၎င်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ်

၄။ … စသဖြင့်

## ကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ခြင်း

က။ ဂရိမူရင်း၌ အငယ် ၁–၁၁မှာ ဝါကျတစ်ခုဖြစ်သည်။ "ကျေးဇူးတော်အားဖြင့် ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်စေခြင်း"ဟူသော ပေါလုအယူဝါဒ၏အချက်အခြာကို ဤအခန်းငယ်များက ပေါ်လွင်စေသည်။ (၃း၂၁– ၄း၂၅)

ခ။ အငယ် ၁–၁၁ ကို အောက်ပါအတိုင်း အကျဉ်းချုံ့နိုင်သည်

| အငယ် ၁–၅ | အငယ် ၆–၈ | အငယ် ၉–၁၁ |
|---|---|---|
| ၁။ ကယ်တင်ခြင်း၏အကျိုးကျေးဇူး | ၁။ ကယ်တင်ခြင်းအတွက်အခြေခံ | ၁။ သေချာသောအနာဂတ်ကယ်တင်ခြင်း |
| ၂။ ဖြောင့်မတ်စေခြင်း၏ စိတ်ပိုင်းဆိုင်ရာအတွေ့အကြုံ | ၂။ ဖြောင့်မတ်စေခြင်းအား မြင်ရပုံ | ၂။သေချာသောအနာဂတ်ဖြောင့်မတ်စေခြင်း |
| ၃။ ဖြောင့်မတ်စေခြင်း | ၃။ တိုးတက်ဖြစ်ပေါ်သောဖြောင့်မတ်စေခြင်း | ၃။ ဘုန်းတန်ခိုးခံစားခြင်း |
| ၄။ လူသားအကြောင်း လေ့လာမှု | ၄။ ဘုရားအကြောင်း လေ့လာမှု | ၄။ အနာဂတ်၌ ဖြစ်ပျက်မည့်အရာများ |

ဂ။ အငယ် ၁၂–၂၁သည် ယေရှုအား ဒုတိယအာဒံအဖြစ် ဆွေးနွေးခြင်းဖြစ်သည်။ (၁ကော ၁၅း၂၁–၂၂၊ ၄၅–၄၉။ ဖိ ၂း၆–၈)၎င်းသည် လူပုဂ္ဂိုလ်အလိုက် အပြစ်နှင့်တစ်ပေါင်းတည်းဖြစ်သော အပြစ်ရှိခြင်းဆိုင်ရာ ဓမ္မသဘောတရားကို အလေးအနက်ပြုသည်။ အာဒံအထဲ လူသားကျဆင်းခြင်း(နှင့်ဖန်ဆင်းခြင်း)အား ပေါလုပါ်လွင်စေပုံမှာ ထူးခြားလှပြီး ဂျူးရဗ္ဗိဆရာကြီးများနှင့်ကွဲပြားသည်။ (သူတို့သည် မိမိတို့၏အပြစ်ဆိုင်ရာသြဝါဒကို ကမ္ဘာဦး ၆ မှယူကြသည်)။ သို့သော် သူ၏တစုတပေါင်းတည်းအမြင်မှာ ရဗ္ဗိဆရာကြီးများ၏သွန်သင်မှုနှင့်များးစွာတူသည်။ ပေါလုသည် ယေရုရှလင်မြို့တွင် ဂါမလျေလလက်အောက်၌ သင်တန်းတက်စဉ် မိမိသင်ကြားခဲ့ရသည့်သမ္မာတရားတို့ကို(တမန် ၂၂း၃) အသုံးပြုရန်(ဝါ)ဖြည့်စွက်ရန်အတွက် ဝိညာဉ်တော်မှုတ်သွင်းမှုအားဖြင့် တတ်စွမ်းနိုင်ပုံကိုပြသည်။

ပြန်လည်ပြင်ဆင်သောခေတ်ကာလ ဇဝံဂေလိသတင်းကောင်း၏အပြစ်အကြောင်း သြဝါဒကို သြဂတ်စတင်းနှင့် ကဲလ်ဗင်တို့က ကမ္ဘာဦး ၃ မှယူခဲ့ကြသည်။ ၎င်း၏အခြေခံအဆိုမှာ လူသားသည် ဇီဇအားဖြင့် အပြစ်သားအဖြစ် မွေးဖွားလာသည်(အကြွင်းမဲ့ပျက်စီးခြင်း)ဟူသောအချက်ဖြစ်၏။ ဓမ္မဟောင်းကျမ်း အထောက်အထားကျမ်းပိုဒ်များအဖြစ် ဆာ ၅၁း၅။ ၅၈း၃ နှင့် ယောဘ ၁၅း၁၄။ ၂၅း၄ တို့ကိုယူသည်။ လူသားတို့သည် မိမိတို့၏ရွေးချယ်မှုများနှင့် မိမိတို့၏ဘဝကံကြမ္မာအတွက် ပို၍တိုး၍သော်လည်းကောင်း၊ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးရာတို့အားဖြင့်လည်းကောင်း တာဝန်ရှိသည်ဟူသော တလှည့်ဓမ္မသဘောတရားဆိုင်ရာရပ်တည်ချက်ကို Pelagius နှင့် Arminius တို့က ဖော်ဆောင်ခဲ့ကြသည်။ သူတို့၏အမြင်အတွက် အချို့သောအထောက်အထားတို့မှာ တရားဟော ၁း၃၉။ ဟေရှာ ၇း၁၅ နှင့် ယောန ၄း၁၁။ ယောဟန် ၉း၄၁။ ၁၅း၂၂၊ ၂၄။ တမန် ၁၇း၃၀။ ရောမ ၄း၁၅ တို့ဖြစ်သည်။ ဓမ္မသဘောတရားဆိုင်ရာ ဤရပ်တည်မှု၏အဓိကအချက်မှာ ကလေးတို့သည် ကိုယ်ကျင့်တရားဆိုင်ရာတာဝန်ရှိသည့် အရွယ်မတိုင်မီအထိ အပြစ်ကင်းကြသည်ဟူသော အချက်ပင်ဖြစ်ပေလိမ့်မည်။ (ရဗ္ဗိဆရာကြီးများအတွက် ၎င်းအရွယ်မှာ ယောကျာ်းကလေးများ၌ ၁၃ နှစ်နှင့် မိန်းကလေးများ၌ ၁၂ နှစ်ဖြစ်သည်)

မွေးရာပါအားဖြင့် ဆိုးဝါးမှုဝါသနာပါလာခြင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ရှိသော အသက်အရွယ် နှစ်မျိုးလုံး မှန်ကန်သည်ဟူသော စဉ်းစားဆင်ခြင်သည့်ရပ်တည်မှုတစ်ခုရှိသည်။ ဆိုးဝါးခြင်းသည် တစ်စုတစ်ပေါင်း

တည်းအားဖြင့်သာမဟုတ်ဘဲ၊ ပုဂ္ဂိုလ်တစ်ဦးချင်းသည် အပြစ်ပြုရန် ပို၍ပို၍ဆိုးဝါးလာကြခြင်းလည်းဖြစ်သည်။ (လူ၏ ဘဝသည် ဘုရားသခင်နှင့် ပို၍ပို၍ ကွဲကွာသွားသည်)။ ဤအကြောင်းအရာမှာ လူသား၏ဆိုးယုတ်မှုအကြောင်း မဟုတ်ဘဲ (ကမ္ဘာ ၆း၅၊ ၁၁–၁၂၊ ၁၃။ ရောမ ၃း၉–၁၈၊ ၂၃) မည်သည့်အချိန်က ဆိုးယုတ်သနည်း၊ မွေးဖွားချိန်၌လော၊ သို့တည်းမဟုတ် နောက်ပိုင်းအသက်တာ၌လော! ဆိုသည့်အချက်ဖြစ်သည်။

ဃ။ အငယ် ၁၂ အကြောင်း သီအိုရီအချို့ရှိပါသည်။

၁။ လူသားအားလုံးအပြစ်ပြုရန် ရွေးချယ်ကြသဖြင့် လူသားအားလုံးသေဆုံးသည်။ (Pelagius)

၂။ အာဒံ၏အပြစ်သည် ဖန်ဆင်းခြင်းတစ်ရပ်လုံးအား ကူးစက်သဖြင့်၊ အားလုံးသေဆုံးသည်။ (၁၈–၁၉။ Augustine)

၃။ အမှန်အားဖြင့် ဗီဇအပြစ်နှင့် ဆန္ဒအလျောက်ပြုသော အပြစ်နှစ်မျိုးပေါင်းစပ်ခြင်းဖြစ်နိုင်ပါသည်။

င။ အငယ် ၁၂ ၌စသည့် "သည်နည်းတူ"ဟူသော နှိုင်းယှဉ်မှုသည် အငယ် ၁၈ အထိ မပြီးဆုံးသေးချေ။ အငယ် ၁၃–၁၇ သည် ပေါလု၏စာရေးဟန်ဖြစ်သော ကြားညှပ်ချက်တစ်ခုမျိုး သဘောဖြစ်သည်။

စ။ ပေါလု၏ဧဝံဂေလိသတင်းကောင်း တင်ပြပုံကို သတိရပါ။ ၁း၁၈–၈း၃၉အထိသည် ဆက်လက်၍ အကျိုးသင့် အကြောင်းသင့် ဆွေးနွေးချက်တစ်ရပ်သာလျှင်ဖြစ်သည်။ အစိတ်အပိုင်းများကို ကောင်းမွန်စွာအနက်ပြန်ကာ၊ တန်ဘိုးထားနိုင်ရန် တစ်ခုလုံးအား ခြုံ၍မြင်တတ်ရပါမည်။

ဆ။ မာတင်လူသာသည် ဤအခန်းကြီး ၅ အား "အောင်ပန်းသရဖူဆွတ်ခူးသော ဤကျမ်းပိုဒ်နှင့် တန်းတူအခြား အခန်းကြီးတစ်ခု သမ္မာကျမ်းတစ်အုပ်လုံး၌ ရှိချင်မှရှိပေလိမ့်မည်"ဟူ၍ ပြောခဲ့ဘူးသည်။

## စကားလုံးနှင့် စကားစုလေ့လာမှု

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၅း၁–၅**

**[၁]ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းရကာ၊ ငါတို့၏သခင်ယေရှု ခရစ်တော်မှတဆင့် ဘုရားသခင်နှင့် ငြိမ်းချမ်းမှုရကြ၏။ [၂]ငါတို့သည် မိမိတို့၏ရပ်တည်ရာဖြစ်သော ဤကျေးဇူးတော်အထဲသို့ ယုံကြည်ခြင်းအားဖြင့် စတင်ရခြင်းအား ထိုအရှင်အားဖြင့်ရရှိကြကာ၊ ဘုရားသခင်၏ဘုန်းတန်ခိုးတော်အား မျှော်လင့်လျက် အလွန်ဝမ်းမြောက်ကြ၏။ [၃]ထိုမျှသာလျှင်မဟုတ်၊ ဒုက္ခဆင်းရဲသည် စွဲမြဲခြင်းဖြစ်ပွါးစေကြောင်းသိရှိကာ၊ ဒုက္ခဆင်းရဲခံရာ၌လည်း အလွန်ဝမ်းမြောက်ကြ၏။ [၄]စွဲမြဲခြင်းသည် သက်သေခိုင်လုံစေသည်။ သက်သေခိုင်လုံခြင်းသည် မြော်လင့်ခြင်းဖြစ်ပွါးစေသည်။ [၅]မြော်လင့်ခြင်းသည် စိတ်ပျက်စရာမဖြစ်စေချေ။ အကြောင်းမှာ ငါတို့ကိုပေးသော သန့်ရှင်းသောဝိညာဉ်တော်မှတဆင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ငါတို့၏စိတ်နှလုံးထဲသို့ သွန်းလောင်းတော်မူခဲ့ပြီ။**

**၅း၁ "ထို့ကြောင့်"** ဤစကားလုံးအားဖြင့်အချက်ပြလေ့ရှိသည်မှာ

၁။ ဤနေရာအထိ ဓမ္မသဘောတရားဆွေးနွေးမှုအား အကျဉ်းချုံ့ခြင်း

၂။ ဓမ္မသဘောတရားတင်ပြမှုအား နိဂုံးချုပ်ခြင်း

၃။ အသစ်သောသမ္မာတရားတစ်ရပ်အား တင်ပြခြင်း။ (၅း၁။ ၈း၁။ ၁၂း၁)

■ **"ဖြောင့်မတ်စေခြင်းရသည်"** ၎င်းမှာ AORIST PASSIVE PARTICLEတစ်ခုဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်သူကို ဖြောင့်မတ်စေခဲ့ပြီဖြစ်၏။ ဤအချက်အား အလေးအနက်ပြုခြင်းအဖြစ် ဂရိဝါကျတွင် ရှေ့ပိုင်း၌ထားသည်။ (ငယ် ၁–၂)။ ၎င်း၌ အချိန်ကာလဆိုင်ရာ အစီအစဉ်တစ်ခု အငယ် ၁–၁၁ ၌ ရှိနေဟန်တူသည်။

၁။ ငယ် ၁–၅။ ယခုလက်ရှိ၌ ကျေးဇူးတော်တွေ့ကြုံခံစားရပုံ။

၂။ ငယ် ၆–၈။ ငါတို့အတွက် ခရစ်တော်ပြီးစီးခဲ့သောအလုပ်

၃။ ငယ် ၉–၁၁။ အနာဂတ်အတွက် ငါတို့၏မြော်လင့်ခြင်းနှင့် ကယ်တင်ခြင်းစိတ်ချမှု ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်းအပိုင်း(ခ)၏အကျဉ်းချုံ့၌ကြည့်ပါ။

"ဖြောင့်မတ်စေသည်"(*dikaioō*)ဟူသော ဝေါဟာရ၏ဓမ္မဟောင်းနောက်ခံမှာ (ဓမ္မသစ်ကျမ်းရေးသား သူများသည် ဟေဗြဲလူမျိုးကဲ့သို့တွေးပြီး၊ ဂရိနေ့စဉ်သုံးစကားဖြင့် ရေးသားသူများဖြစ်သည်)"ဖြောင့်တန်းသောအစွန်းအနား"သို့မဟုတ်"တိုင်းတာရာကျူလုံးဟူ၍ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်အကြောင်း တင်စားဖော်ပြရာ၌ သုံးသောဝေါဟာရဖြစ်လာသည်။ အထူးအကြောင်းအရာ။။ဖြောင့်မတ်ခြင်းတရား ၁း၁၇ ၌ကြည့်ပါ။ ဘုရားသခင်၏စရိုက်၊ သန့်ရှင်းခြင်းသည်သာလျှင် တရားစီရင်တော်မူခြင်း၏ စံဖြစ်ပေမည်။ (LXX ၏ဝတ်ပြု ၂၄း၂၂ နှင့်ဓမ္မသဘောတရားအရ မဿဲ ၅း၄၈)။ ယေရှုသည် ယဇ်ကောင်အဖြစ်နှင့် အစားထိုးရာအဖြစ် အသေခံခြင်းကြောင့်(ဟေရှာ ၅၃) ယုံကြည်သူများ သည် ဘုရားသခင်၏မျက်မှောက်တော်၌ တရားဥပဒေအရ ရပ်တည်ရာတစ်ရပ်ရရှိကြသည်။ (၅း၂ မှတ်ချက်၌ကြည့်ပါ။) ယုံကြည်သူ၌ အပြစ်ကင်းသွားသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ ယခုခေတ်အခေါ်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမျိုးဖြစ်သည်။ အခြားသောပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည် ပြစ်ဒဏ်ကိုပေးချေသွားခဲ့၍ဖြစ်သည်။ (၂ကော ၅း၂၁)။ ယုံကြည်သူသည် အပြစ်လွတ်ခြင်းခံရပြီဟု ထုတ်ဖော်ကြော်ငြာခြင်း ခံရသည်။ (ငယ် ၉၊၁၀)

■ **"ယုံကြည်ခြင်းအားဖြင့်"** ယုံကြည်ခြင်းသည် ဘုရားသခင်၏လက်ဆောင်အောင်အား လက်ခံရာလက်ဖြစ်သည်။ (ငယ် ၂။ ရောမ ၄း၁)။ ယုံကြည်ခြင်းသည် ယုံကြည်သူ၏ ဆက်ကပ်မှု(ဝါ)ဆုံးဖြတ်မှု၏ဒီဂရီ (ဝါ)အတိုင်းအတာအား အခြေမပြုဘဲ (မဿဲ ၁၇း၂၀)ဘုရားသခင်၏စရိုက်နှင့် ကတိတော်ပေါ်အခြေပြုသည်။(ဖေက် ၂း၈–၉)။ "ယုံကြည်ခြင်း" ဟူသောဓမ္မဟောင်းစကားလုံးသည် မူရင်းအားဖြင့် တည်ငြိမ်စွာမတ်မတ်ရပ်နေသော ကိုယ်နေကိုယ်ထားကို ရည်ညွှန်းသည်။ ၎င်းသည် လူတစ်ယောက်၏သစ္စာရှိမှု၊ အားထားထိုက်မှုနှင့် ယုံကြည်စိတ်ချရမှုအား တင်စားဖော်ပြရန်သုံးသည့် စကားလုံး ဖြစ်လာသည်။ ယုံကြည်ခြင်းသည် ကျွန်တော်တို့၏သစ္စာရှိမှု(ဝါ)ယုံကြည်စိတ်ချရမှုကို အခြေမပြုဘဲ၊ ဘုရားသခင်ကိုသာ အခြေပြုသည်။ အထူးအကြောင်းအရာ။ ။ ယုံကြည်ခြင်း ၄း၅ ၌ကြည့်ပါ။

■ **"ငြိမ်းချမ်းမှုရကြ၏။"** ကွဲပြားခြားနားသော ဂရိလက်ရေးမူရင်းတစ်ခုရှိသည်။ ဤကြိယာသည် PRESENT ACTIVE SUBJECTIVE (*echomen*, MSS ℵ*, A, B*, C, D) သို့မဟုတ် PRESENT ACTIVE INDICATIVE (*echomen*,MSS Aleph $B^2$, F, G)ဖြစ်သည်။ ဤကဲ့သို့သော သဒ္ဒါသဘောအရ အဓိပ္ပါယ် မသဲကွဲမှုများ အငယ် ၁၊ ၂ နှင့် ၃ တို့၌လည်း တွေ့ရှိရသည်။

၁။ ၎င်းသည်SUBJUNCTIVEခေါ်စိတ်ဆန္ဒတစ်ခု ရည်ညွှန်းမှုဖြစ်ပါက "ငြိမ်းချမ်းမှုအား ဆက်လက်ခံစားကြပါစို့" သို့မဟုတ်"ငြိမ်းချမ်းမှုရရှိခြင်းအား ထိန်းထားကြပါစို့"ဟူ၍ ဘာသာပြန် ရလိမ့်မည်။

၂။ အဖြစ်မှန်တစ်ရပ်အား ဖော်ပြမှုဖြစ်သည့် INDICATIVEဖြစ်ပါမူ "ငြိမ်းချမ်းမှုကို ငါတို့ရရှိကြ၏"ဟူ၍ ဘာသာပြန်ရန်ဖြစ်သည်။

အငယ် ၁–၁၁ မှာ တိုက်တွန်းခြင်းမဟုတ်ဘဲ၊ ယုံကြည်သူများ၌ဖြစ်နေသည့်အရာ(ဝါ)ခရစ်တော်မှတဆင့်သူတို့ရခဲ့ပြီးဖြစ်သည့်အရာဖြစ်သည်။ ထို့ကြောင့် ဤကြိယာမှာPRESENT ACTIVE INDICATIVEဖြစ်သည့် "ငြိမ်းချမ်းမှုကို ငါတို့ရရှိကြ၏"ဟူ၍ သာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် UBS[4] သည် ၎င်းအား စိတ်ကြိုက် "A"အဆင့် (သေချာ)ပေးသည်။

ကျွန်တော်တို့၏ ရှေးခေတ်ဂရိလက်ရေးကျမ်း အများအပြားတို့ကိုပြုလုပ်ပုံမှာ တစ်ယောက်ကဖတ်ပြီးအခြားအတော်များများက မိတ္တူရေးကြခြင်းဖြစ်သည်။ အသံထွက်တူညီသောစကားလုံးတို့မှာ မကြာခဏရောထွေးနေတတ်သည်။ ထို့ကြောင့် ကျမ်းစကားအဆက်အစပ်နှင့်တစ်ခါတစ်ရံ စာရေးဟန်နှင့် စာရေးသူသုံးနေကျဝေါဟာရတို့သည် မည်သို့ အနက်ပြန်ရမည်ကိုဆုံးဖြတ်ရာ၌ ပိုမိုလွယ်ကူစေသည်။

## အထူးအကြောင်းအရာ။ ။ ငြိမ်သက်ခြင်း (အဓိပ္ပါယ်အမျိုးမျိုး)

ဤဂရိဝေါဟာရသည် မူရင်းအားဖြင့် "ကျိုးပဲ့ခဲ့ပြီးသည်ကို ပူး၍ချည်သည်"ဟုဆိုလိုသည်။ ဓမ္မသစ်ကျမ်း၌ peace ခေါ်ဤစကားလုံးအား အဓိပ္ပါယ်သုံးမျိုးဖြင့်သုံးသည်။

၁။ ပကတိအမြင်နှင့်ဖြစ်ပြီး ခရစ်တော်မှတဆင့် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရခြင်း (ကော ၁း၂၀)

၂။ စိတ်ပိုင်းဆိုင်ရာအမြင့်နှင့်ဖြစ်ပြီး ဘုရားသခင်နှင့် မှန်ကန်မှုရခြင်း (ယော ၁၄း၂၇။ ၁၆း၃၃။ ဖိ ၄း၇)

၃။ ယုံကြည်သူဂျူးလူမျိုးနှင့် တစ်ပါးအမျိုးသားနှစ်မျိုးစလုံး ခရစ်တော်မှတဆင့် အသစ်သောခန္ဓာကိုယ်တစ်ခုထဲ ဘုရားသခင်က ပေါင်းစည်းလိုက်ခြင်း။ (ဧဖက် ၂း၁၄–၁၇။ ကော ၃း၁၅) ဘုရားသခင်နှင့်တစ်ခါငြိမ်းချမ်းမှုရပြီဆိုလျှင်၊ ၎င်းသည် အခြားသူများနှင့် ငြိမ်းချမ်းမှုဖြစ်ပေါ်စေရမည်ဖြစ်သည်။ ဒေါင်လိုက်အဖြစ် မှန်သည့်အလျားလိုက်အဖြစ်မှန်ဖြင့် ပေါ်လွင်နေရပါမည်။ (တစ်ဦးချင်းနှင့် ဘုရားသခင်အကြားမှာ ဒေါင်လိုက်ဆက်ဆံရေးဖြစ်ပြီး၊ အလျားလိုက်ဆက်ဆံရေးဆိုင်ရာမှာ လူအချင်းချင်းဆက်ဆံရေးကိုဆိုလိုပါသည်)

Newman နှင့် Nida တို့ရေးသားပြုစုသည့် A Translator's Handbook on Paul's Letter to the Romans, p.92 ၌"ငြိမ်းချမ်းခြင်း" –peace အကြောင်း မှတ်ချက်ကောင်းတစ်ခုရှိသည်။

"ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းနှစ်ခုစလုံးတွင်"ငြိမ်းချမ်းခြင်း"–peace ဟူသောစကားလုံး၌ ကျယ်ပြန့်သောအဓိပ္ပါယ်ရှိသည်။ အခြေခံအားဖြင့် ၎င်းသည် လူတစ်ယောက်၏ဘဝအသက်တာအလုံးစုံ၌ ကောင်းမွန်အဆင်ပြေနေခြင်းကိုဖော်ပြသည်။ ၎င်းကို ဂျူးလူမျိုးတို့သည် နှုတ်ဆက်စကားအဖြစ် (*shalom*)ပင် အသုံးပြုကြသည်။ မေရှိယ၏ကယ်တင်ခြင်းအား ရေးသားဖော်ပြရန် ဂျူးလူမျိုးတို့ အသုံးပြုနိုင်လောက်အောင် ၎င်းဝေါဟာရ၌ လေးနက်လှသည့်အဓိပ္ပါယ်ရှိသည်။ ထို့ကြောင့် "ဘုရားသခင်နှင့် မှန်ကန်သောဆက်နွယ်တော်စပ်မှု"အားဖော်ပြသည့် အဓိပ္ပါယ်တူစကားလုံးအဖြစ် အသုံးပြုသည့်အခါလည်းရှိသည်။ ဤနေရာ၌မူ ဘုရားသခင်သည် လူသားအား မိမိနှင့်မှန်ကန်စေခြင်းအပေါ် အခြေခံသည်။ လူသားနှင့်ဘုရားသခင်အကြား သဟာဇာတဖြစ်သည့် ဆက်နွယ်တော်စပ်မှုအား ရေးသားဖော်ပြရန် အသုံးပြုကြောင်းပေါ်လွင်သည်။ (စာမျက်နှာ ၉၂)

▣ **"ငါတို့၏သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်နှင့်"။** ယေရှုမှာ ဘုရားသခင်နှင့် ငြိမ်းချမ်းရေးရစေသူကိုယ်စားလှယ်တော်ဖြစ်သည်။ (ငယ် ၂၊ ၉၊ ၁၁၊ ၁၇၊ ၂၁။ အငယ် ၅၌ဝိညာဉ်တော်) ယေရှုသည် ဘုရားသခင်နှင့်ငြိမ်းချမ်းရေးရနိုင်ရန် <u>တစ်ခုတည်းသော</u>လမ်းဖြစ်သည်။ (ယော ၁၀း၇–၈။ ၁၄း၆။ တမန် ၄း၁၂။ ၁တိ ၂း၅)။ "သခင်ယေရှုခရစ်တော်"ဟူသော ဘွဲ့နာမတော်၌ပါသော ဝေါဟာရများကို ၁း၄၏ မှတ်ချက်၌ကြည့်ပါ။

**၅း၂ "စတင်ဝင်ရခြင်းအား...ရရှိကြ"**ဤကြိယာမှာ PERFECT ACTIVE INDICATIVE ဖြစ်သည်။ အတိတ်၌ ပြီးစီးခဲ့ပြီးသောလုပ်ဆောင်မှုတစ်ခု၏ အကျိုးသက်ရောက်မှုသည် ယခုတည်ရှိနေကြောင်းအားပြောသည်။

"စတင်"– introduction "ဟူသော ဝေါဟာရသည် လုံးစေ့ပတ်စေ့အားဖြင့် "ချဉ်းကပ်တိုးဝင်ခြင်း" သို့မဟုတ် "ခွင့်ပြုခြင်း"ဟုဆိုလိုသည်။ (*prosagōgē* ဧဖက် ၂း၁၈။ ၃း၁၂)။ ၎င်းကို အောက်ပါအဓိပ္ပါယ်များဖြင့် တင်စားသုံးနှုန်းသည်။

၁။ မင်းမျိုးမင်းနွယ်များသို့ လူကိုယ်တိုင် မိတ်ဆက်ခံရခြင်း

၂။ ဆိပ်ကမ်းတစ်ခုသို့ လုံခြုံစွာ ယူဆောင်သွားမှုခံရခြင်း (၁ပေ ၃း၁၈)

ဤစကားစု၌ ဂရိလက်ရေးကျမ်းများ၌ ကွဲပြားမှုတစ်ခုပါဝင်သည်။ အချို့ရှေးခေတ်လက်ရေးကျမ်းများ၌ "ယုံကြည်ခြင်းအားဖြင့်"စကားစုကို ပေါင်းထည့်သည်။ ($\aleph^2$, C အချို့သော Old Latin, Vulgate, Syriac နှင့် Coptic ကျမ်းကွဲ များ) အခြားလက်ရေးကျမ်းများ၌ "ယုံကြည်ခြင်းအားဖြင့်"ဆိုသည့် စကားစု၌ ဝိဘတ် "to" ဖြည့်စွက်သည်။ (ℵ, A နှင့်အချို့သောVulgate ကျမ်းကွဲများ)မည်သို့ဖြစ်စေ စာလုံးကြီးများဖြင့်ရေးသည့် လက်ရေးကျမ်း B, D, Fနှင့် G တို့ကမူ ၎င်းကို ချန်ထားကြသည်။ ၅း၁ နှင့် ၄း၁၆ (နှစ်ခါ)၊ ၁၉နှင့်၂၀ တို့အလားတူဖြစ်နေခြင်းကြောင့် ၎င်းကို ဖြည့်စွက် လိုက်ခြင်းဖြစ်ဟန်ရှိသည်။ "ယုံကြည်ခြင်းအားဖြင့်"ဟူသည် ပေါလု မကြာခဏသုံးသော အဓိကအချက်ကြီး ဖြစ်သည်။

▣ **"ဤကျေးဇူးတော်အထဲသို့"** ဤဝေါဟာရ (*charis*)သည် မထိုက်မတန်သော၊ ကြိုးချည်မထားသော၊ မတူမတန် သော ဘုရားသခင်၏မေတ္တာတော်အားဆိုလိုသည်။ (ဧဖက် ၂း၄–၉)။ ၎င်းကို အပြစ်ပြည့်သောလူသားအတွက် ခရစ်တော်အသေခံရာ၌ ရှင်းလင်းစွာမြင်ရသည်။ (ငယ် ၈)

▣ **"မိမိတို့ ရပ်တည်ရာဖြစ်သော"**၎င်းမှာ အခြားသော PERFECT ACTIVE INDICATIVE တစ်ခုဖြစ်သည်။ "ငါတို့ရပ်တည်နေကာ၊ ဆက်လက်ရပ် တည်သည်"ဟု အဓိပ္ပါယ်ရှိသည်။ ၎င်းသည် ခရစ်တော်အထဲ ယုံကြည်သူများ၏ ဓမ္မသဘောရပ်တည်မှုနှင့် ယုံကြည်ခြင်းဖြင့် ဆက်လက်ဆက်ကပ်သွားကြမှုအား ပေါ်လွင်စေသည်။ ၎င်းသည် ဘုရား သခင်၏အချုပ်အခြာအာဏာနှင့် (၁ကော ၁၅း၁)လူ၏လွတ်လပ်သောဆန္ဒ (ဧဖက် ၆း၁၁၊ ၁၃၊ ၁၄)တို့၏ဆန့်ကျင် ဘက်ဖြစ်ဟန်ရှိသော သမ္မာတရားအား ပေါင်းစည်းထားသည်။

**အထူးအကြောင်းအရာ။ ။ရပ်တည်သည် ( *hisēmi*)**

အသုံးများသော ဤဝေါဟာရကို ဓမ္မသစ်ကျမ်း၌ အဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးသည်။

၁။ တည်ဆောက်ရန်
- က။ ဓမ္မဟောင်းပညတ္တိ၊ ရော ၃း၃၁
- ခ။ လူတစ်ယောက်၏ဖြောင့်မတ်ခြင်း၊ ရောမ ၁၀း၃
- ဂ။ ပဋိညဉ်တရားသစ်၊ ဟေဗြဲ ၁၀း၉
- ဃ။ အမိန့်တစ်ခု၊ ၂ကော ၁၃း၁
- င။ ဘုရားသခင်၏သမ္မာတရားတော်၊ ၂တိ ၂း၁၉

၂။ ဝိညာဉ်ရေး၌ ခုခံရန်
- က။ မာရ်နတ်အား၊ ဧဖက် ၆း၁၁
- ခ။ တရားစီရင်ရာနေ့၌၊ ဗျာ ၆း၁၇

၃။ မိမိ၏ခြေဖြင့် မြေပြင်ပေါ်ရပ်ကာ ခုခံခြင်း
- က။ စစ်ဘက်ဆိုင်ရာ တင်စားမှု၊ ဧဖက် ၆း၁၄
- ခ။ အရပ်ဘက်ဆိုင်ရာတင်စားမှု၊ ရောမ ၁၄း၄

၄။ သမ္မာတရား၌ အနေအထားတစ်ခု၊ ယောဟန် ၈း၄၄

၅။ ကျေးဇူးတော်၌ အနေအထားတစ်ခု
- က။ ရော ၅း၂
- ခ။ ၁ကော ၁၅း၁
- ဂ။ ၁ပေ ၅း၁၂

၆။ ယုံကြည်ခြင်း၌ အနေအထားတစ်ခု

က။ ရော ၁၁း၂၀

ခ။ ၁ကော ၇း၃၇

ဂ။ ၁ကော ၁၅း၁

ဃ။ ၂ကော ၁း၂၄

၇။ မာနထောင်လွှားသော အနေအထားတစ်ခု ၁ကော ၁၀း၁၂

ဤဝေါဟာရသည် ပဋိညဉ်တရားဆိုင်ရာ ကျေးဇူးတော်နှင့်အချုပ်အခြာဖြစ်သူ ဘုရားသခင်၏ဂရုဏာတော် နှစ်မျိုးစလုံးဖော်ပြသည်။ တစ်ချိန်တည်း၌ ယုံကြည်သူများသည် ၎င်းအား တုံ့ပြန်မှုပြုရန်နှင့် ၎င်း၌ယုံကြည်ခြင်းအား ဖြင့် တွယ်ကပ်နေရန်ဖြစ်ကြောင်းကိုပါပြသည်။ နှစ်မျိုးစလုံး သမ္မာကျမ်းနည်းကျ သမ္မာတရားများဖြစ်သည်။ ၎င်းတို့ နှစ်ခုစလုံး ဆုပ်ကိုင်ထားရန်ဖြစ်သည်!

▣ **"အလွန်ဝမ်းမြောက်ကြ၏"** ဤသဒ္ဒါဖွဲ့စည်းပုံအား နားလည်နိုင်သည်မှာ (၁) PRESENT MIDDLE (သက်သေထွက်ဆိုချက်)INDICATIVE ခေါ်အဖြစ်မှန်အားဖော်ပြခြင်း"အလွန်ဝမ်းမြောက်ကြ၏"ဟူ၍လည်းကောင်း (၂) PRESENT MIDDLE (သက်သေထွက်ဆိုချက်) SUBJUNCTIVE ခေါ် စိတ်ဆန္ဒအား ဖော်ပြခြင်းအဖြစ် "အလွန်ဝမ်းမြောက်ကြစို့" ဟူ၍နှစ်မျိုးရှိသည်။ ဤရွေး ချယ်မှု၌ ကျမ်းစာဆရာများအမြင် ကွဲပြားသည်။ အဖြစ်မှန်အား ဖော်ပြခြင်းဖြစ်သည့် INDICATIVEအဖြစ် အငယ် ၁၌ ယူကာ "အလွန်ဝမ်းမြောက်ကြ၏"ဟုဆိုပါက ထိုအတိုင်း အငယ် ၃အထိ တပြေးညီ ဖြစ်ရပါမည်။

"အလွန်ဝမ်းမြောက်"–exult စကားလုံး၏အမြစ်မှာ "ဝါကြွားခြင်း"–boasting ဖြစ်သည်။ (NRSV, JB)အထူး အကြောင်းအရာ ၂း၁၇ ၌ကြည့်ပါ။ ယုံကြည်သူများသည် မိမိတို့ကြောင့် ဝမ်းမြောက်ကြခြင်းမဟုတ်ဘဲ(၃း၂၇)သူတို့ အတွက် ကိုယ်တော်လုပ်ပေးခဲ့ပြီးသောအရာကြောင့်ဖြစ်သည်။ (ယေရမိ ၉း၂၃–၂၄)။ ဤဂရိမူရင်းကိုပင် အငယ် ၃နှင့်၁၁ တို့၌ ထပ်၍သုံးသည်။

▣ **"အားမျှော်လင့်လျက်"** ပေါလုသည် ဤဝေါဟာရကို အဓိပ္ပါယ်ချင်းဆက်စပ်လျက် အမျိုးမျိုးသုံးသည်။ အထူး အကြောင်းအရာ ၄း၁၈၌ကြည့်ပါ။ ၎င်းကို ယုံကြည်သူ၏ယုံကြည်ခြင်း ပြီးပြည့်စုံခြင်းသို့ရောက်ခြင်းနှင့်ဆိုင်၍ သုံးလေ့ ရှိသည်။ ၎င်းကို ဖော်ပြပုံတို့မှာ ဘုန်းတန်ခိုး၊ ထာဝရအသက်၊ ကယ်တင်ခြင်း၏ပြည့်စုံခြင်း၊ ဒုတိယအကြိမ် ပြန်လည် ကြွလာခြင်းစသည်တို့ဖြစ်၏။ ပြီးပြည့်စုံခြင်းဟူသည် သေချာသောအရာဖြစ်သော်လည်း အချိန်ကာလမှာ အနာဂတ်၌ ရှိပြီး၊ မသိရှိရချေ။ ၎င်းသည် "ယုံကြည်ခြင်း"(faith)နှင့်"ချစ်ခြင်းမေတ္တာ"တို့နှင့် ဆက်နွယ်လေ့ရှိသည်။ (၁ကော ၁၃း၁၃။ ဂလ ၅း၅–၆။ ဖေက် ၄း၂–၅။ ၁သက် ၁း၃။ ၅း၈)။ ပေါလုသုံးနှုန်းပုံတို့အနက် အချို့မှာ အောက်ပါအတိုင်းဖြစ် သည်။

၁။ ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်း၊ ဂလ ၅း၅။ ဖေက် ၁း၁၈။ တိ ၂း၁၃

၂။ ယေရှုသည် ငါတို့၏မျှော်လင့်ခြင်းဖြစ်သည်။ ၁တိ ၁း၁

၃။ ယုံကြည်သူသည် ဘုရားသခင်ထံ ဆက်သခြင်းခံရမည်။ ကော ၁း၂၂–၂၃။ ၁သက် ၂း၁၉

၄။ မျှော်လင့်ခြင်းသည် ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသည်။ ကော ၁း၅

၅။ အဆုံးစွန်သော ကယ်တင်ခြင်း၊ ရောမ ၅း၂။ ၂ကော ၃း၁၂။ ကော ၁း၂၇

၆။ ဘုရားသခင်၏ဘုန်းတော်၊ ရောမ ၅း၂။ ၂ကော ၃း၁၂။ ကော ၁း၂၇

၇။ ကယ်တင်ခြင်းစိတ်ချမှု၊ ၁သက် ၅း၈–၉

၈။ ထာဝရအသက်၊ တိတု ၁း၂။ ၃း၇

၉။ ခရစ်ယာန်ရင့်ကျက်မှု၏ အကျိုးရလဒ်များ၊ ရောမ ၅း၂–၅

၁၀။ ဖန်ဆင်းသောအရာအားလုံးတို့ကို ရွေးနှုတ်ခြင်း၊ ရောမ ၈း၂၀–၂၂

၁၁။ ဘုရားသခင်၏ဘွဲ့နာမတော်တစ်မျိုး၊ ရောမ ၁၅း၁၃
၁၂။ သားအရာ၌ ခန့်ထားခြင်း၏စုံလင်ခြင်းပြည့်ဝမှု ရောက်ရှိခြင်း၊ ရောမ ၈း၂၃–၂၅
၁၃။ ဓမ္မသစ်ခေတ် ယုံကြည်သူများအတွက် လမ်းညွှန်တစ်ခုဖြစ်သည့် ဓမ္မဟောင်းကျမ်း၊ ရောမ ၁၅း၄

## အထူးအကြောင်းအရာ။ ။ စိတ်ချမှု

က။ ခရစ်ယာန်များသည် မိမိတို့ကယ်တင်ခြင်းရကြောင်း သိရှိနိုင်ပါသလား (၁ယော ၅း၁၃)၁ယောဟန်ကျမ်း၌ စမ်းသပ်မှု(ဝါ)အထောက်အထားသုံးခုရှိသည်။

၁။ ဩဝါဒဆိုင်ရာအားဖြင့် (ယုံကြည်မှု–belief) (၄ယ် ၁၊ ၅၊ ၁၀။ ၂း၁၈–၂၅။ ၄း၁–၆၊ ၁၄–၁၆။ ၅း၁၁–၁၂)
၂။ အသက်ရှင်ခြင်းပုံစံ (နာခံမှု) (၄ယ် ၂–၃။ ၂း၃–၆။ ၃း၁–၁၀။ ၅း၁၈)
၃။ လူမှုရေးအားဖြင့် (ချစ်ခြင်းမေတ္တာ) (၂–၃။ ၂း၇–၁၁။ ၃း၁၁–၁၈။ ၄း၇–၁၂၊ ၁၆–၂၁)

ခ။ ကယ်တင်ခြင်းစိတ်ချမှုသည် ဂိုဏ်းဂနဆိုင်ရာ ဩဝါဒတစ်ခုဖြစ်လာသည်။

၁။ ဂျွန်ကဲလ်ဗင်–John Calvin သည် စိတ်ချရမှုကို ဘုရားသခင်၏ရွေးချယ်မှုအပေါ် အခြေပြုသည်။ ဤဘဝ၌ မိမိတို့စိတ်ချမှု မည်သည့်အခါ၌မျှ ရှိနိုင်ကြမည်မဟုတ်ဟုဆိုသည်။
၂။ ဂျွန်ဝီစလီ John Wesley သည် စိတ်ချရမှုကို ဘာသာရေးအတွေ့အကြုံပေါ် အခြေပြုသည်။ သိလျက်သား နှင့် အပြစ်ပြုခြင်းမပြုဘဲ၊ အသက်ရှင်နိုင်စွမ်း ငါတို့၌ရှိသည်ဟု သူယုံကြည်သည်။
၃။ ရောမကာသိုလစ်နှင့် Church of Christ ခေါ်ခရစ်တော်၏အသင်းတော်တို့သည် စိတ်ချရမှုအား၊ အခွင့်အာဏာရှိသော အသင်းတော်တစ်ပါးပေါ် အခြေပြုသည်။ မည်သည့်အဖွဲ့ကဖြစ်သည်ဟူသောအချက်မှာ စိတ်ချရမှုသော့ချက်ဖြစ်သည်။
၄။ ဧဝံဂေလိသတင်းကောင်း အသင်းတော်အများစုသည် စိတ်ချရမှုအား သမ္မာကျမ်းစာ၏ကတိများအပေါ် အခြေပြုကာ၊ ယုံကြည်သူ၏ဘဝအသက်တာထဲ ဝိညာဉ်တော်အသီးသီးခြင်းနှင့် ဆက်စပ်ကြသည်။ (ဂလ ၅း၂၂–၂၃)

ဂ။ ကျဆင်းခဲ့ပြီးဖြစ်သောလူသား၏ စိတ်ချရမှုသည် သုံးပါးတစ်ဆူဘုရား၏စရိုက်လက္ခဏာနှင့် ဆက်စပ်လျက်ရှိသည်ဟု ကျွန်တော်ယုံကြည်သည်။

၁။ ခမည်းတော်ဘုရား၏မေတ္တာတော်
(က) ယော ၃း၁၆။ ၁၀း၂၈–၂၉
(ခ) ရောမ ၈း၃၁–၃၉
(ဂ) ဧဖက် ၂း၅၊ ၈–၉
(ဃ) ဖိလိပ္ပိ ၁း၆
(င) ၁ပေ ၁း၃–၅
(စ) ၁ယော ၄း၇–၂၁

၂။ သားတော်ဘုရား၏လုပ်ဆောင်မှုများ
(က) ငါတို့အတွက် အသေခံခြင်း
၁/ တမန် ၂း၂၃
၂/ ရော ၅း၆–၁၁
၃/ ၂ကော ၅း၂၁
၄/ ၂ယော ၂း၂။ ၄း၉–၁၀
(ခ) ယဇ်ပုရောဟိတ်မင်း၏ ဆုတောင်းခြင်း(ယော ၁၇း၁၂)
(ဂ) ဆက်လက်၍ ကြားဝင်ဆုတောင်းပေးနေခြင်း

၁/ ရော ၈း၃၄
၂/ ဟေဗြဲ ၇း၂၅
၃/ ၁ယော ၂း၁

၃။ ဝိညာဉ်တော်ဘုရား၏ အမှုဆောင်ရွက်ခြင်း

(က) ခေါ်ဖိတ်ခြင်း (ယော ၆း၄၄၊ ၆၅)

(ခ) တံဆိပ်ခတ်ခြင်း

၁/ ၂ကော ၁း၂၂။ ၅း၅
၂/ ဧဖက် ၁း၁၃–၁၄။ ၄း၃

(ဂ) စိတ်ချလျက်ရှိနေခြင်း

၁/ ရောမ ၈း၁၆–၁၇
၂/ ၁ယော ၅း၇–၁၃

ဃ။ သို့သော် လူသားများသည် ဘုရားသခင်ပေးစမ်းသည့် ပဋိညဉ်တရားအား တုံ့ပြန်မှုပြုကြရပါမည်။ (အစပြုခြင်းနှင့် ဆက်လက်သွားခြင်း)

၁။ ယုံကြည်သူများသည် အပြစ်မှပြန်လှည့်ကာ (နောင်တ)ယေရှုခရစ်တော်မှတဆင့် (ယုံကြည်–faith) ဘုရားသခင်ထံလာရပါမည်။

(က) မာကု ၁း၁၅

(ခ) တမန် ၃း၁၆၊ ၁၉၊ ၂၀း၂၁

၂။ ယုံကြည်သူများသည် ခရစ်တော်အထဲ ဘုရားသခင်ပေးစမ်းသည့်အရာကို လက်ခံရပါမည်။

(က) ယောဟန် ၁း၁၂။ ၃း၁၆

(ခ) ရောမ ၅း၁။ (အလားတူအားဖြင့် ၁၀း၉–၁၃)

(ဂ) ဧဖက် ၂း၅၊ ၈–၉

၃။ ယုံကြည်သူများသည် ယုံကြည်ခြင်း၌ ဆက်လက်သွားကြရပါမည်။

(က) မာကု ၁၃း၁၃

(ခ) ၁ကော ၁၅း၂

(ဂ) ဂလာတိ ၆း၉

(ဃ) ဟေဗြဲ ၃း၁၄

(င) ၂ပေ ၁း၁၀

(စ) ယုဒ ၂၀–၂၁

(ဆ) ဗျာဒိတ် ၂း၂–၃၊ ၇၊ ၁၀၊ ၁၇၊ ၁၉၊ ၂၅–၂၆။ ၃း၅၊ ၁၀၊ ၁၁၊ ၂၁။

၄။ ယုံကြည်သူများသည် စမ်းသပ်မှုသုံးမျိုး ရင်ဆိုင်သည်။

(က) ဩဝါဒပိုင်းဆိုင်ရာ၌ (၁ယော် ၁း၅၊ ၁၀။ ၂း၁၈–၂၅။ ၄း၁–၆၊ ၁၄–၁၆)

(ခ) အသက်ရှင်ခြင်းပုံစံ၌ (၁ယော် ၂–၃။ ၂း၃–၆။ ၃း၁–၁၀)

(ဂ) လူမှုရေး၌ (၁ယော် ၂–၃။ ၂း၇–၁၁။ ၃း၁၁–၁၈။ ၄း၇–၁၂။ ၁၆–၂၁။

င။ စိတ်ချရရန် ခက်ခဲရခြင်းမှာ

၁။ ယုံကြည်သူများသည် သမ္မာကျမ်းစာထဲ ပေးထားသည့်ကတိများမဟုတ်ဘဲ၊ အတွေ့အကြုံအားဖြင့် ရှာလေ့ရှိကြခြင်း

၂။ ယုံကြည်သူများသည် သတင်းကောင်းကို ပြည့်စုံစွာ နားလည်သဘောပေါက်ခြင်း မရှိကြခြင်း။

၃။ ယုံကြည်သူများသည် ခေါင်းမာစွာဖြင့် ဆက်လက်အပြစ်ပြုကြခြင်း (၁ကော ၃း၁ဝ–၁၅။ ၉း၂၇။ ၁တိ ၁း၁၉–၂ဝ။ ၂တိ ၄း၁ဝ။ ၂ပေ ၁း၈–၁၁)

၄။ အချို့လူပုဂ္ဂိုလ်များ (ဥပမာ– အပြစ်ကင်းခြင်းဝါဒများ)သည် ဘုရားသခင်၏ချွင်းချက်မဲ့နှင့်မေတ္တာအားဖြင့် လက်ခံမှုပြုတော်မူခြင်းအား မည်သို့မျှ မလက်ခံနိုင်ကြချေ။

၅။ ယုံကြည်သူဖြစ်ပါသည်ဟု အတုအယောင် ဝန်ခံသူများသမ္မာကျမ်းစာ၌ တွေ့ရခြင်း။ (မဿဲ ၁၃း၃–၂၃။ ၇း၂ဝ–၂၃။ မာကု ၄း၁၄–၂ဝ။ ၂ပေ ၂း၁၉–၂ဝ။ ၁ယော ၂း၁၈–၁၉)။

▣ **"ဘုရားသခင်၏ဘုန်းတော်"**ဤစကားစုမှာ ဘုရားသခင်သည် ပုဂ္ဂိုလ်အားဖြင့် အတူရှိနေကြောင်းအတွက်သုံးသော ဓမ္မဟောင်းကျမ်း အသုံးနှုန်းတစ်ခုဖြစ်သည်။ ယေရှုသည် ရှင်ပြန်ထမြောက်သောနေ့၌ ပြင်ဆင်ပေးသည့် (၂ကော ၅း၂၁) ယုံကြည်ဖြောင့်မတ်ခြင်းအားဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်၌ ယုံကြည်သူ၏ရပ်တည်မှုအား ရည်ညွှန်းသည်။ ၎င်းကို ဓမ္မသဘောဖြင့် "ဘုန်းတော်အားဖြင့် ချီးမြှင့်ခြင်း"–glorification(ငယ် ၉–၁ဝ။ ၈း၃ဝ)ဟု ခေါ်လေ့ရှိသည်။ ယုံကြည်သူများသည် ယေရှုနှင့်တူခြင်းရရှိကြလိမ့်မည်။ (၁ယော ၃း၂။ ၂ပေ ၁း၄)၊ အထူးအကြောင်းအရာ။ ။ ဘုန်းတန်ခိုးတော် ၃း၂၃၌ကြည့်ပါ။

၅း၃

| | |
|---|---|
| **NASB** | **"ဤမျှသာလျှင်မဟုတ် ...ရာ၌လည်း"** |
| **NKJV** | **"ထိုမျှသာလျှင်မဟုတ် ...ရာ၌လည်း"** |
| **NRSV** | **"ထိုမျှသာလျှင်မဟုတ်...ရာ၌လည်း"** |
| **TEV** | **ချန်ထားသည်** |
| **NJB** | **"ထိုမျှသာလျှင်မဟုတ်"** |

ပေါလုသည် ပေါင်းစပ်သော ဤဝေါဟာရများကို အတော်များများသုံးသည်။ (၅း၃၊ ၁၁။ ၈း၂၃။ ၉း၁ဝ နှင့် ၂ကော ၈း၁၉)

▣

| | |
|---|---|
| **NASB** | **"ဒုက္ခဝေဒနာကြီးများ ခံရာ၌လည်း ငါတို့အလွန်ဝမ်းမြောက်ကြ၏"** |
| **NKJV** | **"ဒုက္ခဝေဒနာကြီးများ ခံရာ၌လည်း ဂုဏ်ယူကြ၏"** |
| **NRSV** | **"ဒုက္ခခံရာ၌လည်း ငါတို့ဝါကြွားကြ၏"** |
| **TEV** | **"ဒုက္ခရောက်သည့်အခါလည်း ငါတို့ဝါကြွားကြ၏"** |
| **NJB** | **"ငါတို့၏ခက်ခဲမှုများ၌လည်း အလွန်ဝမ်းမြောက်ကြပါစို့"** |

ဤလောကသည် ယေရှုကို မုန်းတီးသည်ဆိုလျှင် သူ့နောက်လိုက်များကိုပါ မုန်းတီးလိမ့်မည်။ (မဿဲ ၁ဝး၂၂။ ၂၄း၉။ ယောဟန် ၁၅း၁၈–၂၁) လူ့စကားဖြင့်ပြောရမည်ဆိုလျှင် ယေရှုသည် မိမိခံစားခဲ့သည့် ဒုက္ခဆင်းရဲများအားဖြင့် ရင့်ကျက်တည်ကြည်မှုရသည်။ (ဟေဗြဲ ၅း၈)။ ဒုက္ခဆင်းရဲသည် အားကိုးရခြင်းနှင့် ရင့်ကျက်တည်ကြည်မှုဖြစ်စေသည်။ ခရစ်တော်နှင့်တူညီမှုသည် ယုံကြည်သူတိုင်းအတွက် ဘုရားသခင်၏ စီမံချက်ဖြစ်သည်။ ဒုက္ခဆင်းရဲမှာ ၎င်း၏အစိတ်အပိုင်းဖြစ်သည်!(၈း၁၇–၁၉။ တမန် ၁၄း၂၂။ ယာကုပ် ၁း၂–၄။ ၁ပေ ၄း၁၂–၁၉)

## အထူးအကြောင်းအရာ။ ။ခရစ်ယာန်များအဘယ်ကြောင့်ဒုက္ခဆင်းရဲခံကြသနည်း။

၁။ မိမိတို့၏အပြစ်ကြောင့် (ယာယီတရားစီရင်ခြင်း)။ ပြဿနာနှင့်အပျက်သဘောဆောင်သော အခြေအနေတိုင်းသည် အပြစ်ကြောင့်ဟူသော သဘောမဟုတ်ချေ။ (ယောဘ။ ဆာလံ ၇၃။ လုကာ ၁၄း၁–၅။ နေ ၉။ တမန် ၅း၁–၁၁။ ၁ကော ၁၁း၂၉–၃၀။ ဂလာ ၆း၇)

၂။ ခရစ်တော်နှင့်ပို၍တူလာစေရန် (ဟေဗြဲ ၅း၈)။ လူ့စကားအားဖြင့် ပြောရလျှင် ယေရှုပင်လျှင် ရင့်ကျက်မှုလိုအပ်သည်နည်းတူ သူ့နောက်လိုက်များလည်း ထိုနည်းတူဖြစ်သည်။ (ရောမ ၅း၃–၄။ ၈း၂၈–၂၉။ ၂ကော ၁၂း၇–၁၀။ ဖိ ၃း၁၀။ ဟေဗြဲ ၁၂း၅–၁၂။ ယာကုပ် ၁း၂–၄။ ၁ပေ ၁း၇)။

၃။ သက်သေခံရာ၌ ပို၍တန်ခိုးပါကာ၊ ပို၍ထိရောက်မှုရှိစေရန် (မဿဲ ၅း၁၀–၁၂။ ယော ၁၅း၁၈–၂၂။ ၁ပေ ၂း၁၈–၂၁။ ၃း၁၃–၁၇)။

၄။ ကပ်ကာလအသစ်မွေးဖွားပေါ်ထွန်းလာမည့်အကြောင်း နိမိတ်လက္ခဏာတစ်ရပ်အဖြစ် (မဿဲ ၂၄း၆။ မာကု ၁၃း၈)

■ **"သိရှိကာ"**။ ၎င်းသည် "*oida*"PERFECT PARTICLEဖြစ်သည်။ ပုံစံအားဖြင့် PERFECT (ဖြစ်ခဲ့ပြီး) ဖြစ်သော်လည်းPRESENT TENSE (ဖြစ်ဆဲ)ဟူသော အဓိပ္ပါယ်ရှိသည်။ ဧဝံဂေလိသတင်းကောင်း၏သမ္မာတရားကို ယုံကြည်သူများနားလည်ရခြင်းကြောင့် ဘေးဒုက္ခတွေ့ကြုံရသည့်အခါ ဘဝကို ဝမ်းမြောက်ခြင်း ယုံကြည်စိတ်ချမှုဖြင့် ရင်ဆိုင်နိုင်စေပြီး၊ ၎င်းသည် အခြေအနေပေါ် မူတည်ခြင်းမဟုတ်၊ ညှဉ်းပန်းနှိပ်စက်ခံစဉ်၌ပင် ထိုအတိုင်းဖြစ်သည်။ (ဖိ ၄း၄။ ၁သက် ၅း၁၆၊ ၁၈)။ ယုံကြည်သူများသည် "ဒုက္ခဆင်းရဲများကြောင့်"မဟုတ်ဘဲ၊ "၎င်းတို့အထဲ၌"ဝမ်းမြောက်ကြခြင်းဖြစ်သည်!

၅း၃"ဒုက္ခဝေဒနာ" အောက်ပါအကြောင်းအရာ၌ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ဒုက္ခဝေဒနာ

ဤဝေါဟာရ (thlipsis)အား အသုံးပြုရာ၌ ပေါလုနှင့်ယောဟန်တို့၌ ဓမ္မသဘောတရားဆိုင်ရာ ကွဲပြားခြားနားမှုရှိကြောင်း သိရှိရန်လိုအပ်သည်။

က။ ပေါလုသုံးနှုန်းပုံ (ယေရှု၏သုံးနှုန်းပုံကို ထင်ဟပ်ပေါ်လွင်စေသည်)

၁။ ပြဿနာများ၊ ဒုက္ခဆင်းရဲများ၊ ကျဆင်းခဲ့ပြီးသော ဤလောက၏ဆိုးသွမ်းမှုများ ပါဝင်သည်။

(က) မဿဲ ၁၃း၂၁
(ခ) ရောမ ၅း၃
(ဂ) ၁ကော ၇း၂၈
(ဃ) ၂ကော ၇း၄
(င) ဧဖက် ၃း၁၃

၂။ ပြဿနာများ၊ ဒုက္ခဆင်းရဲများ မယုံကြည်သူများကြောင့်ဖြစ်သော ဆိုးသွမ်းမှုများ

(က) ရောမ ၅း၃။ ၈း၃၅။ ၁၂း၁၂
(ခ) ၂ကော ၁း၄၊ ၈။ ၆း၄။ ၇း၄။ ၈း၂၊ ၁၃
(ဂ) ဧဖက် ၃း၁၃
(ဃ) ဖိ ၄း၁၄
(င) ၁သက် ၁း၆
(စ) ၂သက် ၁း၄

၃။ ပြဿနာများ၊ ဒုက္ခဆင်းရဲများ၊ နောက်ဆုံးသောကာလဆိုင်ရာ ဆိုးသွမ်းမှုများ

(က) မဿဲ ၂၄း၂၁။ ၂၉

(ခ) မာကု ၁၃း၁၉၊ ၂၄

(ဂ) ၂သက် ၁း၆–၉

ခ။ ယောဟန်၏သုံးနှုန်းပုံ

၁။ ယောဟန်သည် *thlipsis* နှင့် *orgē* (ဝါ) *thumos* (အမျက်တော်)နှစ်မျိုး ဗျာဒိတ်ကျမ်း၌ ခွဲခြားအသုံး ပြုသည်။*Thlipsis* မယုံကြည်သူများက၊ ယုံကြည်သူများအပေါ်ပြုသည့်အရာဖြစ်က၊ *Orge* နှင့် *thumos* တို့မှာ ဘုရားသခင်က မယုံကြည်သူများအပေါ် ပြုသောအရာဖြစ်သည်။

(က) *thlipsis* – ဗျာ ၁း၉။ ၂း၉–၁၀၊ ၂၂။ ၇း၁၄

(ခ) *orgē* – ဗျာ ၆း၁၆–၁၇။ ၁၁း၁၈။ ၁၆း၁၉။ ၁၉း၁၅

(ဂ) *thumos* – ဗျာ ၁၂း၁၂။ ၁၄း၈၊ ၁၀၊ ၁၉။ ၁၅း၂၊ ၇။ ၁၆း၁။ ၁၈း၃။

၂။ ယောဟန်သည် ဤဝေါဟာရကို သူ၏ခရစ်ဝင်ကျမ်း၌လည်း အသုံးပြုပြီး၊ ခေတ်ကာလတိုင်း၌ ယုံကြည်သူ များရင်ဆိုင်ရသည့်ပြဿနာများကို ပေါ်လွင်စေသည်။ ယောဟန် ၁၆း၃၃

**၅း၃၊၄ "ခွဲမြဲခြင်း"**ဤဝေါဟာရသည် "စေတနာနှင့်ပြုသည်" "တက်ကြွသည်" "မြဲမြဲခိုင်ကြည်သည်" "ကြာရှည်ခံသည်" (သည်းခံသည်)ဟူ၍အဓိပ္ပါယ်ရှိသည်။ ၎င်းမှာ လူများနှင့်ဆိုင်၍လည်းကောင်း၊ အခြေအနေများနှင့်ဆိုင်၍လည်းကောင်း သည်းခံနိုင်ခြင်း၊ သည်းခံခြင်းနှင့်ဆိုင်သည်။ အထူးအကြောင်းအရာ ၈း၂၅ ၌ကြည့်ပါ။

**၅း၄**

| | |
|---|---|
| **NASB** | **"အကျင့်စာရိတ္တခိုင်လုံစေသည်"** |
| **NKJV, NRSV** | **"အကျင့်စာရိတ္တ"** |
| **TEV** | **"ဘုရားသခင်၏ကျေနပ်မှု"** |
| **NJB** | **"စမ်းသပ်ခံသောအကျင့်စာရိတ္တဖြစ်စေသည်"** |

ဂရိဓမ္မဟောင်းကျမ်း–(LXX)၏ကမ္ဘာ ၂၃း၁၆။ ၃ဓမ္မ ၁၀း၁၈။ ၁ရာဇဝင် ၂၈း၁၈ တို့၌ ဤဝေါဟာရအား သတ္တုပစ္စည်းများ၏ သန့်စင်မှုနှင့် စစ်မှန်မှုတို့အား စမ်းသပ်ခြင်းအတွက်သုံးသည်။ (၂ကော ၂း၉၊ ၈း၂။ ၉း၁၃။ ၁၃း၃။ ဖိ ၂း၂၂။ ၂တိ ၂း၁၅။ ယာကုပ် ၁း၁၂)။ ဘုရားသခင်၏စမ်းသပ်မှုများသည် ခိုင်ခံ့စေရေးအတွက် ဖြစ်လေ့ရှိသည်။ (ဟေဗြဲ ၁၂း၁၀–၁၁)! အထူးအကြောင်းအရာ။ ။ စမ်းသပ်စစ်ဆေးခြင်း ၂း၁၈ ၌ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ခရစ်ယာန်ကြီးထွားခြင်း

| <u>ရောမ ၅း၃–၄</u> | <u>ဂလာတိ ၅း၂၂–၂၃</u> | <u>ယာကုပ် ၁း၃–၄</u> | <u>၂ပေ ၁း၅–၇</u> |
|---|---|---|---|
| ဒုက္ခဆင်းရဲကြောင့် | ဝိညာဉ်တော်အသီး | စမ်းသပ်မှုကြောင့် | လုံ့လဝီရိယအသုံးချခြင်း |
| *ခွဲရှိစေသည် | *ချစ်ခြင်း | *ခံနိုင်ရည်ရှိ | *အကောင်းဆုံးကိုယ်ကျင့်တရား |
| *သက်သေထင်ရှားစေ | *ဝမ်းမြောက်ခြင်း | *ရင့်ကျက် | *အသိပညာ |
| *မြော်လင့်ခြင်းဖြစ်ပေါ်စေ | *ငြိမ်သက်ခြင်း | (၁)ခွဲမြဲခြင်း | *မိမိကိုယ်မိမိထိန်းနိုင်ခြင်း |
| (ငယ် ၂) | *စိတ်ရှည်ခြင်း | (၂)စုံလင်ပြည့်ဝ | *ခွဲရှိခြင်း |
| | *ကျေးဇူးပြုခြင်း | | *ကောင်းမြတ်ခြင်း |
| | *ကောင်းမြတ်ခြင်း | | *ညီအစ်ကိုချင်းမေတ္တာ |
| | *သစ္စာစောင့်ခြင်း | | (philadelphia) |

| | |
|---|---|
| *နူးညံ့သိမ်မွေ့ခြင်း<br>*ကာမဂုဏ်ချစ်<br>တည်းခြင်း | *ခရစ်ယာန်မေတ္တာ<br>(*agapē*) |

**၅း၅ "မြော်လင့်ခြင်းသည် စိတ်ပျက်စရာမဖြစ်စေချေ"**၎င်းသည် ဟေဗြဲ idiom (ဥပမာ–အရှက်တကွဲဖြစ်ခြင်း– ဆာလံ ၂၅း၃၊ ၂၀။ ၃၁း၁၊၁၇။ ၁၁၉း၁၁၆။ ဟေရှာ ၂၈း၁၆ (ရောမ ၉း၃၃၌ ကိုးကားသည်)၊ ဖိလိပ္ပိ ၁း၂၀)ကိုးကားခြင်း ဖြစ်နိုင်သည်။

■ **"ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ငါတို့၏စိတ်နှလုံးထဲသို့ သွင်းလောင်းတော်မူခဲ့ပြီ"** ၎င်းသည် PERFECT PASSIVE INDICATIVE ဖြစ်ပြီး "ဘုရားရှင်၏မေတ္တာတော်သည် သွန်းလောင်းခဲ့ပြီး၊ ဆက်လက် သွန်းလောင်းသည်"ဟုအဓိပ္ပါယ်ရှိသည်။ ဤကြိယာကို သန့်ရှင်းသောဝိညာဉ်တော်၌ သုံးလေ့ရှိပြီး(တမန် ၂း၁၇၊ ၁၈။ ၃၃။ ၁၀း၄၅ နှင့်တိတု ၃း၆) ၎င်းသည် ယောလ ၂း၂၈–၂၉ (ဟေရှာ ၃၂း၁၅)အား ထင်ဟပ်ခြင်းဖြစ်နိုင်သည်။

GENITIVE PHRASE ဖြစ်သော"ဘုရားသခင်နှင့်ဆိုင်သောမေတ္တာတော်"(the love of God)ဟူသည် သဒ္ဒါနည်းကျ ရည်ညွှန်းနိုင်သည်မှာ (၁) ဘုရားသခင်အား ငါတို့ချစ်သည့်မေတ္တာ သို့မဟုတ် (၂) ငါတို့အား ဘုရားသခင်ချစ် သည့်မေတ္တာတော် တစ်ခုခုဖြစ်နိုင်သည်။(ယော ၃း၁၆။ ၂ကော ၅း၁၄)။ ကျမ်းစကားအဆက်အစပ် သဘောအရ နံပါတ် နှစ်ကိုရွေးချယ်ရမည်ဖြစ်သည်။

■ **"ငါတို့ကိုပေးသော သန့်ရှင်းသောဝိညာဉ်တော်"**၎င်းမှာ AORIST PASSIVE PARTICIPLE ဖြစ်သည်။ ဘုရား သခင် ကိုယ်တိုင်၏လုပ်ဆောင်မှုအား ဖော်ပြရာ၌ အပြုခံကြိယာဖြစ်သည့် PASSIVE VOICEသုံးလေ့ရှိသည်။ ယုံကြည် သူများ၌ နောက်ထပ်သန့်ရှင်းသောဝိညာဉ်တော် မလိုအပ်ဟုဆိုလိုသည်။ သူတို့၌ ဝိညာဉ်တော်ရှိသည် သို့မဟုတ် သူတို့ မှာ ခရစ်ယာန်မဟုတ်(၈း၉)ဟူ၍တစ်ခုခုဖြစ်သည်။ ဝိညာဉ်တော်ပေးခြင်း (သွန်းလောင်းခြင်း)သည် ခေတ်သစ်ဖြစ်သော (ယောလ ၂း၂၈–၂၉)ပဋိညဉ်တရားသစ် (ယေရမိ ၃၁း၃၁–၃၄။ ယေဇကျေ ၃၆း၂၂–၃၂)၏ နိမိတ်လက္ခဏာဖြစ်သည်။

■ ဤကျမ်းပိုဒ်ထဲ၌သုံးပါးတစ်ဆူမှ ပုဂ္ဂိုလ်သုံးပါးစလုံးပါရှိကြောင့် သိမှတ်ပါ။

၁။ ဘုရားသခင်၊ ငယ် ၁၊ ၂၊ ၅၊ ၈၊ ၁၀

၂။ ယေရှု၊ ငယ် ၁၊ ၆၊ ၈၊ ၉၊ ၁၀

၃။ ဝိညာဉ်တော်၊ ငယ် ၅

အထူးအကြောင်းအရာ။ ။ သုံးပါးတစ်ဆူ ဘုရား ၈း၁၁၌ကြည့်ပါ။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၅း၆–၁၁

**[6]အကြောင်းမူကား ငါတို့သည် အားကိုးရာမဲ့ဖြစ်နေစဉ်၊ သင့်တော်သောအချိန်၌ ခရစ်တော်သည် မတရားသောသူတို့အတွက် အသေခံတော်မူ၏။ [7]ဖြောင့်မတ်သောသူအတွက် အသေခံမည့်သူရှိခဲ၏။ သူတော် ကောင်းအတွက် အသေခံဝံ့သူရှိကောင်းရှိလိမ့်မည်ဖြစ်သည်။ [8]သို့သော် ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော် သည် ငါတို့အတွက် အသေခံတော်မူရာ၌၊ ဘုရားသခင်သည် ငါတို့အား မိမိ၏မေတ္တာတော်ကို ထင်ရှားစွာ ပြတော်မူ၏။ [9]ထို့ထက်မက အသွေးတော် အားဖြင့် ယခုဖြောင့်မတ်စေခြင်းရခဲ့ကြကာ၊ ဘုရားသခင်၏အမျက် တော်မှ ထိုသခင်အားဖြင့် ကယ်တင်ခြင်းရကြလိမ့်မည်။ [10]အကြောင်းမူကား၊ ငါတို့သည် ရန်သူများဖြစ်နေစဉ်၊ သားတော်အသေခံခြင်းအားဖြင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်စေခြင်း ခံခဲ့ကြသည်ဆိုလျှင်၊ ထို့ထက်မက ပြန်လည်သင့်မြတ်စေခြင်းခံခဲ့ကြပြီး၊ အသက်တော်အားဖြင့် ငါတို့သည် ကယ်တင်ခြင်းခံကြလိမ့်မည်။ [11]ဤမျှ**

**သာလျှင်မဟုတ်ဘဲ၊ ငါတို့အရှင်ယေရှု ခရစ်တော်မှတဆင့် ပြန်လည် သင့်မြတ်စေခြင်းအား ယခုရရှိကြသဖြင့်လည်း ထိုသခင်အားဖြင့် ငါတို့သည် ဘုရားသခင်၌ အလွန်ဝမ်းမြောက်ကြ၏။**

**၅း၆**

| | |
|---|---|
| **NASB** | **"အကြောင်းမူကား ငါတို့သည် အားကိုးရာမဲ့ဖြစ်နေစဉ်"** |
| **NKJV** | **"အကြောင်းမူကား ငါတို့သည် ခွန်အားမဲ့လျက် ရှိနေကြစဉ်"** |
| **NRSV** | **"အကြောင်းမူကား ငါတို့သည် အားနည်းလျက် ရှိနေကြစဉ်"** |
| **TEV** | **"အကြောင်းမူကား ငါတို့သည် အားကိုးရာမဲ့ဖြစ်နေသည့်အချိန်၌"** |
| **NJB** | **"ငါတို့သည် အားကိုးရာမဲ့ဖြစ်နေသည့်အချိန်၌"** |

ဤကြိယာမှာ PRESENT PARTICIPLE ဖြစ်သည်။ ကျဆင်းသောလူသားဌ်ရှိသည့် အာဒံ၏ဇာတိသဘောကို ညွှန်းဆိုသည်။ လူသား၌အပြစ်ကို ဆန့်ကျင်ရန်တန်ခိုးကင်းမဲ့သည်။ နာမ်စားဖြစ်သည့် "ငါတို့"သည် အငယ် ၆က "မတရားသောသူ" အငယ် ၈ က "အပြစ်ရှိသူများ"နှင့် အငယ် ၁၀က "ရန်သူများ"တို့ကိုပင် ပြောခြင်းဖြစ်ပြီး ၎င်းတို့နှင့် အလားတူဖြစ်သည်။ အငယ် ၆ နှင့် ၈ တို့သည် ဓမ္မသဘောနှင့် တည်ဆောက်ပုံအားဖြင့် ဆင်တူဖြစ်သည်။ အလားတူ အပြိုင်ဖြစ်နေပုံကို သိမှတ်ပါ။

| | (၁) | (၂) | (၃) |
|---|---|---|---|
| ငယ် ၆။ | ငါတို့သည် အားကိုးရာမဲ့ဖြစ်ခဲ့ကြသည် | မတရားသူများအတွက် ခရစ်တော် အသေခံခဲ့သည် | .......... |
| ငယ် ၈။ | ငါတို့သည် အပြစ်ရှိစဉ်ပင် | ငါတို့အတွက် ခရစ်တော် အသေခံခဲ့သည် | .......... |
| ငယ် ၉။ | ............ | အသွေးတော်အားဖြင့် | အသွေးတော်အားဖြင့် ယခုဖြောင့်မတ်စေခြင်း ရခဲ့ကြကာပြန်လည် |
| ငယ် ၁၀။ | ငါတို့သည် ရန်သူများဖြစ်နေစဉ် | သားတော် အသေခံ | သင့်မြတ်စေခြင်းခံခဲ့ ကြသည် |

အဓိကသမ္မာတရားများကို ထပ်၍ဖော်ပြခြင်းမှာ အလေးအနက်ပြုခြင်းဖြစ်သည်။

၁။ ငါတို့၏လိုအပ်မှု

၂။ ခရစ်တော်၏ ထောက်မမှု

၃။ ငါတို့၏ အသစ်သောရပ်တည်မှု

▣

| | |
|---|---|
| **NASB, NRSV** | **"သင့်တော်သောအချိန်၌"** |
| **NKJV** | **"အချိန်တန်သည့်အခါ"** |
| **TEV** | **"ဘုရားသခင် ရွေးချယ်သည့်အချိန်၌"** |
| **NJB** | **"ရွေးချယ်တော်မူသည့် အခိုက်အတန့်၌"** |

သမိုင်းကြောင်းအရ ဖြစ်နိုင်သော ၎င်း၏ရည်ညွှန်းရာမှာ

၁။ ရောမတို့၏ ငြိမ်းချမ်းမှု (နှင့်လမ်းမကြီးများ)ကြောင့် ခရီးသွားလာ၍ရခြင်း

၂။ ကွဲပြားခြားနားသော ယဉ်ကျေးမှုဘာသာစကားများအကြား ဂရိဘာသာစကားဖြင့် ပြောဆိုဆက်သွယ်၍ရခြင်း

၃။ ဂရိလူမျိုးနှင့် ရောမလူမျိုးတို့၏ နတ်ဘုရားများ ရှုံးနိမ့်ခြင်းသည် မျှော်လင့်ခြင်းနှင့်၊ ကမ္ဘာကြီးအား ဝိညာဉ်ရေးအရ ဆာငတ်မှုဖြစ်ပေါ်စေသည်။ (မာကု ၁း၁၅။ ဂလာ ၄း၄။ ဧဖက် ၁း၁၀။ တိတု ၁း၃)။

လူဝင်စားခြင်း/လူဖြစ်လာခြင်းသည် ဓမ္မသဘောအရ စီမံချက်တစ်ရပ်၊ ဘုရားဆိုင်ရာအဖြစ်အပျက်တစ်ခုဖြစ်သည်။(လုကာ ၂၂း၂၂။ တမန် ၂း၂၃။ ၃း၁၈။ ၄း၂၈။ ဧဖက် ၁း၁၁)။

**၅း၆၊ ၈၊ ၁၀ "မတရားသောသူများအတွက် အသေခံသည်"** ၎င်းသည် AORIST ACTIVE INDICATIVE ဖြစ်သည်။ ၎င်းသည် ယေရှု၏ဘဝအသက်တာနှင့် အသေခံခြင်းကို တစ်ခုတည်းသောအဖြတ်ဖြင့် ရှုမြင်သည်။ "ယေရှုသည် မိမိမတင်သောအကြွေးကိုပေးဆပ်ခဲ့ကာ၊ ငါတို့သည် မိမိတို့မပေးချေနိုင်သော အကြွေးတစ်ခုတင်ရှိခဲ့ကြသည်"(ဂလ ၃း၁၃။ ၁ယော ၄း၁၀)

ခရစ်တော်၏အသေခံခြင်းမှာ ပေါလုရေးသောစာများ၌ ထပ်ခါတလဲလဲ တွေ့ရသောအဓိကအချက်တစ်ရပ်ဖြစ်သည်။ သူသည် ယေရှု၏ကိုယ်စားပြုအသေခံခြင်းအား ရည်ညွှန်းသည့် ကွဲပြားခြားနားသော ဝေါဟာရနှင့်စကားစုအတော်များများသုံးသည်။

၁။ "အသွေးတော်" (၃း၂၅။ ၅း၉။ ၁ကော ၁၁း၂၅၊ ၂၇။ ဧဖက် ၁း၇။ ၂း၁၃။ ကော ၁း၂၀)။

၂။ "မိမိကိုယ်မိမိပေးအပ်" (ဧဖက် ၅း၂၊ ၂၅)

၃။ "ပေးအပ်" (ရောမ ၄း၂၅။ ၈း၃၂)

၄။ "ယဇ်ပူဇော်" (၁ကော ၅း၇)

၅။ "အသေခံ" (ရောမ ၅း၆။ ၈း၃၄။ ၁၄း၉၊ ၁၅။ ၁ကော ၈း၁၁။ ၁၅း၃။ ၂ကော ၅း၁၅။ ဂလ ၅း၂၁။ ၁သက် ၄း၁၄။ ၅း၁၀)

၆။ "လက်ဝါးကပ်တိုင်" (၁ကော ၁း၁၇-၁၈။ ဂလ ၅း၁၁။ ၆း၁၂-၁၄။ ဧဖက် ၂း၁၆။ ဖိ ၂း၈။ ကော ၁း၂၀။ ၂း၁၄

၇။ "ကားစင်တင်၍ သတ်ခြင်း" (၁ကော ၁း၂၃။ ၂း၂။ ၂ကော ၁၃း၄။ ဂလ ၃း၁)

ဤအချက်၌ ဝိဘတ် *huper* ၏ဆိုလိုရင်းအဓိပ္ပါယ်မှာ

၁။ "ငါတို့ဘက်၌" ကိုယ်စားပြုခြင်း

၂။ "ငါတို့နေရာ၌" အစားထိုးခြင်း

သာမန်အားဖြင့် huper ၏အခြေခံအဓိပ္ပါယ်မှာ ပိုင်ဆိုင်မှုGENITIVE သဘောဖြင့်"ငါတို့ဘက်၌"ဟူ၍ဖြစ်သည်။ (Louw and Nida)၎င်းသည် လူများအတွက် ဖြစ်ထွန်းလာသောအကျိုးကျေးဇူးအချို့အား ဖော်ပြသည်။ (*The New International Dictionary of New Testament Theology*, vol. 3.p.1196) မည်သို့ဖြစ်စေ *huper* ၌"*anti*" ဆိုသည့်အဓိပ္ပါယ်ရှိပြီး"နေရာ၌"(အစား)ဆိုသည့်အဓိပ္ပါယ်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် အစားထိုးခြင်းအဖြစ်ကိုယ်စားပေးလျော်ခြင်း (အပြစ်ဖြေခြင်း)အား ဓမ္မသဘောအရ ညွှန်းဆိုသည်။ (မာကု ၁၀း၄၅။ ယောဟန် ၁၁း၅၀။ ၁၈း၁၄။ ၂ကော ၅း၁၄။ ၁တိ ၂း၆)။ M.J.Harris (NIDNTT, vol. 3, p. 1197)က ပြောသည်မှာ "ဒါပေမဲ့ ပေါလုဟာ ခရစ်တော်သည် *anti hēmōn* (ငါတို့ကိုယ်စား)အသေခံခဲ့သည်ဟု အဘယ်ကြောင့် ပြောခဲ့ဘူးခြင်းမရှိရသနည်း?(၁တိ ၂း၆၌ ၎င်းနှင့်အနီးစပ်ဆုံးသူ သုံးနှုန်းခဲ့သည်မှာ–*antilutron huper pantōn* ဟူ၍ဖြစ်သည်) ထိုသို့မသုံးနှုန်းရခြင်းမှာ ဝိဘတ် *huper* သည် *anti* နှင့်မတူဘဲ တင်ပြခြင်းနှင့်အစားထိုးခြင်းနှစ်မျိုးစလုံးအား ဖော်ပြနိုင်၍ဖြစ်နိုင်ပါသည်။"

M.R.Vincent ၏ *Word Studies*, vol. 2 ၌ ပြောသည်မှာ"*huper*"ခေါ် "ဘက်၌"သည် *anti* ခေါ်"အစား" နှင့်သဘောတူညီခြင်းရှိမရှိ ငြင်းခုံမှုများစွာရှိသည်။ အဆင့်မြင့်စာရေးဆရာများသည် ထိုစကားလုံးနှစ်လုံးတို့၏ အဓိပ္ပါယ်များကို အပြန်အလှန် အဓိပ္ပါယ်တူအဖြစ် အသုံးပြုနိုင်ပုံအား ဥပမာများပြခဲ့ကြသည်။ ဤစာပိုဒ်၌မူ ဤသို့သုံးနိုင်ကြောင်း အထောက်အထားကောင်းစွာမရှိကြောင်း အလွန်သေချာသည်။ ဤဝိဘတ်၌ သေဆုံးသူသပ်သပ်နှင့်ဆိုင်

သောအဓိပ္ပါယ်မျိုးသာရှိနိုင်သည်။ ဤစာပိုဒ်များ၏အဓိပ္ပါယ်ကို သေချာပေါက်မပြောနိုင်ချေ။ သေချာပေါက်ပြောနိုင်သည့်အချက်တစ်ခုမှာ *huper* ၌ *anti* ၏အဓိပ္ပါယ်နှင့်ဆက်စပ်သောအဓိပ္ပါယ်ရှိသည်ဟူ၍ဖြစ်၏။"အစား"–*instead of* အား အခြေခံဝါဒပိုင်းဆိုင်ရာ၌ ကျယ်ပြန့်စွာသုံးသည်။ ကျမ်းပိုဒ်အများစု၌ ၎င်း၏အဓိပ္ပါယ်မှာ"အကျိုးအလို့ငှါ"(*for the sake of*)"...၏ဘက်၌" (*on behalf of*)ဖြစ်ကြောင်း သေချာသည်။ မှန်ကန်သောရှင်းလင်းချက်မှာ အဓိကအားဖြင့် မေးခွန်းထုတ်မှုများ၊ တိအကျပြောရလျှင် ခရစ်တော်အသေခံခြင်းနှင့် ဆက်စပ်သောမေးခွန်းထုတ်မှုများ၌ ဂလ ၃း၁၃။ ရောမ ၁၄း၁၅။ ၁ပေ ၃း၁၈တို့ကဲ့သို့သော ကျမ်းပိုဒ်များတွင် *huper* သည်"ဘက်၌ခရစ်တော်အသေခံသည်"ဟူသော အဆိုပြုချက်အား အတိအကျမဟုတ်သော၊ ယေဘုယျသဘောဖြင့်ဖော်ပြကာ၊ မည်သူ၏ဘက်၌ဖြစ်ကြောင်းအား အတိအကျဆုံးဖြတ်ချက်မပြုဘဲ၊ အခြားကျမ်းပိုဒ်များဖြင့် ဆုံးဖြတ်ချက်ချရန် ထားထားခဲ့သည်။ "အစား"–*instead of* ၏ အဓိပ္ပါယ်မှာ ၎င်း၌ပါဝင်နိုင်သည်ဆိုသော်လည်း ယူဆမှုမျှသာဖြစ်သည်"(p.692)

၅း၇ ဤအငယ်သည် လူသား၏မေတ္တာကိုပြသကာ၊ ငယ် ၈ ကမူ ဘုရားသခင်၏မေတ္တာတော်ကိုပြသည်

▣

**NASB, NKJV**

**TEV** **"ဖြောင့်မတ်သူအတွက်"**

**NRSV** **"ဖြောင့်မတ်သောသူတစ်ယောက်အတွက်"**

**NJB** **"လူကောင်းတစ်ကောင်အတွက်"**

ဤဝေါဟာရအား နောနှင့်ယောဘတို့ ကဲ့သို့ဖြောင့်မတ်သည်(ဝါ)အပြစ်တင်စရာမရှိဟူသော အလားတူအဓိပ္ပါယ်ဖြင့်သုံးသည်။ ၎င်းသည် အပြစ်ကင်းစင်ခြင်းသဘောအား ဆိုလိုခြင်းမဟုတ်ချေ။ အထူးအကြောင်းအရာ ၁း၁၇ ၌ကြည့်ပါ။

၅း၈ **"ဘုရားသခင်သည် မိမိ၏မေတ္တာတော်ကို...ထင်ရှားစွာပြတော်မူ၏။"** ၎င်းမှာPRESENT ACTIVE INDICATIVE (၃း၅)ဖြစ်သည်။ ခမည်းတော်သည် သားတော်ကိုစေလွှတ်သည်။ (၈း၃၊ ၃၂။ ၂ကော ၅း၁၉)။ ဘုရားသခင်၏မေတ္တာတော်မှာ စိတ်လှုပ်ရှားမှုမဟုတ်ဘဲ၊ အပြုအမူကို အခြေပြုကာ၊ (ယော ၃း၁၆။ ၁ယော ၄း၁၀) <u>တည်တံ့ခိုင်မြဲသည်</u>။

▣ **"ငါတို့သည် အပြစ်ရှိစဉ်ပင်"** ဘုရားသခင်၏မေတ္တာတော်သည် ဘုရားတရားကိုင်းရှိုင်းသူများ(ဝါ)အထူးလူမျိုးတစ်မျိုးအားမဟုတ်ဘဲ တော်လှန်ပုန်ကန်သူများဖြစ်သည့် "အပြစ်သားများအား"ထင်ရှားစွာပြတော်မူကြောင်းသိရသည်မှာ ထိတ်လန့်ဘွယ်ရာဖြစ်သည်။ ဂုဏ်ဒြပ်အဆင့်အတန်းမဟုတ်ဘဲ၊ ကျေးဇူးတရားမှာ အခြေခံသမ္မာတရားဖြစ်သည်။ ဘုရားသခင်သည် လူသားများနှင့်မိတ်သဟာယပြုလျက် ရှိနေလိုဆဲဖြစ်နေသေးသည်။ ၎င်းမှာ ငါတို့အား ငြိမ်သက်ခြင်းနှင့်မြော်လင့်ခြင်းပေးသော မပြောင်းမလဲသည့်စရိုက်တော်ဖြစ်သည်။ (ထွက် ၃၄း၆။ နေ ၉း၁၇။ ဆာ ၁၀၃း၈။ ၁၄၅း၈)။

**၅း၉ "ထို့ထက်မက"** ၎င်းမှာ ပေါလုနှစ်သက်သောအသုံးအနှုန်းတစ်မျိုးဖြစ်သည်။ (၁၀၊ ၁၅၊ ၁၇)။ ဘုရားသခင်သည် ယုံကြည်သူတို့အား အပြစ်သားများဖြစ်ခဲ့ကြစဉ် ထိုမျှချစ်တော်မူခဲ့သည်ဆိုလျှင် ယခုသူတို့သည် မိမိ၏သားသမီးများဖြစ်လာကြသဖြင့် ပို၍မည်မျှချစ်တော်မူလိမ့်မည်နည်း? (၅း၁၀။ ၈း၂၂)။

▣**"ယခုဖြောင့်မတ်စေခြင်းရခဲ့ကြပြီ"** ၎င်းသည် AORIST PASSIVE PARTICIPLE တစ်ခုဖြစ်ပြီး ဖြောင့်မတ်စေခြင်းသည် ပြီးစီးခဲ့ပြီဖြစ်သော ဘုရားသခင်၏လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း အထူးပြုသည်။ ပေါလုသည် အခန်းငယ် ၁က သမ္မာတရားကိုပင် ပြန်၍ဖော်ပြခြင်းဖြစ်သည်။ "ဖြောင့်မတ်စေသည်"(ငယ် ၉)နှင့် "ပြန်လည်သင့်မြတ်စေသည်"(ငယ် ၁၀–၁၁) ဝေါဟာရနှစ်လုံး၏ဆင်တူမှုကိုလည်း သိမှတ်ပါ။

▣ **“အသွေးတော်အားဖြင့်”**၎င်းသည် ယဇ်ကောင်အဖြစ် ခရစ်တော်အသေခံတော်မူခြင်းအား ရည်ညွှန်းခြင်းတစ်ခုဖြစ်သည်။ (၃း၅။ ၄း၂၅။ မာကု ၁၀း၄၅။ ၂ကော ၅း၂၁)။ အပြစ်ပြုသောအသက်တစ်ခုနေရာ၌ အစားထိုးရန် အပြစ်ကင်းသောအသက်တစ်ခုအား ပေးဆပ်ခြင်းအကြောင်း ဝတ်ပြုရာကျမ်း ၁–၇တွေ့ရပြီး၊ ထွက်မြောက်ရာ ၁၂က(ပဿခါ သိုးသူငယ်)ပင်ဖြစ်နိုင်ကာ၊ ဓမ္မသဘောအားဖြင့် ဟေရှာယ ၅၃း၄–၆က ယေရှုအားပြောခြင်းဖြစ်သည်။ ၎င်းကိုပင် ဟေဗြဲဩဝါဒစာ (၉–၁၀)၌ ခရစ်တော်နှင့်ဆိုင်သော အဓိပ္ပါယ်အဖြစ် ထပ်မံဖော်ပြသည်။ ဟေဗြဲဩဝါဒစာသည် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းတို့ကို အချက်အတော်များများဖြင့် ထိရောက်စွာနှိုင်းယှဉ်ပြသည်။

▣ **“ငါတို့သည် ကယ်တင်ခြင်းရကြလိမ့်မည်”**၎င်းသည် FUTURE PASSIVE INDICATIVE ဖြစ်ပြီး၊ အနာဂတ်၌ ငါတို့ အပေါ်ဖြစ်ပျက်မည့်ဖြစ်ရပ်မှန်တစ်ခုအား ပြောခြင်းဖြစ်သည်။ (ငယ် ၁၀)။ ၎င်းသည် ငါတို့၏အဆုံးစွန်သော ကယ်တင်ခြင်းကို ပြောခြင်းဖြစ်ပြီး “ဘုန်းကြီးစေခြင်း”ဟုခေါ်သည်။ (ငယ် ၂။ ၈း၃၀။ ၁ယော ၃း၂)

ဓမ္မသစ်ကျမ်းသည် ကယ်တင်ခြင်းကို ကာလပြကြိယာအားလုံးဖြင့် ဖော်ပြသည်။

၁။ ပြီးစီးခဲ့ပြီးသောလုပ်ဆောင်မှုတစ်ခုအဖြစ် (AORIST)တမန် ၁၅း၁၁။ ရောမ ၈း၂၄။ ၂တိ ၁း၉။ တိတု ၃း၅

၂။ အတိတ်က လုပ်ဆောင်ခဲ့ပြီး၊ ယခုလက်ရှိ၌ အကျိုးသက်ရောက်နေသောလုပ်ဆောင်မှုတစ်ခုအဖြစ် (PERFE–CT) ဧဖက် ၂း၅၊၈

၃။ ဆက်လက်၍ တိုးတက်ဖြစ်ပေါ်နေသောလုပ်ဆောင်မှုတစ်ခုအဖြစ် (PRESENT) ၁ကော ၁း၁၈။ ၁၅း၂။ ၂ကော ၂း၁၅။ ၁သက် ၄း၁၄။ ၁ပေ ၃း၂၁။

၄။ အနာဂတ်၌ အဆုံးသတ်မည့်လုပ်ဆောင်မှုတစ်ခုအဖြစ် (FUTURE) ရောမ ၅း၉၊၁၀။ ၁၀း၉။

အထူးအကြောင်းအရာ ၁၀း၄၌ကြည့်ပါ။ ကယ်တင်ခြင်းသည် အစပြုဆုံးဖြတ်မှုဖြင့် အစပြုသော်လည်း (၁၀း၉–၁၃။ ယော ၁း၁၂။ ၃း၁၆)တစ်နေ့သောအခါကျလျှင် အဆုံးသတ်လတ့်သောတစ်ဒင်္ဂပြီးတစ်ဒင်္ဂဆက်လက်တိုး တက်ဖြစ်ပေါ်နေသည့် လုပ်ဆောင်မှုဖြစ်သည်။ ဤသဘောကို ဓမ္မဆိုင်ရာဝေါဟာရသုံးလုံးဖြင့် ရှင်းလင်းရေးသားလေ့ရှိသည်။

၁။ ဖြောင့်မတ်စေခြင်းသည် “အပြစ်၏ဒဏ်မှ ကယ်လွတ်ခြင်းခံရသည်”ဟု အဓိပ္ပါယ်ရှိသည်။

၂။ သန့်ရှင်းစင်ကြယ်စေခြင်းသည် “အပြစ်၏တန်ခိုးမှ ကယ်လွတ်ခြင်းခံရသည်”ဟုအဓိပ္ပါယ်ရှိသည်။

၃။ ဘုန်းကြီးစေခြင်းသည် “အပြစ်ရှိရာအရပ်မှ ကယ်လွတ်ခြင်းခံရသည်”ဟုအဓိပ္ပါယ်ရှိသည်။

ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစေခြင်းနှစ်မျိုးစလုံးသည် ခရစ်တော်အား ယုံကြည်ခြင်းမှတဆင့် ယုံကြည်သူကိုပေးသည့် ဘုရားသခင်၏ကျေးဇူးဂရုဏာတော်လုပ်ဆောင်မှုဖြစ်ကြောင်း မှတ်သားထိုက်သည်။ မည်သို့ဖြစ်စေ သန့်ရှင်းစင်ကြယ်စေခြင်းဆိုသည်မှာ ခရစ်တော်နှင့်တူခြင်း၌ ဆက်လက်တိုးတက်ဖြစ်ပေါ်နေသောအရာဖြစ်သည်။ ထို့ကြောင့် ဓမ္မပညာရှင်များသည် ဤအကြောင်းအား “ရပ်တည်မှုဆိုင်ရာ သန့်ရှင်းစေခြင်း”ဟူ၍လည်းကောင်း “တိုးတက်ဖြစ်ပေါ်နေသော သန့်ရှင်းစင်ကြယ်စေခြင်း”ဟူ၍လည်းကောင်း ခေါ်ကြသည်။ ၎င်းမှာ ဘုရားတရားနှင့်အညီ အသက်ရှင်ခြင်းနှင့်ဆက်စပ်သော၊ လျှို့ဝှက်ဖုံးကွယ်ထားသည့် အခမဲ့ကယ်တင်ခြင်းဖြစ်သည်။ အထူးအကြောင်းအရာ ၆း၄၌ကြည့်ပါ။

▣ **“ဘုရားသခင်၏အမျက်တော်မှ”**၎င်းမှာ အနာဂတ်၌ ဖြစ်ပျက်မည့်အရာနှင့် ဆက်စပ်သောအရာတစ်ခုဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ကြီးမားသော၊ မထိုက်တန်သော၊ ဂုဏ်ရည်မတန်သော မေတ္တာတော်ဖြစ်သော်လည်း၊ ဘုရားသခင်သည် အပြစ်နှင့်တော်လှန်ပုန်ကန်မှုအား တစ်စိုက်မတ်မတ် ဆန့်ကျင်မှုကိုလည်း ရှင်းလင်းစွာပြောပြသည်။ ဘုရားသခင်သည် ကယ်တင်ခြင်းနှင့် အပြစ်လွတ်ခြင်း လမ်းတစ်လမ်းအား ခရစ်တော်မှတဆင့် ပြင်ဆင်ပေးထား သော်လည်း၊ သူ့အားငြင်းဆန်သူများမှာမူ အမျက်တော်အောက်၌ရှိသည်။ (၁း၁၈–၃း၂၀) ၎င်းမှာ လူသားကဲ့သို့ပြောခြင်း (အထူးအကြောင်းအရာ ၁း၁၈၌ကြည့်ပါ။) ဖြစ်သော်လည်း အစစ်အမှန်ကို ဖော်ပြသည်။ ဒေါသထွက်သော ဘုရားသခင်၏လက်တော်ထဲကျရန်မှာ ကြောက်လန့်ဘွယ်ရာဖြစ်သည်။(ဟေဗြဲ ၁၀း၃၁)။

၅း၁၀ **"လျှင်"** ၎င်းသည် ပထမတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်ပြီး၊ စာရေးသူအမြင်၌ မှန်သည်ဟုခံယူထားခြင်း(ဝါ) သူ၏စာရေးဟန်ဖြစ်သည်။ ဘုရားသခင်၏အဆုံးစွန်သော ဖန်ဆင်းရာလူသားမှာ (ကမ္ဘာ ၁း၂၆–၂၇)ဘုရားသခင်၏ ရန်သူဖြစ်လာသည်။ လူသည် ထိန်းချုပ်လိုသောဆန္ဒ၊ ဘုရားဖြစ်လိုသောဆန္ဒရှိလာသည်။ (ကမ္ဘာ ၃း၅)။

▣ **"ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေခြင်းခံခဲ့ကြသည်...ပြန်လည်သင့်မြတ်စေခြင်းခံခဲ့ကြပြီး"** ၎င်းမှာ AORIST PASSIVE INDICATIVE နှင့် AORIST PASSIVE PARTICIPLEနှစ်မျိုးစလုံးဖြစ်သည်။ "ပြန်လည်သင့်မြတ်သည်"(၁ကော ၇း၁၁။ ၂ကော ၅း၁၈၊ ၁၉၊ ၂၀နှင့် ကော ၁း၂၀)ဆိုသောကြိယာသည် မူရင်းအားဖြင့် "အလဲအလှယ်ပြုသည်"ဟုအဓိပ္ပါယ်ရှိသည်။ ဘုရားသခင်သည် ငါတို့၏အပြစ်ကို ယေရှု၏ဖြောင့်မတ်ခြင်းနှင့် အလဲအလှယ်ပြုပေးလိုက်သည်။ (ဟေရှာ ၅၃း၄–၆)။ ငြိမ်းချမ်းရေး ပြန်လည်ရရှိစေသည်။ (၎ယ် ၁)!

▣ **"သားတော်အသေခံခြင်းအားဖြင့်"**အပြစ်လွှတ်ခြင်းသတင်းကောင်းသည် အောက်ပါတို့ကိုအခြေပြုသည်။

၁။ ဘုရားသခင်၏မေတ္တာတော် (ယော ၃း၁၆)

၂။ ခရစ်တော်လုပ်သည့်အလုပ် (ရ၊ ၃၂။ ဂလ ၁း၄။ ၂း၂၀)

၃။ ဝိညာဉ်တော်၏ပိုးပန်းခြင်း (ယော ၆း၄၄၊ ၆၅)

၄။ လူတစ်ဦးချင်း၏ယုံကြည်ခြင်း/နောင်တအားဖြင့်တုံ့ပြန်ခြင်း။(မာကု ၁း၁၅။ ယော ၁း၁၂။ တမန် ၂၀း၂၁) ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ရန် အခြားလမ်းမရှိချေ။ (၁၀း၁–၂၊ ၇–၈။ ယော ၁၄း၆။ တမန် ၄း၁၂။ ၁တိ ၂း၅) ကယ်တင်ခြင်းစိတ်ချရမှုသည် သုံးပါးတစ်ဆူဘုရား၏စရိုက်ပေါ်အခြေပြု(ထွက် ၃၄း၆။ နေ ၉း၁၇။ ဆာ ၁၀၃း၈။ ၁၄၅း၈)ခြင်းဖြစ်ပြီး၊ လူ၏လုပ်ဆောင်မှုပေါ်တွင် မဟုတ်ချေ! ဆန့်ကျင်ဘက်ဖြစ်နေဟန် မှန်သောအရာတစ်ခုမှာ ကယ်တင်ခြင်းရပြီး လူ၏လုပ်ဆောင်မှုမှာ အခမဲ့ကယ်တင်ခံရကြောင်း၏ အထောက်အထားတစ်ခုဖြစ်သည်။ (ယာကုပ်နှင့် ၁ယော)

▣ **"ငါတို့သည် ကယ်တင်ခြင်းခံကြလိမ့်မည်"** ဓမ္မသစ်ကျမ်းသည် ကယ်တင်ခြင်းအား အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဖြစ်ကြောင်းပြောသည်။ ဤနေရာ၌ အနာဂတ်သည် ငါတို့၏အဆုံးစွန်သောကယ်တင်ခြင်းဖြစ်သည့် ဒုတိယအကြိမ်ကြွလာ ချိန်၌ ပြီးစီးလိမ့်မည်ဖြစ်သော ကယ်တင်ခြင်းကို ရည်ညွှန်းသည်။ (၁ယော ၃း၂)။ အငယ် ၉မှတ်ချက်နှင့် ၁၀း၁၃၏ အထူးအကြောင်းအရာတို့ကိုကြည့်ပါ။

▣ **"အသက်တော်အားဖြင့်"**အသက်အတွက် ဂရိဝေါဟာရမှာ *zoa* ဖြစ်သည်။ ယောဟန်၏ကျမ်းများ၌ ဤဝေါဟာရသည် ပြန်ရှင်ထမြောက်သောအသက်တာ၊ ထာဝရအသက်(ဝါ)နိုင်ငံတော်ထဲအသက်ကို ရည်ညွှန်းလေ့ရှိသည်။ ပေါလုသည်လည်း ဤသဘောဖြင့်သုံးသည်။ ဤအကြောင်း၏အဓိကအချက်မှာ ယုံကြည်သူအား အပြစ်လွှတ်နိုင်ရန် ဘုရားသခင်သည် ဤမျှကြီးမြင့်သောတန်ဘိုးပေးဆပ်ခဲ့ပြီးဖြစ်သဖြင့် ၎င်းအား ထိရောက်စေရန် သေချာဆက်လက်သွားပေမည်။

"အသက်"သည် အောက်ပါတို့အနက် တစ်ခုခုအားရည်ညွှန်းနိုင်သည်။

၁။ ယေရှု၏ပြန်ရှင်ထမြောက်ခြင်း (၈း၃၄။ ၁ကော ၁၅)

၂။ ယေရှု၏ကိုယ်စားပြု ဆုတောင်းပေးခြင်း (၈း၃၄။ ဟေဗြဲ ၇း၂၅။ ၁ယော ၂း၁)

၃။ ငါတို့အထဲခရစ်တော်ကို ပုံဖော်နေသူဝိညာဉ်တော် (ရောမ ၈း၂၉။ ဂလ ၄း၁၉)

ယေရှု၏ချီးမြှောက်ခံသောအသက်(ကောင်းကင်ဘုံသို့ပြန်တက်ခြင်း–တမန် ၂)နည်းတူ မြေကြီးပေါ်အသက်တာနှင့်အသေခံခြင်းတို့မှာလည်း ငါတို့၏ပြန်လည်သင့်မြတ်စေမှုအတွက် အခြေခံဖြစ်ကြောင်း ပေါလုအခိုင်အမာပြောသည်။

၅း၁၁ **"ဤမျှသာလျှင် မဟုတ်ဘဲ"** အငယ် ၃ ၏မှတ်ချက်၌ကြည့်ပါ။

▣ **"အလွန်ဝမ်းမြောက်ကြ၏"**၅း၂၏မှတ်ချက်၌ကြည့်ပါ။ ၎င်းသည် ဤကျမ်းပိုဒ်၌ "အလွန်ဝမ်းမြောက်သည်" (ဝါကြွားသည်) စကားလုံးအား သုံးကြိမ်မြောက်အသုံးပြုခြင်းဖြစ်သည်။

၁။ ဘုန်းတော်ကို မျှော်လင့်၍အလွန်ဝမ်းမြောက်သည်။ ငယ်–၂

၂။ ဒုက္ခဆင်းရဲခံရာ၌ အလွန်ဝမ်းမြောက်သည် –ငယ် ၃

၃။ ပြန်လည်သင့်မြတ်ရာ၌ အလွန်ဝမ်းမြောက်သည် –ငယ် ၁၁

အပျက်သဘောဝါကြွားခြင်းကို ၂း၁၇နှင့်၂၃တို့၌တွေ့ရသည်။

▣ **"ပြန်လည်သင့်မြတ်စေခြင်းအား ယခုရရှိကြသည်"**၎င်းသည် AORIST ACTIVE INDICATIVE တစ်ခုဖြစ်ပြီး၊ ပြီးပြည့်စုံခဲ့ပြီးသော လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ ယုံကြည်သူများ၏ပြန်လည်သင့်မြတ်ခြင်း (အလဲအလှယ်ပြုခြင်း)ကို အငယ် ၁၀နှင့်၂ကော ၅း၁၈–၂၁။ ဧဖက် ၂း၁၆–၂၂။ ကော ၁း၁၉–၂၃တို့၌လည်း ဆွေးနွေးသည်။ ဤသို့ဖြင့် "ပြန်လည်သင့်မြတ်ခြင်း"သည် ဓမ္မသဘောအရ"ဖြောင့်မတ်စေခြင်း"နှင့် အဓိပ္ပါယ်တူစကားဖြစ်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၅း၁၂–၁၄**

**[12]ထို့ကြောင့် အပြစ်သည် တစ်ယောက်သောသူအားဖြင့် လောကသို့ဝင်ရောက်လာက၊ အပြစ်မှတဆင့် သေခြင်းတရားဝင်ရောက်လာသည်။ ထိုသို့ဖြင့် အားလုံးသောသူတို့သည် အပြစ်ပြုကြသဖြင့် သေခြင်းတရားသည် လူသားများအားလုံးသို့ ပြန့်နှံ့သွားသည်။ [13]အကြောင်းမူကား ပညတ်တရားမတိုင်မီ လောက၌ အပြစ်ရှိခဲ့သော်လည်း ပညတ်တရားမရှိစဉ် အပြစ်ကို မမှတ်ယူချေ။ [14]သို့သော်လည်း အာဒံပြစ်မှားသည့်အတိုင်း မပြစ်မှားသူများကိုပင်လျှင် သေခြင်းတရားသည် အာဒံမှ မောရှေတိုင်အောင်အုပ်စိုး၏။ ထိုအာဒံသည် ကြွလာလတ္တံ့သောသူ၏ပုံဥပမာဖြစ်သတည်း။**

**၅း၁၂ "ထို့ကြောင့်"**ရောမသြဝါဒစာ၌ "ထို့ကြောင့်"ဆိုသည့်သုံးနှုန်းပုံအများအပြားရှိသည်(၅း၁။ ၈း၁။ ၁၂း၁) အနက်ပြန်ရာ၌ ၎င်းတို့သည် မည်သည့်အရာနှင့်ဆက်စပ်ကြောင်း အရေးကြီးသည်။ ၎င်းတို့သည် ပေါလုပြောသည့်အရာအားလုံးကို ညွှန်းခြင်းလည်းဖြစ်နိုင်သည်။ သေချာသည်မှာ ကမ္ဘာဦးကျမ်းနှင့်ဆက်စပ်နေက၊ ရောမ ၁း၁၈–၃၂အား ပြန်လည်ညွှန်း ဆိုခြင်းဖြစ်နိုင်သည်။

▣ **"အပြစ်သည် တစ်ယောက်သောသူအားဖြင့် လောကသို့ဝင်ရောက်လာက"**အငယ် ၁၂ရှိကြိယာများအားလုံး AORIST ခေါ်ပြီးစီးခဲ့ပြီးသော လုပ်ဆောင်မှုတစ်ခုပြသည့် ကြိယာများဖြစ်သည်။ အာဒံ၏ကျဆင်းမှုသည် သေခြင်းတရားယူဆောင်လာသည်။ (၁ကော ၁၅း၂၂)။ သမ္မာကျမ်းစာသည် အပြစ်အကြောင်း ဋ္ဌီကာချဲ့၍ မရေးသားချေ။ အပြစ်သည် ကောင်းကင်တမန်များ နယ်ပယ်၌လည်းဖြစ်ပေါ်သည်။ (ကမ္ဘာ ၃နှင့် ဗျာ ၁၂း၇–၉)။ မည်သို့မည်ပုံနှင့် မည်သည့်အချိန်၌ဖြစ်ကြောင်းတို့မှာမူ သေချာခြင်းမရှိချေ။ (ဟေရှာ ၁၄း၁၂–၂၇။ ယေဇ ၂၈း၁၂–၁၉။ ယောဘ ၄း၁၈။ မဿဲ ၂၅း၄၁။ လုကာ ၁၀း၁၈။ ယော ၁၂း၃၁။ ဗျာ ၁၂း၇–၉)။

အာဒံ၏အပြစ်၌ မျက်နှာစာနှစ်မျိုးပါဝင်သည်။ (၁) အတိအကျပေးထားသော အမိန့်တစ်ရပ်အား မနာခံခြင်း (ကမ္ဘာ ၂း၁၆–၁၇) နှင့် (၂) အတ္တဗဟိုပြုသောမာန (ကမ္ဘာ ၃း၅–၆)။ ၎င်းသည် ရောမ ၁း၁၈–၃၂ ကစပြီး ကမ္ဘာဦး ၃ အား ဆက်လက်ရည်ညွှန်းခြင်းဖြစ်သည်။

၎င်းသည် အပြစ်ဆိုင်ရာ၌ ပေါလုအား ဂျူးကျမ်းစာဆရာကြီးများနှင့် ထင်ရှားစွာ ခွဲထွက်သွားစေသည်။ ဂျူးကျမ်းစာဆရာကြီးများသည် ကမ္ဘာဦး ၃ကို အခြေမပြုဘဲ၊ ၎င်းအစား လူတိုင်း၌ "ရည်ရွယ်ချက်နှစ်ရပ်" (*yetzer*)ရှိသည်ဟုဆိုကြသည်။ သူတို့၏ထင်ပေါ်ကျော်ကြားသောအဆိုမှာ "လူသားတိုင်း၏နှလုံးသားထဲ၌ ခွေးမဲတစ်ကောင်နှင့်

ခွေးဖြူတစ်ကောင်စီရှိသည်။ မိမိကျွေးမွေးပြုစုသောအကောင်မှာ အကြီးဆုံးဖြစ်လာသည်"ဟူ၍ဖြစ်၏။ ပေါလုကမူ အပြစ်သည် သန့်ရှင်းတော်မူသူ ဘုရားရှင်နှင့် မိမိဖန်ဆင်းခြင်းအကြား အဓိကအတားအဆီးဖြစ်သည်ဟုဖြစ်သည်။ ပေါလုသည် systemetic theologian ခေါ်ဓမ္မပညာအား နည်းစံနစ်ဖြင့် ရှုမြင်သူအမျိုးအစားမဟုတ်ချေ။ (James Steward ၏ *A Man in Christ*) သူသည် အပြစ်၏မူလရင်းမြစ် အချို့ဖော်ပြသည်။ (၁) အာဒံ၏ကျဆင်းမှု (၂) စာတန်၏သွေးဆောင်ဖြားယောင်းမှုနှင့် (၃) လူသား၏အဆက်မပြတ်တော်လှန်ပုန်ကန်မှု (ဧဖက် ၂း၂-၃)စသည်တို့ဖြစ်သည်။

ဓမ္မသဘောတရား၌ အာဒံနှင့်ခရစ်တော်အကြား ကွဲပြားခြားနားမှုနှင့်တူညီမှုဖြစ်နိုင်သည့် သဘောသက်ရောက်မှု နှစ်ရပ်ရှိသည်။

၁။ အာဒံသည် ပကတိစစ်မှန်သောသမိုင်းဝင် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

၂။ ယေရှုမှာ ပကတိစစ်မှန်သောလူသားတစ်ယောက်ဖြစ်သည်။

ဤသမ္မာတရားနှစ်ရပ်သည် မှားယွင်းသောသွန်သင်မှုများ မျက်မှောက်၌ သမ္မာကျမ်းစာကို အတည်ဖြစ်စေသည်။ "လူတစ်ယောက်" (one man)သို့မဟုတ် "တစ်ယောက်သောသူ"(the one)ဟူ၍ထပ်ခါတစ်လဲလဲ သုံးနှုန်းပုံကို သိမှတ်ပါ။ အာဒံနှင့်ယေရှုတို့အား ရည်ညွှန်းသည့် ဤနည်းလမ်းနှစ်ခုကို ဤကျမ်းပိုဒ်၌ တစ်ကြိမ်သုံးသည်။

▣ **"လူတစ်ယောက်"** အမျိုးအစားပြသော ဤစကားစု (*henos anthropou*)ကို အာဒံ (ငယ် ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) သို့မဟုတ် ယေရှု (ငယ် ၁၅-နှစ်ခါ၊ ၁၇-နှစ်ခါ၊ ၁၈၊ ၁၉)အား ကိုယ်စားပြုသုံးနှုန်းသည်။ သူတို့သည် လူတစ်စု (ဝါ) လူ့အဖွဲ့အစည်းတစ်ရပ် ("များစွာ" ငယ် ၁၅-နှစ်ခါ၊ ၁၉-နှစ်ခါ၊ "အားလုံး" ငယ် ၁၂၊ ၁၃၊ ၁၈-နှစ်ခါ)စီကို ကိုယ်စားပြုကြသည်။

▣ **"အပြစ်မှတစ်ဆင့် သေခြင်းတရား"** ဇီဇအပြစ်-original sin (မူရင်းအပြစ်)ဆိုသောဝေါဟာရကို Augustine (A.D 354-430)က ပထမဆုံး အသစ်တီထွင်သည်။ ၎င်းသည် အာဒံ/ဧဝတို့ ပြုခဲ့သည့်ကမ္ဘာဦး ၃က ရွေးချယ်မှု၏ အကျိုးဆက်များကို ရှင်းလင်းဖော်ပြသည်။ သူတို့၏ပုန်ကန်မှုသည် ဖန်ဆင်းသောအရာအားလုံးထိခိုက်သည်။ လူသားတို့ကို အောက်ပါတို့က ထိခိုက်သည်။

၁။ ကျဆင်းသော လောကနိယမတစ်ရပ်

၂။ သွေးဆောင်သူ ပုဂ္ဂိုလ်တစ်ယောက်

၃။ ကျဆင်းသော သဘာဝတစ်ရပ်

ဇီဇအပြစ်သည် (၁၂-၁၄၊ ၁၆၊၁၇)တစ်ဦးချင်းပြုသောအပြစ်နှင့် တွဲဖက်ပါလာကာ (၁၂၊ ၁၆)လူသားအားလုံး အပြစ်ရှိစေသည်။ အပြစ်သည် "သေခြင်းတရား"အား ဖြစ်ပေါ်စေသည်။ (၁း၃၂။ ၆း၁၃၊ ၁၆၊ ၂၁၊ ၂၃။ ၇း၅၊ ၉၊ ၁၀၊ ၁၁၊ ၁၃၊ ၂၄။ ၈း၁၃)

Jerome ပြုစုသည့် *Biblical Commentary* ခေါ်အနက်ဖွင့်ကျမ်း (စာ ၃၀၈)၌ ဖော်ပြသည်မှာ ဂျူးကျမ်းစာဆရာကြီးများသည် ကမ္ဘာ့သမိုင်း၌ ကာလကြီးသုံးပါးရှိသည်ဟူ၍ အစဉ်အလာအားဖြင့် မှတ်ယူထားကြသည်ဟုဆိုသည်။

၁။ အာဒံမှ မောရှေ

၂။ မောရှေမှ မေရှိယ

၃။ မေရှိမှ အနာဂတ် (*eschaton*)

ပေါလုစိတ်ထဲ၌ ဤအပိုင်းလိုက် ခွဲခြားမှုများရှိခဲ့သည်ဆိုလျှင် အောက်ပါအတိုင်းဖြစ်ပေမည်။

၁။ အာဒံမှ မောရှေ (မူလအပြစ်၊ ပညတ်တရားမဟုတ်ဘဲ၊ သေခြင်းတရားဖြစ်သည်)

၂။ မောရှေမှ မေရှိယ (တစ်ဦးချင်းပြုသောအပြစ်၊ ပညတ်တရားအား ကျူးလွန်ခြင်း)

၃။ မေရှိယ (ကျေးဇူးတော်အားဖြင့် ပညတ်တရား/ပညတ်ချက်မှ လွတ်မြောက်ခြင်း)

▣ **"သေခြင်းတရားသည် လူသားများအားလုံးသို့ ပျံ့နှံ့သွားသည်"**ဤကျမ်းပိုဒ်၏အဓိကဦးတည်ချက်မှာ အပြစ်၏ နောက်ဆက်တွဲဖြစ်သောသေခြင်းတရားသည် စကြဝဠာတစ်ခုလုံး ထိခိုက်သည်ဟူ၍ဖြစ်၏။ (ငယ် ၁၆–၁၉။ ၁ကော ၁၅း၂၂။ ဂလ ၁း၁၀)

၁။ ဝိညာဉ်သေခြင်း – ကမ္ဘာ ၂း၁၇။ ၃း၁–၂၄။ ဟေရှာ ၅၉း၂။ ရောမ ၇း၁၀–၁၁။ ဧဖက် ၂း၁။ ကော ၂း၁၃။ ယာကုပ် ၁း၁၅။

၂။ ခန္ဓာကိုယ်သေခြင်း – ကမ္ဘာ ၃း၄–၅။ ၅း၁–၃၂

၃။ ထာဝရသေခြင်း – ဗျာ ၂း၁၁။ ၂၀း၆၊ ၁၄။ ၂၁း၈

▣**"အားလုံးသောသူတို့သည် အပြစ်ပြုကြသဖြင့်"**လူသားအားလုံးသည် အာဒံအထဲ၌ တစ်စုတစ်ပေါင်းတည်း အပြစ်ပြုသည်။ (ဥပမာ–အပြစ်ရှိသောအနေအထားနှင့် အပြစ်ဘက်ယိမ်းယိုင်ခြင်းအား ဗီဇအဖြစ်အမွေဆက်ခံသည်)ထို့ကြောင့် လူသားတိုင်းသည် အပြစ်ပြုရန် မိမိတို့ကိုယ်တိုင် ရွေးချယ်ကြပြီး၊ ထပ်ခါတလဲလဲ ထိုသို့ပြုကြသည်။ လူသားတိုင်းသည် တစ်စုတစ်ပေါင်းတည်းနှင့် တစ်ဦးချင်းအလိုက် အပြစ်ရှိသူများဖြစ်ကြောင်း သမ္မာကျမ်းစာက အလေးအနက်ဖော်ပြသည်။(၃ဓမ္မ ၈း၄၆။ ၂ရာဇဝင် ၆း၃၆။ ဆာ ၁၄း၁–၂။ ၁၃၀း၃။ ၁၄၃း၂။ သုတ္တံ ၂၀း၉။ ဒေ ၇း၂၀။ ဟေရှာ ၉း၁၇။ ၅၃း၆။ ရော ၃း၉–၁၈၊ ၂၃။ ၅း၁၈။ ၁၁း၃၂။ ဂလ ၃း၂၂။ ၁ယော ၁း၈–၁၀)။

ဤကျမ်းပိုဒ်များ တစ်ခုလုံးက အထူးဖော်ပြသည်မှာ (ငယ် ၁၅–၁၉)အပြုအမူတစ်ခုသည် (အာဒံ)သေခြင်းဖြစ်ပေါ်စေကာ၊ အခြားအပြုအမူတစ်ခုသည် (ယေရှု)အသက်ရှင်ခြင်းဖြစ်ပေါ်စေကြောင်းကို တစ်ဖက်၌တွေ့ရသည်။ မည်သို့ဖြစ်စေ ဘုရားသခင်သည် မိမိနှင့်လူသား၏ဆက်စပ်မှုအား လူသား၏"ပျောက်ဆုံးခြင်း"နှင့်"ဖြောင့်မတ်စေခြင်း"မျက်နှာစာပေါ် တည်ဆောက်သည်။ လူသားတို့သည် မိမိတို့၏အနာဂတ်ကံကြမ္မာအား ဖန်တီးရာ၌ မိမိတို့၏စိတ်ဆန္ဒ အားဖြင့် ပါဝင်နေကြသည်! သူတို့သည် အပြစ်(ဝါ)ခရစ်တော်အား ဆက်လက်ရွေးချယ်ကြသည်။ သူတို့သည် ဤရွေးချယ်မှုနှစ်ရပ်အား အကျိုးသက်ရောက်စေနိုင်ခြင်းမရှိကြသော်လည်း၊ မိမိတို့သည် ၎င်းနှစ်မျိုးအနက် မည်သည့်အရာနှင့်ဆိုင်ကြောင်း မိမိတို့စိတ်ဆန္ဒအရ ဆက်လက်ပြသနေကြသည်!

"အကြောင်းမူကား"–because ဟူ၍ဘာသာပြန်သောစကားလုံးမှာ အများသုံး(ဝါ)သုံးနေကျဖြစ်သော်လည်း ၎င်း၏အဓိပ္ပါယ်ကို အငြင်းပွါးကြလေ့ရှိသည်။ ပေါလုသည် *eph'ho* အား ၂ကော ၅း၄။ ဖိ ၃း၁၂ နှင့် ၄း၁၀၌ "အဘယ်ကြောင့်ဆိုသော်/အကြောင်းမူကား"ဟူသော အဓိပ္ပါယ်ဖြင့်သုံးသည်။ ထို့ကြောင့် လူသားတိုင်းသည် အပြစ်ထဲပါဝင်ပါတ်သက်ရန်နှင့် ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်ရန် မိမိတို့ကိုယ်တိုင် ရွေးချယ်ကြသည်။ အချို့သည် အထူးဖွင့်ပြခြင်း(သမ္မာကျမ်းစာ/ယေရှု)အားငြင်းပယ်ကြခြင်းဖြစ်ပြီး၊ အားလုံးသောသူတို့ကမူ သဘာဝတရားအားဖြင့် ဖွင့်ပြခြင်းအားဖြင့် ငြင်းဆန်ကြကုန်၏။ (၁း၁၈–၃း၂၀)

**၅း၁၃–၁၄** ဤသမ္မာတရားကိုပင် ရောမ ၃း၂၀။ ၄း၁၅နှင့်တမန် ၁၇း၃၀ တို့၌လည်း သွန်သင်သည်။ လူသားတို့၌ တာဝန်ရှိသည်မှာ မိမိတို့ရနိုင်သည့်အရာ၊ ဆောင်ရွက်ပြုလုပ်နိုင်သည့်အရာပေါ်၌သာလျှင်ဖြစ်သည်။ ဤကျမ်းပိုဒ်သည် သဘာဝတရားအားဖြင့် ဖွင့်ပြမှုအားဆိုလိုခြင်းမဟုတ်ဘဲ (ဆာလံ ၁၉း၁–၆။ ရောမ ၁း၁၈–၂၃။ ၂း၁၁–၁၆)အထူးဖွင့်ပြမှု(ဓမ္မဟောင်းကျမ်း၊ ယေရှု၊ ဓမ္မသစ်ကျမ်း)ကိုသာ ဆိုလိုသည်။

အငယ် ၁၂သည် ၎င်း၏နိဂုံးချုပ်ဖြစ်သည့် အငယ် ၁၈–၂၁နှင့် ရှည်လျားသောကြားဖြတ်အကြောင်းအရာ ငယ် ၁၃–၁၇တို့နှင့်မတူ၊ သီးခြားဖြစ်ကြောင်း NKJV ကသိထားသည်ကို မှတ်သားပါ။

**၅း၁၄**

**NASB, NKJ**
**NJB** **"သေခြင်းတရားသည် အုပ်စိုး၏"**

**NRSV** “သေခြင်းတရားသည် စိုးမိုးခြင်းပြု၍”
**TEV** “သေခြင်းတရားအုပ်ချုပ်သည်”

သေခြင်းသည် ဘုရင်ကြီးတစ်ပါးအလား အုပ်စိုးသည်။ (ငယ် ၁၇နှင့်၂၁)။ သေခြင်းနှင့်အပြစ်တို့အား မင်းဆိုး မင်းညစ်ကဲ့သို့ လူပုဂ္ဂိုလ်အဖြစ် တင်စားသုံးနှုန်းပုံအား ဤအခန်းကြီးနှင့် အခန်းကြီး ၆တို့တလျှောက်လုံး၌ တွေ့ရသည်။ တကမ္ဘာလုံး၌ သေခြင်းတရားအား တွေ့ကြုံရခြင်းသည် တကမ္ဘာလုံးရှိလူသားအားလုံး၌ အပြစ်ရှိကြောင်းအား အတည် ဖြစ်စေသည်။ အငယ် ၁၇နှင့်၂၁တို့၌ ကျေးဇူးတော်ကို လူပုဂ္ဂိုလ်အဖြစ် တင်စားဖော်ပြသည်။ ကျေးဇူးတော်မှာ စိုးစံနေသည်! လူသားများ၌ သေခြင်းတရား သို့မဟုတ် ကျေးဇူးတော်အား ရွေးချယ်ရန်ရှိသည်။ ဓမ္မဟောင်းကျမ်း၌ သေခြင်းတရား သို့မဟုတ် အသက်ရှင်ခြင်းဆိုသည့် လမ်းနှစ်လမ်းဖော်ပြသည်။ တရားဟော ၁၁း၂၆။ ၃၀း၁၊ ၁၉)။ သင့်ဘဝအား မည်သည့်အရာက အုပ်စိုးနေသနည်း?

▣ **“အာဒံပြစ်မှားသည်အတိုင်း မပြစ်မှားသောသူများကိုပင်လျှင်”** အာဒံသည် ဘုရားသခင်ပေးသည့် အမိန့်တော် အားချိုးဖောက်သည်။ (ကမ္ဘာ ၂း၁၅–၁၇)။ ဧဝမှာမူ ထိုသို့မဟုတ်ချေ။ ထိုသစ်ပင်အကြောင်းအား ဘုရားသခင်ထံတော်မှ သူမတိုက်ရိုက်ကြားခဲ့ရခြင်းမဟုတ်ဘဲ၊ အာဒံမှတဆင့်သာ ကြားခဲ့ရသည်။ အာဒံမှ မောရှေ၏ခေတ်ကာလအထိ လူသားများကို အာဒံ၏တော်လှန်ပုန်ကန်မှုသည် အကျိုးသက်ရောက်ထိခိုက်၏။ သူတို့သည် ဘုရားသခင်ထံတော်မှ အမိန့်တော်တစ်စုံတစ်ရာရရှိခဲ့ပြီး ၎င်းအား ကျူးလွန်ခဲ့ကြခြင်းမဟုတ်ချေ။ သို့သော်လည်း ဤဓမ္မသဘော ၏အစိတ်အပိုင်းတစ်ခုပင်ဖြစ်သော ၁း၁၈–၃၂၌ သူတို့သည် ဖန်ဆင်းသောအရာများအားဖြင့် မိမိတို့ရရှိထားသော အလင်းတရားအား ကျူးလွန်ဖေါက်ဖျက်ကြသဖြင့် တော်လှန်ပုန်ကန်ခြင်း (ဝါ)အပြစ်အတွက် ဘုရားသခင်ပေါ် တာဝန် ရှိကြသည်ဆိုသည့် သမ္မတရားကိုဖော်သည်။ အာဒံ၌ရှိသော အပြစ်ပြုရန် ယိမ်းယိုင်မှုသည် သူ့အဆက်အနွယ်တစ်ခု လုံးသို့ပြန့်နှံ့သည်။

▣

**NASB, NKJV**
**NRSV** “ကြွလာလတ့်သောသူ၏ ပုံဥပမာဖြစ်သတည်း”
**TEV** “အာဒံသည် ကြွလာလတ့်သောသူတစ်ယောက်၏ သင်္ကေတတစ်ခုဖြစ်သည်”
**NJB** “အာဒံသည် ကြွလာလတ့်သောသူတစ်ယောက်အား ကြိုတင်ပေါ်လွင်စေသည်”

ဤဖော်ပြမှုသည် အာဒံ–ခရစ်တော်ပုံပမာဖြစ်ခြင်းအား အလွန်ခိုင်ခဲ့စေသည်။ (၁ကော ၁၅း၂၁–၂၂၊ ၄၅–၄၉။ ဖိ ၂း၆–၈)။ သူတို့နှစ်ဦးစလုံးကို ဖြစ်စဥ်တစ်ရပ်၏ပထမ၊ မျိုးရိုးတစ်ခု၏မူလအစအဖြစ် တွေ့မြင်ရသည်။ (၁ကော ၁၅း၄၅ –၄၉)။ အာဒံမှာ ဓမ္မသစ်ကျမ်းတွင်“ပုံသင်္ကေတ”တစ်ခုအဖြစ် ဖော်ပြသည့်တစ်ဦးတည်းသော ဓမ္မဟောင်းကျမ်းမှ ပုဂ္ဂိုလ် ဖြစ်သည်။ (အစ္စရေးအကြောင်း ၁ကော ၁၀း၆၌ကြည့်ပါ)။ အထူးအကြောင်းအရာ။ ။ပုံသင်္ကေတ(form-Tupos) အား ၆း၁၇ ၌ကြည့်ပါ။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၅း၁၅–၁၇

**[15]သို့သော် အခမဲ့လက်ဆောင်သည် ကျူးလွန်ခြင်းကဲ့သို့မဟုတ်။ အကြောင်းမူကား တစ်ယောက်သော သူ၏ကျူးလွန်ခြင်းအားဖြင့် အများသောသူတို့သည် သေဆုံးခဲ့ကြသည်ဆိုလျှင် တစ်ယောက်သောသူဖြစ်သော ယေရှုခရစ်တော်၏ကျေးဇူးတော်အားဖြင့်၊ ဘုရားသခင်၏ကျေးဇူးတော်နှင့် လက်ဆောင်တော်သည် အများသော သူတို့တွင် ပို၍ကြွယ်ဝသည်။ [16]လက်ဆောင်တော်သည် အပြစ်ပြုသူတစ်ယောက်အားဖြင့် ရောက်ရှိလာသော အရာကဲ့သို့မဟုတ်ချေ။ အကြောင်းမူကား တစ်ခုသောကျူးလွန်မှုသည် ပြစ်ဒဏ်ကျခံစေသည့် တရားစီရင်မှု ဖြစ်ပွါးစေသော်လည်း၊ အခြားတဘက်၌မူ ကျူးလွန်ခြင်းများစွာမှ ဖြစ်ပေါ်သောအခမဲ့လက်ဆောင်သည်**

**ဖြောင့်မတ်စေခြင်းရရှိစေသည်။** [19]**အကြောင်းမူကား တစ်ယောက်သောသူ၏ကျူးလွန်ခြင်းအားဖြင့် သေခြင်းတရားသည် ထိုတစ်ယောက်သူမှတဆင့် အုပ်စိုးသည်ဆိုပါက၊ ကြွယ်ဝသောကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်းလက်ဆောင် လက်ခံရရှိသူများသည် တစ်ယောက်သောသူ ယေရှုခရစ်တော်မှတဆင့် အသက်ရှင်ကာ၊ ပို၍စိုးစံကြလိမ့်မည်။**

**၅း၁၅–၁၉** ၎င်းသည် အလားတူစကားစုများဖြင့် ကျိုးကြောင်းပြကာ၊ ဆက်လက်ဆွေးနွေးမှုတစ်ရပ်ဖြစ်သည်။ NASB, NRSV နှင့် TEVတို့သည် ကျမ်းပိုဒ်ကို အငယ် ၁၈၌ စာပိုဒ်ခွဲသည်။ သို့သော် UBS[4], NKJVနှင့်JB တို့သည် စာပိုဒ်တစ်ပိုဒ်အဖြစ် ဘာသာပြန်သည်။ မူရင်းစာရေးသူ၏ရည်ရွယ်ချက်အား အနက်ပြန်ရန်သော့ချက်မှာ စာပိုဒ်တစ်ပိုဒ်စီ၌ အဓိကသမ္မာတရားတစ်ခုစီဖြစ်ကြောင်းအား သတိရပါ။

အငယ် ၁၅နှင့်၁၉တို့ရှိ "အများသောသူတို့"ဟူသောစကားသည် အငယ် ၁၂နှင့်၁၈တို့၌ရှိသည့်"အားလုံး"နှင့် အဓိပ္ပါယ်တူဖြစ်ကြောင်း မှတ်သားပါ။ ဟေရှာယ ၅၃း၁၁–၁၂နှင့် အငယ် ၆တို့၌လည်း ထိုနည်းတူဖြစ်သည်။ ဤဝေါဟာရနှစ်ခုအား ဓမ္မသဘောတရားဆိုင်ရာ ကွဲပြားခြားနားမှု (ကဲလ်ဗင်၏ရွေးကောက်ခြင်းဖြစ်သည်ဟူသောအဆိုနှင့် ရွေးကောက်ခြင်းမဟုတ်ဟူသော အဆိုနှစ်ရပ်)အဖြစ်ယူရန်မဟုတ်ချေ။

**၅း၁၅"အခမဲ့လက်ဆောင်တော်"** ဤကျမ်းပိုဒ်ရှိ "လက်ဆောင်"စကားလုံး၌ ဂရိစကားလုံးနှစ်မျိုးဖြစ်သည့် *charisma* ငယ် ၁၅၊ ၁၆(၆း၂၃)နှင့် *dorea /dorama* ငယ် ၁၅၊ ၁၆၊ ၁၇(၃း၂၄၏မှတ်ချက်၌လည်းကြည့်ပါ)တို့သုံးသော်လည်း အဓိပ္ပါယ်တူဖြစ်သည်။ ၎င်းမှာ ကယ်တင်ခြင်းသတင်းကောင်းစစ်စစ်ဖြစ်သည်။ ၎င်းသည် ယုံကြည်သူအားလုံးကိုပေးသည့် ယေရှုခရစ်တော်မှတဆင့်(၃း၂၄။ ၆း၂၃။ ဧဖက် ၂း၈၊၉)ဘုရားသခင်ပေးသော အခမဲ့လက်ဆောင်တော်ဖြစ်သည်။

▣**"လျှင်"**၎င်းသည် ပထမတန်းစားချွင်းချက်ပါသောဝါကျမျိုးဖြစ်ပြီး၊ စာရေးသူ၏ရှုထောင့်မှ မှန်သည်ဟုမှတ်ယူသောအရာ သို့မဟုတ် သူ၏စာရေးဟန်ဖြစ်သည်။ အာဒံ၏အပြစ်သည် လူသားတိုင်းထံ သေခြင်းတရားယူဆောင်လာသည်။ ၎င်းသည် အငယ် ၁၇နှင့်အလားတူဖြစ်သည်။

▣**"ကြွယ်ဝ"**အထူးအကြောင်းအရာ ၁၅း၁၃၌ကြည့်ပါ။

**၅း၁၆ "ပြစ်ဒဏ်ကျခံစေခြင်း...ဖြောင့်မတ်စေခြင်း"**ဤဝေါဟာရနှစ်ခုစလုံး တရားရုံးတော်နှင့်ဆိုင်သော ဥပဒေဝေါဟာရများဖြစ်သည်။ ဓမ္မဟောင်းကျမ်းသည် ပရောဖက်တစ်ပါး၏တရားဒေသနာအား တရားခွင်သဘောဖြင့် တင်ပြလေ့ရှိသည်။ ပေါလုသည် ဤသဘောကိုပင်သုံးသည်။ (ရောမ ၈း၁၊ ၃၁–၃၄)။

**၅း၁၇"လျှင်"**၎င်းသည် စာရေးသူ၏ရှုထောင့်၌ အမှန်ဟုမှတ်ယူထားသောအရာ သို့မဟုတ် သူ၏စာရေးဟန်ဖြစ်သည့် အခြားသောပထမတန်းစား ချွင်းချက်ပါ ဝါကျမျိုးဖြစ်သည်။ အာဒံ၏ကျူးလွန်မှုသည် လူသားအားလုံး သေဆုံးသွားစေသည်။

▣**"လက်ခံရရှိသူများသည်...ပို၍"**အငယ် ၁၈–၁၉မှာ ဓမ္မသဘောအရ ဟန်ချက်မညီချေ။ ဤစကားစုကို ရောမ ၁–၈ ထဲ ပါရှိသည့်အကြောင်းအရာမှ သီးခြားခွဲထုတ်၍မရသည့် အပြင်လူသားအားလုံး ကယ်တင်ခြင်းရရှိလိမ့်မည်ဆိုသော ဩဝါဒအတွက် အထောက်အထားအဖြစ်လည်း သုံး၍ရသည်မဟုတ်ချေ။ လူသားသည် ခရစ်တော်အထဲ ဘုရားသခင်ပေးစမ်းသည့်အရာကို လက်ခံခြင်းပြုရပါမည်။ (ငယ် ၁၇)။ ကယ်တင်ခြင်းသည် လူတိုင်းရနိုင်သောအရာဖြစ်သော်လည်း၊ တစ်ဦးချင်းအနေဖြင့် လက်ခံမှုပြုရန်ဖြစ်သည်။ (ယော ၁း၁၂။ ၃း၁၆။ ရောမ ၁၀း၉–၁၃)။

အာဒံပြုသည့်တစ်ခုသော တော်လှန်ပုန်ကန်မှုသည် လူသားအားလုံး အကြွင်းမဲ့တော်လှန်ပုန်ကန်မှုဖြစ်ပွါးစေသည်။ တစ်ခုတည်းသော အပြစ်ရှိသည့်အပြုအမူသည် အကျယ်ချဲ့ခြင်းခံရသည်။ သို့သော် တစ်ခုသောဖြောင့်မတ်သည့်

ယဇ်ကောင်အဖြစ် ပူဇော်သောလုပ်ဆောင်မှုတစ်ခုသည် တစ်ဦးချင်း၏အပြစ်မှာနည်းတူ တစ်ခုတစ်ပေါင်းတည်းသော အပြစ်၏အကျိုးသက်ရောက်မှု ခရစ်တော်အထဲ ဖုံးအုပ်ခြင်းရရှိသွားစေသည်။ ခရစ်တော်၏ "ပို၍သာလွန်သော"လုပ်ဆောင်မှုကို အလေးအနက်ပြုခြင်းဖြစ်သည်။ (ငယ် ၉၊ ၁၀ ၊၁၅၊ ၁၇)။ ကျေးဇူးတော်မှာ ပို၍ကြွယ်ဝသည်။

**၅း၁၇"ဖြောင့်မတ်ခြင်းလက်ဆောင်ရရှိသူများသည် အသက်ရှင်လျက်...စိုးစံကြလိမ့်မည့်...အသက်နှင့်ယှဉ်သော ဖြောင့်မတ်စေခြင်း"**ယေရှုသည် ကျဆင်းသောလူသားအားလုံး၏ဝိညာဉ်ရေးရာ လိုအပ်မှုများအတွက် ဘုရားသခင်၏ လက်ဆောင်နှင့်ထောက်ပံ့မှုဖြစ်သည်။ (၁ကော ၁း၃၀)။ အလားတူဖြစ်သော ဤကျမ်းပြိုင်များ၏ ဖြစ်နိုင်သောအဓိပ္ပါယ်များမှာ

1. ၁။ အပြစ်ရှိသောလူသားအား ဘုရားသခင်နှင့်ဆိုင်သော မှန်ကန်သည့်ရပ်တည်ချက်ကို ခရစ်တော်၏ပြီးစီးခဲ့သောအလုပ်မှတဆင့် ပေးအပ်ပြီး၊ ၎င်းသည် "ဘုရားတရားနှင့်ညီသော အသက်တာ"ကို ဖြစ်ပေါ်စေသည်။
2. ၂။ ဤစကားစုမှာ "ထာဝရအသက်"နှင့် အဓိပ္ပါယ်တူဖြစ်သည်။ ကျမ်းစကားဆက်စပ်မှုသဘောသည် နံပါတ်တစ်ကိုထောက်ခံသည်။ ဖြောင့်မတ်ခြင်းအကြောင်း စကားလုံးလေ့လာမှုအား အထူးအကြောင်းအရာ ၁း၁၇ ၌ကြည့်ပါ။

"စိုးစံ"ဟူသောကြိယာကို ဤကျမ်းပိုဒ်၌ အဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးသည်။

1. ၁။ "သေခြင်းတရားသည် အာဒံမှမောရှေတိုင်အောင် စိုးစံသည်။"ငယ် ၁၄။(AORIST ACTIVE INDICATIVE )
2. ၂။ "သေခြင်းတရားသည် တစ်ယောက်သောသူအားဖြင့်စိုးစံသည်"ငယ် ၁၇ (AORIST ACTIVE INDICATIVE)
3. ၃။ "ကြွယ်ဝသောကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်းလက်ဆောင်ရရှိသူများသည် အသက်ရှင်လျက်ပို၍စိုးစံကြလိမ့်မည်"ငယ် ၁၇ (FUTURE ACTIVE INDICATIVE)
4. ၄။ "အပြစ်တရားသည် သေခြင်းတရားအားဖြင့် စိုးစံ၏။"ငယ် ၂၁ (AORIST ACTIVE INDICATIVE)
5. ၅။ "ကျေးဇူးတရားသည် စိုးစံလိမ့်မည်"ငယ် ၂၁ (AORIST ACTIVE SUBJECTIVE)
6. ၆။ "အပြစ်တရားကို အစိုးမရစေကြနှင့်" ၆း၁၂ (AORIST ACTIVE IMPERATIVE)

ပေါလုသည် အပြစ်တရားနှင့် သေခြင်းတရားတို့အား ကျေးဇူးတော်နှင့်အပြိုင် ဖော်ပြရာ၌ သက်ရှိအလားတင်စားမှုမှာ ဓမ္မသမ္မာတရားအား ဖော်ပြရာ၌ အားပါလှသောဖော်ပြမှု တစ်မျိုးဖြစ်သည်။

## အထူးအကြောင်းအရာ။ ။ဘုရားသခင်၏နိုင်ငံတော်၌ စိုးစံခြင်း

ခရစ်တော်နှင့်အတူ စိုးစံခြင်းဟူသည် "ဘုရားသခင်၏နိုင်ငံတော်"ဟူသော ပိုမိုကျယ်ပြန့်သည့် ဓမ္မသဘော၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်သည် အစ္စရေး၏စစ်မှန်သောဘုရင်ဖြစ်သည် (၁ဓမ္မ ၈း၇)ဆိုသည့် ဓမ္မဟောင်းကျမ်းအယူအဆ၏အဆက်ဖြစ်သည်။ ဘုရားသခင်သည် ယုဒဆိုသည့်မျိုးနွယ်တစ်ခုနှင့် (ကမ္ဘာ ၄၉း၁၀) ယေရှဲ၏မိသားစု (၂ဓမ္မ ၇)အမှတ်အသားဖြင့် အုပ်ချုပ်သည် (၁ဓမ္မ ၈း၇။ ၁၀း၁၇–၁၉)။

ယေရှုမှာ မေရှိယနှင့်ဆိုင်သော ဓမ္မဟောင်းကျမ်း၏ကတိတော် ပြည့်စုံရာဖြစ်သည်။ သူသည် ဗက်လင်မြို့၌ လူ့ဇာတိခံယူ(လူအဖြစ်ဝင်စား)ခြင်းနှင့်အတူ ဘုရားသခင်၏နိုင်ငံတော်အား စတင်ဖွင့်လှစ်ခဲ့သည်။ ဘုရားသခင်၏ နိုင်ငံတော်သည် ယေရှုဟောကြားသည့် တရားစကား၏ပင်မတိုင်ကြီးဖြစ်လာခဲ့သည်။ နိုင်ငံတော်သည် သူ့အထဲ၌ အပြည့်အဝရောက်ရှိ လာခဲ့သည်။ (မဿဲ ၁၀း၇။ ၁၁း၁၂။ ၁၂း၂၈။ မာကု ၁း၁၅။ လုကာ ၁၀း၉၊ ၁၁။ ၁၁း၂၀။ ၁၆း၁၆။ ၁၇း၂၀–၂၁)။

သို့သော် နိုင်ငံတော်ဟူသည် အနာဂတ်လည်းဖြစ်သည်။ ၎င်းကို စတင်ဖွင့်လှစ်ခဲ့သော်လည်း အဆုံးမသတ်ခဲ့ချေ။ (မဿဲ ၆း၁၀။ ၈း၁၁။ ၁၆း၂၈။ ၂၂း၁–၁၄။ ၂၆း၂၉။ လုကာ ၉း၂၇။ ၁၁း၂။ ၁၃း၂၉။ ၁၄း၁၀–၂၄။ ၂၂း၁၆၊ ၁၈)။ ယေရှုသည် အစပထမ၌ ဒုက္ခဆင်းရဲခံစားသော အစေခံတစ်ယောက်အဖြစ် (ဟေရှာ ၅၂း၁၃–၅၃။ ၁၂)နှိမ့်ချစွာ ကြွလာခဲ့သည်မှန် သော်လည်း (ဇာ ၉း၉) သူသည် ဘုရင်တကာတို့၏ဘုရင်ကြီးအဖြစ် ပြန်လည်ကြွလာဦးမည်ဖြစ်

သည်။ (မဿဲ ၂း၂။ ၂၁း၅။ ၂၇း၁၁–၁၄)။ “စိုးစံခြင်း”ဟူသောသဘောသည် ဤ“နိုင်ငံတော်”ခေါ် ဓမ္မသဘော၏အစိတ်အပိုင်းတစ်ခုဖြစ် ကြောင်း သေချာသည်။ ဘုရားသခင်သည် ဤနိုင်ငံတော်အား ယေရှု၏နောက်လိုက်များကို ပေးအပ်ခဲ့ပြီးဖြစ်သည်။(လုကာ ၁၂း၃၂၌ကြည့်ပါ။)

ယေရှုနှင့်အတူ စိုးစံခြင်းဆိုရာ၌ အမြင်နှင့်မေးခွန်းအမျိုးမျိုးရှိသည်။

၁။ ဘုရားသခင်သည် ယုံကြည်သူများအား “နိုင်ငံတော်”ကို ခရစ်တော်မှတစ်ဆင့် ပေးခဲ့ပြီးဖြစ်သည်ဟုဆိုရာ၌ “စိုးစံခြင်း”ကို ရည်ညွှန်းပါသလား? (မဿဲ ၅း၃၊ ၁၀။ လုကာ ၁၂း၃၂)

၂။ ဂျူးလူမျိုးနှင့်ဆိုင်သော ပထမရာစုအတွင်း မူလတပည့်တော်များကိုပြောသည့် ယေရှု၏စကားများသည် ယုံကြည်သူများအားလုံးကိုပါ ရည်ညွှန်းခြင်းဖြစ်ပါသလော? (မဿဲ ၁၉း၂၈။ လုကာ ၂၂း၂၈–၃၀)

၃။ ယခုဘဝ၌ စိုးစံခြင်းအား အလေးအနက်ပြုသည့် ပေါလု၏ဖော်ပြမှုသည် အထက်ပါကျမ်းပိုဒ်နှင့် ဆန့်ကျင်နေပါသလား (ဝါ)ပံ့ပိုးပါသလား? (ရောမ ၅း၁၇။ ၁ကော ၄း၈)

၄။ ဒုက္ခဆင်းရဲခံခြင်းနှင့် စိုးစံခြင်းတို့ မည်ကဲ့သို့ဆက်စပ်သနည်း? (ရောမ ၈း၁၇။ ၂တိ ၂း၁၁–၁၂။ ၁ပေ ၄း၁၃။ ဗျာ ၁း၉)

၅။ ဗျာဒိတ်ကျမ်း၌ ပြန်ပေါ်လာသည့် ဦးတည်ချက်မှာ ခရစ်တော်နှင့်အတူ စိုးစံခြင်းဖြစ်သော်လည်း ထိုစိုးစံမှုမှာ

(က) မြေကြီးပေါ်တွင်ဖြစ်သည် ၅း၁၀

(ခ) အနှစ်တစ်ထောင်ဆိုင်ရာဖြစ်သည် ၂၀း၅၊ ၆

(ဂ) ထာဝရဖြစ်သည် ၂း၂၆။ ၃း၂၁။ ၂၂း၅နှင့် ဒံ ၇း၁၄၊ ၁၈၊ ၂၇။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၅း၁၈–၂၁

[18]ထို့ကြောင့် တခုသောကျူးလွန်ခြင်းမှတဆင့် လူအပေါင်းတို့သည် ပြစ်ဒဏ်စီရင်ခြင်းခံရသည်နည်းတူ၊ တစ်ခုသောဖြောင့်မတ်ခြင်းလုပ်ဆောင်မှုသည် လူအပေါင်းတို့အား အသက်ရှင်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်စေခြင်းရရှိစေသည်။ [19]အကြောင်းမူကား၊ တစ်ယောက်သောသူ၏နားမထောင်မှုသည် လူအများတို့ကို အပြစ်သားများဖြစ်စေသည်နည်းတူ၊ တစ်ယောက်သောသူ၏နားထောင်ခြင်းသည် လူအများတို့ကို ဖြောင့်မတ်သူများဖြစ်စေလိမ့်မည်။ [20]ကျူးလွန်မှု ကြီးထွားလာစေရန် ပညတ်တရားတော်ဝင်လာသော်လည်း၊ အပြစ်ကြီးထွားသည်တွင် ကျေးဇူးတော်မှာ ပို၍ကြွယ်ဝ၏။ [21]အကြောင်းမှာ အပြစ်တရားသည် သေခြင်းအားဖြင့် အစိုးရသည်နည်းတူ ကျေးဇူးတော်သည် ငါတို့သခင်ယေရှုခရစ်တော်မှတဆင့် ထာဝရအသက်ရရှိစေသော ဖြောင့်မတ်ခြင်းတရားမှတဆင့် အစိုးရလိမ့်သတည်း။

၅း၁၈

**NASB** “…သည်နည်းတူ၊ တစ်ခုသောဖြောင့်မတ်ခြင်းလုပ်ဆောင်မှုသည် လူအပေါင်းတို့အား အသက်ရှင်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်ခြင်းရရှိစေသည်။”

**NKJV** “…သည်နည်းတူ တစ်ယောက်သောလူ၏ဖြောင့်မတ်သောလုပ်ဆောင်မှုအားဖြင့် အခမဲ့လက်ဆောင်သည် လူသားအားလုံးသို့ရောက်ရှိသည်။”

**NRSV** “သို့ဖြင့် တစ်ယောက်သောလူ၏ဖြောင့်မတ်သောလုပ်ဆောင်မှုသည် လူတိုင်းအား ဖြောင့်မတ်စေခြင်းနှင့်အသက်ရှင်ခြင်းသို့ ဦးဆောင်လမ်းပြသည်”

**TEV** “ထိုနည်းအတိုင်း တစ်ခုသောဖြောင့်မတ်ခြင်းသည် လူသားအားလုံးလွတ်မြောက်စေကာ၊ သူတို့ကို အသက်ပေးသည်”

**NJB** “သို့ဖြင့် တစ်ယောက်သောသူ၏ကောင်းသောလုပ်ဆောင်မှုသည် လူတိုင်းအား အသက်ရှင်စေကာ၊ သူတို့ကို ဖြောင့်မတ်စေသည်”

လူတိုင်းကယ်တင်ခြင်းရမည် (universalism)ဟုဆိုလိုခြင်းကား မဟုတ်ချေ။ ဤအခန်းငယ်တစ်ခုတည်းကို သာကွက်၍ယူကာ၊ ရောမသြဝါဒစာတစ်ကျမ်းလုံးအား ဤကျမ်းပိုဒ်၏အကြောင်းအရာနှင့် တစ်ခြားစီခွဲလျက် အနက်ပြန်ရန် ကားမဟုတ်ချေ။ ၎င်းသည် ယေရှု၏အသက်/အသေခံခြင်းနှင့် ပြန်ရှင်ထမြောက်ခြင်း အားဖြင့် ကယ်တင်ခြင်းရနိုင်ကြောင်းအား ရည်ညွှန်းခြင်းဖြစ်သည်။ ပေးစမ်းသောဧဝံဂေလိသတင်းကောင်းကို လူသားသည် နောင်တရခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုပြုရပါမည်။ (မာကု ၁း၁၅။ တမန် ၃း၁၆၊ ၁၉၊ ၂၀း၂၁)။ ဘုရားသခင်သည် အစပြုလေ့ရှိသည်မှန်သော်လည်း (ယော ၆း၄၄၊ ၆၅)လူတစ်ဦးချင်းတို့သည် တုံ့ပြန်မှုပြုကြရန်ဖြစ်သည်။ (မဿဲ ၁၁း၂၈–၂၉။ ယော ၁း၁၂။ ၃း၁၆ နှင့်ရောမ ၁၀း၉–၁၃)။ သူသည် တစ်ကမ္ဘာလုံးကို ပေးကမ်းသည်မှန် သော်လည်း (၁တိ ၂း၄၊ ၆။ ၂ပေ ၃း၉။ ၁ယော ၂း၂)ဖုံးကွယ်နေသောအပြစ်မှာ လူမြောက်များစွာတို့ တုံ့ပြန်မှုမပြုကြ ခြင်းဖြစ်သည်။

"ဖြောင့်မတ်သောလုပ်ဆောင်ခြင်း"ဟုဆိုရာ၌ အောက်ပါတို့အနက်တစ်ခုခုဖြစ်သည်။

၁။ ယေရှု၏အသက်တာတစ်ရပ်လုံးနှင့် ခမည်းတော်ဘုရား၏အပြည့်အစုံ ဖွင့်ပြသောသွန်သင်မှု

၂။ အပြစ်ရှိသောလူသားကိုယ်စား သူ၏အသေခံခြင်း။

လူတစ်ယောက်၏အသက်တာသည် (ဂျူးလူမျိုးအားလုံး အားထိခိုက်–ယေရှု ၇)အားသောသူတို့အား ထိခိုက်သည်နည်းတူ၊ အပြစ်ကင်းစင် သူတစ်ယောက်၏အသက်တာသည် အားလုံးသောသူတို့အား အကျိုးသက်ရောက်သည်။ (ဝတ်ပြု ၁–၇၊ ၁၆)ဤလုပ်ဆောင်မှုနှစ်ရပ်တို့မှာ အလားတူခြင်းသာဖြစ်ပြီး၊ ညီတူဖြစ်နေ ခြင်းမဟုတ်ချေ။ အာဒံ၏အသက်တာသည် လူသားအားလုံး ထိခိုက်သော်လည်း ယေရှု၏အသက်တာကမူ အခမဲ့လက်ဆောင်ဖြစ်သော ဖြောင့်မတ်စေခြင်းအား လက်ခံသူများကိုသာလျှင် လက်တွေ့အကျိုးပြုသည်။ ယေရှု၏အပြုအမူသည်လည်း သူ့အား ယုံကြည်ကာ၊ လက်ခံသူဖြစ်သည့် အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်လူသားအားလုံး၏အပြစ်အား အကျိုးသက်ရောက်သည်!

**၅း၁၈–၁၉ "လူအပေါင်းတို့သည် ပြစ်ဒဏ်စီရင်ခြင်းခံ…လူအပေါင်းတို့သည် အသက်ရှင်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်စေခြင်းရ…အများသောသူတို့ကို ဖြောင့်မတ်သူများဖြစ်စေလိမ့်မည်"**။ ၎င်းတို့မှာ "အများသောသူတို့" ဟူသည့်ဝေါဟာရသည် ကန့်သတ်မှုမဟုတ်ဘဲ၊ အားလုံးကိုခြုံ၍ ပြောခြင်းဖြစ်ကြောင်း ဖော်ပြသည့်အလားတူ စကားစုများဖြစ်သည်။ အလားတူကျမ်းပိုဒ်ကို ဟေရှာ ၅၃း၆ "အားလုံး"နှင့် ဟေရှာ ၅၃း၁၁၊ ၁၂ "အများသောသူ"တို့၌ တွေ့ရသည်။ "အများသောသူတို့"ဟူသည့်ဝေါဟာရအား ကယ်တင်ခြင်းကို လူသားအားလုံးသို့ ဘုရားသခင်ပေးကမ်းခြင်းအား ကန့်သတ်သည့်အဓိပ္ပါယ်ဖြင့် အသုံးပြုရန်မဟုတ်ချေ။ (ကဲလ်ဗဲဒ်၏ရွေးချယ်ခြင်းနှင့် ရွေးချယ်ခြင်းဟူ၍မရှိဟူသော စင်ပြိုင်သွန်သင်မှု)

အဆိုပါကြိယာတို့မှာ အပြုခံ (PASSIVE)ကြိယာများဖြစ်ကြောင်း သိမှတ်ပါ။ ၎င်းတို့သည် ဘုရားသခင်၏လုပ်ဆောင်မှုကို ရည်ညွှန်းသည်။ ဘုရားသခင်၏စရိုက်တော်တစ်ခု(ချိုးဖောက်ခံသော စံချိန်တစ်ခု)အတွင်း လူသည် အပြစ်ရှိသူဖြစ်ကာ၊ ဘုရားသခင်၏စရိုက်တော်တစ်ခု(အခမဲ့ကျေးဇူးတော်)အတွင်း သူတို့သည် ဖြောင့်မတ်စေခြင်းရရှိကြသည်။

**၅း၁၉ "တစ်ယောက်သောသူ၏နားမထောင်ခြင်း…တစ်ယောက်သောသူ၏နားထောင်ခြင်း"**။ပေါလုသည်ဓမ္မဟောင်းကျမ်း၏တစ်ခုတစ်ပေါင်းတည်းဖြစ်ခြင်း ဓမ္မသဘောအား အသုံးပြုသည်။ လူတစ်ယောက်၏အပြုအမူသည် လူ့အဖွဲ့အစည်းတစ်ခုလုံး ထိခိုက်သည်။ (ယောရှု ၇ကအာခန်)၊ အာဒံနှင့်ဧဝတို့၏စကား နားမထောင်ခြင်းသည် ဖန်ဆင်းသော အရာအားလုံးပေါ် ဘုရားသခင်၏တရားစီရင်တော်မူခြင်းသက်ရောက်စေသည်။ (ကမ္ဘာဦး ၃)။ အာဒံ၏တော်လှန်ပုန်ကန်မှု အကျိုးဆက်သည် ဖန်ဆင်းသောအရာအားလုံး ထိခိုက်သည်။ (၈း၁၈–၂၅)။ ကမ္ဘာမြေကြီးမှာ ခါတိုင်းကဲ့သို့ မဟုတ်တော့ပြီ။ သေခြင်းတရားသည် ကမ္ဘာမြေကြီးပေါ် အသက်ရှင်သမျှအရာခပ်သိမ်းပေါ် ရောက်ရှိလာခဲ့ပါပြီ။ (ကမ္ဘာ ၅)။ ၎င်းမှာ ဘုရားသခင်ရည်ရွယ်ထားသည့် ကမ္ဘာမျိုးမဟုတ်တော့ပြီ!

၎င်းနည်းတူ တစ်စုတစ်ပေါင်းတည်းသော သဘောအဓိပ္ပါယ်ဖြင့် ယေရှု၏နာခံသော၊ လုပ်ဆောင်မှုတစ်ခုဖြစ်သည့် ကာရာနီကုန်းပေါ်က လုပ်ဆောင်ချက်သည် (၁) ခေတ်သစ်တစ်ခု (၂) အသစ်သောလူမျိုးတစ်မျိုးနှင့် (၃)

ပဋိညာဉ်တရားသစ်တစ်ရပ်အား ဖြစ်ပွါးစေသည်။ ကိုယ်စားပြုသော ဤခံမ္မသဘောကို "အာဒံ–ခရစ်တော်ပုံဆောင်ခြင်း" (the Adam-Christ typology)ဟုခေါ်သည်။(ဖိ ၂း၆)။ ယေရှုမှာ ဒုတိယမြောက် အာဒံဖြစ်သည်။ သူသည် ကျဆင်းခဲ့ပြီးသော လူသားများ၏ အသစ်သောအစပြုခြင်းဖြစ်သည်။

▣**"ဖြောင့်မတ်သူများဖြစ်စေလိမ့်မည်"**အထူးအကြောင်းအရာ ၁း၁၇ ကြည့်ပါ။

**၅း၂၀**
**NASB "ကျူးလွန်မှုကြီးထွားစေရန် ပညတ်တရားဝင်လာ"**
**NKJV "ထို့ပြင် အပြစ်ပွါးစေရန် ပညတ်တရားဝင်လာသည်"**
**NRSV "သို့သော် ပညတ်တရားဝင်လာကာ၊ အကျိုးဆက်အဖြစ် လွန်ကျူးခြင်းပွါးများလာစေသည်"**
**TEV "မှားယွင်းသောအပြုအမူများ တိုးပွါးစေရန် ပညတ်တော်စတင်ဝင်လာသည်"**
**NJB "ပညတ်တော်ဝင်လာသည့်အခါ ၎င်းမှာ ကျဆင်းခြင်းအခွင့်အရေးအား တိုးပွါးစေရန်ဖြစ်သည်"**

ပညတ်တော်၏ရည်ရွယ်ချက်မှာ မည်သည့်အခါ၌မျှ လူသားအား ကယ်တင်ရန်မဟုတ်ခဲ့ဘဲ၊ ကျဆင်းသော လူသား၏လိုအပ်ချက်နှင့် အားကိုးရာမဲ့ဖြစ်နေခြင်းအား ပြသရန်ဖြစ်ပြီး၊ (ဖေက် ၂း၁–၃)ထိုသို့သောအားဖြင့် သူတို့ကို ခရစ်တော်ထံ ပို့ဆောင်ရန်ဖြစ်သည်။ (၃း၂၀။ ၄း၁၅။ ၇း၅။ ဂလ ၃း၁၉၊ ၂၃–၂၆)။ ပညတ်တရားမှာ ကောင်းမွန်သည် မှန်သော်လည်း လူသားမှာမူ အပြစ်နှင့်ပြည့်လျက်ရှိသည်! (ရောမ ၇)

▣**"ကျေးဇူးတော်သည် ပို၍ကြွယ်ဝ၏"**။ ၎င်းသည် ဤကဏ္ဍာန်ပေါလု၏အဓိက တွန်းအားဖြစ်သည်။ အပြစ်သည် စက်ဆုတ်ဖွယ်ရာကောင်းစွာ ပြန့်နှံ့နေသော်လည်း ကျေးဇူးတော်သည် ကြွယ်ဝလျက်ရှိကာ၊ သေဆုံးမှုဖြစ်ပွါးစေသော ၎င်း၏လွှမ်းမိုးမှုထက် လွန်ကဲသည်! ၎င်းသည် တောင်ပံပေါက်ကာစ ပထမတစ်ရာစုအသင်းတော်အတွက် ခွန်အားရစရာဖြစ်သည်။ သူတို့သည် ခရစ်တော်ထဲ၌ အောင်နိုင်သူများဖြစ်ကြသည်။ (၅း၉–၁၁။ ၈း၃၁–၃၉။ ၁ယော ၅း၄)။ ၎င်းမှာ ပို၍အပြစ်များများလုပ်ရန် လိုင်စင်မဟုတ်ချေ! အထူးအကြောင်းအရာ။ ။ *Huper* ပေါင်းစပ်စကားလုံးများအား ပေါလုအသုံးပြုပုံ ၁း၃၀၌ကြည့်ပါ။ အငယ် ၁၅၌အသုံးပြုသည့် ရောမ ၁၅း၁၃က ဆက်စပ်စကားလုံးတစ်လုံး (အကြောင်း–about)အား ၎င်း၏အထူးအကြောင်းအရာ၌ကြည့်ပါ။

**၅း၂၁** "အပြစ်"နှင့်"ကျေးဇူးတော်"နှစ်မျိုးစလုံးအား ဘုရင်များအဖြစ် လူကဲ့သို့တင်စားထားသည်။ အပြစ်သည် တစ်ကမ္ဘာလုံးဆိုင်ရာ သေခြင်းတရားအားဖြင့် အုပ်စိုးသည်။ (ငယ် ၁၄၊ ၁၇)။ ကျေးဇူးတော်သည် သွက်သွင်းပေးသောဖြောင့်မတ်ခြင်းတရားအားဖြင့် အုပ်စိုးသည်။ ထိုဖြောင့်မတ်ခြင်းတရားမှာ ယေရှုခရစ်တော်ပြီးစီးခဲ့သည့်အလုပ် ယုံကြည်သူသည် ဧဝံဂေလိသတင်းကောင်းအား ယုံကြည်ခြင်းနှင့် နောင်တရခြင်းအားဖြင့် တုံ့ပြန်မှုမှတဆင့် ရရှိသောအရာဖြစ်သည်။

ဘုရားသခင်၏လူမျိုးတော် အသစ်ဖြစ်သော၊ ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ်ဖြင့် ယုံကြည်သူများသည်လည်း ခရစ်တော်နှင့်အတူ စိုးစံကြသည်။ (၅း၁၇။ ၂တိ ၂း၁၂။ ဗျာ ၂၂း၅)။ ဤအရာကို မြေကြီးပေါ်၌(သို့) အနှစ်တစ်ထောင် အုပ်စိုးမှု၌ တွေ့မြင်ရသည်။ (ဗျာ ၅း၉–၁၀။ ၂၀)။ သမ္မာကျမ်းစာသည်လည်း နိုင်ငံတော်ကို သန့်ရှင်းသူများအား ပေးခဲ့ပြီဖြစ်ကြောင်း သမ္မာတရားအား အခိုင်အမာပြောပါသည်။ (မဿဲ ၅း၃၊ ၁၀။ လုကာ ၁၂း၃၂။ ဖေက် ၂း၅–၆)။ အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏နိုင်ငံတော်၌ စိုးစံခြင်းအကြောင်းအား ၅း၁၇၊ ၁၈၌ကြည့်ပါ။

# ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် <u>လမ်းညွှန်ခြင်း</u>အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထား

သည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်း ရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သော ဤမေးခွန်းများမှာ ဤစာအုပ်၏ ဤအပိုင်းတွင်ပါဝင်သောအဓိကအကြောင်းအရာများ အားစဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ဘုရားသခင်၏ "ဖြောင့်မတ်တော်မူခြင်း"အား အဓိပ္ပါယ်သတ်မှတ်ချက်ပေးပါ။

၂။ "ရပ်တည်ချက်ဆိုင်ရာ သန့်ရှင်းစေခြင်း" နှင့် "တိုးတက်ဖြစ်ပေါ်သောပိုင်ဆိုင်ခြင်း"တို့၏ဓမ္မသဘောတရားအရ ကွဲပြားခြားနားမှုမှာ အဘယ်နည်း?

၃။ ငါတို့ကယ်တင်ခြင်းရသည်မှာ ကျေးဇူးတော်အားဖြင့်လော(သို့) ယုံကြည်ခြင်းအားဖြင့်လော? (ဧဖက် ၂း၈–၉)

၄။ ခရစ်ယာန်တို့သည် အဘယ်ကြောင့် ဒုက္ခဆင်းရဲခံကြသနည်း?

၅။ ငါတို့သည် <u>ကယ်တင်ခြင်းရခဲ့ကြပြီ</u> (သို့)<u>ကယ်တင်ခြင်းရနေကြဆဲဖြစ်သည်</u>(သို့)<u>ကယ်တင်ခြင်းရရှိကြလိမ့်မည်</u>ဟု ဆိုရာ၌ မည်သည့်အရာနည်း?

၆။ ငါတို့သည် အပြစ်ပြု၍ အပြစ်သားများဖြစ်နေကြခြင်းလော (သို့) အပြစ်သားများဖြစ်နေကြခြင်းကြောင့် အပြစ်ပြု

၇။ "ဖြောင့်မတ်စေသည်" "ကယ်တင်သည်" နှင့်"ပြန်လည်သင့်မြတ်စေသည်"ဆိုသည့် ဝေါဟာရများသည် ဤသင်ခန်းစာ ၅အတွင်း မည်ကဲ့သို့ ဆက်စပ်နေသနည်း?

၈။ ဘုရားသခင်သည် လွန်ခဲ့သောနှစ်ပေါင်းထောင်နှင့်ချီကာလ၌ အသက်ရှင်ခဲ့သူ၊ အခြားသောလူတစ်ယောက်၏အပြစ် ကြောင့် ကျွန်ုပ်အားတာဝန်ရှိသည်ဟု အဘယ်ကြောင့် ဆွဲသွင်းရသနည်း? (ငယ် ၁၂–၂၁)

၉။ အာဒံမှ မောရှေအကြားကာလ၌ အပြစ်ကိုအပြစ်ဟု မမှတ်ယူခဲ့ဘူးဆိုလျှင် ၎င်းကာလအတွင်း လူတိုင်းအဘယ် ကြောင့် သေဆုံးခဲ့ကြသနည်း? (ငယ် ၁၃–၁၄)

၁၀။ "အားလုံး"နှင့်"အများ"တို့သည် အဓိပ္ပါယ်တူစကားလုံးများဟုတ်ပါသလား? (ငယ် ၁၈–၁၉။ဟေရှာ ၅၃း၆၊ ၁၁ – ၁၂)

# ရောမ ၆

| ခေတ်သစ်ဘာသာပြန်ကျမ်းများအား အပိုင်းလိုက်ခွဲခြင်း | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| အပြစ်အတွက် သေသော်လည်း ခရစ်တော်ထဲရှင် | အပြစ်အတွက်သေ၊ ဘုရားအတွက်ရှင် | ခရစ်တော်နှင့်အတူ သေခြင်းနှင့်ရှင်ခြင်း | အပြစ်အတွက် သေသော်လည်း ခရစ်တော်အထဲရှင် | ဗိတ္တဇံ |
| ၆း၁–၁၁ | ၆း၁–၁၄ | ၆း၁–၄ | ၆း၁–၄ | ၆း၁–၇ |
| | | ၆း၅–၁၁ | ၆း၅–၁၁ | ၆း၈–၁၁ |
| | | | | သန့်ရှင်းခြင်း၊ အပြစ်အား သခင်တင်ရန် အပြစ်မပြု |
| ၆း၁၂–၁၄ | | ၆း၁၂–၁၄ | ၆း၁၂–၁၄ | ၆း၁၂–၁၄ |
| ဖြောင့်မတ်ခြင်း၏ကျွန် | အပြစ်၏ကျွန် အဖြစ်မှဘုရား၏ကျွန်အဖြစ်သို့ | ကျွန်ခံခြင်း နှစ်မျိုး | ဖြောင့်မတ်ခြင်း၏ကျွန် | ခရစ်ယာန်သည်အပြစ်၏ ကျွန်အဖြစ်မှ လွတ် |
| ၆း၁၅–၂၃ | ၆း၁၅–၂၃ | ၆း၁၅–၁၉ | ၆း၁၅–၁၉ | ၆း၁၅–၁၉ |
| | | | | အပြစ်၏အခ နှင့်ဖြောင့်မတ် ခြင်း၏အခ |
| | | ၆း၂၀–၂၃ | ၆း၂၀–၂၃ | ၆း၂၀–၂၃ |

## ပတ်လည်ဖတ်ရှုခြင်း အကျော့သုံး(စာ xi ကြည့်)

### *မူရင်းစာရေးသူ၏ စာပိုဒ်အလိုက်ရည်ရွယ်ချက်ကိုနားလည်ခြင်း*

ၓင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲ လျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်း အပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ပါ။ မိမိ၏ အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်း မဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ၓင်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ်

၄။ ...စသဖြင့်

## ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်း

က။ အခန်းကြီး ၆း၁–၈း၃၉သည် စိတ်ကူးအစုတစ်ခုဖြစ်ကာ၊ ခရစ်ယာန်နှင့်အပြစ်၏ဆက်စပ်မှု (သန့်ရှင်းစင်ကြယ်စေခြင်း)အကြောင်းဖြစ်သည်။ ဇဝ်ဂေလိသတင်းကောင်းသည် ခရစ်တော်မှတဆင့် ဘုရားသခင်၏မထိုက်တန်သော အခမဲ့ကျေးဇူးတော်ကို အခြေပြုခြင်းဖြစ်သဖြင့် (၃း၂၁–၅း၂၁)အထက်ပါအကြောင်းအရာမှာ အလွန်အရေးကြီးသည်။ သို့ဖြင့် အပြစ်သည် ယုံကြည်သူကို မည်သို့ထိခိုက်သနည်း? အခန်းကြီး ၆ သည် အယူအဆနှစ်ခုဖြစ်သည့် အငယ် ၁နှင့်၁၅ကို အခြေပြုသည်။ အငယ် ၁သည် ၅း၂၀နှင့်ဆက်စပ်ကာ၊ အငယ် ၁၅သည် ၆း၁၄ နှင့်ဆက်စပ်သည်။ ပထမအရာ၏အပြစ်နှင့်ဆက်စပ်မှုမှာ အသက်ရှင်ခြင်းပုံစံ (PRESENT TENSE–ပစ္စုပ္ပန်)ဖြစ်ပြီး၊ ဒုတိယအရာ၏ အပြစ်နှင့် ဆက်စပ်မှုမှာ တစ်ဦးချင်းပြုသောအပြစ် (AORIST TENSE)ဖြစ်သည်။ ထို့ပြင် အငယ် ၁–၁၄ သည် ယုံကြည်သူများ အပြစ်၏စိုးမိုးမှုမှ လွတ်မြောက်မှုကိုပြောပြီး၊ အငယ် ၁၅–၂၃သည် ဘုရားသခင်အား အစေခံရန် ယုံကြည်သူများ၏ လွတ်မြောက်မှုကိုဖော်ပြကာ၊ သူတို့သည် ယခင်က အပြစ်အား အကြွင်းမဲ့၊ အပြည့်အစုံနှင့် စိတ်ပါလက်ပါ အစေခံခဲ့ကြသည့်အတိုင်းပင်ဖြစ်ကြောင်း ပြောပါသည်။

ခ။ သန့်ရှင်းစင်ကြယ်စေခြင်းသည် အောက်ပါနှစ်မျိုးစလုံးဖြစ်သည်။ (အထူးအကြောင်းအရာ ၆း၄၌ကြည့်ပါ)

၁။ ရပ်တည်ချက်တစ်ခု (ဖြောင့်မတ်ခြင်းနည်းတူ ကယ်တင်ခြင်းရချိန်၌ သွပ်သွင်းပေးသည်–၃း၂၁–၅း၂၁)

၂။ ခရစ်တော်နှင့် ပို၍ပို၍တူခြင်း

(က) ဤသမ္မာတရားကို ၆း၁–၈း၃၉၌ ဓမ္မသဘောတရားဖြင့် ဖော်ပြသည်။

(ခ) ၁၂း၁။၁၅း၁၃ ၌ ဤအရာကိုပင် လက်တွေ့ကျင့်သုံးမှုဖြင့်ဖော်ပြသည်။(အထူးအကြောင်းအရာ ၆း၄ ၌ကြည့်ပါ။

ဂ။ အနက်ဖွင့်သူများသည် ဖြောင့်မတ်စေခြင်းနှင့် ရပ်တည်မှုဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်းတို့၏ သမ္မာကျမ်းနည်းကျအဓိပ္ပါယ်များ ပိုမိုနားလည်နိုင်စေရန် ၎င်းတို့အား ဓမ္မသဘောတရားဖြင့် ခွဲခြားလေ့ရှိကြသည်။ အမှန်မှာ ၎င်းတို့သည် ကျေးဇူးတော်၏တစ်ပြိုင်နက်တည်းပြုသော (ရပ်တည်မှုဆိုင်ရာ–၁ကော ၁း၃၀။ ၆း၁၁)လုပ်ဆောင်မှုဖြစ်သည်။ ၎င်း တို့၏လုပ်ဆောင်မှုယန္တရားမှာ အတူတူပင်ဖြစ်ပြီး ယေရှု၏အသက်တာ၊ အသေခံခြင်းနှင့်ပြန်ရှင်ထမြောက်ခြင်း/ပြန်တက်ခြင်းတို့အားဖြင့် ပေါ်လွင်သည့်ဘုရားသခင်၏ကျေးဇူးတော်ဖြစ်ကာ၊ ၎င်းကို ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိ သည်။ (ဧဖက် ၂း၈–၉)

ဃ။ ဤအခန်းကြီး၌ ခရစ်တော်အထဲ ဘုရားသခင်၏သားတို့သည် စုံလင်ပြည့်ဝစွာ ရင့်ကျက်နိုင်စွမ်းရှိပုံကို သွန်သင်သည်။(၁ယော ၃း၆၊၉။ ၅း၁၈)။ အခန်းကြီး ၇နှင့် ၁ယော ၁း၈–၂း၁သည်ယုံကြည်သူများ ဆက်လက်၍ အမှန်ပင် အပြစ်ကင်းစင်လျက် အသက်ရှင်ကြပုံအားပြသည်။

အပြစ်လွတ်ခြင်းအကြောင်း ပေါလု၏အမြင်အား အများဆုံးတိုက်ခိုက်ကြသည်မှာ (ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေမှုရရှိခြင်း)ကိုယ်ကျင့်တရားဆိုင်ရာ၌ဖြစ်သည်။ ဂျူးများသည် ဘုရားတရားနှင့်အညီ သေချာပေါက် အသက်ရှင်ခြင်းဖြစ်စေလိုကြသဖြင့် အသစ်ပြောင်းလဲလာသူများအား မောရှေ၏ပညတ်တရားကို လိုက်ကျင့်စေလိုကြသည်။ ပေါလု၏အမြင်ကို လူအချို့သည် အပြစ်ပြုရန် ခွင့်ပြုချက်လိုင်စင် အဖြစ်ရှုမြင်ထားကြကာ၊ ထိုသို့ အမှန်ပင်ပြုသူအချို့လည်းရှိကြောင်း အသိအမှတ်ပြုရမည်သာဖြစ်သည်။ (၁၊ ၁၅။ ၂ပေ ၃း၁၅–၁၆)။ ပေါလု ယုံကြည်သည်မှာ ပြင်ပပန်းသဏ္ဍာန်ဖြစ်သည့် ဥပဒေသအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်ကျိန်းဝပ်ခြင်းအားဖြင့် ဘုရားတရားနှင့်ညီသော၊ ခရစ်တော်နှင့်တူသည့် နောက်လိုက်များ မွေးထုတ်လိမ့်မည်ဟူ၍ဖြစ်သည်။ အမှန်မှာ ၎င်းသည် ပဋိညဉ်တရားဟောင်း(တရားဟော ၂၇–၂၈)နှင့် ပဋိညဉ်တရားသစ် (ယေရမိ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၆–၂၇)တို့၏ ကွဲပြားခြားနားမှုဖြစ်သည်။

င။ ရနစ်မင်္ဂလာသည် ဖြောင့်မတ်စေခြင်း/သန့်ရှင်းစင်ကြယ်စေခြင်း၏ ဝိညာဉ်ပိုင်းစစ်မှန်မှုအား ရုပ်ပစ္စည်းအားဖြင့် ထင်ရှားစွာပြသမှုတစ်ခုဖြစ်သည်။ ရောမသြဝါဒစာ၌ ရပ်တည်မှုဆိုင်ရာသန့်ရှင်းစင်ကြယ်စေခြင်း (ဖြောင့်မတ်စေမှုရရှိခြင်း)နှင့်၊ လက်တွေ့အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း(ခရစ်တော်နှင့်တူခြင်း)နှစ်မျိုးလုံးအား အလေးအနက်ပြု

ဖော်ပြသည်။"အတူသင်္ဂြိုလ်ခံခြင်း"(ငယ် ၄)သည် "လက်ဝါးကပ်တိုင်၌ အတူရိုက်ထားခံခြင်း"(ငယ် ၆)နှင့် အလားတူဖြစ်သည်။

စ။ ခရစ်ယာန်အသက်တာ၌ စုံစမ်းသွေးဆောင်ခြင်းနှင့် အပြစ်အားအောင်မြင်ရန် သော့ချက်များမှာ

၁။ သင်သည် ခရစ်တော်အထဲ၌ မည်သူမည်ဝါဖြစ်နေကြောင်း သိရှိပါ။ သင့်အတွက် ခရစ်တော်မည်သည့်အရာ လုပ်ပေးခဲ့ကြောင်း သိထားပါ။ သင်သည် အပြစ်မှလွတ်မြောက်နေသူဖြစ်သည်! သင်သည် အပြစ်ဘက်၌/အပြစ်အတွက် လူသေဖြစ်နေပေပြီ!

၂။ မိမိနေ့စဉ်အသက်တာ၏ အခြေအနေများ၌ ခရစ်တော်အထဲ မိမိ၏ရပ်တည်မှုနှင့်ကိုက်ညီစွာ အသက်ရှင်ပါ။

၃။ ကျွန်တော်တို့သည် မိမိတို့ကို အရင်ပထမချစ်တော်မူခဲ့ကာ၊ ကျွန်တော်တို့အတွက် သူ့ကိုယ်သူပေးအပ်သူ အရှင်ပေါ် ကျေးဇူးတင်ကာ၊ ချစ်သောအားဖြင့် သူ့အားအစေခံကြရပါမည်!

၄။ ခရစ်ယာန်အသက်တာမှာ သဘာဝလွန်အသက်တာဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်းကဲ့သို့ပင် ဘုရားသခင်သည် ခရစ်တော်အထဲပေးသော လက်ဆောင်ဖြစ်သည်။ ဘုရားသခင်သည် ၎င်းကိုအစပြုပေးကာ၊ ၎င်း၏တန်ခိုးကို ထောက်ပံ့ပြင်ဆင်ပေးသည်။ ကျွန်တော်တို့သည် အစပြုရာ၌လည်းကောင်း၊ နေ့စဉ်၌လည်းကောင်း နောင်တရခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုပြုကြရပါမည်။

၅။ အပြစ်ကို ကစားစရာသဘောဖြင့် စမ်းသပ်မကစားရ။ ၎င်းအား အရှိအတိုင်းမြင်ထားပါ။ ၎င်းကိုရှောင်ရှားပါ။ ၎င်းထံမှ ထွက်ပြေးပါ။ စုံစမ်းသွေးဆောင်ရာနေရာ၌ သင့်ကိုယ်သင် နေရာမချပါနှင့်။

၆။ ယုံကြည်သူအထဲ အပြစ်သည် အရက်သေစာခွဲခြင်းကဲ့သို့ဖြစ်၍ ရသည်မှန်သော်လည်း ထိုသို့ပြုနိုင်ရန် ဧဝံဂေလိသတင်းကောင်း၊ ဝိညာဉ်တော်၏ကျိန်းဝပ်ခြင်းတို့အား သိမှတ်ရန်လိုအပ်ကာ၊ အချိန်၊ အားထုတ်မှုနှင့် စိတ်ဆန္ဒရှိမှုများလိုအပ်သည်။

## စကားလုံးနှင့်စကားစုလေ့လာမှု

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၆း၁–၇

၁ သို့ဖြစ်လျှင်၊ အဘယ်သို့ပြောရမည်နည်း? ကျေးဇူးတော်တိုးပွါးစေရန်၊ ဆက်လက်၍အပြစ်ပြုကြဦး
မည်လော? ၂ ထိုသို့ မည်သည့်အခါ၌မျှ မဖြစ်ရ။ အပြစ်၌သေခဲ့ပြီးသူ ကျွန်တော်တို့သည် အပြစ်ပြုလျက်
၎င်းအထဲ မည်သို့အသက်ရှင်ကာ နေကြဦးမည်နည်း? ၃ သို့မဟုတ် ခရစ်တော်ယေရှုအထဲသို့ ဗိတ္တိဇံပြုခြင်း
ခံခဲ့ပြီးသူ ငါတို့အားလုံးသည် သူ၏အသေခံတော်မူခြင်း၌လည်း ဗိတ္တိဇံပြုခြင်းခံခဲ့ပြီးဖြစ်ကြောင်း သင်တို့ မသိ
ကြသလော? ၄ သို့ဖြစ်၍ သူ၏အသေခံတော်မူခြင်း၌ သူနှင့်အတူ ဗိတ္တိဇံပြုခြင်း ခံခြင်းအားဖြင့် ငါတို့သည်
သူနှင့်အတူ သင်္ဂြိုလ်ခြင်းခံခဲ့ကြ၏။ ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် ခရစ်တော်သည် လူသေများအနက်မှ
ထတော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောဘဝ အသက်တာ၌ လျှောက်လှမ်းနိုင်ကြစေရန်ဖြစ်၏။
၅ အကြောင်းမူကား သူသေဆုံးသကဲ့သို့ သေဆုံးသူအဖြစ် သူနှင့်အတူ ပေါင်းစပ်ခဲ့ကြပြီဆိုလျှင်၊ သင်အသက်
ပြန်ရှင်၍ ထသည်နည်းတူ ငါတို့သည်လည်း ဧကန်အမှန်ဖြစ်ကြလိမ့်မည်။ ၆ အပြစ်နှင့်ဆိုင်သော ငါတို့၏
ခန္ဓာကိုယ်သည် ဖျက်စီးခံခြင်းငှါ၊ ငါတို့၏ဇာတိဟောင်းသည် သူနှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်
ခြင်းခံခဲ့ပြီဖြစ်ကြောင်းအားသိရှိလျက် ငါတို့သည် အပြစ်အား နောက်ထပ်ကျွန်ခံခြင်း မပြုကြမည်အကြောင်း
တည်း။ ၇ အကြောင်းမူကား သေဆုံးခဲ့ပြီးသူသည် အပြစ်မှလွတ်မြောက်၏။

၆း၁

**NASB "ကျေးဇူးတော်တိုးပွါးစေရန် ဆက်လက်၍ အပြစ်ပြုကြဦးမည်လော?"**

**NKJV "ကျေးဇူးတော်ကြွယ်ဝစေရန် ဆက်လက်၍ အပြစ်ပြုကြဦးမည်လော?"**

**NRSV "ကျေးဇူးတော်ကြွယ်ဝစေရန် ဆက်လက်၍အပြစ်ပြုကြရဦးမည်လော?"**

**TEV "ဘုရားသခင်၏ကျေးဇူးတော် တိုးပွါးစေရန် အပြစ်အထဲ ဆက်လက်အသက်ရှင်ကြရဦးမလား?"**

**NJ "ကျေးဇူးတော်သည် ပိုမိုကြီးမားသောအခွင့်ကောင်း ရရှိစေရန် ငါတို့သည်အပြစ်ထဲ ဆက်လက်ရှိနေကြရမည် ဆိုသည့်သဘောပဲဖြစ်ပါသလား?"**

ၚင်းမှာ PRESENT ACTIVE SUBJUNCTIVE ခေါ် စိတ်ဆန္ဒအား ဖော်ပြမှုဖြစ်သည်။ ထုတ်လိုသောမေးခွန်းအမှန်မှာ ခရစ်ယာန်တို့သည် "အပြစ်၌ အမြဲရှိနေရန်"လော? (ဝါ)အပြစ်အား"ပွေ့ပိုက်ရန်"လော?ဟူ၍ဖြစ်သည်။ ဤမေးခွန်းသည် ၅း၂၀ကို နောက်ပြန်လှည့်ကြည့်သည်။ ကျေးဇူးတော်အား အလွဲသုံးစွဲနိုင်သည့် အလားအလာ (၁ယော ၃း၆၊ ၉။ ၅း၁၈)နှင့်စပ်လျဉ်း၍ ပေါလုသည် ငြင်းဆိုသူ (ဝေဘန်ပြစ်တင်သူ)ရှိလေဟန်ပုံစံ ရေးသားမှုမျိုးသုံးသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်သည် တော်လှန်ပုန်ကန်သောအသက်တာ၌ ကျင်လည်ရန် လုပ်ပိုင်ခွင့်လိုင်စင်မဟုတ်ချေ။

ခရစ်တော်ကြောင့် ကျေးဇူးတော်အားဖြင့်ပေးသော ကယ်တင်ခြင်းလက်ဆောင်ဖြစ်သည့် ပေါလု၏အခမဲ့သတင်းကောင်းသည် ဖြောင့်မတ်သောအသက်ရှင်ခြင်းဆိုင်ရာကိစ္စ၌ မေးခွန်းများစွာဖြစ်ပေါ်စေသည်။ အခမဲ့လက်ဆောင်သည် ကိုယ်ကျင့်တရားအား မည်ကဲ့သို့ဖြောင့်မှန်စေသနည်း? ဖြောင့်မတ်စေခြင်းနှင့်သန့်ရှင်းစေခြင်းတို့ကို ခွဲခြားရန်မဟုတ်ချေ။(မဿဲ ၇း၂၄–၂၇။ လုကာ ၈း၂၁။ ၁၁း၂၈။ ယော ၁၃း၁၇။ ရောမ ၂း၁၃။ ယာကုပ် ၁း၂၂–၂၅။၂း၁၄–၂၆)

ဤနေရာ၌ F.F Bruce ၏ *Paul: Apostle of the Heart Set Free* စာအုပ်မှ ကိုးကားဖော်ပြပါရစေ။

> "ခရစ်ယာန်များ၏ ရေနှစ်မင်္ဂလာသည် အသစ်မွေးဖွားခြင်းမရှိသည့် ၎င်းတို့၏တည်ရှိနေသော လူဟောင်းနှင့်ခရစ်တော်အထဲ ၎င်းတို့၏အသစ်သောဘဝအကြား နယ်ခြားမှတ်တိုင်စိုက်ထူလိုက်ခြင်းဖြစ်သည်။ ရေနှစ်မင်္ဂလာခံပြီးသူ ခရစ်ယာန်တစ်ယောက် အပြစ်ဆက်လက်ရန်ဆိုသည်မှာ လွတ်လပ်ခွင့်ပေးခဲ့ပြီးသောကျွန်တစ်ယောက် ယခင်သူ့သခင်ထံ ဆက်လက်ကျွန်ခံသကဲ့သို့လည်းကောင်း (ရောမ ၆း၁–၄။ ၁၅–၂၃)၊ မုဆိုးမတစ်ယောက်သည် "သူ့ယောကျ်ားနှင့် တရားဥပဒေ၏ချည်နှောင်ခြင်းအောက်၌ ဆက်လက်ရှိနေခြင်း"ကဲ့သို့ (p.281-82. ရောမ ၇း၁–၆)လည်းကောင်း ဖြစ်နေပေမည်။
>
> James S. Stewart ၏ *A Man in Christ* စာအုပ်၌သူရေးသားသည်မှာ

"ဤနေရာအထိ တမန်တော်ကြီး ပြောခဲ့သမျှ၌ သြဇာအကြီးဆုံးစိတ်ကူးကို ရောမအခန်းကြီး ၆ထဲ၌ တွေ့ရသည်။ ၎င်း၌ ပေါလုသည် ခန့်ညားသောအားနှင့် အားထုတ်ကာ စိတ်နှလုံးနှင့် ခွဲခြားသိမြင်တတ်သောအတွင်းစိတ်ထဲပြောသည်မှာ ယေရှုနှင့်သူ၏အသေခံတော်မူခြင်း၌ ယုံကြည်သူများသည် သူနှင့်ပေါင်းစပ်သည်ဟုဆိုရာ၌ ယုံကြည်သူသည် အပြစ်နှင့်အပြီးအပြတ် ခွန်နှင့် အားနှင့် ခွဲထွက်သည်ဟုဆိုလိုသည်။ (p. 187-88)

**၆း၂ "ထိုသို့ မည်သည့်အခါ၌မျှ မဖြစ်ရ"**၎င်းသည် စိတ်ဆန္ဒ(ဝါ)ဆုတောင်းခြင်းနှင့်ဆိုင်သော သဒ္ဒါသုံးနှုန်းပုံ၌ ရှားပါးသည့်OPTATIVE အသုံးအနှုန်းမျိုးဖြစ်သည်။ ၎င်းမှာ ငြင်းဆန်သူတစ်ယောက်အား အဖြေပေးခြင်းပုံစံဖြစ်သည့် ပေါလု၏ စာရေးဟန်(ဟေဗြဲ အီဒီယံသုံးနှုန်းပုံ)ဖြစ်သည်။ ၎င်းသည် မယုံကြည်သူများသည် ကျေးဇူးတော်အကြောင်းနားလည်မှုလွဲမှားပုံနှင့် ၎င်းအား တလွဲအသုံးပြုကြခြင်းအပေါ် ပေါလုတုန်လှုပ်ထိတ်လန့်မိပုံနှင့် စက်ဆုပ်ရွံရှာပုံကို ဖော်ပြသည်။ (၃း၄၊ ၆)။

**▣"အပြစ်၌သေဆုံးခဲ့ပြီးသူ ငါတို့သည်"**၎င်းသည် ACTIVE INDICATIVE ပြီးစီးခဲ့ပြီးသော အဖြစ်မှန်တစ်ရပ်ကိုပြသည့်ပုဒ်မျိုးဖြစ်ပြီး "ငါတို့သေဆုံးခဲ့ကြပြီ"ဟု အဓိပ္ပါယ်ရှိသည်။ ဤအခန်းကြီးထဲ၌ "အပြစ်"အား အနည်းကိန်းဖြင့်

ဖော်ပြလေ့ရှိသည်။ ၎င်းသည် အာဒံမှ အမွေဆက်ခံရရှိသည့် "ဇီဇအပြစ်"(ရောမ ၅း၁၂-၂၁။ ၁ကော ၁၅း၂၁-၂၂)ကို ညွှန်းနေသည်နှင့်တူသည်။ ယုံကြည်သူနှင့် ယေရှု၏အသစ်သောတော်စပ်မှုကိုပြရန် ပေါလုသည် သေဆုံးခြင်းသဘော အားဖြင့် တင်စားဖော်ပြလေ့ရှိသည်။ သူတို့သည် အပြစ်အား အရှင်သခင်အဖြစ် မနာခံကြတော့ချေ။

■**"၎င်းအထဲ အသက်ရှင်"**၎င်းမှာ လုံးစေ့ပတ်စေ့အားဖြင့်"လမ်းလျှောက်သည်"ဟူ၍ဖြစ်သည်။ ၎င်းတင်စားမှုကို ယုံကြည်ခြင်း၌ အသက်ရှင်နေခြင်းပုံစံ (ဧဖက် ၄း၁။ ၅း၂၊ ၁၅) သို့မဟုတ် အပြစ်ထဲ အသက်ရှင်နေခြင်းပုံစံ (ဧဖက် ၄း၁၇)တစ်ခုခုအား အထူးပြုဖော်ပြရန် သုံးလေ့ရှိသည်။ ယုံကြည်သူသည် အပြစ်ထဲ ပျော်ပိုက်လိမ့်မည်မဟုတ်ချေ

**၆း၃-၄"ဗိတ္တိဇံပြုခြင်းခံခဲ့ပြီး...သင်္ဂြိုလ်ခြင်းခံခဲ့ပြီ"**နှစ်ခုစလုံး AORIST PASSIVE INDICATIVE ခေါ်ပြုခြင်းခံခဲ့ပြီး သောအဖြစ်မှန်တစ်ရပ်အား ဖော်ပြသောပုဒ်မျိုးဖြစ်သည်။ ဤသဒ္ဒါသဘော သုံးနှုန်းပုံအား ပြင်ပမှလုပ်ဆောင်သူတစ်ဦး အားဖြင့် လုပ်ဆောင်ပြီးစီးခဲ့ခြင်းအား ဖော်ပြရာသုံးလေ့ရှိပြီး၊ ဤနေရာ၌မူ လုပ်ဆောင်သူမှာ ဝိညာဉ်တော်ဖြစ်သည်။ ၎င်းနှစ်မျိုးသည် ဤကျမ်းပိုဒ်၌ အလားတူဖြစ်သည်။

## အထူးအကြောင်းအရာ။ ။ဗိတ္တိဇံမင်္ဂလာ

Curtis Vaughan ၏ *Acts* စာအုပ်၌ စိတ်ဝင်စားစရာအောင်ခြေမှတ်စုတစ်ခု p.28 ၌ရှိသည်။

"ဗိတ္တိဇံပြုခြင်းခံသည်"စကားလုံး၏ဂရိစကားလုံးမှာ third person imperative ခေါ်စေခိုင်းခြင်း အသုံးအနှုန်း မျိုးဖြစ်သည်။ "နောင်တ"ဟူသော စကားလုံးမှာsecond person imperative ခေါ်အလားတူ သုံးနှုန်းမှုမျိုးဖြစ်ပြီး ပိုမို တိုက်ရိုက်ပြောခြင်းသဘောဆောင်သည်။ ဗိတ္တိဇံပြုခြင်းခံရသည် ဆိုသည့်အသုံးအနှုန်းမှာ ပိုမိုပျော့ပြောင်းမှုရှိပြီး ပေတရုက ထိုစကားလုံးအားသုံး ရာ၌ အဓိကတောင်းဆိုမှုမှာ နောင်တရရန်ဖြစ်သည်။

ဤသဘောကိုပင် နှစ်ခြင်းဆရာယောဟန် (မဿဲ ၃း၂)နှင့် ယေရှု (မဿဲ ၄း၁၇)တို့ အထူးပြုဟောပြောမှုများ၌ တွေ့ရသည်။ နောင်တရခြင်းသည် ဝိညာဉ်ရေးရာသော့ချက်ဖြစ်ပြီး၊ ရေနှစ်မင်္ဂလာသည် ဝိညာဉ်ရေးရာပြောင်းလဲမှုအား ပြင်ပသင်္ကေတန်၌ ဖော်ပြမှုဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ နှစ်ခြင်းမခံသောယုံကြည်သူဟူ၍ မရှိချေ! ကနဦးအသင်းတော်၌ နှစ်ခြင်းမင်္ဂလာသည် ယုံကြည်ခြင်းအား လူသိရှင်ကြား ဝန်ခံမှုပြုခြင်းဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်းအတွက် ယန္တရားမဟုတ်ဘဲ၊ ခရစ်တော်အထဲ ယုံကြည်ခြင်းအား အပေါ်တင်ဝန်ခံသည့်အဖြစ်အပျက်ဖြစ်သည်! ပေတရု၏ ဒုတိယ မြောက်တရားဒေသနာ၌ နောင်တရခြင်းအားဖော်ပြသော်လည်း၊ ရေနှစ်မင်္ဂလာကိုမူမပြောခဲ့ကြောင်း သတိရရန်လို သည်။ (၃း၁၉။ လုကာ ၂၄း၁၇)။ နှစ်ခြင်းမင်္ဂလာမှာ ယေရှုကိုယ်တိုင် နမူနာပြခဲ့သည့်အရာတစ်ခုဖြစ်သည်။ (မဿဲ ၂၈း၁၉)။ ယခုခေတ်၌ ကယ်တင်ခြင်းရရန် ရေနှစ်မင်္ဂလာလိုအပ်သည်ဟူသော မေးခွန်းထုတ်မှုကို ဓမ္မသစ်ကျမ်း၌ မပြော ချေ။ ယုံကြည်သူအားလုံး ရေနှစ်မင်္ဂလာခံယူရန် မျှော်လင့်သည်။ သို့သော် အသင်းတော်ဆိုင်ရာ ယန္တရားတစ်ရပ် အဖြစ် ကျင့်သုံးခြင်းကိုမူ ဆန့်ကျင်ရမည်သာဖြစ်သည်! ကယ်တင်ခြင်းသည် ယုံကြည်ခြင်းကိစ္စဖြစ်ပြီး နေရာမှန်ကန်ခြင်း၊ မှန်ကန်သောစကားလုံး၊ မှန်ကန်သောအသင်းတော်၏ကျင့်ဝတ်ဆိုင်ရာ ကိစ္စမဟုတ်ချေ!

■**"ခရစ်တော် ယေရှုအထဲသို့"**အလားတူ "အထဲသို့"*eis*(into) အား မဿဲ ၂၈း၁၉ မဟာစေခိုင်းခြင်း၌သုံးရာ၊ အသစ် သောယုံကြည်သူများ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏နာမတော်အထဲသို့-*eis*(into)နှစ်ခြင်း ခံကြသည်။ ထိုဝိဘတ်ကိုပင် ၁ကော ၁၂း၁၃၌ ဝိညာဉ်တော်သည် ယုံကြည်သူများကို ခရစ်တော်၏ကိုယ်ခန္ဓာထဲသို့ ဗိတ္တိဇံပေးခြင်းအား ပြရာ၌သုံးသည်။ ဤကျမ်းပိုဒ်သုံးပိုဒ်၌သုံးသည့် *eis* သည် အငယ် ၁၁က*en* (ခရစ်တော်အထဲ)နှင့် အဓိပ္ပါယ်တူဖြစ်ပြီး၊ ယုံကြည်သူများအား ရည်ညွှန်းရာ၌ ပေါလုနှစ်သက်သည့် သုံးနှုန်းပုံတစ်မျိုးဖြစ်သည်။ ၎င်းသည် <u>တည်နေရာနှင့်ဆိုင်သည်။</u> ယုံကြည်သူများသည် ခရစ်တော်အထဲအသက်ရှင်သည်။ လှုပ်ရှားကာ၊ ဖြစ်တည်နေကြ သည်။ ဤဝိဘတ်များသည် ရင်းနှီးသောပေါင်းစပ်မှု၊ မိတ်သဟာယဖြစ်မှုကဏ္ဍ၊ စပျစ်နွယ်နှင့် အခက်အလက်တို့၏ ဆက်စပ်ပုံတို့ကိုဖော်ပြသည်။ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ သူ၏အသေခံခြင်း (၆၊ ၈း၁၇)၊ သူ၏အသက်

ရှင်၍ ပြန်ထခြင်း(ငယ် ၅)၊ ဘုရားသခင်အားနာခံကာ အမှုတော်ဆောင်ရွက်ခြင်းနှင့် သူ၏နိုင်ငံတော်စသည်တို့၌ ခရစ်တော်နှင့် ထပ်တူထပ်မျှပြုကြသည်!

▣ **"သူ၏အသေခံတော်မူခြင်း၌...ငါတို့သည် သူနှင့်အတူ သင်္ဂြိုလ်ခြင်းခံခဲ့ကြ၏။"** ရေထဲနှစ်ကာ၊ ဗိတ္တဇံခံခြင်းသည် သေခြင်းနှင့်သင်္ဂြိုလ်ခြင်းကို ရှင်းလင်းစွာ ဖော်ပြသည်။ (ငယ် ၅နှင့် ကော ၂း၁၂)ယေရှုသည် သူ၏အသေခံခြင်းအားဖော်ပြရန် ဗိတ္တဇံမင်္ဂလာကိုသုံးသည်။ (မာကု ၁၀း၃၈–၃၉။ လုကာ ၁၂း၅၀)။ ဤနေရာ အလေးအနက်ပြုလိုသည်မှာ ဗိတ္တဇံဆိုင်ရာ ဩဝါဒမဟုတ်ဘဲ၊ ခရစ်တော်၏အသေခံခြင်း၊သင်္ဂြိုလ်ခြင်းတို့နှင့် ခရစ်ယာန်၏အသစ်သော ရင်းနှီးကျွမ်းဝင်သည့် ဆက်ဆံရေးဖြစ်သည်။ ခရစ်တော်၏ဗိတ္တဇံ၊ သူ၏စရိုက်လက္ခဏာတော်၊ ယဇ်ကောင်အဖြစ် မိမိကိုယ်မိမိပေးလှူခြင်း၊ မဟာစေခိုင်းတော်မူခြင်းတို့၌ ယုံကြည်သူတို့မှာ ထပ်တူထပ်မျှဖြစ်ကြသည်။ အပြစ်သည် သူတို့ပေါ်တန်ခိုးမရှိတော့ချေ!

**၆း၄ "သူ၏အသေခံတော်မူခြင်း၌ သူနှင့်အတူ ဗိတ္တဇံပြုခြင်းခံခြင်းအားဖြင့် ငါတို့သည် သူနှင့်အတူ သင်္ဂြိုလ်ခြင်းခံခဲ့ကြ၏။"**ပေါလုရေးသည့်စာများအားလုံးမှာနည်းတူ ဤအခန်းကြီးထဲ၌လည်း sun (with)အား ပေါင်းစပ်စကားလုံးအဖြစ် အများအပြားသုံးသည်။ (ဇဖက် ၂း၅–၆ ၌သုံးခါတွေ့ရသည်)။

၁။ *sun* + *haptō* = အတူသင်္ဂြိုလ်၊ ငယ် ၄။ ကော ၂း၁၂။ ငယ် ၈၌လည်းကြည့်ပါ။

၂။ *sun* + *phuō* = အတူစိုက်ပျိုး၊ ငယ် ၅

၃။ *sun* + *stauroō* = လက်ဝါးကပ်တိုင်မှာ အတူရိုက်သတ်ခံ၊ ငယ် ၆။ ဂလ ၂း၂၀

၄။ *sun* + *zaō* = အတူတည်ရှိ၊ ငယ် ၈။ ၂တိ ၂း၁၁။ (အတူသေ၊ အတူစိုးစံ)

▣**"ငါတို့သည် အသစ်သောဘဝအသက်တာ၌ လျှောက်လှမ်းနိုင်ကြစေရန်ဖြစ်၏။"**၎င်းမှာ AORIST ACTIVE SUBJUNCTIVEခေါ်စိတ်ဆန္ဒဖော်ပြမှုမျိုးဖြစ်သည်။ အကြောင်းမှာ ယုံကြည်သူများသည် ဘုရားသခင်၏ကျေးဇူးတော်ကို ခရစ်တော်မှတဆင့် ရရှိခဲ့ကြကာ၊ ဝိညာဉ်တော်၏ကျိန်းဝပ်တော်မူခြင်းလည်း ရခဲ့ကြပြီးဖြစ်သဖြင့် သူတို့၏ဘဝအသက်တာမှာ ပြောင်းလဲနေရမည်ဖြစ်သည်။ ငါတို့၏အသစ်သောအသက်တာကြောင့်(*zoe*)ကယ်တင်ခြင်းရကြသည်မဟုတ်ဘဲ၊ ၎င်းမှာ ကယ်တင်ခြင်း၏အကျိုးရလဒ်ဖြစ်သည်။ (ငယ် ၁၆၊ ၁၉။ ၈း၄။ ၁၃း၁၃။ ၁၄း၁၅နှင့် ဇဖက် ၁း၄။ ၂း၈–၉၊ ၁၀။ ယာကုပ် ၂း၁၄–၂၀)။ ၎င်းမှာ ယုံကြည်ခြင်းလော? လုပ်ဆောင်မှုလောဟူ၍ မေးခွန်းထုတ်ခြင်းမဟုတ်ဘဲ၊ နောက်ဆက်တွဲရလဒ်တစ်ခုဖြစ်သည်။

## အထူးအကြောင်းအရာ။ ။သန့်ရှင်းစင်ကြယ်စေခြင်း

အပြစ်သားများသည် နောင်တနှင့်ယုံကြည်ခြင်းဖြင့် ယေရှုဘက်လှည့်လာကြသည့်အခါ ချက်ခြင်းပင် ဖြောင့်မတ်စေခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်း ခံကြသည်။ ၎င်းမှာ ခရစ်တော်အထဲ သူတို့၏အသစ်သော ရပ်တည်မှုဖြစ်သည်။ ခရစ်တော်၏ဖြောင့်မတ်တော်မူခြင်းကို သူတို့အတွက် သွပ်သွင်းပေးလိုက်သည်။ (ရောမ ၄)။ သူတို့သည် မှန်ကန်၍ သန့်ရှင်းသူများအဖြစ် ကြော်ငြာပေးခြင်းခံကြသည်။ (တရားရုံးတော်သဘောဖြင့် ဘုရားရှင်၏လုပ်ဆောင်မှု)

သို့သော် ဓမ္မသစ်ကျမ်းသည် ယုံကြည်သူများကို သန့်ရှင်းစင်ကြယ်ရန် တောင်းဆိုသည်။ ၎င်းသည် ယေရှုခရစ်တော် ပြီးစီးခဲ့သောအလုပ်ထဲ၌ ဓမ္မသဘောအရ ရပ်တည်ချက်ဖြစ်သည့်ပြင်၊ သူ၏စိတ်နေသဘောထားနှင့်တူရန် ဖိတ်ခေါ်မှုလည်းဖြစ်သည်။ ကယ်တင်ခြင်းမှာ အခမဲ့လက်ဆောင်ဖြစ်ကာ၊ အသက်ရှင်ခြင်းပုံစံအလုံးစုံနှင့်အမျှ တန်ဘိုးရှိသည်နည်းတူ သန့်ရှင်းစင်ကြယ်ခြင်းလည်းဖြစ်သည်။

<u>**အစပြုတုံ့ပြန်မှု**</u>

တမန် ၂၀း၂၃။ ၂၆း၁၈

ရောမ ၁၅း၁၆

<u>**ခရစ်တော်နှင့် ပို၍ပို၍တူခြင်း**</u>

ရောမ ၆း၁၉

၂ကော ၇း၁

| | |
|---|---|
| ၁ကော ၁း၂-၃။ ၆း၁၁ | ဧဖက် ၁း၄။ ၂း၁၀ |
| ၂သက် ၂း၁၃ | ၁သက် ၃း၁၃။ ၄း၃-၄၊ ၇။ ၅း၂၃ |
| ဟေဗြဲ ၂း၁၁။ ၁၀း၁၀၊ ၁၄။ ၁၃း၁၂ | ၁တိ ၂း၁၅ |
| ၁ပေ ၁း၂ | ၂တိ ၂း၁၂ |
| | ဟေဗြဲ ၁၂း၁၄ |
| | ၁ပေ ၁း၁၅-၁၆ |

▣**"အသစ်သောအသက်တာ"**။ ဤ **"အသစ်"**သည် အချိန်ကာလအားဖြင့် အသစ်ဖြစ်ရုံမျှသာမဟုတ်ဘဲ၊ အရေအတွက်ကိုဆိုလိုသည်။ ၎င်းအား မေရှိယယူဆောင်လာသည့်အမြစ်ပါလှန်သော အပြောင်းအလဲအားပြောရန် နည်းအမျိုးမျိုးဖြင့် ဓမ္မသစ်၌သုံးသည်။ ၎င်းတို့မှာ

၁။ အသစ်သောပဋိညာဉ်တရား၊ လုကာ ၂၂း၂၀။ ၁ကော ၁၁း၂၅။ ၂ကော ၃း၆။ ဟေဗြဲ ၈း၈၊၁၃။ ၉း၁၅။
၂။ အသစ်သောစေခိုင်းမှု၊ ယော ၁၃း၃၄။ ၁ယော ၂း၇၊ ၈။ ၂ယော ၅။
၃။ အသစ်သော ဖန်ဆင်းခြင်း၊ ၂ကော ၅း၁၇။ ဂလာ ၆း၁၅။
၄။ အသစ်သော အသက်တာ၊ ရောမ ၆း၄။
၅။ အသစ်သော ဝိညာဉ်၊ ရောမ ၇း၆။
၆။ အသစ်သောလူ၊ ဧဖက် ၂း၁၅။ ၄း၂၄။
၇။ အသစ်သောကောင်းကင်များနှင့် မြေကြီး၊ ၂ပေ ၃း၁၃။ ဗျာ ၂၁း၁။ (ဟေရှာယ ၆၆း၂၂)
၈။ အသစ်သောနာမည်၊ ဗျာ ၂း၁၇။ ၃း၁၂ (ဟေရှာ ၆၂း၂)
၉။ အသစ်သော ယေရုစလင်၊ ဗျာ ၃း၁၂။ ၂၁း၂။
၁၀။ အသစ်သော တေးသီချင်း၊ ဗျာ ၅း၉။ ၁၄း၃ (ဟေရှာယ ၄၂း၁၀)

▣**"ခရစ်တော်"...ထတော်မူသည်..."**ဤကျမ်းပိုဒ်၌ သားတော်ပြောစကားများနှင့် အလုပ်များကို ခမည်းတော်လက်ခံကာ၊ ကျေနပ်ကြောင်း ကြီးမားသောအဖြစ်အပျက်နှစ်မျိုးဖြင့်ပြသည်။

၁။ လူသေများအနက်မှ ယေရှုထခြင်း၊

၂။ ခမည်းတော်၏လက်ျာတော်ဘက်၌ ယေရှုတက်ခြင်း၊

လူသေများ၏နယ်ပယ်မှ ယေရှုအား ထစေရာ၌ သုံးပါးတစ်ဆူဘုရား၏ ပုဂ္ဂိုလ်သုံးပါးစလုံး ပါဝင်လုပ်ဆောင်သည်။ အငယ် ၉ နှင့် ၈း၁၁ တို့၏ မှတ်ချက်များ၌ အပြည့်အစုံကြည့်ပါ။

▣"ခမည်းတော်၏ဘုန်းတန်ခိုး" "ဘုန်းတန်ခိုး"အကြောင်း အထူးအကြောင်းအရာ ၁း၇ ၌ကြည့်ပါ။

**၆း၅ "လျှင်"**။ ၎င်းသည် ပထမတန်းစာချွင်းချက်ပါ ဝါကျမျိုးဖြစ်ပြီး၊ စာရေးသူ၏အမြင်၌ မှန်သည်ဟုမှတ်ယူထားသော အရာ သို့မဟုတ် သူ၏စာရေးဟန်ဖြစ်သည်။ ပေါလုသည် စာဖတ်သူများကို ယုံကြည်သူများအဖြစ် သဘောထားသည်။

▣**"သူနှင့်အတူ ပေါင်းစပ်ခဲ့ကြပြီ"** ၎င်းသည် PERFECT ACTIVE INDICATIVE ခေါ် အဖြစ်မှန်တစ်ရပ်အား ဖော်ပြမှုမျိုးဖြစ်ကာ၊ "သူနှင့်အတူ ပေါင်းစပ်ခြင်းခံခဲ့ကြပြီဖြစ်ရာ၊ ဆက်လက်၍ ပေါင်းစပ်ကြဦးမည်ဖြစ်သည်"(သို့)"သူနှင့်အတူ စိုက်ပျိုးခြင်းခံခဲ့ကြပြီး၊ ဆက်လက်၍ သူနှင့်အတူ စိုက်ပျိုးကြသည်"ဟု ဘာသာပြန်နိုင်သည်။ ဤသမ္မာတရားသည် ဓမ္မသဘောတရားအရ ယောဟန် ၁၅ က "တည်နေခြင်း"–abiding နှင့် အလားတူဖြစ်သည်။ ယုံကြည်သူများသည် ယေရှု၏သေဆုံးခြင်း၌ ထပ်တူထပ်မျှဖြစ်ခဲ့ကြပြီဆိုလျှင် (ဂလာ ၂း၁၉-၂၀။ ကော ၂း၂၀။ ၃း၃-၅) သူ၏ရှင်ပြန်ထမြောက်သောအသက်တာ၌ ထပ်တူထပ်မျှ ဖြစ်ကြရမည်မှာ ဓမ္မသဘောတရားနည်းကျဖြစ်သည်။ (ငယ် ၁၀)

ရေနှစ်မင်္ဂလာအား သေဆုံးခြင်းအဖြစ် ဥပမာတင်စားခြင်းမှာ အောက်ပါတို့ကို ပြသရန်ဖြစ်သည်။

၁။ ငါတို့သည် အသက်တာဟောင်း၊ ပဋိညာဉ်တရားဟောင်း၌ သေခဲ့ကြပြီ

၂။ ငါတို့သည် ဝိညာဉ်တော်ပဋိညာဉ်တရားသစ်၌ အသက်ရှင်ခဲ့ကြပြီ

ထို့ကြောင့် ခရစ်ယာန် ရေနှစ်မင်္ဂလာသည် ဓမ္မဟောင်းကျမ်း၏ နောက်ဆုံးပရောဖက်ဖြစ်သူ နှစ်ခြင်းဆရာ ယောဟန်၏ ရေနှစ်မင်္ဂလာနှင့်မတူချေ။ နှစ်ခြင်းမင်္ဂလာသည် ကနဦးအသင်းတော်၌ ယုံကြည်သူအသစ်များသည် မိမိတို့၏ယုံကြည်မှုအား အပေါ်တင်ဝန်ခံခြင်းပြုရန် အခွင့်ကောင်းဖြစ်သည်။ နှစ်ခြင်းခံမည့်သူလိုက်ဆိုရန် ကနဦး အစောဆုံးကာလများ၌ သုံးသည့်အဆိုမှာ "ယေရှုသည် သခင်ဖြစ်ကြောင်း အကျွန်ုပ်ယုံကြည်ပါ၏"ဟူ၍ဖြစ်သည်။ (ရောမ ၁၀း၉–၁၃)။ ဤကဲ့သို့ အပေါ်တင်ကြော်ငြာခြင်းမှာ စောစောက ဖြစ်ပျက်တွေ့ကြုံခဲ့သည့်အရာအား အခန်းအနားဖြင့် လက်တွေ့ပြသခြင်း၊တရားဝင်ပြုခြင်းဖြစ်သည်။ နှစ်ခြင်းမင်္ဂလာသည် အပြစ်လွှတ်ခြင်းအတွက် ယန္တရား၊ ကယ်တင်ခြင်း(ဝါ)ဝိညာဉ်တော် ကြွရောက်လာခြင်းမဟုတ်ဘဲ၊ လူသိရှင်ကြား အဓိဋ္ဌါန်ပြုခြင်းနှင့် ဝန်ခံခြင်းအခါသမယ ဖြစ်သည်။(တမန် ၂း၃၈)။ သို့သော် ၎င်းမှာ စိတ်ကြိုက်မဟုတ်ချေ။ ထိုသို့ပြုရန် ယေရှုစေခိုင်းခဲ့သည်။ (မဿဲ ၂၈း၁၉–၂၀)။ ဥပမာပြသခဲ့ကာ၊ မဿဲ ၃။ မာကု ၁။ လုကာ ၃) ၎င်းသည် တမန်တော်များ၏ဟောပြောမှုများ၌ တစ်ကဏ္ဍအဖြစ် ပါဝင်ပြီး၊ တမန်တော်ဝတ္ထု၌ ဆက်လက်ကျင့်သုံးသည်။

၆း၆

**NASB** **"ငါတို့၏ဇာတိဟောင်းသည် သူနှင့်အတူ လက်ဝါးကပ်တိုင်မှာ သတ်ခြင်းခံခဲ့ပြီဖြစ်ကြောင်း သိရှိလျက်"**

**NKJV** **"ငါတို့၏လူဟောင်းသည် သူနှင့်အတူလက်ဝါးကပ်တိုင်မှာ သတ်ခြင်းခံခဲ့ပြီဖြစ်ကြောင်း သိရှိလျက်"**

**NRSV** **"ငါတို့၏ဇာတိဟောင်းသည် သူနှင့်အတူ လက်ဝါးကပ်တိုင်မှာ သတ်ခြင်းခံခဲ့ပြီဖြစ်ကြောင်း ငါတို့သိရှိကြ၏"**

**TEV** **"ငါတို့သိရသည်မှာ ငါတို့၏အဖြစ်ဟောင်းသည် ခရစ်တော်နှင့်အတူ၊ သူ၏လက်ဝါးကပ်တိုင်မှာ သေဆုံးစေခြင်း ခံခဲ့ပြီ"**

**NJB** **"ငါတို့၏ယခင်ဇာတိသည် သူနှင့်အတူ လက်ဝါးကပ်တိုင်မှာ သတ်ခြင်းခံခဲ့ပြီဖြစ်ကြောင်း သဘောပေါက်ရပါမည်"**

၎င်းမှာ ဖြစ်ပြီး "ငါတို့၏ဇာတိဟောင်းသည် ဝိညာဉ်တော်အားဖြင့် လက်ဝါးကပ်တိုင်မှာ သတ်ခြင်းခံခဲ့ပြီ"ဟူ၍ ဖြစ်၏။ အပြုခံကြိယာ သည် ဘုရား၏လုပ်ဆောင်မှုဖြစ်ကြောင်းပြသည်။ ဤသမ္မာတရားမှာ အောင်မြင်သောခရစ်ယာန်အသက်တာအတွက် အဆုံးအဖြတ်ပေးသောအရာဖြစ်သည်။ ယုံကြည်သူများသည် အပြစ်နှင့် မိမိတို့၏ဆက်စပ်မှု အသစ်ကို သဘောပေါက်ရပါမည်။ (ဂလ ၂း၂၀။ ဖိ း၂၄)။ လူသား၏ကျဆင်းသော ဇာတိဟောင်းသည် (အာဒံမှရသော သဘာဝ)ခရစ်တော်နှင့်အတူ သေဆုံးခဲ့ပြီ။ (ငယ် ၇။ ဖေက် ၄း၂၂ နှင့် ကော ၃း၉) ယုံကြည်သူများအနေဖြင့် မူလအစဉ် အာဒံပြုခဲ့သည်နည်းတူ အပြစ်နှင့်ဆိုင်၍ ရွေးချယ်စရာတစ်ခုရှိသည်။

▣

**NASB, NKJV "အပြစ်နှင့်ဆိုင်သော ငါတို့၏ကိုယ်ခန္ဓာသည် ဖျက်သိမ်းခြင်းခံစေရန်အလို့ငှါ"**

**NRSV** **"အပြစ်နှင့်ဆိုင်သော ကိုယ်ခန္ဓာသည် ဖျက်ဆီးခံစေခြင်းငှါ"**

**TEV** **"အပြစ်နှင့်ပြည့်သော ဇာတိ၏တန်ခိုးသည် ဖျက်ဆီးခံရန်အလို့ငှါ"**

**NJB** **"အပြစ်နှင့်ပြည့်သော ကိုယ်ခန္ဓာအား ဖျက်ဆီးရန်"**

ပေါလုသည် "ကိုယ်ခန္ဓာ"body (*soma*)စကားလုံးအား ပိုင်ဆိုင်ခြင်းပြစကားစုအတော်များများနှင့်တွဲသုံးသည်။

၁။ အပြစ်နှင့်ဆိုင်သော ကိုယ်ခန္ဓာ၊ ရောမ ၆း၆

၂။ သေခြင်းနှင့်ဆိုင်သော ကိုယ်ခန္ဓာ၊ ရောမ ၇း၂၄
၃။ သွေးသားနှင့်ဆိုင်သော ကိုယ်ခန္ဓာ၊ ကော ၂း၁၁

ပေါလုပြောသည်မှာ အပြစ်နှင့်တော်လှန်ပုန်ကန်ခြင်း ဤကပ်ကာလ၏ရုပ်ခန္ဓာဖြစ်သည်။ ယေရှု၏ပြန်ရှင်ထမြောက်သော ကိုယ်ခန္ဓာမှာ ဖြောင့်မတ်ခြင်း ကပ်ကာလသစ်ဆိုင်ရာ ကိုယ်ခန္ဓာဖြစ်သည်။ (၂ကော ၅း၁၇)။ ရုပ်ခန္ဓာမှာ ပြဿနာ (ဂရိတွေးခေါ်ပညာ) မဟုတ်ပဲ၊ အပြစ်နှင့် ပုန်ကန်တော်လှန်ခြင်းမှာ ပြဿနာဖြစ်သည်။ ခန္ဓာကိုယ်မှာ ဆိုးယုတ်သည်မဟုတ်ချေ။ ခရစ်ယာန်သည် ရုပ်ခန္ဓာဖြင့် ထာဝရနေရမည်ဟူသောယုံကြည်မှုကို အတည်ပြုသည်။ (၁ကော ၁၅)။ သို့သော် ရုပ်ခန္ဓာသည် စုံစမ်းသွေးဆောင်ခြင်း၊ အပြစ်နှင့်ဇာတိ (အတ္တ)တို့၏ စစ်မြေပြင်ဖြစ်သည်။

၎င်း AORIST PASSIVE SUBJUNCTIVE သည် စိတ်ဆန္ဒအား ဖော်ပြမှုအသုံးအနှုန်းမျိုးဖြစ်သည်။ "ဖျက်သိမ်း" done away with ဆိုသည်မှာ "အလုပ်မလုပ် နိုင်အောင်ပြုသည်" "တန်ခိုးမဲ့စေသည်" (ဝါ)"ထုတ်လုပ်ခြင်းမပြုအောင်ပြုသည်"ဟူ၍ဖြစ်ပြီး "ဖျက်ဆီးသည်"ဆိုသည့်အဓိပ္ပါယ် မရှိချေ။ ၎င်းမှာ ပေါလုနှစ်သက်သည့် စကားလုံးဖြစ်ကာ အကြိမ်နှစ်ဆယ့်ငါးကြိမ်ကျော်သုံးသည်။ အထူးအကြောင်းအရာ။ ။ ပျက်ပြယ်၍ ဆိတ်သုန်းသည်(*katargeō*)၌ ကြည့်ပါ။ ၃း၃။ ငါတို့၏ရုပ်ခန္ဓာသည် ကြားနေဖြစ်သော်လည်း အဆက်မပြတ်သောဝိညာဉ်တိုက်ပွဲ၏ စစ်မြေပြင်ဖြစ်သည်။ (ဧဖ် ၁၂-၁၃။ ၅း၁၂-၂၁။ ၁၂း၁-၂)

**၆း၇ "သေဆုံးခဲ့ပြီးသူသည် အပြစ်နှင့်လွတ်သည်"**၎င်းသည် AORIST ACTIVE PARTICIPLE နှင့် PERFECT PASSIVE INDICATIVE နှစ်မျိုးစလုံးဖြစ်ကာ"သေခဲ့ပြီးသူသည် အပြစ်မှလွတ်ခဲ့ပြီးဖြစ်ရာ ဆက်လက်၍လွတ်သည်" ဟုအဓိပ္ပါယ်ရှိသည်။ ယုံကြည်သူများသည် ခရစ်တော်အထဲ အသစ်ဖန်ဆင်းခြင်းခံသူများဖြစ်ကြသဖြင့် အပြစ်နှင့်၊ အာဒံကျဆင်းရာမှ အမွေဆက်ခံရရှိသော အတ္တ၏ကျွန်ပြုခြင်းမှ ကယ်လွတ်ခြင်းခံခဲ့ကြပြီး၊ ဆက်လက်၍ ကယ်လွတ်ခြင်းခံကြသည်။ (၇း၁-၆)

"လွတ်မြောက်သည်"ဆိုသည့်စကားလုံးအား ဘာသာပြန်ရာ ဂရိဝေါဟာရမှာ အစပိုင်းအခန်းကြီးများ၌ "ဖြောင့်မတ်စေသည်"အဖြစ် ဘာသာပြန်သည့်စကားလုံးပင်ဖြစ်သည်။ (ASV)။ ဤကျမ်းပိုဒ်၌ "လွတ်မြောက်စေ သည်" (NKJV,NRSV)က ပို၍အဓိပ္ပါယ်ရှိစေသည်။ (၎င်းနှင့်ဆင်တူ သုံးနှုန်းမှုအား တမန် ၁၃း၃၉ ၌ကြည့်ပါ)။ စကားလုံး၏ အဓိပ္ပါယ်ကို အဆုံးအဖြတ်ပေးသည်မှာ စာအဆက်အစပ်ပင်ဖြစ်ပြီး အဘိဓါန်များ(ဝါ)သဒ္ဒါနည်းပညာပိုင်းဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်များမဟုတ်ကြောင်း သတိရပါ။ စကားလုံးများသည် ဝါကျများအားဖြင့်သာ အဓိပ္ပါယ်ရှိကာ၊ ဝါကျများသည် စာပိုဒ်များအားဖြင့်သာ အဓိပ္ပါယ်ရှိသည်။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၆း၈-၁၁

**[8]ငါတို့သည် ယခုခရစ်တော်နှင့်အတူ သေဆုံးခဲ့ကြပြီဆိုလျှင်၊ သူနှင့်အတူ အသက်ရှင်ကြမည်ဟုလည်း ယုံကြည်ကြ၏။ [9]ခရစ်တော်သည် သေခြင်းမှ ပြန်ထခဲ့ပြီး သေခြင်းနှင့်အစဉ် ကင်းလွတ်တော်မူသည်ကို သိရှိရကြ၏။ သေခြင်းတရားသည် နောက်တဖန် ကိုယ်တော်ကိုမအုပ်စိုး။ [10]အကြောင်းမူကား၊ ကိုယ်တော် အသေခံတော်မူရာမှာ အပြစ်ကြောင့် တစ်ခါတည်းနှင့်အပြီးတိုင်အတွက် အသေခံ၏။ အသက်ရှင်ရာမှာ ဘုရားသခင်အဘို့ အသက်ရှင်တော်မူ၏။ [11]သို့ဖြစ်၍ သင်တို့သည် အပြစ်တရားနှင့်ဆိုင်၍ လူသေအဖြစ်လည်းကောင်း၊ ဘုရားသခင်နှင့်ဆိုင်၍ ခရစ်တော်ယေရှုအထဲ၌ အသက်ရှင်သူအဖြစ်လည်းကောင်း ကိုယ်ကိုကိုယ်မှတ်ယူကြလော့။**

**၆း၈ "လျှင်"**၎င်းသည် ပထမတန်းစား ချွင်းချက်ပါ ဝါကျမျိုးဖြစ်ကာ၊ စာရေးသူ၏အမြင်၌ အမှန်ဟုမှတ်ယူခြင်း(ဝါ) သူ၏စာရေးဟန်ဖြစ်သည်။ ယုံကြည်သူ၏ရေနှစ်မင်္ဂလာသည် ခရစ်တော်နှင့်အတူ သေဆုံးခဲ့ကြောင်းအား မြင်နိုင်သော ဥပမာဖြင့် ပြသခြင်းဖြစ်သည်။

**"ငါတို့သည် သူနှင့်အတူ အသက်ရှင်ကြမည်"**။ဤအကြောင်းအရာသည် "ယခုနေရာ၊ ယခုအချိန်"ကို ပြောခြင်းဖြစ်ပြီး(၁ယော ၁း၇) အနာဂတ်သက်သက်မျှသာမဟုတ်ချေ။ အငယ် ၅ သည် ခရစ်တော်၏အသေခံခြင်းကို ငါတို့ဝေမျှရရှိပုံ အကြောင်းပြောပြီး၊ အငယ် ၈ ၌မူ ကိုယ်တော်၏အသက်ရှင်ခြင်းအား ငါတို့ဝေမျှရရှိကြပုံ ပြောခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်း သမ္မာကျမ်းနည်းကျအယူဝါဒနှင့် တစ်မျိုးတစ်စားတည်းဖြစ်သည်။ ၎င်းသည် ဤနေရာ၊ ဤအချိန်နှစ်မျိုး၌ဖြစ်သော်လည်း၊ အနာဂတ်ကာလ၌ ရှိနေသေးသည်။ အခမဲ့ ကျေးဇူးတော်သည် မိမိကိုယ်မိမိ ထိန်းချုပ်မှုဖြစ်ပေါ်စေပြီး၊ လုပ်ပိုင်ခွင့်လိုင်စင်မဟုတ်ချေ။

**၆း၉ "သေခြင်းမှ ထခဲ့ပြီး"**၎င်းမှာ AORIST PASSIVE PARTICIPLE ဖြစ်ပြီး "သေခြင်းမှ ထစေခြင်းခံခဲ့ပြီ"ဟူ၍ဖြစ်သည်။ (AORIST PASSIVE INDICATIVE အကြောင်း ၆း၄ ၌ကြည့်ပါ)။

ယေရှုသေခြင်းမှပြန်ထရာ၌ သုံးပါးတစ်ဆူ ဘုရား၏ပုဂ္ဂိုလ်သုံးပါးစလုံးပါဝင်ကြောင်း ဓမ္မသစ်ကျမ်း၌ အတည်ပြုသည်။

၁။ ဝိညာဉ်တော် (ရောမ ၈း၁၁)

၂။ သားတော် (ယော ၂း၁၉-၂၂။ ၁၀း၁၇-၁၈)

၃။ ခမည်းတော်ကိုမူ မကြာခဏဖော်ပြလေ့ရှိသည်။ (တမန် ၂း၂၄၊ ၃၂။ ၃း၁၅၊ ၂၆။ ၄း၁၀။ ၅း၃၀။ ၁၀း၄၀။ ၁၃း၃၀၊ ၃၃၊ ၃၄၊ ၃၇။ ၁၇း၃၁။ ရောမ ၆း၄၊ ၉)

ခမည်းတော်၏လုပ်ဆောင်မှုများမှာ ယေရှု၏အသက်ရှင်ခြင်း၊ အသေခံခြင်းနှင့်သွန်သင်မှုတို့ကို သူလက်ခံတော်မူကြောင်း အတည်ပြုပေးခြင်းဖြစ်သည်။ ၎င်းမှာ တမန်တော်များ၏ ကနဦးတရားဒေသနာ၏ အဓိကအချက်ဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ကနဦးအသင်းတော်ဟောပြောသောအရာ(*kerygma*) ၁း၂ ၌ကြည့်ပါ။

▣

**NASB "သေခြင်းတရားသည် နောက်တဖန် ကိုယ်တော်ကို သခင်မလုပ်"**

**NKJV, NRSV "သေခြင်းတရားသည် နောက်တဖန် ကိုယ်တော်ကို မအုပ်စိုး"**

**TEV "သေခြင်းတရားသည် နောက်တဖန် ကိုယ်တော်ကို မအုပ်ချုပ်"**

**NJB "သေခြင်းတရားသည် ကိုယ်တော်အပေါ် တန်ခိုးမရှိတော့ချေ"**

ကြိယာ *kurieuō* သည် *kurios*(i.e, Lord- အရှင်) ဝေါဟာရမှလာခြင်းဖြစ်ပြီး "ပိုင်ရှင်" "သခင်" "ခင်ပွန်းသည်" (ဝါ)"အရှင်"ဟူ၍အဓိပ္ပါယ်ရှိသည်။ ယေရှုသည် ယခုအခါ သေခြင်းတရားပေါ် အရှင်သခင်ဖြစ်သည်။ (ဗျာ ၁း၁၈) ယေရှုသည် ပြန်ရှင်ထမြောက်ခြင်း၏ အဦးသီးဖြစ်သည်။ လူအချို့တို့မှာ

၁။ အသက်ရှင်လျက်နှင့်ပင် ကောင်းကင်ဘုံသို့ ယူဆောင်ခြင်းခံခဲ့ကြသည်။ (ဧနောနှင့်ဧလိယ)

၂။ ခန္ဓာအသက်ပြန်ရခဲ့ကြသည်။ (သို့သော် လူ့ဓမ္မတာအတိုင်း ပြန်၍သေဆုံးသွားကြသည်)

ယေရှုသာလျှင် ကပ်ကာလအသစ် ခန္ဓာကိုယ်နှင့် အသက်ပြန်ရှင်သူတစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်သည်။ ယေရှုသည် သေခြင်းတရား၏တန်ခိုးအား ပထမဆုံး ဖျက်ဆီးသူဖြစ်သည်။ (၁ကော ၁၅)

**၆း၁၀ "အကြောင်းမူကား၊ ကိုယ်တော်အသေခံတော်မူရာမှာ အပြစ်ကြောင့်...အသေခံ၏"**ယေရှုသည် အပြစ်နှင့်ပြည့်သောလောက၌ အသက်ရှင်ခဲ့သော်လည်း အပြစ်မပြုဘူးခဲ့ချေ။ အပြစ်နှင့်ပြည့်သောလောကသည် သူ့ကို လက်ဝါးကပ်တိုင်ပေါ်သတ်သည်။ (ဟေဗြဲ ၁၀း၁၀)။ လူသားမျိုးနွယ်ဘက်၌ ယေရှုအစားထိုး အသေခံခြင်းသည် ပညတ်တရား၏တောင်းဆိုမှုများကို ချေဖျက်ကာ၊ ၎င်းတို့အပေါ် အောင်မြင်အနိုင်ယူခဲ့သည်။ (ဂလာ ၃း၁၃။ ကော ၂း၁၃-၁၄)။

▣**"တစ်ခါတည်းနှင့် အပြီးတိုင်အတွက်"**ဤကျမ်းပိုဒ်၌ ပေါလုသည် ယေရှုကား စင်တင်ခံခြင်းအား အလေးအနက ပြုဖော်ပြသည်။ အပြစ်<u>အတွက်</u> တစ်ခါတည်းနှင့် အပြီးတိုင်အတွက် သူ၏အသေခံခြင်းသည် သူ၏နောက်တော်လိုက်များအား အပြစ်တရားနှင့်<u>ဆိုင်၍</u> သေသောသူများဖြစ်စေသည်။

ယေရှုသည် ယဇ်ကောင်အဖြစ် တစ်ခါတည်း အသေခံခြင်းမှာ အဆုံးတိုင်အတွက်ဖြစ်ကြောင်း ဟေဗြဲသြဝါဒစာ၌လည်း အလေးအနက်ပြု ဖော်ပြသည်။ ဤတစ်ခါတည်းနှင့်အပြီးတိုင် ကယ်တင်သောအပြစ်လွတ်ခြင်းသည် အစဉ်အမြဲ အပြီးအပြတ်ဖြစ်သည်။ (တစ်ခါ (*ephapax*) ၇း၂၇။ ၉း၁၂။ ၁၀း၁၀ နှင့် "အမြဲတမ်း/အပြီးအပြတ်" *(hapax)* ၆း၄။ ၉း၇၊ ၂၆၊ ၂၇၊ ၂၈။ ၁၀း၂။ ၁၂း၂၆၊ ၂၇)

▣**"အသက်ရှင်ရာမှာ၊ ဘုရားသခင်အတွက် အသက်ရှင်တော်မူ၏။"** အငယ် ၁၀၏ AORIST နှစ်မျိုးတို့သည် အငယ် ၁၀ ၏နောက်ဆုံးအပိုင်းက PRESENT ACTIVE INDICATIVE နှစ်မျိုးတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ သေဆုံးသည်။ ယုံကြည်သူများသည် ခရစ်တော်အားဖြင့် ဘုရားသခင်အတွက် အသက်ရှင်သည် (ဂလာ ၂း၁၉–၂၀)။ ဧဝံဂေလိသတင်းကောင်း၏ပန်းတိုင်မှာ အပြစ်လွတ်ခြင်း (ဖြောင့်မတ်စေခြင်း) မျှသာလျှင်မဟုတ်ဘဲ၊ ဘုရားသခင်အား အစေခံခြင်း (သန့်ရှင်းစင်ကြယ်စေခြင်း) ဖြစ်သည်။ ယုံကြည်သူတို့ကို ကယ်တင်ခြင်းမှာ အစေခံရန်ဖြစ်သည်!

**၆း၁၁ "သို့ဖြစ်၍ သင်တို့သည် အပြစ်တရားနှင့်ဆိုင်၍ လူသေအဖြစ်...ကိုယ်ကိုကိုယ် မှတ်ယူကြလော့"** ၎င်းသည် PRESENT MIDDLE(ကျမ်းကျိန်၍ ထွက်ဆိုချက်) IMPERATIVE ဖြစ်သည်။ ယုံကြည်သူများအတွက်ပေးသည့် ဆက်လက်လျက်ရှိသော၊ အကျင့်သဘောဖြစ်သော စေခိုင်းခြင်းဖြစ်သည်။ မိမိတို့အတွက် ခရစ်တော်လုပ်ပေးသည့်အရာအား ခရစ်ယာန်က သိမှတ်ခြင်းသည် နေ့စဉ်အသက်တာအတွက် အပြတ်ဆုံးဖြတ်ချက်ပေးသောအရာဖြစ်သည်။ "မှတ်ယူ"–consider (၄း၄၊ ၉) ဝေါဟာရမှာ စာရင်းကိုင်ခြင်းဆိုင်ရာ ဝေါဟာရဖြစ်ကာ "သေချာစွာ တွက်ချက်"ပြီးနောက် ၎င်းအတိုင်းလုပ်ဆောင်ခြင်းဖြစ်သည်။ အငယ် ၁–၁၁ သည် ခရစ်တော်အထဲ လူတစ်ယောက်၏ရပ်တည်ချက်(ရပ်တည်ချက်ဆိုင်ရာ သန့်ရှင်းစင်ကြယ်ခြင်း)ကို အသိအမှတ်ပြုကာ၊ အငယ် ၁၂–၁၃ သည် ကိုယ်တော်နှင့်အတူ လျှောက်လှမ်းခြင်း(တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းခြင်း)ကို အထူးပြုသည်။ အငယ် ၄ က အထူးအကြောင်းအရာကို ကြည့်ပါ။

▣

**NASB, NRSV**

**TEV, NJB "ခရစ်တော် ယေရှု"**

**NKJV "ငါတို့၏ သခင်ခရစ်တော် ယေရှု"**

ပို၍ တိုတောင်းသောပုံစံကို MSS P[46], A, B, D, F, G တို့၌သုံးသည်။ UBS[4] သည် ၎င်းကို "A"အဆင့်(သေချာ)သတ်မှတ်သည်။ ဖြည့်စွက်သောစကားစုမှာ (MSS P[94], Aleph, C) ပို၍စောဖြစ်သော်လည်း ကျမ်းရေးကူးသူတစ်ဦးက အငယ် ၂၃ မှ ဖြည့်စွက်ခြင်းဖြစ်ဟန်ရှိသည်။ ကြီးမားသည့် လက်ရေးကျမ်းကွဲအများစုနည်းတူ ၎င်းသည် မူရင်းအဓိပ္ပါယ်အား အနည်းအကျဉ်းမျှသာ ကွဲပြားခြားနားစေသည်။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၆း၁၂–၁၄

**[12]ထို့ကြောင့် သင်တို့၏သေတတ်သောကိုယ်ခန္ဓာတပ်မက်ခြင်းအလိုသို့ လိုက်ရသည်အထိ၊ အပြစ်တရားအား သင်တို့ကိုယ်ခန္ဓာကိုမအုပ်စိုးစေနှင့်။ [13]သင်တို့၏ကိုယ်အင်္ဂါများကို မကောင်းမှုတန်ဆာပလာများအဖြစ်၊ အပြစ်တရား အားဆက်လက်၍ မဆက်သကြနှင့်။ သို့သော် သေခြင်းမှအသက်ရှင်လာသူများအနေဖြင့်၊ သင်တို့၏ကိုယ်အင်္ဂါများအား ဖြောင့်မတ်ခြင်းတန်ဆာပလာအဖြစ် ဘုရားသခင်အား ဆက်ကပ်ကြလော့။ [14]အကြောင်းမူကား သင်တို့သည် ပညတ်တရားလက်အောက်၌ရှိသည်မဟုတ်ဘဲ၊ ကျေးဇူးတော်တရားလက်အောက်၌ရှိကြသည်ဖြစ်၍ အပြစ်တရားသည် သင်တို့အပေါ် သခင်မလုပ်ရ။**

**ဖြ:၁၂ "ထို့ကြောင့်...အပြစ်တရားအား သင်တို့ကိုယ်ခန္ဓာကို မအုပ်စိုးစေနှင့်"** ၎င်းသည် PRESENT ACTIVE IMPERATIVE နှင့် NEGATIVE PARTICLE တွဲထားခြင်းဖြစ်ပြီး ဆက်လက်ဖြစ်ပေါ်နေသော လုပ်ဆောင်မှုတစ်ခုအား ရပ်တံ့လိုက်သည်ဟုဆိုလိုသည်။ "အုပ်စိုး"ဟူသော ဝေါဟာရသည် ၅း၁၇–၂၁ နှင့် ဖြ:၂၃ တို့နှင့်ဆက်စပ်သည်။ ပေါလုသည် ဓမ္မသဘောတရားအတော်များများအား လူအဖြစ်တင်စားသည်။

၁။ သေခြင်းတရားသည် ဘုရင်အဖြစ် အုပ်စိုးသည် (၅း၁၄၊ ၁၇။ ဖြ:၂၃)

၂။ ကျေးဇူးတော်တရားသည် ဘုရင်အဖြစ် အုပ်စိုးသည်။ (၅း၂၁)

၃။ အပြစ်တရားသည် ဘုရင်အဖြစ် အုပ်စိုးသည်။ (ဖြ:၁၂၊ ၁၄)

မေးခွန်းမှာ မိမိအသက်တာ၌ အုပ်စိုးသူမည်သူနည်း ဟူ၍ဖြစ်သည်။ ယုံကြည်သူများ၌ရွေးချယ်ရန် အစွမ်းတန်ခိုးခရစ်တော်၌ရှိကြသည်! တစ်ဦးချင်း၊ ဒေသန္တရအသင်းတော်နှင့် ဘုရားသခင်၏ နိုင်ငံတော်၏ဝမ်းနည်းဘွယ်ရာမှာ ယုံကြည်သူများသည် ကျေးဇူးတော်တရားကိုပြောရင်းဖြင့် အတ္တနှင့်အပြစ်အား ရွေးချယ်သည့်အခါ၌ဖြစ်သည်! အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏နိုင်ငံတော်၌ စိုးစံခြင်းအကြောင်း ၅း၁၇၊ ၁၈ ၌ကြည့်ပါ။

**ဖြ:၁၃ "သင်တို့၏ကိုယ်အင်္ဂါများကို အပြစ်တရားအား ဆက်လက်၍မဆက်သကြနှင့်"**။ ၎င်းမှာ PRESENT ACTIVE IMPERATIVE နှင့် NEGATIVE PARTICLE တွဲထားခြင်းဖြစ်ပြီး၊ ဆက်လက်ဖြစ်ပေါ်နေသောလုပ်ဆောင်မှုတစ်ခုအား ရပ်တံ့စေခြင်းဖြစ်သည်။ ၎င်းသည် ယုံကြည်သူများ၏အသက်တာ၌ အပြစ်ထဲဆက်လက်သွားနိုင်ခြင်းအလားလာအားဖော်ပြသည်။ (၇း၁။ ၁ယော ၁း၈ ၂း၁)။ သို့သော် အပြစ်ပြုရန်လိုအပ်မှုသည် ယုံကြည်သူနှင့် ခရစ်တော်၏တော်စပ်မှု (ဆက်စပ်မှု)အသစ်ထဲ၌ သုတ်သင်ဖယ်ရှားခြင်း ခံခဲ့ရပြီဖြစ်သည်။ (အငယ် ၁–၁၁)။

■**"တန်ဆာပလာများအဖြစ်"** ဤဝေါဟာရ (hoplon)သည် "စစ်သားများ၏လက်နက်များ" ကိုညွှန်းဆိုသည်။ (၁၃း၁၂။ ယော ၁၈း၃။ ၂ကော ဖြ:၇။ ၁၀း၄)။ ကျွန်တော်တို့၏ကိုယ်ခန္ဓာသည် စုံစမ်းသွေးဆောင်ခြင်းအတွက် စစ်မြေပြင်ဖြစ်သည်။ (၁၂–၁၃။ ၁၂း၁–၂။ ၁ကော ဖြ:၂၀။ ဖိ ၁း၂၀)။ ကျွန်တော်တို့၏အသက်ရှင်ခြင်းပုံစံသည် ဧဝံဂေလိသတင်းကောင်းကို လူသိရှင်ကြား ခင်းကျင်းပြသသည်။

■**"ဘုရားသခင်အား ဆက်သကြလော့"** ၎င်းသည် AORIST ACTIVE IMPERATIVE ဖြစ်ပြီး၊ ဆုံးဖြတ်ချက်ချရန်ဖိတ်ခေါ်ခြင်းဖြစ်သည်။ (၁၂း၁)။ ယုံကြည်သူများသည် ၎င်းကိုကယ်တင်ခြင်းရစဥ်က ပြုခဲ့သော်လည်း၊ မိမိ၏ဘဝတလျှောက်လုံး၌ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤကျမ်းပိုဒ်ရှိ အလားတူ စာသားများကို မှတ်သားပါ။

၁။ ကြိယာအတူတူဖြစ်ပြီး၊ နှစ်ခုစလုံး စေခိုင်းစေမှုဖြစ်သည်

၂။ တိုက်ပွဲအား တင်စားသုံးနှုန်းမှုများ

(က) မကောင်းမှု လက်နက်များ

(ခ) ဖြောင့်မတ်ခြင်း လက်နက်များ

၃။ ယုံကြည်သူများသည် မိမိတို့၏ကိုယ်ခန္ဓာများကို အပြစ်တရားအားဖြစ်စေ၊ ဘုရားသခင်အားဖြစ်စေ ဆက်သနိုင်သည်။ ဤကျမ်းချက်ငယ်သည် ယုံကြည်သူများအားရည်ညွှန်းပြီး ရွေးချယ်မှုဆက်လက်သည်၊ တိုက်ပွဲ ဆက်လက်ဖြစ်ပွါးသည်ဟုဆိုလိုသည်။ (ဖြ:၁၂၊ ၁၉။ ၁ကော ဖြ:၁၈–၁၉။ ဧဖက် ဖြ:၁၀–၁၈)

**ဖြ:၁၄ "အပြစ်တရားသည် သင်တို့အပေါ် သခင်မလုပ်ရ"** ၎င်းမှာ FUTURE ACTIVE INDICATIVE (ဆာလံ ၁၉း၁၃) ခေါ်အဖြစ်မှန်တစ်ရပ်အား ဖော်ပြမှုမျိုးဖြစ်ပြီး၊ IMPERATIVE ခေါ်ခိုင်းစေခြင်းတစ်မျိုးဖြစ်ကာ "အပြစ်တရားသည် သင်တို့အပေါ် မအုပ်စိုးရ"ဟူ၍ဖြစ်သည်! အပြစ်သည် ယုံကြည်သူများပေါ် သခင်မလုပ်ရချေ! အကြောင်းမှာ ၎င်းသည် ခရစ်တော်၏သခင်မဟုတ်သောကြောင့်တည်း။ (၎ယ် ၉။ ယော ၁ဖြ:၃၃)

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ဖိ း၁၅-၁၉**

**[၁၅]သို့ဖြစ်လျှင် အဘယ်သို့နည်း၊ ငါတို့သည် ပညတ်တရားအောက်၌မရှိဘဲ၊ ကျေးဇူးတော်တရား**
**အောက်၌ရှိသောကြောင့် အပြစ်ပြုကြမည်လော့? မည်သည့်အခါ၌မျှမဖြစ်ရ။**
**[၁၆]အကြင်သူအား နာခံသောကျွန်**
**အဖြစ် သင်တို့ ကိုယ်သင်တို့ဝင်သောအခါ သင်တို့သည် သေခြင်းကိုဖြစ်ပွါးစေသော အပြစ်တရားနှင့်ဆိုင်၍**
**ဖြစ်စေ၊ ဖြောင့်မတ်ခြင်း ကိုဖြစ်ပွါးစေသော နာခံခြင်းတရားနှင့်ဆိုင်၍ဖြစ်စေ၊ သင်တို့နာခံရသောသူ၏ကျေး**
**ကျွန်များဖြစ်ကြသည်ကို မသိကြသလော့?**
**[၁၇]သင်တို့သည် အပြစ်တရား၏ကျွန်ဖြစ်ခဲ့ကြသော်လည်း၊ သင်တို့**
**ကို အပ်နှံသောသွန်သင်မှုပုံစံကို စိတ်နှလုံးပါ လျက်နားထောင်ကြသည်ဖြစ်၍ ဘုရားသခင်ကို ကျေးဇူးတင်ပါ**
**သည်။**
**[၁၈]သင်တို့သည် အပြစ်တရားမှ လွတ်မြောက်စေ ခြင်းခံခဲ့ကြပြီး၊ ဖြောင့်မတ်ခြင်း၏ကျေးကျွန်များ**
**ဖြစ်လာကြ၏။**
**[၁၉]သင်တို့၏ဇာတိပကတိဉာဏ် နည်းပါးသဖြင့် ငါသည် လူ၏ဝေါဟာရအားဖြင့် ပြောနေခြင်း**
**ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် မိမိတို့၏ကိုယ်အင်္ဂါများကို ညစ်ညမ်းခြင်းနှင့် အဓမ္မအမှု၌ ကျွန်ခံစေခဲ့**
**ကြကာ၊ *နောက်ထပ်*အဓမ္မအမှုများ ဖြစ်ပွါးစေသည်နည်းတူ၊ ဖြောင့်မတ်ခြင်း၌ ကျွန်ခံစေကာ၊ သန့်ရှင်းစင်**
**ကြယ်ခြင်းကို ဖြစ်ပွါးစေကြလော့။**

**ဖိ း၁၅** ၎င်းမှာ မေးခွန်းထုတ်သူတစ်ဦး ရှိနေဟန်ဖြင့်ရေးသော (ဝေဖန်ပြစ်တင်စာ) ဒုတိယမြောက်စာဖြစ်ပြီး ဖိ း၁ နှင့်ဆင်တူသည်။ နှစ်ခုစလုံးသည် ခရစ်ယာန်များ အပြစ်ပြုခြင်းနှင့်ဆိုင်သော ကွဲပြားသည့်မေးခွန်းများကို အဖြေပေးကြသည်။ အငယ် ၁ သည် အပြစ်ပြုခွင့်ရသော လိုင်စင်အဖြစ် အသုံးမပြုသည့် ကျေးဇူးတော်အကြောင်းဖြစ်ပြီး၊ အငယ် ၁၅ကမူ ခရစ်ယာန်သည် အပြစ်နှင့်ဆိုင်သောလုပ်ဆောင်မှုတိုင်းအား တိုက်ခိုက်ရန်(ဝါ)ခုခံရန် လိုအပ်ကြောင်းပြောသည်။ တစ်ချိန်တည်း၌ပင် ယုံကြည်သူသည် ယခင်က အပြစ်အားအစေခံခဲ့သည့် စိတ်အားထက်သန်မှုမျိုးဖြင့်ပင် ယခုအခါ ဘုရားသခင်အား အစေခံရန်ဖြစ်သည်။ (ဖိ း၁၄)

▣

**NASB, NKJV**

**TEV** **"အပြစ်ပြုကြဦးမည်လော"**

**NRSV** **"အပြစ်ပြုခဲ့ကြဦးမည်လော"**

**NJB** **"ငါတို့သည် အပြစ်ပြုလိုက ပြုနိုင်ရန်လွတ်မြောက်"**

Williams နှင့် Phillips တို့၏ ဘာသာပြန်ကျမ်းနှစ်မျိုး၌ ဤ AORIST ACTIVE SUBJUNCTIVE အား PRESENT ACTIVE SUBJUNCTIVE အဖြစ် အငယ် ၁ မှာနည်းတူ ဘာသာပြန်ကြသည်။ ၎င်းမှာ ဆီလျော်ခြင်း မရှိချေ။ အောက်ပါအလားတူ ဘာသာပြန်မှုများကိုကြည့်ပါ။

၁။ KJV, ASV, NIV "ငါတို့သည် အပြစ်ပြုကြဦးမည်လော"

၂။ The Centenary Translation"ငါတို့သည် အပြစ်ရှိသောလုပ်ဆောင်မှုတစ်ခု ကျူးလွန်ကြဦးမည်လော"

၃။ RSV "ငါတို့သည် အပြစ်ပြုကြရန်လော"

ဤမေးခွန်းမှာ ဂရိဘာသာ၌ အလေးအနက်ပြုခြင်းဖြစ်ပြီး အဖြေမှာ"ဟုတ်ပါသည်"ဟုဖြစ်သည်။ ၎င်းမှာ သမ္မာတရားအားပြောပြရာ၌ ပေါလုသုံးသည့် အငြင်းအခုံပြုသူ ရှိလေဟန်ရေးသားမှုမျိုးဖြစ်သည်။ ဤအခန်းငယ်၌ မှားယွင်းသောဩဝါဒတစ်ရပ်အား ဖော်ပြခြင်းဖြစ်သည်! သူသည် ၎င်းအား အဖြေပေးရာ၌ သူ့နည်းအတိုင်း"မည်သည့်အခါ၌မျှ ထိုသို့မဖြစ်ရ"ဟူ၍ အဖြေပေးသည်။ ဘုရားသခင်၏ အခမဲ့ကျေးဇူးတော်ဖြစ်သည့် အမြစ်ပါလုန်၍ ပြောင်းလဲပစ်လိုက်သည့် ပေါလု၏ဧဝံဂေလိသတင်းကောင်းကို မှားယွင်းသောဆရာသမားများစွာ နားလည်မှုလွဲမှားကာ၊ မှားယွင်းစွာ အသုံးပြုခဲ့ကြသည်။

**၆း၁၆** ဤမေးခွန်းသည် "ဟုတ်ပါသည်"ဟူသောအဖြေကို မျှော်လင့်သည်။ လူသားများသည် တစ်စုံတစ်ရာ(ဝါ)တစ်စုံတစ်ယောက်ကို အစေခံကြသည်။ သင့်ဘဝကို မည်သူအုပ်ချုပ်သနည်း၊ အပြစ်တရားကလား? ဘုရားသခင်ကလား? လူသားများနာခံခြင်းပြုသည့်အရာသည် မည်သူ့အား သူတို့အစေခံကြောင်းပြသည်။ (ဂလာ ၆း၇-၈)

**၆း၁၇ "ဘုရားသခင်အား ကျေးဇူးတင်ပါသည်"**ပေါလုသည် မကြာခဏပင် ဘုရားသခင်အား ချီးမွမ်းခြင်းနှင့်ပြည့်လျှံလေ့ရှိသည်။ သူရေးသည့်စာများသည် သူ၏ဆုတောင်းမှုများမှ စီးဆင်းလာကာ၊ သူ၏ဆုတောင်းချက်များသည် ဧဝံဂေလိသတင်းကောင်းအား သိကျွမ်းရာမှ စီးဆင်းလာသည်။ အထူးအကြောင်းအရာ။ ။ပေါလု၏ဆုတောင်းမှု၊ ချီးမွမ်းခြင်းနှင့် ဘုရားသခင်အား ကျေးဇူးတင်ခြင်းများအကြောင်း ၇း၂၅ ၌ကြည့်ပါ။

**▣"သင်တို့...ခဲ့ကြကာ...ကြသည်ဖြစ်၍..."**အတိတ်ကအပြစ်ကို ကျွန်ခံခဲ့ကြပြီး၊ ယခု၌မူ သူတို့သည် ဆန့်ကျင်ပုန်ကန်မှုမပြုတော့ကြောင်းအား ဖော်ပြသည်။

**▣"ဩဝါဒပုံစံကို စိတ်နှလုံးပါလျက် နားထောင်ကြသည်"**။ ဤနေရာ၌ ဖော်ပြသည်မှာ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ဖြောင့်မတ်စေခြင်းရရှိခြင်းသည် နေ့စဉ်ခရစ်တော်နှင့် ပို၍ပို၍တူလာခြင်းသို့ ဦးတည်နေစေရလိမ့်မည်ဖြစ်သည်။

သွန်သင်မှု(teaching)ဆိုသည့် ဝေါဟာရသည် တမန်တော်များ၏ သွန်သင်မှုများ(ဝါ)ဧဝံဂေလိသတင်းကောင်းကိုရည်ညွှန်းသည်။

**▣"စိတ်နှလုံး"**–heart အထူးအကြောင်းအရာ။ ။ နှလုံး ၁း၂၄ ၌ကြည့်ပါ။

▣

| | |
|---|---|
| **NASB** | **"သင်တို့ကို အပ်နှံသော သွန်သင်မှုပုံစံ"** |
| **NKJV** | **"သင်တို့ကို ပေးအပ်သော ဩဝါဒပုံစံ"** |
| **NRSV, NIV** | **"သင်တို့ကို ယုံကြည်အပ်နှံသော သွန်သင်မှုပုံစံ"** |
| **TEV** | **"သင်တို့လက်ခံရရှိသော သွန်သင်မှု၌ တွေ့ရသည့် သမ္မာတရား"** |
| **NJB** | **"သင်တို့အား ခေါ်ဆောင်သွားရာ သွန်သင်မှုနမူနာ"** |

၎င်းသည် ၁ကော ၁၅း၁ နှင့်အလားတူဖြစ်ကာ၊ ဤယုံကြည်သူများကြားသိခဲ့ကြပြီး၊ လက်ခံခဲ့ကြသည့် ဧဝံဂေလိသမ္မာတရားများကို ရည်ညွှန်းသည်။ ဧဝံဂေလိသတင်းကောင်းဟူသည်

၁။ လက်ကမ်းကြိုဆိုခြင်းပြုရန် လူပုဂ္ဂိုလ်တစ်ဦး

၂။ ယုံကြည်ရန်ဖြစ်သည့် ထိုပုဂ္ဂိုလ်အကြောင်း သမ္မာတရား

၃။ ထိုပုဂ္ဂိုလ်အားလိုက်ကာ အသက်ရှင်ခြင်း ပုံစံတစ်ခု

▣"ပုံစံ" အောက်ပါ အထူးအကြောင်းအရာ၌ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ပုံစံ (TUPOS)

ပြဿနာမှာ *tupos* စကားလုံးသုံးနှုန်းပုံ အမျိုးမျိုးရှိခြင်းဖြစ်သည်။

၁။ Moulton နှင့် Milligan တို့၏ *The Vocabulary of the Greek New Testament*, p. 645 ၌

(က) နမူနာ (pattern)

(ခ) စီမံကိန်း (plan)

(ဂ) ပုံစံ (သို့) စာရေးဟန် (form or manner of writing)

(ဃ) စီရင်ချက် (ဝါ) ဆုံးဖြတ်ချက်

(င) ရောဂါပျောက်ကင်းစေသော နတ်ဘုရားတစ်ပါးအား အဓိဋ္ဌါန်ပြုကာ ပေးလှူခြင်းအဖြစ် လူသား၏ ကိုယ်ခန္ဓာနမူနာ

(စ) ဥပဒေ (law – ပညတ်တော်) ဆိုင်ရာအချက်များအား အတည်ပြုရန် သုံးသည့်ကြိယာ

၂။ Louw နှင့် Nide တို့၏ *Greek – English Lexion*, vol. 2, p. 249

(က) အမာရွတ် (ယောဟန် ၂၀း၂၅)

(ခ) ရုပ်တုဆင်းတု (တမန် ၇း၄၃)

(ဂ) ပုံစံ (ဟေဗြဲ ၈း၅)

(ဃ) ဥပမာ၊ သာဓက (၁ကော ၁၀း၆။ ဖိ ၃း၁၇)

(င) မူလပုံစံ (ရောမ ၅း၁၄)

(စ) အမျိုးအစား (တမန် ၂၃း၂၅)

(ဆ) ပါဝင်သောအရာများ (တမန် ၂၃း၂၅)

၃။ Harold K. Moulton ၏ *The Analytical Greek Lexion Revised*, p. 411

(က) ထိုးနှက်ချက်၊ တံဆိပ်ခတ်နှိပ်ခြင်း၊ အမှတ်အသား (ကော ၂၀း၂၅)

(ခ) အသေးစိတ်ချယ်မှုန်းခြင်း

(ဂ) ရုပ်တုတစ်ခု (တမန် ၇း၄၃)

(ဃ) ပုံသေနည်း (ကိန်း) တစ်ခု၊ ကြံစည်ချက်တစ်ခု (ရောမ ၆း၁၇)

(င) ပုံစံ၊ ဆိုလိုချက် (တမန် ၂၃း၂၅)

(စ) အသွင်သဏ္ဌာန်၊ အဖော်အဖက် (၁ကော ၁၀း၆)

(ဆ) ကြိုတင်၍ပြသောအသွင်သဏ္ဌာန်၊ အမျိုးအစား (ရောမ ၅း၁၄။ ၁ကော ၁၀း၁၁)

(ဇ) နမူနာပုံစံ (တမန် ၇း၄၄။ ဟေဗြဲ ၈း၅)

(ဈ) ကိုယ်ကျင့်တရားနမူနာ (ဖိ ၃း၁၇။ ၁သက် ၁း၇။ ၂သက် ၃း၉။ ၁တိ ၄း၁၂။ ၁ပေ ၅း၃)

ဤကျမ်းပိုဒ်အတွက် အထက်ပါ#ဈ မှာအကောင်းဆုံးဖြစ်လိမ့်မည်။ ဧဝံဂေလိသတင်းကောင်း၌ ဩဝါဒနှင့် အသက်ရှင်ခြင်းပုံစံသဘော နှစ်မျိုးစလုံးသဘောပါဝင်သည်။ ခရစ်တော်အထဲ အခမဲ့လက်ဆောင်ဖြစ်သော ကယ်တင်ခြင်းသည် ခရစ်တော်ကဲ့သို့ အသက်ရှင်ခြင်းကိုလည်း တောင်းဆိုသည်!

**၆း၁၈ "အပြစ်တရားမှ လွတ်မြောက်စေခြင်းခံခဲ့ကြပြီ"**။ ၎င်းသည် AORIST PASSIVE PARTICIPLE ဖြစ်သည်။ ဧဝံဂေလိသတင်းကောင်းသည် ခရစ်တော်လုပ်သည့်အလုပ်မှတဆင့် ဝိညာဉ်တော်၏ကိုယ်စားလှယ် လုပ်ဆောင်မှုအားဖြင့် ယုံကြည်သူများကို လွတ်မြောက်စေသည်။ ယုံကြည်သူများသည် အပြစ်၏ဒဏ်မှလွတ်မြောက်စေခြင်း (ဖြောင့်မတ်စေခြင်း)နှင့် အပြစ်၏ စိုးမိုးမှုမှ လွတ်မြောက်စေခြင်း နှစ်မျိုးစလုံး ရရှိခဲ့ပြီးဖြစ်သည်။ (သန့်ရှင်းစင်ကြယ်စေခြင်း၊ အငယ် ၇ နှင့် တစ်နေ့သောအခါကျလျှင် သူတို့သည် အပြစ်ရှိနေရာအရပ်မှ် လွတ်မြောက်စေခြင်းခံကြလိမ့်မည်။ (ဘုန်းကြီးစေခြင်း၊ ၈း၂၉–၃၀)။

**▣"ဖြောင့်မတ်ခြင်း၏ကျေးကျွန်များ ဖြစ်လာကြ၏"**။ ၎င်းမှာ AORIST PASSIVE INDICATIVE ဖြစ်ပြီး "သင်တို့သည် ဖြောင့်မတ်ခြင်း၏ကျေးကျွန်များဖြစ်စေခြင်း ခံကြရပြီးဖြစ်သည်"ဟူ၍ဖြစ်၏။ အထူးအကြောင်းအရာ။ ။ ၁း၁၇ ၌ကြည့်ပါ။ ယုံကြည်သူများသည် ဘုရားသခင်ကို အစေခံရန်အလို့ငှါ အပြစ်မှလွတ်မြောက်ကြပြီဖြစ်သည်! (၁၄၊

၁၉၊ ၂၂။ ၇း၄။ ၈း၂)။ အခမဲ့ကျေးဇူးတော်၏ပန်းတိုင်မှာ ဘုရားတရားနှင့်ညီသော အသက်တာဖြစ်သည်။ ဖြောင့်မတ်စေခြင်းမှာ တရားဥပဒေဆိုင်ရာ ထုတ်ဖော်ကျေညာချက်နည်းတူ၊ လူပုဂ္ဂိုလ်အားဖြင့် ဖြောင့်မတ်ခြင်းရှိစေရန် တွန်းအားလည်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ကယ်တင်ခြင်းရရှိစေလိုကာ၊ အခြားသူများကိုလည်း ထိတွေ့စေလိုသည်! ကျေးဇူးတော်သည် ယုံကြည်သူတစ်ဦးချင်း၏ကယ်တင်ခြင်းနှင့် အဆုံးသတ်ခြင်းမပြုချေ။ (မဿဲ ၂၈း၁၈–၂၀။ လုကာ ၂၄း၄၇။ တမန် ၁း၈)။

**၆း၁၉ "သင်တို့၏ ဇာတိပကတိဉာဏ်နည်းပါးသဖြင့် ငါသည် လူ၏ဝေါဟာရဖြင့် ပြောနေခြင်းဖြစ်သည်"** ပေါလုသည် ရောမမြို့ရှိ ယုံကြည်သူများကို ပြောနေခြင်းဖြစ်သည်။ ပေါလုသည် မိမိကြားခဲ့သည့် ဒေသန္တရပြဿနာ (ဂျူးယုံကြည် သူများနှင့် တပါးအမျိုး ယုံကြည်သူများအကြား မနာလိုမှု) အကြောင်းပြောခြင်းလော၊ သို့တည်းမဟုတ် ယုံကြည်သူ အားလုံးနှင့်ဆိုင်သော သမ္မာတရားတစ်ရပ်အား အတည်ပြုပြောနေခြင်းလော၊ ပေါလုသည် ဤစကားစုကို စောစော၌လည်း ဂလာတိ ၃း၁၅ မှာ နည်းတူ ရောမ ၃း၅ ၌သုံးခဲ့သည်။

အခန်းငယ် ၁၉ သည် အခန်းငယ် ၁၆ နှင့် ဆင်တူဖြစ်သည်။ ပေါလုသည် မိမိ၏ဓမ္မသဘောတရားဆိုင်ရာ အဓိကအချက်များကို အလေးအနက်ပြုရန် ထပ်မံ၍ ဖော်ပြလေ့ရှိတတ်သည်။ သို့သော် "သင်တို့၏ဇာတိပကတိဉာဏ်နည်းသောကြောင့်"ဟုဆိုရာ၌ ဤအနက်ပြန်ခြင်းနှင့် ကိုက်ညီခြင်းမရှိချေ။ ကျွန်စံနစ်ကို အထူးသဖြင့်ရောမမြို့၌ ပထမရာစုနှစ် လူ့အဖွဲ့အစည်း၌ အဆိုးမမြင်ခဲ့ကြချေ။ ၎င်းမှာ ထိုခေတ်ကာလ၏ သာမန်ထုံးတမ်းစဉ်လာ တစ်ရပ်သာလျှင်ဖြစ်သည်။

■**"သွေးသားဇာတိ"** အထူးအကြောင်းအရာ ၁း၃ ၌ကြည့်ပါ။

■**"သန့်ရှင်းစင်ကြယ်ခြင်းကို ဖြစ်ပွါးစေ။"** ၎င်းသည် ဖြောင့်မတ်စေခြင်း၏ပန်းတိုင်ဖြစ်သည်။ (ငယ် ၂၂)။ ဓမ္မသစ်ကျမ်းသည် ဤဝေါဟာရကို ကယ်တင်ခြင်းဆိုင်ရာ ဓမ္မသဘောအဓိပ္ပါယ်နှစ်မျိုးဖြင့်သုံးသည်။

၁။ ရပ်တည်မှုဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း။ ၎င်းသည် ဘုရားသခင်၏လက်ဆောင်ဖြစ်ပြီး (ပကတိတည်ရှိသောအဓိပ္ပါယ်) ကယ်တင်ခြင်းရသည့်အချိန်၌ ခရစ်တော်အား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်းနှင့်အတူပေးသည်။ (တမန် ၂၆း၁၈။ ၁ကော ၁း၂။ ၆း၁၁။ ဧဖက် ၅း၂၆–၂၇။ ၁သက် ၅း၂၃။ ၂သက် ၂း၁၃။ ဟေဗြဲ ၁၀း၁၀။ ၁၃း၁၂။ ၁ပေ ၁း၂)။

၂။ ဆက်လက်ဖြစ်ပေါ်သော သန့်ရှင်းစင်ကြယ်ခြင်းဖြစ်သည်။ ၎င်းသည်လည်း သန့်ရှင်းသောဝိညာဉ်တော်မှ တဆင့်ဘုရားသခင်၏လုပ်ဆောင်မှုဖြစ်သည်။ယုံကြည်သူ၏အသက်တာသည်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၏သဏ္ဍာန်နှင့်ရင့်ကျက်မှုဆီသို့ ပြောင်းလဲစေခြင်းခံရသည်။ (ပကတိတည်ရှိသောအဓိပ္ပါယ်ဖြစ်သည်။ ၂ကော ၇း၁။ ၁သက် ၄း၃၊ ၇။ ၁တိ ၂း၁၅။ ၂တိ ၂း၂၁။ ဟေဗြဲ ၁၂း၁၀၊ ၁၄)

ထူးအကြောင်းအရာ။ ။ သန့်ရှင်းစင်ကြယ်ခြင်း – ၆း၄ ၌ကြည့်ပါ။

သန့်ရှင်းစင်ကြယ်ခြင်းသည် လက်ဆောင်နှင့်စေခိုင်းခြင်းနှစ်မျိုးလုံးဖြစ်သည်! ၎င်းမှာ ရပ်တည်ခြင်းနှင့် လုပ်ဆောင်မှု(အသက်ရှင်ခြင်းပုံစံ) နှစ်မျိုးစလုံးဖြစ်သည်! ၎င်းသည် INDICATIVE (အဖြစ်မှန်တစ်ခုအား ဖော်ပြခြင်း)နှင့် IMPERATIVE (စေခိုင်းခြင်း)ဖြစ်သည်! ၎င်းသည် အစပြုချိန်၌ ရောက်ရှိလာသည်မှန်သော်လည်း အဆုံးသတ်၌သာ ပြည့်စုံရင့်ကျက်သည်။ (ဖိ ၁း၆။ ၂း၁၂–၁၃)

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၆း၂၀–၂၃

[20]**သင်တို့သည် အပြစ်တရား၏ကျွန်ဖြစ်ခဲ့ကြစဉ်၊ ဖြောင့်မတ်ခြင်းတရားနှင့် ကင်းလွတ်ကြ၏။** [21]**ထို့ကြောင့် ယခုသင်တို့ရှက်ကြရသည့် ထိုအရာများထဲ မည်သည့်အကျိုးကျေးဇူးရခဲ့ကြသနည်း။ အကြောင်းမူကား ထိုအရာများကြောင့် ဖြစ်လာသည့်အရာမှာ သေခြင်းဖြစ်၏။** [22]**သို့သော် ယခု၌မူ အပြစ်တရားမှ လွတ်**

**မြောက်ကာ၊ ဘုရားသခင်၏ကျွန်ဖြစ်လာခြင်းကြောင့် သင်တို့ရရှိသည့် အကျိုးကျေးဇူးမှာ သန့်ရှင်းစေခြင်းဖြစ်ပြီး၊ ၎င်းသည် ထာဝရအသက်ဖြစ်စေသည်။ [၂၃]အကြောင်းမူကား အပြစ်၏အခမှာ သေခြင်းတရားဖြစ်သော်လည်း၊ ဘုရားသခင်၏အခမဲ့လက်ဆောင်မှာ ငါတို့၏သခင်ခရစ်တော်ယေရှုအထဲက ထာဝရအသက်ဖြစ်သတည်း။**

**၆း၂၀–၂၁။** ၎င်းသည် အငယ် ၁၈ နှင့် ၁၉ တို့၏ဆန့်ကျင်ဘက်အား ရိုးရိုးလေး ဖော်ပြခြင်းဖြစ်သည်။ ယုံကြည်သူများသည် သခင်တစ်ဦးတည်းကိုသာ အစေခံနိုင်သည်။ (လုကာ ၁၆း၁၃)
**၆း၂၂–၂၃။** ဤအခန်းငယ်များသည် တစ်စုံတစ်ယောက်အား သူအစေခံရာသူက ဆပ်ပေးသည့် ဆက်လက်ဖြစ်ပေါ်သောအခများကို ဖော်ပြသည်။ အပြစ်အကြောင်း ဤဆွေးနွေးမှုနှင့် ကျေးဇူးတော်ကိုစူးစိုက်သောယုံကြည်သူ၏ အဆုံးသတ်တို့ကြောင့် ဘုရားသခင်အားကျေးဇူးတင်သည်! အစပထမ၌ ငါတို့၏ ပူးပေါင်းပါဝင်မှုမှရသောကယ်တင်ခြင်းလက်ဆောင်ဖြစ်ပြီး၊ ၎င်း နောက်၌လိုက်လာသော ခရစ်ယာန်အသက်တာသည်လည်း၊ ငါတို့၏ပူးပေါင်းပါဝင်မှုမှဖြစ်လာသည်။ နှစ်ခုစလုံးမှာ ယုံကြည်ခြင်းနှင့်နောင်တရခြင်းအားဖြင့် လက်ခံရရှိသောလက်ဆောင်များဖြစ်သည်။

**၆း၂၂ "သင်တို့ရရှိသည့် အကျိုးကျေးဇူးမှာ သန့်ရှင်းစေခြင်းဖြစ်ပြီး၊ ၎င်းသည် ထာဝရအသက်ဖြစ်စေသည်။"** "အကျိုး"ဆိုသည်မှာ အမှန်အားဖြင့် အငယ် ၂၁ ၌သုံးသည့် "အသီး"–fruit ပင်ဖြစ်ပြီး၊ အပြစ်၏အကျိုးဆက်ကိုပြောခြင်းဖြစ်သော်လည်း အငယ် ၂၂ ၌မူ ဘုရားသခင်အား အစေခံရာမှ ဖြစ်လာသောအကျိုးဆက်များကို ပြောခြင်းဖြစ်သည်။ ယခုလတ်တလောအကျိုးကျေးဇူးမှာ ယုံကြည်သူသည် ခရစ်တော်နှင့်တူလာခြင်းဖြစ်သည်။ အဆုံးစွန်သောအကျိုးကျေးဇူးမှာ သခင်ဘုရားနှင့်တူနေရခြင်းနှင့်၊ သူနှင့်ထာဝရတူညီခြင်းဖြစ်သည်။ (၁ယော ၃း၂)။ လတ်တလောအကျိုးရလာဒ်မရှိပါက (ပြောင်းလဲသောအသက်တာ–ဥပမာ ယာကုပ် ၂) အဆုံးစွန်သောရလဒ်ကို တရားဝင်မေးခွန်းထုတ်နိုင်သည်။(ထာဝရအသက်  မဿဲ ၇)။ "အသီးမသီးပါက၊ အမြစ်မပါ၍ဖြစ်သည်။"

**၆း၂၃** ၎င်းမှာ ဤအခန်းကြီးခြောက်တစ်ခုလုံး၏ အကျဉ်းချုပ်ဖြစ်သည်။ ပေါလုသည် ရွေးချယ်ရမည့်အရာကို ဆေးအဖြူအမဲ သုတ်ပြထားသည်။ ရွေးချယ်ရမည်မှာ ကျွန်တော်တို့ဖြစ်သည်။ အပြစ်နှင့်သေခြင်းလော (ဝါ) ခရစ်တော်အားဖြင့် အခမဲ့ကျေးဇူးတော်နှင့် ထာဝရအသက်လော? ၎င်းမှာ ဓမ္မဟောင်းကျမ်းထဲက ပညာဆိုင်ကျမ်းများထဲ ဖော်ပြသည့် "လမ်းနှစ်လမ်း"နှင့် အလွန်ဆင်တူသည်။ (တရား ၃၀း၁–၁၇။ ဆာ ၁။ သုတ္တံ ၄။ ၁၀–၁၉။ မဿဲ ၇း၁၃–၁၄)

▣ **"အပြစ်၏အခ"**အပြစ်ကို လူပုဂ္ဂိုလ်ကဲ့သို့ တင်စားဖော်ပြပုံတို့မှာ (၁) ကျွန်ပိုင်ရှင်တစ်ဦး (၂) စစ်ဗိုလ်ချုပ်ကြီးတစ်ဦး သို့မဟုတ် (၃) အဘိုးအခများပေးအပ်သည့် ဘုရင်ကြီးတစ်ပါးတို့ဖြစ်သည်။ (၃း၉။ ၅း၂၁။ ၆း၉၊ ၁၄၊ ၁၇)။
**"ဘုရားသခင်၏အခမဲ့လက်ဆောင်မှာ…ထာဝရအသက်ဖြစ်သည်"** "အခမဲ့လက်ဆောင်"အဖြစ် ဘာသာပြန်သော (*charisma*)မှာ ကျေးဇူးတော်စကားလုံး (*charis)*မှလာခြင်းဖြစ်သည်။ ဤစကားလုံးမှာ ကျေးဇူးတော်စကားလုံးမှလာခြင်းဖြစ်သည်။ ( ၃း၂၄။ ၅း၁၅၊ ၁၆၊ ၁၇။ ဧဖက် ၂း၈–၉)။ ၃း၂၄ မှတ်ချက်၌ကြည့်ပါ။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် လမ်းညွှန်ခြင်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့်

သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်းရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သော ဤမေးခွန်းများမှာ ဤစာအုပ်၏ ဤအပိုင်းတွင်ပါဝင်သောအဓိကအကြောင်းအရာများအားစဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ကောင်းသောအလုပ် (ကောင်းမှုကုသိုလ်)များသည် ကယ်တင်ခြင်းနှင့် မည်သို့ဆက်စပ်သနည်း? (ဧဖက် ၂း၈–၉၊ ၁၀)

၂။ ယုံကြည်သူတစ်ယောက် ဆက်လက်၍အပြစ်လုပ်နေခြင်းသည် ကယ်တင်ခြင်းနှင့် မည်သို့ဆက်စပ်သနည်း? (၁ယော ၁၃း၆၊၉)

၃။ ဤအခန်းကြီး၌ "အပြစ်ကင်းစင်သောစုံလင်ပြည့်ဝခြင်း"အကြောင်း သွန်သင်ထားပါသလား?

၄။ အခန်းကြီး ၆သည် အခန်းကြီး ၅နှင့် ၇ တို့နှင့် မည်သို့ဆက်စပ်သနည်း?

၅။ ရေနှစ်မင်္ဂလာအကြောင်း ဤနေရာ၌ မည်သို့ဆွေးနွေးသနည်း?

၆။ ခရစ်ယာန်များသည် မိမိတို့၏သဘာဝဟောင်း(မွေးရာပါဗီဇ)ဆက်လက်ရှိနေကြသလား? အဘယ်ကြောင့်နည်း?

၇။ အငယ် ၁–၁၄ အတွင်း ယခုပစ္စုပ္ပန်ကာလအကြောင်း ဖော်ပြသည့်စကားလုံးများ လွှမ်းမိုးနေကာ၊ အငယ် ၁၅–၂၃အတွင်း ပြီးစီးခဲ့ပြီးဖြစ်သောအရာ အကြောင်းပြောသည့်စကားလုံးများ လွှမ်းမိုးနေခြင်းသည် မည်သည့်အရာကိုဆိုလိုပါသနည်း?

# ရောမ ၇

## ခေတ်သစ် ဘာသာပြန်ကျမ်းများအား အပိုင်းလိုက်ခွဲခြင်း

| UBS[4] | NKJV | NRSV | TEV | NJB |
|---|---|---|---|---|
| ထိမ်းမြားခြင်းနှင့်အလားတူခြင်း | ပညတ်တရားမှ လွတ်မြောက် | ထိမ်းမြားခြင်းနှင့် အလားတူခြင်း | ထိမ်းမြားခြင်းနှင့် ရှင်းပြခြင်း | ခရစ်ယာန်သည် ပညတ်တရား၏ ကျွန်ပြုခြင်းမှ လွတ်မြောက် |
| ၇း၁–၆ | ၇း၁–၆ | ၇း၁–၃ | ၇း၁–၆ | ၇း၁–၆ |
| အထဲ၌ရှိသော အပြစ်၏ပြဿနာ | အပြစ်သည်ပညတ် တရားကြောင့်အခွင့်ရ | ပညတ်တရားတော် နှင့်အပြစ် | ပညတ်တရားနှင့် အပြစ် | ပညတ်တရား တော်အလုပ် လုပ်ပုံ |
| ၇း၇–၁၂ | ၇း၇–၁၂ | ၇း၇–၁၂ | ၇း၇–၁၁<br>၇း၁၂–၁၃ | ၇း၇–၈<br>၇း၁၂–၁၃ |
| | ပညတ်တရားသည် အပြစ်မှ မကယ်နိုင် | | | |
| ၇း၁၃–၂၅ | ၇း၁၃–၂၅ | ၇း၁၃ | | |
| | | အတွင်းတိုက်ပွဲ | လူထဲကတိုက်ပွဲ | အတွင်းပိုင်း ရန်းကန်မှု |
| | | ၇း၁၄–၂၀ | ၇း၁၄–၂၀ | ၇း၁၄–၂၀ |
| | | ၇း၂၁–၂၅ | ၇း၂၁–၂၅ | ၇း၂၁–၂၃<br>၇း၂၄–၂၅ |
| | | ၇း၂၅ | ၇း၂၅ | ၇း၂၅ |

## ပတ်လည်ဖတ်ရှုခြင်း အကြော့သုံး (စာ xi ကြည့်)

### *မူရင်းစာရေးသူ၏ စာပိုဒ်အလိုက်ရည်ရွယ်ချက်ကိုနားလည်ခြင်း*

ဤဖော်ပြချက်သည် လမ်းညွှန်လက်စွဲမျှသာ ဖြစ်သည်ဟု ဆိုလိုသည်မှာ... 

ငင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ပြန်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲ လျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်း အပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ပါ။ မိမိ၏ အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်း မဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ငင်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ်

၄။ … စသဖြင့်

## **ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်း။** အငယ် ၁–၆အား

က။ အခန်းကြီးရအား အနက်ပြန်ရန်မှာ

၁။ အခန်းကြီး ၆ အထူးသဖြင့် အငယ် ၁၂–၁၄အား နားလည်ရပုံကို အခြေပြုရန် (၃း၂၀၊ ၂၁–၃၁။ ၄း၁၃–၁၆။ ၅း၂၀)

၂။ အခန်းကြီး ၉–၁၁၌ တွေ့ရသည့်ရောမမြို့အသင်းတော်အတွင်း ယုံကြည်သူတစ်ပါးအမျိုးသားများနှင့် ယုံကြည်သူဂျူးလူမျိုးများအကြား ဖြစ်ပေါ်ခဲ့သောတင်းမာမှုနှင့်လည်း ဆက်စပ်ရန်ဖြစ်သည်။

ထိုပြဿနာ၏ သဘောသဘာဝအစစ်အမှန်ကို သေချာမသိရချေ။ ဖြစ်နိုင်သည်မှာ

က။ မောရှေ၏ပညတ်တရား အခြေခံသည့် ပညတ်တရားဝါဒ

ခ။ ဂျူးဘာသာဝင်များက ခရစ်တော်ထက် မောရှေအား ပို၍အလေးထားခြင်း

ဂ။ ဧဝံဂေလိသတင်းကောင်းသည် ဂျူးလူမျိုးများအတွက် မည်သို့အဓိပ္ပါယ်ရှိပုံကို နားလည်မှုလွဲမှား ခြင်း

ဃ။ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ်ကျမ်း၏ ဆက်စပ်မှုအား နားလည်မှုလွဲမှားခြင်း

င။ ရောမမြို့အတွင်း ဂျူးဘာသာရေးအခန်းအနားအားလုံး ရပ်တံ့စေသည့် အင်ပါယာရှင်၏အမိန့် တော်ကာလအတွင်း အသင်းတော်ခေါင်းဆောင်မှု၌ အစားထိုးဝင်ရောက်လာသည့် တစ်ပါးအမျိုး သားများအပေါ် ဂျူးလူမျိုးခေါင်းဆောင်များ၏ မနာလိုမှု။ ထိုစဉ်က ယုံကြည်သူဂျူးအများအပြားလည်း ရောမမြို့မှ ထွက်ခွါသွားခြင်းဖြစ်နိုင်သည်။

ခ။ ရောမ ၇း၁–၆၌ ခရစ်ယာန်နှင့်သူ၏အသက်တာဟောင်း ဆက်စပ်မှုအကြောင်း တင်စားသောစကားများဖြင့် ဆက်လက်ဖော်ပြသည်။ အသုံးပြုသောတင်စားမှုများမှာ

၁။ သေဆုံးခြင်းနှင့် အခြားသောသခင်အတွက် ကျွန်အဖြစ်မှ လွတ်မြောက်ခြင်း (အခန်းကြီး ၆)

၂။ သေဆုံးခြင်းနှင့် ထိမ်းမြားခြင်းဆိုင်ရာ ဝတ္တရားများမှ လွတ်မြောက်ခြင်း (အခန်းကြီး ၇)

ဂ။ အခန်းကြီး ၆နှင့်၇ တို့မှာ စာလာအတိုင်း ဆင်တူဖြစ်သည်။ အခန်းကြီး ၆သည် ယုံကြည်သူနှင့် "အပြစ်"၏ ဆက်စပ်မှုအကြောင်းပြောကာ၊ အခန်းကြီး ၇သည် ယုံကြည်သူနှင့် "ပညတ်တရား"၏ဆက်စပ်မှုကို ပြောပါသည်။ သေခြင်းသည် ကျွန်တစ်ယောက်အားလွတ်မြောက်စေခြင်းနှင့်(၆း၁၂–၂၃)လူတစ်ယောက်သေဆုံးသည့်အခါ ထိမ်းမြားခြင်း၏ချုပ်နှောင်မှုမှ လွတ်မြောက်သွားပုံ (၇း၁–၆) တို့မှာ ဆင်တူဖြစ်သည်။

| **အခန်းကြီး ၆** | **အခန်းကြီး ၇** |
|---|---|
| ၆း၁ "အပြစ်" | ၇း၁ "ပညတ်တရား" |
| ၆း၂ "အပြစ်၌သေ" | ၇း၄ "ပညတ်တရား၌သေ" |
| ၆း၄ "အသက်တာသစ်၌လျှောက်လှမ်းနိုင်ရန်" | ၇း၆ "အသစ်သောဝိညာဉ်ဖြင့် အစေခံနိုင်ရန်" |
| ၆း၇ "သေဆုံးသူသည် အပြစ်မှလွတ်သည်" | ၇း၆ "ငါတို့ကို ချည်နှောင်သောအရာ၌ သေဆုံးကြကာ၊ ပညတ်တရားမှ လွတ်မြောက်စေခြင်းရရှိကြပြီ" |
| ၆း၁၈ "အပြစ်မှလွတ်စေခြင်း ရရှိကြပြီ" | ၇း၃ "ပညတ်တရားမှ လွတ်မြောက်" |

(Carl C.Rassmussen ဘာသာပြန်သည့် Anders Nygren's *Commentary on Romans*, p.268 မှယူပါသည်)

ဃ။ ပညတ်တရားနှင့် ၎င်း၏အဆိုအမိန့်များသည် သေဒဏ်စီရင်ချက်ဖြစ်သည်။ လူသားအားလုံး ပညတ်တရားလက်အောက်၌ ပြစ်ဒဏ်စီရင်ခံရသည်။ (ရောမ ၆း၁၄။ ၇း၄။ ဂလ ၃း၁၃။ ဧဖက် ၂း၁၅။ ကော ၂း၁၄)။ မောရှေ၏ ပညတ်တရားမှာ ကျိန်ဆဲခြင်းတစ်မျိုးဖြစ်လာသည်!

င။ အခန်းကြီး ၇အား အနက်ပြန်ပုံ အဓိကလေးမျိုးခန့်ရှိသည်။

၁။ ပေါလုသည် မိမိအကြောင်းအား ပြောခြင်းဖြစ်သည်။ (အတ္တုပ္ပတ္တိ)

၂။ လူသားအားလုံး ကိုယ်စားပြုပြောခြင်းဖြစ်သည်။ (ကိုယ်စားပြုခြင်း–Chysostom)

၃။ အာဒံ၏အတွေ့အကြုံအား ပြောခြင်းဖြစ်သည်။ (Theodore of Mobsuetia)

၄။ အစ္စရေး၏အတွေ့အကြုံအား ပြောခြင်းဖြစ်သည်။

စ။ ရောမ ၇ သည် ကမ္ဘာဦး ၃နှင့်များစွာတူသည်။ ၎င်းသည် ဘုရားသခင်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသူများကိုပင် တော်လှန်ပုန်ကန်မှုသည် အောက်သို့ဆွဲချကြောင်း ပြသသည်။ အသိပညာသည် ကျဆင်းခဲ့ပြီးသောလူသားကို မလွတ်မြောက်စေနိုင်ချေ။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အသစ်သောနှလုံး၊ အသစ်သောစိတ်နှင့် အသစ်သောဝိညာဉ်ကသာလျှင် ၎င်းကို တတ်စွမ်းနိုင်သည်။ (ပဋိညာဉ်တရားသစ်၊ ယေရမိ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၆–၂၇)။ ၎င်းနောက်ပိုင်း၌ပင် ဆက်လက်ရုန်းကန်၍ သွားရပါသည်။ (၆း၁၂၊ ၁၉။ ၁ကော ၆း၁၀–၁၉။ ဧဖက် ၆း၁၀–၁၈)!

## စကားလုံးနှင့် စကားစုလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၇း၁–၃**

**[၁]သို့တည်းမဟုတ် ညီအစ်ကိုတို့၊ ပညတ်တရားသည် လူကိုသူအသက်ရှင်နေသရွေ့သာ စီရင်ပိုင်ခွင့်ရှိသည်ကို မသိကြသလော။ (ပညတ်တရားတော်ကို သိသူများအား ငါပြောခြင်းဖြစ်သည်) [၂]အကြောင်းမူကား၊ လင်ရှိသောမိန်းမကို ပညတ်တရားသည် သူ့လင်အသက်ရှင်နေစဉ်၌သာ ချည်နှောင်သည်။ သို့သော် သူ့လင်သေပါက၊ သူ့လင်နှင့်ဆိုင် သောပညတ်တရားမှ သူမသည် လွတ်မြောက်၏။ [၃]သို့ဖြစ်၍ သူ့လင်အသက်ရှင်နေစဉ် အခြားယောကျ်ားနှင့်ပေါင်းပါက သူမကို မျောက်မထားသောမိန်းမဟု ခေါ်ကြလိမ့်မည်။ သို့သော် သူ့လင်သေလျှင်မူ၊ အခြားယောကျ်ားနှင့်ပေါင်းသော်လည်း မျောက်မထားသောမိန်းမဟု မခေါ်ရဘဲ၊ ပညတ်တရားမှလွတ်မြောက်၏။**

**၇း၁ (ပညတ်တရားတော်ကို သိသူများအား ငါပြောခြင်းဖြစ်သည်)** ၎င်းက ရည်ညွှန်းနိုင်သည်မှာ

၁။ ယုံကြည်သူဂျူးလူမျိုးများကိုသာလျှင်

၂။ ရောမအသင်းတော်ထဲ ယုံကြည်သူဂျူးနှင့် တပါးအမျိုးသားများအကြား ပဋိပက္ခ

၃။ လူသားအားလုံး တစ်စုတစ်စည်းတည်း ပြောသည်နည်းတူ ပညတ်တရားအား ယေဘုယျအားဖြင့်ပြောခြင်း (၂း၁၄–၁၅)

၄။ မိမိတို့၏အသစ်သောယုံကြည်ခြင်းအကြောင်း ဓမ္မဟောင်းကျမ်းမှ သင်ယူရာ၌ ပါဝင်သည့်တပါးအမျိုးသား ယုံကြည်သူအသစ်များ (မေး၊ ဖြေစံနစ်ဖြင့် သင်ကြားခြင်း၊ ၆း၁၇)

▣**"ပညတ်တရား"**။ ၎င်းမှာ ဤအခန်းကြီး၏အဓိက ဦးတည်ချက်ဖြစ်သည်။ (အငယ် ၁၊ ၂၊ ၄၊ ၅၊ ၆...စသဖြင့်) သို့သော် ပေါလုသည် ထိုဝေါဟာရကို အဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးသည်။ (သဘာဝနိယမ၊ မောရှေ၏ပညတ္တိကျမ်း၊ လူမှုရေးဥပဒေသများ)။ ပေါလု၏ဆွေးနွေးမှုမှာ ၆း၁၄ကို အခြေခံခြင်းဖြစ်ပုံရသည်။ သူ၏တင်ပြပုံမှာ အခန်းကြီး ၆နှင့်ဆင်တူဖြစ်နေသည်။ ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ရခြင်း "ဂ" ၌ကြည့်ပါ။ မောရှေ၏ပညတ်တရား

သည် ခရစ်တော်အထဲက ပဋိညာဉ်တရားအသစ်နှင့် မည်သို့ဆက်စပ်ပုံကိုလည်း ၃း၂၁–၃၁နှင့် ၄း၁၃–၁၆တို့၌ ဆွေးနွေးထားပါသည်။

▣

**NASB "ပညတ်တရားသည် လူကို သူအသက်ရှင်နေသရွေ့သာ စီရင်ပိုင်ခွင့်ရှိသည်။"**
**NKJV "ပညတ်တရားသည် လူကို သူအသက်ရှင်နေသရွေ့သာ အုပ်စိုးသည်"**
**NRSV "ပညတ်တရားသည် လူအပေါ်၌ ထိုသူအသက်ရှင်နေစဉ်၌သာ အတည်ဖြစ်သည်"**
**TEV "ပညတ်တရားသည် လူကိုသူအသက်ရှင်နေသရွေ့သာ အုပ်ချုပ်သည်"**
**NJB "ပညတ်တရားသည် လူတစ်ယောက်အား ထိုသူအသက်ရှင်နေစဉ်၌သာ အကျိုးသက်ရောက်သည်"**

ဂင်း၏အဓိပ္ပါယ်မှာ "သခင်လုပ်သည်"(*kurieuo* ၆း၉၊ ၁၄)ဟူ၍ဖြစ်၏။ မောရှေ၏ပညတ်တရားသည် ကြီးမားသောကောင်းချီးမင်္ဂလာဖြစ်သည်နည်းတူ (ဆာလံ ၁၉။ ၁၁၉)ကြောက်မက်ဖွယ်ရာ ကျိန်ဆဲခြင်းလည်းဖြစ်သည်။ (ဂလ **၃း၁၃**။ ဇဖက် ၂း၁၅။ ကော ၂း၁၄)။ ခန္ဓာကိုယ်သေဆုံးသည့်အခါ ပညတ်တရားပေါ် ဝတ္တရားလည်းရပ်စဲသည်။ ယုံကြည်သူသည် အပြစ်၌သေဆုံးသူဖြစ်ကြောင်းနှင့်ဆိုင်၍ အခန်းကြီး ၆၌ ဤတင်စားမှုမျိုးကိုပင်သုံးသည်။

**၇း၂ "လင်ရှိမိန်းမ"**။ ဂင်းကို အငယ် ၁–၆အတွင်း ဥပမာပေးကာ ရှင်းလင်းရာ၌ ပေါလုအဓိကသုံးသည်။အခန်းကြီး ၆ ၌ သူသည်လူတစ်ယောက်သေဆုံးသည့်အခါ ကျေးကျွန်အဖြစ်မှ ရပ်စဲသွားခြင်းအား ဥပမာအဖြစ်ယူသည်။ ဤနေရာ၌ ထိမ်းမြားခြင်းနှင့် ဂင်း၏ဝတ္တရားများပေါ် ဆင်ခြင်မှုပြုသည်။ ဤနေရာ၌ ကျန်ရစ်သူမှဆိုးမပြန်၍ ထိမ်းမြားခြင်းပြုနိုင်ရန် သူ့လင်သေခြင်းအား ဥပမာထားကာ ရှင်းလင်းခြင်းမှာ ပြောင်းပြန်ဖြစ်သည်။ ဂင်းနှင့်ဆင်တူအဖြစ် ပေါလုဖော်ပြသည်မှာ ယုံကြည်သူမှာ သေဆုံးသူဖြစ်သဖြင့် ဘုရားသခင်အတွက် အသက်ရှင်သည်ဟူ၍ဖြစ်၏။

▣**"သူမသည် လွတ်မြောက်၏။"** ဂင်းသည် ၆း၆က ကြိယာနှင့်အတူတူပင်ဖြစ်ကာ "မလှုပ်မရှားနိုင်အောင်ပြုသည်" "အသုံးမရဖြစ်သွားစေသည်" သို့မဟုတ် "အလုပ်မလုပ်နိုင်အောင်ပြုသည်"ဟူ၍ဖြစ်၏။ ဂင်းမှာ ၆း၆၌ AORIST PASSIVE ဖြစ်ပြီး၊ ဤနေရာ၌မူ PERFECT PASSIVEဖြစ်ကာ အဓိပ္ပါယ်မှာ"လွတ်မြောက်စေခြင်းခံခဲ့ပြီး၊ ဆက်လက်လွတ်မြောက်စေခြင်း ခံသည်"ဟူ၍ဖြစ်သည်။ အထူးအကြောင်းအရာ ၃း၃၌ကြည့်ပါ။

**၇း၃ "သူမကို မျောက်မထားသောမိန်းမဟု ခေါ်ကြလိမ့်မည်"**။ဂင်းသည် တရားဟော ၂၄း၁–၄ အပေါ် Shammaiနှင့် Hillelခေါ်ဂျူးကျမ်းစာကျောင်းတော်နှစ်မျိုး၏ ကွဲပြားခြားနားမှုနှင့် ဆက်စပ်သည်။ အထူးသဖြင့် "အချို့သောမဖွယ်မရာမှုများ"နှင့်ဆိုင်၍ဖြစ်သည်။ Hillel ကျောင်းတော်သည် မည်သည့်အကြောင်းကြောင့်ဖြစ်စေ လင်မယားကွာရှင်းမှုအား ခွင့်ပြုပေးသည့်ခေတ်သစ် (liberal)အုပ်စုဖြစ်သည်။ Shammai ကျောင်းတော်မှာမူ ရှေးရိုးဆန်သောအုပ်စု (Conservative) ဖြစ်ပြီး လင်မယားကွာရှင်းမှုအား လိင်မှုကိစ္စ ဖေါက်ပြန်မှုကိစ္စရပ်များအားဖြင့်သာခွင့်ပြုသည်။ (မဿဲ ၅း၃၂။ ၁၉း၉)။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၇း၄–၆

**[4]ထို့ကြောင့် ညီအစ်ကိုတို့ သင်တို့သည်လည်း အခြားသောသူတည်းဟူသော သေခြင်းမှထမြောက်သောသူနှင့်ပေါင်းဖက်၍၊ ဘုရားသခင်အတွက် အသီးသီးနိုင်မည်အကြောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာအားဖြင့် ပညတ်တရား၌ သေဆုံးကြ၏။ [5]အကြောင်းမူကား ငါတို့သည် ဇာတိအသွေးအသား၌ ပညတ်တရားသည် အပြစ်နှင့်ဆိုင်သော ပြင်းထန်သည့်စိတ်အလိုဆန္ဒများကိုလှုံ့ဆော်၍၊ ငါတို့၏ကိုယ်အင်္ဂါများအထဲ၌ အလုပ်လုပ်ကာ၊ သေခြင်းတရားအသီးကိုသီးစေသည်။ [6]သို့သော် ယခု၌မူကား ကျမ်းဟောင်းတရားအားဖြင့်မဟုတ်ဘဲ၊ အသစ်သောဝိညာဉ်တော်အားဖြင့် အစေခံခြင်းငှါ၊ ငါတို့သည် သေခဲ့ကြပြီဖြစ်၍၊ ငါတို့အား ချည်နှောင်သောပညတ်တရားမှ လွတ်မြောက်ကြ၏။**

**၇း၄ "သင်တို့သည်လည်း...သေဆုံးကြ၏"**။ ၎င်းမှာ ဤစာပိုဒ် (နှင့်အခန်းကြီး ၆)၏အဓိကဦးတည်ချက်ဖြစ်သည်။ ၎င်းသည် အခန်းကြီး ၆ ၌ ခရစ်ယာန်များသည် ခရစ်တော်နှင့်"အတူသင်္ဂြိုလ်ခံခြင်း(၆း၄)နှင့်" လက်ဝါးကပ်တိုင်ပေါ် အတူအသေခံခြင်း(၆း၆)ကြောင့် (၂ကော ၅း၁၄-၁၅။ ဂလ ၂း၂၀) အပြစ်တရား၌ သေဆုံးခဲ့ကြခြင်းနှင့် အလားတူပြီး ဆက်စပ်သည်။ ယုံကြည်သူများသည် ဝိညာဉ်တော်၏ ဤခေတ်ကာလအသစ်၌ (၂ကော ၅း၁၇) ခရစ်တော်အထဲ အသစ်ဖန်ဆင်းသော သတ္တဝါများဖြစ်ကြသည်။ (၆း၄၏မှတ်ချက်အပြည့်အစုံ၌ကြည့်ပါ)။ နှစ်ခြင်းမင်္ဂလာသည် ခေတ်ကာလအဟောင်း၊ လူဟောင်းနှင့်ခေတ်ကာလအသစ်၊ လူသစ်တို့အကြား နယ်နိမိတ်သတ်မှတ်လိုက်သည်။

**▣"ခရစ်တော်၏ကိုယ်ခန္ဓာအားဖြင့်"**။၎င်းသည် အသင်းတော်မှာ ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သည်ဟူသော ဓမ္မတရားဆိုင်ရာအလိုအား ရည်ညွှန်းခြင်းမဟုတ်ဘဲ(၁ကော ၁၂း၁၂၊ ၂၇) ၆း၃-၁၁၌ ဖော်ပြသကဲ့သို့ ခရစ်တော်၏ရုပ်ခန္ဓာကိုယ်ကိုညွှန်းပါသည်။ ယုံကြည်သူများသည် ရေနှစ်မင်္ဂလာအားဖြင့် ခရစ်တော်နှင့် မိမိထပ်တူပြုလိုက်ခြင်းအားဖြင့်၊ ခရစ်တော်အသေခံခဲ့စဉ်၊ သူနှင့်အတူ သေဆုံးခဲ့ပြီဖြစ်သည်။ ခရစ်တော်သေဆုံးခြင်းသည်၊ သူတို့၏သေဆုံးခြင်းဖြစ်သည်။ (၂ကော ၅း၁၄-၁၅။ ဂလ ၂း၂၀)။ ခရစ်တော်၏ပြန်ရှင်သောအသက်သည် သူတို့အား လွတ်မြောက်စေပြီး၊ ၎င်းမှာ ဘုရားသခင်နှင့် အခြားသူများအား အစေခံရန်ဖြစ်သည်။

**▣"ငါတို့သည် ဘုရားသခင်အတွက် အသီးသီးနိုင်မည်အကြောင်း။"** ၎င်းသည်လည်း အခန်းကြီး ၆၊ အထူးသဖြင့် ၆း၂၂ နှင့်ဆင်တူသည်။ ယုံကြည်သူတို့သည် ခရစ်တော်၌ မိမိကိုယ်မိမိ ချည်နှောင်နိုင်ရန်၊ ခရစ်တော်အားဖြင့် ယခု လွတ်မြောက်ကြပြီဖြစ်သည်။ ၎င်းသည် ထိမ်းမြားပြီးနောက် ဆက်လက်ပေါင်းဖော်ကြခြင်းနှင့် အလားတူဖြစ်သည်။ ခရစ်တော်သည် သူတို့အတွက် အသေခံသည်နည်းတူ သူတို့သည် ယခုအခါ အပြစ်၌သေဆုံးကြရမည်ဖြစ်သည်။ (၂ကော ၅း၁၃-၁၄။ ဂလ ၂း၂၀)။ ခရစ်တော်ပြန်ထသည်နည်းတူ၊ သူတို့သည်လည်း ဘုရားသခင်ကိုလည်းကောင်း (ရောမ ၆း၂၂။ ဧဖက် ၂း၅-၆) အချင်းချင်းကိုလည်းကောင်း (၁ယော ၃း၁၆) အစေခံနိုင်ကြစေရန် ဝိညာဉ်ရေးရာအသစ်သောဘာဝဖြင့် ပြန်ထကြသည်။

၇း၅

**NASB "အကြောင်းမူကား၊ ငါတို့သည် ဇာတိအသွေးအသား၌ ရှိခဲ့ကြခိုက်တွင်"**

**NKJV "အကြောင်းမူကား၊ ငါတို့သည် ဇာတိအသွေးအသား၌ရှိစဉ်တွင်"**

**NRSV "ငါတို့သည် ဇာတိအသွေးအသား၌ အသက်ရှင်နေခဲ့ကြခိုက်တွင်"**

**TEV "အကြောင်းမူကား၊ ငါတို့သည် မိမိတို့၏လူသားသဘာဝနှင့်အညီ အသက်ရှင်ခဲ့ကြစဉ်တွင်"**

**NJB "ငါတို့မပြောင်းလဲမီက"**

ဤအငယ်သည် အငယ် ၄နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အငယ် ၄သည် ယုံကြည်သူတစ်ယောက်၏ အတွေ့အကြုံကို အငယ် ၆မှာနည်းတူ ပြောပြသည်။ အငယ် ၅သည် ဘုရားသခင်၏တန်ခိုးတော်မပါသော အသက်၏ အသီးအကြောင်း ရှင်းလင်းရေးသားသည်။ (ဂလ ၅း၁၈-၂၄)။ ပညတ်တရားသည် ယုံကြည်သူများအား သူတို့၏ အပြစ်ကိုဖော်ပြသော်လည်း (ငယ် ၇-၉။ ဂလ ၃း၂၃-၂၅) ၎င်းအား အောင်မြင်နိုင်ရန် အစွမ်းတန်ခိုးမပေးချေ။

ကျမ်းစကားအဆက်အစပ်အားဖြင့် သိရသည်မှာ ဤစကားစုမှာ ယုံကြည်သူသည် အာဒံမှ အမွေဆက်ခံရရှိသည့် ကျဆင်းသောအပြစ်ရှိခြင်း ဗီဇသဘောကို ရည်ညွှန်းသည်။ (ငယ် ၆း၁၉)။ ပေါလုက သွေးသားဇာတိဆိုသည့် "sarx"ဝေါဟာရအား ကွဲပြားခြားနားသောအဓိပ္ပါယ်နှစ်မျိုးဖြင့်သုံးရာ (၁) အပြစ်သဘာဝ (လူဟောင်း)နှင့် (၂) ရုပ်ကိုယ် ခန္ဓာ(၁း၃။ ၄း၁။ ၉း၃၊ ၅)ဖြစ်သည်။ ဤနေရာ၌ အပျက်သဘောဆောင်သော်လည်း ရောမ ၁း၃။ ၄း၁။ ၉း၃၊၅။ ဂလ ၂း၂၀တို့ကို မှတ်သားပါ။ ကိုယ်ခန္ဓာသည် (sarx/soma)သူ့သဘောနှင့်သူ ဆိုးညစ်သည်မဟုတ်သော်လည်း ၎င်းသည် လူ၏စိတ်ကဲ့သို့ ဆိုးညစ်သော ယခုကပ်ကာလအင်အားစုများနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ ရင်ဆိုင်တိုက်ခိုက်ကြရာ စစ်မြေပြင်ဖြစ်သည်။ ပေါလုသည် ဤဝေါဟာရအား ဂရိစာပေသဘောဖြင့်မသုံးဘဲ၊ဂရိဘာသာ

ပြန်ဓမ္မဟောင်းကျမ်း (Septuagint)၏သုံးနှုန်းပုံကိုလိုက်၍သုံးသည်။ အထူးအကြောင်းအရာ။ ။ သွေးသားဇာတိ (sarx)၁း၃။

**"ပညတ်တရားသည်...လှုံ့ဆော်၍"**၊ ချုပ်ချယ်မှုမှန်သမျှ အတင်းအဓမ္မတုံ့ပြန်လေ့ရှိသောလူသား၏ တော်လှန်ပုန်ကန်တတ်သည့် ဤသဘာဝကို ကမ္ဘာဦး ၃နှင့်လူသားအားလုံး၌ ရှင်းလင်းစွာတွေ့ရသည်။ ပညတ်တရားတော်သည် နယ်နိမိတ်များ သတ်မှတ်လိုက်သည်။ (ငယ် ၇–၈)။ ထိုနယ်နိမိတ်များမှာ လူသားအား ကာကွယ်ရန်ဖြစ်သော်လည်း၊ လူသားသည် ၎င်းတို့ကို ချည်နှောင်မှုနှင့်ကန့်သတ်မှုများအဖြစ် ရှုမြင်သည်။ အပြစ်ပါသောလွတ်လပ်သည့် စိတ်ဝိညာဉ်ကို ဘုရားသခင်၏ပညတ်တော်က လှုံ့ဆော်နိုးဆွပေးသည်။ ပြဿနာမှာ အကန့်အသတ်များမဟုတ်ဘဲ (ငယ် ၁၂–၁၃) လူ၏မိမိကိုယ်မိမိ အုပ်ချုပ်ရေးနှင့်အတ္တစိတ်ဖြစ်သည်။

■**"သေခြင်းတရား အသီးကိုသီးစေသည်"**အလွန်ပြင်းထန်သောဆန့်ကျင်ဘက်ဖြစ်သည်။

၁။ ငယ် ၅ – ဘုရားသခင်အတွက် အသီးသီးသည်။
၂။ ငယ် ၆ – သေခြင်းတရားအသီးကို သီးစေသည်။

ယုံကြည်သူများသည် သေခြင်းတရား၊ အပြစ်တရားနှင့် ပညတ်တရားတော်တို့၌ သေဆုံးခဲ့ပြီးသူများဖြစ်ကာ၊ ယခုအခါ ဘုရားသခင်၏နိုင်ငံတော်အတွက် အသီးသီးရန် အသက်ရှင်နေကြသည်! ပေါလုသည် အဖြူနှင့်အမဲကဲ့သို့ ပေါ်လွင်စွာ ဆေးရောင်ခြယ်ပြပေးသည်။ (၈း၂ ၏မှတ်ချက်ကဲ့သို့ ပဋိပက္ခသဘောဆောင်သော်လည်း နှစ်မျိုးစလုံးဟုတ်မှန်သောအကြောင်းအရာဖြစ်သည်–para doxical) လူတစ်ယောက်သည် အုပ်စုနှစ်စုဖြစ်သည့် အာဒံ၏အုပ်စု(ဝါ) ယေရှု၏အုပ်စုအနက် တစ်ခုခုဖြစ်သည်။ (၅း၁၂–၂၁)။ ယေရှု၌ရှိနေသူများသည် လွတ်မြောက်သည်။ ချည်နှောင်သည့်အရာမရှိဘဲ၊ အသစ်ဖြစ်ကြသည်။ (ဂလ ၂း၁၉–၂၀)! ၎င်းအထဲ ဆက်လက်လျှောက်လှမ်းပါ! မွေ့လျော်ပါ!

**၇း၆ "သို့သော် ယခု၌မူကား"**Newman and Nida တို့၏ *A Translator's Handbook on Paul's Letter to the Romans* ခေါ်စာအုပ်ထဲ၌ စိတ်ဝင်စားဖွယ်ရာ မှတ်ချက်တစ်ခုတွေ့ရသည်။

"အငယ် ၅နှင့်၆တို့ အလားတူဖြစ်နေကြပုံနှင့်၊ ၎င်းတို့နှင့် တစ်ဆက်တည်းဖော်ပြသောအရာတို့နှင့် ဆက်စပ်မှုအားသိရှိရန် အရေးကြီးသည်။ အငယ် ၅သည် ခရစ်ယာန်မဖြစ်မီ အတွေ့အကြုံကို ရေးသားဖော်ပြပြီး၊ ၎င်းသည် ၇–၂၅နှင့်အလားတူဖြစ်သည်။ အငယ် ၆ကမူ ဘုရားသခင်၏ဝိညာဉ်တော် ခေါင်းဆောင်မှုအောက်ရှိ ယုံကြည်ခြင်းအသက်တာကို ဖော်ပြပြီး၊ ၈း၁–၁၁နှင့် အလားတူဖြစ်သည်။ (p. 130)

**"လွတ်မြောက်ကြ၏။"** ၎င်းမှာ AORIST PASSIVE INDICATIVE ဖြစ်သည်။ ၎င်းသည် IMPERFECT PASSIVE INDICATIVE ဖြစ်သည့် အငယ် ၅ နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ယုံကြည်သူများသည် ပညတ်တရားတော်ထဲ ဖော်ပြထားသည့်အတိုင်း အပြစ်၏ချည်နှောင်မှု ဆက်စပ်ခံကြသည်မှန်သော်လည်း ဧဝံဂေလိသတင်းကောင်းအားဖြင့် ဝိညာဉ်တော်သည် သူတို့ကို လွတ်မြောက်စေခဲ့ပြီဖြစ်၏။ဤစကားလုံးကိုပင် အငယ် ၂ ရှိ လင်ယောကျ်ားသေဆုံးခဲ့သူ မိန်းမနှင့်ဆိုင်၍သုံးသည်။

■**"သေခဲ့ကြပြီဖြစ်၍...ငါတို့အား ချည်နှောင်သော"**၎င်းသည် AORIST ACTIVE PARTICIPLE ဖြစ်ကာ၊ IMPERFECT PASSIVE INDICATIVE တစ်ခုလိုက်လာသည်။ ဘုရားသခင်သည် ယုံကြည်သူများကို ခရစ်တော်အသေခံခြင်းအားဖြင့် လွတ်မြောက်စေသည်မှာ
၁။ ဓမ္မဟောင်း၏ကျိန်ဆဲမှုမှ
၂။ ၎င်းတို့၏အပြစ်ပြည့်သောအတွင်း အတ္တသဘောမှ

သူတို့သည် ဘုရားသခင်ဖွင့်ပြထားသည့် အလိုတော်အား ဆန့်ကျင်ပုန်ကန်မှု၊ ကျဆင်းသောမိမိတို့၏သဘာဝ၊

မိမိတို့တစ်ဦးချင်း၏အပြစ်များနှင့် သဘာဝထက် လွန်ကဲသောစုံစမ်းသွေးဆောင်ခြင်းတို့၏ချည်နှောင်မှု ဆက်လက်ခံစားကြသည်။ (ဖေက် ၂း၂–၃)

■**"အသစ်...အဟောင်း"**ဤဝိညာဉ်လမ်းသစ်သည် ပဋိညဉ်တရားသစ်အား ရည်ညွှန်းနေသည်နှင့်တူ၏။(ယေရ ၃၁း၃၁ –၃၄။ ယေဇ ၃၆း၂၂–၃၂)။ ဂရိဝေါဟာရ "အသစ်" (*koinos-kainotes*)ကို ပေါလုသုံးသည်မှာ

၁။ အသက်တာသစ်၊ ရောမ ၆း၄ (၆း၄၏မှတ်ချက်၌ကြည့်ရန်)

၂။ ဝိညာဉ်တော်အသစ်၊ ရောမ ၇း၆

၃။ ပဋိညာဉ်တရားအသစ်၊ ၁ကော ၁၁း၂။ ၂ကော ၃း၆

၄။ အသစ်သောဖန်ဆင်းခြင်း (သတ္တဝါ)၊ ၂ကော ၅း၁၇။ ဂလ ၆း၁၅

၅။ လူသစ် ၊ ဧ ၂း၁၅။ ၄း၂၄

"ဟောင်း"ဆိုသောဝေါဟာရသည် မောရှေ၏ပညတ်တရားကို ဆိုလိုခြင်းဖြစ်ပြီး"လုံးဝဟောင်းနွမ်းသည်"ဟု အဓိပ္ပါယ်ရှိသည်။ ပေါလုသည် ဟေဗြဲသြဝါဒစာ ရေးသားသူနည်းတူ (၈း၇နှင့်၁၃) ပဋိညာဉ်တရားအဟောင်းနှင့် ပဋိညာဉ်တရားအသစ်တို့အား နှိုင်းယှဉ်ပြခြင်းဖြစ်သည်။

■

**NASB, NKJV"အသစ်သော ဝိညာဉ်တော်အားဖြင့် အစေခံရန်"**

**NRSV "ငါတို့သည် စာဖြင့်ရေးသောတရားဥပဒေဟောင်း၏ကျွန်မခံရဘဲ၊ အသစ်သောဝိညာဉ်အားဖြင့်"**

**TEV "သို့သော် ဝိညာဉ်တော်၏လမ်းသစ်ဖြင့်"**

**NJB "အသစ်သောဝိညာဉ်နည်းလမ်းဖြင့် အစေခံရန် လွတ်မြောက်ကြ၏"**

၎င်း၏လုံးစေ့ပတ်စေ့အဓိပ္ပါယ်မှာ "ဝိညာဉ်အသစ်၌"–in newness of spirit ဖြစ်သည်။ အသစ်မွေးဖွားသော လူသား၏ဝိညာဉ်(ဝ)သန့်ရှင်းသောဝိညာဉ် ဘယ်ဟာဖြစ်ကြောင်း မသေချာပေ။ အင်္ဂလိပ်ဘာသာပြန်ကျမ်းအများစုကမူ သန့်ရှင်းသောဝိညာဉ်တော်ကိုညွှန်းကာ စာလုံးကြီးဖြင့်ရေးကြသည်။ ၎င်းကို ရောမ ၈ ထဲ၌ (၁၅ကြိမ်)တွေ့ရှိရာ၌ ဒွိဟဖြစ်ရာ ဖော်ပြမှုများအနက် ပထမဆုံးဖြစ်သည်။ ဝိညာဉ် –ဟူသောဝေါဟာရသည် သတင်းကောင်းနှင့်ဝိညာဉ် တော်၏ ပြန်လည်မွေးဖွားစေခြင်းနှင့် ခွန်အားဖြည့်ဆည်းခြင်း ရရှိထားသောလူသား၏ဝိညာဉ်ကို ရည်ညွှန်းနိုင်သည်။ ဤရောမ သြဝါဒစာထဲက ကျမ်းချက်များမှာ ရောမ ၁း၄၊ ၉။ ၂း၂၉။ ၇း၆။ ၈း၁၅။ ၁၁း၈။ ၁၂း၁၁။ ၁ကော ၂း၁၁။ ၄း၂၁။ ၅း၃၊ ၄၊ ၅။ ၇း၃၄။ ၁၄း၁၅၊ ၁၆၊ ၃၂။ ၁၆း၁၈။

ပေါလုရေးသားသောစာများ၌ "သွေးသား/ဇာတိ"(flesh)နှင့်"ဝိညာဉ်"–spirit တို့အား ကွဲပြားခြားနားသော စဉ်းစားခြင်းနှင့် အသက်ရှင်ခြင်းတို့အား နှိုင်းယှဉ်ဖော်ပြရာ၌ သုံးလေ့ရှိသည်။ (၇း၁၄။ ၈း၄။ ဂလ ၃း၃။ ၅း၁၆၊ ၁၇၊ ၂၅။ ၆း၈)ဘုရားသခင်မပါသော ရုပ်ခန္ဓာအသက်မှာ "(flesh)"–သွေးသား/ဇာတိဖြစ်(အထူးအကြောင်းအရာ ၁း၃၌ ကြည့်ရန်)သော်လည်း၊ ဘုရားသခင်အားဖြင့်ဖြစ်သောအသက်မှာ ဝိညာဉ်–spirit/Spirit ဖြစ်သည်။ အထဲ၌ကျိန်းဝပ်သူ သန့်ရှင်းသောဝိညာဉ်တော်သည် (၈း၉၊ ၁၁)ယုံကြည်အား ခရစ်တော်အထဲ၌ အသစ်ဖန်ဆင်းသောသတ္တဝါအဖြစ်သို့ ပြောင်းလဲသွားစေသည်။ (ရုပ်တည်ချက်နှင့် အတွေ့အကြုံအားဖြင့်)

## ရောမ ၇း၇–၂၅အား ကျမ်းစကားအဆက်စပ်ဖြင့် နားလည်ရခြင်း။

က။ ရောမ ၇း၇–၂၅သည် လူသားတစ်ယောက်၏ဇာတိမှန်ကို ဖော်ပြသည်။ ကယ်တင်ခြင်းရသည်ဖြစ်စေ ပျောက်ဆုံးနေသူဖြစ်စေ လူသားအားလုံးတို့သည် အကောင်းအဆိုး၏ပဋိပက္ခအား မိမိတို့၏လောကနှင့် မိမိတို့၏စိတ်နှလုံးများထဲ တွေ့ကြုံခံစားကြသည်။ အနက်ဖွင့်ခြင်းဆိုင်ရာ မေးခွန်းမှာ"ဤကျမ်းပိုဒ်ကို ပေါလုမည်ကဲ့သို့ နားလည်စေချင်သနည်း"? ဟူ၍ဖြစ်သည်။ ၎င်းသည် ကျမ်းစကားဆက်စပ်မှုသဘောအားဖြင့် ၁း၁၈–၆း၂၃နှင့် ၈း၁–၃၉ တို့

နှင့်ဆက်စပ်ရပေမည်။ အချို့သောသူတို့သည် ၎င်းအားလူသားအားလုံးကို ဆိုလိုခြင်းအဖြစ် မြင်ကြသဖြင့်၊ ဗပါလု၏အတွေ့အကြုံအား ဥပမာအဖြစ်မြင်ကြသည်။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်အား "အတ္ထုပ္ပတ္တိသီအိုရီ"ဟုခေါ်သည်။

ပေါလုသည် "ငါ"–I အား လူပုဂ္ဂိုလ်မဟုတ်သော အဓိပ္ပါယ်ဖြင့် ၁ကော ၁၃း၁–၃၌သုံးသည်။ "ငါ"အား လူပုဂ္ဂိုလ်မဟုတ်သောသဘောဖြင့် သုံးနှုန်းခြင်းအား ဂျူးကျမ်းတတ်ဆရာကြီးများလည်း အသုံးပြုကြောင်း အထောက်အထားပြနိုင်သည်။ ၎င်းအတိုင်း ဤနေရာ၌ မှန်ကန်ခဲ့မည်ဆိုလျှင် ဤကျမ်းပိုဒ်မှာ လူသားသည် အပြစ်ကင်းစင်ခြင်းမှ အပြစ်ကိုနားလည်သိရှိခြင်းသို့ ကူးပြောင်းမှု (အခန်းကြီး ၈)အား ရည်ညွှန်းခြင်းဖြစ်လိမ့်မည်။ "ကိုယ်စားပြုသောသီအိုရီ" (ဥပမာ *Jerome Biblical Commentary*, p.312)

မည်သို့ဖြစ်စေ အခြားသူများကမူ ဤအခန်းငယ်များအား ယုံကြည်သူတစ်ယောက် မိမိ၏ကျဆင်းသောလူသားသဘာဝနှင့်ကြောက်မက်ဘွယ်ရာ အဆက်မပြတ် တိုက်ခိုက်မှုအား ပြောပြခြင်းအဖြစ် မြင်ကြသည်။ (ဥပမာ Augustine, Thomas Aquinas, Martin Luther, John Calvin, Karl Barth)နှလုံးကွဲထွက်လောက်သော အငယ် ၂၄က အော်သံသည် ဤအတွင်းပဋိပက္ခကိုဖော်ပြသည်။ အငယ် ၇–၁၃အတွင်း AORIST နှင့် IMPERFECT ကြိယာများလွှမ်းမိုးနေကာ အငယ် ၁၄–၂၅အတွင်း၌မူ PRESENT နှင့် PERFECT ကြိယာများလွှမ်းမိုးနေပါသည်။ ထို့ကြောင့် "အတ္ထုပ္ပတ္တိဆိုင်ရာသီအိုရီ" အားယုံကြည်လက်ခံရမည့်သဘောဖြစ်ကာ၊ ပေါလုသည် မိမိ၏အတွေ့အကြုံဖြစ်သည့် အပြစ်ကင်းစင်ခြင်းမှနေကာ၊ အပြစ်အား နားလည်သဘောပေါက်ခြင်း၊ ဖြောင့်မတ်ရာ၌ တည်စေမှုခံရခြင်းနှင့် ပဋိပက္ခနှင့်ပြည့်သော ဆက်လက်ဖြစ်ပေါ်နေသည့် သန့်ရှင်းစင်ကြယ်စေခြင်း ခရီးလမ်းကြမ်းကြီးအား ပြောပြနေခြင်းဖြစ်သည်။ (အငယ် ၂၅ရှိ "ငါကိုယ်တိုင်–*autos egō*)

အမြင်နှစ်မျိုးစလုံးလည်း မှန်ကန်နိုင်သည်သာဖြစ်၏။ ပေါလုသည် အငယ် ၇–၁၃နှင့် ၂၅ (ခ)တို့၌ အတ္ထုပ္ပတ္တိသဘောပြောခြင်းဖြစ်ပြီး အငယ် ၁၄–၂၅၌မူ ရွေးနှုတ်ကယ်တင်ခြင်းရရှိသူ လူသားတစ်ရပ်လုံး၏ ကိုယ်စားအဖြစ်မိမိ၏အတွင်းစိတ်၌ အပြစ်နှင့်ဆိုင်၍ ရုန်းကန်သောအတွေ့အကြုံအား ပြောပြခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ ပေါလုသည် အသစ်မွေးဖွားခြင်း မရမီ ဆက်ကပ်သည့်ဂျူးဘာသာရေးသမားတစ်ဦးဖြစ်သဖြင့် ဤကျမ်းပိုဒ်တစ်ခုလုံးအားသူ၏နောက်ခံကားချပ်တစ်ခုအဖြစ်လည်း မြင်ထားရပေမည်။ ပေါလု၏အတွေ့အကြုံမှာ ပေါလုသက်သက်သာလျှင်ဖြစ်သည်။

ခ။ ပညတ်တရားတော်မှာ ကောင်းပါသည်။ ဘုရားသခင်ထံတော်ပါးမှလာသည်။ ဘုရားသခင်၏အကြံအစည်အားသည်ပိုးပြီး၊ ဆက်လက်သယ်ပိုးနေသည်။ (၇း၇၊ ၁၂၊ ၁၄၊ ၂၂၊ ၂၅။ မဿဲ ၅း၁၇–၁၉)။ ၎င်းသည် ငြိမ်းချမ်းရေး/ငြိမ် သက်ခြင်း(ဝါ)ကယ်တင်ခြင်း မပေးနိုင်ချေ။ (ဂလာတိ ၃)။ James Stewart သည် မိမိ၏ *A Man in Christ* စာအုပ်ထဲ ၌ ဆန့်ကျင်နေသယောင်ဖြင့် ဟုတ်မှန်သောပေါလု၏ စဉ်းစားပုံနှင့် စာရေးဟန်ကိုဖော်ပြသည်။

အတွေးအမြင်နှင့် ဩဝါဒနည်းစနစ်တစ်ရပ်အား မိမိကိုယ်တိုင် ချမှတ်သူတစ်ဦးသည် မိမိသုံးသည့် ဝေါဟာရများ၏အဓိပ္ပါယ်များကို တတ်နိုင်သမျှ တင်းကျပ်စွဲမြဲစွာ သုံးနှုန်းလိမ့်မည်ဟု သဘာဝအားဖြင့် မျှော်လင့်ကြပေလိမ့်မည်။ မိမိ၏အဓိက စိတ်ကူးများကို စကားလုံးများဖြင့် သုံးနှုန်းဖော်ပြရာ၌ တိကျမှုရှိရန် ရည်ရွယ်လိမ့်မည်ဟု မျှော်လင့်ကြပေမည်။ သင်၏စာရေးသူသည် သီးသန့်အဓိပ္ပါယ်တစ်ခုအတွက် တစ်ခါသုံးသည့်စကားလုံးတစ်လုံးအား တစ်လျှောက်လုံးတစ်သမတ်တည်း ထိန်းထားသင့်သည်ဟုလည်း ဆိုကြပေလိမ့်မည်။ သို့သော် ဤပုံစံမျိုး ပေါလုသုံးခြင်းရှိမရှိကြည့်ရသည်မှာ စိတ်ပျက်စရာကောင်းလှသည်။ သူ၏စကားလုံးသုံးနှုန်းပုံအများစုမှာ တည်ငြိမ်ခြင်းမရှိ တင်းကျပ်မှုကင်းမဲ့သည်...။"ပညတ်တရားတော်မှာ သန့်ရှင်းသည်။ ကျွန်ုပ်၏အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တော်ကိုနှစ်သက်ပါသည်"ဟု ရေးသားသော်လည်း (ရောမ ၇း၁၂–၁၃)ပညတ်တရား၏အခြားမျက်နှာစာတစ်ခုကိုမူ သူကပင် "ခရစ်တော်သည် ငါတို့အား ပညတ်တရားတော်၏ကျိန်ဆဲခြင်းမှ ရွေးနှုတ်ခဲ့ပြီ"ဟုဆိုပြန်သည်။ (ဂလ ၃း၁၃) (စာ ၂၆)

ဂ။ "ပေါလုသည် အငယ် ၁၄–၂၅၌ ကယ်တင်ခြင်းရပြီးသူကို ပြောခြင်းလော(ဝါ)ကယ်တင်ခြင်းမရသူကို ပြောခြင်းလော"ဆိုသည့် မေးခွန်းအတွက် ကျမ်းချက်အထောက်အထားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကယ်တင်ခြင်းမရသူအား ရည်ညွှန်းရာအဖြစ်

က။ ၎င်းမှာ ဂရိစကားပြောသောကနဦးအသင်းတော် ဖခင်ကြီးများ၏အနက်ပြန်မှုဖြစ်သည်။

ခ။ အောက်ပါစကားစုများသည် ဤအမြင်ကို အားပေးသည်

(၁) "ငါမူကား ဇာတိပကတိဖြစ်၏။" ငယ် ၁၄

(၂) "အပြစ်တရားလက်၌ ကျွန်အဖြစ် ရောင်းစားခံရ၏။" ငယ် ၁၄

(၃) "ငါ့အထဲမှာ ကောင်းသောအရာတစုံတခုမျှ မတည်ရှိ" ငယ် ၁၈

(၄) "ငါ့ကိုယ်အင်္ဂါများ၌ရှိသော တရားတပါးသည်…ငါကိုယ်အင်္ဂါများ၌ရှိသော အပြစ်တရားလက်သို့ ငါ့ကိုဘဏ်းချုပ်အပ်နှံသည်ကို ငါမြင်၏။" ငယ် ၂၃

(၅) "ငါသည် ဒုက္ခဆင်းရဲခံရသူဖြစ်ပါသည်တကား! ဤအသေကောင်မှ ငါ့ကိုမည်သူ ကယ်လွှတ်မည်နည်း?" ငယ် ၂၄

ဂ။ အခန်းကြီး ၆နှင့်တဆက်တည်း၌ ငါတို့သည် အပြစ်၏ကျွန်ပြုခြင်းမှ လွတ်မြောက်ပြီဟု ဖော်ပြသည်။ ၎င်း၏အဆက် အခန်းကြီး ၈သည် "သို့ဖြစ်၍–so then"ဖြင့်စသည်။

ဃ။ ဤကျမ်းပိုဒ်၏အဆုံးဖြစ်သည့် အငယ်၂၅မတိုင်မချင်း ဝိညာဉ်တော်(ဝါ)ခရစ်တော်အား ဖော်ပြခြင်းမရှိချေ။

၂။ ကယ်တင်ခြင်းရသူအား ရည်ညွှန်းရာအဖြစ်

(က) ၎င်းမှာ Augustine,Calvin နှင့် ပြန်လည်ပြင်ဆင်ခြင်းခေါ် Reformation ခေတ်၌သုံးသည့် အနက်ပြန်ဆိုမှုဖြစ်သည်။

(ခ) အောက်ပါစကားစုတို့သည် ဤအမြင်ကိုထောက်ခံအားပေးသည်။

(၁) "ပညတ်တရားသည် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။" ငယ် ၁၄

(၂) "ပညတ်တရားဖြောင့်သည်ဟု ငါဝန်ခံ၏" ငယ် ၁၆

(၃) "ငါသည် ကျင့်ချင်သောအကျင့်ကောင်းကို မကျင့်။" ငယ် ၁၉

(၄) "ငါသည် အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကို နှစ်သက်၏။" ငယ် ၂၂

(ဂ) ရောမသြဝါဒအနက်ဖွင့်သူအများစုသည် အခန်းကြီး၇အား သန့်ရှင်းစင်ကြယ်စေခြင်းကဏ္ဍာန်၌ထားသည်။

(ဃ) အငယ် ၇–၁၃အတွင်း ကြိယာပုံစံများ IMPERFECTနှင့် AORIST တို့မှ အငယ် ၁၄–၂၄အတွင်း ပစ္စုပ္ပန်ကာ လပြကြိယာများသို့ တဆက်တည်းပြောင်းလဲအသုံးပြုခြင်းသည် ပေါလုအသက်တာ၌ ကွဲပြားခြားနားမှုနှင့် ကဏ္ဍသစ်တစ်ခုအားဆိုလိုသည်။ (ဥပမာ သူ၏ပြောင်းလဲခြင်း)

ဃ။ ယုံကြည်သူတစ်ယောက်သည် ခရစ်တော်နှင့်တူရန် ပို၍အားထုတ်လေ၊ မိမိ၌အပြစ်များကြောင်း ပို၍တွေ့ကြုံခံစားရလေဖြစ်သည်။ ဆန့်ကျင်ဘက်ဖြစ်နေသရောင်ဖြင့် မှန်ကန်သော ဤအကြောင်းအရာသည် ဤကျမ်းပိုဒ်နှင့် ပေါလု၏အဖြစ်နှင့်အလွန်ဆီလျော်သည်။ (ယုံကြည်သူအများစုအတွက်လည်း အရေးကြီးသည်။ ၎င်းနှင့် ဆန့်ကျင်ဘက်အမြင်တစ်ရပ်ကို Gordon Fee ၏ "*Paul, The Spirit, and the People of God*"စာအုပ်၌ကြည့်ပါ။

Henry Twells ရေးစပ်သည့် Lutheran ဓမ္မသီချင်းစာအုပ်၌ တစ်ခုတွေ့ရသည်မှာ

"အို၊ ကိုယ်တော်ရှင်၊ ဘယ်သူမျှစုံလင်သောနားနေခြင်း မရကြပါ။

အပြစ်နှင့်လုံးဝကင်းစင်သူမရှိသောကြောင့်တည်း။

ခွန်အားနည်းကာ၊ မိမိအထဲ အမှားပို၍တွေ့မြင်ရလေ။

ကိုယ်တော်အား ပို၍အစေခံကြလေလေပင်။"

ပေါလုသည် မိမိ၏အတိတ်က ဖါရိရှဲဖြစ်ခဲ့ရခြင်းနှင့် တိုက်လှန်နေဆဲဖြစ်ခဲ့ကာ၊ "ပညတ်တရားတော်"နှင့် "အပြစ်သေခြင်းတရား"အကြောင်း တင်ပြရာ၌ ၎င်းအား အခြေခံသည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော် ကျွန်ုပ်သည် ကယ်တင်ခြင်းရပြီးနောက် စုံစမ်းသွေးဆောင်မှုအကြား မိမိကိုယ်တိုင် ရန်းကန်ခဲ့ရခြင်း၏ထိခိုက်မှုကိုလည်း ခံခဲ့ရသည်။ ၎င်းသည် ကျွန်၏အနက်ပြန်ခြင်းအား အမှန်ပင်အရောင်တင်ပေးပါသည်။ Gordon Fee သည် မိမိ၏ *Paul,*

*the Spirit, and the People of God* စာအုပ်၌ ခိုင်လုံမှုရှိသော အခြားခရစ်ယာန်အတွေ့အကြုံနှင့် အမြင်တစ်ရပ်အား တင်ပြသည်ဟုထင်ပါသည်။ ကျွန်တော်သိရှိသည့် တင်းမာမှု(ဝါ) ပဋိပက္ခတစ်မျိုးဖြစ်သည့်

၁။ ခေတ်ဟောင်း –ခေတ်သစ်

၂။ လူဟောင်း–လူသစ်

၃။ ပညတ်ချက်–ဝိညာဉ်တော်သည် ခရစ်တော်အထဲ ကိုင်တွယ်ခဲ့ပြီဖြစ်သည်! အောင်မြင်မှုကို ငါတို့ပိုင်ဆိုင်ကြသည်။ အခန်းကြီး ၇ကို မည်သည့် အခါ၌မျှ အာရုံမစိုက်ရပါ။ ငါတို့သည် သူ့အထဲ၌ အောင်မြင်မှုကို ပိုင်ဆိုင်ကြသည်!

င။ ရောမ ၈ ထဲကပေါင်းစပ်စကားလုံးများ။ (စး၃၂က ဝိဘတ်) sun-နှင့်အတူ

၁။ ငယ် ၁၆–sun (နှင့်အတူ with) + သက်သေခံသည်

၂။ ငယ် ၁၇–sun (နှင့်အတူ with) + အမွေခံသူ

၃။ ငယ် ၁၇–sun (နှင့်အတူ with) + ဒုက္ခဆင်းရဲခံ

၄။ ငယ် ၁၇–sun (နှင့်အတူ with) + ဘုန်းတော်ခံစား

၅။ ငယ် ၂၂–sun (နှင့်အတူ with) + ညည်းညူ

၆။ ငယ် ၂၂–sun (နှင့်အတူ with) + သားဖွားခြင်း ဝေဒနာခံ

၇။ ငယ် ၂၆–sun (နှင့်အတူ with) + ကူညီမစ

၈။ ငယ် ၂၈–sun (နှင့်အတူ with) + အတူ/ပူးပေါင်းလုပ်ဆောင်

၉။ ငယ် ၂၉–sun (နှင့်အတူ with) + ပုံသဏ္ဍာန်ပြောင်းလဲ

ဤပေါင်းစပ်စကားများသည် "နှင့်အတူပူးတွဲပါဝင်သည်"(ဝါ)"အတူပူးပေါင်းဆောင်ရွက်သည်"ဟုဆိုလိုပါသည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၇း၇–၁၂**

**[7]သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း? ပညတ်တရားတော်၌ အပြစ်ရှိသလော? မည်သည့်အခါ၌မျှ မဖြစ်နိုင်! ထိုသို့ဖြစ်ရမည့်အစား ပညတ်တရားတော်အားဖြင့်မဟုတ်လျှင် အပြစ်တရားကို ငါမသိရ။ အကြောင်းမူကား"လောဘစိတ်မရှိစေနှင့်"ဟူသော ပညတ်တရားတော်မရှိလျှင် လောဘသဘောကိုငါမသိ။ [8]သို့သော် အပြစ်တရားသည် ပညတ်ချက်အားဖြင့် အခွင့်အရေးယူကာ၊ ငါ၌အမျိုးမျိုးသောလောဘစိတ်တို့ကို ဖြစ်ပွါးစေ၏။ ပညတ်တရားတော်မရှိလျှင် အပြစ်တရားသည်သေ၏။ [9]အထက်က ပညတ်တရားတော်မရှိသဖြင့် ငါသည် အသက်ရှင်၏။ သို့သော် ပညတ်ချက်ရောက်လာသောအခါ အပြစ်တရားသည် အသက်ရှင်ကာ၊ ငါသည် သေဆုံးခဲ့ရ၏။ [10]အသက်ရှင်စေသောပညတ်ချက်သည် ငါ့အတွက်သေခြင်းတရားဖြစ်စေကြောင်း ထင်ရှား၏။ [11]အကြောင်းမူကား အပြစ်တရားသည် ပညတ်ချက်အားဖြင့် အခွင့်အရေးယူကာ၊ ငါ့ကိုလှည့်ဖြားလျက် ထိုတရားအားဖြင့် ငါ့ကိုသတ်၏။ [12]သို့ဖြစ်ခြင်းကြောင့် ပညတ်တရားတော်သည် သန့်ရှင်းကာ၊ ပညတ်ချက်သည် သန့်ရှင်း၍၊ ဖြောင့်မတ်ကာ၊ ကောင်းမြတ်သည်။**

**၇း၇"သို့ဖြစ်၍ အဘယ်သို့ပြောရမည်နည်း"?** ပေါလုသည် သူသုံးနေကျဝေဖန်ပြစ်တင်သောရေးဟန်ကိုပင် ပြန်သုံးသည်။(၆း၁၊ ၁၅။ ၇း၁၊ ၁၃)။ "ပညတ်တရားတော်၌ အပြစ်ရှိသလော" ဆန့်ကျင်နေသယောက်ရှိသော်လည်း မှန်ကန်ညီညွတ်သောဖွင့်ပြတော်မူခြင်း၌ ဘုရားသခင်သည် ကျဆင်းခဲ့ပြီးသောလူသားအား နောင်တရကာ၊ ယုံကြည်ခြင်းရှိလာစေရန် (ငယ် ၁၂–၁၃။ ဂလာတိ ၃)ပညတ်တရားတော်၏ သန့်ရှင်းခြင်းနှင့်ကောင်းမြတ်ခြင်းအား၊ အပြစ်တရားကို ဖော်ပြသော ကြေးမုံမှန်ချပ်တစ်ခုပမာ အသုံးပြုသည်။ အံ့သြဘွယ်ရာပင် ပညတ်တရားတော်သည် ဖြောင့်မတ်စေခြင်း မပြုသော်လည်း၊ သန့်ရှင်းစင်ကြယ်စေခြင်းအတွက်မူ ဆက်လက်လုပ်ဆောင်နေသည်။ (အထူးအကြောင်းအရာ။ ။ မောရှေ၏ပညတ်တရားအပေါ် ပေါလု၏အမြင်–၁၃း၉၌ကြည့်ပါ။)

■ **"မည်သည့်အခါ၌မျှ မဖြစ်နိုင်"**။ မှားယွင်းသောအတည်ပြောကြားမှုတစ်ရပ်အား ပေါလုငြင်းဆိုပုံ ငြင်းဆိုနည်းဖြစ်သည်။ (ငယ် ၁၃။ ၃း၄၊ ၆၊ ၃၁။ ၆း၂၊ ၁၅။ ၉း၁၄။ ၁၁း၁၊ ၁၁။ ဂလ ၂း၁၇။ ၃း၂၁)

■ **"ထိုသို့ဖြစ်ရမည့်အစား။"** ပေါလုသည် မိမိပြောလိုသည့်အချက် ပေါ်လွင်စေရန် ပြင်းထန်သောဆန့်ကျင်ဘက်စကားများကို ရောမသြဝါဒစာ၌သုံးသည်မှာ သူ၏ရေးဟန်ဖြစ်သည်။ (၃း၄၊ ၆၊ ၃၁။ ၆း၂၊ ၁၅။ ၇း၁၃။ ၉း၁၄။ ၁၁း၁၊ ၁၁)

■ **"ငါ။"** အခန်းငယ် ၇–၂၅အတွင်း "ငါ"(ဝါ) "ငါ၏" "ငါ့အား"စကားလုံးအကြိမ်ပေါင်း မည်မျှပါသည်ကို သင်၏သမ္မာကျမ်းစာအုပ်ထဲ၌ မှတ်သားပါ။ အံ့သြသွားပါလိမ့်မည်။ အကြိမ်ပေါင်းလေးဆယ်ပင် ကျော်လွန်သည်။

■ **"ပညတ်တရားတော်အားဖြင့်မဟုတ်လျှင်၊ အပြစ်တရားကို ငါမသိရ။"** မောရှေ၏ပညတ်တရားသည် လူတစ်ဦးချင်းအား အပြစ်ကိုဖော်ပြသော ကြည့်မှန်အဖြစ် အလုပ်လုပ်သည်ဟူသော အဆိုကိုဖော်ပြသောကျမ်းပိုဒ်များအနက် ၎င်းမှာ တစ်ခုဖြစ်သည်။ (၃း၂၀။ ၄း၆၅။ ၅း၂၀။ ဂလ ၃း၁၄–၂၉ အထူးသဖြင့် အငယ် ၂၄)။ ပညတ်တရားတော်အားတစ်ခါချိုးဖေါက်ခြင်းသည် ပဋိညဉ်တရားကို ချိုးဖေါက်ခြင်းပင်ဖြစ်ကာ၊ ၎င်း၏အကျိုးဆက်များကို ခံရန်သာဖြစ်သည်။ (ငယ် ၁၀ နှင့် ယာကုပ် ၂း၁၀)!

■ **"ပညတ်တရားတော်အားဖြင့် မဟုတ်လျှင်။"**၎င်းသည် ဒုတိယတန်းစားချွင်းချက်ပါဝါကျတို့ဖြစ်ပြီး "အမှန်တရားနှင့် ဆန့်ကျင်ဘက်"ဟုခေါ်သည်။ပေါလုသည် အပြစ်တရားအကြောင်း နားလည်သဘောပေါက်သည်။ ၎င်းသည် ဤပုံစံ သဒ္ဒါအသုံးအနှုန်းအား ရောမဝါဒစာ၌သုံးသည့် တစ်ခုတည်းသောဥပမာဖြစ်သည်။ ပေါလုသည် ၁ကော၂း၈။ ၅း၁၀။ ၁၁း၃၁ နှင့် ၂ကော ၁၂း၁၁ တို့မှာနည်းတူ ဂလ၁း၁၀။ ၃း၂၁ တို့၌လည်းသုံးသည်။

■ **"လောလစိတ်မရှိစေနှင့်။"** ၎င်းသည် ပညတ်တော်ဆယ်ပါး၏ နောက်ဆုံးပညတ်ချက်အား ရည်ညွှန်းသည်။ (ထွက်၊ ၂၀း၁၇။ တရား၊၅း၂၁)။ ဤနောက်ဆုံးသော ပညတ်ချက်သည် မှန်ကန်သော စိတ်နေသဘောထားကို ဖော်ပြခြင်းဖြစ်ကာ ၎င်းတို့ အားလုံး၏စစ်မှန်သော သဘောသဘာဝလည်းဖြစ်သည်။ (မဿဲ၅–၇)။ ပညတ်တရားတော် (The law)ကို ပညတ်ချက်–the commandment ဟုခေါ်လေ့ရှိသည်။ (ငယ် ၈၊၉၊၁၁၊၁၂၊၁၃)။

"လောဘစိတ်–covet"။ စကားလုံး၏အဓိပ္ပါယ်မှာ"…အပေါ်စိတ်နှလုံးထားသည်"–to set one's heart on သို့မဟုတ် "အပြင်းအထန် တပ်မက်သည်"ဖြစ်သည်။ ဘုရားသခင်သည် လူသားတို့အတွက် (ပျောက်နေသူ များနှင့်ကယ်တင်ခြင်းရသူများ) ဖန်ဆင်းခြင်းမှတစ်ဆင့် ကောင်းသောအရာ အများအပြားပေးထားသော်လည်း လူသားတို့သည် ဘုရားသခင်ပေးသည့်မှုဘောင်ကို ကျော်လွန်ကာ၊ ဘုရားသခင်၏လက်ဆောင်တို့ကို ရယူရန်ကြံရွယ် လေ့ရှိကြသည်။ "ဘယ်လောက်ဘဲပေးရ၊ ပေးရ ငါ့အတွက် ပို၍ပို၍"ဆိုသည်မှာ သူတို့၏ရည်ရွယ်ချက် ဖြစ်လာသည်! အတ္တစိတ်သည် ကြောက်မက်ဘွယ်ရာ မင်းဆိုးမင်းညစ်ပါတကား! အထူးအကြောင်းအရာ။ ။၁၃း၈–၉ ၌ထွက်မြောက် ရာကျမ်း ၂၀း၁၇ အကြောင်း မှတ်စု၌ကြည့်ပါ။

**၇း၈**

**NASB, NKJV "အခွင်းအရေးယူ"**
**NRSV 'အခွင့်အရေးတစ်ခု အမိအရဖမ်းယူ"**
**TEV "အခွင့်ကောင်းအဖြစ် ရှုမြင်"**
**NJB "၎င်းအားဖြင့် အမြတ်ထုတ်"**

၎င်းမှာ စစ်ရေးဝေါဟာရဖြစ်ကာ "ကမ်းခြေအခြေစိုက်စခန်း"(ဝါ)"စစ်ဆင်ရေး၌ါနချုပ်"ဟုအဓိပ္ပါယ်ရှိသည်။ (ငယ် ၈ နှင့် ၁၁)။ ဤကျမ်းပိုဒ်၌ ၎င်းကို လူသားကဲ့သို့ တင်စားသုံးနှုန်းသည်။(ငယ် ၉၊၁၁)။ အပြစ်အား စစ်ရေးခေါင်း

ဆောင်တစ်ဦး ကွပ်ကဲသည့်(ငယ် ၁၁နှင့် ၁၇။ ဖေး၁၂၊ ၁၄၊ ၁၆)စစ်ဆင်ရေးတစ်ရပ်အဖြစ် ရေးသားဖော်ပြသည်။(ငယ် ၁၁)။

▣ **"ပညတ်တရားတော်မရှိလျှင် အပြစ်တရားသည်သေ၏။"** အပြစ်ဟူသည် ဘုရားသခင်၏အလိုတော်အား ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ (ရောမ ၄း၁၅။ ၅း၁၃။ ၁ကော ၁၅း၅၆)။ ဤစကားစု၌ ကြိယာမပါသဖြင့် တစ်လုံးဖြည့်စွက်ပေးရန်လိုသည်။ ဖြစ်ဆဲပြကြိယာသုံးပါက တစ်လောကလုံးအတွက် နိယမတရားတစ်ခုဖြစ်သွားလိမ့်မည်။ လုပ်ခဲ့ပြီးသော အတိတ်ကာလပြကြိယာသုံးလျှင်မူ ပေါလု၏အသက်တာကိုသာ ရည်ညွှန်းချက်ဖြစ်ပေမည်။
**၇း၉ "အထက်က...ငါအသက်ရှင်၏။"** ၎င်းသည် ပေါလုအား ရည်ညွှန်းခြင်းဖြစ်နိုင်ကာ (၁) လူမှန်းမသိတတ်မီအရွယ် (*Bar Mitzvah* မတိုင်မီ) သို့မဟုတ် (၂) သမ္မာတရားဖြစ်သော သတင်းကောင်းသည် သူ့နှလုံးသားကို မထိုးဖောက်မီက ဆက်ကပ်သော ဖါရိရှဲတစ်ယောက်အနေဖြင့် (တမန်တော် ၂၃း၁။ ဖိလိပ္ပိ ၃း၆။ ၂တိ ၁း၃)။ ပထမအချက်သည် "အတ္ထုပ္ပတ္တိ သီအိုရီ"အားဖြင့် အခန်းကြီး၇အား အနက်ပြန်ခြင်းကို ကိုယ်စားပြုသည်။ ဒုတိယအချက်ကမူ အခန်းကြီး ၇အား "ကိုယ်စားပြုခြင်း သီအိုရီ"အားဖြင့် အနက်ပြန်ခြင်းကိုပြသည်။

▣ **"ပညတ်ချက်ရောက်လာသောအခါ အပြစ်တရားသည် အသက်ရှင်ကာ၊ ငါသည် သေဆုံးခဲ့ရ၏။"** လူသား၏ ပုန်ကန်တတ်သောစိတ်ကို တားမြစ်ချက်များက နှိုးဆွပေးသည်။ "ဘုရားသခင်၏ပညတ်တရားတော်၌ပါရှိသော "မ... နှင့်"သည် ကျဆင်းခဲ့ပြီးသောလူသား၏အတ္တနှင့်မာနကို မောင်းတင်ပေးလိုက်သည်။ (ကမ္ဘာ ၂း၁၆-၁၇။ ၃း၁-၆)။ ၅း၂၀နှင့် ၇း၈၊ ၁၁၊ ၁၇၊ ၂၀တို့မှာနည်းတူ အပြစ်တရားအား လူသားပုံစံ ဆက်လက်တင်စားကြောင်း သတိပြုပါ။

**၇း၁၀ "အသက်ရှင်စေသော ပညတ်ချက်သည် ငါ့အတွက် သေခြင်းတရားဖြစ်စေကြောင်း ထင်ရှား၏။"** ၎င်းသည် ဝတ်ပြု ၁၈း၅။ တရား ၄း၁(ဝါ) ရောမ ၂း၁၃ တစ်ခုခုအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ပညတ်တရားတော်သည် မိမိမတတ်နိုင်သည့်အရာအား ကတိပေးခြင်းမှာ ၎င်း၌ အပြစ်ပါ၍မဟုတ်ဘဲ၊ လူသားသည် အားနည်း၍၊ ပုန်ကန်တတ်သူဖြစ်သဖြင့်၊ ပညတ်တရားတော်သည် သေဒဏ်စီရင်ချက်ဖြစ်လာခဲ့ရတော့သည်။ (ဂလ ၃း၁၃။ ဧဖက် ၂း၁၅။ ကော ၂း၁၄)။

**၇း၁၁ "ငါ့ကို လှည့်ဖြားလျက်၊ ထိုတရားအားဖြင့် ငါ့ကိုတတ်၏။"** ဤကြိယာနှစ်ခုစလုံးလုပ်ခဲ့ပြီးသောအရာ AORIST ACTIVE နှင့်ဖြစ်ရပ်မှန်ကို ဖော်ပြသောကြိယာနှစ်မျိုးလုံးဖြစ်ကြသည်။ "လှည့်ဖြားသည်"ဟူသောစကားလုံးအား ကမ္ဘာ ၃း၁၃၌ ဧဝကို မြွေကလှည့်ဖြားခြင်း၌ ဂရိဓမ္မဟောင်း-Septuagint(Lxx)တွင်သုံးသည်။ ပေါလုသည် ဤကြိယာကို အကြိမ်ပေါင်းအတော်များများသုံးသည်။ (ရောမ ၁၆း၁၈။ ၁ကော ၃း၁၈။ ၂ကော ၁၁း၃။ ၂သက် ၂း၃။ ၁တိ ၂း၁၄)။ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏ပညတ်တရားတော်အား မနာခံခြင်းဖြင့် ဝိညာဉ်ရေး၌ သေဆုံးသွားခဲ့ကြသည်။ (ယခု ပညတ်တရားတော်၌ ဖွင့်ပြသည်။ ၁ကော ၁၅း၅၆)ထိုနည်းတူ ပေါလုသည်လည်း သေဆုံးခဲ့ကာ၊ လူသားအားလုံး တို့လည်း ထိုနည်းတူဖြစ်ကြ၏။ (၁း၁၈- ၃း၂၀)

**၇း၁၂** ၎င်းမှာ ပညတ်တရားတော် ကောင်းမြတ်ကြောင်း ပေါလု၏အတည်ပြုချက်ဖြစ်သည်။ ၎င်းမှာ ပြဿနာမဟုတ်ချေ။ သို့သော် "အပြစ်တရား"အကြောင်း အခန်းကြီး ၆နှင့် "ပညတ်တရား"အကြောင်း အခန်းကြီး ၇၌ ပေါလုအလားတူသုံးနှုန်းပုံတို့ကို ရောမအသင်းတော်ရှိ ယုံကြည်သူဂျူးလူမျိုး ဥပဒေသသမားတို့အား ခေါင်းရှုပ်သွားစေလိမ့်မည်။ (ယုံကြည်အားနည်းသူများအကြောင်း ၁၄း၁-၁၅း၁၃)

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၇း၁၃**

[13]ထို့ကြောင့် ကောင်းမြတ်သောအရာသည် ငါ့အတွက် သေစေသောအကြောင်းအရာဖြစ်လာသလော? မည်သည့်အခါ၌မျှ ထိုသို့မဖြစ်နိုင်! ထိုသို့ဖြစ်ရမည့်အစား အပြစ်သည် အပြစ်ဖြစ်ကြောင်းပြသစေရန်၊ ကောင်းသောထိုအရာအားဖြင့် ငါ၏သေခြင်းအကြောင်းဖြစ်ပေါ်စေကာ၊ ထိုအပြစ်သည် ပညတ်ချက်အားဖြင့် လုံးလုံးအပြစ်ရှိစေရန်ဖြစ်သည်။

၇း၁၃

NASB **"အပြစ်သည် အပြစ်ဖြစ်ကြောင်း ပြသစေရန်...အပြစ်သည် ...လုံးလုံးအပြစ်ရှိလာစေရန်"**

NKJV **"အပြစ်သည် အပြစ်အဖြစ်ပေါ်လာစေရန်...အလွန်အမင်း အပြစ်ရှိလာနိုင်ရန်"**

NRSV **"အပြစ်သည် အပြစ်ဖြစ်ကြောင်း ပြသစေရန်...မတိုင်းတာနိုင်လောက်အောင် အပြစ်ရှိစေရန်"**

TEV **"၎င်း၏စစ်မှန်သောသဘောသဘာဝကို အပြစ်အဖြစ်နှင့်ပင် ဖော်ထုတ်စေရန်"**

NJB **"အပြစ်သည် မိမိအ၏အရောင်အဆင်းများအား ပြသစေရန်...၎င်း၏အပြစ်ရှိသောတန်ခိုးအားလုံးပြုနိုင်စွမ်းရှိခဲ့..."**

အပြစ်၏ဆိုးသောသဘာဝအား ၎င်းသည် ကောင်းသောအရာ၊ ကောင်းကျိုးပေးသောအရာနှင့် မောရှေ၏ပညတ်တရားမှာကဲ့သို့(ဆာလံ ၁၉၊ ၁၁၉) ဘုရားတရားနှင့် ညီညွတ်သောအရာဖြစ်နေဟန်ရှိပုံနှင့် တစ်ချိန်တည်း၌ပြစ်ဒဏ်စီရင်ခြင်းနှင့် သေခြင်းတရားအဖြစ်သို့ ပြောင်းလဲသွားခြင်း (ဖေက် ၂း၁၅။ ကော ၂း၁၄)၌ ရှင်းလင်းစွာမြင်ရသည်။ ကျဆင်းသောလူသားသည် ဘုရားသခင်ပေးသမျှ ကောင်းသောလက်ဆောင်တိုင်းအား ဘုရားသခင်ပေးသည့်အတိုင်းအတာကို ကျော်လွန်ကာယူခဲ့ကြပေပြီ!

"ရန်"–in order that; so that အဖြစ် ဘာသာပြန်သော *hina* (ကြံရွယ်ချက်)စကားစုနှစ်ခုတို့ကို မှတ်သားပါ။ ဝိဘတ်များသည် စာရေးသူ၏ရည်ရွယ်ချက်ကို ထင်ရှားစေသည်!

▣ **"လုံးလုံးအပြစ်ရှိ"**အထူးအကြောင်းအရာ။ ။ပေါင်းစပ်စကားလုံးများ ပေါလုအသုံးပြုပုံ ၁း၃၀၌ကြည့်ပါ။ ဆိုးသွင်းမှု၊ မကောင်းသောအရာ၏သဘောသဘာဝသည် လူပုဂ္ဂိုလ်နှင့်တူကြောင်းပြသရန် အပြစ်(တရား)ကို လူကဲ့သို့တင်စားဖော်ပြလေ့ရှိသည်။ အထူးအကြောင်းအရာ။ ။ ဆိုးသွမ်းမှု၏ပုဂ္ဂိုလ် ၁၆း၂၀ ၌ကြည့်ပါ။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။၇း၁၄–၂၀**

[14]အကြောင်းမူကား ပညတ်တရားတော်သည် ဝိညာဉ်နှင့်ဆိုင်သည်ကို ငါတို့သိကြသော်လည်း၊ ငါသည် အပြစ် တရား၏ကျေးကျွန်အဖြစ် ရောင်းစားခြင်းခံရသော အသွေးအသားနှင့်ဆိုင်သူဖြစ်သည်။ [15]အကြောင်းမူကား ငါပြုသောအရာကို ငါသည်နားမလည်။ အဘယ်ကြောင့်ဆိုသော် ငါသည် မိမိပြုလိုသောအရာကို မကျင့်ဘဲ၊ မိမိမုန်းတီးသောအရာ ကိုပင်လုပ်နေသည်။ [16]သို့သော် ငါသည် မိမိမလုပ်လိုသောအရာကိုပင် လုပ်သည်ဆိုပါက၊ ပညတ်တရားကောင်းမြတ်ပါသည်ဟု ဝန်ခံကာ၊ ပညတ်တရားတော်နှင့် သဘောတူညီပါသည်။ [17]ထို့ကြောင့် ယခုအခါ၊ ထိုအရာကိုပြုနေသူသည် ငါမဟုတ်ဘဲ၊ ငါ့အထဲနေထိုင်သူအပြစ်ဖြစ်သည်။ [18]အကြောင်းမူကား၊ ငါ၏အသွေးအသားဖြစ်သော ငါ့အထဲ၌ ကောင်း သောအရာဘာမျှ မရှိသည်ကိုငါသိ၏။ အဘယ်ကြောင့်ဆိုသော် လုပ်လိုသောဆန္ဒသည် ငါ့အထဲရှိသော်လည်း ကောင်းသောအရာလုပ်ခြင်းသည် မရှိချေ။ [19]အဘယ်ကြောင့်ဆိုသော် ငါလုပ်လိုသောကောင်းသည့်အရာကို ငါမလုပ်ဘဲ၊ ငါမလုပ်လိုသော ဆိုးသည့်အရာကိုပင် ငါကျင့်၏။ [20]သို့သော် ငါမလုပ်လိုသောအရာကိုပင် ငါလုပ်နေသည်ဆိုလျှင်၊ ၎င်းကိုလုပ်နေသူသည် ငါမဟုတ်တော့ဘဲ၊ ငါ့အထဲနေထိုင်သောအပြစ်ဖြစ်သည်။

**၇း၁၄ "ပညတ်တရားတော်သည် အပြစ်နှင့်ဆိုင်သည်။"** ဘုရားသခင်၏ပညတ်တရားတော်မှာ ကောင်းမြတ်သည်။ ၎င်း၌ ပြဿနာမရှိချေ။ (ငယ် ၁၂ နှင့် ၁၆)

■ **"ငါသည် အသွေးအသားနှင့်ဆိုင်သူဖြစ်သည်။"** ပေါလုသည် ဤဝေါဟာရကို (၁) ရုပ်ခန္ဓာကိုယ်ကိုဆိုလိုခြင်းဖြစ်သော ကြားနေအဓိပ္ပါယ်ဖြင့်သုံးခြင်း (၁း၃။ ၂း၂၈။ ၄း၁။ ၉း၃၊ ၅) နှင့် (၂) အာဒံအထဲ လူသားမျိုးနွယ်၏ကျဆင်းသော သဘာဝကိုဆိုလိုခြင်းအဓိပ္ပါယ်ဖြင့် (ငယ် ၅)အသုံးပြုခြင်းဖြစ်သည်။ ဤနေရာ၌ မည်သည့်အဓိပ္ပါယ်ကိုညွှန်းကြောင်း မသေချာပေ။

■ **"အပြစ်၏ကျေးကျွန်အဖြစ် ရောင်းစားခံ။"** ၎င်းသည် PERFECT PASSIVE PARTICIPLE ဖြစ်ကာ "ငါသည် အပြစ်၏ကျေးကျွန်အဖြစ် ရောင်းစားခြင်းခံခဲ့ပြီးဖြစ်ကာ၊ ဆက်လက်ရောင်းချခံနေသည်"ဟု အဓိပ္ပါယ်ရှိသည်။ ဤနေရာ၌ အပြစ်ကို ကျွန်ပိုင်ရှင်တစ်ဦးအဖြစ် တင်စားထားသည်။ ပြုလုပ်သူမည်သူဖြစ်ကြောင်း မသေချာပေ။ စာတန်၊ အပြစ်၊ ပေါလု(ဝါ)ဘုရားသခင်တစ်မျိုးမျိုးဖြစ်နိုင်သည်။

ဓမ္မဟောင်းကျမ်း၌ လူသားအား မိမိထံတော်သို့ ပြန်လည်ဆွဲဆောင်ဘို့၊ ဘုရားသခင်သုံးသောစကားလုံးမှာ ရွေးနှုတ်သည်(ဝါ)၊ ရွေးနှုတ်ရန်တန်ဘိုးဖြစ်သည်။ (အခြားအဓိပ္ပါယ်တူ စကားလုံးများ) ၎င်း၏မူရင်းအဓိပ္ပါယ်မှာ "ပြန်၍ဝယ်ယူသည်"(နှင့်အဓိပ္ပါယ်တူစကားလုံးများကို အထူးအကြောင်းအရာ ၃း၂၄၌ကြည့် ပါ)။ ၎င်း၏ဆန့်ကျင်ဘက်သဘောမှာ ဤနေရာ၌သုံးသည့်စကားစုဖြစ်သော "၏လက်၌ရောင်းချခံရသော" ဖြစ်သည်။ (တရားသူကြီး ၄း၂။ ၁၀း၇။ ၁ဓမ္မ ၁၂း၉)။

**၇း၁၅–၂၄။** ဘုရားသခင်၏သားသမီးတစ်ယောက်၌ "ဘုရားသဘာဝ (၂ပေ ၁း၄)ရှိသော်လည်း ကျဆင်းသောသဘာဝလည်းရှိသည်။ (ဂလ ၅း၁၇)။ အပြစ်အလုပ်မလုပ်နိုင်ရန် စွမ်းအားကြီးစွာ ပြုထားသော်လည်း (ရောမ ၆း၆)လူသား၏အတွေ့အကြုံသည် ရောမ ၇ ကိုလိုက်လာသည်။ လူသားတိုင်း၏နှလုံးသားထဲ၌ ခွေးမဲတစ်ကောင်နှင့် ခွေးဖြူတစ်ကောင်စီရှိသည်ဟု ဂျူးလူမျိုးများဆိုပါသည်။ မိမိအစာအများဆုံးကျွေးသော အကောင်မှာ အကြီးဆုံးဖြစ်လာသည်။

ဤကျမ်းပိုဒ်ကို ကျွန်တော်ဖတ်ရှုရင်း သဘာဝနှစ်မျိုးတို့၏ နေ့စဉ်တိုက်ခိုက်မှုကို ပေါလုရှင်းလင်းသည့်အတိုင်း သူ၏ဝေဒနာကို ကျွန်တော် တွေ့ကြုံခံစားပါသည်။ ယုံကြည်သူများသည် ကျဆင်းသောမိမိတို့ သဘာဝမှ လွတ်မြောက်စေခြင်း ခံခဲ့ကြပြီဖြစ်သော်လည်း၊ ၎င်း၏သွေးဆောင်မှုကို ကျွန်တော်တို့ ဆက်လက်ခံနေကြသည်မှာ စိုးရိမ်ဘွယ်ရာပင်ဖြစ်သည်။ ပြင်းထန်သောဝိညာဉ်တိုက်ပွဲသည် ကယ်တင်ခြင်းရပြီးနောက်မှသာ စတင်လေ့သည်မှာ အံ့သြဘွယ်ဖြစ်သည်။ ရင့်ကျက်ခြင်းဟူသည် သုံးပါးတစ်ဆူဘုရားရှင်နှင့် တင်းမာမှုပြည့်နှက်သော နေ့စဉ်မိတ်သဟာယပြုခြင်းနှင့် ဆိုးသွမ်းမှု၊ နေ့စဉ်တိုက်ခိုက်မပင် ဖြစ်ပေတော့သည်။ (၈း၁၂–၂၅၊ ၂၆။ ဂလ ၅း၁၆–၁၈။ ဧဖက် ၆း၁၀–၁၈။ ကော ၃း၅–၁၀။ J. D. G. Dunn ၏ *Jesus and the Spirit* စာအုပ်၌ကြည့်ပါ။)

**၇း၁၆၊၂၀ "လျှင်"**နှစ်ခုစလုံး ပထမတန်းစား ချွင်းချက်ပါဝါကျများဖြစ်ကာ၊ စာရေးသူအမြင်၌ အမှန်ဟုမြင်ထားခြင်း(ဝါ) သူ၏စာရေးဟန်ဖြစ်သည်။

**၇း၁၈ "ငါ၏အသွေးအသားဖြစ်သော ငါ့အထဲ၌၊ ကောင်းသောအရာ ဘာမျှမရှိသည်ကို ငါသိ၏။"** ပေါလုအခိုင်အမာပြောနေသည်မှာ ရုပ်ခန္ဓာကိုယ်သည် မကောင်းဟူ၍မဟုတ်ဘဲ၊ ၎င်းသည် ကျဆင်းသောသဘာဝနှင့် ဘုရားသခင်၏ဝိညာဉ်တော်တို့ တိုက်ခိုက်ရာ စစ်မြေပြင်ဖြစ်သည်ဟူ၍ဖြစ်၏။ ဂရိလူမျိုးတို့သည် အခြားသောအရာအားလုံးနည်းတူ လူ၏ကိုယ်ခန္ဓာမှာ ဆိုးဝါးသည်ဟု ဆွဲကိုင်ထားကြသည်။ ၎င်းသည် မှားယွင်းသော နော့စတစ်အယူဝါဒဖြစ်သည့် နှစ်မျိုးဝါဒ(dualistic)ဆိုသော အယူဝါဒဖြစ်ပေါ်စေသည်။ (ဧဖက်၊ ကောလောသဲနှင့် ယောဟန်သြဝါဒစာများ) ဂရိလူမျိုးတို့သည် ဝိညာဉ်ရေးရာပြဿနာများအတွက် "ရုပ်ခန္ဓာ"ကို အပြစ်တင်ကြသည်။ ပေါလုသည် ဤဝေါဟာရတို့အား ဝိညာဉ်ရေးရာအဖြစ် မရှုမြင်ချေ။ သူသည် အပြစ်ကိုပုဂ္ဂိုလ်အဖြစ်တင်စားကာ၊ လူသားသည် ဘုရားရှင်၏ပညတ်တရားတော်ကို ပုန်ကန်ရခြင်းမှာ မကောင်းသော ထိုအရာ(ပုဂ္ဂိုလ်)သည် လူသဘာဝအား ကျူးကျော်တိုက်ခိုက်မှုအဖြစ်

အသုံးပြုသည်။ ပေါလုရေးသည့်စာများရှိ "အသွေးအသား"–flesh ဟူသောစကားလုံးသည် (၁)ကိုယ်ကျင့်တရားဆိုင်ရာ၌ ကြားနေဖြစ်သောရုပ်ခန္ဓာ(၁း၃။ ၂း၂၈။ ၄း၁။ ၉း၃၊ ၅) နှင့် (၂) အာဒံထံမှ အမွေဆက်ခံရရှိသော ကျဆင်းသည့်သဘာဝ (ငယ် ၅)တစ်ခုခုဖြစ်သည်။ အထူးအကြောင်းအရာ။ ။ သွေးသား ဇာတိ (*sarx*)–၁း၃၌ကြည့်ပါ။

**၇း၂၀"ငါ့အထဲ၌ရှိသောအပြစ်"**ရောမသြဝါဒစာသည် လူသား၏အပြစ်ကို အလွန်ရှင်းလင်းစွာ ဖော်ပြသော်လည်း ၁၆း၂၀ မတိုင်မီစာတန်အား မဖော်ပြသည်မှာ စိတ်ဝင်စားစရာဖြစ်သည်။ လူသားများသည် မိမိတို့၏အပြစ်ပြဿနာအတွက် စာတန်ကိုအပြစ်တင်၍မရချေ။ ကျွန်တော်တို့၌ ရွေးချယ်ပိုင်ခွင့်ရှိသည်။ အပြစ်ကို ဘုရင်တစ်ပါး၊ မင်းဆိုးမင်းညစ်၊ ကျွန်ပိုင်ရှင်တစ်ဦးအဖြစ် တင်စားသည်။ ၎င်းသည် ကျွန်တော်တို့အား ဘုရားပေါ်မှီခိုမှုကင်းကာ၊ မည်မျှပင်ပေးဆပ်ရသည်ဖြစ်စေ မိမိ၏အတ္တကို ရှေ့တန်းတင်ရန် ဖျားယောင်းသွေးဆောင်သည်။ အပြစ်ကိုပုဂ္ဂိုလ်အဖြစ် ပေါလုတင်စားခြင်းသည် ကမ္ဘာ ၄း၇က လူသား၏ရွေးချယ်မှုအား ပေါ်လွင်စေသည်။

ပေါလုသည် "ရှိ (နေထိုင်"–dwell ဟူသောစကားလုံးကို ဤအခန်းကြီးထဲအတော်များများသုံးသည်။ (ငယ် ၁၇၊ ၁၈၊၂၀)။ကယ်တင်ခြင်းရသည့်အခါ အပြစ်ပြည့်သောသဘာဝကို မဖျက်စီး(ဝါ)ဖယ်ရှားလိုက်ခြင်း မပြုသော်လည်း၊ အလုပ်မလုပ်နိုင်အောင် စွမ်းအားကြီးစွာ တားဆီးသည်။ ၎င်းသည် ဆက်လက်၍ စွမ်းအားမဲ့ဖြစ်သွားရေးမှာ မိမိတို့အထဲကျိန်းဝပ်နေသူဝိညာဉ်တော်နှင့် မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုပေါ်မူတည်သည်။(၈း၉၊၁၁)။ ဘုရားသခင်သည် ပုဂ္ဂိုလ်အဖြစ် တင်စားထားသူနှင့် ပုဂ္ဂိုလ်ဖြစ်သော(စာတန်နှင့်ဝိညာဉ်ဆိုးများ)အပြစ်အား တွန်းလှန်ဖြိုဖျက်ရန် လိုအပ်သမျှကိုယုံကြည်သူအား ထောက်ပံ့ ပေးအပ်သည်။ ၎င်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏အတူရှိနေခြင်းနှင့် တန်ခိုးတော်ဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏အခမဲ့လက်ဆောင်ဖြစ်သော ကယ်တင်ခြင်းကိုလက်ခံသည့်အတိုင်း၊ ဘုရားသခင်၏အခမဲ့လက်ဆောင်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၏ ထိရောက်စွာတားဆီးမှုကိုလည်း လက်ခံကြရပေမည်။ ကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာမှာ ယုံကြည်သူ၏နေ့စဉ်ဆုံးဖြတ်မှုအားဖြင့်ပင် အဆုံးသတ်သောနေ့စဉ်ဆက်လက်ဖြစ်ပေါ်နေသည့်အရာဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့၏လိုအပ်မှုအားလုံး ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။ ဝိညာဉ်တော်(ရောမ ၈)၊ ဝိညာဉ်လက်နက်အစုံအလင် (ဧဖက် ၆း၁၁)၊ ဖွင့်ပြတော်မူခြင်း/ဗျာဒိတ်တော်/ ဧဖက် ၆း၁၇/ နှင့် ဆုတောင်းခြင်း(ဧဖက် ၆း၁၈)စသည်တို့ဖြစ်သည်။

ဤတိုက်ပွဲသည် ပြင်းထန်သော်လည်း (ရောမ ၇)အနိုင်ရသောတိုက်ပွဲဖြစ်သည်။ (ရောမ ၈)။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၇း၂၁–၂၅

**²¹ကောင်းသောအကျင့်ကိုကျင့်ချင်သော ကျွန်ုပ်အထဲ၌ ဆိုးသောအရာရှိနေသည်ဟူသော နိယမတရားကို ငါတွေ့၏။ ²²အကြောင်းမူကား ငါသည် အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်နှင့် ဝမ်းမြောက်စွာ သဘောတူညီညွတ်သည်။ ²³သို့သော် ငါ၏စိတ်ထဲကတရားကို ဆန့်ကျင်တိုက်ခိုက်၍၊ ငါ့အား မိမိ၏ကိုယ်အင်္ဂါများထဲရှိ အပြစ်တရား၏ကျေးကျွန်ဖြစ်စေသော၊ အခြားဆန့်ကျင်ဘက်တရားတစ်ခု ငါ၏ကိုယ်ခန္ဓာအင်္ဂါများ၌ ငါမြင်ရ၏။ ²⁴ငါသည် ဒုက္ခသည်ဖြစ်နေပါကောလား! သေခြင်းတရားနှင့်ဆိုင်သော ဤခန္ဓာကိုယ်မှ ငါ့ကို ဘယ်သူလွတ်မြောက်စေမည်နည်း? ²⁵ငါတို့၏သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ချီးမွမ်းပါ၏! သို့ဖြင့် ငါသည် တစ်ဖက်၌ မိမိစိတ်အားဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကို အစေခံသော်လည်း အခြားတဘက်၌မူ၊ ငါ၏အသွေးအသားဖြင့် အပြစ်တရားကိုအစေခံ၏။**

**၇း၂၂ "ဘုရားသခင်၏ပညတ်တရားတော်"**။ ဤစကားသည် ဂျူးလူမျိုးများအတွက် မောရှေ၏ပညတ္တိကျမ်းကိုညွှန်းသည်ဟု နားလည်ကြသည်။ ဂျူးမဟုတ်သူများအတွက်မူ

၁။ သဘာဝတရားအားဖြင့် သက်သေခံတော်မူခြင်း (ရောမ ၁း၁၉–၂၀။ ဆာလံ ၁၉း၁–၆)

၂။ ကိုယ်ကျင့်တရားဆိုင်ရာအတွင်း ဩတ္တပ္ပစိတ် (ရောမ ၂း၁၄–၁၅)

၃။ လူမှုရေးဆိုင်ရာစံများ (ဝါ)ရိုးရာဓလေ့များ

▣

**NASB** **"အတွင်းလူအားဖြင့်"**

**NKJV** **"အတွင်းဘက်လူ၏သဘောအားဖြင့်"**

**NRSV, NJB** **"ငါ၏အဆုံးစွန်သောအတ္တ/ဇာတိ၌"**

**TEV** **"ငါ၏အတွင်းလူ"**

ပေါလုသည် လူ၏အပြင်လူ(ရုပ်ခန္ဓာ)နှင့် အတွင်းလူ (ဝိညာဉ်ခန္ဓာ)ဟူ၍ ၂ကော ၄း၁၆၌ခွဲခြားသည်။ ဤကျမ်းပိုဒ်၌ ဤစကားသည် ပေါလု၏အပိုင်း(ဝါ)ဘုရားသခင်၏အလိုတော်နှင့် ပညတ်တော်ကိုမှန်ကြောင်း ဝန်ခံသည့်ကယ်တင်ခြင်းရသောလူသားကို ရည်ညွှန်းသည်။

၁။ "ပညတ်တရားတော်မှာ ဝိညာဉ်ရေးဖြစ်သည်" ၇း၁၄

၂။ "ငါလုပ်လိုသောအရာ" ၇း၁၅

၃။ "ပညတ်တရားတော် ကောင်းမြတ်သည်ဟု ဝန်ခံကာ၊ ပညတ်တရားတော်ကို သဘောတူသည်" ၇း၁၆

၄။ "လုပ်လိုသောဆန္ဒငါ့အထဲရှိသည်" ၇း၁၈

၅။ "ငါလုပ်လိုသောကောင်းမြတ်သည့်အရာ" ၇း၁၉

၆။ "ငါမလုပ်လိုသော ဆိုးသည့်အရာကိုမှ ငါဖြစ်စေသည်" ၇း၁၉

၇။ "ငါမလုပ်လိုသောအရာကိုမှ ငါလုပ်နေသည်" ၇း၂၁

၈။ "ကောင်းသောအရာလုပ်လိုသူ" ၇း၂၀

၉။ "ဘုရားသခင်၏ပညတ်တရားတော်အား ဝမ်းမြောက်စွာ သဘောတူသည်" ၇း၂၂

၁၀။ "ငါ၏စိတ်ထဲကတရား" ၇း၂၃

၁၁။ "မိမိစိတ်အားဖြင့် ဘုရားသခင်၏ပညတ်တရားတော်အား အစေခံ" ၇း၂၅

ဘုရားသခင်နှင့်နှုတ်ကပတ်တော်အား သိကျွမ်းမှုသည် မလုံလောက်ကြောင်း အခန်းကြီး ၇က ပြသသည်။ ယုံကြည်သူများ၌ ဝိညာဉ်တော်လိုအပ်သည် (အခန်းကြီး ၈)!

**၇း၂၃** တကယ့်ခြားနားမှုတစ်ခု ၆း၂။ ၈း၂နှင့် ၇း၂၃တို့၌ရှိသည်။ ပညတ်တော် *(nomos)*အား ပေါလုသုံးနှုန်းပုံကို ဤအခန်းငယ်သည် ရှင်းလင်းစွာ ပေါ်လွင်စေကာ (၁) အပြစ်တရား (၈း၂၁၊ ၂၅)နှင့် (၂) ဘုရားသခင်၏ပညတ်တော် (ငယ် ၂၂၊ ၂၅)တို့ကို ရည်ညွှန်းသည်။ စောစောပိုင်းက အခန်းငယ်များဖြစ်သည့် အငယ် ၄၊ ၅၊ ၆၊ ၇၊ ၉နှင့် ၁၂တို့၌ ပေါလုသည် ဤစကားလုံးကိုသုံးရာ၌ ဓမ္မဟောင်းကျမ်းကိုဆိုလိုသည်။ ပေါလုမှာ ဓမ္မပညာ၌ နည်းစနစ်သမားမဟုတ်ချေ။ သူသည် "ပညတ်တော်"–law ၏သဘော၌ အခက်အခဲတွေ့နေသည်။ တစ်နည်းအားဖြင့် ၎င်းမှာ ဘုရားသခင်၏ဖွင့်ပြတော်မူခြင်း၊ လူသားအတွက် အံ့သြဘွယ်ရာအခမဲ့လက်ဆောင်ဖြစ်ခဲ့သော်လည်း၊ အခြားတဘက်၌ ၎င်းသည် အပြစ်တရားအား အဓိပ္ပါယ်သတ်မှတ်ကာ၊ ကျဆင်းသောလူသားမလိုက်နာနိုင်သည့် နယ်နိမိတ်များ ရှင်းလင်းစွာ ချမှတ်ထားသောအရာလည်းဖြစ်နေပါသည်။ ထိုနယ်နိမိတ်တို့မှာ ဓမ္မဟောင်းကျမ်း၏ဖွင့်ပြမှုသာလျှင်မဟုတ်ဘဲ (ဆာလံ ၁၉း၇–၁၄။ ၁၁၉)ကိုယ်ကျင့်တရားလမ်းညွှန်မှုအားလုံးဖြစ်သည့် သဘာဝအားဖြင့် ဖွင့်ပြတော်မူခြင်း (ဆာလံ ၁၉း၁–၆။ ရောမ ၁း၁၈– ၃း၃၁) (ဝါ)လူမှုရေးစံများနှင့်၊ ဓလေ့ထုံးစံများဖြစ်သည်။ လူသားများသည် မိမိတို့ဘဝအသီးသီးကို မိမိကိုယ်မိမိကသာ အပြည့်အဝကိုယ်တွယ်လိုသူ ပုန်ကန်သူများဖြစ်ကြသည်!

**၇း၂၄** ၎င်းသည် ကယ်တင်ခြင်းရရှိသူတစ်ယောက် ပြောခြင်းဖြစ်နိုင်ပါသလား? အချို့ကမဟုတ်ပါဟု ပြောခြင်းဖြင့် ဤအခန်းကြီးခုနစ်သည် ကိုယ်ကျင့်တရား၊ ဘာသာရေးကို ရည်ညွှန်းကာ၊ ကယ်တင်ခြင်းမရသူကို ပြောခြင်းဖြစ်သွားစေသည်။ အခြားသူများကမူ ဟုတ်ပါသည်ဟု ပြောပြခြင်းဖြင့် ဤအခန်းကြီးသည် သတင်းကောင်းတင်းမာမှုဖြစ်သည့် ယုံကြည်သူများအတွင်း"ဖြစ်နေပြီးသားအရာနှင့် မဖြစ်ရသေးသောအရာ"ကိုရည်ညွှန်းသည်။ အနာဂတ်ကာလ၌ ဖြစ်ပျက်မည့်အရာများ ယခုမပေါ်လွင်သေးချေ။ ဤအရာနှစ်ခုကြား လုစ်ဟာနေပုံကို ရင့်ကျက်သောယုံကြည်သူသည် စူးရှစွာ သိမြင်သည်။

▣

**NASB** **"သေခြင်းတရားနှင့်ဆိုင်သော ဤခန္ဓာကိုယ်"**

**NKJV, NRSV "သေခြင်းနှင့်ဆိုင်သောခန္ဓာကိုယ်"**

**TEV** **"ငါ့အား သေခြင်းတရားသို့ ခေါ်ဆောင်သွားသော ဤကိုယ်ခန္ဓာ"**

**NJB** **"သေဘို့ရန် စီရင်ချက်ချထားသည့် ဤကိုယ်ခန္ဓာ"**

ရုပ်ခန္ဓာနှင့်စိတ်တို့သည် သူတို့ဟာသူတို့ ဆိုးသွမ်းသည်မဟုတ်ချေ။ ၎င်းတို့မှာ ဤကမ္ဘာဂြိုလ်ပေါ်ရှိ အသက်အတွက်နှင့် မိမိနှင့် မိတ်သဟာယပြုရန် ဘုရားသခင်ဖန်ဆင်းသောအရာများပင်ဖြစ်သည်။ သူတို့ကို "အလွန်ကောင်း" သောအရာများအဖြစ် ဖန်ဆင်းခြင်းဖြစ်သည်။ (ကမ္ဘာဦး ၁း၃၁)။ သို့သော် ကမ္ဘာဦး ၃သည် လူသားနှင့်ဤဂြိုလ်အား ပြောင်းလဲသွားစေသည်။ ဤကမ္ဘာမှာ ဘုရားသခင်ဖြစ်စေလိုသော ကမ္ဘာမဟုတ်ဘဲ၊ ကျွန်တော်တို့သည်လည်း ဘုရားသခင်ကြံရွယ်ထားသည့် လူသားများမဟုတ်ကြတော့ချေ။ အပြစ်သည် ဖန်ဆင်းခြင်းအား ပြတ်ပြတ်ထင်ထင် ထိခိုက်သွားခဲ့သည်။ အပြစ်သည် ကောင်းမွန်သောအရာကို လူသားထံမှယူကာ၊ အတ္တကိုအခြေပြုသည့် ဆိုးသွမ်းသောအရာအဖြစ် တွန့်လိမ်သွား စေသည်။ ခန္ဓာကိုယ်နှင့်စိတ်မှာ သွေးဆောင်ခြင်းနှင့်အပြစ်တို့၏ စစ်မြေပြင်ဖြစ်လာသည်။ ပေါလုသည် ထိုတိုက်ပွဲကို စူးရှစွာခံစားသည်! သူသည် ကပ်ကာလအသစ်၊ ကိုယ်ခန္ဓာအသစ်၊ ဘုရားသခင်နှင့်မိတ်သဟာယဖြစ်ခြင်းတို့ကို တောင့်တသည်။ (၈း၂၃)။

**၇း၂၅** ၎င်းသည် ပိုမိုမြင့်မားသောအပိုင်းဖြစ်သည့် ရောမ ၈ ၏အကျဉ်းချုပ်ဖြစ်သည်။ မည်သို့ဖြစ်စေ ဤအခန်းကြီး ၈ ၌ပင် အငယ် ၅–၁၁၌ တွေ့ရသော အလားတူဆွဲဆန့်မှုမျိုးတွေ့ရသည်။

ပေါလုသည် မည်သူ့အား ပြောနေသနည်းဆိုသည့် မေးခွန်းသည် အနက်ဖွင့်သမားများအား ချာချာလည်သွားစေသည်။

၁။ သူ့ကိုယ်တိုင်နှင့် ယုဒဘာသာအတွင်း သူ့အတွေ့အကြုံများ

၂။ ခရစ်ယာန်များအားလုံး

၃။ လူသားများ၏ ဥပမာဖြစ်သူအာဒံ

၄။ အစ္စရေးနှင့်ပညတ်တရားတော်အား သူသိကျွမ်းပုံနှင့် သိသည့်အတိုင်း နာခံရန်ပျက်ကွက်ပုံ

လူပုဂ္ဂိုလ်နှင့်ဆိုင်သော"ငါ"သည် # ၁(၇–၁၃၊ ၂၅)နှင့် #၂(၁၄–၂၅)တို့နှင့် ဆက်စပ်သည်။ ရောမ ၇း၇–၂၅ အား ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ရပုံ၌ကြည့်ပါ။ အခန်းကြီး ၇၏ နာကျင်မှုဝေဒနာသည် အခန်းကြီး ၈၏ ခန်းနားထယ်ဝါမှုနှင့် ဆက်စပ်ပြီး၊ ၎င်းကို ကျော်လွန်၍ပင်သွားပါသည်!

▣ **"ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းပါသည်" အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။**

## အထူးအကြောင်းအရာ။ ။ပေါလု၏ချီးမွမ်းခြင်း၊ဆုတောင်းခြင်းနှင့် ဘုရားသခင်အား ကျေးဇူးတင်ခြင်း

ပေါလုမှာ ချီးမွမ်းသောသူဖြစ်သည်။ သူသည် ဓမ္မဟောင်းကျမ်းကို သိကျွမ်းသည်။ ဆာလံကျမ်း၏ပထမအပိုင်း လေးပိုင်းစလုံး ဘုရားသခင်အား ချီးမွမ်းခြင်းဖြင့် အဆုံးသတ်သည်။ (ဆာလံ ၄၁း၁၃။ ၇၂း၁၉။ ၈၉း၅၂။ ၁၀၆း၄၈)။ ပေါလုသည် ဘုရားသခင်ကို ချီးမွမ်းကာ၊ ပုံစံအမျိုးမျိုးဖြင့် အထူးတလည်း ချီးကျူးခြင်းပြုသည်။

၁။ သူ၏ဩဝါဒစာများ၏ အဖွင့်နိဒါန်းများ၌

က။ အဖွင့်ကောင်းချီးပေးခြင်း (ဝါ)နှုတ်ဆက်စကားများ (ရောမ ၁း၇။ ၁ကော ၁း၃။ ၂ကော ၁း၂)

ခ။ အဖွင့်မင်္ဂလာစကားများ (*eulogētos*, ၂ကော ၁း၃–၄။ ဧဖက် ၁း၃–၁၄)။

၂။ ပွင့်ထွက်လာသော တိုတောင်းသည့်ချီးမွမ်းခြင်းများ

 က။ ရောမ ၁း၂၅။ ၉း၅

ခ။ ၂ကော ၁၁း၃၁

၃။ ဘုရားသခင်အား ချီးကျူးခြင်းများ(*doxa-glory* ခေါ်ဘုန်းတော်ဆိုသည့် အသုံးအနှုန်းနှင့်"ထာဝရ"ဆိုသည့် အသုံးအနှုန်းများဖြင့် တွေ့ရသည်)

က။ ရောမ ၁၁း၃၆။ ၁၆း၂၅–၂၇

ခ။ ဧဖက် ၃း၂၀–၂၁

ဂ။ ဖိ ၄း၂၀

ဃ။ ၁တိ ၁း၁၇

င။ ၂တိ ၄း၁၈

၄။ ကျေးဇူးတော်ချီးမွမ်းခြင်း (ဥပမာ *eucharisteō*)

က။ သြဝါဒစာနိဒါန်းပျိုးခြင်းများ (ရောမ ၁း၈။ ၁ကော ၁း၄။ ၂ကော ၁း၁၁။ ဧဖက် ၁း၁၆။ ဖိ ၁း၃။ ကော ၁း၃၊ ၁၂။ ၁သက် ၁း၂။ ၂သက် ၁း၃။ ဖိလေမုန် ၄။ ၁တိ ၁း၁၂။ ၂တိ ၁း၃)

ခ။ ကျေးဇူးတော်ချီးမွမ်းရန် ခေါ်ဖိတ်မှုများ (ဧဖက် ၅း၄၊ ၂၀။ ဖိ ၄း၆။ ကော ၃း၁၅၊ ၁၇။ ၄း၂။ ၁သက် ၅း၁၈)။

၅။ ပွင့်ထွက်လာသော တိုတောင်းသည့်ကျေးဇူးတော် ချီးမွမ်းခြင်းများ

က။ ရောမ ၆း၁၇။ ၇း၂၅

ခ။ ၁ကော ၁၅း၅၇

ဂ။ ၂ကော ၂း၁၄။ ၈း၁၆။ ၉း၁၅

ဃ။ ၁သက် ၂း၁၃

င။ ၂သက် ၂း၁၃

၆။ အဆုံးသတ်ကောင်းချီးပေးခြင်းများ

က။ ရောမ ၁၆း၂၀၊ ၂၄

ခ။ ၁ကော ၁၆း၂၃–၂၄

ဂ။ ၂ကော ၁၃း၁၄

ဃ။ ဂလ ၆း၁၈

င။ ဧဖက် ၆း၂၄

ပေါလုသည် သုံးပါးတစ်ဆူဘုရားအား ဓမ္မသဘောနှင့် အတွေ့အကြုံအားဖြင့်ပါ သိရှိသည်။ သူ၏သြဝါဒစာများကို ဆုတောင်းခြင်းနှင့် ချီးမွမ်းခြင်းများဖြင့် အစပြုလေ့ရှိသည်။ သူ၏တင်ပြမှုများအလယ်၌ ဂုဏ်တော်ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းများ ပွင့်ထွက်လာလေ့ရှိသည်။ မိမိ၏သြဝါဒစာများ အဆုံးသတ်ရာ၌ ဆုတောင်းရန်၊ ဂုဏ်တော်ချီးမွမ်းရန်နှင့် ကျေးဇူးတော်ချီးမွမ်းရန် သတိရလေ့ရှိသည်။ ပေါလု၏စာအရေးအသားများသည် ဆုတောင်းခြင်း၊ဂုဏ်တော်ချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းများဖြင့် အသက်ရှုနေသည်။ သူသည် ဘုရားသခင်ကိုသိသည်။ မိမိကိုယ်မိမိသိကာ၊ သတင်းကောင်းကိုသိရှိသည်။

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်သည် အနက်ဖွင့်မှုအတွက် <u>လမ်းညွှန်ခြင်း</u>အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား၊ မိမိကိုယ်တိုင်အနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟုဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသည့် အလင်းထဲလျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်အား၊ အနက်ဖွင့်ကျမ်းရေးသားသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဆွေးနွေးခြင်းဖြစ်သော ဤမေးခွန်းများမှာ ဤစာအုပ်၏ ဤအပိုင်းတွင်ပါဝင်သောအဓိကအကြောင်းအရာများအားစဉ်းစားဆင်ခြင်နိုင်ရန် ပို့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊စဉ်းစားဆင်ခြင်မှုအား နှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ အခန်းကြီး ၆သည် အခန်းကြီး ၇ နှင့် မည်ကဲ့သို့ ဆက်စပ်သနည်း?

၂။ ဓမ္မဟောင်းကျမ်း၏ပညတ်တရားသည် ဓမ္မသစ်ကျမ်း ယုံကြည်သူများနှင့် မည်သို့ဆက်စပ်သနည်း? (၂ကော ၃း၁–၁၁။ ဟေဗြဲ ၈း၇၊ ၁၃)

၃။ မိမိတို့၏ဘဝဟောင်းနှင့် မိမိတို့၏ဆက်စပ်မှုအား ရှင်းလင်းရန် ပေါလုသည် အခန်းကြီး ၆နှင့် ၇တို့၌ မည်သည့်ဥပမာနှစ်မျိုးဖြင့် ရှင်းလင်းသနည်း?

၄။ ခရစ်ယာန်သည် မောရှေ၏ပညတ္တိကျမ်းနှင့် မည်သို့ဆက်စပ်သနည်း?

၅။ ရောမ ၇း၇–၂၅အား အနက်ဖွင့်ရာ၌ အတ္ထုပ္ပတ္တိသဘောနှင့် ကိုယ်စားပြုခြင်းသဘောဖြင့် အနက်ပြန်ခြင်းနှစ်မျိုးတို့၏ကွဲပြားခြားနားမှုကို မိမိစကားဖြင့် ရှင်းလင်းပါ။

၆။ ရောမ ၇၏ဖော်ပြမှုမှာ ကယ်တင်ခြင်းမရသောသူလား? မရင့်ကျက်သောယုံကြည်သူလား? သို့မဟုတ် ယုံကြည်သူအားလုံးကိုဘဲလား?

| ခေတ်သစ်ဘာသာပြန်ကျမ်းများအား အပိုင်းလိုက်ခွဲခြင်း | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| ဝိညာဉ်တော်ထဲအသက် | အထဲကျိန်းဝပ်သော<br>အပြစ်မှ လွတ်မြောက်ခြင်း | ဘုရား၏ကယ်တင်<br>သောလုပ်ဆောင်မှု | ဝိညာဉ်တော်<br>ထဲအသက် | ဝိညာဉ်တော်နှင့်<br>ဆိုင်သောအသက် |
| ၈း၁–၁၁ | ၈း၁–၁၁ | ၈း၁–၄ | ၈း၁–၈ | ၈း၁–၁၁ |
| | | သွေးသားထဲနှင့်<br>ဝိညာဉ်တော်ထဲအသက် | | |
| | | ၈း၅–၈ | | |
| | | ၈း၉–၁၁ | ၈း၉–၁၁ | |
| | | ဝိညာဉ်တော်နှင့်သား<br>အရာ၌ ချီးမြှောက်ခြင်း | | |
| ၈း၁၂–၁၇ | ၈း၁၂–၁၇ | ၈း၁၂–၁၇ | ၈း၁၂–၁၇ | ၈း၁၂–၁၃ |
| | | | | ဘုရား၏သားသမီးများ |
| | | | | ၈း၁၄–၁၇ |
| လာလတ္တံ့သော<br>ဘုန်းတန်ခိုး | ဒုက္ခခံခြင်းမှဘုန်းကြီး<br>ခြင်းသို့ | စုံလင်ခြင်းကိုမျှော်<br>လင့်ခြင်း | အနာဂတ်၌<br>ဘုန်းကြီးခြင်း | ငါတို့၏ပန်းတိုင်<br>ဘုန်းကြီးခြင်း |
| ၈း၁၈–၂၅ | ၈း၁၈–၃၀ | ၈း၁၈–၂၅ | ၈း၁၈–၂၅ | ၈း၁၈–၂၅ |
| | | | | ဘုရားသည် မိမိ၏<br>ဘုန်းတော်ကိုဝေမျှရရှိ<br>ရန်ငါတို့ကိုခေါ်ထား သည်။ |
| | | ၈း၂၆–၃၀ | ၈း၂၆–၃၀ | ၈း၂၆–၃၀ |
| မေတ္တာတော် | ထာဝရမေတ္တာတော် | မေတ္တာတော်အား | ခရစ်တော်ယေရှု<br>ယုံကြည်ကိုးစားခြင်း | မေတ္တာတော်ဘွဲ့<br>ထဲမေတ္တာတော် |
| ၈း၃၁–၃၉ | ၈း၃၁–၃၉ | ၈း၃၁–၃၉ | ၈း၃၁–၃၉ | ၈း၃၁–၃၉ |

## အကျော့လိုက် ဖတ်ရှုခြင်းဖြစ်စဉ်သုံး(စာ Xi ကြည့်)

*မူရင်းစာရေးသူ၏ ရည်ရွယ်ချက်ကို စာပိုဒ်အလိုက် နားလည်ခြင်း*

ဌင်းမှာ အနက်ဖွင့်မှုလမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား အနက်ပြန်ရန်မှု မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲ လျှောက်သွားရန်ဖြစ်မည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်း အပြီးဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ပါ။ မိမိ၏ အကြောင်းအရာခွဲခြားမှုများကို အထက်ပါခေတ်သစ်ဘာသာပြန် ကျမ်းငါးခုတို့နှင့်နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်း မဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ဌင်းမှာ အနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး စာပိုဒ်တစ်ပိုဒ်၌ အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယ စာပိုဒ

၄။ … စသဖြင့်

## ကျမ်းစကားအဆက်အစပ်အားဖြင့် နားလည်ခြင်း

က။ ဤအခန်းကြီးသည် ၁း၁၈၌ ပေါလုစတင်ပြောခဲ့သောအရာ၏ အထွဋ်အထိတ်ဖြစ်သည်။ ၎င်း၏အစမှာ "ပြစ်ဒဏ်စီရင်ခြင်း မခံရ" (တရားဥပဒေဆိုင်ရာ ရပ်တည်ချက်)ဟူ၍ဖြစ်ပြီး၊ အဆုံးမှာ "မခွဲခြားနိုင်" (တစ်ဦးချင်း မိတ်သဟာယပြုမှု)ဟူ၍ဖြစ်သည်။ ဓမ္မသဘောအားဖြင့် ၎င်းသည် ဖြောင့်မတ်စေခြင်းမှ သန့်ရှင်းစေခြင်းသို့ ရွေ့လျားသွားကာ၊ တဖန်သန့်ရှင်းစေခြင်းမှ ဘုန်းကြီးစေခြင်းသို့ ကူးပြောင်းသွားသည်။ (ငယ် ၂၉-၃၀)

ခ။ ၎င်းမှာ ဘုရားသခင်သည် ယုံကြည်သူများအား မိမိ၏ဝိညာဉ်တော်ပေးခြင်း၌ ဓမ္မသဘောအားဖြင့် ဆွေးနွေးတင်ပြမှု အခြေအနေတိုးတက်ဖြစ်ပေါ်ပုံဖြစ်သည်။ (ရှင်ယောဟန်၏တင်ပြပုံ ယောဟန် ၁၄း၁၂-၃၁။ ၁၆း၇-၁၆)။ အငယ် ၁၄ ၏အပြုခံကြိယာ (PASSIVE VERB)၌ လုပ်ဆောင်သူမှာ ဝိညာဉ်တော်ဖြစ်ကာ၊ ကျဆင်းခဲ့ပြီးသူ လူသားများ၏ဘဝ အသက်တာ ထဲ ဧဝံဂေလိတရား သက်ဝင်လှုပ်ရှားပုံကို ပြောပြသည်။ ဝိညာဉ်တော်သည် သူတို့နှင့်အတူ၊ နေထိုင်ကာ၊ သူတို့အထဲ ကျိန်းဝပ်လျက် သူတို့အထဲ၌ ခရစ်တော်ကို စတင်ပုံဖော်သွားမည်ဖြစ်သည်။ ဤအခန်းကြီး ၈၌ ဝိညာဉ်ဟူ သောဝေါဟာရ ၂၁ကြိမ်ကျော်သုံးကာ၊ အခန်းကြီး ၇၌မူ ထိုစကားလုံးမပါချေ။ (ထိုနည်းတူ အခန်းကြီး ၃-၆ အတွင်း ထိုစကားလုံးမပါဘဲ၊ အခန်းကြီး ၁-၂အတွင်း သုံးကြိမ်သာပါဝင်သည်။ ဂရိစကား *pneuma* သည် မည်သည့်နေရာ၌ လူ၏ဝိညာဉ်ဖြစ်ပြီး၊ မည်သည့်နေရာ၌ သန့်ရှင်းသောဝိညာဉ်တော်ကိုရည်ညွှန်းကြောင်း သေချာရန်ခက်ခဲမှုရှိသည်)

ဂ။ ဘဝအသက်တာ၌ လူသားများလိုက်သောအမြင်နှစ်မျိုး နှစ်စားပါလေ့ရှိရာ (တစ်ဦးချင်း၏လောကအမြင်များ) အသက်ရှင်ခြင်းပုံစံနှစ်မျိုး၊ ဦးစားပေးနှစ်မျိုး၊ လမ်းနှစ်လမ်း(လမ်းကျယ်နှင့်လမ်းကျဉ်း)စသဖြင့်ရှိပြီး၊ ဤနေရာ၌မူ သွေးသားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ တစ်မျိုးသည် အသက်ရှင်စေကာ၊ အခြားတစ်မျိုးသည် သေခြင်းသို့ပို့ဆောင်သည်။ ဤအရာကိုပင် ဓမ္မဟောင်းကျမ်း၏ပညာဆိုင်ရာကျမ်းများ၌ ထုံးစံအားဖြင့် "လမ်းနှစ်လမ်း"ဟုခေါ်သည်။ ထာဝရအသက်၊ ဝိညာဉ်အသက်စသဖြင့် သိမြင်နားလည်လောက်သော ထူးခြားမှုများရှိသည်။ (သွေးသားနောက် လိုက်ခြင်းနှင့် ဝိညာဉ်နောက်လိုက်ခြင်းတို့မှာ ဆန့်ကျင်ဘက်များဖြစ်သည်။)

ဓမ္မသဘောဆိုင်ရာ ဤအကြောင်းအရာတစ်ခုလုံး (ရောမ ၁-၈)၌ စာတန်စကားလုံးမပါကြောင်း မှတ်သားပါ။ ရောမ ၁၆း၂၀ မတိုင်မချင်း သူ့အား မဖော်ပြချေ။ စူးစိုက်မှုပြုသည်မှာ လူသား၏အာဒံဆိုင်ရာ ကျဆင်းသောသဘာဝ ဖြစ်သည်။ လူသားသည် ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်မှုအတွက်၊ သဘာဝတရားကို ကျော်လွန်သောအဖြစ်အပျက် တစ်ခုဖြစ်သည့် ဧဒင်ဥယျာဉ်ထဲက သွေးဆောင်ခြင်းကို ("မာရ်နတ်ကြောင့် ငါလုပ်တာ!")ဟူသော ကျဆင်းသည့် လူသား၏အကြောင်းပြချက်ကို ဤနည်းဖြင့် ပေါလုသည် ဤမြင်ကွင်းမှ ဖယ်ရှားခြင်းဖြစ်သည်။ <u>လူသား</u>၌ တာဝန်ရှိသည်။

ဃ။ ဤအခန်းကြီး၌ သမ္မာတရားအမျိုးမျိုးအား အကြောင်းအရာအလိုက် အစုလိုက်ဖော်ပြခြင်းမျိုးမဟုတ်ဘဲ၊ ဟိုဟာ ပြန်ဖော်ပြ၊ သည်ဟာပြန်ဆွဲယူကာ ဖော်ပြခြင်းဖြစ်သဖြင့် အကျဉ်းချုံ့ရန် လွန်စွာခက်ခဲသည်။

င။ အငယ် ၁၂-၁၇၌ စိတ်ချယုံကြည်ခြင်းအကြောင်းအား ယုံကြည်သူများကို ပြောပြသည်။

၁။ ပထမဆုံးအချက်မှာ ကမ္ဘာ့အမြင်ပြောင်းလဲလာပုံနှင့် ဝိညာဉ်တော်အားဖြင့် ဖြစ်မြောက်သွားသော အသက်ရှင်ခြင်းပုံစံသစ်ဖြစ်သည်။

၂။ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအစား မိသားစုချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်အားဖြင့် အစားထိုးဝင်လာသည်။

၃။ တတိယမှာ ကျွန်တော်တို့၏သားဖြစ်ခြင်းအရာအား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အတွင်းဘက်မှ အတည်ပြုပေးခြင်းဖြစ်သည်။

၄။ စတုတ္ထအချက်မှာ ဤအတည်ပြုပေးခြင်းအရာမှာ ကျဆင်းသောဤလောကပြဿနာများနှင့် ရုန်းကန်မှုများ အလယ်၌ပင် မှန်ကန်သေချာနေခြင်းဖြစ်သည်။

စ။ အငယ် ၃၁–၃၉ မှာ တရားခွင်ပုံစံဖြစ်ကာ၊ ဓမ္မဟောင်းပရောဖက်များ၏ စာရေးဟန်ပုံစံဖြစ်သည်။ ဘုရားသခင်မှာ တရားသူကြီး၊ စာတန်မှာ တရားလို၊ ယေရှုမှာ ခုခံလျှောက်လဲသူ (အကျိုးဆောင်ရှေ့နေ)နှင့် ကောင်းကင်တမန်တို့မှာ ပွဲကြည့်ပရိသတ်နှင့် ယုံကြည်သူလူသားတို့မှာ စာတန်၏စွပ်စွဲခံသူများဖြစ်ကြသည်။(ယောဘ ၁–၂။ ဇာခရိ ၃)။

၁။ တရားဥပဒေဆိုင်ရာ ဝေါဟာရများ

- က။ ငါတို့တဘက်၌ (ငယ် –၃၁)
- ခ။ အပြစ်တင် (ငယ် ၃၃)
- ဂ။ ဖြောင့်မတ်ရာ၌တည်စေ (ငယ် ၃၃)
- ဃ။ ပြစ်ဒဏ်စီရင် (ငယ် ၃၄)
- င။ ကြားဝင်ဆုတောင်းပေး (ငယ် ၃၄)

၂။ တရားစွဲဆိုခြင်း "အဘယ်သူ"(ငယ် ၃၁၊ ၃၃၊ ၃၄ (၃–ခါ)၊ ၃၅

၃။ ခရစ်တော်အထဲ ဘုရားသခင်၏ပံ့ပိုးမစမှု (ငယ် ၃၂၊ ၃၄)

၄။ ဘုရားသခင်ထံတော်မှ မခွဲထုတ်နိုင်

- က။ လောကအခြေအနေများ (ငယ် ၃၅)
- ခ။ ဓမ္မဟောင်းကျမ်းမှ ဆာလံ ၄၄း၂၂ (ငယ် ၃၆)
- ဂ။ အောင်မြင်ခြင်း (ငယ် ၃၇၊ ၃၉)
- ဃ။ သဘာဝလွန် အခြေအနေများ (ဝါ)အကြောင်းရင်းများ (ငယ် ၃၇–၃၉)

## စကားလုံးနှင့် စကားစုများလေ့လာခြင်း

### NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၈း၁–၈

[၁]ထို့ကြောင့် ယခုတွင် ယေရှုခရစ်တော်ထဲရှိသူများအတွက် ဒဏ်စီရင်ခြင်းမရှိတော့ချေ။ [၂]အကြောင်းမှာ ခရစ်တော်ယေရှုအထဲက အသက်နှင့်ဆိုင်သော ဝိညာဉ်တော်တရားသည် အပြစ်နှင့်လည်းကောင်း၊ သေခြင်းနှင့်လည်းကောင်း ဆိုင်သောတရားမှ သင်တို့ကိုလွတ်မြောက်စေခဲ့ပြီ။ [၃]အကြောင်းမူကား ပညတ်တရားတော်သည် သွေးသားဇာတိကြောင့် အားနည်းကာ၊ မတတ်နိုင်သောအရာကို ဘုရားသခင်သည် ပြုတော်မူကာ၊ မိမိ၏သားတော်အား အပြစ်နှင့်ပြည့်သော သွေးသားဇာတိ၏ပုံသဏ္ဍာန်ကိုဆောင်လျက်၊ အပြစ်ပူဇော်ရာအဖြစ်စေလွှတ်ကာ၊ အပြစ်ကို သွေးသားဇာတိ၌ ပြစ်ဒဏ်စီရင်သည်။ [၄]၎င်းမှာ သွေးသားဇာတိအလိုမလိုက်ဘဲ၊ ဝိညာဉ်တော်အလိုအတိုင်းလိုက်သော ငါတို့အထဲ၌ ပညတ်တရားတော်၏ တောင်းဆိုမှုပြည့်စုံစေရန်ဖြစ်သည်။ [၅]အကြောင်းမူကား၊ သွေးသားဇာတိအလိုအတိုင်းလိုက်သော သူများသည် သွေးသားဇာတိနှင့်ဆိုင်သောအရာများကို စိတ်စွဲလမ်းကြသော်လည်း၊ ဝိညာဉ်တော်၏အလိုအတိုင်းလိုက် သောသူများသည် ဝိညာဉ်တော်နှင့်ဆိုင်သောအရာများကို စိတ်စွဲလမ်းကြ၏။ [၆]အကြောင်းမူကား၊ သွေးသားဇာတိကို စွဲလမ်းခြင်းသည် သေခြင်းဖြစ်သော်လည်း၊ ဝိညာဉ်တော်အား စွဲလမ်းခြင်းမှာ အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်းဖြစ်သည်။ [၇]အဘယ်ကြောင့်ဆိုသော် သွေးသားဇာတိစွဲလန်းခြင်းသည် ဘုရားသခင်အား ဆန့်ကျင်ဘက်ပြုခြင်းဖြစ်သည်။အကြောင်းမှာ သွေးသားဇာတိသည် ဘုရားသခင်၏ပညတ်တရားတော်ကို မနာခံနိုင်။ အကြောင်းမှာ နာခံခြင်းလည်း မပြုနိုင်။ [၈]သွေးသားဇာတိ၌ ကျင်လည်သူများသည် ဘုရားသခင်၏စိတ်တော်ကို မတွေ့နိုင်ချေ။

**၈း၁**

**NASB** "ထို့ကြောင့် ယခုတွင်"– **Therefore there is now''**
**NKJ V, NRSV ''there is therefore now''**
**TEV ''There is''**

**NJB "ထို့ကြောင့် အကြောင်းရင်း..."the reason, therefore**

ငင်းသည် နောက်ပိုင်းအကြောင်းအရာအား ပြန်၍ပြောပြသည်။ အချို့သည် ၇း၂၄–၂၅အား ပြောခြင်းဖြစ်သည်ဟုဆိုသော်လည်း၊ ၃း၂၁– ၇း၂၅အား ရည်ညွှန်းခြင်းပို၍ဖြစ်နိုင်သည်။

▣ **"မ"**ဂရိဝါကျ၌"မ"သည် အရင်ဆုံးစကားလုံးဖြစ်သည်။ ခရစ်တော်၌ရှိသူများ (ငယ် ၁–၃)နှင့် ဝိညာဉ်တော်၏အလိုအတိုင်းလိုက်သောသူများ (ငယ် ၄–၁၁)အား အလေးအနက်ပြု ဖော်ပြခြင်းဖြစ်သည်။ ဤနေရာ၌ ပဋိညာဉ်တရားသစ်၏ မျက်နှာစာနှစ်မျိုးပါရှိသည်။

၁။ ငင်းမှာ ခရစ်တော်အထဲက အခမဲ့လက်ဆောင်ဖြစ်သည်

၂။ ငင်း၌ အသက်ရှင်ခြင်းပုံစံတစ်ခုဖြစ်သည့် ပဋိညာဉ်တရားဆိုင်ရာ တုံ့ပြန်မှုလိုအပ်သည်။

ဖြောင့်မတ်ရာ၌ တည်စေခြင်းသည် (၅း၁–၁၁)မြင်ရသည့်အရာ (အဖြစ်မှန်– INDICATIVE)နှင့် စိတ်သန္တာန်၌ရှိသောအရာ(IMPERATIVE)နှစ်မျိုးလုံးဖြစ်သည်။ ငင်းမှာ ပြောဆိုဖော်ပြချက်နှင့် အသက်ရှင်ခြင်းပုံစံနှစ်မျိုးလုံးဖြစ်သည်။

▣ **"ပြစ်ဒဏ်စီရင်ခြင်း"**ဤစကားလုံး *katakrima* ကို ဂရိဓမ္မဟောင်းကျမ်း၌ သုံးလေ့မရှိသော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ကျိန်ဆဲခြင်းအမင်္ဂလာကို ထင်ဟပ်စေသည်။ တရားဟော ၂၇း၂၆(တရားဟော ၂၇း၂၆ကို ကျိန်ဆဲခြင်းနှင့်အတူဖြစ်သော ဂလ ၃း၁၀၌သုံးသည်)။ "တရားရုံး၏စီရင်ချက်အတိုင်း ပြစ်ဒဏ်ပေးခြင်း"ဟုအဓိပ္ပါယ်ရသည်။ ငင်းသည် ဖြောင့်မတ်စေခြင်းနှင့် ဆန့်ကျင်ကာ တရားရုံးတော်၊ တရားဥပဒေနှင့်ဆိုင်သည်။ ငင်းမှာ ပေါလုသုံးသောဝေါဟာရဖြစ်ကာ (၅း၁၆၊ ၁၈)ဓမ္မသစ်ကျမ်းမှ လွဲလျှင်မည်သည့်နေရာ၌မျှ မသုံးချေ။

ပြစ်ဒဏ်စီရင်ခြင်းသဘောကို စာတန်သည် ဘုရားသခင်၏လူများအား ပဋိညာဉ်တရားချိုးဖေါက်သည်ဟု စွပ်စွဲရာ၌သုံးကာ၊ နောက်ပိုင်း၌ အစ္စရေးလူမျိုးမဟုတ်သော ယောဘကဲ့သို့သောသူများအား စွပ်စွဲရာ၌သုံးသည်။ (ယောဘ ၁–၂)။ သို့သော် ယခုအခါ ယုံကြည်သူများသည် ပညတ်တရားဘက်၌ ခရစ်တော်နှင့်အတူ သေဆုံးခဲ့ကြပြီဖြစ်ရကား (ရောမ ၆) ပညတ်တရားတော်ပင်ဖြစ်စေ၊ စာတန်ပင်ဖြစ်စေ၊ စွပ်စွဲစရာအကြောင်းမရှိတော့ချေ။

King James Version ဘာသာပြန်ကျမ်းသည် အငယ် ၁၌"သွေးသားဇာတိနောက်မလိုက်ဘဲ၊ ဝိညာဉ်တော်အလိုနောက်လိုက်သောသူ"စကားစုအား ဖြည့်စွက်သည်။ ရှေးဟောင်းဂရိလက်ရေးကျမ်း အများအပြားတို့တွင် အငယ် ၁ ၌ ဤစကားစုမပါချေ။ UBS[4]သည် ငင်းကိုချန်ထားကာ"A"အဆင့်(သေချာ)သတ်မှတ်သည်။ ထိုစကားစုမှာ အငယ် ၄ ကျမှ သာပါသည်။ ငင်းသည် ဓမ္မသဘောအရ အငယ် ၁နှင့်လုံးဝမသင့်တော်သော်လည်း အငယ် ၄ နှင့်မူ လုံးဝကိုက်ညီသည်။ အငယ် ၁–၃သည် ရပ်တည်မှုဆိုင်ရာ သန့်ရှင်းစင်ကြယ်မှု (အဖြစ်မှန်ကိုဖော်ပြခြင်း)ဖြစ်ပြီး အငယ် ၄–၁၁ ၌မူ အတွေ့အကြုံအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း(၆း၄၏အထူးအကြောင်းအရာ) သို့မဟုတ် ခရစ်တော်နှင့်တူခြင်း (ခိုင်းစေခြင်း–၈း၂၉၏ အထူးအကြောင်းအရာ၌ကြည့်ပါ)။ William R. Newell ၏ *Romans Verse by Verse* (Moody, 1938) ၏စာမျက်နှာ ၂၈၉ရှိ အောက်ခြေမှတ်စုကို မှတ်သားပါ။

"ဘာသာပြန်ကျမ်းတစ်ခုဖြစ်သော Revised Version သည်"သွေးသားဇာတိနောက်မလိုက်ဘဲ၊ ဝိညာဉ်တော်၏အလိုသို့ လိုက်သောသူ"ဟူသောစကားစုအား မှန်ကန်စွာချန်ထားသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ကျော်က King James ဘာသာပြန်သောအချိန်ကာလမှစ၍၊ ယခုကျွန်ုပ်တို့၌ရှိသော အကောင်းဆုံးအမှန်ဆုံး ဂရိလက်ရေးကျမ်းများ ပြန်လည်တွေ့ရှိလာခဲ့ကြသည်။ King James ဘာသာပြန်မှစ၍ လက်ရေးဖြင့်ရေးကူးရာ၌ ပါလာသောမှားယွင်းမှုများအား ပြင်ဆင်ရာ၌ကြာညောင်းကာ၊ ပျင်းရိငြီးငွေ့ဘွယ်ရာကောင်းလှသော်လည်း လွန်စွာအကျိုးကြီးလှသောအလုပ်အား ဘုရားသခင်ကို ရိုသေကိုင်းရှိုင်းသူများသည် ဆန္ဒပြင်းပြစွာနှင့် တည်ကြည်စွာလုပ်ခဲ့ကြသည်။ ကျွန်တော်တို့အားလုံးသိထားကြသည့်အတိုင်း သမ္မာကျမ်းစာ၏မူလ ပထမမူရင်းလက်ရေးကျမ်းများ ကျွန်တော်တို့၌မရှိတော့ချေ။ လူသားများ ပီပီရုပ်တုဆင်းတုကိုးကွယ်ရန် အမြဲစိတ်ယိုင်သူလူသားများလက်ထဲ ထိုမူလလက်ရေးကျမ်းများ ရှိမနေစေရန် ဘုရားသခင်အလိုရှိ၍ဖြစ်သည်။

ရောမအခန်းကြီး ၈ အငယ် ၁ ကို"ခရစ်တော်ယေရှုအထဲ၌"စကားစုဖြင့် အဆုံးသတ်ရမှာဖြစ်ပြီး ၎င်းအတွက် အကြောင်းရင်းလေးခုရှိသည်။ (၁) "သွေးသားဇာတိနောက်မလိုက်ဘဲ၊ ဝိညာဉ်တော်၏အလိုသို့ လိုက်သောသူ"စကားစုအား အခန်းငယ် ၁မှ ချန်လှပ်ထားရာ၌ ဂရိလက်ရေးကျမ်းများ၏အထောက်အထား ကြီးမားစွာရှိကာ၊ ဤစကားလုံးများအား အခန်းငယ် (၄)၌ထည့်ရန် အားလုံးက သက်သေထူနေပါသည်။ (၂) ဝိညာဉ်သဘောအရ နားလည်ရခြင်းသည်လည်း သဘောတူညီသည်။ အကြောင်းမှာ ဤစကားစုကို အခန်းငယ် ၁၌ ထည့်ပါက ငါတို့၏လုံခြုံမှုသည် ဘုရားသခင်၏ဝိညာဉ်တော်ပေါ် မမူတည်တော့ဘဲ၊ မိမိတို့၏လျှောက်လှမ်းမှုပေါ်မူတည်ခြင်း ဖြစ်သွားစေသည်။ သို့သော် ခရစ်တော်ယေရှုအထဲရှိသူအားလုံး ပြစ်ဒဏ်စီရင်ချက်နှင့်လွတ်ကင်းကြောင်း ဤသြဝါဒစာတလျှောက်လုံး၌ ပွင့်လင်းစွာ သွန်သင်ထားသည်။ သို့မဟုတ်ပါက ငါတို့၏လုံခြုံမှုသည် ခရစ်တော်အထဲ မိမိတို့၏အနေအထားကြောင့်မဟုတ်ဘဲ၊ ငါတို့၏လိုက်လျှောက်မှုပေါ် မူတည်ခြင်းဖြစ်သွားသည်။ (၃) ဤစကားစုအား အခန်းငယ် ၄အဆုံး၌ထားရန် သင့်တော်ပုံမှာ ရှင်းလင်းလှသည်။ အကြောင်းမှာ အငယ် ၄သည် ပြစ်ဒဏ်စီရင်ခြင်းမှ ယုံကြည်သူလွတ်မြောက်ကြောင်းအား ရှင်းလင်းရေးသားခြင်းမဟုတ်ဘဲ၊ ယုံကြည်သူ၏လျှောက်လှမ်းပုံကို ရေးသားခြင်းဖြစ်သည်။(၄)King Jamesဘာသာပြန်ကျမ်း၌ အခန်းငယ် ၁အဆုံးစကားလုံးမှာ တစ်မျိုးဖြစ်ကာ၊ (ကျမ်းစာရေးကူးသူအချို့၏ အောက်ခြေမှတ်စု)၎င်းသည် စလုံးကြီးဖြင့် ရေးသောလက်ရေးကျမ်းများဖြစ်သည့် Aleph, A, B, C, D, F, G, A, D(corr.) တို့မှာနည်းတူ အချို့သောကောင်းမွန်သည့် စာလုံးသေးဖြင့်ရေးသည့်စာမူများနှင့် ရှေးဟောင်းဘာသာပြန်ကျမ်းများ (Olshausen, Meyer, Alford, J.Fနှင့် Darby ၏ *Synopsis, in loc* ၌ ထူးကဲသောဆွေးနွေး တင်ပြမှု တို့ကိုကြည့်ပါ။) သို့သော် တရားဥပဒေကို ကြောက်ခြင်းကြောင့် ဤgloss စကားနည်းတူ အခြားသောပေါင်းထည့်ခြင်းမျိုးလည်း အခြားကျမ်းပိုဒ်များ၌တွေ့ရသည်။

ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်အား ဘာသာပြန်ရန်နှင့် ထိုဘာသာပြန်ကျမ်းများသည်လည်း မူရင်းစာများနည်းတူ အခွင့်အာဏာရှိမြဲရှိစေပုံကို ဟေဗြဲဓမ္မဟောင်းကျမ်းအား ဂရိဘာသာသို့ပြန်သော Septuagint (Lxx)ကို ဓမ္မသစ်ကျမ်း၌ ရည်ညွှန်းအသုံးပြုခြင်းအားဖြင့် သိရှိရသည်။

ဘုရားသခင်သည် ငါတို့အတွက် ချန်ပေးထားခဲ့သော အဆိုပါလက်ရေးကျမ်းများကို လေးနက်စွာလေ့လာရာ၌ မိမိတို့၏ဘဝတစ်ခုလုံး ဆက်ကပ်အသုံးပြုခဲ့ကြသောသူတို့ကြောင့် ကျွန်တော်တို့၌ရှိသော ဤမျှအံ့သြဘွယ်ရာ စုံလင်ပြည့်ဝသည့် ဘာသာပြန်ကျမ်းတစ်ကျမ်းအား ကျွန်တော်တို့ကို ပေးခြင်းအတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြရမှာဖြစ်သည်။ ထိုကဲ့သို့သော ကျမ်းတတ်ပုဂ္ဂိုလ်များကို မာနထောင်လွှားသော ခေတ်သစ်ဝါဒများ–Modernist (သို့မဟုတ် ယခင်က"Higher Critics ခေါ်သူများ)များနှင့် အကြွင်းမဲ့၊ အမြဲထာဝရခွဲခြားသိရှိကြရပေမည်။ အကြောင်းမှာ ထိုခေတ်သစ်ဝါဒသမားများမှာ ဘုရားသခင်ပြောခဲ့သောအရာအား တွေ့ရှိနိုင်ရန် နက်ရှိုင်းစွာ နှိမ့်ချပြီးစူးစမ်းရှာဖွေရမည့် အစား ဘုရားသခင်သည် သမ္မာကျမ်းစာထဲ၌ ဤသို့ပြောသင့်ကြောင်းအား ကျွန်တော်တို့ကိုပြောပြရန် တာဝန်ယူသူများဖြစ်ကြသောကြောင်းတည်း။ (p.289)

▣ **"ခရစ်တော်ယေရှုအထဲရှိသူ "**ပေါလု၏ဤထူးခြားသောစကားစုမှာ ယခုခေတ်သစ်အသုံးအနှုန်း "တစ်ဦးချင်းဆက်သွယ်မှု"နှင့် အတူတူဖြစ်သည်။ ပေါလုသည် ယေရှုကိုသိသည်၊ ချစ်သည်၊ အစေခံကာ၊ သူ၌ဝမ်းမြောက်သည်။ သတင်းကောင်းမှာ ယုံကြည်ရန်သတင်းစကားနှင့် ကြိုဆိုရန် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဒမသက်မြို့ သွားရာလမ်းမပေါ် သူနှင့်တွေ့ခဲ့သော၊ သေခြင်းမှထသူခရစ်တော်နှင့် (တမန် ၉)သူ၏ဆက်ဆံရေးမှ အသက်ရှင်ရန် တန်ခိုးရရှိသည်။ ပေါလု၏ယေရှုအကြောင်း ဓမ္မသဘောတရားမှာ ယေရှုနှင့်တွေ့ပြီးမှ ပေါက်ဖွားလာသည်။ သူသည် မိမိ၏အတွေ့အကြုံကိုရှုပ်ထွေးသောဈာန်တရားမှ ရရှိခြင်းမဟုတ်ဘဲ၊ သာသနာလုပ်ငန်းအား ခွန်နှင့်အားနှင့်လုပ်ရာမှ ရရှိခြင်းဖြစ်သည်။ (မဿဲ ၂၈း၁၈–၂၀။ လုကာ ၂၄း၄၇။ တမန် ၁း၈)။ သခင်ဘုရားကို သိကျွမ်းရခြင်းမှာ သူ့ကိုအစေခံရန်ဖြစ်သည်။ ရင့်ကျက်သောခရစ်ယာန် မှာ သတင်းစကားတစ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးနှင့် အသက်ရှင်ခြင်းပုံစံတစ်ခုဖြစ်သည်! (၁း၅၏ မှတ်ချက်၌ ကြည့်ပါ)။

၈း၂"အသက်နှင့်ဆိုင်သော ဝိညာဉ်တော်တရား...အပြစ်နှင့်လည်းကောင်း၊ သေခြင်းနှင့်လည်းကောင်းဆိုင်သောတရား" ၎င်း၏ဖြစ်နိုင်ချေ။ ရည်ညွှန်းချက်မှာ–

၁။ အပြစ်နှင့်ဆိုင်သောတရား (ရောမ ၇း၁၀၊ ၂၃၊ ၂၅)နှင့် ဘုရားသခင်၏ပညတ်တရားတော်အသစ်(ရောမ ၇း၆၊ ၂၂၊ ၂၅)တို့၏ ကွဲပြားခြားနားခြင်း

၂။ "ချစ်ခြင်းမေတ္တာတရား"(ယာကုပ် ၁း၂၅။ ၂း၈၊ ၁၂)၏တဖက်ပြိုင်ဘက် "မောရှေ၏ပညတ္တိကျမ်း"(၇း၆–၁၂)။

၃။ ခေတ်ဟောင်း၏တဖက်ပြိုင်ဘက် ခေတ်သစ်

၄။ ပဋိညဉ်တရားအဟောင်းနှင့် ပဋိညဉ်တရားအသစ်တို့ ပြိုင်ဘက်(ယေရ ၃၁း၃၁–၃၄။ ဓမ္မသစ်ကျမ်း၏ဟေဗြဲဩဝါဒစာ)

ဤဆန့်ကျင်ဘက်ပုံစံမှာ ဆက်လက်ဖြစ်ပေါ်နေသည်။

၁။ ခရစ်တော်ထဲက အသက်ဖြစ်သောဝိညာဉ်တော်တရား၏ပြိုင်ဘက်–အပြစ်နှင့်သေခြင်းတရား။ ငယ် ၂

၂။ သွေးသားဇာတိအလို၏ပြိုင်ဘက်–ဝိညာဉ်၏အလို။ ငယ် ၄နှင့် ၅

၃။ သွေးသားဇာတိနှင့်ဆိုင်သောအရာများ၏ပြိုင်ဘက်–ဝိညာဉ်တော်နှင့်ဆိုင်သောအရာများ။ ငယ် ၅

၄။ သွေးသားဇာတိနှင့်ဆိုင်သောအရာများ စိတ်စွဲလမ်းခြင်း၏ပြိုင်ဘက်–ဝိညာဉ်တော်နှင့်ဆိုင်သောအရာများအား စိတ်စွဲလမ်းခြင်း။ ငယ် ၅

၅။ သွေးသားဇာတိအား စိတ်စွဲလမ်းခြင်း၏ပြိုင်ဘက်–ဝိညာဉ်တော်အား စိတ်စွဲလမ်းခြင်း။ ငယ် ၆

၆။ သွေးသားဇာတိ၏ပြိုင်ဘက်–ဝိညာဉ်တော်။ ငယ် ၉

၇။ သေလူဖြစ်သော ကိုယ်ခန္ဓာ၏ပြိုင်ဘက်–အသက်ရှင်သောဝိညာဉ်။ ငယ် ၁၀

၈။ သင်တို့သေရလိမ့်မည်၏ပြိုင်ဘက်–သင်တို့အသက်ရှင်လိမ့်မည်။ ငယ် ၁၃

၉။ ကျွန်ဖြစ်ခြင်းဝိညာဉ်မဟုတ်၏ပြိုင်ဘက်–သားဖြစ်စေခြင်းဝိညာဉ်။ ငယ် ၁၅

NASB ၏သမ္မာကျမ်းစာလေ့လာခြင်း(စာ၊ ၁၆၄၅)၌ ရောမဩဝါဒစာထဲ၌ ပညတ်တရား–law(ဥပဒေ)စကားလုံး သုံးနှုန်းပုံများအကြောင်း စိတ်ဝင်စားစရာ စာရင်းတစ်ခုရှိသည်။

၁။ ထိန်းချုပ်ခြင်းတန်ခိုး။ ၈း၂

၂။ ဘုရားသခင်၏ပညတ်တော်။ ၂း၁၇–၂၀။ ၉း၃၁။ ၁၀း၃–၅

၃။ မောရှေ၏ပညတ္တိကျမ်း (ပထမကျမ်း ငါးကျမ်း)။ ၃း၂၁

၄။ ဓမ္မဟောင်းကျမ်းတစ်ခုလုံး။ ၃း၁၉

၅။ ဥပဒေသတစ်ခု။ ၃း၂၇

▣

**NASB, NRSV**
**NJB "သင်တို့ကို လွတ်မြောက်စေပြီ"–**
**NKJV, TEV "ငါ့ကို လွတ်မြောက်စေပြီ"**

အငယ် ၂–၃သည် အခန်းကြီး ၆ ၏ဓမ္မသဘောတရားဆိုင်ရာ သတင်းစကားဖြစ်သည်။ ရှေးဟောင်းဂရိ လက်ရေးကျမ်းများ၌ မတူသောနာမ်စားအတော်များများသုံးသည်။

၁။ A,D, K&Pလက်ရေးမူများ၌ "ငါ့အား"ဖြစ်သည်။

၂။ Aleph, B,F&G တို့၌ "သင်တို့အား"ဖြစ်သည်။

၃။ နောက်ပိုင်း၌ဖြစ်သော စာလုံးကြီးဖြင့်ရေးသည့် Shema ၌"ငါတို့"ဖြစ်သည်။

UBS[4]ကျမ်းပြုသူများသည် "သင်"အား"B"အဆင့်(သေချာသလောက်)သတ်မှတ်သည်။ UBS[3]ကမူ"D"အဆင့်(အလွန်ခက်ခဲသည်)ပေးသည်။

မူကွဲများ၌ တွေ့ရသည့်နာမ်စား“ငါတို့” “သင်တို့”(ဝါ) “ငါ့အား” “ငါတို့အား” တို့သည် ပေါလုရေးသားသော စာများ၌ ပြန်၍ပေါ်လာလေ့ရှိသည်။

**၈း၃“ပညတ်တရားတော်မလုပ်နိုင်သည့်အရာ”။** မောရှေ၏ပညတ်တရားသည် ကောင်းမြတ်၍ သန့်ရှင်းသည်မှန်သော်လည်း လူသားသည် အားနည်း၍ အပြစ်ပြည့်သည်။ (၇း၁၂၊ ၁၆)။ ဤနေရာရှိ ကြိယာမှာ အမှန်အားဖြင့် နာမဝိသေသန *adunaton* ဖြစ်ကာ၊ “မဖြစ်နိုင်”ဟု အဓိပ္ပါယ်ရှိလေ့ရှိသည်။ (မဿဲ ၁၉း၂၆။ ဟေဗြဲ ၆း၄၊ ၁၈။ ၁ဝး၄။ ၁၁း၆)။ သို့သော် ၎င်းသည် “ခွန်အားမရှိ”ဟုဆိုလိုခြင်းဖြစ်နိုင်သည်။ (တမန် ၁၄း၈။ ရောမ ၁၅း၁)။ ပညတ်တရားတော်သည် လွတ်မြောက်စေခြင်းမပြုနိုင်ချေ။ (ဂလ ၃း၂၁)။ ၎င်းအစား ပြစ်ဒဏ်စီရင်ရာ၊ သေဆုံးစေရာနှင့် ကျိန်ဆဲရာဖြစ်သွားသည်။ (ဂလ ၃)

▣ **“သွေးသားဇာတိကြောင့် ၎င်းသည် အားနည်း”။** ၎င်းမှာ အခန်းကြီး၇ ၌ပေါလုအဓိကဆွေးနွေးသည့်အရာဖြစ်သည်။ ဘုရားသခင်၏ပညတ်တရားတော်မှာ ကောင်းမြတ်ကာ သန့်ရှင်းသော်လည်း အပြစ်ရှိ၍၊ ကျဆင်းကာ၊ နှံကန်တတ်သောလူသားသည် ၎င်း၏တောင်းဆိုမှုများကို မဆောင်ရွက်နိုင်ချေ။ ပေါလုသည် ဂျူးကျမ်းတတ်ရဗ္ဗိဆရာကြီးများနည်းတူမဟုတ်ဘဲ၊ ကမ္ဘာဦး ၃၏အကျိုးဆက်များကို အလေးအနက်ပြုသည်။ ဂျူးကျမ်းတတ်ဆရာကြီးအများစုတို့သည် ဤလောကအတွင်း အပြစ်ကိုလှုံ့ဆော်သည်မှာ ကမ္ဘာဦး ၆မှဖြစ်သည်ဟုဆိုကြသည်။

▣ **“ဘုရားသခင်သည် ပြုတော်မူကာ၊ မိမိသားတော်အား...စေလွှတ်”** ပဋိညာဉ်တရားဟောင်း၌ ကျဆင်းသောလူသားမပြုနိုင်ခဲ့သည့်အရာကို ပဋိညာဉ်တရားသစ်၌ ဘုရားသခင်သည် (ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၂–၃၆) ယေရှုအားဖြင့် ပြုတော်မူခဲ့သည်။ (ဟေရှာ ၅၃။ ယေ ၃း၁၆)။ ဘုရားသခင်သည် ပြင်ပသဏ္ဍာန်ဆိုင်ရာ တောင်းဆိုမှုများပြုခြင်းအစား အတွင်းသဏ္ဍာန်ဆိုင်ရာ ဝိညာဉ်တော်၊ အသစ်သောနှလုံး၊ အသစ်သောစိတ်တို့ကို ပံ့ပိုးပေးခဲ့သည်။ ဤပဋိညာဉ်တရားသစ်သည် လူသား၏ဆောင်ရွက်မှုပေါ် အခြေမပြုဘဲ၊ နောင်တရခြင်းနှင့် ခရစ်တော်ပြီးစီးခဲ့ပြီးသော အလုပ်အား ယုံကြည်ကိုးစားမှုပေါ် အခြေပြုပါသည်။ (ဧဖက် ၂း၈–၉)။ သို့သော် ပဋိညာဉ်တရားနှစ်မျိုးလုံးတို့သည် ဘုရားတရားနှင့် လျော်ညီသော အသက်ရှင်ခြင်းပုံစံသစ်အား မျှော်လင့်သည်။ (ဧဖက် ၁း၄။ ၂း၁ဝ)။

▣ **“အပြစ်နှင့်ပြည့်သော သွေးသားဇာတိ၏ပုံသဏ္ဍာန်ကိုဆောင်လျက်”** အလားတူသမ္မာတရားကို ဖိလိပ္ပိ ၂း၇–၈၌ ဖော်ပြသည်။ ယေရှု၌ လူသားကိုယ်ခန္ဓာစစ်စစ်ရှိခဲ့သည်။ (သို့သော် အပြစ်ရှိသောသဘာဝမဟုတ်ချေ။ ဖိ ၂း၇–၈။ ဟေဗြဲ ၇း၂၆)။ သူသည် ငါတို့စစ်စစ်ပင်ဖြစ်သည်။ သူသည် ငါတို့နည်းတူ အရာအားလုံး၌ စုံစမ်းသွေးဆောင်ခြင်းခံခဲ့သော်လည်း၊ အပြစ်မပြုခဲ့ချေ။ (ဟေဗြဲ ၄း၁၅)။ သူသည် ကျွန်တော်တို့ပေါ် နားလည်မှုရှိသည်။ သူသည် ကျွန်တော်တို့အတွက် ကြားဝင်ဆုတောင်းပေးသည်။ (၈း၃၄။ ဟေဗြဲ ၇း၂၅။ ၉း၂၄)။

▣ **“အပြစ်ပူဇော်ရာအဖြစ်”။**“ပူဇော်ရာ”စကားစုကို NJB နှင့် NRSV တို့၌ ထည့်ထားသည်။ ဤသဘောကို ၂ကော ၅း၂၁ နှင့် ၁ပေ ၂း၂၄တို့၌ တွေ့ရသည်။ ယေရှုမှာ အသေခံရန်ကြွလာသည်(ဟေရှာ ၅၃း၄–၆၊ ၁ဝ–၁၂။ မာကု ၁ဝး၄၅)။ ယေရှု၏အပြစ်ကင်းစင်သော အသက်(အပြစ်တင်စရာကင်းသော)သည် လူသားအားလုံး၏(ဟေဗြဲ ၁ဝး၆၊ ၈။ ၁၃း၁၁)အပြစ်ဖြေရာဖြစ်လာသည်။ (ယော ၁း၂၉)။

▣ **“အပြစ်ကို သွေးသားဇာတိ၌ ပြစ်ဒဏ်စီရင်သည်။”** ယေရှု၏ကိုယ်ခန္ဓာသေဆုံးမှုသည် လူသားတစ်ဦးချင်းပြုသောအပြစ်များ(မောရှေ၏ပညတ်တရားပြုသကဲ့သို့)သာလျှင်မဟုတ်ဘဲ၊ လူသား၏အပြစ်သဘာဝ ပြဿနာလေးနက်ကြောင်းပြသကာ၊ ဖြေရှင်းသည်။ ဘုရားသခင်၏ထာဝရရွေးနုတ်ခြင်းရည်ရွယ်ချက်ကို ပြီးစီးစေသည်မှာ သူ၏ဘဝ အသက်တာ၊ သူ၏အသေခံခြင်း၊ ပြန်ရှင်ခြင်းနှင့် ကောင်းကင်ဘုံသို့ ပြန်တက်ခြင်းများဖြစ်သည်။ (တမန်တော် ၂း၂၃။

၃း၁၈။ ၄း၂၈။ ၁၃း၂၉)။ သူသည် လူသားများ မည်သို့ဖြစ်နိုင်ကြောင်းနှင့် မည်သို့ဖြစ်ရမည်အကြောင်းကိုလည်း ကျွန်တော်တို့ကို ပြသခဲ့သည်။ (ယောဟန် ၁၃း၁၅။ ၁ပေ ၂း၂၁)။

**၈း၂၄** ဤအငယ်သည် ပဋိညာဉ်တရားသစ်အား ရည်ညွှန်းခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ (ယေရ ၃၁း၃၃ နှင့် ယေဇ ၃၆း၂၆-၂၇)။ ၎င်းသည် ကျွန်တော်တို့၏ကယ်တင်ခြင်း၌ ကဏ္ဍနှစ်ရပ်ဆောင်ရွက်သည်။

၁။ ယေရှုသည် ပဋိညာဉ်တရားဟောင်း၏တောင်းဆိုမှုများကို ပြည့်စုံစေကာ၊ သူ့အား ယုံကြည်ကိုးစားခြင်းအားဖြင့် သူ၏ဖြောင့်မတ်တော်မူခြင်းကို ယုံကြည်သူများအတွက် အခမဲ့လက်ဆောင်အဖြစ် ပြောင်းလွဲပေးသည်။ ထိုသို့ပြုရာ၌ ယုံကြည်သူတို့၌ ထိုက်တန်မှုရှိမရှိနှင့် မသက်ဆိုင်ပေ။ ၎င်းကို ဖြောင့်မတ်ရာ၌တည်စေခြင်း/ဖြောင့်မတ်စေခြင်း(သို့)ရပ်တည်မှုအားဖြင့် သန့်ရှင်းစင်ကြယ်မှုဟု ကျွန်တော်တို့ခေါ်ကြသည်။

၂။ ဘုရားသခင်သည် ယုံကြည်သူတို့ကို အသစ်သောနှလုံး၊ အသစ်သောစိတ်နှင့် အသစ်သောဝိညာဉ်ပေးသည်။ ယခုကျွန်တော်တို့သည် ဝိညာဉ်တော်အထဲ လျှောက်လှမ်းခြင်းဖြစ်ကာ၊ သွေးသားဇာတိ၌ လျှောက်လှမ်းခြင်းမဟုတ်ချေ။ ၎င်းကို တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းစင်ကြယ်ခြင်းဟုခေါ်သည်။

ခရစ်ယာန်ဖြစ်ခြင်းမှာ အသစ်သောပဋိညာဉ်ပြုခြင်းတစ်မျိုးဖြစ်ကာ၊ ၎င်း၌ အခွင့်အရေး (ကယ်တင်ခြင်းလက်ဆောင်)နှင့် တာဝန်ဝတ္တရားများ(ခရစ်တော်နှင့်တူခြင်း ၆း၁၃)နှစ်မျိုးစလုံးပါဝင်သည်။

Jerome ၏သမ္မာကျမ်းစာအနက်ဖွင့်ကျမ်း (စာ၊ ၃၁၅)၌ သဒ္ဒါပိုင်းဆိုင်ရာ စိတ်ဝင်စားဖွယ်ကောင်းသော ကောက်ချက်ချမှုတစ်ခုပြုကာ၊ PRESENT PARTICIPLE ကို"ငါ့အား"ဆိုသည့်စကားလုံးဖြင့် ဖြည့်စွက်လိုက်ခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းကြောင့် ချွင်းချက်ပါသောဖော်ပြမှုတစ်ခု ဖြစ်သွားစေကာ၊ ထိရောက်သောခရစ်ယာန်အသက်တာမှာ ဗိတ္တဇခြင်းအားဖြင့် အလိုအလျောက်ဖြစ်လာသည်မဟုတ်ဟု ဆိုသောသဘောဆောင်သွားစေသည်။ ကျွန်တော်တို့လူသားများသည် ကယ်တင်ခြင်းအား ရွေးချယ်ရန်ဖြစ်သည်နည်းတူ၊ ခရစ်တော်နှင့်တူညီခြင်းကိုလည်း ရွေးချယ်ရန်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်တော်တို့ကို ဦးဆောင်ကာ ခွန်အားပေးနေသော်လည်း၊ လိုက်နာဆောင်ရွက်ရန် အတင်းအဓမ္မမပြုချေ။

▣ **"သွေးသားဇာတိအလိုမလိုက်ဘဲ၊ ဝိညာဉ်တော်အလိုအတိုင်းလိုက်သော"**အလားတူဆန့်ကျင်ဘက်သဘောကို ဂလ ၅း၁၆-၂၅၌ တွေ့ရသည်။ ဖြောင့်မတ်သည်ဟု တရားစီရင်ခြင်းခံရသူအား ဖြောင့်မတ်သောဘဝအသက်တာလိုက်လာရမှာဖြစ်သည်။ ပဋိညာဉ်တရားဆိုင်ရာ အသစ်သောနှလုံးနှင့် စိတ်မှာကယ်တင်ခြင်းအတွက်မဟုတ်ဘဲ၊ ၎င်း၏အကျိုးဆက်ဖြစ်ပေါ်စေရန်ဖြစ်သည်။ ထာဝရအသက်၌ သိသာ၊ မြင်သာသောထူးခြားမှုများရှိသည်။ (မဿဲ ၇)!

**၈း၅** ပေါလုသည် "သွေးသားဇာတိ"၌ အသက်ရှင်ခြင်းနှင့် "ဝိညာဉ်တော်" ၌ အသက်ရှင်ခြင်းတို့ကို ငယ် ၅-၈၌ နှိုင်းယှဉ်ပြသည်။ (သွေးသားဇာတိအလို ဂလ ၅း၁၉-၂၁နှင့် "ဝိညာဉ်တော်အသီး"- ၅း၂၂-၂၅)။ ၈း၂ ၏မှတ်ချက်အပြည့်အစုံကြည့်ပါ။

**၈း၆"စိတ်စွဲလန်း"**။မျက်လုံးနှင့်နားတို့မှာ ဝိညာဉ်၏ပြတင်းပေါက်များဖြစ်ကြောင်း ဂျူးလူမျိုးတို့သဘောပေါက်သည်။ အပြစ်သည် အတွေးကမ္ဘာမှ အစပြုသည်။ ကျွန်တော်တို့သည် မိမိတို့၏ကာလကြာရှည်တွေ့သည့်အတိုင်း ဖြစ်လာကြသည်။ (ရောမ ၁၂း၁-၂။ ဖိ ၄း၈)!

ပေါလုသည် လူသားများအထဲရှိသော "ရည်ရွယ်ချက်"နှစ်မျိုး (*yetzers*)နှင့်ဆိုင်၍ ဂျူးကျမ်းတတ်ပုဂ္ဂိုလ်များ၏ ရေးရိုးစဉ်လာအမြင်ကို မလိုက်ချေ။ ပေါလုပြောသည်မှာ ကျဆင်းသောဖန်ဆင်းခံလူသားအထဲ၌ ကောင်းသောရည်ရွယ်ချက်မရှိဘဲ၊ ၎င်းသည် ဒုတိယမွေးခြင်းရပြီးမှ စတင်သည်ဟူ၍ဖြစ်သည်။ အတွင်းဝိညာဉ်တိုက်ပွဲမှာ သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်ရာမှ အစပြုလာသည်ဟူ၍ဖြစ်၏။ (ယော ၁၆း၇-၁၄)။

▣ **"အသက်"**။ အသက်(*zoe*)သည် ကပ်ကာလအသစ်၌ရှိသော အသက်ဖြစ်သည့် ထာဝရအသက်ကို ရည်ညွှန်းသည်။

▣ **"ငြိမ်သက်ခြင်း"**ဤဝေါဟာရ၏မူရင်းအဓိပ္ပါယ်မှာ"ကျိုးပဲ့သောအရာကို ပိုး၍ချည်ထားသည်"ဟူ၍ဖြစ်၏။ (ယော ၁၄း၂၇။ ၁၆း၃၃။ ဖိ ၄း၇)။ အထူးအကြောင်းအရာ။ ။ငြိမ်သက်ခြင်း–၅း၁၌ကြည့်ပါ။ ဓမ္မသစ်ကျမ်း၌ ငြိမ်သက်ခြင်း– peace စကားလုံးအသုံးပြုပုံ သုံးမျိုးရှိသည်။

၁။ ခရစ်တော်မှတဆင့် ဘုရားသခင်နှင့်ကျွန်တော်တို့ရရှိသော ငြိမ်သက်ခြင်းဖြစ်သည့် မြင်နိုင်သောသမ္မာတရား (ကော ၁း၂၀)

၂။ ဘုရားသခင်နှင့်မှန်ကန်နေသည်ဟု ကျွန်တော်တို့စိတ်ထဲ၌ ခံစားရခြင်း/ယော ၁၄း၂၇။ ၁၆း၃၃။ ဖိ ၄း၇)

၃။ ဂျူးလူမျိုးနှင့် အခြားတပါးလူမျိုးတို့အား ခရစ်တော်အားဖြင့် အသစ်သောခန္ဓာကိုယ်တစ်ခုအထဲ ဘုရားသခင်ပေါင်းစည်းပေးခြင်း (ဧဖက် ၂း၁၄–၁၇။ ကော ၃း၁၅)။

**၈း၇–၁၁**။ ဘုရားသခင်ထံမှ ကွဲထွက်သောလူသားကို ပေါလုရေးသားဖော်ပြပုံ အမျိုးမျိုးရှိသည်။

၁။ ဘုရားသခင်အား ရန်ဘက်ပြုခြင်း– ငယ် ၇

၂။ ဘုရားသခင်အား မနာခံခြင်း – ငယ် ၇

၃။ ဘုရားသခင် ကျေနပ်စေရန် မတတ်နိုင်ခြင်း– ငယ် ၈

၄။ ဝိညာဉ်အားဖြင့် သေနေကာ၊ ထာဝရသေဆုံးခြင်း ဖြစ်သွားစေ– ငယ် ၁၀–၁၁

ရောမ ၅း၆၊ ၈နှင့်၁၀တို့၏ ဆင်တူမှုကိုကြည့်ပါ။

**၈း၇**

**NASB, NRSV"သွေးသားဇာတိစွဲလမ်းခြင်းသည် ဘုရားသခင်အား ဆန့်ကျင်ဘက်ပြုခြင်းဖြစ်သည်"**
**NKJV "သွေးသားစိတ်သည် ဘုရားသခင်အား ရန်ဘက်ပြုခြင်းဖြစ်သည်"**
**TEV "သူတို့သည် ဘုရားသခင်၏ ရန်သူများဖြစ်လာကြသည်"**
**NJB "အစီအစဉ်အတိုင်းမဟုတ်သော လူ့သဘာဝ၏စိတ်နေသဘောထားမှာ ဘုရားသခင်အား ဆန့်ကျင်ခြင်းဖြစ်သည်"**

ဤစကားစုသည် "သွေးသားဇာတိစိတ်အား စိတ်စွဲလမ်းခြင်းသည် သေခြင်းဖြစ်၏"ဟူသော အငယ် ၆နှင့် "သွေးသားဇာတိအလိုလိုက်၍ လျှောက်သောသူ"ဆိုသည့် အငယ် ၅က စကားစုတို့နှင့် အလားဆင်တူဖြစ်နေပုံကို သတိပြုပါ။ ကျဆင်းသောလူသား၏သဘာဝမှာ စိတ်စွဲလမ်းမှု (ကမ္ဘာ့အမြင်)နှင့် အသက်ရှင်ခြင်းပုံစံ(၇း၅)နှစ်မျိုးစလုံးဖြစ်ကြောင်း မှတ်သားပါ။ အထူးအကြောင်းအရာ သွေးသားဇာတိ (sarx)အကြောင်း၁း၃၌ကြည့်ပါ။

▣ **"အကြောင်းမှာ နာခံခြင်းလည်းမပြုနိုင်။"**ကျဆင်းသောလူသားသည် ဘုရားသခင်ကိုလိုက်ရန် ရွေးချယ်ခြင်းမပြုသည် သာမက၊ ဘုရားသခင်ကိုလိုက်ခြင်းငှါလည်း မတတ်နိုင်ကြချေ။ ကျဆင်းသောလူသားသည် သန့်ရှင်းသောဝိညာဉ်တော်၏ကူညီမှုမရသဖြင့် ဝိညာဉ်ရေးရာကိစ္စများအား တုံ့ပြန်မှုမပြုနိုင်ချေ။ (ဟေရှာ ၅၃း၆။ ၁ပေ ၂း၂၄–၂၅)။ ဘုရားသခင်ကိုယ်တိုင် အစပြုဦးဆောင်ရှိရမှာဖြစ်သည်။ (ယော ၆း၄၄၊ ၆၅)။ ၎င်းသည် ပဋိညာဉ်တရားဆိုင်ရာ ရွေးချယ်မှုပြုရခြင်းတို့ကို ဖယ်ထုတ်ခြင်းမဟုတ်သော်လည်း လူသားတို့မှာ တုံ့ပြန်သူများဖြစ်ပြီး၊ အစပြုသူများမဟုတ်ကြောင်း ရှင်းလင်းစွာ ရေးသားထားသည်။

**၈း၈ "သွေးသားဇာတိ၌ ကျင်လည်သူများ"** ပေါလုသည် ဤစကားစုသုံးနှုန်းပုံ နှစ်မျိုးရှိသည်။

၁။ ရုပ်ခန္ဓာကိုယ် (ရောမ ၁း၃။ ၂း၂၈။ ၄း၁။ ၉း၃၊ ၅)

၂။ ဘုရားသခင်မပါပဲ၊ လူသား၏အားထုတ်မှု (ရောမ ၇း၅။ ၈း၄–၅)
ဤနေရာ၌ #၂ပုံစံဖြစ်သည်။ ၎င်းသည် ပုန်ကန်သော၊ မယုံကြည်သောလူသားမျိုးနွယ်ကိုရည်ညွှန်းသည်။ အထူး အကြောင်းအရာ။ ။ သွေးသား ဇာတိ(sarx)–၁း၃၌ကြည့်ပါ။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၈း၉–၁၁

**[9]မည်သို့ဖြစ်စေ သင်တို့အထဲ၌ ဘုရားသခင်၏ဝိညာဉ်တော် အမှန်ကျိန်းဝပ်နေပါက သင်တို့သည် သွေးသား ဇာတိထဲ၌မရှိဘဲ၊ ဝိညာဉ်တော်ထဲ၌ရှိကြ၏။ သို့သော် ခရစ်တော်၏ဝိညာဉ်မရှိသောသူသည် ဘုရား သခင်ပိုင်ဆိုင်ရာ မဟုတ်ချေ။ [10]သင်တို့အထဲ ခရစ်တော်ရှိပါက၊ ခန္ဓာကိုယ်သည် အပြစ်ကြောင့် သေသော် လည်း ဝိညာဉ်သည် ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်သည်။ [11]သို့သော် ယေရှုကို သေသောသူများအနက်မှ ထစေတော်မူသူ၏ဝိညာဉ်တော်သည် သင်တို့အထဲကျိန်းဝပ်နေပါက၊ ခရစ်တော်ယေရှုအား သေသောသူများ အနက်မှထစေသူသည် သင်တို့အထဲကျိန်းဝပ်သူ မိမိ၏ဝိညာဉ်တော်အားဖြင့် သေတတ်သောသင်တို့၏ ကိုယ်ခန္ဓာကိုပင် အသက်ရှင်စေလိမ့်မည်။**

**၈း၉"လျှင်/ပါက"။** ချွင်းချက်ဝါကျတွဲများ အငယ် ၉၊ ၁၀၊ ၁၁၊ ၁၃(နှစ်ခါ)၊ ၁၇ (နှစ်ခါ)တို့၌ပါရှိသည်။ ၎င်းတို့ အားလုံးမှာ ပထမတန်းစား ချွင်းချက်ဝါကျများဖြစ်ကာ၊ စာရေးသူ၏အမြင်မှာ အမှန်ဟုမှတ်ယူထားချက်များ (ဝါ)သူ၏ စာရေးဟန်ဖြစ်သည်။ ပေါလုသည် ရောမမြို့အသင်းတော်မှ မိမိ၏စာကို ဖတ်ရှုနားထောင်သူများအား ယုံကြည်သူများ အဖြစ်မှတ်ယူသည်။ (ငယ် ၉)

**"ခရစ်တော်၏ဝိညာဉ်တော်။"** လူတို့သည် ဝိညာဉ်တော်ရှိသဖြင့် ယုံကြည်သူများသို့မဟုတ်၊ ဝိညာဉ်တော်မရှိသဖြင့် ဝိညာဉ်အရာ၌ ပျောက်ဆုံးနေသူများ တစ်ခုခုဖြစ်ကြသည်။ ကျွန်တော်တို့အားလုံး ကယ်တင်ခြင်းရချိန် သန့်ရှင်းသော ဝိညာဉ်တော်ရရှိကြသည်။ သူ့အား နောက်ထပ်ပိုရရှိရန် မလိုအပ်တော့ချေ။ သူကသာလျှင် ကျွန်တော်တို့ကို နောက်ထပ် ပို၍ရရှိရန်လိုအပ်သည်

အငယ် ၉ က"ဝိညာဉ်တော်" "ဘုရားသခင်၏ဝိညာဉ်တော်"နှင့် "ခရစ်တော်၏ဝိညာဉ်တော်"တို့အားလုံးများ အတူတူပင်ဖြစ်သည်။

## အထူးအကြောင်းအရာ။ ။ယေရှုနှင့်ဝိညာဉ်တော်

ဝိညာဉ်တော်၏အလုပ်နှင့် သားတော်၏အလုပ်နှစ်မျိုးတို့မှာ ပုံသေသတ်မှတ်ခြင်းမရှိချေ။ G. Campbell Morgan ကဝိညာဉ်တော်၏ အကောင်းဆုံးနာမည်မှာ "အခြားသောယေရှု" ဖြစ်သည်ဟုဆိုသည်။ (သို့သော် သူတို့မှာ ကွဲပြား သော၊ ထာဝရသီးခြားပုဂ္ဂိုလ်များဖြစ်သည်)။ အောက်တွင် သားတော်နှင့်ဝိညာဉ်တော်တို့၏အလုပ်နှင့် ဘွဲ့နာမတော်တို့ ကို ယှဉ်ဖော်ပြသည်။

၁။ ဝိညာဉ်တော်ကို "ယေရှု၏ဝိညာဉ်တော်" (သို့)အခြားအလားတူဖြင့် ဖော်ပြမှုများ (ရောမ ၈း၉။ ၂ကော ၃း၁၇။ ဂလ ၄း၆။ ၁ပေ ၁း၁၁။)

၂။ နှစ်ပါးစလုံးတူညီသော ဝေါဟာရဖြင့်ခေါ်သည်

က။ "သမ္မာတရား"

(၁) ယေရှု (ယော ၁၄း၆)

(၂) ဝိညာဉ်တော် (ယော ၁၄း၁၇။ ၁၆း၁၃)

ခ။ အကျိုးဆောင်ရှေ့နေ/ဥပဇ္ဈာယ်ဆရာ

(၁) ယေရှု (၁ယော ၂း၁)

(၂) ဝိညာဉ်တော် (၁၄း၁၆၊ ၂၆။ ၁၅း၂၆။ ၁၆း၇)

ဂ။ သန့်ရှင်း

(၁) ယေရှု (လုကာ ၁း၃၅။ ၄း၃၄)

(၂) ဝိညာဉ်တော် (လုကာ ၁း၃၅)

၃။ နှစ်ပါးစလုံး ယုံကြည်သူများအထဲ ကျိန်းဝပ်

က။ ယေရှု (မဿဲ ၂၈း၂၀။ ယောဟန် ၁၄း၂၀၊ ၂၃။ ၁၅း၄–၅။ ရောမ ၈း၁၀။ ၂ကော ၁၃း၅။ ဂလ ၂း၂၀။ ဧဖက် ၃း၁၇။ ကော ၁း၂၇

ခ။ ဝိညာဉ်တော် (ယော ၁၄း၁၆–၁၇။ ရောမ ၈း၉၊ ၁၁။ ၁ကော ၃း၁၆။ ၆း၁၉။ ၂တိ ၁း၁၄)

ဂ။ ခမည်းတော် (ယော ၁၄း၂၃။ ၂ကော ၆း၁၆)

**၈း၁၀ "လျှင်/ပါက။"** ၎င်းမှာ ပထမတန်းစား ချွင်းချက်မျိုးဖြစ်သည်။ (ei "ဖြစ်လိမ့်မည်"ဟုမှတ်ယူမှုဖြစ်သော INDICA –TIVE ကြိယာ)။ ပေါလုသည် သူ၏စာဖတ်သူများ (ရောမမြို့တော်က အသင်းတော်)မှာ

၁။ ခရစ်တော် ကျိန်းဝပ်ရာသူများ

၂။ သူတို့အလယ်၌ ခရစ်တော်ရှိနေရာသူများအဖြစ် မှတ်ယူသည်။

■ **"သင်တို့အထဲ၌ရှိသော ခရစ်တော်"။** ခရစ်တော်ဟူသော ဝေါဟာရမှာ အထဲ၌ ကျိန်းဝပ်တော်မူသူ သားတော်/ ဝိညာဉ်တော်ဖြစ်သည်။ (ယော ၁၄း၁၆–၁၇။ ကော ၁း၂၇)။ လူတို့၌ သားတော်/ဝိညာဉ်ရှိကာ၊ သို့မဟုတ်လျှင် ခရစ်ယာန်များမဟုတ်ကြချေ။ (၁ယော ၅း၁၂)။ ပေါလုအလိုအရ "ခရစ်တော်အထဲ"ဆိုသည်မှာ ဓမ္မသဘောတရား အရ "ဝိညာဉ်တော်အထဲ၌"နှင့် အတူတူဖြစ်သည်။

■ **"ကိုယ်ခန္ဓာသည် အပြစ်ကြောင့် သေသော်လည်း"။** ခရစ်ယာန်များပင် ဖြစ်သော်လည်း အာဒံ၏အပြစ် ကျဆင်းသောလောကနှင့် လူတစ်ဦးချင်း၏ပုန်ကန်မှုကြောင့်(၅း၁၂–၂၁) ကိုယ်ခန္ဓာသည် သေဆုံးသွားရ၏။ အပြစ်သည် သူ့ကံကြမ္မာအတိုင်း သွားရသည်သာဖြစ်၏။ ဝိညာဉ်အရာ၌ သေဆုံးခြင်းသည် (ကမ္ဘာ ၃။ ဧဖက် ၂း၁)ကိုယ်ခန္ဓာသေဆုံးစေသည်။ (ကမ္ဘာ ၅။ ဟေဗြဲ ၉း၂၇။ ၈း၁၃၏မှတ်ချက်၌ကြည့်ပါ။) ယုံကြည်သူများသည် ဝိညာဉ်တော်ခေတ်သစ်ထဲ အသက်ရှင်နေထိုင်ရသည်နည်းတူ၊ အပြစ်နှင့်ပုန်ကန်ခြင်း ခေတ်ဟောင်း၌ပါ အသက်ရှင်နေထိုင်ကြသည်။(ငယ် ၂၁၊၃၅)

■ **"သော်လည်း ဝိညာဉ်သည် ဖြောင့်မတ်ခြင်းတရားကြောင့် အသက်ရှင်သည်"။** ဤနေရာ၌ "ဝိညာဉ်"သည် လူသား၏ဝိညာဉ် (NASB, ASB, NIV, Willaims, Jerusalem Bible) သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော် (KJV, TEV, REB, Karl Barth, C.K. Barrett, John Murry နှင့် Everett Harrison) ရည်ညွှန်းကြောင်း၌ ဘာသာပြန် ကျမ်းများနှင့် အနက်ဖွင့်သူများ သဘောထားခြင်းမတူကြချေ။

ဤတိုတောင်းသောစကားစုကို ပိုမိုကျယ်ပြန့်သောစာ အဆက်အစပ်များအားဖြင့် နားလည်ရသည်။ ခရစ်တော်ကိုယုံကြည်ကိုးစားသူများပင်လျှင် ကျဆင်းသော ဤလောက၌ အသက်ရှင်နေထိုင်ကြသဖြင့် သေဆုံးသွားကြမည်သာဖြစ်သည်။ သို့သော် ယေရှုအား ယုံကြည်ကိုးစားရာမှ ရသောဖြောင့်မတ်ခြင်းကြောင့် သူတို့၌ ထာဝရအသက်ရှိနေပြီဖြစ်သည်။ (ဧဖက် ၂း၄–၆)။ ၎င်းမှာ "ရှိပြီးဖြစ်သော်လည်း အချိန်မကျသေး"သော ဘုရားသခင်၏နိုင်ငံတော် အတိုင်းအဆဖြစ်သည်။ ခေတ်ဟောင်းနှင့် ခေတ်သစ်တို့သည် တစ်ခုနှင့်တစ်ခု ထပ်လျက်ရှိသည်။

■ **"ဖြောင့်မတ်ခြင်းတရား"။** ဤကျမ်းပိုဒ်၌ ၎င်းစကားစု ရည်ညွှန်းသည်မှာ

၁။ ခရစ်တော်အား ယုံကြည်ခြင်း (ရောမ ၄)မှလာသော သွပ်သွင်းပေးသည့် ဖြောင့်မတ်ခြင်း(ဖြောင့်မတ်ရာ၌ တည်နေစေခြင်းနှင့် ရပ်တည်မှုအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း)

၂။ ရွေးနုတ်ခြင်းခံရသော အသက်၏အထောက်အထားဖြစ်သော ဝိညာဉ်တော်အထဲ အသစ်သောအသက်တာ (ဆက်လက်ဖြစ်ပေါ်နေသော သန့်ရှင်းစင်ကြယ်ခြင်း)။ အထူးအကြောင်းအရာ ၁း၁၇၌ကြည့်ပါ။

**၈း၁၁ "လျှင်/ပါက"**။ အခန်းငယ် ၉ ၏မှတ်ချက်၌ကြည့်ပါ။

▣ **"ယေရှုအား သေသောသူများအနက်မှ ထစေသူ၏ဝိညာဉ်တော်သည် သင်တို့အထဲကျိန်းဝပ်"**။ သုံးပါးတစ်ဆူမှ မည်သည့်ပုဂ္ဂိုလ်သည် ယုံကြည်သူများအထဲ ကျိန်းဝပ်သနည်း? ခရစ်ယာန်အများစုသည် "ဝိညာဉ်တော်" ဟု အဖြေပေးကြလိမ့်မည်။ ၎င်းမှာ မှန်သော်လည်း အမှန်စင်စစ် သုံးပါးတစ်ဆူ၏ပုဂ္ဂိုလ်သုံးပါးစလုံး ယုံကြည်သူများအထဲ ကျိန်းဝပ်တော်မူသည်။

၁။ ဝိညာဉ်တော်။ ယော ၁၄း၁၆–၁၇။ ရောမ ၈း၁၁။ ၁ကော ၃း၁၆။ ၆း၁၉။ ၂တိ ၁း၁၄။

၂။ သားတော်။ မဿဲ ၂၈း၂၀။ ယော ၁၄း၂၀၊ ၂၃။ ၁၅း၄–၅။ ရောမ ၈း၁၀။ ၂ကော ၁၃း၅။ ဂလ ၂း၂၀။ ဧဖက် ၃း၁၇။ ကော ၁း၂၇

၃။ ခမည်းတော်။ ယော ၁၄း၂၃။ ၂ကော ၆း၁၆

ဓမ္မသစ်ကျမ်းသည် ရွေးနုတ်အလုပ်များကို သုံးပါးတစ်ဆူဘုရား၏ပုဂ္ဂိုလ်သုံးပါးစလုံး ပါဝင်လုပ်ကိုင်ကြောင်း ဖော်ပြလေ့ရှိပုံကိုပြသရန် ဤစကားစုမှာ အလွန်ကောင်းမွန်သော အခွင့်ကောင်းတစ်ခုဖြစ်သည်။

၁။ ခမည်းတော်ဘုရားသည် ယေရှုကို ထစေသည်။ (တမန် ၂း၂၄။ ၃း၁၅။ ၄း၁၀။ ၅း၃၀။ ၁၀း၄၀။ ၁၃း၃၀၊ ၃၃၊ ၃၄၊ ၃၇။ ၁၇း၃၁။ ရောမ ၆း၄။ ၉။ ၁၀း၉။ ၁ကော ၆း၁၄။ ၂ကော ၄း၁၄။ ဂလ ၁း၁။ ဧဖက် ၁း၂၀။ ကော ၂း၁၂။ ၁သက် ၁း၁၀)

၂။ သားတော်ဘုရားသည် သူ့ကိုယ်သူထသည်။ (ယော ၁၂း၁၉–၂၂။ ၁၀း၁၇–၁၈)

၃။ ဝိညာဉ်တော်ဘုရားသည် ယေရှုကို ထစေသည် (ရောမ ၈း၁၁)အလားတူ သုံးပါးတစ်ဆူအား အလေးအနက်ပြုမှုကို အငယ် ၉–၁၁၌လည်း တွေ့နိုင်သည်။

## အထူးအကြောင်းအရာ။ ။သုံးပါးတစ်ဆူ

သုံးပါးတစ်ဆူ၏ပုဂ္ဂိုလ်သုံးပါးစလုံး ပေါင်းစပ်လုပ်ဆောင်သောကျမ်းပိုဒ်များကို မှတ်သားပါ။ "သုံးပါးတစ်ဆူ" ဝေါဟာရကို Tertullian–တာတူလျန်းဆိုသူ ပထမဆုံး ထွင်လိုက်ခြင်းဖြစ်ကာ၊ သမ္မာကျမ်းစာ၏စကားလုံး အတိအကျမဟုတ်သော်လည်း၊ ထိုအကြောင်း သမ္မာကျမ်းစာတစ်အုပ်လုံး၌ပျံ့နှံ့သည်။

က။ ခရစ်ဝင်ကျမ်းများ

၁။ မဿဲ ၃း၁၆–၁၇။ ၂၈း၁၉(နှင့်အလားတူကျမ်းပိုဒ်များ)

၂။ ယောဟန် ၁၄း၂၆

ခ။ တမန်တော်ဝတ္ထု–တမန် ၂း၃၂–၃၃။ ၃၈–၃၉

ဂ။ ပေါလု

၁။ ရောမ ၁း၄–၅။ ၅း၁၊ ၅။ ၈း၁–၄၊ ၈–၁၀

၂။ ၁ကော ၂း၈–၁၀။ ၁၂း၄–၆

၃။ ၂ကော ၁း၂၁။ ၁၃း၁၄

၄။ ဂလ ၄း၄–၆

၅။ ဧဖက် ၁–၃–၁၄၊ ၁၇။ ၂း၁၈။ ၃း၁၄–၁၇။ ၄း၄–၆

၆။ ၁သက် ၁း၂–၅

၇။ ၂သက် ၂း၁၃

၈။ တိတု ၃း၄–၆

ဃ။ ပေတရု – ၁ပေ ၁း၂

င။ ယုဒ – ငယ် ၂၀–၂၁

ဘုရားသခင်မှာ အများပြကိန်းဖြစ်ကြောင်း ဓမ္မဟောင်းကျမ်း၌ အရိပ်အမြွတ်ဖော်ပြသည်။

က။ ဘုရားသခင်အား အများပြကိန်းဖြင့် ဖော်ပြခြင်း

၁။ ဟေဗြဲစကားလုံး ဧလောဟဲမ်–*Elohim* မှာ ဗဟုဝုစ်(အများပြကိန်း)ဖြစ်သော်လည်း ဘုရားသခင်၌သုံးသည့်အခါ အနည်းပြကိန်းဖြင့်သုံးလေ့ရှိသည်။

၂။ "ငါတို့"– ကမ္ဘာ ၁း၂၆–၂၇။ ၃း၂၂။ ၁၁း၇

ခ။ ဘုရားသခင်၏ကောင်းကင်တမန်သည် ဘုရား၏မြင်နိုင်သောကိုယ်စားလှယ်ဖြစ်သည်။

၁။ ကမ္ဘာ ၁၆း၇–၁၃။ ၂၂း၁၁–၁၅။ ၃၁း၁၁၊ ၁၃။ ၄၈း၁၅–၁၆

၂။ ထွက် ၃း၂၊ ၄။ ၁၃း၂၁။ ၁၄း၁၉

၃။ တရားသူကြီး ၂း၁။ ၆း၂၂–၂၃။ ၁၃း၃–၂၂

၄။ ဇာ ၃း၁–၂

ဂ။ ဘုရားသခင်နှင့် သူ့ဝိညာဉ်တော်တို့ကို သီးခြားခွဲထားသည်။ ကမ္ဘာ ၁း၁–၂။ ဆာ ၁၀၄း၃၀။ ဟေရှာ ၆၃း၉–၁၁။ ယေဇ ၃၇း၁၃–၁၄

ဃ။ ဘုရားသခင်(YHWH)နှင့် မေရှိယ (*Adon*)တို့ကို သီးခြားခွဲသည်။ ဆာ ၄၅း၆–၇။၁၁၀း၁။ဇာ ၂း၈–၁၁။ ၁၀း၉–၁၂

င။ မေရှိယနှင့် ဝိညာဉ်တော်ကို သီးခြားခွဲသည်။ ဇာ ၁၂း၁၀

စ။ သုံးပါးစလုံးကို ဟေရှာ ၄၈း၁၆။ ၆၁း၁တို့၌ဖော်ပြသည်။

ယေရှုသည် ဘုရားဖြစ်ခြင်းနှင့် ဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်းတို့ကြောင့် ဘုရားတစ်ဆူတည်း ရှိသည်ဟူသော အယူကို ကျပ်တည်းစွာ ကိုင်စွဲသူကနဦး ယုံကြည်သူများအတွက် ပြဿနာဖြစ်ခဲ့သည်။

၁။ တာတူးလျန်း (Tertullian)–သားတော်သည် ခမည်းတော်၏လက်အောက်ခံဖြစ်သည်။

၂။ အော်ရီဂျင်(Origen)–သားတော်နှင့် ဝိညာဉ်တော်တို့၏ အနှစ်သာရမှာ လက်အောက်ခံဘုရားများဖြစ်သည်။

၃။ ဧရီးယားစ် (Arius)–သားတော်နှင့်ဝိညာဉ်တော်တို့ ဘုရားမဟုတ်ဟု ငြင်းဆန်သည်။

၄။ မော်နာချာဝါဒ (Monarchianism)–ဘုရားသခင်သည် ခမည်းတော်အဖြစ်၊ သားတော်အဖြစ်နှင့် နောက်ဆုံး၌ ဝိညာဉ်တော်အဖြစ် ဆက်တိုက်ပေါ်လွင်ထင်ရှားသည်ဟု ယုံကြည်သည်။ သုံးပါးတစ်ဆူမှာ သမ္မာကျမ်းစာပါ အကြောင်းအရာများ၏ပြောပြမှုအရ ရာဇဝင်နှင့်အညီ တိုးတက်ဖြစ်သောတိကျစွာ ဖော်ပြမှုတစ်ခုဖြစ်သည်။

၁။ ယေရှုသည် အပြည့်အဝဘုရားဖြစ်ကြောင်း၊ ခမည်းတော်နှင့် တန်းတူဖြစ်ကြောင်းအား အေ၊ ဒီ ၃၂၅ နိုင်းရှားကောင်စီ (Nicea Council)တွင် အတည်ပြုသည်။

၂။ ဝိညာဉ်တော်သည် ပုဂ္ဂိုလ်အပြည့်အဝနှင့် ဘုရားဖြစ်ကြောင်း၊ ခမည်းတော်နှင့်သားတော်နှင့် တန်းတူဖြစ်ကြောင်းတို့အား ကွန်စတင်တီနိုပယ်ကောင်စီ (Constantinople) သည် အတည်ပြုခဲ့သည်။ (အေ၊ ဒီ ၃၈၁)

၃။ သုံးပါးတစ်ဆူ အယူဝါဒကို အော်ဂစ်စတင်း၏ *De Trinitate* စာအုပ်၌ အပြည့်အစုံဖော်ပြသည်။

၎င်းမှာ အမှန်ပင် နက်နဲဆန်းကျယ်သည်။ သို့သော် ထာဝရပုဂ္ဂိုလ်သုံးပါးဖြင့် ပေါ်လွင်ထင်ရှားသော ဘုရားတစ်ဆူ၏အနှစ်သာရကို ဓမ္မသစ်ကျမ်းက အတည်ပြုသည်ဟုဆိုရပေမည်။

▣ **"သေတတ်သောသင်တို့၏ကိုယ်ခန္ဓာကိုပင် အသက်ရှင်စေလိမ့်မည်။"** ကြိယာမှာ အနာဂတ်၏အဖြစ်မှန်တစ်ရပ်ဖြစ်သော ပြန်ရှင်ထမြောက်ရာနေ့ကို ဖော်ပြသော FUTURE ACTIVE INDICATIVE ဖြစ်သည်။ ယေရှုနှင့် သူ့နောက်လိုက်သူများ၏ ပြန်ရှင်ထမြောက်ခြင်းနှစ်မျိုးလုံးမှာ အဆုံးအဖြတ်ပေးသော အရေးကြီးအချက်ဖြစ်သည်။(၁ကော ၁၅း၁။

၂ကော ၄း၁၄)။ ယုံကြည်သူများသည် ကိုယ်ခန္ဓာအားဖြင့် ထာ၀ရကာလ၌ ရှိနေကြမည်ကို ခရစ်ယာန်ဖြစ်ခြင်းက အတည်ပြုပြောဆိုသည်။ (၁ယော ၃း၂)။ ခရစ်တော်ကို ၀ိညာဉ်တော်အားဖြင့် ထစေသည်ဆိုပါက (၁ကော ၁၅း၁၂–၂၁) သူ့နောက်လိုက်များကိုလည်း ထစေလိမ့်မည်။ (၈ယ် ၂၃)

▣
**NASB, NKJV**
**NRSV, NJB**
**REB, NET** **"သူ၏ဝိညာဉ်တော်အားဖြင့်"**
**NRSB** **"သူ၏ဝိညာဉ်ကြောင့်"**
**TEV** **"သူ၏ဝိညာဉ်တော်ရှိနေခြင်းအားဖြင့်"**

ဤစကားစု၏ သဒ္ဒါဖွဲ့စည်းပုံနှင့်ကွဲပြား၍ ဖော်ပြသောလက်ရေးမူတစ်ခုရှိသည်။

၁။ ပိုင်ဆိုင်မှုပြပုဒ် GENITIVE အဖြစ် MSS Aleph, A, C, P[c]

၂။ ကတ္တားပုဒ် (အပြုခံပုဒ်) ACCUSATIVE MSS B, D, F, G

UBS[4]သည် ပိုင်ဆိုင်မှုပြပုဒ် GENITIVE-"B"(သေချာသလောက်)အဆင့်၌သတ်မှတ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၈း၁၂–၁၇

**[12]သို့ဖြစ်၍ ညီအစ်ကိုတို့၊ ငါတို့သည် သွေးသားဇာတိအလိုအတိုင်း အသက်ရှင်ရမည်အကြောင်း၊ သွေးသားဇာတိ၌ တာဝန်ရှိကြသည်မဟုတ်ချေ။ [13]အကြောင်းမူကား သင်သည် သွေးသားဇာတိအလိုအတိုင်း အသက်ရှင်ပါက သေဆုံးလိမ့်မည်။ သို့သော် ကိုယ်ခန္ဓာလုပ်ဆောင်မှုများကို ဝိညာဉ်တော်အားဖြင့် သေဆုံးစေပါက၊ အသက်ရှင်လိမ့်မည်။ [14]အကြောင်းမူကား ဘုရားသခင်၏ဝိညာဉ်တော်ဦးဆောင်ခြင်း ခံယူသူများအားလုံးတို့သည် ဘုရားသခင်၏သား များဖြစ်ကြ၏။ [15]အကြောင်းမူကား သင်တို့သည် နောက်တဖန် ကြောက်ရွံ့စေသော ကျွန်စိတ်တစ်မျိုးရကြသည် မဟုတ်ဘဲ၊ "အဗ္ဗ၊ အဖ"ဟူ၍အော်ခေါ်ရာ သားများဖြစ်စေခြင်းစိတ်ရကြ၏။ [16]ငါတို့သည် ဘုရားသခင်၏ကလေးများဖြစ်ကြောင်း ဝိညာဉ်တော်သည် သူကိုယ်တိုင် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံ၏။ [17]သားဖြစ်ပါက အမွေခံသူများ၊ ဘုရားသခင်၏အမွေခံများဖြစ်ကာ၊ ငါတို့သည် ကိုယ်တော်နှင့်အတူ ဘုန်းကြီးစေခြင်းကိုလည်းခံနိုင်ရန် ကိုယ်တော်နှင့်အတူ တကယ်ဒုက္ခခံပါက၊ ခရစ်တော်နှင့်အတူ အမွေခံဘော်၊ ခံဘက်များလည်းဖြစ်ကြ၏။"**

**၈း၁၂ "သို့ဖြစ်၍"**ပေါလုသည် အငယ် ၁–၁၁ရှိ မိမိတင်ပြချက်သည် ဘာကိုဆိုလိုကြောင်း ဆက်လက်ရှင်းလင်းသွားသည်။

▣ **"တာဝန်ရှိကြသည်..."**။ ၎င်းမှာ ခရစ်ယာန်လွတ်လပ်မှု၏ အခြားသောမျက်နှာစာတစ်ခုဖြစ်သည်။ (၁၄း၁–၁၅း၁၃)။ ၎င်းမှာ ဖြစ်ရပ်တစ်ခုအားဖော်ပြခြင်း(INDICATIVE)နှင့် ဆက်လက်ဖြစ်ပေါ်နေသောအရာ (ခိုင်းစေခြင်း–အထူးအကြောင်းအရာ ၆း၄၌ကြည့်ပါ)နှစ်မျိုးလုံးဖြစ်သည့် သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းဆွေးနွေးချက် အငယ် ၁–၁၁ အား နိဂုံးချုပ်လိုက်ခြင်းဖြစ်သည်။ ယုံကြည်သူများသည် ကျဆင်းသောဇာတိဟောင်းနှင့် ဆက်လက်တိုက်ခိုက်သွားကြရမှာဖြစ်ကြောင်းကိုလည်း ထင်ရှားစွာပြသည်။ (၆း၁၂–၁၉။ ၇း၇–၂၄။ ၁ကော ၆း၁၈–၁၉။ ဧဖက် ၆း၁၀–၁၉)။ ဤနေရာ၌ပြုလုပ်ရန် ရွေးချယ်မှု(အစပြုယုံကြည်ခြင်း)နှင့်ပြုလုပ်ရန် ဆက်လက်ရွေးချယ်သွားခြင်းဟူ၍ရှိပါသည်။ (အသက်ရှင်ခြင်းပုံစံ)!

**၈း၁၃"ပါက"**။ အငယ် ၉၊ ၁၀၊ ၁၁၊ ၁၃နှင့် ၁၇ (နှစ်ခါ)တို့၌ ချွင်းချက်ဝါကျများ ဆက်တိုက်ပါရှိသည်။ ၎င်းတို့အားလုံးမှာ စာရေးသူအမြင်၌ မှန်သည်ဟု မှတ်ယူထားခြင်း(ဝါ)သူ၏စာရေးဟန်ဖြစ်သော ပထမတန်းစား ချွင်းချက်ဝါကျများဖြစ်သည်။ ပေါလုသည် မိမိ၏စာဖတ်သူများဖြစ်သည့် ရောမမြို့အသင်းသားများကို ဝိညာဉ်တော်အားဖြင့် အသက်ရှင် သောခရစ်ယာန်များအဖြစ် မှတ်ယူသည်။ သို့သော် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့်အရာများလည်းရှိပေသေးသည်။ (ဥပမာ ယုံကြည်သူများ၏ပူးပေါင်းဆောင်ရွက်မှု/ တုံ့ပြန်မှု)။

▣ **"သင်သည် သွေးသားဇာတိအလိုအတိုင်း အသက်ရှင်...သေဆုံးလိမ့်မည်"**အငယ် ၁၃ရှိ ကြိယာနှစ်ခုစလုံးမှာ ပစ္စုပ္ပန်ကာလပြဖြစ်ပြီး ဆက်လက်ဖြစ်ပေါ်နေသော လုပ်ဆောင်မှုကိုပြောသည်။ သမ္မာကျမ်းစာသည် သေဆုံးခြင်းအဆင့်သုံးဆင့်ဖော်ပြသည်။

၁။ ဝိညာဉ်သေခြင်း (ကမ္ဘာ ၂း၁၇။ ၃း၁–၇။ ဧဖက် ၂း၁)

၂။ ကိုယ်ခန္ဓာသေခြင်း (ကမ္ဘာ ၅)

၃။ ထာဝရသေခြင်း (ဗျာ ၂း၁၁။ ၂၀း၆၊ ၄။ ၂၁း၈)။

ဤကျမ်းပိုဒ်၌ပြောသည်မှာ အာဒံ၏ဝိညာဉ်သေဆုံးခြင်းကို ပြောခြင်းဖြစ်ပြီး(ကမ္ဘာ ၃း၁၄–၁၉)၎င်း၏ရလဒ်ကြောင့် လူသားမျိုးနွယ်၏ကိုယ်ခန္ဓာသေဆုံးရသည်။(ကမ္ဘာဦး ၅)

အာဒံ၏အပြစ်သည် လူသားအား သေခြင်းတရားကို တွေ့ကြုံခံစားစေသည်။ (၅း၁၂–၂၁)။ ကျွန်တော်တို့တစ်ဦးချင်းတို့သည် မိမိတို့စိတ်ဆန္ဒအားဖြင့် အပြစ်ထဲခုန်ဝင်ရန် ရွေးချယ်ကြသည်။ ၎င်းအထဲ ဆက်လက်နေသွားရန် ရွေးချယ်ခဲ့ကြပါက၊ ၎င်းသည် မိမိတို့ကို "ထာဝရ"အသေသတ်လိမ့်မည်ဖြစ်သည်။ (ဗျာ ၂၀း၆၊ ၁၄ "ဒုတိယသေခြင်း") ကျွန်တော်တို့ ခရစ်ယာန်များအနေဖြင့် အပြစ်ဘက်နှင့် အတ္တ/ဇာတိဘက်၌ ခရစ်တော်နှင့်ထပ်တူထပ်မျှ ယုံကြည်ခြင်းအားဖြင့် သေဆုံးကြကာ၊ ဘုရားသခင်၌ အသက်ရှင်ကြရမည်ဖြစ်သည်။(ရောမ ၆)

▣ **"ခန္ဓာကိုယ်လုပ်ဆောင်မှုများကို ဝိညာဉ်တော်အားဖြင့် သေဆုံးစေပါက အသက်ရှင်လိမ့်မည်"**။ ယုံကြည်သူများ၏ကယ်တင်ခြင်းစိတ်ချရမှုကို သူတို့၏ခရစ်ယာန်အသက်တာသည် ခိုင်လုံစေကာ(ဝါ)၊ ရှင်းလင်းစွာဖော်ပြသည်။ (ဓမ္မသစ်ထဲက ယာကုပ်နှင့်၁ယောဟန်ဩဝါဒစာများ)။ ယုံကြည်သူများသည် ဤအသက်တာအသစ်ကို မိမိတို့၏ကြိုးစားမှုအားဖြင့် အသက်ရှင်ကြသည်မဟုတ်ဘဲ၊ ဝိညာဉ်တော်၏စွမ်းအားဖြင့်ဖြစ်သည်။(ငယ် ၁၄)။ သို့သော် သူတို့သည် ဝိညာဉ်တော်အုပ်ထိန်းမှုအား နေ့စဉ်နာခံရပေမည်။ (ဧဖက် ၅း၁၇–၁၈။ ၆း၁၀–၁၈)။

ဤကျမ်းပိုဒ်၌မူ "ကိုယ်ခန္ဓာလုပ်ဆောင်မှုများ"ဟုဆိုရာ၌ အပြစ်နှင့်ပြည့်သော ဤကပ်ကာလအဟောင်းနှင့်ဆိုင်သောဘဝအသက်တာအဖြစ် တွေ့မြင်ရသည်။ (ဂလ ၅း၁၉–၂၁)။ ကိုယ်ခန္ဓာအားဖြင့် တည်ရှိနေမှုကို ထာဝရပြတ်တောက်သွားစေခြင်းမဟုတ်ဘဲ၊( ၈း၂၃)အထဲ၌ ကျိန်းဝပ်သောဝိညာဉ်တော် (ကပ်ကာလအသစ်)နှင့် အပြစ်(ကပ်ကာလအဟောင်း)တို့ မပြတ်မလပ်တိုက်ခိုက်နေခြင်းကို ပြောခြင်းဖြစ်သည်။

**၈း၁၄"ဘုရားသခင်၏ဝိညာဉ်တော်ဦးဆောင်မှု ခံယူသူများအားလုံးတို့သည်"**၎င်းမှာ ဝိညာဉ်တော်၏လမ်းပြမှုအားဆက်လက်ခံယူသွားခြင်းကို ဖော်ပြသည့် PRESENT PASSIVE PARTICIPLE တစ်ခုဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်တော်တို့ကို ခရစ်တော်ထံသို့ ပိုးပန်းကာ(ယော ၆း၄၄၊ ၆၅)ပြီးလျှင် ကျွန်တို့အထဲ၌ ခရစ်တော်ကိုဖော်ဆောင်သည်။ (ငယ် ၂၉–၃၀)။ ခရစ်ယာန်ဖြစ်ခြင်းသည် ဆုံးဖြတ်ချက်တစ်ခုချမှတ်ရုံထက် များစွာပိုပါသည်။ ၎င်းသည် ဆုံးဖြတ်ချက်တစ်ခုဖြင့်အစပြုကာ(၁၀း၉–၁၃။ ယော ၁း၁၂။ ၃း၁၆)ဆက်လက်၍ နောက်လိုက်တပည့်တော်ဖြစ်သွားခြင်းဖြစ်သည်။(မဿဲ ၂၈း၁၉)။ ၎င်းသည် အခါကြီးနေ့ရက်များ၊ အချိန်များ(ဝါ)အမှုတော်လုပ်ငန်းများ လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ နေ့စဉ်အသက်ရှင်ခြင်းပုံစံဖြစ်သည်။

▣ **"ဘုရားသခင်၏သားများ"** အများကိန်းပြဖြစ်သော ဤစကားသည် ဓမ္မဟောင်းကျမ်း၌ ကောင်းကင်တာဝန်များ ပြောရာ၌သုံးကာ၊ လူသားများပြောရာ၌သုံးခဲ့သည်။ (အထူးအကြောင်းအရာများအား အင်တာနက်တွင် (www. freebiblecommentary.org) ၌ကြည့်ပါ။ အနည်းပြကိန်းကို အာဒံ၊ ဣသရေရ(အစ္စရေး)၊ ဣသရေလ၏ ရှင်ဘုရင်နှင့် ၎င်း၏မေရှိယအရှင်အား ပြောရာ၌သုံးသည်။ ဤနေရာ၌မူ ယုံကြည်သူများအားလုံး ရည်ညွှန်းသည်။ (ဂလ ၄း၆–၇)။ အငယ် ၁၄၌ ဝေါဟာရ *huioi* (သားများ)သုံးကာ၊အငယ်၁၆၌ *tekna* (ကလေးများ)သုံးသည်။ ၎င်းတို့ကို ဤကျမ်းပိုဒ်၌ အဓိပ္ပါယ်တူစကားလုံးများအဖြစ်သုံးသည်။ ယုံကြည်သူများသည် ကျွန်များမဟုတ်တော့ဘဲ၊ မိသားစုဝင်များဖြစ်လာကြသည်။ (ငယ် ၁၅–၁၇။ လ ၄း၇)၈း၁၅ "စိတ်တစ်မျိုး"(a spirit )။ ၎င်းသည် အငယ် ၁၀ကဲ့သို့ အဓိပ္ပါယ်မရှင်းလင်းချေ။ ၎င်းသည် ရွေးနုတ်ခြင်းခံသောလူသား၏ ခရစ်တော်အထဲဝိညာဉ် အသစ်(စိတ်အသစ်) သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်နှစ်မျိုးအား ရည်ညွှန်းနိုင်သည်။ အငယ် ၆ ၌ နှစ်မျိုးလုံးတွေ့ရသည်။

ဤသဒ္ဒါဖွဲ့စည်းပုံအား ယုံကြည်သူတစ်ဦးချင်းအထဲ သန့်ရှင်းသောဝိညာဉ်ဖြစ်ပွါးစေသည့်အရာကို ရှင်းလင်းရန် ပေါလုရေးသောစာအတော်များများ၌သုံးသည်။ (အင်္ဂလိပ်ဝေါဟာရ spiritကို ဝိညာဉ်နှင့်စိတ်နှစ်မျိုး အတွက်သုံးကာ၊ soul ကိုမူ ဝိညာဉ်နှင့်လူနှစ်မျိုးလုံးအတွက်သုံးသည်။ ဤကျမ်းပိုဒ်၌မူ ဆရာကြီးယုဒသန်သည်"သဘော"ဟူသော စကားလုံးသုံးသည်–ဘာသာပြန်သူ)

၁။ ဤနေရာ၌ "ကျွန်စိတ်တစ်မျိုးမဟုတ်"သားဖြစ်ခြင်းစိတ်" (အငယ် ၁၅)

၂။ "နူးညံ့သိမ်မွေ့သောစိတ်"၁ကော၄း၂၁

၃။ "ယုံကြည်ခြင်း" (သစ္စာရှိခြင်း)စိတ် ၂ကော၄း၁၃

၄။ "ပညာနှင့် ထိုးထွင်းခြင်းဉာဏ်(စိတ်)" ဧဖက်၁း၁၇

၅။ "ကြောက်တတ်သောစိတ်" ၂တိ၁း၇

ပေါလုသည် spirit စကား၏မူရင်းဂရိဝေါဟာရ *pneuma* အား အထူးသဖြင့် ၁ကောရိန္သုထဲ၌ သူ့ကိုယ်သူရည်ညွှန်းရန် နေရာအတော်များများ၌သုံးသေးသည်။ (၁ကော၂း၁၁။ ၅း၃၊၁၄။ ၇း၃၄။ ၁၆း၈ နှင့်ကော၂း၅)။ ဤစာပိုဒ်၌မူ အငယ် ၁၀နှင့်၁၅တို့၌ အသင့်တော်ဆုံးသုံးထားပါသည်။

▣ **"နောက်တဖန် ကြောက်ရွံ့စေသောကျွန်..."**ဇာတိဟောင်း၏ကြင်လက္ခဏာမှာ ကြောက်ရွံ့ခြင်းဖြစ်သည်။ (ဟေဗြဲ ၂း၁၅) ဇာတိအသစ်၏ ကြင်အင်လက္ခဏာကို ငယ်၁၄–၁၅ ၌ ရှင်းလင်းသည်။

▣ **"သားများဖြစ်စေခြင်း..."**(မွေးစားခြင်း– adoption)ရောမဥပဒေ၌ သားအဖြစ်မွေးစားခြင်းကိစ္စမှာ အလွန်ကျပ်တည်း(ခက်ခဲ)သော်လည်း၊ တစ်ခါမွေးစားခဲ့ပြီးပါက အမြဲဖြစ်သည်။ (ဂလ ၄း၄–၆)။ ဤတင်စားမှုသည် ယုံကြည်သူ၏ လုံခြုံမှုဆိုင်ရာ သမ္မာတရားအား ဓမ္မသဘောတရားအရ ထောက်ခံချက်ပေးသည်။ (အထူးအကြောင်းအရာ။ ။ ၅း၂ ၌ကြည့်ပါ။) သားရင်းတစ်ယောက်ကို အမွေဖြတ်ပိုင်ခွင့်ပေးထားသော်လည်း မွေးစားသားတစ်ယောက်ကိုမူ ထိုသို့ပြုခွင့် မပြုချေ။ ၎င်းမှာ ကယ်တင်ခြင်းအကြောင်း ရှင်းပြရာ၌ ပေါလုနှစ်သက်လှသော လူသိများသည့် တင်စားခြင်းတစ်မျိုးဖြစ်သည်။ (ငယ် ၁၅၊ ၂၃)။ ယောဟန်နှင့်ပေတရုတို့သည် အခြားလူသိများသော တင်စားမှုတစ်မျိုးသုံးကြကာ ၎င်းမှာ "အသစ်မွေးဖွားခြင်း"– born again ဖြစ်သည်။ (ယော ၃း၃။ ၁ပေ ၁း၃၊ ၂၃)။ မှတ်စုအပြည့်အစုံကို www.freebible commentary.org တွင် ဂလာတိ ၄း၅ အကျဉ်းချုပ်၌ကြည့်ပါ။

▣ **"အဗ္ဗ"**ဤအာရမိဝေါဟာရမှာ ကလေးများ မိမိတို့ဖခင်ကို အိမ်၌ခေါ်ကြရာဖြစ်သည်။ (daddy or papa)ယေရှုနှင့် တမန်တော်တို့သည် အာရမိစကားပြောတတ်ကြသည်။ (မာ ၅း၄၁။ ၁၄း၃၆။ ၁ကော ၁၆း၂၂)။ ယုံကြည်သူများသည် ခရစ်တော်၏အသွေးအားဖြင့် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်ခြင်းမှတဆင့် ခိုင်မာသောယုံကြည်ခြင်းနှင့် မိသားစုဝင်အဖြစ် စိတ်ချစွာပင် သန့်ရှင်းတော်မူသူ ဘုရားသခင်ထံတော်ပါးသို့ ယခုလာနိုင်ကြပြီဖြစ်သည်။ (မာ ၁၄း၃၆။ ဂလ

၄း၆)။ ကျဆင်းသူလူသားသည် ဘုရားသခင်ကို အဖဟုခေါ်နိုင်ခြင်းနှင့် ထာဝရသန့်ရှင်းတော်မူသူ အရှင်သည် ထိုသို့ ခေါ်ဆိုမှုကို လိုအားခြင်းမှာ အံ့သြ၍မဆုံးနိုင်ဘွယ်ရာဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ဖခင်– ၁း၇၌ ကြည့်ပါ။

**၈း၁၆"ဝိညာဉ်တော်သည် သူကိုယ်တိုင်"** ဂရိစကားလုံး၌ ဝိညာဉ်ဟူသည် အဖို၊ အမ မဟုတ်သောကြားနေလိင်ဖြစ် သည်။ ထို့ကြောင့် KJV ဘာသာပြန်ကျမ်း၌"itself"–၎င်းကိုယ်တိုင်ဟူ၍သုံးသော်လည်း ဝိညာဉ်တော်မှာ ပုဂ္ဂိုလ်ဖြစ် သည်။ သူသည် ဝမ်းနည်းစိတ်နာတတ်သည်(ဧ ၄း၃၀။ ၁သက် ၅း၁၉)။ ထို့ကြောင့် himself–သူကိုယ်တိုင်မှာ ပိုမို ကောင်းမွန်သောဘာသာပြန်မှုဖြစ်သည်။ အထူးအကြောင်းအရာ။ ။ဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်ခြင်း– ၈း၂၇၌ကြည့်ပါ။

**▣ "ငါတို့သည် ဘုရားသခင်၏သားများဖြစ်ကြောင်း...ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံ၏။"**အငယ် ၁၃၌ သိခဲ့ကြရသည့်အတိုင်းပင် ယုံကြည်စိတ်ချရခြင်း၏ မျက်နှာစာတစ်ဖက်မှာ ယုံကြည်သူ၏ပြောင်းလဲခဲ့ပြီး၊ ပြောင်းလဲ လျက်ရှိနေသော အသက်တာဖြစ်သည်။ (ဓမ္မသစ်ကျမ်း၏ယာကုပ်နှင့် ၁ယောဟန်ကျမ်းများ)။

ဘာသာပြန်ကျမ်း RSVနှင့် NRSVတို့၏ဘာသာပြန်ပုံကို ဂရုပြုပါ။ "ငါတို့သည် အဗ္ဗ! အဘ!ဟူ၍ အော်ခေါ် သည့်အခါ ငါတို့သည် ဘုရားသခင်၏ကလေးများဖြစ်ကြောင်း ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေ ခံခြင်းဖြစ်သည်"(ဂလ ၄း၆)။ စိတ်ချမှုဟူသည် ယုံကြည်သူက ဘုရားသခင်အား ဝိညာဉ်တော်အားဖြင့် "အဖ"ဟုခေါ် နိုင်သည့်အခါ ရရှိသည်ဟုဆိုလိုသည်။

ဝိညာဉ်သည် အထဲမှ သက်သေခံခြင်းမှာ နားဖြင့်ကြားရခြင်းမဟုတ်ဘဲ၊ လက်တွေ့ဖြစ်သည်။

၁။ အပြစ်ကို အပြစ်အဖြစ်မြင်ခြင်း

၂။ ခရစ်တော်နှင့်တူလိုစိတ်ရှိခြင်း

၃။ ဘုရားသခင်၏မိသားစုနှင့်အတူ ရှိနေလိုခြင်း

၄။ ဘုရားသခင်၏နှုတ်ကပတ်တော်အား ဆာငတ်ခြင်း

၅။ ဧဝံဂေလိသတင်းကောင်း ပြန့်ပွါးစေရန်လိုအပ်ကြောင်း ခံစားသိရှိခြင်း

၆။ ခရစ်ယာန်ဟူသည် အရှုံးခံ၍ပေးဆပ်ရန်လိုအပ်ကြောင်းအား ခံစားသိရှိခြင်း

၎င်းတို့မှာ ပြောင်းလဲကြောင်းပြသောယုံကြည်ခြင်း အထောက်အထားများဖြစ်သည့်အထဲမှ စိတ်ဆန္ဒအမျိုး အစားများဖြစ်သည်။

ကယ်တင်ခြင်းစိတ်ချမှုမှာ ဂိုဏ်းဂနလိုက်သော အကြောင်းအရာတစ်ခုဖြစ်သွားသည်။

၁။ ရောမကာသိုလစ်အသင်းတော်သည် ဤဘဝ၌ စိတ်ချမှုရနိုင်ခြင်းကို ငြင်းဆိုကာ၊ မိမိ၏စိတ်ချမှုအား "စစ်မှန်သော"အသင်းတော်၏အသင်းသားဖြစ်ခြင်းအပေါ် အခြေပြုသည်။

၂။ ဂျွန်ကဲလ်ဗင် John Calvin (အသင်းတော်ပြုပြင်ရေးကာလ၏ အစဉ်အလာသည် စိတ်ချမှုကို ရွေးကောက် ခြင်း(ကြိုတင်ခန့်ထားခြင်း)ပေါ် အခြေပြုသော်လည်း၊ ဤဘဝ၏အဆုံးတရားစီရင်တော်မူရာနေ့မတိုင်မီ စိတ်ချကြောင်း မသိနိုင်ချေ။

၃။ ဂျွန်ဝီစလေ–John Wesley (မက်သဒစ်အစဉ်အလာ)သည် စိတ်ချရမှုအား စုံလင်ပြည့်ဝသောချစ်ခြင်း မေတ္တာပေါ် အခြေပြုသည်။ (မိမိသိသမျှအပြစ်များနှင့်ကင်းကာ အသက်ရှင်ခြင်း)

၄။ နှစ်ခြင်းအသင်းတော်အများစုတို့သည် စိတ်ချရမှုအား အခမဲ့ကျေးဇူးတော်အားဖြင့် သမ္မာကျမ်းစာလာ ကတိတော်များပေါ် အခြေပြုခြင်းဘက်၌ ယိမ်းယိုင်ကြသည်။ (သို့သော် သတိပေးမှုနှင့် ဆုံးမမှုများအားလုံး လစ်လျူရှု ကြသည်)

ခရစ်ယာန်၏စိတ်ချမှုအကြောင်းအား ဓမ္မသစ်ကျမ်းနှင့်ဆိုင်၍ တင်ပြရာ၌ ဆန့်ကျင်နေသယောင်ရှိသော်လည်း နှစ်မျိုးစလုံးအမှန်ဖြစ်သော အန္တရာယ်နှစ်မျိုးရှိသည်။

၁။ "ကယ်တင်ခြင်းတစ်ခါရပြီးလျှင်၊ အမြဲကယ်တင်ခြင်းဖြစ်သည်"

၂။ "ကယ်တင်ခြင်းဆက်လက်ထိန်းသိမ်းရာ၌ လူ၏လုပ်ဆောင်မှု အထူးပြုလွန်းခြင်း"

"တစ်ခါအပြင်ဘက်ရောက်ပါက၊ အမြဲတမ်းအပြင်မှာ"ဖြစ်ကြောင်း ဟေဗြဲသြဝါဒစာ၌ ရှင်းလင်းစွာသွန်သင်သည်။ လူသား၏အားထုတ်မှု (ကောင်းမှုပြုခြင်း)သည် ယုံကြည်သူများ၏ကယ်တင်ခြင်းကို ထိန်းပေးသည်မဟုတ်ချေ။ (ဂလ ၃း၁–၁၄)။ သို့သော် ကောင်းမှုပြုခြင်းမှာ ခရစ်ယာန်အသက်တာ၏ ပန်းတိုင်ဖြစ်သည်။ (ဧ ၂း၁၀)။ ၎င်းတို့မှာ ဘုရားသခင်အား ကြုံတွေ့ကာ၊ ဝိညာဉ်တော်ကျိန်းဝပ်ရာမှ သူ့အလိုလို၊ သဘာဝကျကျဖြစ်လာသော အကျိုးရလဒ်များဖြစ်သည်။ ၎င်းတို့မှာ လူတစ်ယောက်စစ်မှန်စွာ ပြောင်းလဲကြောင်း၏သာဓကများဖြစ်သည်။

စိတ်ချရမှုသည် သန့်ရှင်းရန် သမ္မာကျမ်းစာ၏ခေါ်ဖိတ်မှုကို အားပျော့သွားစေရန်မဟုတ်ချေ! ဓမ္မတရားအရဆိုလျှင် စိတ်ချရမှုသည် သုံးပါးတစ်ဆူဘုရား၏ကြင်အင်လက္ခဏာနှင့် လုပ်ဆောင်မှုပေါ် အခြေတည်သည်။

၁။ ခမည်းတော်ဘုရား၏ချစ်ခြင်းမေတ္တာတော်နှင့် ဂရုဏာတော်

၂။ သားတော်၏ပြီးစီးခဲ့ပြီးသော ယဇ်ပူဇော်ခြင်းအလုပ်

၃။ ခရစ်တော်ထံသို့ ဝိညာဉ်တော်၏ပိုးပန်းမှုနှင့်

၎င်းနောက်ပိုင်းတွင် နောင်တရသောယုံကြည်သူအထဲ ခရစ်တော်ကို ဖော်ဆောင်ခြင်း

ဤကဲ့သို့သော ကယ်တင်ခြင်း၏အထောက်အထားမှာ ကမ္ဘာ့အမြင်ပြောင်းလဲသွားခြင်း၊ နှလုံးသားပြောင်းလဲသွားခြင်း၊ အသက်ရှင်ခြင်းပုံစံ ပြောင်းလဲသွားခြင်းနှင့် မျော်လင့်ခြင်းပြောင်းလဲသွားခြင်းဖြစ်သည်! အသက်ရှင်ခြင်းပုံစံ၏သာဓကမပါဘဲ၊ အတိတ်တစ်ချိန်က စိတ်ခံစားမှုအားဖြင့်ပြုသော ဆုံးဖြတ်ချက်တစ်ရပ်ပေါ် အခြေပြု၍မရချေ။ (ဥပမာအသေး– မဿဲ ၇း၁၅–၂၃။ ၁၃း၂၀–၂၂။ ယောဟန် ၁၅)

စိတ်ချမှုသည် ကယ်တင်ခြင်းနည်းတူ၊ ခရစ်ယာန်အသက်တာနည်းတူ ဘုရားသခင်၏ဂရုဏာတော်အား တုံ့ပြန်မှုဖြင့် အစပြုကာ၊ ၎င်းတုံ့ပြန်မှုသည် တသက်လုံးဆက်တိုက်ဖြစ်ပေါ်သည်။ ၎င်းမှာ ပြောင်းလဲမှုတစ်ရပ်ဖြစ်ပြီး၊ ယုံကြည်ခြင်းဆိုင်ရာ ပြောင်းလဲခြင်းဖြစ်သည်!

▣ **"သက်သေခံသည်"**၎င်းမှာ အခြားသော *syn* ပါသည့် ပေါင်းစပ်ဝေါဟာရတစ်ခုဖြစ်သည်။ ဝိညာဉ်တော်မှာ ယုံကြည်သူ၏ဝိညာဉ်နှင့် သက်သေခံဘော်၊ ခံဘက်ဖြစ်သည်။ ပေါလုသည် ပေါင်းစပ်သော ဤစကားလုံးကို ၂း၁၅။ ၈း၁၆ နှင့် ၉း၁ တို့၌သုံးသည်။

**၈း၁၇"ပါက/လျှင်"**အငယ် ၉၊ ၁၀၊ ၁၁၊ ၁၃(နှစ်ခါ)နှင့် ၁၇(နှစ်ခါ)တို့၌ ချွင်းချက်ပါဝါကျများရှိသည်။ ၎င်းတို့အားလုံးမှာ စာရေးသူအမြင်၌ မှန်သည်ဟုမှတ်ယူမှုများ သို့မဟုတ် သူ၏စာရေးဟန်သက်သက်ဖြစ်သည်။ပေါလုသည် ရောမမြို့အသင်းတော်ရှိ မိမိ၏စာဖတ်သူများကို ခရစ်ယာန်များအဖြစ် မှတ်ယူထားသည်။

▣ ဤအခန်းငယ်၌"အတူလက်တွဲပါဝင်သည်"ဟုအဓိပ္ပါယ်ရသော *syn* အသုံးပြုသည့် ပေါင်းစပ်စကားလုံးသုံးလုံးပါဝင်သည်။

၁။ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ အမွေခံသည်

၂ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ ဒုက္ခခံသည်

၃။ ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ ဘုန်းကြီးကြမည်

အငယ် ၂၂(နှစ်ခါ)၊ ၂၆၊ ၂၈တို့၌ *syn* ပါသော ပေါင်းစပ်စကားလုံးများ ပို၍ပါရှိသည်။ ဧဖက် ၂း၅–၆၌လည်း ခရစ်တော်အထဲက ယုံကြည်သူ၏အသက်အား ရေးသားဖော်ပြရာ၌ *syn* ပေါင်းစပ်စကားလုံးသုံးခုရှိပါသည်။

▣**"အမွေခံများ"**၎င်းမှာ ယုံကြည်သူများအား ရေးသားဖော်ရာ၌ အသုံးပြုသည့်မိသားစုနှင့် တင်စားသောအခြားစကားလုံးတစ်ခုဖြစ်သည်။ (၄း၁၃–၁၄။ ၉း၈။ ဂလ ၃း၂၉)။ အောက်၌ဖော်ပြသော အထူးအကြောင်းအရာကိုကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ယုံကြည်သူခံရသော အမွေတော်

သမ္မာကျမ်းစာသည် ယုံကြည်သူများရရှိသော အမွေမြောက်များစွာတို့အကြောင်း ပြောပါသည်။ (တမန် ၂၀း၃၂။ ၂၆း၁၈။ ဧ ၁း၄။ ကော ၁း၁၂။ ၃း၂၄)။ အကြောင်းမှာ သူတို့သည် အရာခပ်သိမ်းအား အမွေခံသူ ယေရှုနှင့် မိသားစုတော်စပ်ကာ (ဟေဗြဲ ၁း၂) သူတို့သည် အမွေခံဖော်ခံဘက်များဖြစ်ကြ၏။ (ရောမ ၈း၁၇။ ဂလ ၄း၇)။ သူတို့ဆက်ခံရရှိသည့် အမွေများမှာ

- ဘုရားသခင်၏နိုင်ငံတော် (မဿဲ ၂၅း၃၄။ ၁ကော ၆း၉–၁၀။ ၁၅း၅၀။ ဗျာဒိတ် ၅း၅။
- ထာဝရအသက် (မဿဲ ၁၉း၂၉။ ဟေဗြဲ ၉း၁၅)
- ဘုရားသခင်၏ကတိတော်များ (ဟေဗြဲ ၆း၁၂)
- ကတိတော်အတိုင်း ဘုရားသခင်၏ကာကွယ်မှု (၁ပေ ၁း၄–၅)

▣**"အမွေခံဘက်များ"**၊ ၎င်းမှာ *sun* ပါသောပေါင်းစပ်စကားလုံး နောက်ထပ်တမျိုးဖြစ်သည်။ ခရစ်တော်နှင့်ယုံကြည်သူများသည် သေခြင်းနှင့်အသက်ရှင်ခြင်းအား အတူခံစားခဲ့ကြကြောင်း အလေးအနက်ပြုရန် ပေါလုသည် ဤစကားလုံးသစ်များကို အခန်းကြီး ၈၌ အများအပြားထွင်၍သုံးထားသည်။

၁။ အမွေခံဘက်များ၊ ငယ် ၁၇

၂။ ဒုက္ခဆင်းရဲခံဘက်များ၊ ငယ် ၁၇

၃။ ဘုန်းကြီးဘော်၊ ဘုန်းကြီးဘက်များ၊ အငယ် ၁၇

▣

| | |
|---|---|
| **NASB, NKJV** | **"ကိုယ်တော်နှင့်အတူ တကယ်ဒုက္ခခံပါက"** |
| **NRSV** | **"ကိုယ်တော်နှင့်အတူ အမှန်ပင် ဒုက္ခခံပါက"** |
| **TEV** | **"ခရစ်တော်၏ဒုက္ခဆင်းရဲများ ဝေမျှခံစားကြပါက"** |
| **NJB** | **"ကိုယ်တော်၏ဒုက္ခဆင်းရဲများ ဝေမျှခံစားလျက်"** |

ဒုက္ခခံစားရခြင်းဆိုသည်မှာ ကျဆင်းခဲ့ပြီးသောကမ္ဘာ၌ ယုံကြည်သူများအတွက် စံဖြစ်သည်။ (မဿဲ ၅း၁၀–၁၂။ ယော ၁၅း၁၈–၂၁။ ၁၆း၁–၂။ ၁၇း၁၄။ တမန် ၁၄း၂၂။ ရောမ ၅း၃–၄။ ၈း၁၇။ ၂ကော ၄း၁၆–၁၈။ ဖိ ၁း၂၉။ ၁သက် ၃း၃။ ၂တိ ၃း၁၂။ ယာ ၁း၂–၄။ ၁ပေ ၄း၁၂–၁၉)။ ယေရှုသည် နမူနာပြသသွားခဲ့ပြီဖြစ်၏။ (ဟေဗြဲ ၅း၈)။ ဤအခန်းကြီး၏ နောက်ပိုင်း၌ ဤအကြောင်းအရာကို ဆက်လက်ဖော်ပြသွားသည်။ အထူးအကြောင်းအရာ။ ။ ခရစ်ယာန်များ အဘယ်ကြောင့် ဒုက္ခဆင်းရဲခံကြသနည်း? – ၅း၃၌–ရှု)။

▣**"ကိုယ်တော်နှင့်အတူ ဘုန်းကြီးစေခြင်းခံကြ"**ယောဟန်၏အရေးအသားများ၌ ယေရှုသည် မိမိအသေခံခြင်းအကြောင်းပြောသည့်အခါတိုင်း၊ သူသည် ၎င်းကို "ဘုန်းကြီးစေခြင်းခံရမှု"ဟု ပြောလေ့ရှိသည်။ ယေရှုသည် ဒုက္ခဆင်းရဲခံခြင်းအားဖြင့် ဘုန်းကြီးစေခြင်းခံရသည်။ ယုံကြည်သူများသည် ရပ်တည်မှုအားဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း ယေရှုဘဝကဲ့သို့ ဖြစ်ပျက်ခဲ့သည့်အရာများကို ဝေမျှရရှိကြသည်။ (ရောမ ၆)။ အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏နိုင်ငံတော်၌ စိုးစံခြင်းအား– ၅း၁၇–၁၈၌ကြည့်ပါ။

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၈း၁၈–၂၅

**[18]ယခုမျက်မှောက်ကာလ ဒုက္ခဆင်းရဲများသည် ငါတို့၌ ပေါ်ထွန်းလတံ့သောဘုန်းကြီးခြင်းနှင့် နှိုင်းယှဉ်ရန် မထိုက်တန်ဟု ငါထင်၏။ [19]အကြောင်းမူကား ဤလောကသည် ဘုရားသခင်၏သားတို့ ပေါ်ထွန်းခြင်းကို လွန်စွာတောင့်တလျက် ထက်သန်စွာ စောင့်မျှော်နေ၏။ [20]အကြောင်းမူကား ဤလောကသည်**

အနိစ္စနိုင်ငံသို့လိုက်နေသည်မှာ မြော်လင့်ခြင်းဖြင့် လိုက်စေသူအရှင်ကြောင့်သာဖြစ်၏။ [၂၁]ဥင်းမှာ ဤလောက သည်လည်း ဖေါက်ပြန်ပျက်စီးခြင်း၏ ကျွန်ပြုမှုမှ ဘုရားသခင့်ကလေးတို့၏လွတ်မြောက်ခြင်း ဘုန်းတော်ထဲ၌ လွတ်မြောက်မည့်အကြောင်းတည်း။ [၂၂]အကြောင်းမှာ တလောကလုံးသည် ယခုတိုင်အောင် သားဖွားခြင်း ဝေဒနာကို တညီတည်းခံစားလျက် ညည်းညူသည် ကိုငါတို့သိရကြ၏။ [၂၃]ထိုမျှမက ဝိညာဉ်တော်၏အဦးသီးကို ခံစားရရှိသူ ငါတို့ကိုယ်တိုင်သည်လည်း ငါတို့၏ကိုယ်ခန္ဓာရွေးနှုတ်ခြင်းဖြစ်သည့် သားအရာ၌ ချီးမြှောက်ခြင်း အား ထက်သန်စွာစောင့်မျှော်လျက် ငါတို့အထဲ၌ ညည်းညူလျက်ရှိကြ၏။ [၂၄]အကြောင်းမူကား၊ ငါတို့သည် မြော်လင့်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြ၏။ သို့သော် မြင်ရသောအရာကို မျှော်လင့်ခြင်းသည် မြော်လင့်ခြင်း မမည်။ အဘယ်ကြောင့်ဆိုသော်၊ အဘယ်သူသည် မိမိမြင်ရသော အရာကို မျှော်လင့်နေလိမ့်မည်နည်း။ [၂၅]သို့သော် ငါတို့သည် မမြင်ရသေးသောအရာကို မျှော်လင့်နေသည်ဆိုလျှင် စွဲမြဲလျက် ထက်သန်စွာစောင့်မျှော် ကြ၏။

**၈း၁၈ "ထင်၏"** ဥင်းမှာ စင်စစ်အားဖြင့် "ပေါင်းထည့်သည်"ဟူ၍ဖြစ်၏။ ဥင်းမှာ PRESENT MIDDLE INDICATIVE ဖြစ်သည်။ ပေါလုသည် ခရစ်ယာန်ခံစားရသည့် ဒုက္ခဆင်းရဲအကြောင်းကိုပင် ဆက်လက်ဆင်ခြင်နေခြင်းဖြစ်သည်။ ဥင်းမှာ စာရင်းကိုင်ခြင်း/ရေတွက်ခြင်းဆိုင်ရာ ဝေါဟာရဖြစ်ပြီး၊ ဂရုတစိုက်စူးစမ်းရှာဖွေသည့်အရာတစ်ခုအား အဆုံး သတ်သို့ ရောက်ရှိခြင်းဖြစ်သည်။ ဥင်းမှာ ရောမဩဝါဒစာ၌ ထပ်ခါတစ်လဲလဲ ပေါ်သောဦးတည်ချက်ဖြစ်သည်။(၂း၃ ၏ မှတ်ချက်၌ကြည့်ပါ။)ယုံကြည်သူများသည် မိမိတို့နားလည်သဘောပေါက်သည့် ဝိညာဉ်ရေးရာသမ္မာတရား၏အလင်းထဲ အသက်ရှင်ကြရမည်ဖြစ်သည်။

**◙"ဒုက္ခဆင်းရဲများ"** ခရစ်တော်အား အစေခံရာမှ ရရှိသောဒုက္ခဆင်းရဲအချို့အား ၁ကော ၄း၉-၁၂။ ၂ကော ၄း၇-၁၂။ ၆း၄-၁၀။ ၁၁း၂၄-၂၇။ ဟေဗြဲ ၁၁း၃၅-၃၈ တို့၌ နားလည်သိရှိရသည်။

**◙"ယခုမျက်မှောက်ကာလ"** ဂျူးလူမျိုးတို့သည် ကမ္ဘာ့သမိုင်းကို ကပ်ကာလနှစ်ပါးဖြင့် ခွဲထားသည်ဟု ယုံကြည်ကြ ကာ၊ ယခုမျက်မှောက်ဆိုးယုတ်သောကာလနှင့် လာလတံ့သော ဖြောင့်မတ်သည့်ကပ်ကာလဟူ၍ဖြစ်သည်။ (မဿဲ ၁၂း၃၂။ မာကု ၁၀း၃၀)။ ဓမ္မဟောင်းကျမ်းသည် ဤဖြောင့်မတ်သောကပ်ကာလအသစ် တည်ထောင်ရန် မေရှိယအရှင် ကြွလာခြင်းကို မျှော်လင့်သည်။ သို့သော် ခရစ်တော်၏ကြွလာခြင်းနှစ်မျိုးဖြစ်သည့် ကယ်တင်သောသူအဖြစ် (လူသား အဖြစ်ဝင်စားခြင်း)နှင့် အရှင်သခင်(ဒုတိယအကြိမ် ကြွလာခြင်း)အဖြစ် ဒုတိယအကြိမ်ကြွလာခြင်းတို့သည် ဤကပ်ကာ လနှစ်မျိုးအားထပ်လျက် သားဖြစ်သွားစေသည်။ ယုံကြည်သူများသည် ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ "ဖြစ်နေပြီး သောအရာ"နှင့် "မဖြစ်ရသေးသောအရာ"နှစ်ခု၏ တင်းမာမှုကြားထဲ အသက်ရှင်နေကြခြင်းဖြစ်သည်။ အထူးအကြောင်း အရာ။ ။ ယခုကပ်ကာလနှင့် လာလတံ့သော ကပ်ကာလအကြောင်း ၁၂း၂၃၌ကြည့်ပါ။

**◙"ဘုန်းကြီးခြင်း...ထိုက်တန်။"** ဤဝေါဟာရနှစ်ခုစလုံး ဓမ္မဟောင်းကျမ်း၏ အလေးချိန်ဆိုင်ရာသဘောနှင့်ဆက်စပ် လျက် လေးလံသောအရာ၌ တန်ဘိုးရှိသည်ဆိုသည့် အယူအဆဖြစ်သည်။ "ထိုက်တန်"ဆိုသည်မှာ ကုန်သည်သုံး ဝေါဟာရဖြစ်ပြီး"အလေးချိန်စီးနိုင်သမျှစီးသည်"ဟုဆိုလိုသည်။ ဟေဗြဲဝေါဟာရ"ဘုန်းကြီးသည်"–glory သည်လည်း "လေးသည်"ဟူသည့်မူရင်းမှဆင်းသက်ကာ ရွှေကဲ့သို့ တန်ဘိုးရှိသည်ဆိုသည့်အဓိပ္ပါယ်ရှိသည်။ မှတ်စုအပြည့်အစုံကို ၃း၂၃ ၌ကြည့်ပါ။

ပေါလုရေးသားသည့် စာများ၌မူ "ဘုန်းကြီးသည်/ဘုန်းတန်ခိုး"–glory ဆိုသည့် ဝေါဟာရသည် အနာဂတ်၌ ဖြစ်လာမည့်အရာကို ရည်ညွှန်းလေ့ရှိသည်။ (၂ကော ၄း၁၆-၁၈)။ ဥင်းသည် ချီးမြှောက်ခြင်းခံသော၊ ခရစ်တော်၏ ဘုန်းကြီးသောဒုတိယအကြိမ် ပြန်လည်ကြွလာခြင်း၏ ခန်းနားထယ်ဝါမှုနှင့် တန်ခိုးတော်ကို ရည်ညွှန်းသည်။ (ကော ၃း၄)။ အထူးအကြောင်းအရာ။ ။ ဘုန်းတန်ခိုးအား ၃း၂၃၌ကြည့်ပါ။

**▣"ငါတို့၌ပေါ်ထွန်းလတံ့သော။"**ငင်းမှာ အပြုခံကြိယာ PASSIVE (deponent–ကျမ်းကျိန်၍ ထွက်ဆိုမှု)ဖြစ်ပြီး၊ ပြုလုပ်သူမှာ ဘုရားသခင်(ဝါ)ဝိညာဉ်တော်ဖြစ်သည်။ ယုံကြည်သူများ ဤဘဝ၌ အသက်ရှင်သည်မှာ မျက်စိအမြင်အားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းဖြစ်သည်။ (ငယ် ၂၄။ ၁ကော ၂း၉။ ၁၃း၁၂။ ၂ကော ၅း၇။ ဟေဗြ ၁၁း၁)

ဤစကားလုံးကို ရောမသြဝါဒစာထဲ ပေါလုအတော်များများသုံးကာ၊ လူသားများ၏ ရှာဖွေတွေ့ရှိမှုမဟုတ်ဘဲ၊ ဘုရားသခင်၏သမ္မာတရားအား အလေးအနက်ပြသည်။

၁။ ၎င်းစကားလုံး၏ကြိယာ

က။ ၁း၁၇ – ပေါ်ထွန်း(ဖွင့်ပြ)ခဲ့ပြီးသော ဘုရားသခင်၏ဖြောင့်မတ်မှု (PRESENT PASSIVE INDICATIVE)

ခ။ ၁း၁၈ – ပေါ်ထွန်း(ဖွင့်ပြ)ခဲ့ပြီးသော ဘုရားသခင်၏အမျက်တော် (PRESENT PASSIVE INDICATIVE)

ဂ။ ၈း၁၈ – ဖွင့်ပြလတံ့သော (ပေါ်ထွန်းလတံ့သော)ဘုန်းကြီးခြင်း (AORIST PASSIVE INFINITIVE )

၂။ ၎င်းစကားလုံး၏နာမ်

က။ ၂း၅ – အမျက်တော်နှင့် ဘုရားသခင်၏ဖြောင့်မတ်သော တရားစီရင်မှု ပေါ်ထွန်းသောနေ့

ခ။ ၈း၁၉ – ဤလောကသည် ဘုရားသခင်၏သားများ ပေါ်ထွန်းခြင်းကို ထက်သန်စွာ စောင့်မျှော်နေသည်။

ဂ။ ၁၆း၂၅ ဖုံးကွယ်လျှို့ဝှက်သောအရာအား ဖွင့်ပြတော်မူခြင်းနှင့်အညီ

**၈း၁၉**"ဤလောကသည် ဘုရားသခင်၏သားတို့ ပေါ်ထွန်းခြင်းကို လွန်စွာတောင့်တလျက် ထက်သန်စွာစောင့်မျှော်။" ဖန်ဆင်းထားသော ရုပ်လောကအား လည်ပင်းဆန့်လျက် မျက်စိတဆုံး ရှာဖွေကြည့်ရှုနေသော လူတစ်ယောက်အလားတင်စားခြင်းဖြစ်သည်။ အာဒံနှင့်ဧဝတို့၏ပုန်ကန်မှုသည် ဤလောကကို ဆိုးကျိုးပေးခဲ့သည်။ (ကမ္ဘာ ၃း၁၇–၁၉)။ ပုန်ကန်သောကောင်းကင်တမန်များ၊ မယုံကြည်သူလူသားများနှင့် သူတို့အား သီးခြားခွဲထုတ်ရန် ပြင်ဆင်ထားရာအရပ်ကလွဲလျှင် ဖန်ဆင်းသမျှအားလုံးတို့သည် အဆုံး၌ ရွေးနှုတ်ခြင်းခံကြလိမ့်မည်။ (Bruce Corley and Curtis Vaughan, Romans p. 95, အောက်ခြေ မှတ်စု ၄၆)

၎င်း၏ကြိယာဖြစ်သော "ထက်သန်စွာစောင့်မျှော်"(PRESENT MIDDLE[ကျမ်းကျိန်၍ထွက်ဆိုမှု–deponent] INDICATIVE)စကားလုံးမှာ ဤစာပိုဒ်၌ သုံးခါပါရှိသည်။

၁။ ငယ် ၁၉– ဤလောက (creation–ဖန်ဆင်းခြင်း)သည် ကပ်ကာလအသစ်ကို ထက်သန်စွာစောင့်မျှော်သည်

၂။ ငယ် ၂၃– ယုံကြည်သူများသည် ကိုယ်ခန္ဓာအသစ်ကို ထက်သန်စွာ စောင့်မျှော်ကြသည်

၃။ ငယ် ၂၅ – ယုံကြည်သူများသည် ကပ်ကာလအသစ်ဆိုင်ရာမျှော်လင့်ခြင်းအား ထက်သန်စွာ စောင့်မျှော်ကြသည်

ပေါလုသည် ဤကြိယာစကားလုံးကိုပင် အလားတူ အဓိပ္ပါယ်ဖြင့် ၁ကော ၁း၇။ ဂလ ၅း၅။ ဖိ ၃း၂၀တို့၌ သုံးသည်။ ဒုတိယအကြိမ် ကြွလာခြင်းသည် ယုံကြည်သူများအတွက် ကြောက်စရာမဟုတ်ဘဲ၊ မိသားစုပြန်လည်ဆုံဆည်းရာ အခါသမယသာလျှင်ဖြစ်သည်

## အထူးအကြောင်းအရာ။ ။သဘာဝအရင်းအမြစ်များ

I. စကားချီ

က။ ဖန်ဆင်းခြင်းတစ်ခုလုံးမှာ ဘုရားသခင်သည် လူသားနှင့်အချစ်ဇာတ်လမ်းခင်းရာ နောက်ခံကားချပ်(ဝါ) စင်မြင့်ကြီးဖြစ်သည်။

ခ။ ၎င်းသည် လူသား၏ကျဆင်းမှုအား မျှဝေခံစားရသည်နည်းတူ (ကမ္ဘာ ၃း၁၇။ ၆း၁။ ဟောရှာ ၂၄း၃–၈။ ရောမ ၈း၁၈–၂၀)အနာဂတ်၌ ဖြစ်လာမည့်ရွေးနှုတ်ခြင်းကိုလည်း ဝေမျှခံစားပေမည်။ (ဟေရှာ ၁၁း၆–၉။ ရောမ ၈း၂၀–၂၂။ ဗျာ ၂၁–၂၂)

ဂ။ အပြစ်ပြည့်သောလူသားသည် သဘာဝအရင်းအမြစ်များအား မိမိ၏နမော်နမဲ့နိုင်သောလောဘဖြင့် အဓမ္မပြု ကျင့်ဖျက်ဆီးသည်။ အောက်ပါစာပိုဒ်ကို Edward Capenter ၏ *The Canon of Westminster* မှ ကောက်နုတ်ယူသည်။

"ဘုရားသခင်ဖန်ဆင်းရာဖြစ်သော တကမ္ဘာလုံးအတိုင်းအတာမကဘဲ၊ မိမိပတ်လည်စကြာဝဠာအား အညာအ တာကင်းမဲ့စွာ ထိခိုက်စေမှု၊ လူသားညစ်ညင်းစေသည့်လေထု၊ အရင်းအမြစ်များ လူသားအဆိပ်သင့်စေသောမြေဆီလွှာ၊ သူပြုန်းတီး စေသောသစ်တောများ၊ မည်သူဘာဘဲပြောပြော နားမထောင်ဘဲ၊အငမ်းမရတိုက်ခိုက်ဖျက်ဆီးမှုများသည် ရေရှည်ဆိုးကျိုးများဖြစ်ထွန်းစေသည်။ ၎င်းမှာ တစစီဖြင့်၊ ညှိနှိုင်းဖော်မရသော တိုက်ခိုက်မှုဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်၏ သဟာဇတဖြစ်မှုအားထိန်းသိမ်းရန် အနည်းငယ်မျှပင်ဂရုမစိုက်ဘဲ၊ လူသားမျိုးဆက်တစ်ခုသည် အခြား မျိုးဆက်အပေါ် တာဝန် သိတတ်ခြင်း ကင်းမဲ့လွန်းလှချေသည်"

ဃ။ ငါတို့သည် မိမိတို့၏ ကမ္ဘာဂြိုလ်အား ညစ်ညမ်းစေမှုနှင့် မတရားအသုံးချမှုဒဏ်ကို ပြန်၍ရိတ်သိမ်း နေကြသည်သာမက၊ ငါတို့၏သားစဉ်မြေးဆက်တို့သည် ပြန်လှည့်၍မရသော ပိုမိုငြင်းထန်ဆိုးဝါးသည့် အကျိုးဆက်များ ရိတ်သိမ်းကြရန်သာ ရှိပေတော့သည်။

II. သမ္မာကျမ်းစာလာအကြောင်းများ

က။ ဓမ္မဟောင်းကျမ်း

၁။ ကမ္ဘာဦး ၁–၃

(က) ဤလောက (creation–ဖန်ဆင်းခြင်း)သည် လူသားနှင့်မိမိ မိတ်သဟာယပြုရန် နေရာအဖြစ် ဘုရားသခင် အထူးဖန်ဆင်းရာနေရာအရပ်ဖြစ်သည်။ (ကမ္ဘာ ၁း၁–၂၅)။

(ခ) ဖန်ဆင်းခြင်းမှာ ကောင်းမွန်သောအရာဖြစ်ပြီး (ကမ္ဘာ ၁း၄၊ ၁၀၊ ၁၂၊ ၁၈၊ ၂၁၊ ၂၅) အလွန် တရာကောင်းပါသည်။ (ကမ္ဘာ ၁း၃၁)။ ၎င်းမှာ ဘုရားသခင်အတွက် သက်သေကောင်းဖြစ် သည်ဟုဆိုလိုသည်။ (ဆာလံ ၁၉း၁–၁၆)

(ဂ) လူသားအား ဖန်ဆင်းခြင်း၏အထွဋ်အခေါင်ဖြစ်စေရန် ရည်ရွယ်သည်။ (ကမ္ဘာ ၁း၂၆–၂၇)

(ဃ) လူသားဟူသည် ဘုရားသခင်၏ဘဏ္ဍာထိန်းအဖြစ် စိုးမိုးရန် (ဟေဗြဲစကား "ခြေဖြင့် နင်းရန်") ဖြစ်သည်။ (ကမ္ဘာ ၁း၂၈–၃၀။ ဆာလံ ၈း၃–၈။ ဟေဗြဲ ၂း၆–၈)။ ဘုရားသခင်သည် ဖန်ဆင်းခြင်း၏ အရှင်သခင်ဖြစ်ကာ၊ ၎င်းအဖြစ် ဆက်လက်တည်မြဲ သည်။ (ထွက် ၁၉း၅။ ယောဘ ၃၇–၄၁။ ဆာလံ ၂၄း၁–၂။ ၉၅း၃–၅။ ၁၀၂း၂၅။ ၁၁၅း၁၅။ ၁၂၁း၂။ ၁၂၄း၈။ ၁၃၄း၃။ ၁၄၆း၆။ ဟေရှာ ၃၇း၁၆)

(င) လူသားသည် ဖန်ဆင်းခြင်း၏ဘဏ္ဍာထိန်းဖြစ်ခြင်းအား ကမ္ဘာ ၂း၁၅ ၌တွေ့ရသည်။ "ဧဒင်ဥယျာဉ် ကိုစိုက်ပျိုးရန်၊စောင့်ရှောက်ကာကွယ်ရန်"ဟူ၍ဖြစ်သည်။ (ဝတ်ပြု၂၅း၂၃။ ၁ရာ ၂၉း၁၄)။

၂။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအထူးသဖြင့် တိရစ္ဆာန်များကို ချစ်တော်မူသည်။

(က) တိရစ္ဆာန်များကို ကောင်းစွာပြုမူရန် မောရှေ၏ပညတ်ချက်များ

(ခ) ဂျေဟောဝါး (YHWH)သည် လဝိသန်နှင့် ကစားခြင်း(ဆာလံ ၁၀၄း၂၆)

(ဂ) တိရစ္ဆာန်များအား ဘုရားသခင်ဂရုစိုက်ပုံ (ယောန ၄း၁၁)

(ဃ) နောင်ဖြစ်ပျက်မည့်အရာများအား ဖော်ပြရာ၌ သဘာဝပတ်ဝန်းကျင်အကြောင်း ပါဝင်မှု(ဟေရှာ ၁၁း၆–၉။ ဗျာ ၂၁–၂၂)။

၃။ သဘာဝသည် အတိုင်းအတာတစ်ခုဖြင့် ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေသည်။

(က) ဆာလံ ၁၉း၁–၆

(ခ) ဆာလံ ၂၉း၁–၉

(ဂ) ယောဘ ၃၇–၄၁

၄။ ဘုရားသခင်သည် မိမိ၏မေတ္တာတော်နှင့် ပဋိညာဉ်တရားပေါ် သစ္စာရှိတော်မူခြင်းအားပြသရာ၌ သဘာဝပတ်ဝန်းကျင်မှာ တစ်ခုအပါအဝင်ဖြစ်သည်။

(က) တရား ၂၇–၂၈။ ၃ဓမ္မ ၁၇

(ခ) ပရောဖက်ကျမ်းများ တစ်လျှောက်လုံး၌

ခ။ ဓမ္မသစ်ကျမ်း

၁။ ဘုရားသခင်ကို ဖန်ဆင်းသောအရှင်အဖြစ် တွေ့ရသည်။ သုံးပါးတစ်ဆူဖြစ်တော်မူသော၊ ဖန်ဆင်းရှင်တစ်ပါးတည်းသာလျှင်ရှိသည်။ (ဧလောဟဲမ်–Elohim ကမ္ဘာ ၁း၁။ ဝိညာဉ်တော်၊ ကမ္ဘာ ၁း၂ နှင့် ယေရှု၊ ဓမ္မသစ်ကျမ်း) ၎င်းတို့ကလွဲလျှင် ဖန်ဆင်းခံများဖြစ်သည်။

(က) တမန် ၁၇း၂၄

(ခ) ဟေဗြဲ ၁၁း၃

(ဂ) ဗျာ ၄း၁၁

၂။ ဘုရားသခင်သည် ဖန်ဆင်းခြင်း၌ ယေရှုအားဖြင့်ပြုသည်

(က) ယောဟန် ၁း၃၊ ၁၀

(ခ) ၁ကော ၈း၆

(ဂ) ကော ၁း၁၆

(ဃ) ဟေဗြဲ ၁း၂

၃။ ဘုရားသခင်သည် သဘာဝပတ်ဝန်းကျင်အား ဂရုစိုက်ကြောင်း ယေရှုသည် မိမိ၏ဒေသနာများ၌ တိုက်ရိုက်ပြောကြားခဲ့သည်။

(က) လေထဲပျံသန်းသော ငှက်များနှင့် လယ်ကွင်းပြင်ထဲက တောနှင်းပန်းများအကြောင်း–မဿဲ ၆း၂၆၊ ၂၈–၃၀

(ခ) စဥ့်ကလေးများအကြောင်း –မဿဲ ၁၀း၂၉

၄။ လူသားအားလုံးသည် ဖန်ဆင်းသောအရာများအားဖြင့် ဘုရားသခင်အား သိရသမျှအပေါ် တာဝန်ကိုယ်စီရှိကြကြောင်း ပေါလုအခိုင်အမာပြောသည်။ (သဘာဝအားဖြင့် ဖွင့်ပြတော်မူခြင်း၊ ရောမ ၁း၁၉–၂၀။ ဗျာ ၂၁–၂၂)

III. နိဂုံးချုပ်

က။ ဤသဘာဝပတ်ဝန်းကျင်ပေါ် ကျွန်တော်တို့၌ တာဝန်ရှိသည်

ခ။ အပြစ်ပြည့်သောလူသားသည် ဘုရားသခင်၏အခြားသောကောင်းမွန်သည့် လက်ဆောင်များအား ဖေါ်ပြခဲ့ကြသည်နည်းတူ၊

ဂ။ ဤသဘာဝပတ်ဝန်းကျင်မှာ ခေတ္တယာယီဖြစ်သည်။ ၎င်းမှာ ကွယ်ပျောက်သွားလိမ့်မည်ဖြစ်သည်။ (၂ပေ ၃း၇) ဘုရားသခင်သည် ကျွန်တော်တို့ ကမ္ဘာ၏သမိုင်းအဆက်အသွယ်အား ဖယ်ရှားပစ်လိမ့်မည်။ အပြစ်တရားသည် သူ့လမ်းကြောင်း၌ သူပြေးနေမည်ဖြစ်သော်လည်း ဘုရားသခင်သည် ၎င်း၏ဘောင်အားသတ်မှတ်ပိုင်းဖြတ်ခဲ့ပြီးဖြစ်သည်။ ဖန်ဆင်းခြင်းသည် ရွေးနှုတ်ခြင်းခံရပေလိမ့်မည်။ (ရောမ ၈း၁၈–၂၅)။

▣ **"ပေါ်ထွန်းခြင်း/ဖွင့်ပြခြင်း"**ဤဝေါဟာရ၏အဓိပ္ပါယ်မှာ ဖွင့်ပြရန်(ဝါ)အကြောင်းကြားရန် "ခန်းဆီးအား နောက်ပြန်ဆွဲသည်"ဟုဆိုလိုသည်။ ၎င်းမှာ ဓမ္မသစ်ကျမ်း၏နောက်ဆုံးကျမ်းဖြစ်သော "ဗျာဒိတ်ကျမ်း"(ဝါ)ဖွင့်ပြတော်မူခြင်းကျမ်း၏နာမည်လည်းဖြစ်သည်။ ဒုတိယအကြိမ် ကြွလာခြင်းအား ပေါ်ထွန်းတော်မူခြင်းဟုလည်းခေါ်ပါသည်။ (၁ကော ၁း၇–၈။ ၁ပေ ၁း၁၃)

■ **"ဘုရားသခင်၏သားများ"**၎င်းမှာ ခရစ်ယာန်များအားဖော်ပြရန် အသုံးများသည့် လူသိများသောတင်စားမှု တစ်ခုဖြစ်သည်။ (၈း၁၄၊ ၁၆)။ ၎င်းစကားလုံးသည် ဘုရားသခင်အား ဖခင်အဖြစ်နှင့် ယေရှုအား အတုအနှိုင်းမဲ့သားတော်အဖြစ်ပြောသည်။ (ယော ၁း၁၈။ ၃း၁၆၊ ၁၈။ ဟေဗြဲ ၁း၂။ ၃း၆။ ၅း၈။ ၇း၂၈။ ၁ယော ၄း၉)။

ဓမ္မဟောင်း၌ အစ္စရေးမှာ ဘုရားသခင်၏သားဖြစ်သော်လည်း (ဟောရှေ ၁၁း၁)၎င်း၏ ရှင်ဘုရင်မှာလည်း ဘုရားသခင်၏သားဖြစ်သည်။ (၂ဓမ္မ ၇)။ ဤသဘောကို ဓမ္မသစ်ကျမ်းတွင် မဿဲ ၅း၉ ၌ ပထမဦးဆုံးဖော်ပြသည်။ (ယော ၁း၁၂။ ၂ကော ၆း၁၈။ ဂလ ၃း၂၆။ ၁ယော ၃း၁၊ ၁၀။ ဗျာ ၂၁း၇)။

၈း၂၀

**NASB, NKJV**

**NRSV** **"အကြောင်းမူကား ဤလောကသည် အနိစ္စနိုင်ငံသို့လိုက်"**

**TEV** **"အကြောင်းမူကား ဤလောကသည် တန်ဘိုးမဲ့ဖြစ်သွားစေရန် ပြစ်ဒဏ်စီရင်ခံခဲ့သည်"**

**NJB** **"ဤလောကသည် ၎င်း၏ရည်ရွယ်ချက်အတိုင်း မစွမ်းဆောင်နိုင်အောင်ပြုခြင်းခံရသည်မှာ ဤလောက၏အမှား တစုံတရာကြောင့်မဟုတ်ချေ။"**

မြန်မာသမ္မာကျမ်းစာ၏ "အနိစ္စ"စကားလုံးဖြစ်သော"futility"အား ဂရိဓမ္မဟောင်းကျမ်း၌ အဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးရာ အဓိပ္ပါယ်ကင်းမဲ့သည်၊ တန်ဘိုးမဲ့သည်၊ သုံးမရ၊ မှားယွင်းသောဘုရားများ (ရုပ်တုများ)နှင့် ဟင်းလင်းဗလာဖြစ်ခြင်းတို့ဖြစ်သည်။ ဘုရားသခင်ဖန်ဆင်းသမျှအရာအားလုံးသည် ဘုရားသခင်ဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲ၊ သုံးမရဖြစ်သွားခဲ့သည်မှန်သော်လည်း (ကမ္ဘာ ၃း၁၇–၁၉။ ဟေရှာ ၂၄း၃–၈)ဘုရားသခင်သည် တစ်နေ့သောအခါကျလျှင် ကျဆင်းခြင်းဆိုင်ရာ ကျိန်ဆဲမှုအား ဖယ်ရှားလိမ့်မည်။ (ဗျာ ၂၂း၃)။ ဤကမ္ဘာမှာ ဖြစ်လာရန်ဘုရားသခင်ရည်ရွယ်သည့်ကမ္ဘာမဟုတ်ချေ!

■ **"မြော်လင့်ခြင်းဖြင့်လိုက်စေသူ အရှင်ကြောင့်သာဖြစ်၏။"** ကြိယာမှာ အပြုခံ AORIST PASSIVE ဖြစ်ပြီး၊ ပြုလုပ်သူမှာ ဘုရားသခင်ဖြစ်ကြောင်းသိသာသည်။ (NASB, NKJV, TEV)သူသည် ဖန်ဆင်းသည့်ရုပ်လောကအားတန်ဘိုးမဲ့ဖြစ်သွားစေခြင်းမှာ

၁။ လူသား၏ပုန်ကန်မှုကြောင့်

၂။ လူသားအား မိမိထံတော်သို့ ပြန်လှည့်လာရန် အားထုတ်မှုတစ်ခုဖြစ်သည်။ (တရားဟော ၂၇–၂၉)

ရည်ရွယ်ချက်ပါသော ဤတန်ဘိုးမဲ့ဖြစ်သွားစေခြင်းမှာ မေတ္တာယာယီသာလျှင်ဖြစ်လိမ့်မည်။ (ရောမ ၁၁း၁၁–၃၂)။ ရွေးနုတ်ခံလူသား၌ ကတိပြုထားသည့် အနာဂတ်ရုပ်ကမ္ဘာရှိပါသည်။ (ကိုယ်ခန္ဓာနှင့်ကမ္ဘာ)။

ဘုရားသခင်သည် အာဒံ၏ပုန်ကန်မှုကို ကြိုတင်သိရှိသည်။ သူသည် ၎င်းအား ဖြစ်ပျက်ခွင့်ပြုလိုက်ကာ၊ ကျဆင်းသောကမ္ဘာတွင် ကျဆင်းသောလူသားနှင့်အတူ လုပ်ကိုင်ရန်ရွေးချယ်သည်။ ဤကဲ့သို့သောကမ္ဘာမှာ ဖြစ်လာရန်ဘုရားသခင်ရည်ရွယ်ထားသည့် ကမ္ဘာမဟုတ်ချေ။ ဤကမ္ဘာမှာ တစ်နေ့သောအခါ ဖြစ်လတံ့သောကမ္ဘာမဟုတ်ချေ။ (၂ပေ ၃း၁၀။ ဗျာ ၂၁း၁–၃)။ ၅း၂က "မြော်လင့်ခြင်း"အကြောင်းမှတ်စု၌ကြည့်ပါ။

**၈း၂၁ "ဤလောက(ဖန်ဆင်းခြင်း)သည်လည်းဖေါက်ပြန်ပျက်စီးခြင်း၏ကျွန်ပြုမှုမှ...လွတ်မြောက်မည့်အကြောင်းတည်း"**သဘာဝပတ်ဝန်းကျင်သည် ထာဝရကာလ၏အစိတ်အပိုင်းတစ်ခုဖြစ်လိမ့်မည်။ (ဟေရှာ ၁၁း၆–၁၀)။ ကောင်းကင်ဘုံသည် ပြန်လည်ဖန်ဆင်းသောကမ္ဘာသို့ ပြန်လာလိမ့်မည်။ (မဿဲ ၅း၁၈။ ၂၄း၃၅။ ၂ပေ ၃း၁၀။ ဗျာ ၂၁း၁)။ အနာဂတ်သည် ဧဒင်ဥယျာဉ်၏သုခချမ်းသာ ပြန်လာခြင်းဖြစ်ပေလိမ့်မည်။ ၎င်းမှာ ဘုရားသခင်နှင့်လူသား၊ လူတစ်ဦးချင်း၊ လူသားနှင့်တိရစ္ဆာန်များ၊ လူသားနှင့် ကမ္ဘာမြေတို့၏ မိတ်သဟာယဖြစ်ခြင်းတည်း! သမ္မာကျမ်းစာသည် ဘုရားသခင်၊ လူသားနှင့်တိရစ္ဆာန်များ (ဟေရှာ ၁၁း၆–၉) ဥယျာဉ်တစ်ခုထဲမိတ်သဟာယဖြစ်ကာ၊ စည်းလုံးညီညွတ်နေကြခြင်းနှင့်အစပြုလျက် (ကမ္ဘာ ၁–၂)အလားတူ ပုံစံတစ်မျိုးနှင့်ပင် အဆုံးသတ်ထားသည်။ (ဗျာဒိတ် ၂၁–၂၂)။

■ **"ဖေါက်ပြန်ပျက်စီးခြင်း"**အထူးအကြောင်းအရာ ၁း၂၃၌ကြည့်ပါ။

■ **"ဘုရားသခင့် ကလေးတို့၏(children)လွတ်မြောက်ခြင်း ဘုန်းတော်ထဲ၌"**အခန်းငယ် ၁၄၌ ယုံကြည်သူတို့ကို"ဘုရားသခင်၏သားများ"(sons)ဟုခေါ်ကာ၊ အငယ် ၁၆၌မူ "ဘုရားသခင်၏ကလေးများ(children)၊ အငယ် ၁၇၌ "ဘုရားသခင်အမွေခံများ"ဟုခေါ်သည်။ အနာဂတ်၌ ဘုရားသခင်၏ဘုန်းတော်သည် ယုံကြည်သူများသို့ ပေါ်လာမည်ဟု အငယ် ၁၈ ၌ပြောသည်။ ဤလောကသည် ဘုရားသခင့်သားတို့၏ ပေါ်ထွန်းခြင်းကို စောင့်မျှော်နေကြသည်။ အကြောင်းမှာ အနာဂတ်ဘုရားသခင့်သားတို့ ဘုန်းကြီးသည့်အခါ ၎င်းကို သူတို့သည် ဝေမျှခံစားကြမည်ဖြစ်သောကြောင့်(ငယ် ၂၁)ဖြစ်ကြောင်း ယခုအငယ် ၁၉၌ပြောပါသည်။ ဤကဲ့သို့ ဖန်ဆင်းခြင်း (ဤလောက)အထူးသဖြင့် လူသားများအား နဂိုမူလအတိုင်း ပြန်ဖြစ်စေခြင်းသည် ဖန်ဆင်းခြင်း၏နဂိုမူလရည်ရွယ်ချက် ပြည့်စုံစေလိမ့်မည်ဖြစ်ပြီး –ဘုရားသခင်နှင့်လူသား(သဏ္ဍာန်တော်အတိုင်း ဖန်ဆင်းထားသော)အား ရင်းနှီးစွာ မိတ်သဟာယဖြစ်သွားစေလိမ့်မည်။

■ **"တလောကလုံး(ဖန်ဆင်းခြင်းတစ်ခုလုံး) ညည်းညူလျက်ရှိသည်"**၎င်းမှာ"အတူညည်းညူသည်"ဆိုသော syn ပါသည့် ပေါလု၏ပေါင်းစပ်စကားလုံး နောက်တစ်မျိုးဖြစ်သည်။ သူသည် ၎င်းကိုအခြေပြုကာ စကားလုံးအများအပြားထွင်ခဲ့ပေလိမ့်မည်။ ပေါလုသည် ယေရ ၁၂း၄၊ ၁၁(တရားဟော ၂၇–၂၉)တို့ကို ရည်ညွှန်းခြင်းဖြစ်ဟန်ရှိပါသည်။ ထိုကျမ်းပိုဒ်၌ လူသား၏ အပြစ်ကြောင့် လူဆိတ်ညံရာဖြစ်မှုကြောင့် အစ္စရေးမြေ ငိုကြွေးသည်။

ဤကျမ်းပိုဒ်၌ "ညည်းညူ"စကားလုံးသုံးကြိမ်သုံးကြောင်း မှတ်သားပါ။

၁။ ပေါ်ထွန်းလာမည့်ကပ်ကာလအသစ်ကို တောင့်တ၍ ဤလောက (ဖန်ဆင်းခြင်း)ညည်းညူသည်။ (PRESENT ACTIVE INDICATIVE)ငယ် ၂၂ (ငယ် ၁၉–၂၁)

၂။ ယုံကြည်သူများသည် မိမိတို့၏စုံလင်သော ကယ်တင်ခြင်း(ကိုယ်ခန္ဓာသစ်–၂ကော ၅း၂၊ ၄)ကို တောင့်တ၍ညည်းညူသည်။–ငယ် ၂၃။

၃။ ကပ်ကာလအသစ်၏အဦးသီးအဖြစ် မိမိကိုယ်မိမိပေးသောဝိညာဉ်တော်သည်လည်း ညည်းညူသည်။ (ဆုတောင်းပေးသည် PRESENT ACTIVE INDICATIVE)ငယ်၊ ၂၆။

■ **"သားဘွားခြင်းဝေဒနာခံစားသည်"**ဂျူးအသိုင်းအဝိုင်း၌ ၎င်းကို ကပ်ကာလအသစ် မွေးဖွားခြင်း၏ဝေဒနာ" (ကပ်ကာလအသစ်၏ သားဘွားခြင်းဝေဒနာ)ဟုခေါ်သည်။–မာကု ၁၃း၈။ ဖြောင့်မတ်ခြင်းကပ်ကာလအသစ်၏ နံနက်မိုးသောက်ချိန်သည် ပြဿနာအခက်အခဲကင်းလိမ့်မည်ကား မဟုတ်ချေ။ ကျဆင်းသော ဤကမ္ဘာဂြိုလ်၏ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးအခြေအနေမှာ ဆိုးသထက်ဆိုးဝါးလာလိမ့်မည်။ (မဿဲ ၂၄။ မာကု ၁၃။ လုကာ ၂၁။ ၂သက် ၂း၁–၁၂ အပါအဝင် ဗျာဒိတ် ၅–၁၈၌တွေ့ရသော တံဆိပ်ခုနစ်ခု၊ တံပိုးခုနစ်လုံးနှင့်ဖလားခုနစ်လုံးတို့ကိုလည်း မှတ်သားပါ။) မည်သို့ဖြစ်စေ ဤသားဖွားခြင်းဝေဒနာတို့မှာ မွေးဖွားလာမည့်ကလေးအား မျှော်လင့်ကာ၊ ဝမ်းသာပီတိဖြစ်ရခြင်း၏ ဝေဒနာများသာဖြစ်ကြသည်နည်းတူ ကပ်ကာလအသစ်မှာလည်း ထိုနည်းတူသာလျှင်ဖြစ်ပါသည်!

**၈း၂၃"ငါတို့ကိုယ်တိုင်"**ဤနာမ်စားမှာ အလေးအနက်ပြုခြင်းဖြစ်သည်။

■ **"ဝိညာဉ်တော်အဦးသီး"**ဤဝေါဟာရ (*aparche*)မှာ ဓမ္မသဘောအရ ၂ကော ၁း၂၂က "ဝိညာဉ်တော်တံဆိပ်" ၂ကော ၅း၅နှင့်ဧဖက် ၁း၁၄ရှိ "ဝိညာဉ်တော်၏စားရန်(စရံ)"တို့နှင့်အလားတူဖြစ်သည်။

ဓမ္မဟောင်းကျမ်းထဲက အဦးသီးများ၏သဘောမှာ ကောက်ရိတ်ချိန်ရောက်တော့မည်အကြောင်း ကတိကဝတ်ပြုမှုဖြစ်သည်။ ၎င်းတို့သည် ရိတ်သိမ်းသမျှကောက်စပါးများအားလုံး ပိုင်ဆိုင်သူမှာ ဘုရားသခင်ဖြစ်ကြောင်း ပုံဆောင်သည်။ (တရား ၂၆း၁–၁၁)ယေရှုသည် ပြန်ရှင်ထမြောက်ခြင်း၏အဦးသီးဖြစ်သည်နည်းတူ (၁ကော ၁၅း၂၀) ဝိညာဉ်တော်မှာ ကပ်ကာလအသစ်၏အဦးသီးဖြစ်သည်။ ယုံကြည်သူများသည် ဘုရားသခင်၏ကလေးများအဖြစ်ဖြင့် မိမိတို့အထဲ၌ ကျိန်းဝပ်ကာ၊ မိမိတို့နှင့်အတူ နေထိုင်သူဝိညာဉ်တော်အားဖြင့် ယခုပင်လျှင် ကောင်းကင်ဘုံ၏ဝမ်းမြောက်

မှုသုခချမ်းသာနှင့်ဆိုင်သော အရာအချို့တွေ့ကြုံခံစားနေကြသည်။ ၎င်းမှာ ဂျူးလူမျိုးများ နားလည်သည့်ထပ်လျက်ရှိ ကပ်ကာလနှစ်မျိုး၏ "ဖြစ်နေပြီးသောအရာ"နှင့်"မဖြစ်ရသေးသောအရာ"နှစ်ခု၏ကြား တင်းမာမှုဖြစ်သည်။ ယုံကြည်သူတို့မှာ ကောင်းကင်နိုင်ငံသားနှင့် ဤကမ္ဘာမြေပေါ်နေထိုင်သော ကောင်းကင်နိုင်ငံသားများဖြစ်ကြ၏ !

▣ **"ငါတို့ကိုယ်တိုင်...ငါတို့အထဲ၌ ညည်းညူကြ၏။"**၎င်းမှာ ဂျူးလူမျိုးများ၏ထပ်နေသောကပ်ကာလနှစ်ခု၏ "ဖြစ်နေပြီးသောအရာ"နှင့် "မဖြစ်ရသေးသောအရာ"နှစ်ခုကြား တင်းမာသည့်အခြေအနေအကြောင်း ရှင်းလင်းမှုနှင့်တူသည်။ (Gordon Fee and Douglas Suart တို့၏ *How To Read the Bible For All Its Worth*, pp.145-148 ၌ ကြည့်ပါ။) ဘုရားသခင်၏နိုင်ငံတော်တည်ထောင်နေပြီဖြစ်သော်လည်း အဆုံးမဟုတ်သေးချေ။ ယုံကြည်သူများသည် ပြန်ရှင်ထမြောက်သောအသက်ရရှိနေကြပြီသော်လည်း၊ သူတို့၏ကိုယ်ခန္ဓာမှာ သေရန်ရှိနေသေးသည်။ (၂ကော ၅း၂၄)။ အပြစ်(၏ဒဏ်)မှ ကယ်တင်ခြင်းရရှိပြီးဖြစ်ကြသော်လည်း အပြစ်နှင့်ရန်းကန်တိုက်ခိုက် နေကြဆဲဖြစ်သည်။ (ရောမ ၇။ ဧဖက် ၆း၁၀-၁၈)။

▣ **"သားအရာ၌ ချီးမြှောက်ခြင်းအား ထက်သန်စွာစောင့်မျှော်လျက်"**သားအရာ၌ ချီးမြှောက်ခြင်း"(မွေးစားခြင်း) ဆိုသည်မှာ ကယ်တင်ခြင်းအား ပြောပြရာ၌ ပေါလုနှစ်သက်လှသည့် မိသားစုကိစ္စဖြင့် တင်စားဖော်ပြမှုတစ်ခုဖြစ်သည်။ (ငယ် ၁၅)။ ယုံကြည်သူများ၏ကယ်တင်ခြင်းမှာ နောင်တရခြင်းနှင့် ယုံကြည်ခြင်းဖြင့် အစပြုဆုံးဖြတ်မှုဖြင့်စတင်ကာ၊ ခရစ်တော်နှင့်တူခြင်းသို့ ဆက်ကပ်ကြီးထွားနေခြင်းဖြစ်သည်။ ယုံကြည်သူများသည် ရှင်ပြန်ထမြောက်ရာနေ့မတိုင်မချင်း ကယ်တင်ခြင်းအပြည့်အဝရရှိကြမည်မဟုတ်ချေ။ (ငယ် ၃၀နှင့် ၁ယော ၃း၂)။

"သားအရာ၌ ချီးမြှောက်ခြင်း/မွေးစားခြင်း"ဆိုသည့် ဝေါဟာရမှာ အချို့သောဂရိလက်ရေးကျမ်းများ၌ မပါရှိချေ။ (MSSp[46], D, F, Gနှင့်အချို့သော ရှေးဟောင်းလက်တင်ဘာသာပြန်ကျမ်းများဖြစ်သည်။ သို့သော် ၎င်းဝေါဟာရသည် Aleph,A,B,Cနှင့်အချို့ရှေးဟောင်းလက်တင်ဘာသာပြန်ကျမ်းများ Vulgate, Syriac, Coptic နှင့် အာမေနီးယန်ဘာသာပြန်ကျမ်းများ၌မူ ပါရှိပါသည်။ UBS[4]သည် ၎င်းအား "A"(သေချာ)အဆင့်သတ်မှတ်သည်။

▣ **"ငါတို့၏ကိုယ်ခန္ဓာအား ရွေးနှုတ်ခြင်း"**ဤဝေါဟာရအဓိပ္ပါယ်မှာ"ပြန်၍ဝယ်သည်"ဟူ၍ဖြစ်၏။ ဤသဘောကို ဓမ္မဟောင်းကျမ်း၌ တစုံတယောက်အား ကျွန်အဖြစ်မှ မိမိ၏ဆွေမျိုးသားချင်းတစ်ယောက်ယောက် (*go'el*)မှ လွတ်မြောက်စေခြင်းအား ရေးသားဖော်ပြရန်သုံးသည်။ ဤဝေါဟာရမှာ ကျဆင်းခဲ့ပြီးသောလူသားအား အပြစ်၏ကျေးကျွန်အဖြစ်မှ ဘုရားသခင်၏ကယ်လွတ်ခြင်းအား တင်စားဖော်ပြရန် အသုံးပြုသည်။ ပေးဆပ်ရသောတန်ဘိုးမှာ အပြစ်ကင်းစင်သော၊ လူသားဖြစ်လာသူ(လူဝင်စား)သားတော်၏အသက်ဖြစ်သည်။ အထူးအကြောင်းအရာ ၃း၂၄ ၌ကြည့်ပါ။

ခရစ်ယာန်သည် ဂျူးဘာသာမှာနည်းတူ (ယောဘ ၁၄း၁၄-၁၅။ ၁၉း၂၅-၂၆။ ဒံ ၁၂း၂)ယုံကြည်သူများသည် ထာဝရကာလ၌ ရုပ်ခန္ဓာ(လူ့ဘဝမှာကဲ့သို့ မလိုအပ်သော်လည်း ၁ကော ၁၅း၃၅-၄၉)ရှိကြမည်ဟု ယုံကြည်သည်။ ယုံကြည်သူများ၏ နံဝိညာဉ်ခန္ဓာများအား ကပ်ကာလအသစ်ထဲ အသက်ဖြစ်သော၊ ဘုရားသခင်နှင့်ကျွမ်းဝင်သည့် မိတ်သဟာယဖြစ်သော ဘဝအတွက်စုံလင်ပြည့်ဝစွာ ပြင်ဆင်ထားလိမ့်မည်။

၈း၂၄ "ငါတို့သည် မြော်လင့်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြ၏။"၎င်းမှာ AORIST PASSIVE ဖြစ်သည်။ အငယ် ၂၃ သည် ငါတို့၏အနာဂတ်ကယ်တင်ခြင်းကို ရည်ညွှန်းကာ၊ အငယ် ၂၄ကမူ ဝိညာဉ်တော်၏လုပ်ဆောင်မှုဖြင့် ငါတို့ရရှိခဲ့ပြီးသောကယ်တင်ခြင်းကို ရည်ညွှန်းသည်။ ဓမ္မသစ်ကျမ်းသည် ကယ်တင်ခြင်းကို ရေးသားဖော်ပြရန် ကာလပြကြိယာအတော်များများသုံးသည်။ (အထူးအကြောင်းအရာ ၁၀း၄၌ကြည့်ပါ။)

၁။ AORIST- အတိတ်၌ အပြတ်ဖြစ်ခဲ့/လုပ်ခဲ့သောအရာ/အလုပ်။ တမန် ၁၅း၁၁(ရောမ ၈း၂၄။ ၂တိ ၁း၉။ တိတု ၃း၅နှင့် ရောမ ၁၃း၁၁တွက် AORIST ကို အနာဂတ်ဦးတည်ချက်နှင့်တွဲသည်

၂။ PERFECT –အတိတ်၌ဖြစ်ခဲ့/လုပ်ခဲ့ပြီး ၎င်း၏အကျိုးဆက် ယခုဆက်လက်ဖြစ်/ရှိသောအဖြစ်အပျက်/အလုပ်။ ဖေက် ၂း၅၊ ၈

၃။ PRESENT –ယခုဖြစ်နေဆဲ၊ လုပ်နေဆဲ။ ၁ကော ၁း၁၈။ ၁၅း၂။ ၂ကော ၂း၁၅။ ၁ပေ ၃း၂၁။ ၄း၁၈

၄။ FUTURE–အနာဂတ်၌ဖြစ်/လုပ်ဦးမည်အရာ။ (ကာလပြကြိယာများသို့မဟုတ် စာအဆက်အစပ်၏ရည်ညွှန်းချက်များ)။ ရောမ ၅း၉၊ ၁၀။ ၁၀း၉။ ၁ကော ၃း၁၅။ ဖိ ၁း၂၈။ ၁သက် ၅း၈–၉။ ဟေဗြဲ ၁း၁၄။ ၉း၂၈

ထို့ကြောင့် ကယ်တင်ခြင်းဆိုသည်မှာ ယုံကြည်ခြင်းဖြင့် ဆုံးဖြတ်ချက်တစ်ခုနှင့်အစပြုကာ၊ ဆက်လက်ဖြစ်ပေါ်နေသောယုံကြည်ခြင်းဖြင့် အသက်ရှင်မှုပုံစံတစ်ခုဖြစ်ကာ၊ တစ်နေ့သောအခါကျလျှင် မျက်မှောက်တွေ့မြင်ရခြင်းဖြင့် အဆုံးသတ်မည့်ဖြစ်ပေါ်မှုဖြစ်သည်။ (၁ယော ၃း၂)

**၈း၂၅ "မြော်လင့်ခြင်း"**အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။မြော်လင့်ခြင်း

ပေါလုသည် ဤဝေါဟာရကို ကွဲပြားခြားနားမှု အတော်များများဖြင့် သုံးသော်လည်း အဓိပ္ပါယ်မှာ တစ်ခုနှင့်တစ်ခုဆက်စပ်သည်။ ၎င်းသည် ယုံကြည်သူ၏ယုံကြည်မှုအဆုံးနှင့် အတော်များများဆက်စပ်သည်။ (ဥပမာ ၁တိ ၁း၁)။ ၎င်းကိုပင် ဘုန်းကြီးခြင်း၊ ထာဝရအသက်၊ အဆုံးစွန်သောကယ်တင်ခြင်း၊ ဒုတိယအကြိမ်ကြွလာခြင်း…စသဖြင့်လည်း ဖော်ပြနိုင်သည်။ ဤအဆုံးရောက်ခြင်းမှာ သေချာသော်လည်း အချိန်ကာလမှာ အနာဂတ်ဖြစ်ပြီး၊ မသိရှိရချေ။ ၎င်းဝေါဟာရသည် "ယုံကြည်ခြင်း""ချစ်ခြင်းမေတ္တာ"စကားလုံးတို့နှင့် လည်း ဆက်စပ်လေ့ရှိသည်။ (၁ကော ၁၃း၁၃။ ၁သက် ၁း၃။ ၂သက် ၂း၁၆)။ ပေါလုသုံးနှုန်းပုံအချို့တို့မှာ–

၁။ ဒုတိယကြွလာခြင်း။ ဂလ ၅း၅။ ဖေက် ၁း၁၈။ ၄း၄။ တိတု ၂း၁၃။
၂။ ယေရှုသည် ငါတို့၏မြော်လင့်ခြင်းဖြစ်သည်၊ ၁တိ ၁း၁
၃။ ယုံကြည်သူသည် ဘုရားသခင်ထံ ဆက်သခံရမည် ၁ကော ၁း၂၂–၂၃။ ၁သက် ၂း၁၉
၄။ မြော်လင့်ခြင်းကို ကောင်းကင်ဘုံ၌ သိုထားသည်၊ ကော ၁း၅
၅။ ဧဝံဂေလိသတင်းကောင်းကို ယုံကြည်ကိုးစားသည်။ ကော ၁း၂၃။ ၁သက် ၂း၁၉။
၆။ အဆုံးစွန်သော ကယ်တင်ခြင်း၊ ကော ၁း၅။ ၁သက် ၄း၁၃။ ၅း၈
၇။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်။ ရောမ ၅း၂။ ၂ကော ၃း၁၂။ ကော ၁း၂၇
၈။ ခရစ်တော်အားဖြင့် တစ်ပါးအမျိုးသားများအား ကယ်တင်ခြင်း၊ ကော ၁း၂၇
၉။ ကယ်တင်ခြင်းစိတ်ချမှု၊ ၁သက် ၅း၈
၁၀။ ထာဝရအသက်၊ တိတု ၁း၂။ ၃း၇
၁၁။ ခရစ်ယာန်ရင့်ကျက်မှု၏ရလဒ်၊ ရောမ ၅း၂–၅
၁၂။ ဖန်ဆင်းသောအရာအားလုံး ရွေးနှုတ်ခြင်း၊ ရောမ ၈း၂၀–၂၂
၁၃။ သားအရာ၌ ချီးမြှောက်ခြင်း၏အဆုံးစွန်ရောက်ခြင်း ရောမ ၈း၂၃–၂၅
၁၄။ ဘုရားသခင်၏ဘွဲ့နာမတော်၊ ရောမ ၁၅း၁၃
၁၅။ ယုံကြည်သူများအတွက် ပေါလု၏တောင့်တမှု ၂ကော ၁း၇
၁၆။ ဓမ္မသစ်ယုံကြည်သူများအား လမ်းညွှန်သည့်ဓမ္မဟောင်း ရောမ ၁၅း၄

▣ **"စွဲမြဲလျက်"ဤဝေါဟာရ** *hupomonē* ကို ၅း၃ နှင့် ၁၄း၄–၅ တို့၌လည်းသုံးသည်။ ယုံကြည်သူအားကယ်တင်ခြင်းသည် ရင့်ကျက်ခြင်းသို့ ဆက်လက်သွားနေကာ တစ်နေ့သောအခါကျလျှင် အပြီးသတ်လိမ့်မည်ဖြစ်သည်။ စွဲမြဲခြင်းဟူ သည်(ဗျာ ၂း၈၊ ၁၁၊ ၁၇၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁။ ၂၁း၇)"ကယ်တင်ခြင်း၏အဦးအစ"အား အထူးပြုဖော်ပြခြင်း၌

သဟာ ဇာတဖြစ်စေရန် သမ္မာကျမ်းနည်းကျ လိုအပ်ချက်ဖြစ်သည်။ သမ္မာကျမ်းစာတော်လာ သမ္မာတရားအများစုတို့ကို ကျိုးကြောင်းဖော်ပြမှုဆိုင်ရာ ဟိုဘက်သည်ဘက် တင်းမာမှုကိုယ်စီပါသောအတွဲများဖြင့် ဖော်ပြလေ့ရှိသည်။ (အထူး အကြောင်းအရာ ၃း၂၇။ အရှေ့တိုင်းစာပေ၌ကြည့်ပါ။)

## အထူးအကြောင်းအရာ။ ။စွဲမြဲရန်လိုအပ်မှု

ခရစ်ယာန်အသက်တာဆိုင်ရာ သမ္မာကျမ်းနည်းကျသြဝါဒများ ရှင်းလင်းရန်ခက်ခဲရခြင်းမှာ ၎င်းတို့ကို အတွဲလိုက်ကျိုးကြောင်း ဖော်ပြသောပုံဆောင်ချက်များဖြစ်သည့် အရှေ့တိုင်းစာပေဟန်မျိုးဖြင့် တင်ပြထားသောကြောင့် ဖြစ်သည်။ အဆိုပါအတွဲတို့မှာ ဆန့်ကျင်ဘက်ဖြစ်နေသယောင်ထင်ရသော်လည်း၊ နှစ်မျိုးစလုံး သမ္မာကျမ်းစာနည်းကျသာလျှင်ဖြစ်သည်။ အနောက်တိုင်းခရစ်ယာန်များသည် ထိုသမ္မာတရားအတွဲတစ်တွဲ၏သမ္မာတရားတစ်ဖက်ကိုရွေးချယ်ကာ၊ အခြားတဘက်က သမ္မာတရားတစ်ခုအား လစ်လျူရှု(ဝါ)ရှုတ်ချကြသည်။ သာဓကဖြင့် ရှင်းလင်းဖော်ပြပါ ရစေ။

က။ ကယ်တင်ခြင်းဟူသည် ခရစ်တော်အား ယုံကြည်ကိုးစားရန် အစပြုဆုံးဖြတ်ချက်တစ်ခုလော(ဝါ) တပည့်တော်အဖြစ် တစ်သက်တာဆက်ကပ်ခြင်းလော?

ခ။ ကယ်တင်ခြင်းဟူသည် အချုပ်အချာအာဏာပိုင် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ရွေးကောက်ခြင်းလော(ဝါ) ဘုရားသခင်၏ပေးစမ်းမှုအား လူသားက ယုံကြည်ခြင်းနှင့် နောင်တဖြင့် တုံ့ပြန်ခြင်းလော?

ဂ။ ကယ်တင်ခြင်းဟူသည် တစ်ခါလက်ခံခဲ့ပြီးဆိုလျှင် မရှုံးဆုံးနိုင်သောအရာလော(ဝါ)ဇွဲရှိရှိ ဆက်လက်သွားရန် လိုအပ်သလော? စွဲမြဲခြင်းပြဿနာသည် အသင်းတော်သမိုင်းတလျှောက်လုံး ဆက်လက်ဖြစ်ပေါ်သည်။ ထိုပြဿနာမှာ ဓမ္မသစ်ကျမ်းထဲရှိ ဆန့်ကျင်နေဟန်ရှိသော ကျမ်းပိုဒ်များကြောင့် စတင်ဖြစ်ပေါ်သည်။

က။ စိတ်ချမှုအကြောင်းကျမ်းပိုဒ်များ

(၁) ယေရှု၏ပြောကြားချက်များ (ယော ၆း၃၇။ ၁၀း၂၈–၂၉)

(၂) ပေါလု၏ပြောကြားချက်များ (ရောမ ၈း၃၅–၃၉။ ဧဖက် ၁း၁၃။ ၂း၅၊ ၈–၉။ ဖိ ၁း၆။ ၂း၁၃။ ၂သက် ၃း၃။ ၂တိ ၁း၁၂။ ၄း၁၈)

(၃) ပေတရု၏ပြောကြားချက်များ (၁ပေ ၁း၄–၅)

ခ။ စွဲမြဲရန်လိုအပ်ကြောင်း ကျမ်းပိုဒ်များ။

(၁) ယေရှု၏ပြောကြားချက်များ (မဿဲ ၁၀း၂၂။ ၁၃း၁–၉။ ၂၄–၃၀။ ၂၄း၁၃။ မာကု ၁၃း၁၃။ ယော ၈း၃၁။ ၁၅း၄–၁၀။ ဗျာ ၂း၇၊ ၁၇၊ ၂၀။ ၃း၅၊ ၁၂၊ ၂၁)။

(၂) ပေါလု၏ပြောကြားချက်များ (ရောမ ၁၁း၂၂။ ၁ကော ၁၅း၂။ ၂ကော ၁၃း၅။ ဂလာ ၁း၆။ ၃း၄။ ၅း၄။ ၆း၉။ ဖိ ၂း၁၂။ ၃း၁၈–၂၀။ ကော ၁း၂၃)။

(၃) ဟေဗြဲသြဝါဒစာရေးသူ၏ ပြောကြားချက်များ(၂း၁။ ၃း၆၊ ၁၄။ ၄း၁၄။ ၆း၁၁)။

(၄) ယောဟန်၏ပြောကြားချက်များ (၁ယော ၂း၆။ ၂ယော ၉)

(၅) ခမည်းတော်၏ပြောကြားချက်များ (ဗျာ ၂၁း၇)

သမ္မာကျမ်းစာလာ ကယ်တင်ခြင်းသည် အချုပ်အချာအာဏာပိုင် သုံးပါးတဆူဘုရား၏မေတ္တာတော်၊ ဂရုဏာတော်နှင့်ကျေးဇူးတော်မှ ထွက်လာခြင်းဖြစ်သည်။ ဝိညာဉ်တော်၏အစပြုပေးခြင်းမရှိပါက မည်သူမျှ ကယ်တင်ခြင်းမရနိုင်ချေ။ (ယောဟန် ၆း၄၄၊ ၆၅)။ ဘုရားသခင်သည် ပထမဦးဆုံး ကြွရောက်လာကာ၊ အစီအစဉ်စတင်သည်မှန်သော်လည်း၊ လူသားသည် ယုံကြည်ခြင်းနှင့် နောင်တဖြင့်တုံ့ပြန်ကာ၊ အစပြုခြင်းနှင့် ဆက်လက်သွားခြင်း နှစ်မျိုးပေါင်းစပ်ပါဝင်သည်။ ဘုရားသခင်သည် ပဋိညဉ်တရားအားဖြင့် ဆက်စပ်မှုဖြင့် လူသားနှင့်အတူ အလုပ်လုပ်သည်။ ၎င်း၌ အထူးအခွင့်အရေးနှင့် တာဝန်ဝတ္တရားများဟူ၍ရှိသည်!

ကယ်တင်ခြင်းကို လူသားတိုင်းအား ပေးစမ်းသည်။ ကျဆင်းသောဖန်ဆင်းခြင်း၏အပြစ် ပြဿနာကို ယေရှု၏ အသေခံခြင်းက ဖြေရှင်းခဲ့သည်။ ဘုရားသခင်သည် လမ်းကြောင်းတစ်ခုပြင်ဆင်ပေးကာ၊ မိမိ၏မေတ္တာတော်နှင့် ယေရှုအထဲ မိမိပြင်ဆင်ပေးမှုအား၊ မိမိသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခဲ့သူလူသားတိုင်းအား တုံ့ပြန်မှုပြုစေလိုသည်။

ဤအကြောင်းအရာကို ကဲလ်ဗင်အယူဝါဒမဟုတ်သော ရှုစောင့်မှ ပို၍ဖတ်ရှုလေ့လာလိုပါက အောက်ပါစာအုပ်များ၌ကြည့်ပါ။

၁။ Dale Moody, *The Word of Truth,* Eerdmans, 1981(pp. 348-365)

၂။ Howard Marshall, *Kept by the Power of God,* Bethany Fellowship, 1969

၃။ Robert Shank, *Life in the Son,* Wescott 1961

သမ္မာကျမ်းစာသည် ဤကဏ္ဍ၌ ကွဲပြားခြားနားသောပြဿနာနှစ်မျိုးပြောသည်။ (၁) စိတ်ချရမှုအား အသီးမဲ့သော၊ ဇာတိကိုလိုက်သောအသက်ရှင်မှုအတွက် ခွင့်ပြုချက်လိုင်စင် ပမာသဘောထားကာ၊ အသက်ရှင်ခြင်းနှင့် (၂) အမှုတော်မြတ်နှင့် မိမိအပြစ်ကြောင့် ရုန်းကန်ဒုက္ခရောက်နေသူများကို အားပေးအားမြောက်ပြုခြင်း။ ပြဿနာမှာ မှားယွင်းသောအုပ်စုများသည် မှားယွင်းသောအချက်အလက်များကိုရယူကာ သမ္မာကျမ်းစာကျမ်း ပိုဒ်များကို အကန့်အသတ်ဖြင့် ဖွဲ့ယူပြီးဓမ္မသဘောအယူဝါဒများ တည်ဆောက်ကြသည်။ အချို့ခရစ်ယာန်များ အတွက် စိတ်ချရမှုအချက်အလက်များ အရေးတကြီးလိုအပ်နေစဉ်၊ အခြားသောသူအချို့အတွက်မှာမူ ခပ်တင်းတင်းသတိပေးမှုများ လိုအပ်နေကြသည်! သင်သည် မည်သည့်အုပ်စု၌ဖြစ်သနည်း?

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၈း၂၆–၂၇

**[၂၆]ထိုနည်းတူစွာ ဝိညာဉ်တော်သည်လည်း ငါတို့၏အားနည်းမှုများကိုကူညီသည်။ အကြောင်းမှာ ငါတို့သည် ငါတို့တောင်းသင့်သည်အတိုင်း မည်သို့ ဆုတောင်းရမည်ကို မသိကြသော်လည်း၊ စကားလုံးဖြင့် ပြောရန် နက်ရှိုင်းလွန်းသောညည်းညူခြင်းဖြင့် ဝိညာဉ်တော်ကိုယ်တိုင်သည် ငါတို့အတွက် ကြားဝင်ဆုတောင်းပေးသည်။ [၂၇]စိတ်နှလုံးများကို ရှာဖွေစစ်ဆေးသူသည် ဝိညာဉ်တော်၏စိတ်သဘောကို သိရှိတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်သည် ဘုရားသခင်၏အလိုတော်နှင့်အညီ သန့်ရှင်းသူများအတွက် ဆုတောင်းပေးသည်။**

**၈း၂၆"ထိုနည်းတူစွာ"**ဤစကားစုသည် ဝိညာဉ်တော်၏ကြားဝင် ဆုတောင်းပေးခြင်းအလုပ်အား အငယ် ၁၈–၂၅ထဲ ဖော်ပြသည့် "ညည်းညူခြင်းနှင့် မြော်လင့်ခြင်း"တို့နှင့် ဆက်စပ်ပေးသည်။

▣**"ဝိညာဉ်တော်သည်လည်း...ကူညီသည်"**ငင်းမှာ PRESENT MIDDL (deponent) INDICATIVE ဖြစ်သည်။ ဤကြိယာ၌ ပေါင်းစပ်စကားလုံးနှစ်ခု *syn* (ငယ် ၂၈)နှင့် *anti* နှစ်ခုပါဝင်သည်။ အကောင်းဆုံးဘာသာပြန်မှုမှာ "ဆုပ်ထားသည်"ဟူ၍ဖြစ်၏။ ဤဝေါဟာရကို ဤနေရာနှင့် လုကာ ၁၀း၄၀၌သာ တွေ့ရှိရသည်။ သုံးပါးသောတစ်ဆူဘုရား၏ပုဂ္ဂိုလ်သုံးပါးစလုံးမှာ ယုံကြည်သူများအတွက်ဖြစ်သည်။ ခမည်းတော်သည် သားတော်အား လူသားကိုယ်စားအသေခံရန် စေလွှတ်ကာ(ယော ၃း၁၆)သူသည် ယခုအခါ၌လည်း ကျွန်တော်တို့အတွက် ကြားဝင်ဆုတောင်းပေးနေသည်။ (ငယ်၊ ၃၄။ ဟေဗြ ၇း၂၅။ ၉း၂၄။ ၁ယော ၂း၁)။ ဝိညာဉ်တော်သည် ကျဆင်းခဲ့ပြီးသောလူသားကို ခရစ်တော်ထံခေါ်ဆောင်သွားကာ၊ ခရစ်တော်ကိုသူတို့အထဲ ဖော်ဆောင်သည်။ (ယော ၁၆း၈–၁၅)။ မည်သို့ဖြစ်စေ "ကူညီ"ဟူသောကြိယာ၏အဓိပ္ပါယ်မှာ "တစ်စုံတစ်ယောက်အား ဆုပ်ကိုင်ထားသည်"ဟူ၍ဖြစ်ပြီး၊ ယုံကြည်သူများ၏ ကဏ္ဍမှာလည်း ဝိညာဉ်တော်၏မစမှု (ဆုတောင်းပေးခြင်း)အား တန်ဘိုးထားရန်ဖြစ်သည်။

■**"အားနည်းချက်"**ပေါလုသည် ဤနာမ်ကို အဓိပ္ပါယ်အတော်များများဖြင့်သုံးသည်။ (BAGD,p.115)

၁။ ကိုယ်ခန္ဓာအားနည်းမှု(ဝါ)ဖျားနာမှု။ ၂ကော ၁၁း၃၀။ ၁၂း၅၊၉၊ ၁၀။ ဂလ ၄း၁၃။ ၁တိ ၅း၂၃

၂။ လူသား၏အခြေအနေ ၁ကော ၁၅း၄၃။ ၂ကော ၁၃း၄။

၃။ ဥပမာအဖြစ်

(က) ရုက်ကိုးရုက်ကန်းဖြစ်ခြင်း(သတ္တိကြောင်)၊ ၁ကော ၂း၃

(ခ) တရားစီရင်ခြင်း၊ ရောမ ၆း၁၉

(ဂ) ဘာသာရေးအမြင် ချို့တဲ့ခြင်း ရောမ ၈း၂၆

ကြိယာကိုလည်း ထိုနည်းတူသုံးသည်

၁။ ကိုယ်ခန္ဓာအားနည်းမှု၊ ဖိ ၂း၂၆-၂၇။ ၂တိ ၄း၂၀

၂။ လူသား၏အခြေအနေ၊ ရောမ ၈း၃။ ၂ကော ၁၁း၂၁။

၃။ ဥပမာအဖြစ်

(က) ဘာသာရေး(ဝါ)ကိုယ်ကျင့်တရားအားနည်းမှု- ရောမ ၁၄း၂။ ၂ကော ၈း၁၁-၁၂

(ခ) ယုံကြည်ခြင်း၌ အားနည်းခြင်း - ရောမ ၄း၁၉။ ၁၄း၁

(ဂ) စိတ်အားလျော့ကာ ကြောက်ရွံ့ခြင်း၊ ၂ကော ၁၁း၂၉

အဓိပ္ပါယ်ကို ကျမ်းစကားအဆက်အစပ်ကသာလျှင် ဆုံးဖြတ်နိုင်ကြောင်း သတိရပါ။ အဘိဓါန်တို့သည် အဓိပ္ပါယ်များနှင့် သုံးနှုန်းပုံများကိုသာ စာရင်းပြုခြင်းဖြစ်သည်။

■ **"ဝိညာဉ်တော်ကိုယ်တိုင်သည် စကားဖြင့်ပြောရန် နက်ရှိုင်းလွန်းသော ညည်းညူမှုဖြင့် ငါတို့အတွက် ကြားဝင်ဆုတောင်းပေးသည်"**ယုံကြည်သူများသည် မိမိတို့၏ရှုံးဆုံးမှုများအတွက် ညည်းညူကြကာ၊ ဝိညာဉ်တော်သည် ၎င်းတို့ အတွက် ဆုတောင်းပေးရာ၌ ညည်းညူသည်။ ရွေးနှုတ်ခံသူများအထဲရှိ ဝိညာဉ်တော်သည် သူတို့အတွက် ဆုတောင်းပေးကာ၊ ဘုရားသခင်၏လက်ျာတော်ဘက်ရှိ ယေရှုသည်လည်း သူတို့အတွက် ဆုတောင်းပေးသည်။ (ငယ် ၂၇၊ ၃၄။ဟေဗြဲ ၇း၂၅။ ၉း၂၄။ ၁ယော ၂း၁)။ ဤကြားဝင်ဆုတောင်းပေးမှုသည် ယုံကြည်သူကို ဆုတောင်းရန် ခွန်အားပေးသည်။ (ငယ် ၁၅။ ဂလ ၄း၆)။ ကျမ်းစကားအဆက်အစပ်အရ ဤကျမ်းချက်သည်၊ အခြားသောဘာသာ စကားဖြင့်ပြောခြင်း ဝိညာဉ်ဆုကျေးဇူးကိုပြောခြင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်သည် ယုံကြည်သူဘက်မှနေကာ၊ ခမည်း တော်ထံ ဆုတောင်းပေးခြင်းဖြစ်သည်။

**NASB, NRSV "စကားလုံးဖြင့်ပြောရန် နက်ရှိုင်းလွန်း"**
**NKJV "နှုတ်ဖြင့် မမြွက်ဆိုနိုင်သော"**
**TEV "စကားလုံးဖြင့် မဖော်ပြနိုင်သော"**
**NJB "စကားလုံးများဖြင့် မပြောနိုင်သော"**

ဤစကားလုံးမှာ "စကားပြောသည်" "ဘာသာစကား" (၁ကော ၁၃း၁)စကားလုံးများအတွက် ALPHA PRIVATIVE ဖြင့် အများသုံးစကားလုံးဖြစ်သည်။ ဤစကားလုံးကိုဓမ္မသစ်ကျမ်း၌ ဤနေရာတွင်သာတွေ့ရသည်။ ဤ စကားလုံးကိုပင် အခြားပုံစံတစ်မျိုးဖြင့် မာကု၏ခရစ်ယာန်ကျမ်းတွင် စကားအ/နားမကြားသူများအား ပြောရာ၌သုံး သည်။ (၇း၃၇။ ၉း၁၇၊ ၂၅)။

■**"ကြားဝင်ဆုတောင်းပေးသည်။"**အထူးအကြောင်းအရာ။ ။ Huper ပေါင်းစပ်စကားလုံးများအား ပေါလုသုံးနှုန်း ပုံ ၁း၃၀ ၌ကြည့်ပါ။

**၈း၂၇ "စိတ်နှလုံးကိုရှာဖွေစစ်ဆေးသူ "** ၎င်းမှာ ဓမ္မဟောင်းကျမ်းထဲမှ ပြန်ပေါ်လာသောစကားဖြစ်သည်။ (၁ဓမ္မ ၂း၇။ ၁၆း၇။ ၃ဓမ္မ ၈း၃၉။ ၁ရာ ၂၈း၉။ ၂ရာ ၆း၃၀။ ဆာလံ ၇း၉။ ၄၄း၂၁။ သုတ္တံ ၁၅း၁၁။ ၂၀း၂၇။ ၂၁း၂။ ယေရ ၁၁း၂၀။ ၁၇း၉–၁၀။ ၂၀း၁၂။ လုကာ ၁၆း၁၅။ တမန် ၁း၂၄။ ၁၅း၈) ဘုရားသခင်သည် ကျွန်တော်တို့ကို အစစ်အမှန်အတိုင်း သိတော်မူနေကာ၊ ကျွန်တော်တို့ကိုချစ်မြဲချစ်နေသူဖြစ်သည်။ (ဆာလံ ၁၃၉)။

▣ **"သူသည် သန့်ရှင်းသူများအတွက် ကြားဝင်ဆုတောင်းပေးသည်။ "** ဝိညာဉ်တော်၏တာဝန်များကို ယော ၁၆း၂–၁၅ ၌ ရှင်းလင်းစွာဖော်ပြသည်။ ၎င်းတို့အနက်တစ်ခုမှာ ဆုတောင်းပေးခြင်းဖြစ်သည်။

"သန့်ရှင်းသူများ"ဟူသော ဝေါဟာရကို အများပြကိန်းဖြင့် ဖော်ပြလေ့ရှိသည်။ ဖိ ၄း၂၁၌မူ ယုံကြည်သူများ အားလုံးကိုရည်ညွှန်းကာ အနည်းပြကိန်းဖြင့်သုံးသည်။ ခရစ်ယာန်များသည် ဘုရားသခင်၏မိသားစုဝင်များ၊ ခရစ်တော်၏ကိုယ်ခန္ဓာ၊ ယုံကြည်သူတစ်ဦးချင်းဖြင့် ပါဝင်ဆောက်လုပ်ထားသော ဗိမာန်တော်အသစ်ဖြစ်သည်။ ၎င်းမှာ အနောက်တိုင်း(အမေရိကန်)တစ်ကိုယ်တော်/တစ်ဦးချင်းဝါဒအား သဟာဇတဖြစ်စေရန် ဓမ္မချိန်ခွင်ဖြစ်သည်။ အထူးအကြောင်းအရာ။ ။ သန့်ရှင်းသူများ ၁း၇၌ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်ကြောင်း

ဓမ္မဟောင်းကျမ်းတွင် "ဘုရားသခင်၏ဝိညာဉ်တော်"(ဥပမာ၊ *ruach*)မှာ YHWH ၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်သော စွမ်းအားဖြစ်သော်လည်း ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြမှုအရိပ်အရောင်မရှိချေ။ (ဓမ္မဟောင်း တစ်ဆူဘုရား)မည်သို့ဖြစ်စေ ဓမ္မသစ်ကျမ်း၌ဟု ဝိညာဉ်တော်မှာ ပုဂ္ဂိုလ်အပြည့်အစုံနှင့်ပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။

၁။ သူ့ကို ကဲ့ရဲ့ပြစ်မှားနိုင်သည်။ (မဿဲ ၁၂း၃၁။ မာကု ၃း၂၉)

၂။ သွန်သင်သည် (လုကာ ၁၂း၁၂။ ယော ၁၄း၂၆)

၃။ သက်သေခံသည် (ယော ၁၅း၂၆)

၄။ အပြစ်ကိုပြသည်၊ လမ်းပြသည် (ယော ၁၆း၇–၁၅)

၅။ "သူ"ဟုခေါ်သည် (*hos*) (ဧဖက် ၁း၁၄)။

၆။ စိတ်နာကျည်းစေနိုင်သည် (ဧဖက် ၄း၃၀)

၇။ ငြိမ်းစေနိုင်သည် (၁သက် ၅း၁၉)

သုံးပါးတစ်ဆူဆိုင်ရာ ကျမ်းပိုဒ်များသည်လည်း ပုဂ္ဂိုလ်သုံးပါးအကြောင်းပြောသည်။

၁။ မဿဲ ၂၈း၁၉

၂။ ၂ကော ၁၃း၁၄

၃။ ၁ပေ ၁း၂

ဝိညာဉ်တော်ကို လူသားနည်းတူလုပ်ဆောင်သူအဖြစ် ဖော်ပြသည်။

၁။ တမန် ၁၅း၂၈

၂။ ရောမ ၈း၂၆

၃။ ၁ကော ၁၂း၁၁

၄။ ဧဖက် ၄း၃၀။

တမန်တော်ဝတ္ထုတွင် စစချင်းဝိညာဉ်တော်၏ကဏ္ဍကို အလေးအနက်ပြုသည်။ ပင်တေကုတ္တေသည် ဝိညာဉ်တော်၏အစမဟုတ်ဘဲ၊ ၎င်း၏ကဏ္ဍသစ်တစ်ရပ်ဖြစ်သည်။ ယေရှု၌ ဝိညာဉ်တော်အမြဲရှိသည်။ သူ၏ရေနှစ်မင်္ဂလာခံယူခြင်းသည် ဝိညာဉ်တော်အလုပ်၏အစမဟုတ်ဘဲ၊ ၎င်း၏ကဏ္ဍသစ်တစ်ခုဖြစ်သည်။ လုကာသည် ထိရောက်သည့် အမှုတော်လုပ်ငန်းကဏ္ဍသစ်တစ်ရပ်အတွက် အသင်းတော်ကို ပြင်ဆင်ပေးသည်။ ယေရှုသည် အဓိကစူးစိုက်ရာဖြစ်နေ

ဆဲဖြစ်သည်။ ဝိညာဉ်တော်သည် ထိရောက်သောတန်ဆာပလာ(means–နည်းလမ်း)ဖြစ်နေဆဲဖြစ်ကာ၊ ခမည်းတော်၏ မေတ္တာတော်၊ အပြစ်လွတ်တော်မူခြင်းနှင့် လူသားအားလုံးတို့အား မိမိ၏သဏ္ဍာန်တော်အတိုင်း ပြန်လည်ဖြစ်စေလာစေခြင်းမှာ သူ၏ပန်းတိုင်တော်ဖြစ်ပါသတည်း!

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၈း၂၈–၃၀

[၂၈]ဘုရားသခင်ကို ချစ်သော သူများ၊ မိမိကြံရွယ်ချက်နှင့်အညီ ခေါ်ဖိတ်သော ထိုသူတို့ ကောင်းကျိုးအတွက် အရာခပ်သိမ်းတို့ကို ဘုရားသခင်လုပ် စေကြောင်း ငါတို့ သိရ၏။ [၂၉] အကြောင်းမှာ သူသည် မိမိကြိုတင်သိနှင့်ခဲ့သော သူများကိုပင် မိမိသားတော်၏ ပုံသဏ္ဍာန်တော် ဆောင်လာစေခြင်းငှါ ကြိုတင်ခန့်ထားတော်မူ၏။ အကြောင်းမှာ သားတော်သည် ညီအစ်ကို အများထဲ၌ သားဦးဖြစ်စေရန်တည်း။ [၃၀]ကြိုတင်ခန့်ထားသော သူများကိုပင် ခေါ်တော်မူ၏။ ခေါ်တော်မူသော သူတို့ကို ဖြောင့်မတ်ရာ၌ တည်စေတော်မူ၏။ ဖြောင့်မတ်ရာ၌ တည်စေသော သူများကိုလည်း ဘုန်းကြီးစေတော်မူ၏။

**၈း၂၈** "ငါတို့သိကြ၏" ကြိယာ **(*oida*)** သည် ဤကျမ်းပိုဒ်၌ လေးကြိမ် ပါဝင်သည်။

၁။ ဖန်းဆင်းသော အရာအားလုံးညည်းညူကြောင်း ယုံကြည်သူများ သိရှိအားကြသည်။ (ငယ် ၂၂)

၂။ မည်သို့ ဆုတောင်းရမည်ကို ယုံကြည်သူများ မသိရှိကြ (ငယ် ၂၆)

၃။ လူသားများ၏ နှလုံးနှင့် ဝိညာဉ်တော်၏ စိတ်ကို ခမည်းတော် သိရှိသည်။ (ငယ် ၂၇)

၄။ ကောင်းကျိုးအတွက် အားလုံးအတူလုပ်ကြောင်း ယုံကြည်သူများ သိရှိကြသည်။ (ငယ် ၂၈)

▣

**NASB, TCNT "ဘုရားသခင်သည် အရာအားလုံး….စေသည်"**

**NKJV, NRSV**

**NET "အရာအားလုံး"**

**TEV, NIV "အရာအားလုံး၌ ဘုရားသခင်လုပ်ဆောင်"**

ကျမ်းစကားဆက်စပ်မှုအရ မေးခွန်းမှာ **(*Theos or Theon*)** "ဘုရား" စကားလုံး ဤ အငယ်၌ ပါသလောဟူ၍ ဖြစ်သည်။ "ဘုရားသခင်ကို ချစ်သောသူများ" ဆိုသည့် စကားစု၌ ကွဲပြားခြားနားမှု ရှိသည်။

၁။ အချို့လက်ရေး ကျမ်းများ၌ ထိုကြိယာနောက်၌ "*ho Theos*" ဖြည့်စွက်ကြသည်။ P[46], A, B, 81 နှင့် အချို့သော Coptic နှင့် Ethiopian ဘာသာပြန်ကျမ်းများ

၂။ Aleph, C, D, F, G နှင့် Vulgate, Peshitta, Armenian ဘာသာပြန်ကျမ်းစသည့် အများစု လက်ရေးကျမ်းများသည် ၎င်းကို ချန်ထားကြသည်။ UBS[4] သည် ၎င်းကို "B" အဆင့် (သေချာသလောက်) သတ်မှတ်သည်။ ဘုရားသခင်၏ လုပ်ဆောင်မှု အထူးတလည်းပြုရန် NASB သည် ၎င်းကို ထည့်သွင်းသည်။ ကျမ်းစကားအဆက်အစပ် သဘောဖြင့် ကြည့်သည့်အခါ ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ပြောလိုခြင်းဖြစ်နိုင်သည်။ (ငယ် ၂၇။ NEB, REB)

▣ **"ကောင်းကျိုးအတွက် လုပ်ဆောင်သည်"** ၎င်းမှာ PRESENT ACTIVE INDICATIVE ဖြစ်သည်။ ၎င်းမှာ *syn* ပါသော အခြားပေါင်းစပ်စကားလုံးတစ်ခု ဖြစ်သည်။ (ငယ် ၂၆)။ ထို့ကြောင့် ၎င်း၏ ဆိုလိုရင်း အစစ်အမှန်မှာ

"ကောင်းကျိုးအတွက် အရာခပ်သိမ်းတို့သည် အချင်းချင်း ပူးပေါင်းကာ ဆက်လက်လုပ်ဆောင်နေကြသည်" ဟူ၍ ဖြစ်၏။ ဆိုးသွမ်း၍ ဒုက္ခဆင်းရဲခံနေသော ဤကမ္ဘာတွင် ၎င်းမှာ မှာခက်ခဲသော သဘောတစ်ခု ဖြစ်သည်။ (ဤအကြောင်းအရာအတွက် ပုံပိုးသောစာအုပ် နှစ်မျိုးမှာ Wenham ရေးသားသည့် *The Goodness of God* နှင့် Hannah Whithall Smith ရေးသည့် The Christian Secret of a Happy Life ဖြစ်သည်။) ကောင်းကျိုးဆိုသည့် အရာကို အငယ် ၂၉ ၌ အဓိပ္ပါယ် သတ်မှတ်ချက်ပေးကာ "မိမိသားတော်၏ ပုံသဏ္ဍာန်ကို ဆောင်လာစေရန်" ဟူ၍ ဖြစ်သည်။ ခရစ်တော်နှင့် တူခြင်းမှာ ကိုယ်လုံကြွယ်ဝခြင်းမဟုတ်၊ ကျန်းမာရေးမဟုတ်၊ နာမည်ထင်ပေါ် ကျော်ကြားမှုမဟုတ်ဘဲ၊ ယုံကြည်သူတိုင်းအတွက် မပြောင်းမလွဲနိုင်သော ဘုရားသခင်၏ စီစဉ်မှုဖြစ်သည်။

▣ **"ဘုရားသခင်ကို ချစ်သော သူများ၊ မိမိကြံရွယ်ချက်နှင့်အညီ ခေါ်ဖိတ်သော ထိုသူတို့"** ၎င်းတို့မှာ PRESENT ACTIVE PARTICIPLE နှစ်ခုဖြစ်သည်။ ဤတည်မြဲသော အခြေအနေနှစ်ရပ်တို့သည် ယုံကြည်သူတို့အား ပြောင်းလဲသော အခြေအနေများ မည်သို့ ဖြစ်စေဘဝအသက်တာအား အပြုသဘောဘက်မှ ဆက်လက်ရှုမြင်စေသည်။ (ငယ် ၁၅)။ ထို့ပြင် ပဋိညဉ်တရားဆိုင်ရာ မျက်နှာစာ နှစ်မျိုး ဖြစ်သည်။ လူ၏ လွတ်လပ်မှု ("ချစ်") နှင့် ဘုရားသခင်၏ အချုပ်အခြာအာဏာ ("ခေါ်ထားသော") တို့ကိုလည်း နောက်ထပ် ဂရုပြုပါ။

ဘုရားသခင်၏ ထာဝရ စီမံချက်နှင့် ဆိုင်သော "ရည်ရွယ်ချက်" ဝေါဟာရအား ရောမ ၉း၁၁ ဧဖက် ၁း၁၁။ ၃း၁၁ နှင့် ၂တိ ၁း၉ တို့၌ တွေ့ရသည်။ ဘုရားသခင်၌ ကျဆင်းသော လူသားအား ရွေးနှုတ်ရန် ထာဝရ ကြံရွယ်ချက်ရှိသည်။ အထူးအကြောင်းအရာ။ ။ ကျွန်ုပ် Bob ၏ ဧဝံဂေလိဆိုင်ရာအမြင် ၁း၅၌ ကြည့်ပါ။

**၈း၂၉–၃၀** ဤအငယ်များ၌ ရှိသော ကြိယာများမှာ လုပ်ဆောင်ခဲ့ပြီးသော ဖြစ်ရပ်မှန်ပြသည့် ကြိယာများ (AORIST ACTIVE INDICATIVE) ဖြစ်သည်။ ၎င်းတို့သည် အချိန်ကာလ ဟူ၍ မရှိမီနှင့်၊ အချိန်ကာလမရှိတော့သော အချိန် တို့၏ ဆက်စပ်မှု တစ်ခုဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို သိရှိနေသည်။ ကိုယ်တော်သည် ကျွန်တော်တို့အတွက် ဖြစ်နေဆဲနှင့်၊ ကျွန်တော်တို့အား သူနှင့်အတူ ရှိစေလိုဆဲ ဖြစ်သည်။ ဤသို့ ဆိုရာ၌ လူသားအား တစုတပေါင်းတည်းသဘောဖြင့် ပြောခြင်းဖြစ်ပြီး၊ တစ်ဦးချင်းအား ဆိုလိုခြင်းမဟုတ်ကြောင်း ကျမ်းစကား အဆက်အစပ်သဘော အရ နည်းလည်ရသည်။ နောက်ဆုံးဘုန်းကြီးစေခြင်းမှာ၊ အနာဂတ်၌ပင် ရှိနေသေးသော်လည်း၊ ဤကျမ်းပိုဒ်၌မူ ဖြစ်ပျက်ခဲ့ပြီးသော အရာ တစ်ခုအဖြစ် ဖော်ပြပါသည်။

**၈း၂၉။ "ကြိုတင်သိရှိနှင့်"** ပေါလုသည် ဤဝေါဟာရကို နှစ်ခါသုံးရာ ဤနေရာနှင့် ၁၁း၂ တို့၌ ဖြစ်သည်။ ၁၁း၂ သည် အချိန်ကာလ ဟူ၍ မရှိမီကပင် ဘုရားသခင်သည် အစ္စရေးတို့အား ပဋိညာဉ်တရားဆိုင်ရာဖြင့် ချစ်ကြောင်း ရည်ညွှန်းသည်။ ဟေဗြဲ စကား၌ "သိသည်" ဆိုသော ဝေါဟာရမှာ လူတစ်ယောက်အကြောင်းအဖြစ် အပျက်များကို ပြောခြင်းမဟုတ်ဘဲ၊ လူတစ်ဦးချင်း ဆက်ဆံရာ၌ ရင်းနှီးကျွမ်းဝင်မှုကို ဆိုလိုကြောင်း သတိရပါ။ (ကမ္ဘာ ၄း၁။ ယေရ ၁း၅)။ ဤနေရာ၌မူ အဖြစ်အပျက်များ၏ ကွင်းဆက်တစ်ခု ပါဝင်သည်။ (ငယ် ၂၉–၃၀) ဤဝေါဟာရသည် ကြိုတင်ခန့်ထားခြင်းနှင့် ဆက်စပ်သည်။ မည်သို့ဖြစ်စေ ဘုရားသခင်၏ ကြိုတင်သိရှိမှုသည် ရွေးကောက်ခြင်း၏ အခြေခံအကြောင်းတရာ မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ဆိုပါက ရွေးကောက်ခြင်းသည် ကျဆင်းသော လူသား၏ အနာဂတ် ကာလ၌ ပြုမည့်တုံ့ပြန်မှုပေါ် အခြေပြုခြင်းဖြစ်သွားကာ၊ ၎င်းကိစ္စမှာ လူသား၏ လုပ်ကိုင်ဆောင်ရွက်မှုဖြစ်သွားပေမည်။ ဤဝေါဟာရကို တမန် ၂၆း၅။ ၁ပေ ၁း၂၊၂၀ နှင့် ၂ပေ ၃း၁၇ တို့၌လည်း တွေ့ရပါသည်။

▣ **"ကြိုတင်ခန့်ထား"** "ကြိုတင်ပါရှိသည်" (*proginōskō*) သို့မဟုတ် "ကြိုတင်ခန့်ထားသည်" (*proorizō*) ဝေါဟာရနှစ်မျိုးစလုံးမှာ ဝိဘတ် "မီ" – before (pro) နှင့် ပေါင်းစပ်ခြင်းဖြစ်ပြီး "မီကသိရှိသည်" "မီကဘောင်ချထားသည်" သို့မဟုတ် "မီအမှတ်အသားပြုသည်" ဟူ၍ ဘာသာပြန်ရန် ဖြစ်သည်။

ကြိုတင်ခန့်ထားခြင်းအကြောင်းတိကျသေချာသော ဓမ္မသစ်ကျမ်းပိုဒ်များမှာ ရောမ ၈း၂၈–၃၀။ ဧဖက် ၁း၃–၁၄ နှင့် ရောမ ၉ တို့ဖြစ်သည်။ ဘုရားသခင်သည် အချုပ်အချာ ဖြစ်ကြောင်းဤကျမ်းပိုဒ်များ၌ ထင်ရှားစွာ အလေးအနက်ပြုထားသည်။ သူသည် လူ့သမိုင်း အပါအဝင်အရာ ခပ်သိမ်းအကြွင်းမဲ့ ထိန်းချုပ်သည်။ ၎င်း၌ အချိန်တန်သည့်အခါ အကောင်အထည်ဖော်သည့် ဘုရားရှင်တင်ကူးချမှတ်ထားသည် ရွေးနှုတ်ခြင်း စီမံချက် တစ်ခုရှိသည်။ မည်သို့ဖြစ်စေ ဤစီမံချက်မှာ ငါတကောကောဖြစ့် (ဝါ) လက်ရွေးဝင်ပြုခြင်းမဟုတ်ချေ။ ၎င်းသည် ဘုရားသခင်၏ အချုပ်အချာနှင့် ကြိုတင်သိရှိထားမှုကို သာလျှင် အခြေပြုခြင်းမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာ၊ ဂရုဏာတော်နှင့် ထိုက်တန်ခြင်းမရှိသော၊ ကျေးဇူးတော်တို့ကိုပါ အခြေပြုသည်။

ကျွန်ုပ်တို့၏ အနောက်တိုင်း (အမေရိကန်) တစ်ဦးတစ်ယောက်ချင်း ဝါဒသို့မဟုတ် ဧဝံဂေလိသတင်းကောင်း ပြန့်နှံ့စေလိုသော မိမိတို့၏ စိတ်အားထက်သန်မှုအားဖြင့် ဤအံ့ဩဘွယ်ရာ သမ္မာတရားအား အရောင်ချယ်ခြင်း ကို သတိထားကြရမည်ဖြစ်သည်။ ထို့ပြင်၎င်းသမ္မာတရားအားသမိုင်းဆိုင်ရာ၊ ဓမ္မသဘောတရားဆိုင်ရာ အငြင်းပွါးမှုများ ဖြစ်သည့် ဩဂတ်စတင်းနှင့် ပဲလဂီးရားစ် (ဝါ) ကဲလ်ဗင် ဝါဒနှင့် အာမီးနီးစ် ဝါဒများထဲသို့ ဦးလှည့်သွားစေခြင်း မပြုရန် သတိထားကြရပေမည်။

ကြိုတင်ခန့်ထားခြင်းသည် ဘုရားသခင်၏ မေတ္တာတော်၊ ကျေးဇူးတော်နှင့် ဂရုဏာတော်တို့အား ကန့်သတ်ရန် (ဝါ) ဧဝံဂေလိသတင်းကောင်းသည် လူအချို့အား ဖယ်ထုတ်လိုက်ခြင်းမဟုတ်ချေ။ ၎င်းမှာ ယုံကြည်သူတို့အား သူတို့၏ လောကအမြင်ကို ပုံသွင်းခြင်းဖြင့် ခွန်အားရှိစေရန်ဖြစ်သည်။ ဘုရားသခင်သည် လူသားအားလုံးအတွက် ဖြစ်သည်။ (ယော ၃း၁၆။ ၁တိ ၂း၄။ ၂ပေ ၃း၉)။ ဘုရားသခင်သည် အရာခပ်သိမ်းထိန်းချုပ် နေသည်။ မည်သူမည်ဝါ၊ မည်သည့်အရာသည် ငါတို့အား အထံတော်မှ ခွဲထုတ်နိုင်မည်နည်း? (ရောမ ၈း၃၁–၃၉) ကြိုတင်ခန့်ထားခြင်းသည် လူတစ်ယောက်အား ဘဝအမြင်နှစ်မျိုးအနက် တစ်မျိုးဖြစ်ပေါ်စေသည်။ ဘုရားသခင်သည် သမိုင်းတစ်ခုလုံး ပစ္စုပ္ပန်အဖြစ် ရှုမြင်သည်။ လူသားတို့ကို အချိန်ဆိုသည့်အရာသည် ချုပ်နှောင်ထား၏။ ကျွန်တော်တို့၏ သဘောထားအမြင်များနှင့် စွမ်းဆောင်ရည်တို့မှာ အကန့်အသတ်နှင့် ဖြစ်သည်။ ဘုရားသခင်၏ အချုပ်အချာနှင့် လူသား၏ လွတ်လပ်သော စိတ်ဆန္ဒတို့၌ ဆန့်ကျင်ဘက်သဘောမရှိချေ။ ၎င်းမှာ ပဋိညဉ်တရားဆိုင်ရာ ဖွဲ့စည်းပုံဖြစ်သည်။ ၎င်းမှာ တင်းမာသောကြောင်းကျိုးကြောင်းဆင်ခြင်မှု ပုံစံဖြင့်ပေးထားသည့် သမ္မာကျမ်းစာတော်လာ သမ္မာတရား၏ အခြားဥပမာတစ်ခုဖြစ်သည်။ (အထူးအကြောင်းအရာ။ ။ အရှေ့တိုင်း စာပေ ၃း၂၇၌ ကြည့်ပါ။) သမ္မာကျမ်းစာလာသြဝါဒ များကို ကွဲပြားခြားနားသောအမြင်များဖြင့် တင်ပြထားလေ့ရှိသည်။ ၎င်းတို့ကို ဆန့်ကျင်ဘက်ဖြစ်နေဟန် ပုံစံမျိုးဖြင့် တွေ့ရလေ့ရှိသည်။ သမ္မာတရားဟူသည် ဆန့်ကျင်ဘက်ဖြစ်နေဟန်အတွဲ တစ်တွဲ၏ အကြား၌ ဖြစ်သည်။ ထိုသမ္မာတရား များအနက် တစ်ခုကို ကောက်ယူကာ၊ ထိုတင်းမာမှုအား မဖယ်ရှားရချေ။ သမ္မာကျမ်းစာလာ သမ္မာတရားတစ်ရပ်အား တိကျသည့်အကြောင်းအရာ ဆက်စပ်မှုမရှိဘဲ၊ ဓမ္မသဘောတရားနည်းစံနစ်တစ်ရပ်ထဲ သီးခြားသွတ်သွင်းခြင်း မပြုရချေ။

ထို့ပြင် ရွေးကောက်ခြင်း၏ ပန်းတိုင်မှာ သေဆုံးပြီး ကောင်းကင်ဘုံရောက်ရန် မျှသာမဟုတ်ဘဲ၊ ယခုလက်ရှိ၌ ခရစ်တော်နှင့်တူခြင်းဖြစ်ကြောင်း (ဧဖက် ၁း၄။ ၂း၁၀) ကိုလည်း ဖြည့်စွက်ရန် အရေးကြီးသည်! ကျွန်တော်တို့ကို "သန့်ရှင်း၍ အပြစ်တင်ခြင်း ကင်းရန်" ရွေးကောက်ထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ပြောင်းလဲသွားစေရန်နှင့်၊ ထိုပြောင်းလဲမှုကို အခြားသူများမြင်ကာ၊ ခရစ်တော်အားဖြင့် သူ့ကို ယုံကြည်မှုနှင့် တုံ့ပြန်မှု ပြုလာကြစေရန် ရည်ရွယ်သည်။ ကြိုတင်ခန့်ထားခြင်းသည် အထူးအခွင့်အရေးတစ်ရပ်မဟုတ်ဘဲ၊ ပဋိညဉ်ပြုခြင်း ဆိုင်ရာ တာဝန်ဝတ္တရားတစ်ရပ် ဖြစ်ပါသတည်း !

▣ **"မိမိသားတော်၏ ပုံသဏ္ဍာန်တော်ဆောင်လာစေရန်"** ၎င်းမှာ ဤစာပိုဒ်၏ အဓိကကျသော သမ္မာတရားတစ်ရပ်ဖြစ်ပြီး ခရစ်ယာန်၏ ပန်းတိုင်ဖြစ်သည်။ (၈း၉။ ၂ကော ၃း၁၈။ ဂလ ၄း၁၉။ ဧဖက် ၁း၄။ ၂း၁၀။ ၄း၁၃။ ၁သက် ၃း၁၃။ ၄း၃။ ၁ပေ ၁း၁၅)။ သန့်ရှင်းခြင်းသည် ယုံကြည်သူတိုင်းအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ဘုရားသခင်၏

ရွေးကောက်ခြင်းသည် ခရစ်တော်နှင့် တူညီမှုဖြစ်ပြီး (ဖေဖက် ၁း၄) အထူးရပ်တည်ချက် တစ်ခုမဟုတ်ချေ။ ဖန်ဆင်းချိန်၌ လူသားကို ပေးသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကို (ကမ္ဘာ ၁း၂၆။ ၅း၁၃။ ၉း၆) နိဂိုနေအတိုင်း ပြန်ရစေရန်ဖြစ်သည်။ (ကော ၃း၁၀)။ ၈း၂၁၏ မှတ်ချက်နှင့် အထူးအကြောင်းအရာ။ ။ ခေါ်ဖိတ်သည် ၁း၆၌ ကြည့်ပါ။

▣ **"သားတော်သည် ညီအစ်ကို အများထဲ၌ သားဦးဖြစ်စေရန်တည်း"** ဆာလံ ၈၉း၂၇ အရ "သားဦး" ဟူသည် မေရှိယအရှင် ၏ ဘွဲ့နာမတော် တစ်ပါး ဖြစ်သည်။ ဓမ္မဟောင်းကျမ်းထဲ၌ သားဦးသည် အကြီးမြတ်ဆုံးနှင့် အခွင့်ထူးရရှိသူ ဖြစ်သည်။ ကော ၁း၁၅၌ သုံးသော ဝေါဟာရသည် ဖန်ဆင်းခြင်းထက် ယေရှုသည် ပို၍ ကြီးမြတ်ကြောင်းပြသရန်ဖြစ်ကာ၊ ဗျာ ၁း၅ သည် ရှင်ပြန်ထမြောက်ရာ၌ အကြီးမြတ်ဆုံးဖြစ်ကြောင်း ပြသရန်ဖြစ်သည်။ ဤစာပိုဒ်၌ ယုံကြည်သူတို့ကို ကိုယ်တော်၏ ကြီးမြင့်မှုထဲသို့ သူ့မှတစ်ဆင့် ယူဆောင်သွားသည်ကို တွေ့ရသည်။

ဤဝေါဟာရမှာ ယေရှုသည် လူသားဖြစ်လာခြင်းအား ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ လူမျိုးနွယ်အသစ်တစ်ခု၏ ဦးခေါင်းအဖြစ် ရည်ညွှန်းသည်။ (၅း၁၂–၂၁)။ ဖြစ်စဉ် တစ်ခု၏ ပထမ၊ ကျွန်တော်တို့၏ ယုံကြည်ခြင်းတရား၏ အဦးအစ၊ ယုံကြည်ခြင်းမိသားစုအတွက် ခမည်းတော်၏ ကောင်းချီးမင်္ဂလာ စီးဆင်းရာလမ်းကြောင်း ဖြစ်သည်! အောက်ပါအထူးအကြောင်းအရာ၌ ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ သားဦး

ဤစကားလုံး "သားဦး" (*prototokos*) ကို သမ္မာကျမ်းစာ၌ အဓိပ္ပါယ် အမျိုးမျိုးဖြင့် သုံးသည်။

၁။ ၎င်း၏ ဓမ္မဟောင်းကျမ်း နောက်ခံမှာ မိသားစုတစ်ခု၏ သားဦးအဖြစ် အကြီးမြတ်ဆုံးဖြစ်ကြောင်း ရည်ညွှန်းသည်။ (ဆာ ၈၉း၂၇။ လုကာ ၂း၇။ ရောမ ၈း၂၉။ ဟေဗြဲ ၁၁း၂၈)

၂။ ယေရှုသည် ဖန်ဆင်းခြင်း၌ ပထမဖြစ်ကြောင်း ပြောသည့် ကော ၁း၁၅ ၌ ထိုစကားလုံးသုံးရာ၊ ၎င်းသည် ဓမ္မဟောင်းကျမ်း သုတ္တံ ၈း၂၂–၃၁ အား ရည်ညွှန်းခြင်း သို့မဟုတ် ဘုရားသခင်သည် သူ့အားဖြင့် ဖန်ဆင်းကြောင်းအား ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ (ယော ၁း၃။ ၁ကော ၈း၆။ ကော ၁း၁၅–၁၆။ ဟေဗြဲ ၁း၂)။

၃။ ထိုစကားလုံးကို ယေရှုအား သေသော သူများအနက်မှ ပထမဦးဆုံး မွေးဖွားသူအဖြစ် ကော ၁း၁၈။ ၁ကော ၁၅း၂၀ (နှင့် ဤ နေရာ၌) ရည်ညွှန်းသည်။

၄။ ၎င်းသည် မေရှိယနှင့် ဆိုင်၍ ဓမ္မဟောင်းကျမ်း၌ သုံးသော ဘွဲ့နာမတော် တစ်ခုဖြစ်သည်။ (ဆာလံ ၈၉း၂၇။ ဟေဗြဲ ၁း၆။ ၁၂း၂၃)။ ၎င်းသည် ကဏ္ဍအမျိုးမျိုး၌ ယေရှုသည် အကြီးမြတ်ဆုံးနှင့် ဗဟိုချက်ဖြစ်ကြောင်း ပေါင်းစပ်ပြသရာ ဘွဲ့နာမတော်တစ်ခုဖြစ်သည်။ ဤစာပိုဒ်၌ ၃ နှင့် ၄ တို့နှင့် ကိုက်ညီမှုအရှိဆုံးဖြစ်သည်။

အငယ် ၂၉–၃၀၌ ဖော်ပြသည့် ဖြစ်စဉ်များကို ဓမ္မသဘော အမျိုးမျိုးဖြင့် ဖော်ပြလေ့ရှိသည်။

၁။ ဖြောင့်မတ်ရာ၌တည်စေခြင်း၊ ငယ် ၃၀ — အပြစ်၏ ဒဏ်မှ လွတ်မြောက်စေခြင်း (သားအရာ၌ ချီးမြှောက်ခြင်း၊ အမွေခံများ၊ ငယ် ၁၆–၁၇)

၂။ သန့်ရှင်းစင်ကြယ်စေခြင်း (ဥပမာ၊ "သားတော်၏ သဏ္ဍာန်တော်အတိုင်း ပြောင်းလဲသွားစေခြင်း၊ ပုံသွင်းခြင်း") ငယ် ၂၉– အပြစ်၏ တန်ခိုးမှ လွတ်မြောက်စေခြင်း (ခရစ်တော်နည်းတူ အသက်ရှင်ခြင်း)

၃။ ဘုန်းကြီးစေခြင်း ငယ် — ၃၀။ အပြစ်ရှိရာ အရပ်မှ လွတ်မြောက်စေခြင်း။ (ဤလောကမှ — ကောင်းကင်ဘုံသို့)

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၈း၃၁–၃၉

[၃၁]သို့ဖြစ်လျှင် ဤအရာများ၌ အဘယ်သို့ ပြောရမည်နည်း? ဘုရားသခင်သည် ငါတို့အတွက် ဖြစ်လျှင် ငါတတဘက်၌ မည်သူနေသနည်း? [၃၂]မိမိသားတော်ကိုပင် နှမြောခြင်း မရှိဘဲ၊ ငါတို့အားလုံးအတွက် အပ်နှံတော်မူသူသည် သားတော်နှင့်အတူ အရာခပ်သိမ်းကို ငါတို့အား အခမဲ့ မပေးဘဲ၊ နေဦးမည်လော?

၃၃ဘုရားသခင်ရွေးကောက်တော်မူသော သူတို့ တဘက်၌ အဘယ်သူအပြစ်တင်လိမ့်မည်နည်း? ဖြောင့်မတ်ရာ၌
တည်စေတော်မူ သူမှာ ဘုရားသခင်ဖြစ်၏။ ၃၄ပြစ်ဒဏ်စီရင်သူမှာ မည်သူနည်း? ခရစ်တော် ယေရှုသည်
သေဆုံးသွားသူသာမက၊ ပြန်ရှင်ထမြောက်ကာ၊ ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေကာ၊ ကျွန်တော်တို့အတွက်
ဆုတောင်းပေးသူဖြစ်သည်။ ၃၅ငါတို့ကို ခရစ်တော်၏ ချစ်ခြင်းမေတ္တာမှ ဘယ်သူခွဲထုတ်မည်နည်း?ဒုက္ခဆင်းရဲ၊
သောကဝေဒနာ၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငတ်မွတ်ခြင်း၊ အဝတ်အစားကင်းမဲ့ခြင်း၊ ဘေးအန္တရယ်နှင့်ဓါးတို့သည်
ခွဲထုတ်နိုင်ဦးမည်လော? ၃၆ကိုယ်တော်အတွက် ကျွန်ုပ်တို့သည် တစ်နေ့တာလုံး အသေသတ်ခြင်း ခံရကြ၏။
ကျွန်တော်တို့ကို သတ်ဘို့ ထားသော သိုးကဲ့သို့ သဘောထားကြ၏ ဟူ၍ ရေးထားသည့်အတိုင်း ဖြစ်၏။ ၃၇သို့သော်
ငါတို့ကို ချစ်တော်မူသူမှတဆင့် ဤအရာများအားလုံးပေါ် ငါတို့သည် အကြီးအကျယ်အောင်နိုင်ကြ၏။
၃၈အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်များဖြစ်စေ၊ အထွဋ်အမြတ်များဖြစ်စေ၊
လက်ရှိအရာများဖြစ်စေ၊ နောက်အနာဂတ်အရာများဖြစ်စေ၊ အာဏာတန်ခိုးများဖြစ်စေ၊ ၃၉အမြင့်ဖြစ်စေ၊
နက်ရှိုင်းသောအရာဖြစ်စေ၊ ဖန်ဆင်းသည့်အခြားအရာ တစ်စုံတစ်ခုဖြစ်စေ ငါတို့၏ သခင်ခရစ်တော်အထဲရှိ
ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ကြောင်း ငါသဘောပေါက်၏။

**၈း၃၁ "သို့ဖြစ်လျှင် ဤအရာများ၌ အဘယ်သို့ ပြောရမည်နည်း?"** ၎င်းသည် ပေါလုနှစ်သက်လှသော စကားစု တစ်ခုဖြစ်ကာ၊ ပြစ်တင်စာပုံစံ သူ၏ တင်ပြမှုကို ပေါ်လွင်စေသည်။ (၃း၅။ ၄း၁။ ၆း၁။ ၇း၇။ ၉း၁၄၊ ၂၀) ဤမေးခွန်းသည် ပေးထားခဲ့သော သမ္မာတရားများနှင့် ဆက်စပ်သည်။ ၎င်းသည် နောက်ပိုင်းဖော်ပြခဲ့သည့် အရာများမည်မျှထိညွှန်းဆိုကြောင်း မသေချာပေ။ ၎င်းသည် ၃း၂၁–၃၁ (ဝါ) ၈း၁ (ဝါ) ၈း၁၈ အားရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ၈း၁ ၌ အသုံးပြုခဲ့သော "ထို့ကြောင့်" စကားလုံးနှင့် ၈း၁၈ ၏ အကြောင်းအရာတို့သည် ဤခန့်မှန်းခြင်း မှန်ကန်ကြောင်းပြသမှု ဖြစ်နိုင်သည်။

▣ **"လျှင်"** ၎င်းမှာ ပထမတန်စား ချွင်းချက် ဝါကျမျိုးဖြစ်ပြီး၊ စာရေးသူအမြင်၌ အမှန်ဟု မှတ်ယူခြင်း (ဝါ) သူ၏ စာရေးဟန်ဖြစ်သည်။ ငါတို့သည် မိမိတို့၏ အပြစ်နှင့် ဤမျှရုန်းကန်နေသည့် ကြားထဲ အံ့သြစရာကောင်းသည်မှာ ဘုရားသခင်သည် ငါတို့အတွက် ဖြစ်နေခြင်းပင်!

▣ **"ငါတို့တဘက်၌ မည်သူနေသနည်း"** နာမ်စား "မည်သူ" စကားလုံးကို အငယ် ၃၃၊ ၃၄၊၃၅ တို့၌ ထပ်မံဖော်ပြသည်။ ၎င်းမှာ စာတန်ဖြစ်သည်။ (၁၆း၂၀ မတိုင်မချင်း နာမည်အားဖြင့် မဖော်ပြချေ။) ဤစာပိုဒ်ဖြစ်သည့် ၃၁–၃၉ ၌ ဓမ္မဟောင်း ပရောဖက်များ၏ စာပေရေးဟန်ကို သုံးပြီး၊ တရားခွင် သဘောဖြစ်သည်။ (မိက္ခာ ၁း၆)။ YHWH သည် မိမိလူမျိုးတော်အား သူတို့၏ ဝိညာဉ်ရေးကာမရာဇ်ဖေါက်ဖျက်မှုကြောင့် တရားခွင်သို့ ခေါ်သွားသည်။ ၎င်းသည် ဟေရှာယ ၅၀း၈–၉ကို ညွှန်းသည်။

တရားဥပဒေဆိုင်ရာ ဝေါဟာရများဖြစ်သည့် "တဘက်၌" ပြစ်ဒဏ်စီရင်သည်" ငယ် ၃၄ နှင့် "ကြားဝင်တောင်းပန်ပေးသည်" ငယ် ၃၄တို့ကို မှတ်သားပါ။ ဘုရားသခင်မှာ တရားသူကြီးဖြစ်သည်။ ခရစ်တော်မှာ ခုခံလျှောက်လဲချက် ပေးသူရှေ့နေ (တရားခံ အကျိုးဆောင်) ဖြစ်သည်။ စာတန်မှာ တရားလို ရှေ့နေဖြစ်သည်။ (သို့သော် သူငြိမ်၍ နေသည်)။ ကောင်းကင်တမန်များသည် စောင့်ကြည့်လေ့လာသူများအဖြစ် တစ်ခန်းလုံး ပြည့်နေသည်။ ၉၁ကော ၄း၉။ ဧဖက် ၂း၇။ ၃း၁၀)။

**၈း၃၂ "မိမိသားတော်ကိုပင် မနှမြောသောသူ"** ဘုရားသခင်သည် ကျဆင်းသော လူသားအား မိမိ၏ အကောင်းဆုံးကို ပေးခဲ့ပြီ။ ကိုယ်တော်သည် ယုံကြည်သူများကို ယခုကျမှ အနည်းငယ်ကို သာလျှင် ပေးလိမ့်မည်မဟုတ်ချေ။ (ယော၃း၁၆။ရောမ ၅း၈) ဓမ္မဟောင်းကျမ်းထဲကအာဃတကြီးမားသော ဘုရားသခင်ဆိုသည့် အယူအဆသည် မေတ္တာရှင် ယေရှုနှင့် မည်မျှကွဲလွဲဘိသနည်း! အဆုံးစွန်သော ဤလက်ဆောင်သည် အာဗြဟံထံ ဘုရားသခင်ဖော်ပြသည့်.... ကမ္ဘာဦး

၂၂း၁၂၊ ၁၆ ကို ပေါ်လွင်စေပါသည်။ ဂျူးရဗ္ဗဆရာကြီးများသည် ဤဓမ္မဟောင်းကျမ်းပိုဒ်အား အာဗြဟံ၏ အဆက်အနွယ်အတွက် အစားထိုးရာ အပြစ်ဖြေခြင်းအတွက် သုံးခဲ့ကြသည်။

▣ **"ငါတို့အားလုံးအတွက် အပ်နှံတော်မူသည်"** "အားလုံး" ဟူသော ဤကျမ်းပိုဒ်ထဲက စကားလုံးမှာ အဓိပ္ပါယ်ရှိသည်။ ယေရှုသည် လောက၏ အပြစ်များအတွက် အသေခံသည်။ (လုကာ ၂း၁၀-၁၁။ ယော ၃း၁၆။ ၄း၄၂။ ၁၁း၅၁။ ၁တိ ၄း၁၀။ ၁ယော ၂း၂။ ၄း၁၄)။ ၎င်းသည် ၅း၁၂-၂၁ က အာဒံ ခရစ်တော်ပုံဆောင်ချက်များကို ထင်ဟပ်စေသည်။ ယေရှု၏ အသေခံခြင်းသည် အပြစ်ပြဿနာကို ဖြေရှင်းသည်။ ယခု "ယုံကြည်၍ လက်ခံပါ" ဆိုသည်မှာ ပြဿနာဖြစ်သည်။

▣ **"အရာခပ်သိမ်းကို ငါတို့အား အခမဲ့ပေး"** "ဤကြိယာသည် ကျေးဇူးတော် ဟူသော စကားလုံး ဆင်းသက်ရာ ဂရိစကားလုံး ဖြစ်သည်။ အရာခပ်သိမ်း" ဟု ဆိုရာ၌ အခန်း ၇ ကို ရည်ညွှန်းသည်။ ၃း၂၄ မှတ်ချက်၌ ကြည့်ပါ။

▣ **"အပြစ်တင်" .... ဖြောင့်မတ်ရာ၌ တည်စေ .... ပြစ်ဒဏ်စီရင် ... ကြားဝင် တောင်ပန်ပေး (ဆုတောင်းပေး)"** ဤစကားလုံး အားလုံးတို့မှာ တရားဥပဒေ စကားလုံးများ ဖြစ်သည်။ အငယ် ၃၁-၃၉ မှာ ကောင်းကင်ဘုံတရားခွင်၏ မြင်ကွင်းတစ်မျိုးဖြစ်သည်။ ၎င်းသည် ဟေရှာယ ၅၀း၈-၉ ကို ညွှန်းဆိုနိုင်သည်။

၈း၃၃ "ဘုရားသခင် ရွေးကောက်တော်မူသော သူတို့" ယေရှုသည် လူသားအားလုံးအတွက် ဘုရားသခင်၏ ရွေးကောက်တော်မူသူ ဖြစ်သည်။ (Barth) ဤသမ္မာတရားအတွက် ဓမ္မသစ်ကျမ်းထဲက အရှင်းဆုံး၊ အပြည့်စုံဆုံး ကျမ်းပိုဒ်များမှာ ဧဖက် ၁း၃-၄ နှင့် ရောမ ၉း၁၄-၁၆ တို့ ဖြစ်သည်။ လူသားအားလုံးကို ရွေးချက်ရန်၊ ခမည်းတော်သည် ယေရှုကို ရွေးချယ်သည်၊ ကျဆင်းသော လူသားကို ဘုရားသခင်က "မ" ဟု ဆိုခြင်းအတွက် ယေရှုမှာ ဘုရားသခင်၏ "ဟုတ်" ဖြစ်သည်။

## အထူးအကြောင်းအရာ။ ။ ရွေးကောက်ခြင်း၊ ကြိုတင်ခန့်ထားခြင်းနှင့် ဓမ္မသဘော တရားချိန်ခွင်လျှာညီရန် လိုအပ်မှု။

ရွေးကောက်ခြင်းသည် အံ့သြစရာကောင်းသော ဩဝါဒ တစ်ရပ်ဖြစ်သည်။ သို့သော် ၎င်းသည် မျက်နှာသာပေး၍ မျက်နှာလိုက်ရန်မဟုတ်ဘဲ၊ လမ်းကြောင်းတစ်ခု၊ တန်ဆာပလာတစ်ခု (ဝါ) အခြားသူများအား ရွေးနှုတ်ရန် နည်းလမ်းတစ်ခု ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ဤစကားလုံးကို အမှုတော်ကိစ္စအတွက် အဓိက အသုံးပြုကာ၊ ဓမ္မသစ်ကျမ်း၌မူ ကယ်တင်ခြင်းအတွက် မူလအားဖြင့် အသုံးပြုခြင်းဖြစ်ပြီး၊ ၎င်းသည် အမှုတော်ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည်။ သမ္မာကျမ်းစာသည် ဆန့်ကျင်ဘက်ဖြစ်ဟန်ရှိသော ဘုရားသခင်၏ အချုပ်အချာအာဏာနှင့် လူသား၏ လွတ်လပ်သော ဆန္ဒတို့ကို သဟာဇာတဖြစ်စေရန် ညှိနှိုင်းခြင်းမပြုခဲ့ဘဲ၊ နှစ်ခုစလုံး အတည်ပြုသည်! သမ္မာကျမ်းစာတော်လာ ဤတင်းမာမှုအတွက် ကောင်းမှန်သော ဥပမာတစ်ခုမှာ ရောမ ၉ က ဘုရားသခင်၏ အချုပ်အချာ အာဏာနှင့် ရောမ ၁၀ က လူသား၏ တုံ့ပြန်မှု လိုအပ်ခြင်းအကြောင်းတို့ ဖြစ်သည်။ (၁၀း၁၁၊ ၁၃)။

ဤဓမ္မသဘောတရား တင်းမာမှု၏ သော့ချက်ကို ဧဖက် ၁း၄ ၌ တွေ့ရှိနိုင်သည်။ ယေရှုသည် ဘုရားသခင် ရွေးကောက်သော လူသားဖြစ်ကာ၊ လူသားအားလုံးမှာ သူ့အထဲ၌ အလားအလာကောင်းစွာ ရွေးချယ်သည်။ (Karl Barth) ကျဆင်းခဲ့သော လူသား၏ လိုအပ်မှုအတွက် ယေရှုမှာ ဘုရားသခင်၏ "ဟုတ်ကဲ့" ဖြစ်သည်။ (Karl Barth)

ကြိုတင်ခန့်ထားခြင်း၏ ပန်းတိုင်မှာ ကောင်းကင်ဘုံမဟုတ်ဘဲ၊ သန့်ရှင်းခြင်း (ခရစ်တော်နှင့် တူညီခြင်း) ဖြစ်ကြောင်း ဧဖက် ၁း၄ သည် အတည်ပြုကာ၊ ရှင်းလင်းသွားရန် ပံ့ပိုးပေးသည်။ ကျွန်တော်တို့သည် ဧဝံဂေလိသတင်းကောင်း၏ အကျိုးကျေးဇူးများခံ၍သာ အာရုံရောက်ကာ၊ ၎င်း၏ တာဝန်ဝတ္တရားများကို လစ်လျူရှုမိလေ့ရှိကြသည်! ဘုရားသခင်၏ ခေါ်ဖိတ်ခြင်း (ရွေးချယ်ခြင်း) သည် ထာဝရအတွက် ဖြစ်သည် နည်းဟုအချိန် ကာလအတွက်လည်း ဖြစ်သည် !

သြဝါဒများ ဟူသည် တစ်ခုသော သမ္မာတရား၊ ဆက်စပ်မှု မရှိသော သမ္မာတရားများနှင့် မဟုတ်ဘဲ၊ သမ္မာတရားအားလုံးနှင့် ဆက်စပ်သည်။ ကောင်းမွန်စွာ မျိုးကွဲဆင်တူမှုတစ်ရပ်သည် ကြယ်စု တစ်စုနှင့် ကြယ်တစ်လုံးပမာ ဖြစ်ပေလိမ့်မည်။ ဘုရားသခင်သည် သမ္မာတရားများကို တင်ပြရာ၌ အနောက်တိုင်းစာပေဟန်ဖြင့် မဟုတ်ဘဲ၊ အရှေ့တိုင်း စာပေဟန်ဖြင့် တင်ပြသည်။ သြဝါဒ ဆိုင်ရာ သမ္မာတရားများအား အတွဲလိုက် အကျိုးအကြောင်း ပြမှုများဖြင့် တင်ဆက်ရာမှ ဖြစ်ပေါ်လာသော တင်းမာမှုများကို ဖယ်ရှားခြင်းမပြုရချေ။ (၎င်းတို့မှာ ဆန့်ကျင်နေသယောင် ထင်ရသော်လည်း ထိုသို့ မဟုတ်သော တင်ပြမှု တစ်မျိုး Paradoxical ဖြစ်သည်။)

၁။ ကြိုတင်ခန့်ထားခြင်းသည် လူသား၏ လွတ်လပ်သော ဆန္ဒနှင့် အပြိုင်

၂။ ယုံကြည်သူများ၏ လုံခြုံမှု သည်စွဲမြဲရန် လိုအပ်မှုနှင့် – အပြိုင်

၃။ ဗီဇအပြစ်သည်စိတ်ဆန္ဒဖြင့် ပြုသော အပြစ်နှင့် — အပြိုင်

၄။ အပြစ်ကင်းခြင်း၊ စုံလင်ပြည့်ဝမှု ဝါဒသည်အပြစ် နည်းနိုင်သမျှ နည်းခြင်းနှင့် – အပြိုင်

၅။ စစချင်း ချက်ခြင်း ဖြောင့်မတ်၍ သန့်ရှင်းစင်ကြယ်ခြင်းသည် ဖြစ်ပေါ်တိုးတက်နေသော သန့်ရှင်းစင်ကြယ်မှုနှင့် – အပြိုင်

၆။ ခရစ်ယာန် လွတ်လပ်မှုသည် ခရစ်ယာန် တာဝန် ဝတ္တရားနှင့် — အပြိုင်

၇။ ဘုရားသခင်သည် (လူသားအား) ကျော်လွန်မှုသည်အတွင်း အစျွတ္တသန္တာန်၌ ရှိသော ဘုရားသခင်နှင့် – အပြိုင်

၈။ လူသားများအဆုံးစွန်ထိ မနားလည်နိုင်သူ ဘုရားဖြစ်ခြင်းသည် သမ္မာကျမ်းစာထဲ၌ သိနိုင်သူ ဘုရား ဖြစ်ခြင်းနှင့် – ပြိုင်

၉။ ပစ္စုပ္ပန်ကာလ ဘုရားသခင်၏ နိုင်ငံတော်သည် အနာဂတ်ကာလ၌ ပြည့်စုံမှုနှင့် – အပြိုင်

၁၀။ နောင်တရခြင်းသည် ဘုရားသခင်၏ လက်ဆောင်တစ်ခုဖြစ်ခြင်းမှာ ပဋိညဉ်တရားဆိုင်ရာ လူသား၏ တုံ့ပြန်မှုအဖြစ် နောင်တရရန် လိုအပ်ခြင်းနှင့် – အပြိုင်

၁၁။ ယေရှုသည် ဘုရားဖြစ်ခြင်းမှာ ယေရှုသည် လူသားတစ်ယောက်ဖြစ်ခြင်းနှင့် – အပြိုင်

၁၂။ ယေရှုသည် ခမည်းတော်နှင့် ညီမျှခြင်းမှာ ယေရှုသည် ခမည်းတော်၏ အစေခံဖြစ်ခြင်းနှင့် – အပြိုင်

"ပဋိညဉ်တရား" ဟူသော ဓမ္မသဘောတရားသည် အမိန့်တော်ချမှတ်ကာ အချုပ်အချာဖြစ်သူ ဘုရားသခင် (အစပြုကာ၊ အစီအစဉ်ချမှတ်လေ့ရှိသည်) အား နောင်တနှင့် ယုံကြည်ခြင်းဖြင့် ဆက်လက်တုံ့ပြန်မှု ပြုရသော လူသားတို့နှင့် ပေါင်းစည်းပေးသည်။ ဆန့်ကျင်နေသရောင်ဖြစ်နေသော သမ္မာတရားအတွဲတစ်ခု၏ အခြားတဖက်တည်းဖြင့် အတည်ပြုကာ၊ အခြားတဖက်ကို ရှုတ်ချခြင်းအား အထူးသတိထားပါ! မိမိစိတ်ကြိုက်သြဝါဒ (ဝါ) ဓမ္မသဘောတရား စနစ်တစ်ရပ်အား အသားပေးခြင်းကို သတိထားပါ!

**၈း၃၄** အဘယ်ကြောင့် ပြစ်ဒဏ်စီရင်မခံရကြောင်း၏ အကြောင်းရင်း အတော်များများ ဤအခန်းငယ်၌ ဖော်ပြသည်။ (ငယ် ၁)

၁။ ကိုယ်တော် အသေခံခဲ့သည်

၂။ ကိုယ်တော်ပြန်ရှင်ထမြောက်ခဲ့သည်

၃။ ဘုရားသခင်၏ လက်ျာတော်ဘက်၌ ကိုယ်တော်ရှိသည်

၄။ ယုံကြည်သူများအတွက် ကိုယ်တော် ကြားဝင်တောင်းပန်ပေးသည်။

ယေရှု၏ အသေခံခြင်းသည် ငါတို့ အပြစ်၏ ပြစ်ဒဏ်ကို ခံပေးသွားခဲ့သည်။ (ဟေရှာယ ၅၃။ မာကု ၁၀း၄၅။ ၂ကော ၅း၂၁)။ ယေရှု၏ ပြန်ရှင်ထမြောက်မှုသည် သားတော် ပြုခဲ့သည့် အမှုတော်အား ခမည်းတော် လက်ခံတော်မူကြောင်း ပြသကာ၊ ညှဉ်းပန်းနှိပ်စက်ခံခြင်းနှင့် သေဆုံးရာ၌ မြော်လင့်ခြင်း ပေးသည်။ (အိမ်ပျော်နေသူများနက်မှ အဦးသီး)။ ခမည်းတော်၏ လက်ျာတော်ဘက်၌ ယေရှုအား ချီးမြှောက်ခြင်းနှင့် ယုံကြည်သူများအတွက် ကြားဝင်တောင်းပန်ပေးခြင်းသည် ယုံကြည်ခြင်းဖြင့် ကောင်းသော တိုက်ခိုက်ခြင်း ပြုရန် သတ္တိပေးသည်။

▣ "ဘုရားသခင်၏ လက်ျာတော်ဘက်" ၎င်းမှာ လူသားကဲ့သို့ တင်စားဖော်ပြမှု တစ်မျိုးဖြစ်သည်။ (အထူးအကြောင်းအရာ။ ။ ၁း၈၃၌ ကြည့်ပါ) ဘုရားသခင်၌ ရုပကိုယ်ခန္ဓာမရှိချေ။ သူသည် "နံဝိညာဉ်" ဖြစ်၏။ ဤတင်စားမှုသည် တန်ခိုးရှိသော နေရာအရပ်၊ အခွင့်အာဏာနှင့် အကြီးမြတ်ဆုံးနေရာအား ပြောပြခြင်း ဖြစ်သည်။ ပေါလုသည် ဤဖော်ပြမှုကို မကြခဏ မသုံးချေ။ (ဖေက် ၁း၃၀။ ကော ၃း၁)။ ပေါလုသည် ကနဦး ခရစ်ယာန်ယုံကြည်မှု တစ်ခုအား အငယ် ၃၄ ၌ ဖော်ပြခြင်း ဖြစ်နိုင်ပါသည်။ (ဖိလိပ္ပိ ၂း၆။ ၁တိ ၃း၁၆)။

▣ "ကြားဝင်ဆုတောင်းပေးသည်" ယေရှု၏ အမှုတော်မှာ ဆက်လက်နေဆဲ ဖြစ်သည်။ ယေရှုသည် ဝိညာဉ်တော် နည်းတူ (ငယ် ၂၆–၂၇) ကျွန်တော်တို့အတွက် ဆုတောင်းပေးနေသည်။ (ဟေဗြဲ ၄း၄–၁၆။ ၇း၂၅။ ၉း၂၄။ ၁ယော ၁၂း၁)။ ၎င်းမှာ ဥပဒေ့ချာယ်ဆရာ paraclete ဆိုသည့် ဝေါဟာရဖြစ်ပြီး ယောဟန် ၁၄း၁၆ တွင် ဝိညာဉ်တော်၌ သုံးကာ၊ ၁ယော ၂း၁၌ သားတော်အဖြစ်သုံးသည်။ ၎င်းသည် ဒုက္ခဆင်းရဲခံသူ အစေခံ၏ တေးသီချင်းအား ရည်ညွှန်းမှု အခြားတစ်မျိုးဖြစ်သည်။ (ဟောရှာယ ၅၃း၁၂)။

၈း၃၅ "ခရစ်တော်၏ ချစ်ခြင်းမေတ္တာ" ၎င်းမှာ စိတ်သန္တာန်၌ ရှိသော အရာ (SUBJECTIVE သို့မဟုတ် မြင်ရသောအရာ (OBJECTIVE) တစ်ခုခုဖြစ်သည်။ ၎င်းမှာ (၁) ခရစ်တော်သည် ယုံကြည်သူများကို ချစ်သော မေတ္တာ သို့မဟုတ် (၂) ယုံကြည်သူများသည် ခရစ်တော်ကို ချစ်သော မေတ္တာတစ်ခုခုဖြစ်နိုင်သည်။ ဤကျမ်းပိုဒ်၌ နံပါတ် ၁နှင့် ပို၍ ကိုက်ညီပါသည်။ (၂ ကော ၅း၁၄)။ အကြောင်းမှာ ယုံကြည်သူများ ခရစ်တော် ပေါ်ထားရှိသော မေတ္တာမှာ သွားလိုက်ပြန်လိုက်ဖြစ်သော်လည်း ကျွန်တော်တို့ ပေါ်ခရစ်တော်၏ မေတ္တာမှာ သေချာ၍ တည်ကြည်သည်။

ဤစကားစု၌ ဂရိလက်ရေးကျမ်းကွဲ တစ်ခုရှိသည်။

၁။ တစ်ခုသော ဂရိရေးခေတ်၌ "ဘုရားသခင်၏ မေတ္တာတော်" ဟူ၍ ပါရှိသည်။ (MS Aleph)

၂။ တစ်ခုသော ရေးခေတ်လက်ရေးကျမ်း၌ နှစ်မျိုး ပေါင်းစပ်ကာ "ခရစ်တော်အထဲ ဘုရားသခင်၏ မေတ္တာတော်" ဟု ပါရှိသည်။ (MS ၏ B)

၃။ UBS[4] ကျမ်းပြုသူများသည် "ခရစ်တော်၏ မေတ္တာ" ကို ယူကာ "A" အဆင့် (သေချာ) သတ်မှတ်ကြသည်။ ၎င်းသည် MSS ၏ C, D, F, D နှင့် အများစု ခေတ်ဟောင်း Latin, Vulgate နှင့် Peshitta တို့၌ ပါရှိသည်။

▣ "ဒုက္ခဆင်းရဲ၊ သောကဝေဒနာ၊ ညှဉ်းပန်းနှိပ်စက်ခြင်း" ခရစ်ယာန်များသည် ဤလောက၌ ပြဿနာ အခက်အခဲများ တွေ့ရလိမ့်မည် ဖြစ်သော်လည်း ထိုပြဿနာခက်ခဲမှုများ (ဝါ) ဆိုးသွမ်းမှု တန်ခိုးပါဝါများသည် သူတို့ကို ဘုရားသခင်နှင့် ကွဲကွာသွားစေနိုင်မည်မဟုတ်ချေ။ အထူးအကြောင်းအရာ။ ။ ဒုက္ခဆင်းရဲများ ၅း၃ ၌ ကြည့်ပါ။

၈း၃၆ ၎င်းမှာ ဆာလံ ၄၄း၂၂မှ ဖော်ပြခြင်းဖြစ်သည်။ ဤ ဆာလံကျမ်း၌ ဘုရားသခင်ကို ဒဏ်ရာ အနာတရခံစားရသော မိမိလူမျိုးအား ကယ်လွှတ်မည့် သူဟု ခေါ်သည်။

၈း၃၇

**NASB "သို့သော် ဤအရာများအားလုံးပေါ် ငါတို့သည် အကြီးအကျယ်အောင်နိုင်ကြ၏။"**

**NRJV "သို့သော် ဤအရာများအားလုံးပေါ် ငါတို့သည် ပို၍ အောင်နိုင်သူများ ဖြစ်ကြ၏။"**

**NRSV "ထိုသို့မဟုတ်။ ဤအရာများအားလုံးပေါ် ငါတို့သည် ပို၍ အောင်နိုင်သူများ ဖြစ်ကြ၏။"**

**TEV "ထိုသို့မဟုတ်။ ဤအရာများအားလုံးပေါ် ငါတို့သည် ကိုယ်တော်အားဖြင့် အကြွင်းမဲ့အောင်နိုင်မှု ရရှိကြ၏။"**

**NJB "၎င်းတို့မှာ ငါတို့ အောင်နိုင်မှုရရာ စစ်ကြောမှုများ ဖြစ်၏"**

၎င်းမှာ "အောင်နိုင်သည် " ဆိုသော ဝေါဟာရအား အထူးတလည်ပြုခြင်းပုံစံတစ်ခု ဖြစ်သည်။ ဤဝေါဟာရ **(**huper + nikao) ကို ပေါလုတွင် ခဲ့ခြင်းဖြစ်ပေမည်။ ၎င်းမှာ အံ့သြဘွယ်ရာ ရောနှောတင်စားမှု ဖြစ်ပြီး "အောင်နိုင်သော သိုး" ဟူ၍ ဖြစ်သည်။ ယုံကြည်သူများသည် ခရစ်တော်မှ အဆင့် အောင်နိုင်သူများ ဖြစ်ကြသည်။ (ယော ၁၆း၃၃။ ၁ယော ၂း၁၃–၁၄။ ၄း၄။ ၅း၄)။ အထူးအကြောင်းအရာ။ ။ Huper ပေါင်းစပ်စကားလုံးများ ပေါလုအသုံးပြုပုံ ၁း၃၀ ၌ ကြည့်ပါ။

▣ "ငါတို့ကိုချစ်တော်မူသူမှတဆင့်" ၏ နာမ်စားသည် ခမည်းတော်ဘုရား သို့မဟုတ်သားတော်ကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။

**၈း၃၈** "ငါသဘောပေါက်၏" ၎င်းမှာ PERFECT PASSIVE INDICATIVE ဖြစ်ပြီး "ငါသည် သဘောပေါက်စေခြင်းခံခဲ့ပြီး ဖြစ်ရာ ဆက်လက်၍ သဘောပေါက်စေခြင်း ခံရပေဦးမည်" ဟု ဆိုလိုသည်။

▣ "ကောင်းကင်တမန်များ" ဂျူးရဗ္ဗိဆရာကြီးများ၏ ယူဆမှု၌ ကောင်းကင်တမန်များသည် ဘုရားသခင်အတွက် စိတ်အားကြီးကာ၊ လူသားများကို ဂရုစိုက်ကြသဖြင့် သူတို့အပေါ်ရန် လိုကြသည်ဟု ဆိုသည်။ နောဲစတစ်ခေါ် လွဲမှားသော ဆရာသမားများ၏ အလိုအရ ကယ်တင်ခြင်း ဟူသည် ရန်လိုသော ကောင်းကင်တမန်များ လောက (ဝါ) **eons** များ၏ လျှို့ဝှက်စကားများအားဖြင့်သာ ရနိုင်သောအရာဖြစ်သည်ဟု ဆိုကြသည်။ (ကောလောသဲနှင့် ဧဖက် သြဝါဒစာများ)

ကောင်းကင်တမန်များ ဆိုသည့်စကားလုံးအတွက် ပေါလုသုံးသည့် ဝေါဟာရများ အကြောင်းအကျဉ်းချုပ်မှု တစ်ခု George Eldon Ladd ၏ A Theology of the New Testament ၌ တွေ့ရသည်။

ပေါလုသည် ကောင်းသော ကောင်းကင်တမန် ဆိုးသောကောင်းကင်တမန်၊ စာတန်နှင့် နတ်ဆိုးများကို ညွှန်းဆိုရုံသာမက နာမ်ဝိညာဉ်ဖြစ်သော ကောင်းကင်တမန်များ၏ ရာထူးအဆင့်အတန်းများကို ပါရည်ညွှန်းသည့် အခြား စကားလုံး အုပ်စုတစ်ခုကိုပါ သုံးလေ့ရှိသည်။ အခေါ်အဝေါ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အုပ်ချုပ်သည် (arche) ၁ကော ၁၅:၂၄။ ဧဖက် ၁:၂၁။ ကော ၂:၁၀

အုပ်ချုပ်သူများ archai; RSV "အထွဋ်အမြတ်များ" principalities ဧဖက် ၃ဝ:၁ဝ။ ၆:၁၂။ ကော ၁:၁၆။ ၂:၁၅။ ရောမ ၈:၃၈

အာဏာစက် (exousia) ၁ကော ၁၅:၂၄။ ဧဖက် ၁:၂၁။ ကော ၂:၁၀

အာဏာပိုင်များ (exousiai; RSV, authorities) ဧဖက် ၃:၁ဝ။ ၆:၁၂။ ကော ၁:၁၆။ ၂:၁၅။

တန်ခိုး (dynamis) ၁ကော ၁၅:၂၄။ ဧဖက် ၁:၂၁။

တန်ခိုးရှိသူများ (dynameis) ရောမ ၈:၃၈

ရာဇပလ္လင်များ (thronoi) ကော ၁:၁၆

အစိုးရခြင်း (kyriotes RSV, dominion အုပ်စိုးခြင်း) ဧဖက် ၁:၂၁

အာဏာစက်များ (kyriotetes) ကော ၁:၁၆

ဤမှောင်မိုက်လောကကို အစိုးတရပြုသူများ၊ ဧဖက် ၆:၁၂ ကောင်းကင်အရပ်များ၌ ရှိသော ဝိညာဉ်ဆိုးများ၊ ဧဖက် ၆:၁၂ မှောင်မိုက်၏ တန်ခိုးအာဏာ၊ ကော ၁:၁၃

မှည့်ခဲ့သမျှ နာမည် အားလုံး၊ ဧဖက် ၁:၂၁

ကောင်းကင်၊ မြေကြီးနှင့် အောက်အရပ်ရှိသတ္တဝါများ၊ ဖိ ၂:၁၀ (p. 401)

ဓမ္မဟောင်းကျမ်းထဲက ကျဆင်းသော ကောင်းကင်တမန်များနှင့် ဓမ္မသစ်ကျမ်းကနတ်ဆိုး၊ ဝိညာဉ်ဆိုးများ၏ ဆက်စပ်မှုအား သမ္မာကျမ်းစာလာ တိုက်ရိုက်ဖော်ပြမှု မရှိချေ။ ၎င်းတို့မှာ အတူတူပင် ဖြစ်သည်ဟု အများအားဖြင့် မှတ်ယူထားကြသည်။ ဂျူးလူမျိုးတို့၏ နောင်တွင် ဖြစ်ပျက်မည့် အကြောင်းအရာများဆိုင်ရာ စာပေတို့၌ နတ်ဆိုးတို့မှာ ကောင်းကင်တမန်တပိုင်း၊ လူတပိုင်း ဖြစ်သော ကမ္ဘာဦး ၆ ၌ ဖော်ပြသည့် နဖိလိမ် Nephilim ခေါ် လူ့ဘီဘူးကြီးများ၏ ဝိညာဉ်များဖြစ်သည်ဟု ဆိုသည်။ ရေလွှမ်းမိုးမှုကပ်ဘေးကြီးသည် သူတို့၏ ကိုယ်ခန္ဓာများကို ဖျက်ဆီးခဲ့သဖြင့် သူတို့သည် ကိုယ်ခန္ဓာနှင့် နေစရာအရပ် ရှာဖွေကြသည်ဟု ဆိုသည် ! ၎င်းမှာ စိတ်ကူးဖြင့် မှန်းဆမှုမျှသာ ဖြစ်သည်။ မူလအစများဆိုင်ရာ ကျွန်တော်တို့၏ မေးခွန်းအားလုံး သမ္မာကျမ်းစာ၌ အဖြေမပေးချေ။ ၎င်း၏ ကြံရွယ်ချက်မှာ လူသားအား ရွေးနှုတ်ခြင်းအကြောင်းဖြစ်ပြီး၊ သူတို့၏ သိရှိစပ်စုလိုမှုများအတွက် မဟုတ်ချေ !

▣ **"အထွဋ်အမြတ်များ.... အာဏာတန်ခိုးများ"** ၎င်းက ရည်ညွှန်းသည်မှာ (၁) ကောင်းကင်တမန်များ (ဝါ) ဤကပ်ကာလ နတ်ဆိုး၊ ဝိညာဉ်ဆိုးများ (ဧဖက် ၂:၂။ ၆:၁၂။ ၁ကော ၁၅:၂၄။ ကော ၁:၁၆) သို့ မဟုတ် (၂) ကျဆင်းသော လူသားမျိုးနွယ်အား ဘုရားသခင် အပေါ်မှီခိုကိုးစားမှု ကင်းလွတ်သွားစေသည့်၊ ကျဆင်းသော ဤလောက၏ ကိုယ်ခန္ဓာမဲ့အရာများ ဖြစ်သော (ဘာသာရေး၊ အစိုးရများ၊ ပညာရေး၊ ဆေးဝါး၊ ဖျော်ဖြေရေးလုပ်ငန်းများ... စသဖြင့်) ဖြစ်နိုင်ပါသည်။ (Hendrickus Berkhoff, ရေးသားသည့် (Principalities and Powers) ၁၃:၁၈၏ မှတ်ချက်၌ ကြည့်ပါ။

အထူးအကြောင်းအရာ။ ။ ARCHE

နယ်ပယ်၊ ပိုင်နက် (domain) မှာ ဂရိဝေါဟာရ arche ဖြစ်ပြီး အဓိပ္ပါယ်မှာ တစ်စုံတစ်ခု၏ "အစ" သို့မဟုတ် "မူလ" ဖြစ်သည်။

၁။ ဖန်ဆင်းခြင်း၏ အစ (ယော ၁း၁၁။ ၁ယော ၁း၁။ ဟေဗြဲ ၁း၁၀)

၂။ ဧဝံဂေလိသတင်းကောင်း၏ အစ (မာကု ၁း၁။ ဖိ ၄း၁၅။ ၂သက် ၂း၁၃။ ဟေဗြဲ ၂း၃)

၃။ ပထမမျက်မြင် သက်သေများ (လုကာ ၁း၂)

၄။ နိမိတ်လက္ခဏာများ၏ အစ (ထူးဆန်းသော နိမိတ်လက္ခဏာများ၊ ယော ၂း၁၁)

၅။ မူလအခြေခံ တရားများ တရားနှ (ဟေဗြဲ ၅း၁၂)

၆။ သတင်းကောင်းသမ္မာတရားပေါ် အခြေပြုသည့် စိတ်ချရမှု၏ အစ (ဟေဗြဲ ၃း၁၄)

၇။ အစအဦး၊ ကော ၁း၁၈။ ဗျာ ၃း၁၄

၎င်းကို "အုပ်ချုပ်သည်" (ဝါ) "အခွင့်အာဏာ/အာဏာစက်" အဖြစ် အသုံးပြုလာခဲ့သည်။

၁။ အုပ်ချုပ်သော လူသားအရာရှိများ။

(က) လုကာ ၁၂း၁၁

(ခ) လုကာ ၂၀း၂၀

(ဂ) ရောမ ၁၃း၃။ တိတု ၃း၁

၂။ အာဏာပိုင် ကောင်းကင်တမန်များ

(က) ရောမ ၈း၃၈

(ခ) ၁ကော ၁၅း၂၄

(ဂ) ဧဖက် ၁း၂၁။ ၃း၁၀။ ၆း၁၂

(ဃ) ကော ၁း၁၆။ ၂း၁၀၊ ၁၅

(င) ယုဒ ၆

မှားယွင်းသူ ဤဆရာသမားတို့သည် လောကီ၊ လောကုတ္တရာ အာဏာပိုင်များအားလုံး အထင်သေးကြသည်။ သူတို့မှာ ဘာသာအယူဝါဒကို ဆန့်ကျင်သည့် စာရိတ္တမဲ့ဝါဒများ ဖြစ်သည်။ သူတို့သည် ဘုရားသခင်ထက်၊ ကောင်းကင်တမန်များ၊ လူမှုအာဏာပိုင်များနှင့် အသင်းတော်ခေါင်းဆောင်များထက် သူတို့ကိုယ်သူတို့ ပထမအရာ၌ ထားကြသည်။

**၈း၃၉ "အမြင့်ဖြစ်စေ၊ နက်ရှိုင်းသောအရာဖြစ်စေ"** ဤဝေါဟာရတို့အား လူသားတို့၏ ဘဝတို့ကို ထိန်းချုပ်သူ ဘုရားများအဖြစ် ယုံကြည်ခဲ့ကြသည့် ကြယ်များ၏ အဝေးဆုံးတည်နေရာနှင့် အနီးဆုံးတည်နေရာတို့ကို ဖော်ပြရန် အသုံးပြုခဲ့ကြသည်။ နောက်ပိုင်းတွင် နော့စတစ်ခေါ် မိစ္ဆာဝါဒီ များ သုံးသော eons ခေါ် ပညာရပ်ဆိုင်ရာ ဝေါဟာရများ

ဖြစ်လာကြကာ၊ သန့်ရှင်းသော ဘုရား (god) နှင့် ဆိုးသွမ်းသော အရာများ ဖန်တီးသူပိုမို တန်ခိုးနည်းပါးသော ဘုရား (god) အကြား ကောင်းကင်တမန်အဆင့်အတန်းဆိုင်ရာ ဝေါဟာရဖြစ်လာသည်။

▣ **"ဖန်ဆင်းသည့်အခြားအရာ တစုံတခု"** ၎င်း၏ အဓိပ္ပါယ်အစစ်အမှန်မှာ အခြားသတ္တဝါအမျိုးအစား (heteros) ဖြစ်သည်။ ၎င်းသည် အခြားတန်ခိုးကြီးသော ကောင်းကင်တမန်များကို ရည်ညွှန်းကြောင်းစာ အဆက်အစပ် သဘောက ပြနေပါသည်။ ဂရိဝိဘတ် heteros သည် ကွဲပြားခြားနားသော အခြား အမျိုးအစား တစ်ခုကို ဖော်ပြကာ၊ allos သည် တူညီသော အခြားမျိုးအစား တစ်ခုကို ပြသည်။ ၎င်းစကားတို့မှာ Koine Greek (အများသုံး ဂရိစကား) ၌ မရှိသော်လည်း ဤကျမ်းပိုဒ်၌ တစ်မျိုးတဖုံဖြင့် ဖော်ပြပါရှိနေသည်။

▣ **"…. ဖြစ်စေ …. ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင် …."** ကြီးမားလှသော စိတ်ချမှု ပါတကား! ဤအခန်းကြီးသည် မည်သည့် ပြစ်ဒဏ်စီရင်မှုမှ မရှိကြောင်းနှင့် အစပြုကာ၊ မကွာစေနိုင်ဟူသော စကားနှင့် အဆုံးသတ်ထားသည်။ ယုံကြည်သူ၏ ကယ်တင်ခြင်းကို မည်သူကမှ မလုယူနိုင်ချေ။ သို့သော် အစပြု တုံ့ပြန်မှုနှင့် (၃း၂၁–၃၁) ဆက်လက်တုံ့ပြန်မှု (အခန်းကြီး ၄–၈) ရှိရပေမည်။ ဝိညာဉ်တော်သည် သေချာကျဖြစ်သော်လည်း အမိန့်တော်အားဖြင့် ပြသည့် ပဋိညာဉ်တရားဆိုင်ရာ တုံ့ပြန်မှု ဟူ၍ ရှိပါသည်။ နာခံခြင်းနှင့် စွဲမြဲခြင်းများ လိုအပ်သည် နည်းတူ နောင်တနှင့် ယုံကြည်ခြင်းတို့လည်း လိုအပ်သည်။ (မာကု ၁း၁၅။ တမန် ၃း၁၆၊ ၁၉။ ၂၀း၂၁) **!**

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နိုးဆွပေးရန်သာ ဖြစ်သည်။

၁။ အခန်းကြီး ၈ နှင့် အခန်းကြီး ၇ မည်သို့ ဆက်စပ်သနည်း?

၂။ ပြစ်ဒဏ်စီရင်ခြင်းမရှိပါက၊ ယုံကြည်သူ၏ အသက်တာ၌ အပြစ်သည် မည်သို့ အကျိုးသက်ရောက်သနည်း?

၃။ ယုံကြည်သူများထဲ ကျိန်းဝပ်သည်မှာ ဝိညာဉ်တော် (ဝါ) ယေရှုမည်သူနည်း? (ငယ် ၉)

၄။ လူ၏ အပြစ်သည် သဘာဝလောကကို မည်သို့ ထိခိုက်ခဲ့သနည်း? (ငယ် ၁၉–၂၂)။ သဘာဝ လောကသည် ကောင်းကင်ဘုံ၏ အစိတ်အပိုင်းဖြစ်လာဦးမည်လော? (ဟေရှာယ ၁၁း၆–၁၀)

၅။ ဝိညာဉ်တော်သည် ကျွန်တော်တို့အတွက် မည်ကဲ့သို့ ဆုတောင်းပေးသနည်း? (ငယ် ၂၆–၂၇)။ ၎င်းသည် "အခြားသော ဘာသာဖြင့် ပြောခြင်း" ကို ညွှန်းဆိုပါသလား?

၆။ ဤကဲ့သို့ ဆိုးသွမ်းသော လောကတွင် အရာခပ်သိမ်းသည် ကောင်းကျိုးအတွက် လုပ်သည်ဟု သမ္မာကျမ်းစာ၌ အဘယ်ကြောင့် ပြောနိုင် သနည်း? (ငယ် ၂၈)။ "ကောင်း" ဟူသော စကားလုံး (ငယ် ၂၉) ကို အဓိပ္ပါယ် သတ်မှတ်ပါ။

၇။ အငယ် ၃၀ရှိ ဓမ္မသဘောတရား ကွင်းဆက်ထဲ၌ အဘယ်ကြောင့် သန့်ရှင်းစင်ကြယ်ခြင်း မပါသနည်း?

၈။ အငယ် ၃၁–၃၉ ကို အဘယ်ကြောင့် တရားခွင်မြင်ကွင်းဖြစ်သည်ဟု ပြောရသနည်း?

၉။ ယေရှုအကြောင်း အခန်းငယ် ၃၄၌ ဖော်ပြသည် အချက်လေးချက်ကို ဖော်ပြပါ။

# ရောမ ၉

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| **UBS4** | **NKJV** | **NRSV** | **TEV** | **NJB** |
| ဘုရား၏ရွေး ကောက်ခြင်း | ခရစ်တော်ကိုအစ္စရေး တို့ငြင်းပယ်ခြင်း | အစ္စရေး၏မယုံကြည် ခြင်းပြဿနာ | ဘုရားနှင့် လူမျိုး တော် | အစ္စရေး၏အခွင့်ထူးများ |
| ၉း၁–၅ | ၉း၁–၅ | ၉း၁–၅ | ၉း၁–၅ | ၉း၁–၅ |
| | အစ္စရေး၏ငြင်းဆန် မှုနှင့်ဘုရား၏ ရည်ရွယ်ချက် | အစ္စရေးပေါ်ကတိ တော်မပျက်ကွက် | | ဘုရားသည်ကတိ တော်စောင့်ထိန်း |
| ၉း၆–၁၃ | ၉း၆–၁၃ | ၉း၆–၁၃ | ၉း၆–၉<br>၉း၁၀–၁၃ | ၉း၆–၁၃ |
| | အစ္စရေး၏ငြင်းဆန် မှုနှင့် ဘုရား၏ တရားမျှတမှု | ဘုရား၏ရွေး ချယ်ပိုင်ခွင့် | | ဘုရားသည်မ ဖြောင့်မတ်သူ မဟုတ် |
| ၉း၁၄–၁၈ | ၉း၁၄–၂၉ | ၉း၁၄–၁၈ | ၉း၁၄–၁၈ | ၉း၁၄–၁၈ |
| အမျက်တော်နှင့် ဂရုဏာတော် | | | အမျက်တော်နှင့် ဂရုဏာတော် | |
| ၉း၁၉–၂၉ | | ၉း၁၉–၂၆ | ၉း၁၉–၂၁<br>၉း၂၂–၂၉ | ၉း၁၉–၂၁<br>၉း၂၂–၂၄<br>အရာခပ်သိမ်းဓမ္မ ဟောင်း၌ ကြို၍ ပြောခဲ့ပြီ။<br>၉း၂၅–၂၉ |
| | | ၉း၂၇–၂၉ | | |
| အစ္စရေးနှင့် ဧဝံဂေလိတရား | အစ္စရေး၏ လက်ရှိအခြေနေ | စစ်မှန်သောဖြောင့် မတ်မှုယုံကြည်မှုဖြင့်ရ | အစ္စရေးနှင့် ဧဝံဂေလိတရား | |
| ၉း၃၀–၁၀–၁၀း၄ | | ၉း၃၀–၁၀၄ | ၉း၃၀–၁၀း၄ | ၉း၃၀–၃၃ |

ဤစာအုပ်မှာ အနက်ဖွင့်လမ်းညွှန်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာကို မိမိဟာ မိမိအနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရသည့် အလင်းထဲ လျှောက်လှမ်းသွားကြရန်ဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ သင်ကိုယ်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းကို အနက်ဖွင့်ကျမ်းရေးသူများပေါ် သာ ပုံချရန်မဟုတ်ချေ။

အခန်းကြီးတစ်ခန်းအား တစ်ထိုင်တည်းဖြင့်ဖတ်ပါ။ အဓိကဦးတည်ချက်များကို သတ်မှတ်ဖော်ပြပါ။ အကြောင်းအရာအလိုက် သင်၏ စာပိုဒ်ခွဲမှုကို အထက်ပါဘာသာပြန်ကျမ်း ငါးမျိုးနှင့် နိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း၊ အနက်ပြန်ခြင်း၏ အသဲနှလုံးဖြစ်သော မူရင်းစာရေးသူ၏ ကြံရွယ်ချက် နားလည်နိုင်ရန်သော့ချက်ဖြစ်သည်။ စာပိုဒ်တိုင်းအကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ … စသဖြင့်

## အခန်းကြီး ၉–၁၁ နှင့် အခန်းကြီး ၁–၈ တို့ ဆက်စပ်ပုံ

က။ ဤစာစုနှင့် အခန်းကြီး ၁–၈ တို့၏ ဆက်စပ်မှုကို နားလည်သဘောပေါက်ပုံ နှစ်မျိုးရှိသည်။

၁။ ဤစာစု၏ အကြောင်းအရာမှာ လုံးဝသီးခြားဖြစ်ပြီး၊ ဓမ္မသဘောတရားဆိုင်ရာ ကြားညှပ် ထည့်သွင်းမှု တစ်ခုဖြစ်သည်။

(က) ၈း၉ နှင့် ၉း၁ တို့သည် အကြီးအကျယ်ဆန့်ကျင်ဘက်ဖြစ်ကာ၊ ၎င်းတို့၌ ဆက်စပ်မှုမရှိ။

(ခ) ၎င်းမှာ ရောမမြို့အသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် တစ်ပါးအမျိုးသားများအကြား သမိုင်းဝင် တင်းမာမှုနှင့် တိုက်ရိုက်ဆက်စပ်သည်။ ၎င်းမှာ အသင်းတော်ခေါင်းဆောင်မှု၌ တစ်ပါးအမျိုးသားများ၏ ကဏ္ဍပို၍ ကြီးထွားလာခြင်းနှင့် ဆက်စပ်ခြင်းဖြစ်နိုင်သည်။

(ဂ) အစ္စရေး (နှင့် ပညတ်တရားတော်) နှင့် ဆိုင်သော ပေါလု၏ ဟောပြောမှုနှင့် တစ်ပါးအမျိုးသားများ အတွက် သူ၏ တမန်တော်အရာတို့ကြောင့် (အခမဲ့ကျေးဇူးတော်ပေးစမ်းတော်မူခြင်း) သူ့အပေါ် နားလည်မှု လွဲမှားခြင်းရှိသဖြင့် သူသည် ဤအကြောင်းအရာကို ဤအပိုင်း၌ ဆွေးနွေးခြင်းဖြစ်သည်။

၂။ ၎င်းမှာ ဧဝံဂေလိသတင်းကောင်းကို ပေါလုတင်ပြရာ၌ အထွဋ်အထိပ်နှင့် တက္ကဗေဒနည်းကျ နိဂုံးချုပ် ဖြစ်သည်။

(က) ပေါလုသည် အခန်းကြီး ၈ ကို "ဘုရားသခင်၏ မေတ္တာတော်နှင့် မကွာစေနိုင်" ဟူသော ကတိစကားနှင့် နိဂုံးချုပ်သည်။ ပဋိညာဉ်ခံ လူမျိုးတော်အတွင်း မယုံကြည်သူများ မည်သို့ ဖြစ်မည်နည်း?

(ခ) အစ္စရေး၏ မယုံကြည်မှုနှင့် သက်ဆိုင်သော ဧဝံဂေလိတရား၏ ဆန့်ကျင်ဘက်ဖြစ်နေဟန် သမ္မာတရား၏ အဖြေကို ရောမ ၉–၁၁ ၌ အဖြေပေးသည်။

(ဂ) ပေါလုသည် ဤအကြောင်းကိုပင် ဤသြဝါစာတစ်လျှောက်လုံး၌ ပြောခဲ့ပြီး၊ ပြောနေဆဲလည်း ဖြစ်သည်။

(၁း၃၊ ၁၆။ ၃း၂၁၊ ၃၁ နှင့် ၄း၁)

(ဃ)ဘုရားသခင်သည် မိမိနှုတ်ကပတ်တော်ပေါ် သစ္စာရှိကြောင်း ပေါလုပြောသည်။ ဓမ္မဟောင်း၌ အစ္စရေးအတွက် ဘုရားသခင်ပြောသည့် နှုတ်ကပတ်တော်မှာ မည်သို့နည်း? အဆိုပါကတိတော် အားလုံးဖျက်ပြယ်၍ ဆိတ်ညဉ်းသွားခဲ့ပြီလော?

ခ။ ဤစာစုကို အမျိုးမျိုးအကျဉ်းချုပ်နိုင်သည်။

၁။ ငြင်းဆန်သူရှိလေဟန် ပေါလု၏ စာရေးပုံ (ဝေဖန်စာမျိုးဖြင့်)

(က) ၉း၆

(ခ) ၉း၁၄

(ဂ) ၉း၁၉

(ဃ) ၉း၃၀

(င) ၁၁း၁

(စ) ၁၁း၁၁

၂။ ရောမ ၉–၁၁ မှာ စာစုတစ်ခုဖြစ်သည်။ (အခန်းကြီး၊ အခန်းငယ်ဖြင့် ပိုင်းခြားမှုမှာ ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်၊ မူရင်းစာများ၌ မပါဘဲ၊ နောက်ပိုင်း၌သာ ထည့်သွင်းခြင်းဖြစ်သည်။) တစ်ခုလုံးခြုံကြည့်ကာ အနက်ပြန်ရန်ဖြစ်သည်။ မည်သို့ဖြစ်စေ အနည်းဆုံး အဓိကအကြောင်းအရာ အပိုင်းသုံးပိုင်း ရှိပါသည်။

(က) ၉း၁–၂၉ (ဘုရားသခင်မှာ အချုပ်အချာဖြစ်ကြောင်း)

(ခ)၉း၃၀–၁၀း၂၁(လူသား၏ တာဝန်ဝတ္တရားရှိပုံ)

(ဂ)၁၁း၁–၃၂ (ဘုရားသခင်၏ အားလုံးပါဝင်သော ထာဝရရွေးနှုတ်ခြင်းအကြံတော်)

၃။အဓိကအကြောင်းအရာများ ဖြင့် လေ့လာခြင်း။ ။ ရောမသြဝါဒစာ၏ ဤအပိုင်းအတွက် ကောင်းမွန်သော အကျဉ်းချုပ် Thomas Nelson ပုံနှိပ်တက်မှ ထုတ်စေသည် NKJV ၏ စာပိုဒ်ခွဲများ၌ တွေ့ရသည်။

(က) ခရစ်တော်ကို အစ္စရေးငြင်းပယ်ခြင်း။ ၉း၁–၅

(ခ) ဘုရားသခင် ရည်ရွယ်ချက်ကို အစ္စရေးငြင်းပယ်ခြင်း။ ၉း၆–၁၃

(ဂ) ဘုရားသခင်၏ တရားမျှတမှုကို အစ္စရေးငြင်းပယ်ခြင်း။ ၉း၁၄–၂၉

(ဃ) အစ္စရေး၏ လက်ရှိ အခြေအနေ။ ၉း၃၀–၃၃

(င) အစ္စရေးနှင့် ဧဝံဂေလိတရား။ ၁၀း၁–၁၃

(စ) ဧဝံဂေလိတရားကို အစ္စရေးငြင်းပယ်ခြင်း။ ၁၀း၁၄–၂၁

(ဆ) အစ္စရေး၏ ငြင်းပယ်မှုသည် အကြွင်းမဲ့မဟုတ်။ ၁၁း၁–၁၀

(ဇ) အစ္စရေး၏ ငြင်းပယ်မှုသည် နောက်ဆုံးမဟုတ်သေး။ ၁၁း၁၁–၃၆

ဂ။ ဤအပိုင်သည် နှလုံးသားထဲမှ ငိုကြွေးသံဖြစ်သည်မျှအမျှ စိတ်ထဲမှ တင်ပြခြင်းလည်း ဖြစ်သည် (အဓိကအချက်များကို တက္ကဗေဒနည်းကျ ဖော်ပြခြင်း) ၎င်းသည် ဟောရှေအနာဂတ္တိကျမ်း ၁၁း၁–၄။ ၈–၉နည်းတူ ပုန်ကန်သော အစ္စရေး အပေါ် ဘုရားသခင်၏ စိတ်နှလုံးကြေကွဲပုံအား သတိရစေသည်။

အခန်းကြီး ၇ ၌ ဖော်ပြသည့် ပညတ်တရားတော်၏ ဝေဒနာနှင့် ကောင်းမြတ်မှုများသည် အခန်းကြီး ၉–၁၀နှင့် တူညီမှုများစွာ ရှိသည်။ နှစ်နေရာစလုံး၌ ဘုရားသခင်ပေးသည့် ပညတ်တော်သည် အသက်ပေးရမည့်အစား သေခြင်းတရား ယူဆောင်လာမှုအပေါ် ပေါလုနှလုံးကြေကွဲခဲ့ရ၏။

ဃ။ ပေါလုသည် အခန်းကြီး ၉း၁၁အတွင်း ဓမ္မဟောင်းကျမ်းမှ ၂၅ကြိမ် ကိုးကားဖော်ပြပုံကို ထောက်ရှုပါက အသိရခက်သော **(paradox)** အစ္စရေးအကြောင်းအား လတ်တလော အတွေ့အကြုံအားဖြင့်သာမဟုတ်ဘဲ၊ အခန်းကြီး ၄မှာ နည်းတူ ဓမ္မဟောင်းကျမ်းဖြင့် အထောက်အထားပြကာ၊ ရှင်းလင်းလိုသော ပေါလု၏ ဆန္ဒကို ပြသသည်။ အာဗြဟံ၏ သွေးသားအဆက်အနွယ်အများစုတို့သည် အတိတ်ကာလ၌ပင်လျှင် ဘုရားသခင်ကို ငြင်းဆန်ခဲ့ကြသည်။ (တမန်တော်ရ။ နေဟမိ ၉)။

င။ ဤကျမ်းပိုဒ်များသည် ဧဖက် ၁း၃–၁၄ နည်းတူ လူသားအားလုံး ရွေးနှုတ်ရန် ဘုရားသခင်၏ ထာဝရ အကြံတော်ကို ဖော်ပြသည်။ ရုတ်တရက်ဖတ်လိုက်သည့်အခါ ဘုရားသခင်သည် လူပုဂ္ဂိုလ်အချို့ရွေးချယ်ကာ၊ အခြားသူများကိုမူ ငြင်းပယ်ကြောင်းရေးသားဖော်ပြသည်စုနှင့် တူသော်လည်း (Supralapsarian Calvinism အစွန်းရောက်ကဲလ်ဗင်အယူဝါဒ) ကျွန်ုပ်၏ အလိုအရ ၎င်းမှာ လူတစ်ဦးချင်းကို ပြောခြင်းမဟုတ်ဘဲ ရွေးနှုတ်ခြင်းနှင့် ဆိုင်၍ ဘုရားသခင်၏ ထာဝရအကြံအစည်တော်ကို စူးစိုက်ခြင်းဖြစ်သည်။ (ကမ္ဘာ ၃း၁၅။ ၁၂း၃။ တမန် ၂း၂၃။ ၃း၁၈။ ၄း၂၈ နှင့် ၁၃း၂၉။ အထူးအကြောင်းအရာ။ ။ ၈း၂၈ ၌ ကြည့်ပါ။)

Joseph A. Fitzmyer နှင့် Raymond E. Brown တို့တည်းဖြတ်သည့် The Jerome Biblical Commentary, အတွဲ ၂၌ ပြောသည်မှာ

"ပေါလု၏ အမြင်မှာ အစကနဦးက စ၍ တစ်စုတစ်ပေါင်းတည်းဖြစ်ကြောင်း သဘောပေါက်ရန် အရေးကြီးသည်။ သူသည် လူတစ်ဦးချင်း၏ တာဝန်ရှိ ပုံကို ဆွေးနွေးနေခြင်းမဟုတ်ချေ။ ပေါလုသည် ဘုရားသခင်၏ ကြိုတင်ခန့်ထားခြင်းအကြောင်း ဖော်ပြနေသည်ဆိုပါက ၎င်းသည် လူတစ်ဦးချင်းအား ဘုန်းတန်ခိုးခံစားစေရန် ကြိုတင်ခန့်ထားသည်ဟု ဆိုခြင်းနှင့် မည်သို့မျှမသက်ဆိုင်ချေ။ (စာ၊ ၃၁၈)

**အခန်းကြီး ၉ အား ကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ခြင်း။**

က။ အခန်းကြီး ၈ နှင့် အခန်းကြီး ၉ အကြား စိတ်နေသဘောထား အကြီးအကျယ်ပြောင်းလဲသွားပုံ

ခ။ အခန်းကြီး (၉–၁၁) စာစု၌ ပါဝင်သော ဓမ္မသဘောတရားမှာ

(၁) ကယ်တင်ခြင်းအကြောင်းအခြေခံ

(၂) ရွေးကောက်ခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်

(၃) မယုံကြည်သော အစ္စရေး၏ သစ္စာမဲ့ခြင်း အပြိုင်– YHWH ၏ သစ္စာရှိခြင်း

(၄) ယေရှု၏ ရွေးနှုတ်ခြင်း၌ လူသားအားလုံး ပါဝင်ပုံ

ဂ။ အခန်းကြီး ၉ မှာ ဘုရားသခင်သည် အချုပ်အချာဖြစ်ကြောင်း ဓမ္မသစ်ကျမ်း၌ အခိုင်မာဆုံး ဖော်ပြသော ကျမ်းပိုဒ်တစ်ခုဖြစ်သည်။ (အခြားကျမ်းပိုဒ်တစ်ခုမှာ ဧဖက် ၁း၃–၁၄)။ တစ်ဖက်၌မူ အခန်းကြီး ၁၀ သည် လူသား၏ လွတ်လပ်သော စိတ်ဆန္ဒအကြောင်း ရှင်းလင်းစွာနှင့် ထပ်ခါတလဲလဲ ဖော်ပြသည်။ ("လူတိုင်း" ငယ် ၄။ "မည်သူမဆို" ငယ် ၁၁၊ ၁၃။ "အားလုံး" ငယ် ၁၂ (နှစ်ခါ)။ ပေါလုသည် ဤဓမ္မသဘောတရားတင်းမာမှုကို

သဟာဇာတဖြစ်စေရန် အားထုတ်ခြင်း မပြုခဲ့ဘူးချေ။ နှစ်မျိုးစလုံး ၎င်းအတိုင်း၊ မှန်ကန်သည်! သမ္မာကျမ်းစာတော်လာ ဩဝါဒအများစုတို့ကို ဆန့်ကျင်ဘက်ဖြစ်နေသယောင် (ဝါ) ငြင်းဆန်သူရှိနေသယောင် အတွဲများဖြင့် တင်ဆက်သည်။ ဓမ္မသဘောတရားနည်း စနစ်အများစုတို့မှာ တက္ကဗေဒနည်းကျ (Logical) သော်လည်း ကျမ်းပိုဒ် တစ်ခုတည်းဖြင့် အတည်ပြုချက်ယူမှု (proof-text) ကသာလျှင်သမ္မာကျမ်းနည်းကျ သမ္မာတရား၏ အခြားတဖက်သော မျက်နှာစာကို သာလျှင် ယူသည်။ ဩဂစ်တင်ဝါဒနှင့် ကဲလ်ဗင်ဝါဒ — အပြိုင်– ပဲလာဂင်ဝါဒီတစ်ပိုင်းနှင့် အဘာမီနီဝါဒ (Augustinianism နှင့် Calvinism versus Semi-Pelagianism– and Arminianism) နှစ်မျိုးစလုံး၌ သမ္မာတရားနှင့် မှားယွင်းသောတရား ရောနှောပါဝင်သည်။ အကွက်ချထားသော အနက်ပြန်မှုဆိုင်ရာ ကြိုတင်အယူအဆတစ်ခုထဲသို့ သမ္မာကျမ်းစာအား အတင်းတွန်းပို့သော၊ ကျမ်းပိုဒ်တစ်ခုတည်းဖြင့် အတည်ပြုမှု၊ တယူသန်ဝါဒ၊ ကျိုးကြောင်းဆင်ခြင်မှုနှင့် ဓမ္မသဘောတရားနည်း စနစ်တို့ထက် ဩဝါဒဆိုင်ရာ တင်းမာမှုသည် ပို၍ နှစ်သက်စရာကောင်းပါသည်! အထူးအကြောင်းအရာ။ ။ အရှေ့တိုင်းစာပေ — ၃း၂၇၃ ကြည့်ပါ။

ဃ။ ၉း၃၀–၃၃သည် အခန်းကြီး ၉အား အကျဉ်းချုံ့ခြင်းနှင့် အခန်းကြီး ၁၀၏ ဦးတည်ချက် ဖြစ်သည်။

င။ ပေါလုသည် (မိမိ၏ ကျိုးကြောင်းပြ ဆွေးနွေးမှုအတွက် ဓမ္မဟောင်းကျမ်းအား မည်သို့ သုံးကြောင်း မှတ်သားပါ။ ၎င်းမှာ ရောမမြို့ရှိ ဂျူးခေါင်းဆောင်များကို တင်ကူးမှန်းဆခြင်းဖြစ်သည်။

(၁) ငယ် ၇ — ကမ္ဘာ ၂၁း၁၂

(၂) ငယ် ၉ — ကမ္ဘာ ၁၈း၁၀၊ ၁၄

(၃) ငယ် ၁၂ — ကမ္ဘာ ၂၅း၃၁

(၄) ငယ် ၁၃ — မာလ ၁း၂–၃

(၅) ငယ် ၁၅ — ထွက် ၃၃း၁၉

(၆) ငယ် ၁၇ — ထွက် ၉း၁၆

(၇) ငယ် ၂၅ — ဟောရှေ ၂း၂၃

(၈) ငယ် ၂၆ — ဟောရှေ ၁း၁၀

(၉) ငယ် ၂၇ — ဟေရှာ ၁၀း၂၂

(၁၀) ငယ် ၂၈ — ဟေရှာ ၁၀း၂၃

(၁၁) ငယ် ၂၉ — ဟေရှာ ၁း၉

(၁၂) ငယ် ၃၃ — ဟေရှာ ၂၈း၁၆ နှင့် ၈း၁၄

အခန်းကြီး ၁၉ နှင့် ၁၁တို့၌ အခြားဓမ္မဟောင်းကျမ်း ကိုးကားမှုအများအပြားရှိနေပါသေးသည်!

**စကားလုံးနှင့် စကားစုလေ့လာမှု**

| |
|---|
| **NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၉း၁–၅** |
| **၁ငါသည်မုသာ စကားမပြောဘဲ၊ ခရစ်တော်၌ သမ္မာတရားကို ပြောနေခြင်းဖြစ်သည်။ ငါ၏ မိမိကိုယ် မိမိသိသော စိတ်သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်အတူ သက်သေခံသည်မှာ [၂]ငါသည် အလွန်ဝမ်းနည်းကာ၊ မိမိစိတ်နှလုံးထဲ၌ မပြတ်မလပ်နာကျည်းလျက်ရှိ၏။ [၃]အကြောင်းမှာ ငါ၏ညီအစ်ကိုများ သွေးသားဇာတိ၌ ငါ၏ အမျိုးသားချင်းများ အကျိုးအတွက် ငါကိုယ်တိုင် ခရစ်တော်နှင့် ကွာကာ၊ ကျိန်ဆဲခြင်းခံ၍ ရခဲ့မည်ဆိုလျှင် ခံလိုပါသည်။ [၄]သူတို့မှာ သားများအရာ၌ ချီးမြှောက်ခံသူများ ဘုန်းတန်ခိုးတော်၊ ပဋိညဉ်တရားများနှင့် သော်လည်းကောင်း၊ ပညတ်တရားတော်၊ ဗိမာန်တော်၌ အမှုတော်ဆောင်ရွက်ခြင်းများနှင့် ကတိတော်များ အပ်ပေးခြင်းတို့နှင့်လည်းကောင်း သက်ဆိုင်သော အစ္စရေးလူမျိုးများဖြစ်ကြ၏။ [၅]သူတို့သည် ဘိုးဘေးများ ဖြစ်ကြကာ၊ သွေးသားဇာတိအားဖြင့် ခရစ်တော်သည် သူတို့မှ ဆင်းသက်လာ၏။ ထိုအရှင်သည် အရာခပ်သိမ်း အုပ်စိုးတော်မူသူ၊ ထာဝရကောင်းချီးမင်္ဂလာ ခံစားရသော ဘုရားသခင်ဖြစ်တော်မူ၏။ အာမင်။** |

၉း၁–၂ အငယ် ၁ နှင့် ၂ သည် ဂရိလို ဝါကျတစ်ခုတည်းဖြစ်သည်။ မိမိသမ္မာတရားပြောခြင်း ဖြစ်ကြောင်း သူတို့ (ရောမမြို့ အသင်းတော်) သိရှိနိုင်ရန်အကြောင်းရင်း အမျိုးမျိုးဖြင့် ဖော်ပြသည်။

၁။ သူနှင့် ခရစ်တော်၏ ပေါင်းစည်းမှု၊ ငယ် ၁

၂။ သူ၏ သြတ္တပ္ပစိတ်၌ ဝိညာဉ်တော်ဦးဆောင်မှု ငယ် ၁

၃။ အစ္စရေးအတွက် သူ၏ နက်ရှိုင်းသော ခံစားမှု ငယ် ၂

**၉း၁ "ငါသည်မုသာ စကားမပြောဘဲ၊ ခရစ်တော်၌ သမ္မာတရားကို ပြောနေခြင်းဖြစ်သည်။** ပေါလုသည် မိမိ၏ မှန်ကန်မှုအား ဤပုံစံဖြင့် ဖော်ပြလေ့ရှိသည်။ (၂ကော ၁၁း၁၀။ ဂလ ၁း၂၀။ ၁တိ ၂း၇) သို့မဟုတ် ဘုရားသခင်ကို မိမိ၏ သက်သေအဖြစ်အလားတူ ဖော်လေ့ရှိသည်။ (ရောမ ၁း၉။ ၂ကော ၁း၂၃။ ၁၁း၃၁။ ဖိ ၁း၈။ ၁သက် ၂း၅၊ ၁၀)။ သူသည် မိမိသွန်သင်မှုနှင့် ဟောပြောမှုများ စစ်မှန်ပုံကို အတည်ပြောရာ၌ ၎င်းမှာ သူ့နည်းဖြစ်သည်။ ဒမသက်မြို့သွားရာလမ်းပေါ် အတွေ့အကြုံသည် အရာခပ်သိမ်းပြောင်းလဲသွားစေသည်။

▣ **"မိမိကိုယ်မိမိသိသောစိတ်"** ၎င်းမှာ ယုံကြည်သူများအတွက် ဘုရားသခင်ပေးသည့် ဝိညာဉ်တော် ဦးဆောင်မှုအားဖြင့် ကိုယ်ကျင့်တရား သိတတ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ၎င်းမှာ ယုံကြည်သူများအတွက် အခွင့်အာဏာ၏ သော့ချက်တစ်ခုဖြစ်သည်။ ၎င်းမှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည် သဘောပေါက်ကာ၊ ကျွန်ုပ်တို့၏ စိတ်ထဲ၌ အသုံးပြုလိုက်ခြင်း ဖြစ်သည်။ (၁တိ ၁း၅၊ ၁၉) ပြဿနာပေါ်လာသည်မှာ ယုံကြည်သူများနှင့် မယုံကြည်သူများ နှစ်မျိုးစလုံး နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်ကို ငြင်းဆင်သည့်အခါ၌ ဖြစ်သည်။ ထိုသို့ဖြစ်လာသည့်အခါ မိမိအပြစ်အား အကျိုးသင့်အကြောင်းသင့်၍ ရှင်းလင်းချက်ပေးလာကြသည်။ (၁တိ ၄း၂) မိမိတို့၏ သြတ္တပ္ပစိတ် (လိပ်ပြာစိတ်) သည် ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အတွေ့အကြုံတို့ကို လိုက်တတ်ပါသည်။

| |
|---|
| **အထူးအကြောင်းအရာ။ ။ မိမိကိုယ်မိမိသိသောစိတ် ဆိုးကောင်းခွဲခြားတတ်သောစိတ် သြတ္တပ္ပစိတ်** |
| ပေါလုသည် ကောရိန္တု သြဝါဒများ၌ "သြတ္တပ္ပစိတ်" ဟူသော ဤဝေါဟာရမကြာခဏသုံးပါသည်။ (၁ကော ၄း၄။ ၈း၇၊ ၁၀၊ ၁၂။ ၁၀း၂၅၊ ၂၇၊ ၂၈။ ၂ကော ၁း၁၂။ ၄း၂။ ၅း၁၁)။ ၎င်းမှာ သင့်တော်ခြင်းရှိမရှိအား အတွင်းစိတ်ဖြင့် သိတတ်ခြင်းကို ရည်ညွှန်းသည်။ (တမန် ၂၃း၁)။ မိမိတို့၏ သြတ္တပ္ပစိတ်ကို မိမိတို့ အတိတ်ကာလ အသက်ရှင်ပုံများ၊ |

မိမိတို့၏ ညံ့ဖျင်းသော ရွေးချယ်မှုများနှင့် ဘုရားသခင်၏ ဝိညာဉ်တော်သည် အကျိုးသက်ရောက်နိုင်သည်။ ၎င်းမှာ အပြစ်အနာကင်းသော လမ်းပြမဟုတ်သော်လည်း၊ တစ်ဦးချင်း၏ ယုံကြည်ခြင်း နယ်နိမိတ်ကို ဆုံးဖြတ်ပေးသည်။ ထို့ကြောင့် မိမိ၏ သြတ္တပ္ပစိတ် (လိပ်ပြာစိတ်၊ အတွင်းစိတ်) မှာ မှားယွင်းသည်ဖြစ်စေ၊ အားနည်းသည်ဖြစ်စေ ၎င်းအား ဖေါက်ဖျက်ကျူးလွန်ခြင်းသည် ယုံကြည်ခြင်း၏ အဓိက ကျသော ပြဿနာတစ်ရပ်ဖြစ်သည်။

ယုံကြည်သူ၏ သြတ္တပ္ပစိတ်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် ပို၍ ပို၍ ပုံသွင်းခံရန် လိုအပ်သည်။ (၁တိ ၃း၉)။ ဘုရားသခင်သည် ယုံကြည်သူတို့ကို သူတို့ရှိသည့် အလင်းတရားပေါ် (အားနည်းသည်ဖြစ်စေ၊ အားကောင်းသည်ဖြစ်စေ) စီရင်မည်ဖြစ်သော်လည်း၊ အလင်းတရား ပို၍ ရရှိရန်နှင့် အရှင်ယေရှုခရစ်တော်အား သိကျွမ်းမှု၌ ကြီးထွားနေရန် သမ္မာကျမ်းစာနှင့် ဝိညာဉ်တော်အတွက် ကျွန်တော်တို့ အားလုံး တံခါးဖွင့်ထားရန် လိုအပ်သည်။ ပိုမိုပြည့်စုံသောမှတ်ချက်ကို ၂ကော ၁၀း၂၅ ၏ "သြတ္တပ္ပစိတ်" ၌ ကြည့်ပါ။ အထူးအကြောင်းအရာ။ ။ "အားနည်းခြင်း" ကို ကြည့်ပါ။

▣

**NASB, NKJV "သန့်ရှင်းသော ဝိညာဉ်တော်သည် ငါ့အတွက် သက်သေခံသည်မှာ"**

**NASV "၎င်းကို သန့်ရှင်းသော ဝိညာဉ်တော်အတည်ပြုသည်"**

**TEV "သန့်ရှင်းသော ဝိညာဉ်တော် အုပ်ချုပ်သည်"**

**NJB "သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပေါင်းစည်း၍ ငါမှန်သည်ဟု မှတ်ယူသည်"**

မိမိ၌ ခရစ်တော်၏ အထူးတလည်ခေါ်ဖိတ်မှုနှင့် အမိန့်တော်ရှိသည်ဟု ပေါလုယုံကြည်သည်။ (တမန် ၉း၁–၂၂။ ဂလ ၁း၁)။

တြိယာ VERBAL (PRESENT ACTIVE PARTICIPLE, ၂း၁၅) မှာ sun ပါသော ပေါင်းစပ်စကားလုံး ဖြစ်သည်။ (ပေါလုသုံးနေကျဖြစ်သည်)။ သူသည် မိမိ၏ အသစ်သော နားလည်းသဘောပေါက်မှုမှာ အောက်ပါတို့ကို အခြေခံသည်ဟု သိရှိထားသည်။

၁။ ခရစ်တော်၏ ဖွင့်ပြမှု

(က) ဒမာသက်မြို့သွားရာလမ်းပေါ်၌

(ခ) အာရေဗျနိုင်ငံ၌ သွန်သင်မှု **(Nabetean)**

၂။ ဝိညာဉ်တော်၏ အတွင်းသက်သေ

သူသည် တမန်တော် တစ်ပါးဖြစ်ကာ ဘုရားပေးသော အခွင့်အာဏာဖြင့် စကားပြောသည်။ (၁ကော ၇း၂၅၊ ၄၀)။ သူသည် အစ္စရေးလူမျိုးများ၏ မယုံကြည်မှုနှင့် ဘုရားသခင်၏ စိတ်နာမှုကို မျှဝေခံစားသည်။ (၄ယ် ၂)။ သူတို့သည် အခွင့်ကောင်းများစွာ ရရှိထားကြ၏။ (၄ယ် ၄–၅)

၉း၃

**NASB, NKJV**

**NRSV "ခံ၍ ရခဲ့မည်ဆိုလျှင်"**

**TEV "သူတို့အကျိုးအတွက် ခံ၍ ရခဲ့မည်ဆိုလျှင်**

**NJB "ငါ...ဆန္ဒရှိပေလိမ့်မည်"**

ပေါလုသည် မိမိလူမျိုး အစ္စရေးအတွက် ပြင်းပြစွာ ခံစားကာ၊ မိမိခွဲထုတ်ခံခြင်းအားဖြင့် သူတို့ ပါဝင်လာ ကြ၍ ရခဲ့မည်ဆိုလျှင်၊ ခွဲထုတ်ခံလိုသည်။ ငယ် ၃။ ဤ ဝါကျသည် သဒ္ဒါဖွဲ့စည်ပုံအရ အထူးပြုမှု ပြင်းထန်ပုံမှာ (IMPERFECT MIDDLE INDICATIVE နှင့်အတူ autos နှင့် ego နှစ်ခုစလုံးအပြင် PRESENT INFINITIVE လည်းပါဝင်သည်) ပြင်းထန်၍ စိတ်လေးလှသော ဤဆုတောင်းချက်သည် ထွက် ၃၂း၃၀–၃၅ ၌ အပြစ်ပြည့်သော အစ္စရေးအတွက် မောရှေ၏ ကြားဝင်တောင်းပန်ပေးသော ဆုတောင်းချက်နှင့် များစွာ တူသည်။ ၎င်းမှာ အဖြစ်မှန်မဟုတ်ဘဲ၊ စိတ်ဆန္ဒ ဖော်ပြမှုတစ်ခုအဖြစ် အကောင်းဆုံးနားလည်ရပါသည်။ ၎င်းမှာ ဂလ ၄း၂၀ ၌ သုံးသည့် IMPERFECT TENSE အသုံးအနှုန်းနှင့် ဆင်တူသည်။

## အထူးအကြောင်းအရာ။ ။ ကြားဝင်ဆုတောင်းပေးခြင်း

**I.** နိဒါန်း

က။ ဆုတောင်းခြင်း အရေးကြီးပုံ ယေရှု၏ ဥပမာဖြင့် သိရသည်။

(၁) မိမိအတွက် ဆုတောင်းခြင်း၊ မာကု ၁း၃၅။ လုကာ ၃း၂၁။ ၆း၁၂။ ၉း၂၉။ ၂၂း၂၉–၄၆။

(၂) ဗိမာန်တော်ရှင်လင်းခြင်း။ မဿဲ ၂၁း၁၃။ မာကု ၁၁း၁၇။ လုကာ ၁၉း၄၆။

(၃) ဆုတောင်းခြင်း နမူနာ။ မဿဲ ၆း၅–၁၃။ လုကာ ၁၁း၂၄။

ခ။ ပုဂ္ဂိုလ်ဖြစ်သော၊ ဂရုစိုက်၍ ကျွန်တော်တို့နှင့်အတူ ရှိနေသူ၊ မိမိနှင့် အခြားသူများဘက်၌ နေကာ၊ ကျွန်တော်တို့၏ ဆုတောင်းခြင်းအားဖြင့် လုပ်ဆောင်လို၍ လုပ်ဆောင်နိုင်စွမ်းရှိသူ ဘုရားသခင်အား၊ မိမိယုံကြည်ခြင်းသည် ဆုတောင်းခြင်းအားဖြင့် ထိတွေ့၍ ရသော လုပ်ဆောင်မှုဖြစ်သွားစေသည်။

ဂ။ မိမိကလေးများ၏ ဆုတောင်းချက်များအားဖြင့် လုပ်ဆောင်ရန် ဘုရားသခင်သည် မိမိကိုယ် မိမိကန့်သတ်မှု ပြုရာ ကဏ္ဍများစွာ ရှိသည်။ (ယာကုပ် ၄း၂)

ဃ။ ဆုတောင်းခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သုံးပါးတစ်ဆူ ဘုရားနှင့် မိတ်သဟာယပြုခြင်းနှင့် အချိန်ယူခြင်း ဖြစ်သည်။

င။ ဆုတောင်းခြင်း၏ မြင်ကွင်းမှာ ယုံကြည်သူများနှင့် ဆိုင်သော တစုံတရာ (ဝါ) တစ်စုံတစ်ယောက် ဖြစ်သည်။ ကျွန်တော်တို့သည် ယုံကြည်လျက်တစ်ခါ ဆုတောင်းနိုင်သည်။ သို့မဟုတ် အတွေးနှင့် စိုးရိမ်မှု ပြန်ပေါ်လာခြင်းနှင့် အညီ ထပ်ခါတလဲလဲ ဆုတောင်းနိုင်သည်။

စ။ ဆုတောင်းခြင်း၌ အကြောင်းအရာ အချို့ပါဝင်နိုင်သည်။

(၁) သုံးပါးတစ်ဆူ ဘုရားအား ချီးမွမ်း၍ ရှိသေလေးမြတ်ခြင်း

(၂) ဘုရားသခင်အတူရှိနေခြင်း၊ မိတ်သဟာယ ပြုခြင်းနှင့် မစပံ့ပိုးခြင်းများအတွက် ကျေးဇူးတင်ခြင်း

(၃) အတိတ်နှင့် လက်ရှိ မိမိတို့ အပြစ်များအား ဝန်ခံ တောင်းပန်ခြင်း။

(၄) မိမိတို့၏ လိုအပ်မှုများနှင့် စိတ်ဆန္ဒများအား တောင်းလျှောက်ခြင်း

(၅) အခြားသူများ၏ လိုအပ်မှုများအား ခမည်းတော် ရှေ့မှောက်၌ ကြားဝင်တောင်းလျှောက်ပေးခြင်း။

ဆ။ ကြားဝင်ဆုတောင်းပေးခြင်းသည် လှျို့ဝှက်နက်နဲသောအရာ တစ်ခုဖြစ်သည်။ မိမိတို့ ဆုတောင်းပေးသော သူများကို ဘုရားသခင်သည် မိမိတို့ ချစ်သည် ထက်များစွာ ပိုချစ်သည်။ သို့သော် ကျွန်တော်တို့၏ ဆုတောင်းမှုများသည် အပြောင်းအလဲတစ်ရပ်၊ တုံ့ပြန်မှု (ဝါ) လိုအပ်မှုတစ်ခုအား မိမိတို့၌ သာမက သူတို့၌ပါ ဖြစ်ပွါးစေလေ့ရှိ၏။

**II.** သမ္မာကျမ်းစာတော်လာ ဆုတောင်းမှုများ

က။ ဓမ္မဟောင်းကျမ်း

၁။ ကြားဝင်ဆုတောင်းပေးခြင်း၏ ဥပမာအချို့

(က) သောဒုံမြို့အတွက် အာဗြဟံ၏ တောင်းလျှောက်မှု၊ ကမ္ဘာ ၁၈း၂၂

(ခ) အစ္စရေးအတွက်မောရှေ၏ဆုတောင်းမှု

(၁) ထွက်မြောက်ရာ ၅း၂၂–၂၃

(၂) ထွက်မြောက်ရာ ၃၂း၃၁

(၃) တရားဟောရာ ၅း၅

(၄) တရားဟောရာ ၉း၁၈၊ ၂၅

(ဂ) အစ္စရေးအတွက်ရှာမွေလ၏ဆုတောင်းချက်

(၁) ၁ဓမ္မရာဇဝင် ၇း၅–၆၊ ၈–၉

(၂) ၁ဓမ္မရာဇဝင် ၁၂း၁၆–၂၃

(၃) ၁ဓမ္မရာဇဝင် ၁၅း၁၁

(ဃ) သူ့ကလေးအတွက်ဒါဝိတ်၏ဆုတောင်းချက်၊ ၂ဓမ္မရာဇဝင် ၁၂း၁၆–၁၈

၂။ ဘုရားသခင်သည်ကြားဝင်ဆုတောင်းမည့်သူများကိုရှာဖွေနေသည်။ ဟေရှာယ ၅၉း၁၆

၃။ သိရှိထားပြီး၊ ဝန်ခံတောင်းပန်ခြင်းမပြုသောအပြစ်များ (ဝါ) နောင်တမရသော စိတ်နေသဘောထားသည် ကျွန်တော်တို့၏ဆုတောင်းချက်များကို ထိခိုက်သည်။

(က) ဆာလံ ၆၆း၁၈

(ခ) သုတ္တံ ၂၈း၉

(ဂ) ဟေရှာယ ၅၉း၁–၂၊ ၆၄း၇

ခ။ ဓမ္မသစ်ကျမ်း

၁။ သားတော်နှင့်ဝိညာဉ်တော်၏ကြားဝင်ဆုတောင်းခြင်းအမှုတော်

(က) ယေရှု

(၁) ရောမ ၈း၃၄

(၂) ဟေဗြဲ ၇း၂၅

(၃) ၁ ယော ၂း၁

(ခ) သန့်ရှင်းသောဝိညာဉ်တော်၊ ရောမ ၈း၂၆–၂၇

၂။ ပေါလု၏ကြားဝင်ဆုတောင်းခြင်းအမှုတော်

(က) ဂျူးလူမျိုးများအတွက် ဆုတောင်းသည်

(၁) ရောမ ၉း၁

(၂) ရောမ ၁၀း၁

(ခ) အသင်းတော်များအတွက်ဆုတောင်းသည်

(၁) ရောမ ၁း၉

(၂) ဧဖက် ၁း၁၆

(၃) ဖိလိပ္ပိ ၁း၃–၄၊ ၉

(၄) ကော ၁း၃၊ ၉

(၅) ၁ သက် ၁း၂–၃

(၆) ၂ သက် ၁း၁၁

(၇) ၂ တိမောသေ ၁း၃

(၈) ဖိလေမုန် ၄ယ်၄

(ဂ) သူ့အတွက်ဆုတောင်းပေးရန် အသင်းတော်များကို ပေါလုမေတ္တာရပ်ခံသည်။

(၁) ရောမ ၁၅း၃၀

(၂) ၂ကောရိန္တု၁း၁၁

(၃) ဧဖက် ၆း၁၉

(၄) ကောလောသဲ ၄း၃

(၅) ၁သက်သာလောနိ ၅း၂၅

(၆) ၂သက်သာလောနိ ၃း၁

၃။ အသင်းတော်၏ကြားဝင်ဆုတောင်းပေးခြင်း အမှုတော်

(က) အချင်းချင်းအတွက်ဆုတောင်းပေးကြလော့

(၁) ဧဖက် ၆း၁၈

(၂) ၁တိမောသေ ၂း၁

(၃) ယာကုပ် ၅း၁၆

(ခ) အထူးအုပ်စုများအတွက် ဆုတောင်းပေးရန် မေတ္တာရပ်ခံခြင်း

(၁) ငါတို့၏ရန်သူများအတွက်၊ မဿဲ ၅း၄၄

(၂) ခရစ်ယာန်အမှုတော်ဆောင်များအတွက်၊ ဟေဗြဲ ၁၃း၁၈

(၃) အာဏာပိုင်များအတွက်၊ ၁တိမောသေ ၂း၂

(၄) ဖျားနာသူများအတွက်၊ ယာကုပ် ၅း၁၃–၁၆

(၅) ပြန်၍နောက်ဆုတ်သွားသူများအတွက်၊ ၁ယော ၅း၁၆

**III.** ဆုတောင်းချက်အဖြေရရန်လိုအပ်ချက်များ

က။ ခရစ်တော်နှင့်ဝိညာဉ်တော်တို့နှင့် မိမိ၏ ဆက်ဆံရေး

(၁) ကိုယ်တော်အထဲတည်လျက်နေပါ။ ယောဟန် ၁၅း၇

(၂) နာမတော်ထဲ တည်နေပါ။ ယော ၁၄း၁၃၊ ၁၄။ ၁၅း၁၆။ ၁၆း၂၃–၂၄။

(၃) ဝိညာဉ်တော်အထဲတည်နေပါ။ ဧဖက် ၆း၁၈၊ ယုဒ ၂၀

(၄) ဘုရားသခင်၏ အလိုတော်နှင့်အညီ ဆုတောင်းပါ။ မသဲ ၆း၁၀။ ၁ယော ၃း၂၂။ ၅း၁၄–၁၅။

ခ။ စိတ်နေစိတ်ထားများ

(၁) စိတ်ပျံ့လွင့်ခြင်းမရှိဘဲ၊ မသဲ ၂၁း၂၂။ ယာကုပ် ၁း၆–၇

(၂) နှိမ့်ချခြင်းနှင့်နောင်တဖြင့်၊ လုကာ ၁၈း၉–၁၄

(၃) လွဲမှားသောတောင်းလျှောက်ခြင်း၊ ယာကုပ် ၄း၃

(၄) တကိုယ်ကောင်းဆန်ခြင်း၊ ယာကုပ် ၄း၂–၃

ဂ။ အခြားမျက်နှာစာများ

(၁) စွဲမြဲစွာ/ဇွဲရှိစွာ

(က) လုကာ ၁၈း၁–၈

(ခ) ကောလောသဲ ၄း၂

(၂) ဆက်လက်ဆုတောင်းခြင်း

(က) မသဲ ၇း၇–၈

(ခ) လုကာ ၁၁း၅–၁၃

(ဂ) ယာကုပ် ၁း၅

(၃) အိမ်တောင်ရေး၌ မညီမညွတ်မှု၊ ၁ပေတရု ၃း၇

(၄) သိသမျှအပြစ်နှင့်ကင်းရှင်းရန်

(က) ဆာလံ ၆၆း၁၈

(ခ) သုတ္တံ ၂၈း၉

(ဂ) ဟေရှာယ ၅၉း၁–၂

(ဃ) ဟေရှာယ ၆၄း၇

**IV.** ဓမ္မသဘောတရားဆိုင်ရာနိဂုံးချုပ်

က။ အခွင့်ထူးဖြစ်သည်။ အခွင့်ကောင်းဖြစ်သည်။ တာဝန်နှင့် ဝတ္တရားဖြစ်သည်။

ခ။ ယေရှုသည်ငါတို့၏ ပုံသက်သေဖြစ်သည်။ ဝိညာဉ်တော်မှာ ငါတို့၏လမ်းပြဖြစ်သည်။ ခမည်းတော်သည် စိတ်စောစွာ စောင့်မျှော်နေသည်။

ဂ။ ၎င်းသည် သင့်အား၊ သင့်မိသားစုအား၊ သင့်မိတ်ဆွေများနှင့် သင်၏ကမ္ဘာကြီးအား ပြောင်းလဲသွားစေနိုင်သည်။

▣

**NASB ခရစ်တော်နှင့်ကွာကာ၊ ကျိန်ဆဲခြင်းခံ၍ ရခဲ့မည်ဆိုလျှင်"**

**NKJV "ခရစ်တော်၏ကျိန်ဆဲခြင်းခံ၍ရခဲ့မည်ဆိုလျှင်"**

**NRSV "ခရစ်တော်နှင့်အဆက်ပြတ်ခံ၍၊ ကျိန်ဆဲခံ၍ရခဲ့မည်ဆိုလျှင်"**

**TEV "ဘုရားသခင်၏ ကျိန်ဆဲမှုအောက်၌ရှိကာ၊ ခရစ်တော်နှင့်ကွာ၍ ရခဲ့မည်ဆိုလျှင်"**

**NJB "ပြစ်ဒဏ်စီရင်ခံကာ၊ ခရစ်တော်နှင့်အဆက်ဖြတ်ခြင်းခံလိုသည်"**

"သန့်ရှင်း" ဟူသော စကားလုံး၏ မူလဇစ်မြစ်မှာ ဘုရားသခင်အသုံးပြုရန်သီးသန့်ခွဲထားသည်ဟူ၍ဖြစ်၏။ ဤအယူအဆသည် "ကျိန်ဆဲ" (၁ကော ၁၂း၃။ ၁၆း၂၂။ ဂလ ၁း၈–၉) ဝေါဟာရနှင့်ဆက်စပ်သည်။ တစ်စုံတစ်ရာ (ဝါ) တစ်စုံတစ်ယောက်သည် ဘုရားသခင်အတွက်သီးသန့်ခွဲခြင်းခံရသည်။ ၎င်းသည် ကျမ်းစကားအဆက်အစပ်ပေါ် မူတည်ကာ အပြုသဘော ဖြစ်နိုင်သည်နည်းတူ (ဝတ် ၂၇း၂၈။ လုကာ ၂၁း၅) အဖျက်သဘောလည်း ဆောင်နိုင်သည်။ (ယောရှု ၆–၇။ ရောမ ၉း၃)

## အထူးအကြောင်းအရာ။ ။ ကျိန်ဆဲခြင်း (ANATHEMA)

"ကျိန်ဆဲခြင်း" စကားလုံးအတွက် ဟေဗြဲစကားလုံးအတော်များများရှိသည်။ Herem (BDB 356) ကို ဘုရားသခင်အတွက် ပေးသော တစ်စုံတစ်ရာအတွက် သုံးကာ (LXX ၏ဝတ်၊ ၂၇း၂၈ သည် anathema ကဲ့သို့ ဖြစ်သည်။ (BA 6D 54) ဖျက်စီးရန် ဖြစ်လေ့ရှိသည်။ (တရား ၇း၂၆။ ယောရှု ၆း၁၇–၁၈။ ၁၇း၁၂) ၎င်းကို "သန့်ရှင်း မြင့်မြတ်သော စစ်ပွဲ" — holy war သဘောအဖြစ် သုံးသည်။ ခါနန်လူမျိုးများနှင့် ယေရေခေါမြို့ကို ဖျက်စီးရန် ဘုရားသခင် ပြောသည်မှာ ပဌမဆုံးသော အခွင့်ကောင်းဖြစ်သည့် "အဦးသီးများ" ဖြစ်သည်။

ဓမ္မသစ်ကျမ်း၌ anathema ဖြစ်ပြီး ၎င်းဝေါဟာရနှင့် ဆက်စပ်သော ပုံစံများကို အဓိပ္ပါယ် အမျိုးမျိုးဖြင့် သုံးသည်။

၁။ လက်ဆောင်တစ်ခု (ဝါ) ဘုရားသခင်အတွက် ပူဇော်ဏ္ဍာ (လုကာ ၂၁း၅)

၂။ သေရန်ကျိန်ဆိုခြင်း (တမန် ၂၃း၁၄)

၃။ အကျိန်တိုက်၍ ကျိန်ဆိုခြင်း (မာကု ၁၄း၇၁)

၄။ ယေရှုနှင့် ဆက်စပ်သော ကျိန်ခြင်းပုံစံတစ်ခု (၁ကော ၁၂း၃)

၅။ ဘုရားသခင်၏ တရားစီရင်ခြင်း (ဝါ) ဖျက်စီးခြင်းခံရန် တစ်စုံတစ်ယောက် (ဝါ) တစ်စုံတစ်ရာအား အပ်နှံခြင်း (ရောမ ၉း၃။ ၁ကော ၁၆း၂၂။ ဂလ ၁း၈–၉)။

▣ "သွေးသားဇာတိ၌ ငါ၏ အမျိုးသားချင်းများ" အထူးအကြောင်းအရာ။ ။ ၁း၃၌ ကြည့်ပါ။

၉း၄-၅ ဤနာမ်စကားစုများသည် အစ္စရေးရရှိထားသော အခွင့်ထူးများကို သိသာပေါ်လွင်စွာ ရှင်းလင်းသွားစေသည်။ ဤတပန်းသာမှုများသည် သူတို့၏ မယုံကြည်မှုကို ပို၍ အပြစ်ဆိုစရာဖြစ်သွားစေသည်။ များများပေးခြင်း ခံရသူထံမှ များများပြန် တောင်းလိမ့်မည်။ (လုကာ ၁၂း၄၈)!

၉း၄ "အစ္စရေးလူမျိုးများ" ၎င်းမှာ အာဗြဟံ၏ အဆက်အနွယ်အတွက် ဓမ္မဟောင်းကျမ်း၏ ပဋိညာဉ်ခံနာမည်ဖြစ်သည်။ ဘုရားသခင်နှင့် အဓိကကျသော မျက်နှာချင်းဆိုင်တွေ့ဆုံမှုတစ်ရပ်အပြီး၌ ယာကုပ်၏ နာမည်မှာ အစ္စရေးအဖြစ် ပြောင်းလဲစေခြင်းခံရသည်။ (ကမ္ဘာ ၃၂း၂၈)။ ၎င်းမှာ ဂျူးအမျိုးသား အားလုံးခြုံသော ဘွဲ့နာမတစ်ခုဖြစ်လာသည်။ ၎င်းဝေါဟာရ၏ ပင်ရင်းမှာ " El (ဘုရားသခင်) သည် ဖွဲလုံ့လရှိပါစေ" ဟူ၍ ဖြစ်နိုင်ပြီး ယာကုပ်၏ ကောက်ကျစ်မှုအား ဆိုလိုခြင်းမဟုတ်ရပါ။

## အထူးအကြောင်းအရာ။ ။ အစ္စရေး

I. ထိုနာမည်၏ အဓိပ္ပါယ်မှာ မသေချာချေ။ (BDB 975)

- က။ El သည်ဖွဲလုံ့လရှိ၏
- ခ။ El သည် ဖွဲလုံ့လရှိပါစေ (JUSSIVE)
- ဂ။ El သည် လုံခြုံစွာ သိမ်းဆည်း၏
- ဃ။ El သည် အခိုင်အမာ ပြိုင်ဆိုင်ပါစေ
- င။ El သည် ကြိုးကုတ်အားထုတ်သည်
- စ။ ဘုရားသခင်နှင့် ပြိုင်ဆိုင်သူ (ကမ္ဘာ ၃၂း ၂၈)

II. ဓမ္မဟောင်းထဲက အသုံးအနှုန်းများ

- က။ ယာကုပ်၏ နာမည် (လုယူသူ၊ ဖနှောင့်ဆုပ်ကိုင်သူ၊ BDB, ကမ္ဘာ ၂၅း၂၆) သည် ယဗုတ်ချောင်း၌ နံဝိညာဉ်တစ်ပါးနှင့် နပမ်းလုံးပြီးနောက် ပြောင်းလဲသွားသည်။ (ကမ္ဘာ ၃၂း၂၂-၃၂။ ထွက် ၃၂း၁၃)။ မကြာခဏဆိုသလိုပင် ဟေဗြဲနာမည် အဓိပ္ပါယ်များမှာ ဇစ်မြစ်သဘောမဆန်ဘဲ ပြဇာတ်ဆန်ဆန် ဖြစ်သည်။ (၃၂း၂၈)။ သို့ဖြင့် သူ့နာမည်မှာ အစ္စရေးဖြစ်၍ လာခဲ့တော့သည်။ (ကမ္ဘာ ၃၅း၁၀)
- ခ။ ၎င်းကို သူ့သား တဆယ့်နှစ်ယောက်တို့အတွက် တစ်စုတစ်ပေါင်းတည်း နာမည်အဖြစ် အသုံးပြုလာသည်။ (ကမ္ဘာ ၃၂း၃၂။ ၄၉း၁၆။ ထွက် ၁း၇။ ၄း၂၂။ ၂၈း၁၁။ တရား ၃း၁၈။ ၁၀း၆)
- ဂ။ ၎င်းသည် ထွက်မြောက်ရာကျမ်းမတိုင်မီ နောက်ပိုင်းတွင် (တရား ၁း၁။ ၁၈း၆။ ၃၃း၁၀) အမျိုးတစ်ဆယ့်နှစ်နွယ်တို့ ပါဝင်သော လူမျိုးအား ရည်ညွှန်းခြင်း ဖြစ်လာသည်။ (ကမ္ဘာ ၄၇း၂၇။ ထွက် ၄း၂၂။ ၅း၂)
- ဃ။ ရှောလု၊ ဒါဝိဒ်နှင့် ရှောလမုန်ဘုရင်တို့၏ တစုတစည်းတည်း အုပ်စိုးမှု နောက်ပိုင်းတွင် ရောဗောင်လက်ထက်၌ အမျိုးအနွယ်များ ကွဲထွက်သွားခဲ့ကြသည်။ (၃ ဓမ္မ ၁၂)
  - ၁။ တသီးတခြားဖြစ်မှုသည် တရားဝင် မကွဲထွက်မီကပင် အစပြုခဲ့ပြီ ဖြစ်သည်။ (၂ ဓမ္မ ၃း၁၀။ ၅း၅။ ၂၀း၁။ ၂၄။ ၃ ဓမ္မ ၁း၃၅။ ၄း၂၀)
  - ၂။ အရှုရိလူမျိုးများ လက်အောက်သို့ ရှမာရိမကျမီအထိ မြောက်ပိုင်းမျိုးနွယ်စုများကို ရည်ညွှန်းသည်။ (၄ ဓမ္မ ၁၇)။

င။ နေရာ အနည်းငယ်၌ ယုဒကို သုံးသည်။ (ဟေရှာ ၁း၁။ မိက္ခာ ၁း၁၅–၁၆)

စ။ အာရှုရိနှင့် ဗာဗုလုန် ကျွန်းခံခြင်း ကာလနောက်ပိုင်း၌ ယာကုပ်၏ အဆက်အနွယ်အားလုံးတစ်စု တစ်ပေါင်းတည်း၏ နာမည်ပြန်ဖြစ်လာသည်။ (ဟေရှာ ၁၇း၇၊ ၉။ ယေရ ၂း၄။ ၅၀း၁၇၊ ၁၉)။

ဆ။ သာမန်လူထုအား ယဇ်ပုရောဟိတ်များနှင့် ကွဲပြားခြားနားစေသော နာမည်အဖြစ် သုံးသည်။ (၁ ရာ ၉း၂။ ဧဇရ ၁၀း၂၅။ နေဟမိ ၁၁း၃)

▣ **"သားများအရာ၌ ချီးမြှောက်ခံသူများ"** ဓမ္မဟောင်းကျမ်း၌ အများပြကိန်း "သားများ" ဟူသည် ကောင်းကင်တမန်များကို ရည်ညွှန်းလေ့ရှိသည်။ (ယောဘ ၁း၆။ ၂း၁။ ၃၈း၇။ ဒံ ၃း၂၅။ ဆာလံ ၂၉း၁။ ၈၉း၆–၇) သို့သော် အနည်းပြကိန်း "သား" ကမူ

၁။ အစ္စရေးလူမျိုး ဘုရင်ကို ညွှန်းသည် (၂ဓမ္မ ၇း၁၄)

၂။ လူမျိုးတော်ကို ညွှန်းသည် (ထွက် ၄း၂၂၊၂၃။ တရား ၁၄း၁။ ဟောရှေ ၁၁း၁)

၃။ မေရှိယအရှင် (ဆာလံ ၂း၇)

၄။ လူသားများကိုလည်း ညွှန်းနိုင်သည်။ (တရား ၃၂း၅။ ဆာလံ ၇၃း၁၅။ ယေဇ ၂း၁။ ဟောရှေ ၁း၁၀။ ကမ္ဘာ ၆း၂ မှာ မသဲကွဲချေ။ အခြားတစ်ခုခု ဖြစ်နိုင်သည်။) ဓမ္မသစ်ကျမ်း၌မူ "သား" ဟူသော အဆိုပါ ဝေါဟာရသည် ဘုရားသခင်၏ မိသားစုဝင် တစ်ယောက်ယောက်ကို ရည်ညွှန်းသည်။

ကယ်တင်ခြင်းအတွက် ပေါလုသုံးသည့် အဓိက တင်စားချက်မှာ "သားအရာ၌ ချီးမြှင့်ခြင်း (မွေးစားခြင်း) ဖြစ်ပြီး (ရောမ ၈း၁၅၊ ၂၃။ ဂလ ၄း၅။ ဧဖက် ၁း၅) ပေတရုနှင့် ယောဟန်တို့ကမူ အသစ်မွေးဖွားခြင်း ဒုတိယမွေးခြင်း စကားလုံးဖြင့် တင်စားဖော်ပြကြသည်။ ထိုနှစ်မျိုးစလုံးမှာ လူသိများသော တင်စားခြင်း စကားလုံးများ ဖြစ်သည်။ ၎င်းမှာ ဂျူးများ၏ တင်စားခြင်း ပုံစံမဟုတ်ဘဲ၊ ရောမပုံစံဖြစ်သည်။ ရောမ ဥပဒေ၌ မွေးစားခြင်းမှာ အလွန်ဈေးကြီးကာ၊ ကာလကြာရှည်စွာ ဆက်လက်ဆောင်ရွက်ရသော တရားဥပဒေဆိုင်ရာ လုပ်ထုံးတစ်မျိုးဖြစ်သည်။ တစ်ခါ မွေးစားခြင်းခံ ရသူပုဂ္ဂိုလ်သည် လူသစ်အဖြစ် မှတ်ယူခြင်း ခံကာ၊ တရားဥပဒေအရ စွန့်လွှတ်ခြင်းမပြုရချေ။ သို့မဟုတ် မွေးစားသူ ဖခင်သည်ပင် သတ်ပစ်ခြင်းမပြုရချေ။

▣ **"ဘုန်းတန်ခိုးတော်"** ဟေဗြဲစကားလုံး၏ ပင်ရင်းမှာ "လေးလံသည်" ဟူ၍ ဖြစ်ပြီး၊ တန်ဘိုးကြီးအရာအား တင်စားခြင်း ဖြစ်သည်။ ဤနေရာ၌မူ ဤစကားလုံး ရည်ညွှန်းသည်မှာ

၁။ သိနာတောင်ပေါ်၌မိမိကိုယ်မိမိဖွင့်ပြတော်မူ သူဘုရားသခင် (ထွက် ၁၉း၁၈–၁၉)

၂။ သဲကန္တာရအတွင်း အစ္စရေးလူမျိုးများ လှည့်လည်သွားလာခဲ့ကြစဉ် ဦးဆောင်သော ဘုန်းတော် တိမ်တိုင်ဖြစ်သည့် Shekinah (ထွက် ၄၀း၃၄–၃၈)၊ မိမိကိုယ် မိမိအစ္စရေးအား အတုအနှိုင်းကင်းစွာ ဖွင့်ပြတော်မူသူ YHWH ၏ ရှိနေခြင်းကို သူ၏ ဘုန်းတန်ခိုးတော်ဖြင့် ပြဆိုသည် (၃ ဓမ္မ ၈း၁၀–၁၁။ ယေဇ ၁း၂၈)။ အထူးအကြောင်းအရာ။ ။ ၃း၂၃ ၌ ကြည့်ပါ။

▣ "ပဋိညဉ်တရားများ" ဂရိရှေးဟောင်း လက်ရေးကျမ်းများ ဖြစ်သည့် P46, B, F နှင့် G တို့၌ အနည်းပြကိန်းဖြင့် "ပဋိညာဉ်တရား" ဟုပါရှိသည်။ သို့သော် အများပြကိန်းသည် MSS Aleph, C, နှင့် အချို့သော ရှေးဟောင်း လက်တင် Vulgate နှင့် Coptic ဘာသာပြန်ကျမ်းများ၌ ရှိသည်။ UBS4 သည်အများပြကိန်းကို "B" (သေချာသလောက်) အဆင့် သတ်မှတ်သည်။ သို့သော် ဓမ္မဟောင်းကျမ်း၌ အများပြကိန်းဖြင့် မသုံးခဲ့ဘူးချေ။ ဓမ္မဟောင်းကျမ်း၌ ပဋိညဉ်တရားများ အတိအကျရှိရာ အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေ နှင့် ဒါဝိဒ် တို့နှင့် ဘုရားသခင်ပြုသော ပဋိညဉ်တရားများ ဖြစ်သည်။

ပညတ်တရားတော် ပေးအပ်ခြင်းကိုမူ ပေါလုသည် နောက်မှသာ ဖော်ပြပုံကို ထောက်လျှင် အာဗြဟံနှင့် ပြုသော ပဋိညဉ်တရားကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ ပေါလုသည် ၎င်းကို အခြေခံ အုတ်မြစ်အဖြစ် ရှုမြင်ကာ (၄း၁–၂၅။ ဂလ ၃း၁၆–၁၇) အကြိမ်ပေါင်းအတော် များများဖော်ပြပြီး (ကမ္ဘာ ၁၂၊ ၁၅၊၁၇) အကြိမ်တိုင်းတွင် ဘိုးဘေးများအနက် တစ်ဦးစီကို ခွဲ၍ ဖော်ပြသည်။

## အထူးအကြောင်းအရာ။ ။ ပဋိညဉ်တရား

ဓမ္မဟောင်း ဝေါဟာရ berith (BDB 136) မှ ဆင်းသက်သော ပဋိညဉ်တရား စကားလုံးမှာ အဓိပ္ပါယ် သတ်မှတ်ရန် မလွယ်ကူချေ။ ၎င်းနှင့် တွဲဘက်ကြိယာ ဟေဗြဲစကားလုံး မရှိချေ။ ဤစကားလုံး၏ ဇစ်မြစ်ကို အဓိပ္ပါယ် ရှင်းလင်းရန်အားထုတ်မှု အားလုံး ရှင်းလင်းခြင်းမရှိသည် ချည်းဖြစ်၏။ မည်သို့ ဖြစ်စေတစ်ခုသေချာသည်မှာ ထိုစကားလုံး မည်သို့ အလုပ်လုပ်ကြောင်း ဆုံးဖြတ်နိုင်ရေးအတွက် ထိုစကားလုံးသုံးနှုန်းပုံကို လေ့လာရန် ဖြစ်သည်ဟု ပညာရှင်များ နားလည်ထားကြသည်။

ပဋိညဉ်တရားမှာ စစ်မှန်ပြီး၊ တစ်ဆူတည်းသော ဘုရားသခင်သည် မိမိဖန်ဆင်းသည့် လူသားအား ဆက်ဆံပုံနည်းလမ်းဖြစ်သည်။ သမ္မာကျမ်းစာတော်လာဖွင့်ပြတော်မူခြင်းကို နားလည်သဘောပေါက်ရန်မှာ ပဋိညဉ်တရား၊ သဘောတူစာချုပ် (ဝါ) သဘောတူညီမှု စကားလုံးတို့၏ သဘောတရားမှာ အရေးကြီးသည်။ ဘုရားသခင်၏ အချုပ်အချာ အာဏာနှင့် လူသား၏ လွတ်လပ်မှုတို့အကြား တင်းမာမှုကို ပဋိညဉ် သဘောတရား၌ ရှင်းလင်းစွာ မြင်ရသည်။ အချို့ပဋိညဉ်များမှာ ဘုရားသခင်၏ သဘောနှင့် လုပ်ဆောင်မှု သက်သက်ပေါ် အခြေပြုသည်။

၁။ ဖန်ဆင်းခြင်း (ကမ္ဘာဦး ၁း၂)

၂။ အာဗြဟံအား ခေါ်ဖိတ်ခြင်း (ကမ္ဘာဦး ၁၂)

၃။ အာဗြဟံနှင့် ပဋိညဉ် ပြုခြင်း (ကမ္ဘာဦး ၁၅)

၄။ နောအောလုံခြုံစွာ ထိန်းသိမ်းခြင်းနှင့် ကတိတော် (ကမ္ဘာဦး ၆း–၉)

မည်သို့ဖြစ်စေ ပဋိညဉ်ပြုခြင်း၏ သဘောသဘာဝမှာ တုံ့ပြန်မှု လိုအပ်သည်သာဖြစ်၏။

၁။ အာဒံသည် ယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို နာခံကာ၊ ဧဒင်ဥယျာဉ် အလယ်ရှိသစ်ပင်ကို မစားရန် ဖြစ်သည်။

၂။ အာဗြဟံသည် ယုံကြည်ခြင်းဖြင့် မိမိ၏ မိသားစုကို စွန့်ခွါကာ၊ ဘုရားသခင်ကို လိုက်လျက်၊ သူ၏ အနာဂတ် အဆက်အနွယ်များ အကြောင်း၌ ယုံကြည်မှုရှိရန် လိုအပ်သည်

၃။ နောသည် ယုံကြည်ခြင်းအားဖြင့် ကြီးမားသော လှေကြီးတစ်စီးအား ရေနှင့် ဝေးရာအရပ်၌ တည်ဆောက်ကာ၊ တိရစ္ဆာန်များကို စုဆောင်းရန် ဖြစ်သည်

၄။ မောရှေသည် အစ္စရေးလူမျိုးကို အီဂျစ်နိုင်ငံမှ သိနာတောင်သို့ ယုံကြည်ခြင်းဖြင့် ခေါ်ထုတ်ကာ၊ ကတိတော်များနှင့် ကျိုန်ဆဲခြင်းများ ပါသော ဘာသာရေးနှင့် လူမှုရေးဘဝအတွက် တိကျသော လမ်းညွှန်းမှုများ လက်ခံရရှိသည်။ (တရားဟော ၂၇–၂၈)

ဘုရားသခင်သည် လူသားအား ဆက်ဆံရေး ပါဝင်သည့် အလားတူတင်းမျာမှုမျိုး "ပဋိညဉ်တရားအသစ်" ၌ ဖော်ပြပါရှိသည်။ ယေဇကျေလ ၁၈ကို ယေဇ ၃၆း၂၇–၃၇ (YHWH ၏လုပ်ဆောင်မှု) နှင့် နှိုင်းယှဉ်လေ့လာပါက ဤတင်းမာမှုကို ရှင်းလင်းစွာ မြင်ရသည်။ ဤပဋိညဉ်တရားသည် ဘုရားသခင်၏ ကျေးဇူးတော် လုပ်ဆောင်မှုများပေါ် အခြေပြုနေခြင်းလော (ဝါ) လူသားအား တုံ့ပြန်မှုပြုရန် အမိန့်တော် ချမှတ်ခြင်းလော? ၎င်းမှာ ပဋိညဉ်တရားအဟောင်းနှင့် အသစ်၌ အလွန်အရေးကြီးသော အကြောင်းအရာဖြစ်သည်။ နှစ်ခုစလုံး၏ ပန်းတိုင်များမှာ အတူတူပင်ဖြစ်ပြီး (၁) YHWH သည် ကမ္ဘာဦး ၃ က ရှုံးဆုံးခဲ့ရသော မိတ်သဟာယကို ပြန်လည်ရရှိရန်နှင့် (၂) ဘုရားသခင်၏ သဘောကို ထင်ဟပ်စေမည့် ဖြောင့်မတ်သော လူမျိုးတစ်မျိုး ထူထောင်ရန် ဖြစ်သည်။

ယေဇ ၃၁း၃၁–၃၄ ရှိ အသစ်သော ပဋိညဉ်တရားသည် လက်သင့်ခံမှုရရှိရန် နည်းလမ်းအဖြစ် လူသား၏ ဆောင်ရွက်မှုအား ဖယ်ရှားလိုက်ခြင်းအားဖြင့် အဆိုပါ တင်းမာမှုကို ဖြေရှင်းလိုက်သည်။ ဘုရားသခင်၏ ပညတ်တော်မှာ လူ၏ ပြင်ပတရားစီရင်ရေး ဥပဒေအစား လူ၏အထဲမှ ဆန္ဒတောင့်တမှု တစ်မျိုးဖြစ်လာသည်။ ပန်းတိုင်ဖြစ်သည့် ဘုရားတရားရှိသေလေးစားသော၊ ဖြောင့်မတ်သော လူမျိုးဟူသည် ယခင်အတိုင်းပင် ဖြစ်သော်လည်း၊ နည်းစနစ်ပြောင်းလဲသွားသည်။ ကျဆင်းသော လူသားသည် ဘုရားသခင်၏ သဏ္ဌာန်တော်အား ထင်ဟပ်စေသူဖြစ်လာရန် သင့်လျော်လုံလောက်မှုမရှိကြောင်း သူ့ကိုယ်သူ အတည်ပြုခဲ့ပေပြီ။ ဘုရားသခင်၏ ပဋိညဉ်တရား၌ ပြဿနာရှိ၍ မဟုတ်ဘဲ၊ လူသား၏ အပြစ်ပြည့်မှုနှင့်အားနည်းမှုမှာ ပြဿနာဖြစ်သည်။ (ရောမ ၇။ ဂလ တိ ၃)။

ဓမ္မဟောင်း၏ ချွင်းချက်မဲ့နှင့် ချွင်းချက်ပါ ပဋိညဉ်တရားများအကြား တင်းမာမှုသည် ဓမ္မသစ်ကျမ်း၌ ဆက်လက်ရှိနေသည်။ ကယ်တင်ခြင်းသည် ယေရှုခရစ်တော်ပြီးစီးခဲ့ပြီးသော အလုပ်၌ လုံးဝအခမဲ့ဖြစ်သောလည်း၊ နောင်တနှင့် ယုံကြည်ခြင်း (အစပြုခြင်းနှင့် ဆက်ကပ်သွားခြင်း နှစ်မျိုးစလုံး) တောင်းဆိုသည်။ ၎င်းမှာ တရားဥပဒေအရ အမိန့်ကျေညာမှုနှင့် ခရစ်တော်နှင့် တူညီရန် ခေါ်ဖိတ်မှု နှစ်မျိုးစလုံးဖြစ်သည်။ လက်သင့်ခံကြောင်း အဖြစ်မှန်အား ဖော်ပြမှုနှင့် သန့်ရှင်းစင်ကြယ်ရန် စေခိုင်းမှုဖြစ်သည်! ယုံကြည်သူတို့မှာ သူတို့၏ လုပ်ဆောင်မှုကြောင့် ကယ်တင်ခြင်းရရှိသည်မဟုတ်သော်လည်း နာခံရန် ကယ်တင်ခံရခြင်းဖြစ်သည်။ (ဧဖက် ၂း၈–၁၀)။ ဘုရားတရားနှင့် ညီသော အသက်ရှင်ခြင်းသည် ကယ်တင်ခြင်း၏ အထောက်အထားဖြစ်ပြီး၊ ကယ်တင်ခြင်းရရန် နည်းလမ်းမဟုတ်ချေ။ မည်သို့ဖြစ်စေ ထာဝရ အသက်၌ မြင်နိုင်သော ကြင်အင်လက္ခဏာများရှိသည်! ဤတင်းမာမှုကို ဟေဗြဲသြဝါဒစာ၌ ရှင်းလင်းစွာ မြင်ရသည်။

■ **"ပညတ်တရားတော်နှင့် ဗိမာန်တော်၌ အမှုဆောင်ရွက်ခြင်းများ အပ်ပေးခြင်း"** ၎င်း၏ ရည်ညွှန်းချက်မှာ

၁။ သိနာတောင်ပေါ်တွင် မောရှေက ပညတ်တရားတော် လက်ခံရရှိခြင်း (ထွက် ၁၉–၁၀)

၂။ သဲကန္တာရထဲ လှည့်လည်သွားလာစဉ် ကာလရှိ တဲတော် (ထွက် ၂၅–၄၀ နှင့် ဝတ်ပြုရာကျမ်း) တို့ဖြစ်သည်။

■ **"ကတိတော်များ"** ဘုရားသခင်သည် မိမိ၏ အနာဂတ်စီမံချက်များ ဖွင့်ပြခဲ့ပြီဖြစ်သည်။ (၁း၂။ တမန် ၁၃း၃၂။ တိတု ၁း၂။ ဟေဗြဲ ၁း၁)။

ပဋိညဉ်တရားများကို စောစောကပင် ဖော်ပြခဲ့ပြီး ဖြစ်သဖြင့် "ကတိတော်များ" ဟု ဆိုရာ၌ မေရှိယကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။ ၉ငယ် ၅။ ဥပမာ ကမ္ဘာ ၃း၁၅။ ၄၉း၁၀။ တရား ၁း၈း၁၅၊ ၁၈–၁၉။ ၂ဓမ္မ ၇။ ဆာလံ ၁၆း၁၀။ ၁၁၈း၂၂။ ဟေရှာယ ၇း၁၄။ ၉း၆။ ၁၁း၁–၅။ ဒံ ၇း၁၃၊ ၂၇။ မိက္ခာ၅း၂–၅။ ဇာ ၂း၆–၁၃။ ၆း၁၂–၁၃။ ၉း၉။ ၁၁း၁၂)။

ဤကတိတော်များမှာ (ပဋိညဉ်တရားများ) ချွင်းချက်မဲ့ဖြစ်သည်နည်းတူ၊ ချွင်းချက်ပါလည်း ဖြစ်ကြသည်။ ဘုရားသခင်၏ လုပ်ဆောင်မှုအပိုင်းနှင့် ဆိုင်၍ ချွင်းချက်မဲ့ဖြစ်သည် မှန်သော်လည်း (ကမ္ဘာ ၁၅း၁၂–၂၁) လူသား၏ ယုံကြည်မှုနှင့် နာခံမှုအပိုင်းလည်း လိုအပ်သည် ဖြစ်၍ ချွင်းချက်နှင့်လည်း ဖြစ်နေသေးသည်။ (ကမ္ဘာ ၁၅း၆ နှင့် ရောမ ၄)။ ခရစ်တော် မကြွလာမီကာလ၌ အစ္စရေးကသာ ဘုရားသခင်၏ မိမိကိုယ်မိမိဖွင့်ပြတော်မူခြင်း ရရှိခဲ့သည်။ (ယောဘနှင့် ယေသရော တို့ကဲ့သို့သော ချွင်းချက်များရှိပါသည်)

**၉း၅ "ဘိုးဘေးများ"** ၎င်းသည် အာဗြဟံ၊ ကက္ကဇက်နှင့် ယာကုပ်၊ ကမ္ဘာဦး ၁၂–၅၀ အတွင်းရှိ အမျိုး၏ ကနဦး ဖခင်များကို ရည်ညွှန်းသည်။ (ရောမ ၁၁း၂၈။ တရာ ၇း၈။ ၁၀း၁၅)။

▣ **"သွေးသားဇာတိအားဖြင့် ခရစ်တော်သည်လည်း သူတို့မှ ဆင်းသက်လာသည်"** ၎င်းသည်မေရှိယအရှင်၏ ခန္ဓာကိုယ်မျိုးရိုးကို ပြောသည်။ (၁း၃။ အထူးအကြောင်းအရာ။ ။ မေရှိယအရှင် — ၁း၄ ၌ ကြည့်ပါ)။ သူသည် ဘိသိက်ခံရသူ၊ ဘုရားသခင်၏ ကတိတော်များနှင့် စီမံချက်များကို (၁၀း၆) ပြီးစီးစေမည့် ဘုရားသခင် အထူးရွေးချယ်သော အစေခံဖြစ်သည်။

"ခရစ်တော်" ဟူသော ဝေါဟာရမှာ ဟေဗြဲ ဘာသာစကား "ဘိသိက်ခံယူရရှိသူ" Anoited One အား ဂရိလိုဘာသာပြန်ခြင်း ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ သန့်ရှင်းသော ဆီဖြင့် လောင်းကာ (ခန့်ထားသော) ခေါင်းဆောင်သုံးမျိုးရှိသည်။

၁။ အစ္စရေးရှင်ဘုရင်

၂။ အစ္စရေး၏ ယဇ်ပုရောဟိတ်များ

၃။ အစ္စရေး၏ ပရောဖက်များ

ထိုသို့ ပြုခြင်းမှာ ဘုရားသခင်၏ အမှုတော်အတွက် သူတို့ကို ရွေးချယ်ခြင်းနှင့် တန်ဆာပလာတပ်ဆင် (အရည်အချင်းပေးခြင်း) ပေးခြင်း၏ အမှတ်အသားဖြစ်သည်။ ယေရှုသည် ဘိသိက်ခံသော ဤရုံးတော်သုံးပါးစလုံးပြီးပြည့်စုံသွားစေခဲ့၏ (ဟေဗြဲ ၁း၂-၃)။ သူသည် လူဖြစ်လာ (လူဝင်စားသူ) ဘုရားဖြစ်သောကြောင့်၊ သူသည် ဘုရားသခင်အား အပြည့်အဝဖွင့်ခြင်း ဖြစ်သည်။ (ဟေရှာ ၇း၁၄။ ၉း၆။ မိက္ခာ ၅း၂-၅။ ကော ၁း၁၃-၂၀)။

အထူးအကြောင်းအရာ ၁း၃ "သွေးသားဇာတိ" ၌ ကြည့်ပါ။

▣

**NASB** **"သွေးသားဇာတိအားဖြင့် ခရစ်တော်၊ အရာခပ်သိမ်းအုပ်စိုးတော်မူသူ၊ ကောင်းချီးမင်္ဂလာ ထာဝရခံစားရသော ဘုရားသခင်"**

**NKJV** **"ခရစ်တော် ကြွလာသည် အရာခပ်သိမ်းအုပ်စိုးတော်မူသူ၊ ထာဝရကာလပတ်လုံး ကောင်းချီးမင်္ဂလာခံစားရသူ၊ ဘုရားသခင်"**

**NRSV** **"မေရှိယအရှင်ကြွလာသည်။ အရာခပ်သိမ်း အုပ်စိုးတော်မူသူ၊ ကောင်းချီးမင်္ဂလာ ထာဝရခံစားရသော ဘုရားသခင်"**

**TEV** **"ခရစ်တော်သည် လူသားတစ်ယောက်အနေဖြင့် သူတို့၏ အမျိုးဖြစ်တော်မူ၏။ အရာခပ်သိမ်း အုပ်စိုးတော်မူသူ ဘုရားသခင်သည်၊ အမြဲထာဝရချီးမွမ်းခြင်းခံရပါစေသော"**

**NJB** **"ကောင်းချီးမင်္ဂလာထာဝရ ခံစားရသူ ဘုရားသခင်၊ အရာခပ်သိမ်းထက် ကြီးမြတ်တော်မူသူ ခရစ်တော်ကြွလာ"**

သဒ္ဒါနည်းအရ ၎င်းသည် ခမည်းတော်ကို ချီးမွမ်းသော ဘုန်းတော်ဘွဲ့ဖြစ်နိုင်သော်လည်း (TEV သည် ဂျူးအစဉ်အလာလိုက်သည်) ကျမ်းစကား အဆက်အစပ်သဘောသည် ယေရှုမှာ ဘုရားဖြစ်ကြောင်း ပေါလု၏ အတည်ပြုချက်ကို ပို၍ မျက်နှာသာပေးသည် (ပေါလုသည် LXX ၌ ပါရှိသည့်အတိုင်း YHWH ၏ဘုန်းတော်ဘွဲ့ဖြစ်သော ဂျူးပုံစံမလိုက်ချေ။ J. Mwoy, 11, pp. 245-248 ၌ ကြည့်ပါ။) ပေါလုသည် ယေရှု စကားလုံး၌ Theos ကို မကြာခဏမသုံးသော်လည်း တစ်ခါတစ်လေသုံးပါသည်။ (တမန် ၂၀း၂၈။ ၂သက် ၁း၁၂။ တိတု ၂း၁၃။ ဖိ ၂း၆)။ ကနဦးအသင်းတော် ဖခင်များအားလုံးသည် ဤကျမ်းပိုဒ်ကို ယေရှုအားရည်ညွှန်းချက်အဖြစ် အနက်ပြန်ကြသည်။ Bruce Metzger, "A Textual Commentary On the Greek New Testament, pp. 520-522, ၌ ပြောသည်မှာ သဘောကွဲလွဲမှုသည် စာအဖြတ်အတောက် သင်္ကေတများချခြင်းနှင့် ဆက်စပ်သည်ဟု ဆိုသည်။ ရှေးဟောင်းလက်ရေး မူကျမ်းတို့၌ စာလုံးကြီးများဖြင့် ရေးသားရာတွင်

၁။ စာလုံးကြီးစာလုံးငယ်မရှိ

၂။ စာအဖြတ်အတောက် သင်္ကေတမရှိ

၃။ စာပိုဒ်ခွဲခြင်းမရှိ

၄။ စာလုံးတစ်ခုနှင့် တစ်ခုအကြား ကွက်လပ်နေရာပင်ချန်မထားချေ။

▣ **"အရာခပ်သိမ်းအုပ်စိုးတော်မူသူ"** ၎င်းသည်လည်း ခမည်းတော် ဘုရား (ဝါ) သားတော်ယေရှုအကြောင်းရေးသား ဖော်ပြရာစကားစု ဖြစ်နိုင်သည်။ ၎င်းသည် မဿဲ ၂၈း၁၉ က ယေရှု၏ ဖော်ပြချက်နှင့် ကော ၁း၁၅–၂၀က ပေါလု၏ ဖော်ပြချက်တို့ကို ထင်ဟပ်စေသည်။ ခန်းနားထယ်ဝါလှသော ဤစကားစုသည် နာဇရက်မြို့သားယေရှုအား ငြင်းပယ်ခဲ့ကြခြင်း၏ မိုက်မဲမှုမည်မျှ ဆိုးဝါးပုံပြသသည်။

▣ **"အမြဲထာဝရ"** ၎င်းမှာ ဂရိအီဒီယံအသုံးအနှုန်းဖြစ်သည့် "ကပ်ကာလများ" unto ages ဖြစ်သည်။ (လုကာ ၁း၃၃။ ရောမ ၁း၂၅။ ၁၁း၃၅။ ဂလ ၁း၅။ ၁တိ ၁း၁၇)။ ၎င်းမှာ အလားတူ ဆက်စပ်သည့် စကားစု အချို့အနက်တစ်ခုဖြစ်သည်။ (၁) "ကပ်ကာလ" unto the age (မဿဲ ၂၁း၁၉ (မာကု ၁၁း၁၄) လုကာ ၁း၅၅။ ယော ၆း၅၊ ၅၈။ ၈း၃၅။ ၁၂း၃၄။ ၁၃း၈။ ၁၄း၁၆။ ၂ကော ၉း၉) သို့မဟုတ် (၂) "ကမ္ဘာအဆက်ဆက်" of the age of the ages ကပ် ကာလများ၏ ကပ်ကာလ (ကပ်ကာလ အဆက်ဆက်) (ဧဖက် ၃း၂၁)။ "Forever" အမြဲထာဝရဟူသော အသုံးအနှုန်းနှင့် ကွဲပြားခြားနားခြင်းရှိဟန်မတူချေ။ ဝေါဟာရ "ages" ကပ်ကာလများ ကပကမ္ဘာများသည် တင်စားမှု သဘောဖြင့် အများပြကိန်းဖြစ်နိုင်သည်။ ၎င်းမှာ ခန်းနားထယ်ဝါမှုကို ဖော်ပြရာ၌ ဂျူးရိဗ္ဗိ ဆရာကြီးများ သုံးသည့် သဒ္ဒါဖွဲ့စည်းပုံတစ်မျိုး ဖြစ်သည်။ သို့မဟုတ် "အပြစ်ကင်းစေသော ကပ်ကာလ age of innocence, "ဆိုးဆွမ်းသော ကပ်ကာလ age of wickedness " လာလတံ့သော ကပ်ကာလ age to come, သို့မဟုတ် "ဖြောင့်မတ်ခြင်း ကပ်ကာလ" (age of righteousness) စသည့် အဓိပ္ပါယ်ရှိသော ဂျူးလူမျိုးတို့၏ "ကပ်ကာလများ"– ages အယူအဆကို ရည်ညွှန်းခြင်း ဖြစ်နိုင်သည်။

▣ **"အာမင်"** အထူးအကြောင်းအရာ — ၁း၂၅ ၌ ကြည့်ပါ။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၉း၆–၁၃**

**[၆]သို့သော် ၎င်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ပျက်ကွက်ရာ မရောက်ချေ။ အကြောင်းမှာ အစ္စရေးမှ ဆင်းသက်သူအားလုံး အစ္စရေးမဟုတ်ချေ။ [၇]အာဗြဟံ၏ အဆက်အနွယ်တိုင်း အာဗြဟံ၏ ကလေးများမဟုတ်ချေ။ သို့သော် "ဣဇာက်အားဖြင့် သင်၏ အဆက်အနွယ်များဟု မှည့်ခေါ်လိမ့်မည်။" [၈]၎င်းမှာ သွေးသားဇာတိကလေးတို့သည် ဘုရားသခင်၏ ကလေးများမဟုတ်ဘဲ၊ ကတိတော်၏ ကလေးများကိုသာ အဆက်အနွယ်များအဖြစ် မှတ်ယူခြင်းဖြစ်သည်။ [၉]အကြောင်းမှာ "ဤအချိန်၌ ငါကြွလာကာ၊ စာရာသည် သားတစ်ယောက်ထွန်းကားလိမ့်မည်" ဆိုသည်မှာ ကတိစကားတော်ဖြစ်၏။ [၁၀]ဤအရာ၌သာ မဟုတ်ရေဗက္က၌လည်း သူသည် ငါတို့၏ အဘဖြစ်သော ယောကျ်ားတစ်ယောက်အားဖြင့် အမြွှာကိုယ်ဝန်ဆောင်ခဲ့စဉ်က [၁၁]အမြွှာတို့သည် မမွေးဖွားရသေး၊ အကောင်းအဆိုးတစ်စုံတစ်ရာ မပြုမီကပင်၊ ဘုရားသခင်၏ ရွေးချယ်ခြင်းနှင့်ဆိုင်သော အကြံအစည်တော်သည် အကျင့်များကြောင့်မတည်ဘဲ၊ ခေါ်တော်မူသူကြောင့်သာတည်စေခြင်းငှါ [၁၂]သူမအား "သားကြီးသည် သားငယ်အား အစေခံလိမ့်မည်ဟု ပြော၏။ [၁၃]၎င်းမှာ "ယာကုပ်ကို ငါချစ်သော်လည်း၊ ဧသောကို ငါမုန်း၏" ဟု ကျမ်းစာလာသည်နှင့်အညီ ဖြစ်သည်။**

**၉း၆ "ဘုရားသခင်၏ နှုတ်ကပတ်တော်"** ဤကျမ်းပိုဒ်၌ ဤစကားစုသည် ဓမ္မဟောင်း၏ ပဋိညဉ်တရားလာ ကတိတော်များကို ရည်ညွှန်းသည်။ ဘုရားသခင်၏ ကတိတော်များမှာ သေချာသည်။ (တော်လည် ၂၃း၁၉။ ယောရှု ၂၁း၄၅။ ၂၃း၁၄။ ၄ ဓမ္မ ၁၀း၁၀။ ဟေရှာ ၄၀း၈။ ၅၅း၁၁။ ၅၉း၂၁)။

▣

**NASB, NRSV**

**TEV, NJB "ပျက်ကွက်ခဲ့သည်"**

**NRJV "အရာမရောက်ဖြစ်ခဲ့ရပြီ"**

ဤဝေါဟာရ (*ekpiptō*) ကို Septuagint (LXX) ၌ အကြိမ်ပေါင်းအတော်များများသုံးကာ တစ်စုံတစ်ရာ (ဟေရှာ ၆း၁၃) တစ်စုံတစ်ယောက် (ဟေရှာ ၁၄း၁၂) ကျသည်ကို ဆိုလို၏။ ဤနေရာ၌ PERFECT ACTIVE INDICATIVE ဖြစ်ပြီး ကြာရှည်ခံသောအကျိုးသက်ရောက်မှု ဖြစ်နေခြင်း (သို့သော် ၎င်းကို ပယ်ဖျက်ထားသည်) အခြေအနေကို ပြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်အား စိတ်ချသေချာ ရမှုကို အထက်ပါ မှတ်စု၌ ကြည့်ပါ။

**NASB "အကြောင်းမှာအစ္စရေးမှ ဆင်သက်သူ အားလုံးအစ္စရေး မဟုတ်ချေ"**

**NKJV "အကြောင်းမှာ အစ္စရေးဖြစ်သူအားလုံး အစ္စရေးမဟုတ်ချေ။"**

**NRSV "အကြောင်းမှာ အစ္စရေးအားလုံး အစ္စရေးမဟုတ်ချေ။"**

**TEV "အကြောင်းမှာ အစ္စရေး လူမျိုးအားလုံး ဘုရားသခင်၏ လူမျိုးမဟုတ်ချေ"**

**NJB "အကြောင်းမှာ အစ္စရေးမှ ဆင်းသက်သူအားလုံး အစ္စရေးမဟုတ်ချေ"**

ဆန့်ကျင်ဘက်ဖြစ်နေသယောင် ဤဖော်ပြမှုသည် "အစ္စရေး" ဝေါဟာရ၏ သမ္မာကျမ်းစာတော်လာ အဓိပ္ပါယ်ကို တစ်ပတ်နောက်ပြန်လှည့်ပစ်လိုက်သည်။

၁။ ယာကုပ်၏ အဆက်အနွယ်များကို ဆိုလိုသော အစ္စရေး (ကမ္ဘာ ၃၂း၂၂–၃၂)

၂။ ဘုရားသခင်ရွေးကောက်သော လူမျိုးကို ဆိုလိုသော အစ္စရေး (TEV)

၃။ အသင်းတော်ကို ဆိုလိုသော အစ္စရေးဖြစ်သည့် ဝိညာဉ်ရေးရာ အစ္စရေး (ဂလ ၆း၁၆။ ၁ပေ ၂း၈၊ ၉။ ဗျာ ၁း၆) — အပြိုင် — ပကတိ အစ္စရေး (ငယ် ၃–၆)။

အာဗြဟံ၏ ကလေးများအနက် တစ်ချို့ကသာလျှင် ကတိတော်နှင့် ဆိုင်သော ကလေးများ ဖြစ်သည်။ (ငယ် ၇)။ ဂျူးလူမျိုးများပင် သူတို့၏ မျိုးနွယ်ကို အခြေပြု၍ (ငယ် ၇) ဘုရားသခင်နှင့် မှန်ခြင်းမဟုတ်ခဲ့ကြဘဲ၊ သူတို့၏ ယုံကြည်ခြင်းကို အခြေပြုသည်။ (၂း၂၈–၂၉။ ၄း၁။ ယော ၈း၃၁–၅၉။ ဂလ ၃း၇–၉။ ၄း၂၃) ဘုရားသခင်၏ ကတိတော်များကို ခံစားကာ၊ ယုံကြည်ခြင်းအားဖြင့် ၎င်းတို့အားလိုက်လျှောက်ခဲ့ကြ သူများမှာ (၉း၂၇။ ၁၁း၅) ယုံကြည်သူအကြွင်းအကျန်များသာ ဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ၉း၂၇–၂၈ ၌ ကြည့်ပါ။)

အခန်းငယ် ၆ သည် မှန်းဆထားသော ငြင်းဆန်မှု အချို့နှင့် အစပြုသည်။ (၉း၁၄။ ၁၉၊ ၃၀။ ၁၁း၁) ၎င်းသည် ပေါလု၏ ဝေဖန်စာပုံစံ ဆက်လက်ခြင်း ဖြစ်သည်။ ၎င်းမှာ ငြင်းဆန်သူတစ်ယောက်ရှိလေဟန် မျိုးဖြင့် သမ္မာတရားကို ပြောပြခြင်း ဖြစ်သည်။ (မာလ ၁း၂၊ ၆၊၇ နှစ်ခါ ၁၂၊၁၃။ ၂း၁၄၊ ၁၇ နှစ်ခါ၊ ၃း၇၊ ၁၃၊၁၄)။

**၉း၇** ဤအငယ်၏ ပထမပိုင်းတစ်ဝက်မှာ ကမ္ဘာဦး ၂၁း၁၂မှ ဖြစ်သည်။ အာဗြဟံ၏ ကလေးအားလုံးတို့မှာ ဘုရားသခင်၏ ပဋိညာဉ်တရားကတိတော်နှင့် မဆိုင်ကြချေ။ (ကမ္ဘာ ၁၂း၁–၃။ ၁၅း၁–၁၁။၁၇း၁–၂၁။ ၁၈း၁–၁၅။ ဂလ ၄း၂၃)။ ၎င်းသည် အငယ် ၈–၉က ကဏ္ဍရှမေလနှင့် အငယ် ၁၀–၁၁က ယာကုပ်နှင့် ဧသောတို့၏ ကွဲပြားခြားနားမှုများကို ပြသည်။

**၉း၈** ဤနေရာ၌ ပေါလုသည် လူမျိုးရေး အဆက်အနွယ်များကို ရည်ညွှန်းရန် "သွေးသားဇာတိ" ဟူသော ဝေါဟာရ သုံးသည်။ (၁း၃။ ၄း၁။ ၉း၃၊ ၅။ အထူးအကြောင်းအရာ — ၁း၃ ၌ ကြည့်ပါ)။ သူသည် အာဗြဟံ၏ သဘာဝကလေးများ (၉း၃ က ဂျူးများ) နှင့် အာဗြဟံ၏ (ကတိတော်နှင့် ဆိုင်သော ကလေးများ) ဝိညာဉ်ကလေးများ (ဘုရားသခင်၏ ကတိ မေရှိယအား ယုံကြည်ခြင်းဖြင့် ကိုးစားကြမည့် သူများ ၂း၂၈–၂၉) ကို နှိုင်းယှဉ်ပြခြင်း ဖြစ်သည်။ ၎င်းသည် ကျဆင်းသော လူသားအား ရွေးနုတ်ခံလူသားအားနှိုင်းယှဉ်ပြသည် ၈း၄–၁၁ နှင့် မတူချေ။

**၉း၉** ၎င်းမှာ ကမ္ဘာဦး ၁၈း၁၀၊ ၁၂အား ကိုးကားမှု တစ်ခုဖြစ်သည်။ ကတိထားရာကလေး ("အမျိုးအနွယ်") သည် ဘုရားသခင်၏ အစပြုမှုဖြင့် စာရာမှ မွေးဖွားလာလိမ့်မည်။ ၎င်းသည် နောက်ဆုံးတွင်း မေရှိယအရှင်ဖွားမြင်ခြင်း အားဖြင့် ပြီးဆုံးသွားလိမ့်မည်။ ကက္ကဇက်သည် လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်တာကာလ၌ ကမ္ဘာ ၁၂း၁–၃တွင် အာဗြဟံကို ပေးသော ဘုရားသခင်၏ ကတိတော် အထူးပြည့်စုံလာခဲ့ခြင်း ဖြစ်သည်။

**၉း၁၀** အာဗြဟံ ကက္ကဇက်နှင့် ယာကုပ်တို့၏ ဇနီးများ မြုံခဲ့ကြသည်။ သူတို့ကိုယ်ဝန်မဆောင်နိုင်ခဲ့ကြချေ။ ကလေးရရန်သူတို့ မစွမ်းနိုင်ဖြစ်ကြရခြင်းမှာ မေရှိယ၏ မျိုးနွယ်နှင့် ဆိုင်သော မိမိ၏ ပဋိညာဉ်တရား ကတိတော်များကို မိမိ ထိန်းချုပ်နေကြောင်း ဘုရားသခင်ပြသခြင်း နည်းလမ်းတစ်မျိုးဖြစ်သည်။

အခြားနည်းလမ်းတစ်မျိုးမှာ မေရှိယ၏ မျိုးနွယ်သည် ဘိုးဘေးများ၏ သားကြီးများအားဖြင့် ဆင်းသက်ခြင်း မရှိခဲ့ဘူးချေ။ (၎င်းမှာ ဓလေ့ထုံးစံအရ မြော်လင့်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်)။ သော့ချက်မှာ ဘုရားသခင်၏ ရွေးချယ်မှုဖြစ်သည်။ (ငယ် ၁၁–၁၂)။

**၉း၁၁–၁၂**။ အငယ် ၁၁–၁၂မှာ ဂရိလို ဝါကျတစ်ခုတည်း ဖြစ်သည်။ ဤအချက်ကို ကမ္ဘာ ၂၅း၁၉–၃၄ မှ ယူခြင်းဖြစ်သည်။ ဘုရားသခင်၏ ရွေးချယ်မှုမှာ (ငယ် ၁၆) (၁) လူသားမျိုးနွယ်မလိုက် (၂) လူသား၏ ထိုက်တန်မှု သို့မဟုတ် စွမ်းဆောင်နိုင်မှု (ငယ် ၁၆) မလိုက်ကြောင်း သက်သေပြရန် ဤ ဥပမာကို သုံးသည်။ ၎င်းမှာ ဇဝ်ဂေလိသတင်းကောင်း၏ အသစ်သော ယန္တရား၊ အသစ်သော ပဋိညာဉ်ဖြစ်သည်။ (ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၂–၃၆)။ မည်သို့ ဖြစ်စေ ဘုရားသခင်၏ ရွေးချယ်မှုမှာ အခြားသူများကို ဖယ်ထုတ်ရန် မဟုတ်ဘဲ၊ ပါဝင်စေရန် ဖြစ်သည်! မေရှိယသည် လက်ရွေးစင်မျိုးရိုးတစ်ခုမှ ကြွလာမည်ဖြစ်သော်လည်း သူသည် လူသားအားလုံးအတွက် ကြွလာလိမ့်မည်။ (ယုံကြည်ခြင်းကို ကျင့်သုံးသူအားလုံး။ ၂း၂၈–၂၉။ ၄း၃၊ ၂၂–၂၅။ အခန်းကြီး ၁၀)။

**၉း၁၁** "ရည်ရွယ်ချက်" ၎င်းမှာ pro အပေါင်း tithemi ပါဝင်သော ပေါင်းစပ်ဝေါဟာရတစ်မျိုးဖြစ်ကာ အဓိပ္ပါယ် အမျိုးမျိုးရှိသည်။

၁။ ရောမ ၃း၂၅ ၌

(က) အများပြည်သူမြင်သာအောင်ပြသည်

(ခ) အပြစ်ဖြေရာ လက်ဆောင် (ပူဇော်သက္ကာ)

၂။ တင်ကူး၍ စီမံသည်

(က) ပေါလု၊ ရောမ ၁း၁၃

(ခ) ဘုရားသခင်၊ ဧဖက် ၁း၉

ၚင်း၏ နာမ်ပုံစံ (prothesis) ကို ဤနေရာ၌ “ရှေ့၌ ထားသည်” ဟူသော အဓိပ္ပါယ်ဖြင့် သုံးသည်။

၁။ ဗိမာန်တော်ထဲက ရှေ့တော်မုံ့နှင့် ဆိုင်၍ သုံးသည်။ မဿဲ ၁၂း၄။ မာကု ၂း၂၆။ လုကာ ၆း၄။

၂။ ဘုရားသခင်၏ ရွေးနှုတ်ခြင်း ရည်ရွယ်ချက်ဖြစ်သော ကြိုတင်ဆုံးဖြတ်ခြင်းနှင့် ဆိုင်၍ သုံးသည်။ ရောမ ၈း၂၈။ ၉း၁၁။ ဧဖက် ၁း၅၊ ၁၁။ ၃း၁–။ ၂တိ ၁း၉။ ၃း၁၀

ပေါလုသည် ဝိဘတ် pro (ရှေ့၌)နှင့် တွဲ၍ ပေါင်းစပ် ဝေါဟာရ အတော်များများကို ရောမ ၈၊၉၊၁၀နှင့် ဧဖက် ဩဝါဒစာ တို့၌ သုံးသည်။ (ၚင်းစကားလုံးတို့သည် ဘုရားသခင်စီမံထားသော လုပ်ဆောင်မှုကို ပြသည်)

၁။ *proginōskō* (ကြို၍ သိသည်) ရောမ ၈း၂၉

၂။ *proorizō* (အချိန်မတိုင်မီ ပုံစံချသည်) ရောမ ၈း၂၉ (ဧဖက် ၁း၅၊ ၁၁) ၃၀ (ဧဖက် ၁း၉)။

၃။ *prothesis* (ကြိုတင်ဆုံးဖြတ်သော ရည်ရွယ်ချက်) ရောမ ၉း၁၁

၄။ *proetoimazō* (အချိန်မတိုင်မီ အစပြု) ရော ၉း၂၃

၅။ *prolego* (ယခင်ကပြောခဲ့သည်) ရောမ ၉း၂၉

၆။ *proelpizō* (အချိန်မတိုင်မီ မျှော်လင့်ခဲ့သည်) ဧဖက် ၁း၁၂

**၉း၁၂** ၚင်းမှာ ဧသောနှင့် ယာကုပ်တို့ အကြောင်း ကမ္ဘာ ၂၅း၂၃ ၌ ရှိသော အနာဂတ္တိစကားကို ကိုးကားခြင်း ဖြစ်သည်။ ရေဗက္ကနှင့် ယာကုပ်တို့သည် ကောင်းကြီးနှင့် ဆိုင်၍ ဣဇက်အားလှည့်စားခဲ့ရာ၌ သူတို့၏ ပုဂ္ဂိုလ်ရေး အကျိုးအတွက် မဟုတ်ဘဲ၊ အနာဂတ္တိစကားတော်လာအတိုင်း ပြုမူခဲ့ကြခြင်းဖြစ်ကြောင်း ဤကျမ်းပိုဒ်အားဖြင့် ပြသသည်။

**၉း၁၃** “သို့သော် ဧသောကို ငါမုန်းသည်” ၚင်းမှာ မာလခိ ၁း၂–၃မှ ကိုးကားချက်ဖြစ်သည်။ “မုန်းသည်” — hate ဆိုသည်မှာ နှိုင်းယှဉ်ရာ၌ သုံးသော ဟေဗြဲ စကားလုံးတွဲ သုံးနှုန်းပုံ တစ်မျိုးဖြစ်သည်။ ၚင်းသည် ပြင်းထန်နေသယောင် ထင်ရသော်လည်း ကမ္ဘာ ၂၉း၃၀–၃၃။ တရား ၂၁း၁၅။ မဿဲ ၁၀း၃၇–၃၈။ လုကာ ၁၄း၂၆ နှင့် ယော ၁၂း၂၅ တို့နှင့် နှိုင်းယှဉ် လေ့လာကြည့်ပါ။ လူသားကဲ့သို့ ပြောသော ဝေါဟာရများဖြစ်သည် “ချစ်သည်” နှင့် “မုန်းသည်“ တို့မှာ ဤလူတစ်ဦးချင်းတို့ အပေါ် ဘုရားသခင်၏ စိတ်ခံစားမှုနှင့် မဆိုင်ဘဲ၊ မေရှိယနှင့် ဆိုင်သော မျိုးနွယ်နှင့် ကတိတော် အပေါ် ဘုရားသခင်၏ အာမခံချက်နှင့် ဆိုင်သည်။ ယာကုပ်သည် ကမ္ဘာဦး ၂၅း၂၃ က အနာဂတ္တိစကားပေါ် အခြေပြုသည့် ကတိတော်သား ဖြစ်သည်။ ဧသောကမူ မာလခိ ၁း၂–၃ အရ ဧဒုံလူမျိုးကို ညွှန်းသည်။ (ဧသော၏ အဆက်အနွယ်)။

## အထူးအကြောင်းအရာ။ ။ ဘုရားသခင်အား လူသားကဲ့သို့ ရေးသား ဖော်ပြခြင်း။
***(ANTHROPOMOPHIC LANGUAGE)***

I. ဤပုံစံစကားအသုံးအနှုန်းသည် ဓမ္မဟောင်းကျမ်း၌အလွန်အသုံးများသည်။ (ဥပမာအချို့မှာ)

က။ ခန္ဓာကိုယ်အစိတ်အပိုင်းများ

၁။ မျက်စိ — က၊ ၁း၄၊ ၃၁။ ၆း၈။ ထွက် ၃၃း၁၇။ တော ၊ ၁၄း၁၄။ တရား၊ ၁၁း၁၂။ ဇာ၊ ၄း၁၀

၂။ လက် — ထွက် ၁၅း၁၇။ တော ၁၁း၁၃။ တရား ၂း၁၅။

၃။ လက်မောင်း – ထွက် ဖ:ဖ။ ၁၅:၁ဖ။ တော ၁၁:၂၃။ တကား ၄:၃၄။ ၅:၁၅။

၄။ နားရွက် — တော ၁၁:၁၈။ ၁ဓမ္မ ၈:၂၁။ ၄ဓမ္မ ၁၉:၁ဖ။ ဆာ ၅:၁။ ၁၀:၁၇။ ၁၈:ဖ။

၅။ မျက်နှာ — ထွက် ၃၂:၃၀။ ၃၃:၁၁။ တော ဖ:၂၅။ တရား ၃၄:၁၀။ ဆာ ၁၁၄:၇။

ဖ။ လက်ချောင်းများ – ထွက် ၈:၁၉။ ၃၁:၁၈။ တရား ၉:၁၀။ ဆာ ၈:၃။

၇။ အသံ — ကမ္ဘာ ၃:၈–၁၀။ ထွက် ၁၅:၂ဖ။ ၁၉:၁၉။ တရား ၂ဖ:၁၇။ ၂၇:၁၀။

၈။ ခြေထောက် — ထွက် ၂၄:၁၀။ ယေဇ ၄၃:၇။

၉။ လူသားသဏ္ဍာန် — ထွက် ၂၄:၉–၁၀။ ဆာ ၄၈။ ဟေရှာ ဖ:၁။ ယေဇ ၁:၂ဖ။

၁၀။ ထာဝရဘုရား၏ကောင်းကင်တမန် — က ၁ဖ:၇–၁၃။ ၂၂:၁၁–၁၅။ ၃၁:၁၁၊ ၁၃။ ၄၈:၁၅–၁ဖ။ ထွက် ၃:၄၊ ၁၃–၂၁။ ၁၄:၁၉။ တရားသူ ၂:၁။ ဖ:၂၂–၂၃။ ၁၃:၂–၂၂။

ခ။ ခန္ဓာကိုယ်ပြုမူလှုပ်ရှားမှုများ

၁။ ဖန်ဆင်းခြင်း စက်ယန္တရားအဖြစ်စကားပြောခြင်း – က ၁:၃၊ ဖ၊ ၉၊ ၁၁၊ ၁၄၊ ၂၀၊ ၂၄၊ ၂ဖ။

၂။ ဧဒင်ဥယျာဉ်၌လမ်းလျှောက်ခြင်း (အသံ) — က ၃:၈။ ၁၈:၃၃။ ဟာဗ ၃:၁၅။

၃။ နောဧ၏သင်္ဘောတံခါးပိတ်ခြင်း – က ၇:၁ဖ

၄။ မီးရှို့သောယဇ်ကောင်များ အနံ့ကို ရှူခြင်း – က ၈:၂၁။ ဝတ် ၂ဖ:၃၁။ အာမု ၅:၂၁

၅။ ဆင်းလာခြင်း – က ၁၁:၅။ ၁၈:၂၁။ ထွက် ၃:၈၊ ၁၉:၁၁၊ ၁၈၊ ၂၀

ဖ။ မောရှေကို သင်္ဂြိုဟ်ခြင်း – တရား ၃၄:ဖ

ဂ။ လူသား၏စိတ်လှုပ်ရှားမှုများ (ဥပမာ အချို့)

၁။ နောင်တရ – က ဖ:ဖ၊၇။ ထွက် ၃၂:၁၄။ တရားသူ ၂:၁၈။ ၁ဓမ္မ ၁၅:၂၉၊ ၃၅။ အာမုတ် ၇:၃၊ ဖ။

၂။ စိတ်ဆိုး – ထွက် ၄:၁၄။ ၁၅:၇။ တော ၁၁:၁၀။ ၁၂:၉။ ၂၂:၂၂။ ၂၅:၃၊ ၄။ ၃၂:၁၀၊ ၁၃၊ ၁၄။ တရား ဖ:၅။ ၇:၄။ ၂၉:၂၀

၃။ သဝန်တို (အပြစ်ရှိသည်ဟု ထင်လွယ်) — ထွက် ၂၀:၅။ ၃၄:၁၄။ တရား ၄:၂၄။ ၅:၉။ ဖ:၁၅။ ၃၂:၁ဖ၊ ၂၁။ ယောရှု ၂၄:၁၉။

၄။ ရွံရှာ — ဝတ် ၂၀:၂၃။ ၂ဖ:၃၀။ တရား ၃၂:၁၉

ဃ။ မိသားစုဝေါဟာရများ (ဥပမာအချို့)

၁။ ဖခင်

(က) အစ္စရေးများနှင့်ဆိုင်၍ — ထွက် ၄:၂၂။ တရား ၁၄:၁။ ၃၉:၅။

(ခ) ရှင်ဘုရင်နှင့်ဆိုင်၍ — ၂ဓမ္မ၇:၁၁–၁ဖ။ ဆာ ၂:၇။

(ဂ) ဖခင်ကဲ့သို့ပြုမူသူအဖြစ်တင်စားမှုများ – တရား ၁း၃၁။ ၈း၅။ ၃၂း၁။ ဆာ ၅၇း၁၀။ သု ၃း၁၂။ ယေ ၃း၄၊ ၂၂။ ၃၁း၂၀။ ဟော ၁၁း၁–၄။ မာလ ၁၁း၁–၄

၂။ မိဘများ – ဟော ၁၁း၁–၄

၃။ မိခင် — ဆာ ၂၇း၁၀ (နို့ထိန်းသည်ကဲ့သို့)၊ ဟေရှာ ၄၉း၁၅။ ၆၆း၉–၁၃

၄။ ငယ်ချစ်ဦး –ဟော ၁–၃

**II. ဤပုံစံဘာသာစကားသုံးရခြင်းအကြောင်းရင်းများ**

က။ ဘုရားသခင်သည်မိမိကိုယ်မိမိလူသားများအား ဖွင့်ပြရန် ထိုပုံစံလိုအပ်သည်။ ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်၍ မမြင်ရသဖြင့် ဘုရားသခင်အားလူသားအဖြစ် ရေးသားဖော်ပြကာ ယောကျ်ားအဖြစ် ယူဆခြင်းမှာ အလွန်ပျံ့နှံ့သည်။

ခ။ ဘုရားသခင်သည်လူသားဘဝ၏အဓိပ္ပါယ်အရှိဆုံး မြင်ကွက်များကိုယူကာ ကျဆင်းသောလူသားအား မိမိကိုယ်မိမိ ဖော်ထုတ်ပြသရန် အသုံးပြုသည်။ (ဖခင်၊ မိခင်၊ မိဘ၊ ချစ်မြတ်နိုးသူ)

ဂ။ ရုပ်ခန္ဓာပုံစံအမျိုးမျိုးဖြင့် မိမိကိုယ်မိမိကန့်သတ် ထုတ်ပြရန် လိုအပ်မှုရှိသော်လည်း ထိုသို့ပြုရန် ဆန္ဒမရှိချေ။ (ထွ ၂၀။ တရား ၅)

ဃ။ ဘုရားသခင်အား လူသားကဲ့သို့ ရေးသားဖော်ပြခြင်း၏ အထွဋ်အထိပ်မှာ ယေရှုအဖြစ်လူဝင်စားခြင်းဖြစ်သည်။ ဘုရားသခင်သည် ရုပ်ခန္ဓာတို့ထိ၍ရသောသူ ဖြစ်လာခဲ့သည်။ (၁ယော ၁း၁–၃)။ ဘုရားသခင်၏သတင်းစကားသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်လာသည်။ (ယော ၁း၁–၁၈)။

**NASB** (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၉း၁၄–၁၈

[14]သို့ဖြစ်လျှင် မည်သို့ ပြောရမည်နည်း? ဘုရားသခင်၌ တရားမျှတမှုမရှိ၍လော့? မည်သည့်အခါ၌မျှ ထိုသို့ မဖြစ်ရ! [15]အကြောင်းမှာ သူသည် မောရှေအား ငါဂရုဏာလက်ကို သူကို ဂရုဏာသက်ကာ၊ သနားကြင်နာလိုသော သူကို သနား ကြင်နာမည်" ဟု ဆိုသည်။ [16]ထိုကြောင့် ၎င်းသည် အလိုရှိသူ (ဝါ) ပြေးသော သူပေါ်အခြေမပြုဘဲ၊ ဘုရားသခင်၏ ဂရုဏာတော်ပေါ်မူတည်ခြင်း ဖြစ်သည်။ [17]သမ္မာကျမ်းစာပြောသည်မှာ ဖါရိုအား "ငါ၏ တန်ခိုးတော်ကို သင်၌ လက်တွေ့ပြသကာ၊ ငါ၏ နာမတော် ကမ္ဘာမြေတစ်လျှောက်၌ ကြွေးကြော်ခြင်း ဖြစ်စေရန်တည်း ဟူသော ဤရည်ရွယ်ချက်ဖြင့် သင့်ကို ငါချီးမြှောက်သည်" ဟု ဆို၏။ [18]ထိုကြောင့် သူသည် မိမိ ဂရုဏာကို သူကို ဂရုဏာ သက်ကာ၊ မိမိစိတ်မာစေလို သူကို စိတ်မာစေသည်။

**၉း၁၄** "သို့ဖြစ်လျှင် မည်သို့ ပြောရမည်နည်း" ပေါလုသည် ဤဝေဖန်စာပုံစံမျိုး မကြာခဏသုံးသည်။ (၃း၅။ ၄း၁။ ၆း၁။ ၇း၇။ ၈း၃၁။ ၉း၁၄၊ ၁၉၊ ၃၀)

▣ "ဘုရားသခင်၌ တရားမျှတမှုမရှိ၍လော" သဒ္ဒါသဘောအရ အဖြေ "မ" ကို မျှော်လင့်သည်။ ဘုရားသခင်၏ အချုပ်အချာ အာဏာအားဖြင့် ဆုံးဖြတ်သည် ဆိုလျှင် ဘုရားသခင်သည် အဘယ်ကြောင့် လူသား၌ တာဝန်ရှိသည်ဟု ဆိုရသနည်း? (ငယ် ၁၉)။ ၎င်းမှာ ရွေးကောက်ခြင်း၏ လျှို့ဝှက်နက်နဲသောအရာဖြစ်သည်။ ဤကျမ်းပိုဒ်၌ အဓိက အထူးပြုရာ သော့ချက်မှာ လူသား (ပုန်ကန်သူ လူသား) နှင့် ဆိုင်၍ ဘုရားသခင်သည် မိမိဆန္ဒအတိုင်းပြုနိုင်ခွင့် ရှိသည် မှန်သော်လည်း ဘုရားသခင်၏ အချုပ်အချာ အာဏာကို တန်ခိုးတော်ဖြင့် အစိမ်းလိုက်ဖော်ပြခြင်း မပြုဘဲ ဂရုဏာတော်အားဖြင့် ဖော်ပြသည် (ငယ် ၁၅ ၏ မှတ်ချက်၌ ကြည့်ပါ။)

နောက်ထပ်ဖော်ပြရန် အချက်တစ်ချက်မှာ ဘုရားသခင်၏ အချုပ်အချာ အာဏာဖြင့် ရွေးချယ်မှုသည် အနာဂတ်၌ ပြုမည့် လူသား၏ ရွေးချယ်မှုများနှင့် အပြုအမူများအား ကြိုတင်သိရှိထားမှုပေါ် အခြေမပြုကြောင်း ဖြစ်သည်။ ဤသို့ဖြစ်ခဲ့မည်ဆိုပါက လူတစ်ဦးချင်း၏ ရွေးချယ်မှုများနှင့် လုပ်ဆောင်မှုများသည် အဆုံး၌ ဘုရားသခင်၏ ရွေးချယ်မှုများအတွက် အခြေခံဖြစ်လာပေမည်။ (ငယ် ၁၆။ ၁ပေ ၁း၂)။ ဖြောင့်မတ်သူများ ကြီးပွါးအောင်မြင်ခြင်း ဆိုင်ရာ ဂျူးလူမျိုးများ၏ အစဉ်အလာ ရှုမြင်ပုံမှာ ၎င်းအတိုင်း ဖြစ်သည်။ (တရား ၂၇–၂၈။ ယောဘနှင့် ဆာလံ ၇၃)။ သို့သော် ဘုရားသခင်သည် မထိုက်မတန်သော သူများကို ယုံကြည်ခြင်းမှတဆင့် (လုပ်ဆောင်မှု အားဖြင့် မဟုတ် ၅း၈) ကောင်းချီးပေးရန် ရွေးချယ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်းသိရှိထားသော်လည်း မိမိရွေးချယ်မှုကို (၁) ကရုဏာတော်အားဖြင့် (၂) ကတိတော်အားဖြင့် ကန့်သတ်ခြင်းပြုသည်။ လူား၏ တုံ့ပြန်မှုလိုအပ်သည် မှန်သော်လည်း၊ ဘုရားသခင်၏ ရွေးချယ်ကာ၊ ရွေးကောက်တော်မူခြင်းအား ဘဝအသက်တာပြောင်းလဲခြင်းသည် လိုက်ပါလာ၍ အတည်ပြုသည်။

▣ **"ထိုသို့မည်သည့်အခါ၌မျှ မဖြစ်ရ"** ရှားပါးသော OPATIVE FORM ဖြစ်ပြီး၊ ပေါလုသည် မိမိ၏ ငြင်းဆန်စာဟန်များ၌ ငြင်းဆန်သူသည် လုံးဝငြင်းပယ်လိုက်ခြင်းအား အလေးအနက်ပြုရန် မကြာခဏသုံးသည်။ (၃း၄၊ ၆၊၃၁။ ၆း၂၊ ၁၅။ ၇း၇၊ ၁၃။ ၁၁း၁၊ ၁၁နှင့် ၁ကော ၆း၁၅။ ဂလ ၂း၁၇။ ၃း၂၁။ ၆း၁၄)။ ၎င်းမှာ ဟေဗြဲ စကားလုံးတွဲ အသုံးအနှုန်း တစ်ခုလည်း ဖြစ်နိုင်သည်။

**၉း၁၅** ၎င်းမှာ ထွက် ၃၃း၁၉မှ ကိုးကားခြင်း ဖြစ်သည်။ ဘုရားသခင်သည် ရွေးနှုတ်ခြင်းဆိုင်ရာ မိမိ၏ ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်ရန် လွတ်လပ်မှုရှိသည်။ မောရှေပင်လျှင် ဘုရားသခင်၏ ကောင်းချီးမခံထိုက်ခဲ့ချေ။ (ထွက် ၃၃း၂၀)။ သူသည် လူသတ်သမားတစ်ယောက် ဖြစ်သည်။ (ထွက် ၂း၁၁–၁၅)။ သော့ချက်မှာ ဘုရားသခင်၏ ရွေးချယ်မှုမှာ ဂရုဏာတော်အားဖြင့် ဖြစ်သည်။ (ငယ် ၁၆၊ ၁၈–၂၃။ ၁၁း၃၀၊၃၁၊၃၂)။

**၉း၁၅–၁၆** "ဂရုဏာ" ဤဂရိစကား (eleos ငယ် ၁၅၊၁၆၊၂၃။ ၁၁း၃၀၊၃၁၊၃၂) ကို Septuagint (LXX) ၌ ဟေဗြဲ အထူးစကားလုံး hesed ကို ဘာသာပြန်ရန် သုံးခြင်းဖြစ်၍ အဓိပ္ပါယ်မှာ "တည်မြဲသော၊ ပဋိညဉ်တရားဆိုင်ရာ သစ္စာရှိမှု" ဟူ၍ ဖြစ်သည်။ (ဓမ္မသစ်ကျမ်း ရေးသားသူများသည် ဟေဗြဲလို တွေးပြီး၊ ဂရိနေ့စဉ်သုံးစကားဖြင့် ရေးသားကြခြင်း ဖြစ်ကြောင်း သတိရပါ။) ဘုရားသခင်၏ ဂရုဏာတော်နှင့် ရွေးကောက်တော်မူခြင်းသည် အများကိန်း၊ တစ်စုတစ်ပေါင်းတည်းဖြစ်ကြောင်း အား ကက္ကဇက်၏ အဆက်အနွယ်များအားလုံး ဖြစ်သည့် ဂျူးများကို ရွေးချယ်သော်လည်း၊ ဣရှမေလ၏ အဆက်အနွယ်များအားလုံးဖြစ်သည့် အာရပ်လူမျိုးများကို မှုမရွေးချယ်ခြင်း၊ အစ္စရေးလူမျိုးဖြစ်သည့် ယာကုပ်၏ အဆက်အနွယ်များကို ရွေးချယ်သော်လည်း ဧသော၏ အဆက်အနွယ်များ ဖြစ်သည့် ဧဒုံတစ်မျိုးလုံးအား ရွေးချယ်ခြင်းမပြုမှု၌ တွေ့ရသည်။ သို့သော် ယုံကြည်သူ ဂျူးများနှင့် ယုံကြည်သူတစ်ပါး အမျိုးသားများကိုမူ (ငယ် ၂၄) တစ်ဦးတစ်ယောက်ချင်းအလိုက် ရွေးချယ်သည်။ ၎င်းမှာ ကြိုတင်ခန့်ထားခြင်း ရွေးကောက်ခြင်း (တစ်ကမ္ဘာလုံး အားရွေးနှုတ်ခြင်း) အကြောင်း၏ လျှို့ဝှက်နက်နဲမှုကို ဖွင့်သောသော့ ဖြစ်သည်။ အခန်းကြီး ၉–၁၁ပါ အကြောင်းအရာ၏ အခြားသော့တစ်ခုမှာ ပြောင်းလဲခြင်း မရှိသော ဘုရားသခင်၏ ကြင်အင်လက္ခဏာဖြစ်သည့် – ဂရုဏာတော်ဖြစ်ပြီး (၉း၁၅၊၁၆၊၁၈၊၂၃။ ၁၁း၃၀၊ ၃၁၊၃၂) လူသား၏ လုပ်ဆောင်မှုမဟုတ်ချေ။ ရွေးချယ်မှုမှ တစ်ဆင့်ဖြစ်သော ဂရုဏာတော်ကို နောက်ဆုံးတွင် ခရစ်တော်ကို ယုံကြည်သူအားလုံး ရရှိခံစားကြပေမည်။ ထိုအရှင်သည် အားလုံးအတွက် ယုံကြည်ခြင်း တံခါးဖွင့် ပေးသူဖြစ်သည်။ (၅း၁၈–၁၉)။

## အထူးအကြောင်းအရာ။ ။ ချစ်သနားတော်မူခြင်း (HESED)

ဤဝေါဟာရ၌ စကားလုံး အဓိပ္ပါယ်ပြောင်းလဲမှုဆိုင်ရာ ကျယ်ပြန့်သော နယ်ပယ်ရှိသည်။ BDB သည် ၎င်းကို ဤကဲ့သို့ ပေါ်လွင်ထင်ရှားစေသည်။ (၃၃၈–၃၃၉)

က။ လူသားများနှင့် ဆိုင်၍ အသုံးပြုပုံ

(၁) မိမိအပေါင်းအသင်းများကို သနားခြင်း (၁ဓမ္မ ၂၀း၁၄။ ၂ရာ ၂၄း၂၂)

(၂) မရှိဆင်းရဲသားများကို သနားခြင်း (မိက္ခာ ၆း၈)

(၃) နှစ်သက်မြတ်နိုးခြင်း (ယေရ ၂း၂။ ဟောရှေ ၆း၄)

(၄) ရုပ်တွင် သဏ္ဍာန် (ဟေရှာ ၄၀း၆)

ခ။ ဘုရားသခင်နှင့် ဆိုင်၍ အသုံးပြုခဲ့ပုံ

၁။ ပဋိညဉ်တရားဆိုင်ရာ သစ္စာနှင့် အချစ်

(က) "ရန်သူများနှင့် ဒုက္ခမှ ရွေးနှုတ်ရာ၌" (ယေရ ၃၁း၃။ ဧဇရ ၂၇း၂၈။ ၉း၉)

(ခ) "အသက်ကို သေဘေးမှ ဘေးကင်းလုံခြုံစေရာ၌" (ယောဘ ၁၀း၁၂။ ဆာ ၈၆း၁၃)

(ဂ) "ဝိညာဉ် အသက်ရှင်စေရာ၌" (ဆာ ၁၁၉း၄၁၊ ၇၆း၈၈၊ ၁၂၄၊ ၁၄၉၊၁၅၀)

(ဃ) "အပြစ်မှ ရွေးနှုတ်ရာ၌" (ဆာ ၂၅း၇။ ၅၁း၃)။

(င) "ပဋိညာဉ်တရားများကို စောင့်ထိန်းရာ၌" (၂ရာ ၆း၁၄။ နေဟမိ ၁း၅။ ၉း၃၂)

၂။ ဘုရားသခင်၏ ဂုဏ်ပုဒ်ကို ဖော်ပြရာ၌ (ထွက် ၃၆း၄။ မိက္ခာ ၇း၂၀)

၃။ ဘုရားသခင်၏ သနားကြင်နာမှု

(က) "ပေါကြွယ်သည်" (နေဟမိ ၉း၁၇။ ဆာ ၁၀၃း၈)

(ခ) "အတိုင်းအတာ ကြီးမာသည်" (ထွက် ၂၀း၆။ တရား ၅း၁၀။ ၇း၉)

(ဂ) "အမြဲထာဝရ" (၁ရာ ၁၆း၃၄။ ၄၁။ ၂ရာ ၅း၁၃။ ၇း၃၊၆။ ၂၀း၂၁။ ဧဇရ ၃း၁၁)

၄။ သနားကြင်နာခြင်းအပြုအမူများ (၂ရာ ၆း၄၂။ ဆာ ၈၉း၂။ ဟေရှာ ၅၅း၃။ ၆၃း၇။ မြည်တမ်း ၃း၂၂)

**၉း၁၇–၁၈**။ အငယ် ၁၇ သည် တကမ္ဘာလုံးကို လွှမ်းခြုံသော တန်ခိုးကြီးမားသည့် ကိုးကားချက်ဖြစ်ပြီ။ ထွက် ၉း၂၆ မှ ယူသည်။ အငယ် ၁၈ မှာ ထိုကိုးကားမှုကို နိဂုံးချုပ်အဖြစ် အသုံးပြုခြင်း ဖြစ်သည်။ ဖါရိုဘုရင်အား သူ့စိတ်သူမာကြော စေသည်ဟု ထွက် ၁၈း၁၅၊၁၉၊ ၃၂။ ၉း၃၄ တို့၌ ပြောသည်။ နောက်တစ်ခါ သူ့စိတ်ကို ဘုရားသခင်မာကြောစေသည်ဟု ပြောသော ကျမ်းပိုဒ်များမှာ ထွက် ၄း၂၁။ ၇း၃။ ၉း၁၂။ ၁၀း၂၀၊ ၂၇။ ၁၁း၁၀။ တို့ ဖြစ်သည်။ ဤဥပမာကို ဘုရားသခင်၏ အချုပ်အချာအာဏာအား ဖော်ပြရန် အသုံးပြုလေ့ရှိသည်။ (ငယ် ၁၈)။ ဖါရိုသည် မိမိရွေးချက်မှုအတွက် တာဝန်ရှိသည်။ ဘုရားသခင်သည် အစ္စရေးအတွက် မိမိအလိုတော်ပြီးစီးသွားစေရန် ဖါရို၏ မောက်မာမှု၊ ခေါင်းမာမှုကို အသုံးပြုသည်။ (ငယ် ၁၈)

ဖါရိုနှင့်ဆိုင်၍ ဘုရားသခင် ပြုမူပုံ၏ ရည်ရွယ်ချက်မှာ ရွေးနှုတ်ခြင်းဖြစ်ပြီး အတိုင်းအတာအားဖြင့် ပါဝင်သည်

၁။ ဘုရားသခင်၏ တန်ခိုးတော်ကို ပြသရန် (ကမ္ဘာဦး ၁ ၌ ဗာဗုလုန်၏ ကြယ်တရာ ဘုရားများ နည်းတူ အီဂျစ်လူမျိုးများ၏ သဘာဝနှင့် တိရစ္ဆာန် ဘုရားများနှင့် အပြိုင်)

၂။ အီဂျစ်အား ဘုရားသခင်ကို ဖွင့်ပြခြင်းသည် တကမ္ဘာလုံးအား ပြသခြင်း သဘောဖြစ်သည် (ငယ် ၁၇)။

အနောက်တိုင်း (အမေရိကန်) ၏ အတွေး၌ လူတစ်ဦးချင်းကို အဓိကထားသော်လည်း အရှေ့တိုင်း၏ အတွေး၌ တစ်ခုလုံး၏ လိုအပ်မှုကို အာရုံစိုက်သည်။ ဘုရားသခင်သည် တကမ္ဘာလုံး၏ လိုအပ်မှုအတွက် မိမိကိုယ်မိမိဖွင့်ပြရန် ဖါရိုကို သုံးသည်။ သူသည် မယုံကြည်သူ အစ္စရေးကိုလည်း ထိုနည်းတူ ပြုလိမ့်မည်ဖြစ်သည်။ (အခန်းကြီး ၁၁)။ ဤသဘော၌ တစ်ခုလုံး၏ လိုအပ်ချက်ထဲ၌ တစ်ဦးချင်း၏ လိုအပ်မှုမှာ ဖယ်ရှားခံရသည်။ ဓမ္မဟောင်းကျမ်း၏ တစ်စုတစ်ပေါင်းတည်း ဥပမာများကိုလည်း သတိရပါ။

၁။ ဘုရားသခင်နှင့် စာတန်တို့၏ ဆွေးနွေးမှုကြောင့် ယောဘ၏ မူလကလေးများသေဆုံးသွားခဲ့ကြသည် (ယောဘ ၁–၂)

၂။ အာဒံ၏ အပြစ်ကြောင့် အစ္စရေးစစ်သားများ သေဆုံးခဲ့ကြသည်။ (ယောရှု ၇)

၃။ ဒါဝိဒ်အပြစ်ကြောင့် ဒါဝိဒ်နှင့် ဗာသရှေဘ ရသော ပထမကလေး သေဆုံးသွားသည် (၂ဓမ္မ ၁၂း၁၅)

အခြားသူတစ်ပါး၏ ရွေးချယ်မှုများသည် ကျွန်တော်တို့အားလုံးကို ထိခိုက်သည်။ ဤတစ်စုတစ်ပေါင်းတည်း သဘောကို ဓမ္မသစ်ကျမ်းတွင် ရောမ ၅း၁၂–၂၁ ၌ တွေ့ရသည်။

▣ "သမ္မာကျမ်းစာပြောသည်မှာ" သမ္မာကျမ်းစာကို လူသားကဲ့သို့ ပြောခြင်းသည် ၎င်း၏ အသက်ရှင်မှုနှင့် ဆီလျော်မှုကို ပြသည်။ (၁၀း၆–၈) ပေါလုသည် "အပြစ်" နှင့် "သေခြင်း" ကိုလည်း ရောမ (၆း–၇) ၌ သက်ရှိလူသားကဲ့သို့ ပြောသည်!

## NASB (နောက်ဆုံးပြင်ဆင်သော) ကျမ်း။ ။ ၉း၁၉–၂၆

**[၁၉]သို့ဖြစ်လျှင် "ဘုရားသခင် အဘယ်ကြောင့် အပြစ်တင်တော်မူရသေးသနည်း? ဘယ်သူသည် အလိုတော်ကို တားဆီးခဲ့ဘူးသနည်း?**

**[၂၀]ထိုသို့ ဖြစ်ရမည့်အစား ဘုရားသခင်ကို စကားတုံ့ပြန်ပြောဆိုသူအသင် လူသားမှာ မည်သူနည်း? ပုံသွင်းသောအရာသည် ပုံသွင်းသူအား "အဘယ်ကြောင့် သင်သည် ငါ့ကို ဤသို့ လုပ်သနည်း? ဟု ဆိုရမည်လော။**

**[၂၁]သို့မဟုတ် အိုးထိန်းသည်သည် ရွှံ့စေးတစ်တုံးတည်းဖြင့် ပိုကောင်းသောအရာ၌ သုံးရန်နှင့် သာမန်အတွက် သုံးရန် မြေအိုးများ ပြုလုပ်ပိုင်ခွင့်ရှိသည် မဟုတ်လော။ [၂၂]ဘုရားသခင်သည် မိမိ၏ မျက်တော်ထင်ရှားစေရန်နှင့် မိမိတန်ခိုးတော်ကို သိစေရန် ဖျက်စီးဖို့ရန် ပြင်ဆင်သော အမျက်တော်ခံ အိုးများပေါ်သည်းခံတော်မူလိုပါက မည်သို့ ဆိုရမည်နည်း? [၂၃]ချီးမြှောက်ခြင်းခံရန် ကြိုတင်ပြင်ဆင်သော ဂရုဏာတော်ခံအိုးများအား မိမိ၏ ဘုန်းတော်ကြွယ်ဝမှု သိရှိစေရန် ထိုသို့ ပြုပါက မည်သို့ ဆိုမည်နည်း? [၂၄]ထိုသူတို့မှာ ဂျူးလူမျိုးများထဲ၌ သာမက၊ တပါးအမျိုးသားများထဲကပါ ခေါ်တော်မူသူ ငါတို့ပလည်း ဖြစ်ကြ၏။ [၂၅]ဟောရှေ၏ ကျမ်းစာ၌ ပြောသည်မှာ ငါ၏ လူမျိုးမဟုတ်သော သူများကို "ငါ၏ လူမျိုးများ" ဟုခေါ်ကာ၊ မချစ်သော အမျိုးသမီးကို "အချစ်" ဟု ငါခေါ်မည်။ [၂၆]ထိုအခါ "သင်တို့သည် ငါ၏ လူမျိုးမဟုတ်" ဟုဆိုရာ၌ သူတို့သည် အသက်ရှင်သော ဘုရားသခင်၏ သားများ ဖြစ်သည်" ဟူ၍ ခေါ်ခြင်း ခံကြလိမ့်မည် ဟူ၍ ဖြစ်၏။**

**၉း၁၉** "ဘယ်သူသည်အလိုတော်ကို တားဆီးခဲ့ဘူးသနည်း" ၎င်းမှာ အတည်တကျဖြစ်ပျက်ခဲ့ပြီးသော အဖြစ်မှန်တစ်ရပ်၏ အကျိုးဆက်များ ဆက်ကပ်ဖြစ်ပေါ်နေခြင်းကို အထူးပြုသည့် PERFECT ACTIVE INDICATIVE ဖြစ်သည်။ (၂ရာ ၂၀း၆။ ယောဘ ၉း၁၂။ ဆာလံ ၁၃၅း၆။ ဒံ ၄း၃၅)။ ဝေဖန်စာပုံစံ ဆက်လက်တွေ့ရသည်။ ပေါလု၏ ဝေဖန်စာပုံစံအား တက္ကဗေဒနည်းကျ နားလည်ခြင်းသည် ပေါလု၏ အတွေးအား အကျဉ်းချုံ့ရန်နှင့် နားလည်သဘောပေါက်ရန် အကောင်းဆုံးနည်း ဖြစ်သည်။ ဤအခန်းကြီး၏ နိဒါန်း ခ။ ၁၌ ကြည့်ပါ။ ဘုရားသခင်၏ အလိုတော်ကို

အဆင့်နှစ်ဆင့်ဖြင့် မြင်တတ်ရန်လိုသည်။ ပထမအဆင့်မှာ ကျဆင်းခဲ့ပြီးသော လူသားမျိုးနွယ်အား ရွေးနုတ်ရန် အကြံအစည်တော်များ ဖြစ်သည်။ (ကမ္ဘာ ၃း၁၅) ဤအကြံအစည်တော်များကို လူသားတစ်ဦးတစ်ယောက် ချင်း၏ ရွေးချယ်မှုများသည် မထိခိုက်နိုင်ချေ။ သို့သော် အခြားတဘက်တွင် ဘုရားသခင်သည် လူသားကို တန်ဆာပလာအဖြစ် အသုံးပြုရန် ရွေးချယ်ထားသည်။ (ထွက် ၃း၇-၉ နှင့် ၁၀) လူများကို မိမိ၏ စီမံချက်ပြီးပြည့်စုံစေရန် ရွေးချယ်သည် (အပြုသဘောအတွက် မောရှေနှင့် အဖျက်သဘောအတွက် ဖါရို .... စသဖြင့်)။

**၉း၂၀-၂၁။** ဤစိတ်ကူးကို ဟေရှာယ ၂၉း၁၆။ ၄၅း၉း၁၃။ ၆၄း၈ နှင့် ယေရ ၁၈း၁-၁၂ တို့မှ ရယူခြင်း ဖြစ်သည်။ လူသားသည် မြေမှုန့်မှ လာခြင်းဖြစ်သဖြင့် (ကမ္ဘာ ၂း၇) ဘုရားသခင်ကို ဖန်ဆင်းရှင်အဖြစ် ဖော်ပြရန် YHWH အား အိုးထိန်းသည်အဖြစ် တင်စားဖော်ပြလေ့ရှိသည်။ ပေါလုသည် ဖန်ဆင်းရှင်၏ အချုပ်အချာအာဏာတော်ကို သူတပါး နားလည်သဘောပေါက်ရန် ရှင်းပြရာ၌ မေးခွန်းသုံးခု သုံးလေ့ရှိသည်။ ပထမဆုံး နှစ်မျိုးမှာ အခန်းငယ် ၂၀၌ ရှိပြီး၊ တတိယတစ်မျိုးမှာ အခန်းငယ် ၂၁၌ ရှိသည်။ နောက်ဆုံး မေးခွန်းကို အပြုသဘောအတွက် မောရှေကို ရွေးချယ်ကာ၊ အဖျက်သဘောအတွက် ဖါရိုအား ရွေးချယ်ရာ၌ အလားတူ ပြန်တွေ့ရသည်။ ဤကဲ့သို့ အလားတူ ဆန့်ကျင်ဘက်အတွဲများကို အောက်ပါတို့ကိုလည်း တွေ့ရသည်။

၁။ ဣဇက် - ဣရှမေလ ငယ် ၈-၉။

၂။ ယာကုပ် - ဧသော ငယ် ၁၀-၁၂။

၃။ အစ္စရေးလူမျိုးနှင့် ဇဒုံလူမျိုး ငယ် ၁၃။

အလားတူဆင်တူမှုသည်ပေါလု ထိုအချိန်ရင်ဆိုင်ရသောအခြေအနေဖြစ်သည့်ယုံကြည်သူနှင့် မယုံကြည်သူဂျူးလူမျိုးတို့ကိုထင်ဟပ်စေသည်။ ဘုရားသခင်သည်မိမိ၏ အပြုသဘောရွေးအပ်ချယ်မှုကို ယုံကြည်သူတစ်ပါး အမျိုးသားများအား ရွေးချယ်မှုဖြင့် နောက်ဆုံးဖော်ပြသွားသည်။ (ငယ် ၂၄-၂၉၊ ၃၀-၃၃)!

သဒ္ဒါဖွဲ့စည်းပုံအရာ မျှော်လင့်သည်မှာ

၁။ အငယ် ၂၀ ပါမေးခွန်းအတွက်အဖြေ " မ "

၂။ အငယ် ၂၁ ပါမေးခွန်းအတွက် အဖြေ "ဟုတ်" ဖြစ်သည်။

**၉း၂၂ "လျှင်/ပါက"** ၄င်းမှာတစ်စိတ်တစ်ပိုင်း FIRST CLASS CONDITIONAL ဖြစ်ပြီးစာရေးသူအမြင်၌အမှန်ဟုမှတ်ယူထားခြင်းဖြစ်သော်လည်း သဒ္ဒါနည်းကျထိုသို့ယတိပြတ်မပြောနိုင်ချေ။ အငယ်၂၂–၂၄ မှာဂရိကျမ်း၌ဝါကျတစ်ခုတည်းဖြစ်သည်။ အငယ် ၂၂သည် ဘုရားသခင်၏ရွေးနှုတ်သောကြင်အင်လက္ခဏာဖြစ်သည်။ ဘုရားသခင်သည်တရားမျှတသောအရှင်ဖြစ်သည်။ သူသည်လူသားတို့အားမိမိတို့အပြုအမူအသီးသီးအတွက်တာဝန်ကိုယ်စီယူစေသည်။ သို့သော်ကိုယ်တော်သည်ဂရုဏာရှင်လည်းဖြစ်သည်။ လူသားအားလုံးသေဆုံးထိုက်သူများဖြစ်ကြသည်။ (၁း၁၈–၃း၂၁)။ တရားမျှတမှုမှာသတင်းကောင်းမဟုတ်ချေ။ ဘုရားသခင်၏ကြင်အင်လက္ခဏာမှာအမျက်ဒေါသမဟုတ်ဘဲမူလအားဖြင့်ဂရုဏာဖြစ်သည်။ (တရား ၅း၉–၁၀။ ၇း၉။ ဟောရှေ ၁၁း၈–၉)။ သူရွေးချယ်သမျှမှာရွေးနှုတ်ခြင်းအတွက်ဖြစ်သည်။ (ယေဇ ၃၆း၂၂–၃၃)။ သူသည်အပြစ်နှင့် ပြည့်သောလူသားပေါ်သည်းခံတော်မူသည်။ (ယေဇ ၁၈)။ သူသည်မိမိ၏ရွေးနှုတ်ခြင်းအကြံအစည်တော်အတွက် ဆိုးသွမ်းမှုကိုပင်အသုံးပြုသည်။ (ဥပမာ စာတန်၊ ဖါရို၊ အင်ဒေါ်ရှမြို့မှစုန်းမကြီး၊အာရှုရိလူမျိုးများ၊ နေဗုခဒ်နေဇာ၊ ကုရုမင်းနှင့် ရောမအခန်းကြီး ၁၁ ကမယုံကြည်သောအစ္စရေးစသည်တို့ဖြစ်သည်)!

□

**NASB "အမျက်တော်ထင်ရှားစေလို"**

**NKJV "အမျက်တော်ပြသရန်လိုလား"**

**NRSV "အမျက်တော်ပြသရန်ဆန္ဒရှိ"**

**TEV "အမျက်တော်ပြသရန်လိုလားခဲ့"**

**NJB "အမျက်တော်ပြသရန်အဆင်သင့်ဖြစ်"**

ဘုရားသခင်သည်မိမိအမျက်တော်ကိုထင်ရှားစေခြင်းမှာ မိမိတန်ခိုးတော်(၄ယ်၂၂)နှင့် မိမိ၏ဘုန်းတော်ကြွယ်ဝမှု (၄ယ် ၂၃) နှစ်မျိုးစလုံးသိရှိစေလိုသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အပြုအမူများသည်ရွေးနှုတ်ခြင်းအတွက် အကြံအစည်တော်၏အစိတ်အပိုင်းများဖြစ်လေ့ရှိသည်။ (မယုံကြည်ခြင်းနှင့် အပြစ်အားနောက်ဆုံး၌ဖယ်ရှားမီးဖုတ်ရာအရပ်ငရဲ *Gehenna* မှပ)

□ **"အမျက်တော်ခံအိုးများ"** ဤဝေါဟာရသည် အငယ် ၂၀နှင့် ၂၁ မှရွှံ့စေးအားဖြင့်တင်စားဖော်ပြမှု၏အဆက်ဖြစ်သည်။ ၄င်းသည်မိမိ၏ရွေးနှုတ်ခြင်းအစီအစဉ်တော်အတွက် ဘုရားသခင်နောက်ထပ် အသုံးပြုသောမယုံကြည်သူလူသားများကို ရည်ညွှန်းကြောင်းထင်ရှားသည်။

□

**NASB, NKJV "ပြင်ဆင်သော"**

**NRSV "လုပ်သော"**

**TEV "သေဒဏ်ချမှတ်ခံခဲ့သော"**

**NJB "ရည်ရွယ်ထားခဲ့သော"**

၄င်းမှာ PERFECT PASSIVE PARTICIPLE ဖြစ်သည်။ ဤစကားလုံးကို (Moulton and Milligan) တို့၏ပေစာ၌ပေစာတစ်စုံတရာအား၄င်း၏အပြည့်အဝကံကြမ္မာအတွက်ပြင်ဆင်ထားခြင်းအတွက်သုံးသည်။ ပုန်ကန်သောမယုံကြည်သူသည် ၄င်းအတွက်တရားမျှတသောအကျိုးဆက်များရရှိမည့်နေရှိလိမ့်မည်။ မည်သို့ဖြစ်စေဘုရားသခင်သည်မိမိ၏ပိုမိုကျယ်ပြန့်သောအားလုံးကိုခြုံသောမိမိ၏ရွေးနှုတ်ရန်ရည်ရွယ်ချက်အား ပြီးစီးစေရန် မယုံကြည်သူများကို အသုံးပြုဘို့ရွေးချယ်ခဲ့သည်။

M.R. Vincent, *Word Studies* ၏အတွဲ ၂ ၌ပြောသည်မှာ "ဘုရားသခင်ဖျက်စီးခြင်းခံရန်မသင့်တော်သော်လည်းငင်း၏နာမဝိသေသနအဓိပ္ပါယ်မှာဖျက်စီးခြင်းအတွက်*အဆင်သင့်ဖြစ်နေသည်၊ မှည့်နေသည်*ဟူ၍ဖြစ်ပြီး၊ ယခင်ကပြုခဲ့ပြီးသောအရာ၏လက်ရှိအရာဖြစ်ကြောင်း participle ကပြနေသော်လည်းမည်သို့မည်ပုံပြုခဲ့ကြောင်းအရိပ်အမြွက်ပင်မဖော်ပြချေ။" (P – 716)

□ **"ဖျက်စီးခြင်း"** အထူးအကြောင်းအရာ။ ။ ၃း၃ ၌ကြည့်ပါ။

**၉း၂၃ "ကရုဏာတော်ခံအိုးများအားမိမိ၏ဘုန်းတော်ကြွယ်ဝပုံကိုသိစေရန်"** ရည်ရွယ်ကြောင်းပြသော ဝါကျအပိုင်းသည်ဘုရားသခင်၏ထာဝရကြံရွယ်ချက်(ကရုဏာတော်)ကိုပြသည်။ ကြိယာမှာ AORIST SUBJUNCTIVE ဖြစ်သည်။ ဘုရားသခင်သည်မိမိ၏ကြွယ်ဝမှုအားယေရှုကိုစေလွှတ်တော်မူခြင်းအားဖြင့်ပြသည်။!

ပေါလုရည်ညွှန်းလေ့ရှိသောကြွယ်ဝမှုများမှာ

၁။ သနားကြင်နာတော်မူခြင်း၊ စိတ်ရှည်သည်းခံတော်မူခြင်း ရောမ ၂း၄။

၂။ ကရုဏာတော်ခံအိုးများအပေါ်မိမိ၏ဘုန်းတော်ကြွယ်ဝမှု ရောမ ၉း၂၃။

၃။ မိမိ၏ကျေးဇူးတော် ဧဖက် ၁း၇။

၄။ မိမိအမွေတော်၏ဘုန်းတန်ခိုး ၁း၁၈။

၅။ ကျွန်တော်တို့အားခရစ်တော်အထဲ သနားကြင်နာသည့်ကျေးဇူးတော် ဧဖက် ၂း၇။

၆။ တစ်ပါးအမျိုးသားများအတွက် ခရစ်တော် ဧဖက် ၃း၈။

၇။ မိမိ၏ဘုန်းတန်ခိုးတော် ဧဖက် ၃း၁၆။

၈။ တပါးအမျိုးသားများကြားထဲ ဘုန်းတန်ခုးတော်၏လျှို့ဝှက်နက်နဲမှု။ ၄င်းမှာ ဘုန်းကြီးခြင်းကို မျှော်လင့်ခြင်းဖြစ်သော၊ သင်တို့အထဲရှိခရစ်တော်ဖြစ်သည် ကော ၁း၂၇။

□ **"ချီးမြှောက်ခြင်းခံရန်ကြိုတင်ပြင်ဆင်သော"** ဤသမ္မာတရားကိုပင် ရောမ ၈း၂၉–၃၀ နှင့် ဧဖက် ၁း၄၊ ၁၁ တို့၌ဖော်ပြသည်။ ဤအခန်းကြီး ၉ သည်ဘုရားသခင်၏အချုပ်အချာအာဏာအားဖော်ပြရာ၌ ဓမ္မသစ်ကျမ်းထဲတွင်အပြင်းထန်ဆုံးဖြစ်သည်။ ဖန်ဆင်းခြင်းနှင့် ရွေးနှုတ်ခြင်းကိုဘုရားသခင်အကြွင်းမဲ့တာဝန် ပေးအပ်မှုမှာအငြင်းပွားစရာအကြောင်းမရှိချေ။! ဤကြီးမားသောသမ္မာ တရားကိုမည်သူမျှပျော့ပျောင်း သွားစေ လိမ့်မည်မဟုတ်ချေ။ မည်သို့ဖြစ်စေမိမိသဏ္ဍာန်တော်ဖြင့်ဖန်ဆင်းသောလူသားများနှင့် ဆက်ဆံခြင်းနည်း လမ်းတစ်ခုအဖြစ် ပဋိညာဉ်တရားများပြုရန် ရွေးချယ်တော်မူခြင်းသည်၄င်းနှင့် သဟာဇာတဖြစ်စေရပေမည်။ ဓမ္မဟောင်းကျမ်းပဋိညာဉ်တရားများဖြစ်သည့် ကမ္ဘာဦး ၉း ၈–၁၇ နှင့် ၁၅း၁၂–၂၁ တို့ကဲ့သို့သော်အချို့ ဓမ္မဟောင်းခေတ်တရားများသည်ချွင်းချက်မဲ့ဖြစ်ကာ လူသား၏ တာဝန်လုံးဝ မပါဝင်သော်လည်း အချို့ပဋိညာဉ် တရားများ (ဧဒင်၊ နောဧ၊ မောရှေ၊ ဒါဝိတ်) သည်လူသား၏ တုံ့ပြန်မှုအား ချွင်းချက်အဖြစ်ထားရှိသည်။ ဘုရား သခင်၌မိမိ၏ ဖန်ဆင်းခြင်းအား ရွေးနှုတ်ရန် အစီအစဉ်တစ်ခုရှိရာ၊ ဤစီစဉ်မှုကိုမည်သည့်လူသားကမှ ထိခိုက် စေနိုင်မည်မဟုတ်ချေ။ ဘုရားသခင်သည် မိမိ၏ စီမံချက်များအထဲပါဝင်ခွင့်ပြုမည့် တစ်ဦးချင်းသောပုဂ္ဂိုလ်တို့ ကိုရွေးချယ်သည်။ ဤပါဝင်ရန် အခွင့်ထူးသည် အချုပ်အချာအာဏာ (အခန်းကြီး ၉) နှင့် လူသား၏ လွတ်လပ် သောဆန္ဒ (ရောမ ၁၀)။ နှစ်ခုကြားအခြားဓမ္မသဘောတရားဆိုင်ရာတင်းမာမှုတစ်ခုဖြစ်သည်။

သမ္မာကျမ်းစာတော်လာတင်းမာမှုတစ်ဖက်ကို ရွေးယူကာ၊ အခြားတစ်ဖက်သောတင်းမာမှုကိုလစ်လျူ ရှုရန်မှာသင့်လျော်လုံလောက်မှုမရှိချေ။ အရှေ့တိုင်းသားများသည် သမ္မာတရားတစ်ရပ်ကိုဝေဖန်စာပုံစံသို့မဟုတ် တင်းမာမှုပါသော အတွဲလိုက်သဘော ဖြစ်တင်ပြလေ့ရှိကြသဖြင့် သမ္မာကျမ်းစာပါဩဝါဒတစ်ခုနှင့် တစ်ခုကြား ၌ တင်းမာမှုများရှိနေသည်။ ၄င်းမှာသမ္မာတရားများကိုမှန်စီရွေချထားသည်နှင့်တူသည်။

ဤနေရာ၌အသိရခက်ခဲသောလျှို့ဝှက်ချက်ရှိသည်မှာအမှန်ပင်! မယုံကြည်သူများကိုအမျက်တော်ခံရန် (*kataptizō*) ပြင်ဆင်ထားခြင်း(ငယ် ၂၂) နှင့် ယုံကြည်သူများကို ချီးမြှောက်ခံရန် (*proetoimazō*) ပြင်ဆင် ထားမှုများ၌ (ငယ် ၂၃) ပေါလုသည်တတ္တဗေဒနည်းကျနိဂုံးချုပ်ခြင်းမပြုခဲ့ချေ။ ဘုရားသခင်၏ရွေးချယ်မှု သက်သက်ဘဲလော? (ဝါ)ဘုရားသခင်၏ရွေးချယ်မှုမှာလူတိုင်းအတွက်ဂရုဏာတော်ပေါ်အခြေပြုသော်လည်း၊ အချို့သောသူတို့သည်ထိုပေးစမ်းမှုကိုငြင်းပယ်ခဲ့ကြ၍လော? လူသားတို့မိမိတို့၏အနာဂတ်အတွက်ပါဝင်မှု တစ်စုံတစ်ရာရှိကြသလော? (၉း၃၀–၁၀း၂၁)။ ၄င်း၌နှစ်ဘက်စလုံးတွင်အစွန်းရောက်မှုများရှိသည်။ [Augus-

tine-Pelagius ဩဂုတ်စတင်း–ပဲလာဂီးရား(စ်)] ကျွန်ုပ်၏အလိုအရပဋိညာဉ်ပြုခြင်းသဘောသည်၄င်းအစွန်းနှစ်ဖက်စလုံးအားဘုရားသခင်ပေါ်အထူးပြုခြင်းဖြင့် ပေါင်းစည်းသွားစေသည်။ လူသားသည်ဘုရားသခင်၏စပြုနိဒါန်းပျိုးပေးခြင်းအားတုံ့ပြန်မှုပြုရုံသာတတ်နိုင်သည်။ (ယောဟန် ၆း၄၄၊၆၅)။ ကျွန်ုပ်၏သဘောမှာ ဘုရားသခင်၏စရိုက်တော်မှာစိတ်ကူးပေါက်ရာထလုပ်ခြင်းမဟုတ်ဘဲ၊ ဂရုဏာတော်နှင့်ပြည့်ဝခြင်းဖြစ်သည်။ သူသည်မိမိ၏သဏ္ဍာန်တော်အတိုင်းဖန်ဆင်းသော အသိတရားရှိသူ လူသားအားလုံးလက်ကမ်းသည် (ကမ္ဘာ ၁း၂၆၊၂၇)။ ဤကိစ္စ၌ကျွန်တော်အတော်ဒုက္ခရောက်ပါသည်။ ၄င်းမှာအရှိန်တန်ခိုးကြီးမားလှသော်လည်း အဖြူအမဲကဲ့သို့ပေါ်လွင်ထင်ရှားသည်။ ၄င်းသည်မယုံကြည်သူဂျူးလူမျိုးကိုစူးစိုက်မှုဖြစ်ပြီး၊ ၄င်းကြောင့်တစ်ပါးအမျိုးသားများပါဝင်လာသည်။ (အခန်းကြီး ၁၁) သို့သော်ဘုရားသခင်၏စရိုက်လက္ခဏာကိုဤကျမ်းပိုဒ်တစ်ခုတည်း၌ဖော်ပြသည်မဟုတ်ချေ။

□ **"ဘုန်းတန်ခိုးတော်" ၃း၂၃ မှတ်ချက်၌ကြည့်ပါ။**

**၉း၂၄** ဘုရားသခင်၏ကတိတော်ရည်ရွယ်ချက်မှာ အစ္စရေးမျိုးနွယ်ထက်ပို၍ ကျယ်ပြန့်ကြောင်းဤအခန်းငယ်၌ဖော်ပြသည်။ ဘုရားသခင်သည် မိမိ၏ဂရုဏာတော်ကိုမိမိ၏ရွေးချယ်မှုပေါ်အခြေခံကာပြသသည်။ ကမ္ဘာဦး ၃း၁၅ သည်လူသားအားလုံးနှင့် သက်ဆိုင်သည်။ (အဘယ့်ကြောင့်ဆိုသော် ကမ္ဘာဦး ၁၂ မတိုင်မချင်း ဂျူးလူမျိုးဟူ၍မရှိသေးသောကြောင့်ဖြစ်သည်။)။ အာဖြဟံကိုခေါ်ဖိတ်ခြင်းသည်လူသားအားလုံးနှင့် ဆိုင်သည်။ ကမ္ဘာ ၁၂း၃ အစ္စရေးအားယဇ်ပရောဟိတ်များ၏နိုင်ငံတော်အဖြစ်ခေါ်ဖိတ်ခြင်းသည်လူသားအားလုံးနှင့် ဆိုင်သည်။ (ထွက် ၁၉း၅–၆) ၄င်းမှာဘုရားသခင်လျှို့ဝှက်ထားသည့်အရာဖြစ်သော်လည်း ယခုအခါစုံလင် ပြည့်ဝစွာဖွင့်ပြခဲ့ပြီဖြစ်၏ (ဧဖက် ၂း၁၁–၃း၁၃။ ဂလာ ၃း၂၈။ ကော ၃း၁၁)။

အငယ် ၂၄ ရှိပေါလုအခိုင်အမာပြုမှုကို ဓမ္မဟောင်းအကိုးအကားအချို့တို့သည် ရှင်းလင်းသွားစေလိမ့်မည်။ (ငယ် ၂၅–၂၉)။

၁။ အငယ် ၂၅ – ဟောရှေ ၂း၂၃

၂။ အငယ် ၂၆ – ဟောရှေ ၁း၁၀

၃။ အငယ် ၂၇။ ဟေရှာယ ၁၀း၂၂ နှင့် /သို့မဟုတ် ဟောရှေ ၁း၁၀

၄။ အငယ် ၂၈။ ဟေရှာယ ၁၀း၂၃

၅။ အငယ် ၂၉။ ဟေရှာယ ၁း၉

**၉း၂၅–၂၆** စာအဆက်အစပ်သဘောအရ ဤကျမ်းပိုဒ်မှာ Septuagint (LXX) ၏ဟောရှေ ၂း၂၃ (ဆီလျော်အောင်တစ်စိတ်တစ်ပိုင်းပြုသည်) နှင့် ၁း၁၀တို့မှ ယူထားခြင်းဖြစ်ကာမြောက်ပိုင်းအစ္စရေးမျိုးနွယ်တစ်ဆယ်တို့ကိုရည်ညွှန်းခြင်းဖြစ်သော်လည်း ဤရောမ ၉း၂၅–၂၆ ၌မူပေါလုသည်၄င်းကိုတစ်ပါးအမျိုးသားများအားရည်ညွှန်းချက်အဖြစ်ယူထားသည်။ ၄င်းမှာဓမ္မသစ်ကျမ်းရေးသားသူတို့ ဓမ္မဟောင်းကျမ်းအားသုံးပုံသုံးနည်းနမူနာဖြစ်သည်။ သူတို့သည်အသင်းတော်အားအစ္စရေးကိုပေးသောကတိတော်များ၏ပြည့်စုံမှုအဖြစ်မြင်ကြသည်။ (၂ကော ၆း၁၆။ တိတု ၂း၁၄။ ၁ပေ ၂း၅–၆)။ စာအဆက်အစပ်သဘောအရဟောရှေကျမ်း၏ဤကျမ်းပိုဒ်သည် ယုံကြည်ခြင်းမရှိသူအစ္စရေးကိုညွှန်းသည်။ ဘုရားသခင်သည်ရုပ်တုဆင်းတုကိုးကွယ်သူမြောက်ပိုင်းမျိုးနွယ်တစ်ဆယ်တို့ကိုနဂိုနေပြန်လည်ဖြစ်စေနိုင်သည်ဆိုလျှင် ၄င်းမှာဘုရားသခင်၏မေတ္တာတော်နှင့် အပြစ်လွှတ်တော်မူခြင်းသည် ရုပ်တုဆင်းတုကိုးကွယ်သူတစ်ပါးအမျိုးသားများကိုလည်း တစ်နေ့ကျလျှင်အကျိုးဝင်စေမည့်အထောက်အထားအဖြစ်ပေါလုမြင်ခဲ့ခြင်းဖြစ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၉း၂၇–၂၉။

**[27]အစ္စရေးနှင့်ဆိုင်၍ဟေရှာယကြွေးကြော်သည်မှာ "အစ္စရေးအမျိုးသားတို့သည်ပင်လယ်သမုဒ္ဒရာသဲလုံးကဲ့သို့များသော်လည်း၊ အကြွင်းအကျန်တို့ကသာလျှင်ကယ်တင်ခြင်းရရှိလိမ့်မည်။ [28]အကြောင်းမူကားဘုရားသခင်သည် မိမိပြောစကားကိုမြေကြီးပေါ်တွင် အကုန်အစင်နှင့်အလျင်အမြန်ဆောင်ရွက်**

**တော်မူမည်။ ၂၉ ဟေရှာယကကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်သည်ငါတို့အတွက်အဆက် အနွယ်တစ်ခုမချန်ထားခဲ့ပါကငါတို့သည် သောဒုံမြို့ကဲ့သို့ဖြစ်ကာ၊ ဂေါမောရမြို့နှင့်တူခဲ့ကြပြီဖြစ် လိမ့်မည်။**

**၉း၂၇**
**NASB, NKJV**
**NRSV, NJB "သော်လည်း"**
**TEV "လျှင်ပင်"**

ငင်းမှာတတိယတန်းစားချွင်းချက်ပါဝါကျမျိုးဖြစ်ကာ (*ean* နှင့် SUBJUNCTIVE MOOD ပေါင်းစပ်သည်) ပြုနိုင်ခြေအလားအလာရှိခြင်းကိုပြသည်။

**၉း၂၇–၂၈** ငင်းမှာSeptuagint (LXX)၏ဟေရှာယ ၁၀း၂၂–၂၃ မှမသိမသာကိုးကားခြင်းဖြစ်သည်။ Textus Receptus သည် Septuagint ၏ဟေရှာယ ၁၀း၂၃ ၌အဆုံးသတ်စကားစုတစ်ခုဖြည့်စွက်သော်လည်းငင်းသည် ရှေးဟောင်းဂရိလက်ရေးကျမ်းများဖြစ်သည့် p[46], Aleph, A နှင့် B တို့၌မပါသဖြင့် နောက်ပိုင်းတွင် ကျမ်းစာရေးကူးသူတစ်ယောက်ယောက်ဖြည့်စွက်လိုက်ခြင်းဖြစ်ကြောင်းထင်ရှားသည်။ UBS[4] သည်ဤချန်ထားမှုကို "A" (သေချာ) အဆင့်သတ်မှတ်သည်။

**၉း၂၇ "ပင်လယ်သမုဒ္ဒရာသဲလုံးကဲ့သို့"** ငင်းမှာ အာဗြဟံကိုပေးသောဘုရားသခင်၏ ကတိတော်များအား အဓိပ္ပါယ်လေးနက်ပေါ်လွင်စေရန် တမင်ချဲ့ကားဖော်ပြသောတင်စားသုံးနှုန်းခြင်းမျိုးဖြစ်သည်။ (ကမ္ဘာ ၁၅း၅။ ၂၂း၁၇။ ၂၆း၄)။

□ **"အကြွင်းအကျန်တို့ကသာလျှင် ကယ်တင်ခြင်းရရှိမည်"** ဓမ္မဟောင်းကျမ်း၏ ပရောဖက်ကျမ်းများ၌ သုံ့ပန်းအဖြစ်တိုင်းတပါးသို့ ပို့ဆောင်ခြင်းခံရသော်လည်း ကတိတော်ပြည်သို့ဘုရားသခင်ပြန်လည်ပို့ဆောင်မည့်အစ္စရေးအမျိုးသားတို့ကို ရည်ညွှန်းခြင်းအဖြစ် "အကြွင်းအကျန်" ဆိုသောစကားလုံးမကြာခဏသုံးခဲ့ကြသည်။ ဤဝေါဟာရကိုပေါလုသုံးရာ၌ ဘုရားသခင်နှင့် ယုံကြည်ခြင်းအားဖြင့် ဆက်စပ်မှုရှိသောဂျူးလူမျိုးများနှင့် /သို့မဟုတ် ဧဝံဂေလိသတင်းကောင်းကို ကြားသိကာ၊ ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် တုံ့ပြန်မှုပြုသူများကိုရည်ညွှန်းသည်။

ပဋိညာဉ်ခံ အစ္စရေးလူမျိုးများအထဲ၌ပင်လျှင်ဝိညာဉ်ရေးရာ၌သီးခြားခွဲထုတ်မှုဖြစ်ပေါ်ကာအချို့သောအနည်းငယ်တို့ကသာလျှင်ဘုရားသခင်နှင့်မှန်ကန်ခဲ့ကြသည်။ အစ္စရေးအားရွေးကောက်ခြင်းသည်တစ်စုတစ်ပေါင်းတည်းဖြစ်ပြီး၊ တစ်ဦးချင်းကမူယုံကြည်ခြင်းအားဖြင့်တုံ့ပြန်မှုပြုရန်လိုအပ်သည်။ (ဟေရှာယ ၁း၁၆–၂၀)။

ပေါလုသည် ဤဓမ္မဟောင်းကျမ်းစကားစုကို ပြည်နှင်ဒဏ်ခံဂျူးလူမျိုးများအနက် ပါလက်စတိုင်းသို့ပြန်လာသူအနည်းငယ်တို့အား ပထမအစပြုရည်ညွှန်းသည်။ ငင်းသည် ဧဝံဂေလိသတင်းကောင်းကြားရသူတို့ကိုရည်ညွှန်းသော်လည်းအများစုတို့သည် ခရစ်တော်ကိုမယုံကြည် မလက်ခံခဲ့ကြချေ။ ပထမရာစုနှစ်အတွင်ကြားခဲ့ရသူ (ဂျူးနှင့် တစ်ပါးအမျိုး) အနည်းအကျဉ်းတို့ကသာလျှင်သတင်းကောင်းကိုတုံ့ပြန်မှုပြုခဲ့ကြသည်။ ပေါလုသည်သူတို့ကိုအကြွင်းအကျန်များဟုခေါ်သည်။

## အထူးအကြောင်းအရာ။ ။ အကြွင်းအကျန် အဓိပ္ပါယ်သုံးမျိုး

ဓမ္မဟောင်းကျမ်း၌ "သစ္စာရှိသောအကြွင်းအကျန်" ဆိုသည့်စကားရပ်သည် ပရောဖက်များထပ်ခါ တလဲလဲသုံးသည့်အကြောင်းအရာတစ်ခုဖြစ်သည်။ (အထူးသဖြင့် ဘီစီရှစ်ရာစုပရောဖက်များနှင့် ယေရမိ) ၄င်းကိုအဓိပ္ပါယ်သုံးမျိုးဖြင့်သုံးသည်။

၁။ ပြည်နှင်ဒဏ်ခံရာ၌ ကျန်ရစ်သူများ(ဟေရှာ ၁၀း၂၀–၂၃။ ၁၇း ၄–၆။ ၃၇း၃၁–၃၂။ ယေရမိ ၄၂း၁၅၊ ၁၉။ ၄၄း၁၂၊ ၁၄၊ ၂၈။ အာမုတ် ၁း၈)။

၂။YHWH အပေါ်ဆက်လက်သစ္စာစောင့်သိသူများ။ (ဟေရှာ ၄း၁–၅။ ၁၁း၁၁၊ ၁၆၊ ၂၈း၅။ ယောလ ၂း၃၂။ အာမုတ် ၅း၁၄–၁၅။ မိက္ခာ ၂း၁၂–၁၃။ ၄း၆–၇။ ၅း၇–၉။ ၇း ၁၈–၂၀)။

၃။အနာဂတ်ကာလ၌ပြန်လည်ဆန်းသစ်စေခြင်းနှင့် ပြန်လည်ဖန်ဆင်းရာ၌ပါဝင်ကြသောသူများ (အာမုတ် ၉း၁၁–၁၅)။

ဤကျမ်းပိုဒ်၌မူ ဘုရားသခင်သည်ဂျုဒပြည်သို့ပြန်လာရန်အကြွင်းအကျန် (ပြည်နှင့် ခံရာမှ အသက်ရှင်ကျန်နေသေးသူ) အချို့တို့ကိုသာလျှင် (အားတတ်သရောသစ္စာရှိသူ) ရွေးချယ်သည်။ ဤ အခန်းကြီးအထဲစောစောကတွေးခဲ့ကြသည့်အတိုင်း အစ္စရေး၏ လွန်ခဲ့သော ကာလများ၌ထပ်ခါ တလဲလဲ ပေါ်ပေါက်ခဲ့သည့် အကြောင်းအရာမှာ ဘုရားသခင်သည် မိမိ၏ တန်ခိုးတော်ထောက်ပံ့မှုနှင့် စောင့်ရှောက်မှုကိုပြသရန်အရည်အ တွက်ကိုလျော့ချ လေ့ရှိသည် ဟူသောအချက်ဖြစ်၏။ (ဂိဒေါင် တရားသူကြီး ၆–၇)။

**၉း၂၈**

**NASB "အကုန်အစင်နှင့် အလျင်အမြန်"**
**NKJV "ပြီးစီး ... တိုတောင်းစေသည်"**
**NRSV "အလျင်အမြန်နှင့်အပြီးအပိုင်"**
**TEV "သူ့အမှုကိစ္စအပြည့်အစုံကိုလျင်မြန်စွာဖြေရှင်း"**
**NJB "နှောင့်နှေးခြင်း။ ကြန့်ကြာခြင်းမရှိ"**
**REB "အကျဉ်းချုံ့နှင့် နောက်ပိတ်ဆုံးဖြစ်လိမ့်မည်"**
**NIV "အရှိန်ဖြင့် အဆုံးသတ်"**
**NET "အပြည့်အဝနှင့် အလျင်အမြန်"**

ဂရိစကားလုံးနှစ်လုံးပါဝင်သည် (ပေါလုစာများ၌ *sun* ပေါင်းစပ်စကားလုံးများသုံးနေကျဖြစ်သည်)

၁။ *Suntelōn* ၄င်းမှာအောက်ပါစကားနှစ်လုံးတို့၏ PRESENT ACTIVE PARTICIPLE ဖြစ်သည်။

(က) *sun*

(ခ) *teleō* အဓိပ္ပါယ်မှာ "ပြီးစီးသည့်" သို့မဟုတ် "အပြည့်အဝသဘောပေါက်သည်" ဟူ၍ဖြစ်၏။ (မာကု ၁၃း၄။ လုကာ ၄း၂၊၁၃။ တမန် ၂၁း၂၇။ ဟေဗြဲ ၈း၈)

၂။ *suntemnōn* ၄င်းမှာအောက်ပါစကားလုံးနှစ်လုံး၏ PRESENT ACTIVE PARTICIPLE ဖြစ်သည်။

(က) *sun*

(ခ) *temnō* အဓိပ္ပါယ်မှာ " တိုတောင်းစေသည်" (ဝါ) "လျှန်မြန်စွာဆောင်ရွက်သည်။" (ဤနေရာသာတွေ့ရသော်လည်း ဆက်စပ်မှုပုံစံတစ်ခု တမန် ၂၄း၄ ၌တွေ့ရသည်။)

ဤအသုံးအနှုန်းမျိုး၌စကားလုံး၏ဇစ်မြစ် (ဝါ) အလားတူကျမ်းပိုဒ်များအားဖြင့်အထောက်အကူမဖြစ်ဘဲစာအဆက်အစပ်အကြောင်းအရာသဘောအားဖြင့်သာ နားလည်သဘောပေါက်နိုင်သည်။

ဘုရားသခင်သည် မိမိ၏စစ်မှန်သောလူများကိုကယ်တင်ရန်နှင့် အခြားသူများအားလုံးတရားစီရင်ရန် ရည်ရွယ်ချက်နှင့် စီမံချက်ရှိသည်။

နောက်ပိုင်းကျမ်းစာရေးကူးသူတို့သည် ၄င်း၏အဓိပ္ပါယ်အဖြစ်မိမိယူဆသည့်အတိုင်းပေါ်လွင်စေရန် စကားစုများဖြည့်စွက်လာခဲ့ကြသဖြင့်ဤအခန်းငယ်မှာ အနက်ဖွင့်ရန်ခက်ခဲသည်။ UBS[4] သည်အတိုဆုံးပုံစံအား "A" (သေချာ) အသင့်သတ်မှတ်သည်။

**၉း၂၉** ၄င်းမှာ LXX ၏ဟေရှာယ ၁း၉ မှကိုးကားသောအစ္စရေး အမျိုးသားများအပြစ်နှင့် ပြည့်နေပုံအားကြော်ငြာခြင်းဖြစ်သည်။

□ **"ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား"** ၄င်းမှာ YHWH အတွက်ဓမ္မဟောင်းကျမ်း၏ ဘွဲ့နာမတော်တစ်မျိုးဖြစ်ကာ အင်္ဂလိပ်ဘာသာပြန်ကျမ်းများ၌ " LORD of hosts" ဟုပါရှိလေ့ရှိသည်။ (ယာကုပ် ၅း၄)။ ကျမ်းစကားအဆက်အစပ်ကိုလိုက်ကာ ဤဝေါဟာရသည်ဘုရားသခင်အားစစ်ရေးသဘောဖြင့်ရည်ညွှန်း ကာ "ကောင်းကင်ဘုံတပ်မတော်များ၏ဗိုလ်ချုပ်မင်း" (ယောရှု ၅း၁၃–၁၅) သို့မဟုတ်အုပ်ချုပ်ရေး အဓိပ္ပါယ်ဖြင့်သုံးခြင်းဖြစ်ပြီး ဗာဗုလုန်လူမျိုးတို့၏ကြယ်တာရာနှင့် နတ်ဘုရားအများတို့အားကိုးကွယ်မှုနှင့် ဆက်စပ်ကာ "ကောင်းကင်ဘုံအရှင်များ၏သခင်" Lord of the heavenly bodies ဟူ၍ဖြစ်နိုင်သည်။ ကြယ်တာများသည်ဖန်ဆင်းခံအရာများဖြစ်ကာဘုရားများမဟုတ်ကြချေ။ ၄င်းတို့သည်အဖြစ်အပျက်များကိုဖန်တီးခြင်း၊ ထိန်းချုပ်ခြင်းမပြုကြချေ (ကမ္ဘာ ၁း၁၆။ ဆာလံ ၈း၃။ ၁၄၇း၄။ ဟေရှာယ ၄၀း၂၆)။

## အထူးအကြောင်းအရာ။ ။ ဘုရားနာမတော်များ။

က။ E။ အဲလ် - E/ (BDB 42. KB 48)

၁။ ရှေးဟောင်းဝေါဟာရ အမျိုးအစားဆိုင်ရာဘုရား-deity ၏ မူလအနက်အဓိပ္ပါယ်မှာ သေချာရှင်းလင်းခြင်းမရှိချေ။ အချို့ပညာရှင်များကမူ Akkadian စကား "သန်မာသည် (ဝါ) တန်ခိုးကြီးသည်" မှဆင်းသက်သည်ဟုဆိုကြသည် (ကမ္ဘာဦး၁၇း၁။ တောလည်၂၃း၁၉။ တရားဟော ၇း၂၁။ ဆာလံ၅၀း၁)။

၂။ ခါနန်လူမျိုးများ၏ဘုရားကျောင်းကန်များ၌အမြင့်ဘုရားမှာ *EI* ဖြစ်သည်။ (Ras Shamra ကျမ်းပိုဒ်များ)

၃။ သမ္မာကျမ်းစာထဲ၌ *EI* ကိုတခြားဝေါဟာရများနှင့် မတွဲဖက်ချေ။ အောက်ပါတွဲဖက်မှုများသည် ဘုရားသခင်၏စရိုက်အားဖော်ပြသည်။

(က) *El – Elyon* — အဲလ် – ဧလီအွန် (အမြင့်ဆုံးသောဘုရား BDB 42 & 751II)၊ ကမ္ဘာဦး ၁၄း၁၈–၂၂။ တရားဟော၃၂း၈။ ဟေရှာယ၁၄း၁၄။

(ခ) *El – Roi* – ("မြင့်သောဘုရား" (ဝါ) "သူ့ကိုယ်သူဖွင့်ပြသောဘုရား" BDB 42 & 909)၊ ကမ္ဘာဦး၁၆း၁၃။

(ဂ) *El – Shaddai* – ( "တန်ခိုးအကြီးဆုံးဘုရား" (ဝါ) "အလုံးစုံသော ဂရုဏာရှင်ဘုရား" (ဝါ) "တောင်ပေါ်ဘုရား" BDB 42 & 994)၊ ကမ္ဘာဦး ၁၇း၁။ ၃၅း၁၁။ ၄၃း၁၄။ ၄၉း၂၅။
ဧဖက် ၆း၃။

(ဃ) *El – Olam* – (ထာဝရဘုရား" BDB 42 & 761)၊ ကမ္ဘာဦး ၂၁း၃၃။
ဤဝေါဟာရသည် ဒါဝိဒ်အားပေးသည့် ဘုရားသခင်၏ ကတိတော်၂ဓမ္မ ၇း၁၃၊ ၁၆ နှင့် ဓမ္မပညာသဘော အရဆက်စပ်သည်။

(င) *El – Berit*– ("ပဋိညာဉ်တရား၏ဘုရားသခင်" BDB 42 & 136)၊ တရားသူကြီး ၉း၄၆။

၄။ *El* ကိုအောက်ပါဝေါဟာရများနှင့် တန်းထူထားသည်၊

(က) YHWH ဆာလံ၈၅း၈။ ဟေရှာယ၄၂း၅။

(ခ) *Elohim* ကမ္ဘာဦး ၄၆း၃။ ယောဘ၅း၈။ "ငါသည်သင့်ဖခင်၏ *El* ဖြစ်သူ *Elohim* ဖြစ်သည်။" (I am *El,* the *Elohim* of your father )

(ဂ) *Shaddai* ကမ္ဘာဦး ၄၉း၂၅။

(ဃ) "အပြစ်ရှိသည်ဟုထင်လွယ်သူ" (jealousy-သဝန်တိုတတ်သူ)။ ထွက်၃၄း၁၄။ တရားဟော ၄း၂၄။ ၅း၉။ ၆း၁၅။

(င) "ကရုဏာ" တရားဟော၄း၃၁။ နေဟမိ၉း၃၁။

(စ) "တန်ခိုးကြီး၍ကြောက်မက်ဘွယ်ဖြစ်သော" တရားဟော၇း၂၁။ ၁၀း၁၇။ နေဟမိ ၁း၅။ ၉း၃၂။ ဒံယေလ၉း၄။

(ဆ) သဗ္ဗညုတဉာဏ်တော်ရှင်၊ ၁ဓမ္မ ၂း၃။

(ဇ) "ငါ၏ခိုင်ခံ့သောခိုလှုံရာ" ၂ဓမ္မ ၂၂း၃၃။

(ဈ) "ငါ့အတွက်ကိုယ်စားချေပေးသူ" ၂ဓမ္မ ၂၂း၄၈။

(ည) "သန့်ရှင်းတော်မူသူ" ဟေရှာယ၅း၁၆။

(ဋ) "တန်ခိုးကြီးတော်မူသူ" ဟေရှာယ၁၀း၂၁။

(ဌ) "ကျွန်ုပ်၏ကယ်တင်ခြင်း" ဟေရှာယ၁၂း၂။

(ဍ) "ကြီးမြတ်၍တန်ခိုးတော်နှင့်ပြည့်စုံသူ" ယေရမိ၃၂း၁၈။

(ဎ) "အကျိုးအပြစ်ကိုပေးသူ" ယေရမိ၅၁း၅၆။

၅။ ဓမ္မဟောင်း၌ ဘုရားသခင်၏နာမည်အားလုံး ယောရှု ၂၂း၂၂ ၌တပေါင်းတည်းတွေ့ရသည်။ (*El, Elohim, YHWH* နှစ်ခါထပ်၍ဖော်ပြသည်။)

ခ။ *Elyon* (BDB 751, KB 832)

၁။ ၎င်း၏အခြေခံအဓိပ္ပါယ်မှာ "မြင့်သော" "ချီးမြှောက်ထားသော" (ဝါ) " မြှင့်တင်ထားသော" ဟူ၍ဖြစ်သည်။ (ကမ္ဘာဦး ၄၀း၁၇။ ၃ဓမ္မ၉း၈။ ၄ဓမ္မ၁၈း၁၇။ နေဟမိ ၃း၂၅။ ယေရိမိ ၂၀း၂။ ၃၆း၁၀။ ဆာလံ ၁၈း၁၃)။

၂။ ၎င်းကိုဘုရားသခင်၏အခြားသောဘွဲ့နာမအတော်များများနှင့်အလားတူအသုံးပြုသည်။
(က) *Elohim* - ဆာလံ၄၇း၁–၂။ ၇၃း၁၁။ ၁၀၇း၁၁။
(ခ) *YHWH* - ကမ္ဘာဦး ၁၄း၂၂။ ၂ဓမ္မ ၂၂း၁၄။
(ဂ) *EI - Shaddai* - ဆာလံ၉၁း၁၉။
(ဃ) *EI* - တော၂၄း၁၆။
(င) *Elah* - ဒံယေလ၂–၆ နှင့် ဧဇ၇ ၄–၇ တို့၌ဒံယေလ၃း၂၆။ ၄း၂။ ၅း၁၈၊ ၂၁ တို့၌ရှိသည့် *illair* (Aramaic အာရမိ–ကြီးမြင့်သောဘုရား)နှင့် ဆက်စပ်သုံးလေ့ရှိသည်။

၃။ အစ္စရေးမဟုတ်သူများအဖြစ်လည်း မကြာခဏသုံးကြသည်။
(က) မေလခိဇဒက် — ကမ္ဘာဦး ၁၄း၁၈–၂၂။
(ခ) ဗာလမ် — တော၂၄း၁၆။
(ဂ) တရား၃၂း၈ ၌တပါးအမျိုးသားများအားပြောရာ၌ မောရှေအသုံးပြုသည်။
(ဃ) ဓမ္မသစ်ကျမ်း၏လုကာခရစ်ဝင်ကျမ်း၌တပါးအမျိုးသားများအားစာရေးရာ၌၎င်းနှင့် အဓိပ္ပါယ်တူဂရိစကား *Hysistos* အသုံးပြုသည်။ (၁း၃၂၊ ၃၅၊ ၇၆။ ၆း၃၅။ ၈း၂၈။ တမန်၇း၄၈။ ၁၆း၁၇)။

ဂ။ *Elohim* (အများပြကိန်း) *Eloah* (အနည်းပြကိန်း)။ မူလအားဖြင့်ကဗျာအလင်္ကာများ၌သုံးသည်။ (BDD 43, KB 52)။
၁။ ဤဝေါဟာရကို ဓမ္မဟောင်းပြင်ပ၌မတွေ့ရချေ။
၂။ဤစကားလုံးသည်အစ္စရေးတို့၏ဘုရားသခင်(ဝါ) တပါးအမျိုးသားများ၏ ဘုရားများအား ညွှန်းဆိုနိုင်သည်။ (ထွက်၁၂း၁၂။ ၂၀း၃)။ အာဗြဟံ၏မိသားစုများသည်နတ်ဘုရားအများကိုးကွယ်သူများဖြစ်သည်။ (ယောရှု၂၄း၂)။
၃။ အစ္စရေးတရားသူကြီးများအားညွှန်းဆိုခြင်းဖြစ်နိုင်သည်။ (ထွက်၂၁း၆။ ဆာလံ၈၂း၆)။
၄။ *Elohim* ဝေါဟာရကိုအခြားနာမ်ဝိညာဉ်များ (ကောင်းကင်တမန်များ၊ နတ်ဆိုးများ)နှင့် ဆိုင်၍လည်း တရား ၃၂း၈ (LXX) ဆာလံ ၈း၅။ ယောဘ ၁း၆။ ၃၈း၇ တို့မှာကဲ့သို့အသုံးပြုသည်။
၅။ သမ္မာကျမ်းစာ၌၎င်းမှာဘုရားသခင်၏ ပထမဆုံးဘွဲ့နာမတော်ဖြစ်သည်။(ကမ္ဘာဦး ၁း၁)။ ၎င်းကိုကမ္ဘာဦး ၂း၄ ၌ YHWH နှင့် ပူးတွဲမသုံးမီအခြားစကားလုံးနှင့် မရောဘဲသီးသန့်သုံးသည်။ ၎င်းသည်အခြေခံအားဖြင့်/ဓမသဘောတရားအရ ဘုရားသခင်အားဖန်ဆင်းသူ၊ ထိန်းချုပ်သူနှင့် ဤကမ္ဘာဂြိုလ်ပေါ်သတ္တဝါအားလုံးအားထောက်ပံ့သူအဖြစ်ရည်ညွှန်းသည်။ (ဆာလံ၁၀၄)။

၎င်းသည် *EI* နှင့် အဓိပ္ပါယ်ဆင်တူသည် (တရား၃၂း၁၅–၁၉)။ ၎င်းသည် ဆာလံ ၁၄ (*Elohim*) မှာကဲ့သို့ YHWH နှင့်အလားတူဖြစ်နိုင်သည်။ ဘုရားဘွဲ့နာမများပြောင်းလဲလိုက်ခြင်းကလွဲလျှင် ၎င်းမှာ ဆာလံ ၅၃ (YHWH) နှင့်အတိအကျတူသည်။
၆။ ၎င်းသည်အများပြကိန်းဖြစ်ကာအခြားဘုရားများ၌ သုံးသော်လည်းဤဝေါဟာရသည် အစ္စရေး၏ဘုရားသခင်အားညွှန်းဆိုလေ့ရှိသည်။ သို့သော်ဘုရားတစ်ဆူတည်းအားဖော်ညွှန်းရန်အနည်းပြကြိယာသုံးလေ့ရှိသည်။

၇။ ဤဝေါဟာရအားဘုရား၏ နာမတော်အဖြစ်အစ္စရေးမဟုတ်သူများ၏နှုတ်မှလည်းထွက်
လေ့ရှိကြောင်းတွေ့ရသည်။

၁။ မေလခိဇေဒက်။ ကမ္ဘာဦး ၁၄း၁၈–၂၂

၂။ ဗာလမ်။ တော၂၄း၂

၃။ တရား ၃၂း၈ ၌တပါးအမျိုးသားများအားပြောသည့်အခါမောရှေအသုံးပြုသည်။

၈။ အစ္စရေးတို့၏တစ်ဆူတည်းသော ဘုရားအတွက်နာမည် အများပြကိန်းဖြစ်နေခြင်းမှာ ထူးဆန်းသည်။ သေချာမဟုတ်သော်လည်းသီအိုရီအချို့ရှိသည်။

(က) ဟေဗြဲတို့၌အထူးပြုဖော်ပြခြင်းအတွက်အများပြကိန်း အများအပြားအသုံးပြုကြသည်။ ၎င်းသည်နောက်ပိုင်း၌ပေါ်လာသည့်ဟေဗြဲသဒ္ဒါသဘောတရား တစ်မျိုးဖြစ်သော "ခန့်ညားထယ်ဝါခြင်း၏ အများကိန်းများ"ဆိုသည့်အရာနှင့်များစွာနီးစပ်သည်။ ၎င်းသဘော၌အများပြကိန်းများကိုအယူအဆတစ်ခုအားအကျယ်ချဲ့ရန်၊ ချဲ့ကားဖော်ပြရန်အသုံးပြုသည်။

(ခ) ၎င်းသည်ကောင်းကင်ဘုံ၌ဘုရားသခင်ဆင့်ခေါ်သည့် မိမိ၏ဆင့်ဆိုမှုအားလိုက်နာ ဆောင်ရွက်သော ကောင်းကင်တမန်များ ညီလာခံကိုရည်ညွှန်းခြင်းဖြစ်နိုင်သည် (၃ဓမ္မ ၂၂း ၁၉–၂၃။ ယောဘ ၁း၆။ ဆာလံ ၈၂း၁။ ၈၉း၅၊ ၇)။

(ဂ) ၎င်းသည်ပုဂ္ဂိုလ်သုံးပါးပေါင်း ဘုရားတစ်ဆူအကြောင်း ဓမ္မသစ်ကျမ်း၌ ဖွင့်ပြမှု ကိုထင်ဟပ်ခြင်းဖြစ်နိုင်သည်။ ကမ္ဘာဦး ၁း၁ ဘုရားသခင်ဖန်ဆင်းသည်။ ကမ္ဘာဦး ၁း၂ ၌ဝိညာဉ်တော်လှုပ်ရှားကာ ဓမ္မသစ်ကျမ်း၌ ယေရှုသည်ခမည်း တော်၏ ဖန်ဆင်းခြင်း တန်ဆာပလာဖြစ်သည် (ယောဟန် ၁း၃၊ ၁၀။ ရောမ ၁၁း ၃၆။ ၁ကော ၈း၆။ ကော ၁း၁၅။ ဟေဗြဲ ၁း၂။ ၂း၁၀)။

ဃ။ YHWH (BDB 217, KB 394)

၁။ ၎င်းမှာဘုရားသခင်အားပဋိညာဉ်တရားပြုသူ၊ ကယ်တင်သူ၊ ရွေးနှုတ်သူ၊ ဘုရားအဖြစ်ပေါ်လွင်စေသောဘွဲ့နာမဖြစ်သည်။
လူသားသည်ပဋိညာဉ်တရား
များကိုချိုးဖောက်သော်လည်းဘုရားသခင်မှာမူမိမိပြောစကား၊
မိမိ၏ကတိတော်၊ မိမိပဋိညာဉ် တရားပေါ်သစ္စာရှိသည်။ (ဆာလံ၁၀၃)။

ဤနာမကို *Elohim* နှင့် ပေါင်းစပ်၍ပထမဆုံးကမ္ဘာဦး ၂း၄ ၌ဖော် ပြသည်။ ကမ္ဘာ ၁–၂ ၌ဖန်ဆင်းခြင်း မှတ်တမ်း နှစ်ခုရှိခြင်း မဟုတ်ဘဲ၊ အထူး ပြုခြင်းနှစ်မျိုးဖြစ်သည်။ (၁) ရုပ်ဝတ္ထုပိုင်းဆိုင်ရာ စကြာဝဠာ ဖန်ဆင်းသူဘုရား အဖြစ်နှင့် (၂) ဘုရားသခင် အားလူသတ္တဝါ ဖန်ဆင်းသူအဖြစ်အထူးဖော်ပြသည်။ ကမ္ဘာ ၂း၄–၃း၂၄ သည်လူသား၏ အထူးအခွင့်အရေးရသော အနေအထားနှင့် သူ့အားဖန်ဆင်းခြင်း၏ ရည်ရွယ်ချက် နည်းတူအပြစ်ပြဿနာနှင့် ပုန်ကန်မှုသည် အတုအနှိုင်း ကင်းသောအနေအထားနှင့် တွဲဖက်ကြောင်းအားစတင်ဖွင့်ပြသည်။

၂။ ကမ္ဘာ ၄း၂၆ ၌"*လူများသည်*ထာဝရဘုရား၏နာမတော်ကိုအမှီပြု၍ကိုးကွယ်စပြုကြလေ၏" (YHWH) ဟုဆိုသည်။ သို့သော်ပဋိညာဉ်ခံကနဦးလူများသည်(ဘိုးဘေးများနှင့် သူတို့၏မိသားစုများ) ဘုရားသခင်ကို *El – Shaddai* အဖြစ်သာလျှင်သိရှိခဲ့ကြကြောင်းထွက် ၆း၃ အရသိရှိရသည်။

YHWH နာမတော်ကိုထွက်၃း၁၃–၁၆ အထူးသဖြင့် အငယ်၁၄၌တစ်ကြိမ်သာလျှင်ရှင်းလင်းထားသည်။ မည်သို့ဖြစ်စေ မောရှေရေးသောစာများ၌မူစကားလုံး များအား လူသိများသော စကားလုံးများဖြင့် ကစားကာ ရှင်းလင်းလေ့ရှိပြီးစကား လုံးများ၏မူလကိုစိစစ်လေ့လာခြင်းသဘောမျိုးမသုံးချေ။ (ကမ္ဘာ ၁၇း၅။ ၂၇း ၃၆။ ၂၉း၁၃–၃၅)။ ဤဘွဲ့နာမတော်၏ အဓိပ္ပါယ်အတွက် သီအိုရီအတော်များများ ရှိသည်။ (IDB, Vသူ 2, pp.409-11) မှရယူသည်။

(က) အာရပ်မူရင်းစကားမှဆင်းသက်လာပြီး "ပြင်းပြသောမေတ္တာပြရန်"

(ခ) အာရပ်မူရင်းစကား "တိုက်ခတ်သည် (YHWH အားမုန်တိုင်းဘုရားအဖြစ်)

(ဂ) Ugartic ယူဂါးတစ်ခေါ်ခါနန်စကားမှဆင်းသက်ပြီး"ပြောဆိုသည်"

(ဃ) ဖိုနီးရှန်းကဗ္ဗည်းကျောက်စာတစ်ခုအရ "ဆက်လက်တည်ရှိနေစေသူ" (ဝါ) "တည်မြဲစေသူ"

(င) ဟေဗြဲ *Qal* ကြိယာပုံစံ "ရှိနေသူ" (အနာဂတ်အမြင်၌ "ရှိနေဦးမည်သူ")

(စ) ဟေဗြဲ *Hiphi* ကြိယာပုံစံ "ဖြစ်ပေါ်စေသူ"

(ဆ) ဟေဗြဲမူရင်း (ကမ္ဘာ ၃း၂၀) "အသက်ရှင်သည်"။ အဓိပ္ပါယ်မှာ "အမြဲအသက်ရှင်သူ" "တစ်ပါးတည်းအသက်ရှင်နေသူ"

(ဇ) ထွက်၃း၁၃–၁၆ ရ"ငါသည်ဖြစ်နေကျအတိုင်းဆက်လက်ဖြစ်နေမည်" (ဝါ) "ငါသည်/ဖြစ်ခဲ့၍ယခုတိုင်/ဖြစ်နေသည့်အတိုင်းဆက်လက်/ဖြစ်နေမည်" (J.Wash Watt, *A Survey of Syntax in the Old Testament, p.67*) YHWH ၏နာမည်အပြည့်အစုံကိုအတိုကောက်ဖြင့် (ဝါ) ဖြစ်နိုင်သမျှမူရင်းပုံစံအားဖြင့် ဖော်ပြလေ့ရှိသည်။

*(၁)* *Yah* (Oyrm Hallelu-yah, BDB 219, ထွက်၁၅း၂။ ၁၇း၁၆။ ဆာလံ ၈၉း၉။ ၁၀၄း၃၅)

*(၂)* *Yahu* ("iah" နှင့်ဆုံးသောနာမည်များ။ ဥပမာ- Isaiah)

*(၃)* *Yo* ("Jo" နှင့်စသောနာမည်များ။ ဥပမာ- Joshua (or) Joel)

၃။ ဂျူးဘာသာ၌ နောက်ပိုင်းကာလများတွင် ဤပဋိညာဉ်ခံနာမတော်မှာသန့်ရှင်းလွန်း သဖြင့်၊ ထွက်၂၀း၇။ တရား ၅း၁၁။ ၆း၁၃ တို့၌ပါရှိသောပညတ်ချက်ကိုချိုးဖေါက် ရာမရောက်စေရန်ဂျူးလူမျိုးများသည် ထိုနာမတော်ကိုမပြောရဲကြချေ။ ထို့ကြောင့်သူတို့ သည် "ပိုင်ရှင်" "ဆရာကြီး/ master" "ခင်ပွန်းသည်" "ကိုယ်တော်"– Lord ဟူ၍အဓိပ္ပါယ်ရှိသောဟေဗြဲစကားလုံး *adon* (ဝါ) *adonai* (ကျွန်ုပ်၏အရှင်) ဖြင့် အစားထိုးကြသည်။ ဓမ္မဟောင်းကျမ်းဖတ်ရင်း YHWH စကားလုံးနှင့် တိုးမိသော အခါအရှင် (my Lord) ဟုအသံထွက်ကြသည်။ ထို့ကြောင့်အင်္ဂလိပ်ဘာသာပြန် ကျမ်းများ ၌ YHWH ကို LORD ဟူ၍စာလုံးကြီးများဖြင့်ရေးသားခြင်းဖြစ်သည်။

၄။ *EI, YHWH* နှင့်စပ်လျဉ်း ၍အစ္စရေးတို့၏ ပဋိညာဉ်ခံဘုရားသခင်၏ထူးခြားချက် အချို့အားအလေးအနက်ပြုရန် ၄င်းကိုအခြားဝေါဟာရများနှင့် တွဲဖက်လေ့ရှိသည်။ တွဲဖက်ဝေါဟာရများစွာရှိနိုင်သော်လည်း ဤနေရာတွင်အချို့ဖော်ပြပါသည်။

(က) *YHWH- Yireh* ယေဟောဝါး- ယိရယ်, (YHWH သည် ပြင်ဆင်ပေးလိမ့်မည်။ BDB 217 & 906)။ ကမ္ဘာ ၂၂း၁၄။

(ခ) *YHWH- Ropһekha* ယေဟောဝါး–ရောပက်ခါ (YHWH သည်သင့်အား ရောဂါပျောက်ကင်းစေသူဖြစ်သည်။ BDB 217 & 950 ) ထွက်၁၅း၂၆။

(ဂ) *YHWH- Nissi* ယေဟောဝါး- နိစိ (YHWH သည်ငါ၏အောင်လံတော် ဖြစ်သည်။ BDB 217 & 651) ထွက် ၁၇း ၁၅။

(ဃ) *YHWH- Meqaddishkem* (YHWH သည်သင့်အားသန့်ရှင်းစေသူဖြစ် သည်/ BDB 217&872 *Piel* PARTICLE) ထွက် ၃၁း၁၃။

(င) *YHWH- Shalom* (YHWH သည်ငြိမ်သက်ခြင်းဖြစ်သည်။ BDB 217& 1022) တရားသူကြီး ၆း၂၄။

(စ) *YHWH- Sabbaoth* (ဗိုလ်ခြေတို့၏ YHWH ဖြစ်သည်။ BDB 217&878) ၁ဓမ္မ ၁း၃၊ ၁၁။ ၄း၄။ ၁၅း၂။ ပရောဖက်ကျမ်းများ၌ မကြာခဏတွေ့ရသည်။

(ဆ) *YHWH- Ro I* (YHWH သည်ကျွန်ုပ်အားသိုးကဲ့သို့ ထိန်းကျောင်းသူ ဖြစ်သည်။ BDB217&944 *Qa*/ PARTICLE)ဆာလံ ၂၃း၁။

(ဇ) *YHWH- Sidqenu* (YHWH သည်ငါတို့၏ဖြောင့်မတ်ခြင်းဖြစ်သည်။ BDB 217&841) ယေရမိ ၂၃း၆။

(ဈ) *YHWH- Shammah* (YHWH သည်ဤအရပ်၌ရှိသည်။ BDB 217&1027) ယေဇကျေလ ၄၈း၃၅။

□

**NASB "ငါတို့အတွက်အဆက်အနွယ်တစ်ခုမချန်ထားပါက"**

**NKJV "ငါတို့အားမျိုးစေ့တစ်ခုမချန်ထားပါက"**

**NRSV "အသက်ရှင်လွတ်မြောက်သူမချန်ထားပါက**

**TEV "ငါတို့အားအဆက်အနွယ်အချို့မချန်ထားပါက"**

**NJB "ငါတို့အား အသက်ရှင်လွတ်မြောက်သူအနည်းငယ်မချန်ထားပါက"**

ဟေရှာယ ၁း၉ ၏ဟေဗြဲမူရင်းစာမှာ "အကြွင်းအကျန်" ဖြစ်သော်လည်း Septuagint သည်၄င်းကို "မျိုးစေ့" ဟုဘာသာပြန်သည်။ (NKJV)ဘုရားသခင်သည့် အစ္စရေးအားတရားစီရင်ရာ၌ (၁) ယုံကြည်သူ အကြွင်းအကျန်သို့မဟုတ် (၂) မေရှိယ၏အဆက်အနွယ်သည် လွတ်သွားလေ့ရှိသည်။ ဘုရားသခင်သည် အများသောသူတို့ကို လက်လှမ်းမှီနိုင်ရန် အနည်းငယ်တို့အားချန်ထားလေ့ရှိသည်။

□ **" သောဒုံ …ဂေါမောရ"** အငယ် ၂၈ သည် ဘုရားသခင်၏တရားစီရင်တော်မူခြင်းနှင့် ဆိုင်သည်။ ဤအနည်းငယ်သည် ဘုရားသခင်၏ဖျက်ဆီးခြင်းခံခဲ့သည့်သာသနာပမြို့နှစ်မြို့ တို့ကိုအထူးသဖြင့်ဖော်ပြသော် လည်း(ကမ္ဘာ၁၉း၂၄–၂၆) ထိုမြို့နှစ်မြို့မှာဘုရားသခင်၏တရားစီရင်ခြင်းအတွက်သုံးနှုန်းသောဝေါဟာရတစ်မျိုး

ဖြစ်လာသည်။ (တရား ၂၉း၃၄။ ဟေရှာ ၁၃း၁၉။ ယေရမိ ၂၀း၁၆။ ၄၉း၁၈။ ၅၀း၄၀။ အာမုတ် ၄း၁၁)။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၉း၃၀–၃၃။**

**[30]သို့ဖြစ်လျှင်မည်သို့ပြောရမည်နည်း ? ဖြောင့်မတ်ခြင်းမရှာသူတပါးအမျိုးသားတို့သည် ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်းရရှိကြ၏။ [31]သို့သော်ဖြောင့်မတ်ခြင်းပညတ်တရားတော်ကို မှီအောင်လိုက်သူအစ္စရေးသည် ထိုပညတ်တရားခေတ်ကိုမမှီ။ [32]အဘယ့်ကြောင့်နည်း ? အကြောင်းမှာ အကျင့်အားဖြင့်မှီနိုင်မည့်ပုံဖြင့်၊ ယုံကြည်ခြင်းအားဖြင့် မလိုက်ခဲ့ကြသောကြောင့်ဖြစ်သည်။ သူတို့ သည် ခလုတ်တိုက်စေသောကျောက် တုံးကိုခလုတ်တိုက်လဲခဲ့ကြ၏။ [33]၎င်းမှာ "ကြည့်ရှုလော့။ ငါသည်ဇိအုန်မြို့၌ခလုတ်တိုက်စေသောကျောက် တုံးနှင့်မှားယွင်းခြင်းကျောက်ဆောင်ကိုချထား၏။ သူ့ကိုယုံကြည်သူသည် စိတ်ပျက်ခြင်းမရှိရဟူ၍ ကျမ်းစာပြောသည့်အတိုင်းဖြစ်၏။**

**၉း၃၀–၃၁** ၎င်းမှာ ဘုရားသခင်၏ရွေးကောက်ခြင်းဆိုင်ရာ အံ့သြဘွယ်နိဂုံးချုပ်ပြခြင်းဖြစ်သည်။ အငယ် ၃၀–၃၃ မှာ အခန်းကြီး ၉အကျဉ်းချုပ်နှင့် အခန်းကြီး ၁၀ အားနိဒါန်းပျိုးခြင်းဖြစ်သည်။ ဘုရားသခင်နှင့် မှန်ကန်ခြင်းရသူများမှာယုံကြည်သူတစ်ပါးအမျိုးသားများဖြစ်ပြီးဂျူးလူမျိုးအားလုံးအကုန်မဟုတ်ချေ။ (ငယ် ၆)။

ဘုရားသခင်သည်ပဋိညာဉ်ပြုခြင်းလမ်းကြောင်းဖြင့်လူသားအားလုံးဆက်ဆံသည်။ ဘုရားသခင်သည် စတင်၍အစပြုနိဒါန်းပျိုးပေးကာ၊ အခြေခံအုပ်မြစ်များချမှတ်ပေးသွားလေ့ရှိသည်။ တစ်ဦးချင်းတို့သည် နောင်တနှင့်ယုံကြည်ခြင်း၊ နာခံခြင်းနှင့်ခွဲမြဲခြင်းဖြင့်တုံ့ပြန်ကြရပေမည်။ လူသားများကယ်တင်ခြင်းရသည်မှာ

၁။ ဘုရားသခင်၏အချုပ်အချာအာဏာကြောင့်လော။
၂။ မေရှိယပြီးစီးခဲ့သောအလုပ်အားယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်လော။
၃။ တစ်ဦးချင်း၏ယုံကြည်ခြင်းလုပ်ဆောင်မှုကြောင့်လော ? "လိုက်သည်" ဟူသောစကားလုံး အတွက် ၁၄း၁၉ ၏မှတ်ချက်၌ကြည့်ပါ။

**၉း၃၀ "ဖြောင့်မတ်ခြင်း"** ဤစကားလုံးအုပ်စုအတွက် ၁း၁၇ ၏အထူးအကြောင်းအရာ၌ကြည့်ပါ။ ၎င်း၏ နာမ်စကားလုံးကိုအငယ် ၃၀ ၌သုံးကြိမ်နှင့် အငယ် ၃၁ ၌တစ်ကြိမ်တွေ့ရသည်။ ယုံကြည်ခြင်းအားဖြင့် "ဖြောင့်မတ်ခြင်း" နှင့် ပညတ်တရားအားဖြင့် "ဖြောင့်မတ်ခြင်း" တို့ကိုနှိုင်းယှဉ်ထားသည်။ ထို့ပြင်ပဋိညာဉ် တရားဟောင်းနှင့် ပဋိညာဉ်တရားအသစ်တို့မှာလည်းဆန့်ကျင်ဘက်ဖြစ်သည်။ ပဋိညာဉ်တရားဟောင်း၏ ပြဿနာ သည် တစ်ကမ္ဘာလုံးအတွက်အခန်းကြီး ၁၁ ၌ဧဝံဂေလိသတင်းကောင်းတံခါးဖွင့် ပေးသွားသည်။

**၉း၃၂ "အကျင့်အားဖြင့်"** (work–အလုပ်)။ Textus Receptus သည်"ပညတ်တရားနှင့်ဆိုင်သော"– of the law ကိုဖြည့်စွက်သည်။ ၎င်းမှာနောက်ပိုင်းကျမ်းစာကူးသူတစ်ယောက်ယောက်ဖြည့်စွက်လိုက်ခြင်း ဖြစ်သည်။ ပေါလုသည်"ပညတ်တရားနှင့်ဆိုင်သောအကျင့်" (အလုပ်) ဆိုသည့်ဤစကားစုမကြာခဏသုံးသည်။ (၃း၂၀၊ ၂၈။ ဂလ ၂း၁၆။ ၃း၂၊၅၊၁၀)။ မည်သို့ဖြစ်စေရှေးဟောင်းဂရိလက်ရေးကျမ်းများဖြစ်သည့် $P^{46}$,Aleph*, A, B, F နှင့် G တို့၌ဤဝေါဟာရအားဤအငယ်၌ချန်ထားခဲ့ကြသည်။ $UBS^4$ သည်ပို၍တိုသောမူရင်းစာကို "B"အဆင့် (သေချာသလောက်)သတ်မှတ်သည်။

အဓိကသော့ချက်မှာဘုရားသခင်၏ ဖြောင့်မတ်ခြင်းဟူသည်လူသား၏လုပ်ဆောင်မှုမဟုတ်ဘဲခရစ်တော် မှတဆင့်ဘုရားသခင်၏စရိုက်နှင့်လက်ဆောင်ဖြစ်သည်။ ဖြောင့်မတ်ခြင်းဟူသည်ကျဆင်းခဲ့သူ လူသားရရှိရန် မဖြစ်နိုင်သောအရာဖြစ်သော်လည်း၊ ၎င်းကိုခရစ်တော်အားယုံကြည်အားထားခြင်းမှ တဆင့်အခမဲ့ပေးစမ်းသော

လက်ဆောင်ဖြစ်သည်။ (၃း၂၁-၃၁)။ သို့သော်၎င်းကိုလက်ခံခြင်းပြုရပါမည် (ငယ် ၃၃။ ယောဟန် ၁း၁၂။ ၃း၁၆။ ရောမ ၄း၁။ ၁၀း၉-၁၃။ ဧဖက် ၂း၈-၉)။ ၎င်းမှာစစ်မှန် သောဘာသာတရားကိုင်းရှိုင်းသော ကိုယ်ကျင့်တရားဝါဒီဂျူးများ (နှင့်ဥပဒေသသမားများအားလုံး) လက်လွှတ်သွားခဲ့ရကြသောသမ္မာတရားဖြစ်သည်။

George Eldon Ladd သည်မိမိ၏စာအုပ် *A Theology of the New Testament* ၌အချက်တစ်ခု ဖော်ပြသည်မှာ-

"ပညတ်တရားတော်အကြောင်း ပေါလုသွန်သင်ရာ၌ဂျူးရဗ္ဗိဆရာတစ်ဦးဖြစ်သော မိမိပေါလုကိုယ်တိုင်၏ သမိုင်း၏အတွေ့အကြုံအားဖြင့်ရသောအမြင်အရဖြစ်စေ၊ ပထမရာစုခေတ်ပညတ်တော်အောက်ကဂျူးတစ်ယောက် ၏နမူနာသဘောဖြင့်ဖြစ်စေချဉ်းကပ်လေ့ရှိသည်။ မည်သို့ဖြစ်စေပေါလု၏အမြင်ကိုသူ၏ဝိညာဉ်ရေးရာအတ္ထုပ္ပတ္တိ အဖြစ်ဖြင့်လည်းကောင်း၊ ပထမရာစုနှစ်ဖါရိရှဲဝါဒအားနည်းဥပဒေဝါဒီတစ်ဦး၏ ဖော်ပြမှုအဖြစ်လည်းကောင်း မြင်ရမည်ဖြစ်သော်လည်းခရစ်ယာန်တွေးခေါ်ရှင်တစ်ဦးသည် ဓမ္မသဘောတရား၏ဖြောင့်မတ်ခြင်းနည်းလမ်းနှစ် မျိုးဖြစ်သည့်နည်းဥပဒေသဝါဒနှင့် ယုံကြည်ခြင်းတို့အားဖြင့်အနက်ဖွင့်ဆိုမှုတစ်ရပ်အဖြစ်လည်း ရှုမြင်ရမည် ဖြစ်သည်။" ( p.495 )

**၉း၃၃** ၎င်းအားဟေရှာယ ၂၈း၁၆ နှင့် ၈း၁၄ တို့ကိုပေါင်း၍ယူခြင်းဖြစ်သည်။

"ကြည့်ရှုလော့၊ ငါသည်ဇိအုန်မြို့၌ကျောက်တုံးတစ်ခုချထား၏။" ၂၈း၁၆

"ခလုတ်တိုက်ခြင်းနှင့်ပြစ်မှားခြင်းကျောက်ဆောင်" ၈း၁၄

"သူ့ကိုယုံကြည်သူသည်စိတ်မပျက်ရ" ၂၈း၁၆

ဤအခန်းငယ်တို့ကိုဤပုံစံဖြင့်ပေါင်းစပ်သည့်အခါ(ရဗ္ဗိဆရာကြီးတို့လုပ်နေကျပုံစံ) ဟေရှာ ၂၈း၁၆ အဓိပ္ပါယ်ကိုအပြုသဘောမှအဖျက်သဘောသို့ပြောင်းပစ်လိုက်ခြင်းဖြစ်သည်။ ပေါလုသည်ဓမ္မဟောင်းကျမ်း ကိုမိမိရည်ရွယ်ချက်အတွက်ပါးနပ်စွာအသုံးချလေ့ရှိသည်။

၁။ သူသည်မည်သည့်ဘာသာပြန်ချက်ကိုလိုက်သနည်း?( LXX, MT, သို့မဟုတ် မိမိကိုယ်ပိုင် ဘာသာပြန်)

၂။ အကိုးအကားပြုမှုများကိုသူပြောင်းလဲလိုက်သည် (ပြည်နှင်ဒဏ်ခံသူများကိုတပါးအမျိုးသား သို့ပြောင်းလိုက်သည်)

၃။ မူရင်းကျမ်းများကိုသူပေါင်းစပ်သည်

၄။ ဘွဲ့နာမတော်နှင့်နာမ်စားများပြောင်းလဲသည်။ YHWH ကိုယေရှုအဖြစ်သုံးသည်။

□ **"သူ့ကိုယုံကြည်သူသည်စိတ်မပျက်ရ"** ၎င်းမှာဟေရှာယ ၂၈း၁၆ မှဖြစ်သည်။ ၎င်းကိုရောမ ၁၀း၁၁ ၌ လည်းကိုးကားပြီး ရောမ ၁၀း၁၃ ၌ကိုးကားသည့်ယောလ ၂း၃၂ နှင့်လည်းဆင်တူသည်။ ကယ်တင် ခြင်း အတွက်သော့ချက်မှာ (၁) ယုံကြည်သောအရာ (တိုက်ထောင့်အမြစ်ကျောက်) နှင့် (၂) တစ်ယောက်ချင်းကိုယ် တိုင်လက်ခံခြင်း(သူ့အားယုံကြည်ကိုးစားခြင်း)။ အထူးအကြောင်းအရာ။ ။ ယုံကြည်ပါ-၄း၅ ၌ ကြည့်ပါ။

□ **"ကျောက်တုံးတစ်တုံး"** ၎င်းမှာမူရင်းအားဖြင့်ဘုရားသခင်၏ဘွဲ့နာမတော်တစ်ခုဖြစ်သော်လည်း (ဆာ ၁၈း ၁-၂၊ ၃၁၊ ၄၆။ တရား ၃၂း၁၈။ ၁ဓမ္မ ၂း၂။ ဆာ ၂၈း၁။ ၃၁း၁။ ၄၂း၉။ ၇၁း၃။ ၇၈း၃၅) မေရှိယ၏ ဘွဲ့နာမတော်ဖြစ်လာသည်။ (ကမ္ဘာ ၄၉း၂၄။ ဆာ ၁၁၈း၂၂။ ဟေရှာ ၈း၁၄။ ၂၈း၁၆။ ဒံ ၂း၃၄-၃၅၊ ၄၄း၄၅။ မဿဲ ၂၁း၄၂-၄၄)။ ဘုရားသခင်၏ပဋိညဉ်တရားဆိုင်ရာကတိတော်၏အဓိက သော့ချက်(မေရှိယ)ကိုနား လည်မှုလွဲမှားကာငြင်းပယ်ခဲ့ကြသည်။ (၁ကော ၁း၂၃)။ ဂျူးလူမျိုးတို့သည် မေရှိယ၏ရည်ရွယ်ချက်ကို သာမကဘုရားသခင်၏ ပဋိညဉ်ဆိုင်ရာအခြေခံတောင်းဆိုမှုကိုပါနားလည်မှုလွဲမှားခဲ့ကြသည်။ ခရစ်တော် သည်ဂျူးလူမျိုးများအတွက် ခလုတ်တိုက်မိရာအကြောင်းဖြစ်လာခဲ့သော်လည်း(ဟေရှာ ၈း၁၄။ လုကာ ၂း၃၄) ဂျူးနှင့်တစ်ပါးအမျိုးသားနှစ်မျိုးစလုံးမှ ယုံကြည်သူများအတွက်မူသူသည်တိုက်ထောင့်အမြစ်ကျောက်ဖြစ်လာ ခဲ့သည်။ (ဟေရှာ ၂၈း၁၆။ ၁ပေ ၂း၆-၁၀)

## အထူးအကြောင်းအရာ။ ။ တိုက်ထောင့်အမြစ်ကျောက်

**၁**။ ဓမ္မဟောင်းကျမ်းအသုံးအနှုန်းများ

ကျ။ ကျောက်တုံး၏သဘောမှာခိုင်မာ၍ကြာရှည်တည်တံ့သဖြင့်အုတ်မြစ်ကောင်းတစ်ခုဖြစ်သွားစေသည်။ ၎င်းကို YHWH အားဖော်ပြရန်အသုံးပြုသည်။(ဆာလံ ၁၈း၂)

ခ။ နောက်ပိုင်း၌၎င်းမှာမေရှိယ၏ဘွဲ့နာမတော်ဖြစ်လာသည်။ (ကမ္ဘာ ၄၉း၂၄။ ဆာ ၁၁၈း၂၂။ ဟေရှာ ၂၈း၁၆)

ဂ။ ၎င်းသည်မေရှိယအားဖြင့်ဘုရားသခင်၏တရားစီရင်ခြင်းကိုကိုယ်စားပြုသည်။ (ဟေရှာ ၈း ၁၄။ ဒံ ၂း၃၄–၃၅၊ ၄၄–၄၅)။

ဃ။ ၎င်းသည်အဆောက်အဦးအားတင်စားဖော်ပြမှုဖြစ်လာသည်။

(၁) အခြေခံအုတ်မြစ်ကျောက်။ ၎င်းကိုပထမဦးဆုံးချသည်။ ဤအဆောက်အဦးတစ်ခုလုံးအတွက်ထောင့်စွန်းများသတ်မှတ်ပေးကာ၊ ခိုင်ခံ့မှုကိုပါပေးသည်။ "တိုက်ထောင့်အမြစ်ကျောက်" ဟုခေါ်သည်။

(၂) ၎င်းသည်အုတ်နံရံနှစ်ဘက်ကိုမြဲစေရန်နောက်ဆုံးချသောကျောက်တုံးကိုလည်းညွှန်းနိုင်သည်။ (ဇာ ၄း၇။ ဧဖက် ၂း၂၀၊၂၁)။ ၎င်းကို"အထွဋ်ကျောက်တုံး"– the capstone ဟုခေါ်ပြီးဟေဗြဲစကား rush (ဦးခေါင်း)မှလာသည်။

(၃) ၎င်းသည်"သော့ချက်ကျောက်တုံး" ကိုလည်းညွှန်းနိုင်သည်။ ၎င်းမှာမုခ်ပေါက်၏အလယ်၌ရှိသောကျောက်တုံးဖြစ်ပြီးမုခ်နံရံတစ်ခုလုံး၏ အလေးချိန်ကိုထိန်းပေးသည်။

**၂**။ ဓမ္မသစ်ကျမ်းအသုံးအနှုန်း

က။ ယေရှုသည်မိမိကိုယ်မိမိရည်ညွှန်းရန်ဆာလံ ၁၁၈ ကိုမကြာခဏကိုးကားသည်။ (မဿဲ ၂၁း ၄၁–၄၆။ မာကု ၁၂း၁၀–၁၁။ လုကာ ၂၀း၁၇။)

ခ။ ပေါလုသည်ဆာလံ ၁၁၈ အားပုန်ကန်သူယုံကြည်ခြင်းကင်းမဲ့သောအစ္စရေးကို YHWH ငြင်း ပယ်ခြင်းနှင့်ဆိုင်၍သုံးသည်။ (ရောမ ၉း၃၃)

ဂ။ ပေါလုသည်ခရစ်တော်ကိုရည်ညွှန်းရန်"တိုက်ထောင့်အမြစ်ကျောက်" သဘောအား ဧဖက် ၂း ၂၀–၂၂ ၌သုံးသည်။

ဃ။ ပေတရုသည်ယေရှုအကြောင်း၌ဤသဘောကိုပင် ၁ပေ ၂း၁–၁၀ ၌သုံးသည်။ ယေရှုသည် တိုက်ထောင့် အမြစ်ကျောက်ဖြစ်ကာ ယုံကြည်သူများသည် အသက်ရှင်သော ကျောက်တုံးများ ဖြစ်ပြီး (၁ကော ၆း၁၉ ၌ယုံကြည်သူများကိုဗိမာန်တော်များအဖြစ်) သခင်ဘုရားအပေါ်ထပ် ၍တည်ဆောက်လျက်ရှိကြ၏။ (ယေရှုမှာအသစ်သောဗိမာန်တော်ဖြစ်သည်။ မာကု ၁၄း၅၈။ မဿဲ ၁၂း၆။ ယော ၂း၁၉–၂၀)။ ဂျူးတို့သည်ယေရှုအား မေရှိယအဖြစ်ငြင်းပယ်သည့် အခါမိမိတို့မျှော်လင့်ခြင်း၏အခြေခံအုတ်မြစ်ကိုငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်။

၃။ ဓမ္မသဘောတရားအား

က။ YHWH သည်ဒါဝိဒ်/ရှောလမုံအားဗိမာန်တော်ဆောက်လုပ်ခွင့်ပြုသည်။ သူတို့သည် ပဋိညဉ်တရားကိုစောင့်ထိန်းကြပါကကောင်းချီးပေးကာသူတို့နှင့် အတူရှိမည်(၂ဓမ္မ၇)ဟု ပြောခဲ့သော်လည်းထိုသို့မပြုကြပါကထိုဗိမာန်တော်ပျက်စီးသွားလိမ့်မည်ဟုပြောပြသည်။ (၃ဓမ္မ ၉း၁–၉)

ခ။ ရဗ္ဗိဆရာကြီးများ၏ ဂျူးဘာသာသည်ပုံစံနှင့်ဘာသာရေးပွဲလမ်းသဘင်တို့၌ အာရုံစူး စိုက်ကာ လူကိုယ်တိုင်၏ယုံကြည်မှုကဏ္ဍကိုလစ်လျူရှုထားခဲ့ကြသည်။ (ယေရ ၃၁း ၃၁–၃၄။ ယေဇ ၃၆း ၂၂–၃၈)။ ဘုရားသခင်သည်မိမိသဏ္ဍာန်တော်နှင့် အညီဖန်ဆင်း ခဲ့သူများနှင့် နေ့စဉ်သန့်ရှင်းသောပေါင်းသင်းဆက်ဆံရေးပြုရန်မျှော်လင့်သည်။ (ကမ္ဘာ ၁း၂၆–၂၇)။ မဿဲ ၅း၂၀ ၌ဂျူးဘာသာကိုပြောသည်နည်းတူလုကာ ၂၀း၁၇–၁၈ ၌ လည်းကြောက်လန့် ဘွယ်ရာတရားစီရင်ခြင်းစကားများပါဝင်သည်။

ဂ။ ယေရှုသည်မိမိရုပ်ခန္ဓာကိုကိုယ်စားပြုရန် ဗိမာန်တော်သဘောသုံးခဲ့သည်။ (ယော ၂း ၁၉–၂၂) ဤသဘောအတိုင်းဆက်လက်သွားကာ ယေရှုအားမေရှိယအဖြစ်ကိုးစားခြင်း သည် YHWH နှင့်ဆက်ဆံခြင်း၏သော့ချက်ဖြစ်လာသည်။ (ယော ၁၄း၆။ ၁ယော ၅း ၁၀–၁၂)

ဃ။ ကယ်တင်ခြင်းဟူသည် ပျက်စီးသွားသောဘုရားသခင်၏ သဏ္ဍာန်တော်ကိုလူသားအထဲ ပြန်လည်ရယူခြင်းဖြစ်ပြီး (ကမ္ဘာ ၁း၂၆–၂၇ နှင့် အခန်းကြီး ၃) ဘုရားသခင်နှင့်ပြန်၍ မိတ်သဟာယပြုနိုင်ရန်ဖြစ်သည်။ ခရစ်ယာန်၏ပန်းတိုင်မှာခရစ်တော်နှင့်ယခုတူနေခြင်း ဖြစ်သည်။ ယုံကြည်သူများသည်အသက်ရှင်သော ကျောက်တုံးများဖြစ်လာကြစေရန် တည်း။ (ခရစ်တော်၏ပုံစံကိုလိုက်ကာသူ့ပေါ်ဆောက်လုပ်ထားသောဗိမာန်တော်အငယ် များ)

င။ ယေရှုသည်ကျွန်တော်တို့၏ ယုံကြည်ခြင်းတိုက်ထောင့်အမြစ်ကျောက်နှင့် ကျွန်တော်တို့ ၏ယုံကြည်ခြင်းအထွဋ်ကျောက်တုံးဖြစ်သည်။ (အာလဖနှင့်ဩမေယ) သို့သော်ခလုတ် တိုက်စရာကျောက်တုံးနှင့် ပြစ်မှားစရာကျောက်တုံးလည်းဖြစ်သည်။ သူ့အားလက် လွတ်ခြင်းသည် အရာခပ်သိမ်းလက်လွတ်သွားခြင်းဖြစ်သည်။ ဤနေရာ၌အလယ် အလတ်လမ်းစဉ်ဟူ၍ကားမရှိပါချေ။

## ဆွေးနွေးသောမေးခွန်းများ

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်း လမ်းညွှန်မှု အားလေ့လာခြင်းဖြစ်သည်။ ဆိုလို သည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်း စာနှင့် ဝိညာဉ်တော်တို့မှာပဓါနအကျဆုံးဖြစ်သည်။သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့်ကျမ်းရေး သူများအပေါ်၌သာပုံချရန်မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သောဤမေးခွန်းများမှာ ဤကျမ်း၏ကျန်အပိုင်းတွင် ပါဝင်သောအဓိကအကြောင်း အရာများအားစဉ်းစားဆင်ခြင်နိုင်ရန်ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲစဉ်းစားဆင်ခြင်မှုအားဆွပေးခြင်း သာဖြစ်သည်။

၁။ အခန်းကြီး ၉ (ကြိုတင်ခန့်ထားခြင်း)နှင့် အခန်း ၁၀ (လူသား၏လွတ်လပ်သောစိတ်ဆန္ဒ)တို့သည် မည်သို့ဆက်စပ်သနည်း ?

၂။ အခန်းကြီး ၉း၁–၂၉ ၏အဓိကဦးတည်ချက်မှာအဘယ်နည်း?

၃။ ဘုရားသခင်သည်အစ္စရေးကိုပေးသည့်မိမိကတိတော်ကိုချိုးဖောက်ခဲ့ပြီလော?

၄။ အစ္စရေးလူမျိုးများခံစားခဲ့ကြသည့်အထူးအခွင့်အရေးများစာရင်းပြုစုပါ။ (၉း၄–၅)

၅။ ဂျူးများအားလုံးဘုရားသခင်နှင့်မှန်ကန်ကြပါသလား?မှန်ကန်ကြသည်ဆိုလျှင်ဘာကြောင့် လဲ?

၆။ လူသားကိုဘုရားသခင်၏အလိုတော်အတိုင်းလုပ်ရန်အတင်းအကြပ်ပြုခဲ့သည်ဆိုလျှင်လူ၌ကိုယ်ကျင့်တရားအရတာဝန်ဝတ္တရားဟူ၍ရှိပါဦးမလား?

၇။ ကြိုတင်ခန့်ထားခြင်းအတွက်သော့ချက်ဖြစ်သောဂရုဏာတော်မှာမည်သို့နည်း?
(၁၅၊၁၆၊၁၈၊၂၃။ ၁၁း၃၀–၃၂)

# ရောမ ၁၀

| ခေတ်သစ်ဘာသာပြန်ကျမ်းများအားစာပိုဒ်ခွဲခြင်း | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| အစ္စရေးနှင့် ဧဝံဂေလိ သတင်းကောင်း | အစ္စရေး၌ ဧဝံဂေလိ သတင်းကောင်းလိုအပ် | စစ်မှန်သောဖြောင့်မတ်ခြင်းယုံကြည်မှုဖြင့်ရ | အစ္စရေးနှင့် ဧဝံဂေလိ သတင်းကောင်း | သန့်ရှင်းစေသူဘုရားဖြစ်ကြောင်းအစ္စရေးမမြင်ခဲ့ |
| ၉း၃၀–၁၀း၄ | | ၉း၃၀–၁၀း၄ | ၉း၃၀–၁၀း၄ | |
| | ၁၀း၁–၁၃ | | | ၁၀း၁–၄ |
| အားလုံးအတွက် ကယ်တင်ခြင်း | | | အားလုံးအတွက် ကယ်တင်ခြင်း | မောရှေ၏သက်သေခံချက် |
| ၁၀း၅–၁၃ | | ၁၀း၅–၁၃ | ၁၀း၅–၁၃ | ၁၀း၅–၁၃ |
| | ဧဝံဂေလိတရားကို အစ္စရေးငြင်း | မိမိရှုံးဆုံးမှုအတွက်စ္စရေး၌တာဝန်ရှိ | | အစ္စရေး၌ဆင်ခြေတက်စရာမရှိ |
| ၁၀း၁၄–၂၁ | ၁၀း၁၄–၂၁ | ၁၀း၁၄–၁၇ | ၁၀း၁၄–၁၇ | ၁၀း၁၄–၁၅ |
| | | | | ၁၀း၁၆–၁၇ |
| | | ၁၀း၁၈–၂၁ | ၁၀း၁၈–၂၁ | ၁၀း၁၈–၂၁ |

## ပတ်လည်ဖတ်ရှုခြင်းအကြော့သုံး (စာ xi ၌ ကြည့်ပါ)။

*မူရင်းစာရေးသူ၏ စာပိုဒ်အလိုက် ရည်ရွယ်ချက်အား နားလည်ခြင်း*

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည်အကြောင်း <u>လမ်းညွှန်မှု</u> အားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသော အလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင်သမ္မာကျမ်း စာနှင့် ဝိညာဉ်တော်တို့မှာပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်း အလုပ်ကိုအနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာ ပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကိုတစ်ထိုင်တည်းနှင့် ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများသတ်မှတ်ဖော်ပြပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန်ကျမ်းငါးကျမ်းတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များသည်ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန်သော့ချက်ဖြစ်သည်။ ၎င်းမှာအနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည်အကြောင်းအရာတစ်ခုဖြစ်ပြီး၊ စာပိုဒ်၌အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ ---- စသဖြင့်

## ကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ခြင်း

က။ ခရစ်တော်အထဲ၌ YHWH ၏ကျေးဇူးကြီးစွာပေးစမ်းသောကယ်တင်ခြင်းကိုတုံ့ပြန်မှုပေးရန် အစ္စရေး၏အခွင့်ကောင်းများအကြောင်းအခန်းကြီး ၁၀ တွင်စူးစိုက်သည်။ ကမ္ဘာကိုရွေးချယ် ရန်ရည်ရွယ်ချက်ကြောင့်ဂျူးလူမျိုးများကိုဘုရားသခင်ရွေးချယ်ခြင်းအကြောင်းအခန်းကြီး ၉ ၌ဆွေးနွေးသည်။

(ကမ္ဘာ ၃း၁၅။ ၁၂း၃။ ထွက် ၁၉း၅-၆)။ သို့သော်ဂျူးများသည်ဘုရားသခင်၏ရွေးချယ်မှုအား လက်ခံရန်ငြင်းပယ်ခဲ့ကြသည်။ (ပဋိညဉ်တရားအားနာခံခြင်း။ တရားဟောရာ ကျမ်း ၂၇-၂၉)။

ခ။ ဧဝံဂေလိသတင်းကောင်းအားဖော်ပြရန် ပေါလုသည်ဓမ္မဟောင်းကျမ်းကို ဆက်လက်သုံးသွားသည်။ (အခန်းကြီး ၉ အားကျမ်းစကားအဆက်အစပ်ဖြင့်နားလည်ခြင်းနံပါတ် "င" ၌ကြည့်ပါ)။ ၎င်းမှာ တမန်တော်ကျမ်း၌တမန်တော်များဟောသော တရားဒေသနာများ၏ထူးခြားမှုဖြစ်ကာ kerygma (ဟောပြောသည့်အရာ) အဖြစ်သိရှိထားကြသည်။ အထူးအကြောင်းအရာ။ ။ ဟောပြောသည့်အရာ။ ။ ၁း၂ ၌ကြည့်ပါ။

ဂ။ ၉း၃၀-၁၀း၄ ၏အဓိကသမ္မာတရားများမှာ

၁။ တပါးအမျိုးသားများသည်ခရစ်တော်ကိုယုံကြည်ခြင်းမှတဆင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းရကြသည်။

၂။ ဂျူးလူမျိုးများသည်ခရစ်တော်ကိုကိုးစားခြင်းမပြုခဲ့ကြသဖြင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းမရကြ။

၃။ ပညတ်တရားတော်သည် ဖြောင့်မတ်ခြင်းမပေးနိုင်။ ၎င်းမှာခရစ်တော်ကိုကိုးစားခြင်းပြုရာမှတဆင့်ဘုရားသခင်ပေးသော လက်ဆောင်ဖြစ်ပြီးလူသား၏ လုပ်ဆောင်မှုဖြင့်မရရှိနိုင် (၃း ၂၁-၃၁)။

ဃ။ Bruce Corley နှင့် Curtis Vanghan တို့ရေးသားကာ Zondervan စာအုပ်တိုက်က ထုတ်ဝေသည့် *A Study Guide Commentary, Romans*, pp.115-116 ၌ဂျူးလူမျိုးများ၏အပြစ်အကြောင်းအကျဉ်းချုပ်ခြင်းသည်အထောက်အကူပြုပါသည်။

၁။ ဘာသာရေးမာန။ ၁၀း၂ က

၂။ ဝိညာဉ်မျက်စိကန်းခြင်း။ ၁၀း၂ခ၊၃က

၃။ မိမိကိုယ်မိမိဖြောင့်မတ်စေခြင်း၊ ၁၀း၃ခ

၄။ အလျှော့မပေးစတမ်းသောခေါင်းမာမှု ၁၀း၄က

အခန်းကြီး ၁၀ အကြောင်းအခန်းကြီး ၉ အဆုံး၌သူတို့ပေးသွားသည့်မှတ်ချက်များကိုကျွန်တော်လည်းသဘောကျပါသည်။ "လက်ဝါးကပ်တိုင် အကြောင်းဟောပြောခြင်း၌ ရွေးကောက်မှုဖြစ်ပေါ်သည်။ (၁သက် ၁း၄-၁၀)။ ဘုရားသခင်၏အချုပ်အချာအာဏာဖြင့်ခိုင်မာစွာ (က) အကာအကွယ်ပြုမှုကို (၉း၆-၂၉) (ခ) အကြီးမားဆုံးသာသနာပြုရာစာပိုဒ်များဖြင့်မည်ကဲ့သို့လိုက်နိုင်ကြောင်း (ဂ) ပေါလုရေးသည့်စာများ၌ (၁၀း၁-၂၁)ရှင်းလင်းချက်ပေးသည်။ (ဃ) (၁၀း၁-၂၁) ရှင်းလင်းချက်ပေးသည်။ ဧဝံဂေလိသတင်းကောင်းဟောရန်အမြင့်မားဆုံးသောအမိန့် မှာထိုသို့ဟောခြင်းဖြင့်ဘုရားသခင်သည် ခရစ်တော်အထဲမိမိရွေးကောက်ခြင်းရည်ရွယ်ချက်ကိုသစ္စာရှိစွာ ဆောင်ရွက်ခြင်းဖြစ်သည်ဟူ၍သိရှိထားခြင်းဖြစ်သည်" (p.114)။

င။ အခန်းကြီး ၉ နည်းတူ၊ အခန်းငယ် ၁၀ ၌ဓမ္မဟောင်းကျမ်းများစွာကိုးကားထားသည်။

၁။ အငယ် ၅-ဝတ်ပြု ၁၈း၅

၂။ အငယ် ၆-တရားဟော ၃၀း၁၂။ နိဒါန်းမှာတရားဟော ၉း၄ ဆင်တူသည်

၃။ အငယ် ၇-တရားဟော ၃၀း၁၃ မှာဆာ ၁၀၇း၂၆ ဆင်တူသည်

၄။ အငယ် ၈-တရားဟော ၃၀း၁၄

၅။ အငယ် ၁၁-ဟေရှာယ ၂၈း၁၆

၆။ အငယ် ၁၃-ယောလ ၂း၃၂

၇။ အငယ် ၁၅-ဟေရှာ ၅၂း၇ (သို့) နာဟုံ ၁း၁၅

၈။ အငယ် ၁၆-ဟေရှာ ၅၃း၁

၉။ အငယ် ၁၈–ဆာလံ ၁၉း၄
၁၀။ အငယ် ၁၉–တရား ၃၂း၂၁
၁၁။ အငယ် ၂၀–ဟေရှာ ၆၅း၁
၁၂။ အငယ် ၂၁–ဟေရှာ ၆၅း၂

## စကားလုံးနှင့်စကားစုများလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၀း၁–၄**

**[1]ညီအစ်ကိုတို့ငါ့စိတ်နှလုံးတောင့်တမှုနှင့် ဘုရားသခင်ထံဆုတောင်းချက်မှာ သူတို့ကယ်တင်ခြင်းအတွက်ဖြစ်သည်။ [2]သူတို့သည်ဘုရားသခင်အတွက်စိတ်ဓာတ်ပြင်းပြကြသော်လည်း ပညာအားဖြင့်မဟုတ်ချေ။ [3]အကြောင်းမူကားဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းကိုမသိဘဲသူတို့၏ ဖြောင့်မတ်ခြင်းတည်စေရန်ကြိုးစားကြသဖြင့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုမနာခံကြချေ။ [4]အကြောင်းမူကားယုံကြည်သူတိုင်းဖြောင့်မတ် စေရန်ခရစ်တော်သည်ပညတ်တရားတော်၏အဆုံးဖြစ်သတည်း။**

**၁၀း၁ "ညီအစ်ကိုတို့"** ပေါလုသည်ဤဝေါဟာရကိုအကြောင်းအရာသစ်တစ်ခုအစပြုရန်သုံးလေ့ရှိသည်။ (၁း၁၃။ ၇း၁၄။ ၈း၁၂)

□ **"ငါ့စိတ်နှလုံးတောင့်တမှုနှင့်ဘုရားသခင်ထံဆုတောင်းချက်မှာ သူတို့၏ကယ်တင်ခြင်းအတွက်ဖြစ်သည်"** ဂျူးလူမျိုးများကယ်တင်ခြင်းရနိုင်ကြောင်းနှင့် သူတို့အတွက်ဆုတောင်းပေးခြင်းသည်ခြားနားမှုဖြစ်စေလိမ့်မည်ဟုပေါလုယုံကြည်သည်။ ၄င်းမှာကြိုတင်ခန့်ထားခြင်းနှင့်အံ့အားသင့်စရာဆန့်ကျင်ဘက်ဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ကြားဝင်ဆုတောင်းပေးခြင်း ၉း၃ ၌ကြည့်ပါ။ "သူတို့အတွက်" စကားလုံး၌လက်ရေးကျမ်းမူကွဲတစ်ခုရှိသည်။ Textus Receptus သည် "အစ္စရေးအတွက်" ဟူသောစကားလုံးဖြင့်အစားထိုးသည်။ သို့သော်လက်ရေးကျမ်းအထောက်အထားသည်"သူတို့အတွက်" ကိုပိုမိုများပြားနှာသာပေးသည်။ (MSS P[46], Aleph, B, C, D, F, G) UBS[4] သည်၄င်းကို " A" (သေချာ)အဆင့် သတ်မှတ်သည်။

**၁၀း၂ "သူတို့သည်ဘုရားသခင်အတွက်စိတ်ဓာတ်ပြင်းထန်သော်လည်း"** စိတ်ရင်းမှန်ခြင်းနှင့်စိတ်ထက်သန်ခြင်းရှိရုံဖြင့်မလုံလောက်ချေ။ (ငယ် ၃–၄)။ ဤအကြောင်းပေါလုကောင်းစွာသိရှိသည်။ (တမန်တော် ၉း၁။ ဂလာ ၁း၁၄။ ဖိ ၃း၆)

**၁၀း၂–၃ "....သော်လည်းပညာအားဖြင့်မဟုတ်ချေ။ အကြောင်းမူကားဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကိုမသိဘဲ"** ဤနေရာတွင်"သိသည်" ဟူသောဝေါဟာရ၌ (ငယ် ၂ *epiginōskō*) ဆိုလိုချက်နှစ်မျိုးရှိနိုင်သည်။

၁။ ဂျူးလူမျိုးတို့သည်အခမဲ့ဧဝံဂေလိသတင်းကောင်းဆိုသည်ကိုနားမလည်ကြချေ။ (ဂရိအမြင်အား ဖြင့် "သိ")
၂။ ဂျူးလူမျိုးများသည်ဘုရားသခင်နှင့်ယုံကြည်ခြင်းအားဖြင့်ဆက်သွယ်မှုမရှိကြချေ။ (ဟေဗြဲအမြင်အားဖြင့် "သိ"။ ကမ္ဘာ ၄း၁။ ယေရ ၁း၅)

ဂျူးလူမျိုးတို့သည် ဘုရားသခင်အားတုံ့ပြန်မှုပြုရန်လိုအပ်ကြောင်းမသိသူများမဟုတ်ကြချေ။ (ငယ် ၁၆၊၁၈၊၁၉) သို့သော်သူတို့သည်ယုံကြည်ခြင်းကိုလူသား၏ လုပ်ဆောင်မှုနှင့်အစားထိုးလိုက်ကြသည်။ ထို့ကြောင့်၄င်းသည်မာန၊ ဝင့်ဝါမှုနှင့်သီးသန့်ဝါဒဖြစ်လာသည်။ (ငယ် ၃)

**အထူးအကြောင်းအရာ။ ။ သိရှိသည်(ဥပမာအပြစ်တရားဟောရာကျမ်း အားသုံးလေ့ရှိသည်။)**

ဟေဗြဲစကား "သိရှိသည်" (BDB)၌အဓိပ္ပါယ်အတော်များများ (အရှေ့အလယ်ပိုင်းဘာသာစကား) ကို Qal ကြိယာအမျိုးအစား၌တွေ့ရသည်။

၁။ အဆိုးအကောင်းနားလည်ခြင်း – ကမ္ဘာ ၃း၂၂။ တရား ၁း၃၉။ ဟေရှာ ၇း၁၄–၁၅။ ယောန ၄း၁၁

၂။ နားလည်ခြင်းအားဖြင့်သိရှိခြင်း – တရား ၉း၂၊၃၊၆။ ၁၈း၂၁

၃။ အတွေ့အကြုံအားဖြင့်သိရှိခြင်း – တရား ၃း၁၉။ ၄း၃၅။ ၈း၂၊၃၊၅။ ၁၁း၂။ ၁၀း၁၀။ ၃၁း၁၃။ ယောရှု ၂၃း၁၄။

၄။ စဉ်းစားခြင်း – တရား ၄း၃၉။ ၁၁း၂။ ၂၉း၁၆

၅။ လူပုဂ္ဂိုလ်အားဖြင့်သိရှိခြင်း

- က။ လူပုဂ္ဂိုလ်တစ်ယောက် – ကမ္ဘာ ၂၉း၅။ ထွက် ၁း၈။ တရား ၂၂း၂။ ၃၃း၉
- ခ။ ဘုရားတစ်ဆူ – တရား ၁၁း၂၈။ ၁၃း၂၊၆၊၁၃။ ၂၈း၆၄။ ၂၉း၂၆။ ၃၂း၁၇
- ဂ။ YHWH – တရား ၄း၃၅၊၃၉။ ၇း၉။ ၂၉း၆။ ဟေရှာ ၁း၃။ ၅၆း ၁၀–၁၁
- ဃ။ လိင်မှုအားဖြင့် – ကမ္ဘာ ၄း၁၊ ၁၇၊ ၂၅။ ၂၄း၁၆။ ၃၈း၂၆

၆။ သင်ယူသောကျွမ်းကျင်မှု (ဝါ) အသိပညာ – ဟေရှာ ၂၉း၁၁၊ ၁၂။ အာ ၅း၁၆

၇။ ပညာရှိသူဖြစ်ခြင်း – တရား ၂၉း၄။ သု ၁း၂။ ၄း၁။ ဟေရှာ ၂၉း၂၄

၈။ ဘုရားသခင်၏အသိပညာ–

- (က) မောရှေနှင့်ဆိုင်၍ – တရား ၃၄း၁၀
- (ခ) အစ္စရေးနှင့်ဆိုင်၍ – တရား ၃၁း၂၁။ ၂၇း၂၉

**၁၀း၃ "ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်း"** အခန်းကြီး ၉–၁၁ အရသိရသည်မှာ၄င်းစကားစုသည် ဘုရားသခင်သည်မိမိနှင့်မှန်ကန်သောရပ်တည်ချက်၌ရှိစေခြင်း (ရောမ ၄) အားရည်ညွှန်းပြီး ထိုသို့လုပ်ဆောင်ရခြင်းမှာ

၁။မိမိ၏ဂရုဏာတော်ကြောင့်

၂။ခရစ်တော်၏ပြီးစီးခဲ့သောအလုပ်

၃။ အပြစ်ပြည့်သောလူသား၏နောင်တ။ ယုံကြည်ခြင်းသည်တုန့်ပြန်မှုပေးကာဆက်လက်၍နာခံကာစွဲမြဲသွားသည်။

ဂျူးလူမျိုးတို့သည်ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကိုမည်ကဲ့သို့နားလည်မှုလွဲမှားသွားကြကြောင်း ကောင်းစွာ သဘောပေါက်နားလည်သဘောပေါက်နိုင်ပါသည်။ ဓမ္မဟောင်းကျမ်းသည် ပညတ်တော်နာခံခြင်းကို အလေးအနက်ပြုသည်။ (တရားဟော ၄း၂၈–၆း၃၊၁၇၊၂၄–၂၅)။ သူတို့ ဂရုမပြုမိခဲ့ကြသည်မှာယုံကြည်ခြင်းနှင့် နောင်တတရားတို့ချိန်ခွင်လျှာညီမျှရေးဖြစ်သည်။ (တရာဟော ၅း၂၉–၃၀၊၆း၅)။ ဘုရားသခင်သည်အစ္စရေး ဘက်၌နေကာလုပ်ဆောင်ခြင်းမှာသူတို့၏ဖြောင့်မတ်မှုကြောင့်မဟုတ်ဘဲ၊ မိမိ၏အကျင့်စရိုက်တော်ကြောင့်ဖြစ် ကြောင်းတရားဟောရာကျမ်း၌ရှင်းလင်းဖေါ်ပြသည်။ (၉း၆၊၇၊၁၃၊၂၄၊၂၇၊ ၁၀း၁၂–၂၂။ ယေဇ ၃၆း၂၂–၃၈)။ ခါနန်လူမျိုးများကို နှင်ထုတ်ခြင်းသည်ပင် သူတို့၏အပြစ်ကြောင့်ဖြစ်ကာ

(၉း၄–၆။ ကမ္ဘာ ၁၅း၁၆) အစွရေး၏ ဖြေင့်မတ်မှုကြောင့်မဟုတ်ချေ။ အထူးအကြောင်းအရာ။ ။ ၁း၁၇၌ကြည့်ပါ။

□ **"ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုမနာခံကြချေ"** ကြိယာမှာ AORIST PASSIVE INDICATIVE ဖြစ် သော်လည်း MODEL VOICE (TEV) အဖြစ်ဘာသာပြန်သည်။ Koine Greek (အရပ်သုံးဂရိစကား)၌ MIDDlE VOICE ၏လုပ်ဆောင်မှုကိုPASSIVE VOICE ကထိန်းချုပ်သည်။ ကျမ်းစကားအဆက်အစပ်သဘောအားဖြင့်အဓိပ္ပါယ်ဆုံးဖြတ်သည်။

နာခံ(submit)၏လုံးစေ့ပတ်စေ့အဓိပ္ပါယ်မှာ အတွဲလိုက်ပေးသောအမိန့်တစ်ခုအတွက်သုံးသည့်စစ်ရေးဝေါဟာရဖြစ်သည်။ ဂျူးလူမျိုးတို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုအလုပ်/အကျင့်ဖြင့်ရရှိရန်ကြိုးစားခဲ့ကြသော်လည်းငင်းမှာလက်ဆောင်ဖြစ်နေချေသည်။ (၃း၂၄။ ၅း၁၅။ ၆း၂၃။ ဧဖက် ၂း၈–၉)။ ပေါလုသည် ဤသမ္မာတရားကိုဒမသတ်မြို့သွားရာလမ်းပေါ်ရှင်းလင်းစွာနားလည်လာခဲ့သည်။

## အထူးအကြောင်းအရာ။ ။ နာခံခြင်း (HUPOTASSO)

Septuagint သည်ဤဝေါဟာရကိုကွဲပြားခြားနားသော ဟေဗြဲစကားလုံးတစ်ဆယ်အားဘာသာပြန် ခြင်းအတွက်သုံးသည်။ ငင်း၏ဓမ္မဟောင်းကျမ်းမူလအဓိပ္ပါယ်မှာ "အမိန့်ပေးသည်" သို့မဟုတ် "အမိန့်၏ အခွင့်အရေး/အမိန့်ပေးပိုင်ခွင့်" ဖြစ်သည်။ ငင်းကိုSeptuagint (LXX) တွေ့ရသည်မှာ–

၁။ ဘုရားသခင်မိန့်ကြားသည်။ (ဝတ် ၁ဝး၁။ ယောန ၂း၁။ ၄း၆–၈)

၂။ မောရှေမိန့်ကြားသည်။ (ထွက် ၃၆း၆။ တရား ၂၇း၁)

၃။ ရှင်ဘုရင်များမိန့်ကြားသည်။ (၂ရာ ၃၁း၁၃)

ဓမ္မသစ်ကျမ်း၌ ဤအဓိပ္ပါယ်ဖြင့်ဆက်လက်သုံးရာတမန်တော်တစ်ပါး အမိန့်ပေးရာတွင်တမန်တော်၁ဝး၄၈ ၌တွေ့ရသည့်ပုံစံဖြစ်သည်။ မည်သို့ဖြစ်စေဓမ္မသစ်ကျမ်း၌အဓိပ္ပါယ်ပွါးများဖြစ်ပေါ်လာသည်။

၁။ မိမိ၏စိတ်ဆန္ဒအရလုပ်ဆောင်မှုသဘောဖြစ်လာသည်။ (MIDDLE VOICE ဖြင့်တွေ့ရလေ့ရှိသည်)

၂။ ဤသို့အမိမိကိုယ်မိမိကန့်သတ်လုပ်ဆောင်ခြင်းအားယေရှုကခမည်းတော်အားနာခံရာ၌တွေ့ရသည်။(လုကာ ၂း၅၁)

၃။ ဧဝံဂေလိသတင်းကောင်းအားအကျိုးမယုတ်စေရန်ယုံကြည်သူများသည် ယဉ်ကျေးမှုဓလေ့ထုံး စံများအားနာခံခြင်း

(က) အခြားယုံကြည်သူများ(ဧဖက် ၅း၂၁)

(ခ) ယုံကြည်သူမယားများ(ကော ၃း၁၈။ ဧဖက် ၅း၂၂–၂၄။ တိတု ၂း၅။ ၁ပေ ၃း၁)

(ဂ) မယုံကြည်သူအစိုးရများကိုယုံကြည်သူများနာခံခြင်း(ရောမ ၁၃း၁–၇။ ၁ပေ ၂း၁၃)

ယုံကြည်သူများသည်ဘုရားသခင်အတွက်၊ ခရစ်တော်အတွက်၊ ဘုရားသခင်နိုင်ငံတော်အတွက်၊ အခြားသူများ၏ကောင်းကျိုးအတွက်ချစ်ခြင်းမေတ္တာအရင်းခံဖြင့်လုပ်ဆောင်ကြသည်။(၁)အသင်းတော်သည် (၂) ဘုရားသခင်၏နိုင်ငံတော် နှင့် (၃) အခြားသူများ၏လိုအပ်ချက်များ ကိုအခြေခံကာ (၄) ဤဝေါဟာရအား (၅) (အဂ္ဂပယ်ချစ်ခြင်းမေတ္တာ)နည်းတူ (၆) အသစ်သောအဓိပ္ပါယ် များနှင့်ပြည့်ဝစေသည်။ အမိန့်ကြောင့်မဟုတ်ဘဲမိမိကိုယ်မိမိပေးအပ်သူဘုရားသခင်နှင့် ငင်း၏မေရှိယတို့နှင့် အသစ်သောဆက်ဆံမှုပေါ်အခြေပြုလျက် ဤဝေါဟာရသည် မြင့်မြတ်သောအတ္တအသစ်တစ်မျိုးအဓိပ္ပါယ်ဆောင်လာသည်။ ယုံကြည်သူများသည် တစ်ခုလုံး၏ကောင်းကျိုးနှင့်ဘုရားသခင်၏ မိသားစုကောင်းချီးအတွက်နစ်နာမှုခံကာဆက်ကပ်သည်။

၁၀း၄

**NASB, NKJV**

**NRSV “အကြောင်းမှာခရစ်တော်သည်ပညတ်တရား၏အဆုံးဖြစ်၏”**

**TEV “အကြောင်းမှာခရစ်တော်သည်ပညတ်တရားကိုအဆုံးသတ်ခဲ့ပြီ”**

**NJB “သို့သော်ယခုအခါပညတ်တရားသည်ခရစ်တော်ဖြင့်အဆုံးသတ်သို့ရောက်ခဲ့ပြီ”**

ဤဖော်ပြမှုသည်မဿဲ ၅း၁၇–၁၈ နှင့်တစ်မျိုးတစ်စားတည်းဖြစ်သည်။ ပညတ်တရားတော်၏ရည်ရွယ်ချက်ပန်းတိုင်(ဝါ)အဆုံး (*telos*) သည်ကယ်တင်ခြင်းမဟုတ်ဘဲသဘောပေါက်စေခြင်းဖြစ်ကာ၊ထိုရည်ရွယ်ချက်အတိုင်းဆက်လက်သွားသည်။ (ဂလ ၃း၂၄–၂၅) ဤအကြောင်းအရာ၏ဓမ္မသစ်ကျမ်းစံပြကျမ်းပိုဒ်များမှာ ဂလ ၃း၁–၂၉ နှင့် ဟေဗြဲသြဝါဒစာတို့ဖြစ်သည်။

ဤအကြောင်းဆွေးနွေးရာ၌ကျမ်းစကားအဆက်အစပ်သဘောဖြင့် အပြတ်ဆုံးဖြတ်ချက်ယူရသည်။ ပေါလုသည်ဓမ္မဟောင်းကျမ်းကိုနည်းအမျိုးမျိုးဖြင့်သုံးသည်။ ခရစ်ယာန်အသက်တာအကြောင်းဆွေးနွေးသည့်အခါဓမ္မဟောင်းကျမ်းမှာဘုရားသခင်၏ဖွင့်ပြမှုဖြစ်သည်။ (ရောမ ၁၅း၄။ ၁ကော ၁၀း၆၊၁၁)။ သို့သော်ကယ်တင်ခြင်းအကြောင်းဆွေးနွေးသည့်အခါ၌မူ၄င်းမှာဆိတ်သုဉ်းသွား၍ ကုန်ဆုံးခဲ့ပြီဖြစ်သည်။ (ဟေဗြဲ ၈း၁၃)။ အဘယ်ကြောင့်ဆိုသော်ဓမ္မဟောင်းကျမ်းမှာခေတ်ဟောင်းအားတင်စားဖော်ပြမှုဖြစ်သည်။ ယေရှုအထဲယုံကြည်ခြင်းနှင့်ဆိုင်သောဧဝံဂေလိသတင်းကောင်းမှာဝိညာဉ်တော်၏ခေတ်သစ်ဖြစ်သည်။ ပညတ်တရားတော်၏ခေတ်ကာလမှာကုန်လွန်ခဲ့ပေပြီ။ အထူးအကြောင်းအရာ ။ ။ မေရှေ၏ပညတ်တရားအပေါ်ပေါလု၏အမြင်ကို ၁၃း၉ ၌ကြည့်ပါ။

**NASB, NKJV “အကြောင်းမူကားယုံကြည်သူတိုင်းဖြောင့်မတ်စေရန်”**

**NRSV “ယုံကြည်သူတိုင်းအတွက်ဖြောင့်မတ်ခြင်းရှိစေရန်”**

**TEV “ယုံကြည်သူတိုင်းဘုရားသခင်နှင့်မှန်ကန်စေရန်”**

**NJB “ယုံကြည်ခြင်းရှိသူတိုင်းဖြောင့်မတ်စေခြင်းရရှိစေရန်”**

အခန်းကြီး ၉–၁၁ ကိုအားလုံးပေါင်း၍အနက်ပြန်ရပေမည်။ အခန်းကြီး ၉ ၌ပြင်းထန်စွာဖော်ပြသည့်ဘုရားသခင်၏အချုပ်အချာအာဏာအားအထူးပြုခြင်းကိုအခန်းကြီး ၁၀ ၌ယုံကြည်သူအားလုံးကိုခေါ်ဖိတ်ခြင်းနှင့် အတူတင်းမာစွာစွဲကိုင်ထားရပါမည်။(ငယ် ၄၊၉၊၁၁၊၁၃။ ၃း၂၂။ ၄း၁၁၊၁၆)

လူသားထုတစ်ရပ်လုံးကိုဘုရားသခင်ချစ်ကြောင်းနှင့်ရွေးနှုတ်ရန်ရည်ရွယ်ချက်ကိုကမ္ဘာ ၃း၁၅ ၌ဖော်ပြကာ ကမ္ဘာ ၁၂း၃ နှင့် ထွက် ၁၉း၅–၆ တို့၌ပြင်းထန်စွာဆိုလိုသည်။ လူသားအားလုံးပေါ်ဘုရားသခင်၏မေတ္တာတော်နှင့်လူသားထုတစ်ရပ်လုံးအားပေါင်းစည်းရန်စီမံချက်ကိုပရောဖက်များမကြာခဏဟောခဲ့ကြသည်။ ဘုရားသခင်တစ်ဆူတည်းရှိကာ လူသားအားလုံးမိမိသဏ္ဍာန်အတိုင်းဖန်ဆင်းသည် ဟူသောအဖြစ်မှန်သည်လူသားအားလုံးကယ်တင်ခြင်းရရန်ခေါ်ဖိတ်မှုပြုစေသည်။ မည်သို့ဖြစ်စေလို့ဝှက်ချက်မှာဝိညာဉ်တော်၏လုပ်ဆောင်မှုမပါရှိပါကမည်သူမျှတုံ့ပြန်မှုမပြုနိုင်ဟူသောအချက်ဖြစ်သည်။(ယော ၆း၄၄၊၆၅) ၄င်းနောက်ပေါ်လာသည့်မေးခွန်းမှာ“ဘုရားသခင်သည်လူတိုင်းကိုကယ်တင်ခြင်းရရန်ဆွဲဆောင်ပါသလော” ဟူ၍ဖြစ်သည်။ အဖြေမှာ“ဟုတ်ပါသည်” ဟူ၍ဖြစ်ရပါမည်။ (ယော ၃း၁၆။ ၄း၄၂။ ၁ယော ၂း၂။ ၄း၁၄။ ၁တိ ၂း၄။ ၂ပေ ၃း၉)။ မကြာခဏပေါ်လာသောအပြစ်၏ရူးမိုက်ခြင်း၊ ကျဆင်းခြင်းနှင့် စာတန်တို့ကမူထို“သို့မဟုတ်”ဟုဆိုကြသည်။ ပေါလုတရားဟောသည့်အခါ ဂျူးအချို့တုံ့ပြန်ခဲ့ကြပြီးအချို့ကမူမတုံ့ပြန်ခဲ့ကြချေ။ တစ်ပါးအမျိုးသားတို့လည်းထိုနည်းတူအချို့တုံ့ပြန်၊ အချို့သောသူတို့ကမူတုံ့ပြန်ခြင်းမပြုခဲ့ကြချေ။

"ယုံကြည်သည်" ဟူသောဂရိစကားလုံး (*pisteuo*) ကိုအင်္ဂလိပ်စကားလုံးများဖြစ်သည့် "believe" "faith" နှင့် "trust" သုံးမျိုးဖြင့်ဘာသာပြန်ကြသည်။ ၄င်းမှာပစ္စုပ္ပန်ကာလပြကြိယာဖြစ်ပြီး ဆက်လက်ယုံကြည်သွားခြင်းကိုခေါ်သည်။ ၄င်းမှာအဖြစ်မှန်များအားအသိအမှတ်ပြုခြင်းသက်သက်မဟုတ်ဘဲ (ဓမ္မသဘောတရား၊ သမိုင်းဝင်အသေးစိတ်အချက်အလက်များ၊ သတင်းကောင်းကြားရခြင်း ခရစ်တော်မှတစ်ဆင့်ဘုရားသခင်ပေးသည့် လက်ဆောင်ကိုလက်ခံခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းမှာပဋိညဉ်တရားဖြစ်သည်။ ဘုရားသခင်သည်အစီအစဉ်ချမှတ်ကာလိုအပ်သောတုံ့ပြန်မှုများအစချီသော်လည်း၊ လူတစ်ဦးချင်းတို့သည်အစပြုယုံကြည်ခြင်းနှင့်နောင်တဖြင့်တုံ့ပြန်ရမည်ဖြစ်ပြီး ဆက်လက်ယုံကြည်ကာနောင်တရသွားရန်ဖြစ်သည်။ နာခံခြင်းနှင့်စွဲမြဲခြင်းတို့သည် စစ်မှန်ခြင်းရှိမရှိဆုံးဖြတ်သည်။ ခရစ်တော်နှင့်တူညီခြင်းနှင့်အမှုတော်တို့မှာပန်းတိုင်ဖြစ်သည်။

**အထူးအကြောင်းအရာ။ ။ ကယ်တင်ခြင်းအတွက်သုံးသောဂရိကြိယာများ၏ကာလပြပုဒ်များ။**

ကယ်တင်ခြင်းဟူသည်ထုတ်လုပ်လိုက်သောအရာမဟုတ်ဘဲဆက်ဆံရေးတစ်မျိုးဖြစ်သည်။ ကယ်တင် ခြင်းမှာလူတစ်ယောက်ခရစ်တော်ကိုမိမိ၏ကိုးစားရာပြုလိုက်သည်နှင့်ပြီးသွားသည်မဟုတ်ချေ။ ၄င်းမှာအစပြု လိုက်ခြင်းမျှသာဖြစ်သည်။ ၄င်းမှာမီးအာမခံသဘောမျိုး (သို့) ကောင်းကင်ဘုံမှာနေထိုင်ရန်လက်မှတ်မျှသာ မဟုတ်ဘဲ။ခရစ်တော်နှင့်တူခြင်း၌ကြီးထွားသောအသက်ရှင်ခြင်းပုံစံဖြစ်သည်။ အမေရိကန်၌အဆိုတစ်ရပ်ရှိရာ ဇနီးမောင်နှံတို့အိမ်ထောင်သက်ရလာသည်နှင့်အမျှ ရုပ်ချင်းပို၍ဆင်တူလာ ကြသည်ဟူ၍ဖြစ်၏။ ၄င်းမှာကယ် တင်ခြင်း၏ပန်းတိုင်တည်း။

ပြီးစီးခဲ့ပြီးသောလုပ်ဆောင်မှုတစ်ခုဖြစ်သည့်ကယ်တင်ခြင်း ( AORIST )

- တမန်တော် ၁၅း၁၁
- ရောမ ၈း၂၄
- ၂တိမောသေ ၁း၉
- တိတု ၃း၅
- ရောမ ၁၃း၁၁ (နှင့်အနာဂတ်ကိုဦးတည်ချက်ထားသည်)ဖြစ်တည်နေသောအခြေအနေတစ်ရပ်ဖြစ်သည့်ကယ်တင်ခြင်း။ (PERFECT)
- ဧဖက် ၂း၅၊၈ ဆက်လက်နေသောလုပ်ဆောင်မှုတစ်ခုဖြစ်သည့်ကယ်တင်ခြင်း(ပစ္စုပ္ပန်)
- ၁ကောရိန္သု ၁း၁၈။ ၁၅း၂
- ၂ကောရိန္သု ၂း၁၅
- ၁ပေတရု ၃း၂၁

အနာဂတ်၌ပြီးပြည့်စုံမည့်ကယ်တင်ခြင်း (ကြိယာပြပုဒ်အားဖြင့် သို့မဟုတ် ကျမ်းစကားအဆက်အစပ်သဘောအားဖြင့်အနာဂတ်)

- ရောမ ၅း၉၊၁၀။ ၁၀း၉၊၁၃။ ၁ကောရိန္သု ၃း၁၅။ ၅း၅။ ဖိလိပ္ပိ ၁း၂၈။ ၁သက်သာလောနိ ၅း၈–၉။ ဟေဗြဲ ၁း၁၄။ ၉း၂၈။ ၁ပေတရု ၁း၅၊၉

ထို့ကြောင့်ကယ်တင်ခြင်းသည်ယုံကြည်ခြင်းဖြင့် ဆုံးဖြတ်ခြင်း တစ်ခုနှင့် အစပြုသည်မှန်သော်လည်း (ယော ၁း၁၂။ ၃း၁၆။ ရောမ ၁၀း၉–၁၃) ယုံကြည်ခြင်းအားဖြင့်အသက်ရှင်သောပုံစံလမ်းစဉ်တစ်ခုဖြစ်ပေါ်စေရမည်ဖြစ် (ရောမ ၈း၂၉။ ဂလ ၃း၁၉။ ဧဖက် ၁း၄။ ၂း၁၀)ကာ၊ တစ်နေ့သောအခါကျလျှင်မျက်မြင်ပြီးပြည့်စုံလာလိမ့်မည်။ (၁ယော ၃း၂)။ ဤနောက်ဆုံးအဆင့်ကိုဘုန်းကြီးစေခြင်း၊ ချီးမြှောက်ခြင်းဟုခေါ်သည်။ ၄င်းကိုအောက်ပါအတိုင်းရှင်းပြနိုင်သည်။

၁။ အစပြုဘုန်းကြီးစေခြင်း၊ချီးမြှောက်ခြင်း–ဖြောင့်မတ်ခြင်း (အပြစ်၏ဒဏ်မှကယ်တင်ခြင်း)

၂။ တိုးတက်နေသောကယ်တင်ခြင်း–သန့်ရှင်းခြင်း(အပြစ်၏တန်ခိုးမှကယ်တင်ခြင်း)

၃။ နောက်ဆုံးကယ်တင်ခြင်း–ဘုန်းကြီးစေခြင်း(အပြစ်ရှိရာအရပ်မှကယ်တင်ခြင်း)

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။၁၀း၅–၁၃

[၅]အကြောင်းမူကားမောရှေရေးသည်မှာပညတ်တရားတော်ပေါ် အခြေပြုသောဖြောင့်မတ်
ခြင်းကိုကျင့်သောသူသည်ထိုဖြောင့်မတ်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။ [၆]သို့သော်ယုံကြည်
ခြင်းပေါ်အခြေပြုသောဖြောင့်မတ်ခြင်းကပြောသည်မှာ “ကောင်းကင်သို့ဘယ်သူတက်လိမ့်မည်
နည်းဟုသင့်နှလုံး သားထဲ၌မပြောနှင့်။ (၄င်းမှာခရစ်တော်ကိုမည်သူယူဆောင်လာမည်နည်းဟုဆို
လိုသည်) [၇]သို့မဟုတ်နက်ရှိုင်းရာအရပ်ထဲသို့မည်သူဆင်းလိမ့်မည်နည်းဟုမပြောနှင့်။ (၄င်းမှာ
ခရစ်တော်ကိုသေသော သူများအနက်မှမည်သူထစေလိမ့်မည်နည်းဟုဆိုလိုသည်) [၈]သို့သော်
၄င်းကပင်မည်ကဲ့သို့ပြောသနည်း? နှုတ်ကပတ်တော်သည်သင်တို့နှင့်နီး၍သင်တို့၏နှုတ်နှင့်
သင်တို့၏စိတ်နှလုံးထဲ၌ရှိသည်ဟုဆို၏။ ၄င်းမှာငါတို့ဟောပြောသော နှုတ်ကပတ်တော်ကိုပြော
ခြင်းဖြစ်သည်။ [၉]ယေရှုကိုအရှင်သခင်အဖြစ်သင်၏နှုတ်အားဖြင့်ဝန်ခံကာဘုရားသခင်သည် သူ့ကို
သေသောသူများအနက်မှထစေသည်ဟုသင့်နှလုံးထဲ၌ ယုံကြည်ပါကကယ်တင်ခြင်းရလိမ့်မည်။
[၁၀]အကြောင်းမှာလူတစ်ယောက်သည် စိတ်နှလုံးဖြင့်ယုံကြည်ပါကဖြောင့်မတ်စေခြင်းရကာနှုတ်
ဖြင့်ဝန်ခံပါကကယ်တင်ခြင်းရစေသည်။ [၁၁]အကြောင်းမူ ကားသမ္မာကျမ်းစာပြောသည်မှာ “သူ့ကို
ယုံကြည်သူတိုင်းစိတ်ပျက်ခြင်းမခံရဟူ၍ဖြစ်၏။” [၁၂]အကြောင်းမှာ ဂျူးလူမျိုးနှင့်ဂရိလူမျိုးအကြား
ကွဲပြားခြားနားမှုမရှိချေ။ အကြောင်းမှာကိုယ်တော်ကိုခေါ်သောသူတိုင်းအတွက် ကျေးဇူးတော်
ကြွယ်ဝတော်မူသူအရှင်သည်ပင်သူတို့အားလုံး၏ကိုယ်တော်ဖြစ်၏။ [၁၃]အကြောင်းမူကားကိုယ်
တော်၏နာမတော်ကိုခေါ်သောသူတိုင်းကယ်တင်ခြင်းရလိမ့်မည်။

**၁၀း၅** ဤအခန်းငယ်၌ ထွက် ၁၈း၅ ကိုရည်ညွှန်းသည်။ ၄င်း၏ကတိတော်မှာသေချာသည်။ တစ်စုံတစ်ယောက်သည်ပညတ်တရားတော်ကိုလိုက်နိုင်ခဲ့မည်ဆိုလျှင်ထိုသူကိုဘုရားသခင်လက်ခံလိမ့်မည်။ (လုကာ ၁၀း၂၈။ ဂလ ၃း၁၂)။ ပြဿနာမှာ ရောမ ၃း၉၊၁၀–၁၈၊၁၉၊၂၃။ ၅း၁၈။ ၁၁း၃၂ ၌ဖော်ပြမှုအမှန်စင်စစ်ဖြစ်နေ

ခြင်းပင်။ လူသားအားလုံးအပြစ်ပြုကြသည်။ အပြစ်ပြုသူ(soul )သေဆုံးရလိမ့်မည်။ (ကမ္ဘာ ၁း၁၇။ တရား ၃၀း၁၈။ ယေဇ ၁၈း၄၊၂၀)။ ဤပဋိညာဉ်တရားဟောင်းလမ်းအားပိတ်ပစ်ခဲ့ပြီဖြစ်သည်။ ၎င်းမှာသေဒဏ်စီရင် သောကျိန်ဆဲခြင်းတစ်ရပ်ဖြစ်လာခဲ့သည် (၇း၁၀။ ဂလ ၃း၁၃။ ကော ၂း၁၄) ။

**၁၀း၆–၈** ၎င်း၌Septuagint (LXX) ၏တရားဟော ၃၀း၁၁–၁၄ အားရည်ညွှန်းသည်။ ပေါလုသည်ထိုကျမ်း ပိုဒ်ကိုမိမိရည်ရွယ်ချက်အတွက်ဆီလျော်စွာသုံးသည်။ ဤကျမ်းပိုဒ်ကိုပညတ်တော်အားရည်ညွှန်းကာမောရှေ ပြောခဲ့ခြင်းဖြစ်သည်။ (ဤကျမ်းပိုဒ်၏ကျမ်းစကားအဆက်အစပ်သဘောသည်ချစ်ခြင်းမေတ္တာနှင့် နှလုံးသား အရေဖျားလှီးခြင်းအကြောင်းအားစူးစိုက်ပြောခြင်းဖြစ်သည်။ တရားဟော၃၀း၆၊၁၆၊၂၀)။ သို့သော်၎င်းကို ဤနေရာ တွင်ယေရှု၏လူဝင်စားခြင်း၊ အသေခံခြင်းနှင့် ပြန်ရှင်ပြန်ထမြောက်ခြင်းအားပြောခြင်းအဖြစ် သုံးသည်။ (ငယ် ၉။ ဖဖက် ၄း၉–၁၀) ပေါလုပြောလိုသောအချက်မှာ မေရှိယအရှင်ယေရှုကို ယုံကြည်ခြင်းမှတဆင့်ကယ်တင်ခြင်းရနိုင်ပြီဟူ၍ဖြစ်သည်။ (တရားဟော ၃၀း၁၅–၂၀)။ ၎င်းမှာလွယ်ကူ သည်။ ရရှိနိုင်သည်။ အားလုံးအတွက်ဖြစ်သည်။ မေရှေ၏တရားစီရင်ရေးပညတ္တိကျမ်းနှင့် လွန်စွာကွဲပြား ခြားနားသည်။

**၁၀း၆ "သို့သော်ယုံကြည်ခြင်းပေါ်အခြေပြုသောဖြောင့်မတ်ခြင်းတရားက ပြောသည်မှာ"** ပေါလုသည် စောစော၌"အပြစ်"၊ "ကျေးဇူးတော်" နှင့် သမ္မာကျမ်းစာတို့ကိုလူကဲ့သို့တင်စားခဲ့ပြီ။ ယခုတစ်ခါ "ယုံကြည် ခြင်းအားဖြင့်ဖြောင့်မတ်ခြင်း" ကိုလည်းလူကဲ့သို့တင်စားလိုက်သည်။ ၎င်းသည်ဓမ္မဟောင်းကျမ်းအားကိုးကား သည့်အငယ် ၆၊၇ နှင့် ၈ တို့၌စကားပြောသည်။

□ **"စိတ်နှလုံး"**နှလုံးသည်လူ၏ဇာတိ/အတ္တကိုထင်ဟပ်စေသည်။ အထူးအကြောင်းအရာ ၁း၂၄ ၌ကြည့်ပါ။

□ **"တက်သည်…ဆင်းသည်"** လူသားတို့သည်ခရစ်တော်ကိုမရှာခဲ့ကြ။ ဘုရားသခင်သည်သူ့ကိုလူသား တိုင်းအတွက်အများပြည်သူအထဲစေလွှတ်ခဲ့ပြီ။ လူသားများ၏ရှာဖွေမှုမလိုအပ်ချေ။

**၁၀း၈ "နှုတ်ကပတ်တော်သည်သင်နှင့်နီးသည်"** ၎င်း၌တရားဟော ၃၀း၁၄ ကိုကိုးကားသည်။ တရားဟော ၃၀း၁၁ ၌အလေးအနက်ပြောသည်မှာမိမိ၏လူမျိုးတော်အစ္စရေးအတွက် YHWH ၏အလိုတော်မှာသိနိုင်သော အရာဖြစ်သည်ဟူ၍ဖြစ်၏။ (ငယ် ၁၂–၁၃)။ ပေါလုသည်ဤသတင်းကောင်းဇဝ်ဂေလိတရားအားချက်ခြင်းရ နိုင်ပုံကိုအလေးအနက်ပြုရန်အဆိုပါကျမ်းပိုဒ်ကိုသုံးသည်။(ငယ် ၁၁–၁၄)

**၁၀း၉ "လျှင်/ပါက"** ၎င်းမှာတတိယတန်းစားချွင်းချက်ပါဝါကျအမျိုးအစားဖြစ်ကာ အနာဂတ်၌ပြုနိုင်ခြေအ လားအလာရှိသောလုပ်ဆောင်မှုကိုဆိုလိုသည်။ အငယ် ၉ မှာ(hoti)စကားလုံးပါသောသတင်းစကားဖြစ်သည်။

□ **"ဝန်ခံ"** ၎င်းမှာပေါင်းစပ်စကားလုံး *homologeo* ဖြစ်ပြီးမူရင်းအဓိပ္ပါယ်မှာ"ပြောသည်" "အတူတူ" ဟူ၍ ဖြစ်ပြီး"အပေါ်တင်/လူသိရှင်ကြားသဘောတူညီသည်" (အခြားသူများကြားနိုင်ရန်အသံကျယ်စွာပြောသည်) ဟုဆိုလိုသည်။ ခရစ်တော်အားယုံကြည်ကြောင်းအပေါ်တင်ဝန်ခံခြင်းမှာလွန်စွာအရေးကြီးသည်။ (မဿဲ ၁၀း၃၂။ လုကာ ၁၂း၈။ ယောဟန် ၉း၂၂။ ၁၂း၄၂။ ၁တိ ၆း၁၂။ ၁ယော ၂း၂၃။ ၄း၁၅) ကနဦးအသင်းတော်၌ လူသိရှင်ကြားဝန်ခံမှုမှာရေနှစ်မင်္ဂလာခံယူခြင်းဖြစ်သည်။ မေးမြန်းခံသူသည်ခရစ်တော်အားယုံကြည်ကိုးစား ကြောင်းအား "ယေရှုသည်အရှင်ဖြစ်ကြောင်းကျွန်ုပ်ယုံကြည်ပါသည်" ဟူ၍နှုတ်ဖြင့်ဝန်ခံပြသသည်။ အောက် အပါအကြောင်းအရာကိုကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ဝန်ခံခြင်း

က။ ဝန်ခံခြင်း (ဝါ) အဓိဌါန်ပြုခြင်းအတွက်သုံးသောဂရိမူရင်းစကားလုံး *homolegeo* နှင့် *exomologe* ဟူ၍ရှိသည်။ ပေါင်းစပ်စကားလုံးပုံစံမှာအတူတကွဟူ၍အဓိပ္ပါယ်ရှိသော *homo* မှဆင်းသက် သည်။ *lego* ပြောသည်နှင့် *ex* (ထဲမှ– out of )ကိုပေါင်းစပ်သည်။ မူလအခြေခံအဓိပ္ပါယ်မှာ တူညီသောအရာကိုပြောသည်။ သဘောတူညီသည်ဟူ၍ဖြစ်၏။ အများသူငါသိအောင်ကြော်ငြာခြင်း သဘောအတွက် *ex* ကို ဖြည့်စွက်သည်။

ခ။ ဤစကားလုံးအုပ်စုများ၏အဓိပ္ပါယ်မှာ

၁။ ချီးမွမ်းသည်

၂။ သဘောတူသည်

၃။ ကြော်ငြာသည် (မသဲ ၇း၂၃)

၄။ အဓိဌါန်ပြုသည်

၅။ ဝန်ခံသည်

ဂ။ ဤစကားလုံးအုပ်စု၌ဆန့်ကျင်ဘက်နှင့်တူသောအသုံးအနှုန်းနှစ်မျိုးရှိသည်။

၁။ ဘုရားသခင်ကိုချီးမွမ်းခြင်း

၂။ အပြစ်ကိုဝန်ခံခြင်း

ဤစကားလုံးတို့သည်လူသားကဘုရားသခင်၏သန့်ရှင်းခြင်း၊ မိမိသည်အပြစ်နှင့်ပြည့်ကြောင်းခံစားသိရှိရာမှပေါ်ပေါက်လာခြင်းဖြစ်နိုင်သည်။ တစ်ခုကိုအသိအမှတ်ပြုခြင်းသည်နှစ်ခုစလုံးအားအသိအမှတ်ပြု ခြင်းမည်ပေသည်။

ဃ။ ဤစကားလုံးအုပ်စုအားဓမ္မသစ်ကျမ်း၌သုံးနှုန်းပုံမှာ–

၁။ ကတိပေးရန်(မသဲ ၁၄း၇။ တမန် ၇း၁၇။)

၂။ တစ်စုံတစ်ခုအားသဘောတူခြင်း(ယော ၁း၂၀၊ လုကာ ၂၂း၆။ တမန် ၂၄း၁၄။ ဟေဗြဲ၁၁း၁၃)

၃။ ချီးမွမ်းရန်(မသဲ၁၁း၂၅။ လုကာ၁၀း၂၁။ ရောမ၁၄း၁၁။ ၁၅း၉။

၄။ သဘောတူသည်(to assent to)

(က) လူတစ်ယောက်အား(မသဲ၁၀း၃၂။ လုကာ၁၂း၈။ ယော၉း၂၂။ ၁၂း၄၂။ ရောမ၁၀း၉။ ဖိ၂း၁၁။ ၁ယော၂း၂၃။ ဗျာ၃း၅)။

(ခ) သမ္မာတရားတစ်ရပ်(တမန်၂၃း၈။ ၂ကော၁၁း၁၃။ ၁ယော၄း၂)

၅။ လူသိရှင်ကြားကြော်ငြာသည်

(တရားဥပဒေဆိုင်ရာသဘောမှဘာသာရေးအတည်ပြု ခြင်းဖြစ်လာသည်။ တမန်၂၄း၁၄။ ၁တိ၆း၁၆)

(က) အပြစ်ကင်းစင်စေခြင်း(၁တိ၆း၁၂။ ဟေဗြဲ၁၀း၂၃)

(ခ) အပြစ်အားခွင့်ပြုခြင်း (မသဲ၃း၆။ တမန်၁၉း၁၈။ ဟေဗြဲ၄း၁၄။ ယာကုပ်၅း၁၆။ ၁ယော၁း၉)

□

**NASB "ယေရှုအားအရှင်သခင်အဖြစ်"**

**NKSB "အရှင်သခင်ယေရှု"**

**NRSV,TEV**

**NJB "ယေရှုသည်အရှင်သခင်ဖြစ်သည်။"**

၄င်းမှာကနဦးအသင်းတော်၏ယုံကြည်ခြင်းဆိုင်ရာဝန်ခံမှုနှင့်ရေနှစ်မင်္ဂလာပြုခြင်းတို့၌ပါဝင်သောဓမ္မသဘောတရားဖြစ်သည်။ (ယောလ၂း၃၂။ တမန်၂း၃၂–၃၃။၃၆။ ၁၀း၃၆။ ၁ကော ၁၂း၃။ ၂ကော၄း၅။ ဖိ၂း၁၁။ကော၂း၆) မှည့်ခေါ်သောနာမည်ယေရှုသည်သမိုင်းဝင်လူသားဖြစ်ခြင်းအတည်ပြုသည်။ (၁ယော၄း၁–

၃)။ ထိုအတည်ပြုချက်သည်တပည့်တော်ဖြစ်ရန်ခရစ်တော်နှင့် တူညီရန်ခေါ်ဖိတ်မှုအားအတည်ပြုခြင်း သဘောလည်းဖြစ်သည်။

အရှင်သခင်– Lord အားသုံးခြင်းသည်ဂျူးရဗ္ဗိဆရာကြီးများက သမ္မာကျမ်းစာဖတ်ရာ၌ YHWH အား *Adon* ဟုအစာထိုးမှုနှင့်ဆက်စပ်သည်။ အထူးအကြောင်းအရာ။ ။ ဘုရားနာမတော် ဇ:၂၉၌ကြည့်ပါ။ အငယ်၁၃၌ရှိသည်။ ယေလ၂း၃၂ အာကိုးကားခြင်းသည်၄င်းကိုအတည်ပြုသည်။

ယေရှုအားတန်ခိုးကြီးသောဘွဲ့နာမတော်အတော်များများပေးအပ်သည်။

၁။ယေရှုမှာမေရှိယ/ ခရစ်တော်ဖြစ်သည်–တမန်၅း၄၂။ ၉း၂၂။ ၁၇း၃။ ၁၈း၅၊၂၈။ ၁ကောသး၂၃

၂။ယေရှုသည်ဘုရားသခင်၏သားတော်ဖြစ်သည်။ –မသဲ၄း၃၊၆။ တမန်၉း၂၀။ ၁၃း၃၃။ ရောမသး၄။

၃။ယေရှုမှာအရှင်သခင်ဖြစ်သည်–အထက်၌ကြည့်ပါ။

---

**အထူးအကြောင်းအရာ။ ။ ကိုယ်တော်၏နာမတော်**

၎င်းသည်အသင်းတော်၌သုံးပါးတစ်ဆူဘုရားသည် ပုဂ္ဂိုလ်အားဖြင့်အတူရှိနေခြင်းနှင့်အလုပ်လုပ် သောတန်ခိုးတော်အတွက်ဓမ္မသစ်ကျမ်းတစ်ခုလုံး၌သုံးသောစကားစုတစ်ခုဖြစ်သည်။ ၄င်းမှာဘုရားသခင် ၏စရိုက်တော်ကိုဖော်ပြရာစကားပုံဖြစ်သည်။

ဤစကားစုသည်ယေရှုမှာအရှင်သခင်ဖြစ်ကြောင်းရည်ညွှန်းလေ့ရှိသည်။ (ဖိ၂း၁၁)

၁။ ယေရှုအာယုံကြည်ကြောင်းရေနှစ်မင်္ဂလာခံရာ၌ဝန်ခံခြင်း(ရောမ ၁၀း၉–၁၃။ တမန်၂း၃၈။၈း၁၂၊ ၁၆။ ၁၀း၄၈။ ၁၉း၅။ ၂၂း၁၆။ ၁ကော ၁း၁၃၊ ၁၅။ ယာကုပ် ၂း၇)

၂။ နတ်ဆိုးမောင်းထုတ်ရာ၌ (မဿဲ ၇း၂၂။ မာကု ၉း၃၈။ လုကာ ၉း၄၉။ ၁၀း၁၇။ တမန် ၁၉း၁၃)။

၃။ ရောဂါပျောက်ကင်းစေရာ၌ (တမန် ၃း၆၊ ၁၆။၁၄း၁၀။ ၉း၃၄။ ယာကုပ် ၅း၁၄)

၄။ အမှုတော်ပြုရာတစ်ခု၌ (မဿဲ ၁၀း၄၂။ ၁၈း၅။ လုကာ ၉း၄၈)။

၅။ အသင်းတော်စည်းကမ်းကြပ်မတ်ရာ၌ (မဿဲ ၁၈း၁၅–၂၀)

၆။ တစ်ပါးအမျိုးသားများအားဟောပြောရာ၌ (လုကာ ၂၄း၄၇။ တမန် ၉း၁၅။ ၁၅း၁၇။ ရောမ ၁း၅)။

၇။ ဆုတောင်းရာ၌ (ယော ၁၄း၁၃–၁၄။ ၁၅း၂၊ ၁၆။ ၁၆း၂၃။ ၁ကောသး၂)

၈။ ခရစ်ယာန်များအားရည်ညွှန်းခြင်း (တမန် ၂၆း၉။ ၁ကော ၁း၁၀။ ၂တိ ၂း၁၉။ ယာကုပ် ၂း၇။ ၁ပေ၄း၁၄)။

၉။ ကျွန်တော်တို့သည်ဟောပြောသူများအနေဖြင့်ဖြစ်စေ၊ အမှုတော်ဆောင်များအနေဖြင့်ဖြစ်စေ၊ ကူညီမစ သူများအနေဖြင့်ဖြစ်စေ၊ အနာရောဂါပျောက်ကင်းစေသူများ၊ နတ်ဆိုးမောင်းထုတ်သူများ … စသဖြင့် လုပ်လေရာတိုင်း၌စရိုက်တော်တန်ခိုးတော် မစထောက်ပံ့တော်မူခြင်းတည်းဟူသောနာမတော်အား ဖြင့်ပြုကြ၏ !

---

□ **"သင်၏ စိတ်နှလုံးထဲ၌ယုံကြည်"** ဤစကားစုသည် ဝန်ခံခြင်းနှင့် အလားတူဖြစ်ပြီး ယုံကြည်ခြင်း၏ မျက်နှာစာတစ်ဖက်ကိုပြသည်။ သမ္မာကျမ်းစာနည်းကျ "ယုံကြည်သည်" (*pistis* အားအထူးအကြောင်းအရာ ၄း၃နှင့် ၄း၅ တို့၌ကြည့်ပါ) စကားလုံး၌အောက်ပါတို့ပါဝင်သည်။

၁။ လူပုဂ္ဂိုလ်ကိုယ်တိုင်ဖြင့် အားကိုးအားထားပြုခြင်း (ဟေဗြဲ)

၂။ အသိဉာဏ်ပါင်သည် (ဂရိ)
၃။ ဆန္ဒအလျှောက်ဆက်လက်သော ဆက်ကပ်အပ်နှံခြင်း (တရားဟော ၃၀း၂၀)

စိတ်နှလုံး (heart)ဟူသောဝေါဟာရကို ဓမ္မဟောင်းသဘောဖြင့် လူပုဂ္ဂိုလ်တစ်ခုလုံး (ခန္ဓာ၊ စိတ်) အဓိပ္ပါယ်ဖြင့်သုံးခြင်းဖြစ်သည်။ ပေါလုသည် "နှုတ်" နှင့် "စိတ်နှလုံး" တို့အားဤကျမ်းပိုဒ်၌သုံးခြင်းမှာ အငယ် ၈ ၌ကိုးကားသည့်တရားဟော ၃၀း၁၄ ကိုပင်ကိုးကား၍ဖြစ်သည်။ လူတစ်ယောက်သည်ကယ်တင် ခြင်းရရန်အသံကျယ်စွာဆုတောင်းရမည်ဟူသောသဘောမဟုတ်ချေ။

□ **"ဘုရားသခင်သည်သူကိုလူသေများအနက်မှထစေသည်"** ခရစ်ယာန်သည်ယေရှုအမှန်စင်စစ်ရှင်ပြန် ထမြောက်ခြင်း အပေါ်အခြေပြုသည်။ (၄း၂၄။ ၈း၁၁။ ၁ကော ၁၅)။ ၎င်းမှာတမန်တော်များ၏ဟောပြောချက် များဗဟိုချက်သမ္မာတရားဖြစ်သည်။ (အထူးအကြောင်းအရာ။ ။ ဟောပြောခြင်း *kerygma* ၁း၂၌ ကြည့်ပါ။ တမန်တော် ၂း၃၁–၃၂။ ၃း၁၅။ ၄း၁၀။ ၅း၃၀။ ၁၀း၄၀။ ၁၃း၃၀။ ၃၇)။

သားတော်အားပြန်ထစေခြင်းမှာ ယေရှု၏ဘ၀အသက်တာ၊ သူ၏သွန်သင်မှုများနှင့် သူပြုသောပူဇော် မှုတို့ကိုမိမိလက်ခံကြောင်းအတည်ပြုသက်သေထူခြင်းဖြစ်သည်။ ယေရှု၏ပြန်ရှင်ထမြောက်မှု၌သုံးပါးတစ်ဆူ ၏ပုဂ္ဂိုလ်သုံးပါးစလုံးပါဝင်ကြောင်း ဓမ္မသစ်ကျမ်း၌အတည်ပြုသည်။

၁။ ခမည်းတော် တမန် ၂း၂၄။ ၃း၁၅။ ၄း၁၀။ ၅း၃၀။ ၁၀း၄၀။ ၁၃း၃၀၊၃၃၊ ၃၄၊ ၃၇။ ၁၇း၃၁။ ရောမ ၆း၄၊၉။ ၈း၁၁။ ၁၀း၉။ ၁ကော ၆း၁၄။ ၂ကော ၄း၁၄။ ဂလာ ၁း၁။ ဧဖက် ၁း၂၀။ ကော ၂း၁၂။ ၁သက် ၁း၁၀။
၂။ ဝိညာဉ်တော် – ရောမ ၈း၁၁
၃။ သားတော်–ယော ၂း၁၉–၂၂။ ၁၀း၁၇–၁၈။

**၁၀း၁၀ "ဖြောင့်မတ်စေသည်"** ယုံကြည်သူအားလုံးအတွက်ဘုရားသခင်၏ပန်းတိုင်မှာ တစ်နေ့ကျလျှင် ကောင်းကင်ဘုံမှာနေရန်မျှသာမဟုတ်ဘဲ၊ ယခုပင်ခရစ်တော်နှင့်တူခြင်းဖြစ်သည်! ကြိုတင်ခန့်ထားခြင်း အကြောင်းအခြားခိုင်မာသောကျမ်းပိုဒ်တစ်ခုဖြစ်သည်။ ဧဖက် ၁း၃–၁၄၌အငယ် ၄ တွင် ဤသမ္မာတရားကို တန်ခိုးကြီးစွာအခိုင်အမာပြောသည်။ ယုံကြည်သူများကို သန့်ရှင်းစေရန်နှင့် အပြစ်တင်စရာကင်းစေရန်ရွေး ကောက်ခြင်းဖြစ်သည်! ရွေးကောက်ခြင်းသည်ဩဝါဒမဟုတ်ဘဲ အသက်ရှင်ပုံရှင်နည်းဖြစ်သည်။ (တရားဟော ၃၀း၁၅–၂၀)။

အငယ် ၁၀ သည်အလေးအနက်ပြုခြင်းနှစ်မျိုးပါဝင်သည့် မဟာစေခိုင်းခြင်း (မဿဲ ၁၈း၁၉–၂၀) ကို ထင်ဟပ်သည်။ ကယ်တင်ခြင်း (တပြည့်တော်များဖြစ်ကာ)နှင့် ဖြောင့်မတ်ခြင်း (သင်တို့ကိုငါပေးသော ပညတ်ချက်များအားလုံးလိုက်နာရန်သွန်သင်ပါ)ဖြစ်သည်။ ဤကဲ့သို့သော အလားတူသဟာဇာတဖြစ်မှုကို ဧဖက် ၂း၈–၉ ၌တွေ့ရသည်။ အကျင့်ပြုရန် ဘုရားသခင်၏ခေါ်ဖိတ်ခြင်း၊ ဧဖက် ၂း၁၀ ဖြစ်သည်။ ဘုရားသခင်၏ သဏ္ဍာန်တော်ဆောင်သူများ၌ အလိုတော်ကိုလည်းမြင်ရလေ့ရှိသည်။

**၁၀း၁၁** ၎င်းမှာ ဟေရှာ ၂၈း၁၆ အားကိုးကားပြီး "မည်သူမဆို" စကားစုကိုပေါလုဖြည့်စွက်သည်။ ဟေရှာယ ၌ဘုရားသခင်၏တိုက်ထောင့်အမြစ်ကျောက် (၉း၃၂–၃၃) ဖြစ်သူမေရှိယကို ကိုးအစားရာပြုခြင်းအား ရည်ညွှန်းသည်။ ရောမ ၉ သည်ဘုရားသခင်၏အချုပ်အချာအာဏာကိုအထူးပြုသည်နည်းတူ အခန်းကြီး ၁၀ သည် လူတစ်ဦးချင်းတို့၏လိုအပ်ချက်ဖြစ်သောမည်သူမဆို၊ လူတစ်ဦးတစ်ယောက်ချင်းအလိုက် ခရစ်တော် အားတုံ့ပြန်မှုပြုရန်အထူးပြုပြောသည်။ တစ်ကမ္ဘာလုံးအားပေးကမ်းကြောင်းအငယ် ၄ ရှိ "လူတိုင်း" အငယ် ၁၁၊၁၃ ၌ "မည်သူမဆို" နှင့် အငယ် ၁၂ (နှစ်ခါ) "အားလုံး" စကားလုံးများသည် ရှင်းလင်းစွာဖော်ပြသည်! ၎င်းမှာ အခန်းကြီး ၉ ရှိရွေးချယ်ခြင်း (ကြိုတင်ခန့်ထားခြင်း)နှင့် ဓမ္မသစ်သဘောအရချိန်ခွင့်လျှာ ညီနေခြင်းဖြစ်သည်။

□ **"သူ့ကိုယုံကြည်"** ၄င်းမှာဝိဘတ် *epi* ပါသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ (၄း၂၄။ ၉း၃၃။ ၁တိ ၁း၁၆)။ ယုံကြည်ခြင်းဟူသည်အစပြုတုံ့ပြန်ခြင်းမျှသာမဟုတ်ဘဲကယ်တင်ခြင်းအတွက် ဆက်လက်လိုအပ်မှုဖြစ်သည်။ ၄င်းမှာကယ်တင်ခြင်းပေးသောမှန်ကန်သည့်ဓမ္မသဘောတရား (မှန်ကန်သောဧဝံဂေလိသတင်းကောင်း) ဘုရားတရားနှင့်ညီသောအသက်ရှင်ခြင်း (အသက်ရှင်သောဧဝံဂေလိသတင်းကောင်း) ပုံစံဖြစ်ပေါ်စေသောပုဂ္ဂိုလ်ချင်းဆက်ဆံရေး (ပုဂ္ဂိုလ်သတင်းကောင်း) ဖြစ်သည်။ သမ္မာတရားနှင့် ဘဝအသက်တာခွဲထုတ်ကာ၊ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းစင်ကြယ်ခြင်းအားသီးခြားခွဲထုတ်သည့် လွယ်ကူသောဧဝံဂေလိဝါဒကိုသတိထားပါ။ ကယ်တင်သောယုံကြည်ခြင်းသည်စွဲမြဲပြီးပြောင်းလဲသွားစေသောယုံကြည်ခြင်းမျိုးဖြစ်သည်! ထာဝရအသက်၌မြင်သာသောထူးခြားမှုများရှိသည်!
အထူးအကြောင်းအရာ။ ။ ယုံကြည်သည်–၄း၅ ၌ကြည့်ပါ။
□

**NASB, TEV "စိတ်ပျက်ခြင်းမခံရ"**
**NKJV, NRSV "ရှက်ကြောက်ခြင်းမခံရ"**
**NJB "ရှက်ကြောက်စရာအကြောင်းမရှိရ"**

ခရစ်တော်ကိုကိုးစားသူ (ယုံကြည်သူ) များသည်လမ်းမှားသွားကြမည်မဟုတ်ချေ။ ၄င်းမှာဟေရှာ ၂၈း၁၆အားကိုးကားခြင်းဖြစ်ပြီး ၉း၃၃ ၌ပေါလုတင်ပြချက်၏အဓိကသော့ချက်ဖြစ်သည်။ ၁၀း၁၂ "အကြောင်းမှာဂျူးလူမျိုးနှင့်ဂရိလူမျိုးအကြားကွဲပြားခြားနားမှုမရှိချေ။" ၄င်းမှာပဋိညာဉ်တရားသစ်၏အဓိကအချက်ကြီးဖြစ်သည်။ (ရောမ ၃း၂၂၊၂၉။ ဂလ ၃း၂၈။ ဧဖက် ၂း၁၁–၃။ ၁၃။ ကော ၃း၁၁။ တစ်ဆူတည်းသောဘုရားရှင်သည်ပျောက်ဆုံးသော မိမိဖန်ဆင်းသောလူသားကိုမိမိ၏လုပ်ဆောင်မှုများအားဖြင့်ရွေးနှုတ်ခဲ့ပေပြီ။ သူသည်မိမိသဏ္ဍာန်တော်အတိုင်းဖန်ဆင်းသော လူသတ္တဝါအားလုံးသူ့ထံတော်ကိုချဉ်းကပ်လာကာ၊ သူနှင့်တူစေလိုသည်။ အားလုံးအထံတော်သို့လာနိုင်ပါသည်။

သတင်းကောင်းဧဝံဂေလိတရား၌ လူသားအားလုံးပါဝင်ခြင်းလမ်းကြောင်း နှစ်မျိုးထိခိုက်သည်။ (အငယ် ၁၂ ၌"အားလုံး"စကားလုံးနှစ်ခါသုံးသည်)။

၁။ ဂျူးနှင့်ဂရိလူမျိုး၌ခြားနားခြင်းမရှိ။ အားလုံးပျောက်ဆုံးကြသည်။(၃း၉၊၁၉၊၂၂–၂၃။ ၁၁း၃၂)

၂။ ဂျူးနှင့်ဂရိလူမျိုး၌ခြားနားခြင်းမရှိ။ အားလုံးကယ်တင်ခြင်းရနိုင်သည်။

ဧဝံဂေလိသတင်းကောင်းသည်ကယ်တင်ခြင်းကဏ္ဍ၌ လူသားဆိုင်ရာအတားအဆီးအားလုံးဖယ်ရှားသည်။ (ယောလ ၂း၂၈–၂၉။ ၁ကော ၁၂း၁၃။ ဂလ ၃း၂၈။ ကော ၃း၁၁)။

□ **"ကျေးဇူးတော်ကြွယ်ဝတော်မူ"** ပေါလုသည်ခရစ်တော်အထဲဘုရားသခင်၏ ကျေးဇူးတော်အကြောင်းစဉ်းစားသည့်အခါ "ကြွယ်ဝ" သည်ဆိုသောစကားသုံးလေ့ရှိသည်။ (၂း၄။ ၉း၂၃။ ၁၁း၁၂[နှစ်ခါ]၊၃၃။ ၁ကော ၁း၅။ ၂ကော ၈း၉။ ဧဖက် ၁း၇၊၁၈။ ၂း၇။ ၃း၈၊၁၆။ ဖိ ၄း၁၉။ ကော ၁း၂၇။ ၂း၂)။ ၁၀း၁၃ ယောလ ၂း၃၂တို့မှယူသောဤနာမည်ကျော်ကိုးကားမှု၌ပေါလုသုံးသည့်အလေးအနက်ပြုမှုအသစ်နှစ်ခုရှိ သည်။

၁။ ယောလကျမ်း၌သုံးသည့် YHWH နာမတော်ကိုရောမသြဝါဒစာ၌ပေါလုသုံးပြီး၊ ပေတရုသည်တမန်တော် ၂း၂၁ ၌ယေရှု၏နာမတော်ကိုအစားထိုး၍သုံးသည်။ (ယော ၁၂း၄၁။ ဟေရှာ ၆း၉–၁၀။ ဖိ ၂း၉။ ဟေရှာ ၄၅း၂၂–၂၅။ ရောမ ၉း၃၃ နှင့် ဟေရှာယ ၈း၁၃–၁၄ တို့ကို လည်းမှတ်သားပါ။)

၂။ ယောလကျမ်း၌ "ကယ်တင်ခြင်းရသည်" ဆိုရာ၌ပကတိကိုယ်ခန္ဓာကိုဆိုလိုကာ ရောမကျမ်း၌မူဝိညာဉ်ရေးရာအပြစ်လွတ်ခြင်းနှင့်ထာဝရကယ်တင်ခြင်းဆိုလိုသည်။

ဓမ္မဟောင်းခံယူချက်ပုံစံ "နာမတော်ကိုခေါ်သည်" ဟုဆိုရာ၌ဝတ်ပြုကိုးကွယ်သောအစည်းအဝေး၌ယုံကြည်ခြင်းတရားအားအပေါ်တင်တာဝန်ခံခြင်းကိုဆိုလိုသည်။ အလားတူခံယူချက်ကို တမန် ၇း၅၉။

၉း၁၄၊၂၁။ ၂၂း၁၆။ ၁ကော ၁း၂။ ၂တိ ၂း၂၂ တို့၌တွေ့ရသည်။ အထူးအကြောင်းအရာ။ ခေါ်သည်– ၁း၆ ၌ကြည့်ပါ။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၀း၁၄–၁၅**

[14]သို့ဖြစ်လျှင်မိမိတို့ယုံကြည်သူကို မည်ကဲ့သို့ခေါ်ကြမည်နည်း? မကြားရသောသူကိုမည်သို့ယုံကြည်ကြမည်နည်း? ဟောပြောသူမရှိလျှင် မည်သို့ကြားကြမည်နည်း? [15]စေလွှတ်သူမရှိပါက မည်သို့ဟောပြောကြမည်နည်း? သမ္မာကျမ်းစာထဲရေးသားထားသည်ကား "ကောင်းသောအရာများအကြောင်းသတင်းကောင်းယူလာသူများ၏ခြေတို့သည် မည်မျှလှပသနည်းဟူ၍ဖြစ်၏။

**၁၀း၁၄–၁၅**။ ဓမ္မဟောင်းကျမ်းကိုးကားချက်များသည် YHWH ၏သတင်းစကားများ (ဝါ) သတင်းယူဆောင်လာသူများကို(နေဟမိ ၉။ တမန် ၇) တုံ့ပြန်မှုမပြုခဲ့ဘူးကြဟုဆိုသဖြင့်မေးခွန်းများတသီတတန်းကြီးဖြစ်ပေါ်စေသည်။ ဘုရားသခင်သည်သတင်းပို့သူများစေလွှတ်လေ့ရှိသည်။ (ပရောဖက်များ၊ တမန်တော်များ၊ တရားဟောသူများ၊ ဧဝံဂေလိဆရာများ)။ ဤသတင်းပို့ဆောင်သူများမှာလိုအပ်သော ကမ္ဘာအတွက်ကောင်းချီးများဖြစ်ကြသည်။ ဘုရားသခင်သည်သတင်းကောင်းပို့ဆောင်သူများကိုစေလွှတ်သည်နှင့် အညီကြားနာသူများသည် သတင်းစကားကိုကောင်းမွန်လုံလောက်စွာတုံ့ပြန်ကြရမည်ဖြစ်သည်။ ပေါလုသည် ဟေရှာ ၅၂း၇ ကိုကိုးကား၍ဤအချက်ကိုအတည်ပြုသည်။ ပေါလုသည်ဤဓမ္မဟောင်းကျမ်းပိုဒ်အားသတင်းကောင်းဟောကြားသူများကိုရည်ညွှန်းခြင်းအဖြစ်သုံးသည်။

ကယ်တင်ခြင်းပေးသောယုံကြည်ခြင်း၌အကြောင်းခြင်းရာအတော်များများပါဝင်သည်။ (၁) ယုံကြည်ရန်သတင်းစကား (၂) လက်ခံမှုရရှိမည့်ပုဂ္ဂိုလ် (၃) အစပြုကာဆက်လက်သွားသောနောင်တနှင့် ယုံကြည်ခြင်းအားဖြင့်တုံ့ပြန်မှု (၄) နာခံသောအသက်တာနှင့် (၅) စွဲမြဲခြင်း(၁း၅ ၏မှတ်ချက်၌ကြည့်ပါ။) တို့ဖြစ်သည်။

**၁၀း၁၅** ၄င်းမှာဟေရှာ ၅၂း၇၀ ကိုကိုးကားခြင်းဖြစ်သည်။ ၄င်းမှာရောမကျမ်း၏မဟာစေခိုင်းချက်ဖြစ် သည်။ ကယ်တင်ခြင်းသည်သတင်းကောင်းဧဝံဂေလိတရားကိုကြားရခြင်းနှင့် ဧဝံဂေလိသတင်းကောင်း အားလက်ခံခြင်းဖြစ်သည်။ "လူအားလုံးတို့"ကယ်တင်ခြင်းရစေရန် ဟောပြောသူများကိုစေလွှတ်သည်။

အချို့ဂရိရှေးဟောင်းလက်ရေးကျမ်းတို့၌ (MSS Aleph[2], D, F, G နှင့်အခြားအများအပြား) LXX ၏ဟေရှာယ ၅၂း၇ ကိုဖြည့်စွက်ကြသည်။ UBS[4] သည်ပိုမိုတိုတောင်းသောမူရင်းစာကို"A"(သေချာ) အဆင့်သတ်မှတ်သည်။

□

**NASB, NKJV**

**NRSV, NJB "သူတို့၏ခြေများမည်မျှလှသနည်း"**

**TEV "လာကြခြင်းသည်မည်မျှထူးမြတ်သနည်း"**

**NET "ရောက်ရှိလာခြင်းမှာမည်မျှအချိန်တော်သနည်း"**

**NET အောက်ခြေမှတ်စု "မှန်သောအချိန်/အခွင့်ကောင်းအခါကောင်း၌လာရောက်ခြင်း"**

"လှပသည်" ဟူသောစကားလုံးကိုတင်စားခြင်းသဘောသုံးခြင်း ဖြစ်ကာကြည့်၍လှခြင်းမဟုတ်ဘဲ အချိန်ကာလကိုပြောခြင်းဖြစ်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၁၀း၁၆–၁၇**

[16]မည်သို့ဖြစ်စေသူတို့အားလုံးသတင်းကောင်းမနားထောင်ခဲ့ကြချေ။ အကြောင်းမှာဟေရှာက "ထာဝရဘုရားရှင်၊ ကျွန်တော်တို့ဟောကြားသည်ကိုမည်သူယုံကြည်ခဲ့ပါသနည်း" ဟုပြော၏။

**[31]ထို့ကြောင့် ယုံကြည်ခြင်းသည်ကြားရခြင်းမှလာကာ ကြားနာခြင်းသည်ခရစ်တော်၏ နှုတ်ကပါတ်စကားတော်မှလာ၏။**

**၁၀း၁၆** မူလအားဖြင့်အစ္စရေးအတွက် YHWH ၏သတင်းစကားကိုရည်ညွှန်းသောဓမ္မဟောင်း၏အနာဂတ္တိစကားများကိုမေရှိယအရှင်ယေရှု၏ သတင်းကောင်းဧဝံဂေလိတရားအားရည်ညွှန်းရန်ပေါလုနောက်တစ်ခါပြန်သုံးသည်။ ဓမ္မဟောင်းခေတ်ဂျူးများသည်ဘုရားသခင်၏သတင်းစကားကိုငြင်းဆန်ခဲ့ကြသည်နည်းတူပေါလုခေတ်ဂျူးများသည်၎င်းကိုငြင်းဆန်ခဲ့ကြ၏။ ၎င်းသည်ဟေရှာ ၅၃း၁ အားကိုးကားခြင်းဖြစ်သော်လည်းဓမ္မသဘောအရဟေရှာ ၆း၉–၁၃ ၌ပါရှိသောဘုရားသခင်၏သတင်းစကားအားငြင်းဆန်ခြင်းလည်းဖြစ်သည်။

**၁၀း၁၇** သတင်းကောင်းဧဝံဂေလိတရားသည်အစပထမ၌ သတင်းစကားဖြစ်သည်။ (ဂလ ၃း၂)။ သို့သော်ဟောပြောသောသတင်းစကားသည် ပုဂ္ဂိုလ်၏စကား "လက်ခံသောခရစ်တော်၏နှုတ်ကပတ်စကားတော်" (ကော ၃း၁၅–၁၆) ဖြစ်လာသည်။

□ **"ခရစ်တော်၏နှုတ်ကပတ်စကားတော်"** ကျမ်းစကားအဆက်အစပ်သဘောအရ ဤစကားသည်ခရစ်တော်အကြောင်းဟောပြောမှုအားရည်ညွှန်းခြင်းဖြစ်ပေမည်။ ဧဝံဂေလိသတင်းကောင်းဟောခြင်းမှာ ဘုရားသခင်သည်ကမ္ဘာကြီးအားခရစ်တော်အထဲမှပေးစမ်းသောအရာကို သယ်ပို့ပေးခြင်းနည်းလမ်းဖြစ်သည်။

ဤအချက်၌ရှေးဟောင်းဂရိလက်ရေးကျမ်းမူကွဲတစ်ခုရှိသည်။

၁။ MSS $P^{46}$, Aleph*, B, C, D တို့၌"ခရစ်တော်၏နှုတ်ကပတ်စကားတော်"

၂။ MSS $Aleph^{c}$, A, $D^{c}$, K, P တို့၌"ဘုရားသခင်၏နှုတ်ကပတ်စကားတော်" ဟူ၍ဖြစ်သည်။

နံပါတ်တစ်မှာအတွေ့ရအနည်းဆုံးဖြစ်သဖြင့် (ကော ၃း၁၆) မူရင်းဖြစ်နိုင်ချေရှိသည်။ (၎င်းမှာမူရင်းစာအငြင်းပွါးမှု၏အခြေခံအချက်များအနက်တစ်ခုဖြစ်သည်) $USB^{4}$ သည်၎င်းကို"A"အဆင့် (သေချာ) သတ်မှတ်သည်။ ၎င်းကိုဓမ္မသစ်ကျမ်း၌တစ်နေရာတည်းတွင်တွေ့ရသည်။ ဒုတိယစကားလုံး "ဘုရားသခင်၏နှုတ်ကပတ်တော်" ကိုမူအကြိမ်ပေါင်းအတော်များများတွေ့ရသည်။ (လုကာ ၃း၂။ ယော ၃း၃၄။ ဧဖက် ၆း၁၇။ ဟေဗြဲ ၆း၅။ ၁၁း၃)

## NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၁၀း၁၈–၂၁

**[18]သို့သော်ငါဆိုသည်ကားသူတို့ကြားခဲ့ကြရပြီမဟုတ်လော။ သူတို့အမှန်ပင်ကြားခဲ့ရပြီ။ "သူတို့အသံသည်မြေကြီးတစ်ပြင်လုံး၌ပြန့်နှံ့ခဲ့ပြီး သူတို့စကားသည် ကမ္ဘာတစ်ဖက်စွန်းတိုင်အောင်ရောက်ခဲ့ပြီ။ [19]သို့သော်ငါဆိုသည်ကားအစ္စရေးသည်မသိရှိခဲ့သလော။ ရှေးဦးစွာမောရှေဆိုသည်ကားလူမျိုးမဟုတ်သော အမျိုးတစ်မျိုးအားဖြင့်သင်တို့ကို ငါမနာလိုစိတ်ရှိစေကာနားလည်ခြင်းမရှိသောလူမျိုးတစ်မျိုးအားဖြင့်သင်တို့ကိုငါစိတ်ဆိုးစေမည်ဟူ၍ဖြစ်၏။ [20]ဟေရှာယသည်ရဲရင့်စွာပြောသည်မှာငါ့ကိုမရှာသောသူများသည်ငါ့ကိုတွေ့ကြ၏။ ငါ့အားမမေးမြန်းသောသူများ၌ ငါပေါ်လွင်ထင်ရှား၏ဟုဆို၏။ [21]အစ္စရေးလူမျိုးကိုတဖန်မိန့်တော်မူသည်မှာနားမထောင်ဘဲ ခေါင်းမာသောလူမျိုးတစ်မျိုးသို့ငါသည် တစ်နေ့လုံးငါ့လက်ကိုဆန့် တန်းရ၏ဟုဆို၏။**

**၁၀း၁၈** ဤအငယ်၌ပြောသည်မှာဂျူးလူမျိုးအများစုတို့သည်သတင်းစကားကိုကြားခဲ့ကြကာ၎င်းကို ငြင်းဆန်ခြင်းအတွက်တာဝန်ရှိကြသည်။ (အလေးအနက်ငြင်းခြင်းဂရိစကားစုနှစ်လုံးဖြစ်သည်။ အဖြေ "မ" ကိုမျှော်လင့်သည်။) ပြဿနာမှာလစ်လျူရှုခြင်းမဟုတ်ဘဲ တမင်သက်သက်မယုံကြည်မှုဖြစ်သည်။

ပေါလုသည်ဆာလံ ၁၉း၄ ကိုးကားသည်။ ဤဆာလံကျမ်း၌အငယ် ၁–၆ တွင်ဖန်ဆင်းခြင်းမှတဆင့်ဘုရားသခင်စကားပြောရာသဘာဝတရားအားဖြင့်ဖွင့်ပြမှုဖြစ်သည်။(ရောမ ၁–၂)။ ပေါလုသည်

၁။ စကြာဝဠာတစ်ခုလုံး၏သက်သေခံချက်နှင့် ("မြေကြီးတပြင်လုံး" နှင့် "ကမ္ဘာတဖက်စွန်းတိုင်အောင်")

၂။ သတင်းစကားပို့ဆောင်ခြင်းတို့ကိုဖန်ဆင်းခြင်း၏တိတ်ဆိတ်နေသောအသံမှသည် သတင်းကောင်းဟောပြောသူများ (တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိဆရာ များ၊ သင်းအုပ်နှင့်ဓမ္မဆရာများ–ဧဖက် ၄း၁၁) ဖြစ်သည့်အထူးဖွင့်ပြခြင်း (ဆာလံ ၁၉း၈–၁၄) သို့ပြောင်းလိုက်သည်။

အဓိကဆိုလိုသည်မှာသတင်းကောင်းသည် ပေါလုခေတ်ကာလ၌သိရသမျှကမ္ဘာတစ်ခုလုံး (ဂရိ–ရောမ ကမ္ဘာ) သို့ပျံ့နှံ့ခဲ့သည်ဟူ၍ဖြစ်၏။ ပေါလုသည်ဂျူးရဗ္ဗိဆရာကြီးများ၏အနက်ဖွင့်ခြင်းပုံစံလိုက်ကာ မိမိ၏ဓမ္မသဘောတရားငြင်းခုံဆွေးနွေးမှုများအတွက် မူရင်းဓမ္မဟောင်းကျမ်းများကိုလိုအပ်သလို လှည့်ပတ်အသုံးပြုသည်။ အခြားတမန်တော်တို့နည်းတူပေါလုသည် ဓမ္မဟောင်းကျမ်းအသုံးပြုရာ၌ သန့်ရှင်းသောဝိညာဉ်တော်သည်အတုအနှိုင်းမဲ့လမ်းပြကြောင်းရှင်းလင်းစွာတွေ့ရပါသည်။(၂ပေ၁း၂၀–၂၁)။ ယနေ့ယုံကြည်သူများသည် ဝိညာဉ်တော်၏နားလည်သဘောပေါက်စေမှုရရှိကြခြင်းသာဖြစ်ပြီး ဓမ္မသစ်ကျမ်းရေးသားသူများ ၏အနက်ပြန်ခြင်းပုံစံမျိုးအသုံးမပြုနိုင်ကြချေ။

**အထူးအကြောင်းအရာ။ ။ ရှင်းလင်းစေခြင်း။**

ဘုရားသခင်သည် မိမိကိုယ်မိမိလူသားအားရှင်းလင်းစွာဖွင့်ပြရန် အတိတ်ကာလ၌လုပ်ဆောင်ခဲ့သည်။ ဓမ္မသဘောတရား (Theology) ၌၄င်းကိုဖွင့်ပြခြင်းဟုခေါ်သည်။ သူသည်မိမိ၏ ဖွင့်ပြတော်မူခြင်းအားမှတ်တမ်းတင် ကာရှင်းလင်းပေးရန်လူအချို့ရွေးချယ်သည်။ ဓမ္မသဘောတရား၌ ၄င်းကိုမှုတ်သွင်းခြင်းဟုခေါ်သည်။ မိမိ၏ နှုတ်ကပတ်စကားတော်ကိုဖတ်ရှုသူများ နားလည်သဘောပေါက်စေရန် ကူညီဘို့ မိမိ၏သန့်ရှင်းသောဝိညာဉ် တော်ကိုစေလွှတ်သည်။ ဓမ္မသဘောတရား၌၄င်းကိုရှင်းလင်းစေခြင်းဟုခေါ်သည်။ ပြဿနာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနားလည်သဘောပေါက်စေရာ၌ ဝိညာဉ်တော်ပါဝင်သည် ဟုဆိုလျှင်အဘယ်ကြောင့် ၄င်းကိုအနက်ပြန်ရာ၌ အမျိုးမျိုးဖြစ်နေရသနည်းဟူ၍ဖြစ်သည်။

ဤပြဿနာ၌ဖတ်ရှုသူ၏ယခင်နားလည်သဘောပေါက်မှု (ဝါ) တစ်ဦးချင်း၏အတွေ့အကြုံမှာ တစ်ကဏ္ဍာ၌ပါဝင်သည်။ မိမိ၏ကိုယ်ပိုင်စီစဉ်မှုတစ်ရပ်အားသမ္မာကျမ်းစာကိုသုံးကာ ကျမ်းချက်တစ်ခုတည်းဖြင့်အတည်ပြုခြင်း (ဝါ) ကျဉ်းမြောင်းသောပုံစံဖြင့်ဖော်ပြပြောဆိုလေ့ရှိကြသည်။ သမ္မာကျမ်းစာအား အချို့ကဏ္ဍာများ၌သာမိမိရွေးချယ်သောပုံစံဖြင့်နေရာပေးကာဓမ္မသဘောတရား (Theology) တစ်မျိုးအားအတင်းလက်ခံစေလေ့ရှိသည်။ ရှင်းလင်းစေခြင်းနှင့် မှုတ်သွင်းခြင်းနှစ်မျိုးလုံး၌သန့်ရှင်းသောဝိညာဉ်တော်ပါဝင်သည်မှန်သော်လည်း ရှင်းလင်းစေခြင်းသည် မှုတ်သွင်းမှုနှင့်မညီမျှနိုင်ချေ။

အကောင်းဆုံးချဉ်းကပ်မှုမှာ မူရင်းစာအားအလွန်အသေးစိတ်ကာ အနက်ပြန်ခြင်းမပြုဘဲစာပိုဒ်၏အဓိကဆိုလိုရင်းကိုအတည်ပြုပြောနိုင်ရန် အားထုတ်ဘို့ဖြစ်သည်။ ၄င်းမှာမူရင်းကျမ်းပြုသူ၏အဓိကသမ္မာတရားကိုဖော်ပြမှုကိုလိုက်ခြင်းဖြစ်သည်။ ကျမ်းတစ်ကျမ်း (ဝါ) စာစုတစ်ခုအားအကျဉ်းချုံ့ခြင်းသည်မှုတ်သွင်းခံသောမူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်ကိုနားလည်နိုင်ရန်ပံ့ပိုးသည်။ မည်သည့်အနက်ပြန်သူမှ မှုတ်သွင်းခံရသည်မဟုတ်ချေ။ ကျမ်းပြုသူ၏အနက်ပြန်ခြင်းနည်းလမ်းကို ကျွန်တော်တို့ပြန်၍မသုံးနိုင်ချေ။ သူတို့သည်မိမိတို့ခေတ်၌မည်သည့်အရာကိုပြောခြင်းဖြစ်ကြောင်းနားလည်ရန် ကြိုးစားနိုင်ရုံမျှသာဖြစ်ကာ၊ ထိုသို့လည်းကြိုးစားပြီး၊ ထိုသမ္မာတရားကိုယနေ့ကျွန်တော်တို့ခေတ်ကာလနှင့် ဆက်စပ်ရန်ဖြစ်သည်။ သမ္မာကျမ်းစာ၌အဓိပ္ပါယ်မသဲကွဲသော သို့မဟုတ်ဖုံးကွယ်ထားသော (အချိန်ကာလတစ်ခုခုမတိုင်းမချင်) အစိတ်အပိုင်းအချို့ရှိသည်။ အချို့ကျမ်းပိုဒ်များနှင့် အကြောင်းအရာများအပေါ်သဘောမတူညီမှုများ အမြဲရှိနေမည်ဖြစ်သော်လည်း အဓိကအချက်အချာကျသောသမ္မာတရားများကိုရှင်းလင်းစွာ

ဖော်ပြရမည်ဖြစ်ပြီး၊ မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်ဘောင်အတွင်း တစ်ဦးချင်းလွတ်လပ်စွာအနက်ပြန်ခွင့်ပြုရပေမည်။ အနက်ပြန်သူများသည် မိမိတို့ရရှိသည့်အလင်းအတိုင်းလိုက်ရမည်ဖြစ်ပြီးသမ္မာကျမ်း စာနှင့် ဝိညာဉ်တော်ထံမှ အလင်းပို၍ များများရနိုင်ရန် စိတ်နှလုံးတံခါးအမြဲဖွင့်ထားရန်လိုပါသည်။ ဘုရားသခင်သည် မိမိတို့၏နားလည် သဘောပေါက်မှု အဆင့်အတန်းနှင့် ထိုအဆင့်နှင့်အညီ မည်သို့အသက် ရှင်ခြင်း အပေါ်အခြေပြုကာ ကျွန်တော်တို့ကို တရားစီရင်လိမ့်မည်။

**၁၀း၁၉–၂၀** ဂျူးလူမျိုးတို့သည် မောရှေအားဖြင့် သတင်းတော်ကိုကြားခဲ့ကြပြီဖြစ်သည်။ (အငယ် ၁၈ နှင့် ၁၉ တို့၏မှာအဖြေ "မ" ကိုမျှော်လင့်သောမေးခွန်းများဖြစ်သည်။ ဂျူးလူမျိုးတို့သည်ကြားခဲ့ကြရပြီဖြစ်ရာ လူသားတိုင်းအားဘုရားသခင်နှင့် မှန်ကန်စေခြင်းအကြောင်းဖြစ်သည့်ယုံကြည်ခြင်းပါဝင်သော သတင်းစကားကိုနားလည်နိုင်စွမ်းရှိခဲ့ကြသည်။

ဤအခန်းငယ်များ၌ ဘုရားသခင်သည်တစ်ပါးအမျိုးသားများ ပါဝင်ခြင်းအကြောင်းအားမိမိ၏ပဋိညာဉ်ခံလူမျိုးကိုပြောပြသည်။ ၎င်းကိုတရားဟော ၃၂း၂၁ အားအငယ် ၁၉ ၌လည်းကောင်း၊ အငယ် ၂၀–၂၁ ၌ ဟေရှာယ ၆၅း၁–၂ တို့အားကိုးကား၍ပေါလုဖော်ပြသည်။ တစ်ပါးအမျိုးသားများအကြောင်း ထိတ်လန့်ဘွယ်ရာ ဤနိဂုံးချုပ်သည် ဂျူးလူမျိုးများယုံကြည်လာစေရန်နှိုးဆွပေးခြင်း (မနာလိုစိတ် မုတဆင့်) ဖြစ်သည်။ (၁၁း၁၁၊၁၄)။

**၁၀း၂၁** ဤဖော်ပြပြောဆိုချက်ကို Septuagint(LXX) ၏ဟေရှာ ၆၅း၂ မှကိုးကားခြင်းဖြစ်ပြီး ပဋိညဉ်ခံလူမျိုးတော်သည် YHWH (ဟေရှာ ၆၅း၁–၇)အားငြင်းဆန်ခဲ့ကြခြင်းနှင့်ဆိုင်သည်။ ဘုရားသခင်မှာသစ္စာရှိမြဲရှိပြီး အစ္စရေးမှာသစ္စာမဲ့မြဲမဲ့နေခဲ့သည်။ သူတို့၏မယုံကြည်မှုသည်အတိတ်ကာလတွင်တစ်ဦးချင်းတို့နည်းတူအမျိုးသားတစ်ရပ်လုံးအားယာယီတရားစီရင်ခြင်းခံစေသည်။ သို့သော်ခရစ်တော်အားယုံကြည်ခြင်းအားဖြင့်ရသောဘုရားသခင်၏ဖြောင့်မတ်ခြင်းအားငြင်းဆန်မှုသည်ထာဝရတရားစီရင်ခြင်းခံစေ၏။

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်း လမ်းညွှန်မှု အားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏ တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည်မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်းစာနှင့် ဝိညာဉ်တော်တို့မှာပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့်ကျမ်းရေးသူများ အပေါ်၌သာပုံချရန်မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာဤကျမ်း၏အပိုင်းတွင်ပါဝင်သောအဓိကအကြောင်းအရာများအားစဉ်းစားဆင်ခြင်နိုင်ရန်ပံ့ပိုးဘို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲစဉ်းစားဆင်ခြင်မှုအားဆွပေးခြင်းသာဖြစ်သည်။

၁။ ဘုရားသခင်၏ရွေးချယ်မှုသည်အဆုံးဖြတ်ပေးသည်ဆိုလျှင်ပေါလုသည် ၁၀း၁ ၌အဘယ်ကြောင့်အစ္စရေးအတွက်ဆုတောင်းပေးခဲ့သနည်း? ၁၀း၉–၁၃ သည်အဘယ်ကြောင့်လူ၏တုံ့ပြန်မှုလိုအပ်ပုံ ဤမျှအ လေးအနက်ပြောသနည်း?

၂။ အငယ် ၄ သည်ဘာကိုဆိုလိုသနည်း? ခရစ်တော်သည်ပညတ်တရားတော်ကိုအဆုံးသတ်စေခဲ့သလော?

၃။ ၁၀း၉–၁၀ အထဲ၌ဖော်ပြပါရှိသည့်ယုံကြည်ခြင်း၌မည်သည့်အရာများပါဝင်သနည်း?

၄။ ပေါလုသည်အဘယ်ကြောင့်ဓမ္မဟောင်းကျမ်းမှမကြာခဏအကိုးအကားပြုသနည်း? ၄င်းသည်မူရင်းအားဖြင့်ရောမမြို့တပါးအမျိုးသားများအသင်းတော်နှင့်မည်သို့သက်ဆိုင်သနည်း?

၅။ အငယ် ၁၁း၁၃ သည်အခန်းကြီး ၉ နှင့်မည်သို့ဆက်စပ်သနည်း?

၆။ အငယ် ၁၄–၁၅ သည်ကမ္ဘာ့သာသနာပြုလုပ်ငန်းနှင့်မည်သို့ဆက်စပ်သနည်း?

၇။ လူ၏ကယ်တင်ခြင်း၌လူ၏လွတ်လပ်စွာရွေးချယ်မှုတစိတ်တပိုင်းဖြစ်ကြောင်းအခန်းကြီး ၁၀ ၌မည်သို့ဖော်ပြသနည်း?

# ရောမ ၁၁

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| အစ္စရေးအကြွင်းအကျန် | အစ္စရေး၏ငြင်းဆန်မှု အမြဲမဟုတ် | အစ္စရေး၏ငြင်းဆန်မှု နောက်ဆုံးမဟုတ် | အစ္စရေးကိုဘုရားရှင် ဂရုဏာသက်မှု | ၁၁း၁–၆ |
| ၁၁း၁–၁၀ | ၁၁း၁–၁၀ | ၁၁း၁–၁၀ | ၁၁း၁–၆ | |
| | | | ၁၁း၇–၁၀ | ၁၁း ၇–၁၀ |
| တပါးအမျိုးသားများ ကယ်တင်ခြင်း | အစ္စရေး၏ငြင်းဆန်မှု နောက်ဆုံးမဟုတ် | | | အနာဂတ်၌ ဂျူးများ နဂိုနေပြန်ဖြစ်သွားကြမည် |
| ၁၁း၁၁–၁၂ | ၁၁း၁၁–၃၆ | ၁၁း၁၁–၁၂ | ၁၁း၁၁–၁၂ တပါးအမျိုးသားများ ကယ်တင်ခြင်း | ၁၁း၁၁–၁၂ |
| ၁၁း၁၇–၂၄ | | ၁၁း၁၃–၁၆ | ၁၁း၁၃–၁၅ ၁၁း၁၆–၂၄ | ၁၁း၁၃–၁၅ |
| အစ္စရေးများနဂိုနေပြန် ဖြစ်ခြင်း | | အစ္စရေးအားလုံး ကယ်တင်ခြင်းရမည် | အားလုံးပေါ်ဘုရား ရှင်၏ ဂရုဏာတော် | ဂျူးများပြောင်းလဲ ခြင်း |
| ၁၁း၂၅–၃၂ | | ၁၁း၂၅–၃၂ | ၁၁း၂၅–၃၂ | ၁၁း၂၅–၂၉ ၁၁း၃၀–၃၂ |
| | | | ဘုရားရှင်အား ချီးမွမ်းခြင်း | ဂရုဏာတော်နှင့် ပညာတော်အား ချီးမွမ်းသော ဓမ္မသီချင်း |
| ၁၁း၃၃–၃၆ | | ၁၁း၃၃–၃၆ | ၁၁း၃၃–၃၆ | ၁၁း၃၃–၃၆ |

## ပတ်လည်ဖတ်ရှုခြင်းအကြော့သုံး (စာ xi ၌ ကြည့်ပါ)။

*မူရင်းစာရေးသူ၏ စာပိုဒ်အလိုက် ရည်ရွယ်ချက်အား နားလည်ခြင်း*

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်းလမ်းညွှန်မှုအားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည် မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်းစာနှင့် ဝိညာဉ်တော်တို့မှာပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့် ကျမ်းရေးသူများ အပေါ်၌သာပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကိုတစ်ထိုင်တည်းနှင့် ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ဖော်ပြပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန်ကျမ်းငါးကျမ်းတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များ

သည်ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ရည်ရွယ်ချက်အားနားလည်ရန် သော့ချက်ဖြစ်သည်။ ၄င်းမှာအနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး၊ စာပိုဒ်၌အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ … စသဖြင့်

## ကျမ်းစကားအဆက်အစပ်သဘောဖြင့်နားလည်ခြင်း

က။ ရွေးကောက်ခြင်းနှင့် ဧဝံဂလိသတင်းကောင်းအကြားဆန့်ကျင်သယောင် ဖြစ်နေပုံဆက်စပ်မှုကို အခန်းကြီး၁၁၌လည်းဆက်လက်သည်။ ဓမ္မဟောင်း၌ရွေးချယ်ခြင်းမှာအမှုတော်အတွက်ဖြစ်ပြီးဓမ္မသစ်၌မူကယ်တင်ခြင်းအတွက်ဖြစ်သည်။ (ကျမ်းစာဝေါဟာရများအားအက္ခရာစဉ်လိုက်ပြုစုသော စာအုပ်ကွန်ကောဒင်း–concordance ၌ကြည့်ပါ။) ယုံကြည်သူများကိုဘုရားသခင်၏မိသားစုဝင်(ဓမ္မသစ်)ဖြစ်လာရန်နှင့်အစေခံများ (ဓမ္မဟောင်း) ဖြစ်လာစေရန်နှစ်မျိုးစလုံးအတွက်ဖြစ်သည်မှာ ရှုထောင့်တစ်မျိုးဖြစ်သည်။ ရွေးကောက်ခြင်းဟူသည်တစ်စုတစ်ပေါင်းတည်းနှင့်တစ်ဦးချင်းနှစ်ခုစလုံး၊ အပြုသဘောနှင့် အပျက်သဘော (ယာကုပ်/အစ္စရေး–ဧသော၊ဇဒုံ။ မောရှေ/ဖာရို) နှစ်ခုစလုံးဖြစ်သည်။ အဆုံးစွန်အားဖြင့်ဤတင်းမာမှုမှာဘုရားသခင်၏ အချုပ်အခြာအာဏာနှင့်လူသား၏လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်တို့အကြား၌သာမကဘဲ၊ ဘုရားသခင်၏စရိုက်တော်ကိုယ်၌တွင်ပင်ရှိသည်။ အခန်းကြီး ၉–၁၁သည်ဘုရားသခင်၏ ကရုဏာတော်နှင့် ကျဆင်းသောလူသား၏ပုန်ကန်မှုကိုထပ်ခါတစ်လဲလဲအလေးအနက် ပြုသည်။ ဘုရားသခင်မှာကတိသစ္စာတည်သော်လည်းလူသားတို့မှာသစ္စာမဲ့ကြသည်။

ရွေးကောက်ခြင်းသည်အချို့သောသူတို့ကို ဖယ်ထုတ်ရန်မဟုတ်ဘဲ၊ (၁)ကတိတော်များ နှင့် (၂) ပဋိညဉ်ပြုသူဘုရား၏သားတော်အားတုန့်ပြန်မှုပြုသူများအတွက်မျော်လင့်ခြင်းအုတ်မြစ်၊ လုံခြုံမှုနှင့် စိတ်ချမှုအတွက်ဖြစ်သည်။

ခ။ ပေါလုသည်အခန်းကြီး ၉ ၌အချုပ်အခြာအာဏာတော်နှင့်ဘုရားသခင်၏လွတ်လပ်မှုအကြောင်းပြောသည်။ ပဋိညဉ်တရားအားဖြင့်ဆက်ဆံရာ၌ပင်ဘုရားသခင်မှာလွတ်လပ်သည်။ အခန်းကြီး ၁၀၌ပေါလုသည်ဘုရားသခင်၏ကတိတော်များနှင့်ပဋိညဉ်တရားများကို အစ္စရေးလက်ခံနိုင်၊ငြင်းပယ်နိုင်ကြောင်းပြောသည်။ သူတို့သည်သစ္စာမဲ့က၊ ဘုရားသခင်၏ကတိတော်များနှင့် ပဋိညဉ်တရားများကိုငြင်းပယ်ကြောင်းသက်သေထူခဲ့သဖြင့် တစ်ဖက်တစ်လမ်းအားဖြင့်ဘုရားသခင်သည်သူတို့ကိုငြင်းပယ်သည်။ မည်သို့ဖြစ်စေအခန်းကြီး ၁၁ ၌မူအစ္စရေး၏သစ္စာမဲ့မှုရှေ့မှောက်၌ပင် (တရားဟော ၈) ဘုရားသခင်မှာကတိသစ္စာတည်ကြောင်းပေါလုအခိုင်အမာပြောသည်။

ဂ။ ယခုကာလမှာနည်းတူအတိတ်ကာလ၌ လည်းဂျူးအကြွင်းအကျန်တို့သည်ယုံကြည်ခဲ့ကြကာ၊ ဘုရားသခင်၏မေရှိယအရှင်အားယုံကြည်ခဲ့ကြသည်။ ပေါလုကိုယ်တိုင်ဥပမာတစ်ခုဖြစ်သည်။ ဂျူးလူမျိုးအချို့တို့၏မယုံကြည်မှုသည် ယုံကြည်သူတပါးအမျိုးသားများကိုပါဝင်လာစေသည်။ တပါးအမျိုးသားများပါဝင်လာမှုသည် (၁)ဘုရားသခင်၏လူများပြည့်စုံသွားစေသည်။ သို့မဟုတ်(၂)ဘုရားသခင်၏ ရွေးကောက်မှုဖြစ်သောဂျူးနှင့် တပါးအမျိုးသားနှစ်ခုစလုံးအရေအတွက်ပြည့်စုံသွားစေသည်။ တပါးအမျိုးသားများပါဝင်လာမှုသည်အစ္စရေး အားဘုရားသခင်၏မေရှိယအရှင်ယေရှုကိုကိုးစားလာစေရန်လှုံ့ဆော်ခြင်းဖြစ်သွားသည်။

ဃ။ အခန်းကြီး ၉ နှင့် ၁၀တို့မှာနည်းတူပေါလုသည်အခန်းကြီး ၁၁၌လည်းဓမ္မဟောင်းကျမ်းပိုဒ်အတော်များများကိုးကားသည်။

၁။အငယ် ၃–၄ဓမ္မ ၁၉း၁၄
၂။အငယ် ၄–၃ဓမ္မ ၁၉း၁၈
၃။အငယ် ၈–ဟေရှာ ၂၉း၁၀နှင့် တရားဟော၂၉း၄
၄။အငယ် ၉–ဆာလံ ၆၉း၂၂
၅။အငယ် ၁၀–ဆာလံ ၆၉း၂၃
၆။အငယ် ၂၆–ဆာလံ ၅၉း၂၀–၂၁
၇။အငယ် ၂၇–ဆာလံ ၂၇း၉
၈။အငယ် ၃၄–ဆာလံ ၄၀း၁၃–၁၄
၉။အငယ် ၃၅–ယောဘ ၃၅း၇၊ ၄၁း၁၁

## စကားလုံးနှင့်စကားစုများလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။၁၁း၁–၆**

**[1]သို့ဖြစ်လျှင်ဘုရားသခင်သည်မိမိလူမျိုးကိုငြင်းပယ်ပြီမဟုတ်လော? မည်သည့်အခါ၌မျှ**
**မဖြစ်နိုင်ရာ။ အကြောင်းမှာငါကိုယ်တိုင်လည်း အာဗြဟံမှလည်းဆင်းသက်သောဗယ်မိန်အနွယ်၊**
**အစ္စရေးလူမျိုးဖြစ်၏။ [2]ဘုရားသခင်သည်မိမိကြို၍သိထားနှင့်သော မိမိလူမျိုးကိုငြင်းပယ်တော်မမူ**
**သို့မဟုတ် ဧလိယကအစ္စရေးအမျိုးတစ်ဘက်၌ဘုရားသခင်အားမည်သို့လျှောက်ထားကြောင်း သမ္မာ**
**ကျမ်းစာပါအချက်ကိုသင်မသိသလော။ [3]ထာဝရဘုရား၊ သူတို့သည်ကိုယ်တော်၏ပရောဖက်များကို**
**သတ်ကြပါပြီ။ ကိုယ်တော်၏ယဇ်ပုလ္လင်များ ကိုဖြိုဖျက်ကြပါပြီ။ ကျွန်ုပ်တစ်ယောက်ထဲကျန်နေ၍**
**ကျွန်ုပ်၏အသက်ကိုပင်ရန်ရှာကြပါ၏ဟုဆို၏။ [4]သို့သော်သူ့ကိုအဘယ်သို့ဗျာဒိတ်ပေးသနည်း?**
**ဗာလရှေ့၌ဒူးမထောက်သောလူခုနစ်ထောင်တို့ကို ငါ့အဘို့ငါကြွင်းကျန်စေပြီဟုမိန့်တော်မူ၏။ [5]ထို**
**နည်းတူယနေ့ကာလ၌လည်းကျေးဇူးတော်နှင့် အညီရွေးချယ်သူအကြွင်းအကျန်ရှိသေး၏။ [6]သို့သော်**
**၎င်းမှာကျေးဇူးတော်အားဖြင့်ဖြစ်လျှင် အကျင့်ကိုအခြေခံခြင်းမဟုတ်တော့ချေ။ သို့မဟုတ်လျှင်**
**ကျေးဇူးတော်သည်ကျေးဇူးတော်မမည်ပေ။**

**၁၁း၁ "ဘုရားသခင်သည်မိမိလူမျိုးကိုပယ်ပြီမဟုတ်လော"** ဤမေးခွန်းသည်အဖြေ "မ"ကိုမျှော်လင့်သည်။ ပေါလုသည်ဤမေးခွန်းကို အငယ် ၁–၁၀အတွင်းအဖြေပေးသည်။ ဤကဏ္ဍသည်စောစောကအကျိုးအကြောင်းပြကာပေါလုဆွေးနွေးခဲ့ခြင်းနှင့်ဆက်စပ်နေရပါမည်။ အခန်းကြီး ၉–၁၁ မှာစာစုတစ်ခုဖြစ်ကာ၊ ကြောင်းကျိုးပြ၍ဆက်တိုက်ဆွေးနွေးမှုဖြစ်သည်။

"ငြင်းပယ်"ဆိုသောစကားလုံးသည်မူလအားဖြင့်"ငြင်းဆန်သည်" "လွှင့်ပစ်သည်" ဟူ၍အဓိပ္ပါယ်ရှိသည်။ ၎င်းမှာ (AORIST MIDDLE) (ကျမ်းကိုးနှ်၍ထွက်ဆိုသောသက်သေ) INDICATIVE ဖြစ်သည်။ အသုံးပြုရာကျမ်းချက်များမှာ–

၁။ တမန်တော် ၇း၃၉–မောရှေ၏ခေါင်းဆောင်မှုငြင်းဆန်သော သဲကန္တာရထဲကအစ္စရေး
၂။ တမန်တော် ၁၃း၄၆–သတင်းကောင်းဧဝံဂေလိပေါလုဟောပြောသည်ကိုငြင်းပယ်သောပိသိဒိနယ်၊အန္တိအုတ်မြို့တရားဇရပ်မှဂျူးများ
၃။ ၁တိ ၁း၁၉–ငြင်းဆန်ကာမိမိတို့၏ယုံကြည်ခြင်းသင်္ဘောအားပျက်စီးသွားစေသူဖေက်မြို့အသင်းသားအချို့ (ဥပမာ–ဟုမေနဲနှင့် အာလေဇန္ဒြု)

YHWH သည်အစ္စရေးကိုမစွန့်ပယ်ချေ။ အစ္စရေးကသာမိမိတို့၏အဆက်မပြတ်နားမထောင်မှု၊ ရုပ်တုဆင်းတုကိုကိုးကွယ်မှုနှင့်ယခုနည်းပညာဉပဒေသဖြင့်သူတို့ကိုယ်သူတို့ဖြောင့်မတ်စေခြင်းဖြင့် YHWH ကိုစွန့်ပယ်ကြသည်။

အစောပိုင်းဂရိပေစာလက်ရေးမူ P[46] နှင့်စာလုံးကြီးကျမ်း F နှင့် G တို့၌"လူမျိုး" အစား"အမွေတော်" ဟူ၍ပါရှိပုံမှာစိတ်ဝင်စားစရာကောင်းပြီး LXX ၏ဆာလံ၉၄း၁၄မှကိုးကားခြင်းဖြစ်နိုင်သည်။ UBS[4] သည် "လူမျိုးတော်" ကို (A) နှင့်အဆင့်သေချာပေးသည်။

□ **"မည်သည့်အခါ၌မျှမဖြစ်နိုင်ရာ"** ၄င်းမှာမှန်းဆသောငြင်းဆန်သောသူ၏မေးခွန်းများကိုငြင်းဆန်ခြင်းအဖြစ်ပေါလုသုံးသောထူးခြားမှုတစ်ခုဖြစ်သည်။ (ဝေဖန်ငြင်းဆန်စာ ၃း၄၊၆၊၃၁။ ၆း၂၊၁၅။၇း၇၊၁၃။၉း၁၄။ ၁၁း၁၊၁၁)

□ **"ငါကိုယ်တိုင်လည်း ...အစ္စရေးလူမျိုးဖြစ်၏"** ယုံကြည်သောကြွင်းကျန်သူဂျူးများရှိကြောင်းသေချာစေရန် ပေါလုသည်မိမိကိုယ်မိမိဖော်ပြသည်။ ပေါလု၏ဂျူးနောက်ခံသမိုင်းအကျယ်ချဲ့ဖော်ပြပုံကို ဖိ ၃း၅ ၌ကြည့်ပါ။

□ **၁၁း၂ " ဘုရားသခင်သည် မိမိ၏လူမျိုးကိုငြင်းပယ်တော်မမူ"** ၄င်းသည် ဆာလံ ၉၄း၁၄ (တရား ၃၁း၆။ ၁ဓမ္မ ၁၂း၂၂။ ၃ဓမ္မ ၆း၁၃။ မြည်တမ်း ၃း၃၁–၃၂) ကိုရည်ညွှန်းခြင်းဖြစ်နိုင်သည်။ အငယ် ၁ရှိမေးခွန်း၏ တိကျသောအဖြေဖြစ်သည်။

□ **"မိမိကြို၍သိထားနှင့်သော"** ၄င်းမှာအစ္စရေးကိုဘုရားသခင်ရွေးကောက်ကြောင်းပေါ်လွင်သော ရည်ညွှန်းချက်တစ်ခုဖြစ်သည်။ ၈း၂၉ ၏မှတ်ချက်၌ကြည့်ပါ။ အငယ် ၄–၆ နည်းတူအခန်းကြီး ၉ ၏ ကျိုးကြောင်းပြဆွေးနွေးမှုကိုပြန်ယူခြင်းဖြစ်သည်။ သော့ချက်မှာအစ္စရေး၏လုပ်ဆောင်မှုမဟုတ်ဘဲ ဘုရားသခင်၏ရွေးချယ်မှုဖြစ်သည်။ ဘုရားသခင်သည် မိမိဇာတိအပေါ်သစ္စာရှိခြင်းမှာ အစ္စရေး၏လုပ်ဆောင်မှုကြောင့်မဟုတ်ဘဲ၊ မိမိမည် သူဖြစ်ခြင်းအကြောင်းကြောင့်ဖြစ်သည်။ (ယေဇ ၃၆း၂၂–၃၂)။

□ **"သမ္မာကျမ်းစာပါအချက်"** ၄င်းမှာ အငယ် ၃ ၌ကိုးကားသည့် ၃ဓမ္မ ၁၉း၁၀ တွင်ယေဇဗေလထံမှ ဧလိယထွက်ပြေးသွားခြင်းအကြောင်းရည်ညွှန်းချက်တစ်ခုဖြစ်သည်။

**၁၁း၄ "လူခုနစ်ထောင်တို့ကိုငါ့အဘို့ကြွင်းကျန်စေပြီ"** ဟေဗြဲလက်ရေးကျမ်း၏ ၃ဓမ္မ ၁၉း၁၈ ၌ "ငါ့အဘို့"မပါချေ။ (ပေါလုသည် MTနှင့် LXX ကိုမကိုးကားချေ)၊ ဘုရားသခင်၏ရွေးချယ်မှုလေးနက်စေရန် ပေါလုဖြည့်စွက်လိုက်ခြင်းဖြစ်သည်။ ၃ဓမ္မ ၁၉း၁၈ သည်သစ္စာရှိသူအကြွင်းအကျန်များကို ဘုရားသခင်၏ ရွေးချယ်မှုရှုထောင့်မှကြည့်ခြင်းဖြစ်သော်လည်း ဗာလကိုကိုးကွယ်မှုကြောင့် ငြင်းပယ်ခံရမှုရှုထောင့်ဖြင့်မဟုတ်ချေ။

ပေါလုအဓိကဖော်ပြလိုသည့်မှာ အလိယ၏ခေတ်၌ရုပ်တုဆင်းတုကိုးကွယ်သူ၊ သစ္စာမဲ့သောအစ္စရေးလူမျိုးများထဲ၌ပင် ယုံကြည်သူလူအနည်းစုရှိကြောင်းဖြစ်သည်။ ပေါလုခေတ်၌လည်း ယုံကြည်သူအကြွင်းအကျန်ဂျူးများရှိသည်။ (အထူးအကြောင်းအရာ ၉း၂၇–၂၈ ၌ကြည့်ပါ)။ ခေတ်ကာလတိုင်း၌ ယုံကြည်ခြင်းတရားကို တုံ့ပြန်သူ ဂျူးအချို့ရှိမြဲဖြစ်သည်။ ယုံကြည်သူဤဂျူးများကို ဘုရားသခင်၏ ဂရုဏာတော်နှင့်ကျေးဇူးတော်သည် ခွန်အားပေးခိုင်ခံ့စေကြောင်း ပေါလုဖော်ပြသည်။ (ငယ် ၅၊၆)။

□ **"ဗာလရှေ့၌"** ၄င်းမှာဣတ္ထိလိင် (အမနာမ်) ဖြင့်ဖေါ်ပြသောပုလ္လိင်(အဖိုနာမ်)ဖြစ်သည်။ တစ်ပါးအမျိုးသားတို့၏နတ်ဘုရားများကိုပြက်ရယ်ပြုသည့်အနေဖြင့် ထိုနာမည်ဗျည်းစာလုံးများထဲ၌ဟေဗြဲဣတ္ထိလိင်ဖြစ်သော "အရှက်" ဟုအဓိပ္ပါယ်ရှိသည့် *bosheth* စကားလုံး၌ပါဝင်သောသရများကိုထည့်သွင်းလေ့ရှိသည်။

**၁၁း၅–၆** ၄င်းတို့မှာသော့ချက်ကျမ်းပိုဒ်များဖြစ်သည်။၄င်းကိုဓမ္မဟောင်းကျမ်းထဲဘုရားသခင်၏လုပ်ဆောင်မှုများကိုလက်ရှိအခြေအနေနှင့်ဆက်စပ်ပေးသည်။ ကွင်းဆက်မှာ ဘုရားသခင်၏ဂရုဏာတော်အားဖြင့်ရွေးကောက်ခြင်းဖြစ်သည်။ (၉း၁၅၊၁၆၊၁၈။၁၁း၃၀၊၃၁၊၃၂)။ ဘုရားသခင်၏ကျေးဇူးတော်မှာပထမအရင်ကျသော်

လည်းလူသား၏ယုံကြည်မှုလိုအပ်သည်။(မာကု ၁း၁၅။ တမန် ၃း၁၆၊၁၉။၂၀း၂၁)။ သို့သော်လူ၏ထိုက်တန်မှုပေါ်အခြေပြုခြင်းလုံးဝမဟုတ်ချေ။ (ဖေက်၂း၈–၉။၂တိ၁း၉။ တိတု၃း၅)။ ပေါလု၏ကျိုးကြောင်းပြဆွေးနွေးမှုဖြစ်သောအခန်းကြီးတစ်လျှောက်၌သမ္မာတရားများသည်အပြတ်ဆုံးဖြတ်ချက်ပေးသည်။

**၁၁း၆ "သို့မဟုတ်လျှင်"** ၄င်းမှာပထမတန်းစားချွင်းချက်ဝါကျမျိုးဖြစ်ကာစာရေးသူအမြင်မှာ မှန်သည်ဟုမှတ်ယူထားခြင်း(ဝါ)သူ၏စာရေးဟန်ဖြစ်သည်။ ကယ်တင်ခြင်းမှာဘုရားသခင်၏ကျေးဇူးတော်ကြောင့်ဖြစ်သည်။ (၃း၂၄ မှတ်ချက်၊ ၆း၂၃။ ဖေက်၂း၈–၉တို့ကိုကြည့်ပါ။)

□ အင်္ဂလိပ်ဘာသာပြန်ကျမ်း KJV သည် အငယ် ၆ အဆုံးသတ်စကားစု၌ "သို့သော်အလုပ်ကြောင့်ဖြစ်လျှင်၊ ၄င်းမှာကျေးဇူးတော်မဟုတ်တော့။ သို့မဟုတ်လျှင်အလုပ်သည် အလုပ်မမည်တော့ချေ။" ဟုဆိုကာဖြည့်စွက်သည်ဤစကားစုသည်။ ရှေးဟောင်းဂရိလက်ရေးကျမ်းများဖြစ်သည်။ P[46], Aleph, A, C, D,G (ဝါ) P နှင့်ရှေးဟောင်းလက်တင်ဘာသာပြန်ကျမ်းများ၌မပါရှိသော်လည်း ဤစကားစုသည် ကွဲပြားခြားနားသောအသွင်နှစ်မျိုးဖြင့် Aleph နှင့် B တို့၌ပါရှိသည်။ ထိုစကားစုချန်ထားခြင်းကို UBS[4] သည် " A "အဆင့် (သေချာ) သတ်မှတ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၁း၇–၁၀။

**[7]သို့ဖြစ်လျှင်မည်သို့နည်း? အစ္စရေးသည် မိမိရှာဖွေနေသောအရာကို မရလိုက်သော်လည်း ရွေးချယ် ခြင်းခံသူများရရှိကြကာ ကျန်သောသူများခေါင်းမာကြသည်။ [8]၄င်းမှာသမ္မာကျမ်းစာ၌ "ဘုရားသခင်သည် သူတို့အားမိုက်မဲသောစိတ်ဝိညာဉ်၊ မမြင်သောမျက်စိနှင့် မကြားသောနားကို ယနေ့တိုင်အောင်ပေးတော်မူ၏" ဟူ၍ရေးသားထားသည့်အတိုင်းဖြစ်သည်။ [9]ထို့ပြင်ဒါဝိတ်ပြောသည်မှာ "သူတို့၏စားပွဲသည်ကျော့ကွင်းနှင့် ထောင်ချောက်၊ ခလုတ်တိုက်စေရာနှင့် သူတို့အားပြန်၍ ဒုက္ခပြုရာဖြစ်ပါစေ၊ [10]သူတို့မျက်စိမမြင်စေခြင်းငှါ မှောင်မိုက်စေပြီး သူတို့၏ကျောများအစဉ်ကုန်းပါစေ" ဟုဆို၏။**

**၁၁း၇ "အစ္စရေးသည် မိမိရှာနေသောအရာကိုမရလိုက်"** ဤဝါကျကို ဂရိကျမ်းထဲ၌ ပထမထားကာ ပေါလု၏အတွေးကိုအလေးအနက်ပြုသည်။ ဂျူးလူမျိုးအများအပြားတို့သည်ဘုရားသခင်နှင့် မှန်ကန်ရန်ရှာဖွေကြကာဘာသာရေးပွဲလမ်းသဘင်များ၊ လူမျိုးရေးအခွင့်ထူးများနှင့် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှုဖြင့်လိုက်ခဲ့ကြသည်။ သူတို့သည်မိမိတို့ပန်းတိုင်နှင့် လွဲချော်သွားခဲ့ကြသည်။ မည်သည့်လူသားမျှ ဘုရားသခင်ရှေ့တော်၌မဝါကြွားရချေ။ (၁ကော ၁း၂၉။ ဖေက် ၂း၉)။

□

**NASB "သို့သော်ရွေးချယ်ခြင်းခံသူများရရှိကြသည်"**

**NKJV "သို့သော်ရွေးကောက်သူများရရှိကြသည်။"**

**NRSV "ရွေးကောက်သူများရရှိကြသည်။"**

**TEV "ရရှိသူများမှာ ဘုရားသခင်ရွေးချယ်သောအုပ်စုငယ်ကလေးသာလျှင်ဖြစ်သည်။"**

**NJB "သို့သော်ရွေးချယ်သူလူအနည်းငယ်မျှကသာလျှင်"**

၄င်းမှာဓမ္မဟောင်းအယူအဆ "အကြွင်းအကျန်" ဖြစ်ကာ (အထူးအကြောင်းအရာ ၉း၂၇–၂၈ ၌ကြည့်ပါ) ဤနေရာ၌ ၃ဓမ္မ ၁၉း၁၈ ပါ ၇၀၀၀ တို့ကိုရည်ညွှန်းသည်။ သော့ချက်မှာလူသား၏ကြိုးစားအားထုတ်မှုလူမျိုးနွယ် (ဝါ) ဘာသာရေးကိုင်းရှိုင်းမှုမဟုတ်ဘဲ (ငယ် ၆) ရွေးကောက်ခြင်းအတွင်းဘုရားသခင်၏ကျေးဇူး တော်ဖြစ်သည်။ (ဖေက် ၁း၃–၁၄)။

□ **"ကျန်သောသူများခေါင်းမာကြ၏"** ၄င်းမှာAORIST PASSIVE INDICATIVE ဖြစ်သည်။ (၂ကော ၃း၁၄)။ ဘုရားသခင်သည် သူတို့ကိုခေါင်းမာစေသည်ဟုဆိုလိုသည်။ (အငယ် ၈–၁၀)။ စိတ်မာစေသူမှာစာတန်မာရ်နတ်ဖြစ်သည်။ (၂ကော ၄း၄)။ "မာစေသည် " (*poroo*) မှာဆေးဖက်သုံးဝေါဟာရဖြစ်ကာ

အသားမားတတ်ခြင်း (ဝါ) မျက်စိကန်းခြင်းဖြစ်သည်။ (ရောမ ၁၁း၂၅။ ၂ကော ၃း၁၄။ ဧဖက်၄း၁၈)။ ဤ ဝေါဟာရကိုပင် မာကု ၆း၅၂ ၌တမန်တော်များနှင့် ဆိုင်၍သုံးသည်။ ၎င်းမှာ ၉း၁၈ ကကွဲပြားခြားနားသော ဂရိဝေါဟာရဖြစ်ကာ (*sklērunō*) ဂရုဏာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည် (ဟေဗြဲ ၃း၈၊ ၁၅။ ၄း၇)။

၎င်းမှာအလွန်ရှင်းလင်းကာ ၁၁း၁–၆ ၏အကျဉ်းချုပ်ဖြစ်သည်။ အချို့သောသူတို့သည် ရွေးချယ်ခံ ကာယုံကြည်ခဲ့ကြသည်။ ရွေးချယ်ခြင်းမခံသူများ ခေါင်းမာကြသည်။ မည်သို့ဖြစ်စေ ဤအခန်းငယ်ကို ဓမ္မ သဘောတရားကြွေးကြော်သံအဖြစ်သီးခြားရေးသားဖော်ပြခြင်းမဟုတ်ချေ။ ၎င်းမှာ ဓမ္မသဘောတရားဆိုင်ရာ ကျိုးကြောင်းပြဆွေးနွေးမှု၏အစိတ်အပိုင်းဖြစ်သည်။ ဤကျမ်းပိုဒ်၌ရှင်းလင်းစွာဖော်ပြသည့် သမ္မာတရားနှင့် အခန်းကြီး ၁၀ ကအားလုံးခြုံသောခေါ်ဖိတ်မှုတို့အကြား၌တင်းမာမှုရှိသည်။ ဤနေရာ၌လျှို့ဝှက်ဖုံးကွယ်မှု ရှိသည်။ သို့သော်အဖြေမှာ နှစ်ခုစလုံးညှိနှိုင်းရန်မဟုတ်သည်နည်းတူ နှစ်သက်စရာမကောင်းသော ရွေးချယ် စရာနှစ်ခုဖြစ်သည် ဆန့်ကျင်ဘက်ဖြစ်နေသယောင်အစွန်းနှစ်ဖက်အားသေးငယ်ချုံ့သွားစေရန်လည်းမဟုတ် ချေ။

**၁၁း၈–၁၀** ဤအခန်းငယ်များကို ဟေရှာယ ၂၉း၁၀ (ငယ် ၈)၊ တရားဟော ၂၉း၄ (အငယ် ၈၊ သို့သော် ဟေဗြဲလက်ရေးကျမ်း MT သို့မဟုတ် LXX မှမဟုတ်ချေ။) နှင့် ဆာလံ ၆၉း၂၂–၂၃ (ငယ် ၉–၁၁) တို့မှ ယူထားခြင်းဖြစ်သည်။ ၎င်းတို့သည် ဟေရှာယ ၆း၉–၁၃ တွင်ပုန်ကန်သူအစ္စရေးထံသို့ဟေရှာယအား စေလွှတ်ရန်ခေါ်ဖိတ်မှုအားထင်ဟပ်စေသည်။ ဟေရှာယသည် ဘုရားသခင်၏ဗျာဒိတ်တော်ကို ပြန်ကြား ပေးမည်ဖြစ်သော်လည်းဘုရားသခင်၏လူမျိုးသည် မတုံ့ပြန်နိုင်၊ တုံ့ပြန်ခြင်းမပြုလိုချေ။ ပေါလုမှာ ၉း၁၃၊၁၅၊ ၁၇ တို့မှာ နည်းတူအချို့သောသူတို့ကိုဘုရားသခင်မာကြောစေခြင်းအတွက် ဓမ္မဟောင်းကျမ်းကိုစူးစိုက်နေခြင်း ဖြစ်သည်။

**၁၁း၈**

**NASB, NKJV "ဘုရားသခင်သည် သူတို့ကိုမိုက်မဲသောစိတ်ပေး၏"**

**NRSV, NJB "ဘုရားသခင်သည် သူတို့ကို ထိုင်းမိုင်းသောစိတ်ပေး၏"**

**TEV "ဘုရားသခင်သည် သူတို့၏ စိတ်နှင့်နှလုံးအားတွေဝေမိုက်မဲစေသည်"**

ဤဂရိစကားလုံး (*katanuxis*)ကို ဓမ္မသစ်ကျမ်း၌ ဤနေရာ၌သာသုံးကာ အလွန်အာရုံဖမ်းစားခြင်း ဖြင့်စိတ်ကိုထုံထိုင်းစေမှုအတွက်သုံးသည်။

**၁၁း၁၀ "သူတို့မျက်စိမမြင်စေခြင်းငှါမှောင်မိုက်စေပြီး၊ သူတို့ကျောများအစဉ်ကုန်းပါစေ"** ၎င်းမှာ AORIST ACTIVE IMPERATIVE လိုက်လာသည့် AORIST PASSIVE IMPERATIVE တစ်ခု ဖြစ်သည်။ ၎င်းမှာဘုရားသခင်၏အချုပ်အချာအာဏာတော်နှင့် လူသား၏တုံ့ပြန်မှုလိုအပ်ပုံ၏ လျှို့ဝှက် ဖုံးကွယ်သောအရာဖြစ်သည်။ ဘုရားသခင်သည် အရာခပ်သိမ်း၏မူလရင်းမြစ်၊ အရာခပ်သိမ်း အားအစပြုသူ ဖြစ်သော်လည်း မိမိ၏အချုပ်အချာအာဏာတော်ဖြင့် အမိန့်ထုတ်ပြန်သည်မှာမိမိဖန်ဆင်းခြင်း၏ အထွဋ် အထိပ်လူသားများသည်မိမိအားလွတ်လပ်စွာတုံ့ပြန်စေလို၍ဖြစ်၏။ ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုမပြုသူ များသည်မိမိတို့၏မယုံကြည်မှုအထဲခိုင်မာစေခြင်း (သူတို့၏ရွေးချယ်မှု၊ အဆုံးသတ်ခြင်းပြုမှု) ခံကြသည်။ ၎င်းနှင့်တဆက်တည်း၌ ပေါလုသည်အာဒံ၏ကလေးများအားလုံးရွေးနှုတ်ရန် ဘုရားသခင်၏ထာဝရအစီ အစဉ်ကိုဖော်ပြသည်။ ဂျူးလူမျိုး၏မယုံကြည်မှုသည် တပါးအမျိုးသားများအတွက် ယုံကြည်ခြင်းတံခါးဖွင့် ပေးလိမ့်မည်ဖြစ်ပြီး၊ အစ္စရေးလူမျိုးတို့၏ မနာလိုမှုသည်သူတို့ကို နဂိုမူလအခြေအနေသို့ပြန်ရောက် စေလိမ့်မည်! ၎င်းမှာဖယ်ရှားရန် စီမံချက်မဟုတ်ဘဲ၊ပါဝင်စေရန် (ဧဖက် ၂း၁၁–၃း၁၃)စီမံချက်ဖြစ်သည်။ မာကြောခြင်းသည် ပိုမိုကြီးမားသောရိတ်သိမ်းမှုအတွက်ဖြစ်သည်။ (ဥပမာ –ဖါရို)!

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၁:၁၁–၁၆**

၁၁ သို့ဖြစ်လျှင်ငါဆိုသည်ကား အစ္စရေးလူမျိုးတို့သည် လဲအောင်ခလုတ်တိုက်ကြသည်မဟုတ်
လော? မည်သည့်အခါ၌မျှမဖြစ်နိုင်ရာ! သို့သော်သူတို့၏လွန်ကျူးမှုကြောင့် တပါးအမျိုးသားများ
အတွက်ကယ်တင်ခြင်းရောက်လာရာ ၎င်းမှာသူတို့ကိုမနာလိုစိတ်ရှိစေရန်ဖြစ်သည်။ ၁၂ ယခုသူတို့၏
လွန်ကျူးခြင်းသည် လောကီသားတို့အတွက်ကြွယ်ဝမှုဖြစ်က၊ သူတို့၏လဲခြင်းသည်တစ်ပါး
အမျိုးသားများအတွက် ကြွယ်ဝမှုဖြစ်သည်ဆိုလျှင်သူတို့၏ ပြည့်စုံခြင်းသည် ပို၍ဖြစ်ဦးမည်မဟုတ်
လော့! ၁၃ သို့သော်ငါသည်တစ်ပါးအမျိုးသားဖြစ်သော သင်တို့ကိုပြောခြင်းဖြစ်၏။ တစ်ပါး
အမျိုးသားများအတွက် တမန်တော်တစ်ပါးဖြစ်သည်နှင့်အညီ၊ ငါ၏အမှုတော်လုပ်ငန်းကိုအမွမ်းတင်
က၊ ၁၄ ငါ၏အမျိုးသားချင်းများကိုတနည်းနည်းဖြင့် မနာလိုစိတ်ဖြစ်စေနိုင်ပါကဖြစ်စေလျှက်၊
အချို့သောသူတို့ကိုကယ်တင်နိုင်ရန်ဖြစ်သည်။ ၁၅ အကြောင်းမူကား သူတို့ကိုငြင်းဆန်ခြင်းသည်
လောကီသားတို့အတွက် ပြန်လည်သင့်မြတ်ခြင်းဖြစ်သည်ဆိုလျှင်၊ သူတို့အားလက်ခံခြင်းသည်
သေခြင်းမှအသက်ရှင်ခြင်းဖြစ်လိမ့်မည်မဟုတ်လော? ၁၆ အဦးနယ်သောမုံ့သန့်ရှင်းလျှင်၊ မုန့်စိမ်း
လည်းသန့်ရှင်းသည်။ အမြစ်သန့်ရှင်းလျှင်၊ အကိုင်းများလည်းသန့်ရှင်းသည်။

**၁၁:၁၁ "သို့ဖြစ်လျှင်၊ ငါဆိုသည်ကား"** ၎င်းမှာ ၁၁:၁ နည်းတူဟောပြောမှုပညာဆိုင်ရာစကားစုဖြစ်သည်။ ၎င်းမှာဓမ္မသဘောတရားအားကျိုးကြောင်းပြဆွေးနွေးရာတွင် ပေါလုသုံးသောနည်းတစ်မျိုးဖြစ်သည်။ အငယ် ၁–၁၀ တွင်အစ္စရေးအားလုံးဘုရားသခင်မငြင်းပယ်ကြောင်းပြောက၊ အငယ် ၁၁–၂၄ ၌မူအစ္စရေး၏ငြင်းပယ်ခံခြင်းသည်အမြဲမဟုတ်ကြောင်းနှင့် ၎င်းမှာရည်ရွယ်ချက်နှင့် ဖြစ်ကြောင်းအငယ် ၁၁–၂၄ ၌ပြောပါသည်။ ၎င်းမှတစ်ဆင့် တစ်ပါးအမျိုးသားများပါဝင်လာကြသည်။

□

**NASB "လဲအောင်ခလုတ်တိုက်ကြသည်မဟုတ်လော?"**

**NKJV,NRSV "လဲရမည်အကြောင်းခလုတ်တိုက်ခဲ့ကြပြီမဟုတ်လော?"**

**TEV "ဂျူးတို့ခလုတ်တိုက်သည့်အခါ ပျက်စီးရန်လဲကြသည်မဟုတ်လော?"**

**NJB "ဂျူးတို့အမြဲလဲခဲ့ကြပြီလော သို့မဟုတ် ခလုတ်တိုက်မိကြရုံသလော?"**

အဖြေ "မ" ကိုမျှော်လင့်သည်။ အစ္စရေး၏မယုံကြည်မှုမှာအမြဲမဟုတ်ချေ။

□

**NASB "သူတို့၏လွန်ကျူးခြင်း"**
**NKJV "သူတို့လဲခြင်းမှတဆင့်"**
**NRSV "သူတို့ခလုတ်တိုက်မိခြင်းမှတဆင့်"**
**TEV "သူတို့အပြစ်ပြုကြခြင်းကြောင့်"**
**NJB "သူတို့၏လဲခြင်း"**

ကျမ်းစကားအဆက်အစပ်အရ ၎င်းသည်ယေရှုအားမေရှိယ အရှင်အဖြစ်ဂျူးလူမျိုးတို့၏ ငြင်းပယ်မှုကိုရည်ညွှန်းသည်။

□ **"တစ်ပါးအမျိုးသားတို့အတွက်ကယ်တင်ခြင်းရောက်လာသည်"** ၎င်းသည်ပထမရာစုနှစ် ဂျူးများအတွက် မည်မျှထိတ်လန့်ဘွယ်ရာဖော်ပြမှုဖြစ်လိမ့်မည်နည်း။ (ငယ် ၁၂။ တမန် ၁၃:၄၆။ ၁၈:၆။ ၂၂:၂၁။ ၂၈:၂၈)။

□ **"သူတို့ကိုမနာလိုစိတ်ရှိစေရန်"** ၁၀:၁၉ နှင့် ၁၁:၁၄ တို့၌လည်း "မနာလို" ဟူသောဝေါဟာရတွေ့ရသည်။ တပါးအမျိုးသားများပါဝင်လာရန်ဘုရားသခင်၏အစီအစဉ်၌ ရည်ရွယ်ချက်နှစ်ရပ်ရှိသည်။

၁။ လူသားစုတစ်ရပ်လုံးအားဘုရားသခင်ရွေးနှုတ်ခြင်း။

၂။ နောင်တရသူအကြွင်းအကျန် အစ္စရေးအားတစ်ဦးချင်း ယုံကြည်မှုပြန်လည်ရှိစေခြင်း။

ကျွန်ုပ်အနေဖြင့်မူ #၂ပါရှိခြင်းရှိမရှိ မသဲကွဲချေ။

၁။ ကပ်ကာလ၏အဆုံး၌ ဂျူးလူမျိုးများ၏ပြန်လည်နိုးကြားမှု (ဇာ ၁၂း၁၀)။

၂။ ပထမရာစုနှစ်နှင့် ရာစုနှစ်တိုင်းရှိ ဂျူးလူမျိုးယုံကြည်သူများ။

၃။ ခေတ်သစ်ကာလမေရှိယဂျူးဘုရားကျောင်း (ဂျူးယုံကြည်သူ) များမှာ ထိုကတိတော်ပြည့်စုံမှုဖြစ်နိုင်သည်။

**၁၁း၁၂–၁၄** ဤအခန်းငယ်များ၌ ဂျူးလူမျိုးတို့၏ မယုံကြည်မှုနှင့်တပါးအမျိုးသားများ၏ ယုံကြည်မှုတို့ ဆက်စပ်သော ချွင်းချက်ပါဝါကျတစ်ဆယ်ခု ရှိသည် အငယ် ၁၂၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၂၁၊ ၂၄ တို့မှာ ပထမတန်းစား ချွင်းချက်ဝါကျများဖြစ်ပြီး၊ ၎င်းတို့မှာ စာရေးသူ၏အမြင်မှ မှန်သည်ဟုမှတ်ယူထားခြင်းသို့မဟုတ် သူ၏ စာရေးဟန်ဖြစ်သည်။ အငယ် ၂၂နှင့်၂၃တို့မှာမူ တတိယတန်းစားချွင်းချက်ဝါကျများဖြစ်ပြီး၊ အနာဂတ်၌ လုပ်ဆောင်နိုင်ချေရှိကြောင်း ဖော်ပြမှုဖြစ်သည်။

၁၁း၁၂

**NASB “သူတို့၏ပြည့်စုံခြင်းသည် ပို၍ဖြစ်မည်မဟုတ်လော”**

**NKJV “သူတို့၏ပြည့်စုံခြင်းသည်မည်မျှပို၍”**

**NRSV “သူတို့အပြည့်အစုံပါဝင်ခြင်းသည် မည်မျှပို၍ အဓိပ္ပါယ်”**

**TEV “သို့ဖြစ်လျှင်ဂျူးလူမျိုးဦးရေ အပြည့်အစုံပါဝင်သည့်အခါ မည်မျှပိုမိုကြီးမားသော ကောင်းချီးမင်္ဂလာဖြစ် လိမ့်မည်နည်း”**

**NJB “သူတို့အားလုံးပြောင်းလဲခြင်းသည် မည်မျှပို၍ အကျိုးဖြစ်ထွန်းမည်ကို စဉ်းစားကြည့်ပါ”**

အနက်ပြန်ရန်အခက်အခဲဆုံးမှာ “သူတို့၏ပြည့်စုံခြင်း” ဟူသော ဝေါဟာရဖြစ်သည်။ ဆိုလိုရင်းမှာ (၁) ကယ်တင်ခြင်းရရှိသူဂျူးများ အငယ် ၁၄၊၁၆၊ သို့မဟုတ် (၂) ယုံကြည်သူဂျူးများနှင့် တပါးအမျိုးသားများအနက် နောက်ဆုံးပိတ် အရေအတွက်လော့?

**၁၁း၁၃ “ငါသည်တပါးအမျိုးသားဖြစ်သော သင်တို့ကိုပြောခြင်းဖြစ်၏”** အခန်းကြီး ၉–၁၁ သည် “ဂျူးတို့သည်မေရှိယအရှင်ကို အဘယ်ကြောင့်ငြင်းဆန်ခဲ့ကြသနည်း” ဆိုသော မေးခွန်းကို အဖြေပေးသည့် စာစုတစ်ခုဖြစ်သည်။ မည်သို့ဖြစ်စေ ပေါလုသည်ဤဩဝါဒစာထဲ၊ သူ့တင်ပြမှု၏ ဤနေရာ၌ ဤမေးခွန်းမေးရန် အဘယ်ကြောင့် ခံစားရသနည်းဟူသော မေးခွန်းမှာမူ ဆက်လက်ကျန်ရှိနေပေသည်။

အငယ် ၁၃–၂၄၊၂၅ သည် ရောမမြို့အသင်းတော်အတွင်း ဂျူးများနှင့် တပါးအမျိုးသားများ အကြား လူမျိုးရေးပြဿနာကို ထင်ဟပ်နေဟန်ရှိသည်။ ယုံကြည်သူဂျူးနှင့် ယုံကြည်သူတပါးအမျိုးသားများကြား၌လော?၊ သို့မဟုတ်၊ ယုံကြည်သူတပါးအမျိုးသားများနှင့် မယုံကြည်သူ ဂျူးများအကြားလော မသေချာပေ။

▣ **“ငါသည်တပါးအမျိုးသားများအတွက် တမန်တော်တစ်ပါးဖြစ်သည်”** ပေါလုသည်တပါးအမျိုးသားများ ကမ္ဘာသို့ အမှုတော်လုပ်ငန်းဆောင်ရွက်ရန် ဖိတ်ခေါ်ခံရကြောင်းစစ်မှန်စွာ ခံစားရသည်။ (တမန် ၉း၁၅၊ ၂၂း၂၁၊ ၂၆း၁၇။ ရောမ ၁း၅။ ၁၅း၁၆။ ဂလာ ၁း၁၆။ ၂း၇၊၉။ ၁တိ၂း၇။ ၂တိ၄း၁၇)

▣

**NASB, NKJV “ငါ၏အမှုတော်လုပ်ငန်းကို ငါအမွမ်းတင်”**

**NRSV “ငါ၏အမှုတော်လုပ်ငန်းကို ငါချီးမြှောက်”**

**TEV “ငါ၏အလုပ်၌ ငါဝါကြွားမည်”**

**NJB “စေလွှတ်ခံရခြင်းကို ငါဂုဏ်ယူသည်”**

“အမွမ်းတင်” (အကျယ်ချဲ့) ဆိုသောဝေါဟာရ၏ အဓိပ္ပါယ်မှာ

(၁) ကျေးဇူးတင်ရှိခြင်း (၂) ဝါကြွားခြင်း သို့မဟုတ်ဖြစ်နိုင်သည်မှာ (၃) တစ်စုံတစ်ရာအား အကောင်းဆုံး အဖြစ်နိုင်ဆုံးဖြစ်စေခြင်းအား ဆိုလိုခြင်းဖြစ်နိုင်သည်။ ၎င်းသည်လည်း ရောမမြို့အသင်းတော်တွင်း ပြဿနာတစ်ရပ်ကို ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။ ပေါလုသည် (၁) တပါးအမျိုးသားများအား အစေခံရခြင်းကို

ဝမ်းသာသည်။ သို့မဟုတ် (၂) သူ၏ အမှုတော်လုပ်ငန်းသည် မယုံကြည်သူကျူးများကို မနာလိုစိတ်ဖြစ်ပေါ်စေခြင်းဖြင့် သူတို့ကယ်တင်ခြင်းရရှိစေသည်ကို မြင်သည်။ (ငယ် ၁၁း၁၄ နှင့် ၉း၁–၃)။

**၁၁း၁၄ "အချို့သော သူတို့ကယ်တင်"** ၎င်းမှာ သတင်းကောင်း ဧဝံဂေလိတရားအတွက် ပေါလုအား ဖိတ်ခေါ်မှုဖြစ်သည်။ အချို့သော သူတို့သည် သတင်းကောင်းဧဝံဂေလိတရားအား တုံ့ပြန်မှုပြုကာ (၁ကော ၁း၂၁) အချို့တို့ကမူ ထိုသို့ ပြုကြမည်မဟုတ်ကြောင်း ပေါလုသိရှိသည်။ (၁ကော ၉း၂၂) ၎င်းမှာ ရွေးကောက်ခြင်း၏ လျှို့ဝှက်ဖုံးကွယ်သော အရာဖြစ်သည်။ (ဓမ္မဟောင်းနှင့် ဓမ္မသစ်)!

**၁၁း၁၅** (ဓမ္မဟောင်းခေတ်က ရွေးချယ်သော (အငယ် ၁ နှင့်ကွဲပြားသောအခြားစကားလုံး) အစ္စရေးအားငြင်းပယ်ခြင်းသည် လူသားအားလုံး (kosmos) ရွေးချယ်ရန် ဘုရားသခင်၏ အကြံအစည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဂျူးလူမျိုးတို့၏ ကိုယ်ကိုကိုယ် ဖြောင့်မတ်စေခြင်း၊ လူမျိုးစွဲမာနနှင့် နည်းဥပဒေသဝါဒသည် ယုံကြည်ခြင်းလိုအပ်မှုကို ပြင်းထန်စေသည်။ (၉း၃၀–၃၃) YHWH နှင့် သူ၏ မေရှိယ အား ယုံကြည်ခြင်းသည် မှန်ကန်သော နားလည်ခြင်း၏ သော့ချက်ဖြစ်ကာ၊ လူသား၏ ဘာသာရေးလုပ်ဆောင်မှု မဟုတ်ချေ။ သို့သော် အစ္စရေးအား ငြင်းပယ်ခြင်းသည် လူသားထုတစ်ရပ်လုံးအား ရွေးချယ်ရန် အကြံအစည်တော်ဖြစ်ကြောင်းသတိရပါ။ ဂျူးဖြစ်စေ ဂျူးမဟုတ်သူတပါးအမျိုးသားဖြစ်စေ လူသားအနေဖြင့် မာနတက်စရာ အကြောင်းမရှိချေ။ ဤသည်မှာ ရောမအသင်းတော်ကြား သိရန်လိုအပ်သော သတင်းစကားပင်ဖြစ်သည်!

▣ **"လောကီသားတို့ ပြန်လည်သင့်မြတ်ခြင်း"** ၎င်းမှာ ဓမ္မသဘောတရားအားဖြင့် "ဘုရားသခင်၏ ဖြောင့်မတ်ခြင်း" နှင့် ဆင်တူဖြစ်သည်။ ပေါင်းစပ် ဝေါဟာရမှာ kata အပေါင်း alasso ဖြစ်ပြီး (ပြောင်းလဲသည်၊ အသွင်ပြောင်းသည်) ဟူ၍ ဖြစ်၏။ ၎င်းသည် ရန်လိုခြင်းအား ငြိမ်းချမ်းရေးနှင့် လဲလှယ်ခြင်းဖြင့် မျက်နှာသာပြန်ရခြင်းကို ရည်ညွှန်းသည် (ရောမ ၅း၁၁။ ၁၁း၁၅။ ၂ ကော၊ ၅း၁၈၊ ၁၉)။ ဘုရားသခင်သည် ဧဒင် မိတ်သဟာယဖြစ်မှု ပြန်လည်ရရှိရန် ကြိုးစားသည်။ အပြစ်သည် ထိုမိတ်သဟာယကို ပျက်စီးစေခဲ့သော်လည်း ခရစ်တော်သည် ယုံကြည်ခြင်း ကျင့်သုံးသူ၊ ကျဆင်းသော လူသားတိုင်း၌ ဘုရားသခင်၏ သဏ္ဌာန်တော်ကို ပြန်လည်ဖြစ်ပေါ်စေသည်။ ပြန်လည်သင့်မြတ်စေခြင်းနှင့် လက်သင့်ခံခြင်း ရရှိစေသည်။ (အငယ် ၁၅ နှင့် ကျမ်းပြိုင် ဖြစ်သည်)။ ထိုရင်းနှီးကျွမ်းဝင်မှုကို လူသားပြန် မယူနိုင်သော်လည်း၊ ဘုရားသခင် ပြန်ယူနိုင်ကာ၊ ယူလည်း ယူခဲ့သည်။

▣ **"သို့သော် သေခြင်းမှ အသက်ရှင်ခြင်းသို့"** ကျမ်းစကား အဆက်အစပ် သဘောအရ အစ္စရေးလူမျိုးကို ပြောခြင်းဖြစ်သဖြင့်

၁။ အစ္စရေးအား အမျိုးသားထု တစ်ရပ်အနေဖြင့် ပြန်လည်ထူထောင်လာမှုကို ရည်ညွှန်းခြင်းလော?

၂။ ဂျူးနှင့် တပါးအမျိုးသားများ၏ "နံပါတ်အပြည့်အစုံ" ကို ရည်ညွှန်းခြင်းလော့? (ဝိညာဉ် အစ္စရေး ၉း၆။ ၁၁း၂၅–၂၆)။

၃။ ကပ်ကာလအသစ်၏ ဘဝဖြစ်သော (၆း၁၃) ပြန်ရှင်ထမြောက်သော ဘဝကို ပြောခြင်းလော?

ကျွန်ုပ်သည် #၃ ကို သဘောကျပါသည်။ ကျွန်ုပ်၏ အကြောင်းပြချက်များအတွက် "အပြတ်ဆုံးဖြတ်ပေးသော နိဒါန်းပျိုးဆောင်းပါး" (Crucial Introductory Article) အား အခမဲ့ အွန်လိုင်း www.freebiblecommentary.org တွင် ဗျာဒိတ်ကျမ်း အနက်ဖွင့်ကျမ်းတွင် ကြည့်ပါ)။

**၁၁း၁၆ "အဦးဆုံးနယ်သောမုန့် သန့်ရှင်းလျှင် မုန့်စိမ်းလည်း သန့်ရှင်းသည်။"** ၎င်းမှာ ပထမဆန်းစား ချွင်းချက် ဝါကျမျိုးဖြစ်ကာ စာရေးသူအမြင်မှ မှန်သည်ဟု မှတ်ယူထားခြင်း (ဝါ) သူ၏ စာရေးဟန်ဖြစ်သည်။ တောလည် ၁၅း၁၇–၂၁ အား ရည်ညွှန်းသည့် ဓမ္မဟောင်းကျမ်း၏ အဦးသီး (သို့မဟုတ် ဆယ်ဘို့ တစ်ဘို့)ဆိုင်ရာ ခံယူချက်နှင့်ဆင်တူသော တင်စားမှု တစ်မျိုးဖြစ်သည်။ အဦးသီးများသည် ရိတ်သိမ်းသောသီးနှံ တစ်ခုလုံး ဘုရားရှင် ပိုင်ဆိုင်ကြောင်း ပြသရန် ပေးလှူခြင်း ဖြစ်သည်။

ရှေးခေတ် ယုံကြည်သူဂျူးအကြွင်းအကျန်တို့သည် သူတို့၏ အမျိုးသားထု တစ်ရပ်လုံးအား အကျိုးသက်ရောက်လျက် ရှိနေဆဲ ဖြစ်သည်။ (ကမ္ဘာ ၁၈း၂၇–၃၃၊ ၂ ရာဇဝင် ၇း၁၄)။ 'အဦးနယ်သော မုန့်' ဟူသော တင်စားဖော်ပြမှုသည် 'အမြစ်' ဟူသော တင်စားဖော်ပြမှုနှင့် အလားတူဖြစ်ကာ (ယေရ ၁၁း၁၆–၁၇) နှစ်မျိုးစလုံးသည် သစ္စာရှိသော အစ္စရေး၊ အထူးသဖြင့် ဓမ္မဟောင်းကျမ်း (ငယ် ၂၈) ကနဦးဘိုးဘေးများကို ရည်ညွှန်းပါသည် (အမြစ် – အငယ် ၁၆–၁၇)။

**NASB (နောက်ဆုံး ပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၁း၁၇–၂၄**

**[၁၇]သို့သော် အကိုင်းအချို့တို့ ခုတ်ဖြတ်ခြင်း ခံကာ၊ သံလွင်ပင်အရိုင်းဖြစ်သော သင့်အား ၎င်းတို့အထဲ၌ ဆက်၍ စိုက်သဖြင့်သံလွင်ပင်အမြစ်၏ ကြွယ်ဝမှုကို သူတို့နှင့် တွဲဖက်၍ ရရှိသူဖြစ်လာပါက၊ [၁၈]အကိုင်းများ အပေါ်မဝါကြွားနှင့်။ သို့သော် ဝါကြွားပါက သင်သည် အမြစ်ကို မထောက် အမြစ်ကသာသင့်ကို ထောက်ခြင်းဖြစ်သည်။ [၁၉]သင်သည် "ငါဆက်၍ စိုက်နိုင်ရန် အကိုင်းများ ခုတ်ဖြတ်ခံရသည်" ဟုဆိုလိမ့်မည်။ [၂၀]သူတို့သည် မိမိတို့၏ မယုံကြည်မှုကြောင့် ခုတ်ဖြတ်ခံရသည်မှာ မှန်သော်လည်း သင်သည် သင်၏ ယုံကြည်ခြင်း အားဖြင့် ရပ်တည်သည်။ မိမိကိုယ်မိမိ အထင်မကြီးဘဲ၊ ကြောက်တတ်လော့။ [၂၁]အကြောင်းမှာ ဘုရားသခင်သည် သဘာဝအကိုင်းများကို မညှာတာပါက၊ သင့်ကိုလည်း ညှာတာလိမ့်မည်မဟုတ်ချေ။ [၂၂]ထို့ကြောင့်ဘုရားသခင်၏ သနားကြင်နာမှုနှင့် ခက်ထန်မာကျောခြင်းကို ကြည့်ပါ။ လဲသောသူများအပေါ် ခက်ထန်မာကျောသော်လည်း သင်သည် သနားကြင်နာတော်မူခြင်း၌ ဆက်နေပါက သင့်အပေါ်ဘုရားသခင်သနား ကြင်နာသည်။ သို့မဟုတ်လျှင် သင့်ကိုလည်းခုတ်ဖြတ်လိမ့်မည်။ [၂၃]သူတို့သည်လည်း မိမိတို့၏ မယုံကြည်မှု၌ မဆက်လက်ဘဲနေခဲ့ကြပါက၊ ဆက်၍ စိုက်ပျိုးခြင်းခံကြလိမ့်မည်။ အကြောင်းမှာ ဘုရားသခင်သည် သူတို့ကို ပြန်၍ ဆက်စိုက်ရန် တတ်စွမ်းနိုင်သည်။ [၂၄]အဘယ်ကြောင့်ဆိုသော် သဘာဝအားဖြင့် သံလွင်ပင်အရိုင်းဖြစ်သော သင့်ကိုခုတ်ဖြတ်ကာ သဘာဝနှင့် ဆန့်ကျင်လျက်၊ သံလွင်ပင်၌ စိုက်ခြင်းခံရသည်ဆိုလျှင် သဘာဝအကိုင်းများကို ၎င်းတို့၏ ကိုယ်ပိုင်သံလွင်ပင်၌ အဘယ်မျှ ပိုမိုဆက်ကာ စိုက်ပျိုးဦးမည်နည်း?**

**၁၁း၁၇–၂၄** အံ့သြဘွယ်ရာပင် ဤစာပိုဒ်ရှိ "သင်" you ဆိုသည်မှာ အနည်းပြပုဒ်ဖြစ်သည်။ (ငယ်၂၅၌ မှုအများပြပုဒ်ဖြစ်သည်) ၎င်းသည် ဘာကိုဆိုလိုသနည်း?

၁။ တပါးအမျိုးသားတစ်ရပ်လုံးအား ပုံဆောင်ချက်အဖြစ်တပါးအမျိုးသားတစ်ယောက်

၂။ ရောမအသင်းတော်အတွင်း ဂျူးနှင့်တပါးအမျိုးသားများ ကြားခေါင်းဆောင်ပြဿနာကြောင့် ယခုလက်ရှိတပါးအမျိုးသားခေါင်းဆောင်ကို ရည်ညွှန်းသည် (ငယ် ၁၈–၂၀)

**၁၁း၁၇ "ပါက"** ၁၁း၁၂–၂၄ မှတ်ချက်၌ ကြည့်ပါ။

▣ **"အကိုင်းများခုတ်ဖြတ်"** ၎င်းသည် မယုံကြည်သူအစ္စရေးများကို ရည်ညွှန်းသည်။ (ငယ် ၁၈၊၁၉၊ "သဘာဝအကိုင်းများ" အငယ် ၁၂)

▣ **"သံလွင်ပင်အရိုင်း"** ၎င်းသည် သတင်းကောင်းဧဝံဂေလိတရားဟောပြောမှုတုံ့ပြန်မှုကိုပြုသော ယုံကြည်သူတစ်ပါးအမျိုးသားများကို ရည်ညွှန်းသည်။

▣ **"ဆက်၍ စိုက်ခြင်းခံရသည်"** ပေါလုသည် အငယ် ၁၆၌ စခဲ့သော စိုက်ပျိုးရေးဆိုင်ရာ တင်စားမှုကို ဆက်လက် သည်။ သံလွင်ပင် ရိုင်း၏ အခက်များကို ခိုင်ခံ့ပြီး အပင်တစ်ပင်ပေါ် ဆက်၍ စိုက်ပျိုးခြင်းသည် အထွက်တိုးစေသည်။ (ငယ် ၂၄)

▣ **"အမြစ်၏ ကြွယ်ဝမှု"** လက်ရေးစာ၏ လုံးစေ့ပတ်စေ့ စကားစုမှာ "အဆီ၏အမြစ်/ အဆီအမြစ်" ဖြစ်သည်။ (UBS4 ) သည် MSS/Aleph, B, C၌ တွေ့ရသော၎င်းကို

"ဘိ" အဆင့် (သေချာသလောက်) သတ်မှတ်သည်။ ဤရောယှက်နေမှုကို ရှင်းလင်းစေရန်အားထုတ်သော ဂရိလက်ရေးကျမ်း အတော်များများရှိသည်။ (Bruce Metzger, *A Textual Commentary in the Greek New Testament*, p. 526).

▣ **"သံလွင်ပင်"** ၎င်းမှာ အစ္စရေးအမျိုးသားများအား ပုံဆောင်ချက်တစ်ခုဖြစ်သည်။ (ငယ် ၂၄။ ဆာလံ ၅၂း၈။ ၁၂၈း၃ ယေရ၊ ၁၁း၁၆။ ဟောရှေ၊ ၁၄း၆) ၎င်းမှာ ဂျူးနှင့်တပါးအမျိုးသားများအကြား ဆက်သွယ်မှု ဖော်ပြသည့် ဓမ္မဟောင်းကျမ်း၏ ဒုတိယမြောက်တင်စားမှုဖြစ်သည်။

**၁၁း၁၈ "အကိုင်းများ အပေါ်မဝါကြွားနှင့်"** ၎င်းမှာ PRESENT IMPERATIVE နှင့် NEGATIVE PARTICLE ဖြစ်ပြီး ဆက်လက်ဖြစ်ပေါ်နေပြီဖြစ်သော လုပ်ဆောင်မှုတစ်ခု ရပ်တန့်စေသည်ဟု အဓိပ္ပါယ်ရှိ လေ့ရှိသည်။ ဤကျမ်းချက်အပြင် အငယ် ၁၃၊ ၂၀၊ ၂၅ တို့သည် ရောမအသင်းတော်အတွင်း ယုံကြည်သူဂျူးနှင့် တပါးအမျိုးသားများအကြား ပြဿနာတစ်ခု ရှိသည်ဟု ဆိုလိုရာရောက်သည်။

**၁၁း၁၉-၂၀** အငယ်၁၉သည် အခြားဝေဘန်စာ (ငြင်းဆန်သူရှိနေဟန်) တစ်ခုဖြစ်သည်။ ဂျူးများ ငြင်းပယ်တော်မူခံရခြင်းအကြောင်း ပေါလုရှင်းလင်းသည်။ ၎င်းမှာ သူတို့၏ မယုံကြည်မှုကြောင့်ဖြစ်ပြီး တစ်ပါးအမျိုးသားများ ပို၍ချစ်တော်မူခြင်းခံရသောကြောင့် မဟုတ်ချေ။ တပါးအမျိုးသားများသည် ဘုရားသခင်၏ မေတ္တာတော်(ကမ္ဘာ ၃း၁၅) နှင့် သူတို့၏ ယုံကြည်မှုကြောင့်သာ ပါဝင်လာကြခြင်းဖြစ်သည်။ သူတို့သည်လည်း မနာလိုသော ဂျူးများ ဘုရားသခင်ထံသို့ ပြန်လာရန် အကြောင်းရင်းဖြစ်ပေါ်စေနိုင်ကြသည်။ (အငယ် ၁၁၊၁၄)

**11:20**
**NASB "သို့သော်သင်သည်သင်၏ ယုံကြည်ခြင်းအားဖြင့် ရပ်တည်သည်။"**
**NKJV "သင်သည်ယုံကြည်ခြင်းအားဖြင့် ရပ်တည်၏။"**
**NRSV "သို့သော်သင်သည်ယုံကြည်ခြင်းအားဖြင့်သာရပ်တည်၏။"**
**TEV "သင်သည် ယုံကြည်သဖြင့် နေရာ၌ဆက်လက်နေစဉ်"**
**NJB "သင်သည်အခိုင်အမာ ဆုပ်ကိုင်နေဆဲဖြစ်သည်ဆိုပါက သင်၏ယုံကြည်ခြင်းကို ကျေးဇူးတင်ရန်သာဖြစ်သည်။"**

၎င်းမှာ PERFECT ACTIVE INDICATIVE တစ်ခုဖြစ်သည်။ မည်သို့ဖြစ်စေ ၎င်းမှာ ချွင်းချက်ဝါကျဆယ်ခုအထဲပါဝင်သည်။ ဘုရားသခင်၏ ရှေ့တော်မှောက်၌ ကျွန်တော်တို့ ရပ်တည်နေခြင်းမှာ ယုံကြည်ခြင်းအားဖြင့်ဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့် ဆက်လက်နေသည်။ ယုံကြည်ခြင်းရပ်ဆိုင်းပါက၊ ကျွန်တော်တို့၏ ရပ်တည်ချက်ရပ်ဆိုင်းသည်။ ကယ်တင်ခြင်းဟူသည် (၁)ယုံကြည်ခြင်းအားဖြင့် အစပြုတုံ့ပြန်ခြင်း (၂) ယုံကြည်ခြင်း၌ရှိသောအနေအထား (၃) ယုံကြည်ခြင်း ဆက်လက်နေခြင်းနှင့် (၄) နောက်ဆုံးတွင်ယုံကြည်ခြင်း အမြင့်ဆုံးသို့ရောက်ရှိခြင်း/ ပြီးဆုံးသွားခြင်းဖြစ်သည်။ ဤသမ္မာတရားများ အနက် တစ်ခုတည်းကိုသာလျှင် စူးစိုက်သော ဓမ္မသဘောတရားတစ်ခုခုအား သတိထားပါ။ အထူးအကြောင်းအရာ။ ။ ကယ်တင်ခြင်းအတွက် သုံးသော ဂရိကာလပြကြိယာများ ၁၀း၄ ၌ကြည့်ပါ။

ဘုရားသခင်သည် ကယ်တင်ခြင်းစထွင်သူ၊ အစပြုသူ၊ ထောက်မသူနှင့် ပြီးဆုံးစေသူဖြစ်သော်လည်း ပဋိဉာဉ်တရား၏ ဘောင်အတွင်း၌ဖြစ်သည်။ သူသည် အပြစ်ပြည့်သော ဤလူသားမျိုးနွယ်အား ဤဖြစ်စဉ်၏ ခြေလှမ်းတိုင်း၌ နောင်တနှင့် ယုံကြည်ခြင်းအားဖြင့် တုံ့ပြန်မှုပြုကာ၊ ဆက်လက်တုံ့ပြန်သွားရန် ရွေးချယ်သည်။ သူသည် နာခံခြင်း၊ ခရစ်တော်နှင့်တူခြင်းနှင့် စွဲမြဲခြင်းမျှော်လင့်သည်။

▣
**NASB "ကိုယ်ကိုကိုယ်အထင်မကြီးဘဲ၊ ကြောက်တတ်လော့"**
**NRJV "မောက်မာခြင်းမရှိဘဲ၊ ကြောက်တတ်လော့"**

**NRSV "ထို့ကြောင့်မာနမကြီးဘဲ၊ ထိတ်လန့်အံ့သြလော့"**
**TEV "ငင်းကြောင့်မာနမကြီးနှင့်။ ထိုသို့ဖြစ်ရမည့်အစား ကြောက်လော့"**
**NJB "သင့်ကိုမာနကြီးစေသည်ထက်၊ ကြောက်စေရပါမည်"**

ဤဖော်ပြချက်နှစ်ခုစလုံး PRESENT IMPERATIVE များ ဖြစ်သည်။ အရင်ပထမမှာ NEGATIVE PARTICLE ဖြစ်ပြီး ဆက်ကပ်ခဲ့ပြီဖြစ်သော လုပ်ဆောင်မှုတစ်ခုရပ်တံ့သွားခြင်းဟု အဓိပ္ပါယ်ရှိလေ့ရှိသည်။ ၎င်းသည် ရောမ အသင်းတော် အတွင်း ပြဿနာတစ်ခုရှိကြောင်းဖော်ပြသည်။ ကြောက်ရမည့်အကြောင်းရင်း အငယ် ၂၁၌ ဖော်ပြသည်။

**၁၁း၂၁ "သင့်ကိုလည်း ညှာလိမ့်မည်မဟုတ်"** အစ္စရေးသည် မယုံကြည်ခြင်း မာနဖြင့် YHWH ထံမှ ထွက်သွားကာ၊ ယုံကြည်ခြင်းတရားကို စွန့်ပယ်၍ ခုတ်ပစ်ခြင်းခံခဲ့ရသည်နည်းတူ၊ အသင်းတော်သည် မာနတက်ကာ၊ မိမိကိုယ်မိမိ ဖြောင့်မတ်စေပြီး၊ ခရစ်တော်အားယုံကြည်ခြင်းကို စွန့်လွှတ်ပါက ခုတ်ဖြတ်ခံလိမ့်မည်။ အစပြုသော ယုံကြည်ခြင်းကို ယုံကြည်သော အသက်ရှင်ခြင်းပုံစံသည်လိုက်ပါလာရ၏။ (မဿဲ ၁၃း၁–၁၃။ မာကု ၄း၁–၁၂။ လုကာ ၈း၄–၁၀) မာနကို ဆက်လက်ခုခံသွားရပါမည်။ ကျွန်တော်တို့မှာ ကျေးဇူးတော်အားဖြင့် ဖြစ်သည်အတိုင်းပင်ဖြစ်ကြပြီး ခရစ်တော်ကို ယုံကြည်ကိုးစားသူအားလုံးနှင့် ညီအစ်ကိုချင်းဖြစ်ကြသည်။

**အထူးအကြောင်းအရာ။ ။ယုံကြည်ခြင်းကို စွန့်ပယ်ခြင်း (*Aphistēmi*)**

ဂရိဝေါဟာရ *aphistēmi* မှာ အဓိပ္ပါယ် ကျယ်ပြန့်သော စကားလုံးတစ်ခုဖြစ်သည်။ အင်္ဂလိပ်ဝေါဟာရ apostasy သည် ဤဝေါဟာရမှ ဆင်းသက်လာပြီး၊ ခေတ်သစ်စာရှုသူများအတွက် ၎င်း၏ သုံးနှုန်းပုံမှာ ထင်ကြေးအမျိုးမျိုးရှိသည်။ ကြိုတင်၍ အဓိပ္ပါယ်သတ်မှတ်ချက်ပေးမှုများအားဖြင့်မဟုတ်ဘဲ၊ ကျမ်းစကားအဆက်အစပ်သဘောကသာလျှင် အဓိပ္ပါယ် နားလည်နိုင်ရန် သော့ချက်ဖြစ်သည်။

၎င်းမှာ ပေါင်းစပ် ဝေါဟာရတစ်ခုဖြစ်ကာ "မှ" (ဝါ) "အဝေး"ဟူ၍ အဓိပ္ပါယ်ရှိသော apo နှင့် "ထိုင်သည်" "ထသည်" သို့မဟုတ် "တပ်ဆင်သည် fix (သတ်မှတ်သည်၊ စွဲမြဲစေသည်)ဟုအဓိပ္ပါယ်ရသော *histēmi* အား ပေါင်းစပ်ခြင်း ဖြစ်သည်။ ဓမ္မသဘောမဟုတ်သော အောက်ပါအသုံးအနှုန်း တို့ကို ကြည့်ပါ။

၁။ ရုပ်ဝတ္ထုအားဖြင့် ဖယ်ရှားခြင်း
- (က) ဗိမာန်တော်မှ၊ လုကာ ၂း၃၇
- (ခ) နေအိမ်မှ၊ မာကု ၁၃း၃၄
- (ဂ) လူတယောက်မှ မာကု ၁၂း၁၂။ ၁၄း၅၀။ တမန်တော် ၅း၃၈
- (ဃ) အရာအားလုံးမှ မဿဲ ၁၉း၂၇၊၂၉

၂။ နိုင်ငံရေးအရဖယ်ရှားခြင်း၊ တမန် ၅း၃၇
၃။ ဆက်စပ်မှုဖယ်ရှားခြင်း၊ တမန် ၅း၃၈။ ၁၅း၃၈။ ၁၉း၉။ ၂၂း၂၉
၄။ တရားဥပဒေအရ ဖယ်ရှားခြင်း (လင်မယားကွာရှင်းခြင်း) တရား ဟော ၂၄း၁၊၃ (LXX) နှင့် ဓမ္မသစ် မဿဲ ၅း၃၁။ ၁၉း၇။ မာကု ၁၀း၄။ ၁ကော ၇း၁၁။
၅။ အကြွေးဖယ်ရှားခြင်း မဿဲ ၁၈း၂၄
၆။ ထွက်ခွါသွားခြင်းအားဖြင့် မသက်ဆိုင်ကြောင်း ပြသခြင်း၊ မဿဲ ၄း၂၀။ ၂၂း၂၇။ ယော ၄း၂၈။ ၁၆း၃၂
၇။ မထွက်သွားဘဲ နေခြင်းဖြင့် သက်ဆိုင်မှုပြသခြင်း ယော ၈း၂၉။ ၁၄း၁၈
၈။ ခွင့်ပြုသည်။ မဿဲ ၁၃း၃၀။ ၁၉း၁၄။ မာကု ၁၄း၆။ လုကာ ၁၃း၈။ ဓမ္မသဘောတရားအားဖြင့် ၎င်း၏ ကြိယာကိုလည်း ကျယ်ပြန့်စွာ သုံးသည်။
- (၁) အပြစ်ရှိခြင်းကို ဖယ်ဖျက်သည်၊ ခွင့်လွှတ်သည်၊ အပြစ်လွှတ်သည်။ ထွက် ၃၂း၃၂ (LXX)။ တောလည် ၁၄း၁၉။ ယောဘ ၄၂း၁၀ နှင့် ဓမ္မသစ်၌ မဿဲ ၆း၁၂၊၁၄–၁၅။ မာကု ၁၁း၂၅–၂၆

(၂) အပြစ်ကို ရှောင်ကြဉ်ခြင်း၊ ၂တိ ၂း၁၉
(၃)ထွက်သွားခြင်းအားဖြင့် လစ်လျူရှုခြင်း

က။ ပညတ်တရားတော်၊ မဿဲ ၂၃း၂၃။ တမန် ၂၁း၂၁

ခ။ ယုံကြည်ခြင်းတရား။ ပေဇ ၂၀း၈ (LXX)။ လုကာ ၈း၁၃။ ၂သက် ၂း၃။ ၁တိ ၄း၁။ ဟေဗြဲ ၂း၁၃

ခေတ်သစ်ယုံကြည်သူများသည် ဓမ္မသစ်ရေးသားသူများ စဉ်းစားခဲ့ဘူးခြင်းရှိလိမ့်မည်မဟုတ်သော ဓမ္မသဘောတရား မေးခွန်းများစွာမေးကြသည်။ ၄င်းတို့အနက်တစ်ခုကပင် ခေတ်သစ်ကာလတွင် ယုံကြည်ခြင်းမှ ဖယ်ခွာ သွားလိုစိတ် ဖြစ်ပေါ်စေလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏ လူများအထဲဝင်ပါက၊ သူတို့၌တစုံတရာ ဖြစ်ပွါးခဲ့သူများ သမ္မာကျမ်းစာထဲရှိသည်။

## က။ **ဓမ္မဟောင်းကျမ်း**

၁။ ထောက်လှမ်းသူတစ်ဆယ့်ယောက်တို့၏ သတင်းပို့ချက်ကြားရသူများ။ တောလည် ၁၄၊ ဟေဗြဲ ၃း၁၆–၁၉။

၂။ ကောရ၊ တောလည် ၁၆

၃။ ဧလိ၏သားများ၊ ၁ဓမ ၂၊၄

၄။ ရှောလုမင်း၊ ၁ဓမ၁၁–၃၁

၅။ ပရောဖက်အတုများ (၏ဥပမာများ)

(က) တရားဟော ၁၃း၁–၅။ ၁၈း၁၉–၂၂ (ပရောဖက်အတုဖြစ်ကြောင်းသိရန် နည်းလမ်းများ)

(ခ) ယေရမိ ၂၈

(ဂ) ယေဇကျေလ ၁၃း၁–၇

၆။ ပရောဖက်မအတုများ

(က) ယေဇကျေလ ၁၃း၁၇

(ခ) နေဟမိ ၆း၁၆

၇။ ဆိုးသွမ်းသောအစ္စရေးခေါင်းဆောင်များ (၏ဥပမာများ)

က။ ယေရမိ ၅း၃၀–၃၁။ ၈း၁–၂။ ၂၃း၁–၄

ခ။ ယေဇကျေလ ၂၂း၂၃–၃၁

ဂ။ မိကာ ၃း၅–၁၂

## ခ။ **ဓမ္မသစ်ကျမ်း**

၁။ ဤဂရိဝေါဟာရမှာ (apostasize) ဖြစ်သည်။ ခရစ်တော် ဒုတိယအကြိမ်ပြန်လည် မကြွလာမီပြင်းထန်သော ဆိုးသွမ်းမှုနှင့် မှားယွင်းသော သွန်သင်မှုများဖြစ်ပေါ်မည်အကြောင်း ဓမ္မသစ်ကျမ်းနှစ်ခုစလုံးကအတည်ပြုသည်။ (မဿဲ ၂၄း၂၄။ မာကု ၁၃း၂၂။ တမန် ၂၀း၂၉၊၃၀။ ၂သက် ၂း၉–၁၂။ ၂တိ ၄း၄) ဤဂရိဟာရသည် မဿဲ ၁၃။ မာကု ၄နှင့် လုကာ ၈ တို့၌ တွေ့ရသော မျိုးစေ့ကြဲခြင်း ဥပမာပါယေရှုပြောသည့် စကားလုံးများကို ထင်ဟပ်ခြင်းဖြစ်နိုင်သည်။ အဆိုပါ မှားယွင်းသော ဆရာသမားတို့မှာ ခရစ်ယာန်မဟုတ်ကြကြောင်းသေချာသော်လည်း (အသင်းတော်) အထဲမှပင် ဖြစ်ကြသည်။ (တမန် ၂၀း၂၉–၃၀။ ၁ယော ၂း၁၉) မည်သို့ဖြစ်စေသူတို့သည် မရင့်ကျက်သော ယုံကြည်သူများကို ဖြားယောင်းဖမ်းစားနိုင်စွမ်းရှိကြသည်။ (ဟေဗြဲ ၃း၁၂)

ဓမ္မသဘောတရားအရ မေးခွန်းမှာ ထိုမှားယွင်းသော ဆရာသမားတို့သည် ယုံကြည်သူများဖြစ်ခဲ့ကြဘူးသလောဟူ ဖြစ်သည်။ ဒေသန္တရ အသင်းတော်များထဲပင် မှားယွင်းသော အတုအယောင်ဆရာသမားများရှိနေသဖြင့် ဤမေးခွန်းမှာ ဖြေဆိုရခက်ခဲသည်။ (၁ယော ၂း၁၈–၁၉)။ မိမိတို့၏ ဓမ္မသဘောတရား နှင့် ဂိုဏ်းဂန အစဉ်အလာ တို့သည် ဤမေခွန်းမေးခဲ့ကြသော်လည်း တိကျသော ကျမ်းအထောက်အထားမပါချေ။ (မိမိ၏ တဖက်စောင်းနင်း အယူဝါဒအား

အတည်ပြုရန် ကျမ်းချက်တချက်အား ၎င်း၏ ကျမ်းစကားအဆက်အစပ်ကို မယူဘဲ၊ ကိုးကားခြင်းပြုကြရုံသာရှိသည်)

၂။ မြင်သာသော ယုံကြည်ခြင်း
(က) ယုဒ၊ ယောဘ၇း၁၂
(ခ) နတ်ဆရာရှိမုန်၊ တမန်တော် ၈
(ဂ) မသဲ ၇း၁၃-၂၃ က ပြောသောသူများ
(ဃ) မသဲ ၁၃။ မာကု ၄။ လုကာ ၈ ထဲကလူမှား
(င) ယောဟန် ၈း၃၁-၅၉က ဂျူးများ။
(စ) ၁တိ ၁း၁၉-၂၀ က ဟုမေနဲနှင့် အာလေကန္ဒြု
(ဆ) ၂တိ ၄း၁၀ ထဲက ဒိမ
(ဇ) ၂တိ ၂း၁၆-၂၂။ ယုဒ ၁၂-၁၉ က ဆရာသမားအတုအယောင်များ
(ဈ) အန္တိခရစ် ၁ယော ၂း၁၈-၁၉

၃။ အသီးမဲ့သော ယုံကြည်ခြင်း
(က) ၁ကော ၃း၁၀-၁၅
(ခ) ၂ပေ ၁း၈-၁၁

ဤ ကိစ္စ ကျွန်တော်တို့စဉ်းခြင်းပြုလေ့မရှိကြချေ။ အကြောင်းမှာ ကျွန်တော်တို့၏ နည်းစနစ်ကျ ဓမ္မသဘောတရား systematic theology သည် ညွှန်ကြားထားသည့် အဖြေများ (ကဲလ်ဗင်အယူဝါဒ၊ အာမေနီ အယူဝါဒ—စသဖြင့်) ကိုသာ အာရုံဆောင်သင်ပေးသောကြောင့်ဖြစ်သည်။ ကျွန်ုပ်အားဤကိစ္စကို တင်ပြလာခြင်းကြောင့် အပြစ်တင်မစောရန် မေတ္တာရပ်ခံပါရစေ။ ကျွန်တော်၏ ဆန္ဒမှာ သင့်လျော်လုံလောက်သော အနက်ဖွင့်ခြင်းလုပ်ထုံးလုပ်နည်းဖြစ်စေလိုမှုဖြစ်သည်။ ကျွန်ုပ်၏ဆန္ဒမှာ သမ္မာကျမ်းစာအား မိမိတို့ကို စကားပြောခွင့်ပြုရန်နှင့် တင်ကူးချမှတ်ထားသော ဓမ္မသဘောတရားတစ်ခုအတွင်း ၎င်းကို ပုံစံသွင်းရန် မကြိုးစားကြရေးအတွက်ဖြစ်သည်။ ၎င်းမှာ အခံရခက်ကာ၊ ထိတ်လန့်ကြသည်။ အဘယ်ကြောင့်ဆိုတော် ကျွန်တော်တို့၏ ဓမ္မသဘောတရား theology သည် ဂိုဏ်းဂန၊ ထုံးတမ်းစဉ်လာ (ဝ)) တော်စပ်မှု၊ ဆက်စပ်မှု (မိဘများ၊ မိတ်ဆွေများ၊ သင်းအုပ်ဆရာ) များ အားဖြင့် သာလျှင်ဖြစ်ကာ သမ္မာကျမ်းနည်းမဟုတ်ချေ။ ဘုရားသခင်၏ လူများအထဲ လူအချို့တို့သည် ဘုရားသခင်၏ လူများအထဲမပါရန်ရှိကြသည်။ (ရောမ ၉း၆)

**၁၁း၂၂ "ဘုရားသခင်၏ သနားကြင်နာခြင်းနှင့် ခက်ထန်မာကျောခြင်း"** ဘုရားသခင်၏ လမ်းများသည် ကျဆင်းခဲ့ပြီးသော လူသားအတွက်ဆန့်ကျင်ဘက်ဖြစ်နေသယောင်ထင်ရလေ့ရှိသည်။ (ဟေရှာ ၅၅း၈-၁၁)။ ကျွန်ုပ်တို့ ပြုသည့် ရွေးချယ်မှုတိုင်း၌ အကျိုးဆက်များရှိသည်။ ဘုရားသခင်၏ ရွေးကောက်ခြင်းသည် လူသား၏ တာဝန်ရှိမှုကို မပယ်ချေ။ အစ္စရေးလူမျိုးအား ရွေးကောက်ခြင်းသည် သူတို့တစ်ဦးချင်းစီအတွက် ကယ်တင်မှုကို အာမခံပေးခြင်း မပြုချေ။

▣ **"သင်သည် သနားတော်မူခြင်း၌ ဆက်နေပါက"** ၎င်းမှာ present subjunetive ပါသော တတိယတန်းစား ချွင်းချက်ပါဝါကျမျိုးဖြစ်သည်။ ဤ သဒ္ဒါဖွဲ့စည်းပုံ၏ အဓိပ္ပါယ်မှာ တပါးအမျိုးသား ယုံကြည်သူများ၏ ဆက်လက်မှုမှာ ချွင်းချက်နှင့်ဖြစ်သည်ဟု ဆိုလိုသည်။ (၎င်းမှာ ရောမ ၉ ရှိ ဘုရားသခင်၏ အချုပ်အချာ အာဏာတော်၏ အခြားတဖက်ဖြစ်သည်) ကျွနုပ်တို့သည် မိမိတို့၏ ယုံကြည်ခြင်း စွဲမြဲရန် ဖွဲ့ရှိကြရပါမည်။ (ဖိ ၂း၁၂-၁၃)။ ၎င်းမှာ တစ်ခုတစ်ပေါင်းတည်းအနေဖြင့်ဖြစ်စေ၊ တစ်ဦးချင်းအနေဖြင့်ဖြစ်စေဖွဲ့ရှိရန်ဖြစ်ကြောင်းရည်ညွှန်းသည်။ (ဂလ ၆း၉။ ဗျာ

၂း၇။ ၁၇။ ၃း၆၊၁၃၊၂၂) ၄င်းမှာ သမ္မာကျမ်းစာထဲကအစုလိုက်နှင့် တစ်ဦးချင်းအလိုက်နှင့်ဆိုင်သော လျှို့ဝှက်ဖုံးကွယ်သည့်အရာနှင့် တင်းမာမှုဖြစ်သည်။ ကတိတော်များ (ဘုရားသခင်၏ အကျင့်စရိုက်တော်/ပေါ်အခြေပြု) နှင့် ပဋိညာဉ်တရာ (လူသား၏ တုံ့ပြန်မှုပေါ်ခြေပြု) များလည်း ရှိသည်။ အထူးအကြောင်းအရာ။ ။ စွဲမြဲရန်လိုအပ်ကြောင်း ၈း၂၅ ကြည့်ပါ။

**၁၁း၂၃** ၄င်းသည် အငယ် ၂၂၏ သဒ္ဒါသဘောနှင့် ဓမ္မသဘောတရားပုံစံကို လိုက်သည်။ ဂျူးလူမျိုးတို့နောင်တရကာ၊ ယုံကြည်ကြမည်ဆိုလျှင် ပါဝင်သွားကြမည်ဖြစ်သည်။ တပါးအမျိုးသားတို့ ဆက်လက်ပြီး၊ မယုံကြည်ကြပါက ငြင်းပယ်ခံကြပေမည်။ (အငယ်၂၀)။ ခရစ်တော်အား အစပြုယုံကြည်ခြင်းနှင့်သူ့အား ဆက်ကပ်ယုံကြည်ခြင်း နှစ်ခုစလုံးအရေးကြီးသည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၁း၂၅–၃၂**

**[၂၅]ညီ၏အစ်ကိုတို့ သင်တို့သည် ကိုယ်ကိုကိုယ်အဟုတ်ကြီးမထင်မိကြပါမည်အကြောင်း၊ တပါး အမျိုးသားတို့ စုံလင်သွားသည်အထိ၊ အစ္စရေးတို့အပေါ် တစ်စိတ်တစ်ပိုင်းမာကျောမှုဖြစ်ပေါ်ခြင်းတည်းဟူသော ဤလျှို့ဝှက် ဖုံးကွယ်ချက်အကြောင်းမသိဘဲ နေခြင်းငါငါအလိုမရှိချေ။ [၂၆]ထို့ပြင်အစ္စရေးအားလုံး ကယ်တင်ခြင်း ရရှိကြလိမ့်မည်။ သမ္မာကျမ်းစာ၌ ရေးသားသည်မှာ "ကယ်လွတ်သူသည်ဇိအုန်မှရောက်ရှိလာလိမ့်မည်။ သူသည် ယာကုပ်၏ ဘုရားတရား မရှိသေမှုကို ဖယ်ရှားလိမ့်မည်။ [၂၇]သူတို့အပြစ်များကို ငါယူသွားသောအခါ ငါ၏ ပဋိညာဉ်တရားမှာ ဤအရာပင်ဖြစ်သည်။ [၂၈]သတင်းကောင်းဧဝံဂေလိတရားမှ ကြည့်လျှင် သင်တို့ အကျိုးအလို့ငှါ၊ သူတို့သည် ရန်သူများ ဖြစ်ကြ၏။ သို့သော် ဘုရားသခင်၏ ရွေးချယ်မှုမှကြည့်လျှင် ဘိုးဘွားတို့ကြောင့် သူတို့မှာ ချစ်တော်မူသူများဖြစ်ကြ၏။ [၂၉]အကြောင်းမှာ ဘုရားသခင်၏ လက်ဆောင်များနှင့် ခေါ်ဖိတ်ခြင်းကို ပြန်လည် ရုပ်သိမ်းခြင်းမပြုချေ။ [၃၀]အကြောင်းမှာ သင်တို့သည် ယခင်က နားမထောင်သူများဖြစ်ခဲ့ကြသော်လည်း၊ သူတို့၏ နားမထောင်ခြင်းကြောင့် ယခုအခါ ဂရုဏာတော်ပြသခံကြရ၏။ [၃၁]ထိုနည်းတူ သူတို့သည်လည်း ယခု နားမထောင်ကြခြင်းမှာ သင်တို့အားပြသသော ဂရုဏာတော်ကြောင့်၊ သူတို့သည်လည်း ဂရုဏာတော်ပြသခြင်း ခံကြရမည်အကြောင်းဖြစ်၏။ [၃၂]အကြောင်းမူကား ဘုရားသခင်သည် အားလုံးသော သူတို့ကို ဂရုဏာတော်ပြနိုင်ရန်၊ အားလုံးသော သူတို့ကို နားမထောင်ခြင်း၌ ချုပ်ထားတော်မူ၏။**

**၁၁း၂၅ "သင်တို့… မသိဘဲနေခြင်း၌ငါအလိုမရှိ"** ၄င်းမှာ ပေါလုသုံးသော စကားလုံးတွဲ အသုံးအနှုန်းများ (idiom) ၏ ထူးခြားမှုဖြစ်သည်။ (၁း၁၃။ ၁ကော ၁၀း၁။ ၁၂း၁။ ၂ကော ၁း၈။ ၁သက် ၄း၁၃)။ ငင်းသည် အရေးကြီးသောအကြောင်းအရာများဆွေးနွေးမှုအစပျိုးပေးလေ့ရှိသည်။ ၄င်းမှာ ယေရှုသုံးနေကျအစပြုစကား "ငါအမှန်အကန်ဆိုသည်ကား" (Amen, Amen) နှင့် ဆင်တူသည်။ အကြောင်းအရာသစ်တစ်ခုအားအချက်ပြရန် ပေါလုအသုံးပြုလေ့ရှိသည်။

**NASB, NRJV**
**NRSV "လျှို့ဝှက်ဖုံးကွယ်ချက်"**
**TEV "လျှို့ဝှက်သော သမ္မာတရားတစ်ခု"**
**NJB "ဤအကြောင်းများအားလုံးကြောင့် ဖုံးကွယ်ရသော အကြောင်းရင်းတစ်ခု။**

## အထူးအကြောင်းအရာ။ ။ လျှို့ဝှက်ဖုံးကွယ်သောအရာ

ကျဆင်းခြင်း (ကမ္ဘာ ၃) မတိုင်မီကပင် လူသားအား ရွေးနှုတ်ရန် တစုတပေါင်းတည်းသော ရည်ရွယ်ချက်တစ်ခု ဘုရားသခင်၌ ရှိသည်။ ဤအစီအစဉ်၏ အရိပ်အမြွက်ဖော်ပြမှုများကို ဓမ္မဟောင်းကျမ်း၌ ဖွင့်ပြထားသည်။ (ကမ္ဘာ ၃း၁၅။ ၁၂း၃။ ထွက် ၁၉း၅–၆ နှင့် ပရောဖက်ကျမ်းများ၌) သို့သော် ၄င်း၏ အစီအစဉ်၏အပြည့်အစုံမှာ ရှင်းကင်းခြင်းမရှိချေ။ (၁ကော ၂း၆–၈)။ ယေရှုနှင့် ဝိညာဉ်တော်ကြွလာခြင်းသည် ၄င်းကို ပိုမို ပေါ်လွင်စေသည်။

ရွေးနှုတ်ခြင်း၏ ဤအစီအစဉ်အပြည့်အစုံကို ဖော်ပြရန် ပေါလုသည် "နက်နဲသောအရာ" (လျှို့ဝှက်ဖုံးကွယ်သောအရာ) စကားလုံးသုံးလေ့ရှိသည်။ (၁ကော ၄း၁။ ဧဖက် ၆း၁၉။ ကော ၄း၃။ ၁တိ ၁း၉)။ သို့သော် သူသည် ဤဝေါဟာရကို အဓိပါယ်အမျိုးမျိုးဖြင့် သုံးသည်။

၁။ တပါးအမျိုးသားများ ပါဝင်နိုင်ရန် အစ္စရေးအား တစ်စိတ်တစ်ပိုင်မာကျောစေခြင်း။ တပါးအမျိုးသားများ အစုလိုက်အပြုလိုက်ဝင်လာခြင်းသည် ယေရှုအား အနာဂတ္တိဟောကြားချက်၏ ခရစ်တော်ဖြစ်ကြောင်း ဂျူးများလက်ခံလာစေရန် ယန္တရား တစ်ခုပမာအလုပ်လုပ်လိမ့်မည်။ (ရောမ ၁၁း၂၅-၃၂)

၂။ ခရစ်တော်အထဲနှင့် ခရစ်တော်အားဖြင့် အားလုံးပါဝင်ကြကုန်သော တပါးအမျိုးသားများအား သတင်းကောင်း ဧဝံဂေလိတရားကို ကြားသိစေသည်။ (ရောမ ၁၆း၂၅-၂၇။ ကော ၂း၂)

၃။ ခရစ်တော်ဒုတိယအကြိမ်ပြန်လည်ကြွလာချိန်ယုံကြည်သူများ၏ ကိုယ်ခန္ဓာသစ်များ (၁ကော ၁၅း၅-၅၇။ ၁သက် ၄း၁၃-၁၈)

၄။ အရာအားလုံးခရစ်တော်အထဲပေါင်းစည်းလိုက်ခြင်း (ဧဖက် ၁း၈-၁၁)

၅။ တပါးအမျိုးများနှင့် ဂျူးများ အမွေတော်ခံဖော်ခံဘက်များဖြစ်ခြင်း။ (ဧဖက် ၂း၁၁-၃။ ၁၃)။

၆။ ခရစ်တော်နှင့် အသင်းတော်၏ ရင်းနှီးသော ဆက်စပ်မှုအား လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာဝေါဟာရများဖြင့် ဖော်ပြခြင်း (ဧဖက် ၅း၂၂-၃၃)

၇။ ပဋိဉာဉ်ခံလူမျိုးအထဲတစ်ပါးအမျိုးများပါဝင်စေကာ၊ ခရစ်တော်နှင့်တူသော ရင့်ကျင့်မှုဖြစ်ပေါ်စေရန် ခရစ်တော်၏ ဝိညာဉ်တော်ကိန်းဝပ်ခြင်း။ ၄င်းမှာ ကျဆင်းသော လူသားအထဲပျက်စီးသွားခဲ့သည့် ဘုရားသခင်၏ သဏ္ဍာန်တော်အား (ကမ္ဘာ ၆း၅၊ ၁၁-၁၃။ ၈း၂၁) ။ လူသားထဲပြန်လည်ရယူခြင်းဖြစ်သည်။ (က ၁း၂၆-၂၇။ ၅း၁။ ၉း၆။ ၈း၂၁။ ကော ၁း၂၆-၂၈)

၈။ ကပ်ကာလအဆုံး အန္တိခရစ် (၂ သက် ၂း၁-၁၁)

၉။ ဤလျှို့ဝှက်နက်နဲမှု၏ အကျဉ်းချုပ်တစ်ခုအား အသင်းတော်၏ ကနဦးကာလတွင် ၁တိ ၃း၁၆ တွေ့ရသည်။

▣ **"ကိုယ်ကိုကိုယ် အဟုတ်ကြီးမထင်မိပါမည်အကြောင်း"** ဤနေရာ လည်းရောမအသင်းတော် (များ) ရှိတင်းမာမှု၏ အခြားအရိပ်အမြွက်တစ်ခုရှိသည်။ (ငယ် ၁၈)။

▣

**NASB "အစ္စရေးတို့ တစ်စိတ်တစ်ပိုင်းမာကျောမှုဖြစ်ပေါ်"**
**NKJV "အစ္စရေးတို့ အစိတ်အပိုင်းအားဖြင့် မာကျောမှုဖြစ်ပေါ်"**
**NRSV "အစ္စရေးအချို့၌ မာကျောမှုရောက်ရှိလာ"**
**TEV "အစ္စရေး လူမျိုးများ၏ ခေါင်းမာခြင်းသည် အမြဲမဟုတ်"**
**NJB "အစ္စရေး အပိုင်းတစ်ပိုင်း မျက်မမြင်ဖြစ်လာ"**

ဤဖော်ပြမှုသည် အခန်းကြီး ၁၁ တစ်ခုလုံးနှင့် ဆက်စပ်နေရပေမည်။ ယုံကြည်သူ ဂျူးအချို့ရှိခဲ့ပြီး၊ ထိုနည်းတူဆက်လက်ရှိနေဦးမည်။ ဤယာယီမျက်မမြင်ခြင်းကို ဘုရားသခင်နှိုးဆွပေးခြင်းဖြစ်သည် (ငယ် ၈-၁၀)။ အဘယ်ကြောင့်ဆိုသော် ဂျူးများသည် ယေရှုကို ငြင်းပယ်ခြင်းကြောင့် ဖြစ်ပြီး၊ ၄င်းသည် လူသားအားလုံး ရွေးနှုတ်ရန် ဘုရားသခင်၏ အစီအစဉ်နှင့် အံဝင်ဂွင်ကျဖြစ်သည်။ ဘုရားသခင်သည် လူသားအားလုံးအတွက် ကယ်တင်ခြင်းကို ကတိပေးသည်။ (ကမာ ၃း၁၅)။ အားလုံးကို ဆက်ဆံရန် သူသည် အာဗြဟံကို ရွေးချယ်ခဲ့သည်။ (ကမ္ဘာဦး ၁၂း၃)။ သူသည် အားလုံးကို ဆက်ဆံရန် အစ္စရေးကို ရွေးချယ်သည်။ (ထွက် ၁၉း၅-၆။ အထူးအကြောင်းအရာ ၈း၂၈ ကြည့်ပါ။) အစရေးသည် မာန်မာန၊သစ္စာမဲ့ခြင်းနှင့် မယုံကြည်မှုများအားဖြင့် မိမိအား ခိုင်းစေမှုကို ပျက်ကွက်သွားခဲ့သည်။ ဘုရားသခင်သည် အစ္စရေးကို ပေးသော မိမိကောင်းချီးမင်္ဂလာမှ အဆင့် တပါးအမျိုးသားကမ္ဘာကို ဆက်ဆံလိုသည်။ (တရားဟော ၂၇-၂၉)။ အစ္စရေးသည် ထိုပဋိဉာဉ်တရားကို မစောင့်ထိန်းနိုင်သဖြင့် ဘုရားသခင်၏ ယာယီ တရားစီရင်မှုခံရသည်။ ယခုအခါ ဘုရားသခင်သည် ဤတရားစီရင်မှုကိုပင် လူသားမျိုးနွယ်အား ယုံကြည်ခြင်းမှတဆင့် ရွေးနှုတ်ရန် မိမိ၏ မူလရည်ရွယ်ချက်ပြည့်စုံစေရေးအတွက် သုံးသည်။ (၃၀-၃၁။ ယေဇ ၃၆း၂၂-၃၈)။

▣ **"တပါးအမျိုးသားတို့ စုံလင်သွားသည်အထိ"** အလားတူဝေါဟာရ (*pleroma*) ကိုပင်အငယ်၁၂၌ ဂျူးများအတွက် သုံးသည်။ ထိုအငယ်နှစ်ခုစလုံးသည် ဘုရားသခင်၏ ကြိုတင်သိရှိမှုနှင့် ရွေးကောက်ခြင်းအကြောင်း ပြောသည်။ "သည်အထိ" ဟူသော စကားသည် ဤတပါးအမျိုးများအတွက် ကန့်သတ်ထားသော အချိန်ကာလကို ပြောသည်။ (လုကာ ၂၁း၂၄)။

**၁၁း၂၆ "အစ္စရေးအားလုံး ကယ်တင်ခြင်းရရှိလိမ့်မည်"** အနက်ပြန်ခြင်းနှစ်မျိုးရှိနိုင်သည်။

၁။ ၄င်းသည် အစ္စရေးကို အမျိုးသားတစ်ရပ်အနေဖြင့် ရည်ညွှန်းသည်။ ဂျူးတစ်ယောက်ချင်းမဟုတ်ဘဲ၊ သမိုင်း၏ ကဏ္ဍတစ်ခုရှိ ဂျူးအမျိုးသားအများစုဖြစ်သည်။

၂။ ၎င်းသည် ဝိညာဉ်ရေးရာ အစရေးဖြစ်သော အသင်းတော်ကို တစ်မျိုးတစ်ဖုံရည်ညွှန်းသည်။

ပေါလုသည် ဤသဘောကို ရောမ ၂း၂၈–၂၉။ ဂလ ၆း၁၆။ ၁ပေ ၂း၅၊၉။ ဗျာဒိတ် ၁း၆ တို့၌ သုံးသည်။ အခန်းငယ် ၁၂ က "ဂျူးဝေစုအပြည့်" နှင့် အခန်းငယ် ၂၅က "တပါးအမျိုးဝေစုအပြည့်" တို့၌ အလားတူ ဆက်စပ်မှု ရှိသည်။ ၎င်းသည်သည် ဘုရားသခင်၏ ရွေးချယ်မှုအမြင်အားဖြင့် "အားလုံး အပြည့်" ဖြစ်ပြီး၊ တစ်ဦးချင်း အမြင်အားဖြင့်မဟုတ်ချေ။ သံလွင်ပင် ကတိတော်သည် တစ်နေ့သောအခါကျလျှင် ပြည့်စုံသွားပေလိမ့်မည်။

အနက်ဖွင့်ဆရာအချို့သည် ဤကျမ်း၏ ရည်ညွှန်းချက်မှာ အစ္စရေး သာလျှင် ဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော်

၁။ အခန်းကြီး ၉–၁၁၏ အကြောင်းအရာ သဘောအရ

၂။ အငယ် ၂၆–၂၇ ၏ဓမ္မဟောင်းကိုးကားချက်များအရ

၃။ အငယ်၂၈ ရှိရှင်းလင်းသော ဖော်ပြချက်အရဖြစ်သည်။ ဘုရားသခင်သည် အာဗြဟံ၏ သဘာဝ အဆက်အနွယ်များအား ချစ်နေဆဲဖြစ်ကာ၊ ကယ်တင်ခြင်းရရှိစေလိုသည်။ သူတို့သည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် လာကြရပေမည်။ (ဇာခရိ ၁၂း၁၀)။

မာကျောသော ဤဂျူးများ တုံ့ပြန်မှုပြုရန် နောက်ဆုံးအခွင့်အရေးရကြဦးမည်သောဆိုသည့် မေးခွန်းကိုမူ ဤကျမ်းချက်ဖြစ်စေ၊ အခြားကျမ်းချက်များအားဖြင့် ဖြစ်စေမရနိုင်ချေ။ ကျွန်တော်တို့ အမေရိကန်များသည် တစ်ဦးချင်းဆိုင်ရာမေးခွန်းများ မေးလေ့မေးထရှိကြသော်လည်း သမ္မာကျမ်းစာက မူတစ်စုတစ်ပေါင်းတည်းပေါ် စူးစိုက်လေ့ရှိသည်။ ဤမေးခွန်းနှင့်အလားတူ မေးခွန်းအားလုံး ဘုရားသခင်အတွက် ချန်ထားရန်သာဖြစ်သည်။ သူသည် မိမိချစ်သော ဖန်ဆင်းခြင်းအပေါ် မှန်ကန်ပေလိမ့်မည်။

▣ **"သမ္မာကျမ်းစာ၌ ရေးသားသည်မှာ"** ၎င်းသည် ဂရိဘာသာပြန် ဓမ္မဟောင်းကျမ်း Septuagint မှ ကိုးကားချက်နှစ်ခုကို ညွှန်းသည်။ ဟေရှာ ၅၉း၂၀–၂၁ (ငယ် ၂၆) နှင့် ၂၇း၉ (ငယ် ၂၇) တို့ဖြစ်သည်။ ကယ်တင်ခြင်း ယန္တရားမှာ မေရှိယအရှင်ဖြစ်သူ ယေရှုအားယုံကြည်ခြင်းဖြစ်သည်။ ၎င်း၌ စီမံချက် A သာ လျှင် ရှိပြီး B ဟူ မရှိချေ။ ကယ်တင်ခြင်းရရန် လမ်းတစ်လမ်းတည်းသာလျှင် ရှိသည်။ (ယော ၁၀း၇–၁၈။ ၁၁း၂၅–၂၉။ ၁၄း၆)။

**၁၁း၂၇** အငယ် ၂၇၌ ကိုးကားသော ဟေရှာ ၂၇း၉သည် အစ္စရေးအား ကတိတောပြည်ပြန်ပေးခြင်းနှင့်အတူ (ငယ် ၁–၁၁) အစဉ်အလာအားဖြင့် ရန်သူဖြစ်သော တစ်ပါးအမျိုးများပါ ဝင်စေမည်အကြောင်း (ငယ် ၁၂၊၁၃) ဖိတ်ခေါ်မှုများနှင့် ပေါင်းစပ်သည်။ ဤပြန်ပေးခြင်းသည် ထိုအတိုင်းပကတိဖြစ်ခဲ့မည်ဆိုလျှင်၊ ဤအနာဂတ္တိစကားသည် အနှစ် တစ်ထောင်ကာလကို ပြည့်စုံစေနိုင်လိမ့်မည်။ ၎င်းသည် ပုံဆောင်ချက်ဖြစ်ခဲ့ပါမူ ပဋိဉာဉ်တရားသစ်၊ သတင်းကောင်း ဧဝံဂေလိတရား၏ လျှို့ဝှက်ချက်ဖြစ်သော၊ ဘုရားသခင်၏ မေရှိယအားယုံကြည်ခြင်းဖြင့် ပေါင်းစည်းထားသော ဂျူးနှင့် တစ်ပါးအမျိုး (အသင်းတော်) သည် ပန်းတိုင်ဖြစ်ပေမည်။ (ဧဖက် ၂း၁၁–၃း၁၃)။ ၎င်းမှာ ဆုံးဖြတ်ရန်ခက်ခဲသည်။ အချို့ဓမ္မဟောင်းအနာဂတ္တိစကားများသည် ပဋိဉာဉ်တရားသစ်ဖြစ်သော အသင်းတော်အတွက် ဖြစ်သည်။ လူသားများ သစ္စာ မဲ့သော်လည်း (ယေဇ ၃၆း၂၂–၃၆) ဘုရားသခင်မှာ မူမိမိကတိတော်များပေါ် သစ္စာရှိမြဲရှိနေသည်။

**၁၁း၂၈** ဤအငယ်သည် ရွေးကောက်ခြင်း၏ မျက်နှာစာနှစ်ဘက်ကို ရည်ညွှန်းသည်။

၁။ ဓမ္မဟောင်းတွင် ရွေးကောက်ခြင်းသည် အမှုဆောင်ရွက်ရန် ဖြစ်သည်။
ဘုရားသခင်သည် လူသားကို ရွေးနုတ်ခြင်းအကြံတော်အတွက် လူသားကိုပင် အသုံးပြုသည်။
၂။ ဓမ္မသစ်ကျမ်းတွင် ရွေးကောက်ခြင်းသည် သတင်းကောင်း ဧဝံဂေလိတရားနှင့် ထာဝရကယ်တင်ခြင်းတို့နှင့် ဆက်စပ်သည်။ ဤကယ်တင်ခြင်း၌ ဘုရားသခင်၏ သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသော လူသားအားလုံးမှာ ပန်းတိုင်းဖြစ်နေကျဖြစ်သည်။ (ကမ္ဘာ ၃း၁၅)

ဘုရားသခင်သည် မိမိ၏ ကတိတော် များပေါ် သစ္စာရှိသည်။ ၎င်းသည် ဓမ္မဟောင်းခေတ် ယုံကြည်သူများနှင့် ဓမ္မသစ်သန့်ရှင်းသူများအတွက် မှန်သောအရာဖြစ်သည်။ သော့ချက်မှာ ဘုရားသခင်၏ သစ္စာရှိမှုဖြစ်ပြီး၊ လူ၏ သစ္စာရှိမှုမဟုတ်ချေ။ ဘုရားသခင်၏ ဂရုဏာတော်ဖြစ်ပြီး၊ လူသား၏ ဆောင်ရွက်မှုမဟုတ်ချေ။ ရွေးကောက်ခြင်း၏ ရည်ရွယ်ချက်သည် ကောင်းချီးမင်္ဂလာဖြစ်ပြီး၊ ဖယ်ထုတ်ခြင်းမဟုတ်ချေ။

▣ **"သူတို့မှာ ဘိုးဘွားတို့ကြောင့် ချစ်တော်မူသူများဖြစ်ကြ၏"** ၎င်းမှာ ထွက် ၂၀း၅–၆နှင့် တရားဟော ၅း၉–၁၀။ ၇း၉ တို့မှ ကတိတော်ဖြစ်သည်။ မိသားစုတို့ ကောင်းချီးခံစားရသည်မှာ ယခင်မျိုးဆက်များ၏ ယုံကြည်မှုကြောင့်ဖြစ်သည်။ အစ္စရေးကောင်းချီးခံစားရသည်မှာ သစ္စာရှိသူအမျိုး၏ ကနဦးခေါင်းဆောင်ကြီးများ (ဘိုးဘွားများ) ကြောင့်ဖြစ်သည်။ (တရားဟော ၄း၃၇။ ၇း၈။ ၁၀း၁၅) မေရှိယသည် ယုဒအမျိုးမှ ဖွားမြင်တော်မူမည်အကြောင်းဒါဝိဒ်ကို ပေးသော ကတိတော်ဖြစ်သည်။ (၂ဓမ ၇)။ သို့သော် "ထိုသစ္စာရှိသူ" များပင်လျှင် ပညတ်တရားတော်ကို ပြည့်စုံစွာ မလိုက်နာ၊ မစောင့်ထိန်းနိုင်ခဲ့ကြဟုဆိုရပေမည်။ (ယေဇ ၃၆း၂၂–၃၆)။ စုံလင်ပြည့်ဝသော ယုံကြည်ခြင်းမဟုတ်ဘဲ ယုံကြည်ခြင်းတည်းဟူသော တစ်ဦးချင်း၏ ယုံကြည်ခြင်း၊ မိသားစု၏ ယုံကြည်ခြင်းသည် ဘုရားသခင်အတွက် လက်သင့်ခံနိုင်ဘွယ်ရာဖြစ်ကာ၊ မိသားစုများမှ တစ်ဆင့်လက်ဆင့်ကမ်းရန် အလားအလာရှိသော ယုံကြည်ခြင်းဖြစ်သည်။ (၁ကော ၇း၈–၁၆)

**၁၁း၂၉**
**NASB, NKJV**
**NRSV "အကြောင်းမှာ ဘုရားသခင်၏ လက်ဆောင်များနှင့် ခေါ်ဖိတ်ခြင်းကို ပြန်လည်ပြင်ဆင်၍ မရချေ။"**
**TEV "အကြောင်းမှာ ဘုရားသခင်သည် မိမိရွေးချယ်သောသူများနှင့် ကောင်းချီးပေးသော သူများကို ပြန်လည်ရုပ်သိမ်းခြင်းမပြုချေ။"**
**NJB "ဘုရားသခင်သည် မိမိ၏ လက်ဆောင်များကို ပြန်ယူခြင်း၊ မိမိ၏ ရွေးချယ်မှုကို ပြန်လည် ရုပ်သိမ်းခြင်း မည်သည့်အခါ မျှ မပြုခဲ့ချေ။"**

၎င်းသည် လူတစ်ဦးချင်းသို့ပေးသော ဝိညာဉ်ဆုကျေးဇူးများကို ရည်ညွှန်းခြင်းမဟုတ်ဘဲ (၁ကော ၁၂) ဓမ္မဟောင်း၊ ဓမ္မသစ်ထဲ ကယ်တင်ခြင်းကတိတော်များကို ရည်ညွှန်းသည်။ ရွေးကောက်ခြင်းမှာ ထိရောက်သည်။ ဘုရားသခင်၏ သစ္စာတော်မှာ အစ္စရေးအမျိုးသားများနှင့် (မာလ ၃း၆) နှင့် ဝိညာဉ်ရေး အစ္စရေးများ၏ မြော်လင့်ခြင်းဖြစ်၏။

**၁၁း၃၀–၃၂** ဤအခန်းငယ်များမှာ ဘုရားသခင်၏ စီမံချက်များနှင့် ရည်ရွယ်ချက်များအကျဉ်းချုပ်ဖြစ်သည်။

၁။ ၎င်းတို့မှာ ငါတကောကော စိတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ၊ ကရုဏာတော်ကို အခြေပြုလေ့ရှိသည်။ ပိုမိုကျယ်ပြန့်သော ကျမ်းစကားအဆက်အစပ်များ ကြည့်ပါက "ကရုဏာတော်" ဟူသော စကားလုံး လေးခါသုံးသည်။ (၉း၁၅၊ ၁၆၊၁၈၊၂၃)။
၂။ ဘုရားသခင်သည် လူသားအားလုံးတရားစီရင်သည်။ ဂျူးများနှင့် တပါးအမျိုးများအားလုံးအပြစ်နှင့် ပြည့်သည်။ (၃း၉၊ ၁၉၊၂၃။ ၅း၁၁)။
၃။ ဘုရားသခင်သည် လူသားအားလုံးသို့ ဂရုဏာတော်ပြသရန် အခွင့်အရေးအဖြစ် လူသားအားလုံး၏ လိုအပ်မှုနှင့် မတတ်စွမ်းနိုင်မှုကို သုံးသည်။ (ငယ် ၂၂) ထို့ပြင် "အားလုံး" အားအငယ်၁၂နှင့် ၂၅–၂၆တို့၌ လည်း တွေ့ရသည်။ လူတစ်ဦးချင်းသည် ဘုရားသခင်၏ ပေးစမ်းမှုကို တုံ့ပြန်လိမ့်မည်မဟုတ်သော်လည်း ရွေးနုတ်ခြင်းမြင်ကွင်း၌ မှုသူတို့အားလုံးအကျုံးဝင်ကြသည်။ (၅း၁၂–၂၁။ ယော ၃း၁၆)။ အို၊ ဘုရားရှင် ထိုအတိုင်းပင်ဖြစ်နေပါစေ။

**၁၁:၃၀ နှင့် ၃၁ "ယခု"** ၎င်းသည် ယေရှုအားယုံကြည်ခြင်းအားဖြင့် အစ္စရေးအမျိုးသားများ၏ ဝိညာဉ်ရေး ပြောင်းလဲမှုအား ခိုင်မာစွာ ဆိုလိုသည်။ (ဇာ ၁၂:၁၀)။ တပါးအမျိုးသားတို့၏ "မယုံကြည်မှု" ကို ဘုရားသခင်၏ ဂရုဏာတော်အနိုင်ယူသွားခဲ့သည်နည်းတူ ဂျူးလူမျိုးတို့၏ "မယုံကြည်မှု" ကို လည်း အနိုင်ယူသွားပေမည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း ။ ။ ၁၁:၃၃-၃၈**
**[၃၃]အို၊ ဘုရားသခင်၏ ဉာဏ်တော်နှင့် ပညာတော်နက်နဲကြွယ်ဝလှပါဘိခြင်း၊ စီရင်တော်မူခြင်းနှင့် လမ်းတော်တို့ကို**
**မတိုင်းတာနိုင်။ [၃၄]အကြောင်းမူကား ထာဝရအရှင် ဘုရားသခင်၏ စိတ်တော်ကို မည်သူသိရှိကာ၊ တိုင်ပင်ဘော်၊**
**တိုင်ပင်ဘက်ဖြစ်ခဲ့သနည်း။ [၃၅]သို့မဟုတ် ပြန်ပေးဆပ်တော်မူရမည်အကြောင်းမည်သူသည် ကိုယ်တော်အား ဦးစွာ**
**ပေးခဲ့သနည်း။ [၃၆]အကြောင်း မူကား အရာခပ်သိမ်းသည် ကိုယ်တော်ထံမှ၊ ကိုယ်တော်မှ တဆင့်နှင့်**
**ကိုယ်တော်အတွက်ဖြစ်၏။ ကမ္ဘာ အဆက်ဆက်ဘုန်းကြီးတော်မူစေတည်း။ အာမင်။**

**၁၁:၃၃-၃၆** ၎င်းမှာ ပေါလု၏ အံ့ချီးဘွယ်ရာလက်တန်းရေးသော ဘုန်းတော်ဘွဲ့တစ်ခုဖြစ်သည်။ ဘုရားသခင်၏ ပဋိညာဉ်တရား ဆိုင်ရာ သစ္စာရှိမှု၊ ပဋိညဉ်တရားဆိုင်ရာ ပါဝင်စေမှုနှင့် ပဋိညဉ်တရားဆိုင်ရာ ပြည့်စုံခြင်းအား အံ့သြမှုသည် ပေါလု၏ စိတ်ကို လွှမ်းမိုးပြည့်လျှံသွားစေသည်။

**၁၁:၃၃ "ကြွယ်ဝတော်မူခြင်းများ"** ၎င်းမှာ ပေါလု နှစ်သက်လှသော အသုံးအနှုန်းတစ်ခုဖြစ်သည်။ (၂:၄။ ၉:၂၃။ ၁၀:၁၂။ ၁၁:၁၂၊၃၃။ ဧဖက် ၁:၇၊၈။ ၂:၇။ ၃:၈၊၁၆။ ဖိ၄:၁၉။ ကော ၁:၂၇။) သတင်းကောင်းဧဝံဂေလိတရား၏ အဓိကအချက်နှင့် လူသား၏ မြော်လင့်ခြင်းမှာ ဂရုဏာတော်နှင့် ပြည့်ဝသော ဘုရားသခင်၏ စရိုက်တော်နှင့် စီမံချက်ဖြစ်သည်။ (ဟေရှာ ၅၅:၁-၇)။

▣ **"စီရင်တော်မူခြင်းနှင့် လမ်းတော်တို့ကို မတိုင်းတာနိုင်"** ၎င်းမှာ အခန်းကြီး ၉-၁၁ များထဲရှိ ဆန့်ကျင်ဘက်ဖြစ်နေသည် သမ္မာတရားများနှင့် လျော်ညီလှသော ဘုန်းတော်ဘွဲ့ဖြစ်သည်။ (ဟေရှာ ၅၅:၈-၁၁)။

**၁၁:၃၄** ၎င်းမှာ LXX ၏ ဟေရှာ ၄၀:၁၃-၁၄ အားကိုးကားခြင်းဖြစ်သည်။ ထိုကျမ်းပိုဒ်၌ ဘုရားသခင်သည် မိမိ၏ လူမျိုးအား ပြည်နှင်ဒဏ်ခံရာမှ ပြန်လည်ပို့ဆောင်ကာ၊ ကယ်တင်သည်။ ၁ကော ၂:၁၆၌ ပေါလုသည် ဤကျမ်းပိုဒ်ကိုပင် ကိုးကားသော်လည်း ဘွဲ့နာမတော် "Lord" ကို မှုယေရှုအဖြစ် သုံးလိုက်သည်။

**၁၁:၃၅** ၎င်းမှာ ယောဘ ၃၅:၇ (ဝါ) ၄၁:၁၁အား သဘောလောက် ကိုးကားခြင်းဖြစ်သည်။

**၁၁:၃၆ "အကြောင်းမူကား အရာခပ်သိမ်းသည် ကိုယ်တော်ထံမှ၊ ကိုယ်တော်မှအဆင့်နှင့် ကိုယ်တော်အတွက် ဖြစ်၏။"** ဤစကားစုသည် ဤကျမ်းပိုဒ်၌ ခမည်းတော်ဘုရားကို ရည်ညွှန်းသော်လည်း (၁ကော ၁၁:၁၂) သားတော်ဘုရားအား ရည်ညွှန်းသည့် အခြားဓမ္မသစ်ကျမ်း ချက်များနှင့် လွန်စွာ ဆင်တူသည်။ (၁ကော ၈:၆။ ကော ၁:၁၆။ ဟေဗြဲ ၂:၁၀)။ အရာခပ်သိမ်းဘုရားသခင်ထံမှ စတင်ဖြစ်ပေါ်ကာ၊ ဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိသွားကြောင်း ပေါလုအတည်ပြုသည်။

▣ **"ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း"** ၎င်းမှာ ဘုရားကို ကောင်းချီးပေး ချီးမွမ်းခြင်း ဓမ္မသစ်ပုံစံဖြစ်သည်။ ၎င်းက ရည်ညွှန်းသည်မှာ

၁။ တစ်ခါတစ်လေ ခမည်းတော်ကို (၁၆:၂၇။ ဧဖက် ၃:၂၁။ ဖိ ၄:၂၀။ ၁ပေ ၄:၁၁။ ၅:၁၁။ ယုဒ ၂၅။ ဗျာ ၅:၁၃။ ၇:၁၂)။

၂။ တစ်ခါတစ်လေ သားတော်ကို (၁တိ ၁း၁၇။ ၂တိ ၄း၁၈။ ၂ပေ ၃း၁၈။ ဗျာ ၁း၁၆)။ ၃း၂၃၏ မှတ်ချက် ကြည့်ပါ။

▣ **"အာမင်"** အထူးအကြောင်းအရာ ၁း၂၅ ကြည့်ပါ။

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နိုးဆွပေးရန်သာ ဖြစ်သည်။

၁။ အစ္စရေးသည် ဘုရားသခင်၏ ကယ်တင်ခြင်းလမ်းကို မည်သို့လွဲသွားခဲ့သနည်း

၂။ ဘုရားသခင်သည် အစ္စရေးကို မငြင်းပယ်ခဲ့ကြောင်းသက်သေထူရန် မည်သည့် အကြောင်းရင်း နှစ်ခုပေါ်လုပေးထားသနည်း

၃။ ဘုရားသခင်သည် ဂျူးလူမျိုးတို့၏ စိတ်နှလုံးကို အဘယ်ကြောင့် မာကျောစေခဲ့သနည်း? အဘယ်ကြောင့်နည်း?

၄။ ဂျူးလူမျိုး "အကြွင်းအကျန်" ဆိုသည့် သဘောသည် ဘာကို ဆိုလိုသနည်း (ငယ် ၂-၅)

၅။ ဓမ္မသစ်ကျမ်းထဲက "လျှို့ဝှက်နက်နဲသောအရာ" ဆိုသည့် ဝေါဟာရကို အဓိပါယ်သတ်မှတ်ပါ။

၆။ ရောမ ၁၁း ၂၆ သည် ဘာကို ဆိုလိုသနည်း အဘယ်ကြောင့်နည်း။ ၎င်းသည် ၉း၆နှင့် မည်သို့ ဆက်စပ်သနည်း

၇။ တပါးအမျိုးယုံကြည်သူများကို ပေါလုမည်သို့သတိပေးသနည်း (ငယ် ၁၇-၂၄)။

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| UBS[4] | NKJV | NRSV | TEV | NJB |
| ခရစ်တော်ထဲ | ဘုရားအတွက်အသက် | ဆက်ကပ်သောအသက် | ဘုရားအမှုတော်၌ဝိညာဉ်ရေးဝတ်ပြု | |
| အသက်သစ် | ရှင်သော ယဇ် | ၁၂း၁–၂ | အသက်ရှင်ခြင်း | ကိုးကွယ်ခြင်း |
| ၁၂း၁–၂ | ၁၂း၁–၈ | | ၁၂း၁–၂ | ၁၂–၁–၂ |
| ၁၂း၃–၈ | | ၁၂း၃–၈ | ၁၂း၃–၈ | ၁၂း၃–၁၃ |
| ခရစ်ယာန် | ခရစ်ယာန်အဖြစ်ပြု | တိုက်တွန်းနှိုးဆော် | | |
| သက်တာအ | မှုကျင့်ကြံခြင်း | ခြင်းများ | | လူတိုင်းနှင့်ရန်သူများ |
| သက်ရှင်ခြင်း | ၁၂း၉–၂၁ | ၁၂း၉–၁၃ | ၁၂း၉–၁၃ | လူတိုင်းနှင့်ရန်သူများ |
| ၁၂း၉–၂၁ | | | | ပေါ်ချစ်ခြင်းမေတ္တာ |
| | | ၁၂း၁၄–၂၁ | ၁၂း၁၄–၁၆ | ၁၂း၁၂–၂၁ |
| | | | ၁၂း၁၇–၂၁ | |

**ပတ်လည်ဖတ်ရှုခြင်း အကြော့သုံး (စာ xi ကြည့်ပါ)**
***မူရင်းစာရေးသူ၏ စာပိုဒ်လိုက်ရည်ရွယ်ချက်အားနားလည်ခြင်း***

ဤစာအုပ်မှာ အနက်ဖွင့်လမ်းညွှန်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာကို မိမိဟာ မိမိအနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရသည့် အလင်းထဲ လျှောက်လှမ်းသွားကြရန်ဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ သင်ကိုယ်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းကို အနက်ဖွင့်ကျမ်းရေးသူများပေါ် သာ ပုံချရန်မဟုတ်ချေ။

အခန်းကြီးတစ်ခန်းအား တစ်တိုင်တည်းဖြင့်ဖတ်ပါ။ အဓိကဦးတည်ချက်များကို သတ်မှတ်ဖော်ပြပါ။ အကြောင်းအရာအလိုက် သင်၏ စာပိုဒ်ခွဲမှုကို အထက်ပါဘာသာပြန်ကျမ်း ငါးမျိုးနှင့် နိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း၊ အနက်ပြန်ခြင်း၏ အသဲနှလုံးဖြစ်သော မူရင်းစာရေးသူ၏ ကြံရွယ်ချက် နားလည်နိုင်ရန်သော့ချက်ဖြစ်သည်။ စာပိုဒ်တိုင်းအကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်
၂။ ဒုတိယစာပိုဒ်
၃။ တတိယစာပိုဒ်
၄။ … စသဖြင့်

## အငယ် ၁–၈ အား စာအဆက်အစပ်ဖြင့် နားလည်ရခြင်း

က။ ၎င်းသည် ရောမသြဝါဒ (၁၂း၁–၁၅း၁၃) အပိုင်းအားလက်တွေ့ကျင့်သုံးခြင်းကဏ္ဍ၏ အစဖြစ်သည်။ ပေါလုရေးသောစာများမှာ အဖြစ်အပျက်၏ မှတ်တမ်းလည်းဖြစ်သဖြင့် ၎င်းတို့၌ သြဝါဒပိုင်းနှင့် လက်တွေ့ကျင့်သုံးခြင်းနှစ်မျိုးစလုံးပါရှိသည်။ ပေါလုသည် ဒေသန္တရပြသနာ (ဝါ) အခက်အခဲတစ်ခုကြောင့် စာရေးခဲ့သည်။ ရောမ ၁–၈သည် အံ့သြဘွယ်ရာ သြဝါဒကျဉ်းချုပ်ဖြစ်သည်နည်းတူ၎င်း၏ ကိုယ်ကျင့်တရားပိုင်းနှင့် လက်တွေ့ ကျင့်သုံးမှု အပိုင်းသည်လည်း အလားတူတန်ခိုးကြီးမားသည်။

ခ။ အသက်ရှင်ခြင်းပုံစံအတွက် လက်တွေ့မပါသော ဓမ္မသဘောတရားသည် ဘုရားသခင်နှင့် မဆိုင်ချေ။ (မဿဲ၇း၂၄–၂၇။ယောဟန်၁၃း၁၇။ ရောမ ၂း၁၃။ ယာကုပ် ၁း၂၂၊၂၅။၂း၁၄–၂၆)။ ပေါလုသည် ယေရှုအား ယုံကြည်ခြင်းမှ တဆင့် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အခမဲ့ကယ်တင်ခြင်းကို ရှင်းလင်းစွာ သွန်သင်သည်မှန်သော်လည်း၊ ဤအခမဲ့လက်ဆောင်သည် ကျွန်တော်တို့၏ ဘဝများကို အပြတ်ပြောင်းလဲပစ်ရန်ဖြစ်သည် ကယ်တင်ခြင်းမှာ အခမဲ့ဖြစ်သော်လည်း ၎င်းကို ခရစ်တော်နှင့် အပြတ်တူညီခြင်းသည် လိုက်ပါလာရပါမည် သန့်ရှင်းစင်ကြယ်ခြင်းကို ဖြောင့်မတ်ခြင်းမှ ကျွန်ုပ်တို့ မခွဲထုတ်ရပါ။

ဂ။ အငယ် ၁–၂ သည် ကျင့်သုံးခြင်း ကဏ္ဍတစ်ခုလုံး၏ အဖွင့်မိတ်ဆက်ဖြစ်သည်။ ၎င်းမှာ ဝိညာဉ်တော် ဦးဆောင်သော ဘဝအသက်တာအတွက် အခြေခံဖြစ်သည်။ (အခန်းကြီး ၈)

ဃ။ အငယ် ၃–၈ ဝိညာဉ်တော်ဆုကျေးဇူး ရရှိခြင်းအကြောင်း ဆွေးနွေးသည်။ ခရစ်တော်အတွက် အကြွင်းမဲ့ဆက်ကပ်အပ်နှံခြင်းသည် ဘုရားသခင်အတွက် (တရား ၆း၄–၅။ မဿဲ ၂၂း၃၇) နှင့် အခြားသူများအတွက် ဆောင်ရွက်ခြင်း ဖြစ်စေရပါမည်။ (ဝတ်ပြု ၁၀း၉–၁၈။ မဿဲ ၁၀း၉–၁၉)။ ဤဆုကျေးဇူးများသည် ခရစ်တော်အထဲ ကျွန်တော်တို့၏ စည်းလုံးခြင်းနှင့် လုပ်ဆောင်မှု အမျိုးမျိုးရရှိရခြင်းအကြောင်း အလေးအနက် ပြောကြားသည် (ဧဖက် ၄း၁–၁၀)။ ယုံကြည်သူများသည် စည်းလုံးညီညွတ်ရေးအတွက် အားထုတ်ကြရမှာ ဖြစ်သော်လည်း ဆင်တူခြင်းကိုမူ မဆိုလိုချေ။ ဘုရားသခင်သည် ကျွန်တော်တို့ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် အစေခံနိုင်ရန် ပြင်ဆင်ပေးထားသည် (၁ ကော ၁၂း၇၊ ၁၁။ ဧဖက် ၄း၁၁–၁၃)။

## စကားလုံးနှင့် စကားစု လေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း**

**[1]သို့ဖြစ်၍ ညီအစ်ကိုတို့ သင်တို့၏ ကိုယ်ခန္ဓာအား ဘုရားသခင် လက်ခံနိုင်ဖွယ်ရာ၊ အသက်ရှင်၍ သန့်ရှင်းသော ယဇ်ကောင်အဖြစ် ပေးလှူပူဇော်ကြပါမည်အကြောင်း ဘုရားသခင်၏ ဂရုဏာတော်ကို ထောက်၍ သင်တို့ကို ငါတိုက်တွန်းနိုးဆော်၏။ ၎င်းမှာ သင်တို့၏ ဝိညာဉ်ရေးရာ ဝတ်ပြုကိုးကွယ်ခြင်း အလုပ်ဖြစ်၏။ [2] ဤလောက၏ ပုံသဏ္ဌာန်မလက်ဘဲ ကောင်းမွန်၍ လက်သင့်ခံနိုင်ဖွယ်နှင့် ပြည့်ဝသော ဘုရားခသင်၏ အလိုတော်ကို သိနိုင်မည်အကြောင်း သင်တို့၏ စိတ်ကို ပြန်လည်ဆန်းသစ်စေခြင်းဖြင့် ပုံသဏ္ဌာန်ပြောင်းလဲကြလော့။**

▣ **"သို့ဖြစ်၍"** ပေါလုသည် ရောမသြဝါဒစာစောင်၌ သတင်းကောင်း ဧဝံဂေလိတရား၏ သမ္မာတရားများကို တင်ပြရာ၌ အရေးကြီးသော အလှည့်အပြောင်းများတွင် ဤဝေါဟာရကို သုံးသည်။

၁။ ၅း၁ ၌ ၎င်းသည် "ယုံကြည်ခြင်းအားဖြင့်" ကို အကျဉ်းချုံးသည်။

၂။ ၈း၁ ၌ ၎င်းသည် ယုံကြည်သူအပြစ်တရားနှင့် မည်သို့ ဆက်စပ်ပုံကို အကျဉ်းချုံးသည်။ ၎င်းကို သန့်ရှင်းစင်ကြယ်စေခြင်းဟု ခေါ်သည်။

၃။ ၁၂း၁ ယုံကြည်သူ၏ နေ့စဉ်အသက်တာ၌ ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းစင်ကြယ်ခြင်းတို့အား လက်တွေ့လုပ်ဆောင်မှုကို ပြောသည်။

**၁၂း၁**

**NASB** **"ငါတိုက်တွန်းသည်"**
**NKJV** **"ငါတောင်းပန်တိုးလျှိုးသည်"**
**NRSV, TEV** **"ငါမေတ္တာရပ်ခံသည်"**
**NJB** **"ငါအသနားခံသည်"**

ဤစကားစုသည် နူးညံ့သိမ်မွေ့ ခိုင်မာသည်။ ၎င်းမှာ လျှောက်ပတ်စွာ အသက်ရှင်ရန် ခေါ်ဖိတ်ခြင်းဖြစ်သည်။ ဤဝေါဟာရကို ပေါလုမကြာခဏသုံးသည်။ (၁၂း၁။၁၅း၃၀။ ၁၆း၁၇။ ၁ကော ၁း၁၀။ ၄း၁၆။ ၁၆း၁၅။ ၂ ကော ၂း၈။ ၅း၂၀။ ၆း၁။ ၁၀း၁။၁၂း၈။ ဖေက် ၄း၂။ ၁သက် ၄း၁၀။ ၁တိ ၁း၃။ ဖိလေမုန်ငယ် ၉–၁၀)။

▣ **"ညီအစ်ကိုတို့"** ပေါလုသည် ဤဝေါဟာရကို အကြောင်းအရာသစ်တစ်ခုအား အစပြုမိတ်ဆက်ရန်သုံးလေ့ရှိသည်။

▣ **"ဘုရားသခင်၏ ဂရုဏာတော်အားဖြင့်"** LXX ၌ ဤဝေါဟာရသည် YHWH ၏ သနားကြင်နာမှုကို ဖော်ပြသည်။ (ထွက် ၃၄း၆)။ ၎င်းသည် အခန်းကြီး ၁–၁၁ အတွင်း ဓမ္မသဘောတရားတိုးတက်ဖြစ်ပေါ်ခြင်းကို ရည်ညွှန်းသည်။ ရောမသြဝါဒစာ၌ ကျဆင်းသော လူသားအကြောင်းပြောရာတွင် (၉း၁၅၊ ၁၆၊၁၈၊၂၃။ ၁၁း၃၀၊၃၁၊၃၂။၁၂း၈။၁၅း၉) ဘုရားသခင်၏ ဂရုဏာတော် (oikzeiro နှင့် eleeo နှစ်ခုစလုံး)ကို ထင်ရှားစွာ အလေးအနက်ပြုသည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုဏာတော် အခမဲ့ပေးကမ်းသဖြင့်၊ ယုံကြည်သူများသည် ထိုက်တန်မှုအားဖြင့် မဟုတ်ဘဲ (ဖေက် ၂း၈–၉) ကျေးဇူးသိတတ်သောအားဖြင့် ဘုရားတရားနှင့် ညီစွာအသက်ရှင်ကြရမည်ဖြစ်သည်။ (ဖေက် ၁း၄။ ၂း၁၀)။ အသစ်သောဘဝ အသက်တာများသည် (ကော ၃း၉။ ၁၀၊၁၂) အခြားသူများကို ခရစ်တော်အား ယုံကြည်ပြောင်းလဲလာစေရန် ကြံရွယ်မှုဖြစ်သည်။

▣ **"ပေးလှူပူဇော်"** ၎င်းမှာ <u>AORIST INFINITIVE</u> ဖြစ်သည်။ ၎င်းမှာ ဤကျမ်းပိုဒ် သုံးသော ယဇ်ပူဇော်ခြင်းဆိုင်ရာ ဝေါဟာရများအနက်တစ်ခုဖြစ်သည်။ ၎င်းတို့မှာ ယဇ်ပူဇော်သည် ငယ် ၁။ သန့်ရှင်းသည် အငယ် ၁။ လက်ခံနိုင်ဘွယ်ရာ အငယ် ၁။ အလားတူသဘောကို ၆း၁၃၊၁၆၊၁၉တို့ ဖော်ပြသည်။ လူသားများသည် မိမိကိုယ်မိမိဘုရားသခင် (ဝါ) စာတန်ကို ပေးကြလိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် ခမည်းတော်၏ အလိုကို လက်ဝါးကပ်တိုင်တစ်တိုင်ပေါ် အသေခံသည်အထိ ဆောင်ရွက်ရန် မိမိကိုယ်မိမိအတုအနှိုင်းကင်းစွာ ပေးခဲ့သည် နည်းတူ သူ့နောက်လိုက်များသည်လည်း သူ၏ အတကင်းသော အသက်ရှင်ခြင်းပုံစံနှင့်တူအောင်သာ အောင်ကြိုးစားကြရပေမည်။ (၂ကော ၅း၁၄–၁၅။ ဂလ ၂း၂၀။ ၁ယော ၃း၁၆)

▣ **"သင်တို့၏ ကိုယ်ခန္ဓာများ"** ခရစ်ယာန်သည် ကိုယ်ခန္ဓာမှာ ဆိုးသွမ်းသည်ဆိုသော ဂရိတွေးခေါ်ပညာနှင့် များစွာ ကွဲပြားခြားနားသည်။ ၎င်းမှာ အပြစ်သွေးဆောင်ရာ နယ်ပယ်ဖြစ်သော်လည်း ကိုယ်ကျင့်တရားအရကြားနေဖြစ်သည်။

"ကိုယ်ခန္ဓာ" ဟူသော ဝေါဟာရမှာ အငယ်၂က "စိတ်" ဟူသော ဝေါဟာရနှင့် သဘောချင်း အလားတူဖြစ်ဟန်ရှိသည်။ ယုံကြည် သူတို့သည် ယခင် အပြစ်တရားအတွက် ဆက်ကပ်အပ်နှံခဲ့ကြသည် နည်းတူ (ရောမ၆) မိမိတို့၏ တစ်ခုလုံးအား ဘုရားသခင်အတွက် အပ်နှံကြရန်လိုအပ်သည်။ (တရားဟော ၆း၅။ ၁ကော ၆း၂၀)။

▣ **"အသက်ရှင်သော"** ၎င်းသည်ဂျူးများ (ဝါ) သာသနာပလူများ ပေးလှူကြသည့် သေဆုံးသောယဇ်ကောင်များနှင့် အပြတ်ကွဲပြားခြားနားသည်။ (၆း၁၃။ ဂလ ၂း၂၀)

၎င်းသည် ဘာသာရေးရည်ရွယ်ချက်များကြောင့် ကိုယ်ခန္ဓာရှိမထောက်မညာပြုသော ယောဂီဝါဒနှင့်လည်း ကွဲပြားလှပေသည်။ အလိုရှိသည်မှာ ကိုယ်ခန္ဓာကို သီးသန့်ဖယ်ထားခြင်း၊ ညှဉ်းပန်းခြင်းမဟုတ်ဘဲ၊ အမှုဆောင်ရွက်ရန် လက်သင့်ခံနိုင်ဘွယ်ရာအသက်တာနှင့် ခရစ်တော်နည်းတူချစ်ခြင်းမေတ္တာရှိခြင်းဖြစ်သည်။

▣ **"သန့်ရှင်းသော ယဇ်ကောင်"** "သန့်ရှင်းသည် " ဟူသော ဝေါဟာရအဓိပ္ပါယ်မှာ "ဘုရားသခင်၏ အလုပ်အတွက် သီးသန့်ခွဲထားသည်" ဟူ၍ဖြစ်၏။ ဤကျမ်းပိုဒ် ဤဝေါဟာရ၏ ဆိုလိုရင်းမှာ ယုံကြည်သူ၏ ဆက်ကပ်ခြင်းနှင့် ဘုရားသခင်သည် မိမိ၏ ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ရန် သုံး၍ရနိုင်သူဖြစ်နေခြင်းဖြစ်သည်။

**အထူးအကြောင်းအရာ။ ။ သန့်ရှင်း**

**၁။ ဓမ္မဟောင်းကျမ်း**

က။ ဝေါဟာရ kadosh (BDB 872) ၏ဇစ်မြစ်မှာ မသေချာသော်လည်း ခါနန်စကားမှ ဆင်းသက်လာခြင်းဖြစ်နိုင်သည်။ ၎င်း၏ အစိတ်အပိုင်းတစ်ခု (*kd*) ၏ အဓိပါယ်မှာ "ခွဲခြားသည်၊ ပိုင်းခြားသည်" ဟူ၍ ဖြစ်နိုင်သည်။ ၎င်းမှာ လူသိများသော အဓိပ္ပါယ်သတ်မှတ်ချက်တစ်ခုဖြစ်သည့် ဘုရားသခင်အသုံးပြုရန် ခွဲထုတ်ထားခြင်း၏ (ခါနန်ဓလေ့ ထုံးစံမှ၊ တရားဟော ၇း၆။ ၁၄း၂၊ ၂၁။ ၂၆း၁၉) မူရင်းဖြစ်သည်။

ခ။ ၎င်းသည် အရာဝတ္ထုများ၊ နေရာများ၊ အချိန်များနှင့် လူများအတွင်း ဘုရားသခင်ရှိနေခြင်းကို ပြောပြသည်။ ၎င်းကို ကမ္ဘာဦးကျမ်း၌ မသုံးသော်လည်းထွက်မြောက်ရာ၊ ဝတ်ပြုရာနှင့် တောလည်ရာကျမ်းတို့၌ အသုံးများသော စကားလုံး ဖြစ်လာသည်။

ဂ။ အနယဂတ္တိကျမ်းများ (အထူးသဖြင့် ဟေရှာယနှင့် ဟောရှေ) တွင် အစပိုင်း၌ အကောင်အထည် ပုဂ္ဂိုလ်ပါဝင်သော်လည်း၊ အထူးတလည်ပြုခြင်း မပေါ်လွင်ချေ။ ၎င်းသည် ဘုရားသခင်၏ အနှစ်သာရအား ဖော်ပြခြင်းတစ်မျိုးဖြစ်လာသည်။ (ဟေရှာ ၆း၃)။ ဘုရားသခင်သန့်ရှင်းသည်။ သူသန့်ရှင်းကြောင်းအား နာမတော်သည်ကိုယ်စားပြုသည်။ ဘုရားသခင်လိုအပ်သော ဤကမ္ဘာပေါ်ဘုရားသခင်၏ ကြင်အင်လက္ခဏာကို ဖော်ပြရန်ဖြစ်သော သူ၏ လူမျိုးများသည် (ပဋိညဉ်တရားကို ယုံကြည်ခြင်းဖြင့် နာခံကြပါက) သန့်ရှင်းကြသည်။

ဃ။ ဘုရားသခင်၏ ဂရုဏာတော်နှင့် မေတ္တာတော်တို့ကို ဓမ္မသဘောတရားများဖြစ်သော ပဋိညဉ်တရားများ၊ တရားမျှတမှုများနှင့် အသက်တမျှအရေးကြီးသော စရိုက်လက္ခဏာများမှခွဲထုတ်၍မရချေ။ ဤနေရာတွင် သန့်ရှင်းခြင်းမရှိ၊ ကျဆင်း၍ ပုန်ကန်သော လူသားဘက်၌ ဘုရားသခင်အထဲတင်းမာမှုရှိသည်။ ဘုရားသခင်သည် "ဂရုဏာတော်ကြွယ်ဝသူ"နှင့် "သန့်ရှင်းတော်မူသူ" ဖြစ်ခြင်းအကြားဆက်စပ်မှုအကြောင်းအလွန်စိတ်ဝင်စားစရာ ကောင်းသော ဆောင်းပါးတစ်ပုဒ် Robert B. Girdlestone ၏ Synonyms of the Old Testament pp. 112-113၌ ရှိပါသည်။

**၂။ ဓမ္မသစ်ကျမ်း**

က။ ဓမ္မသစ်ကျမ်းရေးသားသူများသည် (လုကာကလွဲလျှင်) ဟေဗြဲလိုတွေးတောသူများဖြစ်သော်လည်း အများသုံး ဂရိစကား Koine Greek (ဂရိဘာသာပြန် ဓမ္မဟောင်းကျမ်း) ၏ လွှမ်းမိုးမှုခံရသူများဖြစ်သည်။ သူတို့သုံးသည့် ဝေါဟာရများကို လွှမ်းမိုးသော စိတ်ကူး၊ အတွေး သို့မဟုတ် ဘာသာရေးအသက်တာမှာ ဂရိအဆင့်အတန်းစာပေမဟုတ်ဘဲ၊ ဂရိဘာသာပြန်ဓမ္မဟောင်းကျမ်း **(LXX)** ဖြစ်သည်။

ခ။ ယေရှုသည် ဘုရားသခင်ဖြစ်ကာ၊ ဘုရားသခင်နှင့် အတူတူပင်ဖြစ်သဖြင့် သန့်ရှင်းသည်။ (လုကာ ၁း၃၅။ ၄း၃၄။ တမန် ၃း၁၄။ ၄း၂၇၊၃၀)။ သူသည် သန့်ရှင်းတော်မူ သူနှင့် ဖြောင့်မတ်တော်မူသူဖြစ်သည်။ (တမန် ၃း၁၄။ ၂၂း၁၄)။ ယေရှုသန့်ရှင်းရခြင်းမှာ အပြစ်ကင်းစင်၍ဖြစ်သည်။ (ယော ၈း၄၆။ ၂ကော ၅း၂၁။ ဟေဗြဲ ၄း၁၅။ ၇း၂၆။ ၁ပေ ၁း၁၉။ ၂း၂၂။ ၁ယော ၃း၅)

ဂ။ ဘုရားသခင်သန့်ရှင်းတော်မူသဖြင့် သူ၏ သားသမီးများလည်း သန့်ရှင်းကြသည်။ (ဝတ်ပြု ၁၁း၄၄–၄၅။ ၁၉း၂။ ၂၀း၇၊၂၆။ မဿဲ၅း၄၈။ ၁ပေ ၁း၁၆)။ ယေရှုသန့်ရှင်းတော်မူသဖြင့် သူ၏ နောက်တော်လိုက်များလည်း သန့်ရှင်းကြရန်ဖြစ်သည်။ (ရောမ ၈း၂၈–၂၉။ ၂ကော ၃း၁၈။ ဂလ ၄း၁၉။ ဧဖက် ၁း၄။ ၁သက် ၃း၁၃။ ၄း၃။ ၁ပေ ၁း၁၅)။ ခရစ်ယာန်များမှာ ခရစ်တော်နှင့်တူခြင်းအားဖြင့် သန့်ရှင်းခြင်း အစေခံရန် ကယ်တင်ခြင်း ရသူများ ဖြစ်ကြသည်။

▣ **"ဘုရားသခင်လက်ခံနိုင်ဘွယ်ရာ"** ၎င်းသည် ဓမ္မဟောင်းကျမ်းကဆီလျော်သော ပူဇော်သက္ကာကို ရည်ညွှန်းသည်။ (၎ယ် ၂)၊ ၎င်းကို လူများအား ရည်ညွှန်းရန်သုံးသည့်အခါ "အပြစ်တင်စရာကင်းသည်"ဟူသော သဘောနှင့် ဆင်တူသည်။ (ကမ္ဘာ ၆း၉။ ၁၇း၁။ တရားတောာ၁၈း၁၃။ ယောဘ၁း၁)

▣

**NASB "သင်တို့၏ ဝိညာဉ်ရေးရာဝတ်ပြုကိုးကွယ်ခြင်းအလုပ်"**

**NKJV "သင်တို့အတွက် သင့်လျော်သောအမှုဆောင်ရွက်ခြင်း"**

**NRSV "သင်တို့၏ ဝိညာဉ်ရေးရာဝတ်ပြုကိုးကွယ်ခြင်း"**

**TEV "သင်တို့ပြုရမည့်စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်း"**

**NJB "စဉ်းစားတတ်သူ သတ္တဝါများအတွက် လုပ်သင့်လုပ်ထိုက်သောအရာတစ်ခု"**

ဤဝေါဟာရ (*logikos*) သည် *logizomai* မှ ဆင်းသက်လာခြင်းဖြစ်ပြီးအဓိပ္ပါယ်မှာ "ဆင်ခြင်စဉ်းစားသည်" ဟူ၍ဖြစ်သည်။ (မာကု ၁၁း၃၁။၁ကော ၁၃း၁၁။ ဖိ ၄း၈)။ ဤကျမ်းပိုဒ်၌ "ကြောင်းကျိုးဆီလျော်သော" "ကျိုးကြောင်းဆင်ခြင်တတ်သော" ဟူ၍ အဓိပ္ပါယ်ရှိနိုင်သည်။ သို့သော် ၁ပေ ၂း၂မှာ နည်းတူ ဝိညာဉ်သဘောဖြင့်လည်းသုံးသည်။ သဘောမှ တိရစ္ဆာန်အသေကောင်များဖြင့် အခန်းအနားလုပ်၍ ပူဇော်ခြင်းများနှင့် ဆန့်ကျင်လျက် မိမိ၏စစ်မှန်သော ဇာတိအား အသိစိတ်အပြည့်အဝဖြင့် ပေလှူခြင်းဖြစ်နိုင်သည်။ ဘုရားသခင်အလိုရှိသည်မှာ နေ့စဉ်ဘဝအသက်တာနှင့် မဆိုင်သော ဒေသဆိုင်ရာလုပ်ထုံးလုပ်နည်းများမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာအားဖြင့် သူ့အား အစေခံသော ကျွန်တော်တို့၏ ဘဝအသက်တာများဖြစ်သည်။

၁၂း၂ **"ပုံသဏ္ဍာန်မလိုက်ဘဲ"** ၎င်းမှာ PRESENT PASSIVE IMPERATIVE (သို့မဟုတ် PERFECT MIDDLE) နှင့် NEGATIVE PARTICLE ပေါင်းစပ်ခြင်းဖြစ်ပြီး ဆက်လက်နေဆဲ အပြုအမူတစ်ခုရပ်တံ့စေသည်ဟု အဓိပ္ပါယ်ရှိသည်။ ၎င်းသည် အငယ် ၂နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ဖိ ၂း၆–၈၌ရှိသော မြင်သာသောပြင်ပပြောင်းလဲခြင်းပုံစံ (*schema*, ၂း၈) နှင့် အတွင်းပိုင်း၌ အနှစ်သာရပြောင်းလဲခြင်း (*morphe*, ၂း၆–၇) တို့၏ ခြားနားမှုနှင့် ဆင်တူသည်။ ယုံကြည်သူတို့သည် ကျဆင်းသော ဤလောက (တော်လှန်ပုန်ကန်သော ခေတ်ဟောင်း) ထဲ၌ ကိုယ်ခန္ဓာအားဖြင့် ၎င်း၏ အစိတ်အပိုင်းတစ်ခုဖြစ်နေဆဲ မှန်သော်လည်း၊ ၎င်းကိုလိုက်၍ပြောင်းလဲမသွားဘဲ၊ ခရစ်တော်နှင့် တူညီခြင်း (ဝိညာဉ်ခေတ်သစ်) ကိုပြတ်သားစွာ လိုက်၍ပြောင်းလဲရန် တိုက်တွန်းနှိုးဆော်သည်။

▣ **"ဤလောက"** ၎င်းမှာ အမှန်အားဖြင့် "ကပ်ကာလ" *ages* စကားလုံးဖြစ်သည်။ ဂျူးလူမျိုးတို့သည် ကပ်ကာလနှစ်မျိုးမြင်ထားကြသည် (မဿဲ ၁၂း၃၂။ မာကု ၁၀း၃၀။ လုကာ ၂၀း၃၄–၃၅)။ လက်ရှိဆိုးဆွမ်းသော ကပ်ကာလ (ဂလ ၁း၄။ ၂ကော ၄း၄။ ဧဖက် ၂း၂) နှင့် လာလတ္တံ့သော ကပ်ကာလ (မဿဲ ၂၈း၂၀။ ဟေဗြဲ ၁း၃။ ၁ယော ၂း၁၅–၁၇)ဖြစ်သည်။ ယုံကြည်သူတို့သည် ဤကပ်ကာလနှစ်ခုတို့ အံ့အားသင့်ဘွယ်ရာ ထပ်နေကာ၊ တင်းမာမှုပြည့်သော အချိန်ကာလတစ်ခုထဲ အသက်ရှင်နေကြသည်။ ခရစ်တော်၏ နှစ်မျိုးသော ကြွလာမှုများကြောင့် ဘုရားသခင်၏ ပေါ်ထွန်းခဲ့ပြီး "နှင့်" မပေါ်ထွန်းရသေးသော နိုင်ငံတော်ဖြစ်သည့် ပစ္စုပ္ပန်နှင့် အနာဂတ်နှစ်မျိုးလုံးအထဲ၌ ယုံကြည်သူများ အသက်ရှင်နေထိုင်ကြသည်။

### အထူးအကြောင်းအရာ။ ။ ဤကပ်ကာလနှင့် ပေါ်ထွန်းလတံ့သော ကပ်ကာလ

ဓမ္မဟောင်းပရောဖက်များသည် အနာဂတ်ကို ပစ္စုပ္ပန်ကာလအား ဆွဲဆန့်လိုက်ခြင်းတစ်မျိုး အဖြစ်မြင်ထားကြသည်။ သူတို့အတွက် အနာဂတ်ဟူသည် အစ္စရေးအား ပထဝီနယ်မြေအားဖြင့် နဂိုမူလအနေ အထားပြန်လည်ရောက်ရှိစေခြင်းဖြစ်သည်။ မည်သို့ဖြစ်စေသူတို့သည် ၎င်းကို နေ့သစ်တစ်နေ့အဖြစ်လည်းမြင်ခဲ့ကြသည်။ (ယေရှာ ၆၅း၁၇။၆၆း၂၂) အာဗြဟံ၏ အဆက်အနွယ်များသည် YHWH ကို (ပြည်နှစ်ဒဏ်ခံပြီးနောက်ပိုင်း၌ပင်လျှင်) တမင်သက်သက်ဆက်တိုက်ငြင်းပယ်ခဲ့ကြခြင်းအတူ၊ ဂျူးလူမျိုးများ၏ အနာဂတ်ကာလဆိုင်ရာစာပေများ၌ (၁ဇနော။ ၄ဇဧရ။ ၂ဗာရုတ်) ပုံစံသစ်တစ်ရပ်ဖြစ်ထွန်းလာသည်။ ဤအရေးအသားများ၌ ကပ်ကာလနှစ်မျိုးစတင်ခွဲခြားလာခဲ့ကြရာ

စာတန်အုပ်စိုးသည့် ဆိုးဆွမ်းသော လက်ရှိကာလနှင့် ဝိညာဉ်တော်အုပ်စိုးသည့် ဖြောင့်မတ်ခြင်းဆိုင်ရာ ပေါ်ထွန်းလတ့်သော ကပ်ကာလဟူ၍ဖြစ်ပြီး ၎င်းကို မေရှိယ (တန်ခိုးကြီးသော စစ်သည်တော်)အားဖြင့် အစပြု လိမ့်မည်ဖြစ်သည်။

ဓမ္မသဘောတရားဆိုင်ရာ ဤကဏ္ဍာန် (အနာဂတ်၌ဖြစ်ပျက်မည့်အရာများ) ပေါ်လွင်ထင်ရှားသော တိုးတက်ဖြစ်ပေါ်မှုတစ်ခုရှိသည်။ ဓမ္မသဘောတရားဆရာများသည် ၎င်းကို "ဆက်လက်ဖြစ်ပေါ်တိုးတက်နေသော ဖွင့်ပြတော်မူခြင်း" ဟုခေါ်ကြသည်။ ဓမ္မသစ်ကျမ်းသည် စကြာဝဠာလုံးဆိုင်ရာ ဤကပ်ကာလနှစ်ခုတို့၏ စစ်မွန်မှုကို အတည်ပြုနေသည်။ (ယာယီနှစ်ခုဝါဒ)

| ယေရှု | ပေါလု | ဟေဗြဲ |
|---|---|---|
| မဿဲ ၁၂း၃၂ | ရောမ ၁၂း၂ | ၁း၂ |
| မဿဲ ၁၃း၂၂-၂၉ | ၁ကော ၁း၂ဝ။ ၂း၆၊၈။ ၃း၁၈ | ၆း၅ |
| မာကု ၁ဝး၃ဝ | ၂ကော ၄း၄ | ၁၁း၃ |
| လုကာ ၁၆း၈ | ဂလ ၁း၄ | |
| လုကာ ၁၈း၃ဝ | ဧဖက် ၁း၂၁။၂း၁၇။၆း၁၂ | |
| လုကာ ၂ဝး၃၄-၃၅ | ၁တိ၆း၁၇ | |
| | ၂တိ ၄း၁ဝ | |
| | တိတု ၂း၁၂ | |

ဓမ္မသစ်ကျမ်း၏ ဓမ္မသဘောတရား၌ ဤဂျူးကပ်ကာလနှစ်ရပ်တို့ကို မျှော်လင့်မထားသောကြောင့် မျက်စိလွဲသွားခဲ့ကြသော (မမြင်လိုက်ခဲ့ရ) မေရှိယ၏ နှစ်ကြိမ်နှစ်ခါကြွလာခြင်း ဆိုင်ရာအနာဂတ္တိစကား များကြောင့် ထပ်ဆင့်သွားခဲ့ရသည်။ ယေရှုလူဝင်စားကာ ဖွားမြင်တော်မူခြင်းသည် ကပ်ကာလအသစ်အား အစပြုဖွင့်လှစ်ခဲ့သည်။ (ဒံယေလ ၂း၄၄၊၄၅) မည်သို့ဆိုစေ ဓမ္မဟောင်းကျမ်းသည်လည်း ခရစ်တော်၏ ကြွလာခြင်းအား တရားသူကြီးနှင့် အောင်နိုင်သူအဖြစ်မြင်ခဲ့သည် မှန်သော်လည်း ပထမတစ်ကြိမ် ဒုက္ခခံသော အစေခံအဖြစ် (ဟေရှာ ၅၃။ ဇမရိ ၁၂း၁ဝ) နှိမ့်ချ၍ နူးညံ့သိမ်မွေ့စွာ (ဇာခရိ ၉း၉) ကြွလာခဲ့သည်။ ဓမ္မဟောင်းကျမ်း၏ အနာဂတ္တိစကားအတိုင်း သူသည် ဘုန်းတန်ခိုးကြီးမားစွာဖြင့်လည်း ကြွလာလိမ့်မည်။ (ဗျာ ၁၉)။ ဤအဆင့်နှစ်ဆင့်ပြည့်စုံခြင်းသည် နိုင်ငံတော်ဆိုသည်မှာ လက်ရှိကာလ (အစဖွင့်ခြင်း) ဖြစ်သော်လည်း အနာဂတ် (အပြည့်အဝပြီးပြည့်စုံခြင်းမဟုတ်) လည်း ဖြစ်နေစေသည်။ ၎င်းမှာ ဓမ္မသစ်ကျမ်းထဲ ဖော်ပြသည့်အတိုင်းအစပြုခဲ့ပြီဖြစ်သော်လည်း ပြီးပြည့်စုံခြင်းမရှိသေးဘဲ၊ ဆက်လက်၍ ဆွဲဆန့်ဖြစ်ပေါ်နေသည်။

▣ **"ပုံသဏ္ဍာန်ပြောင်းလဲကြလော့"** ယုံကြည်သူများသည်သတင်းကောင်းအား ကြားရသူများသာလျှင်မဟုတ်ဘဲ ပြောင်းလဲသွားသူများ ဖြစ်ကြရပါမည် (၆း၄။ ၇း၆။ ၂ကော ၅း၁၇။ ဂလ ၆း၁၅။ ဧဖက် ၄း၂၂-၂၄။ ကော ၃း၁ဝ) သဒ္ဒါဖွဲ့စည်းပုံအရ ဤဝေါဟာရသည် "မိမိကိုယ်မိမိဆက်လက်၍ ပုံသဏ္ဍာန်ကြောင်းလဲ သွားကြလော" PRESENT MIDDLE IMPERATIVE သို့မဟုတ် "ဆက်လက်၍ ပုံသဏ္ဍာန်ကြောင်းလဲသွားစေခြင်းခံကြလော့" PRESENT PASSIVE IMPERATIVE တစ် မျိုးမျိုးဖြစ်သည်။ အထက်က "ပြောင်းလဲ" စကားလုံး၌လည်း ထိုနည်းတူဖြစ်သည်။ အလားတူ ဆန့်ကျင်ဘက် သဘောတစ်ခုယေဇ ၁၈း၃၁၌ နှိုင်းယှဉ်စရာရှိသည်။ လူသား၏ ဆက်ကပ်မှု၊ လုပ်ဆောင်မှုနှင့် ဘုရားသခင်၏ လက်ဆောင် ယေဇ ၃၆း၂၆-၂၇ တို့ဖြစ်ပြီး နှစ်မျိုးစလုံးလိုအပ်သည်။

ဤအလားတူစကားလုံး "ပုံသဏ္ဍာန်" ကို ထူးခြားသောအရောင် အဆင်းဖြင့်ယေရှုပြောင်းလဲရာတွင် (မဿဲ ၁၇း၂) အသုံးပြုကာ၊ သခင်ဘုရား၏ ဇာတိအစစ်အမှန်ကို ဖွင့်ပြခဲ့သည်။ ဤဘုရားဇာတိတော် (၂ပေ ၁း၃-၄) သည် ယုံကြည်သူတိုင်းအထဲ သဏ္ဍာန်ပေါ်လွင်နေရမည်ဖြစ်သည်။ (၂ကော ၃း၁၈။ ဧဖက် ၄း၁၃)

▣ **"သင်တို့၏ စိတ်နှလုံးကို ဆန်းသစ်စေခြင်းဖြင့်"** ၎င်းသည် ဂရိမူရင်းစကားအရည်အသွေးသစ် (*kainos*) မှ ဆင်းသက်လာပြီး အချိန်ကာလ အသစ် (chronos) မဟုတ်ချေ။ ဂျူးများအလိုအရ အမြင်အာရုံနှင့် အကြားအာရုံတို့မှာ ဝိညာဉ်ပြတင်းပေါက်များဖြစ်သည်။ လူတစ်ယောက်သည် မိမိစိတ်ကူး (စဉ်းစား) သည့်အတိုင်း ဖြစ်လာသည်။

ကယ်တင်ခြင်းရပြီး နောက်ယုံကြည်သူများသည် ဝိညာဉ်တော်ကျိန်းဝပ်မှုကြောင့် အတွေးသစ်၊ အမြင်သစ်များ ပိုင်ဆိုင်လာကြသည်။ (ဖေက် ၄း၁၃၊ ၂၃။ တိကု ၃း၅)။ သမ္မာကျမ်းစာနည်းကျအသစ်သော ဤကမ္ဘာ့အမြင်သည် ဝိညာဉ်တော်ကျိန်းဝပ်ခြင်းနှင့်အတူ ယုံကြည်သူများ၏ စိတ်နှင့် အသက်ရှင်ခြင်းပုံစံကြောင်းလဲသွားစေသည်။ ယုံကြည်သူများသည် မိမိတို့၏ စိတ်နှလုံးကို ဝိညာဉ်တော်စွမ်းအားပေးမှုကြောင့် အရာရာအားလုံးဝကွဲပြားခြားနားသော နည်းဖြင့်၊ အမှန်အတိုင်း ရှုမြင်ကြသည်။ ရွေးနှုတ်ခြင်းခံသော၊ ဝိညာဉ်တော်ဦးဆောင်သော စိတ်နှလုံးသည် အသက်ရှင်ခြင်းပုံစံသစ်တစ်ခုပေါ်ပေါက်စေသည်! ဤအရာမှာ ပဋိညာဉ်တရားသစ်၏ ကတိတော်ပင်ဖြစ်ပေသည် (ယေရ ၃၁း၃၁–၃၄)။

**အထူးအကြောင်းအရာ။ ။ ပြန်လည်ဆန်းသစ် (*Anakainōsis*)**

ဤဂရိဝေါဟာရ၌ပုံစံအမျိုးမျိုးရှိကာ (*anakainoō, anakainizō*) ဟူ၍အခြေခံအဓိပ္ပါယ်နှစ်မျိုးရှိသည်။

၁။ "တစ်စုံတစ်ရာအား အသစ်နှင့် ကွဲပြားခြားနားသောအရာ တစ်ခုဖြစ်စေသည် (ပို၍ကောင်း)" ရောမ ၁၂း၂။ ကော ၃း၁၀

၂။ "တစ်စုံတစ်ရာအား ပိုမိုနှစ်သက်စရာကောင်းသော ယခင်အခြေအနေသို့ ပြောင်းလဲသွားစေသည်" ၂ကော ၄း၁၆။ ဟေဗြဲ ၆း၄–၆။

(Louw and Nida's Greek English Lexicon, 1. pp. 157, 594 မှ ယူပါသည်။)

Moulton and Milligan တို့၏ The Vocabulary of the Greek Testament ၌ ပြောသည်မှာ ဤဝေါဟာ (anakkainosis) အား ပေါလုမတိုင်မီ ဂရိစာပေများ၌ မတွေ့ရချေဟူသတည်း။ ပေါလုကိုယ်တိုင် ဤဝေါဟာရအားအသစ်တီထွင်လိုက်ခြင်းဖြစ်နိုင်သည်။ (စာ– ၃၄)

Frank Stagg, New Testament Theology စာအုပ်၌ စိတ်ဝင်စားစရာမှတ်ချက်တစ်ခုရှိသည့်မှာ

ဒုတိယအသစ်မွေးဖွားခြင်းနှင့် ပြန်လည်ဆန်းသစ်ခြင်းကို ဘုရားသခင်ကသာပိုင်သည် (ဝါ) နှင့်သာ သက်ဆိုင်သော အလုပ်ဖြစ်သည်။ "ပြန်လည်ဆန်းသစ်ခြင်း" ဂရိစကားလုံး *Anakkainōsis* မှာ အပြုအမူပြသော နာမ်တစ်မျိုးဖြစ်ကာ၊ ဆက်လက်ဆန်းသစ်ခြင်းကို ဖော်ပြရန် အခြားကြိယာနှင့် ပေါင်းစပ် အသုံးပြုသည်။ ပုံစံကို ရောမ ၁၂း၂ ၌ သုံးသည့် "သင်တို့၏ စိတ်နှလုံးကို ပြန်လည်ဆန်းသစ်စေ၍၊ ပုံသဏ္ဍာန်ပြောင်းလဲကြလော့" (ပြောင်းလဲစေခြင်းခံကြလော့) ဟူ၍လည်းကောင်း၊ ၂ကော ၄း၁၆၌ "ငါတို့' အတွင်းလူသည် တစ်နေ့ပြီးတစ်နေ့ ပြန်လည်ဆန်းသစ်စေခြင်းခံရ၏" ဟူ၍လည်း ကောလောသဲ ၃း၁၀၌ဖော်ပြသည့် "လူသစ်" ဖြစ်သော "သူ့အားဖန်ဆင်းတော်မူသူ၏ ပုံသဏ္ဍာန်တော်နှင့်အညီသိကျွမ်းမှုအားဖြင့် ပြန်လည်ဆန်းသစ်စေခြင်းခံရသူ"... စသည်တို့၌ တွေ့ရသည်။ သို့ဖြင့် "လူသစ်" "အသစ်သောအသက်တာ" အသစ်ပြန်လည်မွေးခြင်း (ဒုတိယအကြိမ်အသစ်မွေးဖွားခြင်း) သို့မဟုတ် "ပြန်လည်ဆန်းသစ်ခြင်း"တို့မှာ မည်သို့ပင် ဖော်ပြသည်ဖြစ်စေ အသစ်ကို ပေးသူနှင့် ထာဝရအသက်ကို ဆက်လပ်တည်နေစေသူ သခင်သည် အစပြုလုပ်ဆောင်သူနှင့် ဆက်လက်လုပ်ဆောင်သူဖြစ်သည်။" (p. 118)

▣ **"ဘုရားသခင်၏ အလိုတော်ကို သင်တို့သိနိုင်မည်အကြောင်း"** ၎င်းမှာ PRESENT INFINITE ဖြစ်သည်။ ဂရိဝေါဟာရ (*dokimozo*) ကို ကျေနပ် နှစ်သက်မှုရှိစေရန်စမ်းသပ်ခြင်းနှင့် အဓိပ္ပါယ်တူအဖြစ်သုံးသည်။ အထူးအကြောင်းအရာ ၂း၁၈၌ ကြည့်ပါ။

ဘုရားသခင်၏ အလိုတော်မှာလူအားလုံးခရစ်တော်မှတဆင့် ကယ်တင်ခြင်းရ (ယော ၆း၃၉–၄၀) ပြီးလျှင် ခရစ်တော်နည်းတူအသက်ရှင်သွားရန်ဖြစ်သည်။ (ရောမ ၈း၂၈–၂၉။ ဂလ ၄း၁၉။ ဖေက် ၁း၄။ ၄း၁၃၊၁၅။ ၅း၁၇–၁၈)။ ခရစ်ယာန်၏ စိတ်ချရမှုသည် (အထူးအကြောင်းအရာ ၅း၂) အောက်ပါတို့ကို အခြေပြုသည်။

၁။ ယုံကြည်စိတ်ချရသူ ဘုရားသခင်၏ ကတိတော်များ

၂။ သန့်ရှင်းသော ဝိညာဉ်တော်၏ ကျိန်းဝပ်ခြင်း (ရောမ ၈း၁၄–၁၆)

၃။ ယုံကြည်သူ၏ ပြောင်းလဲခဲ့ပြီး၊ ပြောင်းလဲနေသော ဘဝအသက်တာ (ယာကုပ် ယောဟန်) "အသီးမသီးပါက၊ အမြစ်မရှိသောကြောင့်ဖြစ်သည်။" (မဿဲ ၁၃း၁–၉၊ ၁၉–၂၃)။

▣ **"ဘုရားသခင်၏အလိုတော"** အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏ အလိုတော် (*thelēma*)**

ယောဟန်၏ခရစ်ဝင်ကျမ်း

- ခမည်းတော်၏ အလိုတော်ဆောင်ရွက်ရန် ယေရှုကြွလာသည် (၄း၃၄။ ၅း၃၀။ ၆း၃၈)
- ခမည်းတော်သည် သားတော်ကို ပေးသမျှအားလုံးသော သူတို့အား နောက်ဆုံးနေ့၌ သေခြင်းမှထစေရန် (၆း၃၉)
- သားတော်ကို ယုံကြည်သူအားလုံး (၆း၂၉၊၄၀)
- ဆုတောင်းခြင်းအဖြေရရှိမှုသည် ဘုရားသခင်၏ အလိုတော်အတိုင်းလုပ်ခြင်းနှင့် ဆက်စပ်သည်။ (၉း၃၁နှင့် ၁ယော ၅း၁၄)

ခရစ်ဝင်ကျမ်းပထမကျမ်းသုံးကျမ်းများ

- ဘုရားရှင်၏ အလိုတော်ကိုလုပ်ခြင်းမှာ အပြတ်ဆုံးဖြစ်သောအရာဖြစ်သည် (မဿဲ ၇း၂၁)
- ဘုရားရှင်၏ အလိုတော်ကို လုပ်ခြင်းသည် ယေရှု၏ ညီအစ်ကို၊ မောင်နှမဖြစ်လာစေသည် (မဿဲ ၁၂း၅၀။ မာကု ၃း၃၅)
- မည်သူမျှမပျက်စီးရန်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ (မဿဲ ၁၈း၁၄။ ၁တိ ၂း၄။ ၂ ပေ ၃း၉)
- ကာရနီကုန်းထိပ်သည် ယေရှုအတွက် ခမည်းတော်၏ အလိုတော်ဖြစ်သည် (မဿဲ ၂၆း၄၂။ လုကာ ၂၂း၄၂)

ပေါလု၏ ဩဝါဒစာများ

- ယုံကြည်သူများအားလုံး ရင့်ကျက်ခြင်းနှင့် အမှုတော်ဆောင်ရွက်ခြင်း (ရောမ ၁၂း၁-၂)
- ယုကြည်သူတို့ကို ဆိုးသွမ်းသော ဤကပ်ကာလထဲမှ ကယ်နှုတ်သည် (ဂလ ၁း၄)
- ဘုရားရှင်၏ အလိုတော်မှာ ရွေးနှုတ်ရန် အစီအစဉ်တော်ဖြစ်သည်။ (ဧဖက် ၁း၅၊ ၉၊၁၁)
- ယုံကြည်သူများ ဝိညာဉ်တော်ကို တွေ့ကြုံခံစားကာ၊ ဝိညာဉ်တော်နှင့် ပြည့်နေကြရန် (ဧဖက် ၅း၁၇-၁၈)
- ယုံကြည်သူများ ဘုရားသခင်အား သိကျွမ်းခြင်းနှင့် ပြည့်ဝနေရန် (ကော ၁း၉)
- ယုံကြည်သူများ ပြည့်ဝ၍ စုံလင်သူများဖြစ်စေရန် (ကော ၄း၁၂)
- ယုံကြည်သူများ သန့်ရှင်းစင်ကြယ်စေရန် (၁သက် ၄း၃)
- ယုံကြည်သူများအရာရာ၌ ကျေးဇူးတော်ချီးမွမ်းကြစေရန် (၁သက် ၅း၁၈)

ပေတရု၏ ဩဝါဒစာများ။

- ယုံကြည်သူများမှန်ရာကို လုပ်နေရန် (အစိုးရဧင်းများအားနာခံရန်) ထိုသို့ဖြင့် မိုက်မဲမှုများ တိတ်ဆိတ်သွားစေရန်၊ သတင်းကောင်းအတွက် အခွင့်ကောင်းငြိဆင်ပေးရန် (၁ပေ ၂း၁၅)
- ယုံကြည်သူများ ဒုက္ခဆင်းရဲခံခြင်း (၁ပေ ၃း၁၇။ ၄း၁၉)
- ယုံကြည်သူများအတွက်ကို ဗဟိုပြုကာအသက်မရှင်ရန် (၁ပေ ၄း၂)

ယောဟန်၏ ဩဝါဒစာများ

- ယုံကြည်သူများ အစဉ်တည်မြဲနေရန် (၁ယော ၂း၁၇)
- ယုကြည်သူများဆုတောင်းချက်ရရန်သော့ချက် (၁ယော ၅း၁၄)

▣ **"ကောင်းမွန်၍ လက်သင့်ခံဘွယ်ရာနှင့် စုံလင်ပြည့်ဝသော"** ၎င်းသည် ကယ်တင်ခြင်းရပြီးနောက် ယုံကြည်သူများ အတွက် ဘုရားသခင်၏ အလိုတော်ကို ကိုယ်စားပြုသည်။ (ဖိ ၄း၄-၉) ယုံကြည်သူတိုင်းအတွက် ဘုရားသခင်၏ ပန်းတိုင်မှာ ယခုပင်ခရစ်တော်နှင့်တူသော ရင့်ကျက်မှုဖြစ်သည်။ (မဿဲ ၅း၄၈)။

▣ **"စုံလင်ပြည့်ဝသော"** ဤဝေါဟာရသည် "ရင့်ကျက်သော၊ ပေးအပ်သောတာဝန်အား ဆောင်ရွက်ပြီးစီးရန် အပြည့်အဝတပ်ဆင်ပေးသည်။" "ရင့်မှည့်သည်" သို့မဟုတ် "စုံလင်သည်" ဟု အဓိပ္ပါယ်ရှိ၏။ အသုံးပြုပုံမှာ

၁။ ခြေနှင့်လက်များကျိုးသွားခဲ့သော်လည်း ပျောက်ကင်းသွားကာ၊ အသုံးပြုနိုင်ရန် နဂိုအတိုင်း ပြန်ကောင်းသွားသည်
၂။ ငါးဖမ်းပိုက်များ ပေါက်ပြဲသွားခဲ့သော်လည်း ဖါထေးပြုပြင်ကာ၊ ငါးဖမ်းရန် တဖန်ပြန်၍ အသုံးဝင်သည်။
၃။ ကြက်ကလေးများ ကျော်စားရန် ဈေးကွက်တင်ဘို့အရွယ် ရောက်လာသည်။
၄။ ရွက်သင်္ဘောများရေကြောင်းခရီးထွက်ရန်ရွက်၊ ကြိုးအစုံတပ်ဆင်ပြင်ဆင်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၂း၃–၈**

[3]ငါ့ကို ပေးသော ကျေးဇူးတော်မှတဆင့် ငါပြောသည်ကား သင်တို့အထဲက လူတိုင်းကို မိမိကိုယ်မိမိထင်သင့်သည် ထက်ပို၍မြင့်မားစွာမထင်ဘဲ၊ ဘုရားသခင်သည် တစ်ယောက်စီအား ယုံကြည်ခြင်းအတိုင်းအဆ တစခုစီးပေးသည့်အတိုင်း ကောင်းစွာ ပိုင်းခြား၍ ထင်ကြရန်ဖြစ်၏။ [4]အကြောင်းမူကား ငါတို့သည် ကိုယ်ခန္ဓာတစ်ခု၌ ကိုယ်အင်္ဂါအများရှိကာ၊ ထိုကိုယ်အင်္ဂါများအားလုံး အလုပ်လုပ်ပုံချင်း မတူကြသည်နည်းတူ၊ [5]အများဖြစ်သော ငါတို့သည် ခရစ်တော် အထဲ၌ တစ်ခုတည်းဖြစ်ကြကာ၊ အင်္ဂါတစ်ခုချင်းသည် အချင်းချင်း၏ အင်္ဂါများဖြစ်ကြ၏။ [6]ငါတို့ကို ပေးသော ကျေးဇူးတော်နှင့်အညီ ငါတို့သည် ကွဲပြားခြားနားသော ဆုလက်ဆောင်များရရှိကြသည်ဖြစ်၍ ငါတို့ တစ်ယောက်စီသည် ၎င်းတို့ကို လိုက်၍ အသုံးပြုရန်ဖြစ်သည်။ ပရောဖက်ပြုခြင်းဖြစ်ပါက၊ ယုံကြည်ခြင်းအတိုင်းအတာကို လိုက်လျက်၊ [7]အမှုဆောင်ရွက်ခြင်းဖြစ်ပါက အမှုတော်ကို ဆောင်ရွက်ချက်၊ သို့မဟုတ်သွန်သင်သော သူသည် မိမိ၏ သွန်သင်ခြင်း အမှုလိုပြုလျက် [8]တိုက်တွန်းနှိုးဆော်သူသည် မိမိ၏ တိုက်တွန်းနှိုးဆော်မှုကို ပြုလျက်၊ ပေးကမ်းသော သူသည် ရက်ရောစွာ ပေးကမ်းလျက်၊ ခေါင်းဆောင်သူသည် ဖွဲ့လုံ့လဖြင့် ပြုကာ၊ ဂရုဏာပြသသူသည် စမ်းမြောက်ဝမ်းသာစွာဖြင့် ပြုကြပါမည်အကြောင်းတည်း။

**၁၂း၃** အငယ် ၁–၂ သည် "စိတ်နှလုံးအသစ်" မွေးခြင်းအား ပို၍ လေးနက်စေသည်၊ အငယ် ၃၌ "ထင်" (think) ဟူသော စကားလေးလုံးပါရှိသည်။ *The Zondervan Study Guide Commmentary, Romans* စာအုပ်၌ Bruce Corley နှင့် Curtis Vaughan တို့၏ လေ့လာသုံးတပ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ချဲ့ကားသော အတွေး... သင့်လျော်သောအတွေး...ရည်ရွယ်ချက်ပါသော အတွေး... မှန်သောအတွေး" (p. 138)

ဤထူးခြားစွာသော ဖော်ပြမှုမှာ အထောက်အကူရပါသည်။

ဤအခန်းငယ်သည် ၁၁း၁၃–၂၄ နည်းတူ အောက်ပါတို့ကို ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။

၁။ ရောမအသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် ယုံကြည်သူတပါးအမျိုးသားများအကြား တင်းမာမှု
၂။ ပေါလုသည် ရောမသြဝါဒစာကို ကေရိန္တုမြို့မှ ရေးသားခြင်းဖြစ်ပြီး (သူ၏ တတိယအကြိမ်မြောက် သာသနာပြုခရီးအဆုံး၌) ထိုမြို့၌ မာနထောင်လွှားမှု၊ ကိုယ်ကိုကိုယ် မြှောက်ကြွားမှုများသူတွေ့ရှိခဲ့သည်။

▣ **"ငါ့ကို ပေးသော ကျေးဇူးတော်မှတဆင့်"** ၎င်းမှာ AORIST PASSIVE PARTICIPLE တစ်ခုဖြစ်သည်။ ဘုရားသခင့်ထံတော်မှ ရောက်ရှိလာသော ကျေးဇူးတော်သည် အတိတ်တစ်ချိန်က အဖြစ်အပျက်တစ်ခုဖြစ်သည်။ (ဒမသက်မြို့သွားရာလမ်းပေါ်အဖြစ်အပျက်)။ ဤကျမ်းပိုဒ်၌ "ကျေးဇူးတော်" ဟုဆိုရာတွင် ဝိညာဉ်ရေးရာဆုကျေးဇူးနှင့် ဆိုင်ပြီး (၁၅း၁၅။ ၁ကော ၃း၁၀။ ၁၅း၁၀။ ဂလ ၂း၉။ ဧဖက် ၃း၇–၈) ဖြောင့်မတ်ခြင်းလက်ဆောင်မဟုတ်ချေ။ (ရောမ ၄)။ ၎င်းသည် ပေါလုပြောင်းလဲသွားခြင်းနှင့် တပါးအမျိုးသားများအတွက် တမန်တော်အဖြစ်စေလွှတ်ခံခြင်းကို ညွှန်းသည်။ (တမန် ၉း၁၅။ ရောမ ၁း၁၅။ ဂလ ၁း၁၅–၁၆။ ၂း၇–၈။ ဧဖက် ၃း၁–၂၊ ၈။ ၁တိ ၂း၇။ ၂တိ ၄း၁၇)

▣ **"သင်တို့အထဲက လူတိုင်းကို ငါပြောသည်ကား"** အငယ်၃၊ ရှိသတိပေးချက်မှာ ခေါင်းဆောင်များသာလျှင် မဟုတ်ဘဲ၊ ခရစ်ယာန်များအားလုံးအတွက်ဖြစ်သည်။

▣ **"မိမိကိုယ်မိမိလွန်ကဲစွာ မထင်ပါမည်အကြောင်း"** အထူးအကြောင်းအရာ။ ။ ပေါလုသုံးသော Huper ပေါင်းစပ်စကားလုံးများ ၁း၃၀၌ ကြည့်ပါ။

■ **"ဘုရားသခင်သည် တစ်ယောက်စီကိုပေးသည့်အတိုင်း"** ၎င်းမှာ AORIST ACTIVE INDICATIVE တစ်ခုဖြစ်သည်။ ယုံကြည်သူတို့သည် မိမိတို့၏ ဝိညာဉ်ဆုကျေးဇူးများကို ရွေးချယ်ကြခြင်းမဟုတ်ချေ။ (၁ကော ၇း၁၇။ ၁၂း၁၁။ ဧဖက် ၄း၇)။ သူတို့ ကယ်တင်ခြင်းရသည့်အချိန်၌ အများကောင်းကျိုးအတွက် ဝိညာဉ်တော်သည် သူတို့ကို ပေးခြင်းဖြစ်၏။

(၁ကော ၁၂း၇)။ ဝိညာဉ်တော်ဆုကျေးဇူးတို့မှာ လူတစ်ဦးချင်းအား အမွမ်းတင်သော ဂုဏ်ဒြပ်ဆိုင်ရာ အမှတ်အသားများမဟုတ်ဘဲ၊ ယုံကြည်သူတိုင်းတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်အား အစေခံနိုင်ကြစေရန် အစေခံများသုံးသော ပုဝါများသာလျှင်ဖြစ်သည်။

■ **"ယုံကြည်ခြင်းအတိုင်းအဆ"** ၎င်းသည် မိမိတို့ရရှိသော ဝိညာဉ်ဆုကျေးဇူးကို ထိရောက်စွာ အသုံးပြုနိုင်သော စွမ်းရည်ကို ရည်ညွှန်းချက်။ (၄ယ် ၆)။ ဝိညာဉ်ဆုကျေးဇူးရရှိရာ၌ ကောင်းကောင်းမွန်မွန်ဖြစ်သွားစေရန် ဝိညာဉ်တော် အသီးများဖြစ်ကျင့်သုံးရန်ဖြစ်သည်။ (၄ယ်၉-၁၂။ ဂလ ၅း၂၂-၂၃) ဆုကျေးဇူးများမှာ မိမိနောက်လိုက်များအား ခွဲပေးသော ယေရှု၏ အမှုတော်လုပ်ငန်းများဖြစ်ကာ၊ အသီးများမှာမူ ခရစ်တော်၏ နှလုံးသားဖြစ်သည်။ ထိရောက်သော အမှုတော်ဆောင်ရွက်မှုအတွက် နှစ်မျိုးစလုံးလိုအပ်သည်။

**၁၂း၄** ၎င်းမှာ ပေါလုရေးသောစာများ၌ သုံးနေကျတင်စားမှုဖြစ်သည်။ လူသား၏ ကိုယ်ခန္ဓာအင်္ဂါများ အချင်းချင်းအမှီအတွယ် ပြုနေခြင်းသဘောသည် အသင်းတော်အား ဆုကျေးဇူးပေးခြင်းအကြောင်းပြသသည်။ (၁ကော ၁၂း၁၂-၂၇။ ဧဖက် ၁း၂၃။ ၄း၄၊ ၁၂၊၁၆။ ၅း၃၀။ ကော ၁း၁၈၊၂၄။ ၂း၁၉)။ ခရစ်ယာန်ဟူသည် အစုအပေါင်း ဖြစ်သည်နည်းတူ တစ်ဦးချင်းလည်းဖြစ်သည်။

**၁၂း၅ "အများဖြစ်သော ငါတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာထဲ၌တစ်ခုဖြစ်ကြ၏။"** ၎င်းသည် ယုံကြည်သူများ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် အမျိုးမျိုး အဖုံဖုံဖြစ်ကြကြောင်း အလေးအနက်ပြသည်။ ၎င်းမှာ အသင်းတော်အတွင်း ဆုကျေးဇူးရရှိခြင်း၏တင်းမာမှုဖြစ်သည်။ ၁ကောရိန္သု ၁၃ထဲက ချစ်ခြင်းမေတ္တာဘွဲ့သည် ဆုကျေးဇူးအမျိုးမျိုးရရှိခြင်း၏ တင်းမာမှုအကြောင်းပြောပြသည်။ (၁ကော ၁၂နှင့် ၁၄)။ ခရစ်ယာန်တို့မှာ ပြိုင်ဘက်ချင်းမဟုတ်ဘဲ၊ မဟာစေခိုင်း တော်မူခြင်း၌ တစ်ပေါင်းတစ်စည်းတည်းဖြစ်ကြသည်။

**၁၂း၆-၈** ဤအခန်းငယ်များမှာ ဂရိကျမ်း၌ ဝါကျတစ်ခုဖြစ်ကာ PARTICIPLE ကြိယာနှစ်လုံးပါဝင်သော်လည်း ပင်မကြိယာများမဟုတ်ကြချေ။ ၎င်းကို THIRD PERSON IMPERATIVE အဖြစ် ဘာသာပြန်လေ့ရှိပြီး "ကြစို့" ဟူ၍ဖြစ်သည်။

**၁၂း၆ "လက်ဆောင်များ.... ကျေးဇူးတော်"** "လက်ဆောင်များ" (*charismata*) နှင့် "ကျေးဇူးတော်" (*charis*) တို့မှာ ဂရိမူရင်းတစ်ခုတည်းမှဆင်းသက်လာခြင်းဖြစ်ပြီး" "အခမဲ့ပေးသည်" ဟု အဓိပ္ပါယ်ရသည်။ ၃း၂၄၏ မှတ်ချက်၌ ကြည့်ပါ။ ဝိညာဉ်တော် လက်ဆောင်များစာရင်းကို ၁ကောရိန္သု ၁၂။ ရောမ ၁၂။ ဧဖက် ၄ နှင့် ၁ ပေတရု ၄တို့၌ တွေ့ရသည်။ ထိုစာရင်းများနှင့် အစီအစဉ်များမှာ မတူညီသဖြင့် အသေးစိတ် (ဝါ) အပြည့်အစုံမဟုတ်ဘဲ၊ ကိုယ်စား ပြုခြင်းသဘောမျှသာဖြစ်ရပေမည်။ ယုံကြည်သူတို့ မိမိ၏ ဝိညာဉ်ဆုကျေးဇူးများအား မည်သို့ ခွဲခြားသိရှိ နိုင်မည်ကို မပြောပြခဲ့ဘူးချေ။ ဤအကြောင်းအရာနှင့် ဆိုင်၍ သမ္မာကျမ်းစာမှ မဟုတ်သော ခရစ်ယာန် ပညာအကောင်းဆုံးကို Inter Varsity အပုံနှိပ်တိုက်၏ စာအုပ်ငယ်ဖြစ်ပြီး Paul Little ရေးသားသည့် *Affirming the Will of God* ၌ ပါသော နိယမများ၌ တွေ့ရသည်။ ဘုရားသခင်၏ အလိုတော် သိနိုင်ရန် ဤလမ်းညွှန်ချက်များသည် လူတစ်ယောက်ထိရောက်စွာ အမှုတော်ဆောင်ရွက်နိုင်သော ကဏ္ဍသိနိုင်ရန် ပံ့ပိုးပါလိမ့်မည်။ ယုံကြည်သူများကို မည်သို့ ဆုကျေးဇူးပေးသည် သို့မဟုတ် မည်သည့် ဆုကျေးဇူးရရှိသည်ဆိုခြင်းထက်ယုံကြည်သူများကို ဆုလက်ဆောင်များ ပေးထားသည်ဟု သိရှိခြင်းမှာ အမှန်ပင်ပိုမိုအရေးကြီးသည်။

■ **"လျှင်/ပါက"** ၎င်းသည် eite မှ ဘာသာပြန်ခြင်းဖြစ်ကာ "လျှင် /ပါက… " ဟူ၍ အဓိပ္ပါယ်ရှိပြီး အငယ် ၆၊၇၊၈ တို့၌ ထပ်ခါတလဲလဲတွေ့ရသည်။ ဤအငယ်၌ မည်သည့် ကြိယာမျှလိုက်မလာသော်လည်း (၁ကော ၃း၂၂။ ၈း၅။ ၂ကော ၅း၁၀) PRESENT INDICATIVE တစ်ခု လိုက်လာလေ့ရှိသည်။ (ကော ၁၂း၂၆။ ၂ကော ၁း၆) ထို့ကြောင့် ဤဝိညာဉ်ဆုကျေးဇူးများကို ဖော်ပြသော ပထမတန်းချင်းချက်ဝါကျမျိုးဖြစ်သည်။

■ **"အနာဂတ္တိစကား/ပရောဖက်ပြုချက် (စကား)"** ၎င်းသည် ဓမ္မဟောင်းကျမ်းမှာကဲ့သို့ ဘုရားသခင်ပေးသော ဖွင့်ပြတော် မူခြင်း (ဝိညာဉ်တော်မှုတ်သွင်းသော) သတင်းစကားမျိုးမဟုတ်ချေ။ ဓမ္မဟောင်းကျမ်း၌ ပရောဖက်များသည် သမ္မာကျမ်းစာကို ရေးသားပြုစုကြသည်။ (ဝိညာဉ်တော်မှုတ်သွင်းခြင်း)။ ဓမ္မသစ်ကျမ်း၌မူဤစကားသည် ဘုရားသခင်၏ သမ္မာတရားကို ဟောပြောကြော်ငြာခြင်းဖြစ်သည်။ ကြိုတင်ဟောပြောခြင်း (ပရောဖက်ပြုခြင်း) လည်းပါနိုင်သည်။ (တမန်တော် ၁၁း၂၇–၂၈။ ၂၁း၁၀–၁၁)။ သတင်းစကားအသစ်ဟောပြောခြင်းမဟုတ်ဘဲ သတင်းကောင်း ဧဝံဂေလိ တရားနှင့် ၎င်းအား ယနေ့မည်သို့ ကျင့်သုံးရမည်ကို ရှင်းလင်းခြင်းဖြစ်သည်။ ဤဝေါဟာရ၌ ပုံသေကားကျဟူ၍ မရှိဘဲ၊ ပြောင်းလဲ၍ သုံးနိုင်သော သဘောရှိသည်။ ၎င်းသည် ယုံကြည်သူတစ်ဦးအမှုတော်လုပ်နေခြင်း (၁ကော ၁၄း၁၊ ၃၉) နှင့် ဝိညာဉ်ဆုကျေးဇူးတစ်ခုကို ရည်ညွှန်းသည့်အခါလည်း ရှိသည်။ (၁ကော ၁၂း၂၈။ ၁၄း၂၉။ ဧဖက် ၄း၁၁)။ ပြောင်းလဲ၍ အသုံးပြုနိုင်ခြင်းသဘောကို ဤရောမသြဝါဒစာနှင့် တစ်ချိန်တည်း ခန့်၍ ပေါလုရေးသော ကောရိန္သုသြဝါဒ စာစောင်များ၌လည်း တွေ့ရသည်။ (၁ကော ၁၂း၁၀၊ ၁၂။ ၁၃း၈။ ၁၄း၁၊၅၊၂၉၊၃၉)။

## အထူးအကြောင်းအရာ။ ။ ဓမ္မသစ်ကျမ်းအနာဂတ္တိစကား (ပရောဖက်ပြုခြင်း)

**၁။** ၎င်းသည် YHWH ထံမှ ဖွင့်ပြတော်မူခြင်းဖြစ်သည့် ဝိညာဉ်တော်မှုတ်သွင်းခြင်းဆိုင်ရာ (တမန် ၃း၁၈၊ ၂၁။ ရောမ ၁၆း၂၆) ဂျူးရဗ္ဗိဆရာကြီးများ၏ အဓိပ္ပါယ်ပွါးတစ်ခုဖြစ်သော ဓမ္မဟောင်းပရောဖက်ပြုခြင်းနှင့် မတူ၊ တစ်ခြားစီဖြစ်သည်။ (BDB 611) ပရောဖက်များကသာလျှင် သမ္မာကျမ်းစာအား ရေးသားနိုင်သည်။

- က။ မောရှေကို ပရောဖက်တစ်ပါးဟုခေါ်သည်။ (တရားဟော ၁၈း၁၅–၂၁)
- ခ။ သမိုင်း/ရာဇဝင်ကျမ်းများ ယောရှု – ဓမ္မရာဇဝင်ကျမ်းများ (ရုသမပါ)ကို "ရှေးဦးပရောဖက်ကျမ်းများ" ဟုခေါ်သည်။ (တမန် ၃း၂၄)
- ဂ။ ပရောဖက်များသည် ဘုရားသခင်ထံမှ အကြောင်းကြားချက်၏ အရင်းအမြစ်အဖြစ်ယဇ်ပုရောဟိတ်မင်း၏ နေရာကို ယူထားကြသည်။ (ဟေရှာယ၊ မာလခိ)
- ဃ။ ဟေဗြဲဓမ္မဟောင်းကျမ်း၏ ဒုတိယတွဲကို " ပရောဖက်ကျမ်းများ" ဟုခေါ်သည်။ (မဿဲ ၅း၁၇။ ၂၂း၄၀။ လုကာ ၁၆း၁၆။ ၂၄း၂၅။၂၇။ ရောမ ၃း၂၁)။

**၂။** ဓမ္မသစ်ကျမ်း၌ ထိုသဘောကို အမျိုးမျိုးသုံးသည်

- က။ ဓမ္မဟောင်း ပရောဖက်များနှင့် သူတို့၏ ဝိညာဉ်တော်မှုတ်သွင်းသော သတင်းစကား (မဿဲ ၂း၂၃။ ၅း၁၂။ ၁၁း၁၃။ ၁၃း၁၄။ ရောမ ၁း၂)။
- ခ။ အစုအပေါင်းထက် တစ်ဦးတစ်ယောက်အတွက် သတင်းစကားကို ညွှန်းသည် (ဓမ္မဟောင်း ပရောဖက်များ၏ ဟောပြောချက်များမှာ မူလအားဖြင့် အစ္စရေးကို ပြောသည်)
- ဂ။ နှစ်ခြင်းဆရာယောဟန်နှင့် (မဿဲ ၁၁း၉။ ၁၄း၅။ ၂၁း၂၆။ လုကာ ၁း၇၆) ယေရှုတို့အား ဘုရားသခင်၏ နိုင်ငံတော်အားကြော်ငြာသူများအဖြစ် ရည်ညွှန်းသည်။ (မဿဲ ၁၃း၅၇။ ၂၁း၁၁၊၄၆။ လုကာ ၄း၂၄။ ၇း၁၆။ ၁၃း၃၃။ ၂၄း၁၉)။ ယေရှုကိုယ်တော်တိုင်သည် မိမိမှာ ပရောဖက်တို့ ထက်ကြီးမြတ်သူဖြစ်ကြောင်းပြောသည်။ (မဿဲ ၁၁း၉။ ၁၂း၄၁။ လုကာ ၇း၂၆။
- ဃ။ ဓမ္မသစ်ကျမ်းထဲအခြား ပရောဖက်များ
  - ၁။ လုကာ ခရစ်ဝင်ကျမ်းထဲမှတ်တမ်းတင်ထားသည့်အတိုင်း ယေရှု၏ အစောပိုင်းဘဝ (မာရိ၏ မှတ်သားမှုများ)
    - (က) ဧလိဇဘက် (လုကာ ၁း၄၁–၄၂)

(ခ) ဇာခရိ (လုကာ ၁း၆၇–၇၉)
(ဂ) ရှိမုန် (လုကာ ၂း၂၅–၃၅)
(ဃ) အန္န (လုကာ ၂း၃၆)
၂။ တစ်ဖက်လှည့်ဟောကိန်းများ (ကာယဖ၊ ယောဟန် ၁၁း၅၁)
င။ ဧဝံဂေလိဟောသူများကို ရည်ညွှန်းသည် (ဟောပြောခြင်းဆုလက်ဆောင်များ ၁ကော ၁၂း၂၈၊၂၉။ ဧဖက် ၄း၁၁။
စ။ အသင်းတော်ထဲ ဆက်လက်နေသော ဆုလက်ဆောင် (မဿဲ ၂၃း၃၄။ တမန်တော် ၁၃း၁။ ၁၅း၃၂။ ရောမ ၁၂း၆။ ၁ကော ၁၂း၁၀၊၂၈–၂၉။ ၁၃း၂။ ဧဖက် ၄း၁၁)။ ၎င်းသည် တခါတလေအမျိုးသမီးများ၌ ဖြစ်သည်။ (လုကာ ၂း၃၆။ တမန် ၂း၁၇။ ၂၁း၉။ ၁ကော ၁၁း၄–၅)
ဆ။ အနာဂတ်ဟောကြားချက်ဖြစ်သော ဗျာဒိတ်ကျမ်းကို ညွှန်းသည် (ဗျာ ၁း၃။ ၂၂း၇၊၁၀၊၁၈၊၁၉)

**၃။** ဓမ္မသစ် ပရောဖက်များ

က။ ဓမ္မဟောင်း ပရောဖက်များ (သမ္မာကျမ်းစာ) ကဲ့သို့ ဝိညာဉ်တော်မှုတ်သွင်းသောအခြား ဗျာဒိတ်တော်များမပေးကြချေ။ "ယုံကြည်ခြင်း" ဆိုသော စကားသည် တမန်တော် ၆း၇။ ၁၃း၈၊ ၁၄း၂၂။ ဂလ ၁း၂၃။ ၃း၂၃။ ၆း၁၀။ ဖိလိပ္ပိ ၁း၂၇။ ယုဒ ၃၊၂၀ တို့၌ ပါရှိသဖြင့် ဤအရာမှာ မှန်ကန်နိုင်သည်။

ဤသဘောကို ယုဒ ၃၌ ရှင်းလင်းစွာ မြင်ရသည်။ "သန့်ရှင်းသူတို့၌ အထက်က အပ်ပေး (တစ်ခါတည်းနှင့် အပြီးအပိုင် အမြဲအတွက်) ခဲ့ပြီးသော ယုံကြည်ခြင်းတရား" … ဟူ၍ ပါရှိသည်။ "တစ်ခါတည်းနှင့် အမြဲအတွက် ယုံကြည်ခြင်း" ဟုဆိုရာ၌ သမ္မာကျမ်းများ၊ သြဝါဒများ၊ ခံယူချက်များ၊ ခရစ်ယာန်၏ လောကအမြင်တို့ကို ဆိုလိုသည်။ "တစ်ခါတည်းနှင့် အမြဲအတွက်" ဟူ၍အလေးအနက်ပြောခြင်းသည် ဓမ္မသစ်ကျမ်းရေးသားပြုစုခြင်းအတွက် ဝိညာဉ်တော်မှုတ်သွင်းခြင်းကို ရည်ညွှန်းပြီး၎င်းအား ဓမ္မသဘောတရားအရ ကန့်သတ်မှုပြုရန် သမ္မာကျမ်း နည်းကျ အခြေခံဖြစ်ကာ၊ ၎င်းသည် နောက်ပိုင်း (ဝါ) အခြားရေးသားမှုများကို ဖွင့်ပြခြင်းအဖြစ် ခွင့်မပြုချေ။ ဓမ္မသစ်ကျမ်း၌ အဓိပ္ပါယ် မသဲကွဲသော၊ မရှင်းလင်းသော၊ မသေချာသော ကဏ္ဍများစွာရှိသည်မှန်သော်လည်း ယုံကြည်ခြင်းနှင့် ကျင့်သုံးခြင်းအတွက် လိုအပ်သောအရာ အားလုံး ဓမ္မသစ်ကျမ်း၌ လုံလောက်ရှင်းလင်းစွာပါရှိသည်ဟု ယုံကြည်သူများသည် ယုံကြည်ခြင်းအားဖြင့် အတည်ပြုသည်။ ဤသဘောကို "ဖွင့်ပြခြင်းဆိုင်ရာတြိဂံ" သည် အသေးစိတ်ပြသသည်။

(၁) ဘုရားသခင်သည် အချိန်နေရာ၏ သမိုင်းထဲ မိမိကိုယ်မိမိဖွင့်ပြသည်။ (ဖွင့်ပြခြင်း (REVELATION)
(၂) သူသည် မိမိ၏ လုပ်ဆောင်မှုအား မှတ်တမ်းပြုရန်နှင့် ရှင်းပြရန် အချို့လူသားစာရေးဆရာများ ရွေးချယ်သည်။ (ဝိညာဉ်တော်မှုတ်သွင်းခြင်း)
(၃) လူသားများသည် ဤရေးသားမှုများကို နားလည်နိုင်ရန် သူတို့၏ စိတ်နှလုံးများကို ဖွင့်ပေးစေရန် ဘုရားသခင်သည် မိမိ၏ ဝိညာဉ်တော်ကို သူတို့အားပေးသည်။ နားလည်သည်ဆိုရာ၌ အတိအကျမဟုတ်ဘဲ ကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာထိရောက်စေရန် လုံလောက်ခြင်းကို ဆိုလိုသည်။ (နားလည်သဘောပေါက်စေခြင်း)။ အဓိကဆိုလိုချက်မှာ ဝိညာဉ်တော်မှုတ်သွင်းခြင်းဟူသည် သမ္မာကျမ်းစာ ရေးသားသူများ၌ ကန့်သတ်ထားသည် ဟူ၍ ဖြစ်၏။

အမိန့်အာဏာပိုင်သော နောက်ထပ်အရေးအသား၊ ရူပါရုံ (ဝါ) ဖွင့်ပြခြင်း ဟူ၍မရှိချေ။ သမ္မာကျမ်းစာကို ကန့်သတ်ထားခဲ့ပြီဖြစ်သည်။ ဘုရားသခင်ကို သင့်လျော်လုံလောက်စွာ တုံ့ပြန်နိုင်ရန် လိုအပ်သမျှ သမ္မာကျမ်းစာတို့၌ ရှိခဲ့ပြီဖြစ်၏။ ဤသမ္မာတရားကို သမ္မာကျမ်းစာရေးသားသူများ၏ သဘောညီညွတ်မှု၌ အကောင်းဆုံးတွေ့ရသည်။ ၎င်းမှာ စိတ်ရင်းမှန်ပြီး၊ ဘုရားကို ရိုသေသော ယုံကြည်သူအချို့၏ သဘောထားမညီညွတ်မှုနှင့် မူဆန့်ကျင်ဘက်ဖြစ်နေသည်။ ခေတ်သစ်စာရေးသူ၊ ဟောပြောသူမည်သူ၌မဆို သမ္မာကျမ်းစာရေးသားသူများ၌ ရှိခဲ့သော ဘုရား၏ အခွင့်အာဏာ ခေါင်းဆောင်မှုအဆင့်အတန်းမရှိချေ။

ခ။ ဓမ္မသစ် ပရောဖက်များသည် ဓမ္မဟောင်း ပရောဖက်များနှင့် ဆင်တူမှုအချို့ရှိသည်။

(၁) ရှေ့ဖြစ်ဟောခြင်း (ပေါလု၊တမန်တော် ၂၇း၂၂။ အာဂဗု တမန်တော် ၁၁း၂၇–၂၈။ ၂၁း၁၀၊၁၁။ အခြားနာမည် မဖော်ပြသော ပရောဖက်များ၊ တမန်တော် ၂၀း၂၃)

(၂) တရားစီရင်ခြင်းကို ကြော်ငြာ (ပေါလု ၁၃း၁၁။ ၂၈း၂၅–၂၈)
(၃) အဖြစ်အပျက်တစ်ခု ပေါ်လွင်စွာ သရုပ်ဖော်သော ပုံဆောင်ချက်အပြုအမူ (အာဂဗု တမန်တော် ၂၁း၁၁)

ဂ။ ဧဝံဂေလိ သမ္မာတရားကို ရှေ့ဖြစ်ဟောခြင်းပုံစံဖြင့် တစ်ခါတစ်လေကြော်ငြာကြသည် (တမန်တော် ၁၁း၂၇–၂၈။ ၂၀း၂၃။ ၂၁း၁၀–၁၁)။ သို့သော် ၎င်းမှာ မူလစူးစိုက်မှုဟုတ်ချေ။ ၁ကောရိန္တုထဲပါရှိသည့် ပရောဖက်ပြုခြင်းမှာ အခြေခံအားဖြင့် သတင်းကောင်း ဧဝံဂေလိတရားဟောခြင်းဖြစ်သည်။ (၁၄း၂၄၊၃၉)

ဃ။ အသစ်သော အခြေအနေ ဓလေ့ထုံးစံ (ဝါ) အချိန်ကာလတစ်ခုစီအတွက် ခေတ်ပြိုင်ဖွင့်ပြမှုများနှင့် ဘုရားသခင်၏ သမ္မာတရားအား လက်တွေ့အသုံးပြုရန် ထိုဓမ္မသစ် ပရောဖက်များမှာ ဝိညာဉ်တော်၏ ခေတ်ပြိုင် လုပ်ဆောင်မှု ဖြစ်သည်။ (၁ကော ၁၄း၃)

င။ ပေါလု ပါဝင်သော အသင်းတော်များ၏ အစောပိုင်းကာလများ၌ သူတို့လှုပ်ရှားပါဝင်ကြသည်။ (၁ကော ၁၁း၄–၅။ ၁၂း၂၈၊၂၉။ ၁၃း၂၉။ ၁၄း၁၊၃၊၄၊၅၊၆၊၂၂၊၂၄၊၂၉၊၃၁၊၃၂၊၃၇၊၃၉။ ဧဖက် ၂း၂၀။ ၃း၅။ ၄း၁၁။ ၁သက် ၅း၂၀) *Didache* ၌လည်း ပရောဖက်များအကြောင်းဖော်ပြကာ (ပထမရာစု နောက်ပိုင်း (ဝါ) ဒုတိယရာစုအတွင်း ရေးသားသည်။ အချိန်ကာလမသေချာ) မြောက်အာဖရိကဌ် ဒုတိယနှင့်တတိယရာစုနှစ်များအတွင်း မွန်တနိဝါဒ (*Montanism*) ၌လည်း ဖော်ပြသည်။

**၄။** ဓမ္မသစ်ကျမ်းထဲ ဆုကျေးဇူးများရပ်ဆိုင်းသွားခဲ့ပြီသော

က။ ဤမေးခွန်းကို အဖြေပေးရန် ခက်ခဲသည်။ ဆုကျေးဇူးများပေးရခြင်း၏ ရည်ရွယ်ချက်အား အဓိပ္ပါယ် သတ်မှတ်ခြင်းသည် ထိုအကြောင်းအရာရှင်းလင်းဝေရန် ကူညီသည်။ ထိုဆုကျေးဇူးများသည် ဧဝံဂေလိ တရားအစပြုဟောပြောခြင်းအား အတည်ပြုပေးရန် အဓိကလော? သို့မဟုတ် အသင်းတော်သည် မိမိကိုယ်မိမိနှင့် ပျောက်ဆုံးသော ကမ္ဘာကြီးအား အစေခံရန် ဆက်လက်နေသော နည်းပယ်များလော?

ခ။ ဤမေးခွန်းကို အဖြေရန် အသင်းတော်သမိုင်း (ဝါ) ဓမ္မသစ်ကျမ်းဘယ်ဟာကို ကြည့်မည်နည်း? ဆုကျေးဇူးများ ခေတ္တယာယီအတွက်သာ ဖြစ်သည်ဟူသော ဖော်ပြချက်မျိုး ဓမ္မသစ်ကျမ်း၌ မရှိချေ။ ဤကိစ္စအကြောင်းပြောရန် ၁ကော ၁၃း၈–၁၃ အသုံးပြုလိုသူများသည် ထိစာပိုဒ်၌ စာရေးသူ၏ ရည်ရွယ်ချက်ကို လွဲမှားစွာ သုံးခြင်းသာဖြစ်သည်။ ၎င်းကျမ်းပိုဒ်၌ ချစ်ခြင်းမေတ္တာကလွဲလျှင်အရာ အားလုံးပျောက်ကွယ် မည်အကြောင်း ပြောခြင်းဖြစ်သည်။

ဂ။ အခွင့်အာဏာဆိုသည်မှာ အသင်းတော်သမိုင်းမဟုတ်ဘဲ၊ ဓမ္မသစ်ကျမ်းသာလျှင်ဖြစ်ရကား၊ဆုကျေးဇူးများ ဆက်လက် သွားနေသည်ဟု ပြောရန် ကျွန်ုပ်သွေးဆောင်ခြင်းခံနေရပါသည်။ မည်သို့ဖြစ်စေအနက်ပြန်ခြင်းကို ယဉ်ကျေးမှု (culture) သည် ထိခိုက်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ မူရင်းစာ၌ အလွန်ရှင်းလင်းသောအရာ အချို့အသုံး ပြု၍မရတော့ချေ။ (သန့်ရှင်းသောအနမ်း၊ အမျိုးသမီးခေါင်းဖုံး၊ အိမ်၌ အသင်းတော်စည်းဝေးခြင်း ... စသဖြင့်) ယဉ်ကျေးမှုသည် မူလစာကို ထိခိုက်သည် ဆိုပါက၊ အသင်းတော်သမိုင်းသည် အဘယ်ကြောင့် မထိခိုက်ဘဲ နေမည်နည်း?)

ဃ။ ၎င်းမှာ အတိအကျမဖြေနိုင်သော ရိုးစင်းသည့် မေးခွန်းဖြစ်သည်။ အချို့ယုံကြည်သူများသည် "ရပ်ဆဲခြင်း" အတွက် ခုခံကာကွက်ပေးကြမည်ဖြစ်ပြီး၊ အခြားသူများသည် "မရပ်ဆဲခြင်း" အတွက် ခုခံပြောဆိုကြမည်ဖြစ်သည်။ အခြားသော အနက်ပြန်ခြင်း ကဏ္ဍများစွာ မှာနည်းတူ ဤကဏ္ဍာ၌လည်း ယုံကြည်သူများ၏ စိတ်နှလုံးမှာ အဓိကသော့ချက်ဖြစ်သည်။ ဓမ္မသစ်ကျမ်းထဲက အဓိပ္ပါယ်တိကျသည့် မည်သည့်အကြောင်းအရာများကို ယဉ်ကျေးမှု သမိုင်းသည် ထိခိုက်မှုရှိပြီး၊ မည်သည် အကြောင်းအရာများမှာ အချိန်အားလုံးနှင့် အသင်းတော် အားလုံးအတွက် ဖြစ်ကြောင်း ဆုံးဖြတ်ရန်ခက်ခဲသည်။ *Fee and Stuart's How to Read the Bible for All Its Worth*, pp. ၁၄–၁၉နှင့် ၆၉–၇၇) လွတ်လပ်မှုနှင့် တာဝန်ရှိမှုအကြောင်း ရောမ ၁၄း၁–၁၅း၁၃ နှင့် ၁ကော ၈–၁၀ တို့၌ ဆွေးနွေးချက်တို့အရေးကြီးသည်။ ဤမေးခွန်း အဖြေပေးရာ၌ အရေးကြီးအချက်နှင့် ရပ်ရှိသည်။

(၁) ယုံကြည်သူတိုင်းသည် မိမိတို့၌ရှိသော အလင်းအားဖြင့် သွားရန်ဖြစ်သည်။ ဘုရားသခင်သည် မိမိတို့၏ နှလုံးသားနှင့် မိမိတို့ ဘာ့ကြောင့်လုပ်သည်ဟူသောအရာကို ကြည့်သည်။

(၂) ယုံကြည်သူတိုင်းသည် အခြားသူများအား သူတို့၏ ယုံကြည်နားလည်မှုအားဖြင့် သွားခွင့်ပြုရပါမည်။ သမ္မာကျမ်းစာ၏ ကန့်သတ်မှုနယ်ပယ်အတွင်း သည်းခံခြင်းရှိရပါမည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို သူချစ်တော်မူသည့်အတိုင်း ကျွန်တော်တို့အချင်းချင်းကိုလည်း ချစ်စေလိုသည်။

င။ ဤအကြောင်းအရာ၏ အကျဉ်းချုပ်မှာ ခရစ်ယာန်သည် ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့် အသက်ရှင်ခြင်းဖြစ်ပြီး စုံလင်ပြည့်ဝသော ဓမ္မသဘောတရားတစ်ရပ်မဟုတ်ချေ။ အခြားသူများနှင့် ကျွန်တော်တို့၏ ဆက်ဆံရေးကို အကျိုးသက်ရောက်သည့် ဘုရားရှင်နှင့် ကျွန်တော်တို့၏ ဆက်ဆံရေးသည် တိကျသော အကြောင်းအရာတစ်ခု (ဝါ) အယူဝါဒထက်ပိုမိုအရေးပါသည်။

▣ **"ယုံကြည်ခြင်းအတိုင်းအတာကို လိုက်လျက်"** ၎င်းသည် ၃ငယ် ၃၌သည့် "ဘုရားသခင်သည် တစ်ယောက်စီအား ယုံကြည်ခြင်းအတိုင်းအဆတစ်ခုစီပေးသည့်အတိုင်း" ဆိုသည့်အချက်နှင့် တိုက်ရိုက်ဆက်သွယ်သည်။ (ဧဖက် ၄း၇)။ ၎င်းမှာ ယုံကြည်သူများသည် မိမိတို့ရရှိသည့် ဆုကျေးဇူးအား မည်သို့ အသုံးပြုရမည်ကိုပြောသော ပိုမိုကျယ်ပြန့်သည့် အကြောင်းအရာနှင့်လည်း ဆက်စပ်ရပါမည်။ အခြေခံအားဖြင့် ဂလ ၅း၂၂-၂၃၌ စာရင်းပြုစုထားသည့် ဝိညာဉ်တော် အသီးဖြစ်သော မိမိတို့တစ်ဦးချင်းအား ဘုရားသခင်ပေးသည့် အမှုတော်များ ဆောင်ရွက်ရာ၌ ယုံကြည်သူ၏ စိတ်နေသဘော၊ လုပ်ရခြင်းအကြောင်းရင်းနှင့် စွမ်းအားများအကြောင်းအား ပြောခြင်းဖြစ်သည်။

၁၂း၇
**NASB** **"အမှုဆောင်ရွက်ခြင်းဖြစ်ပါက"**
**NKJV, NRSV "သို့မဟုတ် အမှုဆောင်ရွက်ခြင်း၊ ၎င်းကို ငါတို့၏ အမှုဆောင်ရွက်ခြင်း၌ အသုံးပြုကြစို့"**
**TEV** **"အစေခံရန်ဖြစ်ပါက၊ ကျွန်တော်တို့ အစေခံခြင်းပြုရပါမည်"**
**NJB** **"အုပ်ချုပ်ခြင်းအတွက်ဖြစ်ပါက၊ ၎င်းကို အုပ်ချုပ်ခြင်းအတွက်သုံးပါ"**

ဂရိဝေါဟာရ (*diakonia*)အတွက် တိကျသော အင်္ဂလိပ်စကားလုံးမရှိသဖြင့် ခေတ်သစ်ဘာသာပြန်ကျမ်းများကွဲပြားရခြင်းဖြစ်သည်။ ဖြစ်နိုင်သော အဓိပ္ပါယ်မှာ (၁) လက်တွေ့ဆောင်ရွက်ခြင်းသို့မဟုတ် (၂) အုပ်ချုပ်ခြင်းဖြစ်သည်။ (တမန်တော် ၆း၁။ ၁ကော ၁၂း၅၊၂၈)။ Harold K Moulton ပြုစုသည့် *The Analitical Greek Lexicon Revised)* ရောမ ၁၂း၇။ ၁ကော ၁၂း၅။ ကော ၄း၁၇။ ၂တိ ၄း၅ တို့၌ "အလုပ်လုပ်ပုံ၊ အမှုတော်သို့မဟုတ်ရုံး" ဟု အဓိပ္ပါယ်ဖွင့်သည်။ (စာ-၉၂)။ ကျမ်းစကားအဆက်အစပ်အရ အဓိကစုးစိုက်ပြုသည်မှာ အခြားယုံကြည်သူများကို ကူညီခြင်းဖြစ်သည်။

▣ **"သွန်သင်သောသူများသည် ..... သွန်သင်ခြင်းပြုလျက်"**ဆုလက်ဆောင် (*didasko*) ကို ၁ကော ၁၂း၂၈နှင့် ၁၄း၂၆ တို့၌ စာရင်းပြုစုထားသည်။ ၎င်းသည် တမန်တော် ၁၃း၁က ပရောဖက်များ၊ ဧဖက် ၄း၁၁က သင်းအုပ်ဆရာများနှင့် ဆက်စပ်သည်။ ဤဆုကျေးဇူးရရှိသူများသည် အမျိုးမျိုးသော နည်းလမ်းများဖြင့် အလုပ်လုပ်နေကြကြောင်း ကနဦးအသင်းတော်သည် ရှင်းလင်းစွာမြင်ထားသည်။ ဟောပြောခြင်း ပရောဖက်ပြုခြင်း၊ ဧဝံဂေလိလုပ်ခြင်းနှင့် သွန်သင်ခြင်းအားလုံးတို့သည် ဧဝံဂေလိတရားကြော်ငြာခြင်းဖြစ်သော်လည်း၊ အထူးပြုမှုနှင့် နည်းလမ်းကွဲပြားသည်။

**၁၂း၈ "တိုက်တွန်းနှိုးဆော်သူများသည် ... တိုက်တွန်းနှိုးဆော်ခြင်းပြုလျက်"** ဤဝေါဟာရဖြစ်သော (*parakaleo*) သည် သွန်သင်ခြင်းနှင့် ဆက်စပ်သည်။ (၁တိ ၄း၁၃)။ ၎င်းမှာ သမ္မာတရားအား ဘဝအသက်တာ၌ ကျင့်သုံးတတ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ၎င်းပြင် ဧဖက် ၄း၁၅၊၁၆၌ "သမ္မာတရားကို မေတ္တာဖြင့် ပြောလျက်... ကိုယ်ခန္ဓာသည် မိမိကိုယ်မိမိမေတ္တာဖြင့် တည်ဆောက်လျက်..." တို့နှင့်လည်း ဆက်စပ်သည်။

▣ **"ပေးကမ်းသော သူသည် ရက်ရောစွာ ပေးကမ်းလျက်" အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။**

**အထူးအကြောင်းအရာ။ ။ ရက်ရောခြင်း / စိတ်ရင်းမှန်ခြင်း(*HAPLOTES*)**

ဤဝေါဟာရ (*haplotes*) ၌ "ရက်ရော" သို့မဟုတ် "စိတ်ရင်းမှန်" ဟူသော အဓိပ္ပါယ်ပွါးနှစ်ခုရှိသည်။ ၎င်းမှာ ရူပါရုံ (vision) နှင့် ဆက်စပ်သော တင်စားမှုဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် မျက်စိကို လှုပ်ရှားခြင်းအကြောင်းရင်းအား တင်စားခြင်းအဖြစ်နှစ်မျိုးသုံးသည်။

၁။ ဆိုးသော မျက်လုံး (ကပ်စေးနဲခြင်း။ တရားဟော ၁၅း၉။ သုတ္တံ ၂၃း၆။ ၂၈း၂၂။

၂။ ကောင်းသော မျက်လုံး (ရက်ရောခြင်း။ သုတ္တံ ၂၂း၉)

ယေရှုသည် ဤသုံးနှုန်းပုံကို လိုက်သည်။ (မဿဲ ၆း၂၂-၂၃။ ၂၀း၁၅) ပေါလုသည် ဤဝေါဟာရကို အဓိပ္ပါယ်နှစ်မျိုးဖြင့် သုံးသည်။

၁။ "ရိုးစင်းခြင်း" စိတ်ရင်းမှန်ခြင်း၊ စင်ကြယ်ခြင်း (၂ကော ၁း၁၂။ ၁၁း၃။ ဧဖက် ၆း၅။ ကော ၃း၂၂)

၂။ "ရက်ရောခြင်း" (ရောမ ၁၂း၈။ ၂ကော ၈း၂။ ၉း၁၁။ ၁၃)

▣ **"ခေါင်းဆောင်သော သူသည် ဖွဲလုံ့လဖြင့်"** ၎င်းသည် ခရစ်ယာန်ခေါင်းဆောင်မှုအား ရည်ညွှန်းသည်။

▣ **"ကရုဏာပြသူသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့်"** ၎င်းသည် လူနာများနှင့် မရှိဆင်းရဲသားများအား ကူညီမှုကို ရည်ညွှန်းသည်။ နှုတ်ကပတ်တော် ဟောပြောခြင်းနှင့် ယုံကြည်သူ အသိုင်းအဝိုင်း၏ လူမှုရေးကိစ္စများကို စိုးရိမ်ပူပန်မှုများအား ကွဲပြားခြားနားမှုမရှိစေရချေ။ ၎င်းတို့မှာ ဒင်္ဂါးပြားတစ်ပြား၏ နှစ်ဖက်သာလျှင်ဖြစ်သည်။ သို့သော် "လူမှုရေး ဧဝံဂေလိ တရား" ဟူ၍မရှိဘဲ "ဧဝံဂေလိတရား" သာလျှင်ရှိသည်။

## အငယ် ၁-၈ အတွက် ဆွေးနွေးခြင်းမေးခွန်းများ

၁။ သင်၏ ကိုယ်ခန္ဓာအား အသက်ရှင်သော ယဇ်ကောင်အဖြစ်ပေးလှူဆက်ကပ်ခြင်း၌ မည်သည့် အရာပါဝင်သနည်း?

၂။ ယုံကြည်သူတိုင်း၌ ဝိညာဉ်ဆုကျေးဇူးရှိပါသလား (၃-၈။ ၁ကော ၁၂း၇) သို့ဖြစ်လျှင် မိမိကြိုက်ရာကို ရွေးယူကြခြင်းလော့?

၃။ ဝိညာဉ်ဆုကျေးဇူးများ၏ ရည်ရွယ်ချက်မှာ အဘယ်နည်း?

၄။ သမ္မာကျမ်းစာ၌ ဝိညာဉ်ဆုကျေးဇူးများ အပြည့်အစုံပါသော စာရင်းရှိပါသလား?

၅။ လူတစ်ယောက်သည် မိမိရသော ဆုကျေးဇူးကို မည်သို့ ခွဲခြားသိရှိရသနည်း?

**အငယ်၉-၂၀ အား ကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ခြင်း**

က။ ဤကဏ္ဍကို "တစ်ဦးချင်းဆိုင်ရာ၊ ဆက်ဆံရေးအတွက် ခရစ်ယာန်လမ်းညွှန်ချက်များ" ဟူ၍ အကောင်းဆုံး ခေါင်းစဉ်တပ်နိုင်သည်။ ၎င်းမှာ ချစ်ခြင်းမေတ္တာနှင့် ဆိုင်သော လက်တွေ့ကျင့်သုံးခြင်းအကြောင်း ဆွေးနွေးမှုဖြစ်သည်။ (မဿဲ ၅-၇။ ၁ကော ၁၃။ ၁ယာ ၃း၁၈။ ၄း၇-၂၁)။

ခ။ ရောမအခန်းကြီး ၁၂သည် အကြောင်းအရာနှင့် တည်ဆောက်ပုံတို့၌ ၁ကောရိန္တု ၁၂-၁၃ နှင့် အလွန်ဆင်တူသည်။ ဝိညာဉ်ဆုကျေးဇူးအကြောင်း ဆွေးနွေးပြီးသည်နှင့် တပြိုင်နက်မာန်မာနအား သတိပေးခြင်းနှင့် ချစ်ခြင်းမေတ္တာအား အသက်ရှင်ခြင်းပုံစံတစ်ခုအဖြစ် ကျင့်သုံးခြင်းတို့ကို အလေးအနက်ပြုမှုများလိုက်ပါလာသည်။

ဂ။ ၎င်းကျမ်းပိုဒ်အတွင်းပါရှိသည်မှာ

၁။ အခြားခရစ်ယာန်များနှင့် ဆက်ဆံခြင်း (၁၂း၉-၁၃) ၎င်းအကြောင်း ၁၄း၁-၁၅း၁၃နှင့် ၁ကော ၈း၁၁။ ၁၀း၂၃-၃၃တို့၌ လည်း အသေးစိတ်ဆွေးနွေးသည်။

၂။ မယုံကြည်သူများသို့မဟုတ် ပို၍ ဖြစ်နိုင်သည်မှာ ပဋိပက္ခဖြစ်နေသော အခြားခရစ်ယာန်များနှင့် ဆက်ဆံရေး (၁၂း၁၄–၂၁) ဖြစ်သည်။ ဤကဏ္ဍသည် ယေရှု၏ တောင်ပေါ်ဒေသနာတော်အား ထင်ဟပ်သည်နှင့်တူသည်။ (မဿဲ ၅–၇)။

၃။ ဤအပိုင်း၏ စာပိုဒ်ခွဲပုံမှာ လွယ်လွယ်ကူကူပင်ဖြစ်သည်။ အကြောင်းမှာ ကဏ္ဍတစ်ခုနှင့်တစ်ခု ထပ်နေသည်။

ဃ။ ဤစာပိုဒ်၌ အသက်ရှင်ခြင်းပုံစံအတွက် တောက်လျှောက် ပညတ်ချက်များကြီးစိုးနေသည်။ (PRESENT IMPERATIVE ငယ် ၄ (သုံးခါ)၊ ၁၆၊ ၂၀ (နှစ်ခါ)၊ ၂၁ (နှစ်ခါ) နှင့် PRESENT ACTIVE PARTICIPLE အား IMPERATIVE သဘောဖြင့် အကြိမ်ပေါင်းတဆယ်ခုနှစ်ခါ) သုံးသည်။ ကယ်တင်ခြင်းဟူသည် ခရစ်တော်ပြီးစီးခဲ့သော အလုပ်နှင့် ဝိညာဉ်တော်၏ ပိုးပန်းမှုမှတဆင့် ဘုရားသခင်၏ ကျေးဇူးတော်ဆိုင်ရာ အခမဲ့လက်ဆောင်ဖြစ်သည်မှန်သော်လည်း ၎င်းကို တစ်ခါလက်ခံခဲ့ပြီဆိုလျှင် အရာခပ်သိမ်းကို ပေးဆပ်သော ဆက်ကပ်အပ်နှံခြင်းနှင့် အသက်ရှင်ခြင်း ပုံစံတစ်ခုဖြစ်သည်! ယေရှုကို "ကိုယ်တော်ရှင်" ဟုခေါ်ခြင်းမှာ တင်စားမှုတစ်မျိုးကားမဟုတ်ပါချေ (လုကာ ၆း၄၆)!

င။ ဤစာပိုဒ်သည်လည်း ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီးဖြစ်သောလုပ်ဆောင်မှုတစ်ခုအား ရပ်တန့်လိုက်ခြင်းအဓိပ္ပါယ်ရှိသော NEGATIVE PARTICLE ပါရှိသော IMPERATIVE အဓိပ္ပါယ်ဖြင့် သုံးသည့် PRESENT PARTICIPLE အတော်များများပါရှိသည်။ အငယ် ၁၄၊ ၁၆ (နှစ်ကြိမ်)၊ ၁၇၊၁၉ နှင့် ၂၁။ ခရစ်ယာန်တို့မှာ အကန့်အသတ်မဲ့အသက်ရှင်နေကြပြီဖြစ်သည်! အပြစ်ဟူသည် အမြင်တစ်မျိုးအားဖြင့် ဘုရားသခင်၏ ဆုကျေးဇူးများကို ဘုရားသခင်ပေးသည့် ကန့်သတ်မှုဘောင်အား ကျော်လွန်၍ ယူထားခြင်းဟု အဓိပ္ပါယ်သတ်မှတ်နိုင်သည်။

စ။ ခရစ်ယာန်ဟူသည် "ဖွင့်ထားသောအရာ" ဖြစ်ရပါမည်။ ဖွင့်ထားသော စိတ်နှလုံး၊ ဖွင့်ထားသောလက်၊ ဖွင့်ထားသောတံခါး (ယာကုပ် ၂)

## စကားလုံးနှင့် စကားစုလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၂း၉–၁၃**

**[9]ချစ်ခြင်းမေတ္တာသည် ဟန်ဆောင်ခြင်းနှင့် ကင်းစေ၊ ဆိုးသောအရာကို ရွံရှာကြလော့။ ကောင်းသောအရာ၌ တွယ်ကပ်ကြလော့။ [10]ညီအစ်ကို ချစ်ခြင်းမေတ္တာဖြင့် အချင်းချင်းချစ်အား ကြီးကြလော့။ ဂုဏ်ပြုရာ၌ အချင်းချင်းတို့အားပို၍ပြုကြလော့။ [11]ဖွဲ့လုံးလပြုရာ၌ နှောင့်နှေးကျန်ရှိခဲ့ခြင်းမရှိနှောင့်။ သခင်ဘုရားအား အစေခံရာ၌ စိတ်အားထက်သန်ကြလော့။ [12]မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဒုက္ခရောက်သည့်အခါ ဖွဲ့ရှိကြလော့။ ဆုတောင်းခြင်း၌ ဆက်ကပ်ကြလော့။ [13]သန့်ရှင်းသူများ၏ လိုအပ်မှုများကို ကူညီကြလော့။ ဧည့်သည်ဝတ်ကိုပြုကြလော့။**

**၁၂း၉ "ချစ်ခြင်းမေတ္တာသည် ဟန်ဆောင်ခြင်းနှင့် ကင်းစေ"** ဂရိလက်ရေးကျမ်း၌ စကားလုံးချင်း အဆက်အစပ် (asyndeton) မရှိခြင်းမှာ ဂရိအရပ်သုံးစကား Koine Greek ၌ မကြုံစဖူးဖြစ်သည်။ ၎င်းမှာ မဿဲ ၅ထဲက ကောင်းချီးမင်္ဂလာများ၏ ပေမြဲသဒ္ဒါသဘောထင်ဟပ်မှုဖြစ်နိုင်သည်။ ဤသဒ္ဒါဖွဲ့စည်းပုံသည် ဤစကားစု တစ်ခုစီမှာ တစ်ခုချင်းသီးသန့်ရပ်တည်သော သမ္မာတရားတစ်ခုစီအား အလေးအနက်ပြုခြင်းဖြစ်ပေမည်။

"ဟန်ဆောင် hypocrisy" ဟူသည် "မျက်နှာဖုံးစွပ်၍ စကားပြောခြင်း" ဟူသော ဇာတ်သဘင်သုံး ဝေါဟာရဖြစ်သည်။ ချစ်ခြင်းမေတ္တာအား ဟန်ဆောင်၍ဖြစ်စေ၊ အတုလုပ်၍ဖြစ်စေ မကစားရချေ။ (၂ကော ၆း၆)။ ချစ်ခြင်းမေတ္တာသည် ယုံကြည်သူများ၏ ကြင်အင်လက္ခဏာဖြစ်သည်။ (ယော ၁၃း၃၄–၃၅။ ၁၅း၁၂၊၁၇။ ၁ယော ၃း၁၁၊၁၈။ ၄း၇–၂၁)။ အကြောင်းမှာ ၎င်းသည် ဘုရားသခင်၏ ကြင်အင်လက္ခဏာဖြစ်သောကြောင့်တည်း။

▣ **"ဆိုးသောအရာကို ရွံရှာကြလော့"** ၎င်းမှာ IMPERATIVE သဘောဖြင့် သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ ယုံကြည်သူများသည် ဆိုးသွမ်းမှုကို အံ့ဩကာ၊ ၎င်းကို ဆန့်ကျင်တော်လွန်ကြရန်လိုသည်။ (၁သက် ၅း၂၁–၂၂)။ မိမိတို့၏ အသက်တာအား တိုက်ရိုက်ထိခိုက်သော အကျိုးဆက်များကို သာလျှင် ကျွန်တော်တို့ အံ့အားသင့်လေ့ရှိကြသည်။

▣

**NASB, NKJV** **"ကောင်းသောအရာ၌ တွယ်ကပ်ကြလော့။"**
**NRSV** **" ကောင်သောအရာကို မြဲမြဲဆုပ်ကိုင်ကြလော့။"**
**TEV** **" ကောင်းသောအရာကို ဆက်လက်စွဲကိုင်ကြလော့။"**
**NJB** **"ကောင်းသောအရာ၌ ကပ်နေကြလော့။"**

၎င်းမှာ PRESENT PASSIVE (သို့သော် MIDDLE သဘောဖြင့် သုံးသည့် PARTICIPLE ဖြစ်ပြီး IMPERATIVE ဖြင့် သုံးသည့် "ကော်ဖြင့်ကပ်သည်" ဟု ဆိုလိုသည်။ (LXX ၏ ကမ္ဘာ ၂း၂၄။ တမန် ၈း၂၉ နှင့် ဖိလိပ္ပိ ၄း၈။ ၁သက် ၅း၂၁–၂၂ တို့၌လည် အလားတူသုံးသည်။) ဗွဲလုံ့လနှင့်စွဲမြဲခြင်းလိုအပ်မှုများကို မှတ်သားပါ!

၁၂း၁၀
**NASB "ညီအစ်ကိုမေတ္တာဖြင့် အချင်းချင်းချစ်အားကြီးကြလော့။"**
**NKJV "ညီအစ်ကိုမေတ္တာဖြင့် အချင်းချင်းချစ်ခင်ကြင်နာကြလော့။"**
**NRSV "အပြန်အလှန်အချစ်ဖြင့် အချင်းချင်းချစ်ကြလော့။"**
**TEV "ခရစ်ယာန်များအနေဖြင့် အချင်းချင်းနွေးထွေးစွာချစ်လော့။"**
**NJB "ညီအစ်ကိုများ၌ ပြုရမည့်အတိုင်း၊ တတ်နိုင်သမျှတစ်ယောက်ကိုတစ်ယောက်ချစ်ကြလော့။"**

၎င်းမှာ "ညီအစ်ကိုမေတ္တာ" နှင့် "မိသားစုမေတ္တာ" နှစ်ခုပေါင်းစပ်သော ဂရိဝေါဟာရ (phileo + storge) ဖြစ်ပြီး ဓမ္မသစ်ကျမ်းတွင် ဤနေရာ၌သာသုံးသည်။ ကျွန်ုပ်တို့အချင်းချင်းချစ်ကြရမည်ဟု ပညတ်ထားသည် (၁သက် ၄း၉)။

၎င်းမှာ ဂရိဝါကျများ၌ အလေးအနက်ပြုရန် ပထမဆုံးသည့်သွင်းအသုံးပြုသည့် ပထမဆုံး dative တွဲများဖြစ်သည်။

▣
**NASB "ဂုဏ်ပြုရာ၌ အချင်းချင်းတို့အား ပို၍ပြုကြလော့။"**
**NRJV "ဂုဏ်ပြုရာ၌ အချင်းချင်းတို့အား ပို၍ ပေးကြလော့။"**
**NRSV "ဂုဏ်ပြုရာ၌ အချင်းချင်းပေးကြလော့။"**
**TEV "အချင်းချင်းရှိသေလေးစားမှုပြသရန် စိတ်အားသန်ကြလော့။"**
**NJB "အချင်းချင်းလေးနက်စွာ ရိုသေလေးစားကြလော့။"**

၎င်းမှာ IMPERATIVE သဘောဖြင့် သုံးသော PRESENT MIDDLE (*deponent*) PARTICIPLE ဖြစ်သည်။ ယုံကြည်သူများသည် မိမိနှင့် ပဋိညာဉ်ခံဖော်၊ ခံဘက်ဖြစ်သော အခြားသူများကို မိမိထက်ပို၍ အရေးကြီးသူများ အဖြစ်ပြုမှုဆက်ဆံရပါမည်။ (ဖေက် ၄း၂။ ဖိ၂း၃)

၁၂း၁၁
**NASB "ဖွဲလုံ့လပြုရာ၌ နှောင်းနှေးကျန်ခဲ့ခြင်းမရှိကြနှင့်။"**
**NRJV "ဖွဲလုံ့လပြုရာ၌ မနှောင့်နှေးကြနှင့်။"**

**NRSV “ စိတ်အားကြီးရာ၌ မဖင့်နွှဲကြနှင့်။”**
**TEV “အလုပ်ကြိုးစား၍ မပျင်းရိကြနှင့်။”**
**NJB “မနားမနေအားဟုတ်လျက် သခင်ဘုရားအတွက် အလုပ်လုပ်ကြလော့။”**
**စစ်မှန်သောမေတ္တာသည် ကြီးမားသောစွမ်းအားဖြစ်ပေါ်စေသည်။ (ဂလ ၆း၉)။**

▣
**NASB, NKJV “စိတ်အားထက်သန်ကြလော့။”**
**NRSV “စိတ်ဓာတ်ပြင်းပြကြလော့။”**
**TEV “အပြည့်အဝဆက်ကပ်သော စိတ်နှလုံးဖြင့်။”**
**NJB “ကြီးမားသော နှိုးကြားသည့် စိတ်ဖြင့်။”**

ၚင်းမှာ IMPERATIVE သဘောဖြင့်သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ အဓိပ္ပါယ်မှာ “ဆူပွက်သည်” ဟူ၍ဖြစ်၏။ ၎င်းသည် အသစ်မွေးဖွားသော လူ၏ ဝိညာဉ် (ဝါ) အထဲ၌ ကျိန်းဝပ်သော ဝိညာဉ်တော်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (RSV. တမန်တော် ၁၈း၂၅။ ဗျာ ၃း၁၅–၁၆)။

▣ **“သခင်ဘုရားအား အစေခံရာ၌”** ၎င်းမှာ IMPERATIVE ဖြင့် သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ မူကွဲလက်ရေးကျမ်းတစ်ကျမ်းရှိသည်။ တချို့ဂရိလက်ရေးကျမ်းဖြစ်သော အနောက်တိုင်းအုပ်စုများ (MSS D, F နှင့် G) တို့၌ “သခင်ဘုရား (*kurios*) အစား” အချိန်မီ အချိန်၌ (*kairos*) ဟူ၍ ပါရှိသည်။ အခွင့်ကောင်းကြုံသည့်အတိုင်း သခင်ဘုရားနှင့် သူ၏ အသင်းတော်အား အစေခံခြင်းကို အလေးအနက်ပြုလိုခြင်းဖြစ်ပေမည်။ (ယောဟန် ၉း၄။ ဖေက် ၅း၁၆)။

ဖြစ်နိုင်ချေ အရှိဆုံးမှာ kurious ကို နားလည်မှုလွဲမှားခြင်း (ဝါ) အမှားဖတ်မိခြင်း၊ ရေးမိခြင်း ဖြစ်ပေမည်။ အဟောင်းဆုံးဂရိလက်ရေးကျမ်းများဖြစ်သည့် P[46], Aleph, B တို့၌ “သခင်ဘုရားအား အစေခံရာ၌” ဟုပါရှိသည်။ UBS သည် “သခင်ဘုရား” အား “သေချာ” (A) အဆင့်သတ်မှတ်ချက်။

**၁၂း၁၂ “မျှော်လင့်လျက်ဝမ်းမြောက်ကြလော့”** ၎င်းမှာ IMPERATIVE အဖြစ်သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ (၅း၂)

“မျှော်လင့်” ဟူသော ဝေါဟာရကို ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်းနှင့် ဆက်စပ်၍ သုံးလေ့ရှိသည်။ (၅း၂။ ၈း၂၄။ ၁၅း၁၃။ ၁သက် ၅း၈) ၎င်းမှာ အင်္ဂလိပ်စကားလုံးမှာ ကဲ့သို့ စိတ်ဆန္ဒသဘောမျှသာဖြစ်သော မြော်လင့်ခြင်းမျိုးမဟုတ်ဘဲ၊ ဓမ္မသစ်ကျမ်း၏ အဓိပ္ပါယ်မှာ သေချာသောအဖြစ်အပျက်ဖြစ်ပြီး၊ အချိန်ကာလမှာ မူ အတိအကျနားမလည်ရချေ။ ၄း၁၈ နှင့် ၅း၂ တို့၏ မှတ်စုများ၌ အပြည့်အစုံကြည့်ပါ။

▣ **“ဖွဲ့ရှိကြလော့”** ၎င်းမှာ IMPERATIVE ဖြင့်သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ ဤဝေါဟာရ၏ အဓိပ္ပါယ်မှာ “လွတ်လပ်သော၊ စေတနာနှင့်ပြုသော၊ ကြာရှည်ခံသော မြဲမြံခြင်း” ဟူ၍ဖြစ်သည်။

▣ **“ဒုက္ခရောက်သည့်အခါ”** ၅း၃၅ မှာနည်းတူ “မြော်လင့်ခြင်း”ကို ဒုက္ခခံခြင်း (*thlipsis*) နှင့် ဆက်စပ်သည်။ ၎င်းမှာ ကျဆင်းသော လောကထဲရစ်တော်နောက်လိုက်သူများအတွက် စံချိန်ဖြစ်သည်။ (မဿဲ ၅း၁၀–၁၂။ ယော၁၆း၁–၃။ ၁၇း၁၄၊ တမန်တော် ၁၄း၂၂။ ရောမ ၅း၃–၄။ ၈း၁၇။ ၂ကော ၄း၁၆–၁၈။ ၁၆း၃–၁၀။ ၁၁း၂၃–၃၀။ ဖိ ၁း၂၉။ ၁သက် ၃း၃။ ၂တိ ၃း၁၂။ ယာကုပ် ၁း၂–၄။ ၁ပေ ၄း၁၂–၁၆)။ ၎င်းကို တကူးတက ရှာဖွေရန်မဟုတ်သည်နည်းတူ ရှောင်ရှားရန်လည်းမဟုတ်ချေ! “အထူးအကြောင်းအရာ” ဒုက္ခဆင်းရဲ–၅း၃၌ ကြည့်ပါ။

▣ **"ဆုတောင်းခြင်း၌ ဆက်ကပ်ကြလော့"** ၎င်းမှာ IMPERATIVE အဖြစ်သုံးသော PRESENT ACTIVE PARTICLE တစ်ခုဖြစ်သည်။ ဆုတောင်းခြင်းသည် ဝိညာဉ်ရေးရာ စည်းကမ်းချက်တစ်နှင့် ကမ္ဘာ့သမိုင်း၌ ဘုရားသခင်၏ တန်ခိုးတော်လုပ်ဆောင်မှုကို သိရှိစေသော လက်ဆောင်တစ်ခုဖြစ်သည်။ယုံကြည်သူများသည် ချစ်တော်မူသူ ကောင်းကင်ဘုံရှင်အဖကို တို့ထိမှုပြုနိုင်ကြပါသည်။ ဘုရားသခင်သည် မိမိကလေးများ၏ ဆုတောင်းမှုများအဖြေပေးရန် အတွက် မိမိကိုယ်မိမိ ကန့်သတ်ခြင်းပြုသည်။ (တမန်တော် ၁း၁၄။ ၂း၄၂။ ၆း၄။ ဧဖက် ၆း၁၈–၁၉။ ကောလ၄း၂)။ ၎င်းသည် ဆုတောင်းခြင်းအား စိုးရိမ်ပူပန်ဘွယ်ရာတာဝန် ဝတ္တရား ဖြစ်သွားစေသည်။ Clinton Arnold ရေးသော *Three Crucial Questions About Spritual Warfare*, pp. 43-44, 187-188 ၌ကြည့်ပါ။

၁၂း၁၃

**NASB, NRSV "သန့်ရှင်းသူများ၏ လိုအပ်မှုများကို ကူညီကြလော့"**

**NKJV "သန့်ရှင်းသူများ၏ လိုအပ်မှုများကို ပေးကမ်းကြလော့"**

**TEV "မိမိ၏ ခရစ်ယာန်အပေါင်းအဖော်များအား သင်၌ ရှိသောအရာများ ပေးဝေပါ"**

**NJB "ချို့တဲ့သော ဘုရားသခင်၏ သန့်ရှင်းသူ မည်သူမဆိုပေးဝေပါ"**

ဂရိကြိယာ *koinoneo* သည် "အပေါင်းအသင်းပြုသည်" ဟုအဓိပ္ပါယ်ရှိသည်။ ဤဝေါဟာရသည် ပေါလုအတွက် အဓိပ္ပါယ်ကျယ်ပြန့်သည်။ ၎င်းသည် ဧဝံဂေလိတရားမှာနည်းတူ ပစ္စည်းဥစ္စာလိုအပ်မှု၌ အပေါင်းအသင်း ဖြစ်ခြင်း နှစ်မျိုးစလုံးကိုဆိုလိုသည်။ (ဂလ ၆း၆)။ ၎င်းသည် ခရစ်တော်၏ ဒုက္ခဆင်းရဲနှင့် (ဖိ၃း၈–၁၀။ ၁ပေ ၄း၁၃) ပေါလု၏ ဒုက္ခဆင်းရဲတို့အား ဝေမျှခြင်းအတွက်ပင်သုံးသည်။ (ဖိ ၄း၁၄)။ ခရစ်တော်နှင့် ပေါင်းဖက်ခြင်းဟူသည် သူ့လူများနှင့် အဆင့်တိုင်း၌ ပေါင်းဖော်ခြင်းမည်ပေသည်။ အထူးအကြောင်းအရာ။ ။ သန့်ရှင်းသူများ –၁း၇၌ ကြည့်ပါ။

၎င်းမှာ IMPREATIVE သဘောဖြင့်သုံးသော PARTICIPLE တစ်ခုဖြစ်သည်။ (သုတ္တံ ၃း၂၇။ ဂလ ၆း၁၀)။ ယုံကြည်သူများသည် ယေရှု၏ နာမတော်အားဖြင့် အခြားသူများအတွက်ပို၍ များများရှိစေရန် အလုပ်ကြိုးစားကြဖို့ ဖြစ်သည်။ (၂ ကော၈း၁၁–၁၂။ ဧဖက် ၄း၂၈)။

**အထူးအကြောင်းအရာ။ ။ *KOINŌNIA***

"မိသဟာရ" ဤဝေါဟာရ(*koinonia*) ၏အဓိပ္ပါယ်မှာ

၁။ လူပုဂ္ဂိုလ်နှင့်နီးကပ်စွာ သက်ဆိုင်သည်။

(က) သားတော်နှင့် (၁ယော ၁း၆၊ ၁ကော ၁း၉)

(ခ) ဝိညာဉ်တော်နှင့် (၂ကော ၁၃း၁၃၊ ဖိလိပ္ပိ ၂း၁)

(ဂ) ခမည်းတော်၊ သားတော်နှင့် (၁ယော ၁း၃)

(ဃ) ပဋိဉာဉ်ခံဝင်အခြားညီအစ်ကို မောင်နှမများနှင့်။ (၁ယော ၁း၇၊ တမန်၂း၄၂၊ ဂလာ၂း၉၊ ဖိလေ၁၇)

၂။ အရာဝတ္ထုများ သို့မဟုတ် အရာဝတ္ထုအုပ်စုများနှင့် နီးကပ်စွာသက်ဆိုင်သည်။

(က) ဧဝံဂေလိသတင်းကောင်းနှင့် (ဖိလိပ္ပိ ၁း၅၊ ဖိလိမုန်၆)

(ခ) ခရစ်တော်၏ အသွေးတော်နှင့် (၁ကော ၁၀း၁၆)

(ဂ) မှောင်မိုက်နှင့် မသက်ဆိုင် (၂ကော ၆း၁၄)

(ဃ) ဒုက္ခဆင်းရဲနှင့် (ဖိလိပ္ပိ ၃း၁၀၊ ၄း၁၄၊ ၁ပေ ၄း၁၃)

၃။ ရက်ရောစွာပြုသော လက်ဆောင်သို့မဟုတ် အကူအညီ။ (ရောမ ၁၂း၁၃၊ ၁၅း၂၆၊ ၂ကော ၈း၄၊ ၉း၁၃၊ ဖိလိပ္ပိ ၄း၁၅၊ ဟေဗြဲ ၁၃း၁၆)

၄။ လူသားနှင့် ဘုရားသခင်၊ လူသားနှင့် သူ၏ညီအစ်ကို မောင်နှမများ အကြား မိဿဟာယ ပြန်လည် ဖော်ဆောင်သော ခရစ်တော်မှတဆင့် ဘုရားသခင်၏ ကျေးဇူးတော်လက်ဆောင်

၎င်းသည် လူသား၏ ဒေါင်လိုက်ဆက်ဆံရေး (လူသားနှင့်ဖန်ဆင်းရှင်)အားဖြင့် ဖြစ်လာသော အလျားလိုက် ဆက်ဆံရေးကို (လူသားအချင်းအချင်း) ကို ပြောသည်။ ထို့ပြင် ခရစ်ယာန် လူ့အဖွဲ့အစည်းအတွက် လိုအပ်ချက်နှင့် ဝမ်းမြောက်မှုအတွက်ကိုလည်း အလေးအနက်ပြုသည်။ ကြိယာများက လူ့အဖွဲ့အစည်းအတွင်း ဤအချက်အား

စတင်ခံစားခြင်းနှင့် ဆက်လက်တွေ့ကြုံခံစားသွားခြင်းကို အထူးပြုသည်။ (၁း၃) (နှစ်ခါ) ၆၊၇)။ ခရစ်ယာန်ဆိုသည်မှာ အစုအပေါင်းနှင့်ဖြစ်သည်။

▣ **"ဧည့်သည်ဝတ်ကိုပြုလျက်"** ၎င်းမှာ IMPERATIVE သဘောနှင့် သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ အဓိပ္ပါယ်အတိအကျမှာ "ဧည့်သည်ဝတ်ပြုခြင်းကို မှီအောင်လိုက်လျက်" ဟူ၍ဖြစ်သည်။ (၁၄း၁၉၊ ၁တိ ၃း၂၊ တိတု၁း၈၊ ဟေဗြဲ ၁၃း၂၊ ၁ပေ ၄း၉တို့၏ မှတ်ချက်၌ကြည့်ပါ။ ကနဦးအသင်းတော်၌ ဤကိစ္စလွန်စွာ အရေးကြီးရခြင်းမှာ "တည်းခိုခန်းများ" ဆိုးရွားလှသောကြောင့် ဖြစ်သည်။ ၎င်း၏ အဓိကရည်ညွှန်းချက်မှာ ခရီးလှည့်လည်သွားသော ခရစ်ယာန်အမှုတော်ဆောင်များအား ဧည့်ခံကျွေးမွေးခြင်း ဖြစ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၂း၁၄–၂၁

**[၁၄]သင့်ကို ညှဥ်းဆဲသောသူများကို ကောင်းကြီးပေးပါသည့်။ ကျိန်ဆဲခြင်းမပို့ဘဲ မေတ္တာပို့ပါ။ [၁၅]ဝမ်းသာသော**
**သူများနှင့် အတူဝမ်းသာ၍၊ ငိုကြွေးသူများနှင့် ငိုကြွေးပါ။ [၁၆]အချင်းချင်းအပေါ် စိတ်သဘောထားညီညွတ်စေပါ။**
**စိတ်နှလုံးဝါကြွားခြင်းမရှိဘဲ နှိမ့်ချသော သူများနှင့်အပေါင်းအသင်းပြုပါ။ ပညာရှိသည်ဟု မိမိကိုယ်မိမိ မထင်မှတ်နှင့်။**
**[၁၇]မည်သူ့ကိုမျှအဆိုးကို အဆိုးဖြင့် မည်သည့်အခါမျှမတုံ့ပြန်နှင့်။ လူအားလုံးအမြင်၌ မှန်သောအရာကို စဉ်းစားပါ။**
**[၁၈]ဖြစ်နိုင်ပါက မိမိတတ်နိုင်သမျှ လူအားလုံးနှင့် ငြိမ်းချမ်းစွာနေပါ။ [၁၉]မိမိကိုယ်မိမိ လက်တုံ့ပြန်ခြင်းမည်သည်အခါ၌မျှ**
**မပြုပါနှင့်။ ချစ်သူတို့ အမျက်တော်အတွက် နေရာပေးကြလော့။ အကြောင်းအရာမူကား သမ္မာကျမ်းစာ၌ ရေးသားသည်မှာ**
**လက်တုံ့ပြန်ခြင်းသည် ငါနှင့်ဆိုင်၏။ ငါပြန်လည်ပေးဆပ်မည်ဟူ၍ဖြစ်၏။ [၂၀]သို့သော် သင်၏ရန်သူဆာလောင်ပါက**
**အစာကျွေးကာ၊ ရေငတ်ပါက သောက်စရာပေးလော့။ အကြောင်းမူကား ထိုသို့ပြုခြင်းသည် သူ၏ ခေါင်းပေါ်၌**
**မီးတောက်သော မီးသွေးများ ပုံထားခြင်းဖြစ်လိမ့်မည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ [၂၁]ဆိုးသွမ်းမှု၏ အနိုင်ယူခြင်းကို**
**မခံဘဲ အဆိုးကို အကောင်းဖြင့်နိုင်ပါ။**

**၁၂း၁၄ "သင့်ကို ညှင်းဆဲသော သူများကို ကောင်းကြီးပေးပါ"** ၎င်းသည် ဤအငယ်၌ နှစ်ခါသုံးသော PRESENT ACTIVE IMPERATIVE ဖြစ်သည်။ "အထူးချီးကျူးစကား" eulogy ဟူသောစကားသည် ဤဝေါဟာရမှ ဆင်းသက်ခြင်း ဖြစ်ပြီး ၎င်းမှတဆင့် " bless ကောင်းကြီးပေးသည်/မေတ္တာပို့သည်" ဖြစ်လာ၏။ (မဿဲ၅း၄၄၊ လုကာ ၆း၂၈။ ၁ကော ၄း၁၂၊ ယာကုပ် ၃း၉–၁၂၊ ၁ပေ ၃း၉)။ $P^{46}$ (The Chester Beattry Papyri) နှင့်လက်ရေး ကျမ်း B (Vaticanus) တို့၌ "သင်တို့" စကားလုံးကို ချန်ထားကာ ဤဖော်ပြချက်၌ အခြားသူများပါဝင်စေသည်။ သို့မဟုတ် ၎င်းကို အခြားနည်းလမ်းဖြင့် ဖော်ပြပြီး ပို၍ခြုံငုံသော ဖော်ပြမှုတစ်ခုဖြစ်စေသည်။ "ညှင်းဆဲ" ဆိုသောစကားလုံး အတွက် ၁၄း၁၉၏ မှတ်ချက်၌ကြည့်ပါ။

▣ **"မကျိန်ဆဲဘဲ"** ၎င်းမှာ ဆက်လက်ခဲ့ပြီဖြစ်သော လုပ်ဆောင်မှု တစ်ခုအား ရပ်တန့်စေသည်ဟူသော အဓိပ္ပါယ်ရှိသည်။ NEGATIVE PARTICLE ပါသော PRESENT MIDDLE (deponent) IMPERATIVE ဖြစ်သည်။ ၎င်းသည် ပြန်လည်ကလဲ့စားချေပေးရန် ဘုရားသခင်၏ နာမတော်ကို ခေါ်ကာ ဆုတောင်းခြင်းအား ရည်ညွှန်းသည်။ (၁ကော၁၂း၃၌ ရှိသော ကျိန်ဆဲခြင်းများနှင့် ဆင်တူသည်။) ၎င်းသည် ညစ်ညမ်းစေခြင်း သဘောမဟုတ်ချေ။ (ဇဖက် ၄း၂၉၊ ၁ပေ ၃း၉)။

**၁၅း၁၅ "ဝမ်းမြောက်သော သူများနှင့်အတူ ဝမ်မြောက်၍ ငိုကြွေးသောသူများနှင့် အတူငိုကြွေးပါ"** ဤ PRESENT INFINITIVES နှစ်ခုကို IMPERATIVE သဘောဖြင့်သုံးသည်။ ခရစ်ယာန်တို့သည် မိသားစုတစ်ခုဖြစ်သည်။ ယုံကြည်သူများမှာ ပြိုင်ဘက်များမဟုတ်ဘဲ အချင်းချင်း မိသားစု မေတ္တာဖြင့် ဆက်ဆံပြုမူရမည့်သူများဖြစ်သည်။ သို့သော် ယဉ်ကျေးမှု အစဉ်အလာကောင်းများ သို့မဟုတ် အခြေအနေများအား သတင်းကောင်း ပြန့်နှံ့စေရန် အခွင့်ကောင်းများအဖြစ် မယုံကြည်သူအသိုင်းအဝိုင်း အပေါ် ယုံကြည်သူများ၏ တာဝန်ကို ရည်ညွှန်ခြင်း ဖြစ်နိုင်ကြောင်း အငယ်၁၄ မှ ၂၁၏ သဘောအရ တွေ့နိုင်ပါသည်။

၁၂း ၂၆

**NASB, NKJV "တယောက်အပေါ် တစ်ယောက်စိတ်သဘောထား ညီညွတ်ပါစေ"**

**NRSV "တယောက်နှင့်တစ်ယောက် ညီညွတ်စွာ နေကြလော့။"**

**TEV "လူတိုင်းအား ညီတူညီမျှ ဂရုစိုက်ပါ။"**

**NJB "လူတိုင်းကို ညီမျှသော သနားကြင်နာမှုဖြင့် ဆက်ဆံပါ။"**

ဋင်းမှာ IMPERATIVE သဘောဖြင့် ဆုံးသော PRESENT ACTIVE PARTICIPEL ဖြစ်သည်။ (၁၅း၅၊ ၂ကော ၁၃း၁၁၊ ဖိလိပ္ပိ ၂း၂)။ အငယ် ၁၆ကို အောက်ပါ ပဋိပက္ခ များနှင့်ဆိုင်၍ရှုမြင်ခြင်းဖြစ်သည်။

၁။ ရောမအသင်းတော်အထဲ ယုံကြည်သူ ဂျူးနှင့် ယုံကြည်သူ တပါးအမျိုးသားများ (၁၁း၁၃–၂၄)

၂။ အသက်ကြီးသူများနှင့် စီးပွါးရေး အဆင့်အတန်းတန်းချင်းအကြား

၃။ ဝိညာဉ်ဆုကျေးဇူးကွဲပြားခြားနားခြင်းအပေါ်

၄။ မျိုးဦးဆိုင်ရာ ထုံးတမ်းအစဉ်အလာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ မျက်နှာကိုကိုက်မှုများ

▣ **"စိတ်နှလုံးဝါကြွားခြင်းမရှိဘဲ နှိမ့်ချသော သူများနှင့် အပေါင်းအသင်းပြုပါ။"** ဋင်းမှာ ဆက်လက်များနေခဲ့ပြီဖြစ်သော လုပ်ဆောင်မှုတစ်ခုအား ရပ်ကန့်စေသည်ဟု အဓိပ္ပါယ်ရသော NEGATIVE PARTICLE ပါဝင်သည် PRESENT ACTIVE PARTICIPLE ဖြစ်သည်။ "နှိမ့်ချသူ" ဟူသော ဝေါဟာရသည် အဖို သို့မဟုတ် အမလိင် မဟုတ်သောကြားနေလိင်ဖြစ်နိုင်သည်။ အဖိုအမမဟုတ်သော လိင်ဖြစ်ပါက ဘာသာပြန်ရာတွင် "နှိမ့်ချသော တာဝန်များကို လက်ခံပါ" ဟု ဆိုရမည်ဖြစ်ကာ အဖိုလိင်ဖြစ်ပါက "ဆင်းရဲသော သို့မဟု နှိမ့်ချသောသူများကို အပေါင်းအသင်းပြုပါ" ဟုဆိုရမည်ဖြစ်သည်။

▣ **"ပညာရှိသည်ဟု မိမိကိုယ်မိမိမထင်မှတ်ပါနဲ့"** ဋင်းမှာ ဆက်လက်ခဲ့ပြီဖြစ်သော အပြုအမူတစ်ခုကို ရပ်တန့်စေသည်ဟု အဓိပ္ပါယ်ရှိသော NEGATIVE PARTICLE ပါဝင်သည့် NEGATIVE PARTICLE DEPONENT ဖြစ်သည်။ (သုတ္တံ ၃း၇ ဟေရှာ ၅း၂၁၊ ၁ကော ၁၀း၁၂၊ ဂလ ၆း၃)။ ယုံကြည်သူများသည် အချင်းချင်းအား အပေါ်စီး၍ ဆက်ဆံခြင်းဖြစ်စေ၊ မယုံကြည်သူ အသိုင်းအဝိုင်းအား မာနဖြင့် ဖြစ်စေမဆက်ဆံရချေ။

**၁၂း၁၇ "မည်သူကိုမျှ အဆိုးကို အဆိုးဖြင့် မည်သည့် အခါ၌မျှ မတုံ့ပြန်နှင့်။"** ဋင်းသည် ဆက်လက်ခဲ့ပြီဖြစ်သော အပြုအမူတစ်ခုကို ရပ်တန့်စေသည်ဟု အဓိပ္ပါယ်ရှိသော NEGATIVE PARTICLE ပါဝင်သည် IMPERATIVE ဘောဖြင့် ဆုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ အကြောင်းချင်းရာတို့အား တည့်မတ်လာစေရန်မှာ ယုံကြည်သူများမဟုတ်ဘဲ ဘုရားသခင်အား လုပ်ဆောင်စေရန်ဖြစ်သည်။ (သုတ္တံ ၂၀း၂၂၊ ၂၄း၂၉၊ မဿဲ ၅း၃၈–၄၈၊ လုကာ ၆း၂၇၊ ၁သက် ၅း၁၅၊ ၁ပေ ၃း၉)

▣ **"လူအားလုံး အမြင်၌ မှန်သော အရာကို စဉ်းစားပါ။"** ဋင်းမှာ IMPERATIVE သဘောဖြင့် သုံး သော PRESENT MIDDLE PARTIVIPLE ဖြစ်သည်။ (၂ကော ၈း၂၁၊ ၁သက် ၅း၂၂။ ၁တိ ၃း၇) ဋင်းမှာ ဂရိဓမ္မဟောင်းကျမ်း (LXX) ၏ သုတ္တံ ၃း၄ အား ရည်ညွှန်းခြင်းဖြစ်သည်။ ယုံကြည်သူများသည် မယုံကြည်သူများအား ဧဝံဂေလိလုပ်ရန် ဟူသော အမြင်ဖြင့် အသက်ရှင်ကြသည်။ ကျွန်ုပ်တို့သည် မယုံကြည်သူတစ်ယောက်အား လဲစေနိုင်သော၊ သို့မဟုတ်

စိမ်းကားသွားစေမည့် အရာတစ်ခုမျှ အလုပ်ရချေ။ (၁ကော ၉း၁၉–၂၃) မိမိတို့၏ အနက်ရှိုင်းဆုံး ဝန်တာရှိမှုများကိုပင် ချစ်ခြင်းမေတ္တာပေါ်လွင်စေသော နည်းလမ်းများဖြင့် ဖော်ပြရန်ဖြစ်သည်။

**၁၂း၁၈ "ဖြစ်နိုင်ပါက မိမိတတ်နိုင်သမျှ လူအားလုံးနှင့် ငြိမ်သက်စွာ နေပါ"** ၎င်းမှာ စာရေးသူအမြဲ့ မှန်သည်ဟု မှတ်ယူသော အရာ၊ သို့မဟုတ် သူ၏ စာရေးဟန်ဖြစ်သော ပထမတန်းစား ချွင်းချက် ပါဝါကျမျိုးဖြစ်သည်။ ၎င်းကို PRESENT ACTIVE PARTICIPLE တစ်ခုလိုက်လာကာ IMPERATIVE သဘောဖြင့် သုံးခြင်းဖြစ်သည်။ ၎င်းမှာ ယုံကြည်သူ၏ စိတ်ကြိုက်ရွေးချယ်ခြင်းမဟုတ်သော်လည်း ဖြစ်နိုင်သော အရာဖြစ်ကြောင်း သဒ္ဒါအသုံးအနှုန်းဖြင့် ဖော်ပြသည်။ (မာကု ၉း၅၀၊ ၂ကော ၁၃း၁၁၊ ၁သက် ၅း၁၃)

**၁၂း၁၉ "မိမိကိုယ် မိမိလက်တုံးပြန်ခြင်း မည်သည့်အခါ၌မျှ မပြုနှင့်။"** ၎င်းမှာ ဆက်လက်ခဲ့ပြီးဖြစ်သော အပြုအမူတစ်ခုကို ရပ်တံ့စေသည်ဟု အဓိပ္ပါယ်ရှိသော NEGATIVE PARTICLE ပါဝင်သည် IMPERATIVE သဘောဖြင့် သုံးသော PRESENT ACTIVE PARTICIPLE ဖြစ်သည်။ ထိုကိစ္စကို တနေ့သောအခါ ဘုရားသခင် တည့်မတ်စေလိမ့်မည်ဖြစ်သည်။ (ဝတ်ပြု ၁၉း၁၈၊ တရား ၃၂း၃၅၊ ဟေဗြဲ ၁၀း၃၀)

▣ **"သမ္မာကျမ်းစာ၌ ရေးသည်မှာ"** ၎င်းမှာ အရှေ့အလယ်ပိုင်စာပေ၏ အတွဲလိုက်လိုက်သုံးသော စကားလုံး (အီဒီယံ) အသုံးအနှုန်း တစ်မျိုးဖြစ်သည့် PERFECT PASSIVE INDICTIVE ဖြစ်ကာ၊ ဝိညာဉ်တော်မှုတ်သွင်း၍ ရေးသော သမ္မာကျမ်းစာကို ရည်ညွှန်းသည်။ ဝိညာဉ်တော်မှုတ်သွင်းခြင်းဆိုင်ရာ ဤအသုံးအနှုန်းသည် "ထာဝရဘုရားရှင် မိန့်တော်မူသည့်အတိုင်း" နှင့် အလားတူဖြစ်သည်။ (၁ကော ၁၄း၂၁။ ၂ကော ၆း၁၇)။

**၁၂း၂၀ "သို့သော် သင်၏ ရန်သူ"** ၎င်းမှာ အနာဂတ်၌ ဖြစ်နိုင်ခြေရှိသည်ဟု အဓိပ္ပါယ်ရှိသော တတိယတန်းစား ချွင်းချက်ပါ ဝါကျမျိုးဖြစ်သည်။ ရန်သူ ဟူသည် လာဦးမည်သာဖြစ်သည်။

▣ **"သူ့ခေါင်းပေါ်မီးတောက်သော မီးသွေးများပုံထားသည်"** ၎င်းမှာ သုတ္တံ ၂၅း၂၁–၂၂ကို ညွှန်းဆိုခြင်းဖြစ်သည်။ အနက်ပြန်ပုံ သီအိုရီများမှာ

၁။ ၎င်းသည် ဓလေ့ထုံးစံနှင့်ဆိုင်သော အသုံးအနှုန်းမျိုးဖြစ်ပြီး အီဂျစ်မှလာခြင်းဖြစ်ဟန်ရှိကာ၊ သနားကြင်နာ တတ်ခြင်းသည် ရန်သူတစ်ယောက်အား မိတ်ဆွေတစ်ယောက်အဖြစ် ပြောင်းလဲသွားစေရန် အကောင်းဆုံးနည်း ဖြစ်သည်။ ဖုံးခိုကျင်းတူး၍ အကာအကွယ်ယူထားသော ဒုစရိုက်ပေါ်၌လည်း ခရစ်ယာန်၏ တာဝန်ရှိနေပေသေးသည်။ (မဿဲ ၅း၄၄)

၂။ "မီးတောက်သော မီးသွေးများ" ဟူသည် လူတစ်ယောက်၏ သင့်တော်လျောက်ပတ်ခြင်းမရှိသော အပြုအမူများသည် အခြားသူ၏ မေတ္တာနှင့် အပြစ်လွှတ်ခြင်း အလင်းထဲပေါ်လာသောအခါ ခံစားရသောအရှင် တကွဲဖြစ်ရခြင်းကို ကိုယ်စားပြုဖော်ပြခြင်းဖြစ်နိုင်သည်။ (*Ambrosiaster, Augustine and Jerome*)

၃။ Origen နှင့် Chrysostom တို့ပြောသည်မှာ ခရစ်ယာန်တို့၏သနား ကြင်နာမှုသည် နောင်တမရသူများ အပေါ် ဘုရားရှင်အား ပိုမိုပြင်းထန်စွာ တရားစီရင်စေသည်။ (*Jerome Bible Commentary*, vol. 2, p. 326)

အထက်ပါ သီအိုရီများမှာ ထိုမျှသာဖြစ်သည်။ အဓိက သော့ချက်မှာ အငယ် ၂၁ရှိ ပေါလု၏ အကျဉ်းချုပ် ဖော်ပြမှုဖြစ်သည်။

**၁၂း၂၁ "အဆိုးဖြင့် အရှုံးမခံဘဲ၊ အကောင်းဖြင့် အနိုင်ယူပါ"** ၎င်းမှာ PRESENT PASSIVE IMPERATIVE နှင့် PRESENT ACTIVE IMPERATIVE နှစ်ခုဖြစ်သည်။ မကောင်းသော ပြုမူမှုအပေါ် ကျွန်တော်တို့၏ တုံ့ပြန်မှုသည် မိမိတို့၏ အတွင် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း အဆင့်ကို အဆုံးအဖြတ်ပေးကာ၊ ပေါ်လွင်စေလိမ့်မည်။ ခါးသီး နာကြည်းခြင်းသည် ဝိညာဉ်ရေးရာကင်ဆာရောဂါဖြစ်သည်။ ယုံကြည်သူတို့သည် ၎င်းကို ဘုရားသခင်ထံ ဆက်ကပ် အပ်နှံရန်ဖြစ်၏။

▣ **“ဆိုးသွမ်း”** ၎င်းသည် အဖိုလိင်ဖြစ်ပါက ဆိုးသွမ်းသော သူကို ရည်ညွှန်းခြင်းဖြစ်သည်။ (အထူးအကြောင်းအရာ။ ။ ၁၆း၂၀ ၌ ကြည့်ပါ)။ သို့မဟုတ် အဖိုလိင်အမလိင်မဟုတ်သော ကြားနေလိမ်ဖြစ်ပါက ယေဘုယျဆိုးသွမ်းမှုအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (၁၂း၉။ ၁သက် ၅း၂၁း၂၂)။ ၎င်းမှာ ဓမ္မသစ် ကျမ်း၌ တွေ့နေကျ အဓိပ္ပါယ်မသဲကွဲမှုဖြစ်သည်။ (မဿဲ ၅း၃၇။ ၆း၁၃။ ၁၃း၁၉၊၂၈။ ယော ၁၇း၁၅။ ၂သက် ၃း၃ ။ ၁ယော ၂း၁၃–၁၄။ ၃း၁၂။ ၅း၁၈–၁၉)။

ဤအသစ်သော စိတ်နေသဘောထားများနှင့် အပြုအမူများမှာ ဧဝံဂေလိတရားဖြစ်ကြောင်း သတိရရန်ဖြစ်သည်။

## အငယ် ၉–၂၁အတွက် ဆွေးနွေးခြင်း မေးခွန်းများ။

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နှိုးဆွပေးရန်သာ ဖြစ်သည်။

၁။ အဘယ်ကြောင့် အငယ် ၆း၂၁ အတွက် PRESENT IMPERATIVES ခေါ်စေခိုင်းမှုများနှင့်အတူ NEGATIVE PARTICLE ခေါ် “မဟုတ်” ခြင်းပြသော စကားလုံးများ ဤမျှများပြားရသနည်း။
၂။ ဤအငယ်များအတွင်း ခိုင်းစေချက်များအားလုံး သီးခြားစာပိုဒ် တစ်ခုဖြင့် စာရင်းပြုစုပါ။ ၎င်းမှာ ခရစ်တော်နှင့် နေ့စဉ်တူခြင်း တည်းဟူသော ထိတ်လန့်ဘွယ်ရာ ကောင်းသည့် လက်တွေ့ကျလုသော စရင်းတစ်ခုပါ။
၃။ ခရစ်ယာန်များသည် အခြား ယုံကြည်သူများ အပေါ်ပြုမူမှုကို မည်သည့် ချက်ကရည်ညွှန်းပြီး၊ မယုံကြည်သူများ ပေါ်ပြုမှုမှုအား မည်သည့် အချက်က ရည်ညွှန်းကြောင်း ဆုံးဖြတ်ရန် အဘယ်ကြောင့် အလွန်ခက်ခဲရသနည်း?

| ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ | | | | |
|---|---|---|---|---|
| **UBS4** | **NKJV** | **NRSV** | **TEV** | **NJB** |
| အုပ်ချုပ်ရေးအားနာခံခြင်း | အစိုးရအားနာခံခြင်း | ခရစ်ယာန်နှင့်နိုင်ငံတော် | နိုင်ငံတော်အာဏာပိုင်များပေါ်တာဝန် | အရပ်ဘက်အာဏာပိုင်များအားနာခံခြင်း |
| ၁၃း၁–၇ | ၁၃း၁–၇ | ၁၃း၁–၇ | ၁၃း၁–၅<br>၁၃း၆–၇ | ၁၃း၁–၇ |
| ညီအစ်ကိုမေတ္တာ | အိမ်နီးချင်းကိုချစ်ပါ | မေတ္တာသည် ပညတ်တရားပြည့်စုံစေ | အချင်းချင်းပေါ်တာဝန်ဝတ္တရား | မေတ္တာနှင့်စစ်ပွဲ |
| ၁၃း၈–၁၀ | ၁၃း၈–၁၀ | ၁၃း၈–၁၀ | ၁၃း၈–၁၀ | ၁၃း၈–၁၀ |
| ခရစ်တော်နေ့နီးကပ် | ခရစ်တော်ကိုဝတ်ဆင် | ခရစ်တော်ဒုတိယကြွလာခြင်းနီးကပ် | | အလင်း၏ ကလေးများ |
| ၁၃း၁၁–၁၄ | ၁၃း၁၁–၁၄ | ၁၃း၁၁–၁၄ | ၁၃း၁၁–၁၄<br>၁၃–၁၄ | ၁၃း၁၁–၁၄ |

## ပတ်လည်ဖတ်ရှုခြင်း အကြော့သုံး (စာ xi ကြည့်ပါ)
## *မူရင်းစာရေးသူ၏ စာပိုဒ်လိုက်ရည်ရွယ်ချက်အားနားလည်ခြင်း*

ဤစာအုပ်မှာ အနက်ဖွင့်လမ်းညွှန်းအား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာကို မိမိဟာ မိမိအနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရသည့် အလင်းထဲ လျှောက်လှမ်းသွားကြရန်ဖြစ်သည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ သင်ကိုယ်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းကို အနက်ဖွင့်ကျမ်းရေးသူများပေါ် သာ ပုံချရန်မဟုတ်ချေ။

အခန်းကြီးတစ်ခန်းအား တစ်တိုင်တည်းဖြင့်ဖတ်ပါ။ အဓိကဦးတည်ချက်များကို သတ်မှတ်ဖော်ပြပါ။ အကြောင်းအရာအလိုက် သင်၏ စာပိုဒ်ခွဲမှုကို အထက်ပါဘာသာပြန်ကျမ်း ငါးမျိုးနှင့် နိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း၊ အနက်ပြန်ခြင်း၏ အသဲနှလုံးဖြစ်သော မူရင်းစာရေးသူ၏ ကြံရွယ်ချက် နားလည်နိုင်ရန်သော့ချက်ဖြစ်သည်။ စာပိုဒ်တိုင်းအကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်
၂။ ဒုတိယစာပိုဒ်
၃။ တတိယစာပိုဒ်
၄။ ... စသဖြင့်

## အငယ် ၁–၇ အားကျမ်းစကား အဆက်အစပ်ဖြင့် နားလည်ခြင်း

က။ အခန်းကြီး၁၂သည် မူလအားဖြင့် ခရစ်ယာန်နှင့် ယုံကြည်သူများ (ငယ် ၉း၁၃)၊ လူမှုအသိုင်းအဝိုင်းရှိ အခြားသူများ (ငယ် ၁၄–၂၁) နှင့် ဆက်ဆံရေးအကြောင်းဖြစ်ပြီး၊ အခန်းကြီး ၁၃း၁–၇၌ မှ အဓိကအားဖြင့် ခရစ်ယာန်နှင့် နိုင်ငံတော် အစိုးရဆက်ဆံရေးအကြောင်း ပါရှိသည်။ မည်သို့ဖြစ်စေ ဤအကြောင်းအရာများ တစ်ခုနှင့်

တစ်ခုပိုင်းခြားခြင်း သဘောကား မတွေ့ရချေ။ ပေါလုသည် ၎င်းတို့ကို တစ်ခုတည်းအဖြစ် ရှုမြင်သည်။ လောကီအရေး၊ လောကုတ္တရာ အရေးဟူ၍ ပိုင်းခြားမှု မရှိချေ။ အသက်ဟူသမျှ အားလုံး ဘုရားသခင်ပိုင်ဆိုင်သည်။ ယုံကြည်သူများသည် ကဏ္ဍတိုင်း၌ ဘဏ္ဍာစိုးများဖြစ်ကြသည်။ ဤအခန်းကြီးနှစ်ခန်းတို့၏ ဆက်စပ်မှုကို ၁၂း၁၈၌ တွေ့ရသည်။

ခ။ နိုင်ငံတော် အစိုးရ၏ နေရာနှင့် ဆိုင်၍ ယုံကြည်သူများ နားလည်ပုံမှာ အမျိုးမျိုးဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ အစိုးရသည် ကာလ္လနှ၏ အဆက်အနွယ်အတွင်း စတင်ဖြစ်ပေါ်တိုးတက်လာသည်။ (ကမ္ဘာ ၁၄း၁၆–၂၂)။ ဗာဗုလုန်မျှော်စင်ကြီး (ကမ္ဘာ ၁၁) မှာ လူသားသည် ဘုရားသခင်ထံမှ ခွဲထွက်ကာ၊ မိမိဟာမိမိအုပ်ချုပ်ရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ အစ္စရေးအတွင်း ရှင်ဘုရင်စနစ်၏ အဓိပ္ပါယ်မှာ ဘုရားပေးသော ဥပဒေနှင့် ခန့်အပ်ထားသော သိုးထိန်း (ရှင်ဘုရင်) အားဖြင့် ဘုရားသခင်၏ စိုးစံမှုဖြစ်သော်လည်း လူသား၏ အပြစ်ကြောင့် ၎င်းမှာ မအောင်မြင်ခဲ့ချေ။ အစိုးရ၏ မှန်ကန်သော နေရာအကြောင်း မဿဲ ၂၂း၂၁နှင့် မာကု ၁၂း၁၇ တို့၌ ဆွေးနွေးမှုတို့မှာ အချက်အချာဖြစ်သည်။ ဤကျမ်းပိုဒ်၌ (အငယ်၁–၇ နှင့် ၁၁သည် မဿဲ ၂၂း၁၅–၂၂ နှင့် ၃၉ တို့နှင့် ဆင်တူသော်လည်း) ယေရှုပြောသော စကားများကို ပေါလုမဖော်ပြခြင်းမှာ အံ့အားသင့်စရာကောင်းပါသည်။ ကျဆင်းသော ကမ္ဘာအား အုပ်ချုပ်ရန် ဘုရားသခင်ပေးသော ကောင်းမွန်သည့် မှုများရှိပါသည်။ တမန်တော်ကြီးများသည် မကြာခဏပင် အစိုးရနှင့် ဘာသာရေး အာဏာပိုင်များ နှစ်မျိုးစလုံးနှင့် မည်ကဲ့သို့ ဆက်ဆံရမည်ကို ကြိုးစား ရုန်းကန်ခဲ့ကြရသည်။ လူသားအာဏာပိုင်များ၏ လုပ်ဆောင်မှုများ အပေါ် အမှီပြုကာ အပြုသဘော တာဝန်နှင့် အဖျက်သဘောတာဝန် နှစ်မျိုးစလုံးရှိကြောင်း ထင်ရှားသည်။ ပေါလုသည် အစိုးရ၏ အကာအကွယ်ပေးခြင်းနှင့် ညှန်းဆဲခြင်း နှစ်မျိုးလုံး ခံခဲ့သည်။ မည်သို့ဖြစ်စေ ဗျာဒိတ်ကျမ်း၌မူ ယောဟန်သည် အစိုးရအား ကြီးမားသော ပြည့်တန်ဆာမ (ဗျာ ၁၇) ဟုခေါ်သည်။

အစိုးရသည် ဝိညာဉ်တော်ဦးဆောင်သော မိမိတို့၏ သြတ္တပ္ပစိတ်အား ဖောက်ဖျက်ကျူးလွန်ခြင်းမရှိ သရွေ့ သို့မဟုတ် အကြွင်းမဲ့ သစ္စာတော်ခံခြင်း မတောင်းသရွေ့ ကျွန်တော်တို့သည် အစိုးရကို ထောက်ခံအားပေးရန် ဖြစ်သည်။ ကစဉ့်ကလျား ဖြစ်ခြင်းထက် အမိန့်အာဏာမှာ ပိုမိုကောင်းမွန်သည်။ (၂သက် ၂း၆–၇)

ဂ။ ဤအကြောင်းအရာကိုပင် တိတု၃း၁ နှင့် ၁ပေ ၂း၁၃–၁၇ တို့၌ ဆွေးနွေးသည်။

ဃ။ ဂျူးဘာသာသည် ပထမရာစုနှစ်အတွင်း ရောမအစိုးရ အောက်၌ တရားဝင် ဘာသာရေး တစ်ခုဖြစ်သည်။ ခရစ်ယာန်ကို ၎င်း၏ ဂိုဏ်းတစ်ဂိုဏ်းအဖြစ် နှစ်ပေါင်းများစွာ မှတ်ယူကြသည်။ (တမန် ၁၈း၁၂–၁၆)။ ၎င်းသည် အစောပိုင်း နှစ်များအတွင်း သယသနာပြု လှုပ်ရှားမှုများကို တရားဥပဒေအရ အကာအကွယ်ရစေသည်။ တမန်တော်ဝတ္ထုအား ရေးသားရခြင်း၏ ရည်ရွယ်ချက်တစ်ခုမှာ ခရစ်ယာန်သည် ရောမအတွက် နိုင်ငံရေး ခြိမ်းခြောက်မှုတစ်မျိုး မဟုတ်ကြောင်းပြသရန်လည်းဖြစ်သည်။ ရောမသည် သတင်းကောင်း ဧဝံဂေလိတရားပျံ့နှံ့ရန် နိုင်ငံတကာတည်ငြိမ်အေးချမ်းရေး (*pax Romana*) တစ်ရပ်အား ပြင်ဆင်ပေးထားသည်။ (၁တိ ၂း၁–၂)

င။ အာဏာပိုင်များနှင့် ဆိုင်၍ ပေါလုတွေ့ရသော ကိုယ်တိုင်အတွေ့အကြုံများသည် ဤကျမ်းပိုဒကို တင်းမာစေသည်။ ဤကဏ္ဍပါဝင်ရခြင်း၏ ဖြစ်နိုင်စရာအကြောင်းရင်းမှာ

၁။ အစိုးရ၏ အမိန့်တော် (ဂျူးဘာသာ ရေးအခန်းအနားများအား ထိန်းချုပ်ခြင်း) ကြောင့် ရောမအသင်းတော်အတွင်း တင်းမာမှု။ ဤကိစ္စကြောင့် ယုံကြည်သူ ဂျူးလူမျိုးအချို့ ထိုမြို့တော်ကို စွန့်ခွါသွားကြသည်။ (ဥပမာ အာကုလနှင့် ပြစ်ကီလ–တမန်တော် ၁၈း၂) သူတို့မရှိသည့်အခါ ယုံကြည်သူ တစ်ပါးအမျိုးသားများ၏ ခေါင်းဆောင်မှု ဖြစ်ပေါ်လာသည်။

၂။ ရောမမြို့၌ အများအပြား နေထိုင်သူ ဂျူးများအတွင်း သတင်းကောင်း ဧဝံဂေလိတရားဟောပြောမှုကြောင့် ရောမမြို့အတွင်း ဖြစ်လာသော တင်းမာမှု။ သမိုင်းသုတေသီ Suetonious ၏ စာအုပ် Life of Claudia 25. 2 ၌ မှတ်တမ်းတင်သည်မှာ အင်ပါယာ ရှင်သည် အေ၊ဒီ ၄၉ ခုနှစ်၌ ဂျူးများကို မြို့တော်မှ ပြည်နှင်ဒဏ်ပေးခြင်းမှာ

"Chrestus" ကြောင့် လူထုဆူပူမှုများ ပြန်လည်ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ ထိုနာမည်မှာ လက်တင်ဘာသာဖြင့် ခရစ်တော် Christ (*Christos*) အား စာလုံးပေါင်း ခြင်း တစ်မျိုးဖြစ်နိုင်သည်။

## စကားလုံးနှင့် စကားစု လေ့လာမှု

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၃း၁–၇**

**[1]လူတိုင်းသည် အုပ်ချုပ်သူ အာဏာပိုင်များကို နာခံရန်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်ထံတော်မှ မဟုတ်သော အခွင့်အာဏာဟူ၍ မရှိဘဲ၊ အာဏာရှိသူများမှာ ဘုရားသခင် အတည်ပြုသော သူများ ဖြစ်သည်။ [2]ထို့ကြောင့် အာဏာလွန်ဆန်သူမည်သူမဆို ဘုရားသခင်၏ အမိန့်တော်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ ဆန့်ကျင် သူသည် ပြစ်ဒဏ်စီရင်ခြင်းခံကြလိမ့်မည်။ [3]အကြောင်းမှာ အုပ်ချုပ်သူများမှာ ကောင်းစွာ ပြုမူသူများအတွက် ကြောက်စရာ မဟုတ်ဘဲ၊ ဘိုးသွမ်းသူများအတွက်သာလျှင် ကြောက်စရာဖြစ်သည်။ အာဏာပိုင်များကို မကြောက်ရဘဲ နေလိုပါသလော့? ကောင်းသော အရာလုပ်ပါက သူတို့၏ ချီးမွမ်းခြင်း ခံရလိမ့်မည်။ အကြောင်းမှာ သူသည် သင်၏ ကောင်းကျိုးအတွက် ဘုရားသခင်၏ အမှုတော်ထမ်းဖြစ်သည်။ သို့သော် သင်သည် ဆိုးသွမ်းမှုပြုပါက၊ ကြောက်ပါ။ [4]အကြောင်းမှာ သူသည် ဓါးကို အကြောင်းမဲ့မဆောင်ချေ။ အကြောင်းမှာ သူသည် ဘုရားသခင်၏ အမှုတော်ထမ်း ဖြစ်ကာ ဆိုးသွမ်းသူအား အမျက်တော်သင့်စေရန် တုံ့ပြန်ရသူဖြစ်သည်။ [5]ထို့ကြောင့် အမျက်တော် ကြောက်ခြင်းကြောင့် သာလျှင် မဟုတ်ဘဲ၊ မိမိ၏ သြတ္တပ္ပစိတ်ကို ထောက်၍ နာခံရန်လိုအပ်သည်။ [6]ဤအကြောင်းကြောင့် သင်တို့သည် အခွန်များကို ဆောင်ကြလော့။ အကြောင်းမှာ အုပ်ချုပ် သူများသည် ထိုအရာအတွက် သူတို့ကိုယ် သူတို့ ဆက်ကပ်သော ဘုရားသခင်၏ အစေခံများဖြစ်ကြသည်။ [7]သူတို့ရသင့်ရထိုက်ရာကို ပေးကြလော့။ အခွန်ပေးသင့် သူကို ပေးလော့။ အကောက်ပေးသင့်ကို ပေးလော့။ ကြောက်သင့် သူကို ကြောက်လော့။ ဂုဏ်ပြုထိုက် သူကို ဂုဏ်ပြုလော့။**

**၁၃း၁ "လူတိုင်း... နာခံရန် ဖြစ်သည်။"** ၎င်းမှာ (၁) PRESENT PASSIVE IMPERATIVE ဖြစ်ပြီး အဓိပ္ပါယ်မှာ "ဆက်လက်နာခံရန် ပြုခြင်းခံသူ ဖြစ်ကြလော့" ဟူ၍ လည်းကောင်း၊ သို့မဟုတ် (၂) PRESENT MIDDLE IMPERATIVE ဖြစ်ကာ၊ "မိမိသဘောအလျှောက် နာခံခြင်းပြုသည်" ဟူ၍ ဖြစ်၏။ (တကု ၃း၁။ ၁ပေ ၂း၁၃) "နာခံ" submit ဆိုသည်မှာ ကွင်းဆက်တစ်ရပ်အား ဖော်ပြရန် သုံးသော စစ်ဘက်သုံး ဝေါဟာရဖြစ်သည်။ ပေါလုသည် ယုံကြည်သူတိုင်းအား ပြောခြင်းဖြစ်သည်။ ယုံကြည်သူ အချင်းချင်းနာခံကြရမည်ဟု ပေါလု အခိုင်အမာ ပြောသည်။ (ဧဖက် ၅း၂၁)

ကျွန်ုပ်တို့ ခေတ်၌မူ နာခံခြင်းမှာ အပျက်သဘောဆောင်သော ဝေါဟာရနှင့် တူသည်။ ၎င်းသည် နှိမ့်ချခြင်း သဘောနှင့် ဘုရားသခင်၏ လောကနှင့် ၎င်းအတွင်း မိမိတို့၏ နေရာကို လေးနက်စွာ နားလည် သဘောပေါက်ခြင်း နှစ်ခုစလုံးဖော်ပြသည်။ ယေရှုသည် (၁) မိမိ၏ လောကီမိဘများကို နာခံသည်။ (လုကာ ၂း၅၁)။ (၂) မိမိ၏ ကောင်းကင်ခမည်းတော်ကို နာခံသည် (၁ကော ၁၅း၂၈)။ သူသည် ဤကဏ္ဍ၌ ကျွန်တော်တို့၏ လမ်းပြဖြစ်သည်။ အထူးအကြောင်းအရာ။ ။ နာခံခြင်း ၁၀း၃၌ ကြည့်ပါ။

▣ **"အုပ်ချုပ်သူအာဏာပိုင်များအား"** ပေါလုသည် ဤစကားလုံး (exousia) ကို အခြားနေရာများ၌ ကောင်းကင်ဆိုင်ရာ အာဏာပိုင်များ၊ မူလအားဖြင့် နတ်ဆိုးများအား ရည်ညွှန်းရန် သုံးသော်လည်း (၈း၃၈။ ကော ၁း၁၆။ ၂း၁၀၊ ၁၅။ ဧဖက် ၁း၂၁။ ၃း၁၀။ ၆း၁၂) ဤနေရာ၌ မူကျမ်းစကား အဆက်အစပ်အရ "နိုင်ငံတော် အာဏာပိုင်များဖြစ်ရပေမည်။ (၁ကော ၂း၆၊၈။ တိကု ၃း၁။ ၁ပေ ၂း၁၃)။ လူသား အစိုးရများ၏ နောက်ကွယ်၌ ကောင်းကင်ဆိုင်ရာ အာဏာပိုင်များ ရှိသည်ဟု သမ္မာကျမ်းစာသည် ဆိုလိုဟန်ရှိသည်နှင့် တူပါသည်။ (ဒံယေလ ၁၀ နှင့် LXX ၏ တရားဟော ၃၂း၈။ "အမြင့်ဆုံးသော တန်ခိုးရှင်သည် လူမျိုးများကို ပိုင်းခွဲကာ အာဒံ၏ သားများကို သီးခြားခွဲထုတ်ခဲ့စဉ်၌၊ သူသည် လူမျိုးများ၏ အပိုင်းအခြားများအား ဘုရားသခင်၏ ကောင်းကင် တမန် အရေအတွက်ကို လိုက်၍ ချမှတ်တော်မူသည်။ Oscar Cullman ၏ Christ and Time စာအုပ်နှင့် Hendribukus Berkhof ၏ Christ and the Powers စာအုပ်များ၌ ကြည့်ပါ။ သို့သော် အုပ်ချုပ်သူ အာဏာပိုင်များမှာ ဘုရားသခင်အောက်၌ ဆောင်ရွက်နေကြခြင်းသာဖြစ်သည်။ (အငယ် ၁၊၄၊၆)။ အောက်ပါ အထူးအကြောင်းအရာကို ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ အခွင့်အာဏာ (*EXOUSIA*)

လုကာ၏ *exousia* (အခွင့်အာဏာ၊ တန်ခိုး၊ သို့မဟုတ် တရားဥပဒေ အခွင့်အရေး) အသုံးပြုပုံမှာ လေ့လာရန် စိတ်ဝင်စားဘို့ ကောင်းသည်။

၁။ လုကာ ၄း၆၌ စာတန်သည် ယေရှုအား အာဏာပေးနိုင်သည်ဟု ဆို၏

၂။ လုကာ ၄း၃၂၊၃၆၌ ယေရှုသည် မိမိ၏ အခွင့်အာဏာသုံးကာ သွန်သင်ခြင်းကို ဂျူးလူမျိုးများ အံ့သြမိန်းမောခဲ့ကြသည်။

၃။ လုကာ ၉း၁ ၌ မိမိ၏ တန်ခိုးနှင့် အာဏာကို မိမိတမန်တော်များအားအပ်နှင်းသည်။

၄။ လုကာ ၁၀း၁၉ ၌ မိမိ၏ အခွင့်အာဏာကိုသာနာ ပြုဆရာခုနစ်ဆယ်တို့အား အပ်နှင်းသည်။

၅။ လုကာ ၂၀း၂၊၈၌ ယေရှု၏ အခွင့်အာဏာဘယ်ကရကြောင်း မေးခွန်းထုတ်ခြင်းခံရသည်။

၆။ လုကာ ၂၂း၅၃၌ ယေရှုအား ပြစ်ဒဏ် စီရင်ကာ၊ သတ်ရန်ဆိုးသွမ်းမှု၏ ခွင့်ပြုခြင်းခံရသည်။

လုကာခရစ်ဝင်ကျမ်းထဲပါသော်လည်း မဟာစေခိုင်းခြင်းအား ရှင်မဿဲ အစပြု ပြောပြရာ၌ "ကောင်းကင်ဘုံနှင့် မြေကြီးပေါ်ရှိ အခွင့်အာဏာအားလုံး ငါ့ကို ပေးခဲ့ပြီ" ဆိုသည်မှာ အံ့သြဘွယ်ရာ ဖော်ပြချက်ဖြစ်သည်။ (မဿဲ ၂၈း၁၈)။

သူတို့၏ မေးခွန်းကို ယေရှုပေးသော အဖြေမှာ အောက်ပါတို့ဖြစ်နိုင်သည်။

၁။ ဘုရားသခင်သည် သူ့အား ပြောသော စကားများ
   (က) နှစ်ခြင်း မင်္ဂလာခံစဉ်က (လုကာ ၃း၂၁-၂၂)
   (ခ) တောင်ပေါ်တွင် အဆင်းသဏ္ဍာန်ပြောင်းလဲစဉ်က (လုကာ ၉း၃၅)

၂။ ပြီးပြည့်စုံသော ဓမ္မဟောင်းပရောဖက်စကားများ
   (က) ယုဒမျိုးနွယ်မှ (ကမ္ဘာ ၄၉း၁၀)
   (ခ) ယေရှဲမိသားစုမှ (၂ဓမ္မ ၇)
   (ဂ) ဗက်လင်မြို့၌ ဖွားမြင် (မိက္ခာ ၅း၂)
   (ဃ) စတုတ္ထမြောက်အင်ပါယာကာလ၌ (ရောမ) ဖွားမြင် (ဒံယေလ ၂)
   (င) ဆင်းရဲသားများ မျက်မမြင်များ၊ မရှိဆင်းရဲသားများ ကူညီ (ဟေရှာယ)

၃။ သူ၏ နတ်ဆိုးမောင်းထုတ်ခြင်းသည် စာတန်နှင့် သူ့နိုင်ငံအပေါ် တန်ခိုးအာဏာရှိပုံကို ဖွင့်ပြသည်။

၄။ လူသေများပြန်ထစေခြင်းသည် ရုပ်ခန္ဓာအသက်နှင့် သေခြင်းတရားပေါ် မိမိတန်ခိုးကို ပြသည်။

၅။ သူပြုသော အံ့သြဘွယ်ရာ နိမိတ်လက္ခဏာများသည် ခေတ္တယာယီအရာများ၊ နေရာဒေသနှင့် ရုပ်ဝတ္ထုတို့ အပေါ် မိမိ၏ တန်ခိုးနှင့် အခွင့်အာဏာကို ဖွင့်ပြသည်။
   (က) သဘာဝတရား
   (ခ) ကျွေးမွေးခြင်းများ
   (ဂ) ရောဂါပျောက်ကင်းစေခြင်းများ
   (ဃ) စိတ်ကို ထိုးဖေါက်သိမြင်ခြင်း
   (င) ငါးဖမ်းရရှိမှုများ။

## အထူးအကြောင်းအရာ။ ။ လူသားအစိုးရ

၁။ နိဒါန်း

က။ အဓိပ္ပါယ်သတ်မှတ်ချက်။ ။ အစိုးရဟူသည် သိရသမျှ လိုအပ်မှုများပေးရန်နှင့် ရရှိစေရန် လူသား ကိုယ်တိုင် ဖွဲ့စည်းသော အဖွဲ့အစည်းဖြစ်သည်။ (ကမ္ဘာဦး ၄နှင့် ၁၁)။ လူသားသည် (မကျဆင်းမီကပင် ကမ္ဘာ ၁၂း၁၈) လူမှုရေးသတ္တဝါဖြစ်သည်။ မိသားစုများ၊ မျိုးနွယ်များ၊ လူမျိုးများသည် လူ့အဖွဲ့အစည်း၊ အသိုင်းအဝိုင်းများ ဖြစ်ပေါ်စေသည်။

ခ။ ရည်ရွယ်ချက်။ ။ ဘုရားသခင်သည် မင်းမဲ့အခြေအနေထက် အထက်အမိန့်တော် ပိုမိုနှစ်သက်သည်။

၁။ မောရှေပြုသော တရားဥပဒေ၊ အထူးသဖြင့် ပညတ်တော် ဆယ်ပါးမှာ လူ့အဖွဲ့အစည်းအတွင်း လူသားအတွက် ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ ၎င်းသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် လူ့ဘဝအသက်တာကို ချိန်ခွင်လျှာညီစေသည်။

၂။ ဘုရားသခင်ခန့်အပ်မှုဖြင့် ရှေးခေတ်အစ္စရေး အုပ်ချုပ်မှုပင်လျှင် ကောင်းကင်ဘုံမှ ပါဝင်ဆောင်ရွက်မှုဖြစ်သော်လည်း သမ္မာကျမ်းစာ၌ မည်သည့် အစိုးရဖွဲ့စည်းပုံမျိုးကို ထောက်ခံခြင်းမပြုချေ။ ဒီမိုကရေစီဝါဒ (ဝ) အရင်းရှင်စံနစ်သည်လည်း သမ္မာကျမ်းစာ သမ္မာတရားနှင့် မညီချေ။ ခရစ်ယာန်များသည် မည်သည့် အစိုးရစံနစ်မျိုး၌ နေရသည်ဖြစ်စေသင့်လျော် ကောင်းမွန်စွာ ပြုမူရန် ဖြစ်သည်။ ခရစ်ယာန်၏ ရည်ရွယ်ချက်မှာ သတင်းကောင်း ဧဝံဂေလိတရားပြန့်ပွါးရေးဖြစ်ပြီး တော်လှန်ရေးမဟုတ်ချေ။ မည်သည့်အစိုးရမဆို အခိုက်အတန့်မျှသာ ဖြစ်၏။

ဂ။ လူသားအစိုးရ၏ မူလအစ

၁။ ရောမကာ သိုလစ် ဝါဒသည် လူသား အစိုးရမှာ မကျဆင်းမီကပင် ရှိသော ပင်ကိုယ်လိုအပ်မှုဖြစ်သည်ဟု ဆို၏။ အာရီစ်တိုတဲ့ Aristotle သည် ထိုအဆိုကို ပထမဦးဆုံး ဖော်ထုတ်သူဖြစ်ဟန်ရှိသည်။ သူက "လူသည် နိုင်ငံရေးသတ္တဝါဖြစ်သည်" ဟုဆိုသည်။ ဤသို့ ဆိုရာတွင် "ပို၍ ကောင်းသော ဘဝအတွက် အစိုးရတည်ရှိသည်" ဟုဆိုလိုသည်။

၂။ ပရိုတက်စတင့်ဝါဒ အထူးသဖြင့် မာတင်လူသာက ပြောသည်မှာ " လူသားအစိုးရမှာ ကျဆင်းခြင်းမှရသော အမွေဖြစ်သည်" ဟု ဆိုသည်။ သူသည် လူသားအစိုးရကို "ဘုရားသခင်၏ လက်ဝဲဘက်နိုင်ငံတော်ဖြစ်သည်" ဟုဆိုသည်။ သူကပြောသည်မှာ "လူဆိုးများကို ထိန်းချုပ်ရန် ဘုရားသခင်၏ နည်းမှာ လူဆိုးများအား ထိန်းချုပ်စေခြင်းဖြစ်သည်" ဟု ဆို၏

၃။ ကားလ်မတ်စ်၏ အဆိုမှာ "အစိုးရဟူသည် လက်ရွေးစင်အနည်းငယ်က အများစုအား ထိန်းချုပ်ထားခြင်းဖြစ်သည်" ဟူ၍ ဖြစ်၏။ သူသည် နိုင်ငံရေးနှင့် ဘာသာရေးကို ဆင်တူသော အလုပ်အဖြစ် ရှုမြင်သည်။

၂။ သမ္မာကျမ်းစာတော်လာအကြောင်းများ

က။ ဓမ္မဟောင်းကျမ်း

၁။ အစ္စရေးမှာ ကောင်းကင်ဘုံ၌ သုံးမည့် အုပ်ချုပ်ရေးပုံစံဖြစ်သည်။ ရှေးခေတ်အစ္စရေး၌ YHWH မှာ ရှင်ဘုရင်ဖြစ်သည်။ သီအိုကရေစီဆိုသည့် ဝေါဟာရမှာ ဘုရားသခင်၏ တိုက်ရိုက်အုပ်ချုပ်မှုကို ဖော်ပြရန်သုံးသည်။ (၁ဓမ္မ ၈း၄–၉)

၂။ လူသားအစိုးရထဲ ဘုရားသခင်၏ အချုပ်အချာ အာဏာစက်ကို သူ၏ ခန့်အပ်ခြင်းအကြောင်း၌ ထင်ရှားစွာမြင်နိုင်သည်။

(က) ဘုရင်များအားလုံး (ဒံ ၂း၂၁။ ၄း၁၇၊ ၂၄–၂၅)

(ခ) မေရှိယအရှင်၏ အုပ်စိုးမှု။ ဒံ ၂း၄၄–၄၅

(ဂ) နေဗုခဒ်နေဇာ (ဗာဗုလုန်သစ်) ယေရ ၂၇း၆။ ဒံ ၅း၂၈)

(ဃ) ဒုတိယမြောက် ကုရုမင်း (ပါရှား) ၂ရာဇဝင် ၃၆း၂၂။ ဧဇရ ၁း၁။ ယေရှာ ၄၄း၂၈။ ၄၅း၁

၃။ ဘုရားသခင်၏ လူတို့သည် ကျူးကျော်သိမ်းပိုက်သူ အစိုးရများကိုပင် နာခံကာ၊ ရိုသေလေးစားရန် ဖြစ်သည်။

(က) ဒံယေလ ၁–၄ နေဗုခဒ်နေဇာ (ဗာဗုလုန်သစ်)

(ခ) ဒံယေလ ၅။ ဗေလရှာဇာမင်း (ဗာဗုလုန်သစ်)

(ဂ) ဒံယေလ ၆။ ဒါရိမင်း (ပါရှား)

(ဃ) ဧဇရ နှင့် နေဟမိ (ပါရှား)

၄။ ပြည်တော်ပြန်ယုဒသည် ကုရုမင်းနှင့် သူ့အဆက်အနွယ်များအတွက် ဆုတောင်းပေးရန်ဖြစ်သည်။

(က) ဧဇရ ၆း၁၀။ ၇း၂၃

(ခ) ဂျူးတို့မှာ နိုင်ငံတော် အာဏာပိုင်များအတွက် ဆုတောင်းပေးရန်ဖြစ်သည်။ မစ်ရှဲန(Mishnah)၊ အဗာသ (Avot) ၃း၂

**ခ။ ဓမ္မသစ်ကျမ်း**

၁။ ယေရှုသည် လူသား အစိုးရတို့ကို လေးစားမှုပြသည်။

(က) မဿဲ ၁၇း၂၄–၂၇။ ဗိမာန်တော် အခွန်ဆောင်သည်။ (ဘာသာရေးနှင့် နိုင်ငံရေး အာဏာပိုင်များ အတူတူဖြစ်သည်ဟု အဓိပ္ပါယ်ရှိသည် ၁ပေ ၂း၁၇)

(ခ) မဿဲ ၂၂း၁၅–၂၂။ မာကု ၁၂း၁၃–၁၇။ လုကာ ၂၀း၂၀–၂၆။ သူသည် ရောမ အခွန်တော်ငွေအတွက် ထောက်ခံချက်ပေးခြင်းဖြင့် ရောမ အစိုးရအာဏာကို ခွင့်ပြုသည်။

(ဂ) ယောဟန် ၁၉း၁၁။ ဘုရားသခင်သည် နိုင်ငံတော် အစိုးရများကို ခွင့်ပြုသည်။

၂။ လူသားအစိုးရများနှင့် ပတ်သက်၍ ပေါလု၏စကားများ၊

(က) ရောမ ၁၃း၁–၅။ နိုင်ငံတော် အာဏာပိုင်များမှာ ဘုရားသခင် ခန့်ထားခြင်းဖြစ်သဖြင့် သူတို့ကို ယုံကြည်သူများနာခံရမည်။

(ခ) ရောမ ၁၃း၆–၇ ယုံကြည်သူများသည် အခွန် အထုတ်များ ဆောင်ကာ နိုင်ငံတော်တော် အာဏာပိုင်များကို ဂုဏ်ပြုရမည်။

(ဂ) တိမောသေ ၂း၁–၃ ယုံကြည်သူများသည် နိုင်ငံတော် အာဏာပိုင်များအတွက် ဆုတောင်းပေးရမည်။

(ဃ) တိတု ၃း၁ ယုံကြည်သူများသည် နိုင်ငံတော် အာဏာပိုင်များကို နာခံရမည်။

၃။ လူသားအစိုးရများနှင့် ပတ်သက်၍ ပေတရု၏ စကားများ

(က) တမန်တော် ၄း၁–၃၁။ ၅း၂၉။ ပေတရု နှင့် ယောဟန်တို့သည် ဘာသာရေးလွှတ်တော်ရှေ့၌ အစစ်ခံကြသည်။ (သမ္မာကျမ်းစာအား နာခံခြင်းသည် နိုင်ငံတော်အား နာခံခြင်း အရင်လာရကြောင်း ဤအချက်ကပြသည်)

(ခ) ၁ပေတရု ၂း၁၃–၁၇ ယုံကြည်သူများသည် နိုင်ငံတော် အာဏာပိုင်များကို နာခံခြင်းမှာ လူ့အဖွဲ့ အစည်းနှင့် ဧဝံဂေလိ သတင်းကောင်း၏ ကောင်းကျိုးအတွက် ဖြစ်သည်။

၄။ လူသား အစိုးများနှင့် ပါတ်သက်၍ ယောဟန်၏ စကားများ

(က) ဗျာဒိတ် ၁၇။ ဗာဗုလုန်ကြည့်တန်ဆာမသည် ဘုရားသခင်မပါဘဲ ဖွဲ့စည်းစကာ၊ အုပ်ချုပ်သော လူသားအစိုးရကို ဆိုလိုသည်။

(ခ) ဗျာဒိတ် ၁၈။ ဗာဗုလုန် ပြည့်တန်ဆာမ ဖျက်ဆီးခံရသည်

**၃။ နိဂုံးချုပ်**

က။ လူသား အစိုးရ (ကျဆင်းသော ကမ္ဘာ) မှာ ဘုရားသခင် ခန့်ထားခြင်းဖြစ်သည်။ ၎င်းမှာ "ရှင်ဘုရင်များ၏ ဘုရားပေး အခွင့်အရေး" မဟုတ်ဘဲ အစိုးရများအတွက် ဘုရားပေးသော တာဝန်ဖြစ်သည်။ ပုံစံတစ်ခုထက် အခြားပုံစံတစ်ခု ပို၍ မထောက်ခံချေ။

ခ။ အာဏာပိုင်များကို နာခံရန်နှင့် ဆုတောင်းပေးရန်မှာ ယုံကြည်သူများအတွက် ဘာသာရေး တာဝန်ဖြစ်သည်။

ဂ။ ကောင်းစွာ ရှိသေသော စိတ်ထားဖြင့် အခွန်အထုတ်များ ဆောင်ကာ လူသား အစိုးရတို့ကို ကူညီခြင်းမှာ ယုံကြည်သူများအတွက် သင့်လျော် လျောက်ပတ်သည်။

ဃ။ လူသား အစိုးရမှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးအတွက် ဖြစ်သည်။ သူတို့မှာ ဤတာဝန်ထမ်းဆောင်နေသော ဘုရားသခင်၏ အစေခံများဖြစ်သည်။

င။ လူသားအစိုးရသည် အဆုံးစွန်မဟုတ်ချေ။ ၎င်း၏ အခွင့်အာဏာမှာ အကန့်အသတ်နှင့် ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် ဘုရားသခင်သတ်မှတ်ပေးထားသော ဘောင်ကို ကျော်လွန်လာသည့်အခါ ၎င်းကို ငြင်းဆန်ရာ၌ ယုံကြည်သူများသည် မိမိတို့၏ ကောင်းဆိုး ခွဲခြားတတ်သော စိတ် (ဩတ္တပ္ပစိတ်) ကို ထောက်ထား၍ လုပ်ဆောင်ကြရပါမည်။ ဩဂုတ်စတင်းသည် သူ၏ စာအုပ် The City of God ၌ ပြောသည်မှာ

"ကျွန်တော်တို့သည် နယ်ပယ်နှစ်ခုဖြစ်သော ခေတ္တယာယီနှင့် ထာဝရကာလနှစ်ခုစလုံး၏ နိုင်ငံသားများဖြစ်ကြသည်။ (ဖိ ၃း၂၀) နှစ်ခုစလုံး၌ ကျွန်တော်တို့ တာဝန်ရှိသည် မှန်သော်လည်း ဘုရားသခင်၏ နိုင်ငံတော်အတွက်မူ အဆုံးစွန်သော တာဝန်ရှိကြသည်။" ဟု ဆိုပါသည်။ ဘုရားသခင်ပေါ် ကျွတော်တို့၏ တာဝန်၌ တစ်ဦးချင်း အားဖြင့် လည်းကောင်း၊ တစ်စုတစ်ပေါင်းတည်း အားဖြင့် လည်းကောင်း ဖြစ်သည်။

စ။ အစိုးရ၏ လုပ်ငန်းများနှင့် တန်ဆာပလာများ၌ ယုံကြည်သူများသည် ဒီမိုကရေစီစနစ်ဖြင့် တက်ကြွစွာ ပါဝင်ရန်နှင့် ဖြစ်နိုင်သည့်အခါ နှုတ်ကပတ်တော် သင်ပေးရန် အားပေးတိုက်တွန်းရမည်။

ဆ။ လူမှုရေးပြောင်းလဲမှုမတိုင်မီ လူတစ်ဦးချင်းကြောင့်လဲ ရှိရပါမည်။ အစိုးရတွင် အနာဂတ်၌ အမှန်စင်စစ် ကြံရှည်တည်တံ့မည် ဟူသော မြော်လင့်ခြင်းမျိုးမရှိချေ။ အစိုးရများအားလုံး ဘုရားသခင်အလိုရှိ၍ အသုံးပြုသည်ပင်ဖြစ်စေ၊ ဘုရားသခင်မပါသော အပြစ်ပြည့်သည့် လူသားအဖွဲ့အစည်းသာလျှင် ဖြစ်သည်။ ဤသဘောကို ယောဟန်၏ အသုံးအနှုန်းဖြစ်သော "လောက" ဆိုသည့် ဝေါဟာရသုံးနှုန်းပုံသည် ဖော်ပြ၏ (၁ယော ၂း၁၅–၁၇)။

▣

**NASB "ဘုရားသခင် တည်စေသောသူများဖြစ်သည်"**

**NRJV "ဘုရားသခင်ခန့်ထားခြင်းဖြစ်သည်"**

**NRSV "ဘုရားသခင် တည်ထောင်ခဲ့ခြင်းဖြစ်သည်"**

**TEV "ထိုနေရာ၌ ဘုရားသခင်ထားခဲ့ခြင်းဖြစ်သည်"**

**NJB "ဘုရားသခင်ခန့်ထားခြင်းဖြစ်သည်"**

ၾင်းမှာ PERIPHRASTIC PERFECT PASSIVE PARTICIPLE ပုံစံဖြစ်သည်။ လူသားအာဏာပိုင် မှန်သမျှအားလုံး၏ နောက်ကွယ်၌ ဘုရားသခင်ရှိကြောင်း ဤသဒ္ဒါဖွဲ့စည်းပုံက အခိုင်အမာပြောသည်။ (ယော ၁၉း၁၁။ ဒံ ၂း၂၁။ ၄း၁၇) ၎င်းသည် "ရှင်ဘုရင်များ၏ ဘုရားပေးအခွင့်အရေး" မဟုတ်ဘဲ စနစ်တကျ ရှိစေရေးအတွက် ဘုရားအလိုတော်ဖြစ်သည်။ ၎င်းသည် အစိုးရပုံစံတစ်မျိုးအား သီးခြားပြောခြင်းမဟုတ်ဘဲ အစိုးရကို ပြောခြင်းဖြစ်သည်။ နိုင်ငံတော်အာဏာသည် ဖရိုဖရဲဖြစ်နေခြင်းထက်ပိုမို ကောင်းပါသည်။(ငယ်၆)။

**၁၃း၂ "အာဏာလွန်ဆန်သူမည်သူမဆို"** ၎င်းမှာ PRESENT MIDDLE PARTICIPLE ဖြစ်သည်။ ၎င်းမှာ ချမှတ်ထားသော အမိန့်တစ်ခုခုအား ဖီဆန်သောအကျင့်ရှိခြင်းကို ရည်ညွှန်းကာ "မိမိကိုယ်မိမိ ဆန့်ကျင်ဘက် အနေအထား၌ ထားရှိသည်" ဟုဆိုလိုသည်။ (တမန် ၁၈း၆။ ယာကုပ် ၅း၆) မာကု ၁၂း၁၇ ၌ယေရှုသည် အစိုးရနှင့် အသင်းတော်၏ ကဏ္ဍအသီးသီးကို ရှင်းလင်းစွာ ဖော်ပြသည်။ အာဏာပိုင်များ မိမိတို့ဘောင်ကို ကျော်လွန်လသည့်အခါ မည်သို့ဖြစ်ကြောင်း တမန်တော် ၅း၂၅–၃၂၌ တွေ့ရှိရသည်။

**"ဆန့်ကျင်ခြင်း ...ဆန့်ကျင်သူ"** ၎င်းမှာPERFECT ACTIVE INDICATIVE နှင့် PERFECT ACTIVE PARTICIPLE ဖြစ်သည်။ ဆုံးဖြတ်ချက်ဖြင့် ပုန်ကုန်မှုကို ပြောသည်။ ဘုရားသခင်သည် ကျဆင်းသော ကမ္ဘာအတွက် အစီအစဉ်ပြင်ဆင်ပေးထားသည်။ (အငယ် ၄၊၆)။ နိုင်ငံတော်အာဏာပိုများသည် သူတို့အတွက် ဘုရားသခင်ပေးထားသော နယ်နိမိတ်ဘောင်အား ကျော်လွန်လာခြင်းက လွဲလျှင် အမိန့်အာဏာကို ဆန့်ကျင်ခြင်းမှာ ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်သည်။ စစ်မှန်သော ဝိဥာဏ်ရေးမှာ အာဏာပိုင်များကို နာခံခြင်းဖြစ်သည်။ ကျဆင်းသောလူသားသည် ကိုယ်ပိုင်အုပ်ချုပ်ရေးလိုချင်ကြသည်။

▣ **"ပြစ်ဒဏ်စီရင်ခြင်းခံကြလိမ့်မည်"** KJV သည် "အပြစ်ဆိုခြင်း" condemnation ကို "ငရဲခံရခြင်း" damnation အဖြစ်ဘာသာပြန်သည်။ ဤစကားလုံးသည် ၎င်း၏ အင်္ဂလိပ်လို အဓိပ္ပါယ်ကို အေဒီ ၁၆၁၁ ခုနှစ်မှစ၍ ပြင်းထန်စေသည်။ NKJV သည်၎င်းကို "တရားစီရင်ခြင်း" ဟု ဘာသာပြန်သည်။ ကျမ်းစကား အဆက်အစပ်အားဖြင့် ၎င်းသည် (၁) ဘုရားသခင်၏ တရားစီရင်ခြင်း သို့မဟုတ် (၂) အစိုးရ၏ တရားစီရင်ခြင်း (ငယ်၄) အားရည်ညွှန်း နိုင်သည်။ သူတို့သည်

အခွင့်အာဏာကို ဆန့်ကျင်သော မိမိတို့၏ စိတ်နေသဘောထားနှင့် အပြုအမူများအားဖြင့် မိမိတို့အပေါ် တရားစီရင်ခြင်း ကျရောက်စေကြသည်။ (ယော ၃း၁၇–၂၁)

**၁၃း၃** အလားတူမှတ်ချက်အား ၁ပေ ၂း၁၄၌ကြည့်ပါ။

▣ **"အုပ်ချုပ်သူများ"** အထူးအကြောင်းအရာ"။ ။ အကြီးအကဲ Arche ၈း၃၈ ၌ ကြည့်ပါ။

▣ **"အာဏာပိုင်"** အထူးအကြောင်းအရာ ၁၃း၁ ၌ကြည့်ပါ။

**၁၃း၄ "အကြောင်းမှာ သူသည် သင်၏ ကောင်းကျိုးအတွက် ဘုရားသခင်၏ အမှုတော်ထမ်းဖြစ်သည်"**။ အစိုးရ အာဏာပိုင်တို့သည် လူမှုရေးရာ ဒုစရိုက်ပြုသူများကို ဆန့်ကျင်လုပ်ဆောင်ကြစဉ်၊ ယုံကြည် သူများကိုမူ မိမိကိုယ်တိုင် ဂလဲ့စားတုံ့ပြန်ခြင်းမပြုရန် ကန့်သတ်သည်။ (၁၂း၁၇–၁၉)။ မာတင်လုသာပြောသည်မှာ "လူဆိုးများကို ဘုရားသခင်ထိန်းချုပ်ခြင်းနည်းမှာ၊ လူဆိုးများအား ထိန်းချုပ်စေခြင်းဖြစ်သည်" ဟူ၍ဖြစ်၏။

▣ **"ပါက/လျှင်"** ၎င်းမှာ အနာဂတ်၌ ဖြစ်နိုင်ချေရှိသော တတိယတန်းစား ချွင်းချက်ဝါကျ မျိုးဖြစ်သည်။

▣

**NASB "အကြောင်းမှာ သူသည် ဓါးကို အကြောင်းမဲ့မဆောင်ချေ"**
**NKJV "အကြောင်းမှာ သူသည် ဓါးကို အချည်းနှီးမဆောင်ချေ"**
**NRSV "အကြောင်းမှာ အာဏာပိုင်သည် ဓါးကို အချည်းနှီးမဆောင်ချေ"**
**TEV "ဒဏ်ခတ်ရန် သူတို့၌ တာဝန် အမှန်ပင်ရှိသည်"**
**NJB "သူတို့သည် အာဏာရှိ ဓါးဖြင့် ပုံဆောင်ခြင်းမှာ အကြောင်းမဲ့မဟုတ်ချေ"**

"ဓါး" sword (*machaira*) သည်သေဒဏ်ပေးရာ၌ အသုံးပြုသော ရောမဓါးသေးကို ရည်ညွှန်းသည်။ (တမန်တော် ၁၂း၂။ ရောမ ၈း၃၅)။ ဤကျမ်းပိုဒ်နှင့် တမန်တော် ၂၅း၁၁ သည် သေဒဏ်ပေးခြင်းအတွက် ဓမ္မသစ်အခြေခံသဘောတရားကို ပေးကာ၊ ကမ္ဘာ ၉း၆ ကမူ ဓမ္မဟောင်းကျမ်းအမြင်ကို ရှင်းလင်းစွာ ဖော်ပြသည်။ ကြောက်ရွံ့ခြင်းမှာ ဗရန်းသုဉ်းကားဖြစ်ခြင်းအား ထိရောက်စွာတားဆီးခြင်း တစ်မျိုးဖြစ်သည်!

▣ **"အကြောင်းမှာ သူသည် ဘုရားသခင်၏ အမှုတော်ထမ်း ...ရန်တုံ့ပြန်သူဖြစ်သည်"** ရန်တုံ့ပြန်သူ ဟူသော ဝေါဟာရ (ekdikos) ကိုဓမ္မဟောင်းကျမ်း၌ အတော်များများသုံးသည်။ ၎င်းကို ဝတ်ပြုရာကျမ်း ၁၉း၁၈ ၌ပင် သုံးသည်။ ဓမ္မဟောင်းခေတ်၌ လူတစ်ယောက်သည် အခြားလူတစ်ယောက်အား မတော်တဆပင်ဖြစ်စေ သတ်ပါက၊ ထိုသူ၏ မိသားစုသည် "မျက်လုံးအစားမျက်လုံး" ဟူသော လက်စားချေခြင်း အခွင့်အရေးကျင့်သုံးပိုင်ခွင့်ရှိသည်။ ပေါလုသည် ဓမ္မဟောင်း ထုံးတမ်းစဉ်လာကို နိုင်ငံတော်အစိုး၏ အခွင့်အာဏာနှင့် ဆက်စပ်လိုက်ခြင်းနှင့် တူသည်။

၁သက် ၄း၆၌ ဘုရားသခင်အား ဂလဲ့စားချေသူအဖြစ် ပြောကာ ရောမ ၁၂း၁၉ နှင့် တူသည်။ ဤကျမ်းချက် နှစ်ခုစလုံး တရားဟော၃၂း၃၅ကို ရည်ညွှန်းသည်။ (ဟေဗြဲ ၁၀း၃၀)

**၁၃း၅ "နာခံရန်လိုအပ်သည်"** အကြောင်းရင်းနှစ်ခုဖော်ပြသည်။ (၁) ဘုရားသခင်ဖြစ်စေ၊ အစိုးရအာဏာပိုင်များ ဖြစ်စေပေးသော ပြစ်ဒဏ်နှင့်လွတ်ကင်းရန် နှင့် (၂) ယုံကြည်သူအထဲသြတ္တပ္ပစိတ်၏ အပြစ်တင်ခြင်း။

▣ **"သြတ္တပ္ပစိတ်ကိုထောက်၍"** ဟေဗြဲဝေါဟာရ "breast" သည်မိမိကိုယ်မိမိနှင့် သူ့အပြုအမူ၏ အကြောင်းရင်းအား သိရှိရခြင်း သဘောမသက်ရောက်ပါက၊ ဓမ္မဟောင်းကျမ်း၌ ဤဂရိဝေါဟာရ "သြတ္တပ္ပစိတ်/ လိပ်ပြာစိတ်/ ဆိုးကောင်းခွဲခြားတတ်သောစိတ်"နှင့် တူသော စကားမရှိဟု ဆိုရပေမည်။ ဤဂရိစကားလုံးသည် မူလအားဖြင့် အာရုံငါးပါးဖြင့် သိရသော အသိစိတ်ကို ရည်ညွှန်းသည်။ ၎င်းမှာ အတွင်း စိတ်အားဖြင့် (သြတ္တပ္ပစိတ်) သိရခြင်း အတွက်

သုံးသော စကားလုံးဖြစ်လာသည်။ (ရောမ ၁၂း၁၅)။ ပေါလုသည် တရားခုံရုံး၌ မိမိအစစ်ခံခဲ့စဉ် ဤဝေါဟာရနှစ်ကြိမ်သုံးသည်။ (တမန်တော် ၂၃း၁။ ၂၄း၁၆)။ ဘုရားသခင်အပေါ် ဘာသာရေးတာဝန်များကို သိသိကြီးဖြင့် ဖောက်ဖျက်ကျူးလွန်မှုမရှိကြောင်း သူသိရှိပုံကို ရည်ညွှန်းရန် ဤစကားလုံးကို ပေါလုသုံးခြင်း ဖြစ်သည်။ (၁ကောင်၄း၄)

သြတ္တပ္ပစိတ်ဟူသည် ယုံကြည်သူ၏လုပ်ဆောင်ခြင်းအကြောင်းများနှင့်လုပ်ဆောင်ရခြင်း အကြောင်းများအား အောက်ပါတို့ကို အခြေပြု၍ သိရှိရခြင်းဖြစ်သည်။

၁။ သမ္မာကျမ်းစာနည်းကျကမ္ဘာ့အမြင်

၂။ ကျွန်းဝပ်သော ဝိညာဉ်တော်

၃။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အခြေပြုသော အသက်ရှင်ခြင်းပုံစံတစ်မျိုး

အသိပညာ သတင်းကောင်းအား ကိုယ်တိုင် လက်ခံခြင်းဖြင့် ဤပုံစံ အသက်ရှင်ခြင်းကို ရရှိနိုင်သည်။

**၁၃း၆ "ဤအကြောင်းကြောင့် သင်တို့သည် အခွန်များကို ဆောင်ကြလော့"** ၎င်းမှာ PRESENT ACTIVE INDICATIVE ပုံစံဖြစ်သော်လည်း PRESENT ACTIVE IMPERATIVE (JB) ဖြစ်သည်။ ၎င်းမှာ အစိုးရအာဏာပိုင်များအပေါ် ခရစ်ယာန်တို့၏ တာဝန်အတွက် တိကျသော ဥပမာတစ်ခု ဖြစ်သည်။ အကြောင်းမှာ အစိုးရ အာဏာပိုင်များသည် ဘုရားသခင်၏ အစေခံမျာ း ဖြစ်သည် (ငယ် ၁–၂)။

**၁၃း၇**

**NASB "သူတို့ရသင့်ရထိုက်ရာကို ပေးကြလော့။ ...အခွန်...အကောက်...ကြောက်...ဂုဏ်ပြု"**

**NKJV "သူတို့အားလုံးရသင့်ရထိုက်ရာကို ပေးကြလော့။ အခွန်များ ...အကောက်များ ...ကြောက်...ဂုဏ်ပြု"**

**NRSV "သူတို့ရသင့်ရထိုက်သမျှပေးကြလော့။ ...အခွန်များ ...အကောက်များ...ရိုသေလေးစားခြင်း ...ဂုဏ်ပြုခြင်း"**

**TEV "သူတို့ပေါ်တင်ရှိသမျှပေးကြလော့။ မိမိ၏ ပိုင်ဆိုင်မှုအခွန်များကို ပေးကာ၊ ၎င်းတို့အားလုံးကို ရိုသေလေးစား၍ ဂုဏ်ပြုပါ"**

**NJB "အစိုးရအရာရှိတိုင်းအား၊ သူတောင်းယူခွင့်ရှိသမျှ တိုက်ရိုက်အခွန်ဖြစ်စေ၊ သွယ်ဝိုက်အခွန်ဖြစ်စေ ပေးဆောင်ပါ။ ကြောက်ရွံ့ပါ။ သို့မဟုတ် ဂုဏ်ပြုပါ"**

၎င်းသည် အစိုးရအာဏာပိုင် သီးခြားအုပ်စု နှစ်မျိုးနှစ်စားတို့အား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (RSV) သို့သော် ၎င်း၏ ဆိုလိုရင်းမှာ ခရစ်ယာန်တို့သည် အခွန်အတုတ်များနှင့် ရိုသေလေးစားမှုကို အစိုးရအာဏာပိုင်များ အားပေးကြရန်မှာ သူတို့သည် ဘုရားသခင်၏ အမှုတော်ထမ်းများ (အငယ်၁၊၄၊ (နှစ်ခါ) ၆။ မဿဲ ၂၂း၁၅–၂၂) အနေဖြင့် လုပ်ဆောင်နေကြခြင်းဖြစ်သည်ဟူ၍ဖြစ်နိုင်ပါသည်။

ဝေါဟာရနှစ်လုံးဖြစ်သည့် "အခွန်" tax နှင့် "အကောက်" custom တို့ကိုအဓိပ္ပါယ်တူအဖြစ် ဤနေရာ သုံးသည်။ (TEV ကမူခွဲခြားသော်လည်း) စကားလုံး၏ ဇစ်မြစ်ကို ဆန်းစစ်ကြည့်ပါက (မူရင်းအဓိပ္ပါယ်)ပထမအခွန်မှာ သိမ်းပိုက်သော လူမျိုးအား ပေးဆောင်ရသော အခွန် (လုကာ ၂၀း၂၂) ဖြစ်ပြီး ဒုတိယမှာ တစ်ဦးချင်းထံ ကောက်ယူသော အခွန်ဖြစ်ဟန်ရှိသည်။ (မဿဲ ၁၇း၂၅၊ ၂၂း၁၇၊၁၉)။

**ရောမ ၁၃း၈–၁၄ အား ကျမ်းစကား အဆက်အစပ်အားဖြင့် နားလည်ရပုံ**

က။ အငယ် ၁–၇အား သီးသန့် တစ်ဦးချင်းနှင့် ဆိုင်သော စာပိုဒ်တစ်ခုအဖြစ် နားလည်နိုင်သည်။ သို့သော် "ရသင့်ရထိုက်" ဟူသော အငယ် ၇၏ အကြောင်းအရာသည် အငယ် ၈၌ အခြားအဓိပ္ပါယ်တစ်မျိုးဖြင့် ဆက်လက်နေ သည်နှင့်တူသည်။ ယုံကြည်သူများသည် နိုင်ငံတော်အပေါ် တာဝန်ရှိသည်နည်းတူ အခြားလူသားများပေါ်လည်း တာဝန်ရှိသည်။

ခ။ အငယ်၈–၁၀သည် အငယ် ၁၁–၁၄မှာနည်းတူ အတွေးအုပ်စုတစ်စုဖြစ်သည်။ ၎င်းတို့သည် အခြားသူများကို ချစ်ရန် ခရစ်ယာန်တို့၏ တာဝန်ရှိမှုအား အခန်းကြီး၁၂၌ ဆွေးနွေးမှု၏ အဆက်ဖြစ်သည်။

ဂ။ ပေါလုသည် ဓမ္မဟောင်း၏ ပညတ်တော်ဆယ်ပါးအား ပဋိဉာဉ်တရားသစ် ယုံကြည်သူများ၏ ကိုယ်ကျင့်တရားလမ်းညွှန်အဖြစ် သုံးခြင်းဖြင့် ဘုရားတရားနှင့်ညီသော အသက်ရှင်ခြင်း ကဏ္ဍအတွက်

(သန့်ရှင်းစင်ကြယ်ခြင်း) ဓမ္မဟောင်းကျမ်းနှင့် ဆက်လက် သက်ဆိုင်မှုရှိကြောင်းပြသည်။ ထိုသို့ဆိုရာ၌ ကယ်တင် ခြင်း (သန့်ရှင်းစင်ကြယ်ခြင်း–ဂလာ၃) အတွက် မဟုတ်ချေ။ ပေါလုသည် ကိုယ်ကျင့်တရားဆိုင်ရာ မိမိက လမ်းညွှန်မှုအတွက် အရင်းအမြစ် အတော်များများမှစုစည်းခြင်း ဖြစ်ပုံပေါ်သည်။

၁။ ယေရှုပြောသောစကားများ

၂။ ဝိညာဉ်တော်၏ လမ်းပြမှု

၃။ ဓမ္မဟောင်းကျမ်း

၄။ မိမိ၏ ရဗ္ဗိဂျူးကျမ်းစာ ဆရာသင်တန်း

၅။ ဂရိတွေးခေါ်ရှင်များ အကြောင်း မိမိသိရှိပုံ (အထူးသဖြင့် Stoic ခေါ် သည်းခံခြင်းတရား)

ငင်းသည် ဘုရားသခင်ကို ချစ်ခြင်း၊ နှိမ့်ချခြင်းကို နှစ်သက်ခြင်း၊ ဘုရားသခင်ကို အစေခံခြင်း၊ လူသားများကို အစေခံခြင်းတည်းဟူသော–"ချစ်ခြင်းမေတ္တာ၊ ဥပဒေ" ကို ထင်ရှားပေါ်လွင်စေသည်။

ဃ။ အငယ် ၁၁–၁၄သည် အနာဂတ်၌ ဖြစ်ပျက်မည့်အရာ (ကပ်ကာလအဆုံး) များသဘောဖြစ်သည်။ အမှောင်နှင့် အလင်းသည် Dead Sea Scrolls (ပင်လယ်သေနားက တွေ့ရှိသော ရှေးဟောင်းလက်ရေးကျမ်းများ) အပါအဝင် ဂျူးစာပေ၏ ထူးခြားမှုဖြစ်သည်။ ငင်းမှာ ယောဟန်နှင့် ပေါလုတို့ရေးသော စာများ၌လည်း ပါနေကျဖြစ်သည်။ "ဖြစ်နေခဲ့ပြီးသော" နှင့် "မဖြစ်ရသေးသော" ခရစ်ယာန်အသက်တာ၏ တင်းမာမှုသည် ဘုရားတရားနှင့်အညီ အသက်ရှင်ရန် နှိုးဆော်မှုဖြစ်သည်။ "ကပ်ကာလာအသစ်" (ဘုရားသခင်၏ နိုင်ငံတော်)မှာ ဖွင့်ပွဲပြုခဲ့ပြီး ဖြစ်ကာ၊ မကြာမီပြီးပြည့်စုံလာလိမ့်မည်ဖြစ်သည်။ ဤကျမ်းပိုဒ်သည် ၁သက်၅း၁–၁၁ နှင့် လွန်စွာတူညီသည်။

င။ အငယ်၁၃–၁၄သည် အေဒီ ၃၈၆ခုနှစ် နွေကာလအတွင်း နာမည်အကျော်ဆုံးအသင်းတော်ဖခင်ကြီး တစ်ဦးဖြစ်သူ သြဂတ်စတင်း၏ ဘဝအသက်တာပြောင်းလဲသွားစေသည်။ သူသည် မိမိ၏ Confessions 8:29 ၌ပြောသည်မှာ "ကျွန်ုပ်သည် နောက်ထပ် ဆက်လက်မဖတ်တော့ချေ။ ဆက်လက်၍ ဖတ်စရာလည်းမလိုတော့ချေ။ ဤဝါကျ ဆုံးအောင် ဖတ်ပြီးသည်နှင့် တပြိုင်နက် ရှင်းလင်းသော အလင်းရောင် တစ်ခုသည် ကျွန်ုပ်၏ နှလုံးသားကို လွှမ်းခြုံသွားခဲ့ရာ သံသယ၏ မှောင်မိုက်အားလုံး လွင့်စင်ပျောက်ကွယ်သွားသည်" ဟုဆို၏။

## စကားလုံးနှင့် စကားစုလေ့လာခြင်း

### NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၃း၈–၁၀

**[8]အချင်းချင်းချစ်ခြင်း မေတ္တာမှတစ်ပါး တစ်ယောက်ယောက်ပေါ် အကြွေးမတင်နှင့်။ အကြောင်းမှာ မိမိအိမ်နီးချင်းကိုချစ်သော သူသည် ပညတ်တရားတော်ပြည့်စုံစေခဲ့ပြီ။ [9]အကြောင်းမှာ သူတပါးမယားကို မပြစ်မှားရ၊ လူမသတ်ရ၊ မခိုးရ၊ မနာလိုစိတ်မရှိရ အစရှိသည်တို့နှင့် အခြားပညတ်ချက်ရှိသမျှ အားလုံးကို မိမိကိုယ်မိမိ ချစ်သည်နည်းတူ မိမိအိမ်နီးချင်းအား ချစ်လော့ဟူသော အချက်သည် အကျဉ်းချုပ်ထား၏။ [10]ချစ်ခြင်းမေတ္တာသည် အိမ်နီးချင်းအပေါ် အမှားမပြုချေ။ ထို့ကြောင့် ချစ်ခြင်းမေတ္တာမှာ ပညတ်တရားတော ပြည့်စုံးခြင်းဖြစ်၏။**

**၁၃း၈ "တယောက်ယောက်ပေါ်အကြွေးမတင်နှင့်"** ငင်းမှာPRESENT ACTIVE IMPERATIVE ဖြစ်ပြီး၊ ဆက်လက်ခံပြီဖြစ်သော လုပ်ဆောင်မှုတစ်ခုအား ရပ်တံ့စေသည် ဟုအဓိပ္ပါယ်ရှိသော NEGATIVE PARTICIPLE ပါရှိသည်။ ဤအလေးအနက်ပြုသော စကားစု၌"မဟုတ်" သဘောနှစ်ခုရှိသည်။ ငင်းမှာ အခွန်ဆောင် ခြင်းကိစ္စနှင့် ဆက်စပ်ခြင်းဖြစ်နိုင်သည်။ (ငယ်၆–၇)။ ငွေကြေးအကြွေးတင်ခြင်းသည် စိတ်ခံစားမှုနှင့် ဝိညာဉ် ရေးရာ၌ ကြီးစွာ ခွန်အားချိနဲ့ သွားစေလေ့ရှိသည်။ လောကီဆန်ခြင်းကို သတိပြုပါ။ လောကီဆန်ခြင်းသည် ခရစ်ယာန်ကိစ္စများအား ပံ့ပိုးနိုင်စွမ်းနှင့် ကိုယ်တိုင်၏ချစ်ခြင်းမေတ္တာကို လုယူလေးရှိသည်။ သို့သော် ဤကျမ်းချက်အား "ဖေါက်သည်များကကြွေးမရောင်းရ" ခြင်းအတွေက် သက်သေအဖြစ် <u>သုံး၍မရချေ</u>။ သမ္မာကျမ်း စာအားငင်း၏ ခေတ်အလင်းထဲ၌ အနက်ပြန်ရသည်။ ငင်းမှာ မနက်ထုတ်သတင်းစာ မဟုတ်ချေ! အငယ် ၈–၁၀၌ ပြောသည်မှာ ကျွန်တော်တို့အချင်းချင်း ချစ်ရာ၌ (၁)

ပဋိညာဉ်တရား၌ ညီအစ်ကိုချင်းအဖြစ် (မဿဲ ၂၂း၃၉-၄၀။ ယော ၁၃း၃၄-၃၅) နှင့် (၂) လူသားချင်းအနေဖြင့် (မဿဲ ၅း၄၂။ ဂလာ ၆း၁၀) ချစ်ကြရန် ဖြစ်ကြောင်းပင်။

NIDNTT, အတွဲ ၁၊ စာမျက်နှာ- ၆၆၈၌ "အကြွေးတင်" ဟူသော ကြိယာ၏ အဓိပ္ပါယ်ပွါးနှစ်မျိုးဖော်ပြ သည်။
၁။ ခရစ်ဝင်ကျမ်းများ၌ ၎င်းကို ငွေ/ပစ္စည်းအကြွေးအဖြစ်သုံးသည်။
၂။ ပေါလု၏ စာများများ၌ တာဝန်အဖြစ်သုံးသည်။
ဤကျမ်းချက်၌မူ ပေါလုသည် ဤအဓိပ္ပါယ်ပွားတို့ကို ပေါင်းစပ်ထားသည်နှင့် တူသည်။

▣ **"အချင်းချင်းချစ်ခြင်းမေတ္တာမှတစ်ပါး"** ၎င်းသည် ဤကျမ်းချက်တို့၏ သော့ချက်ဖြစ်သည်။ (ယော ၁၃း၁၄။ ၁၅း၁၂။ ရောမ ၁၂း၁၀။ ၁ကော ၁၃။ ဖိ ၂း၃-၄။ ၁သက် ၄း၉။ ဟေဗြဲ ၁၃း၁။ ၂ပေ ၁း၇။ ၁ယော ၃း၁၁။ ၄း၇၊ ၁၁-၁၂)

▣ **"မိမိအိမ်နီးချင်းကို ချစ်သောသူသည်"** ဤ ကြိယာမှာ PRESENT ACTIVE PARTICIPLE ဖြစ်သည်။ ၎င်းမှာ သီးသန့် (ဝါ) အခါအားလျော်စွာ ချစ်ခြင်းမျိုးမဟုတ်ဘဲ၊ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့်တူသော အသက်ရှင်ခြင်းပုံစံကိုပြောသည်။

"အိမ်နီးချင်း" ဝေါဟာရ၏ မူရင်းအဓိပ္ပါယ်မှာ "အမျိုးကွဲ/ နောက်တစ်ခု" (*heteros*) ဟူ၍ဖြစ်သော်လည်း heteros နှင့် allos (အမျိုးတူနောက်တစ်ခု) တို့၏ ခြားနားမှုမှာ အများသုံး Koine Greek ၌ပျောက်ကွယ် သွားသည်။ ဤနေရာ၌မူ အကျယ်ပြန့်ဆုံးအားဖြင့် ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊ လူတစ်ယောက်၏ အိမ်နီးချင်းကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (လုကာ ၁၂း၁၄-၂၁။ ၁၀း၂၅-၃၇)။ သို့သော် ဤကျမ်းပိုဒ်၌ ကိုးကားသော ဝတ်ပြု ၁၉း၁၈ ၌မူ ပဋိညာဉ်ခံဖော်၊ ခံဖက်အခြားသူတစ်ယောက် (အစ္စရေးအမျိုးသားချင်း တစ်ယောက်) ကိုဆိုလိုသည်။

ခရစ်ယာန်တို့သည် အခြားခရစ်ယာန်တို့ကို ညီအစ်ကိုချင်းအဖြစ် ချစ်ရန်ဖြစ်ကာ၊ ပျောက်ဆုံးသူများကိုမူ ဘုရားသခင်သည် လောကီသားအားလုံး ချစ်သည်နည်းတူချစ်ရန်ဖြစ်ပါသည်။ (ယော၃း၁၆)။ ခရစ်ယာန်ဟူသည် မိသားစုတစ်ခုဖြစ်သည်။ အသင်းသားတိုင်းသည် တစ်ခုလုံးကျန်းမာရေးနှင့် ကြီးထွားရေးအတွက် အသက်ရှင်ကာ အစေခံကြသည်(၁ကော ၁၂း၇)။

▣

**NASB, NKJV**
**NRSV "ပညတ်တရားတော်ပြည့်စုံစေခဲ့ပြီ"**
**TEV "ပညတ်တရားတော် နာခံခဲ့ပြီ"**
**NJB "သင့်ဝတ္တရားများ ကျေပြွန်ခဲ့ပြီ"**

ဤဂရိအများသုံးကြိယာ (*pleroo*) ကိုအမျိုးမျိုးဘာသာပြန်နိုင်သည်။ ၎င်းသည်PERFECT ACTIVE INDICATIVE ဖြစ်ပြီး "ပြည့်စုံခဲ့ပြီဖြစ်၍ ဆက်လက်ပြည့်စုံသည်" ဟု ဘာသာပြန်ဆိုနိုင်သည်။ Robert Hann ရေးသားသော *Grammatical Aid to Greek New Testament* စာအုပ်၌ A.T Robertson ကိုကိုးကားပြီး ၎င်းကို "*gnomic perfect*" ဟုခေါ်သည်။ ဆိုလိုသည်မှာ ဓလေ့ထုံးစံဆိုင်ရာ သမ္မာတရားတစ်ခုအား ရည်ညွှန်းခြင်းဖြစ်ပြီး၊ ထိုစာလက်ခံသူများကောင်းစွာ နားလည်သဘောပေါက်သော အသုံးအနှုန်းမျိုးဖြစ်သည်။ ၎င်းဝေါဟာရကို ဂလာတိ ၅း၁၄။ ၆း၂ တို့၌ပြန်တွေ့ရသည်။

**၁၃း၉** ဓမ္မသစ်ကျမ်းယုံကြည်သူများအား နှိုးဆော်ပေးရန် မောရှေ၏ ပညတ္တိကျမ်းကို ပေါလုသုံးနေကျဖြစ်သည်။ (ထွက် ၂၀း၁၃-၁၇ သို့မဟုတ် တရားဟော ၅း၁၇-၂၁ နှင့် ဝတ်ပြု ၁၉း၁၈)။ ဧဖက် ၆း၂-၃၌လည်း ခရစ်ယာန်များ နှိုးဆော်ရန် ပညတ်တော်ဆယ်ပါးအနက် တစ်မျိုးသုံးသည်။ (၁တိ၁း၉-၁၀)။ ဤဓမ္မဟောင်းကျမ်းချက်မှာ ကယ်တင်ခြင်းအတွက် မဟုတ်သော်လည်း လူသားများသည် ဘုရားသခင်နှင့် အချင်းချင်း အားမည်သို့ဆက်ဆံရ မည်အကြောင်း ဘုရားသခင်၏ အလိုတော်ကို ဆက်လက်ဖွင့်ပြနေဆဲဖြစ်သည် (ရောမ ၁၅း၄။ ၁ကော ၁၀း၆၊၁၁)။ ဓမ္မဟောင်းကျမ်းအား ကိုးကားခြင်းသည် ရောမအသင်းတော်ထဲ ဂျူးနှင့်တပါးအမျိုးများနှစ်မျိုးစလုံး ပေါလုဆက်စပ် ပြောနေဟန်ရှိသည်။

“ပြည့်စုံခြင်း” ဆိုသော ဝေါဟာရသည်လည်း ပညတ်တော်အကြောင်း မဿဲ၅း၁၇ ၌ ယေရှုဆွေးနွေးပုံနှင့် တစ်မျိုးတစ်စားတည်း ဖြစ်သည်။

ဤရည်ညွှန်းချက်သည် ယေဘုယျပညတ်တရားသဘော၊ လူမှုရေးဥပဒေသများ ဖြစ်ပြီး၊ မောရှေ၏ ပညတ္တိကျမ်းဟုတ်ပုံမပေါ်ချေ။ (JB) သို့သော် အငယ် ၉၌ ပေါလုသည် ဓမ္မဟောင်းကျမ်းအား ကိုးကားပုံကို ထောက်လျှင် မောရှေ၏ ပညတ္တိကျမ်းကို ရည်ညွှန်းကြောင်းပြသည်။ လူသား၏ စည်းကမ်းဥပဒေ လိုက်နာမှုမဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာ ကသာလျှင် ပညတ်တရားတော်ပြီးပြည့်စုံစေသည်။ အောက်ပါအထူးအကြောင်းများ၌ကြည့်ပါ။

ဝတ်ပြုရာကျမ်း ၁၉း၁၈ ကို အဓိပ္ပါယ်နှစ်မျိုးဖြင့်သုံးသည်။

၁။ ယေရှုသည် ၎င်းကို *shema* စကားနှင့်အတူ စကားဆက်အဖြစ် သုံးကာ (တရားဟော ၆း၄–၆) ပညတ်တော်တစ်ခုလုံးအကျဉ်းချုပ်လိုက်သည်။ (မဿဲ ၂၂း၃၇–၄၀။ မာကု ၁၂း၂၉–၃၁။ လုကာ ၁၀း၂၇)

၂။ ပေါလုအတွက်မူ ၎င်းသည် ပညတ်တော်ဆယ်ပါး၏ ဒုတိယအပိုင်းအား အကျဉ်းချုပ်ခြင်းဖြစ်ကာ (ပဋိညာဉ်တရားနှင့် ဆိုင်သော သူများအချင်းချင်း ဆက်ဆံရေး(ဂလ ၅း၁၄) မဿဲ ၇း၁၂ နှင့်လုကာ ၆း၃၁ ကယေရှု၏ မှတ်ချက်ချပုံမျိုးလိုက်သည်။

## အထူးအကြောင်းအရာ။ ။ မောရှေ၏ ပညတ်တော်အား ပေါလုရှုမြင်ပုံ

၎င်းမှာ ဘုရားသခင်ထံမှ ဖြစ်၍ ကောင်းမြတ်သည် (ရောမ ၇း၁၂–၁၆)

က။ ၎င်းမှာ ဖြောင့်မတ်ခြင်းအတွက်နှင့် ဘုရားသခင်၏ လက်ခံမှုရှိရန်မဟုတ်ချေ။ (အမင်္ဂလာတစ်ရပ်ပင်ဖြစ် နိုင်သည်။ ဂလတိ၃)

ခ။ ၎င်းမှာ ဘုရားသခင်မိမိကိုယ်မိမိ ဖွင့်ပြခြင်းဖြစ်သဖြင့် ယုံကြည်သူများအတွက် ဘုရားသခင်၏ အလိုတော် ဖြစ်နေပါသေးသည်။ (ပေါလုသည် အပြစ်ကို ဖော်ပြရန် သို့မဟုတ် ယုံကြည်သူများကို အားပေးရန် ဓမ္မဟောင်းကျမ်းကို ကိုးကားလေ့ရှိသည်။)

ဂ။ ဓမ္မဟောင်းကျမ်းသည် ယုံကြည်သူများကို စကားပြောသည်။ (ရောမ ၄း၂၃၊၂၄၊ ၁၅း၄။ ၁ကော ၁၀း၆၊၁၁)။ သို့သော် ဓမ္မဟောင်းကျမ်းအားဖြင့် ကယ်တင်ခြင်းမရချေ။ (တမန် ၁၅၊ ရောမ ၄၊ ဂလာတိ ၃၊ ဟေဗြဲဩဝါဒစာ)

ဃ။ ပဋိညာဉ်တရားသစ်၌ ၎င်း၏ အလုပ်လုပ်ပုံမှာ–

၁။ အပြစ်ရှိကြောင်းပြသည်။ (ဂလာ ၃း၁၅–၂၉)

၂။ ရွေးနှုတ်ခြင်းရရှိသူများကို လူ့အဖွဲ့အစည်းအတွင်းလမ်းပြသည်။

၃။ ခရစ်ယာန်များ၏ ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် လမ်းပြသည်။

မောရှေ၏ ပညတ်တော်ကျမ်းအပေါ် ပေါလု၏ အမြင်ကို နားလည်ရန် ကြိုးစားခြင်းမှာ ကျိန်ဆဲခြင်းနှင့် ကျိန်ဆဲခြင်းဆိုင်ရာ ဓမ္မသဘောတရား၏ နောက်ဆက်တွဲအကြောင်းစုံနှင့် ၎င်းကို ဖြတ်ကျော်၍ ကောင်းကြီးမင်္ဂလာနှင့်အမြဲထာဝရဆီသို့ ဖြတ်ကူးသွားခြင်း ဖြစ်သည်။ James Stewart သည်သူ၏စာအုပ် A Man in Christ စာအုပ်ထဲ၌ ပေါလု၏ ဆန့်ကျင်ဘက်ဖြစ်နေဟန်ရှိသော တွေးခေါ်ပုံနှင့် အရေးအသားကို ဤသို့ဖော်ပြသည်။

“အတွေးအခေါ် မြော်မြင်မှုစနစ်နှင့် ဩဝါဒတစ်ရပ်အား မိမိကိုယ်တိုင်တည်ထောင်သူတစ်ဦးသည် မိမိ သုံးသော ဝေါဟာရများ၏ အဓိပ္ပါယ်ကို တိကျစွာ သတ်မှတ်လိမ့်မည်ဟု သဘာဝအားဖြင့် မျှော်လင့်ကြမည်သာ ဖြစ်သည်။ သူသည် မိမိ၏အဓိကအကြံအစည်များ ဆိုင်ရာစကားလုံးအသုံးအနှုန်းများကို တိကျနိုင်သမျှ တိကျစေရန် ရည်ရွယ်လိမ့်မည်ဟု မျှော်လင့်ကြမည်သာဖြစ်သည်။ သီးခြားအဓိပ္ပါယ်တစ်မျိုးအတွက် တစ်ခါသုံးခဲ့ပြီးသော စကားလုံးတစ်လုံးအား တရောက်လုံး ထိုအဓိပ္ပါယ်ဖြင့်ပင် သုံးရန်ဖြစ်သည်ဟု ဆိုကြမည်သာဖြစ်သည်။ သို့သော် ပေါလု၌မူ ထိုသို့မဟုတ်ကြောင်း စိတ်ပျက်ဘွယ်ရာ တွေ့ရှိရသည်။ သူ့အသုံးအနှုန်းအများအပြားမှာ တည်ငြိမ်တိကျမှု မရှိချေ။ “ပညတ်တရားသည် သန့်ရှင်း၏။…ငါသည်အတွင်းလူအားဖြင့် ဘုရားသခင်၏ ပညတ်တရားတော်ကို နှစ်သက်၏” ဟူ၍ (ရောမ ၇း၁၂–၂၂) ၌ ရေးသားခဲ့သော်လည်း ၎င်းမှာ ပညတ်တရားတော်၏ အခြားမျက်နှာစာတစ်ဖက် သာလျှင်ဖြစ်ကာ၊ အခြားတစ်နေရာတွင် သူကပင် “ခရစ်တော်သည် ငါတို့အား ပညတ်တရားတော်၏ ကျိန်ဆဲခြင်းမှ ရွေးနှုတ်တော်မူခဲ့သည်” ဆိုပြန်ချေသည်။ (ဂလ ၃း၁၃) (p. 26)

**အထူးအကြောင်းအရာ။ ။ ထွက်မြောက်ရာ ၂၀၏မှတ်စု။**

## ထွက်မြောက်ရာ ၂၀း၁၃ လူသတ်ခြင်း

### ၁။ ကျမ်းစကားအဆက်အစပ်

က။ လူမှုရေးနှင့် ဆိုင်သယောင်ဖြစ်သော ပညတ်ချက်များသည်ပင်လျှင် အမှန်စင်စစ် ဘာသာရေးဖြစ်ကြောင်း သတိရရန်လိုသည်။ ဖန်ဆင်းသော အရာများနှင့် ရွေးနုတ်ခြင်းအပေါ် ဘုရားသခင်၏ အချုပ်အခြာ အာဏာကို ဤပညတ်ချက်များသည် အရိပ်ထိုးလိုက်ရှိ၏။ လူ၏ အသက်ကို မသန်ရ ဟူသော ပညတ်ချက်ကို ကောင်းမွန်စွာ စူးစိုက်သည့်အခါ လူသားအားလုံးအထဲ ရှိသော ဘုရားသခင်၏ သဏ္ဍာန်တော်အကြောင်း၊ လူသား၏အသက်ကို ဘုရားသခင် ဂရုစိုက်ကာ ကြောင့်ကြစိုးရိမ်ကြောင်း ပြသည်။

ခ။ ပညတ်ချက်တခုစီသည် ယုံကြည်ခြင်း လူ့အသိုင်းအဝိုင်းအား ပေါ်လွင်စေကြောင်း သတိရရန်လိုသည်။ လူတယောက်၏ အသက်ကို တရားဥပဒေနှင့်မညီသော ပုံစံဖြင့် သုတ်သင်ပယ်ရှင်းခြင်းသည် မူလအားဖြင့် ယုံကြည်သူ လူ့အသိုင်းအဝိုင်းနှင့်ဆိုင်၍ ပြောခြင်းဖြစ်သည်။ ၎င်း၏ အကျိုးသက်ရောက်မှုမှာ လူသားတိုင်းနှင့် သက်ဆိုင်သည်!

### ၂။ ပေါ်လွင်ထင်ရှားသော စကားလုံးများ လေ့လာခြင်း

#### က။ လူသတ်ခြင်း

၁။ ၎င်းမှာ လူတယောက်၏ အသက်ကို နှုတ်ယူခြင်းအတွက် သုံးသော ရှားပါးသည့် ဝေါဟာရ (rasah) ဖြစ်ပြီး ဓမ္မဟောင်းကျမ်း၌ ၄၆ကြိမ်သာသုံးသည်။ ပို၍ အသုံးများသော အခြား ဝေါဟာရနှစ်ရှိမျိုးရှိသည်။

(က) Harag ၁၆၅ ကြိမ်

(ခ) Hemit ၂၀၁ ကြိမ်

၂။ ဝေါဟာရ rasah ၌ မူရင်းအားဖြင့် ကန့်သတ်သော အဓိပ္ပါယ်နှင့် အကျယ်ပြန့်သော အဓိပ္ပါယ်ရှိနှင့် တူသည်။

(က) မူရင်းအားဖြင့် ၎င်းသည် တရားဥပဒေ ဆိုင်ရာတွင် ပဋိညာဉ် တရားပြုဖော်တဖက်သား၏ အသက်အား နှုတ်ယူခြင်းနှင့် စပ်ဆိုင်သည်။ ၎င်း၌ ကြံစည်မှုသဘောပါ၍ "သေစားသေစေသော ဆွေမျိုးရင်း" ((goel) နှင့် သက်ဆိုင်လေ့ရှိသည်။ ဤဝေါဟာရ၌ ကြံစည်ခြင်းသဘောပသော်လည်း တနည်းအားဖြင့် တရားဝင်လက်စားချေခြင်း သဘောဖြစ်သည်။ (တောလည် ၃၅း၁၀-၃၄၊ ဝတ်ပြု ၂၄း၁၃-၂၃) အမှန်စင်စစ်မျက်လုံးအတွက် မျက်လုံး Lex Talionis (ကမ္ဘာ ၉း၅-၆) မှာ ကန့်သတ်ထားသော လက်စားချေခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပဋိညဉ်ခံနှင့် သက်ဆိုင်သော (အစ္စရေးလူမျိုး) လူတယောက်သည် မိမိအသိုင်းအဝိုင်းထဲက အခြားသူတယောက်အား မတော်တဆဖြစ်စေ၊ တမင်သက်သက်ဖြစ်စေသတ်ပါက အသတ်ခံရသူ မိသားစု၏ အမျက်ဒေါသမှ ထွက်ပြေးနိုင်ရန် ခိုလှုံရာမြို့များကို တည်ထောင်လာခဲ့ကြသည်။ (တရား ၄း၄၁၊ ယော ၂၀း၃)။

ခ။ နောက်ပိုင်းတွင် ထိုဝေါဟာရမှာ အသက်သတ်ခြင်း၏ နောက်ကွယ်က အကြောင်းရင်း (ဝါ) စိတ်နေသဘောထားကို ညွှန်းခြင်းဖြစ်လာသည်။ "ရည်ရွယ်ချက်ဖြင့်" ဟူသော သဘောမှာ အမြင့်မားဆုံးပြစ်မှု ဖြစ်လာသည် (ထွက် ၂၁း၁၂-၁၄။ တောလည် ၃၅း၁၁၊၁၂။ တရားဟော ၂၈း၂၄)။

ဂ။ ဤပညတ်ချက်တွင် ဤကွဲပြားခြားနားမှု အလွန်ပေါ်လွင်လာသည်။ ကျမ်းစကား အဆက်အစပ်အရ ၎င်းမှာ ပဋိညဉ်ခံ လူ့အသိုင်းအဝိုင်းအတွင်း ရှိအခြားသူများကို သာရည်ညွှန်းသည်နှင့်တူသည်။ ၎င်းသည် ရွေးနုတ်ပိုင်ခွင့်ရှိသူ နီးစပ်သော အမျိုး (သို့) စားသေစေလက်စားချေ သူကို ပြောသည်။ သို့သော် နောက်ပိုင်းတွင် ထိုဝေါဟာရကို ပညတ်တော်ဆယ်ပါးအား ထင်ဟပ်၍ လူ့အသက်သတ်သော သူအား ရည်ညွှန်းကာ ဟောရှေ ၄း၂နှင့် ယေရမိ ၇း၉ တို့၌ သုံးသည်။ ဤစကားလုံးသည် ပညတ်တော်ကိုသာမက၊ အကြောင်းရင်းကိုပါ ပြောခြင်းဖြစ်သည်။ ၎င်းသည် အိမ်နီးချင်းမှ လူသားအချင်းချင်းသို့ တိုးချဲ့ရည်ညွှန်းသွားသည်။

၃။ ဤဝေါဟာရသည် ကျွန်တော်တို့၏ ခေတ်သစ်ကာလ သေဒဏ်စီရင်ခြင်းနှင့် စစ်ပွဲများကို ပြောခြင်းမဟုတ်ချေ။ ဂျူးတို့၌ လူ့အသိုင်းအဝိုင်းဆိုင်ရာ သေဒဏ် (ဝါ) သန့်ရှင်းသော စစ်ပွဲကို ပြဿနာဟု မဖြစ်ခဲ့ဘူးကြချေ။ (သို့မဟုတ် ၎င်းကိစ္စအတွက် မသန့်ရှင်းသော စစ်ပွဲဟူ၍ မရှိချေ။)

၄။ ကျွန်တော်တို့၏ ခေတ်သစ်ကာလအတွက် အကောင်းဆုံး ဘာသာပြန်ချက်မှာ "ကြိုတင်ကြံရွယ်သော လူသတ်မှု" ဟူ၍ ဖြစ်ပေလိမ့်မည်။

## ၃။ ကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ရခြင်း

က။ ဆဌမ၊ သတ္တမနှင့် အဌမ ပညတ်ချက်များကို ဟေဗြဲစကားလုံးနှစ်လုံးစီဖြင့်သာ ရေးသားသည်။ ၎င်းတို့မှာ အလွန်တိုတောင်းထိမိသည်။

ခ။ အခြားအသက်များနည်းတူ အသက်ဟူသည် ဘုရားသခင်နှင့် သက်ဆိုင်သည်။ အခြားသူများပေါ် မိမိတို့၏ ပြုမူပုံသည် ဘုရားသခင်အကြောင်း မိမိတို့ အတွေးအမြင်ကို ထင်ဟပ်ပေါ်လွင်စေသည်။

## ၄။ ဓမ္မသစ်ကျမ်းရှိ အလားတူကျမ်းပြိုင်များ

က။ ယေရှု

၁။ ဤပညတ်ချက်ကို သူအကျယ်ချဲ့လိုက်ခြင်းသည် (မဿဲ ၅း၂၁–၂၆) ဤကျမ်းပိုဒ် ယနေ့ ကျွန်တော်တို့ ခေတ်သစ်ကာလ၌ မည်သို့ အသုံးပြုရမည်ကို ဆွေးနွေးရာ၌ အသင့်တော်ဆုံးပြင်ဆင်မှုပေးသည်။

၂။ ယေရှုသည် ပညတ်တော် ဆယ်ပါးအား ပြုမူခြင်း သဘောမှ ပြုမူရင်း အကြောင်းရင်းသို့ သိသာပေါ်လွင်စွာ ပြောင်းလိုက်သည်။ ကျွန်တော်တို့သည် မိမိတို့ တွေးသည့်အတိုင်းဖြစ်ကြသည်။ "လူသည် မိမိ စိတ်နှလုံးထဲ တွေးသည့်အတိုင်း မိမိဖြစ်၏။" စဉ်းစားခြင်း အသက်တာသည် မိမိတို့ ခံယူသည်ထက် ပိုမိုသက်ဆိုင်မှုရှိကာ၊ ပိုမိုအဓိပ္ပါယ်ရှိသည်။

ခ။ ယောဟန်

၁။ ၁ယော ၃း၁၅ ဤသဘောနှင့်ပင် မုန်းတီးခြင်းအား လူသတ်မှုအဖြစ် ဖော်ပြသည်။

၂။ မဿ၅း၂၁နှင့် ၁ယော ၃း၁၅ တို့၌ သုံးသော ဂရိဝေါဟာရတို့မှာ ကွဲပြားခြားနားသော်လည်း၊ ဆိုလိုရင်းမှာမူ အသက်တမျှ တူညီနေသည်။

၃။ ၁ယော ၄း၁၉–၂၁ မှာ အပြုသဘောအမြင်ဖြစ်ကြောင်း မှတ်သားပါ။

## ၅။ လက်တွေ့ကျင့်သုံးခြင်း သမ္မာတရားများ

က။ မရည်ရွယ်သော လူသတ်သမားသည် အသက်ကို လက်စားချေသူ၏ ရန်မှ လွတ်မြောက်စေရန် ခိုလှုံရာမြို့ တစ်မြို့အား ခိုလှုံခွင့်ရသော်လည်း (တောလည် ၃၅။ ယောရှု ၂၀) ထိုအချိန်က ယဇ်ပုရောဟိတ်မင်း

ကွယ်လွန်သည်အထိ ထိုမြို့ထဲ အချုပ်ချထားခြင်း ဒဏ်ကိုမူ ခံရသည်။ သူ့အပြုအမူ၏ နောက်ဆက်တွဲများကိုပင် သူ ဆက်လက်ခံရသည်။

ခ။ ဤကျမ်းချက်သည် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်းအား တိုက်ရိုက်မပြောသော်လည်း၊ ရှေးခေတ်လူများသည် ထိုကိစ္စအား တွေးမိခဲ့ကြသည်မဟုတ်သဖြင့် လူ့အသက်အား အလေးအမြတ်ထားခြင်းဆိုင်ရာ နိယမတရား တစ်ရပ်နှင့် ဘုရားသခင်၏ အချုပ်အချာအာဏာအပြင် မိမိသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းသော လူ့အသက်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်တို့ကိုပါ ဖော်ပြသည်။ ဤကျမ်းချက်သည် ဤကဏ္ဍအကြောင်းအား ယနေ့ ကျွန်တော်တို့ ခေတ်ကာလအတွက် ပြင်းထန်စွာ စကားပြောနေသည်။

ဂ။ ဤကျမ်းချက်သည် မည်သို့ဖြစ်စေ ယနေ့ခေတ်ကာလ၏ မေးခွန်းများကိုမူ အဆုံးအဖြတ်ပေးသော အဖြေမပေးချေ။ (၁) သေဒဏ်ပေးခြင်း သို့မဟုတ် (၂) စစ်ပွဲများ ကိစ္စ နှစ်မျိုးလုံးတွင် အစ္စရေးလူမျိုးသည် ပါဝင်ပတ်သက်သည်။ ဘုရားသခင်၏ သဏ္ဍာန်တော်အတိုင်းနှင့် သူ၏ ထိန်းချုပ်မှုအောက်၌ ဖန်ဆင်းသော လူ့အသက်၏ အဓိပ္ပါယ်ဆိုင်ရာ နိယမသည် ဤကဏ္ဍ၌ အရေးကြီး ကိစ္စဖြစ်နေပေသေးသည်။

ဃ။ ဤကျမ်းချက်သည် လူ့အသက်၏ ဂုဏ်သိက္ခာနှင့် လေးမြတ်မှုအကြောင်းလိုအပ်သော စကားတခွန်းပြောသည်။ ကျွန်တော်တို့ ယုံကြည်သူများသည် မိမိတို့၏ အပြုအမူ၌ သာမက မိမိတို့ လူ့အသိုင်းအဝိုင်းနှင့် ဆိုင်၍လည်း ဘဏ္ဍာစိုးများဖြစ်ကြသည်။ လက်ဆောင်ဖြစ်သော အသက်သည် တစ်ဦးချင်းနှင့် တစ်စုတစ်ပေါင်းတည်းလည်းဖြစ်သည်။

ကျွန်တော်တို့သည် မိမိတို့ ကိုယ်တိုင်၏ ကိုယ်ခန္ဓာ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာတိုကို အလွဲသုံးစာပြုခြင်းအတွက် တာဝန်ရှိကြရုံမကဘဲ၊ မိမိတို့ လူ့အသိုင်းအဝိုင်း၏ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာတို့ကိုပါ အလွဲသုံးစားပြုကြခြင်းအတွက် တာဝန်ရှိကြသည်။ အထူးသဖြင့် မိမိတို့၏ လူနေမှု စနစ်အတွင်း ပြောခွင့်ဆိုခွင့်ရကာ၊ ၎င်းအားပြုပြင် ခွင့်ရရှိကြသော လွတ်လပ်သည့် ကျွန်တော်တို့အတွက် အထူးသဖြင့် မှန်ကန်သည်ဟု ဆိုရပေမည်။ ကျွန်တော်တို့သည် မိမိတို့၏ ညီအစ်ကိုများကို ထိန်းကျောင်းရသော သူများဖြစ်သည်။

## ထွက်မြောက်ရာ ၂၀း၁၄။ သူတပါးမယားအားပြစ်မှားခြင်း

### ၁။ ကျမ်းစကား အဆက်အစပ်

က။ ၎င်းမှာ ဘုရားသခင်ကို ခန့်ညားသောအားဖြင့် မိမိအိမ်နီးချင်း၏ အသက်၊ မယားနှင့် ပစ္စည်းဥစ္စာများအား လေးစားခြင်းဆိုင်ရာပညတ်ချက်ဖြစ်ကြောင်း ထင်ရှားသည် (ယေရ ၅း၈)။ ဂရိဓမ္မဟောင်း *Septuagint* ၌မူ ဤပညတ်ချက်များအား တစ်မျိုးတစ်ဖုံစီစဉ်ကာ မှန်ကန်ကြောင်း ပေါ်လွင်စေသည်။

ခ။ တရားဟောရာကျမ်း၏ အလားတူ ကျမ်းပိုဒ်သည် ဤရှေးဟောင်း သမ္မာတရားအား မိမိတို့၏ ခေတ်ကာလ ယဉ်ကျေးမှု ထုံးတမ်းဓလေ့အတွက် အသုံးပြုခြင်း၏ သင့်လျော် မှန်ကန်ပုံကို ပြသသည်။

ဂ။ မိဘများကို ရိုသေလေးစားခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုတည်ငြိမ်ရန် သော့ချက်ဖြစ်ကြောင်း မြင်ကြသည် နည်းတူ၊ ဤပညတ်ချက်သည်လည်း ၎င်းကိုပင် ဆိုလိုသည်။

ဃ။ မိမိတို့၏ လိင်မှုကိစ္စများနှင့် မိသားစု အသက်တာတို့ကို ပိုင်ဆိုင်သူနှင့် ထိန်းချုပ်သူမှာ ဘုရားသခင်ဖြစ်ကြောင်း ဖော်ပြသည်။

င။ ပညတ်ချက် နံပါတ် ၄သည် ကမ္ဘာဦး ၂း၁–၃ကို အခြေပြုသည် နည်းတူ ဤပညတ်ချက်သည် ကမ္ဘာဦး ၂း၂၄ ကို အခြေပြုပုံ ရပါသည်။

### ၂။ စကားလုံး လေ့လာမှု

က။ ဤကျမ်းပိုဒ်၏ အဓိက ဝေါဟာရမှာ "သူတပါးမယားအား ပြစ်မှားခြင်း" *adultery* ဖြစ်သည်။ ဤဝေါဟာရကို ရှေးဟောင်းဟေဗြဲ ဓလေ့ထုံးစံ နောက်ခံဖြင့် နားလည်ရန် အရေးကြီးသည်။

၁။ ၎င်းမှာ ဓမ္မဟောင်းကျမ်း၏ "မတရားသော မေထုန်ပြုခြင်း" *fornification* နှင့် ကွဲပြားသော *adultery* ခေါ် "သူတပါးမယားအား ပြစ်မှားခြင်း" ဆိုရာ၌ တဖက်လူမှာ အိမ်ထောင်သည် ဘဝဖြင့် လိင်မှုဆိုင်ရာ ဆက်ဆံမှုရှိသူဖြစ်သည်။ ဤဝေါဟာရဖြစ်သည် *"fornification"* မတရားသော မေထုန်ပြုခြင်း ဟု ဆိုရာ၌ မှုနှစ်ဖက်စလုံး လူလွတ်များဖြစ်သည် (သုတ္တံ ၂၉း၃။ ၃၁း၃)။ ဤကွဲပြားခြားနားမှုမှာ ဓမ္မသစ်၏ ဂရိစကား၌ ပျောက်ကွယ်နေသည်။

၂။ လက်ထပ်ထိန်းမြားခြင်း ကိစ္စ၌ ဤအကြောင်းကို အလေးအနက်ပြုရခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ ၎င်းသည် "ကတိတော်မြေ" အား ပိုင်ဆိုင်ခြင်း အခွင့်အရေးနှင့် သက်ဆိုင်နေခြင်းကြောင့် ဖြစ်နိုင်သည်။ မြေယာပိုင်ဆိုင်မှုကို နှစ်ပေါင်း ၅၀ ပြည့်တိုင်း (ရွှေရတုသဘင်ကျင်းပတိုင်း) မူလပိုင်ဆိုင် သူများသို့ ပြန်ပြောင်းပေးလေ့ရှိသည်။

၃။ သူတပါး မယားနှင့် ပြစ်မှားခြင်းကို မောရှေ၏ တရားဥပဒေ မပြဋ္ဌါန်းမီကပင် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ အရေ ပြစ်တင်ရှုတ်ချသည်။ (ကမ္ဘာ ၁၂း၁၀။ ၂၆း၇။ ၃၉း၉)။

၄။ သူတပါး မယားအား ပြစ်မှားခြင်းသည်

(က) အိမ်နီးချင်းကို ဆန့်ကျင်သော အပြစ်ဟု ရှုမြင်သည် ထွက်၂၀း၁၄။ တရားဟော ၅း၁၈

(ခ) ထိမ်းမြားလက်ထပ်ခြင်းကို ဆန်ကျင်သော အပြစ်ဟု ရှုမြင်သည် ဝတ်ပြု ၁၈း၂၀

(ဂ) ဘုရားသခင်ကို ဆန်ကျင်ဘက်ပြုခြင်းအဖြစ် ရှုမြင်သည်။ ကမ္ဘာ ၂၀း၁–၁၃။ ၂၆း၇–၁၁

၅။ နှစ်ဖက်စလုံးကို သေဒဏ်ပေးနိုင်သည်။

(က) ဝတ်ပြု ၂၀း၁၀

(ခ) တရားဟော ၂၂း၂၂–၂၄

(ဂ) ယေဇ ၁၆း၄၀ (တင်စားခြင်း)

(ဃ) သုတ္တံကျမ်း ၁–၉ အတွင်း ကြပ်တည်းသော သတိပေးမှုများရှိသည်။

## ၃။ ဓမ္မသစ်ကျမ်းနှင့် ဆက်စပ်မှု

က။ ယေရှုသည် ဖွင့်ပြတော်မူခြင်း အဟောင်း၏ အကျဉ်းချုပ်အဖြစ် (လုကာ ၁၀း၂၇) ဝတ်ပြု ၁၉း၁၈ ကို သုံးသည်။ ပညတ်တော် ဆယ်ပါးမှာ အခြားသူများ ပေါ် မိမိတို့၏ ပြုမူဆက်ဆံခြင်းနှင့် သက်ဆိုင်ကြောင်း ဤအချက်သည် အတည်ဖြစ်စေသည်။

ခ။ ယေရှုသည် မဿဲ ၅း၂၈ ၌ ဤပညတ်ချက်များကို ပြင်းထန်စေသည်။ သူသည် အပြုအမူများထက် ပြုမူစေသော အကြောင်းရင်းကို အလေးအနက်ထားသည်။ ဂျူးလူမျိုးသည် လူ၏ စိတ်ကို လူ့ဝိညာဉ်၏ တည်နေရာအဖြစ် ရှုမြင်ကြသည်။ လူတစ်ယောက် တွေးသောအရာသည် ထိုလူ၏ အစစ်အမှန်ဖြစ်သည်။ (သုတ္တံ ၂၃း၇)။ ၎င်းသည် ဤစကား ဆယ်ခွန်းမှာ စောင့်ထိန်းရန် မဖြစ်နိုင်သောအရာနီးပါး ဖြစ်သွားစေသည်။ ဤအရာသည်ပင် ၎င်း၏ ရည်ရွယ်ချက်ဖြစ်သည် (ဂလ ၂း၁၅–၃း၂၉)။

## ၄။. ခေတ်သစ် ကာလ၌ အသုံးပြုခြင်း

က။ ထိန်းမြားလက်ထပ်ခြင်းမှာ ဘုရားသခင်၏ နာမတော်၌ တစ်သက်တာလုံး ယုံကြည်ခြင်းဖြင့် ဆက်ကပ်မှု၏ အကောင်းဆုံးသော ခေတ်သစ် အဓိပ္ပါယ် တူစကားလုံးဖြစ်သည်နှင့် တူသည်။ ၎င်းမှာ ဓမ္မဟောင်း၏ ပဋိညာဉ်ပြုခြင်း ဆိုင်ရာ သဘော၏ စစ်မှန်မှုအား အကောင်းဆုံး နားလည် သဘောပေါက်နိုင်ရန် အခွင့်ကောင်း တစ်ရပ်ဖြစ်သည်။ (မာလခိ ၂း၁၄)။ မိမိကြင်ဘက်အား လိင်မှုဆိုင်ရာ အပါအဝင် ကဏ္ဍရပ်အားလုံး၌ ရိုသေလေးစားခြင်းသည် ဤကျမ်းချက်၏ အဓိက အချက်ကို နားလည်သဘောပေါက်နိုင်ရန် ပံ့ပိုးသည်။

ခ။ ထိန်းမြားလက်ထပ်ခြင်း၌ တည်တံ့ခိုင်မြဲခြင်းနှင့် သစ္စာရှိခြင်းသည် မိဘတို့အား ရိုသေလေးစားခြင်း နည်းတူ လူ့အဖွဲ့အစည်း၏ ခွန်အားနှင့် ကြာရှည်တည်တံ့ရေးအတွက် အဓိကတိုင်လုံးကြီးများ ဖြစ်သည်။

ဂ။ လူ၏ လိင်စိတ်ကို ဘုရားသခင်ပေးသော လက်ဆောင်အဖြစ် အလေးအနက်ထားရန် လိုအပ်သည်။ ၎င်းမှာ လူသားအတွက် အကြံအစည်တော်နှင့် အလိုတော် ဖြစ်သည်။ လမ်းညွှန်မှုများမှာ လူ၏ လွတ်လပ်မှုနှင့် ဝမ်းမြောက်မှုအား ချိုးနှိမ်ရန် မဟုတ်ဘဲ၊ ကျဆင်းသော လူသားအတွက် ဘုရားတရားနှင့် ညီညွတ်စေရန်ဖြစ်သည်။

ကန့်သတ်မှုများမှာ ကျွန်ုပ်တို့၏ ရေရှည်အကျိုးနှင့် ဝမ်းမြောက်မှုအတွက် ဖြစ်သည်။ လူသည် ဘုရားသခင်ပေးသော လက်ဆောင်အားလုံး နည်းတူ လိင်မှုကိစ္စကိုလည်း အလွဲသုံးစား ပြုသောလည်း၊ ၎င်းမှာ ဘုရားသခင်၏ ထိန်းချုပ်မှုနှင့် လမ်းညွှန်မှုအောက်၌ ရှိနေမည့် လူသားအတွင်း စွမ်းအားကြီးကောင်းနှင့်အား တစ်ရပ်ဆက်လက် ဖြစ်နေပါသေးသည်။

ဃ။ လူ၏ ပုဂ္ဂိုလ် (အမ ဖြစ်စေအထီးဖြစ်စေ) သည် ဘုရားသခင်၏ သဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခြင်းဖြစ်သောကြောင့် ၎င်း၏ လျှို့ဝှက်ချက်အား ရိုသေလေးစားခြင်းဖြင့် လိင်မှုကိစ္စကို စောင့်ထိန်းရပါမည်။ "ငါ" ဆိုသည့် အတ္တကို ဗဟိုပြုသော ကျဆင်းသည့် မိမိတို့ အာရုံပြုမှုသည် ဤကဏ္ဍ၌ လွန်စွာ ပေါ်လွင်သည်။

## ထွက်မြောက်ရာ။ ၂၀း၁၅ ခိုးဝှက်ခြင်း

### ၁။ ယေဘုယျသဘော

က။ ပညတ်တော် ဆယ်ပါးထဲက အခြား ပညတ်ချက်များ နည်းတူ ကျွန်တော်တို့၏ ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းတို့သည် မိမိတို့၏ လောကီ၊ လောကုတ္တရာ နေ့စဉ်အသက်တာများ၌ တွေ့မြင်နေရပါမည်။ ဘုရားသခင်ကို သိကျွမ်းပါသည့်ဟု ကြွေးကြော်ရင်း မိမိနှင့် ပဋိညာဉ် ခံဖော်ခံဖက် တစ်ဦးအား မှားယွင်းခြင်းမှာ ဘုရားသခင်အတွက် ရှုံ့ရှာဘွယ်ရာ ဖြစ်သည်။ (၁ယော ၄း၂၀–၂၁။ ၂း၇–၁၁)

ခ။ ဤပညတ်ချက်မှာ ပဋိညဉ်ခံ လူ့အသိုင်းအဝိုင်းအတွင်း မိတ်သဟာယအား ဆက်လက်တည်တံ့စေရန် ပံ့ပိုးရေး ဖြစ်သည်။ ဝိညာဉ်ရေးရာ ဤမိတ်သဟာယ၏ အရည်အသွေးသည် ရှုပ်ထွေးနေကာ၊ စူးစမ်းရှာဖွေနေသော ဤကမ္ဘာအား ကျွန်တော်တို့၏ ဘုရားသခင်ထံတော်သို့ ဆွဲဆောင်မည်ဖြစ်ကာ၊ ၎င်းသည် ပင် သမ္မာ ကျမ်းစာ၏ ရည်ရွယ်ချက်ဖြစ်သည်။

ဂ။ အခြားပညတ်ချက်များသည် အသက်ဟူသမျှ ပိုင်ဆိုင်သူမှာ ဘုရားသခင်ဖြစ်ကြောင်း အာရုံပြုသည် နည်းတူ ဤပညတ်ချက်သည်လည်း အလားတူ ပြုသည်။ ကျွန်တော်တို့မှာ ပိုင်ရှင်မဟုတ်ဘဲ၊ ဘဏ္ဍာထိန်းများဖြစ်သည်။ တန်ဘိုးမပေးရဘဲ၊ ပိုင်ဆိုင်လိုသော မိမိတို့၏ ကျဆင်းမှားယွင်းသော မောင်းနှင်အားသည် ဤတားမြစ်ချက်၏ ပြင်ပတွင် ရှိသည်။ (ဆာလံ ၅၀း၁၀–၁၂)

### ၂။ စကားလုံးနှင့် စကားစု လေ့လာမှု

က။ ၎င်းမှာ ပညတ်တော် ဆယ်ပါး၏ ဒုတိယ အပိုင်းတွင် ဒုတိယမြောက် ပညတ်ချက်ဖြစ်ပြီး၊ ဟေဗြဲလို စကားလုံး နှစ်လုံးမျှသာဖြစ်သည်။

ခ။ တားမြစ်ချက်၏ ရည်စူးရာကို မဖော်ပြချေ။ ၎င်းအား ပံ့ပိုးသောအချက်များမှာ

၁။ ၎င်းမတိုင်မီ ပညတ်ချက်နှစ်ခုတို့သည် ပြစ်ဒဏ်ကျခံစေသော ပညတ်ချက်များ ဖြစ်သည်။

၂။ အလားတူ ကျမ်းပိုဒ်များကို အနီးကပ် (ထွက် ၂၁း၁၆) ၌ ဖြစ်စေ၊ အလှမ်းဝေးရာ၌ ဖြစ်စေ (တရားဟော ၂၄း၇) တွေ့ရသည်။ ကမ္ဘာဦး ၃၇၌လည်း ကြည့်ပါ။

ဂ။ ၎င်းသည် မည်မျှပင်တို့ တောင်းစေကာမူ ခံခံကာကွယ်မှုပေးသော အချက်များရှိသည်။

၁။ ဝိညာဉ်တော် မှုတ်သွင်းခြင်းအားဖြင့် မှတ်တမ်းတင်ခြင်း ဖြစ်သည်။

၂။ ၎င်းသည် တားမြစ်ခြင်း ပညတ်၏ မြင်ကွင်းကို ကျယ်ပြန့်စေသည်။

၃။ ခိုးခြင်းဆိုင်ရာ နီးကပ်သော အလားတူ ကျမ်းပိုဒ်လည်း ရှိသည်။ ထွက်မြောက် ၂၂း၁။

၄။ ယေရှုသည် ခိုးခြင်းအကြောင်း ရည်ညွှန်းရန် ဤကျမ်းချက်ကို ပေါ်လွင်စွာ ကိုးကားသည်။ (မဿဲ ၁၉း၁၈)။

ဃ။ အခြားရှေးဟောင်း ဥပဒေကျမ်းများ၌ပါ ခိုးဝှက်ခြင်းကို ဖော်ပြသော်လည်း ပြစ်ဒဏ်မှာ သေဒဏ်၊ ခြေ၊ လက်၊ အင်္ဂါများ ဖြတ်ပစ်ခြင်း သို့မဟုတ် အဆပေါင်း ၃၀လျော်ကြေးပေးခြင်းစသည်တို့ ဖြစ်၏။

၄။ ဤသမ္မာတရားကို အဓိပ္ပါယ်ဖွင့်ဆို ရှင်းလင်းသော၊ အဓိပ္ပါယ်ပေါ်လှသည့် အလားတူ ကျမ်းပိုဒ်အချို့ရှိသည်။
၁။ ဝတ်ပြု ၁၉း၁–၁၈ "သင်တို့၏ ဘုရားသခင် ငါထာဝရဘုရား သန့်ရှင်းသဖြင့် သင်တို့လည်း သန့်ရှင်းခြင်း ရှိကြလော့"
(က) ကျွနုပ်တို့၏ အသက်ရှင်ခြင်း ပုံစံသည် ကျွန်တော်တို့ ဖခမည်းတော်နှင့် ကျွန်တော်တို့ ဘုရားသခင်၏ မိသားစု ကြင်အင်လက္ခဏာများ ထင်ဟပ်ပေါ်လွင်နေစေရပါမည်။ (ငယ် ၁၈)
(ခ) ကျွန်တော်တို့၏ ယုံကြည်ခြင်းသည် မိမိတို့၏ နေ့စဉ် အသက်တာအား ပြုရမည့် အပြုအမူများဖြင့်ဖြစ်စေ၊ တားမြစ်ချက်များဖြင့် ဖြစ်စေ အကျိုးသက်ရောသည့်ပြင် မှန်ကန်သော အရင်းခံအကြောင်းများဖြင့် ပြုခြင်းဖြစ်ရပါမည်။ (ငယ် ၁၇)
(ဂ) ပိုင်းပယ်ခံသူများနှင့် မရှိဆင်းရဲသားများအား သနားကြင်နာခြင်းသည် မိမိအိမ်နီးချင်းများအား မတရားလုယူခြင်း မပြုရခြင်း နည်းတူ အဓိပ္ပါယ်ရှိသည်။ ငယ် ၁၁
၂။ အာမုတ် ၈း၄၊ ၇ ဘုရားသခင်သည် မတရားရယူခြင်းကို မုန်းတီးသည်။
၃။ မိက္ခာ ၆း၆–၈ မိမိတို့ ပြုမူသမျှ၌ မှန်ကန်စေရန် ဘုရားသခင် အလိုတော်ရှိသည်။ အဘယ့်ကြောင့် ခိုးယူခြင်း မပြုကြသနည်း။
၄။ ထွက်မြောက် ၂၂း၁။ မတရားလုယူခြင်း အကြောင်းကိုင်တွယ်ရာတွင် ယနေ့ခေတ်သစ်၌ လိုအပ်သော သမ္မာတရားမှာ ပြန်လည်ပေးလျော်ခြင်း ဖြစ်သည်။ အပြစ်ဟူသမျှ တန်ဘိုးကြီးလေးသည်။

## ၃။ လက်တွေ့ ကျင့်သုံးခြင်း သမ္မာတရားများ

က။ C.S. Lewis ၏ ဇနီး၊ Davidman သည် ပညတ်တော် ဆယ်ပါးအကြောင်း ဖတ်ချင့်စဖွယ် စာအုပ်တစ်အုပ် ရေးသည်။ သူမသည် ဤပညတ်ချက်ကို ဘာသာပြန်ရာ၌ "တစုံတရာအား အလကားရရှိရန် မကြိုးစားရ" ဟုဆိုသည်။ ၎င်းသည် မြင်ကွင်းအား ပိုင်ဆိုင်ခြင်းကို ကျော်လွန်၍ ဆွဲဆန့်လိုက်သည်။ ထို့ပြင် သူမပြောသည်မှာ "ပိုင်ဆိုင်မှုသည် အပြစ်မဟုတ်သည်နည်းတူ၊ မဖြစ်မနေ အခွင့်အရေးလည်း မဟုတ်ချေ။ သို့သော် ဘုရားသခင်ထံမှ ယုံကြည်စွာ ငှါးရမ်းထားသော အရာဖြစ်သည်။" ဟု ဆိုသည်။
ခ။ ကျဆင်းသော လူ့နှလုံးသား၏ အခြားအပြစ်များ နည်းတူ ခိုးဝှက်ခြင်းကို အသစ်သော စိတ်နှလုံးနှင့် ဖြေရှင်းသည်။ လူဟောင်း သဘာဝဖြစ်သော "ရယူခြင်း" သည် လူသစ်ဘဝ၌ "ဝေငှ" ခြင်းအဖြစ်ကြောင်းလဲသွားပုံမှာ အံ့သြဘွယ်ရာ ဖြစ်သည်။
ဂ။ ဘုရားသခင်ကို မိမိတို့ ရိုသေလေးမြတ်ကြောင်းအား မိမိတို့၏ ပဋိညဉ်ခံဘော်ခံဖက် အခြားသူများအား ရိုသေတတ်ခြင်း၌ ရှင်းလင်းစွာ မြင်ရပါမည်။ ဤသမ္မာတရားသည် ပညတ်တော် ဆယ်ပါးအား လွှမ်းမိုးလျက် ရှိသည်။
ဃ။ ခေတ်သစ် လူသားသည် နည်းလမ်းများစွာဖြင့် ခိုးဝှက်သည်။

## ဆွေးနွေးခြင်း မေးခွန်းများ

၁။ ခေတ်သစ် လူသားသည် ခိုးယူခြင်းအား မည်သို့ ကျင့်သုံးသနည်း?
၂။ ပြန်လည်ပေးလျော်ခြင်းသည် အပြစကို နောင်တရခြင်းနှင့် မည်သို့ ဆက်စပ်သနည်း?
၃။ ဤကျမ်းပိုဒ်သည် ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်း အပေါ်အရင်းရှင် ဝါဒ၏ အမြင်နှင့် မည်သို့ ဆက်စပ်သနည်း?

# ထွက်မြောက်ရာ။ ၂၀း၁၇ မနာလိုခြင်း

## ၁။ နိဒါန်း

က။ နောက်ဆုံး ပညတ်ချက် ငါးခုတို့၏ ဆက်စပ်ပုံကို အောက်ပါအတိုင်း ရှုမြင်နိုင်သည်။

၁။ နံပါတ် ၆၊၇ နှင့် ၈ တို့သည် ပင္စိညဥ်ခံဘော်ခံဘက် တစ်ဦးအား ပြောင်တင်းသော အပြုအမူတစ်ခုဖြင့် နာကျင်စေခြင်းကို တားမြစ်သည်။

၂။ နံပါတ် ၉သည် ပင္စိညဥ်ခံဘော်ခံဘက် တစ်ဦးအား အပြောအဆိုအားဖြင့် နာကျင်စေခြင်းကို တားမြစ်သည်။

၃။ နံပါတ်၁၀သည် ပင္စိညဥ်ခံဘော်ခံဘက် တစ်ဦးအား စိတ်အားဖြင့် နာကျင်စေခြင်းကို တားမြစ်သည်။

ခ။ အမှန်မှာ မနာလိုခြင်းသည် မနာလိုခြင်း ခံရသူ အိမ်နီးခြင်းကို မထိခိုက်ဘဲ၊ ကာယကံရှင်ကို ဖျက်စီးချေမှုန်းသည်။ မည်သို့ဖြစ်စေ စိတ်ထဲတွေးသောအရာသည် အပြုအမူအဖြစ် ဆက်လက်သွားမည်ကို ဤပညတ်ချက်သည် မျှော်လင့်နေခြင်း ဖြစ်နိုင်သည်။

ဂ။ ဤပညတ်ချက်မှာ ရှေးဟောင်း အစ္စရေး ဥပဒေကျမ်း၌သာ တွေ့ရသော အတုမဲ့အနိူင်းမဲ့ အကြောင်းအရာဖြစ်ကာ၊ အရှေ့အလယ်ပိုင်း ဥပဒေကျမ်းများ၌ မတွေ့ရှိရဟု ရှုမြင်သူ အများအပြားရှိသည်။ ဤအသစ်သော အယူအဆမှာ စဉ်းစားခြင်းမပြုရန် တားမြစ်ချက်ဖြစ်သည်။ အတွေးလောကသည် ဒုစရိုက်အပြုအမူတို့၏ မူလအစဖြစ်ကြောင်း အစ္စရေးတို့ သိရှိကြောင်းမှာ အမှန်ဖြစ်သည်။ (သုတ္တံ ၂၃း၇။ ယာကုပ် ၁း၁၄-၁၅)။ သို့သော် ဤကျမ်းပိုဒ်မှာ အပြုအမူကို ဖြစ်ပေါ်စေသော စိတ်ကူး အတွေးနှင့် သက်ဆိုင်သည်နှင့် တူသည်။ ကျမ်းပိုဒ် အတော်များများသည် "မနာလိုခြင်း" အား ပြုမူခြင်းဖြစ်ပေါ်စေသော ဝေါဟာရ အဖြစ်သုံးကြသည်။ (တရားဟော ၇း၂၅။ ယေရှု ၇း၂၁။ မိက္ခာ ၂း၂)

ဃ။ အလေးအနက်ပြုသော အရာကို စာရင်း၏ ပထမဆုံးနှင့် နောက်ဆုံး၌ မြင်ရခြင်းမှာ အမှန်ဖြစ်သည်။ ဘုရားသခင်ကိုသာ ကိုးကွယ်ခြင်းသည် ပထမဖြစ်သော်လည်း ဤလောကအရာများပေါ် မိမိတို့၏ စိတ်နေသဘောထားနှင့် ရည်ရွယ်ရင်းတို့သည် ဘုရားသခင် အပေါ် မိမိတို့၏ စစ်မှန်သော သက်ကပ်မှုကို ဖော်ပြထင်ဟပ်စေသည်။ ဤအလေးအနက် ပြုမှုနှစ်ဖက်အား ယေရှု၏ တောင်ပေါ်ဒေသနာတော်၌လည်း တွေ့ရသည်။ မဿဲ ၆း၃၃ "နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားကို အရင်ရှာလော့။ သို့ပြုလျှင် ထိုအရာများကို (၁၉-၃၂) သင်တို့အား ထပ်၍ ပေးတော်မူလတ္တံ့"

## ၂။ စကားလုံးနှင့် စကားစု လေ့လာမှု

က။ ထွက် ၂၀း၁၇နှင့် တရားဟော ၅း၂၁ တို့သည် အခြေခံအားဖြင့် တူညီသော်လည်း ပေါ်လွင်သိသာသော ကွဲပြားခြားနားမှု အချို့ရှိသည်။

၁။ "နေအိမ်" ဆိုင်ရာပို၍ ကျယ်ပြန့်သော အယူအဆ (ဝါ) ယောကျ်ားတစ်ယောက်၏ ပိုင်ဆိုင်မှုအကြောင်း ထွက်မြောက်ရာ ၂၀ ၌ ဖော်ပြရာတွင် ဇနီးသည် ဖြစ်သူကိုပါ ထည့်သွင်းသော်လည်း တရားဟောရာ ၅ ၌ မူဦးစားပေးခြင်း သဘော အလားသီးသန့် နေရာ၌ ဖော်ပြသည်။

၂။ ထွက်မြောက်ရာ ၂၀ ရှိဟေဗြဲ ဝေါဟာရ "မနာလို" ၏ အဓိပ္ပါယ်မှာ "ရရှိလိုသည်" ဟူ၍ ဖြစ်သော်လည်း တရားဟောရာ ၅ရှိ ဒုတိယစကားလုံးကမူ "မနာလို" နည်းတူ "အလိုရှိသည်" ဟူ၍ ဖြစ်၏ "မနာလို" ဟု ဆိုရာ၌ အလိုရှိသော အရာရရှိရန် အပြုအမူနှင့် ဆက်စပ်သော စိတ်ဆန္ဒကို ဖော်ပြခြင်းဖြစ်သော်လည်း "အလိုရှိသည်" (*desire*) ကမူ စိတ်နေသဘောထား တစ်ခုတည်းလိုသာလျှင် စူးစိုက်သည်။

၃။ အစ္စရေး လူမျိုးများ သဲကန္တာရထဲ လှည့်လည်သွားလာခဲ့စဉ် ရေးသားသော ထွက်မြောက်ရာ ၂၀၌ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာစာရင်းများတွင် "လယ်ယာ" မဖော်ပြသော်လည်း ထွက်မြောက်ရာ ၅၌ ကတိတော်ပြည်၌ အခြေချနေထိုင်သော လူ့အဖွဲ့အစည်းအတွက် အလားတူ ပညတ်ချက်များ ချထားသည်။

ခ။ "မနာလို" ဟူသော စကားလုံးမှာ ကြားနေဖြစ်ကာ၊ ကောင်းသောအရာများကို အလိုရှိခြင်းကိုလည်း ရည်ညွှန်းနိုင်သည်။ (ဆာလံ ၉း၁၀၊ ၁ကော ၁၂း၃၁)။

ဂ။ မမှန်သောအလိုရှိခြင်းမှာ စာတန်၊အာဒံ၊ ဧဝနှင့် ကျွန်တော်တို့အားလုံးကျဆင်းရခြင်း၏ အကြောင်းရင်းဖြစ်သည်။ ပေါလုသည် မိမိကိုယ်တိုင်မှာ မနာလိုခြင်း (အားကျခြင်း) နှင့် ရုန်းကန်ရသူဖြစ်ကြောင်း ရောမ ၇း၇၊ ၈၌ အထူးတလည် ဖော်ပြထားသည်။ မနာလိုခြင်း (အားကျခြင်း) သည် ဘုရားသခင်၏ စောင့်ရှောက် ထောက်မခြင်းအပေါ် မတင်းတိမ်ခြင်းနှင့် ကိုးစားမှုမရှိခြင်းဖြစ်သည်။

ဃ။ ဓမ္မသစ်၌ မနာလိုခြင်းအကြောင်းကျမ်းပိုဒ် အတော်များများ၌ ပါရှိသည်။

၁။ လူသား၏ ပြဿနာမှာ ရောင့်ရဲ တင်းတိမ်မှုမရှိခြင်းနှင့် လောဘကြီးခြင်းဖြစ်သည်။ (လုကာ ၁၂း၁၅၊ ၁တိ ၆း၈–၁၀)

၂။ ညစ်ညမ်းစေသောအပြစ်များကို စာရင်းပြုစုရာ၌ ယေရှုသည် မနာလိုခြင်းကိုလည်း ထည့်သွင်းသည်။ (မာကု ၇း၁၇၊ ၂၃၊ ၁ကော ၅း၁၀၊ ဧဖက် ၅း၅၊ ကောလော ၃း၅)။

## ၃။ သမ္မာတရားများကို လက်တွေ့ကျင့်သုံးခြင်း

က။ တပ်မက်သော လောဘနှင့် ရောင့်ရဲတင်းတိမ်မှုမရှိခြင်းအတွက် အဖြေမှာ

၁။ ချစ်ခြင်းမေတ္တာ ရောမ ၁၃း၈–၁၀

၂။ ရောင်ရဲ တင်းတိမ်ခြင်း ဟေဗြဲ ၁၃း၅ ဖိ ၄း၁၁–၁၃ (နှင့် ဝေမျှခြင်း) ဖိ ၄း၁၄)

ခ။ ပညတ်တရားတော်သည် "ရပ်တန့်လိုက်" ဟူ၍ ပြောသော်လည်း ရပ်တန့်ရန် စွမ်းအားကို ခရစ်တော်ကသာလျှင် ပေးပါသည်။ ကျွန်တော်တို့သည် မိမိတို့၏ အတွေး လောကကို သခင်ဘုရားအထဲ၌ တစ်ခုသော အတိုင်းအတာထိ ထိန်းချုပ်နိုင်စွမ်းရှိပါသည်။

ဂ။ ဘုရားသခင်သည် ကျွန်တော်တို့၏ စိတ်နှလုံးကို သိရှိထားပါသည်။

၁။ ၁ရာဇဝင် ၂၈း၉

၂။ သုတ္တံ ၂၀း၂၇

၃။ ဆာလံ ၁၃၉း၁၊၂၃

၄။ ယေဇ ၁၇း၁၀၊

၅။ ရောမ ၈း၂၇

၆။ ဗျာဒိတ် ၂း၂၃

ဃ။ အရာဝတ္ထုများမှာ ဆိုးသွမ်းသည် မဟုတ်သော်လည်း ၎င်းတို့ကို ဦးစားပေးသောအခါ အပြစ်ဖြစ်လာသည်။ အရာဝတ္ထုတို့မှာ အဆုံးစွန်သို့မဟုတ် ထာဝရမဟုတ်ဘဲ ဘုရားသခင်၏ သဏ္ဌာန်တော်နှင့် ဖန်ဆင်းထားသော လူကသာလျှင် ထာဝရဖြစ်သည်။ မနာလိုခြင်းသည် ပဋိညဉ်ခံ လူ့အဖွဲ့အစည်းအား အကောက်ကြံ၍ ဖျက်ဆီးသော နည်းလမ်းများဖြင့် ပြုမူဆောင်ရွက်စေသည်။

## ဆွေးနွေးခြင်း မေးခွန်းများ

၁။ မနာလိုခြင်း ဟူသည် အဘယ်နည်း။

၂။ ခေတ်သစ်လူသားများသည် မည်ကဲ့သို့ မနာလိုကြသနည်း။

၃။ ကျွန်ုပ်တို့ အတွေးများမှာ အပြစ်ဟုတ်ပါသလား။

၄။ ခရစ်ယာန် အသက်တာ၌ ထွေးတောခြင်းသည် အဘယ့်ကြောင့် အရေးကြီးသနည်း။

၅။ ထွက်မြောက် ၂၀း၁၇ ရှိ ပညတ်ချက်သည် တရားဟောရာ ၅း၂၁ ထဲက အလားတူ ပညတ်ချက်နှင့် အဘယ်ကြောင့် ကွဲပြားခြားနားသနည်း။

▣ **"အကြောင်းမှာ"** ၎င်းသည် ပညတ်တော် ၁၀ပါးကို ရည်ညွှန်းသည်။ ပညတ်တော် ၁၀ပါး၏ ဒုတိယတဝက် စီစဉ်ပုံသည် ဂရိလက်ရေးကျမ်း *Vaticanus* ခေါ် B လိုလိုက်သည်။ ၎င်းသည် ဟေဗြဲမဓ္မဟောင်းကျမ်း၏ (*Masoretic*) ထွက်မြောက်ရာ ၂၀နှင့် တရားဟောရာ ၅ တို့နှင့် အနည်းငယ် ကွဲပြားသည်။ ပညတ်တော် ၁၀ပါး၏ ဒုတိယတဝက်သည် (YHWH) နှင့် အစ္စရေးတို့၏ ဆက်ဆံရေး အပေါ် အခြေခံသော တဦးချင်း၏ ဆက်ဆံရေးအကြောင်း ဖြစ်သည်။

▣ **"ပညတ်ချက်ရှိသမျှ အားလုံး"** ၎င်းမှာ ပထမတန်းစား ချွင်းချက်ပါ ဝါကျမျိုးဖြစ်ကာ စာရေးသူအမြင်၌ မှန်သည်ဟု ယူဆခြင်း သို့မဟုတ် သူ၏ စာရေးဟန်ဖြစ်သည်။ အခြားပညတ်ချက်များလည်း ရှိသည်။ ဤစကားစု၏ ဆိုလိုရင်း သဘောမှာ "ပညတ်တော် ၁၀ပါးအပြင် အခြားပညတ်ချက်များ ရှိခဲ့ပါက" ဟုဆိုလိုသည်။ တစ်မျိုးပြောရလျှင် ၎င်းသည် မောရှေ၏ ပညတ္တိကျမ်း သို့မဟုတ် ယေဘုယျအားဖြင့် "တရားဥပဒေ" အားလုံးကို အကျဉ်းချုံးခြင်း ဖြစ်သည်။

ရှေးရိုးဂရိ လက်ရေး ၂ ကျမ်းများ၌ ဤပညတ်တော် ၁၀ပါးအား အစီအစဉ်ချရာ၌ မည်မျှရှိပြီး မည်သို့ ဖြစ်ကြောင်းနှင့် ပတ်သက်၍ ကွဲပြားခြားနားသော မူရင်းတစ်ခုရှိသည်။ ယုဒဘာသာ၌ ရေတွက်ပုံတစ်မျိုးရှိကာ၊ ကာသိုလိပ်နှင့် ပရိုတက်စ်တင့်များ၏ ရေတွက်ပုံမှာလည်း တစ်မျိုးဖြစ်သည်။ ဤကွဲပြားခြားနားမှုသည် ကွဲပြားခြားနားသော လက်ရေးကျမ်းအများစု တို့၌ ရှိသော ဤကျမ်းပိုဒ်၏ အဓိပ္ပါယ်မှန်ကို မထိခိုက်ချေ။

▣ **"ဟူသော အချက်သည် အကျဉ်းချုပ်ထား၏"** ၎င်းကို ဝတ်ပြု ၁၉း၁၈မှ ကိုးကားသည်။ ၎င်းကို ခရစ်ဝင်ကျမ်းများ၌ အကြိမ်ပေါင်းများစွာ ကိုးကားသည်။ (မဿဲ ၅း၄၃၊ ၁၉း၁၉၊ ၂၂း၃၉၊ မာကု ၁၂း၃၁ နှင့် လုကာ ၁၀း၂၇)။ ယေရှုသည် ၎င်းကို ဒုတိယ အကြီးမားဆုံး သို့မဟုတ် ပထမအကြီးဆုံး ပညတ်ချက် ဟု ခေါ်သည်။ ၎င်းကို ဂလ ၅း၁၄ နှင့် ယာကုပ် ၂း၈ တို့၌ လည်း ကိုးကားသည်။ လူတစ်ယောက်သည် ဘုရားသခင်ကို ချစ်သည့်အခါ ဘုရားသခင်ချစ်သော သူများကို ချစ်လိမ့်မည်။ (ဥပမာအားဖြင့် သဏ္ဌာန်တော်ဖြင့် ဖန်ဆင်းထားသော လူသားများ ကမ္ဘာဦး ၁း၂၆–၂၇)

▣ **"မိမိကိုယ် မိမိချစ်သည် နည်းတူ မိမိအိမ်နီးချင်းအား ချစ်လော့"** ယုံကြည်သူများသည် အခြားသူများကို ချစ်ကာ လက်ခံခြင်းမပြုမီ ဘုရားသခင်သည် မိမိကို ချစ်သည်နည်းတူ မိမိကိုယ် မိမိချစ်ရမည်ဖြစ်သည်။ မိမိကိုယ် မိမိသင့်လျော်စွာ ချစ်ခြင်းသည် မကောင်းသော အရာမဟုတ်ချေ။ ဤကဏ္ဍ၏ အဓိက သမ္မာတရားကို အခြားသူများအား ချစ်ခြင်း၌ ရှင်းလင်းစွာ ဖော်ပြသည် (ငယ် ၁၀)။ ဘုရားသခင်၏ မိမိကိုယ် မိမိပေးဆပ်ခြင်း၊ အရှုံးခံသော ချစ်ခြင်းမေတ္တာတော်၏ ထို့ထိခြင်းခံရသူများသည် အခြားသူများကိုလည်း ထိုနည်းတူ ချစ်လိမ်မည်သာ ဖြစ်သည်။ (၁ယော ၃း၁၆)။ ၎င်းမှာ ခရစ်တော်နှင့် တူခြင်း၏ အခြေခံဖြစ်သည်။ ဘုရားသခင်၏ သဏ္ဌာန်တော်ကို ပြန် လည်ရရှိခြင်း)။ ဤကဲ့သို့သော ချစ်ခြင်း မေတာရှိရာ အရပ်၌ တရားဥပဒေ (ပညတ်ချက်) မလိုအပ်ချေ။

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၁၃း၁၁–၁၄**

**[11] သင်တို့သည် အိပ်ပျော်ရာမှ နိုးရန် အချိန်နာရီရောက်ပြီဖြစ်ကြောင်း၊ အချိန်ကာလကို သိလျက် ဤသို့ ပြုကြလော့။ အကြောင်းမူကား၊ ကယ်တင်ခြင်းသည် ငါတို့ ယုံကြည်ခဲ့စဉ်ထက် ယခု ပို၍ နီးလာပြီဖြစ်၏။ [12] ညအချိန်ကုန်ဆုံး၍၊ နေ့အချိန်နီးကပ်လာပြီဖြစ်သည်။ ထို့ကြောင့် မှောင်မိုက်အကျင့်များကို ဖယ်ရှားကာ၊ အလင်း၏ စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ကြပါစို့။ [13] နေ့အချိန်မှာ ကဲ့သို့ ကောင်းမွန်စွာ ကျင့်ကြံကြကာ၊ ပွဲလမ်းသဘင်ကျင်းပခြင်း၊ မူးယစ်သောက်စားခြင်း၊ ဖိုမကိစ္စ ရှုပ်ပွေခြင်းနှင့် ကာမဂုဏ်လိုက်စားခြင်း၊ ခိုက်ရန် ဖြစ်ပွါးခြင်း၊ မနာလိုခြင်းများ မရှိဘဲ နေကြကုန်အံ့။ [14] သခင်ယေရှုခရစ်တော်ကို ဝတ်ဆင်ကာ၊ သွေးသားဇာတိအလို ဖြည့်ဆည်းရန် ဘာမျှမပြုဘဲ နေကြကုန်အံ့။**

**၁၃း၁၁**

**NASB "ဤသို့ ပြုကြလော့"**
**NKJV "...ကာဤသို့ ပြုကြလော့"**
**NRSV "ဤအရာအပြင်"**
**TEV "သင်တို့ ဤအရာကို လုပ်ကြရပါမည်"**
**NJB "ထို့ပြင်"**

၎င်းမှာ နောက်ကလိုက်လာသော အရာ (၁၁–၁၄) ရှေ့က အရာ (၉–၁၀) များနှင့် ဆက်စပ်ပေးခြင်းဖြစ်သည်။ တရားနာရုံသက်သက်ပြုသူများ မဟုတ်ဘဲ (ယာကုပ် ၁း၂၂၊၂၃၊၂၅) တရားကျင့်သော သူများ ဖြစ်ကြလော့။ ချစ်ခြင်းမေတ္တာကို အလုပ်ဖြင့် ပြရမည်ဖြစ်သည်။

▣ **"အချိန်ကာလကို သိလျက်"** ၎င်းမှာ PERFECT ACTIVE PARTICIPLE တစ်ခုဖြစ်သည်။ ဤဝေါဟာရမှာ အချိန်ကာလ သီးသန့်တစ်ခု (*kaivos*) ကို ပြောခြင်းဖြစ်ပြီး၊ ပုံမှန်သက္ကရာဇ် သည် လိုက်သောအချိန် (*chronos*) မဟုတ်ချေ။ ယုံကြည်သူများသည် (၁) မည်သည့် အချိန်မဆို ခရစ်တော်ပြန်လည်ကြွလာမည် ဟူသော အလင်းထဲနှင့် (၂) ကပ်ကာလ အသစ်အဂုဏ်ဦး သန်းလာခဲ့ပြီဖြစ်ကြောင်း ဟူသော အလင်းနှစ်ခုထဲ အသက်ရှင်ရန် ဖြစ်သည်။

▣ **"အချိန်နာရီရောက်ပြီဖြစ်ကြောင်း"** ဘုရားသခင်၏ ရွေးနှုတ်ခြင်း စီမံတော်မူချက်၌ (၃း၂၆။ ၁ကော ၇း၂၉။ ၁၀း၁၁။ ယာကုပ် ၅း၈။ ၁ပေး ၄း၇။ ၂ပေ ၃း၉-၁၃။ ၁ယော ၂း၁၈။ ဗျာ ၁း၃။ ၂၂း၁၀) ဤတင်စားမှုဖြစ်သော "အချိန်နာရီ" (ယောဟန် ခရစ်ဝင်ကျမ်း၌ မကြာခဏသုံး) မှာ သီးသန့် အချိန်တစ်ခုဖြစ်သည်။ (*kairos* နှင့် ဆင်တူဖြစ်သည်။) ၎င်းကို ယေရှု လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းနှင့် ပြန်လည်ကြွလာခြင်းအတွက် သုံးသည်။

▣ **"အိပ်ပျော်"** ဤဝေါဟာရကို ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးရာပေါ့လျော့မှုအား တင်စားရန် သုံးသည်။ (ဧဖက် ၅း၈-၁၄။ ၁သက် ၅း၆)။ စကားလုံးများသည် တစုံတရာသော ကျမ်းစကားအဆက်အစပ် သဘောအားဖြင့် သာလျှင် အဓိပ္ပါယ် ရှိသည်။ အဓိပ္ပါယ်ဖွင့်ဆို ချက် အသေမှတ်ယူခြင်းအား သတိပြုပါ။ စကားလုံးတိုင်း၌ ဖြစ်နိုင်သော အဓိပ္ပါယ် အတော်များများ ရှိသည်။ (အဓိပ္ပါယ်ပွါး)

▣ **"ကယ်တင်ခြင်းသည် ယခုပို၍ နီးလာပြီ"** ကယ်တင်ခြင်းမှာ အစပြုဆုံးဖြစ်ချက်နှင့် ဆက်လက်သွားနေခြင်း တစ်မျိုးဖြစ်သည်။ (အထူးအကြောင်းအရာ ၁၀း၁၄၌ ကြည့်ပါ)။ ကယ်တင်ခြင်းမှာ ယုံကြည်သူများ မိမိတို့၏ ကိုယ်ခန္ဓာ အသစ်မရမချင်း ရပ်တံ့ပြည့်စုံသွားမည် မဟုတ်ချေ။ (၁ယော ၃း၂။ ၂သက် ၄း၁၃-၁၈။ ဟေဗြဲ ၉း၂၈။ ၁ပေ ၁း၅)။ ဓမ္မသဘောတရားအားဖြင့် ၎င်းကို "ဘုန်းကြီးစေခြင်း ချီးမြှောက်ခြင်း" ဟု ခေါ်သည်။ (ရောမ ၈း၃၀)၊ သခင်ဘုရားသည် မိမိအသက်ရှင်နေစဉ် ပြန်လည်ကြွလာမည်ကို မျှော်လင့်ရခြင်းမှာ ခေတ်အဆက်ဆက် ခရစ်ယာန်တိုင်း၏ မြော်လင့်ခြင်း ဖြစ်သည်။ (လုကာ ၂၁း၂၈)။ ပေါလု အပါအဝင်လည်း ဖြစ်သည်။ (၁သက် ၄း၁၅)

▣ **"ငါတို့ ယုံကြည်ခဲ့စဉ်ကထက်"** ခရစ်ယာန်မှာ ဆုံးဖြတ်ချက် တစ်ခုဖြင့် အစပြုသည် မှန်သော်လည်း (ချက်ခြင်း ဖြောင့်မတ်စေခြင်းနှင့် သန့်ရှင်းစင်ကြယ်စေခြင်း) ဘုရားတရားနှင့် ညီသော အသက်ရှင်ခြင်းပုံစံဖြစ်ပေါ်စေကာ (ဆက်လက်တိုးတက်ဖြစ်ပေါ်သော သန့်ရှင်းစင်ကြယ်ခြင်း။ အထူးအကြောင်းအရာ ၆း၄ ၌ ကြည့်ပါ)။ ခရစ်တော်နှင့် တူခြင်းဖြင့် အဆုံးသတ်သည်။ (ဘုန်းကြီးစေခြင်း၊ ချီးမြှောက်ခြင်း)။ ဘုရားသခင်သည် ခရစ်တော်အထဲ ပေးစမ်းနေသော အရာကို လက်ခံရန် ဖြစ်သည်။ (ယော ၁း၁၂။ ၃း၁၆။ ရောမ ၁၀း၉-၁၃)။ ဤအစပြုဆုံးဖြတ်ချက်နှင့် ရပ်တံ့မသွားဘဲ၊ ဆက်ကပ်ဖြစ်ပေါ်နေသည်။

**၁၃း၁၂ "ညအချိန်ကုန်ခါနီး"** ၎င်းသည် ဆိုးသွမ်းသော ဖျက်စီးခြင်းခံကာ၊ အစားထိုးခြင်း ပြုနေပြီဖြစ်သော ဆိုးဆွမ်းသည့် ဤလက်ရှိကပ်ကာလကို ရည်ညွှန်းသည်။ (၁ကော ၇း၂၉-၃၁။ ၁၀း၁၁။ ယာကုပ် ၅း၈။ ဧဖက် ၅း၈၊၁၄။ ၁ယော ၄း၇။ ၂ယော ၂း၁၇-၁၈။ ဗျာ ၁း၃။ ၂၂း၁၀)။ အထူးအကြောင်းအရာ ၁၂း၂ ၌ ကြည့်ပါ။ ပေါလုနှင့် ယောဟန်တို့ကသာလျှင် ပင်လယ်သေကျမ်းစာလိပ် (Dead Sea Scroll- DSS) နည်းတူ အမှောင်နှင့် အလင်း၏ ကွဲပြားခြားနားမှုကို အသုံးပြု ဖော်ပြကြသည်။

▣ **"နေ့အချိန်နီးလာပြီ"** ၎င်းမှာ PERFECT ACTIVE INDICATIVE တစ်ခုဖြစ်သည်။ ဤနေ့ရက်များသည် နောက်ဆုံးသော ကာလဖြစ်သည်။ (ဖိ၄း၅။ ယာကုပ် ၅း၉)။ ယေရှု လူဝင်စားကာ၊ ဖွားမြင်တော်မူချိန်မှစ၍ ကျွန်တော်တို့မှာ နောက်ဆုံးသော ကာလအတွင်း ရောက်ခဲ့ကြပြီဖြစ်သည်။ ၎င်းသည် ဘုန်းတန်းခိုးတော်ဖြင့် သူပြန်လည်ကြွလာသည်အထိ ကြာလိမ့်မည်ဖြစ်သည်။ ပထမတစ်ရာခုမှစ၍ ယုံကြည်သူများသည် ခရစ်တော် ပြန်လည်ကြွလာခြင်း ဤသို့ အချိန်ကြာရှည် နှောင့်နှေးခြင်းကို အံ့အားသင့်ခဲ့ကြသည်။ သို့သော် ကပ်ကာလအသစ်သည် ခရစ်တော်အထဲ အဂုဏ်ဦးတက်ခဲ့ပြီဖြစ်၏။

ခရစ်တော်ကြွလာခြင်း၏ နီးကပ်မှုအကြောင်းမှတ်စုကို ဗျာဒိတ်ကျမ်းအား ကျွန်ုပ်အနက်ဖွင့်မှု၏ "အရေးကြီးသော မိတ်ဆက်စကား" ခေါင်းစဉ်အောက်မှ ယူခြင်းဖြစ်သည်။ အင်တာနက်တွင် www.freebiblecommentary.org ၌ ကြည့်ပါ။

**"ဆဌမတင်းမာမှု"** (ခရစ်တော်ကြွလာခြင်း၏ နီးကပ်မှု အပြိုင် ၎င်း၏ ကြန့်ကြာမှု *Parousia).*

ယုံကြည်သူအများစုတို့မှာ ယေရှုသည် မကြာမီ မမျှော်လင့်သည့် အချိန်၌ ရုတ်တရက် ပြန်လည်ကြွလာမည်ဟု သွန်သင်ခြင်းခံခဲ့ကြသည်။ (မဿဲ ၁ဝး၂၃။ ၂၄း၂၇၊ ၃၄၊ ၄၄။ မာကု ၉း၁။ ၁၃း၃ဝ) သို့သော် မျှော်လင့်သူ ယုံကြည်သော မျိုးဆက်တိုင်းမှာ ယခုထိ လွဲမှားသွားခဲ့ကြသည်။ ယေရှု ပြန်လည်ကြွလာချိန် နီးနေပြီဖြစ်ကြောင်းမှာ မျိုးဆက်တိုင်း၌ တန်းခိုးကြီးလှသော မြော်လင့်ခြင်းကတိတော်ဖြစ်ခဲ့သော်လည်း ၎င်းမှာ တစ်ယောက်သော သူအတွက်သာလျှင် မှန်ကန်သည်။ (ထိုသူမှာ ညှဉ်းပမ်းနှိပ်စက်ခြင်း ခံသူဖြစ်သည်) ယုံကြည်သူ များသည် ကိုယ်တော် မနက်ဖြန်ကြွလာမည်ကဲ့သို့ အသက်ရှင်ရမည်ဖြစ်သော်လည်း သူနှောင့်နှေးပြန့်ကြာ ဦးမည့် အလား စီစဉ်ကာ၊ မဟာစေခိုင်းခြင်း ပြီးမြောက်စေရန် လုပ်ဆောင်ကြရန် ဖြစ်သည်။

ခရစ်ဝင်ကျမ်းများထဲက အချို့ကျမ်းပိုဒ်များနှင့် (မာကု ၁၃း၁ဝ။ လုကာ ၁၇း၂။ ၁၈း၈) ၁၊၂သက်သာလောနိ သြဝါဒစာများသည် ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်း နှောင့်နှေးကြန့်ကြာမှုကို အခြေခံသည်။ (*Pariusia*) ထိုအချိန်မတိုင်မီ ပထမဆုံးဖြစ်ပေါ်မည့် သမိုင်းဝင်အဖြစ်အပျက်အချို့ ရှိသည်။

၁။ တကမ္ဘာလုံး ဧဝံဂေလိသတင်းကောင်း ပျံ့နှံ့စေခြင်း (မဿဲ ၂၄း၁၅။ မာကု ၁၃း၁ဝ)

၂။ "အဓမ္မလူ" ပေါ်လာခြင်း (မဿဲ ၂၄း၁၅။ ၂သက် ၂။ဗျာ ၁၃)

၃။ ကြီးမားသော ညှဉ်းဆဲနှိပ်စက်ခြင်း (မဿဲ ၂၄း၂၁၊၂၄။ ဗျာ ၁၃)။

တမင်သက်သက် အဓိပ္ပါယ် မရှင်းလင်း၊ မသဲကွဲမှုရှိသည်။ (မဿဲ ၂၄း၄၂-၅၁။ မာကု ၁၃း၃၂-၃၆) ယနေ့သည် မိမိ၏ နောက်ဆုံးနေ့ကဲ့သို့ အသက်ရှင်ကာ၊ အနာဂတ်အမှုတော်အတွက် စီစဉ်လေ့ကျင့်ပါ။

■ **"ဖယ်ရှား.... ဝတ်ဆင်"** ၎င်းမှာ ရှောင်တခင်လိုအပ်မှုကို ပြသော AORIST MIDDLE SUBJUNCTIVE ဖြစ်သည်။ သဘောမှာ "သင့်ကိုယ်တိုင် ဖယ်ရှားပါ... တစ်ခါတည်းနှင့်အပြီးအပိုင်းအတွက် ဝတ်ဆင်ပါ" ဟူ၍ ဖြစ်သည်။ ဖြောင့်မတ်စေခြင်း (နောင်တရခြင်းနှင့် ယုံကြည်ခြင်း) နှင့် သန့်ရှင်းစင်ကြယ်စေခြင်း (ဘုရားတရားနှင့် ညီသော အသက်ရှင်ခြင်း) နှစ်မျိုးစလုံး၌ ဘုရားနှင့် လူသားနှစ်ဖက်စလုံးပါဝင်သည်။ အဝတ်အစားဖြင့် တင်စားဖော်ပြခြင်းကို ပေါလုရေးသော စာများ၌ ပါနေကျဖြစ်သည်။ ယုံကြည်သူတို့မှာ မိမိတို့၏ ညဝတ်၊ အဝတ်အစားများ ချွတ်ပစ်ကာ၊ တိုက်ပွဲဝင် ဝတ်စုံများ ဝတ်ဆင်ကြရန် ဖြစ်သည်။ (ဧဖက် ၄း၂၂-၂၅။ ကော ၃း၁ဝ၊ ၁၂၊၁၄)။ ကျွန်တော်တို့မှာ နေ့စဉ် ဝိညာဉ်တိုက်ပွဲအတွက် ပြင်ဆင်နေသော ခရစ်ယာန်စစ်သည်များဖြစ်ကြသည်။ (ဧဖက် ၆း၁ဝ-၁၈)။ NIDNTT, vol. 1, pp. 315-316 ၏ မှတ်ချက်၌ ကြည့်ပါ။

■ **"အလင်း၏ စစ်ဝတ်တန်ဆာ"** ၎င်းမှာ ဟေရှာ ၅၉း၁၇ အားရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ယုံကြည်သူတို့မှာ ဖြောင့်မတ်ခြင်း စစ်ဝတ်တန်ဆာနှင့် လက်နက်ပစ္စည်းများကို အပြီးအပိုင် တပ်ဆင်ရန်ဖြစ်သည်။ (၂ကော ၆း၇။ ၁ဝး၄။ ဧဖက် ၆း၁၁၊ ၁၃။ ၁သက် ၅း၈)။ ဘုရားသခင်၏ စစ်ဝတ်တန်ဆာတို့မှာ ယုံကြည်သူများအတွက် ရနိုင်သည်မှန်သော်လည်း ကျွန်ုပ်တို့သည်

၁။ မိမိတို့၏ လိုအပ်မှုကို အသိအမှတ်ပြုရမည်

၂။ ဘုရားသခင်၏ပံ့ပိုးမှုကို အသိအမှတ်ပြုရမည်

၃။ ၎င်းကို မိမိတို့အတွေးကမ္ဘာနှင့် လက်တွေ့ဘဝတွင် လူကိုယ်တိုင်နှင့် ရည်ရွယ်ချက်ဖြင့် ပြည့်စုံစေရမည်။

ဤဘဝအသက်တာမှာ နေ့စဉ် ဝိညာဉ်တိုက်ပွဲဆင်နွှဲနေခြင်းဖြစ်သည်။ Clinton F. Arnold ၏ Three Crucial Questions About Spiritual Warfare စာအုပ်၌ကြည့်ပါ။

**၁၃း၁၃ "ကောင်းမွန်စွာ ကျင့်ကြံကြကာ"** ၎င်းမှာ AORIST ACTIVE SUBJUNCTIVE ဖြစ်ကာ၊ အမှန်စင်စစ်မှာ "လမ်းလျှောက်" ဟူ၍ ဖြစ်သည်။ ဤဟေဗြဲ အီဒီယံမှာ အသက်ရှင်ခြင်းပုံစံ တစ်ခုကို ဆိုလိုသည်။ (ဧဖက် ၄း၁၊၁၇။ ၅း၂၊ ၁၅)။ ပေါလု ၃၃ ကြိမ် ကျော်သုံးသည်။

ဤအခန်းငယ် ၁၃၌ ဖော်ပြသော အပြစ်များမှာ ဝေါဟာရ နှစ်လုံးစီပါသော အမျိုးအစားသုံးမျိုးဖြစ်သည်။ ဤဝေါဟာရများမှာ အဓိပ္ပါယ်ထပ် နေသည်။ အဓိပ္ပါယ်တူ စကားလုံး သဘောဆိုလိုခြင်း ဖြစ်နိုင်သည်။ အထူးအကြောင်းအရာ။ ။ ကောင်းမြတ်သော အရာများနှင့် ယုတ်ညံ့သော အရာများ ၁း၂၈–၃၂ ကြည့်ပါ။

ဤဝေါဟာရများသည် ရောမအသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် ယုံကြည်သူ တပါးအမျိုးများအကြား တင်းမာမှုနှင့် ဆက်စပ်မှု ရှိနိုင်သည်။ တပါးအမျိုး ယုံကြည်သူအသစ်များသည် (၁) အကျင့်ပျက်သော သာသနာပ ကိုးကွယ်ခြင်းဆိုင်ရာ ကျင့်သုံးမှု အချို့ဆက်လက်ကြခြင်း၊ သို့မဟုတ်ပါကလည်း (၂) ရောမမြို့တော်အတွင်း ဂျူးဘာသာရေး ပွဲလမ်းသဘင်အားလုံး ရပ်တံ့ရန် နီးရိုးဘုရင်၏ အမိန့်တော်ကြောင့် တခဏထွက်ပြေးရာမှ ပြန်လည်ရောက်ရှိလာသော ယုံကြည်သူ ဂျူးများကို မောက်မာစွာ ဆန့်ကျင်ဘက်ပြုနေခြင်း ဖြစ်နိုင်သည်။

▣ **"ပွဲလမ်းသဘင်ကျင်းပခြင်းနှင့် မူးယစ်သောက်စားခြင်း"** သာသနာပ လူမျိုးများ၏ အရက်သောက်ရသော ဘာသာရေး ပွဲလမ်းသဘင်များနှင့် ဆက်စပ်သော လိင်မှုကိစ္စ ကျူးလွန်ဖောက်ဖျက်ခြင်းကို ရည်ညွှန်းသည်။ ဂလ ၅း၂၁က သွေးသား ဇာတိ ဆိုင်ရာအပြစ်များ စာရင်း၌ ဤ ဝေါဟာရများကိုလည်း ယှဉ်တွဲထည့်သွင်းသည်။

▣ **"ဖိုမကိစ္စရှုပ်ပွေခြင်းနှင့် ကာမဂုဏ်လိုက်စားခြင်း"** ဤအတွဲသည် ပထမအတွဲနှင့် ထပ်နေဟန်ရှိသည်။ ဒုတိယဝေါဟာရကို ဓမ္မသစ်ကျမ်း၌ အကျယ်အဝင့် အသုံးပြုသည်။ (မာကု ၇း၂၂။ ၂ကော ၁၂း၂၁။ ဂလ ၅း၁၉။ ဧဖက် ၄း၁၉။ ၁ပေ ၄း၃။ ၂ပေ ၂း၇)။ ပထမအတွဲသည် အရက်သေစာသောက်စားခြင်းကို အာရုံပြုသည်ဆိုလျှင် ဤအတွဲသည် လူမှုရေးအရ ထိန်းချုပ်မှုမရှိဘဲ၊ အရှက်အကြောက်ကင်းမဲ့သော ကာမဂုဏ်လိုက်စားမှုကို အာရုံပြုသည်။

▣ **"ခိုက်ရန်ဖြစ်ပွါးခြင်း၊ မနာလိုခြင်းမရှိဘဲ"** ဤဝေါဟာရများသည် ဘုရားသခင်၏ လူများအတွင်း ခိုက်ရန်ဖြစ်ပွါးခြင်းအကြောင်းပြောသည်။ (ဂလ ၅း၂၀) ၎င်းမှာ အထက်ပါ ပထမအတွဲနှင့် ဆိုင်သော မဆီလျော်သည့် အကျင့်၏ အကျိုးဆက်ဖြစ်နိုင်သည်။ ၎င်းတို့သည် ခရစ်ယာန်များကို ပြောခြင်းဖြစ်ပါက (၁ကော ၃း၃။ ကော ၃း၈) ယုံကြည်သူများ အသက်တာ၌ ရပ်တံ့ပစ်လိုက်ရန်ဖြစ်သော သာသနာပဘာသာရေး ကျင့်သုံးမှုအချို့အား ဆိုလိုခြင်းဖြစ်သည်။ မည်သို့ဖြစ်စေ ဤအခန်းငယ်သည် ယုံကြည်သူများနှင့် ဆန့်ကျင့်ဘက်ဖြစ်နေသဖြင့် ဤရှုထောင့်အရ ၎င်းမှာ ကျမ်းစကား အဆက်အစပ်အရ ကြိုတင်သတိပေးခြင်း သက်သက်ဖြစ်ပေမည်။

**၁၃း၁၄ "သခင်ယေရှုခရစ်ကို ဝတ်ဆင်ကာ"** ဤတင်စားသုံးနှုန်းမှုသည် ရှင်ဘုရင်ယေရှု၏ ရှင်ဘုရင်ဝတ်ရုံကို ရည်ညွှန်းပြီး ၎င်းကို ယုံကြည်သူများ၏ ပခုံးပေါ်ချထားလျက်ရှိသည်။ (ရပ်တည့်မှုဆိုင်ရာ သန့်ရှင်းခြင်း) အချို့ကျမ်းစာဆရာများသည် ၎င်းကို နှစ်ခြင်းမင်္ဂလာ ဝတ်ရုံအားရည်ညွှန်းခြင်းအဖြစ် ရှုမြင်ထားကြသည်။ ဤအဝတ်အစားဖြင့် တင်စားမှုကို အခန်းငယ် ၁၂၌ ပထမဦးဆုံး ဖော်ပြသည်။ ၎င်းမှာ ခရစ်တော်အထဲ ယုံကြည်သူ၏ အနေအထားသစ်အားပြသခြင်း တစ်မျိုးဖြစ်သည်။ ၎င်းသည် ခရစ်တော်အထဲက ယုံကြည်သူများ၏ ရပ်တည်ချက် အသစ်ကြောင့် သူတို့သည် မိမိတို့၏ အသက်ရှင်ခြင်းပုံစံအသစ်ဆိုင်ရာ ရွေးချယ်မှုများ (ဆက်ကပ်ဖြစ်ပေါ်သော သန့်ရှင်းစင်ကြယ်ခြင်း) ပြည့်စုံစေကြရမှာ ဖြစ်ကြောင်းကိုလည်း အလေးအနက်ပြုသည်။ (ဧဖက် ၄း၂၂၊ ၂၄။ ကော ၃း၈)။ ဤသမ္မာတရားကို ဂလတိ ၃း၂၇၌ အဖြစ်အပျက် မှန်တစ်ရပ်အဖြစ် (INDICATIVE) ဖော်ပြသည်။ဤနေရာ၌မူ စေခိုင်းခြင်းတစ်ခုအဖြစ် ဖော်ပြသည်။ IMPERATIVE (AORIST MIDDLE) အဖြစ်အမှန်တစ်ရပ်အဖြစ်နှင့် စေခိုင်းခြင်းတစ်ခုအဖြစ် ဖော်ပြမှု အကြား တင်းမာမှုသည် ခရစ်တော်အထဲ ကျွန်တော်တို့၏ ရပ်တည်ချက်နှင့် ထိုရပ်တည်ချက်ကို ပိုင်ဆိုင်ရန် ကျွန်တော်တို့၏ အားထုတ်ခြင်းတို့အကြား တင်းမာမှုကိုပြသည်။ (အထူးအကြောင်းအရာ ၆း၄ ၌ ကြည့်ပါ)။ ကယ်တင်ခြင်းရလျှင်ရချင်း ကျွန်တော်တို့မှာ သန့်ရှင်းသူများဖြစ်ကြသော်လည်း၊ ကျွန်တော်တို့ကို သန့်ရှင်းရန် အကြံပေးဆုံးမသည်။ ၎င်းမှာ ခရစ်တော်အထဲ အခမဲ့ ပြည့်စုံသော ကယ်တင်ခြင်းနှင့် သမ္မာကျမ်းစာတော်လာ ဆန့်ကျင်ဘက်ဖြစ်နေဟန်ဖြင့် နှစ်ခုစလုံး မှန်သောအကြောင်းအရာ (*paradox*) တစ်ခုဖြစ်ကာ ခရစ်တော်နှင့်အတူရန် ဖိတ်ခေါ်သောခရာသံ ဖြစ်၏။

◘ **"အလိုဖြည့်ဆည်းရန် ဘာမျှမပြုဘဲ"** ၎င်းမှာ NEGATIVE PARTICIPLE ပါသော PRESENT MIDDLE IMPERATIVE တစ်ခုဖြစ်သည်။ ဤသဒ္ဒါဖွဲ့စည်းပုံမျိုးသည် ဆက်ကပ်ဖြစ်ပေါ်နေခဲ့ပြီး ဖြစ်သော အပြုအမူတစ်ရပ်အား ရပ်တံ့စေသည်ဟု အဓိပ္ပါယ်ရှိသည်။ ရောမမြို့ ရှိခရစ်ယာန်အချို့ အသက်ရှင်နေပုံမှာ မဆီမလျော်ဖြစ်နေသည်ကို ဆိုလိုဟန်ရှိသည်။ သူတို့သည် မိမိတို့၏ ယခင် မိစ္ဆာဒိဋ္ဌိ ကိုးကွယ်ခြင်း အကျင့်များ ဆက်လက်ပြုနေကြသည်နှင့် တူသည်။

သွေးသားဇာတိအလိုကို လိုက်သော ခရစ်ယာန်များအကြောင်း ဓမ္မသစ်ကျမ်း၏ သွန်သင်ပုံကို ရှင်းပြရန် ခက်ခဲသည်။ ဓမ္မသစ်ကျမ်းရေးသားသူများသည် လူသားများ၏ အခြေအနေကို အဖြူအမဲ ဝေါဟာရများဖြင့် (သဲကွဲပြတ်သားစွာ) တင်ပြကြသည်။ သွေးသားဇာတိ ခရစ်ယာန် ဆိုသည်ကို စကား ဝေါဟာရများအားဖြင့် ငြင်းဆိုသည်၊ သို့သော် ၎င်းမှာ "ဖြစ်ခဲ့ပြီး" နှင့် "မဖြစ်သေးသော ကျွန်တော်တို့၏ ပကတိလက်တွေ့ အသက်တာ များလည်း ဖြစ်နေပါသည်။

ပေါလုသည် လူသားကို အုပ်စုသုံးမျိုး ခွဲသည်။ (၁ကော ၂း၁၄–၃း၁)

၁။ သဘာဝ လူများ (ဝိညာဉ်ပျောက်ဆုံးသူ လူသားများ) ၂း၁၄

၂။ ဝိညာဉ်လူများ (ကယ်တင်ခြင်းရသူ လူသားများ) ၃း၁

၃။ သွေးသားဇာတိ (ခရစ်ယာန်များသို့မဟုတ် ခရစ်ယာန် ကလေးငယ်များ) ဟူ၍ ဖြစ်သည်။ ၃း၁

◘ **"သွေးသားဇာတိအလို"** ပေါလုသည် ကျဆင်းသော ကျွန်တော်တို့၏ အာဒံ သဘာဝ၌ ဆက်လက်နေခြင်း၏ အန္တရာယ်ကို ကောင်းစွာ သိရှိသည်။ (ရောမ ၇။ ဧဖက် ၂း၃) သို့သော် ဘုရားသခင်အတွက် အသက်ရှင်လိုသော စိတ်နှင့် တန်ခိုးကို ယေရှုသည် ကျွန်တော်တို့ကို ပေးထားသည်။ (ရောမ ၆)။ ၎င်းမှာ ဆက်လက်ဖြစ်နေသော အားထုတ်ရုန်းကန်မှုဖြစ်သည်။ (၈း၅–၇။ ၁ယော ၃း၆–၉)။ အထူးအကြောင်းအရာ။ ။ သွေးသားဇာတိ (sarx) ၁း၃ ၌ ကြည့်ပါ။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နိုးဆွပေးရန်သာ ဖြစ်သည်။

၁။ အစိုးရအကြောင်း ပေါလု၏ ဖော်ပြချက်သည် ကနဦး ခရစ်ယာန်များအတွက် အဘယ်ကြောင့် အလွန်ပြင်းထန်ရသနည်း?

၂။ ခရစ်ယာန်များသည် မည်သည့် အစိုးရပုံစံမျိုးကို မဆို နာခံရပါမည်လော့?

၃။ ခရစ်ယာန်များသည် အစိုးရ တောင်းဆိုသော တရားဥပဒေ အားလုံး နာခံရပါဦးမည်လော့?

၄။ ရှင်ဘုရင်၌ ဘုရားပေးသော အခွင့်အရေးရှိသည်ဟု အခန်းငယ် ၁သည် သွန်သင်ပါသလော?

၅။ ပေါလုသည် ဓမ္မသဘောတရားအသစ် ဖော်ထုတ်လိုက်ခြင်းလော?

၆။ အစိုးရအား မနာခံခြင်းသည် ခရစ်ယာန်များအတွက် မှန်ကန်ခဲ့ဘူးပါသလား?

၇။ အငယ် ၄သည် သေဒဏ်အပြစ်ပေးခြင်းနှင့် မည်သို့ ဆက်စပ်သနည်း?

၈။ ခရစ်ယာန်တို့၏ ဩတ္တပ္ပစိတ်/အတွင်းစိတ် (မိမိကိုယ် မိမိသသော စိတ်) သည် အမြဲမှန်ပါသလား? (ငယ် ၅)

၉။ အငယ် ၈ကို အခြေပြုကာ၊ ခရစ်ယာန်များသည် အကြွေးစျေးဝယ်ကဒ်များ မရှိရသလော?

၁၀။ အငယ် ၈သည် အခြားသော ခရစ်ယာန်များအား ချစ်ခြင်း (ဝါ) လူအားလုံး ချစ်ခြင်း ဘယ်ဟာကို ပြောပါသနည်း?

၁၁။ ပေါလုသည် ဓမ္မသစ် ယုံကြည်သူများကို လှုံ့ဆော်ပေးရန် ပညတ်တော် ဆယ်ပါးကို အဘယ်ကြောင့် သုံး သနည်း?

၁၂။ ပေါလုသည် ယုံကြည်သူများနှင့် ပါတ်သက်၍ အဘယ်ကြောင့် ထိုကဲ့သို့ ကြောက်လန့်ဘွယ်ရာ အပြစ်ကို ထည့်သွင်းသနည်း?

၁၃။ လူသည် "သခင်ယေရှု ခရစ်တော်ကို မည်ကဲ့သို့ ဝတ်ဆင်" သနည်း?

# ရောမ ၁၄

| ခေတ်သစ် ဘာသာပြန်ကျမ်းများအား စာပိုဒ်ခွဲခြင်း | | | | |
|---|---|---|---|---|
| 4BS[4] | NKJV | NRSV | TEV | NJB |
| သင့်ညီအစ်ကိုအား တရားမစီရင်နှင့် | လွတ်လပ်ခြင်း၏ ဥပဒေသ | မေတ္တာသည် အခြားသူများ၏စိတ်မသန့်မှုကို လေးစားတတ်သည် | အခြားသူများ ကိုမစီရင်နှင့် | စိတ်မသန့်သူများအပေါ် ချစ်ခြင်းမေတ္တာ |
| ၁၄း၁–၁၂ | ၁၄း၁–၁၃ | ၁၄း၁–၄<br>၁၄း၅–၆<br>၁၄း၇–၉<br>၁၄း၁၀–၁၂ | ၁၄း၁–၄<br>၁၄း၅–၁၂ | ၁၄း၁–၁၂ |
| မိမိညီအစ်ကို ကိုမလဲစေနှင့် | မေတ္တာ၏ဥပဒေသ | | အခြားသူများကို မလဲစေနှင့် | |
| ၁၄း၁၃–၂၃ | ၁၄း၁၄–၂၃ | ၁၄း၁၃–၂၃ | ၁၄း၁၃–၁၈<br>၁၄း၁၉–၂၃ | ၁၄း၁၃–၂၁<br>(၁၄း၂၂–၂၅း၆)<br>၁၄း၂၂–၂၃ |

## ပတ်လည်ဖတ်ရှုခြင်း အကြော့သုံး (စာ xi ကြည့်ပါ)
### *မူရင်းစာရေးသူ၏ စာပိုဒ်လိုက်ရည်ရွယ်ချက်အားနားလည်ခြင်း*

ဤစာအုပ်မှာ အနက်ဖွင့်လမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမာကျမ်းစာကို မိမိဟာ မိမိအနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရသည့် အလင်းလဲ လျှောက်လှမ်းသွားကြရန်ဖြစ်သည်။ သမာကျမ်းစာအား အနက်ပြန်ရာ သင်ကိုယ်၊ သမာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမာကျမ်းစာ အနက်ဖွင့်ခြင်းကို အနက်ဖွင့်ကျမ်းရေးသူများပေါ် သာ ပုံချရန်မဟုတ်ချေ။

အခန်းကြီးတစ်ခန်းအား တစ်တိုင်တည်းဖြင့်ဖတ်ပါ။ အဓိကဦးတည်ချက်များကို သတ်မှတ်ဖော်ပြပါ။ အကြောင်းအရာအလိုက် သင်၏ စာပိုဒ်ခွဲမှုကို အထက်ပါဘာသာပြန်ကျမ်း ငါးမျိုးနှင့် နိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း၊ အနက်ပြန်ခြင်း၏ အသဲနှလုံးဖြစ်သော မူရင်းစာရေးသူ၏ ကြံရွယ်ချက်နားလည်နိုင်ရန်သော့ချက်ဖြစ်သည်။ စာပိုဒ်တိုင်းအကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်
၂။ ဒုတိယစာပိုဒ်
၃။ တတိယစာပိုဒ်
၄။ … စသဖြင့်

## အငယ် ၁–၁၂အား ကျမ်းစကား အဆက်အစပ်ဖြင့် နားလည်ခြင်း

က။ ဤအခန်းကြီးသည် ခရစ်ယာန် လွတ်လပ်မှုဆိုင်ရာ ဆန့်ကျင်ဘက်ဖြစ်နေသယောင်ဖြင့် မှန်သောအရာများနှင့် ခရစ်ယာန်၏ တာဝန်ဝတ္တရားအား ချိန်ခွင်လျှာညီစေရန် အားထုတ်ခြင်းဖြစ်သည်။ အခန်းကြီး ၁၅း၁၃ အထိခြဲသည်။

ခ။ ဤအခန်းကြီး၏ အလျင်စလိုနိုင်မှုမှာ ရောမ အသင်းတော်အတွင်း တပါးအမျိုး ယုံကြည်သူများနှင့် ဂျူးလူမျိုး ယုံကြည်သူများအကြား တင်းမာမှုကြောင့် (သို့မဟုတ် ထိုအချိန်၌ ကောရိန္တု အသင်းတော်အတွင်း ပေါလု၏ အတွေ့အကြုံကြောင့်) ဖြစ်နိုင်သည်။ ဂျူးလူမျိုးများသည် မပြောင်းလဲမီ ပညတ်တရား ဘက်ယိမ်းယိုင်သူများဖြစ်ကာ၊ တပါးအမျိုးသားများမှာမူ အကျင့်ပျက်ခြင်း ဘက်သို့ ယိမ်းယိုင်သူများဖြစ်သည်။ ဤအခန်းကြီးသည် ယေရှု၏ နောက်လိုက်စစ်စစ်များကို ပြောခြင်းဖြစ်သည်။ ဇာတိဆန်သော ယုံကြည်သူများအား ပြောခြင်းမဟုတ်ချေ။ (၁ကော ၃း၁) အမြင့်မားဆုံးသော ရည်ရွယ်ချက်များကို အုပ်စုနှစ်ခုစလုံးအတွက် ဖြစ်သည်ဟု ပြောသည်။ ဤဆွေးနွေးတင်ပြမှုသည် အပြစ်ရှာသော တရားဥပဒေသမားများ (ဝါ) ဂုဏ်ဖော်သော လစ်ဘရယ်ဝါဒီများအတွက် ခွင့်ပြုချက်လိုင်စင်မဟုတ်ချေ။

ပေါလုသည် ကောရိန္တုမြို့မှ ရောမမြို့သို့ ရေးသားခြင်းဖြစ်သည်ကို သတိရပါ။ ထိနေရာရှိ ပြဿနာမှာ ဂိုဏ်းဂနစိတ်ဖြစ်သော်လည်း၊ ဤနေရာ၌မူ ပုံစံမတူသော ယုံကြည်သူများ ရှိသည်။

ဂ။ ယုံကြည်သူတို့သည် မိမိတို့၏ ဓမ္မသဘောတရား (ဝါ) ကိုယ်ကျင့်တရားများကို အခြားယုံကြည်သူများ အားလုံးအတွက်လည်း မဖြစ်စေရန် သတိထားရမည် (၂ကော ၁၀း၁၂)။ ယုံကြည်သူတိုင်း မိမိရရှိသော အလင်းထဲလျှောက်သွားရမည်ဖြစ်သော်လည်း မိမိ၏ ဓမ္မသဘောတရားမှာ အလိုလိုပင် ဘုရားသခင်၏ ဓမ္မသဘော တရားဖြစ်မသွားကြောင်း နားလည်ထားရန်လိုသည်။ ကျွန်တော်တို့ အချင်းချင်းသည် သမ္မာကျမ်းစာ အားဖြင့် ကျိုးကြောင်းဆင်ခြင်မှုနှင့် အတွေ့အကြုံအားဖြင့် အားပေးတိုက်တွန်းရမည်ဖြစ်သော်လည်း မေတ္တာအားဖြင့် ဖြစ်ရပါမည်။ မိမိသိကြောင်းပို၍ သိလေလေ၊ အသိပညာပိုများလာလေဖြစ်သည်။ (၁ကော ၁၃း၁၂)

ဃ။ အခြားယုံကြည်သူများ၏ အပြုအမူများကို တန်ဖိုးဖြတ်ရာ၌ ဘုရားသခင့်ရှေ့တော်မှောက်၌ မိမိတို့၏ စိတ်နေ သဘောထားနှင့် ထိုသို့ပြုရခြင်း၏ အကြောင်းရင်းများမှာ တကယ်သော့ချက်များဖြစ်သည်။ ခရစ်ယာန်များသည် မိမိတို့ အချင်းချင်းမည်ကဲ့သို့ပြုကြကြောင်း အပေါ်တရားစီရင်ခြင်းခံရန် ခရစ်တော်ရှေ့မှောက်၌ ရပ်ကြရမည်။ (အငယ် ၁၀၊၁၂နှင့် ၂ကော ၅း၁၀)

င။ မာတင်လူသာပြောသည်မှာ "ခရစ်ယာန်လူတစ်ယောက်သည် မည်သူ့လက်အောက်၌မှ မရှိသော လူအားလုံးအနက် သခင်ဘုရား၏ အလွတ်လပ်ဆုံးသောလူဖြစ်သည်။ ခရစ်ယာန် လူတစ်ယောက်မှာ အားလုံး၏ လက်အောက်ခံဖြစ်သော အားလုံးအနက်မှ တာဝန်အရှိဆုံးအစေခံဖြစ်သည်" ဟုဆို၏။ သမ္မာကျမ်းစာလာ သမ္မာတရားဟူသည် ဆန့်ကျင်နေသယောင်ရှိသော်လည်း အမှန်ဖြစ်သောတင်းမာမှုနှင့် ပြည့်သော ပုံစံဖြင့် တင်ဆက်ထား လေ့ရှိ၏။

စ။ ခက်ခဲသော်လည်း အရေးကြီးသောအကြောင်းအရာမှာ ရောမ ၁၄း၁–၁၅း၁၃၊ ၁ကော ၈–၁၀ နှင့် ကောလော ၂း၈–၂၃ တို့ဖြစ်သည်။ ဤကဏ္ဍ၌ ကျွန်ုပ်အားပံ့ပိုးသော စာအုပ်မှာ Gordon Free and Douglas Stuart, "How To Read the Bible for All Its Worth" စာမျက်နှာ ၇၅–၈၆။

ဆ။ မည်သို့ဖြစ်စေရိုးသားဖြူစင်သော ယုံကြည်သူတို့အကြား အမျိုးမျိုးဖြစ်ရကြခြင်းမှာ ဆိုးသောအရာမဟုတကြောင်း ဖော်ပြရန် လိုအပ်သည်။ ယုံကြည်သူတိုင်း၌ အားသာချက်နှင့် အားနည်းချက်ကိုယ်စီရှိကြသည်။ လူတိုင်း မိမိရရှိသော အလင်းထဲသွားကာ အလင်းပိုမိုရရှိရန် ဝိညာဉ်တော်နှင့် သမ္မာကျမ်းစာအတွက် အမြဲတံခါးဖွင့်ပေးရပါမည်။ မှုန်ဝါးသော

ကြည့်မှန်မှ တဆင့်သာမြင်ရသော ဤကာလ၌ (၁ကော ၁၃း၈–၁၃) ချစ်ခြင်းမေတ္တာအထဲ (အငယ်၁၅) ငြိမ်းချမ်းစွာဖြင့် (ငယ် ၁၇၊၁၉) အပြန်အလှန်တည်ဆောက်စရာဖြစ်စေခြင်းငှါ အသက်ရှင်ရမည်ဖြစ်သည်။

ဇ။ ဤအုပ်စုများကို ပေါလုပေးသော "အားရှိသူ" နှင့် "အားနည်းသူ" ဟူသော နာမည်တို့သည် သူတို့ကို တစ်မျိုးထင်စရာဖြစ်စေသည်။ ပေါလု၏ ရည်ရွယ်ချက်မှာ ထိုသို့မဟုတ်ချေ။ နှစ်မျိုးစလုံးစစ်မှန်သော ယုံကြည်သူများဖြစ်ကြသည်။ အခြားခရစ်ယာန်များကို မိမိတို့၏ ပုံစံသို့ သွက်သွင်းဘို့ ကြိုးစားရန် မဟုတ်ပေ။ ခရစ်တော်အထဲ အချင်းချင်းလက်ခံကြရန်သာဖြစ်သည်။

ဈ။ ကြောင်းကျိုးပြသော ဤဆွေးနွေးချက်တစ်ခုလုံးကို အောက်ပါအတိုင်းအကျဉ်းချုပ်ဆိုင်သည်။

၁။ ဘုရားသခင်သည် ခရစ်တော်ထဲ၌ ကျွန်ုပ်တို့ကို လက်ခံသဖြင့် အချင်းချင်းလက်ခံကြ (၁၄း၁–၃၊ ၁၅း၇)။

၂။ ခရစ်တော်သည် ငါတို့၏ သခင်နှင့်တရားသူကြီးဖြစ်သဖြင့် အချင်းချင်းစီရင်ခြင်းမပြုရ (၁၄း၃–၁၂)

၃။ တစ်ဦးခြင်း လွတ်လပ်မှုထက် ချစ်ခြင်းမေတ္တာမှာ သာ၍ အရေးကြီး (၁၄း၁၃–၂၃)

၄။ ခရစ်တော်၏ အသက်ရှင်ခြင်း လိုလိုက်၍ အခြားသူများအတွက် တည်ဆောက်စရာဖြစ်စေရန် မိမိအခွင့်အရေးကို အရှုံးခံပါ။ (၁၅း၁–၁၃)

## စကားလုံးနှင့် စကားစုလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော ဘာသာပြန်ကျမ်း ၁၄း၁–၄**

**[1]ယုံကြည်ခြင်းအားနည်းသူကို လက်ခံပါ။ သို့သော် သူ၏ အယူအဆများကို စီရင်ခြင်းပြုရန် ရည်ရွယ်ချက်မဟုတ်ရပါ။ [2]လူတစ်ယောက်သည် အစာအားလုံးစားနိုင်သည် ဟူသော အမြင်ရှိသော်လည်း အားနည်းသော သူကမူ ဟင်းသီးဟင်းရွက်ကိုသာ စားသည်။ [3]စားသော သူကို မစားသော သူသည် အထင်သေးရန်မဟုတ်။ မစားသော သူကို စားသော သူသည် စီရင်ခြင်းပြုရန်မဟုတ်ချေ။ အကြောင်းမူကား ဘုရားသခင်သည် သူ့ကို လက်ခံတော်မူပြီ။ [4]အခြားသူ၏ အစေခံကို စီရင်ခြင်းပြုရန် သင်သည် မည်သူနည်း။ သူရပ်တည်သည်ဖြစ်စေ၊ လဲသည်ဖြစ်စေ သူ့သခင်အတွက်ဖြစ်သည်။ သခင်ဘုရာသည် သူ့ကို ရပ်တည်စေနိုင်သဖြင့် သူသည် ရပ်တည်လိမ့်မည်။**

၁၄း၁

**NASB "လက်ခံပါ" (accept)**

**NKJV "လက်ခံပါ" (receive)**

**NRSV, TEV "ကြိုဆိုပါ"**

**NJB "ကြိုဆိုခြင်းပြုပါ"**

ငင်းမှာ PRESENT MIDDLE IMPERATIVE ဖြစ်သည် (၁၅း၁) ဆက်လက်နေသော စေခိုင်းခြင်းဖြစ်ပြီး လက်ခံမည့်အရာကို အထူးပြုသည်၊ ဂရိကြိယာ၌ "သင်" (တို့) ဟူသော နာမ်းစားရှိသော်လည်း အင်္ဂလိပ်၌မူ ၎င်းသည် "အားရှိသူ" ခရစ်ယာန်များကို ဆိုလိုကာ သူတို့ကိုပင် ရည်ညွှန်းသည်။ (၁၅း၁) ၎င်းသည် ရောမ အသင်းရှိ အုပ်စုနှစ်ခုတို့ကိုဆိုလိုသည်။ ၎င်း၏ ဖြစ်နိုင်သောဆက်စပ်မှုမှာ

၁။ ယုံကြည်သူ ဂျူးနှင့် တခြားယုံကြည်သူများ အကြားတင်းမာမှု (၁၅း၇–၂၁) သို့မဟုတ် ((၂) ကွဲပြားခြားနားသော လူပုဂ္ဂလ် တဦးခြင်း၏ စံများဟူ၍ ဖြစ်သည်။ ဤ ကျမ်းပိုဒ်တစ်ခုလုံးသည် စစ်မှန်ပြီးရိုးသားသော ယုံကြည်သူ „များအကြောင်းဖြစ်ကာ ယုံကြည်ခြင်း၌ အချို့အားရှိကာ တချို့အားနည်းသည်။ ဤနေရာ၌ ယုံကြည်ခြင်းဆိုသည်မှာ ဧဝံဂေလိသတင်းကောင်းအား နားလည်ခြင်း၊၎င်း၏ အပြတ်သစ်လွှင်ခြင်းနှင့် လွတ်မြောက်စေခြင်း ဆိုင်ရာများ ဖြစ်သည်။

▣

**NASB, NKJV** **"ယုံကြည်ခြင်း၌ အားနည်းသူ"**
**NRSV, TEV** **"ယုံကြည်ခြင်း၌ အားနည်းသော သူများ"**
**NJB** **"လူတစ်ယောက်၏ ယုံကြည်ခြင်းကောင်းစွာ မခိုင်ခံ့"**

ဤစကားစုသည် မျက်နှာချင်ဆိုင်သော သဘောထားကို အလေးအနက်ပြုသည်။ အဓိပ္ပါယ်ရင်းမှာ "ယုံကြည်ခြင်း အားနည်းသည်" ဟူ၍ဖြစ်သည်။ ပစ္စုပ္ပန်ကာလပြ ဖြစ်နေခြင်းသည် အသက်ရှင်ခြင်း ပုံစံဖြစ်ကြောင်းပြသည်။ ၎င်းသည် တရားဥပဒေနည်းကျစိတ်နေသဘောထားကိုလည်း ရည်ညွှန်းသည်။ စိတ်မသန့်မှုလွန်ကဲသော ယုံကြည်သူ ခရစ်ယာန်ကို ဤအခန်းကြီးထဲ၌ ဖော်ပြပုံသုံးမျိုးရှိသည်။

၁။ အစားအသောက်တားမြစ်ခြင်း (၁၄း၂၊ ၆၊၂၁)

၂။ အထူးနေ့ရက်များ အလေးအနက်ထားခြင်း (၁၄း၅–၆)

၃။ စပျစ်ရည်တားမြစ်ခြင်း (၁၄း၁၇၊ ၂၁)

ဤပုံစံမျိုး လူကို ရော ၁၅း၁ နှင့် ၁ကော ၈း၉–၁၃။ ၉း၂၂ တို့၌ ဖော်ပြသည်။ မိမိကိုယ်မိမိအားရှိသော၊ အားနည်းသောခရစ်ယာန် ဟူ၍ အလွယ်တကူမသတ်မှတ်လိုက်ပါနှင့်။ ယုံကြည်သူများသည် ကဏ္ဍတစ်ခု၌ အား ကောင်းကာ၊ အခြားကဏ္ဍတစ်ခု၌အားနည်းကြသည် ချည်းဖြစ်၏။

ဤကိစ္စအပေါ် ပေါလု၏ စိတ်နေသဘောထားမှာ ဂလာ ၄း၉–၁၀ နှင့် ကော ၂း၁၆–၂၃တို့နှင့် အလွန်ကွဲပြားခြားနားသည်။ ဤကျမ်းပိုဒ်များသည် မမှန်သော ဆရာသမားများ၏ စိတ်နေသဘောထားနှင့် သွန်သင်မှုများကို ထင်ဟပ်စေသည်။ ရောမသြဝါဒစာစောင်၌မူလိပ်ပြာစိတ်မသန့်မှုလွန်ကဲသူ ယုံကြည်သူ အစစ်အမှန်များဖြစ်သည်။

အနက်ဖွင့်ကျမ်းရေးသားသူအများအပြားတို့သည် "ယုံကြည်ခြင်း အားနည်းသူဆိုရာ၌ ယုံကြည်သူ ဂျူးများ (ဂျူးဘာသာဝင်များ) နှင့် မောရှေ၏ ပညတ်တရားအား နာခံရန် ဆက်လက်၍ အလေးအနက်ပြုခြင်းနှင့် ထိုသို့ပြုရာ၌ မောရှေ၏ ပညတ္တိကျမ်းအား ဂျူးရိဗ္ဗိဆရာကြီးများ၏ နားလည်သဘောပေါက်ခြင်းကို အခြေခံကြခြင်းဖြစ်သည်။ (*Talmud*) ၎င်းသည် အထက်ပါနံပါတ် ၁၊ ၂တို့နှင့် သေချာကိုက်ညီသော်လည်း နံပါတ် ၃နှင့် မူမကိုက်ညီချေ။ ထို့ကြောင့် ဤကျမ်းပိုဒ်သည် လူပုဂ္ဂိုလ်တဦးချင်းနှင့်ပို၍ ကိုက်ညီသည်ဟု ကျွန်ုပ်ယူဆသည်။ ၎င်းသည် ဂျူးဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ မိမိတို့၏ အတိတ်ကာလထုံးတမ်းစဉ်လာများ၏ လွှမ်းမိုးခြင်းများစွာ ခံနေသူများအား ရည်ညွှန်းခြင်းဖြစ်နိုင်သည်။

## အထူးအကြောင်းအရာ။ ။အားနည်းခြင်း

ဤနေရာ၌ ကွဲပြားခြားနားမှုရှိသည်။ မမှန်သော ဆရာသမားတို့သည် မိမိတို့၏ အရည်အချင်းနှင့် တရားဟောခြင်းအတတ်ပညာ၌ ဝါကြွားကြသော်လည်း၊ ပေါလုက မူ "အားနည်းခြင်း" (*ashtheneo*) ၏ တန်ဘိုးကောင်းစွာသိရှိထားသည်။ ဤစကားလုံးများ (သို့မဟုတ်၎င်းတို့၏ အခြားပုံစံများ) ပထမနှင့်ဒုတိယ ကောရိန္သုသြဝါဒစာတို့၌ မည်သို့သုံးလေ့ရှိကြောင်း မှတ်သားပါ။

| <u>ဝါကြွားသည်</u> | <u>အားနည်းသည်</u> |
|---|---|
| ၁ကောရိန္သု ၁း၂၉၊၃၁ | ၁ကောရိန္သု ၁း၂၅၊၂၇ |
| ၃း၂၁ | ၂း၃ |
| ၄း၇ | ၄း၁၀ |
| ၅း၆ | ၈း၇၊၉၊၁၀၊၁၁၊၁၂ |
| ၉း၁၅၊၁၆ | ၉း၂၂ |
| ၂ကောရိန္သု ၁း၁၂၊၁၄ | ၁၁း၃၀ |
| ၅း၁၂ (နှစ်ခါ) | ၁၂း၂၂ |
| ၇း၄၊၁၄ (နှစ်ခါ) | ၁၅း၄၃ |
| ၈း၂၄ | ၂ကောရိန္သု ၁၀း၁၀ |
| ၉း၂၃ | ၁၁း၂၁၊၂၉၊၃၀ |

၁၀း၈၊၁၃၊၁၅၊၁၆၊၁၇ ၁၂း၅၊၉၊၁၀ (နှစ်ခါ)
၁၁း၁၂၊၁၆၊၁၇၊၁၈၊၃၀ ၁၃း၃၊၄ (၂ခါ) ၉
၁၂း၁၊၅၊၆၊၉
ပေါလုသည် အားနည်းခြင်းဆိုသော သဘောကို အမျိုးမျိုးသုံးသည်
၁။ ဘုရားသခင်၏ အားနည်းမှု။ ၁ကေား၁း၂၅
၂။ ဤလောက၌ အားနည်းခြင်း။ ၁ကော ၁း၂၇
၃။ ပေါလု၏ အားနည်းမှုနှင့် စိုးရိမ်ကြောက်ရွံ့မှု။ ၁ကော ၂း၃။ ၉း၂၂။ ၂ကော ၁၁း၂၉၊၃၀။ ၁၂း၅။
၄။ ပေါလုနှင့် သာသနာပြုအဖွဲ့။ ၁ကော ၄း၁၀။ ၂ကော ၁၁း၂၁
၅။ အားနည်းသော ညီအစ်ကို။ (ရောမ ၁၄း၁-၁၅း၁၃) ၁ကော ၈း၇၊၉၊၁၀၊၁၁၊၁၂။၉း၂၂။
၆။ ကိုယ်ခန္ဓာအားနည်းမှု။ ၁ကော ၁၁း၃၀
၇။ လူကိုယ်ခန္ဓာအစိတ်အပိုင်းများ။ ၁ကော ၁၂း၂၂
၈။ ရုပ်ကိုယ်ခန္ဓာ။ ၁ကော ၁၅း၄၃
၉။ ပေါလု လူကိုယ်တိုင် ရှိခြင်း (ဝါ) သူတရားဟောကျွမ်းကျင်မှု။ ၂ကော ၁၀း၁၀
၁၀။ ပေါလု၏ အားနည်းမှုသည် ဘုရားသခင်၏ ခွန်အားကိုပြီးသွားစေသည်။ ၂ကော ၁၂း၉၊၁၀။ ၁၃း၄၊၉
၁၁။ ပေါလုမှတဆင့် ခရစ်တော်အကြောင်းဟောကြားခြင်း။ ၁ကော ၁၃း၃
၁၂။ ခရစ်တော်၏ ရုပ်ခန္ဓာ။ ၂ကော ၁၃း၄

▣

**NASB "သို့သော် သူ၏ အယူအဆများကို စီရင်ချက်ချရန်မရည်ရွယ်ရပါ"**
**NKJV "သို့သော်ဒိဟဖြစ်စရာအကြောင်းများကိုသူနှင့်မငြင်းခုံရပါ"**
**NRSV "သို့သော် အယူအဆပေါ်အငြင်းပွါးရန် မရည်ရွယ်ရပါ။"**
**TEV "သို့သော် သူတို့အယူအဆများအား သူတို့နှင့် အငြင်းအခုံမလုပရ်ပါ"**
**NJB "ငြင်းခုံခြင်းမစတင်ဘဲ"**

ယုံကြည်သူများသည် မိမိတို့နှင့် သဘောထားမတိုက်ဆိုင်သူများအား၊ သူတို့ပြောင်းလဲ စေရန်အားမထုတ်ဘဲ၊ သူတို့ကို အပြည့်အဝလက်ခံရပါမည်! ၎င်းမှာ မိမိတို့နှင့် တူညီလာရန်အားထုတ်ခြင်း မပြုဘဲ မိတ်သဟာယဖြစ်စေရန် အခြေခံဖြစ်သည်။ စိတ်လွတ်လပ်မှုဖြစ်သည်။ ယုံကြည်သူတိုင်း ဤလုပ်ငန်းစဉ်၌ ပါဝင်နေသည်။ ဝိညာဉ်တော်အား အလုပ်လုပ်ခွင့်နှင့် တစ်ဦးချင်းအား ရင့်ကျက်လာစေရန် ပုံသွင်းခွင့်ပြုထားကြရမည်ဖြစ်သော်လည်း၊ ရင့်ကျက်ခြင်း၊ ဆိုရာ၌ပင် အားလုံးအမြင်ချင်းတူကြမည်ကားမဟုတ်ချေ။

**၁၄း၂** ဤအခန်းငယ်၌ ဖော်ပြသော အစာမှာ ကျန်းမာရေးအတွက် မဟုတ်ဘဲ၊ ဘာသာရေးကိစ္စဖြစ်သည်။ အစာနှင့် ဆိုင်သော ဤပြဿနာမှာ အကြောင်းရင်းနှစ်ခုကြောင့် ဖြစ်ပေါ်နိုင်သည်။ (၁) ဂျူးများ၏ အစာဆိုင်ရာပညတ်ချက်များ (ဝတ်ပြုရာကျမ်း ၁၁) သို့မဟုတ် (၂) သာသနာပလူများ၏ ရုပ်တုဆင်းတုပူဇော်ရာယဇ်ကောင်၏ အသား (၁ကော ရှိန္ဒု ၈-၁၀)။ ယေရှုသည် လူကို ညစ်ညမ်းစေသည်မှာ အစာမဟုတ်ကြောင်း ရှင်းလင်းစွာ သွန်သင်သည်။ (မဿဲ ၁၅း၁၀-၂၀။ မာကု ၇း၁၄-၂၃)။ ဤ သစ္စာတရာကို ကောနေလိနှင့် ဆိုင်သော ရူပါရုံ၌ တမန်တော် ၁၀တွင် သရုပ်ပြ ရှင်းလင်းသည်။

**၁၄း၃ "စားသောသူသည် ... အထင်သေးရန်မဟုတ်" "**အထင်သေးရန်မဟုတ်" *ezoutheneo* ၏ သည် PRESENT ACTIVE IMPERATIVE အား NEGATIVE PARTICLE နှင့် တွဲထားခြင်းဖြစ်ကာ၊ ဆက်လက်ခဲ့ပြီသော အပြုအမူတစ်ခုအား ရပ်တံ့စေခြင်းအားဆိုလိုသည်။

"အထင်သေးသည်" ဆိုရာ၌ "ပေါ့ပါးစေသည်" "ကလကားဖြစ်စေသည်။" သို့မဟုတ် "တန်ဘိုးမဲ့ ဖြစ်သွားစေသည်" ဟူ၍ ဖြစ်၏။ (၁၄း၁၀။ လုကာ ၁၈း၉။ ၁ကော ၆း၄။ ၁၆း၁၁။ ၂ကော ၁၀း၁၀။ ဂလ ၄း၁၄။ ၁သက် ၅း၂၀)။ ယုံကြည်သူများသည် မိမိကိုယ်မိမိနှိမ့်ချခြင်းဖြင့် မိမိကိုယ်မိမိဖြောင့်မတ်စေခြင်းမပြုရန်သတိပြုရမည်။ ယုံကြည်ခြင်း အားကောင်းသူသည် ယုံကြည်ခြင်းအားနည်း သူကို ရှုတ်ချခြင်းမပြုရချေ။

▣ **"တရားစီရင်"** ၎င်းမှာ NEGATIVE PARTICLE ပါသော PRESENT ACTIVE IMPERATIVE ဖြစ်၍ ဆက်လက်ခဲ့ပြီဖြစ်သော အပြုအမူတစ်ခု ရပ်တန့်စေသည်ဟု အဓိပ္ပါယ်ရှိသည်။ ယုံကြည်ခြင်း အားနည်းသူသည်၊ မိမိတို့နှင့် သဘောထား မတိုက်ဆိုင်သူညီအစ်ကိုများ၏ အပြုအမူများအား စီရင်ချက်ချခြင်းကို ရပ်တန့်ရမည်ဖြစ်သည်။

▣ **"အကြောင်းမူကား ဘုရားသခင်သည် သူ့ကို လက်ခံခဲ့ပြီ။"** ၎င်းမှာ AORIST MIDDLE INDICATIVE ဖြစ်သည်။ ဤစကားလုံးကိုပင် "လက်ခံ" ဟု ဘာသာပြန်သည်။ အငယ် ၁၌ ယုံကြည်သူ အချင်းချင်းလက်သင့်ခံခြင်းပြုကြရန် အခြေခံမှာ ဘုရားသခင်သည် ခရစ်တော်မှ တဆင့် (၁၅း၇) ငါတို့ကို လက်ခံခဲ့ပြီဟူ၍ဖြစ်၏။ အငယ် ၃ သည် ယုံကြည်ခြင်းအား နည်းသူ၊ စိတ်မသန့်မှုလွန်ကဲသော ခရစ်ယာန်ကို တိုက်ရိုက်ပြောခြင်းဖြစ်သည်။

**၁၄း၄ "သင်သည် မည်သူနည်း"** ၎င်းမှာ ဂရိလို အလေးအနက်ပြုသော အသုံးအနှုန်းဖြစ်ကာ၊ အားနည်းသော ယုံကြည်သူကို ရည်ညွှန်းသည်။

▣ **"အစေခံ"** ၎င်းမှာ "နေအိမ်" စု အဓိပ္ပါယ်ရှိသော *oikos* စကားလုံးမှလာသော *oiketes* ဖြစ်သည်။ ထို့ကြောင့် အိမ်စေသို့မဟုတ် ကျေးကျွန် ဟူ၍ ဖြစ်လိမ့်မည်။ (လုကာ ၁၆း၁၃။ တမန် ၁၀း၇။ ရောမ ၁၄း၄။ ၁ပေ ၂း၁၈)။ ထိုစကားလုံးကို ဂရိဓမ္မဟောင်းကျမ်း Septuagint ၌ ထိုသဘောဖြင့် သုံးသည်။ (ကမ္ဘာ ၉း၂၅။၂၇း၃၇။ ၄၄း၁၆၊၃၃။ ၅၀း၁၈)။ ဓမ္မသစ်ကျမ်းတွင် ဤဝေါဟာရမှာ ပို၍သာသော ကျေးကျွန်သို့မဟုတ် အစေခံဖြစ်သည်။ *doulous* နှင့် မတူချေ။ အိမ်စေ (ဝါ) အိမ်ကျွန်ဖြစ်နိုင်သည်။

ပေါလုပြောလိုသည်မှာ ယုံကြည်သူတစ်ဦးချင်းတို့သည် ခရစ်တော်၏ ကျွန်/အစေခံဖြစ်သည် ဟူ၍ ဖြစ်၏။ သူသည် ၎င်းတို့၏ "သခင်" ဖြစ်ကာ၊ သူကသာလျှင် သူတို့ကို ညွှန်ကြားကာ၊ သူတို့ အပြုအမူနှင့်ရည်ရွယ် ရင်းတို့အတွက် သူတို့ကို တာဝန်ခံစေလိမ့်မည်ဖြစ်သည်။ (၂ကော ၅း၁၀)

▣ **"သူရပ်တည်သည်ဖြစ်စေ၊ လဲသည်ဖြစ်စေ သူ့သခင်အတွက်ဖြစ်သည်။"** ကျမ်းစကားအဆက်အစပ် သဘောအရ ပေါလုသည် စိတ်မသန့်မှုလွန်ကဲသူတို့ကို ပြောခြင်းဖြစ်သော်လည်းဖော်ပြသောအကြောင်းအရာသည် အုပ်စုနှစ်ခု ့စလုံးအားရည်ညွှန်းကြောင်း ထင်ရှားသည် ယုံကြည်သူတို့သည် မိမိတို့ ကိုယ်တိုင်၏ မျက်လုံးများထဲရှိ အမှိုက်အစအနများကို ထုတ်ပစ်ရန် ပိုမိုကောင်းမွန်သည်။ (မဿဲ ၇း၁–၁၅)

▣ **"သခင်ဘုရားသည် သူ့ကို ရပ်တည်စေနိုင်သဖြင့်၊ သူသည် ရပ်တည်လိမ့်မည်။"** ၎င်းမှာ အံ့ဩဘွယ် ်ကတိတော်တစ်ရပ်ဖြစ်သည်။ (၅း၁–၂။ ယုဒ ၂၄–၂၅။ ၎င်း၌ ယုံကြည်သူတစ်ဦးချင်း၏ ပူးပေါင်းဆောင်ရွက်မှုလည်း ပါဝင်သည်။ (၁ကော ၁၅း၁–၂)၊အထူးအကြောင်းအရာ ၅း၂၌ ကြည့်ပါ။

ဤအချက်၌ မူကွဲဂရိလက်ရေးကျမ်းတစ်ခုရှိသည်။ NKJVသည် စာလုံးကြီးလက်ရေးကျမ်း D,F,G,048 နှင့် ၀၁၅၀ တို့ နည်းတူ Vulgate ကို လိုက်ကာ "ဘုရားသခင်" (*Theo*) ဟူ၍ သုံးသည်။ သို့သော် MSS $P^{46}$ N, A, V,C, P တို့၌ "သခင်ဘုရား" Lord (*Kurious*) ဟူ၍ သုံးသည်။ $UBS^4$ သည် "Lord" ကို သေချာ (A) အဆင့် သတ်မှတ်သည်။

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ၁၄း၅–၉

**၅ လူတစ်ယောက်သည်နေ့တစ်နေ့ကို အခြားနေ့တစ်နေ့ထက်ပို၍ဂရုစိုက်သည်။ အခြားတစ်ယောက်က မူအတူတူပင်
သဘောထားသည်။ လူတိုင်း မိမိစိတ်ထဲကောင်းစွာ သဘောပေါက်ရပါမည်။ ၆ နေ့ကို စောင့်ထိန်းသူသည် သခင်ဘုရားကို
ထောက်၍ စောင့်ထိန်းသည်။ စားသော သူသည် သခင်ဘုရားကို ထောက်၍ ထိုသို့ ပြုခြင်းဖြစ်သည်။ အကြောင်းမှာ
သူသည် ဘုရားသခင်ကို ကျေးဇူးတင်သည်။ မစားသော သူသည် သခင်ဘုရားအား ထောက်၍ မစားဘဲ နေကာ၊
ဘုရားသခင်ကို ကျေးဇူးတင်သည်။ ၇ အကြောင်းမှာ ငါတို့ တစ်ယောက်မျှ ကိယ်အတွက် အသက်မရှင်၊ ကိုယ့်အတွက်
မသေကြချေ။ ၈ အကြောင်းမှာ ငါတို့သည် အသက်ရှင်ပါက သခင်ဘုရားအတွက် အသက်ရှင်သည်။ သို့မဟုတ်၊
သေပါကလည်း သခင်ဘုရားအတွက်သေသည်။ သို့ဖြစ်၍ ငါတို့သည် ရှင်နေသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ၊
သခင်ဘုရားအတွက်ဖြစ်သည်။ ၉ အကြောင်းမူကား ခရစ်တော်သည် သေလွန်သောသူများနှင့် အသက်ရှင်သူများ
နှစ်မျိုးလုံး၏ သခင်ဖြစ်စေရန် အသေခံကာ၊ ပြန်လည်အသက်ရှင်သည်။**

**၁၄း၅ "လူတယောက်သည် နေ့တနေ့ကို အခြားနေ့တနေ့ထက် ဂရုစိုက်သည်"** လူအချို့သည် ဘာသာရေး၌ နေ့ရက်ကို အလွန်အစွဲကြီးနေကြဆဲဖြစ်သည်။ (နေ့ရက်အချို့နှင့် နှစ်ပတ်လည်ပွဲတော်များ ဂလ ၄း၁၀။ ကော ၂း၁၆–၁၇)။ နေ့ရက်အားလုံး ဘုရားသခင်ညီတူညီမျှပိုင်သည်။ အထူးနေ့ရက်မရှိချေ။ လောကီဆိုင်ရာနေ့၊ လောကုတ္တရာဆိုင်ရာနေ့ ဟူ၍ မရှိချေ။ အားလုံးသန့်ရှင်းသောနေ့ရက်များဖြစ်သည်။

▣ **"လူတိုင်းမိမိစိတ်ထဲကောင်းစွာ သဘောပေါက်ရပါမည်"** PRESENT PASSIVE IMPERATIVE ဖြစ်သည်။ ၎င်းမှာ ဤကဏ္ဍ၌ ငြိမ်သက်မှုရရှိရန် သော့ချက်ဖြစ်သည်။ ယုံကြည်သူများသည် ပြုမူခြင်းမပြုမီကိုယ်တိုင် သဘောပေါက်ရန် ဖြစ်သည်။ (ငယ် ၂၃)၊ သို့သော် အခြားယုံကြည်သူများအားလုံး မိမိကိုသဘောပေါက်ရန် မလိုချေ။ ဘုရားသခင်သည် ကျွန်ုပ်၏ ဓမ္မသဘောတရားပုံစံခွက်ခဲ နေထိုင်သည်မဟုတ်ချေ။ ကျွန်ုပ်၏ ဓမ္မသဘောတရားသည် ဘုရားသခင်၏ ဓမ္မသဘောတရားဖြစ်စေရန်မလိုအပ်ချေ။

**၁၄း၆ "သခင်ဘုရားကို ထောက်၍"** ဤပိုင်ဆိုင်မှုပြပုဒ်ကို အငယ် ၆ ၌ သုံးခါ၊ အငယ် ၈၌ နှစ်ခါ သုံးသည်။ ဖြူစင်သော ယုံကြည်သူများပြုသည့်အသက်ရှင်ခြင်းပုံစံ ရွေးချယ်မှုများသည် "သခင်ဘုရားကို ထောက်၍" ပြုခြင်းဖြစ်ရပေမည်။ (ဖေက် ၆း၇ နှင့် ကော ၃း၂၃ )။ မိမိစိတ်ကြိုက် ဂိုဏ်းဂန၊ မိသားစုအစဉ်အလာ သို့မဟုတ်ထင်မြင်ချက်မျှသာလျှင် မဖြစ်ရပါ။

**၁၄း၇ " အကြောင်းမှာ ငါတို့တစ်ယောက်မှ ကိုယ်အတွက် အသက်မရှင်"** ခရစ်ယာန်များသည် ရေပတ်လည်ဝိုင်းသော ကျွန်းတစ်ကျွန်းမဟုတ်ချေ။ ခရစ်ယာန်များသည် ပထမဆုံးနှင့် နံပါတ်တစ်အဖြစ် ခရစ်တော်အတွက် အသက်ရှင်ကြသည်။ (ငယ်၈) ယုံကြည်သူများ၏ အပြုအမူများသည် အခြားသူများကို အကျိုးသက်ရောက်သည်။ သူတို့မှာ ကြီးမားသော ဝိညာဉ်မိသားစုကြီးတစ်ခု၏ အစိတ်အပိုင်းတစ်ခုစီဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ချစ်ခြင်းမေတ္တာဖြင့် ကန့်သတ်ထားရပါမည်။ (၁ကော ၁၀း၂၄၊ ၂၇–၃၃)။ အခြားသူများ မိမိတို့ ကိုယ်ပိုင်လွတ်လပ်မှုထဲကြီးထွားရန် ခွင့်ပြုထားရပါမည်။ ဥပဒေသဝါဒသည် ဘုရားသခင်နှင့် မဆိုင်သော မိမိကိုယ်မိမိဖြောင့်မတ်စေသည့် တပြေးညီဖြစ်ရေးကို ဦးတည်သည်။ ယေရှု၏ အပြင်းထန်ဆုံး စကားနှင့်၊ ပြစ်တင်စကားများမှာ ဥပဒေသကို အစွဲပြု၍ သူတို့ကိုယ် သူတို့ ဖြောင့်မတ် သူအပြစ်ယူဆသူဖါရိရှဲများပေါ်ဖြစ်သည်။

**၁၄း၈ "ပါက ...ပါက"** ၎င်းတို့မှာ အနာဂတ်၌ပြုနိုင်ချေရှိသည်ဟု အဓိပ္ပါယ်ရသော တတိယတန်းစား ချွင်းချက်ပါဝါကျများဖြစ်သည်။ ယုံကြည်သူတို့သည် အရာခပ်သိမ်းအားဖြင့် ဖြစ်နိုင်သည့်အခါတိုင်း သခင်ဘုရားကို အစေခံကြသည်။ (ဖေက် ၆း၇။ ကော ၃း၂၃)

**၁၄း၉ "သေလွန်သူနှင့် အသက်ရှင်သူ၊ နှစ်မျိုးလုံးအတွက်"** ၎င်းမှာ ဤဝေါဟာရများကို မသုံးစဖူးစီစဉ်ပုံမျိုးဖြင့် သုံးခြင်းဖြစ်သည်။ ထိုစီစဉ်သုံးနှုန်းပုံသည် ယေရှု၏ အသေခံခြင်းနှင့် ပြန်လည်ထမြောက်ခြင်းကို ထင်ဟပ်စေခြင်းဖြစ်သည်။ သူသည် ယခုအခါ ထိုလောကနှစ်ခုစလုံး၌ အချုပ်အချာအာဏာပိုင်ဖြစ်သည်။

ဤသမ္မာတရားသည် ခရစ်ယာန်များ အဘယ်ကြောင့် သူတို့အတွက် မဟုတ်ဘဲ၊ အခြားယုံကြည်သူများအတွက်လည်း အသက်ရှင်ကြရမည်အကြောင်း ဓမ္မသဘောတရားဖြစ်ပေါ်စေသည်။ သူတို့သည် မိမိကိုယ်မိမိမပိုင်ဆိုင်၊ သူတို့သည် တန်ဘိုးတစ်ခုပေး၍ ဝယ်ယူခြင်းခံခဲ့ကြပြီဖြစ်သည်။ သူတို့သည် အပြစ်ကို ကျွန်မခံတော့ဘဲ၊ ဘုရားသခင်ကို အစေခံကြစေရန်၊ သူတို့အပြစ်များအတွက် အသေခံသူ ယေရှု၏ ၏ အစေခံများဖြစ်လာခဲ့ကြပြီဖြစ်သည်။ (ရောမ ၆)။ ယုံကြည်သူများသည် အတ္တကို အခြေပြုသော မိမိတို့၏ စိတ်အလိုများကို သေဆုံးစေကာ၊ မေတ္တာဖြင့် အစေခံသော ယေရှု၏ အသက်ရှင်ခြင်းပုံစံအတိုင်လိုက်နာအတုယူကြရန်ဖြစ်သည်။ (၂ကော ၅း၁၄–၁၅။ ဂလ ၂း၂၀။ ၁ယော ၃း၁၆)

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၄း၁၀–၁၂

**[၁၀]သို့သော်သင်သည် အဘယ်ကြောင့် မိမိညီအစ်ကိုအား တရားစီရင်သနည်း? သို့မဟုတ် သင်သည် မိမိညီအစ်ကိုအား အထင်သေးသနည်း? အကြောင်းမူကား ငါတို့အားလုံးသည် ဘုရားသခင်၏ တရားပလ္လင်တော်ရှေ့၌ ရပ်ရကြဦးမည်။ [၁၁]အကြောင်းမူကာ သမ္မာကျမ်းစာ၌ ရေးသည်မှာ "ငါအသက်ရှင်သည် ဖြစ်၍ ဒူးအားလုံး ငါ့အားဒူးထောက်ကြကာ၊ လျှာအားလုံး ဘုရားသခင်ကို ချီးမွမ်းကြလိမ့်မည်ဟု ထာဝရအရှင် ဘုရားသခင် မိန့်တော်မူ၏။ [၁၂]သို့ဖြစ်၍ ငါတို့တစ်ယောက်စီသည် မိမိအကြောင်းအား ဘုရားသခင်ကို အစီရင်ခံကြရလိမ့်မည်။**

**၁၄း၁၀ "သို့သော် သင်သည်"** ၎င်းမှာ အလေးအနက်ပြုခြင်းအတွက် နိဒါန်းစကားဖြစ်သည်။

▣ အငယ် ၁၀ရှိ မေးခွန်းနှစ်ခုတို့သည် အငယ် ၁–၁၂ကို စူးစိုက် ခြင်းဖြစ်သည်။ အငယ်၃၌ ရည်ညွှန်းသော ထိုအုပ်စုနှစ်ခုတို့ကို နောက်တစ်ခါ နှိုင်းယှဉ်ပြသည်။ အုပ်စုတစ်ခုသည် အခြားအုပ်စုတစ်ခုကို "အထင်သေး" ကာ "တရားစီရင်" သည်။ "ကျွန်" အချင်းချင်းအတွက် ထိုစိတ်နေသဘောထားနှစ်မျိုးစလုံးမသင့်လျှော်ချေ! သူတို့၏ သခင်ယေရှုခရစ်တော်ကသာလျှင် "ဝေဖန်" ပိုင်ခွင့် (ဝါ)၊ "အထင်သေး" ပိုင်ခွင့်ရှိသည်။ ယုံကြည်သူများသည် တရားသူကြီးကဲ့သို့ ပြုမူခြင်းမှာ (၁) ဘုရားသခင်၏ နေရာကို တုယူခြင်းဖြစ်သည်ပြင် (၂) အချိန်အခါ မကျသေးသော အရာလည်းဖြစ်သည်။

▣ **"ငါတို့အားလုံးသည် ဘုရားသခင်၏ တရားပလ္လင်တော်ရှေ့၌ ရပ်ရကြဦးမည်"** အလားတူသမ္မာတရားကို ၂ကော ၅း၁၀၌ ဖော်ပြသည်။ ယုံကြည်သူများသည် မိမိတို့ အချင်းချင်းမည်သို့ ပြုမူကြကြောင်း သခင်ဘုရားအား ရှင်းလင်းချက်ပေးကြရလိမ့်မည်။ ယေရှုသည် ဘုရားသခင်၏ တရားသူကြီးအဖြစ် ဆောင်ရွက်သည်။ (မဿဲ ၂၅း၃၁–၄၆)။

အင်္ဂလိပ်ဘာသာပြန်ကျမ်း NKJV သည် "ခရစ်တော်၏တရားပလ္လင်" ဟု ဘာသာပြန်သည်။ KJV ကို ထောက်ခံသော ကနဦးရေးဟောင်းဂရိစာလုံးကြီးလက်ရေးကျမ်းများပြင်ဆင်သော ကျမ်းများဖြစ်သည်။ $Aleph^2$ နှင့် $C^2$ တို့ဖြစ်သည်။ *Theos* ဘုရားသခင်) စကားလုံးသည် MSS Aleph, B, C,D, F နှင့် G တို့၌ ပါရှိသည်။

ကျမ်းစာရေးကူးသူများသည် ၂ကော ၅း၁၀နှင့် အညီဖြစ်စေရန် ဂရိမူရင်းစာကို ပြောင်းလိုက်ကြခြင်းဖြစ်ကောင်းဖြစ်ပေမည်။ ထို့ပြင် "သားဖြစ်စေခြင်း" adoptionism ခေါ်ဝါဒဖြစ်သည့် ကနဦးကာလ၌ရှိခဲ့သော ခရစ်တော်အကြောင်းအမြင်ကို ဆန့်ကျင်ရန် ကျမ်းစာရေးကူးသူများသည် ဤအငယ်အားပြင်ဆင်ခဲ့ကြခြင်းလည်းဖြစ်နိုင်သည်။ မူရင်းကျမ်းအားရှိရင်းစွဲ ယုံကြည်မှုနှင့် အညီဖြစ်စေရန်လုပ်ခြင်းနှင့်တူသော မူကွဲလက်ရေးကျမ်းအတော်များများရှိသည်။ (Oxford University ပုံနှိပ်တိုက်မှ ၁၉၉၃ တွင် ထုတ်ဝေသော Bart D. Ehrman ၏ *The*

*Orthodox Corruption of Scripture*) စာမျက်နှာ ၉၀–၉၁၌ ကြည့်ပါ။ UBS[4] သည် *Theos* ကို "B" အဆင့် (သေချာသလောက်) သတ်မှတ်သည်။

**၁၄း၁၁ "အကြောင်းမူကား သမ္မာကျမ်းစာ၌ ရေးသည်မှာ"** ၎င်းမှာ PERFECT PASSIVE INDICATILVE ဖြစ်သည်။ ၎င်းဝိညာဉ်တော်မှုတ်သွင်းသော ဓမ္မဟောင်းကျမ်းကို ကိုးကားရာ၌ သုံးသော ဟေဗြဲ အထူးအသုံးအနှုန်းတစ်ခုဖြစ်သည်။ ၎င်းမှာ ဟေရှာ ၄၅း၂၃ကို ရည်ညွှန်းခြင်းဖြစ်ပြီး ဖိ၂း၁၀–၁၁၌လည်း ကိုးကားသည်။

▣ **"ငါအသက်ရှင်သည်ဖြစ်၍"** ၎င်းမှာ ဘုရားသခင်၏ ပဋိဉာဉ်ခံနာမတော် YHWH ကို မူတည်သော ကျိန်ဆိုခြင်း စကားလုံးတစ်ခုဖြစ်သည်။ ၎င်းမှာ "ဖြစ်ခြင်း/ရှိခြင်းပြ" ဟေဗြဲကြိယာ verb "to be" ဖြစ်သည်။ (ထွက် ၃း၁၄)။ သူသည် အစဉ်အသက်ရှင်သူ၊ တစ်ပါးတည်းသာလျှင် အသက်ရှင်နေသူဘုရားဖြစ်သည်။ ထို့ကြောင့် သူသည် မိမိဖြစ်တည်နေခြင်းအား အကြောင်းပြုကျိန်ဆိုခြင်းဖြစ်သည်။ အထူးအကြောင်းအရာ။ ။ ဘုရားနာမတော်များ ၉း၂၉၌ ကြည့်ပါ။

**၁၄း၁၂ "သို့ဖြစ်၍ ငါတို့တစ်ယောက်စီသည် မိမိအကြောင်းအား ဘုရားသခင်ထံအစီရင်ခံရကြလိမ့်မည်။"** ခရစ်ယာန်တို့သည် တရားစီရင်ခံကြမည်ဖြစ်ကာ (၂ကော ၅း၁၀) ဝေဖန်ပြစ်တင်သူညီအစ်ကိုများ ၎င်းတို့အထဲ ပါဝင်ကြပေမည်။ အချို့ရှေးဟောင်းဂရိလက်ရေးကျမ်းများသည် "ဘုရားသခင်ထံ" စကားစုအား ချန်လှပ်ထားခဲ့ကြသည်။ ကျမ်းစကား အဆက်အစပ်သဘောသည် ထိုစကားစုအတိုင်းဆိုလိုကြောင်း ပေါ်လွင်သည်။ ထိုကွဲလွဲမှုမှာ အငယ် ၁၀ရှိ ကွဲလွဲမှုပုံစံမျိုးဖြစ်နိုင်သည်။ USS[4] သည် ၎င်းကို ပါဝင်စေကာ၊ (MSS Aleph, A,B,C,D) "C" အဆင့် (ဆုံးဖြတ်ရန်ခက်ခဲ) သတ်မှတ်သည်။

## ရောမ ၁၄း၁၃–၂၃ အား ကျမ်းစကား အဆက်အစပ်ဖြင့် နားလည်ခြင်း

က။ ခရစ်ယာန်များ မည်ကဲ့သို့ အချင်းချင်းပြုမူဆက်ဆံရမည်အကြောင်းအငယ် ၁–၁၂၌ စတင်သည်။ ၎င်းမှာ ခရစ်ယာန်တစ်ဦးချင်း၌ ရှိသော ပုံစံအမျိုးမျိုးအား အပြည့်အဝ တစ်ဦးနှင့်တစ်ဦး လက်ခံကြရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ တစ်ပါးတည်းသော အရှင် သခင်နှင့် တရားသူကြီးဖြစ်သူ ခရစ်တော်သည် အထက်ပါအုပ်စုနှစ်ခုစလုံးအား အပြည့်အဝလက်ခံထားသောကြောင့်ဖြစ်သည်။ တစ်ယောက်အတွက် ဝိညာဉ်ရေး၌ အလွန် အဓိပ္ပါယ်ရှိသော အရာတစ်ခုသည် အခြားတစ်ယောက်အတွက် အဓိပ္ပါယ် မရှိဖြစ်လေ့ရှိတတ်သည်။ အကြောင်းမှာ တစ်ဦးချင်း၏ အတိတ်ဘဝ၊ သူတို့ချင်း၏ လူပုဂ္ဂိုလ်ပုံစံ၊ သူတို့၏ မိဘများ၊ သူတို့၏ ကြိုက်နှစ်သက်မှုနှင့် သူတို့၏ အတွေးအကြံ...စသည်တို့မတူသောကြောင့်တည်း။

ခ။ ခရစ်ယာန် လွတ်လပ်မှုနှင့် တာဝန်ဝတ္တရားအကြောင်း ဆွေးနွေးမှု၏ ဒုတိယအပိုင်းဖြစ်သော ဤကျမ်းပိုဒ်များ၌ ထိုအကြောင်းအရာကို ကွဲပြားခြားနားသော ရှုထောင့်တစ်မျိုးဖြင့် ဆွေးနွေးတင်ပြသည်။ ဤကျမ်းပိုဒ်၌ ပြောသည်မှာ ယုံကြည်သူသည် ဘုရားသခင်အား ခရစ်တော်အထဲမှ ချစ်ကြောင်းဖြစ်ကာ၊ ၎င်းမှာ မိမိခရစ်ယာန်ဖြစ်ဖော်ဖြစ်ဘက်များကို ချစ်ရခြင်းအကြောင်းရင်းဖြစ်သည်။ ယေရှုသည် ယုံကြည်သူများအတွက် မိမိအသက်ကို စွန့်လွှတ်သည်နည်းတူ၊ သူတို့သည်လည်း အခြားယုံကြည်သူများဖြစ်သော၊ သူတို့အတွက် ယေရှုအသေခံရာ သူများအတွက် မိမိတို့၏ လွတ်လပ်ခွင့်ကို စွန့်လွှတ်ကြရန်ဖြစ်သည်။ (၂ကော ၅း၁၃–၁၄။ ၁ယော ၃း၁၆)။ ယုံကြည်သူများသည် မယုံကြည်သူများနှင့်ဆက်ဆံရာ၌ ချစ်ခြင်းမေတ္တာပေါ် အခြေပြုကြောင်း ၁၃း၈–၁၀၌ အလေးအနက်ပြောသည် နည်းတူ၊ ဤအကြောင်းအရာသည်လည်း ချစ်ခြင်းမေတ္တာကို ခရစ်ယာန်အသက်တာ ဖြစ်ပေါ်စေသော အကြောင်းရင်းအဖြစ် အလေးအနက်ပြုသည်။

ဂ။ ရုပ်လောကရှိအရာအားလုံးသန့်ရှင်းသည်ဟူသော သမ္မာတရားမှာ အချို့ခရစ်ယာန်များအတွက် လက်ခံရန် အလွန် ခက်ခဲသည်။ ယုံကြည်သူများပင်လျှင် အပြစ်ကြောင့်ပြစ်တင်ခံရခြင်း၌ မိမိကိုယ် မိမိပြစ်တင်ရမည့်အစား၊

အရာဝတ္ထုများကို အပြစ်တင်တတ်ကြသည်။ အရာအားလုံးသန့်ရှင်းကြောင်း ပေါလုမပြတ်မလပ်ဖော်ပြလေ့ရှိသည်။ (၁၄း၁၄၊၂၀။ ၁ကော ၆း၁၂။ ၁၀း၂၅–၂၆။ ၁တိ ၄း၄။ တိကု ၁း၁၅)။ သူ့ဖော်ပြမှုသည် အစာအကြောင်း ယေရှု၏ သွန်သင်မှုနှင့် လိုက်လျောညီထွေဖြစ်သည်။ (မာကု ၇း၁၈–၂၃)။ ကောနိလေအား ဘုရားသခင်လက်ခံကြောင်း သန့်ရှင်းသောအစာ၊ မသန့်ရှင်းသော အစာ ကိစ္စဖြင့် ပေတရုကို ရှင်းပြသည်။ (တမန်တော် ၁၀း၁၅)။

ဃ။ ဤကဏ္ဍမှာ မူလအားဖြင့် "အားရှိသူညီအစ်ကို" အားပြောခြင်းဖြစ်သည်။ ပေါလုသည် "အရာအားလုံးသန့်ရှင်းသည်" ဟူသော တစ်ဝက် သမ္မာတရားကို လျှော့ပြောသော်လည်း၊ အရာအားလုံးသည်တည်ဆောက် စရမဖြစ် (ဝါ) ဘုရားသခင်၏ မိသားစုအား အကျိုးပေးသည်မဟုတ်ဟူသော အဆိုကို ပေါင်းထည့်သည်။ (၁ကော ၆း၁၂။၂၀း၂၃) အားရှိသူညီအစ်ကို၏ လွတ်လပ်မှုသည် အခြား ခရစ်ယာန်များကို အကြီးအကျယ်ပျက်စီးသွားစေနိုင်သည်။ ယုံကြည်သူများသည် ခရစ်တော်မှ တဆင့်နှင့် ခရစ်တော်အတွက် မိမိတို့ ညီအစ်ကိုများကို ထိန်းကျောင်းရသူများဖြစ်သည်။

င။ အားနည်းသူညီအစ်ကိုသည် ဝိညာဉ်ရေး၌ ကြီးထွားလာကာ "အားရှိသူညီအစ်ကို" ဖြစ်လာလိမ့်မည် ဟူ၍ ပေါလုမဖော်ပြခြင်း (ဝါ) ထိုသဘောမပါကြောင်းမှာ လွန်စွာ စိတ်ဝင်စားစရာကောင်းသည်။ ဤဆွေးနွေးချက် တစ်ခုလုံးသည် ကျေးဇူးတော်၌ ကြီးထွားခြင်းအကြောင်းပြောခြင်းမဟုတ်ဘဲ၊ ခရစ်ယာန်များ၏ နားလည်သဘော ပေါက်ပုံချင်း ကွဲပြားမှုထက် ချစ်ခြင်းမေတ္တာသည် ပို၍ အလျင်ကျကြောင်း ဆွေးနွေးမှုဖြစ်သည်။

စ။ ထိုအုပ်စုနှစ်ခုအနက်တစ်ခုခု၌ ယုံကြည်သူများ ပါဝင်ခြင်းမှာ "အမှား" သို့မဟုတ် "အမှန်" ထက် လူတစ်ဦးချင်း၏ လူပုဂ္ဂိုလ်အမျိုးအစား၊ ဘာသာရေး သင်တန်းအောင်မြင်မှုနှင့် တစ်ဦးချင်း၏ အတွေ့အကြုံကို ပို၍ အခြေပြုသည်။ ယုံကြည်သူ၏ တာဝန်မှာ အခြားသူများကို ပြောင်းလဲစေရန်မဟုတ်ဘဲ၊ အခြားအုပ်စုအား ချစ်ရန်နှင့် လေးစားရန် ဖြစ်သည်။ ၎င်းမှာ စိတ်ပိုင်းဆိုင်ရာကိစ္စမဟုတ်ဘဲ နှလုံးသားဆိုင်ရာဖြစ်သည်။ ဘုရားသခင်သည် လူသားအားလုံး၊ အုပ်စုနှစ်ခုစလုံး ချစ်သည်။ လက်ခံသည်။ မိမိသားတော်ကို ပေးပါသည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၄း၁၃–၂၃**

**[13]ထို့ကြောင့် အချင်းချင်း တရားစီရင်ခြင်းမပြုဘဲ၊ ညီအစ်ကို၏ လမ်း၌ အတားအဆီး၊ သို့မဟုတ် ခလုတ်တိုက်မိစရာ မထားရန် စိတ်ဆုံးဖြတ်ကြကုန်အံ့။ [14]မည်သည့်အရာမျှ မိမိပကတိအားဖြင့် မသန့်ရှင်းဟူ၍ မရှိကြောင်း သခင်ယေရှုအထဲ ငါသိ၍ သဘောပေါက်၏။ သို့သော် တစုံတရာအား မသန့်ရှင်းဟု ထင်သော သူအတွက် ထိုအရာသည် သူ့အတွက် မသန့်ရှင်းချေ။ [15]အကြောင်းမူကား သင်၏ အစာကြောင့် သင်၏ စိတ်နာပါက၊ သင်သည် ချစ်ခြင်း မေတ္တာနှင့်အညီ ကျင့်ခြင်းမဟုတ်တော့ချေ။ သူ့အတွက် ခရစ်တော် အသေခံခဲ့သူအား သင့်အစာဖြင့် မဖျက်ဆီးပါနှင့်။ [16]ထို့ကြောင့် သင့်အတွက် ကောင်းသောအရာ တစ်ခုသည် ကဲ့ရဲ့ပြစ်တင်စရာမဖြစ်ပါစေနှင့်။ [17]အကြောင်းမူကား ဘုရားသခင်၏ နိုင်ငံတော်သည် အစားအသောက်မဟုတ်ဘဲ၊ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းဖြစ်၏။ [18]အကြောင်းမူကား ၎င်းတို့အားဖြင့် ခရစ်တော်ကို အစေခံသူကို ဘုရားသခင်လက်ခံတော်မူ၍ လူများလည်း နှစ်သက်ကြ၏။ [19]သို့ဖြစ်၍ ငြိမ်သက်ခြင်းနှင့် အချင်းချင်း ဆောက်တည်စရာဖြစ်စေသောအရာများကို မှီအောင်လိုက်စို့။ [20]ဘုရားသခင်လုပ်သောအရာကို အစကြောင့် မဖျက်ဆီးပါနှင့်။ [21]အရာအားလုံးအမှန်ပင် သန့်ရှင်းသည် မှန်သော်လည်း စား၍သူတပါးပြစ်မှားစေသော သူသည် အပြစ်ရှိ၏။ သင်၏ ညီအစ်ကိုအား ခလုတ်တိုက်လဲစေသော အသားစားခြင်း၊ စပျစ်ရည်သောက်ခြင်းမှစ၍ မည်သည့်အရာမျှမပြုရန် ကောင်းသည်။ [22]မှန်သည်ဟု မိမိယုံကြည်သောအရာကို ဘုရားသခင်ရှေ့တော်၌ မိမိနားလည်းသဘောပေါက်သည့် အတိုင်းရှိစေလော့။ မိမိလက်ခံသော အရာကြောင့် မိမိကိုယ်မိမိအပြစ်မတင်သော သူသည် မင်္ဂလာရှိ၏။ [23]သို့သော် သံသယဝင်သော သူသည် စားပါက ယုံကြည်ခြင်းအားဖြင့်မဟုတ်သဖြင့် သူ့ကိုယ်သူပြစ်ဒဏ်စီရင်၏။ ယုံကြည်ခြင်းအားဖြင့် ပြုခြင်းမဟုတ်သောအရာ မှန်သမျှအပြစ်ဖြစ်၏။**

**၁၄:၁၃ "အချင်းချင်းတရားစီရင်ခြင်းမပြုဘဲ"** ၎င်းမှာ ဆက်လက်ခဲ့ပြီဖြစ်သော အပြုအမူတစ်ခုအား ရပ်တံ့ခြင်းကို ဆိုလိုသော NEGATIVE PARTICLE ပါသော PRESENT ACTIVE SUBJUNCTIVE ဖြစ်သည်။ ၎င်းမှာ ကြိုတင်သတိပေးခြင်းမဟုတ်ဘဲ၊ တားမြစ်ချက်ဖြစ်သည်။ အငယ် ၁၆နှင့် အလွန်ဆင်တူသည်။ "တရားစီရင်" ဟူသော စကားလုံးကို အခန်းငယ် ၁–၁၂အတွင်း ပေါလု ၅ကြိမ်သုံးခဲ့ပြီဖြစ်ရာ၊ ယခုအငယ် ၁၃း၂၃ အတွင်း နောက်ထပ်လေးကြိမ်သုံးသည်။

## အထူးအကြောင်းအရာ။ ။ ခရစ်ယာန်များအချင်းချင်းတရားစီရင်ကြဦးမည်လော?

ဤအကြောင်းနည်းလမ်းနှစ်မျိုးဖြင့် ဆွေးနွေးရပေမည်။

၁။ ယုံကြည်သူများအချင်းချင်းမစီရင်ကြရန် အကြံပေးဆုံးမသည် (မဿဲ ၇း၁–၅။ လုကာ ၆း၃၇၊ ၄၂။ ရောမ ၂း၁–၁၁။ ယာကုပ် ၄း၁၁–၁၂)။

၂။ ယုံကြည်သူတို့အား ခေါင်းဆောင်များကို တန်ဘိုးဖြတ်ရန် အကြံပေးဆုံးမသည်။ (မဿဲ ၇း၆၊ ၁၅–၁၆။ ၁ကော ၁၄း၂၉။ ၁သက် ၅း၂၁။ ၁တိ ၃း၁–၁၃နှင့် ၁ယော ၄း၁–၆)။

ကောင်းမွန်စွာတန်ဘိုးဖြတ်နိုင်ရန် သတ်မှတ်ချက်စံနှုန်းအချို့ရှိသည်။

၁။ တန်ဘိုးဖြတ်ခြင်းသည် အတည်ပြုရန် ရည်ရွယ်ချက်ဖြစ်ရပါမည်။ (၁ယော ၄း၁ "စမ်းသပ်" ၎င်းမှာ အတည်ပြုချက်အတွက် ဖြစ်သည်။)

၂။ တန်ဘိုးဖြတ်ခြင်းကို နှိမ့်ချမှုနှင့် နူးညံ့သိမ်မွေ့သော စိတ်ဖြင့် ပြုရမည် (ဂလ ၆း၁)

၃။ တန်ဘိုးဖြတ်ခြင်းသည် လူပုဂ္ဂိုလ်အား မျက်နှာလိုက်၍ <u>မပြုရ။</u> (ရောမ ၁၄း၁–၂၃။ ၁ကော ၈း၁–၁၃။ ၁၀း၂၃–၃၃)။

၄။ တန်ဘိုးဖြတ်ခြင်းသည် အသင်းတော် (ဝါ) အသိုင်းအဝိုင်းအတွင်း "ပြစ်တင်ဝေဖန်ခြင်းမခံရသူ" ခေါင်းဆောင်မည်သူတွေဖြစ်ကြောင်း သတ်မှတ်ဖော်ပြလိမ့်မည်။ (၁တိမောသေ ၃)။

▣ **"ညီအစ်ကို၏ လမ်း၌ အတားအဆီးသို့မဟုတ် ခလုတ်တိုက်မိစရာ မထားရန်"** ၎င်းမှာ ဆက်ခဲ့ပြီဖြစ်သော အပြုအမူတစ်ခုအား ရပ်တံ့စေခြင်းကို ဆိုလိုရာဖြစ်သည့် NEGATIVE PARTICLE ပါသော PRESENT ACTIVE INFINITIVE ဖြစ်သည်။ အလားတူသမ္မာတရားအား အငယ် ၂၁ နှင့် ၁ကော ၈း၉၌လည်း ဖော်ပြသည်။

"အတားအဆီး" ဟုဆိုရာတွင် လူတစ်ယောက်ခလုတ်တိုက်လဲစေရန် လမ်းပေါ်ရှိတစုံတရာကို ရည်ညွှန်းသည်။ "ခလုတ်တိုက်လဲကျစေသော အတားအဆီး" ဆိုသည်မှာ တိရစ္ဆာန်ကို အစာဖြင့် ထောင်ဖမ်းသော ကိရိယာ၏ ခလုတ်မောင်းဖြစ်သည်။

ဤနေရာ၌ခရစ်ယာန်များကို တစ်ခုတစ်ပေါင်းတည်းအဖြစ်ရှုမြင်သည်။ ကျွန်တော်တို့မှာ မိမိတို့၏ ယုံကြည်ဖော်ယုံကြည်ဖက်များအား စောင့်ထိန်းရသူများ၊ အားပေးရသူများနှင့်၊ မိတ်ဆွေများဖြစ်ကြသည်။ ယုံကြည်သူများ ဟူသည် မိသားစုဖြစ်သည်။!

၁၄း၁၄

**NASB "သခင်ယေရှုအထဲ ငါသိ၍ သဘောပေါက်၏။"**

**NKJV "သခင်ယေရှုအားဖြင့် ငါသိ၍ သဘောပေါက်၏။"**

**NRSV "သခင်ယေရှုအထဲ ငါသိ၍ သေချာ၏။"**

**TEV "သခင်ယေရှုနှင့်အတူ ငါပေါင်းစည်းခြင်းသည် ငါ့ကို သေချာသိစေသည်။**

**NJB "ယခု ငါတကယ်ပင် ပြည့်စုံစွာ သတိပြုမိကာ၊ သခင်ယေရှုအတွက် ငါပြော၏။"**

၎င်းမှာ *oida* ၏ PERFECT ACTIVE ပုံစံဖြစ်ကာ၊ PRESENT TENSE သဘောဖြင့် PERFECT PASSIVE INDICATIVE နှင့်အတူတွဲ၍ သုံးသည်။ အဓိပ္ပါယ်လုံးစေ့ပတ်စေ့မှာ "ငါသည် သိရှိခဲ့ကာ၊ ဆက်၍ သိနေလျက်၊ ဆက်လက်၍ သဘောပေါက်သည်" ဟူ၍ ဖြစ်၏။ ၎င်းမှာ အငယ် ၅ နှင့် ၂၂–၂၃ရှိ သမ္မာတရားကို ပြန်လည်ဖော်ပြခြင်း

ဖြစ်သည်။ ယုံကြည်သူများသည် ဝိညာဉ်ရေးကိစ္စရပ်များနားလည်သဘောပေါက်ခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်မှ တဆင့်ယေရှုနှင့် သူတို့၏ ဆက်ဆံရေးအားဖြင့် ဖြစ်သည်။ သူတို့ရသော အလင်းထဲအသက်ရှင်ရန် ဖြစ်သည်။

▣ **"မည်သည့်အရာမျှ ပကတိအားဖြင့် မသန့်ရှင်းဟူ၍ မရှိ"** ဤသဘောကို တမန် ၁၀း၉–၁၆၌ ရှင်းပြသည်။ ဆိုးသည်မှာ အရာဝတ္ထုများမဟုတ်ဘဲ၊ လူများဖြစ်သည်။ ဖန်ဆင်းသည့်အရာများ သူ့ဟာနှင့်သူ့ဆိုးသည် ဟူ၍ မရှိချေ။ (ငယ် ၂၀။ မာကု ၇း၁၈–၂၃။ ၁ကော ၁၀း၂၅–၂၆။ ၁တိ ၄း၄ နှင့် တိတု ၁း၁၅)!

▣ **"သို့သော် တစုံတရာအား မသန့်ရှင်းဟု ထင်သော သူအတွက် ထိုအရာသည် သူ့အတွက် မသန့်ရှင်းချေ။"** ၎င်းသည် ဘာသာရေးအားဖြင့် မသန့်ရှင်းမှုကို ဆိုလိုသည်။ ယုံကြည်သူများသည် မိမိတို့၏ အပြုအမူများကို မိမိတို့၏ ကောင်းဆိုးခွဲခြားသိမြင်တတ်သော စိတ် (အတွင်းစိတ်/ သြတ္တပ္ပစိတ်) အားဖြင့် တန်ဘိုးဖြတ်ကြရမည်ဖြစ်သည်။ (ငယ် ၅၊ ၂၂–၂၃) အကြောင်းအရာတစ်ခုခု (ဝါ) မိမိအပြုအမူတစ်ခုခုကြောင့် အထင်လွဲခံရလျှင်ပင်၊ ဘုရားသခင်၏ ရှေ့တော်မှောက်၌ မိမိရရှိသော အလင်းထဲသွားရန် ဖြစ်သည်။ ထိုနည်းတူ အခြားယုံကြည်သူများကိုလည်း၊ မိမိရသောအလင်းအားဖြင့် စီရင်ခြင်းကို အထူးသဖြင့် မသဲကွဲသော ကဏ္ဍများ၌ မပြုရချေ။ (၁၄း၁၊၃၊၄၊၁၀၊၁၃)။

**၁၄း၁၅ "အကြောင်းမူကား၊ သင်၏ စရာကြောင့် သင်၏ ညီအစ်ကို စိတ်နာပါက"** ပထမတန်းစားချွင်းချက်ပါဝါကျမျိုးဖြစ်ကာ၊ စာရေးသူ၏ အမြင်၌ မှန်သည်ဟု ယူဆသော (ဝါ) သူ၏ စာရေးဟန်ဖြစ်သည်။ ကျွန်တော်တို့၏ အသက်ရှင်ခြင်းပုံစံကို ဆုံးဖြတ်ပေးသည်မှာ အခွင့်အရေးများမဟုတ်ချစ်ခြင်းမေတ္တာဖြစ်သည်။ လွတ်လပ်ခြင်းမဟုတ်ဘဲ၊ တာဝန်ဝတ္တရားဖြစ်သည်။

၎င်းသည် (၁) ဂျူးလူမျိုးတို့၏ အစာဆိုင်ရာပညတ်ချက်များ (ဝတ်ပြု ၁၁) သို့မဟုတ် (၂) ရုပ်တုများကို ပူဇော်သော အသားများ (၁ကော ၈–၁၀) တစ်ခုခုနှင့် ဆိုင်သည်။ ဤသမ္မာတရားကို အငယ် ၂၀ သည် ရှင်းလင်းစွာ ဖော်ပြသည်။

▣ **"သင်သည် ချစ်ခြင်းမေတ္တာနှင့်အညီ ကျင့်ခြင်းမဟုတ်တော့ချေ။"** ၎င်းကို "လွတ်လပ်ခြင်း၏ တရားဥပဒေ" (ယာကုပ် ၁း၂၅။ ၃း၁၂) သို့မဟုတ် ရွှေပညတ်တော်" (ယာကုပ် ၂း၅) သို့မဟုတ် "ခရစ်တော်၏ ပညတ်တော" (ဂလ ၆း၂) ဟု ခေါ်သည်။ ၎င်းတို့သည်ပင် ပဋိညဉ်တရားသစ်၏ တာဝန်များနှင့် လမ်းညွှန်များဖြစ်သည်!

**NASB, NRJV "သူ့အတွက် ခရစ်တော် အသေခံခဲ့သူအား သင့်အစာဖြင့် မဖျက်စီးနှင့်"**
**NRSV "သင်စားသည့် အရာသည် သူ့အတွက် ခရစ်တော်အသေခံသူ၏ ဖျက်စီးရာဖျက်စီးကြောင်း မဖြစ်စေနှင့်"**
**TEV "သင်စားသည့်အစာအား သူ့အတွက် ခရစ်တော် အသေခံသော သူအား မဖျက်စီးစေနှင့်"**
**NJB "သူ့အတွက် ခရစ်တော် အသေခံသော သူတစ်ယောက်ယောက်အား ပျက်စီးစေနိုင်မည်ဆိုပါက၊ သင်သည် မိမိစားချင်ရာကို စားပိုင်ခွင့်လုံးဝမရှိ"**

၎င်းမှာ ဆက်ကပ်ခဲ့ပြီးဖြစ်သော လုပ်ဆောင်မှုတစ်ခုရပ်တံ့လိုက်သည်ဟု အဓိပ္ပါယ်ရှိသော NAGATIVE PARTICLE ပါသည့် PRESENT IMPERATIVE ဖြစ်သည်။ ၎င်းမှာ အလွန်ပြင်းထန်သော စကားစုဖြစ်သည်။ အချို့ခရစ်ယာန်များ၏ လွတ်လပ်မှုသည်အခြားခရစ်ယာန်များကို ဖျက်ဆီးခြင်းမဖြစ်ရချေ။ ဤသို့ ဆိုရာ၌ ကယ်တင်ခြင်း ဆုံးရှုံးခြင်းမဟုတ်ဘဲ ငြိမ်သက်ခြင်း၊ စိတ်ချမှုနှင့် အမှုတော်၌ ထိရောက်မှုတို့ကို ရည်ညွှန်းသည်။ F.F. Bruce ရေးသားသော Answer to Questions စာမျက်နှာ ၈၈–၈၉၌ ကြည့်ပါ။

"ဖျက်ဆီး" သည် ဟူသော ဂရိစကား *lupeō* မှာ "စိတ်နာ၊ ဝမ်းနည်း (ဝါ) ဝေဒနာဖြစ်စေသည်" ဟု အဓိပ္ပါယ်ရှိသည်။ (LXX ၌ ထို့အတူဖြစ်သည်) ပေါလုသည် ထိုစကားလုံးကို အများအားဖြင့် ၂ကောရိန္တု (၂း၂၊ ၄၊၅။ ၆း၁၀။ ၇း၈၊၉၊၁၁) ၌ သုံးသည်။ ဖျက်ဆီးသည်ဆိုသောစကားလုံးမှာလည်း ပြင်းထန်သော ဘာသာပြန်မှု တစ်ခုဖြစ်သည်။ ၎င်းသည် ကယ်တင်ခြင်း ဆုံးရှုံးသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ မိမိ၏ ကောင်းဆိုးခွဲခြားသိရှိမှု (လိပ်ပြာစိတ်) ကို

ကျူးလွန်ခြင်းအပေါ်သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောပေါက်စေမှု ဖျက်ဆီးခံရခြင်း၊ ဆုံးရှုံးလက်လွှတ်သွားခြင်းကို ဆိုလိုသည်။ ယုံကြည်သူ၏ အပြုအမူသည် ယုံကြည်ခြင်းအားဖြင့် မဟုတ်ပါက၊ ၎င်းမှာ အပြစ်ဖြစ်သည်။ (ငယ် ၂၃)

**၁၄း၁၆**
**NASB** **"သင့်အတွက် ကောင်းသောအရာတစ်ခုအား ပြစ်တင်ခံစရာမဖြစ်ပါစေနှင့်။"**
**NKJV NRSV "သင်၏ ကောင်းမှုသည် ပြစ်တင်ခံစရာမဖြစ်ပါစေနှင့်။**
**TEV** **"ကောင်းသည်ဟု သင်မှတ်ယူသောအရာသည် နာမည် ပျက်စရာမဖြစ်ပါစေနှင့်။"**
**NJB** **"မိမိရရှိသော အခွင့်ထူးကို မလျှော့ချပါနှင့်။"**

၎င်းမှာ ဆက်ကပ်ခဲ့ပြီး ဖြစ်သော လုပ်ဆောင်မှု တစ်ခုရပ်တန့်လိုက်သည်ဟု အဓိပ္ပါယ်ရှိသော NEGATIVE PARTICLE ပါသည့် PRESENT PASSIVE IMPERATIVE ဖြစ်သည်။ လွတ်လပ်မှုဟူသည် လွယ်လင့်တကူပင်လုပ်ပိုင်ခွင့်ဖြစ်သွားနိုင်သည်!

ဤကျမ်းပိုဒ်၌ "ကောင်းသောအရာ" ဆိုရာ၌ အားကောင်းသော ယုံကြည်သူ၏ အပြုအမူကို ခေါ်သည်။ အားကောင်းသူ ခရစ်ယာန်သည် မိမိ၏ လွတ်လပ်မှုအား၊ အားနည်းသူများကို အပျက်သဘောထိခိုက်စေကာ၊ ဝိညာဉ်ရေးရာ ပျက်စီးမှုဖြစ်စေသော နည်းလမ်းမျိုးဖြင့် အသုံးပြုပါက "ကောင်းသောအရာ" သည် မကောင်းမှုအတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်လာသည်!

ဤကျမ်းချက်သည် ခရစ်ယာန် အချင်းချင်း မည်ကဲ့သို့ ပြုမူဆက်ဆံရမည်အကြောင်းအာရုံပြုရာမှ မယုံကြည်သူများအတွက် စိုးရိမ်ခြင်းသို့ ပြောင်းလဲသွားသည်နှင့်တူ၏။ (အငယ် ၁၈)။ ကြိယာမှာ "ဘုရားကို လွန်ကျူးပြောဆိုခြင်း" "blasphemy" မှ ယူထားခြင်းဖြစ်ကား မယုံကြည်သူများ၌ သုံးလေ့ရှိသော စကားလုံးဖြစ်သည်။

**၁၄း၁၇ "ဘုရားသခင်၏ နိုင်ငံတော်"** ၎င်းမှာ ရောမဩဝါဒတစ်ကျမ်းလုံး၌ တစ်ခုတည်း ရှိသော စကားစုဖြစ်သည်။ ၎င်းမှာ ယေရှုမကြာခဏသုံးသောအကြောင်းအရာ ဖြစ်သည်။ ၎င်းမှာ ယခု ကာလတွင် ဤအရပ်၌ရှိသည် နည်းတူ အနာဂတ်ကာလ၌ ပြည့်စုံလာဦးမည်လည်းဖြစ်သည်။ (မဿဲ ၆း၁၀)

ခရစ်တော်၏ ကိုယ်ခန္ဓာအထဲ တစ်စုတပေါင်းတည်းသောအသက်သည် လူပုဂ္ဂိုလ်တစ်ဦးချင်း လွတ်လပ်မှုအား ကျင့်သုံးမှုထက် ပိုမိုတန်ဘိုးကြီးပါသည်။ အောက်ပါအထူးအကြောင်းအရာကို ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ဘုရားသခင်၏ နိုင်ငံတော်

ဓမ္မဟောင်းကျမ်းတွင် YHWH ကို အစ္စရေး၏ ရှင်ဘုရင်အဖြစ်နှင့် (၁ဓမ္မ ၈း၇။ ဆာလံ ၁၀း၁၆။ ၂၄း၇–၉။ ၂၉း၁၀။ ၄၄း၄။ ၈၉း၁၈။ ၉၅း၃။ ဟေရှာ ၄၃း၁၅။ ၄၄း၄၊ ၆ လည်းကောင်း စံပြရှင်ဘုရင် မေရှိယအဖြစ်လည်းကောင်း ခံယူထားသည်။ (ဆာလံ ၂း၆။ ဟေရှာ ၉း၆–၇။ ၁၁း၁–၅)။ ဗက်လင်မြို့၌ ယေရှုဖွားမြင်တော်မူခြင်းနှင့်အတူ (၆–၄ဘီ၊စီ) ဘုရားသခင်၏ နိုင်ငံတော်သည် လူ့သမိုင်းထဲ အသစ်သော ခွန်အားနှင့် ရွေးနှုတ်ခြင်းဖြင့် အရှိန်အဟုန်နှင့် ထိုးဖေါက်ဝင်ရောက်လာသည်။ (ယေရ ၃၁း၃၁–၃၄။ ယေဇ ၃၆း၂၇–၃၆) နှစ်ခြင်းဆရာယောဟန်သည် နိုင်ငံတော် တည်ထောင်ခါနီးကြောင်း ကြွေးကြော်ခဲ့သည်။ (မဿဲ ၃း၂။ မာကု ၁း၁၅)။ မိမိအထဲ၌လည်းကောင်း၊ မိမိသွန်သင်မှုများ၌လည်းကောင်း နိုင်ငံတော်ရှိနေကြောင့် ယေရှုရှင်းလင်းစွာ သွန်သင်သည်။ (မဿဲ ၄း၁၇၊ ၂၃။ ၉း၃၅။ ၁၀း၉၊၁၁း၁၁–၁၂။ ၁၂း၂၈။၁၆း၁၉။ မာကု ၁၂း၃၄။ လုကာ ၁၀း၉၊ ၁၁။၁၁း၂၀။၁၂း၃၁–၃၂။ ၁၆း၁၆။ ၁၇း၂၁)။ သို့သော် နိုင်ငံတော်သည် အနာဂတ်၌လည်း ရှိနေသေးသည်။ (မဿဲ ၁၆း၂၈။ ၂၄း၁၄။ ၂၆း၂၉။ မာကု ၉း၁။ လုကာ ၂၁း၃၁။ ၂၂း၁၆၊ ၁၈)

ဆင်တူ ခရစ်ဝင်ကျမ်း (synoptic gospel) များဖြစ်သော မာကုနှင့် လုကာ ခရစ်ဝင်ကျမ်းများ၌ "ဘုရားသခင်၏ နိုင်ငံတော်" ဟူသော စကားစုတွေ့ရသည်။ ယေရှု၏ သွန်သင်နေကျ ဤအကြောင်းအရာ၌ ယခုလက်ရှိ၌ လူသား၏ နှလုံးသားထဲ ဘုရားသခင်၏ စိုးစံမှုအကြောင်း ပါဝင်ပြီး၊ ၎င်းသည် တစ်နေ့သောအခါ ကျလျှင် တစ်ကမ္ဘာလုံး လွှမ်းခြုံသွားလိမ့်မည်ဖြစ်သည်။ ၎င်းမှာ မဿဲ ၆း၁၀ က ယေရှု ဆုတောင်းခြင်း၌ ပေါ်လွင်သည်။ မဿဲကမူ

ဂျူးများအတွက် ရေးသားခြင်းဖြစ်၍ ဘုရားသခင်၏ နာမတော်ကို မသုံးခြင်းအား ပိုမိုနှစ်သက်သည်။ (ကောင်းကင်နိုင်ငံတော်) မာကုနှင့် လုကာတို့သည် တပါး အမျိုးသားများအတွက် ရေးသားကြခြင်းဖြစ်၍ ဘုရားနာမတော်ကို သုံးကာ၊ သုံးနေကျအတိုင်း ဖော်ပြသည်။

သို့ဖြင့် ဤစကားစုမှာ ဆင်တူ ခရစ်ဝင်ကျမ်းများ၏ အဓိက သော့ချက်တစ်ခုဖြစ်သည်။ ယေရှု၏ ပထမဆုံးနှင့် နောက်ဆုံးတရားဒေသနာတော်များနှင့် သူ၏ ဥပမာ စကားအများစုတို့၌ ဤအကြောင်းအရာကိုပင် ပြောပါသည်။ ၎င်းသည် လူသား၏ စိတ်နှလုံးထဲ ဘုရားသခင်၏ ယခုစိုးစံခြင်းကို ရည်ညွှန်းသည်။ ယောဟန်သည် ဤစကားစုကို နှစ်ကြိမ်သာလျှင် သုံးခြင်းမှာ အံ့သြစရာဖြစ်သည်။ (ယေရှုပြောသော ဥပမာများ၌ မသုံးခဲ့ချေ)၊ ယောဟန်၏ ခရစ်ဝင်ကျမ်း "ထာဝရအသက်" မှာ အဓိက သော့ချက် တင်စားမှုဖြစ်သည်။

ခရစ်တော် ကြွလာခြင်း နှစ်ကြိမ်ဖြစ်နေခြင်းကြောင့် ဤစကားစုနှင့်ဆိုင်၍ တင်းမာမှုဖြစ်ပေါ်စေသည်။ ဓမ္မဟောင်းကျမ်းသည် ဘုရားသခင်၏ မေရှိယ ကြွလာခြင်း တစ်ခုကို သာလျှင် စူးစိုက်ကာ၊ စစ်ရေး၊ တရားစီရင်ရေးနှင့် ဘုန်းတန်ခိုးတော်ဖြင့် ကြွလာခြင်းဖြစ်သော်လည်း၊ ဓမ္မသစ်ကျမ်းကမူ၊ ပထမအကြိမ်၌ ဟေရှာယ၅၃ ရှိ ဒုက္ခဆင်းရဲခံသော အစေခံအဖြစ်နှင့်လည်းကောင်း၊ ဇာခရိ ၉း၉ ရှိ နှိမ့်ချသော ရှင်ဘုရင်အဖြစ်နှင့်လည်းကောင်း ကြွလာကြောင်း ဖော်ပြသည်။ ဂျူးလူမျိုးတို့၏ ကပ်ကာလနှစ်ခုဖြစ်သော ဆိုးသွမ်းခြင်း ကပ်ကာလနှင့် ဖြောင့်မတ်ခြင်းကပ်ကာလတို့မှာ ထပ်လျက်ရှိသည်။ ယေရှုသည် ယခုလက်ရှိ၌ ယုံကြည်သူများ၏ စိတ်နှလုံးထဲစိုးစံနေသော်လည်း၊ တစ်နေ့သောအခါကျလျှင် ဖန်ဆင်းသောအရာ တစ်ခုလုံးအား အုပ်စိုးပေမည်။ သူသည် ဓမ္မဟောင်းကျမ်း၏ ဗျာဒိတ်တော်အတိုင်း ကြွလာလိမ့်မည်။ ယုံကြည်သူတို့မှာ "ရှိခဲ့ပြီဖြစ်သော" နှင့် "မဖြစ်ရသေးသော" ဘုရားသခင်၏ နိုင်ငံတော်အတွင်း ရှိနေကြသည်။ (Gordon D. Fee နှင့် Douglas Stuart တို့၏ *How to Read The Bible For All Its Worth*, pp. 131-134)

▣ **"ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်း"** ဤအရည်အချင်းများကို ယုံကြည်သူတစ်ဦးချင်းနှင့် ယုံကြည်သူအသိုင်းအဝိုင်း၌ ပေးသူမှာ ဝိညာဉ်တော်ဖြစ်သည်။ ၎င်းတို့မှာ ဘုရားသခင်၏ မိသားစုအတွက် အတွင်းအပြင်ကြင်လင်လက္ခဏာများဖြစ်သည်။

"ဖြောင့်မတ်ခြင်း" ဟူသော ဝေါဟာရကို ဤနေရာ၌ အထူးအဓိပ္ပါယ်ဖြင့် ပေါလုသုံးသည်။ အထူးအကြောင်းအရာ ၁း၁၇၌ ကြည့်ပါ။ ပေါလုသည် ထိုစကားလုံးကို ယုံကြည်သူအတွက် ဘုရားသခင်သွင်းပေးသော ဖြောင့်မတ်ခြင်းကို ဖော်ပြရာ၌ သုံးလေ့ရှိသည်။ ၎င်းမှာ ယုံကြည်သူရရှိသော အပြစ်လွတ်ခြင်းနှင့် ခရစ်တော်အထဲ ရပ်တည်မှု (၃း၂၁–၃၁။ ၄) ကို ဘုရားသခင်သည် တရားဥပဒေနှင့်အညီ (တရားရုံးတော်နှင့်ဆိုင်၍) ကြော်ငြာခြင်းဖြစ်သည်။ အပြစ်ပြည့်သူ လူသားကို ဖြောင့်မတ် သူအဖြစ် မှတ်ယူလိုက်ရုံသာမက၊ သူတို့မှာ လက်တွေ့ဖြောင့်မတ်သူများဖြစ်လာကြရန်လည်း ဖြစ်သည်။ ၎င်းမှာ လက်ဆောင်တစ်ခုဖြစ်ကာ၊ ပန်းတိုင်တစ်ခုလည်းဖြစ်သည်။ အဖြစ်မှန် (INDICTIVE) နှင့် စေခိုင်းခြင်း (IMPERATIVE)၊ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မှုဖြစ်သည်။ အထူးအကြောင်းအရာ ၆း၄ ၌ ကြည့်ပါ။

**၁၄း၁၈** ပို၍ အားနည်းသူ ယုံကြည်သူများကို ထောက်၍၊ ယုံကြည်သူများသည် မိမိတို့အ လွတ်လပ်ခွင့်ကို မိမိဟာမိမိကန့်သတ်လိုက်ခြင်းမှာ ခရစ်တော်ကိုယ်တိုင်အား အစေခံခြင်းဖြစ်သည်။ သူတို့အတွက် ခရစ်တော် အသေခံသော လူတို့အား ချစ်ခြင်း၊ ဂရုစိုက်ခြင်း၊ အကာအကွယ်ပေးခြင်းထက် ယေရှုကို မိမိချစ်ကြောင်းပို၍ ခိုင်မာစွာ အတည်ပြုသောအရာ မရှိတော့ပြီ။

▣ **"လူများလည်း နှစ်သက်ကြ၏။"** ခရစ်ယာန်များ အချင်းချင်း ချစ်ကြခြင်းသည် မယုံကြည်သူများအတွင်း အမှုတော်လုပ်ငန်းနှင့် သက်သေခံရန် လမ်းဖွင့်ပေးနိုင်သော နည်းလမ်းတစ်မျိုးဖြစ်နိုင်သည်။ (အငယ် ၁၆။ ၂ကော ၈း၂၁။ ၁ပေ ၂း၁၂)။ ယုံကြည်ခြင်း အသိုင်းအဝိုင်းအတွက် မိမိတို့ အချင်းချင်းမည်သို့ပြုမူကြကြောင်းသည် အပြုသဘော၊ အပျက်သဘောနှစ်မျိုး၌ တန်ခိုးရှိသော သက်သေခံခြင်းဖြစ်ပါသည်။

**၁၄း၁၉ "မှီအောင်လိုက်ကြစို့"** ဤဓမ္မဟောင်း စကာလုံးတွဲ (အီဒီယံ) *dioko* ကို ဂရိဓမ္မဟောင်း Septuagint နည်းတူ ပေါလု ရေးသောစာများ၌ တွေ့ရလေ့ရှိကာ "စိတ်စောစွာလိုက်သည်" သို့မဟုတ် "ရရှိရန် စိတ်အားထက်သန်စွာ

အားထုတ်သည်" ဟု ဆိုလိုသည်။ ပေါလုသည် ဤစကားလုံးကို ရောမ ၉း၃၀၊ ၃၁။ ၁၂း၁၃ တို့နှင့် ဤနေရာ၌ "လိုက်သည်" ဟူသော အဓိပ္ပါယ်ဖြင့် သုံးသော်လည်း ၁၂း၁၄၌ မူယုံကြည်သူများကို ညှဉ်းဆဲသူများအား ပြောရာ၌ သုံးသည်။ (၁ကော ၄း၁၂။ မိမိကိုယ်တိုင်ကို ရည်ညွှန်း၍ ၁၅း၉။ ၂ကော ၄း၉။ ဂလ ၁း၁၃၊ ၂၃။ ဖိ ၃း၆)

၎င်းမှာ PRESENT ACTIVE INDICATIVE (MSS Aleph, A, B, F, G, L & P) သို့မဟုတ် PRESENT ACTIVE SUBJUNCTIVE (MSS C,D) ကို IMPERATIVE သဘောဖြင့် သုံးခြင်းတစ်ခုခုဖြစ်သည်။ UBS[4] သည် SUBJUNCTIVE ကို သုံးသော်လည်း "D" အဆင့် (အလွန်ခယဉ်း)သတ်မှတ်သည်။

ခရစ်ယာန်များ လိုက်ရမည့် အရာများမှာ

၁။ ညီ့ဝတ်ကျေပွန်ခြင်း၊ ၁၂း၁၃

၂။ ငြိမ်သက်ခြင်းနှင့် အချင်းချင်းဆောက်တည်စရာဖြစ်သောအရာများ၊ ၁၄း၁၉

၃။ ချစ်ခြင်းမေတ္တာ၊ ၁ကော ၁၄း၁

၄။ ခရစ်တော်နှင့်တူခြင်း၊ ဖိ ၃း၁၂၊၁၄

၅။ အချင်းချင်းနှင့် လူအားလုံးအတွက် ကောင်းသောအရာ၊ ၁သက် ၅း၁၅

၆။ ဖြောင့်မတ်ခြင်း၊ ဘုရားတရားနှင့်အညီ အသက်ရှင်ခြင်း ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာစွဲမြဲခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်း ၁တိ ၆း၁၁

၇။ စင်ကြယ်သော နှလုံးသားဖြင့် သခင်ဘုရားကို ခေါ်သောသူများနှင့်အတူ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ငြိမ်းသက်ခြင်း ၂တိ ၂း၂၂

▣ **"ငြိမ်သက်ခြင်းနှင့် အချင်းချင်း ဆောက်တည်စရာဖြစ်စေသော"** ၎င်းသည် အရာရာတိုင်း၌ ယုံကြည်သူ၏ ပန်းတိုင်ဖြစ်ရပါမည်။ (ဆာလံ ၃၄း၁၄။ ဟေဗြဲ ၁၂း၁၄)။ လူတစ်ယောက်၏ လွတ်လပ်မှုနှင့် ဓမ္မသဘောတရားဆိုင်ရာ နားလည်သိရှိမှုသည် ခရစ်တော်၏ ကိုယ်ခန္ဓာကြီးထွားခြင်းနှင့် ခိုင်ခန့်ခြင်းအတွက် ဖြစ်ရပါမည်။ (၁၅း၂။ ၁ကော ၆း၁၂။ ၁၄း၂၆။ ဧဖက် ၄း၁၂)။ အထူးအကြောင်းအရာ ။ ။ ဆောက်တည်ခြင်း ၁၅း၂ ၌ ကြည့်ပါ။

**၁၄း၂၀ "ဘုရားသခင်၏ အလုပ်ကို … မဖျက်ဆီးပါနှင့်"** ၎င်းမှာ PRESENT ACTIVE IMPERATIVE ဖြစ်ပြီး ဆက်လက်ခဲ့ပြီးဖြစ်သော လုပ်ဆောင်မှု တစ်ခုကို ရပ်တန့်စေသည်ဟု အဓိပ္ပါယ်ရှိသည်။ ၎င်းမှာ အားကောင်းသော ပေါင်းစပ်ကြိယာ (*kata အပေါင်း luo*) ဖြစ်သည်။ ပေါလု ရေးသော စာများ၌ သုံးကြိမ်သာလျှင် သုံးသည်။ (၂ကော ၅း၁၌ သေခြင်းအတွက် သုံးကာ၊ ဂလ ၂း၁၈၌ ဤကျမ်းပိုဒ်၏ အဓိပ္ပါယ်ဖြင့်ပင် သုံးပြီး "ဖျက်ဆီးသည်" ဟူ၍ ဖြစ်၏။) အငယ် ၁၉ရှိ "ဆောက်တည်" နှင့် "ဖြိုဖျက်" ဟု အဓိပ္ပါယ်ရှိသော ဤစကားလုံးတို့ကို အနည်းငယ် ကစားထားသည်။ နှစ်ခုစလုံး ဆောက်လုပ်ရေးလုပ်ငန်းဖြင့် တင်စားမှုများဖြစ်သည်။

ဤကျမ်းပိုဒ်၌ "ဘုရားသခင်၏အလုပ်" ဆိုသည်မှာ အဘယ်နည်း? ၎င်းသည် ရင့်ကျက်ခြင်းကို ရည်ညွှန်းခြင်းမဖြစ်နိုင်သော်လည်း "အားနည်းသူ" ယုံကြည်သူများ အသက်တာ၌ ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ရည်ညွှန်းသည်။ ဤကျမ်းပိုဒ်ဖြစ်စေ ၁ကောရိန္သု ၈-၁၀၌ ဖြစ်စေ ပေါလုပြောသည်မှာ အုပ်စုတစ်ခုသည် အခြားအုပ်စုတစ်ခုအား ပုံသဏ္ဌာန် ပြောင်းလဲလာရန် ကူညီရမည်အကြောင်းပင် ဖြစ်သည်!

▣ **"အရာအားလုံးအမှန်ပင် သန့်ရှင်းသည်"** အငယ် ၁၄၏ မှတ်ချက်၌ ကြည့်ပါ။

▣

**NASB "စား၍ သူတပါးအား ပြစ်မှားစေသော သူသည် အပြစ်ရှိ၏။"**

**NKJV "ပြစ်မှားခြင်းနှင့် စားသော သူသည် အပြစ်ရှိ၏။**

**NRSV "သင်စားသော အရာကြောင့် အခြားသူများလဲစေပါက တစ်ခုခုအား စားခြင်းသည်မှား၏။**

**TEV "အခြားသူတစ်ယောက်ယောက်အပြစ်ထဲကျစေရန် တစ်ခုခုအားစားခြင်းသည်မှားယွင်း၏။"**

**NJB “စားခြင်းအားဖြင့် အခြားသူတစ်ယောက်ယောက်လဲကျစေပါက အပြစ်ဖြစ်သည်။**

ဤအခန်း၁၄ယ်သည် ဤအခန်းကြီး၏ အဓိက သမ္မာတရားဖြစ်သည်။ (၁ကော ၁၀း၂၅–၂၆။ တိကု ၁း၁၅)

၎င်းသည် ရုပ်တုပူဇော်ရာအသားကို ရည်ညွှန်းသည်။ (၁ကောရိန္သု ၈–၁၀)။ ဤအသားသည် ကောင်းသည် ဆိုးသည်မဟုတ်ဘဲ၊ ထိုအသားမျိုးမစားသင့်ဟု ထင်သူ၊ အားနည်းသော ယုံကြည်သူတစ်ယောက်သည် ထိုအသားမျိုးအား ခရစ်ယာန်တစ်ယောက်စားသည်ကိုမြင်ကာ၊ စားလည်းစားလိုက်ပါက၊ ကိုယ်ကျင့်တရား၌ အကောင်း၊ အဆိုး ဟူ၍ မဟုတ်ဘဲ၊ ကြားနေဖြစ်သော ထိုအသားမှာ မကောင်းသောအသားဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ အလိုတော်ကို ပိုင်းခြားသိရှိမှုအား ဖေါက်ဖျက်စေသောအရာဖြစ်လာသော ကြောင့်တည်း။ (၁၄ယ်၂၃)

အင်္ဂလိပ်ဘာသာပြန်ကျမ်းအများစုတို့သည် ဤစကားစုကို “အားကောင်းသော ညီအစ်ကို” နှင့် ဆက်စပ်ကြသည်။ အကြောင်းမှာ သူစားလိုက်သောအရာသည် အားနည်းသော ယုံကြည်သူကို လွှမ်းမိုးသောကြောင့်ဖြစ်သည်။ ကာသိုလစ် ဘာသာပြန်ကျမ်းဖြစ်သည့် New American Bible ၌ စားသောအရာသည် သူ၏ အကောင်းအဆိုးခွဲခြားတတ်သော စိတ်ကို ပြစ်မှားစေသောအခါ စားသောသူအတွက် မှားယွင်းမှုဖြစ်သည်ဟု ဘာသာပြန်ကာ၊ “အားနည်းသော ယုံကြည်သူ” နှင့် ဆက်စပ်သည်။ အကြောင်းအရာသဘောအရ ပထမ ဘာသာပြန်မှုမှာ အကောင်းဆုံးဖြစ်နေဟန်ရှိသော်လည်း၊ ဆိုလိုရင်းမသဲမကွဲဖြစ်နေခြင်းမှာ နှစ်မျိုးစလုံးရည်ညွှန်းခြင်းအဖြစ် ရည်ရွယ်၍ တမင်သက်သက် ထိုအတိုင်ထားခြင်းဖြစ်နိုင်သည်။ ၁၄ယ် ၂၂း၂၃

**၁၄း၂၁** ၎င်းမှာ “အားကောင်းသော ညီအစ်ကိုများ” ကို ပြောခြင်းဖြစ်သည်။ ၎င်းမှာ အချို့သော အစားအသောက်များ “လုံး၀ရှောင်ခြင်း” ဓမ္မသဘောတရားအတွက် တစ်ခုတည်းသော သမ္မာကျမ်းစာထဲကအခြေခံဖြစ်သည်။ ခရစ်ယာန်များသည် မိမိတို့ ခရစ်ယာန် ညီအစ်ကို များနှင့် စိတ်ရင်းဖြင့် စူးစမ်းလေ့လာသူများ (မယုံကြည်သူများ) ကို ထောက်ထားသောအားဖြင့် မိမိတို့၏ လွတ်လပ်ခွင့်အား လိုအပ်သလို ကန့်သတ်ထားရပါမည်။ မိမိကိုယ် မိမိကန့်သတ် ခြင်းဆိုင်ရာများစွာတို့သည် ဓလေ့ထုံးစံဆိုင်ရာ၊ နေရာဒေသ (၀ါ) ဂိုဏ်းဂနဆိုင်ရာတို့၌ တွေ့ရသည်။

၎င်းမှာ NEGATIVE PARTICLE ပါသော AORIST ACTIVE INFINITIVES နှစ်ခုဖြစ်ပြီး “အပြုအမူတစ်ခုအား မည်သည့် အခါ၌မျှ မစတင်” ဟု အဓိပ္ပါယ်ရှိသည်။ ဤ AORIST သည် အချို့သောအခါ သမယမျိုး (၁ကောရိန္သု ၈း၁၀) အတွက်သာဖြစ်သည်ဟု အနက်ဖွင့်ကြသည်။ အစားအသာက်ဟူသည် တားဆီးပိတ်ပင်၍ရသောအရာ မဟုတ်ကြောင်း ထင်ရှားသည်။

၁၄း၂၂

**NASB “မှန်သည်ဟု မိမိယုံကြည်သည့်အရာကို ဘုရားသခင် ရှေ့တော်၌ မိမိနားလည်သဘောပေါက်သည့်အတိုင် ရှိစေလော့။ မိမိလက်ခံသောအရာကြောင့် မိမိကိုယ်မိမိအပြစ်မတင်သော သူသည် မင်္ဂလာရှိ၏။”**

**NKJV “မှန်သည်ဟု ယုံကြည်ပါသလား? ၎င်းကို ဘုရားသခင်ရှေ့တော်၌ သင့်အတွက် ဖြစ်စေလော့။ မိမိလက်ခံသော အရာကြောင့် မိမိကိုယ်မိမိအပြစ်မတင်သော သူသည် မင်္ဂလာရှိ၏။”**

**NRSV “မှန်သည်ဟု မိမိယုံကြည်သောအရာကို မိမိနားလည် သဘောပေါက်သည်အတိုင်း ဘုရားသခင်ရှေ့တော်၌ ရှိစေလော့။ မိမိလက်ခံထားသောအရာကြောင့် မိမိကိုယ်မိမိအပြစ်တင်စရာမရှိသူများမှာ မင်္ဂလာရှိ သူများ ဖြစ်ကြ၏။”**

**TEV “ဤကိစ္စ၌အမှန်ဟု မိမိယုံကြည်သည့်အရာကို မိမိနှင့် ဘုရားသခင်အကြား သိမ်းထားလော့။ တစုံတရာအား မှန်သည်ဟု စီရင်ဆုံးဖြတ်သည့်အခါ မှားသည်ဟု မခံစားသူများသည် မင်္ဂလာရှိသူများဖြစ်ကြ၏။**

**NJB “မှန်သည်ဟု မိမိယုံကြည်သောအရာကို မိမိနှင့် ဘုရားသခင်အကြားရှိစေလော့။ မိမိကိုယ်မိမိအပြစ် မတင်ဘဲ၊ ဆုံးဖြတ်ချက်ချနိုင်သူကို ကံကောင်းသည်ဟု မှတ်ယူလော့။”**

ယုံကြည်သူသည် မိမိအား ဝိညာဉ်တော် ဦးဆောင်သည့်အတိုင်း သမ္မာကျမ်းစာအားဖြင့် ရရှိသည့် သြတ္တပ္ပစိတ်၏ အလင်းအတိုင်းအသက်ရှင်ရမည် ဟူသောအချက်ကို ဤစကားစုသည် အတည်ပြုပေးပါသည်။ (၁၄ယ် ၅)။ သူတို့သည် မိမိရရှိသော အလင်းအတိုင်း လျှောက်ရမည်ဖြစ်သော်လည်း၊ မိမိ၏ ယုံကြည်ဖော် ယုံကြည်ဖက်များ၏ ယုံကြည်မှုကို

ဖျက်စီးရန်မဟုတ်ချေ။ အငယ် ၂၂ သည် "အားရှိသူညီအစ်ကို" အားရည်ညွှန်းပြီး၊ အခန်းငယ် ၂၃ က မူ "အားနည်းသောညီအစ်ကို" အား ပြောခြင်းဖြစ်သည်။

အငယ် ၂၂၏ အစ၌ မူကွဲ လက်ရေးကျမ်းရှိသည်။ NKJV မှာ ကဲ့သို့ မေးခွန်းသို့မဟုတ် ဖော်ပြချက် (NASB, NRSV, TEV နှင့် NJB) လည်းဖြစ်နိုင်ပါသည်။

▣ **"လက်ခံသောအရာ"** အထူးအကြောင်းအရာ ၂း၁၈၌ ကြည့်ပါ။

**၁၄း၂၃ "သံသယဝင်သော သူသည်"** ၎င်းမှာ PRESENT MIDDLE PARTICIPLE ဖြစ်သည်။ ၎င်းသည် စိတ်အနှောင့်အရှက်ဖြစ်မှုလွန်ကဲသော ခရစ်ယာန်များကို ရည်ညွှန်းသည်။ ငယ် ၃။

▣ **"ပြစ်ဒဏ်စီရင်ခြင်းခံ၏"** ၎င်းမှာ kata + krino မှ ဆင်းသက်သော PERFECT PASSIVE INDICATIVE ဖြစ်သည်။ အဓိပ္ပါယ်မှာ

၁။ "ဆန့်ကျင်ဘက်သဘောကို ပြလျက်၊ အပြစ်ရှိသူဖြစ်စေသည်" (Harold K. Moulton, *The Analytical Greek Lexicon Revised*. p. 216)။

၂။ ပြစ်ဒဏ်မစီရင်သော်လည်း စီရင်ချက်ချပြီးနောက် ဆုံးမခြင်းလိုက်လာသည်။ (ရောမ ၅း၁၆၊ ၁၈။ ၈း၁။ Moulton and Miligan, *The Vocabulary of the Greek Testment*, p. 328)

ဤနေရာ၌ ဆိုလိုသည်မှာ မိမိ၏ သြတ္တပ္ပစိတ်အား ကျူးလွန်ခြင်းနှင့် ထိုအပြစ်ကို သန့်ရှင်းသော ဝိညာဉ်တော် ဖော်ပြနားလည်စေသည့်အခါ ဖြစ်ပေါ်လာသော ဝေဒနာဖြစ်သည်။

▣ **"စားပါက"** ၎င်းမှာ တတိယတန်းစား ချွင်းချက်ဝါကျမျိုးဖြစ်သည်။

▣ **"ယုံကြည်ခြင်းအားဖြင့်မဟုတ်သောအရာ မှန်သမျှအပြစ်ဖြစ်၏။"** သမ္မာကျမ်းစာ၌ အဓိပ္ပါယ်သဲကွဲစွာ မဖော်ပြသော ကဏ္ဍများ၌ အပြစ်ဟူသည် ပညတ်တရားကျူးလွန်ခြင်းမဟုတ်ဘဲ၊ မိမိ၏ သြတ္တပ္ပစိတ် (လိပ်ပြာ စိတ်) အား ကျူးလွန်ခြင်းဖြစ်သည်။ ကျွန်တော်တို့သည် မိမိရရှိသော အလင်းတရားကို လိုက်ရမည်ဖြစ်ပြီး၊ သမ္မာကျမ်းစာနှင့် ဝိညာဉ်တော်မှ အလင်းပိုမိုရရှိရန် အမြဲတမ်းလမ်းဖွင့်ထားရသည်။

ယုံကြည်သူများသည် ဘုရားသခင်၏ အလိုတော်အား နားလည် သဘောပေါက်ခြင်းကို လိုက်၍ ပြုမူကြသည်။ သမ္မာကျမ်းစာ၌ အဓိပ္ပါယ် သဲကွဲစွာ မဖော်ပြသော အကြောင်းအရာများ အပေါ်မတူညီသော အမြင်နှစ်မျိုးစလုံးကို စွဲကိုင်ကာ၊ နှစ်ခုစလုံးအလိုတော်အတိုင်း ဖြစ်ခြင်းမျိုး သည်လည်း ရင့်ကျက်သူ ယုံကြည်သူများ၌ ဖြစ်နိုင်သည်။

▣ အချို့ဂရိလက်ရေးကျမ်းများ၌ အခန်းကြီး ၁၄အဆုံး၌ ဘုန်းတော်ဘွဲ့ပါရှိသည်။ အချို့တွင် နေရာနှစ်ခုစလုံး၌ရှိသည်။ ပေစာကျမ်း $p^{46}$ ၌ မူ ၎င်းကို အခန်းကြီး ၁၅ အဆုံး၌ ထားသည်။ ရောမသြဝါဒစာ၏ အစဉ်အလာဂရိ လက်ရေးကျမ်း၌ ဤဘုန်းတော်ဘွဲ့ကို နေရာခြောက်ခု၌ တွေ့ရသည်။ အပြည့်အစုံ ဆွေးနွေးမှုအတွက် United Bible Societies မှ ထုတ်စေသော Bruce M. Metzger ၏ *A Textual Commantary of the Greek New Testament*, pp. 533-536 ၌ ကြည့်ပါ။ ထိုသီအိုရီများ၏ အကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

၁။ ကနဦး၌ ရောမမြို့တွင် အယူဝါဒလွဲမှား သူတစ်ယောက်ဖြစ်သော Marcion သည် ရောမ သြဝါဒစာ၏ နောက်ဆုံးအခန်းကြီးနှစ်ခန်းအား ဖယ်ထုတ်လိုက်သည်ဟု Origen က ပြောပါသည်။ ၎င်းသည် အခန်းကြီး ၁၄၌ ဤဘုန်းတော်ဘွဲ့ရှိရခြင်းအကြောင်းရင်းဖြစ်ပေမည်။

၂။ အချို့ကျမ်းစာလေ့လာသူများကမူ ပေါလုသည် ရောမသြဝါဒစာပုံစံတစ်မျိုးဖြစ်သည့် အခန်းကြီး ၁–၁၄ ကို ရောမမြို့သို့ ပို့ရန် ရေးသားခဲ့ရာ၊ နောက်ပိုင်း၌ ထိုစာကိုပင် ဧဖက်မြို့သို့လည်း ပို့ရန်လိုအပ်သည်ဟု သိမြင်ခဲ့သည်။ ၎င်းမှာ အခန်းကြီး ၁–၁၆ အပြည့်အဖြစ်သည်ဟုဆိုကြသည်။ တစ်ဦးချင်းအား နှုတ်ဆက် ခြင်းစာရင်း အရှည်ကြီးသည် (အခန်းကြီး၁၆) ဧဖက်မြို့ကို ထင်ဟပ်စေပြီး၊ ရောမမြို့နှင့် မှုဆီလျော်ခြင်းမရှိချေ။

၃။ အာကုလနှင့် ပြစ်ကိုလတို့မှာ ရောမမြို့သို့ ပြန်သွားခဲ့ကြကြောင်း မှတ်တမ်းမရှိခဲ့ဘူးဘဲ၊ ဧဖက်မြို့၌သာ နေသွားခဲ့သောကြောင့် အခန်းကြီး ၁၆ ရှိ နှုတ်ဆက်ခြင်းမှာ ရောမမြို့သွားရာလမ်းပေါ်ရှိ ယုံကြည်သူများအတွက် ဖြစ်သည်။ (ဧဖက်မြို့ ယုံကြည်သူများအတွက်)
၄။ ထို ဘုန်းတော်ဘွဲ့သည် မူရင်း၌ မပါဘဲ၊ နောက်ပိုင်းတွင် ကျမ်းကူးဆရာများသည် အသင်းတော်ဝတ်ပြု စည်းဝေးများ၌ ဖတ်ရွတ်ရန် ဖြည့်စွက်ကြခြင်းဖြစ်သည်။

M.R. Vincent, *Word Studies*, Vol, 2 ၌ စိတ်ဝင်စားစရာ မှတ်ချက်တစ်ခုတွေ့ရသည်မှာ

"ဤသီအိုရီများနှင့် ခေါင်းမာစွာ ဆန့်ကျင်သည်မှာ၊ ယခုထိ စုဆောင်းသိရှိခဲ့ရသမျှ ပေါလု၏ စာများ (သုံးရာခန့်)၌ ဤအခန်းကြီးများ ယခု အစီအစဉ်အတိုင်းရှိပြီး၊ ဤဘုန်းတော်ဘွဲ့မပါရှိခြင်းဖြစ်သည်။ (စာ၊ ၇၅၀)

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်း ရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နိုးဆွပေးရန်သာ ဖြစ်သည်။

၁။ "အားနည်းသော ယုံကြည်သူ" များမှာမည်သူတွေနည်း? ရေးသားဖော်ပြပါ။ သူတို့မှာ မရင့်ကျက်သူများဖြစ်သည်ဟု ပေါလုဆိုလိုပါသလား?
၂။ ခရစ်ယာန် လွတ်လပ်မှုနှင့် ခရစ်ယာန်တာဝန် ဝတ္တရားမည်သို့ ဆက်စပ်သနည်း?
၃။ အရာအားလုံးသဘာဝအားဖြင့် သန့်ရှင်းပါသလော? သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာ၌ ကြားနေဖြစ်ပါသလော? (ငယ် ၁၄၊၂၀)
၄။ ပေါလုသည် ရောမသြဝါဒစာကို ကောရိန္သုမြို့မှ ရေးသားခဲ့ခြင်းကို သတိရရင်း၊ အစားအသောက်ပြဿနာသည် ကောရိန္သုမြို့၌ အဘယ်ကြောင့် အလွန်အရေးကြီးနည်း? (၁ကော အခန်းကြီး ၈၊၁၀)
၅။ ဤအခန်းကြီး၌ အသိပညာ၊ လွတ်လပ်မှုနှင့် ချစ်ခြင်းမေတ္တာများ၏ ဆက်စပ်မှုကို ရှင်းပြပါ။
၆။ အသင်းတော်အတွင်း မိတ်သဟာယကို မည်သည့် အရာပေါ် အခြေပြုရမည်နည်း?
၇။ မိမိတို့ တစ်ဦးချင်း၏ ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များမည်သည့် အရာပေါ်အခြေခံကြသနည်း?
၈။ ကျွန်ုပ်တို့၏ အပြုအမူများသည် အခြားသူများကို မည်ကဲ့သို့ ထိခိုက်သနည်း? ဤအချက်သည် ကျွန်တော်တို့ကို မည်သည့်အရာအား တောင်းဆိုနေသနည်း?
၉။ သင့်တော်သော ခရစ်ယာန်ကိုယ်ကျင့်တရားကို မည်ကဲ့သို့ သတ်မှတ်ဆုံးဖြတ်ကြသနည်း?
၁၀။ ရင့်ကျက်သော ခရစ်ယာန်များ သဘောထားမတူညီမှုကို ဘုရားသခင်လက်သင့်ခံနိုင်ပါဦးမည်လော့?

# ရောမ ၁၅

## ခေတ်သစ်ဘာသာပြန်ကျမ်းများ၏ စာပိုဒ်ခွဲများ

| UBS | NKJV | NRSV | TEV | NJB |
|---|---|---|---|---|
| အခြားလူသားချင်းများကျေနပ်ပါစေ။ မိမိကိုယ်မိမိမကျေနပ်စေနှင့် | ဝန်အချင်းချင်းထမ်းပေးကြ | အားကောင်းသူသည်အားနည်းသူကိုသည်းခံ | အခြားသူများကျေနပ်ပါစေ။ မိမိကိုယ်မိမိမကျေနပ်စေနှင့် | (၁၄း၂၂–၁၅း၆) |
| ၁၅း၁–၆ | ၁၅း၁–၆ | ၁၅း၁–၆ | ၁၅း၁–၆ | |
| တပါးအမျိုးနှင့်ဂျူးများအတွက်ဧဝံဂေလိ | ဘုရားကိုအတူချီးမွမ်း | | တပါးအမျိုးများအတွက်ဧဝံဂေလိ | |
| ၁၅း၇–၁၃ | ၁၅း၇–၁၃ | ၁၅း၇–၁၃ | ၁၅း၇–၁၂<br>၁၅း၁၃ | ၁၅း၇–၁၂<br>၁၅း၁၃ |
| ပေါလု၏ သာသနာလုပ်ငန်းဆက်ကပ်မှု | ယေရုရှလင်မြို့ ဣလ္လာကောနိမြို့သို့ | ကိုယ်ပိုင်မှတ်စု | ရဲရင့်စွာစာရေးရာ၌ ပေါလုရည်ရွယ်ချက် | ပေါလု၏အမှုတော် |
| ၁၅း၁၄–၂၁ | ၁၅း၁၄–၂၁ | ၁၅း၁၄–၂၁ | ၁၅း၁၄–၂၁ | ၁၅း၁၄–၁၆<br>၁၅း၁၇–၂၁ |
| ရောမမြို့သွားရန် ပေါလုအစီအစဉ် | ရောမမြို့သွားရန် စီစဉ် | | ရောမမြို့သွားရန် ပေါလုအစီအစဉ် | ပေါလု၏အစီအစဉ်များ |
| ၂၂–၂၉ | ၂၂–၃၃ | ၂၂–၂၉<br>၁၅း၃၀–၃၃ | ၁၅း၂၂–၂၉<br>၁၅း၃၀–၃၃ | ၂၂–၂၆<br>၂၂–၂၉<br>၁၅း၃၀–၃၃ |

## ပတ်လည်ဖတ်ရှုခြင်း အကြောင်းအရာ (စာ xi ကြည့်ပါ)
### *မူရင်းစာရေးသူ၏ စာပိုဒ်လိုက်ရည်ရွယ်ချက်အားနားလည်ခြင်း*

ဤစာအုပ်မှာ အနက်ဖွင့်လမ်းညွှန်အား လေ့လာမှုဖြစ်သည်။ ဆိုလိုသည်မှာ သမာကျမ်းစာကို မိမိဟာ မိမိအနက်ဖွင့်ရန် မိမိတွင် တာဝန်ရှိသည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရသည့် အလင်းလဲ လျှောက်လှမ်းသွားကြရန်ဖြစ်သည်။ သမာကျမ်းစာအား အနက်ပြန်ရာ သင်ကိုယ်၊ သမာကျမ်းစာနှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမာကျမ်းစာ အနက်ဖွင့်ခြင်းကို အနက်ဖွင့်ကျမ်းရေးသူများပေါ် သာ ပုံချရန်မဟုတ်ချေ။

အခန်းကြီးတစ်ခန်းအား တစ်တိုင်တည်းဖြင့်ဖတ်ပါ။ အဓိကဦးတည်ချက်များကို သတ်မှတ်ဖော်ပြပါ။ အကြောင်းအရာအလိုက် သင်၏ စာပိုဒ်ခွဲမှုကို အထက်ပါဘာသာပြန်ကျမ်း ငါးမျိုးနှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်ခွဲများသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း၊ အနက်ပြန်ခြင်း၏ အသဲနှလုံးဖြစ်သော မူရင်းစာရေးသူ၏ ကြံရွယ်ချက်နားလည်နိုင်ရန်သော့ချက်ဖြစ်သည်။ စာပိုဒ်တိုင်းအကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ … စသဖြင့်

## အငယ် ၁–၁၃အား ကျမ်းစကား အဆက်အစပ်ဖြင့် နားလည်ခြင်း။

က။ ခရစ်ယာန်လွတ်လပ်မှုနှင့် တာဝန်ဝတ္တရားများအကြောင်း အခန်းကြီး ၁၄မှ ၁၅း၁–၁၃ အထိ ဆွေးနွေးသည်။

ခ။ ၁၄း၁–၁၅း၁၃ အထိ ဆွေးနွေးမှုများအား ဤသို့အကျဉ်းချုံးနိုင်သည်။

- ၁။ ဘုရားသခင်သည် ကျွန်တော်တို့ကို ခရစ်တော်အထဲ လက်ခံသဖြင့် အချင်းချင်း လက်ခံကြ (၁၄း၁၃၊ ၁၅း၇)
- ၂။ ခရစ်တော်သည် ကျွန်တော်တို့၏ သခင်နှင့် တစ်ပါးတည်းသောတရား စီရင်သူဖြစ်သဖြင့် အချင်းချင်းတရားစီရင်ခြင်းမပြုကြနှင့်။ (၁၄း၃–၁၂)
- ၃။ ချစ်ခြင်းမေတ္တာသည် တစ်ဦးချင်း လွတ်လပ်မှုထက် ပိုမိုအရေးကြီးသည်။ (၁၄း၁၃–၂၃)
- ၄။ ခရစ်တော်၏ ပုံသက်သေကောင်းကို လိုက်ကာ၊ အခြားသူများ ဆောက်တည်စရာဖြစ်ရန်နှင့် ကောင်းကျိုးအတွက် မိမိ၏ အခွင့်အရေးကို အရှုံးခံပါ။ (၁၅း၁–၁၃)

ဂ။ ၁၄း၁–၁၅း၁၃ တစ်ခုလုံး၏ ရည်ရွယ်ချက်သုံးမျိုးအား ၁၅း၅–၆၌ ပေါ်လွင်နေသည်။

- ၁။ အချင်းချင်းသင့်မြတ်စွာနေထိုင်ပါ။
- ၂။ ခရစ်တော်၏ ပုံကောင်းသက်သေနှင့် အညီအသက်ရှင်ပါ။
- ၃။ ပေါင်းစည်းသော နှလုံးသား၊ ပေါင်းစည်းသော နှုတ်စကားဖြင့် ဘုရားသခင်ကို ချီးမွမ်းပါ။

ဃ။ တစ်ဦးချင်း လွတ်လပ်မှုနှင့် အစုအပေါင်းဖြင့် တာဝန်ရှိမှုအကြားအလားတူ တင်းမာမှုအကြောင်း ၁ကော ၈–၁၀၌ ဆွေးနွေးသည်။

## စကားလုံးနှင့် စကားစုလေ့လာခြင်း

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၅း၁–၆**

**[1]အားရှိသူ ငါတို့သည် မိမိကိုယ်မိမိကျေနပ်စေရုံမျှ မဟုတ်ဘဲ၊ အားမရှိသော အားနည်း သူတို့ကို သည်းခံသင့်သည်။ [2]ငါတို့ တစ်ယောက်ချင်းသည် မိမိအိမ်နီးချင်း၏ ကောင်းကျိုးအတွက် သူကျေနပ်နှစ်သိမ့်၍ ဆောက်တည်စရာဖြစ်စေရန်ဖြစ်သည်။ [3]အကြောင်းမှာ ခရစ်တော်ပင်လျှင် "ကိုယ်တော်ကို ပြစ်တင်သော သူများ၏ ပြစ်တင်ခြင်းများ ကျွန်ုပ်အပေါ်ကျရောက်ပါ၏" ဟူ၍ ကျမ်းစာလာသည်နှင့် အညီ မိမိကိုယ် မိမိကျေနပ်စေခြင်း မပြုခဲ့ချေ။ [4]ကျမ်းစာအားဖြင့် ရသော ခွဲမြဲခြင်းနှင့် ခွန်အားဖြင့် ငါတို့၌ မြော်လင့်ခြင်းရှိစေရန်၊ ရှေးကာလ၌ ရေးခဲ့သမျှသည် ငါတို့ကို သွန်သင်ရန် ရေးသားခြင်းဖြစ်၏။ [5]စွဲမြဲခြင်းနှင့် ခွန်အားကို ပေးတော်မူသူ ဘုရားသခင်သည် ခရစ်တော် ယေရှု၏ အလိုနှင့်အညီ၊ စိတ်တူ၊ သဘောတူဖြင့် သင်တို့ကို ငါတို့ သခင်ယေရှု ခရစ်တော်၏ ဘုရားသခင်နှင့် ခမည်းတော်အား တစ်သံတည်းဖြင့် ညီညွတ်စွာ ချီးမွမ်းနိုင်ပါမည် အကြောင်းပေးသသနားတော်မူပါစေသော။**

၁၅း၁

**NASB** **"အားရှိသူ ငါတို့သည် ... အားမရှိသော အားနည်းသူတို့ကို သည်းခံသင့်သည်"**

**NKJV** **"အားရှိသူ ငါတို့သည် အားနည်း၍ စိတ်အနှောင့်အယှက်ဖြစ် လွယ်သူတို့ကို သည်းခံသင့်သည်။**

**NRSV** **"အားရှိသူ ငါတို့သည် အားနည်းသူများ၏ အပြစ်အနာများကို သည်းခံသင့်သည်။"**

**TEV** **"ယုံကြည်ခြင်း၌ အားရှိသူ ငါတို့သည် အားနည်း သူတို့၏ ဝန်ကို ယူ၍ အားနည်းသူတို့၏ သံသယဝင်သော ခံစားချက်တို့ကို သည်းခံရန် တာဝန်ရှိသည်။"**

ၛင်းတို့မှာ IMPERATIVE သဘောဖြင့် သုံးသော PRESENT INFINITIVES နှစ်ခုဖြစ်သည်။ အားရှိသူ၊ အားနည်းသူများကို ဖော်ပြခြင်းသည် ၁၄း၁ မှ စတင် ဆွေးနွေးချက်ကိုပင်၊ အခန်းကြီး ၁၅၌ ဆက်လက်သွားခြင်းဖြစ်သည်။ ၎င်းမှာ ရောမ အသင်းတော်နှင့် အသင်းတော်များအားလုံး၌ ခရစ်ယာန်များ၏ အသက်တာ လမ်းကြောင်း ပေါ်တင်းမာမှုအား ပေါ်လွင်စေခြင်းနှင့် တူသည်။ ၎င်းတို့မှာ

၁။ သမ္မာကျမ်းစာထဲ သဲကွဲစွာ မဖော်ပြသော ကဏ္ဍများ

၂။ ဓမ္မဟောင်းကျမ်း၏ တောင်းဆိုမှုများ

၃။ ကိုယ်ကျင့်တရားဆိုင်ရာ မဟုတ်သော၊ ထုံးတမ်းစဉ်လာဆိုင်ရာ ကိစ္စများအား တုံ့ပြန်မှုများ

ဤကဏ္ဍ၌ ကျွန်တော့်ကို များစွာ ပံ့ပိုးသော စာအုပ်ကောင်းအစ်အုပ်မှာ Gordon Fee ၏ *Gospel and Spirit* စာအုပ်ဖြစ်သည်။

ယနေ့ခေတ်သစ်စာ ရှုသူများ အနေဖြင့် "အားရှိသူ" နှင့် "အားနည်းသူ" များမည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ချက်ပေးရန်မှာ မှန်းဆချက် သာလျှင် ဖြစ်နိုင်သည်။ ပေါလု၏ ရည်ရွယ်ချက်မှာ ထိုသို့ ပြုရန် မဟုတ်ချေ။ အားရှိသူ အုပ်စုမှာ စည်းကမ်း ဥပဒေ သို့မဟုတ် ဘာသာရေး ဆင်ယင်ကျင်းပမှုကို အဓိက ထားသော ဘာသာရေး လိုက်စားမှုနှင့် ကင်းလွတ်သူကို ရည်ညွှန်းသည်။ သူတို့နှင့် ဘုရားသခင်ဆက်ဆံရာ၌ ဘာသာရေးဆိုင်ရာ တာဝန်အချို့ ဆောင်ရွက်ခြင်း (ဝါ) ဘာသာရေးတားမြစ်ချက် အချို့အား ရှောင်ခြင်းများ အပေါ်မသေချာ မရေရာဘဲ၊ မှီခိုအား ထားခြင်းမပြုကြချေ။ အခြားအုပ်စုမှာလည်း တင်းပြည့်ကျပ်ပြည့် ခရစ်ယာန်များ၊ အပြည့်အဝလက်သက်သင့်ခံခြင်းရရှိ သူများနှင့် အပြည့်အဝဆက်ကပ်သော ယုံကြည်သူများ အုပ်စုပင် ဖြစ်သည်။ သို့သော် သူတို့သည် မိမိတို့၏ ယုံကြည်ခြင်းအား မိမိတို့ အတိတ်က ဘာသာရေးဆိုင်ရာ အတွေ့အကြုံများမှတဆင့် ရှုမြင်ကြသည်။ ဂျူးလူမျိုး ယုံကြည်သူများသည် ဂျူးဘာသာ၏ ပဋိညာဉ် တရားဟောင်းကို စွဲကိုင်လိုကြသည်။ တပါးအမျိုးသား ယုံကြည်သူများသည် မိမိတို့၏ ယခင် ဘာသာရေး အယူဝါဒနှင့် ကျင့်စဉ်အချို့တို့ကို ဆက်လက်ကျင့်လိုကြသည်။ သို့သော် ပေါလုသည် ယုံကြည်သူတို့၌ ရှိသော ဤစိတ်နေသဘောထားကို "အပြစ်" ဟု ခေါ်ဝေါ်သ မှတ်ခြင်းမပြုကြောင်း သတိရပါ။ မိမိတို့၏ သြတ္တပ္ပစိတ်ကို လွန်ကျူးကြခြင်းကသာလျှင် အပြစ်ဖြစ်သည်။ (ငယ် ၂၃)။

"အားမရှိ" ဟူသော ဝေါဟာရ *adunatos* သည် (တမန် ၁၄း၈) *ashtheneō* (၁၄း၁၊၂၁။ ၁ကော ၈း၇၊၁၀၊၁၁၊၁၂။ ၉း၂၂) နှင့် ဆက်စပ်ကာ၊ ၎င်း၏ အဓိပ္ပါယ်မှာလည်း "အားမရှိ" ဟူ၍ဖြစ်သည်။

ဤကျမ်းပိုဒ်၏ ဆိုလိုချက်မှာ ခရစ်ယာန်များသည် အခြားခရစ်ယာန်များကို စိတ်မသိုးမသန့်နှင့် သည်းညည်းခံနေရန်မဟုတ်။ ချစ်ခြင်းမေတ္တာထားကာ "ဂရုတစိုက်ပြု၍" တစ်ယောက်နှင့်တစ်ယောက်အတူ လုပ်ဆောင်နေကြရန် ဖြစ်သည်။ "သည်းခံ" bear ဟူသော စကားလုံးမှာ ယေရှု "လက်ဝါးကပ်တိုင်ထမ်းခြင်း" ယောဟန် ၁၉း၁၇နှင့် လုကာ ၁၄း၂၇ တို့၌ သုံးသော စကားလုံးလည်းဖြစ်သည်။ ပေါလုသည် ဘုရားတရား ကြည်ညိုသူ အချင်းချင်းကြားဖြစ်ပေါ်နိုင်သော တင်းမာမှု အကြောင်းကောင်းစွာ သိသည်။ ပေါလုသည် ဂျူးဘာသာ လစ်ဘရယ် ကျောင်းတော် *Hillel* ၏ အထင်ကရ ဆရာကြီးတစ်ဆူဖြစ်သူ ဂါမလျေလ *Gamaliel* လက်အောက်၌ လေ့ကျင့် သွန်သင်မှုခံလာခဲ့သူဖြစ်သည်။

▣ **"မိမိကိုယ်မိမိ ကျေနပ်စေရုံမျှမဟုတ်ဘဲ"** ၎င်းမှာ NEGATIVE PARTICLE ပါသော PRESENT ACTIVE IMPERATIVE ဖြစ်ပြီး ဆက်လက်ခဲ့ပြီဖြစ်သော လုပ်ဆောင်မှုတစ်ခု ရပ်တံ့သည်ဟု အဓိပ္ပါယ်ရှိသည်။ အတ္တကိုဗဟိုပြုခြင်းမှာ မရင့်ကျက်မှု၏ သေချာသော နိမိတ်လက္ခဏာ တစ်ခုဖြစ်ကာ၊ ခရစ်တော်၏ ပုံသက်သေကို လိုက်ခြင်းသည် ရင့်ကျက်မှု၏

သေချာသော နိမိတ်လက္ခဏာဖြစ်သည်။ (၄ယ် ၃။ ဖိ ၂း၁–၁၁)။ ဤစကားစုသည်လည်း အားရှိသူများကို ပြောခြင်းဖြစ်သည်။ (၁၄း၁၊၁၄၊၁၆၊၂၁၊၂၇)။ မိတ်သဟာယတည်တံ့စေရန် သူတို့၌သာ တာဝန်ရှိသည်ဟု ဆိုလိုခြင်း မဟုတ်ချေ။ အားနည်းသူတို့အားလည်း ၁၄း၃၊၂၀၊၂၃။ ၁၅း၅–၆၊၇ တို့၌ ပြောပါသည်။

**၁၅း၂ "ငါတို့တစ်ယောက်စီသည် မိမိအိမ်နီးချင်း... ကျေနပ်နှစ်သိမ့်၍"** အိမ်နီးချင်း စကားလုံးမှာ ခရစ်ယာန် ချင်းချင်းဟူသော အဓိပ္ပါယ်ဖြင့် သုံးခြင်းဖြစ်သည်။ ဤသို့ ပြောရာ၌ မိမိတစ်ဦးချင်းတို့၏ နားလည် သဘောပေါက် မှုများကို အလျှော့အတင်းပြုခြင်း သဘောမဟုတ်ဘဲ၊ သဲကွဲစွာ မဖော် ပြသော အကြောင်းအရာ များ၌ မိမိ၏ သဘောထားသို့ မဟုတ် ပိုမိုနှစ်သက်သော အရာအား အတင်းအကျပ်ပြုခြင်း မပြုရန်ဖြစ်သည်။ အထွဋ်အထိပ်မှာ တစ်ဦးချင်း လွတ်လပ်မှု မဟုတ်ဘဲ၊ ခရစ်တော်၏ ကိုယ်ခန္ဓာစည်းလုံးညီညွတ်ရေး နှင့် ကြီးထွားရေး ဖြစ်သည်။ (၁ကော ၉း၁၉–၂၃။ ၁၀း၂၄–၃၃။ ဧဖက် ၄း၁–၁၆)။

**NASB "ဆောက်တည်စရာအတွက်"**
**NRJV "ဆောက်တည်စရာဖြစ်စေရန်"**
**NRSV "အိမ်နီးချင်းအား ဆောက်တည်မှုဖြစ်စေရန် ကောင်းသော ရည်ရွယ်ချက်ဖြင့်"**
**TEV ''သူတို့အား ယုံကြည်ခြင်း၌ ဆောက်တည်ရာရစေခြင်းငါ"**
**NJB "ပို၍ အားကောင်းသော ခရစ်ယာန်များဖြစ်လာကြစေရန် သူတို့ကို ကူညီ..."**

ၚင်းမှာ အခန်းကြီး ၁၄၏ အဓိက ဦးတည်ချက်ဖြစ်သည်။ (၁၄း၁၆၊၁၉)။ ၄င်းမှာ ၁ကော ၁၀း၂၃။ ၁၂း၇။၁၄း၂၆။ ဧဖက် ၄း၂၉ တို့၌ တွေ့ရသည့်အတိုင်း ဝိညာဉ် ဆုကျေးဇူးများ စစ်ဆေးရန် အချက်များ အနက် တစ်ခုလည်း ဖြစ်သည်။

ဤကျမ်းပိုဒ်၌ မိမိ၏ ခရစ်ယာန်အဖေါ်များ ယုံကြည်ခြင်း၌ ကြီးထွားရန် ကူညီသော ရည်ရွယ်ချက်ဖြင့် အားရှိသူ ခရစ်ယာန်သည် မိမိ၏ လွတ်လပ်မှုကို ကန့်သတ်ခြင်းအား ရည်ညွှန်းသည်။ Joseph A. Fitzmyer နှင့် Raymond E. Brown တို့တည်းဖြတ်ခဲ့ကြသည့် *The Jerome Biblical Commentary*, vol. 2 ၌ ဤအခန်းငယ် အကြောင်းစိတ်ဝင်စားစရာ မှတ်ချက်တစ်ခုရှိသည်။

"ဤစကားစုအား" သူ့ကို ဆောက်တည်ရာရစေရန် (အိမ်နီးချင်း) ဟု ဆိုက၊ ခရစ်ယာန် အိမ်နီးချင်း၏ တစ်ဦးချင်း ကြီးထွားရေးအား ရည်ညွှန်းခြင်းအဖြစ် အဓိပ္ပါယ်ကောက်ယူလေ့ရှိသည်။ သို့သော် ပေါလုသည် အဆောက် အဦးဖြင့် တင်စားမှုကို မိမိရေးသော စာများ၌ အစုအဖွဲ့အဓိပ္ပါယ်ဖြင့် သုံးလေ့ရှိကြောင်း ဆင်ခြင်ကြည့်သည့်အခါ၊ ဤစကားစုသည့် ဤနေရာ၌လည်း လူမှုရေးဆိုင်ရာ၊ အစုအပေါင်း သဘောကို ဆိုလိုကြောင်း ထင်ရှားသည်။ (၁ကော ၁၄း၁၂။ ဧဖက် ၄း၁၂။ ရောမ ၁၄း၁၉) (စာ၊ ၃၂၈)။

## အထူးအကြောင်းအရာ။ ။ တည်ဆောက်

ဤစကားလုံး *oikodome* နှင့် ၄င်း၏ အခြားပုံစံများကို ပေါလုမကြာခဏသုံးလေ့ရှိသည်။ အဓိပ္ပါယ်မှာ "အိမ်တလုံးဆောက်လုပ်သည်" ဟူ၍ ဖြစ်၏။ (မဿဲ၇း၂၄) သို့သော် ၄င်း ဝေါဟာရကို အောက်ပါတို့အား တင်စားဖော်ပြခြင်း အဖြစ်သုံးလာသည်။

၁။ ခရစ်တော်၏ ကိုယ်ခန္ဓာဖြစ်သော အသင်းတော်။ ၁ကော ၃း၉။ ဧဖက် ၂း၂၁။ ၄း၁၆

၂။ အောက်ပါတို့ကို တည်ဆောက်ရန်

(က) အားနည်းသော ညီအစ်ကိုများ။ ရောမ ၁၅း၁

(ခ) အိမ်နီးချင်းများ။ ရောမ ၁၅း၂

(ဂ) အချင်းချင်း။ ဧဖက် ၄း၂၉။ ၁သက် ၅း၁၁

(ဃ) အမှုတော်အတွက် သန့်ရှင်းသူများ။ ဧဖက် ၄း၁၁

၃။ ကျွန်တော်တို့သည် အောက်ပါတို့အားဖြင့် တည်ဆောက်မှုပြုကြသည်။

(က) ချစ်ခြင်းမေတ္တာ။ ၁ကော ၈း၁။ ဧဖက် ၄း၁၆

(ခ) မိမိတစ်ဦးချင်း၏ လွတ်လပ်မှုကို ကန့်သတ်၍။ ၁ကော ၁၀း၂၃–၂၄

(ဂ) ထင်မြင်မှု အားဖြင့် ပြုခြင်းကို ရှာင်လျက်။ ၁တိ ၁း၄
(ဃ) ဝတ်ပြုစည်းဝေးများ၌ ပြောမှု၊ဆိုမှုများ ကန့်သတ်ခြင်း (သီးချင်းဆိုသူများ၊ ဆရာသမားများ၊ ပရောဖက်များ၊ အခြားသော ဘာသာစကားပြောသူများနှင့် ၎င်းအား ဘာသာပြန်သူများ) ၁ကော ၁၄း၃–၄၀၂
၄။ အားလုံးက အတည်ပြုရမည်မှာ
(က) ပေါလု၏ အခွင့်အာဏာ။ ၂ကော ၁၀း၈။ ၁၂း၁၉။ ၁၃း၁၀
(ခ) ရောမ ၁၄း၁၉ နှင့် ၁ကော ၁၄း၂၆ တို့၌ အကျဉ်းချုပ်ဖော်ပြချက်များ။

**၁၅း၃ "အကြောင်းမှား ခရစ်တော်ပင်လျှင်"** ခရစ်တော်သည် ကျွန်တော်တို့ လိုက်နာရန် ပုံစံနှင့် ဥပမာဖြစ်သည်။ ဤအကြောင်းအငယ် ၅။ ဖိ ၂း၁–၁၁။ ၁ပေ ၂း၂၁။ ၁ယော ၃း၁၆ တို့၌လည်း အထူးဖော်ပြသည်။

▣ **"ကျမ်းစာလာသည်"** ၎င်းမှာ ဓမ္မဟောင်းကျမ်းကို ပြောသော စကားလုံးတွဲအီဒီယံ(idiom) အသုံးအနှုန်းတစ်ခုဖြစ်သည်။ PRESENT PASSIVE INDICATIVE ဖြစ်သည်။ ၎င်းမှာ ဆာလံ ၆၉း၉အားကိုးကားမှုတစ်ခုဖြစ်သည်။ ကျွန်တော်တို့အတွက် ဥပမာအဖြစ် ခရစ်တော်ကို ညွှန်းဆိုရာ၌ (သူ့ကိုယ်သူ မကျေနပ်စေမှုမပြုခြင်း။ ဖိ ၂း၅–၈) ပေါလုသည် ဓမ္မဟောင်းကျမ်းချက်တစ်ခု ကိုးကားလိုက်ခြင်းဖြင့်၊ ကနဦးအသင်းတော်၏ အခွင့်အာဏာဆိုင်ရာ အရေးကြီးဆုံးကျမ်း အထောက်အထား နှစ်ခုအသုံးပြုခြင်းဖြစ်သည်။ (New man and Nida, *A Translator's Handbook on Paul's Letter to the Romans,* p. 271) တလောကလုံး၏ အပြစ်ကို ထမ်းရာ၌ ခရစ်တော်၏ အတ္တကင်းမဲ့မှုမှာ ကျွန်တော်တို့အတွက် ဥပမာဖြစ်သည်။ (၁ယော ၃း၁၆)။
ပေါလုသည် အောက်ပါအတိုင်း ဆက်စပ်သည်နှင့် တူပါသည်။
၁။ ယေရှုသည် မေရှိယ အနေဖြင့် ကဲ့ရဲ့ပြစ်တင်မှု သည်းခံခြင်း
၂။ ပေါလုသည် ဧဝံဂေလိတရားကြောင့် ကဲ့ရဲ့ပြစ်တင်မှု သည်းခံခြင်း
ကျဆင်းသော ဤကမ္ဘာ၌ ဘုရားသခင်အား အစေခံရာ၌ ပေးဆပ်ရန် တန်ဘိုးရှိပါသည်။
၁။ ငြင်းပယ်ခံ၍ ကားစင်တင်သတ်ခြင်း ခံသူယေရှုခြင်းအကြောင်း ပြောသည်။
၂။ ပေါလုသည် မိမိငြင်းပယ်ခြင်းနှင့် ညှဉ်းဆဲခံရခြင်းအကြောင်း ၂ကော ၄း၇–၁၂။ ၆း၃–၁၀။ ၁၁း၂၃–၃၃ တို့၌ ပေါလုသည်လည်း နောက်ဆုံးတွင် ခေါင်းဖြတ်သတ်ခံရသည်။

**၁၅း၄ "ရှေးကာလ၌ ရေးခဲ့သမျှသည် ငါတို့ကို သွန်သင်ရန် ရေးသားခြင်းဖြစ်သည်"** ဓမ္မဟောင်းကျမ်းမှာ ဓမ္မသစ်ယုံကြည်သူများအတွက် ရေးသားခြင်းလည်းဖြစ်ပါသည်။ (ရောမ ၄း၂၃၊၂၄။ ၁၅း၄။ ၁ကော ၉း၁၀။ ၁၀း၆၊၁၁)။ ၎င်းမှာ ပဋိညဉ်တရား သစ်ယုံကြည်သူများနှင့်လည်း သက်ဆိုင်သည်။ (၂တိ ၂း၁၅။ ၃း၁၆–၁၇)။ ဆက်လက်နေသော်လည်း ဓမ္မဟောင်းနှင့် ဓမ္မသစ်အကြား ဆက်လက်ခြင်းမရှိသော ကဏ္ဍများလည်း ရှိသည်။

▣ **"ကျမ်းစာအားဖြင့်ရသော စွဲမြဲခြင်းနှင့် ခွန်အားဖြင့်"** ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ယုံကြည်သူများ၏ အသက်ရှင်ခြင်းပုံစံများသည် ၎င်းကို မည်သို့ တုံ့ပြန်ကြောင်းမှတ်သားပါ။ ယုံကြည်ခြင်းနှင့် လုပ်ဆောင်မှုတို့အတူ ပေါင်းစပ်သည်။ (ငယ် ၅)။ ၎င်းတို့သည် ဘဝအသက်တာ၌ သေခြင်းနှင့် ခရစ်တော်ပြန်လည်ကြွလာခြင်းအကြောင်း မြော်လင့်ခြင်းကတိတို့၌ ယုံကြည်စိတ်ချမှုဖြစ်စေသည်။

▣ **"ငါတို့၌ မြော်လင့်ခြင်းရှိစေရန်"** ၎င်းမှာ PRESENT ACTIVE SUBJUNCTIVE တစ်ခုဖြစ်ကာ၊ ငါတို့၏ မြော်လင့်ခြင်းသည် အငယ် ၄၌ စောစောက ဖော်ပြခဲ့သော လုပ်ဆောင်မှုများ ပေါ်မူတည်သည် ဟုဆိုလိုသည်။ ဓမ္မသစ်ကျမ်း၌ "မြော်လင့်ခြင်း" ဟူသည် ကျွန်တော်တို့၏ ကယ်တင်ခြင်းအား အဆုံးသတ်စေမည့် ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်းကို ရည်ညွှန်းလေ့ရှိသည်။ (ရောမ ၈း၃၀။ ၁ယော ၃း၂)။ ဤဝေါဟာရသည် ဂရိစကား၌ အင်္ဂလိပ်ဝေါဟာရမှာ ကဲ့သို့မသေချာမရေရာသော အဓိပ္ပါယ်မဆောင်ချေ။ ဒုတိယအကြိမ် ပြန်လည် ကြွလာခြင်းမှာ အချိန်ကာလသေချာ မသိရသော သေချာသည့်အဖြစ်အပျက်တစ်ခုဖြစ်သည်။

ပေါလုသည် ဤဝေါဟာရကို အဓိပ္ပါယ်ချင်း ဆက်စပ်သော၊ ကွဲပြားခြားနားသည့် ဝေါဟာရများဖြင့် သုံးလေ့ရှိသည်။ ဘုန်အကြီးခြင်း၊ချီးမြောက်ခြင်း၊ ထာဝရအသက်၊ အဆုံးစွန်သော ကယ်တင်ခြင်း၊ ဒုတိယအကြိမ်ပြန်လည်ကြွလာခြင်း....စသဖြင့်ဖြစ်သည်။ ပြီးပြည့်စုံခြင်းမှာ သေချာသော်လည်း အချိန်ကာလမှာ အနာဂတ်ဖြစ်၍ မသိရချေ။ ၎င်းသည် "ယုံကြည်ခြင်း" နှင့် "ချစ်ခြင်းမေတ္တာတို့နှင့် ဆက်စပ်လေ့ရှိသည်။ (၁ကော ၁၃း၁၃။ ၁သက် ၁း၃။ ၂သက် ၂း၁၆)။ ပေါလု သုံးနှုန်းပုံ အချို့တို့မှာ

၁။ ဒုတိယအကြိမ်ပြန်လည် ကြွလာခြင်း ဂလ ၅း၅။ ဧဖက် ၁း၁၈။ ၄း၄။ တိကု ၂း၁၃။
၂။ ယေရှုသည် ငါတို့၏ မြော်လင့်ခြင်းဖြစ်သည်။ ၁တိ ၁း၁။
၃။ ဧဝံဂေလိတရားကို ကိုးစားသည်။ ကော ၁း၂၃
၄။ အပြည့်အဝ ကယ်တင်ခြင်း။ ကော ၁း၅။ ၁သက် ၄း၁၃။ ၅း၈
၅။ ဘုရားသခင်၏ ဘုန်းတန်ခိုးတော်။ ရောမ ၅း၂။ ၂ကော ၃း၁၂။ ကော ၁း၂၇
၆။ ကယ်တင်ခြင်း စိတ်ချမှု။ ၁သက် ၅း၈
၇။ ထာဝရအသက်။ တိကု ၁း၂။ ၃း၇။
၈။ ဖန်ဆင်းသမျှ အားလုံး ရွေးနှုတ်ခြင်း။ ရောမ ၈း၂၀
၉။ ယုံကြည်ခြင်း။ ၈း၂၃–၂၅။ ၁၅း၄
၁၀။ ဘုရားသခင်၏ ဘွဲ့နာမတော်။ ရောမ ၁၅း၁၃
၁၁။ ယုံကြည်သူများအတွက် ပေါလုအလိုရှိသောအရာ ၂ကော ၁း၇

**၁၅း၅ "ဘုရားသခင်သည် ... ပေးသနားတော်မူ"** ၎င်းမှာ ရှားပါးသော AORIST ACTIVE OPTATIVE ဖြစ်ကာ၊ ဆန္ဒတစ်ခု (ဝါ) ဆုတောင်းချက် တစ်ခုကို ဖော်ပြသည်။ အငယ် ၅–၆ ရှိ ပေါလု၏ ဆုတောင်းချက်၌ အချက်နှစ်ခုပါဝင်ရာ

၁။ စိတ်နှလုံးတစ်ခုတည်းရှိရန် (၁၂း၁၆။ ၂ကော ၁၃း၁၁။ ဖိ ၂း၂)
၂။ ချီးမွမ်းခြင်း၌ အသံတစ်သံတည်း ဖြစ်ရန် (အငယ် ၆၊ရ၊၉)

▣ **"စွဲမြဲခြင်းနှင့် ခွန်အားပေးတော်မူ သူဘုရားသခင်"** ၎င်းမှာ ဘုရားသခင်၏ နာမတော်ကို ရှင်းလင်းခြင်း သဘောနီးပါးဖြစ်သွားသည်။ (၁၅း၁၃။ ၁ကော ၁း၃)။ ဘုရားသခင်၏ ဤဂုဏ်အင်္ဂါတို့သည် နှုတ်ကပတ်တော်မှ တဆင့် ယုံကြည်သူများသို့ ရောက်ရှိလာသည်။ (ငယ် ၄)။ အထူးအကြောင်းအရာ။ ။ စွဲမြဲရန်လိုအပ်မှု–၈း၂၅၌ ကြည့်ပါ။

**၁၅း၆ "ငါတို့သခင်ယေရှုခရစ်တော်၏ ဘုရားသခင်နှင့် ခမည်းတော်ဘုရား"** ၎င်းမှာ ဘုရားသခင်၏ ဓမ္မသစ်ကျမ်း ဘွဲ့နာမတော် အပြည့်အစုံဖြစ်သည်။ (၂ကော ၁း၃။ ဧဖက် ၁း၃။ ကော ၁း၃။ ၁ပေ ၁း၃။ အလားတူ ဘွဲ့နာမတော်တစ်ခု ၁း၇၌ ကြည့်ပါ) ၎င်းမှာ ဒဿနိက ဗေဒအလိုအရ လိုအပ်သော ဘုရားမဟုတ်ဘဲ၊ ဖွင့်ပြတော်မူခြင်း၏ ဘုရားဖြစ်သည်။ အငယ် ၅–၆ ရှိ ပေါလု၏ ဆုတောင်းချက်ရှိ ဘုရားသခင်၏ ဘွဲ့နာမတော်နှစ်ခုကို မှတ်သားပါ။

၁။ စွဲမြဲခြင်းနှင့် ခွန်အား၏ ဘုရားသခင်
၂။ ငါတို့ သခင်ယေရှု၏ ဘုရားသခင်နှင့် ခမည်းတော်။ အထူးအကြောင်းအရာ။ ။ စွဲမြဲခြင်း ၈း၂၅နှင့် ခမည်းတော် ၁း၇ တို့၌ကြည့်ပါ။

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၅း၇–၁၃

**[7]ထို့ကြောင့် ခရစ်တော်သည်လည်း ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန် ငါတို့ကို လက်ခံသည့်အတိုင်း သင်တို့ အချင်းချင်းလက်ခံကြလော့။ [8]"ငါဆိုသည်ကား ဘိုးဘေးများကို ပေးသောကတိတော်များ တည်စေရန် ခရစ်တော်သည် ဘုရားသခင်၏ သမ္မာတရားဘက်မှ နေကာ၊ အရေးဖျားလှီးခြင်းခံသူတို့၏ အစေခံဖြစ်လာခဲ့ပြီ။ [9]ထို့ကြောင့် တပါးအမျိုးသားတို့ အလယ်တွင် ကိုယ်တော်ကို ချီးမွမ်းကာ၊ နာမတော်ကို သီချင်းဆို ပါမည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ တပါးအမျိုးသားတို့သည် ဂရုဏာတော်ကြောင့် ဘုရားသခင်ကို ချီးမွမ်းကြလိမ့်မည်။ [10]တဖန်သူဆိုသည်ကား အို၊ တပါးအမျိုးသားတို့ လူမျိုးတော်နှင့်အတူ ဝမ်းမြောက်ကြလော့။ [11]တဖန်ဆိုပြန်သည်ကား၊**

တပါးအမျိုးသား အပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့။ လူမျိုးအပေါင်းတို့ ကိုယ်တော်ကို ချီးမွမ်းကြစေ ဟု လာ၏။ [12]နောက်တဖန် ဟေရှာယ ပြောသည်မှာ ယေရှဲအမြစ်ထွက်၍ တပါးအမျိုးသားတို့ကို အုပ်စိုးခြင်းငှါ၊ ပေါ်ထွန်းလာသူဖြစ်၍ တပါးအမျိုးသားတို့သည် သူ့ကို မျှော်လင့်ကြလိမ့်မည်ဟု ဆို၏။ [13]သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မြော်လင့်ခြင်း၌ ကြွယ်ဝစေရန် မြော်လင်းခြင်း၏ ဘုရားသခင်သည် သခင်တို့အား ယုံကြည်ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ပြည့်စုံပါစေသော။

၁၅း၇

**NASB, TEV "အချင်းချင်းလက်ခံ (accept) ကြလော့"**

**NKJV "အချင်းချင်းလက်ခံ (receive) ကြလော့"**

**NRSV "အချင်းချင်းကြိုဆိုကြလော့။"**

**NJB "တယောက်ကို တယောက် တူညီသော ခင်မင်မှုဖြင့် ပြုမူကြလော့။"**

ငင်းမှာ PRESENT MIDDLE IMPERATIVE တစ်ခုသည်။ ခရစ်တော်သည် ကျွန်တော်တို့ကို လက်ခံခဲ့သဖြင့် မိမိတို့ယုံကြည်သူ အချင်းချင်းဆက်လက်ကာ လက်ခံ ကြရမည်ဖြစ်သည်။ ဤသမ္မာတရားကို ၁၄း၁၌ တွေ့ရသည်။ သို့သော် ဤနေရာ၌မူ တပါးအမျိုးသားများကို ဘုရားသခင်လက်ခံကြောင်း ဓမ္မဟောင်းကျမ်းပိုဒ် အချို့မိတ်ဆက် ဖော်ပြသည်။ (ငယ် ၉–၁၂) ငင်းသည် ရောမမြို့ အသင်းတော်အတွင်း တင်းမာမှု၏ထင်ဟပ်မှုဖြစ်နိုင်သည်။

ယုံကြည်သူ အချင်းချင်းပေးကမ်းဝေငှခြင်းသည် ခရစ်ယာန်ဖြစ်ကြောင်း ဖော်ပြ၏။ (၁း၁၂။၁၂း၅၊၁၀၊၁၆။ ၁၃း၈။ ၁၄း၁၃၊၁၉။ ၁၅း၅၊၇၊၁၄။ ၁၆း၁၆)

▣ **"ခရစ်တော်သည်...ငါတို့ကို လက်ခံသည့်အတိုင်း"** ငင်းမှာ AORIST MIDDLE INDICATIVE ဖြစ်သည်။ ငင်းမှာ ယုံကြည်သူများသည် အခြားသူများအား ပြုမူစေသော တွန်းအားနှင့် အကြောင့်ရင်းဖြစ်သည်။ (၁၄း၃) အခန်းကြီး ၁၄၏ စူးစိုက်ပြုမှုမှာ

၁။ ခရစ်တော်အား အရှင်သခင်နှင့် တရားစီရင်သူအဖြစ်။ ငယ် ၁–၁၂

၂။ ခရစ်တော်အား မိမိကိုယ်မိမိပေးသော ချစ်ခြင်းမေတ္တာ၏ ဥပမာအဖြစ်။ ၁၃–၂၃

ခရစ်တော်သည် ငါတို့ကို လက်ခံသဖြင့်၊ ငါတို့သည်လည်း အခြားသူများကို လက်ခံကြရပါမည်!

▣ **"ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်"** ၃း၂၃ မှတ်ချက်၌ ကြည့်ပါ။

၁၅း၈ **"ခရစ်တော်သည်.... အရေဖျားလှီးခြင်းခံသူတို့၏ အစေခံဖြစ်လာခဲ့ပြီ"** ခရစ်တော်မှာ ဓမ္မဟောင်းကျမ်း၏ အနာဂတ္တိစကားများ အတိုင်း ဘုရားသခင်၏ ပြည့်စုံစေမှုဖြစ်သည်။ (မဿဲ၁၀း၆။ ၁၅း၂၄) ငင်းကိုရောမမြို့ အသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် တပါးအမျိုးများ အကြားတင်မာမှုအား ရည်စူး၍ ပြောခြင်း ဖြစ်နိုင်သည်။

**NASB "ဘိုးဘေးများကို (fathers) ပေးသော ကတိတော်များ တည်စေရန် ... ဘုရားသခင်၏ သမ္မာတရားဘက်မှ နေကာ"**

**NKJV "ဘိုးဘေးများကို ပေးသော ကတိတော်များ တည်စေရန်... ဘုရားးခင်၏ သမ္မာကျမ်းတရားအတွက်"**

**NRSV "ဘိုးဘေးများကို (partriachs) ပေးသော ကတိတော်များတည်စေရန်... ဘုရားသခင်၏ သမ္မာတရားဘက်မှ နေကာ"**

**TEV "သူတို့၏ ဘိုးဘေးများကို (ancestors) ပေးသော ကတိများ အတိုင်းဖြစ်လာစေရန် ဘုရားသခင်သည် သစ္စာရှိကြောင်း ဂျူးများဘက်မှ နေကာ ပြသရန်"**

**NJB "ဘိုးဘေးများအတွက် (patriachs) ပြုသော ကတိတော်များ ဘုရားသခင်သစ္စာရှိစွာ ဆကလက်စေရန်။**

ငင်းသည် ဓမ္မဟောင်းကျမ်းပဋိညဉ်တရားများ၌ အစ္စရေးများကို ပေးသော ဘုရားသခင်၏ ကတိတော်များကို ပြောခြင်းဖြစ်နိုင်သည်။ (၄း၁၆)။ မည်သို့ ဖြစ်စေ၊ လူသားအားလုံးရွေးနှုတ်ရန် ဘုရားသခင် ပေးသော ကတိတော်များကို

ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (ကမ္ဘာ ၃း၁၅။ ၁၂း၃။ ထက် ၁၉း၅–၆။ ဟေရှာ ၂း၂–၄။ ၅၆း၇။ ၆၆း၁၈–၂၄)။ ဧဝံဂေလိသတင်းကောင်း၏ လျှို့ဝှက်ချက်မှာ ဘုရားသခင်၏ အစီအစဉ်သည် ဂျူးနှင့် တပါးအမျိုးများကို ခရစ်တော်မှတဆင့် ပေါင်းစည်းစေရန်ဖြစ်သည်။ (ဧဖက် ၂း၁၁–၃။ ၃း၁၃)။

ဓမ္မသစ်၏ သတင်းစကားမှာ အသစ်အဆန်းတစ်ခု အဟုတ်ဘဲ၊ ဓမ္မဟောင်းကျမ်း၏ မြော်လင့်ခြင်းများ ပြည့်စုံလာမှုဖြစ်သည်။ ခရစ်တော် ဆောင်ရွက်သော မဟာစေခိုင်းမှုမှာ (ဝါ) အစ္စရေးကို ကတိပြုသော မြော်လင့်ခြင်းများ ပြည့်စုံစေရန်နှင့် တပါးအမျိုးသားများအား တံခါးဖွင့်ပေးရန်ဖြစ်သည်။ (ရောမ ၃း၂၉–၃၀။ ၉း၃၀။ ၁၀း၁၁–၁၂။ ၁၆–၂၀။ ၁၁း၂၅၊၃၂။ ၁၆း၂၅။ ဧဖက် ၂း၁၁–၃း၂၁)။ ဘုရားသခင်ကို တပါးအမျိုးသားများအား ဖွင့်ပြကာ၊ သူတို့ကို ယုံကြည်ခြင်းတရားသို့ ဆွဲဆောင်ရန် သတင်းကောင်းဆိုင်ရာစေခိုင်းခြင်းကို အစ္စရေးပျက်ကွက် သည့်အခါ၊ ဤတစ်ကမ္ဘာလုံးဆိုင်ရာတာဝန်ပြီး ပြောက်အောင် ဆောင်ရွက် ရေးအတွက် (မဿဲ ၂၈း၁၉–၂၀။ လုကာ ၂၄း၄၇။ ယောဟန် ၃း၁၆။ တမန် ၁း၈) ယေရှုသည် ဝိညာဉ်ရေးအစ္စရေး အသစ်တစ်မျိုးအား တန်ခိုးပေးသည်။ (၉း၆။ ဂလ ၆း၁၆)

▣ **"တည်စေ"** အထူးအကြောင်းအရာ ၄း၁၆၌ ကြည့်ပါ။

**၁၅း၉–၁၂** ၎င်းမှာ တပါးအမျိုးများသည် ဘုရားသခင်၏ အစီအစဉ်တွင် အမြဲပါဝင်ကြောင်းပြရန် ဓမ္မဟောင်းကျမ်းပိုဒ်စဉ်များကို ကိုးကားခြင်းဖြစ်သည်။ (အထူးအကြောင်းအရာ။ ။ ကျွန်ုပ် Bob ၏ ဧဝံဂေလိဆိုင်ရာအမြင် ၁း၅။ ၁၀း၁၆–၂၀ တို့၌ ကြည့်ပါ။ ၎င်းမှာ ဓမ္မဟောင်းကျမ်းပိုဒ်တွဲများ ကိုးကားခြင်းဖြစ်သည်။

၁။ ငယ် ၉–ဆာလံ ၁၈း၄၉ (ဝါ) ၂ဓမ္မ ၂၂း၅၀

၂။ ငယ် ၁၀ — တရားဟော ၃၂း၄၃

၃။ ငယ် ၁၁ — ဆာလံ ၁၁၇း၁

၄။ ငယ် ၁၂ — ဟေရှာ ၁၁း၁၊၁၀

ဟေဗြဲသမ္မာကျမ်းစာ၏ ကဏ္ဍကြီးတစ်ခုစီမှ ကိုးကားမှုတစ်ချက်စီပါကြောင်း မှတ်သားပါ။ ပညတ္တိကျမ်း၊ ပရောဖက်များကျမ်းနှင့် စာပေများ

**၁၅း၉ "ကရုဏာတော်ကြောင့် ဘုရားသခင်ကို ချီးမွမ်း"** ရောမဩဝါဒစာ၏ ကြိုတင်ခန့်ထားခြင်း၊ (၉း၁၅၊၁၆၊၁၈၊၂၃) တပါးအမျိုးများပါဝင်ခြင်း (၁၁း၃၀၊၃၁၊၃၂။ ၁၅း၉) တို့၏ ဓမ္မသဘောတရား၏သော့ချက်မှာ ဘုရားသခင်၏ ဂရုဏာတော်ဖြစ်သည်။ အစ္စရေးကို ကယ်တင်သည်မှာ ဤဂရုဏာတော်ဖြစ်သည်။ ယုံကြည်သူတပါးအမျိုးများကို ကယ်တင်သည်မှာလည်း ဤဂရုဏာတော်ပင်ဖြစ်သည်။ ထိုယန္တရားမှာ လူသား၏ ဆောင်ရွက်မှုမဟုတ်ဘဲ (ရောမ ၉) မပြောင်းမလဲသော ဘုရားသခင်၏ ကြင်အင်လက္ခဏာဖြစ်သည့် ကျေးဇူးတော် (ထွက် ၃၄း၆။ နေဟမိ ၉း၁၇။ ဆာလံ ၁၀၃း၈၊ ၄။ ယောဘ ၂း၁၃) နှင့် မေရှိယဆိုင်ရာ ကတိတော်ဖြစ်သည်။ (ယေရှာယ ၁၁း၁၊၁၀)။

တပါးအမျိုးသားများသည် ဘုရားသခင်ကို အောက်ပါတို့ဖြင့် ဘုန်းတော် ထင်ရှားစေကြခြင်းမှာ စိတ်ဝင်စားစရာ ကောင်းသည်။

၁။ ဝန်ခံခြင်း/ ချီးမွမ်းခြင်း

၂။ ဓမ္မသီချင်းသီဆိုခြင်း

ယုံကြည်သူတစ်ဦးသည် ဘုရားသခင်အား သီချင်းသီဆိုသည့်အခါ ဝန်ခံမှုပြုခြင်း၊ ထုတ်ဖော်မှု ပြုခြင်းဖြစ်သည်။ ဓမ္မသီချင်းများသည် ယုံကြည်မှု အယူဝါဒ (creed) များနည်းတူ တရားဝင်သော ဝန်ခံမှုတစ်မျိုးဖြစ်သည် (၁၀း၉–၁၃)

၁၅း၁၃ "မြော်လင့်ခြင်း၏ ဘုရားသခင်" ၎င်းသည် ၁၄း၁ မှ အစပြုသော ကျမ်းစကား အုပ်စု၏ အပိတ်ဘုန်းတော်ဘွဲ့ ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်၏ အံ့ဘွယ်ရာကောင်းသော ဘွဲ့နာမတော် တစ်မျိုးဖြစ်သည်။

**၁၅း၁၃ "ဝမ်း မြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ပြည့်စုံစေ"** ၎င်းမှာ ရောမမြို့ ယုံကြည်သူများအတွက် ပေါလု၏ ဆုတောင်းချက်ကို ပြုသော AORIST ACTIVE OPTATIVE တစ်ခုဖြစ်သည်။ "အားလုံး" ဆိုသော စကားလုံးကို မှတ်သားပါ။ (၅း၁–၂။ ၁၄း၁၇)။

▣
**NASB, NKJV**
**NRSV "ယုံကြည်လျက်"**
**TEV "သူ့အားယုံကြည်ခြင်း အားဖြင့်"**
**NJB "သင်တို့ ယုံကြည်လျက်"**

ဣင်းမှာ PRESENT ACTIVE INFINITIVE ဖြစ်သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးတော်၊ ခရစ်တော်အား ယုံကြည်ခြင်း၌ ဆက်လက်သွားခြင်း၊ ဝမ်းမြောက်မှုနှင့် ငြိမ်သက်ခြင်း၌ နားခိုမှုဖြင့် ရရှိသော စွဲမြဲသည့် ယုံကြည်ခြင်း (confidence) ဖြစ်သည်။ ခရစ်တော် အားယုံကြည်ခြင်းဟူသည် အစပြု တုံ့ပြန်မှုတစ်ခု မျှသာမဟုတ်ဘဲ၊ တုံ့ပြန်မှုပြုသော အသက်ရှင်ခြင်းပုံစံဖြစ်သည်။

▣ **"သင်တို့သည် ... မြော်လင့်ခြင်း၌ ကြွယ်ဝစေရန်"** ဣင်းမှာ *perrisseuo* ၏ PRESENT ACTIVE INFINITIVE တစ်ခုဖြစ်ပြီး အခြေခံအားဖြင့် "ထပ်ဆောင်း၍" ဟူသော အဓိပ္ပါယ်ရှိသည်။ ၁၅း၄၏ မှတ်ချက် "မြော်လင့်ခြင်း" ၌ ကြည့်ပါ။

## အထူးအကြောင်းအရာ။ ။ ကြွယ်ဝ/ပေါကြွယ် (*perissevō*)

ဤဝေါဟာရကို ပေါလု မကြာခဏသုံးသည်။

၁။ ဘုန်းတော်ကြွယ်ဝစေသော ဘုရားသခင်၏ သမ္မာတရား။ ရောမ ၃း၇
၂။ ယေရှုခရစ်တော်တည်းဟူသော တစ်ယောက်သော သူ၏ ကျေးဇူးတော်ကြောင့် အခမဲ့ လက်ဆောင်သည် ကြွယ်ဝလျက်ရှိ၏။ ရောမ ၅း၁၅
၃။ ယုံကြည်သူများသည် မြော်လင့်ခြင်း၌ ကြွယ်ဝကြ၏။ ရောမ ၁၅း၁၃
၄။ ယုံကြည်သူများကို အစားအစာအချို့အား စားခြင်း (ဝါ) မစားခြင်းကြောင့် ဘုရားသခင် နှစ်သက်တော်မူသည် မဟုတ်ချေ။ ၁ကော ၈း၈
၅။ ယုံကြည်သူများသည် အသင်းတော်ကို တည်ဆောက်ရာ၌ ကြွယ်ဝကြသည်။ ၁ကော ၁၄း၁၂
၆။ ယုံကြည်သူများသည် သခင်ဘုရားအတွက် လုပ်ဆောင်ရာ၌ ကြွယ်ဝကြသည်။ ၁ကော ၁၅း၅၈
၇။ ယုံကြည်သူများသည် ခရစ်တော်၏ ဒုက္ခဆင်းရဲခံခြင်း ဝေမျှခံစားခြင်း၌ ကြွယ်ဝသည် နည်းတူ ခရစ်တော်၏ နှစ်သိမ့်မှုအား ဝေမျှခံစားရာ၌ လည်း ကြွယ်ဝကြသည်။ ၂ကော ၁း၅
၈။ ဖြောင့်မတ်ခြင်း တရားသည် ဘုန်းတော်ကြွယ်ဝသည်။ ၂ကေား ၃း၉
၉။ ယုံကြည်သူများ၏ ကြွယ်ဝသော ကျေးဇူးတော် ချီးမွမ်းခြင်းသည် ဘုန်းအသရေတော် ထင်ရှားစေသည်။ ၂ကော ၄း၁၅
၁၀။ ယုံကြည်သူများသည် ဝမ်းမြောက်ခြင်း၌ ကြွယ်ဝကြသည်။ ၂ကော ၈း၂
၁၁။ ယုံကြည်သူများသည် အရာရာ၌ (ယုံကြည်ခြင်း၊ ပြောဆိုခြင်း၊ အသိပညာ၊ စိတ်အားကြီးခြင်းနှင့် ချစ်ခြင်း မေတ္တာ) ကြွယ်ဝကြကာ၊ ယေရုရှလင် အသင်းတော်အတွက် လက်ဆောင်ပေးရာ၌လည်း ကြွယ်ဝကြသည်။ ၂ကော ၈း၇
၁၂။ ကျေးဇူးတော် အလုံးစုံသည် ယုံကြည်သူများအတွက် ကြွယ်ဝသည်။ ၂ကော ၉း၈
၁၃။ ဘုရားသခင်၏ ကျေးဇူးတော် ချီးမွမ်းခြင်း၌ ယုံကြည်သူများ ကြွယ်ဝ။ ၂ကော ၉း၁၂
၁၄။ ဘုရားသခင်၏ ကြွယ်ဝသော ကျေးဇူးတော်သည် ယုံကြည်သူများပေါ် ရက်ရောလှသည်။ ဧဖက် ၁း၈
၁၅။ ယုံကြည်သူများသည် ချစ်ခြင်းမေတ္တာ၌ ပို၍ ပို၍ ကြွယ်ဝလာနိုင်သည်။ ဖိ ၁း၉
၁၆။ ယုံကြည်သူများသည် ပေါလုအား၊ ခရစ်တော်အထဲ ယုံကြည်မှုကြွယ်ဝကြသည်။ ဖိ ၁း၂၆
၁၇။ ကြွယ်ဝစွာရှိသည်။ ဖိ ၄း၁၂၊၁၈

၁၈။ ယုံကြည်များ ကျေးဇူးတော်၌ ကြွယ်ဝကြသည်။ ကော ၂း၇
၁၉။ ယုံကြည်သူများ အချင်းချင်း ချစ်ခြင်းမေတ္တာ၌ ကြီးထွားကြွယ်ဝသည်။ ၁သက် ၃း၁၂
၂၀။ ဘုရားတရားနှင့်အညီ အသက်ရှင်ခြင်း၌ ကြွယ်ဝခြင်း။ ၁သက် ၄း၁
၂၁။ ယုံကြည်သူ အချင်းချင်း ကြွယ်ဝစွာ ချစ်ကြခြင်း။ ၁သက် ၄း၁၀

ခရစ်တော်အထဲ ဘုရားသခင်၏ ကျေးဇူးတော် အကြောင်း ပေါလု နားလည်ပုံမှာ "ထပ်ဆောင်းထားသည်" ဟူ၍ ဖြစ်သည်နည်းတူ၊ ယုံကြည်သူများသည်လည်း မိမိတို့ အသက်တာထဲ၌ ဤ "အပိုဆောင်းသော" ကျေးဇူးတော်နှင့် ချစ်ခြင်းမေတ္တာ၌ လျှောက်လှမ်းရန် လိုအပ်သည်!

▣ **"သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့်"** သန့်ရှင်းသော ဝိညာဉ်တော်သည် ဤကပ်ကာလအသစ်၌ အလုပ်လုပ်နေသော သုံးပါးတစ်ဆူ ဘုရား၏ ပုဂ္ဂိုလ်ဖြစ်သည်။ သူ့အားဖြင့် မဟုတ်လျှင် ကြာရှည်ခံသော တန်ဘိုးရှိသည့်အရာ (ဝါ) အကျိုးသက်ရောက်မှု မဖြစ်ပေါ်နိုင်ချေ။ (၁၅း၁၉။ ၁ကော ၂း၄။ ၁သက် ၁း၅)။ အထူးအကြောင်းအရာ။ ။ ၈း၉ နှင့် ၈း၁၁ တို့၌ ကြည့်ပါ။

## ဆွေးနွေးခြင်း မေးခွန်းများ

ဤစာအုပ်မှာ မည်ကဲ့သို့ အနက်ဖွင့်ရမည်ကို လမ်းညွှန်မှုအား လေ့လာခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သမ္မာကျမ်းစာအား မိမိကိုယ်တိုင် အနက်ဖွင့်ရန် မိမိတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ကျွန်တော်တို့ တစ်ဦးချင်းစီသည် မိမိရရှိထားသော အလင်းထဲ လျှောက်သွားကြရပေမည်။ သမ္မာကျမ်းစာအား အနက်ပြန်ရာ၌ သင်ကိုယ်တိုင်၊ သမ္မာကျမ်းစာနှင့် သန့်ရှင်းသောဝိညာဉ်တော် တို့မှာ ပဓါနအကျဆုံး ဖြစ်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းအလုပ်ကို အနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာ ပုံချရန် မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သော ဤမေးခွန်းများမှာ ဤကျမ်းစာ၏ ဤအပိုင်းတွင် ပါဝင်သော အဓိက အကြောင်းအရာများအား စဉ်းစားဆင်ခြင်နိုင်ရန် ပံ့ပိုးဖို့ ဖြစ်သည်။ အပြည့်အစုံ မဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုအား နှိုးဆွပေးရန်သာ ဖြစ်သည်။

၁။ ရောမ ၁၄း၁-၁၅း၁၃၏ ပင်မဇဟို သမ္မာတရားမှာ အဘယ်နည်း?
၂။ ပေါလုသည် အငယ် ၁၉-၁၂ အတွင်း အဘယ်ကြောင့် ဓမ္မဟောင်းကျမ်းပိုဒ်များကိုးကားသနည်း? ကြီးမားသော မည်သည့် သမ္မာတရားများပါရှိသနည်း?

## အငယ် ၁၄-၃၃ အား ကျမ်းစကား အဆက်စပ်ဖြင့် နားလည်ရခြင်း

က။ ဤသြဝါဒစာ၏ အဆုံးသတ်သည် ၎င်း၏ အစဖြစ်သော ၁း၈-၁၅နှင့် များစွာ တူညီသည်။
- ၁။ ၎င်းသည် သူတို့၏ ယုံကြည်ခြင်းကို အထူးချီးကျူးသည်။ (၁း၈)
- ၂။ ၎င်းသည် တပါးအမျိုးသားများအတွက် ဧဝံဂေလိတရား၏ တမန်တော်ရာထူးကို ကာကွယ်ပြောဆိုသည်။ (၁း၁၃၊၁၄)
- ၃။ ၎င်းသည် သူတို့ထံ ပေါလု သွားလိုပုံကို အခိုင်အမာဖော်ပြသည်။ (၁း၁၀၊၁၃)
- ၄။ သတင်းကောင်း မရောက်သေးသော ဒေသများသို့ ပေါလုသွားရာလမ်း၌ သူ့ကို အကူအညီပေးစေလိုသည်။ (စပိန်ပြည် ၁း၁၃)

ခ။ နောက်တစ်ခါ ရောမ အသင်းတော်အတွင်း ယုံကြည်သူ ဂျူးများနှင့် ယုံကြည်သူတပါး အမျိုးသားများ အကြား တင်းမာမှုကို အရိပ်အမြွက် တွေ့ရသည်။ ထိုအကြောင်းအရာကို ဤကျမ်းတလျှောက်လုံး၌ အရိပ်အမြွက်ဖော်ပြသည် (ဝါ) ရည်ညွှန်းကာ၊ အထူးသဖြင့် ၉–၁၁။ ၁၄း၁–၁၅း၁၃ တို့၌ တွေ့ရသည်။

ဂ။ ကနဦးအသင်းတော်၌ ပေါလု၏ တမန်တော်အရာနှင့် ဆိုင်သော တင်းမာမှုကိုလည်း အရိပ်အမြွက်တွေ့ရသည်။ သူသည် မိမိကိုယ်မိမိ အငယ် ၁၅–၁၉။ ၁း၂၅ တို့၌ ကာကွယ်ပြောဆိုနေသည်နှင့် တူသည်။

ဃ။ ဤစာစု၌ အကြောင်းအရာနှစ်ရပ်ပါရှိသည်။
- ၁။ ပေါလ၏ တမန်တော်အရာ၊ ဧဝံဂေလိ အလုပ်ရာနှင့် တစ်ပါးအမျိုးသားများကို ဦးတည်သော အမှုတော်လုပ်ငန်း (ငယ် ၁၄–၂၁)
- ၂။ ဤရည်ရွယ်ချက်ပြီး မြောက်စေရန် ပေါလု၏ ခရီးသွား အစီအစဉ်များသည် သူ့ကို ရောမမြို့သို့ ရောက်သွားစေနိုင်။ (ငယ် ၂၂–၃၃)

## NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၅း၁၄–၂၁

၁၄ သင်တို့နှင့် ဆိုင်၍ ကား၊ ညီအစ်ကိုတို့၊ သင်တို့သည် ကောင်းမြတ်ခြင်း အပေါင်းနှင့် ပြည့်စုံ၍ အရာရာတို့ကို
သိကာ၊ အချင်းချင်းတိုက်တွန်း နိူးဆော်နိုင်စွမ်းရှိကြသည်ကို ငါသဘောပေါက်၏။ ၁၅ သို့သော် အချို့ အချက်များကို
သင်တို့ ပြန်၍ သတိရစေရန် ငါသည်ရဲရင့်စွာ ရေးသည်။ ၁၆ အဘယ်ကြောင့် ဆိုသော် တပါးအမျိုးသားများအတွက်
ခရစ်တော် ယေရှု၏ အမှုတော်ဆောင် တစ်ဦးဖြစ်ရန် ဘုရားသခင်သည် ငါ့ကို ကျေးဇူးပြုတော်မူ၏။
တပါးအမျိုးသားတို့အား ပူဇော်သက္ကာအဖြစ်ပေးခြင်းကို သန့်ရှင်းသော ဝိညာဉ်တော်သည် သန့်ရှင်းစေကာ၊
လက်သင့်ခံနိုင်ဘွယ်ရာဖြစ်စေရန် ဘုရားသခင်၏ ဧဝံဂေလိတရားအား ယဇ်ပုရောဟိတ် ကဲ့သို့ ဆောင်ရွက်လျက် ရှိ၏။
၁၇ ထို့ကြောင့် ဘုရားသခင်နှင့် ဆိုင်သောအရာတို့၌ ခရစ်တော် ယေရှုအထဲ ဝါကြွားစရာ အကြောင်းရှိ၏။ ၁၈ အကြောင်းမှာ
ငါ့အားဖြင့် ခရစ်တော် ဆောင်ရွက်ပြီးစီးခဲ့သောအရာများကလွဲလျှင် ငါမပြောဝံ့။ ၁၉ ထိုအရာများသည်
တပါးအမျိုးသားတို့အား နှုတ်အားဖြစ်ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ၊ အံ့ဩဘွယ်ရာများ နိမိတ်လက္ခဏာများ၊
ဝိညာဉ်တော်၏ တန်ခိုးများအားဖြင့် နာခံစေသည်။ ထို့ကြောင့် ငါသည် ယေရုရှလင်မြို့မှစ၍ ဣလုရိတ်ပြည်တိုင်အောင်
အနီးပတ်ဝန်းကျင်ဒေသများ၌ ခရစ်တော်၏ ဧဝံဂေလိတရားကို အကုန်အစင် ဟောပြောခဲ့ပြီဖြစ်သည်။ ၂၀ ထိုသို့ဖြင့်
အခြားသူ၏ အုတ်မြစ်ပေါ် ဆောက်လုပ်ခြင်းမဖြစ်စေရန် ငါသည် ခရစ်တော်၏ နာမတော် မကြားဘူးသော အရပ်တို့၌
ဧဝံဂေလိတရား ဟောရန် ပြင်းပြစွာ ဆန္ဒရှိ၏။ ၂၁ ၎င်းမှာ သတင်းမရခဲ့သော သူတို့သည် သူ့ကို မြင်ရကြကာ၊
မကြားရသော သူတို့သည် နားလည်ကြလိမ့်မည်ဟု ကျမ်းစာလာသည့်အတိုင်း ဖြစ်သည်။

၁၅း၁၄

**NASB** **"ညီအစ်ကိုတို့၊ သင်တို့နှင့် ဆိုင်၍ ကား၊ ညီအစ်ကို တို့.... ငါသဘောပေါက်၏။**

**NRJV** **"ညီအစ်ကိုတို့၊ သင့်တို့နှင့် ဆိုင်၍ ယခု ငါသဘောပေါက်၏ "**

**NRSV** **"ငါ၏ ညီအစ်ကို မောင်နှမများတို့ သင်တို့အကြောင်းကို ငါသည် ယုံကြည်စိတ်ချမှု ခံစားရ၏။"**

**TEV** **"မိတ်ဆွေတို့၊ သင်တို့သည်.... ကြောင်း ငါယုံကြည်စိတ်ချမှုခံစားရ၏။"**

**NJB** **"သင်တို့အကြောင်း သံသယတစုံတရာဝင်၍ မဟုတ်ပါ။ ညီအစ်ကိုတို့။ ထိုသို့ဖြစ်မည့်အစား သင်တို့သည်.... ကြောင်း ငါအလွန်ရှင်းလင်းသည်။**

ဂရိစကားတွင် "ငါ" (*auto egō*) ဟူသည် အလွန့်အလွန် အလေးအနက်ပြုခြင်းဖြစ်သည်။ ပေါလုသည် ဤအသင်းတော်ကို အမှန်စင်စစ် ချီးမွမ်းနေခြင်းဖြစ်သည်။ ("သဘောပေါက်" PRESENT ACTIVE INDICATIVE)

ပေါလုသည် ဤရောမခရစ်ယာန်များ အကြောင်းအချက်သုံးချက် ပြောသည်။ ငယ် ၁၄

၁။ ကောင်းမြတ်မှု အပေါင်းနှင့် ပြည့်စုံကြသည် (PRESENT ACTIVE INDICATIVE)
၂။ အရာရာကို သိရှိကြသည် (PRESENT PASSIVE PARTICLE)
၃။ အချင်းချင်း တိုက်တွန်းနှိုးဆော်နိုင်စွမ်းရှိကြသည်။ (PRESENT ACTIVE INDICATIVE)

ဤအငယ်၏ ဆိုလိုရင်းမှာ ပေါလုသည် သူတို့ကို အကြောင်းအရာသစ် ပြောခြင်းမဟုတ်ဘဲ၊ သူတို့ကြားခဲ့၊ လက်ခံခဲ့ပြီးသော သတင်းကောင်းကိုပင် ရှင်းလင်းခြင်းဖြစ်သည်။ (ငယ် ၁၅)

▣ **"သင်တို့သည် ကောင်းမြတ်ခြင်းနှင့် ပြည့်စုံ၍"** ဝါကျအစ၌ "ငါ" ဟူ၍ အလေးအနက် ပြောသည် နည်းတူ "သင်တို့" စကားလုံး၌လည်း အလေးအနက်ပြုသည်။ "ပြည့်" ဟူသော ဝေါဟာရ (ဂန္ထအသျ) မှာ "နှင့်ပြည့်သော" "အပြည့်" ဟူ၍ ဖြစ်သည်။ ပေါလုသည် ဤဝေါဟာရကို နှစ်ကြိမ်သာလျှင် သုံးခဲ့ရာ နှစ်ခုစလုံး ရောမ ဩဝါစာ၌ ဖြစ်သည်။ (၁း၂၉။ ၁၅း၁၄)။

"ပြည့်" (*plēroō*) မှာ PERFECT ACTIVE INDICATIVE ဖြစ်သည်။ ပေါလုသည် ဤဝေါဟာရကို ရောမဩဝါဒစာ၌ မကြာခဏသုံးသည်။ (ရောမ ၁း၂၉။ ၈း၄။ ၁၃း၈။၁၅း၁၃၊၁၄၊၁၉)။ ၎င်း၏ နာမ် *pleroma* ကိုလည်း ရောမဩဝါဒစာ၌ မကြာခဏ သုံးသော်လည်း (၁၁း၁၂၊၂၅။ ၁၃း၁၀။ ၁၅း၂၉) ၎င်း၏ နာမဝိသေသနကိုမူ သူရေးသော မည်သည့်စာ၌ မှ မသုံးခဲ့ချေ။

ပေါလု၏ ဆန္ဒမှာ ပြည့်ဝသော ဧဝံဂေလိသတင်းကောင်းသည် ယုံကြည်သူများကို ချစ်ခြင်းမေတ္တာနှင့် အမှုတော်ဆောင်ရွက်ရေးအတွက် ပြည့်လျှံစွာ ဖြည့်ဆည်းရန်ဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့ လိုသမျှ ခရစ်တော်အထဲ ရရှိကြသည်။ ဤစိတ်ချမှုကို အပြည့်အဝလက်ခံ ရရှိကြရန် လိုသည်။

▣ **"ကောင်းမြတ်ခြင်းနှင့် ပြည့်၍ အရာရာတို့ကို သိကာ"** ဤဝေါဟာရများ နားလည်သဘောပေါက်ရန် နည်းလမ်းနှစ်ခုရှိသည်။ (၁) ဤစာစု မတိုင်မီ ၁၄း၁–၁၅း၁၃ အထိ အကြောင်းအရာများ ဖြစ်သော သမ္မာကျမ်းစာထဲ သဲကွဲစွာ မဖော်ပြသည့် အကြောင်းအရာများ၌ ခရစ်ယာန် အချင်းချင်းအကြား ကွဲပြားခြားနားမှုများ အပေါ် နားလည်မှု ရှိကြသည်။ ဤအကြောင်းအား "ကောင်းမြတ်" ဟူသော စကားကို ၁၄း၁၆။ ၁၅း၂နှင့် ဤနေရာတို့၌ အသုံးပြုခြင်းသည် အတည်ပြုသည်။ သို့မဟုတ် (၂) ၎င်းသည် ယုံကြည်ခြင်း ဆိုင်ရာ ဧဝံဂေလိ တရားတစ်ရပ်လုံးနှင့် ကျင့်သုံးမှု၊ ရှေးရိုးစဉ်လာယုံကြည်မှုနှင့် တို့နှင့် ဆက်စပ်သည်။

▣ **"အချင်းချင်းတိုက်တွန်း နှိုးဆော်နိုင်စွမ်းရှိ"** အသင်းတော် ဟူသည် အချင်းချင်းအားပေး၊ တိုက်တွန်း နှိုးဆော်မှုပြုရန် ဘုရားသခင်ကြံရွယ်ထားခြင်းဖြစ်သည်။ (၁ကော ၁၂း၇။ ကော ၃း၁၆။ ၁သက် ၅း၁၄။ ၂သက် ၃း၁၅)။ ကျွန်တော်တို့သည် အချင်းချင်းအစေခံခြင်းအားဖြင့် ဘုရားသခင်ကို အစေခံရန် ကယ်တင်ခြင်းခံကြသည်! ကျွန်တော်တို့သည် ကိုယ်ခန္ဓာတော် ကျန်းမာစေရန်နှင့် ကြီးထွားစေရန် အသက်ရှင်ကြဘို့ဖြစ်သည်!

**၁၅း၁၅ "ရဲရင့်စွာ ရေးသည်"** ပေါလုသည် ဤဩဝါဒစာကို ကောရိန္တုမြို့မှ နေကာ၊ ရောမမြို့သို့ရေးခြင်းဖြစ်သည်။ ထိုအသင်းတော်မှ အုပ်စုတစ်ခုသည် သူ့အား လူကိုယ်တိုင်အားနည်း သော်လည်း၊ သူရေးသော စာများ၌ ရဲရင့်သည်ဟု ဝေဖန် တိုက်ခိုက်သည်။ "ရဲရင့်စွာ" ဟူသော ဤကြိယာစကားလုံးပုံစံကို ၂ကော ၁၀း၂၊ ၁၂။ ၁၁း၂၁ တို့၌ တွေ့ရသည်။ ပေါလု ရဲရင့်ရခြင်းမှာ သူ၏ ပြောင်းလဲခြင်း၊ ခေါ်ဖိတ်မှုနှင့် ဧဝံဂေလိတရားအား သိရှိနားလည်မှုတို့ကြောင့် ဖြစ်သည်။

▣ **"ဘုရားသခင်သည် ငါ့ကို ကျေးဇူးပြုတော်မူ၏။"** ပေါလုသည် သူ့အား ခေါ်ဖိတ်သော ကယ်တင်သော၊ ဝိညာဉ်ဆုကျေးဇူးပေးသော၊ တပါးအမျိုးသားများထံ စေလွှတ်သော (၁း၁၃။ ၁၅း၁၆) ဘုရားသခင်၏ ကျေးဇူးတော်ကို သိသည်။ (၁း၅။၁၂း၃။ ၁ကော ၃း၁၀။ ၁၅း၁၀။ ဂလ ၂း၉။ ဧဖက် ၃း၇–၈) ၎င်းမှာ သူ၏ တမန်တော်အရာနှင့် အခွင့်အာဏာကို ဖော်ပြခြင်း တစ်မျိုးဖြစ်သည်။ (၁း၁၅)။

**၁၅း၁၆ "အမှုတော်ဆောင်... အမှုတော်ဆောင်ရွက်.... ပူဇော်သက္ကာအဖြစ် ပေးလှူ... လက်သင့်ခံနိုင်ဘွယ်ရာ"** အငယ် ၁၆ နှင့် ၁၇ တို့၌ ယဇ်ပုရော ဟိတ်ဆိုင်ရာ ဝေါဟာရနှင့် စကားစု အတော်များများရှိသည်။ အမှုတော်ဆောင် Minister

စကားလုံးအား အငယ် ၂၇၌ ယဇ်ပု ရောဟိတ်နှင့် ဆိုင်၍ သုံးသည်။ ၎င်းစကားလုံးကိုပင် ခရစ်တော်၏ အမှုဆောင်ရွက်ခြင်းအတွက် ဟေဗြဲ ၈း၂၌ သုံးသည်။ ပေါလသည် မိမိကိုယ် မိမိ တပါးအမျိုးသားများအား ဘုရားသခင်ထံသို့ ဆက်ကပ်သည့် ယဇ်ပုရောဟိတ်အဖြစ် (ဖိ ၂း၁၇) သူ့ကိုယ်သူ ရှုမြင်ကာ၊ ၎င်းအလုပ်မှာ အစ္စရေး၏ တာဝန်ဖြစ်သည်။ (ထွက် ၁၉း၅–၆။ ဟေရှာ ၆၆း၂၀)။ ဤဧဝံဂေလိသတင်းကောင်း အလုပ်ကို အသင်းတော်အား အပ်နှင်းထားသည်။ (မဿဲ ၂၈း၁၈–၂၀။ လုကာ ၂၄း၄၇။ တမန် ၁၈)။ အသင်းတော်ကိုပင် ဓမ္မဟောင်းယဇ်ဟုရောဟိတ် ဝေါဟာရများဖြင့် ၁ပေ ၂း၅၊၉ နှင့် ဗျာ ၁း၆တို့၌ ခေါ်ဆိုသည်။

☐ **"ဘုရားသခင်၏ဧဝံဂေလိတရား"** ၎င်းမှာ ယေရှုခရစ်တော်၏ ဧဝံဂေလိသတင်းကောင်း (မာကု ၁း၁။ ရောမ ၁း၁၆။ ၁၅း၁၉။ ၁ကော ၉း၁၂၊၁၈။ ၂ကော ၂း၁၂။ ၄း၄။ ၉း၁၃။ ၁၀း၁၄။ ဂလာ ၁း၇ ... စသဖြင့်) သာလျှင် မဟုတ်ဘဲ၊ "ဘုရားသခင်၏ဧဝံဂေလိသတင်းကောင်း" ဟူ၍လည်းမှန်ကန်စွာခေါ်နိုင်သည်။ (မာကု ၁း၁၄။ ရောမ ၁၅း၁၆။ ၂ကော ၁၁း၇။ ၁သက် ၂း၂၊၈၊၉။ ၁ပေ ၄း၁၇)။ ၎င်းမှာကမ္ဘာ ၃း၁၅။ ၁၂း၃။ ထွက် ၁၉း၅–၆ နှင့်ဟေရှာ ယကျမ်း၌လည်းမကြာခဏပရောဖက်ပြုသည့်အတိုင်း (ဟေရှာ ၂း၂–၄။ ၅၁း၄၊၅) ဘုရားသခင်၏နှလုံးသားအလို ပြည့်ခြင်းဖြစ်သည်။

☐ **"သန့်ရှင်းသောဝိညာဉ်တော်သည်သန့်ရှင်းစေသော"** ၎င်းသည် PERFECT PASSIVE PARTICIPLE ဖြစ်၍အဓိပ္ပါယ်မှာ "သန့်ရှင်းသောဝိညာဉ်တော်သည်သန့်ရှင်းစင်ကြယ်စေခဲ့ကာ၊ ဆက်လက်၍သန့်ရှင်းစင်ကြယ် စေသည်" ဟူ၍ဖြစ်၏။ ၎င်းသည်ရောမအသင်းတော်အတွင်းဂျူးနှင့် တပါးအမျိုးသားများအကြားတင်းမာမှုကို တဖန်ပေါ်လွင်စေခြင်းဖြစ်နိုင်သည်။ တပါးအမျိုးသားများကိုသန့်ရှင်းသောဝိညာဉ်တော်သည် အပြည့်အဝလက်ခံ ကာသန့်ရှင်းစင်ကြယ်စေခဲ့ပြီးဆက်လက်၍လည်း ထိုသို့ပြုနေသည်ဟုပေါလုရှင်းလင်းစွာဖော်ပြခဲ့သည် (၁ကော ၆း၁၁)။

**၁၅း၁၇–၁၉ သုံးပါးတစ်ဆူ**၏စုစည်း သောလုပ်ဆောင်မှုကိုမှတ်သားထားပါ။ ဘုရားသခင်ထံတော်သို့ (ငယ် ၁၇) ခရစ်တော်အထဲ(ငယ်၁၇) နှင့်ဝိညာဉ်တော်၏တန်ခိုးတော်အထဲ(ငယ်၁၉)။ ပေါင်းစပ်ဘုရား (godhead) ၏ ပုဂ္ဂုလ်သုံးပါးတို့ကိုအငယ် ၃၀ ၌ကြည့်ပါ။ "သုံးပါးတစ်ဆူ"ဟူသောဝေါဟာရ သမ္မာကျမ်းစာ၌မရှိသော်လည်း ထိုအကြောင်းမှာရှိနေသည် (မဿဲ ၃း၁၆–၁၇။ ၂၈း၁၉။ တမန်တော် ၂း၃၃–၃၄။ ရောမ ၈း၉–၁၀။ ၁ကော ၁၂း၄–၆။ ၂ကော ၁း၂၁။ ၁၃း၁၄။ ဧဖက် ၁း၃–၁၄။ ၄း၄–၆။ တိတု ၃း၄–၆။ ၁ပေ ၁း၂။) အထူးအကြောင်းအရာ။ ။သုံးပါး တစ်ဆူ – ၈း၁၁ ၌ကြည့်ပါ။

**၁၅း၁၈–၁၉** ပေါလုသည်တပါးအမျိုးများအကြားမိမိအမှုတော်ဆောင်ရွက်ခြင်း အကျိုးသက်ရောက်ပုံအမျိုးမျိုး တို့ကိုစာရင်းပြုစုရာမှာ (၁)စကားအားဖြင့် (၂)အပြုအမူအားဖြင့် (၃)နိမိတ်လက္ခဏာများအားဖြင့် (၄)အံ့ဩဘွယ် ရာများအားဖြင့်နှင့် (၅)တလျှောက်လုံးဝိညာဉ်တော်တန်ခိုးအားဖြင့်။

# ၅နှင့်ဆိုင်၍ မူကွဲလက်ရေးကျမ်းတစ်မျိုးအကြောင်း မှတ်စုတစ်ခုရှိသည်။ ၎င်းမှာ "ဝိညာဉ်တော် (MS B) နှင့် ဆိုင်သည်။ အချို့ဂရိမူရင်းစာများ၌ **"သန့်ရှင်းသောဝိညာဉ်တော်"** (MSS A.D) ပေါင်း ထည့်ကာ အချို့၌မူ **"ဘုရားသခင်၏ဝိညာဉ်တော်"** ဟူ၍ဖြစ်သည်။ (MSS P46, N, $D^2$) ဤသို့အမျိုးမျိုး ကွဲပြားနေသည့်နည်းတူ ဤဖြည့်စွက်မှု (သို့) ဝိညာဉ်တော်မှတ်သွင်းခြင်းမဟုတ်သောရှင်းလင်းချက်ကလေး ထည့်သွင်းချက်တို့သည်ကျမ်းပိုဒ်၏သမ္မာတရားကိုမထိခိုက်ချေ။ ၎င်းမှာကျမ်းစာကူးဆရာတို့သည်သမ္မာ ကျမ်း အရေးအသားအားအဆင့်မြှင့်တင်ပေးရန်အားထုတ်လေ့ရှိကြပုံတစ်မျိုးဖြစ်သည်။ UBS[4] သည် "ဘုရားသခင်၏ ဝိညာဉ်" အား "C" အဆင့် (ဆုံးဖြတ်ရန်အလွန်ခက်ခဲ) သတ်မှတ်သည်။

**၁၅း၁၈ "တပါးအမျိုးသားတို့အား...နာခံစေ"** ဘုရားသခင်၏ရည်ရွယ်ပန်းတိုင်မှာမိမိ၏ ကြင်အင်လက္ခဏာကို ပေါ်လွင်စေသောလူများဖြစ်လေ့ရှိသည်။ ယေရှု၏ဧဝံဂေလိသတင်းကောင်းသည် ကမ္ဘာဦးခုထဲကကျဆင်းမှု၌ ပျောက်ကွယ်သွားခဲ့ရသောဘုရားသခင်၏ သဏ္ဍာန်တော်ကိုပြန်လည်ဖော်ဆောင်သည်။ ဘုရားသခင်နှင့်ရင်းနှီး ကျွမ်းဝင်သောမိတ်သဟာယသည်ဘုရားတရားနှင့် ညီသောအကျင့်စရိုက်အားဖြင့်ပေါ်လွင်ထင်ရှားသည်။ ခရစ်ယာန် ၏ရည်ရွယ်ချက်ပန်းတိုင်မှာဘုရားသခင်နှင့် မိတ်သဟာယပြုခြင်းနှင့် ယခု၌ပင်ခရစ်တော်နှင့်တူခြင်းဖြစ်သည်။

□ **"နှုတ်အားဖြင့်ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ"** ၎င်းသည်ရောမမြို့ခရစ်ယာန်များ၏နာခံမှုမဟုတ်ဘဲပေါလု ၏အမှုတော်လုပ်ငန်းကိုပြောသည်။ ၎င်းသည်အငယ် ၁၉ ၌ဖော်ပြသောဝိညာဉ်တော်၏တန်ခိုးနှင့် ဆက်စပ်သည်။

**၁၅း၁၉ "အံ့ဩဘွယ်ရာများနှင့်နိမိတ်လက္ခဏာများ"** ဤဝေါဟာရနှစ်ခုတို့မှာတမန်တော်ဝတ္ထု၌မကြာခဏ အတူသုံးလေ့ရှိကာ (တမန် ၁၄း၈–၁၀။ ၁၆း၁၆–၁၈၊ ၂၅၊ ၂၆။ ၂၀း၉–၁၂။ ၂၈း၈–၉) ဧဝံဂေလိတရား၌ ဘုရား သခင်၏တန်ခိုးအလုပ်လုပ်ပုံကိုဖော်ပြသည် (၂ကော ၁၂း၁၂)။ ၎င်းစကားလုံးနှစ်လုံးမှာအဓိပ္ပာယ်တူသယောင်ရှိ သည်။ အတိအကျမှာအံ့ဩဘွယ်ရာ(သို့မဟုတ်) လူများပြောင်းလဲသွားကြခြင်းဘယ်ဟာဖြစ်ကြောင်းမသေချာချေ။ နောက်တဖန်ဤနေရာ၌လည်း၎င်းသည်ပေါလု၏တမန်တော်အရာနှင့်ဆိုင်၍ တင်းမာမှုရှိကြောင်းအရိပ်အမြွက်ပြ ခြင်းဖြစ်နိုင်သည်။ ဘုရားသခင်သည်ဆယ့်နှစ်ပါးတို့လုပ်သည့်အရာကို ယေရုရှလင်မြို့၌အတည်ပြုခဲ့သည့် နည်းတူတပါးအမျိုးများအတွင်းပေါလု၏အလုပ်ကိုလည်းမြင်နိုင်သော နိမိတ်လက္ခဏာများဖြင့်အတည်ပြုသည်။

□ **"ခရစ်တော်၏ဧဝံဂေလိတရားကိုအကုန်အစင်ဟောပြောခဲ့ပြီ။"** ၎င်းမှာ *pleroo* ၏ PERFECT ACTIVE INFINITIVE တစ်ခုဖြစ်သည်။ (အငယ် ၁၄) ၎င်းသည်မြေထဲပင်လယ်အရှေ့ဖက်ဒေသ၌ဧဝံ ဂေလိတရား ဟောရန် တာဝန်ပြီးစီးခဲ့ပြီဖြစ်သည်ဟုပေါလုယုံကြည်သည်ဆိုသောသဘောသက်ရောက်သည်။ (ငယ် ၂၃)။

□ **"ဣလုရိတ်ပြည်တိုင်အောင်"** ရောမနယ်တနယ်ဖြစ်ပြီးဒမာရိ – Dalmatia နယ်ဟုလည်းခေါ်သည်။ ဂရိ ကျွန်းဆွယ် (မာကေဒိုနီးယား) အနောက်မြောက်ပိုင်းအရေစ် (Adriatic) ပင်လယ်၏အရှေ့ဖက်၌တည်ရှိသည်။

ဤဒေသ၌ပေါလုတရားဟောခဲ့ကြောင်း တမန်တော်ဝတ္ထု၌ မဖော်ပြခဲ့ဘူးသော်လည်း ဤနေရာ၌မူပြောပါသည် (၂၀း၁–၂)။ သို့မဟုတ် "နယ်မြေ၌" ဟုဆိုလိုခြင်းဖြစ်နိုင်သည်။

**၁၅း၂၀ "သို့ဖြင့်...ခရစ်တော်၏နာမတော်အားမကြားဘူးသောအရပ်တို့၌ ဧဝံဂေလိတရားဟောရန်ပြင်းပြစွာဆန္ဒရှိသည်"** ၎င်းမှာတလျှောက်လုံးပေါလု၏ သာသနာပြုလုပ်ငန်းနည်းဗျူဟာဖြစ်လေ့ရှိသည်။ (၁ကော ၃း၁၀။ ၂ကော ၁၀း၁၅–၁၆)။ သူသည်သတင်းကောင်းကြားရန်နှင့် လက်ခံရန်အခွင့်အရေးမရခဲ့ဘူးသူ သာသနာပလူများအားဧဝံဂေလိသတင်းကောင်းဟောပြောလိုသည်။ သူသည်မဟာဗျူဟာကျသောရောမ အင်ပါယာအတွင်းကြီးမားသော၊ မြို့ကြီးများကိုရွေးချယ်လေ့ရှိသည်။ အကြောင်းမှာပတ်ဝန်းကျင်နယ်များ၌သတင်းကောင်းပြန့်နှံ့စေကာ၊ တပည့်တော်ဖြစ်စေနိုင်ရန်ဖြစ်သည်။

**၁၅း၂၁** ၎င်းမှာ Septuagint ၏ဟေရှာယ ၅၂း၁၅ မှကိုးကားချက်ဖြစ်ပြီး ဘုရားသခင်အကြောင်းတပါးအမျိုးသားများကြားရခြင်းအကြောင်းပြောခြင်းဖြစ်သည်။ ပေါလုသည်ဤအနာဂတ္တိစကားကို မိမိသာသနာပြုလုပ်ငန်း၏မဟာဗျူဟာအဖြစ်သုံးသည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၅း၂၂–၂၉** [၂၂] ဤအကြောင်းကြောင့် သင်တို့ဆီငါလာရန်မကြာခဏတားဆီးခံရသည်။[၂၃] သို့သော်ယခု၌မူဤနယ်မြေများ၌နောက်ထပ်နယ်မြေ မကျန်တော့သဖြင့်သင်တို့ဆီလာချင်သည်မှာ နှစ်ပေါင်းများစွာကတည်းကဖြစ်သည်။[၂၄] စပိန်နိုင်ငံသို့ငါသွားသည့်အခါ၊ သင်တို့ဆီကိုလာကာ၊ သင်တို့နှင့် အတူအတော်အတန်နေပြီးလျှင်၊ ထိုအရပ်သို့ငါသွားရာတွင် သင်တို့၏ကူညီမှုရရှိရန်မျှော်လင့်သည်။[၂၅] ယခု၌မူသန့်ရှင်းသူတို့ကိုကူညီရန် ယေရုရှလင်မြို့သို့ငါသွားဦးမည်။[၂၆] အကြောင်းမှာယေရုရှလင်မြို့၌ သန့်ရှင်းသူများအနက် ဆင်းရဲသောသူများအားမာကေဒေါနိနှင့် အခါယပြည်သားတို့သည်အကူအညီပေးလိုကြသည်။[၂၇] ဟုတ်ပါသည်။ သူတို့ထိုသို့လုပ်လိုစိတ်ရှိကြကာ၊ သူတို့ပေါ်ကြွေးတင်သူများလည်းဖြစ်ကြသည်။ အကြောင်းမှာတပါးအမျိုးသားတို့သည်သူတို့၏ဝိညာဉ်ရေးကိစ္စကိုဝေမျှရရှိကြသည်ဆိုလျှင်၊ သူတို့သည် မိမိတို့၏ပစ္စည်းဥစ္စာများဖြင့်သူတို့ကိုအလုပ်အကျွေးပြုရန် အကြွေးတင်ရှိကြသည်။[၂၈] ထို့ကြောင့်ဤကိစ္စငါဖြည့်ဆည်းပေးကာ၊ သူတို့၏ဤအသီးအပေါ်ငါ၏တံဆိပ်ခပ်နှိပ်ပြီးလျှင်သင်တို့ဘက်လမ်းကိုလိုက်၍စပိန်ပြည်သို့ငါသွားမည်။[၂၉] သင်တို့ဆီငါလာသောအခါခရစ်တော်၏ကောင်းကြီးမင်္ဂလာအပြည့်ဖြင့်ရောက်လာ မည်ကိုငါသိ၏

**၁၅း၂၂ "ဤအကြောင်းကြောင့်"** ဤအကြောင်းအငယ် ၂၀ ၌ရှင်းလင်းသည်။

☐ **"မကြာခဏတားဆီးခံရသည်"** ၎င်းမှာ IMPERFECT PASSIVE INDICATIVE တစ်ခုဖြစ်သည်။ သူထပ်ခါတလဲလဲတားဆီးပိတ်ပင်ခြင်းခံရသည် (၁း၁၃)။ အကြောင်းရင်းမဖော်ပြချေ။ ၎င်းမှာဘုရား သခင်ဖြစ် နိုင်သည်။ စာတန်မကောင်းသောလူများ (သို့) အခြားသောသတင်းကောင်းဟောရန်အခွင့်ကောင်းများဖြစ်နိုင်သည်။

ပေါလုသည်ရောမဩဝါဒစာကို မိမိကောရိန္သုမြို့၌နေစဉ်ရေးသားခြင်းဖြစ်ကြောင်းသတိရပါ။ ပေါလုသည် မိမိစီစဉ်ထားသောခရီးစဉ်များအတိုင်း၊ မသွားနိုင်ခဲ့သဖြင့်ကောရိန္သုမြို့ရှိ သူ့အားဆန့်ကျင်သူများကတိုက်ခိုက်ကြသည်။ ကောရိန္သုအသင်းတော်အတွင်းမှတိုက်ခိုက်မှုများသည်ပေါလုကိုအမှန်ပင်ထိခိုက်သွားသည်။ မိမိခရီးစဉ်များထပ်ခါတလဲလဲတားဆီးပိတ်ပင်ခံရပုံအား ဖော်ပြခြင်းဖြစ်နိုင်သည်။

**၁၅:၂၃ "သို့သော်ယခု၌မူဤနယ်မြေများ၌နောက်ထပ်နယ်မြေမကျန်တော့"** ဤအကြောင်းကို အာရှမိုင်းနား (ဝါ) မြေထဲပင်လယ်အရှေ့ဖက်နယ်မြေအဖြစ်ဒေသကန့်သတ်ရန်ဖြစ်သည်။ ပေါလုသည်ဤဒေသများ၏နေရာတိုင်း၊ လူတိုင်းအားတရားဟောခဲ့ခြင်းမဟုတ်ဘဲ၊ ဒေသအချို့၊ လူ့အချို့အားဟောပြောခဲ့ခြင်းဖြစ်သည်။

☐ **"သင်တို့ဆီလာချင်သည်မှာ နှစ်ပေါင်းများစွာကတည်းကဖြစ်"** ၏။ ပေါလုသည်ရောမမြို့သို့ သူသွားလိုကြောင်းမကြာခဏဖော်ပြသည်။ (၁:၁၀–၁၅။ တမန် ၁၉:၂၁။ ၂၃:၁၁)။

UBS[4] ၏စီစစ်မှု အောက်ခြေမှတ်စု၌မပါဝင်သော မျိုးကွဲဂရိလက်ရေးကျမ်း တစ်ခုဤအချက်၌ရှိ သည်။ ဂရိလက်ရေးကျမ်းများဖြစ်သည် MSS P[46], Aleph, A, D, F, G & L တို့၌ အငယ် ၂၂ ၌သုံးသော "အများအပြား" (polus) စကားလုံးပါရှိသော်လည်း MSS B, C & P တို့၌ "အတော်များများ" several (*ikanos*) ဟူ၍ပါရှိသည်။ နောက်ပိုင်း ကျမ်းကူးဆရာများသည်ပေါလု၏ အလွန်အကျွံ ပြောဆိုမှုကို စိတ်အနှောင့်အယှက်ဖြစ် ကြသည်နှင့် တူပါသည်။

**၁၅:၂၄ "စပိန်နိုင်ငံသို့ငါသွားသည့်အခါ"** ပေါလုသည်ရောမအင်ပါယာ၏ အနောက်ဘက်နယ်များသို့သွားလိုသည်။ (၂ကော ၁၀:၁၆) တမန်တော်ဝတ္ထုအဆုံးတွင်ရောမမြို့၌အကျဉ်းကျခံရာမှ သူလွတ်မြောက်ကာစတုတ္ထအကြိမ်မြောက်သာသနာပြုခရီးစဉ်ထွက်ခဲ့သည်။ သင်းအုပ်ဩဝါဒစာများ (၁တိမောသေ၊ ၂တိမောသေနှင့် တိတု) ကိုထိုစဉ်ကရေးခဲ့ခြင်းဖြစ်သည်။ အချို့ဂရိစာလုံးကြီးကျမ်းများဖြစ်သည့် Aleph, C နှင့် Latin Vulgate, Coptic ဘာသာပြန်ကျမ်းတို့၌ဤနေရာတွင် "ဂေါလ်ပြည် (Gaul)" ဟုပါရှိရာ ၂တိ ၄:၁၀ သည် ဤအကြောင်းရည်ညွှန်း ခြင်းဖြစ်နိုင်သည်။ ပထမရာစုမကုန်မီစာရေးသော Clement of Rome (Ad Cor 5:7) သည်မိမိ၏ "ကောရိန္တုမြို့ သို့ပေးစာ" ၅:၇ ၌ပေါလုသည် "အနောက်ဖက်သို့မဖြစ်မနေသွားလိုသည်" ဟုအခိုင်အမာဖော်ပြသည်။

☐ **"ထိုအရပ်သို့သွားရာတွင်သင်တို့၏ကူညီမှုရရှိ"** ခရီးလှည့်လည်သွားလာသူသာသနာပြုဆရာများအားသူတို့သွားရန်အရပ်များသို့အကူအညီပေးသော အသင်းတော်များအတွင်းဤစကားစုမှာ သုံးနေကျအသုံးအနှုန်းဖြစ်လာသည်။ (တမန်တော် ၁၅:၃။ ၁ကော ၁၆:၆၊၁၁။ ၂ကော ၁:၁၆။ တိတု ၃:၁၃။ ၃ယော၆)။ ယေရုရှလင်အသင်းတော်မှမပို့နိုင်သော်လည်း အနောက်ပိုင်းသို့ပေါလုသာသနာပြုခရီးသွားခြင်းအတွက်မှုသူတို့သည်ငွေကြေးထောက်ပံ့နိုင်ကြလိမ့်မည်။

**၁၅:၂၅ "သန့်ရှင်းသူတို့ကို ကူညီရန်"** ဤစကားလုံးကို ရံပုံငွေရှာခြင်း ကိစ္စ၌သုံးလေ့ရှိပါသည်။ (ငယ် ၃၁။ ၁ကော ၁၆:၁၅။ ၂ကော ၈:၄။၉:၁)။ အထူးအကြောင်းအရာ။ ။ သန့်ရှင်းသူများ၁:၇၌ကြည့်ပါ။

**၁၅:၂၆ " ယေရုရှလင်မြို့သန့်ရှင်းသူများအနက် ဆင်းရဲသူများအား ...... ကူညီ"** ပေါလုသည် ဤအလှူငွေကောက်ခံမှုကိုနှစ်ပေါင်းအတော်များများမှစ၍ (၁) ဂလာတိနှင့် အာရှမိုင်းနားဒေသမှ (၁ကော ၁၆:၁–၄) လည်းကောင်း (၂) မာကေဒေါနိနှင့် အခါယပြည်တို့မှလည်းကောင်း (၂ကောရိန္တု ၈–၉) ရရှိလာခဲ့သည်။ (အထူးအကြောင်းအရာ။ ။ *Koinōnia* ၁၂:၁၃ ၌ ကြည့်ပါ။) သူသည်ထိုအကြံကို အန္တိအုတ်မြို့မှရခဲ့ခြင်းဖြစ်သည်။ (တမန် ၁၁:၃၀။ ၁၂:၂၅)။ ၎င်းမှာကနဦးအသင်းတော်၏ တောင်ပံနှစ်ရပ်ဖြစ်သောဂျူးနှင့် တပါးအမျိုးသားတို့အကြားညီညွတ်မှုအတွက်ကူညီရန်ဖြစ်သည်။ တပါးအမျိုးသားအသင်းတော်များသည်ထိုသို့ပြုရခြင်းအား "ဝမ်းမြောက်ကြသည်" ဟုဖော်ပြသည်။ (အငယ် ၂၆၊၂၇)။ အောက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

---

**အထူးအကြောင်းအရာ။ ။ အငတ်ဘေး**

**၁။ အဖွင့်မိတ်ဆက်**

က။ အငတ်ဘေးသည်လူသားနှင့် ဖန်ဆင်းခြင်း၏ကျဆင်းသောအခြေအနေကိုအမြဲသတိရစေသောအချက်တစ်ခုဖြစ်သည်။

---

ခ။ အငတ်ဘေးသည်ဆိုးသွမ်းမှုနှင့် ဒုက္ခဆင်းရဲခံခြင်း၏မျက်နှာစာတစ်ခုဖြစ်သည်။ ၄င်း၏အကြောင်းရင်းမှာဘုရားသခင်ကြောင့်မဟုတ်ဘဲ၊ လူသားကြောင့်ဖြစ်သည်။ ဘုရားသခင်သည်မိမိ၏ပဋိညာဉ်ခံလူမျိုးတော်အားဆုချရန် (ဝါ) ဒဏ်ခတ်ရန်စိုက်ပျိုးရေးဆိုင်ရာကောင်းချီးမင်္ဂလာ (သို့) ကျိန်ဆဲခြင်း အမင်္ဂလာကိုသုံးခဲ့သော်လည်း (တရားဟော ၂၇–၂၈) ၄င်းမှာယေဘုယျအားဖြင့် ယုံကြည်သူများ၌ထိုသို့မဟုတ်ချေ။ (မဿဲ ၅း၄၅)။ အငတ်ဘေးသည် ရုပ်ဝါဒီလူသားများ၏လောဘနှင့် အတ္တဆန်ခြင်း၏အခြားပြယုဂ်တစ်ခုဖြစ်သည်။ အငတ်ဘေးသည်အစားအစာဆိုင်ရာ ပြဿနာသက်သက်မဟုတ်ဘဲ လူသားများ၏ပြုမူရခြင်း၏ အကြောင်းတရားနှင့်ဦးစားပေးအရာ များနှင့်ဆိုင်သည်။

ဂ။ အငတ်ဘေးသည်ဘုရားသခင်၏ မေတ္တာတော်ကိုပြသရေးအတွက်ရွေးချယ်ခံလူသားများ၏အခွင့်ကောင်းတစ်ရပ်ဖြစ်သည်။ အသင်းတော်နှင့် လောကကြီး၏ရုပ်ပိုင်းဆိုင်ရာလိုအပ်မှုများအပေါ်ယုံကြည်သူများ၏တုံ့ပြန်မှုများသည် မိမိတို့မည်သူဖြစ်ကြောင်း ကမ္ဘာကြီးအားပြသသည်။

**၂။ သမ္မာကျမ်းစာထဲအကြောင်းအရာများ**

က။ ဓမ္မဟောင်းကျမ်း

၁။ မောရှေ

(က) ရှေးခေတ်အစ္စရေး၏ဆယ်ဘို့တစ်ဘို့အလှူပေးရခြင်း၏ အကြောင်းရင်းသုံးခုအနက်တစ်ခုမှာဆင်းရဲသားများအတွက်ဖြစ်သည်။ (တရားဟော ၁၄း၂၈–၂၉)။

(ခ) ပည္တတ္တိကျမ်း၌ဆင်းရဲသားများစားရန် အထူးထောက်ပံ့မှုများရှိသည်။ ထွက် ၂၃း၁၁။ ဝတ်ပြု ၁၉း၁၀။ ၂၃း၂၂။ တရားဟော ၂၄း၁၉–၂၂။

(ဂ) ပည္တတ္တိကျမ်းသည် ဆင်းရဲသားများအတွက် တန်ဘိုးနည်းယဇ်ပူဇော်မှုများအထူး ပြင်ဆင်ပေးသည်။ (ဝတ်ပြု ၁၄း၂၁)။

(ဃ) အစ္စရေးသည်မရှိဆင်းရဲသားများအပေါ်သနားကာ မိမိတို့၏ စိတ်နှလုံးတံခါးဖွင့်ပေးရန်ဖြစ်သည်။ (တရားဟော ၁၅း၇–၁၁။ ယောဘ ၂၉း၁၆။ ၃၀း၂၅။ ၃၁း၁၆–၂၃)။

၂။ ပညာဆိုင်ရာကျမ်းများ၌

(က) ဆင်းရဲသားများကိုကူညီတတ်သူများအတွက်သာဖြစ်သောအထူးကောင်းချီးမင်္ဂလာများရှိသည်။ (ဆာလံ ၄၁း၄)။

(ခ) ဆင်းရဲသားများကို ကူညီပေးခြင်းမှာဘုရားသခင်ကိုကူညီခြင်းဖြစ်သည်။ (သုတ္တံ ၁၄း၃၁။ ၁၇း၅။ ၁၉း၁၇)။

၃။ ပရောဖက်ကျမ်းများ၌

(က) လူမှုရေးတရား မျှတမှုနှင့် မရှိဆင်းရဲသားများအားသနာကြင်နာခြင်း ပုံစံမျိုးဖြင့်သူ့အားဝတ်ပြုကိုးကွယ်ရန် ဘုရားသခင်မိန့်ဆိုသည်။ (ဟောရှာ ၅၈း၆–၇။ မိက္ခာ၆း၈)။

(ခ) ဘုရားသခင်၏ သတင်းစကားဖြစ်ကြောင်းပြသသော နိမိတ်လက္ခဏာတစ်ခုမှာ၄င်းကိုဆင်းရဲသားများနှင့် ချို့တဲ့သူများထံဟောပြောခြင်းဖြစ်သည်။ (ဟောရှာ ၆၁း ၁–၂)

(ဂ) လူမှုရေးဆိုင်ရာခေါင်းပုံဖြတ်မှုများကို ဘုရားသခင်၏ပရောဖက်များကဆန့်ကျင်ရှုံ့ချလေ့ရှိကြသည်။ (အာမုတ် ၂း၆–၈။ ၅း၁၀–၁၃။ မိက္ခာ)

ခ။ ဓမ္မသစ်ကျမ်း

၁။ ခရစ်ဝင်ကျမ်းများ

(က) ဆင်းရဲသားများအားကူညီရန် အကြံပေးတိုက်တွန်းသည်။ (မာကု ၁၀း၂၁။ လုကာ ၃း၁၁)။

(ခ) ကျွန်တော်တို့အပေါ်လူမှုရေးဆိုင်ရာစီရင်ချက်သည် အခြားသူများပေါ်ယေရှု၏နာမတော်ဖြင့်ချစ်ခြင်းအပေါ်အခြေပြုသည်။ အမှန်မှာအခြားသူများကိုကူညီခြင်းမှာယေရှုအား ကူညီခြင်းဖြစ်သည်။ (မဿဲ ၂၅း၃၁–၄၆)။

(ဂ) မာကု ၁၄း၇ အားယေရှုသည် ဆင်းရဲသားများကို စိုးရိမ်ကြောင့်ကျမှုချို့တဲ့သူဖြစ်ကြောင်းပြသမှုအဖြစ်သုံးခြင်းမှာ ကြီးမားလှသောနားလည်မှုလွဲမှားခြင်းဖြစ်သည်။ ၄င်းသည် ယေရှုအားမည်သည့်အရာနှင့်မျှ နှိုင်း၍မရသူဖြစ်ကြောင်းပြသမှုဖြစ်ကာ၊ ဆင်းရဲသားများကို လျှော့၍ပြောခြင်းမဟုတ်ချေ။

(ဃ) ဟေရှာယ ၆၁း၁–၂ သည်ဘုရားသခင်၏သတင်းတော်ကိုလက်ခံသူတို့သည်လူမှုရေးအရပိုင်း ပယ်ခံမည်ဖြစ်ကြောင်းပေါ်လွင်စေသည်။ (လုကာ ၄း၁၈။ ၇း၂၂။ ၁၄း၂၁)။

၂။ ပေါလု

(က) ယေရုရှင်လင်မြို့အသင်းတော်ရှိဆင်းရဲသားများအတွက် ချစ်ခြင်းမေတ္တာအထူးအလှူငွေ တစ်မျိုး အကြောင်းကိုပေါလုသည်ဆီးရီးယားပြည်ဘန္တိအုတ်မြို့မှရရှိခဲ့သည်။ (ရောမ ၁၅း၂၆။ ၁ကော ၁၆း၁။ ၂ကော ၈း၄၊ ၆၊ ၁၉။ ဂလာ ၂)။

(ခ) ပေါလုသည်ကျေးဇူးတော်၊ ယုံကြည်ခြင်းနှင့် လုပ်ဆောင်မှုတို့ကို အလေးအနက်ပြောသည်။ (ဧဖက် ၂း၈–၁၀)။

၃။ ယာကုပ် ( ဓမ္မသစ်၏ပညာကျမ်း)

(က) လူမှုရေးသိတတ်ခြင်းမရှိဘဲ ခရစ်တော်မှတဆင့်ဘုရားသခင်ကိုယုံကြည်ခြင်းမှာရောဂါသည်ဖြစ်၏။ (ယာကုပ် ၂း၁၄–၁၇)။

(ခ) သူပြောသည်မှာ အကျင့်မပါသော ယုံကြည်ခြင်းသည်သေဆုံးသည်ဟူ၍ဖြစ်၏။

၄။ ယောဟန်

(က) ၁ယောဟန်ဩဝါစာ၌ အခိုင်အမာပြောသည်မှာခရစ်ယာန်ဖြစ်ကြောင်းစိတ်ချရမှု မှာယုံကြည်ခြင်း နှင့် ဆောင်ရွက်ခြင်းအားဖြင့် ပြောင်းလဲသောဘဝအသက်တာပေါ်အခြေပြုသည်ဟူ၍ဖြစ်၏။ (၁ယော ၃း၁၇–၁၈)။

**၃။ နိဂုံးချုပ်**

က။ လူသား၏ဆင်းရဲဒုက္ခကြီးနှင့် ချို့တဲ့မှုများမှာလူသား၏အပြစ်ကြောင့်ဖြစ်သည်။ အင်္ဂတ်ဘေး၌မျက်နှာစာအတော်များများရှိသည်။

(၁) မိုက်မဲသော အကျင့်အကြံ (သုတ္တံ ၁၉း၁၅)။

(၂) ဘုရားသခင်၏ ဒဏ်ခတ်မှု (တရားဟော ၂၇–၂၈)။

(၃) ဝိညာဉ်ရေးရာ အမှုဆောင်ရွက်ခြင်းနှင့် ဆိုင်သည် (၂ကော ၁၁း၂၇)။

(၄) လူမှုဆိုင်ရာအခြေအနေများ (လောဘကြီးခြင်း၊ အယူအဆဆိုင်ရာများ... စသဖြင့်)

(၅) ရုပ်ဝတ္ထုဆိုင်ရာအခြေအနေများ (အင်္ဂတ်ဘေး၊ ရေကြီးခြင်း၊ မိုးဃ်းသီးများ ... စသဖြင့်)

ခ။ ဘုရားသခင်သည် လူများကိုအမှန်ပင်ဂရုစိုက်သည်။ သူသည်ချို့တဲ့သူများကိုအထူးတလည် ချစ်တော်မူသည်။

ဂ။ လက်တွေ့ဆောင်ရွက်သောအသင်းတော်သည်လူသားများ၏လိုအပ်မှုများ (ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်း) ဖြည့်ဆည်းရာ၌ ဘုရားသခင်ပေးသောအဖြေဖြစ်သည်။
(၁) လူကိုယ်တိုင် တိုက်ရိုက်လုပ်ဆောင်ခြင်း
(၂) အသင်းတော်အနေဖြင့် အစုအပေါင်းနှင့် ဆောင်ရွက်ခြင်း
(၃) အပြောင်းအလဲပြုရန် နိုင်ငံရေးအဖွဲ့အစည်းများ
ဃ။ ကျွန်ုပ်တို့သည် မိမိတို့၏ယဉ်ကျေးမှုနှင့် လူတစ်ဦးချင်းဆိုင်ရာဦးစားပေးမှုများကို တန်ဘိုးဖြတ်ရာတွင်သမ္မာကျမ်းစာ၏ အလင်းထဲ အဆုံးအဖြတ်ပြုကြရပါမည်။ (၂ကောရိန္သု ၈–၉)။
င။ ကျွန်ုပ်တို့သည်ပြည်တွင်းပြည်ပအသင်းတော်နှင့် လောကထဲလူသားများ၏လိုအပ်မှုများအတွက် မိမိတို့၏ မျက်လုံးများ၊ နလုံးသားများနှင့် လက်များဖွင့်ထားရ ပါမည်။
စ။ ကူညီမှုဟူသည် မဟာစေခိုင်းတော်မူခြင်းအလင်းထဲတွင်ခရစ်တော်အထဲရှိသူကျွန်တော်တို့နှင့် ဆက်စပ်နေရပါမည်။ (မဿဲ ၂၈း၁၈–၂၀)။ အကူအညီဟူသည်ရုပ်ပိုင်း၊ ဝိညာဉ်ပိုင်းနှစ်မျိုးစလုံးအတွက်ဖြစ်ရပါမည်။

**၁၅း၂၇ "ဆိုလျှင်"** ၎င်းမှာပထမတန်းစား ချွင်းချက်ပါ ဝါကျမျိုးဖြစ်ပြီး၊ စာရေးသူအမြင်၌ မှန်သည်ဟု မှတ်ယူသောအရာ သို့မဟုတ် စာရေးသူ၏ရေးဟန်ဖြစ်သည်။ တပါးအမျိုးတို့သည် ဂျူးလူမျိုးများ၏ ဝိညာဉ်ကောင်းချီးများရရှိကြသည်ဆိုလျှင် (ရောမ ၁၀–၁၁) သူတို့သည် ယေရုရှလင်မြို့ ရှိမိခင်အသင်း တော်၏ ရုပ်ပိုင်းလိုအပ်မှုများကူညီကြရမည်သာဖြစ်သည်။

**၁၅း၂၈**

**NASB** **"ဤကိစ္စဖြည့်ဆည်းပေးကာ၊ သူတို့၏ ဤအသီးပေါ်ငါ၏တံဆိပ်ခတ်နိုပ်ခဲ့ပြီးလျှင်"**
**NKJV** **"ဤကိစ္စလုပ်ကိုင်ဆောင်ရွက်ပြီး၊ ဤအသီးကိုသူတို့ထံ တံဆိပ်ခတ်နိုပ်ပြီးလျှင်"**
**NRSV** **"ဤကိစ္စပြီးအောင် ဆောင်ရွက်ကာ၊ ကောက်ခံရရှိသည့်အရာကို သူတို့ထံအပ်နှံခဲ့ပြီးလျှင်"**
**TEV** **"ဤတာဝန်ကို ငါပြီးစီးကာ၊ ကောက်ခဲ့သမျှ ငွေအားလုံးသူတို့ကို အပ်ခဲ့ပြီးသည့်အခါ"**
**NJB** **"သို့ဖြင့်ဤကိစ္စပြီးစီးကာ၊ ကောက်ခံသည့်အရာကို သူတို့လက်ထဲအလုပ်သဘောအရအပ်နှံခဲ့ ပြီးသည့်အခါ"**

၎င်းမှာ AORIST PARTICIPLE တစ်ခုနှင့် AORIST MIDDLE PARITICPLE တစ်ခုဖြစ်သည်။ အထုပ်တစ်ထုတ်အားအထဲထည့်ထားသည့်အရာများ လုံခြုံကြောင်းသေချာစေရန် တံဆိပ်နိုပ်ခြင်းကိုရည်ညွှန်းသည်။
၎င်းမှာပေးခဲ့သမျှငွေများအားလုံးပိုကာလက်ခံရရှိစေရန်ပေါလုသုံးသောနည်းဖြစ်နိုင်သည်။ ဤကိစ္စသေချာစေရန် ပေါလုသည်အကူအညီပေးသောအသင်းတော်များမှာ ကိုယ်စားလှယ်အချို့ကိုပါခေါ်သွားသည်။ (တမန်တော် ၂၀း၄)။

"တံဆိပ်" အကြောင်းအထူးအကြောင်းအရာ ၄း၁၁ ၌ကြည့်ပါ။

**၁၅း၂၉** ဂရိစကားလုံး *Plēroō/plērōma* ကိုပြန်သုံးကြောင်းမှတ်သားပါ။ အငယ် ၁၄ မှတ်ချက်၌ကြည့်ပါ။

☐ **"ခရစ်တော်၏ကောင်းချီးမင်္ဂလာ"** ၎င်းသည်ဧဝံဂေလိသတင်းကောင်းဟောကြားခြင်း၊ သွန်သင်ခြင်းအားဖြင့်ရရှိသောကောင်းချီးမင်္ဂလာကိုရည်ညွှန်းသည်။ ၎င်းသည်ဆုတောင်းချက်သဘောပြောခြင်းမဟုတ်ချေ။

ဤအကြောင်းပိုရှင်းလည်းသဘောပေါက်စေရန် "ခရစ်တော်၏ဧဝံဂေလိတရား၏ကောင်းချီးမင်္ဂလာ" ဟူသောစကားစုကိုအချို့ရှေ့ဟောင်းဂရိမူရင်းစာများ၌ဖြည့်စွက်ကြသည်။ (MSS Aleph[2], NKJV)

ပို၍တိုတောင်းသော မူရင်းစာကို MSS Aleph*, A, B, C, D, F, G, တို့၌တွေ့ရသည်။ UBS[4] သည်ပို၍တိုသောစာကို " A " (သေချာ) အဆင့်သတ်မှတ်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၅း၃၀–၃၃**

**[၃၀] ညီအစ်ကိုတို့၊ ငါနှင့်အတူကြိုးစားကာ၊ ငါ့အတွက်ဘုရားသခင်ထံဆုတောင်းပေးပါမည့်အကြောင်း၊ ငါတို့၏သခင်ယေရှုခရစ်တော်နှင့် ဝိညာဉ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့်သင်တို့ကို ငါတိုက်တွန်းနိုးဆော်၏။ [၃၁] ယုဒပြည်ရှိ မနာခံသူတို့လက်မှ ငါသည်ကယ်နှုတ်ခြင်းရမည့်အကြောင်းနှင့် ယေရုရှလင်မြို့အတွက် ငါ၏ဆောင်ရွက်မှုသည်သန့်ရှင်းသူတို့အတွက်လက်သင့်ခံနိုင်ဘွယ်ရာဖြစ်ကြောင်း သေချာစေရန်နှင့် [၃၂] ငါသည်ဘုရားသခင်၏အလိုတော်အားဖြင့်သင်တို့ထံဝမ်းမြောက်စွာလာရောက်ကာ၊ သင်တို့နှင့်အတူပေါင်းဖော်ခြင်းအားဖြင့်ပြန်လည်အားပြည့်ကာ၊ အနားရပါမည့်အကြောင်းတည်း။ [၃၃] ငြိမ်သက်ခြင်း၏ ဘုရားသခင်သည်သင်တို့အပေါင်းနှင့် အတူရှိတော်မူစေသတည်း။ အာမင်။**

**၁၅း၃၀ "ငါနှင့် အတူကြိုးစားပါမည့်အကြောင်း ... ငါတိုက်တွန်းနိုးဆော်၏"** ၎င်းတို့မှာ အားကောင်းသော ဂရိဝေါဟာရများဖြစ်သည်။ ပထမဝေါဟာရကို ဂေသရေမန်ဥယျာဉ်၌ ယေရှုကြိုးစားရုန်းကန်းစဉ်၌လည်းသုံးပါသည်။ ဒုတိယဝေါဟာရကို ၁၂း၁ ၌လည်းသုံးပါသည်။ ပေါလုသည်မိမိကိုယ်တိုင်နှင့် ဧဝံဂေလိအမှုတော်အတွက် လိုအပ်ပုံကိုအလေးအနက်ခံစားသိရှိသည်။ (၂ကော ၁း၁၁။ ဧဖက် ၆း၁၈–၂၀။ ကော ၄း၃။ ၁သက် ၅း၂၅။ ၂သက် ၃း၁)။ ခက်ခဲမည်ဖြစ်ကြောင်းယေရုရှလင်မြို့သူ့အတွေ့အကြုံအရသေချာနေသည်။ (ငယ် ၃၁)။ ရောမမြို့သို့သူရောက်ရှိသွားခဲ့သော်လည်းသူထင်ခဲ့သောနည်းလမ်းမျိုးဖြင့်မူမဟုတ်ခဲ့ချေ။ အထူးအကြောင်းအရာ။ ။ ကြားဝင်ဆုတောင်းပေးခြင်း – ၉း၃ ၌ကြည့်ပါ။

**၁၅း၃၀–၃၃** ပေါလု၏ ဆုတောင်းချက်သည် အလိုဆန္ဒသုံးခုဖော်ပြသည်။

၁။ ယုဒပြည်ရှိသူ့ရန်သူများလက်မှ ကယ်နှုတ်ခြင်းရရှိနိုင်ရန် (တမန်တော် ၂၀း၂၂–၂၃)

၂။ တပါးအမျိုးသားအသင်းတော်များမှ လက်ဆောင်ကို ယေရုရှလင်အသင်းတော်သည် ကောင်းမွန်စွာလက်ခံစေရန် (တမန်တော် ၁၅း၁။ ၂၁း၁၇)

၃။ ထို့နောက်၌မူ စပိန်နိုင်ငံသို့သွားရာ၌ ရောမမြို့သို့ သွားရောက်လည်ပတ်ရန်။

**၁၅း၃၀ "ငါနှင့်အတူကြိုးစားကာ"** ဤဝေါဟာရကို ဓမ္မသစ်ကျမ်း၌ ဤနေရာတွင်သာသုံးသည်။ ၎င်းမှာ *sun* စကားလုံး (အတူတကွ) နှင့် *agonizomai* (ပြိုင်ဆိုင်တိုက်ခိုက်၊ စိတ်ထက်သန်စွာအားထုတ် ၁ကော ၉း၂၅။ ကော ၁း၂၉။ ၄း၁၂။ ၁တိ ၄း၁၀။ ၆း၁၂) တို့ကိုပေါင်းစပ်သောစကားလုံးဖြစ်သည်။ ဤပြင်းထန်သော INFINITIVE စကားလုံးသည်တပါးအမျိုးသားများ၏ အလှူကိုယေရုရှလင်မြို့ မိခင်အသင်းတော်သည်လက်ခံနိုင်ရန် ပေါလုနှင့် အတူဒုက္ခခံကာ ဆုတောင်းရန်ရောမအသင်းတော်အား ခေါ်ဖိတ်ခြင်းဖြစ်သည်။

**၁၅း၃၁ " မနာခံသူတို့"** ၎င်းသည် ဂျူးလူမျိုးများ၏ဆန့်ကျင်မှု (ဝါ) ဂျူးဘာသာဝင်တို့ကိုရည်ညွှန်းပြီး၊ ယေဘုယျအားဖြင့် အသင်းတော်ကို ရည်ညွှန်းခြင်းမဟုတ်ချေ။ (၁၁း၃၀၊၃၁)။

**၁၅း၃၂** ပေါလု၏ဆုတောင်းတင်ပြချက်သည် နောက်ထပ်အချက်နှစ်ချက်ဖြင့်အဆုံးသတ်သည်။ (၁) ဝမ်းမြောက်ဝမ်းသာစွာသူတို့ဆီလာနိုင်ရန်နှင့် (၂) သူတို့နှင့်အတူနားနားနေနေ နေဖြစ်ပါမည့်အကြောင်းဖြစ်သည်။ ဤစကားလုံး (AORIST MIDDLE [Deponent] *Sunanapauomai*) ၏ SUBJUNCTIVE ကိုဓမ္မသစ်ကျမ်းတွင် ဤ နေရာ၌သာသုံးသော်လည်း ဟေရှာယ ၁၁း၆ ၌မူသုံးပါသည်။ ပေါလုသည် အငယ် ၁၂

၌ ဟေရှာယ ၁၁း၁၊၁၀ ကိုကိုးကားသည်။ ပေါလုသည်ရင့်ကျက်သောယုံကြည်သူများထံငြိမ်ဝပ်စွာအနားရကာ၊ ပြန်လည်အားပြည့်လာရန် အချိန်တစ်ခုလိုအပ်နေပါသည်။ (၂ကော ၄း၇-၁၂။ ၆း၃-၁၀။ ၁၁း၂၃-၃၃) သို့သော်၄င်းကိုသူမရရှိခဲ့ရှာချေ။ ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းနှင့် နှစ်နှင့်ချီကာအကျဉ်းချခံရခြင်းတို့သည် ပါလက်စတိုင်း၌သူ့အားစောင့်ဆိုင်းလျက် ရှိနေပါကောလား?

ဤအခန်းငယ်၌မှုကွဲလက်ရေးကျမ်းများစွာရှိသည်။

**၁၅း၃၃ " ငြိမ်သက်ခြင်း၏ဘုရားသခင် "** ၄င်းမှာဘုရားသခင်၏ အုံ့သြစရာဘွဲ့နာမတော်ဖြစ်သည်။ (၁၆း၂၀။ ၂ကော ၁၃း၁၁။ ဖိ ၄း၉။ ၁သက် ၅း၂၃။ ၂သက် ၃း၁၆။ ဟေဗြဲ ၁၃း၂၀)။

☐ "အာမင်" အထူးအကြောင်းအရာ ၁း၂၅ ၌ကြည့်ပါ။

## ဆွေးနွေးခြင်းမေးခွန်းများ

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်း <u>လမ်းညွှန်မှု</u> အားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏ တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည်မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်းစာနှင့် ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်းနှင့် ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ဖော်ပြပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန်ကျမ်း ငါးကျမ်းတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များသည် ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ ရည်ရွယ်ချက်အားနားလည်ရန်သော့ချက်ဖြစ်သည်။ ၄င်းမှာ အနက်ဖွင့်ခြင်း၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး၊ စာပိုဒ်၌အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ ---- စသဖြင့်

၁။ ဓမ္မသစ်ယုံကြည်သူများအတွက် ဓမ္မဟောင်းကျမ်းသည်မည်သို့အကျိုးရှိသနည်း? (ငယ် ၄-၅။ ၁ကော ၁၀း၆၊ ၁၁?

၂။ ပေါလုသည် အငယ် ၉-၁၂ ၌အဘယ့်ကြောင့်ဓမ္မဟောင်းကျမ်းကိုကိုးကားသနည်း? ၄င်းကျမ်းပိုဒ်တို့သည် ကြီးမားသောမည်သည့် သမ္မာတရားများသွန်သင်သနည်း?

၃။ ရောမဩဝါဒ၏ ဤအပိုင်းတွင်ဂျူးနှင့် တပါးအမျိုးများအကြားတင်းမာမှု ဘယ်နေရာ၌ပေါ်နေခြင်းဖြစ်နိုင်သနည်း?

၄။ ရောမဩဝါဒစာ၏ ဤအပိုင်းတွင်ပေါလု၏ တမန်တော်အရာ အကြောင်းတင်းမာမှု ဘယ်နေရာ၌ပေါ်နေသနည်း?

၅။ ယေရုရှလင်မြို့အသင်းတော်အတွက် တပါးအမျိုးများလှူဒါန်းကြခြင်းအတွက်ပေါလု၏ အကြောင်းပြချက်မှာအဘယ်နည်း? (ငယ် ၁၅-၂၈)

၆ ပေါလု၏သာသနာလုပ်ငန်းမဟာဗျူဟာမှာ အဘယ်နည်း? အဘယ်ကြောင့်စပိန်ပြည်သို့ သူသွားချင်သနည်း?

၇။ ပေါလုသည် မိမိအလုပ်မှာ ယဇ်ပုရောဟိတ်အလုပ်ကဲ့သို့ဖြစ်ကြောင်းနှင့် (ငယ် ၁၆) ၄င်းသည် ယဇ်ပုရောဟိတ်များ၏နိုင်ငံဖြစ်သောအစ္စရေးနှင့်ဖြစ်စေ (ထွက် ၁၉း၅–၆) သို့မဟုတ် အသင်းတော်နှင့် (၁ပေ ၂း၅၊ ၉။ ဗျာ ၁း၆) ဖြစ်စေမည်ကဲ့သို့အဘယ်ကြောင့် ဆက်စပ်သည်ဟုဖော်ပြကြသနည်း?

၈။ ဘုရားသခင်သည် အငယ် ၃၀–၃၃ ကပေါလု၏ဆုတောင်းချက်ကို အဖြေပေးခဲ့ပါသလား?

# ရောမ ၁၆

**ခေတ်သစ်ဘာသာပြန်ကျမ်းများ၏စာပိုဒ်ခွဲများ**

| UBS$^{4}$ | NKJV | NRSV | TEV | NJB |
|---|---|---|---|---|
| နှုတ်ဆက်စကား | နမဖိဗေကို ထောက်ခံခြင်း | နှုတ်ဆက်ခြင်း | နှုတ်ဆက်ခြင်း | နှုတ်ဆက်ခြင်းနှင့် မေတ္တာပို့ခြင်း |
| ၁၆း၁–၂ | ၁၆း၁–၂ | ၁၆း၁–၂ | ၁၆း၁–၂ | ၁၆း၁–၂ |
| | ရောမသန့်ရှင်းသူ များအားနှုတ်ဆက်ခြင်း | | | |
| ၁၆း၃–၁၆ | ၁၆း၃–၁၆ | ၁၆း၃–၁၆ | ၁၆း၃–၁၆ | ၁၆း၃–၁၆ |
| | | | ၁၆း၅–၇ | ၁၆း၅–၁၆ |
| | | | ၁၆း၈–၁၁ | |
| | | | ၁၆း၁၂–၁၅ | |
| | | | ၁၆း၁၆ | |
| | ကွဲပြားစေသူကို ရှောင် | | နောက်ဆုံးမိန့် မှာချက်များ | သတိပေးခြင်းနှင့် ပထမဖြည့်စွက်စကား |
| ၁၆း၁၇–၂၀ | ၁၆း၁၇–၂၀ | ၁၆း၁၇–၂၀ | ၁၆း၁၇–၂၀ | |
| | ပေါလုမိတ်ဆွေများ ၏နှုတ်ဆက်စကား | | ၁၆း၁၇–၂၁ | |
| ၁၆း၂၁–၂၃ | ၁၆း၂၁–၂၄ | ၁၆း၂၁ | | ၁၆း၂၁–၂၃ |
| | | ၁၆း၂၂ | ၁၆း၂၂ | |
| | | ၁၆း၂၃ | ၁၆း၂၃ | |
| ဘုန်းတော်ဘွဲ့ | ကောင်းချီးပေးခြင်း | | ချီးမွမ်း၍ အပိတ်ဆုတောင်း | ဘုန်းတော်ဘွဲ့ |
| ၁၆း၂၅–၂၇ | ၁၆း၂၅–၂၇ | ၁၆း၂၅–၂၇ | ၁၆း၂၅–၂၆ | ၁၆း၂၅–၂၇ |
| | | | ၁၆း၂၇ | |

**အကြော့လိုက်ဖတ်ရှုခြင်း (စာ Viii ၌ ကြည့်ပါ)။**

*မူရင်းစာရေးသူ၏ စာပိုဒ်အလိုက် ရည်ရွယ်ချက်အား နားလည်ခြင်း*

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်း <u>လမ်းညွှန်မှု</u> အားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏ တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည်မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်းစာနှင့်ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာပုံချရန်မဟုတ်ချေ။

ဤအခန်းကြီးကို တစ်ထိုင်တည်းနှင့် ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ဖော်ပြပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန်ကျမ်း ငါးကျမ်းတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များသည်ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ ရည်ရွယ်ချက်အားနားလည်ရန်သော့ချက်ဖြစ်သည်။ ၎င်းမှာ အနက်ဖွင့်ခြင်း၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး၊ စာပိုဒ်၌အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်
၃။ တတိယစာပိုဒ်
၄။ ---- စသဖြင့်

## အငယ် ၁း၂၇ အားကျမ်းစကားအဆက်အစပ်ဖြင့် နားလည်ရခြင်း။

က။ ဤနောက်ဆုံးပိတ်ကဏ္ဍာ၌ပါရှိသူ အမျိုးသမီးများအားလုံးမှာ ဧဝံဂေလိတရား၌ ပေါလု၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြောင်းမှတ်သားပါ။ (ဖိ ၄း၃)။ ဖိဗေ ငယ် ၁။ ပြစ်ကိလ–ငယ်၃။ မာရိ–ငယ်၆။ ယုနိ–ငယ် ၇။ တရုဖဲနနှင့် တရုဖေါသ–ငယ် ၁၂။ ပေရသိ–ငယ်၁၂။ "သူ၏အမိ" ငယ် ၁၃။ ယုလိ –ငယ်၁၅ နှင့် "သူ့နှမ" –ငယ် ၁၅။ အမျိုးသမီးကဏ္ဍာ၌ ဝါဒစွဲမရှိပါနှင့်။ ယုံကြည်သူအားလုံးဆုကျေးဇူးရရှိသည် (၁ကော ၁၂း၇၊၁၁)။ ယုံကြည်သူအားလုံးအချိန်ပြည့်အမှုတော်ဆောင်များ ဖြစ်သည်။ (ဧဖက် ၄း၁၂)။

ဤစာရင်း၌သင်းထောက်အမျိုးသမီးဖိဗီရှိသည်။ အမျိုးသမီးတမန်တော်ဖြစ်နိုင်သော်ယုနိ (ယောလ ၂း၂၈။ တမန် ၂း၁၆–၂၁)။ ဤကိစ္စအားသမ္မာကျမ်းစာနည်းကျကိုင်တွယ်ရန်ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော်ကွဲပြားနေဟန်ရှိသော်လည်း နှစ်ခုစလုံးအမှန်ဖြစ်သောပေါလု၏ကွဲပြားသည့် ၁ကော ၁၁း ၄–၅ နှင့်၁၄း၃၄ တို့ကဲ့သို့သောဖော်ပြမှုများရှိသည်။

ခ။ ဤနာမည်များ၌ဖြစ်နိုင်ခြေရှိသောမျိုးနွယ်ဆိုင်ရာနောက်ခံများပါရှိသည်။

၁။ ယုံကြည်သူဂျူးများ။ ။ အာကုလ (Aquila)၊ ပြစ်ကိလ (Prisca)၊ အန္ဒြောနိတ် (Andronicus)၊ ယုနိ (Junias)၊ မာရိ (Mary) [အချို့လက်ရေးကျမ်းများ၌မိရိယံ–Mariam]

၂။ ရောမဂုဏ်သရေရှိမိသားစုနာမည်များ။ ။ ပြစ်ကိလ(Prisca)၊ အမ္ပလိ (Ampliatus)၊ အပေလ (Apelles)၊ နာကိသု(Narcissus)၊ယုလိ(Julia)၊ဖိလောလုပ်(Philologus)

၃။ ဂျူးဂုဏ်သရေရှိ မိသားစုနာမည်များ။ ။ အာရိတ္တောဗုလု (Aristobulus)၊ ဟေရောဒျုန် (Herodion)။

ဂ။ အငယ် ၁–၁၆သည်တစ်ဦးချင်းအားပေါလုနှုတ်ဆက်စကားပြောခြင်းဖြစ်ကာ အငယ် ၁၇–၂၀ မှာမူ ဆရာသမားအတုအယောင်များအားနောက်ဆုံးပိတ်သတိပေးခြင်းဖြစ်သည်။ အငယ် ၂၁–၂၃မှာ ကောရိန္သုမြို့မှ သာသနာပြုအဖွဲ့၏နှုတ်ဆက်စကားဖြစ်သည်။

ဃ။ အခန်းကြီး ၁၆ အားပို၍နားလည်နိုင်ရန် F.F.Bruce ရေးသား*သည့် Tyndal New Testament Commentary* များစွာအထောက်အကူဖြစ်သည်။ ဤအခန်းကြီး၌ ပါသောနာမည်များအကြောင်းအသေး စိပ်လေ့လာလိုပါက ထိုစာအုပ်၏စာမျက်နှာ ၂၆၆–၂၈၄ ၌ဖတ်ပါ။

င။ ဤဩဝါဒစာမည်သည့်နေရာ၌ အဆုံးသတ်ကြောင်းသံသယဝင်စရာတချို့ရှိသည်။ ဂရိရေးဟောင်းလက်ရေးကျမ်းများ၌အဆုံးသတ်စကားများသည် အခန်းကြီး ၁၄အပြီး၌ဖြစ်စေ၊ ၁၅အပြီးနှင့် အခန်းကြီး ၁၆ အပြီးတို့၌ပါရှိနေသည်။ (MS $P^{46}$) မည်သို့ဖြစ်စေထုံးတမ်းစဉ်လာအပိတ်စကား ၁၆း၂၅–၂၇ သည် MSS နှင့် $P^{61}$, Aleph, B, C နှင့် D တို့မှာနည်းတူ Clement of Rome (A.D.95) သုံးသည့်ဂရိမူရင်းစာတို့၌ပါရှိ ကြောင်းတွေ့ရသည်။

အငယ်၂၄သည်ပို၍စောသောဂရိလက်ရေးကျမ်းများဖြစ်သည့် $P^{46}$, $P^{61}$, Aleph, A, B, C အပါအဝင် Vulgate (သို့) Origen of Alexandria သုံးသည့်ဂရိမူရင်းစာတို့၌မပါချေ။ ဤကွဲ

ပြားမှုများအကြောင်း အပြည့်အစုံဆွေးနွေးမှုကို Bruce M. Metzger ၏ *A Textual Commentary on the Greek New Testament.* Pp.533-536 ၌ကြည့်ပါ။

## စကားလုံးနှင့်စကားစုလေ့လာမှု

**NASB (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၁၆း၁–၂**

**[၁]ကင်ခြေမြို့ရှိအသင်းတော်၏ အစေခံတစ်ဦးဖြစ်သူငါတို့နှမ ဖိဗေကိုသင်တို့ထံငါထောက်ခံချက်ပေး၏။ [၂]သန့်ရှင်းသူများ၏ထိုက်တန်မှုဖြင့် သူမကိုသခင်ဘုရား၌သင်တို့လက်ခံကာ၊ သူမအတွက်သင်တို့လိုအပ်သမျှ၌သူမကိုသင်တို့ကူညီနိုင်ရန်ဖြစ်၏။ အကြောင်းမှာသူမသည်လူများစွာနှင့်ငါ့ ကိုယ်တိုင်ကိုကူညီသူဖြစ်၏။**

**၁၆း၁ "သင်တို့ထံငါထောက်ခံချက်ပေး၏"** အငယ်၁–၂မှာသင်းထောက်အမျိုးသမီးဖြစ်သူ ဖိဗေအားထောက်ခံသောစာဖြစ်သည်။ သူမသည်ပေါလု၏ဤဩဝါဒစာကို ရောမမြို့သို့ယူလာခြင်းဖြစ်ကောင်းဖြစ်ပေမည်။ သမ္မာသစ်ကျမ်း၌ဤကဲ့သို့သောထောက်ခံစာ (သို့) မိတ်ဆက်စာမျိုးအတော်တော်များများပါရှိသည်။ (တမန်တော် ၁၈း၂၇။ ၁ကော ၁၆း၃။ ၂ကော ၃း၁။ ၈း၁၈–၂၄ နှင့် ဖိ ၂း၁၉–၃၀)။

**"ဖိဗေ"** သူမနာမည်၏အဓိပ္ပာယ်မှာ "တောက်ပသည်" (ဝါ) "အရောင်ဖြာထွက်သည်"ဟူ၍ဖြစ်၏။

☐ **NASB,NKJV "အသင်းတော်၏အစေခံတစ်ဦးဖြစ်သူ"**
**NRSV "အသင်းတော်၏သင်းထောက်တစ်ဦးဖြစ်သူ"**
**TEV "အသင်းတော်ရှိအစေခံသူ"**
**NJB "အသင်းတော်၏သင်းထောက်မတစ်ဦး"**

၄င်းမှာ *diakonos* ခေါ်စကားလုံးဖြစ်သည်။ *ACCUSATIVE SINGULAR FEMININE* ပုံစံဖြစ်သည်။ ၄င်းမှာအမှုတော်ထမ်း/အစေခံအတွက်ဂရိစကားလုံးဖြစ်သည်။ (၁)ခရစ်တော်၌ ၁၅း၈။ မာကု ၁၀း၄၅ တို့၌သုံး သည်။ (၂) ပေါလု၌ ဧဖက် ၃း၇။ ကော ၁း၂၃၊၂၅ နှင့် (၃) သင်းထောက် လူကြီးများအဖြစ် ဖိ ၁း၁။ ၁တိ ၃း၁၁ တို့၌သုံးသည်။

သင်းထောက်အမျိုးသမီးများ အဖြစ်သုံးကြောင်းအထောက်အထားများ ဓမ္မသစ်ကျမ်းနှင့် သမ္မာကျမ်းစာရေးသားပြီးစီးသွားချိန်ကနဦးကာလ အရေးအသားများ၌တွေ့ရသည်။ ဓမ္မသစ်ကျမ်းထဲ၌တွေ့ရ သည့်ဒေသန္တရအသင်းတော်တွင်းအမျိုးသမီးများ၏ ဥပမာတစ်ရပ်ကိုသင်းအုပ်ဩဝါဒစာများရှိ 'မုဆိုးမများ စာရင်းဖြစ်သည်။ (၁တိ၃း၁၁။ ၅း၃–၁၆) ဘာသာပြန်ကျမ်းများဖြစ်သော RSV, Amplified နှင့် Philips တို့၌ ၁၆း၁တွင် 'သင်းထောက်မ' ဟုပါရှိသည်။ NASB နှင့် NIV တို့သည်၄င်းကိုအောင်ခြေမှတ်စု၌ဖော်ပြသည်။ NEB သည် "ရာထူးရှိသူ" Who hold office ဟုဘာသာပြန်သည်။ ယုံကြည်သူအားလုံး ဖိတ်ခေါ်ခံသူများ၊ ဆုလက်ဆောင်ရ ရှိသူများနှင့် အချိန်ပြည့်အမှုတော်ထမ်းများဖြစ်ကြသည်။ (ဧဖက် ၄း၁၂) အချို့တို့ကိုခေါင်းဆောင်တာဝန်အတွက် ခေါ်သည်။ မိမိတို့၏ အစဉ်အလာသည် သမ္မာကျမ်းစာကိုနေရာပေးရပေမည်။ ဤကနဦးသင်းထောက်များနှင့် သင်းထောက်အမျိုးသမီးတို့မှာအစေခံများသာဖြစ်ပြီး အလုပ်အမှုဆောင်အရာရှိများမဟုတ်ကြချေ။

M. R.Vincent ၏ *Word Studies,* အတွဲ ၂၊ စာ ၇၅၂ နှင့် ၁၁၉၆ ၌ ပြောသည်မှာဒုတိယရာစုနောက် ပိုင်း (သို့) တတိယရာစုအစောပိုင်းကာလ တမန်တော်များ၏

အုပ်ချုပ်ရေးဥပဒေ–*Apostolical Constitutions* ၌အသင်း တော်ကိုကူညီသောအမျိုးသမီးများ၏တာဝန်နှင့် ခန့်အပ်ခြင်းကိုဖော်ပြသည်။

**အထူးအကြောင်းအရာ။ ။ သမ္မာကျမ်းစာထဲကအမျိုးသမီးများ**

၁။ ဓမ္မဟောင်းကျမ်း

က။ ထုံးတမ်းစဉ်လာအားဖြင့်အမျိုးသမီးများကိုပစ္စည်းဥစ္စာကဲ့သို့မှတ်ယူသည်။

(၁) ပစ္စည်းဥစ္စာစာရင်း၌ပါဝင်သည် (ထွက် ၂၀း၁၇)

(၂) ကျွန်အမျိုးသမီးများအားပြုမူဆက်ဆံခြင်း (ထွက် ၂၁း၇–၁၁)

(၃) အမျိုးသမီးများပြုသောကတိသစ္စာကိုလူမှုရေးအရတာဝန်ရှိသူအမျိုးသား သည်ဖျက်သိမ်းနိုင်သည်။ (တောလည် ၃၀)

(၄) အမျိုးသမီးများမှာစစ်ပွဲများမှ သိမ်းပိုက်သောလက်ဥစ္စာများ နည်းတူဖြစ်သည်။ (တရားဟော၂၀း၁၀–၁၄။၂၁း၁၀–၁၄)

ခ။ လက်တွေ့အားဖြင့်အပြန်အလှန်သဘောရှိသည်။

**(၁)** ယောကျ်ား၊ မိန်းမဘုရားသခင်၏သဏ္ဍာန်အတိုင်းဖန်ဆင်းသည်။(ကမ္ဘာဦး၁း၂၆–၂၇)

**(၂)** ဖခင်နှင့် မိခင်ကို ဂုဏ်ပြုပါ။ (ထွက် ၂၀း၁၂။ တရားဟော ၅း၁၆)

**(၃)** ဖခင်နှင့် မိခင်ကို လေးစားပါ။ (ဝတ်ပြု ၁၉း၃။ ၂၀း၉)

**(၄)** ယောကျ်ားများနည်းတူ မိန်းမများသည်လည်းဘုရားသခင်အတွက် သီးသန့်ခွဲထားသောနာဇရိလူဖြစ်စေနိုင်သည်။ (တောလည်၆း၁–၂)

**(၅)** မိခင်များ၌ အမွေဆက်ခံပိုင်ခွင့်ရှိသည်။ (တောလည် ၂၇း၁–၁၁

**(၆)** ပဋိညာဉ်တရား၌ ပါဝင်ကြသည်။ (တရားဟော၂၉း၁၀–၁၂)

**(၇)** ဖခင်နည်းတူ မိခင်၏ သွန်သင်မှုလိုက်နာပါ။ (သုတ္တံ ၁း၈။ ၆း၂၀)

(၈) ဟေမန်၏သားများနှင့်သမီးများသည် (လေဝိမိသားစု) ဗိမာန်တော်အတွင်းတေးဂီတဘက်၌ဦးဆောင်ကြသည်။ (၁ရာ ၂၅း၅–၆)

(၉) ကပ်ကာလသစ်၌သားများနှင့် သမီးများပရောဖက်ပြုဟော ပြောကြလိမ့်မည်။ (ယောလ ၂း၂၈–၂၉)

ဂ။ ခေါင်းဆောင်အမျိုးသမီးများ

(၁) မောရှေ၏ညီမ မိရိယံကိုပရောဖက်မဟုခေါ်သည်။ (ထွက် ၁၅း၂၀–၂၁။ မိက္ခာ ၆း၄ ကို လည်ကြည့်ပါ။)

(၂) တဲတော်၌သုံးသော ပစ္စည်းများရက်လုပ်ရန် အမျိုးသမီးများကိုဘုရားသခင် ကျွမ်းကျင်မှုပေးသည် (ထွက် ၃၅း၂၅–၂၆)။

(၃) အမျိုးသမီးတစ်ဦးဖြစ်သူ ဒေဗောရသည်လည်းပရောဖက် အမျိုးသမီးဖြစ်ကာ (တရား ၄း၄၊၅။ ၅း၇) အစ္စရေးအမျိုးအားလုံးခေါင်းဆောင်မှုပေးသွားခဲ့သည်။ (တရား ၄း၄–၅။ ၅း၇)။

(၄) ဟိုဒလသည် ပရောဖက်မတစ်ဦးဖြစ်ကာ အသစ်တွေ့ရှိသော“ပညတ္တိကျမ်း” ကိုဖတ်၍ အနက်ပြန်ရန်ဘုရင်ကြီးယောရှိဆင့်ခေါ်ခြင်းခံရသည်။ (၄ဓမ္မ ၂၂း၁၄။ ၂ရာ ၃၄း၂၂–၂၇)

(၅) ဘုရားတရားကြည်ညိုသူ မိဖုရားကြီးဧသေတာသည်ပါရှား (အီရန်) အင်ပါယာရှိဂျူး များရှိကယ်တင်သည်။

၂။ ဓမ္မသစ်ကျမ်း

က။ ဂျူးဘာသာ၌ဖြစ်စေ ဂရိ–ရောမကမ္ဘာ၌ဖြစ်စေအမျိုးသမီးတို့သည် အခွင့်အရေးအနည်းအကျဉ်းသာရသောဒုတိယတန်းစားနိုင်ငံသားများဖြစ်သည်။(မကေဒေါနိမှလွဲလျှင်)

ခ။ ခေါင်းဆောင်လုပ်သူအမျိုးသမီးများ

၁။ ဘုရားတရားကြည်သူဧလိဇဘက်နှင့်မာရိတို့ နှစ်ဦးစလုံးဘုရားသခင်အသုံးပြုသည်။(လုကာ၁–၂)

၂။ ဘုရားတရားကြည်ညိုသူအန္နသည်ဗိမ္မာန်တော်၌ ဘုရားသခင်ကိုအစေခံသည်။ (လုကာ၂း၃၆)

၃။ လုဒိသည်ယုံကြည်သူတစ်ဦးဖြစ်ကာ နေအိမ်အသင်းတော်တစ်ခုဦးဆောင်သည်။ (တမန် ၁၆း၁၄–၄၀)

၄။ ဖိလစ်၏သမီးလေးယောက်တို့မှာ အမျိုးသမီးပရောဖက်များဖြစ်ကြသည်။ (တမန်တော် ၂၁း၈–၉)

၅။ ဖိဗေသည်ကင်ခြေမြို့၌သင်းထောက်မတစ်ဦးဖြစ်သည်။(ရောမ ၁၆း၁)

၆။ ပြစ်ကိလ (Priscilla) သည်ပေါလု၏လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အာပေါလု၏ဆရာမဖြစ်သည်။(တမန်တော် ၁၈း၂၆။ ရောမ ၁၆း၃)

၇။ Mary–မာရိ၊ Tryphaena –တရုဖဲ၊ Tryphosa –တရုဖေါ၊ Persis –ပေရသိ၊ Julia ယုလိ၊ Nereus –နေရု ၏ညီမ၊ ပေါလု၏လုပ်ဖော်ဆောင်ဖက်တော်တော်များ များမှာအမျိုးသမီးများဖြစ်သည်။ (ရောမ ၁၆း၆–၁၆)

၈။ Junia (KJV) ယုနိမှာအမျိုးသမီးတမန်တော်တစ်ဦးဖြစ်နိုင်သည်။ (ရောမ ၁၆း၇)

၉။ Euodia ဧဝေါဒိနှင့် Syntyche –သုန္တုတ်တို့မှာပေါလု၏ လုပ်ဖော်ကိုင်ဖက် များဖြစ်ကြသည် (ဖိ ၄း၂–၃)။

၃။ ခေတ်သစ်ယုံကြည်သူတစ်ဦးသည် သမ္မာကျမ်းစာထဲရှိဥပမာအမျိုးမျိုးတို့ကို မည်ကဲ့သို့ညှိယူမည်နည်း?

က။ မူရင်းအကြောင်းအရာအတွက်သာဖြစ်သော သမိုင်းဝင်အဖြစ်အပျက်(ဝါ)လေ့ထုံးတမ်းဆိုင်ရာသမ္မာတရားတစ်ရပ်ကိုအသင်းတော်များအားလုံးအတွက် ခေတ်ကာလတိုင်းရှိယုံကြည်သူအားလုံးအတွက်တရားဝင်ထာဝရသမ္မာတရားနှင့်မည်ကဲ့သို့ခွဲ ခြားသတ်မှတ်မည်နည်း?

၁။ ဝိညာဉ်တော်မှုတ်သွင်းသောမူရင်းစာရေးသူသည် မည်သည့်အရာပြောလိုခြင်းဖြစ်ကြောင်းအားအလွန်လေးနက်စွာသဘောထားရပါမည်။ သမ္မာကျမ်းစာသည်ဘုရားသခင်၏ နှုတ်ထွက်စကားဖြစ်ကာ၊ ယုံကြည်ခြင်းနှင့် ကျင့်သုံးခြင်းအတွက် တစ်ခုတည်းသောအရင်းအမြစ်ဖြစ်သည်။

၂။ သမိုင်းဝင်ပေါ်လွင်သော အဖြစ်အပျက်များကို အခြေခံသောမူရင်းစာများလေ့လာရပါမည်။

(က) အစ္စရေး၏ဘာသာရေးကိုးကွယ်ခြင်းပုံစံများ (ဥပမာ–ဘာသာရေးဆင်ယင်ကျင်းပပုံနှင့်ဘုရားဝတ်ပြုစာများ)။ (တမန်၁၅။ ဂလာ၃)

(ခ) ပထမရာစု ယုဒဘာသာ။

(ဂ) ၁ကောရိန္တုသြဝါဒစာထဲပေါလု၏ သမိုင်းဝင်ပေါ်လွင်သောအဖြစ်အပျက်များကိုအခြေခံသည့်

ဖော်ပြချက်များ။

(၁) မိစ္ဆာဝါဒဖြစ်သော ရောမ၏တရားဥပဒေစနစ် (၁ကော၆)

(၂) ကျွန်အဖြစ်ဆက်လက်နေသွားခြင်း (၁ကော ၇း၂၀–၂၄)

(၃) လက်မထပ်ဘဲနေသွားခြင်း (၁ကော ၇း၁–၃၅)
(၄) အပျိုစင်များ (၁ကော ၇း၃၆–၃၈)
(၅) ရုပ်တုကိုးကွယ်ရာ ယဇ်ကောင်၏အသား (၁ကော ၈။ ၁၀း၂၃–၃၃)
(၆) ပွဲတော်မင်္ဂလာ၌ မသင့်လျော်သောအပြုအမူများ (၁ကော၁၁)

၃။ ဘုရားသခင်သည် တစုံတခုသောနေ့ရက်ကာလ၌တစုံတခုသောယဉ်ကျေးမှုဓလေ့ထုံးစံ အတွင်း မိမိကိုယ်မိမိရှင်းလင်းစွာဖွင့်ပြခဲ့သည်။ ဖွင့်ပြတော်မူခြင်းကိုအလေးအနက်ပြုရမှာဖြစ်သော်လည်း ၄င်း၏သမိုင်းဆိုင်ရာကိစ္စရပ်များပါဝင်သောကဏ္ဍာတိုင်းထိုသို့ပြုရန်မဟုတ်ချေ။ ဘုရားသခင်၏ နှုတ်ကပတ်တရားကိုတခုသောအချိန်ကာလ၌ရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးစံအတွင်း အသက်ရှင် နေထိုင်သူလူများထံသူတို့၏ဘာသာစကားဖြင့်ရေးသားခြင်းဖြစ်သည်။

(ခ) သမ္မာကျမ်းနည်းကျ အနက်ပြန်ခြင်း၌မူရင်းစာရေးသူ၏ကြံရွယ်ချက်ကိုရှာရမည်ဖြစ်သည်။ သူ့ခေတ်သူ့ အခါ၌မည်သည့်အရာပြောခြင်းနည်း? ၄င်းမှာကောင်းမွန်ဆီလျော်သော အနက်ပြန်ခြင်း၏ အခြေခံအုတ် မြစ်နှင့် အပြတ်ဆုံးဖြတ်ချက်ပေးသော အရာဖြစ်သည်။ သို့သော်၄င်းကို ယနေ့ ကျွန်တော်တို့ ခေတ်ကာလ အတွက် အသုံးပြုရပါမည်။ ယခုအမျိုးသမီးနှင့် ခေါင်းဆောင်မှုပြဿနာရှိနေသည်။ (ဤဝေါဟာရ၏ အဓိပ္ပါယ်ကို အနက်ပြန်ခြင်း ပြဿနာကပင်သတ်မှတ် ပေးနေခြင်းဖြစ်နိုင်သည်။ ၄င်းတို့မှာ သင်းအုပ်ဆရာ အပြင်ခေါင်းဆောင်အဖြစ် မြင်ရသောအခြားအမှုတော်လုပ်ငန်းများရှိပါသလား? အမျိုးသမီး သင်းထောက် (ဝါ) အမျိုးသမီးပရောဖက်များကို ခေါင်းဆောင်များအဖြစ်မြင်ရပါသလား?) လူထုဝတ်ပြု စည်းဝေးများ၌ အမျိုးသမီးများ ခေါင်းဆောင်ခြင်း မပြုရကြောင်း ၁ကော ၁၄း၃၄–၃၅ နှင့် ၁တိ ၂း၉–၁၅တို့၌ ပေါလု အခိုင်အမာပြောသည်မှာ ရှင်းလင်းလှသည်။ သို့သော်ယနေ့ကာလ၌ ၄င်းကို ကျွန်ုပ်တို့မည်သို့ အသုံးပြု သနည်း? ပေါလု၏ဓလေ့ထုံးစံ(သို့မဟုတ်) ကျွန်ုပ်၏ ဓလေ့ထုံးစံသည ်ဘုရားသခင်၏ နှုတ်ထွက်စကား နှင့် အလိုတော်ကိုတိတ်ဆိတ်မသွားစေလိုပါ။ ပေါလု၏ခေတ်ကာလ၌ကန့်သတ်မှုများလွန်ပြီးကျွန်ုပ်၏ ခေတ်ကာလ၌ မူဖွင့်ပေးမှုများ လွန်းနေခြင်း ဖြစ်နိုင်သည်။ ပေါလုပြောစကားများနှင့် သွန်သင်မှုတို့မှာချွင်း ချက်ဖြစ်ပြီး ပထမရာစုနှစ်နှင့် ဆိုင်သော ဒေသန္တရအခြေအနေနှင့် ဆိုင်သော သမ္မာတရားများဖြစ်ပါသည် ဟုပြောရန် ကျွန်ုပ်အလွန်ပင် မသက်မသာ ခံစားရပါသည်။ ကျွန်ုပ်၏စိတ် (သို့မဟုတ်) ဓလေ့ထုံးစံအား ဝိညာဉ်တော်မှုတ်သွင်းခံစာရေးသူတစ်ယောက်နှင့် ညှိနှိုင်းမှုပြုရအောင်ကျွန်ုပ်မှာမည်သူနည်း?

မည်သို့ဖြစ်စေအမျိုးသမီးခေါင်းဆောင်များရှိနေကြောင်းအားသမ္မာကျမ်းစာလာဥပမာများ(ပေါလု၏ စာများ၌ပင်–ရောမ၁၆) ရှိနေစဉ် ကျွန်ုပ်မည်သို့ပြုမည်နည်း? ၄င်းအတွက်ကောင်းသောနမူနာတစ်ခုမှာ ၁ ကောရိန္သု ၁၁–၁၄ အတွင်းလူ ထုဝတ်ပြု စည်းဝေးများအကြောင်းပေါလု၏ဆွေးနွေးချက်ဖြစ်သည်။ သူသည် ၁၁း၅ ၌ အမျိုးသမီးများအား သူတို့၏ခေါင်းကိုဖုံးကာဟောပြောခြင်းနှင့် ဆုတောင်းခြင်းများခွင့်ပြု သည်နှင့် တူသော်လည်း ၁၄း၃၄–၃၅ ၌မူသူတို့အားငြိမ်နေရန်တောင်းဆိုသည်။ သင်းထောက်မများနှင့် (ရောမ ၁၆း၁) ပရောဖက်မများလည်းရှိသည်။ (တမန်တော်၂၁း၉) ဤကဲ့သို့ ကွဲပြားမှုရှိနေခြင်းကြောင့် ပေါလု၏ မှတ်ချက်ချမှုများ (အမျိုးသမီးများအားကန့်သတ်မှုပြုခြင်းနှင့်ဆိုင်၍) သည်ပထမရာစုနှစ် ကောရိန္သု မြို့နှင့်ဖေက်မြို့တို့၌ ကန့်သတ်မှုပြုရန်ကျွန်ုပ်ကို လွတ်လပ်သွားစေပါသည်။ ထိုအသင်းတော်နှစ် ပါးစလုံး၌အမျိုးသမီးတို့သည်မိမိတို့အသစ်ရရှိသောလွတ်လပ်မှုအားကျင့်သုံးရာ၌ ပြဿနာများရှိကာ (Bruce Winter ၏ *After Paul Left Corinth*) ၄င်းကြောင့်အသင်းတော်သည် မိမိတို့ပတ်ဝန်းကျင်အား ခရစ်တော်အတွက်ရရန်အခက်အခဲတွေ့စေသည်။ ဧဝံဂေလိသတင်းကောင်း ပိုမိုထိရောက်စေရန် သူတို့၏ လွတ်လပ်ခွင့်အားကန့်သတ်ရပေမည်။ ယနေ့ကျွန်ုပ်၏ခေတ်မှာ ပေါလု၏ခေတ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ အသံကြည်လင်ပီသပြီး၊ လေ့ကျင့်ထားသောအမျိုးသမီးများကိုသတင်းကောင်းဝေငှခွင့် ခေါင်းဆောင်မှုပြုခွင့်

မပေးပါကဇဝံဂေလိ သတင်းကောင်းအား ကန့်သတ်မှုပြု ရာရောက်နိုင်သည်။ လူထုဝတ်ပြု စည်းဝေးခြင်း၏ အဆုံးစွန်းသော ပန်းတိုင်မှာအဘယ်နည်း? ဇဝံဂေလိသတင်းကောင်းပြန့်နှံ့ရေးနှင့် တပည့်တော်ဖြစ်စေခြင်းပင်မဟုတ်ပါလော? အမျိုးသမီးခေါင်းဆောင်မှုသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေကာ ဘုရားသခင်၏ ကျေ နပ်မှုဖြစ်စေနိုင်ပါဦးမည်လော? သမ္မာကျမ်းစာ တစ်အုပ်လုံးသည်“ဟုတ်ကဲ့ပါ” ဟုပြောနေဟန်ရှိပါသည်။

ပေါလုကိုကျွန်ုပ်နာခံလိုပါသည်။ ကျွန်ုပ်၏ဓမ္မသဘောတရားမှာ မူလအားဖြင့်ပေါလု၏လမ်းကြောင်းလိုက်ပါသည်။ ခေတ်သစ်အမျိုးသမီး ဝါဒီများ၏အလွန်အကျွံလွှမ်းမိုးခြင်း (ဝါ) လုည့်စားမှုကျွန်ုပ်မခံလိုချေ။ မည်သို့ဖြစ်စေကျွန်စနစ်လူမျိုးခွဲခြားရေးဝါဒ၊ တယူသန်ခြင်းနှင့် လိင်မှုအရခွဲခြားမှုဝါဒတို့၏ သင့်လျော်ခြင်းမရှိမှုတို့အား တုံ့ပြန်ရာ၌ အသင်းတော်မှာ နှေးကွေးနေသည်ဟုကျွန်ုပ်ခံစားသည်။ ခေတ်သစ်ကာလအမျိုးသမီးများပေါ် ဤပြစ်မှားမှုမှာ သင့်လျော်မှုမရှိခြင်းအပေါ်တုံ့ပြန်ရာ၌လည်းအလားတူနှေးကွေးနေပါသည်။ ဘုရားသခင်သည် ကျေးကျွန်များနှင့် အမျိုးသမီးများကို ခရစ်တော်အထဲလွတ်မြောက်စေသည်။ ဓလေ့ထုံးစံဆိုင်ရာမူရင်းစာအားသူတို့ကို ပြန်၍လက်ထိပ်ခတ်ရသော အခွင့်ကျွန်ုပ်မပြုရဲချေ။ နောက်ထပ်အချက်တစ်ချက်မှာဖြင့်။ အနက်ဖွင့်ဆရာတစ်ဦးအနေဖြင့် ကျွန်ုပ်သည်ကောရိန္တုအသင်းတော်မှာအလွန်ပြဿနာများသော အသင်းတော ်ဖြစ်ကြောင်းသိရှိပါသည်။ ဝိညာဉ်တော်ဆုကျေးဇူးများအ တင်းအဓမ္မအသုံးပြုကြကာ၊ ၎င်းတို့ကိုဂုဏ်ဖော်ရန်သုံးကြသည်။ ဤကိစ္စ သည်အမျိုးသမီးများကိုဖမ်းစားခြင်းဖြစ်နိုင်သည်။ ထိုနည်းတူ ဖေက်အသင်းတော်သည်လည်း အမျိုးသမီးများအပေါ် အခွင့်အရေးယူကာ ဖေက်မြို့ရှိ နေအိမ်အသင်းတော်များ၌ အမျိုးသမီးများကို ကိုယ်စားပြုဟောသောသူများဖြင့် အသုံးပြုသော မှားယွင်းသည့်ဆရာသမားများ၏ သြဇာသက်ရောက်မှု ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။

၈။ နောက်ထပ်ဖတ်ရှုလေ့လာရန်အကြံပြုချက်များ –

Gordon Fee နှင့် Doug Stuart တို့၏ *How to Read the Bible For All It’s Worth* (စာ ၆၁–၇၇)

Gordon Fee ၏ *Gospel and Spirit: Issues in New Testament Hermeneutics*

Walter C. Kaiser, Peter H. Davids, F.F.Bruce နှင့် Manfred T.Branch တို့ရေးသားသော *Hard Sayings of the Bible* (စာ၊ ၆၁၃–၆၁၆။ ၆၆၅–၆၆၇)

**အထူးအကြောင်းအရာ။ ။ အသင်းတော် (*EKKLESIA*)**

ဂရိဝေါဟာရ *ekklesia* သည်“ထဲမှ”နှင့်“ခေါ်ခြင်းခံရသည်” စကားနှစ်လုံးမှဆင်းသက်လာသဖြင့် ထိုဝေါဟာရသည်ဘုရားသခင်၏ခေါ်ထုတ်ခြင်းခံရသူများဟုဆိုလိုသည်။ ကနဦးအသင်းတော်၌ ဤစကားလုံးကို လောကီဆိုင်ရာအသုံးအနှုန်းအဖြစ်သဘောထားသည်။ (တမန် ၁၉း၃၂၊၃၉၊ ၄၁) ဂရိဘာသာပြန်ဓမ္မဟောင်းကျမ်း (LXX) သည် ဤဝေါဟာရကို “စုဝေးနေသော” အစ္စရေး (*Qahal*, BDB 874, တောလည် ၁၆း၃။ ၂၀း၄။ ရောမ ၂း၂၈–၂၉။ ဂလာ ၆း၁၆။ ၁ပေ ၂း၅–၉။ ဗျာ ၁း၆) အတွက်သုံးသဖြင့်သူတို့သည် ဓမ္မဟောင်းခေတ်ဘုရားသခင်၏ လူမျိုးအဆက်အဖြစ်မိမိတို့အတွက်သုံးကြသည်။ သူတို့သည်အစ္စရေး အသစ်ဖြစ်သည်။ (ရောမ ၂း၂၈–၂၉။ ဂလာ ၆း၁၆။ ၁ပေ ၂း၅၊ ၉။ ဗျာ ၁း၆)။ ဘုရားသခင်၏ တစ်ကမ္ဘာ လုံးသာသနာ၏ပြီးပြည့်စုံခြင်းဖြစ်သည် (ကမ္ဘာ ၃း၁၅။ ၁၂း၃။ ထွက် ၁၉း၅–၆။ မဿဲ ၂၈း၁၈–၂၀။ လုကာ ၂၄း၄၇။ တမန် ၁း၈)။

ဤဝေါဟာရကိုခရစ်ဝင်ကျမ်းများနှင့် တမန်တော်ကျမ်း၌အဓိပ္ပာယ်အတော်များများဖြင့်သုံးသည်။

(၁) လောကီဆိုင်ရာမြို့တွင်းအစည်းအဝေး – တမန် ၁၉း၃၂၊၃၉၊၄၁

(၂) ခရစ်တော်အထဲဘုရားသခင်၏ တကမ္ဘာလုံး ကပ်ကာလအားလုံးခြုံသောလူမျိုးတော် မဿဲ ၁၆း၁၈ နှင့် ဖေက်သြဝါဒစာ။

(၃) ခရစ်တော်ကိုယုံကြည်သူဒေသန္တရအသင်းတော်တစ်ပါး – မဿဲ ၁၈း၁၇။ တမန် ၅း၁၁ (ဤကျမ်းပိုဒ်များ၌ယေရုရှလင်မြို့ရှိအသင်းတော်)

(၄) အစ္စရေးလူမျိုးအားတစ်စုတစ်ပေါင်းတည်းဖြင့်–တမန် ၇း၃၈ သတေဖန်၏တရား ဒေသနာ၌
(၅) ဒေသတစ်ခုအတွင်းဘုရားသခင်၏လူများ– တမန် ၈း၃ (ယုဒ သို့မဟုတ် ပါလက်စတိုင်း)

☐ **"ကင်းခြေမြို့"** ၄င်းမှာကောရိန္တုမြို့၏ ဆိပ်ကမ်းနှစ်ခုအနက်တစ်ခုဖြစ်သည်။ ဤမြို့မှာ အရှေ့ဖက်ဆိပ်ကမ်းဖြစ်သည် (တမန် ၁၈း၁၈) ။

**၁၆း၂ "ထိုက်တန်မှုဖြင့်သူမကိုသခင်ဘုရား၌သင်တို့လက်ခံကာ"** ၄င်းသည် *prosdechomai* ၏ AORIST MIDDLE [deponent] SUBJUNCTIVE တစ်ခုဖြစ်ကာ၊ "ဧည့်သည်တစ်ယောက်အဖြစ် သနားကြင်နာစွာ လက်ခံသည်" ဟုဆိုလိုသည်။ (ဖိ ၂း၂၉)။ ပေါလုသည် ဤအမျိုးသမီးကိုယုံကြည် စိတ်ချကာအသင်းတော်သည် သူမကိုလက်ခံ၍ သူ့ကိုယ်စားသူမကိုကူညီစေလိုသည်။ ပေါလုသည် ဤစကားပြောရန်လိုအပ်ခြင်းသည် ဓလေ့ ထုံးစံသဘောဖြစ်ကြောင်းပြပါသည်။

☐ **"သန့်ရှင်းသူများ"** ၄င်းသည်ယုံကြည်သူ၏ယေရှုအထဲရပ်တည်ချက်သာလျှင်မဟုတ်ဘဲ၊ ဘုရားတရားနှင့်ညီသောသူတို့၏ဘဝအသက်တာသည် ခရစ်တော်အထဲမိမိတို့၏သန့်ရှင်းသောရပ်တည်ချက်ကို တိုးတက်ပေါ်လွင်ထင်ရှားစေရန်မျှော်လင့်သည်။ ဤဝေါဟာရ"သန့်ရှင်းသူများ" ကိုအများကိန်းဖြင့်သာသုံးရာ ဖိလိပ္ပိ ၄း၂၁ ၌မူ အနည်းကိန်းအားဖြင့်သုံးသော်လည်းတစ်စုတစ်ပေါင်းတည်းအဖြစ်ပြောလိုခြင်းဖြစ်သည်။ ခရစ်ယာန်ဖြစ်လာခြင်းမှာယုံကြည်သူအသိုင်းအဝိုင်း၊ မိသားစု၊ ကိုယ်ခန္ဓာတစ်ခု၏အစိတ်အပိုင်းတစ်ခုဖြစ်လာခြင်းပင်။ အနောက်နိုင်ငံများရှိခေတ်သစ်အသင်းတော်များ၌ သမ္မာကျမ်းနည်းကျယုံကြည်ခြင်းဆိုင်ရာ ဤတစ်စုတစ်ပေါင်းတည်းသဘောမှာတန်ဖိုးထားခြင်းမခံရဘဲရှိနေ သည်။ *အထူးအကြောင်းအရာ။ ။ သန့်ရှင်းသူများ–၁း၇၌ကြည့်ပါ။*

☐ **"သူမအတွက်သင်တို့လိုအပ်သမျှ၌ သူမကိုသင်တို့ကူညီ"** စိတ်ဆန္ဒပြပုဒ်နှစ်ခုရှိသည်။ ပထမမှာ *paristemi* (AORIST ACTIVE) ဖြစ်ပြီး"ကူညီရန်အဆင်သင့်ဖြစ်သည်" ဟုဆိုလိုသည်။ ဒုတိယမှာ *chrezo* (PRESENT ACTIVE) ဖြစ်ပြီး"လိုအပ်သမျှအကူအညီပေးသည်" ဟုဆိုလိုသည်။(၂ကော ၃း၁)

၄င်းသည်ခရီးလှည့်လည်သွားလာသူအမှုတော်ဆောင်များ၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်မှုများအားထောက်ပံ့ခြင်းကိုရည်ညွှန်းသည်။ ၄င်းမှာထောက်ခံစာများ၏ရည်ရွယ်ချက်ဖြစ်သည်။

☐

**NASB,NRJV "လူများစွာ…ကိုကူညီသူဖြစ်သည်"**
**NASB "လူများစွာ…ကိုအကျိုးပြုသူဖြစ်သည်"**
**TEV "သူမသည်…လူများစွာ၏မိတ်ဆွေကောင်းဖြစ်သည်"**
**NJB "လူမြောက်များစွာကိုကြည့်ရှုစောင့်ရှောက်သူဖြစ်သည်"**

ဤဝေါဟာရ *proistatis* ကိုဓမ္မသစ်ကျမ်း၌ ဤနေရာ၌သာတွေ့ရသည်။ ကာယပိုင်းဆိုင်ရာ သို့မဟုတ် ငွေကြေးအကူအညီကိုရည်ညွှန်းခြင်းဖြစ်လိမ့်မည်။ ဤစကားလုံး၏မူရင်းအဓိပ္ပာယ်မှာချမ်းသာကြွယ်ဝသောနာယကလူကြီးကိုရည်ညွှန်းသည်။ ဤဖိဗေ (Phoebe) သည်ရောမမြို့သို့ခရီးသွားခြင်းနှင့် (ငယ် ၁) လူများစွာတို့အားကူညီခဲ့ပုံ (ငယ် ၂) တို့ကိုထောက်ရှုခြင်းအားဖြင့်၄င်းသည်သူမ၌ သမိုင်းဝင်မှန်ကန်မှုရှိနိုင်ပါသည်။

**NASB** (နောက်ဆုံးပြင်ဆင်သော)ဘာသာပြန်ကျမ်း။ ။ ၁၆း၃–၁၆

၃ ခရစ်တော်ယေရှု၌ ငါ၏လုပ်ဖော်ဆောင်ဖက်ပြစ်ကိလနှင့်အာကုလတို့ကို နှုတ်ဆက်ကြလော့။
၄ သူတို့သည်ငါ့အတွက်လည်စင်းခံသူများဖြစ်ကာ ငါသာလျှင်မဟုတ်ဘဲတစ်ပါးအမျိုးအသင်းတော်များ
အားလုံးသည်လည်းသူတို့ပေါ်ကျေးဇူးတင်ရှိကြသည်။ ၅ သူတို့အိမ်၌ရှိသောအသင်းတော်ကိုလည်းနှုတ်
ဆက်ကြလော့။ အာရှိပြည်တွင်ပထမဦးဆုံးပြောင်းလဲသူဖြစ်ပြီး၊ ငါချစ်သောသူ ဧပဲနက်ကို နှုတ်ဆက်
ကြလော့။ ၆ သင်တို့အတွက်အလုပ်ကြိုးစားသူမာရိကိုနှုတ်ဆက်ကြလော့။ ၇ ငါ၏အမျိုးနှင့် အကျဉ်းကျ
ဖော်လည်းဖြစ်သူအန္ဒြောနိက်နှင့်ယုန်နိကိုနှုတ်ဆက်ကြလော့။ သူတို့သည်တမန်တော်များ အလယ်၌
ထင်ပေါ်ကြော်ကြားသူများဖြစ်ပြီး၊ ငါ့အရင်ခရစ်တော်အထဲရှိသူများလည်းဖြစ်ကြသည်။ ၈ သခင်ဘုရား
အထဲငါချစ်သော အမ္ပလိကိုနှုတ်ဆက်ကြလော့။ ၉ ခရစ်တော်အထဲငါတို့ လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူ
ဥရဗန်နှင့် ငါချစ်သောသတာခုကိုနှုတ်ဆက်ကြလော့။ ၁၀ ခရစ်တော်အထဲစစ်မှန်သူ အပေလေကို
နှုတ်ဆက်လော့။ အာရိတ္တောဗုလု၏အိမ်သူအိမ်သားများကိုနှုတ်ဆက်ကြလော့။ ၁၁ ငါ၏အမျိုးချင်း
ဖြစ်သူဟေရောဒျန်ကိုနှုတ်ဆက်ကြလော့။ သခင်ဘုရားအထဲရှိသူများဖြစ်သည့်နာကိသု၏အိမ်သူ
အိမ်သားတို့ကို နှုတ်ဆက်ကြ လော့။ ၁၂ သခင်ဘုရား၏အလုပ်လုပ်သူများ ဖြစ်သူတရုဖဲနှင့်တရုဖေါ်တို့
ကိုနှုတ်ဆက်ကြလော့။ သခင်ဘုရား၏အလုပ်၌ကြိုးစားသူ၊ ငါချစ်သောပေရသိကိုနှုတ်ဆက်ကြလော့။
၁၃ သခင်ဘုရားအထဲ လက်ရွေးစင်လူတစ်ဦးဖြစ်သူရုဖုနှင့်ငါ၏ အမိလည်းဖြစ်သူသူ့မိခင်ကိုလည်း
နှုတ်ဆက်ကြလော့။ ၁၄ အသုကြိတ်၊ ဖလေကုန်းသောရမ၊ ပတ်ရောဘ၊ ဟေရမေနှင့် သူတို့နှင့် အတူ
နေသောညီအစ်ကိုတို့ကိုနှုတ်ဆက်ကြလော့။ ၁၅ ဖိလောလုပ်နှင့် ယုလိ၊နေရုနှင့်သူ့ညီမ၊ဩလုမ္ပနှင့်
သူတိုနှင့် အတူနေသောသန့်ရှင်းသူအားလုံးတို့ကိုနှုတ်ဆက်ကြလော့။ ၁၆ သန့်ရှင်းသောအနမ်း
ဖြင့်တစ်ယောက်နှင့် တစ်ယောက်နှုတ်ဆက်ကြလော့။ ခရစ်တော်၏အသင်းတောများအားလုံးသင်တို့
ကိုနှုတ်ဆက်ကြ၏။

**၁၆း၃ "ပြစ်ကိလနှင့်အာကုလ"** သူမနာမည်ကိုယဉ်ကျေးမှုအရမကြုံစဖူးစွာပင်သူ့ခင်ပွန်းသည်၏ရှေ့၌အရင်ပါလေ့ရှိသည်။ (တမန်တော် ၁၈း၁၈၊ ၂၆။ ၁ကော ၁၆း၁၉။ ၂တိ ၄း၁၉) သူမသည်ရောမသူကောင်းမျိုးနွယ်တစ်ဦး (သို့) သူတို့ဇနီးမောင်နှံ၌ဦးဆောင်သူဖြစ်နိုင်ပါသည်။ ပေါလုနှင့်ဤဇနီးမောင်နှံတို့မှာတဲရှင်ချုပ်သူများ (သို့) သားရေထွက်ပစ္စည်းပြုလုပ်သူများဖြစ်ကြသည်။ ပေါလုသည်သူတို့ကို"ခရစ်တော်ထဲလုပ်ဖော်ကိုင်ဖက်များ" ဟုခေါ်သည်။ သူသည်ရောမအသင်းတော်၏အားသာချက်အားနည်းချက်တို့ကိုဤလင်မယားတို့ထံကြားခဲ့ရခြင်းဖြစ်နိုင်သည်။

**၁၆း၄ "လည်စင်းခံသူများ"** ၄င်းမှာ "လူသတ်သမား၏ပုဆိန်" ဟူသောစကားလုံးမှလာသောဝေါဟာရတစ်ခုဖြစ်သည်။ ဤစကားစုအားဖြင့်ပေါလုဘာကိုပြောလိုကြောင်းမသိရချေ။

□ **"ငါသာလျှင်မဟုတ်ဘဲတပါးအမျိုးအသင်းတော်များအားလုံးသည်လည်းသူတို့အပေါ်ကျေးဇူးတင်ရှိ"** ဤလင်မယားတို့၏တက်ကြွသောကူညီမှုနှင့်ရင်းနှီးမှုကြောင့်ပေါလုအလွန်ဝမ်းသာအားရဖြစ်သည်။ သူတို့၏လုပ်ဆောင်မှုကို"တပါးအမျိုးအသင်းတော်များအားလုံး"တိုင်အောင်တိုးချဲ့သည်။ အလွန်ခြုံငုံ၍ခိုင်လုံသောကျေးဇူးတင်ရှိခြင်းဖြစ်သည်။ ၄င်းသည်သာပေါလု၏အမှုတော်ဆောင်ရွက်ခြင်းကဏ္ဍာ၌သူတို့၏ပါဝင်မှုကိုရည်ညွှန်းခြင်းဖြစ်နိုင်သည်။ (တမန် ၁၈း၂၄–၂၈)

**၁၆း၅ "အသင်းတော်"** ၄င်းသည်(Church) အဆောက်အဦးကိုပြောခြင်းမဟုတ်ဘဲလူတစ်စုကိုပြောခြင်း ဖြစ်သည်။ ထိုဝေါဟာရ၏အဓိပ္ပါယ်မှာ "ခေါ်ထုတ်ခြင်းခံရသူများ" ဟူ၍ဖြစ်သည်။ Septuagint (LXX) ခေါ်ဂရိဓမ္မဟောင်းကျမ်း၌ ဤစကားလုံးအားဟေဗြဲဝေါဟာရ *Qahal* ဘာသာပြန်ရာ၌သုံးကာလ"လူစုလူဝေး" ဟူ၍ဘာသာပြန်သည်။ ကနဦးအသင်းတော်သည်ဓမ္မဟောင်းခေတ်ကာလ "အစ္စရေးလူစုလူဝေး" အားဆက်ခံသူများနှင့် ၄င်း၏ပြီးပြည့်စုံခြင်းအဖြစ်သူတို့ကိုယ်သူတို့ရှုမြင်ထားကာ၊ ခွဲထွက်သောဂိုဏ်းတစ်ဂိုဏ်းအဖြစ်မမြင်ကြချေ။ အထူးအကြောင်းအရာ။ ။ ၁၆း၁ ၌ကြည့်ပါ။

☐ **"သူတို့အိမ်၌ရှိသော"** ကနဦးခရစ်ယာန်များသည် နေအိမ်များ၌စည်းဝေးကြသည်။ (၁၆း၂၃။ တမန် ၁၂း၁၂။ ၁ကော ၁၆း၁၉။ ကော ၄း၁၅ နှင့် ဖိလေမုန် ၂)။ အေဒီသုံးရာစုမတိုင်မီဘုရား ကျောင်းမပေါ်ပေါက်သေးချေ။

☐ **"ဧပဲနက်"** ဤအမျိုးသား၏နာမည်သည်"ချီးမွမ်းခံရသူ"ဟူ၍အဓိပ္ပါယ်ရှိသည်။

☐ **"ပထမဦးဆုံးပြောင်းလဲသူ"** သူ့ကို ၁ကော ၁၆း၁၅ ၌ဖော်ပြသည့် သတေဖန်၏အိမ်သားတစ်ယောက်အဖြစ်လည်းပြောပါသည်။

☐ **"အာရှိပြည်"** ၄င်းသည်တူရကီနိုင်ငံ၏အနောက်ဖက်သုံးပုံတစ်ပုံဖြစ်သောရောမအင်ပါယာ၏နယ်တစ်နယ်ဖြစ်သည်။

**၁၆း၆ "သင်တို့အတွက်အလုပ်ကြိုးစားသူမာရိ"** သူ့အကြောင်းဘာမျှမသိရချေ။ ရောမအသင်းတော်မှသာသနာပြုအမျိုးသမီးတစ်ဦးဖြစ်နိုင်သည်။ အလွန်ကောင်းမြတ်သူ၊ ဘုရားတရားယုံကြည်သူမြောက်များစွာကို ကျွန်တော်တို့မသိခဲ့ရသော်လည်း ဘုရားသခင်ကောင်းစွာသိရှိထားပါသည်။

**၁၆း၇ "ငါနှင့်အကျဉ်းကျဖော်"** မည်သည့်အကျဉ်းကျမှုကိုရည်ညွှန်းကြောင်း ယနေ့ခေတ်ကျမ်းစာဆရာများမသိကြချေ။ ပေါလုသည်မိမိယုံကြည်မှုကြောင့် များစွာဒုက္ခခံခဲ့သည်။ (၂ကော ၄း၈–၁၁။ ၆း၄–၁၀။၁၁း၂၅–၂၈)။ ဖိလိပ္ပိမြို့၊ ကဲသရိမြို့နှင့် ရောမမြို့တို့၌သူအကျဉ်းကျခဲ့ရာအခြားနေရာများ၌ လည်းအကျဉ်းကျခံခဲ့ခြင်းဖြစ်နိုင်သည်။ (ဖေက် ၁ကော ၁၅း၃၂။ ၂ကော ၁း၈)

☐ **"ယုနိ"** ဤနာမည်မှာအမျိုးသား (ဝါ) အမျိုးသမီးတစ်ဦးဖြစ်နိုင်ကာ၊ အသံထွက်အမှတ်အသားဖြင့်ဆုံးဖြတ်ရသည်။ ဂရိလက်ရေးကျမ်းများ၌ကွဲပြားမှုရှိရာ *Iounian* အဖြစ် MSS Aleph, A,B,C,D,F,G နှင့် P တို့၌ တွေ့ရသော်လည်း အသံထွက်အမှတ်အသားမပါချေ။ အမျိုးသမီးပုံစံကို MSS $B^2$, $D^2$ နှင့် 0150 တို့၌တွေ့ရသည်။ ကနဦးပေပုရပိုက်လက်ရေးကျမ်း $P^{46}$ နှင့်အချို့သော Vulgate နှင့် Coptic ဘာသာပြန်ကျမ်းများ၌ `နမသာန သုံးခဲ့သောဂရိမူရင်းစာများမှာနည်းတူ *Ioulian* (ယုလိ) ဟူ၍တွေ့ရပြီး ၄င်းမှာအမျိုးသမီးဖြစ်သည်။ အချို့ကျမ်း စာလေ့လာသူများသည်၄င်းမှာ ကျမ်းစာကူးရေးရာ၌ မှားယွင်းမှုဖြစ်သည်ဟုယူဆကြသည်။ ဤအမျိုးသမီးပုံစံ ကို၁၆း၁၅ ၌တွေ့ရသည်။ အခန်းငယ် ၇ ၌ဖော်ပြသောလူနှစ်ဦးတို့ဖြစ်နိုင်ချေရှိသည်မှာ

၁။ ပေါလုနှင့်အတူအကျဉ်းကျသောဂျူးယုံကြည်သူနှစ်ဦး

၂။ မောင်နှမနှစ်ဦး

၃။ လင်နှင့်မယားနှစ်ဦး

၄င်းသည်အမျိုးသမီးဖြစ်ကာ "တမန်တော်" ဟူသောစကားသည် "တစ်ဆယ့်နှစ်ပါး" တို့အပြင်အခြားသူအားရည်ညွှန်းခြင်းဖြစ်ပါက ဤသူမှာအမျိုးသမီးတမန်တော်တစ်ဦးဖြစ်လိမ့်မည်။

ရောမစာပေနှင့် ကျောက်စာများ၌ Junias – ယုနိဆိုသောစာလုံးပေါင်းမည်သည့်နေရာ၌မျှမတွေ့ရခြင်းမှာစိတ်ဝင်စားစရာဖြစ်သည်။ သို့သော် Junia မှာမူအလွန်အသုံးများသည်။ ၄င်းမှာရောမမိသားစုနာမည်တစ်ခုဖြစ်သည်။ အမှုတော်အထဲ အမျိုးသမီးများအကြောင်း ပို၍သိရှိနိုင် ရန်ဖတ်သင့်သောစာအုပ်တစ်အုပ်မှာ

Linda L. Belleville ရေးသားသော *Women Leaders and the Church, pp.188* ၏အောက်ခြေမှတ်စု ၄၂ ဖြစ်သည်။

☐

**NASB "တမန်တော်များအလယ်၌ထူးခြားသူများဖြစ်"**

**NKJV "တမန်တော်များအလယ်၌လူသိများသူများဖြစ်ကြသည်"**

**NRSV "တမန်တော်များအလယ်၌ထင်ရှားသူများဖြစ်ကြသည်"**

**TEV "တမန်တော်များအလယ်၌ကောင်းစွာသိရှိသူများဖြစ်ကြသည်"**

**NJB "ထူးခြားသောတမန်တော်များ"**

၎င်းသည်တစ်ဆယ့်နှစ်ပါးတို့ကိုရည်ညွှန်းခြင်းဖြစ်နိုင်ပြီး၊ ထိုသို့ဖြစ်ပါက ဤပုဂ္ဂိုလ်နှစ်ဦးကိုသူတို့ကောင်းစွာသိရှိကြသည်။ သို့မဟုတ် "တမန်တော်များ" အဖြစ်သိရှိထားသောအခြားအုပ်စုတစ်စုအားရည်ညွှန်းခြင်းဖြစ်ပေမည်။ (တမန်တော် ၁၄း၄၊ ၁၄။ ၁၈း၅။ ၁ကော ၄း၉။ ဂလ ၁း၁၉။ ဖိ ၂း၂၅။ ၁သက် ၂း၆)။ ဤကျမ်းချက်အရဇဖက် ၄း၁၁ မှာကဲ့သို့ အခြားအုပ်စုတစ်စုအားဆိုလိုရာရောက်သော်လည်း"the "ဟူသောစကားလုံးသည် တစ်ဆယ့်နှစ်ပါးကို ဆိုလိုသည်။ အထူးအကြောင်းအရာ။ ။ စေလွှတ်သည် (*Apostello*) – ၁း၁ ၌ကြည့်ပါ။

☐ **"ငါ့အရင်ခရစ်တော်အထဲရှိသူများလည်းဖြစ်ကြ"** သူတို့သည်ပေါလု၏ဒမသတ်မြို့သွားရာလမ်းမပေါ် အတွေ့အကြုံမတိုင်မီကယ်တင်ခြင်းရရှိကာ၊ ခရစ်တော်၏အမှုတော်၌ပါဝင်ခဲ့သူများဖြစ်ကြောင်းထင်ရှားသည်။

**၁၆း၈–၁၆** ဤအပိုင်းရှိနာမည်များကိုကျမ်းစာလေ့လာသူများမသိရှိကြချေ။ သူတို့ကိုဘုရားသခင်နှင့် ပေါလုသည်ချစ်သော်လည်းသူတို့၏နာမည်နှင့် အလုပ်များကိုဓမ္မသစ်ကျမ်း၌ဖြစ်စေ၊ ကနဦးခရစ်ယာန်စာပေများ၌ဖြစ်စေမှတ်တမ်းမရှိချေ။ ရောနှောသောနာမည်များရှိကြောင်းမှာမူသိသာပေါ်လွင်သည်။ (၁) အသုံးများသောကျွန်များနာမည်များ (၂) ဂုဏ်သရေရှိရောမနာမည်များနှင့် (၃) ဂျူးမိသားစုများဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးများပါဝင်သည်။ ချမ်းသာသောလွတ်လပ်သူ (ကျွန်မဟုတ်သူ) များနှင့် လှည့်လည်သွားလာသောတရားဟောဆရာများပါဝင်သည်။ ပါရှားပြည် (အီရန်) မှ နိုင်ငံခြားသားများလည်းရှိသည်။ ယေရှုခရစ်တော်၏ အသင်းတော်အတွင်းအတားအဆီးအားလုံးပြိုပျက်သွားသည် (၃း၂၂။ ၁၀း၁၂။ ယောလ ၂း၂၈–၃၂။ [တမန် ၂း၁၄–၂၁]။ ၁ကော ၁၂း၁၁။ ဂလာ ၃း၂၈။ ကော ၃း၁၁)။

**၁၆း၈ "အမ္ပလိ"** ဤနာမည်သည်ပြစ်ကိုလနှင့် ယုနိတို့နည်းတူလူသိများသောရောမမိသားစုနာမည်ဖြစ်သည်။

☐ **"ဘုရားသခင်အထဲငါချစ်သော"** "ချစ်ခြင်းခံရသူ"– ဘနူသလနိ ဝေါဟာရကို ခမည်းတော်ဘုရားသည် သားတော်ယေရှု၌ မဿဲ ၃း၁၇ နှင့် ၁၇း၅ တို့၌သုံးသည်။ ၎င်းဝေါဟာရမှာဟေရှာယ၊ အနာဂတ္တိကျမ်းရှိအစေခံသူ၏တေးသီချင်းများမှဘွဲ့နာမတစ်ခုဖြစ်နိုင်ပါသည်။ (မဿဲ ၁၂း၁၈မှာ ဟေရှာယ ၄၂း၁ အားကိုးကားခြင်းဖြစ်သည်)။ မည်သို့ဖြစ်စေပေါလုသည်၎င်းအားယုံကြည်သူများကို ပြောရာ၌သုံးသည်။ (၁း၇၊ ၁၆း၈၊ ၉။ ၁ကော ၄း၁၄၊ ၁၇။ ၁၅း၅၈။ ဧဖက် ၆း၂၁။ ဖိ ၂း၁၂။ ကော ၄း၇၊၉၊၁၄။ ၁တိ ၆း၂။ ဖိလေမုန် ၄ယ် ၁၆)။

**၁၆း၉ "ဥရဗန်"** ထိုနာမည်သည် "မြို့ပြ၌နေသူ" သို့မဟုတ် "မြို့၌ကြီးပြင်းသူ" ဟုအဓိပ္ပါယ်ရသည်။

☐ **"သတာခု"** ၎င်းမှာ "အနှံ" ဟုအဓိပ္ပါယ်ရှိသောနာမည်တစ်ခုဖြစ်သည်။ ဤနာမည်သည်ဆီဇာဘုရင့်မိသားစုနှင့် ဆက်စပ်ကြောင်းရှေးဟောင်းသုတေသနပညာရှင်များတွေ့ရှိကြသည်။

**၁၆း၁၀ "ခရစ်တော်အထဲစစ်မှန်သူ"** အချို့ကျမ်းစာလေ့လာသူများ၏ အဆိုအရသူတို့သည် အရိတ္တောဗုလု၏ မိသားစုဝင်များမဟုတ်ဘဲသူ၏အိမ်တွင်းမှုလုပ်ငန်း၌ အလုပ်လုပ်သူကျွန်များကိုပြောခြင်းဖြစ်သည်ယူဆကြသည်။ အငယ် ၁၁ "နာကိသု၏အိမ်သူအိမ်သားများ" ၌လည်းထိုနည်းတူဖြစ်ပါသည်။

☐ **“အရိတ္တော့ဗုလု၏”** အချို့ကျမ်းစာလေ့လာသူများ (Lightfoot) မှန်းဆသည်မှာ ဤပုဂ္ဂိုလ်သည် တမန် ၁၂ ၌တမန်တော်ယာကုပ်ကိုသတ်ဖြတ်သော ဟေရုဒ်မင်းကြီး၏ညီဖြစ်သည်ဟုဆို၏။ ထိုအတိုင်းဖြစ်ခဲ့ပါက ဧဝံဂေလိ သတင်းကောင်းသည် ဧဒုံ(နိသာ)အနွယ်ဝင် ဤဘုရင့်မိသားစုထဲရောက်ရှိပြန့်နှံ့ခဲ့ကြောင်းပြသသည်။

**၁၆း၁၁ “ဟေရောဇျန်”** သူသည်ဟေရုဒ်မိသားစု၏ ကျွန်တစ်ယောက်ဖြစ်နိုင်သည်။

☐ **“နာကိသု၏အိမ်သူအိမ်သားများ”** သူသည်အင်ပါယာရှင် ကလောဒိ၏လူသိများသောအစေခံတစ်ဦးဖြစ်နိုင်သည်။ ထိုအတိုင်းဖြစ်ခဲ့ပါက ဧဝံဂေလိသတင်းကောင်းသည် ရောမဘုရင့် မိသားစုထဲတိုင်ရောက်ရှိ ပြန့်နှံ့ခဲ့ကြောင်းပြသသည်။

**၁၆း၁၂ “တရုဖဲ”** ဤနာမည်၏အဓိပ္ပါယ်မှာ“အရသာရှိသော” ဟူ၍ဖြစ်နိုင်သည်။

☐ **“တရုဖေါ”** ဤနာမည်အဓိပ္ပါယ်မှာ“နူးညံ့သိမ်မွေ့သောသူ” ဟူ၍ဖြစ်နိုင်သည်။ သူတို့မှာအမွှာညီအစ်မများဖြစ်နိုင်သည်။

☐ **“အလုပ်ကြိုးစားသူ”** ဤဝေါဟာရသည် “ခွန်အားကုန်သွားသည့်အထိ” အလုပ်ကြိုးစားခြင်း၏ အဓိပ္ပါယ်ပွားဖြစ်သည်။

☐ **“ပေရသိ”** ၄င်းသည် “ပါရှင်း (အီရန်) အမျိုးသမီး” ဖြစ်ကြောင်းပြသည်။

**၁၆း၁၃ “ရုဖု”** ဤနာမည်၏အဓိပ္ပါယ်မှာ “နီသည်” သို့မဟုတ် “နီသောခေါင်းရှိသူ” ဟူ၍ဖြစ်၏။ ရောမမြို့၌လူသိများသောရုဖု (မာကု ၁၅း၂၁) ဆိုသူရှိကြောင်းထင်ရှားသည်။ သူသည်ထိုသူဟုတ်မဟုတ်မသေချာသော်လည်းဖြစ်နိုင်ချေများသည်။

☐

**NASB “သခင်ဘုရားအထဲလက်ရွေးစင်တစ်ဦးဖြစ်သူ”**
**NKJV, NRSV “သခင်ဘုရားအထဲ ရွေးချယ်ခံသူ”**
**TEV “သခင်ဘုရားအလုပ်၌ ထူးခြားသူ”**
**NJB “သခင်ဘုရား၏လက်ရွေးစင်အစေခံတစ်ဦး”**

၄င်း၏လုံးစေ့ပတ်စေ့အဓိပ္ပါယ်မှာ “ရွေးချယ်ခြင်းခံရသူ” ဟူ၍ဖြစ်သည်။ ဤစကားသည် ဘုရားသခင်၏ခေါ်ဖိတ်ခြင်းကိုရည်ညွှန်းရုံသာမက၊ သူ့အမှုတော်ဆောင်ရွက်မှု၏ ဘဝအသက်တာနှင့် ဆိုင်ပါသည်။ သူ့မိခင်သည်ပေါလုအပေါ်လည်းကြီးမားသော မေတ္တာဖြင့်ပြုသည်။

**၁၆း၁၄ “ဟေရမေ”** ၄င်းမှာကုသိုလ်ကံကောင်းခြင်းဘုရား၏ နာမည်ဖြစ်သည်။ ၄င်းမှာပထမတစ်ရာစုရောမ၊ ဂရိ ကမ္ဘာ၌ အလွန်အသုံးများသော ကျွန်များ၏နာမည်ဖြစ်သည်။

**၁၆း၁၅ “ သန့်ရှင်းသူများအားလုံး”** အထူးအကြောင်းအရာ။ ။ ၁း၇ ၌ကြည့်ပါ။

**၁၆း၁၆ “သန့်ရှင်းသောအနမ်း”** မည်သူသည်မည်သူ့အားနမ်းကြောင့် (သို့မဟုတ်)မည်သည်အချိန်၊ မည်သည့်နေရာ၌ဖြစ်ကြောင်း ကနဦးခေတ်ကာလအထောက်အထားမရှိချေ။ ယုဒတရားဇရပ်များ၌သုံးသောနူတ်ဆက်ခြင်းပုံစံကို အသင်းတော်၌ဆက်လက်ကျင့်သုံးသွားခြင်းဖြစ်ကာ အမျိုးသားချင်းနှင့် အမျိုးသမီးချင်းပါးပြင်ပေါ်ကို နမ်းကြခြင်းဖြစ်သည်။ (၁ကော ၁၆း၂၀။ ၂ကော ၁၃း၁၂။ ၁သက် ၅း၂၆။ ၁ပေ ၅း၁၄)။ ၃ရာစုအတွင်း Justin Martyr သည်မိမိရေးသောစာများများ၌ ဖော်ပြခဲ့သော်လည်း၊ အသင်းတော်အတွင်းဤကဲ့သို့နူတ်ဆက်ခြင်းကို မယုံကြည်သူများအထင်လွဲမှားသဖြင့်ပြဿနာတစ်ခုဖြစ်လာကာ၊ အချို့အသင်းတော်များ၌ရပ်တုံ့သွားခဲ့သည်။

| **NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၆း၁၇–၂၀။** |
| --- |

[17] ညီအစ်ကို တို့ကိုငါတိုက်တွန်းသည်မှာ သင်တို့ခံယူခဲ့ပြီးသောဩဝါဒနှင့် ဆန့်ကျင်လျက်သဘောထားကွဲလွဲမှုနှင့် အနှောင့်အယှက်ဖြစ်ပေါ်စေသူများကိုသတိနှင့် ကြည့်ရှုကာရှောင်ရှားကြလော့။ [18]အကြောင်းမှာထိုသို့သောသူများသည် ငါတို့သခင်ခရစ်တော်၏ အစေခံများမဟုတ်ဘဲ မိမိတို့လိုလားတောင့်တမှု၏ကျေးကျွန်များသာဖြစ်ကြကာ၊ချိုသာ၍မြှောက်ပင့်သောစကားများဖြင့် ယုံလွယ်သောသူတို့၏စိတ်နှလုံးများကိုလှည့်စားကြ၏။ [19]သင်တို့၏နာခံခြင်းအကြောင်း လူတိုင်းပြောသဖြင့် သင်တို့ကြောင့်ငါဝမ်းမြောက်၏။ သို့သော်ကောင်းသောအရာ၌ ပညာရှိဖြစ်ကာ၊ ဆိုးသွမ်းမှု၌အပြစ်ကင်းစင်ကြစေလို၏။ [20]ငြိမ်းသက်ခြင်း၏ဘုရားသခင်သည်စာတန်ကို မကြာမီ သင်တို့၏ ခြေဖဝါးအောက်၌နင်းချေလိမ့်မည်။ ငါတို့သခင်ယေရှု၏ ကျေးဇူးတော်သည်သင်တို့နှင့် အတူရှိပါစေ။

**၁၆:၁၇** ဤသတိပေးချက်သည် ဤအကြောင်းအရာထဲမမျှော်လင့်ဘဲအတင်းတိုးဝင်လာသည်နှင့် တူနေသည်။ သို့သော်ပေါလုသည် လှည့်လည်သွားလာသောအမှုတော်ဆောင်ချက်များနှင့် ၄င်းတို့၏ကွဲပြားခြားနားမှုပေါ်လွင်စေရန်ထည့်လိုက်ခြင်းဖြစ်နိုင်သည်။ ဤဆရာသမားအတုအယောင် များလုပ်ပုံကိုင်ပုံစာရင်းတစ်ခု အငယ် ၁၇–၁၈ ၌ရှိသည်။

၁။ သဘောထားကွဲလွဲမှုဖြစ်ပေါ်စေရန် လှုံ့ဆော်ကြသည်။

၂။ ယုံကြည်သူများအတွက် အနှောင့်အယှက်ဖြစ်စရာများဖန်တီးကြသည်။

၃။ အသင်းတော်ပေးခဲ့ပြီးဖြစ်သော သွန်သင်မှုနှင့် ဆန့်ကျင်သောအရာများသွန်သင်ကြသည်။

၄။ သူတို့သည် မိမိတို့၏လိုလားတောင့်တမှုကို အစေခံကြခြင်းသားဖြစ်သည်။

၅။ သူတို့သည်ယုံလွယ်သောသူများကို မိမိတို့၏ချိုသာသောမြှောက်ပင့်စကားများဖြင့်လှည့်စားကြသည်။

ဤစာရင်းသည် ၁၄:၁–၁၅:၁၃ ၌ဖော်ပြသောအားနည်းသူနှင့် အားရှိသူယုံကြည်သူများနှင့်မဆိုင်ချေ။

☐ **"ရှောင်ရှားကြလော့"** ၄င်းမှာ PRESENT ACTIVE IMPERATIVE တစ်ခုဖြစ်သည်။ မကြာခဏတွေ့ ရသော အကြောင်းအရာတစ်ခုဖြစ်သည်။ (ဂလာ ၁:၈–၉။ ၂သက် ၃:၆၊ ၁၄။ ၂ယော ၁၀)။

**၁၆:၁၈**

**NASB, NRSV**

**TEV "မိမိတို့လိုလားတောင့်တမှု"**

**NKJV "မိမိတို့ဝမ်းဗိုက်"**

**NJB "မိမိတို့လောဘ"**

၄င်း၏လုံးစေ့ပတ်စေ့အဓိပ္ပါယ်မှာ "ဝမ်းဗိုက်" ဟူ၍ဖြစ်သည်။ (ဖိ ၃:၁၉။ တိတု ၁:၁၂)။ ဆရာသဟာအတုအကောင်များသည် အရာခပ်သိမ်း၌မိမိတို့စိတ်ဝင်စားရာကိုသာအခြေပြုကြသည်။

☐ **"ချိုသာ၍ မြှောက်ပင့်သောစကား"** အတုအယောင်ဆရာသမားတို့၌ ရုပ်ခန္ဓာအားဖြင့်ဆွဲဆောင်မှုရှိကာ၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်ကြသည်။ (ကော ၂:၄)။ သူတို့၏တင်ပြချက်များအလွန်ပင်ကျိုးကြောင်းဆီလျော်လေ့ရှိသည်။ သတိထားပါ! အတုအယောင်ဆရာသမားများကိုခွဲခြားသိရှိနိုင်ရန် သမ္မာကျမ်းစာနည်းကျစစ်ဆေးမှုအချို့အားပြုနိုင်ရန် ကျမ်းပိုဒ်အချို့မှာ တရားဟော ၁၃:၁–၅။ ၁၈:၂၂။ မဿဲ၇။ ဖိ ၃:၂–၃။ ၁၈–၁၉။ ၁ယော ၄:၁–၃။

☐ **"ယုံလွယ်သောသူတို့၏စိတ်နှလုံးများကိုလှည့်စားကြ၏"** ၄င်းသည် PRESENT ACTIVE INDICATIVE ဖြစ်ပြီး၊ ဆက်လက်လှည့်စားသွားခြင်းကိုပြောသည်။ ၄င်းတို့သည်ယုံကြည်သူအသစ်များကိုအန္တရာယ်ပေးနိုင် ပါသည်။ (ဆိုးသွမ်းမှုမတွေ့ကြုံခဲ့ဘူးသူများ)

**၁၆း၁၉ "သင်တို့၏နာခံခြင်းအကြောင်းလူတိုင်းပြောသဖြင့်"** ၄င်းသည် ၁း၈ ကိုရည်ညွှန်းခြင်းဖြစ်သည်။ ၄င်းမှာ အဓိပ္ပါယ်လေးနက်သွားစေရန် တမင်သက်သက်ချဲ့ကားပြောဆိုမှုတစ်မျိုးလည်းဖြစ်သည်။

☐ **"ကောင်းသောအရာ၌ပညာရှိဖြစ်ကာ၊ ဆိုးသွမ်းမှု၌အပြစ်ကင်းစင်ကြလော့။"** ၄င်းသည်ယေရှုကိုယ်တိုင်၏သွန်သင်မှုကို ထင်ဟပ်ပေါ်လွင်စေသည်။ (မဿဲ ၁၀း၁၆။ လုကာ ၁၀း၃)။

**၁၆း၂၀ "ငြိမ်သက်ခြင်း၏ဘုရားသခင်"** ၄င်းမှာဘုရားသခင်၏ အံ့ဩဖွယ်ရာဘွဲ့နာမတော်တစ်ခုဖြစ်သည်။ (၁၅း ၃၃။ ၂ကော ၁၃း၁၆။ ဖိ ၄း၉။ ၁သက်၅း၂၃ နှင့် ဟေဗြဲ ၁၃း၂၀)

**"မကြာမီစာတန်ကိုသင်တို့ခြေဖဝါးအောက်၌နင်းချေလိမ့်မည်။"** ၄င်းသည် ကမ္ဘာ ၃း၁၅ အားညွှန်းဆိုမှုတစ်ခုဖြစ်သည်။ ယုံကြည်သူတို့အားသူတို့နှင့် မေရှိယ၏ဆက်စပ်မှုသည်အောင်မြင်မှုပေးသည်။ (၁ယော၅း ၁၈–၂၀)။ ၄င်းမှာအံ့ဩဘွယ်ရာကတိတော်နှင့် တာဝန်ဝတ္တရားလည်းဖြစ်သည်။ ဤကျမ်းချက်၌အသင်းတော်သည် မိမိအားအပ်နှင်းသောမဟာစေခိုင်းခြင်းကို ပျက်ကွက်စေသည့်ဆရာသမားအတုအယောင်များကြောင့်ဖြစ်သောရှုပ်ထွေးမှုနှင့် သဘောထားကွဲလွဲမှုများ၏သရုပ်ပြအဖြစ်စာတန်ကိုဖော်ပြသည်။ မှားယွင်းသောဆရာသမားများနောက်ကွယ်၌ နတ်ဆိုးဝိညာဉ်ဆိုးများရှိသည်။ မည်သို့ဖြစ်စေအမှောင်နှင့် ဆိုးသွမ်းမှုကိုရင်ဝယ်ပိုက်ကာ၊ ၄င်းတို့ထဲအသက်ရှင်နေသူများအတွက် ဧဝံဂေလိသတင်းကောင်းသည်မှောင်မိုက်နှင့် ဆိုးသွမ်းမှုကိုဖြိုခွင်းသည်။ ဤအကြောင်းအရာအတွက် စာအုပ်ကောင်းတစ်ခုမှာ *Three Crucial Questions About Spiritual Warfare*, by Clinton E. Arnold ဖြစ်ပါသည်။

**အထူးအကြောင်းအရာ။ ။ ဆိုးသွမ်းမှု၏ ပုဂ္ဂိုလ်/ပုဂ္ဂိုလ်ဖြစ်သောဆိုးသွမ်းမှု (PERSONAL EVIL)**

အကြောင်းရင်းအတော်များများကြောင့် ၄င်းမှာ အလွန်ခက်ခဲသောအကြောင်းအရာဖြစ်သည်။

၁။ ဓမ္မဟောင်းကျမ်းသည် ကောင်းသောအရာ၏ ရန်သူကြီးတစ်ဦးရှိကြောင်းဖော်ပြခြင်းမပြုဘဲ။ လူသားအားမကောင်းသောအရာလုပ်ရန်ပြောလိုက် သူတို့မကောင်းကြောင်းစွပ်စွဲလိုက်လုပ်ကာ YHWH အားအစေခံသူအကြောင်းကိုသာဖော်ပြသည်။ (A.B. Davidson, pp 300-306)

၂။ ဘုရားသခင်၏ရန်သူကြီး ဖြစ်သူပုဂ္ဂိုလ်အကြောင်းအယူအဆသည် ပါရှား(အီရန်) လူမျိုးတို့၏ ဘာသာ (Zoroastrianism) ၏လွှမ်းမိုးမှုအောက်ရှိ စာပေများဖြစ်သော သမ္မာကျမ်းစာပြင်ပစာပေများတွေ့ရသည်။ ၄င်းသည်နောက်တစ်ခါ ယုဒဘာသာဆရာကြီးများကို ကြီးမားစွာလွှမ်းမိုးသွားသည်။

၃။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်း၏အကြောင်းအရာများကို အံ့ဩဘွယ်ရာလုံးလုံးလျားလျားဆက်လက်ရင့်သန်စေသော်လည်း အမျိုးအစားခွဲခြားရွေးချယ်မှုပြုသည်။

ဆိုးသွမ်းမှုအကြောင်းအား သမ္မာကျမ်းလာဓမ္မသဘောအမြင်ဖြင့် ချဉ်းကပ်လေ့လာပါက (ကျမ်းတစ်ကျမ်းစီ သို့မဟုတ် ကျမ်းပြုသူ၊ သို့မဟုတ် စာပေအမျိုးအစား အလိုက်လေ့လာ ကာ၊ သီးခြားစီအကျဉ်းချုပ်လိုက်ပါကလွန်ကွဲပြားခြားနားသော ဆိုးသွမ်းမှုများပေါ်လွင်လာ သည်။

သို့သော်ဆိုးသွမ်းမှုအကြောင်းအား သမ္မာကျမ်းစာမဟုတ်သော (ဝါ)ကမ္ဘာ့ဘာသာကြီးများသို့မဟုတ်အရှေ့တိုင်းဘာသာကြီးများအားသမ္မာကျမ်းစာပြင်ပမှလေ့လာပါက ဓမ္မသစ်ကျမ်းအား ပါးရှားလူမျိုးများ၏ နှစ်ဆူအယူဝါဒ (dualism) နှင့် ဂရိ–ရောမတို့၏ ဝိညာဉ်အယ ဝါဒများ လွှမ်းမိုးမှုများစွာရှိကြောင်း တွေ့ရှိရပေမည်။ သမ္မာကျမ်းစာမှာ ဘုရားသခင်၏အခွင့် အာဏာတော်ဖြစ်ခြင်းအပေါ် ဆက်ကပ်

အပ်နှံထားမည်ဆိုလျှင် ဓမ္မသစ်ကျမ်းကိုဖြစ်ပေါ် တိုးတတ်သော ဖွင့်ပြတော်မူခြင်းအဖြစ် ရှုမြင်မည်ဖြစ်သည်။ ဤသဘောအား ပိုမိုရှင်းလင်း စေရန် ခရစ်ယာန်သည် ဂျူးလူမျိုးတို့၏ ဒဏ္ဍာရီပုံပြင်များဖြစ်စေ၊ အင်္ဂလိပ်စာပေများဖြစ်စေ (ဒန်တီ၊ မီလ်တန်) အသုံးပြုရန်မဟုတ်ချေ။ ဤကဏ္ဍာဆိုင်ရာဖွင့်ပြမှု၌ဖုံးကွယ်မှုများနှင့် အဓိပ္ပါယ်မသဲကွဲမှုများရှိသည်မှာအမှန်ပင်ဖြစ်သည်။ ဘုရားသခင်သည်ဆိုး သွမ်းမှု၏မျက်နှာစာအား လုံးဖြစ်သောငင်း၏မူလအစ၊ငင်း၏ရည်ရွယ်ချက်များကိုဖွင့်ပြခြင်းမပြု ဘဲငင်း၏ရှုံးနိမ့်မှုကိုသာ ဖွင့်ပြထားသည်။

ဓမ္မဟောင်းကျမ်းတွင် စာတန်ဟူသောဝေါဟာရ (BDB 966) သို့မဟုတ် ပြစ်တင်စွပ်စွဲသူဟုဆိုရာ၌ သုံးမျိုးသားစားရှိပုံပေါ်သည်။

၁။ ပြစ်တင်စွပ်စွဲသူလူသားများ (၁ဓမ္မ ၂၉း၄။ ၂ဓမ္မ၁၉း၂၂။ ၃ဓမ္မ ၁၁း၁၄၊၂၃၊၂၅။ ဆာလံ ၁၀၉း၆)

၂။ ပြစ်တင်စွပ်စွဲသူကောင်းကင်တမန်များ (တောလည် ၂၂း၂၂–၂၃။ ဇာ ၃း၁)

၃။ ပြစ်တင်စွပ်စွဲသူ နတ်ဆိုး/ဝိညာဉ်ဆိုးများ (၁ရာ ၂၁း၁။ ၁ဓမ္မ ၂၂း၂၁။ ဇာ ၁၃း၂)

သမ္မာကျမ်းစာရေးသားပြီးနောက်ပိုင်းကာလ၌ သာကမ္ဘာဦး ၃ ကမြွေကိုစာတန်အဖြစ် ဖော်ပြလာခဲ့ကြသည်။ (ပညာကျမ်း ၂း၂၃–၂၄။ ၂ဧနော ၃၂း၃) နောက်ပိုင်း၌ငင်းမှာ ရဗ္ဗိဆရာကြီးများစိတ်ကြိုက်ရွေးချယ်ဘို့ (မြွေ/စာတန်) အထိဖြစ်လာသည်။ (Sot. 9b နှင့် Sanh.29a)ကမ္ဘာဦး၆ရှိ ဘုရားသခင်၏သားများသည် ၁ဧနော ၅၄း၆ ၌ ကောင်းကင်တမန်ဆိုးများဖြစ်လာသည်။ ရဗ္ဗိဆရာကြီးများ၏ ဓမ္မသဘောတရား၌ သူတို့သည် ဆိုးသွမ်းမှု၏မူလအစဖြစ်လာသည်။ ကျွန်ုပ် ဤသို့ဖော်ပြခြင်းမှာငင်းသည် ဓမ္မသဘောတရားအရ မှန်သည်ဟု အတည်ပြုရန်မဟုတ်ဘဲငင်း၏ ဖြစ်ပေါ်တိုးတတ်လာပုံကိုပြောခြင်းမျှသာ ဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ဓမ္မဟောင်းကျမ်းထဲ ဤလုပ်ဆောင်မှုများကို ကောင်းကင်တမန်ဆိုင်ရာလုပ်ဆောင်မှု၊ ဆိုးသွမ်းမှု ပုဂ္ဂိုလ် (စာတန်)၏လုပ်ဆောင်မှုအဖြစ်ဖော်ပြသည်။ ၂ကော ၁၁း၃။ ဗျာ ၁၂း၉တို့၌ဖော်ပြသည်။

ဆိုးသွမ်းမှုပုဂ္ဂိုလ်၏ မူလအစအား ဓမ္မဟောင်းကျမ်းမှ ဆုံးဖြတ်ချက်ပေးရန် ခက်ခဲသည် (သို့မဟုတ်)မဖြစ်နိုင်ချေ။(မိမိအမြင်ပေါ်မူတည်သည်)။ ငင်း၏အကြောင်းပြချက်တစ်ခုမှာ အစ္စရေး၏တဆူတည်းသော ဘုရားဝါဒ၏ ခိုင်မာမှုဖြစ်သည် (၁ဓမ္မ ၂၂း၂၀–၂၂။ ဒေသနာ ၇း၁၄။ ဟေရှာ ၄၅း၇။ အာမုတ် ၃း၆)။ YHWH ၏အတုအနှိုင်းကင်းမှုနှင့် အကြီးမြတ်ဆုံး ဖြစ်မှုအားပြသရန် အကြောင်းရင်း အားလုံး သူ့ကြောင့်ဖြစ်သည် ဟုဖော်ပြသည်။ (ဟေရှာ ၄၃း ၁၁။ ၄၄း၆၊ ၈၊၂၄။ ၄၅း၅–၆၊ ၁၄၊ ၁၈၊ ၂၁၊ ၂၂)။ ရနိုင်သမျှ အကြောင်းအရာများမှာ

(၁) ယောဘ ၁–၂ ၌စာတန်ကို "ဘုရားသခင်၏ သားများ" (ကောင်းကင်တမန်များ) အနက်၌ ပါဝင်ကြောင်းတွေ့ရသည်။ သို့မဟုတ်

(၂) ဟေရှာယ ၁၄။ ယေဇကျေလ ၂၈ တို့၌အရှေ့အလယ်ပိုင်းဘုရင်များ (ဗာဗုလုန်နှင့် တုရုမင်း) အားစာတန်၏မာန်မာနကိုရှင်းလင်းဖော်ပြရန်သုံးသည်။ (၁တိ ၃း၆)။ ဤချဉ်းကပ်ပုံ၌ကျွန်ုပ်၏စိတ်မှာရောထွေးနေသည်။ ယေဇကျေလသည် ဧဒင်ဥယျာဉ်ကို တုရုဘုရင်အားစာတန်အဖြစ်တင်စား ဖော်ပြရန်သုံးသည် သာမက (ယေဇကျေလ ၂၈း၁၂–၁၆) အီဂျစ်ကိုတင်စားဖော်ပြရန် အကောင်းအဆိုးခွဲခြားသိရှိ ရာအပင်ကိုအသုံးပြုသည်။ (ယေဇကျေလ ၃၁)။ မည်သို့ဖြစ်စေ ဟေရှာယ ၁၄ အထူးသဖြင့်အငယ် ၁၂–၁၄ ၌ကောင်းကင်တမန်တစ်ပါးသည် မာနထောင် လွှားမှုကြောင့် တော်လှန ပုန်ကန်ကြောင်းအား ရေးသားဖော်ပြသည်နှင့် တူပါသည်။ ဘုရား သခင်သည် ကျွန်တော်တို့ကို စာတန်၏တိကျသောသဘာဝနှင့် မူလအစကိုဖော်ပြလိုပါက ထိုသို့ပြုရန်မှာ အလွန စွေစောင်းသော

မဖြောင့်တန်းသောလမ်းနှင့် နေရာသာလျှင်ဖြစ်ချေ၏။ အနက်အဓိပ္ပါယ် ပီပြင်ခြင်းမရှိသော၊ ကွဲပြား ခြားနားသည့် ဖော်ပြချက်အစိတ်အပိုင်းကလေး များဆွဲယူကာ ၎င်းတို့ကိုဘုရားဆိုင်ရာပဟေဠိပြသနာ၏ အစိတ်အပိုင်များအဖြစ်စုစည်း တင်ပြသော Systemetic Theology ခေါ်ဓမ္မသဘောတရားအားနည်း စံနစ်ကျလေ့လာမှုဆို သောအရာကိုကျွန်တော်တို့သတိထားကြရပါမည်။

ဂျူးဘာသာရဗ္ဗိကျမ်းတတ်ဆရာကြီးများသည် ပါးရှားတို့၏အယူဝါဒနှင့် မှန်းဆမှု များ၏လွှမ်းမိုးမှုအလွန်အကျွံခံသည်ဟု Alfred Edersheim သည်မိမိ၏စာအုပ် *The Life and Times of Jesus the Mesiah,* အတွဲ ၂၊ နောက်ဆက်တွဲ XIII (စာ ၇၄၈–၇၆၃)နှင့် အတွဲ XVI (စာ ၇၇၀–၇၇၆) တို့၌ရေးသားထားသည်။ ဤကဏ္ဍ၌ ရဗ္ဗိဆရာကြီးများသည် သမ္မာတရား အတွက် မအားကိုးရချေ။ ယေရှုသည်ယုဒတရားဇရပ်၏ သွန်သင်မှုများမှအပြတ်ခွဲထွက်သည်။ သိနာတောင်ပေါ်၌ မောရှေ၏ ပညတ္တိကျမ်းအားအပ်ပေးရာ၌ ကောင်းကင်တမန် ၏ကြားခံ ဆောင်ရွက်မှုဆိုင်ရာ ရဗ္ဗိဆရာကြီးများ၏ အယူအဆနှင့် ၎င်းကောင်းကင်တမန်အား ဆန့်ကျင့်အာခံခြင်းသည်လူသားနည်းတူ YHWH ၏ရန်သူဖြစ်သော ကောင်းကင်တမန်အကြီး တစ်ပါးအကြောင်း အယူအဆစတင် မြစ်ဖျားခံရာဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ ပါးရှား (အီရန်) လူမျိုးတို့၏အယူဝါဒ၌ *Ahkiman* နှင့် *Ormaza* ခေါ်အကောင်းနှင့် အဆိုးအကြီးဆုံး ဘုရားနှစ်ဆူရှိသည်။ ဤနှစ်ဆူအယူ ဝါဒသည် YHWH နှင့် စာတန်ဟူသောကန့်သတ်သည့် ဂျူးဘာသာဆိုင်ရာနှစ်ဆူဝါဒဖြစ်လာသည်။

ဓမ္မသစ်ကျမ်း၌ ဆိုးသွမ်းမှုတိုးတတ်ဖြစ်ပေါ်လာပုံအားဖွင့်ပြထားသည်ကြောင်းသေချာ သော်လည်း ရဗ္ဗိဆရာကြီးများကဲ့သို့ ဋီကာချဲ့ခြင်းမျိုးကားမဟုတ်ချေ။ ၎င်း၏ဥပမာကောင်း တစ်ခုမှာ "ကောင်းကင်၌ဖြစ်သော စစ်ပွဲ"ဖြစ်သည်။ စာတန်ကျခြင်းသည် အကျိုးအကြောင်း သင့်သော လိုအပ်မ ဖြစ်သော်လည်း အချက်အလက်များ အတိအကျမဖော်ပြချေ။ အနာဂတ္တိဆိုင် ရာစာပေများ၌ ဖွင့်ပြ ပေးထားသော အရာ၌ပင် အဖုံးအကာရှိသေးသည်။ (ဗျာ ၁၂း၄၊၇၊၁၂–၁၃)။

စာတန်သည်ချေမှုန်းခံကာ၊ ကမ္ဘာမြေသို့ပြည်နှင်ဒဏ်ပေးခံရသော်လည်းသူသည် YHWH ၏ အစေခံအဖြစ်အလုပ်လုပ်နေဆဲဖြစ်သည်။ (မဿဲ ၄း၁။ လုကာ ၂၂း၃၁–၃၂။ ၁ကော ၅း၅။ ၁တိ ၁း၂၀)။

ကျွန်တော်တို့သည်ဤကဏ္ဍ၌မိမိတို့၏စပ်စုသိလိုစိတ်ကိုထိန်းချုပ်ထားရပေမည်။ပုဂ္ဂိုလ်အားဖြင့်ဖြစ်သော သွေးဆောင်ခြင်းနှင့် ဆိုးသွမ်းမှုအင်အားတစ်ရပ်တို့ရှိသည် မှန်သော လည်းဘုရားသခင် တစ်ဆူတည်းသာရှိကာ လူသားတိုင်းသည်မိမိရွေးချယ်မှု အတွက်တာဝန် ကိုယ်စီရှိကြသည်။ ကယ်တင်ခြင်း မရှမီနှင့်ရပြီးနောက်ပိုင်း နှစ်ခုစလုံး၌ဝိညာဉ်တိုက်ပွဲရှိသည်။အောင်မြင်ခြင်းသည်သုံးဆူဘုရားမှ တစ်ဆင့်ထိုအရှင်၌တည်မြဲနေခြင်းအားဖြင့် သာရနိုင် သည်။ ဆိုးသွမ်းမှုသည်အနိုင်ယူခြင်းခံခဲ့ပြီးဖြစ်ကာ၊ ဖယ်ရှားခြင်းကိုပါခံရလိမ့်မည်ဖြစ်သည်။

☐ **"ငါတို့သခင်ယေရှု၏ကျေးဇူးတော်သည်သင်တို့နှင့်အတူရှိပါစေ"** ၎င်းမှာပေါလုသုံးနေကျအပိတ်စကား ဖြစ်သည်။ (၁ကော၁၆း၂၃။ ၂ကော၁၃း၁၄။ ဂလ၆း၁၈။ ဖိ၄း၂၃။ ကော်၄း၁၈။ ၁သက်၅း၂၈။ ၂သက်၃း၁၈ နှင့် ဗျာ၂၂း၂၁)။ ဤစာကြောင်းသူ့လက်ရေးနှင့်ရေးခြင်းဖြစ်နိုင်သည်။ ၎င်းမှာသူရေးသောစာမှန်ကြောင်းပြသောသူ နည်းဖြစ်သည်။ (၂သက် ၃း၁၇၊၁ကော ၁၆း၂၁၊ကော ၄း၁၈)

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။၁၆း၂၁**

[၂၁] **ငါ၏အမှုဆောင်ဖက်တိမောသေမှစ၍၊ ငါ၏အမျိုးလုကိ၊ ယာသုန်၊ သောသိပတရုတို့ကိုနှုတ် ဆက်ကြလော့။**

**၁၆း၂၁-၂၃** ဤအခန်းငယ်များမှာဖြည့်စွက်စာများဖြစ်သည်။ ကောရိန္တုမြို့ရှိပေါလု၏လုပ်ဖော်ကိုင်ဖက်များသည် မိမိတို့နှုတ်ဆက်စကားများပို့ကြခြင်းဖြစ်သည်။

**၁၆း၂၁ "လုကိ"** ထိုသူမှာ

၁။ဆရာဝန်လုကာဖြစ်နိုင်သည်(ကော ၄း၁၄)သို့မဟုတ် အတွဲလိုက်စကားလုံးအသုံးအနှုန်း(ငိုသော) ဖြစ်ပြီး"အဆင့်မြင့်ပညာတတ်မြောက်သူ" ဟူ၍လည်းဖြစ်နိုင်သည်။

၂။ ကုရေနေပြည်သားလုကို (တမန်၁၃း၁) ဖြစ်နိုင်သည်။

၃။ မည်သူမည်ဝါမှန်းမသိရသောခရစ်ယာန်တစ်ဦးဖြစ်နိုင်သည်။

**"ယာသုန်"** သူမှာ သက်သာလောနိမြို့၌ ပေါလုတည်းခိုရာ အိမ်ရှင်ယာသုန်ပင်ဖြစ်နိုင်သည်။ (တမန် ၁၇း၅-၉)။

☐ **"သောသိပတရ"** ဤလူမှာဗေရိမြို့သားသောသိပတရဖြစ်နိုင်သည်။ တမန်တော် ၂၀း၄။

| NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။၁၆း၂၂ |
|---|
| [22]**ဤစာရေးသားသူကျွန်ုပ်တေရတိသည်သခင်ဘုရားကိုထောက်၍သင်တို့ကိုနှုတ်ဆက်ပါ၏။** |

**၁၆း၂၂ "ဤစာကိုရေးသားသူသည်တေရတိ"** ပေါလုသည်မိမိ၏စာများကိုရေးပေးရန်စာရေး*(amanuensis)* တစ် ယောက်သုံးသည်။ (၁ကော ၁၆း၂၁။ ဂလာ ၆း၁၁။ ကော ၄း၁၈။ ၂သက် ၃း၁၇။) ပေါလုမှာမျက်စိမကောင်း သဖြင့်ပေရွက်ပေ (သို့) သားရေလိပ်ပေါ်နေရာချွေတာကာ ခပ်ကြပ်ကြပ်၊ စာလုံးသေးသေးဖြင့် စာမရေးနိုင်ခြင်း ဖြစ်သည်ဟုကျွန်ုပ်ထင်ပါသည်။ (ဂလာ ၆း၁၈)

NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း ။ ။ ၁၆း၂၃-၂၄

[23]ငါနှင့် အသင်းတော်တစ်ခုလုံး၏အိမ်ရှင်ဂါယုသည် သင်တို့ကိုနှုတ်ဆက်၏။ မြို့စာရေး ဧရတ္တု၊ သင်တို့၏ညီကွာတုတို့သည် သင်တို့ကိုနှုတ်ဆက်ကြ၏။ [24][ငါတို့သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်သည် သင်တို့အားလုံးအပေါ်ရှိစေသတည်း။ အာမင်]

**၁၆း၂၃ "ဂါယု"** ဖြစ်နိုင်သည်မှာ

၁။ တမန်တော် ၁၉း၇ ရှိယုတ္တု

၂။ ဒေရဗေမြို့သားဂါယု (တမန်တော် ၁၉း၂၉။ ၂၀း၄။ ၁ကော ၁း၁၄)

၃။ ၃ယော၊ ငယ် ၁ ရှိ ဂါယု

☐ **"ငါနှင့်အသင်းတော်တစ်ခုလုံး၏အိမ်ရှင်"** အသင်းတော်၌လိုအပ်နေသည်မှာ ဧည့်ဝတ်ကျေပွန်ခြင်းဖြစ်သည်။ တတ်နိုင်သောယုံကြည်သူအချို့တို့သည်လှည့်လည်သောတရားဟောဆရာများအတွက်တည်းခိုရန် အခန်းများပြင်ဆင်ပေးကြသည်။ အချို့သောသူတို့နည်းတူ ဤလူသည်လည်း သူ့အိမ်ကိုစုဝေးဝတ်ပြုရာ နေရာအဖြစ်အသုံးပြုစေသည်။ နေအိမ်အသင်းတော်များသည် နှစ်ပေါင်းတစ်ရာကျော်သုံးနေကျပုံစံဖြစ်ခဲ့သည်။ အထူးအကြောင်း အရာ။ ။ အသင်းတော် *(EKKLESIA)* ၁၆း၁ ၌ကြည့်ပါ။

☐ **"မြို့စာရေးဧရတ္တု"** သူ့ကို တမန်တော်၁၉း၂၂။ ၂တိ၄း၂၀တို့၌လည်းဖော်ပြသည်။ သူသည်ပေါလုနှင့် ဆက်စပ်သောခရီးလှည့်လည်သူအမှုတော်ဆောင်တစ်ဦးဖြစ်သည်။

☐ **"ကွာတု"** ဤနာမည်သည် လက်တင်ဘာသာ၌ "စတုတ္ထမြောက်" ဟုအဓိပ္ပါယ်ရှိသည်။ သူသည်လက်တင်စကား "တတိယ" ဟုအဓိပ္ပါယ်ရှိသော "တေရတိ" (ငယ် ၂၂) ၏ညီဖြင့်နိုင်သည်။

**၁၆း၂၄** ဤကျမ်းပိုဒ်သည် အချို့သော်ဂရိလက်ရေးကျမ်းမနားဖြစ်သည်။ $P^{46,61}$, Aleph, A, B, C နှင့် 0150 တို့၌ မပါရှိချေ။ ၎င်းကို အချို့ဂရိလက်ရေးကျမ်းများ၌ ၁၆း၂၃ နှင့် အချို့တို့၌ ၁၆း၂၇ အပြီး၌တွေ့ရသည်။ ၎င်းသည် မူရင်းစာရေးသူပေါလုရေးခြင်းမဟုတ်ကြောင်းထင်ရှားသည်။ NASB, NRSV, TEV နှင့် NJB ဘာသာပြန် ကျမ်းများ၌ချန်လှပ်ထားသည်။ $UBS^4$ သည် ဤချပ်လှပ်မှုကို "သေချာ" (A)အဆင့်သတ်မှတ်သည်။ ၎င်းမှာ ဤဩဝါဒစာအား ဤနေရာ၌ အဆုံးသတ်ရန်အားထုတ်မှုတစ်ခုဖြစ်ကာ၊ အပိတ်ဘုန်းတော်ဘွဲ့သည်ဂရိမူရင်းစာ အမျိုးမျိုး၌အခန်းကြီး ၁၄၊၁၅ နှင့် ၁၆ တို့၌ရှိနေခြင်းကြောင့်ဖြစ်သည်။

**NASB (နောက်ဆုံးပြင်ဆင်သော) ဘာသာပြန်ကျမ်း။ ။ ၁၆း၂၅-၂၇။**

**[25]သူသည်ငါ၏ဧဝံဂေလိတရားနှင့် ယေရှုခရစ်တော်အကြောင်းအားဟောပြောခြင်းနှင့် အညီသင်တို့ကိုခိုင်ခံ့စေနိုင်စွမ်းရှိတော်မူသူဖြစ်၏။ လွန်ခဲ့သောကပ်ကာလကြာမြင့်စွာ ဖုံးကွယ်ထားသောလျှို့ဝှက်ချက်ဖြစ်သော်လည်းယခုဖွင့်ပြတော်မူခြင်းနှင့် အညီဖြစ်၏။ [26]ထာဝရဘုရား၏အမိန့်တော်အတိုင်း ပရောဖက်များသမ္မာကျမ်းစာတော်နှင့် အညီယခုအခါပေါ်လွင်ထင်ရှားစေကာ၊ လူမျိုးများအားလုံးတို့သည်ယုံကြည်ခြင်းတရားအားနာခံခြင်းရှိစေရေးအတွက်သိရှိစေခဲ့ပြီဖြစ်သည်။ [27]တစ်ဆူတည်းသာလျှင် ပညာရှိသူဖြစ်တော်မူသောဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် အစဉ်ထာဝရဘုန်းကြီးစေတော်မူစေသတည်း။ အာမင်။**

**၁၆း၂၅-၂၇** ၎င်းမှာဂရိကျမ်းစာ၌ဝါကျတစ်ခုဖြစ်သည်။ ဤကောင်းချီးပေးခြင်းကို ဂရိလက်ရေးကျမ်းများ၌ အခန်းကြီး ၁၄ အဆုံးနှင့် ၁၅ အဆုံးနှစ်ခုစလုံး၌ပါတွေ့ရသည်။ ဤဩဝါဒစာ၏အဓိကအချက်များကိုပြန်၍အကျဉ်းချုံ့ရန်ပေါလုကိုယ်တိုင်မိမိလက်ဖြင့်ရေးသားခြင်းဖြစ်နိုင်သည်။

ဤဘုန်းတော်ဘွဲ့သည် အောက်ပါတို့အနက် တစ်ခုခုဖြစ်နိုင်သည်ဟု အချို့ယုံကြည်ကြသည်။

၁။ လှည့်ပတ်ပေးပို့သော ဧဖက်ဩဝါဒစာ၏အဖုံးစာသား

၂။ ရောမမြို့သွားရာလမ်းပေါ်ရှိ သူများအတွက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်

(က) ပေါလုသည် ရောမမြို့သို့မသွားခဲ့ဘူးသော်လည်း လူနှစ်ဆယ့်ခြောက်ယောက်တို့ကို နှုတ်ဆက်စကားပေးပို့သည်။

(ခ) အခန်းကြီး ၁၆ သည် ဆရာသမားအတုအယောင်များအား ပထမဆုံးဖော်ပြချက်ဖြစ်သည်။

(ဂ) ဤဘုန်းတော်ဘွဲ့သည်ဂရိလက်ရေးကျမ်းများတွင်မတူသောနေရာအချို့၌တွေ့ရသည်။

ပေါလုသည်မိတ္တူနှစ်ခုရေးကာ အခန်းကြီး ၁-၁၄ ကိုရောမမြို့သို့ပို့ပြီး အခန်းကြီး ၁-၁၆ ကို ဧဖက်မြို့သို့ပို့ခြင်းလည်းဖြစ်နိုင်သည်။ ဤအဆိုများကို အောက်ပါတို့သည်အဖြေပေးလေ့ရှိ၏။

၁။ ကနဦးကခရစ်ယာန်အမှုတော်ဆောင်အများအပြားတို့မှာခရီးလှည့်လည်သူများဖြစ်ခြင်း။

၂။ မည်သည့်ဂရိလက်ရေးကျမ်းမှအခန်းကြီး၁၆မပါဘဲမရှိခြင်း။

၃။ ၁၄း၁-၁၅း၁၃သည်ဆရာသမားအတုအယောင်များကိုဆိုလိုခြင်းဖြစ်သည်။

**၁၆း၂၅ "နိုင်စွမ်းရှိတော်မူသူဖြစ်၏"** ၎င်းမှာဘုရားသခင်၏ ထူးဆန်းသောဘွဲ့နာမတော်တစ်ခုဖြစ်ပြီး ဓမ္မသစ်ကျမ်း၌ သုံးကြိမ်ပါရှိသည်။(ဖေက်၃း၂၀။ယု၁၂၄)။

ဘုရားသခင်သည်ယုံကြည်သူများကိုခိုင်ခံ့စေပုံမှာ–

၁။ ပေါလု၏ဧဝံဂေလိသတင်းကောင်းဟောပြောမှု

၂။ ယေရှုခရစ်တော်အကြောင်းဟောပြောမှု

၃။လျှို့ဝှက်ဖုံးကွယ်လာခဲ့သောကယ်တင်ခြင်းဆိုင်ရာဘုရားသခင်၏အစီအစဉ်တော်အားဖွင့်ပြမှု။

ယုံကြည်သူများကိုဧဝံဂေလိသတင်းကောင်းအားသိရှိခြင်းဖြင့်စွမ်းအားရှိစေသည်။ ယခုအခါဤဧဝံဂေလိသတင်းကောင်းသည်လူသားအားလုံးအတွက်ဖြစ်သည်။

☐ **"လျှို့ဝှက်ဖုံးကွယ်ထားသောအရာ"** ဘုရားသခင်သည် လူသားမကျဆင်းမီကပင်လူသားအားရွေးနှုတ်ရေးအတွက်စုစည်းသောရည်ရွယ်ချက်ရှိခဲ့သည်။(ကမ္ဘာဦး ၃)။ ဤအစီအစဉ်၏အရိပ်အမြွက်များဓမ္မဟောင်းကျမ်း၌ဖွင့်ပြထားသည်။ (ကမ္ဘာဦး ၃း၁၅။ ၁၂း၃။ ထွက် ၁၉း၅–၆ နှင့် ပရောဖက်ကျမ်းများတစ်လျှောက်၌)။ သို့သော်အစီအစဉ်အပြည့်အစုံမှာမူသေချာမသိရှိရချေ။ (၁ကော၂း၆–၈)ယေရှုနှင့်ဝိညာဉ်တော်ကြွလာခြင်းနှင့် အတူ၎င်းမှာပိုမိုပေါ်လွင်လာခဲ့သည်။ ထိုရွေးနှုတ်ခြင်းအစီအစဉ်တစ်ခုလုံးကိုဖော်ပြရန်ပေါလုသည် "လျှို့ဝှက်ဖုံးကွယ်သောအရာ" mystery ဟူသောစကားလုံးသုံးသည်။ (၁ကော၄း၁။ ဧဖက်၂း၁၁–၃း၁၃။ ၆း၁၉။ ကော၄း၃။ ၁တိ၃း၉၂)။ သို့သော်သူသည်ဤဝေါဟာရကိုအဓိပ္ပါယ်အမျိုးမျိုးဖြင့်သုံးသည်။

၁။ တစ်ပါးအမျိုးများပါဝင်လာစေရန် အစ္စရေးများအားတစ်စိတ်တစ်ပိုင်း (ခေတ္တ) မာကျောစေခြင်း။ တပါးအမျိုးများအမြောက်အများဝင်းလာခြင်းသည်ဂျူးများအား ယေရှုကိုအနာဂတ္တိကျမ်း၏ခရစ်တော်အဖြစ် လက်ခံရန်ယန္တရားသဖွယ်လုပ်ဆောင်လိမ့်မည်။ (ရောမ၁၁း၂၅–၃၂)။

၂။ ဧဝံဂေလိသတင်းကောင်းကိုလူမျိုးများအားသိနားလည်စေသည်။ သူတို့အားလုံးခရစ်တော်အထဲ၌နှင့်ခရစ်တော်မှတဆင့်ပါဝင်စေသည်။ (ရောမ ၁၆း၂၅–၂၇။ ကော ၂း၂)။

၃။ ဒုတိယအကြိမ်ပြန်လည်ကြွလာသည့်အခါယုံကြည်သူများရရှိမည့်ကိုယ်ခန္ဓာအသစ်(၁ကော ၁၅း၅–၅၇။ ၁သက် ၄း၁၃–၁၈)။

၅။ တပါးအမျိုးများနှင့်ဂျူးတို့မှာအမွေခံဖော်ခံဖက်များဖြစ်သည်။(ဧဖက်၁း၁၁၊၃း၁၃)။

၆။ ခရစ်တော်နှင့်အသင်းတော်၏ ရင်းနှီးသောဆက်ဆံရေးကိုလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဝေါဟာရများနှင့်ဖော်ပြသည်။ (ဧဖက် ၅း၂၂–၂၃)

၇။ တပါးအမျိုးများကိုပဋိညာဉ်ခံလူမျိုးတော်ထဲပါဝင်စေကာ၊ ခရစ်တော်၏ဝိညာဉ်တော်ကိန်းဝပ်ခြင်းဖြင့်ခရစ်တော်နည်းတူရင့်ကျက်စေသည်။ ၎င်းမှာကျဆင်းသောလူသားအထဲပျက်ယွင်းသွားခဲ့သောဘုရားသခင်၏သဏ္ဍာန်တော်အားဖော်ထုတ်ခြင်း၊ (ကမ္ဘာ ၆း၅၊ ၁၁–၁၃၊ ၈း၂၁)လူ့အထဲဘုရား သခင်ကိုပြန်လည်ဖော်ဆောင်ခြင်းဖြစ်သည်။ (ကမ္ဘာ ၁း၂၆–၂၇။ ၅း၁။ ၉း၆။ ကော၁း၂၆–၂၈)။

၈။ နောက်ဆုံးသောကာလ၏အန္တိခရစ်။ (၂သက်၂း၁–၁၁)။

၉။ လျှို့ဝှက်ဖုံးကွယ်သောအရာအားအသင်းတော်၏ အစောပိုင်းကာလ၌အကျဉ်းချုံ့ဖော်ပြမှုတစ်ခု (၁တိ၁း၁၆) ၌တွေ့ရသည်။

**၁၆း၂၆ "ယခုပေါ်လွင်ထင်ရှားစေသည်"** ဤလျှို့ချက်(ဝါ)ဘုရားသခင်၏အစီအစဉ်တော်ကိုယခုအခါလူသားအားလုံးအားရှင်းလင်းစွာဖွင့်ပြခဲ့ပြီဖြစ်သည်။ ၎င်းမှာယေရှုခရစ်တော်၏ဧဝံဂေလိသတင်းကောင်းဖြစ်သည်။ (ဧဖက် ၂း၁၁–၃း၁၃)။

☐ **"သမ္မာကျမ်းစာတော်နှင့်အညီ"** ဘုရားသခင်သည်ဤလျှို့ဝှက်ချက်ကိုယေရှု၏ပုဂ္ဂိုလ်နှင့်လုပ်ဆောင်မှုအားဖြင့်ဖွင့်ပြခဲ့ပြီဖြစ်သည်။ ၎င်းကိုဓမ္မဟောင်းပရောဖက်များကြိုတင်ဟောပြောခဲ့ကြသည်။ ယုံကြည်သူဂျူးနှင့် တပါး

အမျိုးများပါဝင်သောဓမ္မသစ်အသင်းတော်တည်ထောင်ခြင်းမှာ ဘုရားသခင်၏အစီအစဉ်တော်ဖြစ် လေ့ရှိသည်။ (ကမ္ဘာ ၃း၁၅၊ ၁၂း၃။ ထွက် ၁၉း၅–၆။ ယေရ ၃၁း၃၁–၃၄)။

☐ **"ထာဝရဘုရား"** အထက်ပါအထူးအကြောင်းအရာ၌ကြည့်ပါ။

**အထူးအကြောင်းအရာ။ ။ ထာဝရ**

Robert B. Girdlestone သည်မိမိစာအုပ် *Synonyms of the Old Testament* ၌ "ထာဝရ" ဟူသော စကားလုံးအကြောင်းစိတ်ဝင်စားဖွယ်ရာမှတ်ချက်တစ်ခုပြုသည်။

"နာမဝိသေသနဖြစ်သော" *aionios* ကိုဓမ္မသစ်ကျမ်း၌အကြိမ်ပေါင်းလေးဆယ်ကျော်သုံးသည်။

*၎င်းမှာ ထာဝရအသက်*နှင့် ဆိုင်၍သုံးခြင်းဖြစ်ကာ၊လက်ရှိလုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး၊ အနာဂတ်အတွက် ကတိစကားတစ်ရပ်အဖြစ်လည်းသုံးသည်။ ၎င်းသည်ရောမ ၁၆း၂၆ ၌မှာကဲ့သို့ဘုရားသခင်၏အဆုံးမရှိသောတည်ရှိတော်မူခြင်းအတွက်နှင့် ဟေဗြဲ၉း၁၂မှာကဲ့သို့ခရစ်တော်ပြုသောအပြစ်ဖြေခြင်း၏အဆုံးမရှိလုံလောက်မှုအတွက်လည်းကောင်း၊ရောမ၁၆း၂၅။ ၂တိ၁း၉။ တိတု ၁း၂ များမှာကဲ့သို့အတိတ်ကာလများကိုဖော်ပြရန်လည်းကောင်းသုံးသည်။

ဤစကားလုံးကို*ထာဝရမီး* အားဖော်ပြရန် မဿဲ ၁၈း၈၊ ၂၅၊ ၄၁။ ယုဒ ၇ တို့၌လည်းကောင်း၊ *ထာဝရပြစ်ဒဏ်ပေးခြင်း* အားဖော်ပြရန် မဿဲ ၂၅း၄၆၌လည်းကောင်း၊ *ထာဝရတရားစီရင်ခြင်း*(ဝါ) *ပြစ်ဒဏ်စီရင်ခြင်းအားဖော်*ပြရန်မာကု ၃း၂၉။ ဟေဗြဲ ၆း၂တို့၌လည်းကောင်း၊ *ထာဝရဖျက်စီးခြင်း*အားဖော်ပြရန် ၂သက်၁း၉ ၌လည်းကောင်း သုံးသည်။ ဤကျမ်းပိုဒ်များ၌ဤစကားလုံးသည် *နောက်ဆုံးပိတ်*ဟူသောအဓိပ္ပါယ်ရှိကာ ဤတရားစီရင်ခြင်းများ အသက်ဝင်သည့်အချိန်တွင်မူစမ်းသပ်ရာကာလများ၊ အပြောင်းအလဲပြုရာကာလများ (သို့) မိမိဘဝကံကြမ္မာပြန်သည်။

ရှရှိရေးတို့သည်အကြွင်းမဲ့နှင့်ထာဝရကုန်ဆုံးတော့မည်ဖြစ်သည်။ ကျွန်ုပ်တို့သည်ထာဝရဟူသောအလင်း၌ကြည့် သောအခါအနာဂတ်အကြောင်း၊ လူ့ဘဝနှင့် ၎င်းနောက်ပိုင်း၏ဆက်စပ်ပုံ၊ မယုံကြည်မှုသည်ကိုယ်ကျင့်တရား အားဖြင့်မည်မျှကြီးလေးပုံအကြောင်းတို့ကိုအနည်းအကျဉ်းမျှ သာသိရှိ ထားကြကြောင်းပေါ်လွင်စေသည်။ ဘုရား သခင်၏နှုတ်ကပတ်တော်အားဖြည့်စွက်ခြင်းသည် မှားယွင်းသောအရာဖြစ်ပါက ၎င်းအားနှုတ်ယူခြင်းကို လည်းအပြုရချေ။ သမ္မာကျမ်းစာ၌ဖော်ပြသည့်အတိုင်းထာဝရပြစ်ဒဏ်ပေးခြင်း ဟူသောဩဝါဒအောက်၌ယိုင် သွားခဲ့ကြသည်ဆိုလျှင် မနားလည်နိုင်သော မှောင်မိုက်သည့်နောက်ခံ တစ်ခုတည်ရှိနေကြောင်းဝန်ခံရင်းဖြင့်ခရစ် တော်အထဲဘုရားသခင်၏ မေတ္တာတော်သတင်းကောင်းအားဖက်တွယ်ကာ၊ စောင့်မျှော်နေရခြင်းအားကျေနပ် ရောင့်ရဲလျှက်ရှိနေကြရန်ဖြစ်ပေ သည် (စာ ၃၁၈–၃၁၉)။

☐ **"လူမျိုးများအားလုံး....သိရှိစေခဲ့ပြီ"** ၎င်းမှာ AORIST PASSIVE PARTICIPLE တစ်ခုဖြစ်သည်။ ဂရိ ဝါကျ၌၎င်းကိုအလေးအနက်ပြုခြင်းအဖြစ်ဝါကျအဆုံး၌ထားသည်။ ဘုရားသခင်သည်ဧဝံဂေလိသတင်းကောင်းကို တစ်ကမ္ဘာလုံးအတွက်ပေးစမ်းခဲ့ပြီဖြစ်ကာ၊ ၎င်းသည်ပင်ကိုယ်တော်၏ထာဝရအစီအစဉ်ပင်ဖြစ်ရှိသည်။ (ကမ္ဘာ ၃း၁၅)

**NASB "ယုံကြည်ခြင်းတရားအားနာခံခြင်းရှိလာစေရန်။"**

**NRJV "ယုံကြည်ခြင်းတရားအားနာခံရန်အတွက်။"**

**NRSV "ယုံကြည်ခြင်းတရားနာခံခြင်းသို့လည့်လာစေရန်။"**

**TEV "ယုံကြည်ခြင်းတရားအားနာခံခြင်းရှိလာစေရန်။"**

**NJV "သူတို့အားလုံးသည်ယုံကြည်ခြင်းတရားနာခံလာစေရန်။"**

ဤစကားစုအားအမျိုးမျိုးနားလည်နိုင်သည်။

၁။ ခရစ်တော်အကြောင်းသြဝါဒ

၂။ ခရစ်တော်အား ကိုးစားခြင်း

၃။ အစပြုခြင်းနှင့်ဆက်လက်ခြင်းနှစ်ခုစလုံးဖြင့်ဧဝံဂေလိသတင်းကောင်းအားနာခံခြင်း

"နာခံသည်" (၁း၅) ဟုဆိုရာ၌ဓမ္မသဘောတရားအရ နောင်တရခြင်းနှင့်ယုံကြည်ခြင်းပေါင်းစပ်ခြင်းဖြစ်ရပေမည်။ (မာကု ၁း၁၅။ တမန် ၃း၁၆၊ ၁၉။ ၂၀း၂၁)။

**၁၆း၂၇ "တစ်ဆူတည်းသာလျှင်ပညာရှိဖြစ်တော်မူသူဘုရားသခင်"** ၎င်းသည်တစ်ဆူတည်းသောဘုရားအယူဝါဒကိုညွှန်းဆိုသည်။ (အထူးအကြောင်းအရာ၃း၃၀နှင့်တရားဟောဖ၆း၄-၅၌ကြည့်ပါ။) ခရစ်ယာန်သည် ဂျူးဘာသာမှာကဲ့သို့ဘုရားတစ်ဆူသာလျှင်ရှိသော်လည်းဘုရားအပြည့်အဝယေရှုနှင့်ပုဂ္ဂိုလ်အပြည့်အဝဖြစ် သူဝိညာဉ်တော်သည်ကျွန်တော်တို့အား "သုံးပါးပေါင်းစပ်သော" သုံးပါးတစ်ဆူဘုရားထံတော်သို့အတင်းအ ဓမ္မမောင်းပို့သွားပါ သည်။ (အထူးအကြောင်းအရာ ၈း၁၁ ၌ကြည့်ပါ။)

☐ **"အစဉ်ထာဝရဘုန်းကြီးစေတော်မူသတည်း"** ၃း၂၃၏မှတ်ချက်၌ကြည့်ပါ။

☐ **"အာမင်"** အထူးအကြောင်းအရာ ၁း၂၅၌ကြည့်ပါ။

## ဆွေးနွေးခြင်းမေးခွန်းများ။

ဤစာအုပ်မှာမည်ကဲ့သို့အနက်ဖွင့်ရမည် အကြောင်း <u>လမ်းညွှန်မှု</u> အားလေ့လာခြင်းဖြစ်သည်။ ဆိုလိုသည်မှာသမ္မာကျမ်းစာအားအနက်ဖွင့်ရန်မိမိ၏ တာဝန်ဖြစ်သည်ဟုဆိုလိုသည်။ ကျွန်တော်တို့တစ်ဦးချင်းသည်မိမိရရှိသောအလင်းထဲလျှောက်သွားရပေမည်။ သမ္မာကျမ်းစာအားအနက်ပြန်ရာ၌သင်ကိုယ်တိုင် သမ္မာကျမ်းစာနှင့်ဝိညာဉ်တော်တို့မှာ ပဓါနအကျဆုံးဖြစ်သည်။ သမ္မာကျမ်းစာအနက်ဖွင့်ခြင်းအလုပ်ကိုအနက်ဖွင့်ကျမ်းရေးသူများအပေါ်၌သာပုံချရန်မဟုတ်ချေ။

ဆွေးနွေးရန်ဖြစ်သောဤမေးခွန်းများမှာ ဤကျမ်း၏ဤအပိုင်းတွင်ပါဝင်သောတဓိကအကြောင်းအရာများကိုစဉ်းစားဆင်ခြင်နိုင်ရန်ပံ့ပိုးဖို့ဖြစ်သည်။ အပြည့်အစုံမဟုတ်ဘဲ၊ စဉ်းစားဆင်ခြင်မှုအားနှိုးဆွပေးခြင်းသာဖြစ်သည်။

၁။ ပေါလုသည်ရောမမြို့သို့ကိုယ်တိုင်မရောက်ခဲ့ဖူးဘဲ၊ ရောမအသင်းတော်ထဲရှိဤလူများအားလုံးမည်သို့သတိရသနည်း?

၂။ အမျိုးသမီးသင်းထောက်များအတွက် သမ္မာကျမ်းစာအထောက်အထားတစ်ခုခုရှိပါသလား? (၁၆း၁။ ၂တိ၃း၁၁၊၅း၃-၁၆)

၃။ ဤအခန်းကြီးအတွင်းစာရင်းဝင်အမျိုးသမီးအမြောက်အများသည် မည်သည့်အရာကိုဆိုလိုသနည်း?

၄။ ဆရာသမားအတုအယောင်များ၏နည်းလမ်းနှင့် ဟောပြောသောသတင်းစကားကိုဖေါ်ပြပါ? (ငယ်၁၇း၁၈)

ဤအခန်းကြီးကို တစ်ထိုင်တည်းနှင့် ဖတ်ပါ။ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ဖော်ပြပါ။ မိမိ၏အကြောင်းအရာခွဲခြားမှုများကို ဤခေတ်သစ်ဘာသာပြန်ကျမ်း ငါးကျမ်းတို့နှင့် နှိုင်းယှဉ်ပါ။ စာပိုဒ်များသည်ဝိညာဉ်တော်မှုတ်သွင်းခြင်းမဟုတ်သော်လည်း မူရင်းကျမ်းပြုသူ၏ ရည်ရွယ်ချက်အားနားလည်ရန်သော့ချက်ဖြစ်သည်။ ၎င်းမှာအနက်ဖွင့်ခြင်း၏အဓိကမဏ္ဍိုင်ဖြစ်သည်။ စာပိုဒ်တစ်ခုသည် အကြောင်းအရာတစ်ခုဖြစ်ပြီး၊ စာပိုဒ်၌အကြောင်းအရာတစ်ခုတည်းရှိသည်။

၁။ ပထမစာပိုဒ်

၂။ ဒုတိယစာပိုဒ်

၃။ တတိယစာပိုဒ်

၄။ ---- စသဖြင့်

## နောက်ဆက်တွဲ တစ်။ ဂရိသဒ္ဒါဝေါဟာရများအားအကျဉ်းချုပ်ရှင်းလင်းခြင်း

Koine Greek ဘာသာကို Hellenistic Greek–ဟယ်လင်နစ်ဂရိစကား ဟုလည်းခေါ်လေ့ရှိသည်။ မဟာအလက်ဇန္ဒား– Alexander the Great (၃၃၆–၃၂၃ ဘီစီ) ဘုရင်ကြီး၏အောင်နိုင်ချိန်မှစပြီး မြေထဲပင်လယ်ပတ်ဝန်းကျင်ကမ္ဘာ၏ဘုံစကားဖြစ်လာကာ နှစ်ပေါင်း ၃၀၀ ခန့်တည်တံ့ခဲ့သည်။ (၃၀၀ ဘီစီ–အေဒီ ၅၀၀)။ ၄င်းစကားမှာနားလည်လွယ်သောအဆင့်မြင့်ဂရိစကားမျှသာမဟုတ်ဘဲ ဂရိစကားအသစ်တစ်မျိုးဖြစ် လာကာ ရှေးခေတ်အရှေ့အလယ်ပိုင်းနှင့်မြေထဲပင်လယ်ကမ္ဘာ၌ ဒုတိယဘာသာစကားဖြစ်လာခဲ့သည်။

ဓမ္မသစ်ကျမ်း၌သုံးသောဂရိစကားမှာ အနိူင်းမဲ့ဘာသာစကားတစ်မျိုးဖြစ်သည်။ အဘယ်ကြောင့်ဆို သော် လုကာနှင့်ဟေဗြဲသြဝါဒစာရေးသားသူတို့မှအပ ထိုကျမ်းအားရေးသားသူများသည် မိမိတို့မူလဘာသာစကားအဖြစ် အာရမိစကားပြောသူများ ဖြစ်ကြသည်နှင့်တူသည်။ ထို့ကြောင့်သူတို့၏အရေးအသားများကို အာရမိအသုံးအနူန်း နှင့်ဖွဲ့စည်းပုံများလွှမ်းမိုးနေသည်။ ထို့ပြင် Koine Greek ဘာသာဖြင့်ရေးသားသော Septuagint (ဓမ္မဟောင်းဂရိဘာသာပြန်ကျမ်း)ကိုလည်းသူတို့ဖတ်ရှုကာ အကိုးအကားပြုကြသည်။ သို့သော် ထိုကျမ်းကို မိခင်ဘာသာ Greek မဟုတ်သောဂျူးပညာရှင်များရေးသားခဲ့ကြခြင်းဖြစ်နေပြန်သည်။

ဤအချက်သည်ကျွန်တော်တို့ကို သတိပေးနေသည်မှာ ဓမ္မသစ်ကျမ်းအားသဒ္ဒါဖွဲ့စည်းပုံကို လိုက်၍ အတင်းအကျပ်တွန်းအားမပေးနိုင်ဟူသောအချက်ဖြစ်၏။ ၄င်းသည်အတုအနိူင်းမဲ့သည်မှန်သော်လည်း(၁)ဂရိဘာသာပြန်ဓမ္မဟောင်းကျမ်း Septuagint (၂) ယောရှဖတ်ကဲ့သို့သောဂျူးစာပေအရေးအသားများ (၃) အီဂျစ်နိုင်ငံ၌တွေ့ရသောပေစာများနှင့် များစွာတူညီသည်။ သို့ဖြစ်လျှင်ဓမ္မသစ်ကျမ်းအားသဒ္ဒါနည်းကျချဉ်းကပ်လေ့လာမှုမည်သို့ပြုမည်နည်း?

Koine Greek နှင့် ဓမ္မသစ်ကျမ်း၏ Koine Greek စကားတို့မှာပုံသေကားကျမရှိချေ။ ထိုကာလမှာရိုးစင်းသောသဒ္ဒါသဘောခေတ်စားချိန်ဖြစ်သည်။ ကျမ်းစကားကဆက်စပ်သဘောမှာ အဓိကလမ်းပြဖြစ်ပေမည်။ စကားလုံးများသည် ပို၍ကျယ်ပြန့်သောစကားအဆက်အစပ်အားဖြင့်သာ အဓိပ္ပါယ်ရှိကြသဖြင့် သဒ္ဒါဖွဲ့စည်းပုံကိုနားလည်သဘောပေါက်ရန်မှာ (၁) ကျမ်းပြုပုဂ္ဂိုလ်တစ်ဦးချင်း၏စာရေးဟန်နှင့် (၂) သီးခြားစကားအဆက်အစပ်များ၏အလင်းအားဖြင့်ဖြစ်သည်။ ဂရိပုံစံနှင့်ဖွဲ့စည်းပုံအတိအကျဖြင့်မည်သည့်အဆုံးအဖြတ်ပေးသောအဓိပ္ပါယ်သတ်မှတ်ချက်ကိုမှမပေးနိုင်ချေ။

Koine Greek စကားသည်ကြိယာကိုအခြေပြုသောဘာသာစကားဖြစ်သည်။ အနက်ပြန်ရန်သော့ချက်မှာကြိယာများ၏အမျိုးအစားနှင့်ပုံစံဖြစ်သည်။ ဝါကျတစ်ခု၏အစိတ်အပိုင်းများ၌ ကြိယာမှာအရင်ပထမလာပြီး၄င်း၏အရေးပါထူးခြားမှုကိုပေါ်လွင်စေသည်။ ဂရိကြိယာများလေ့လာသည့်အခါမှတ်သားရန်အချက်သုံးချက်ရှိသည်။ (၁) ကာလပြပုဒ်၏အဓိကအထူးပြုမှု၊ ပြုလုပ်သူ(ဝါ)အပြုခံရသူ(passive or active)တည်း ဟူသော voice နှင့် mood ခေါ်စကားလုံးဝေါဟာရပုံသဏ္ဍာန်ပြောင်းလဲပုံများ (၂) ကြိယာတစ်ခု၏အခြေခံ အဓိပ္ပါယ်နှင့် (၃) အကြောင်းအရာ(ဝါ) စကားအဆက်အစပ်သဘော၏အသွားအလာ(syntax)တို့ဖြစ်သည်။

### ၁။ ကာလပြပုဒ်များ ( TENSE )

က။ ကာလပြပုဒ် (tense) သို့မဟုတ် သွင်ပြင်သဘောပြသော ကြိယာများသည် ပြီးစီးခဲ့ပြီးသောလုပ်ဆောင်မှုတစ်ခု သို့မဟုတ် မပြီးစီးသေးသောလုပ်ဆောင်မှုတစ်ခုနှင့် မည်သို့ဆက်စပ်ကြောင်းပါဝင်သည်။

၄င်းကို "ပြီးစီးခြင်း"– perfective နှင့် "မပြီးစီးသေးခြင်း"– imperfective ဟုခေါ်သည်။

၁။ Perfective tenses–ပြီးစီးသော ပုဒ်များ၌ လုပ်ဆောင်မှုတစ်ရပ် ဖြစ်ပေါ်သည်ဆိုသည့် အချက်ကိုစူးစိုက်သည်။ တစ်စုံတစ်ရာဖြစ်ပျက်ခဲ့ကြောင်းကလွဲလျှင်တခြားအကြောင်း အရာမဖော်ပြချေ။ ထိုအ ပြုအမူ၏အစ၊ ဆက်လက်သွားခြင်းနှင့် အဆုံးသတ်ခြင်းတို့ကို မပြောပြချေ။

၂။ Imperfective tenses –မပြီးစီးသောပုဒ်များ၌ လုပ်ဆောင်မှုတစ်ရပ်ဆက်လက်နေခြင်း၏ဖြစ် စဉ်ကိုစူးစိုက်ပြုသည်။ ၄င်းကိုအတိုင်းအရှည်ပြလုပ်ဆောင်မှု၊ ကာလအတိုင်းအရှည်ပြလုပ် ဆောင်မှုတိုးတက် ဖြစ်ပေါ်မှုပြသောလုပ်ဆောင်မှုများ…စသဖြင့်နှင့် ဖော်ပြနိုင်သည်။

ခ။ ကာလပြပုဒ်များကိုစာရေးသူသည် အပြုအမူတစ်ရပ်ဆက်လက်ဖြစ်နေပုံကို မည်သို့ရှုမြင်ကြောင်း အောက်ပါအတိုင်းအမျိုးအစားခွဲခြားနိုင်သည်။

၁။ လုပ်ဆောင်မှုဖြစ်ပေါ်ခဲ့သည် = AORIST

၂။ လုပ်ဆောင်မှုဖြစ်ပေါ်ခဲ့ကာအကျိုးသက်ရောက်မှုတည်မြဲသည် = PERFECT

၃။ လုပ်ဆောင်မှုသည်အတိတ်ကာလ၌ဖြစ်ပေါ်ခဲ့ကာအကျိုးသက်ရောက်မှုတည်မြဲခဲ့ သော်လည်း ယခုမတည်မြဲတော့ချေ = PLUPERFECT

၄။ လုပ်ဆောင်မှုဖြစ်ပေါ်နေသည် = PRESENT

၅။ လုပ်ဆောင်မှုဖြစ်ပေါ်လျက်ရှိခဲ့သည် = IMPERFECT

၆။ လုပ်ဆောင်မှုဖြစ်ပေါ်လိမ့်မည် = FUTURE

ကာလပြပုဒ်များသည် အနက်ပြန်ရာ၌ မည်သို့ပံ့ပိုးမှုပေးကြောင်းခိုင်ခံ့သော ဉပမာ တစ်ခုမှာ "ကယ်တင်သည်" ဟူသောဝေါဟာရဖြစ်သည်။ ကယ်တင်ခြင်း၏ ဖြစ်စဉ်နှင့် အဆုံးသတ်မှုနှစ်မျိုး စလုံးပြရန် ဤဝေါဟာရကိုမတူသောကာလပြပုဒ် – Tense အတော်များများ၌သုံးသည်။

၁။ AORIST = "ကယ်တင်ခဲ့သည်" (ရောမ ၈း၂၄)

၂။ PERFECT = "ကယ်တင်ခဲ့ပြီးရလဒ်မှာဆက်လက်တည်နေသည်" (ဧဖက် ၂း၅၊၈)

၃။ PRESENT = "ကယ်တင်(ခြင်းရ)နေသည်" (၁ကော ၁း ။ ၁၅း၂)

၄။ FUTURE = "ကယ်တင်(ခြင်းရ)လိမ့်မည်" (ရောမ ၅း၉၊၁၀။၁၀း၉)

ဂ။ ကြိယာတစ်ခု၏ကာလများကိုအာရုံပြုရာ၌ အနက်ပြန်သူများသည် မူလကျမ်းပြုသူအနေဖြင့်ကာလ တစ်ခုအတွင်းမိမိကိုယ်မိမိအဘယ်ကြောင့်ထိုသို့ပြသရခြင်း၏အကြောင်းရင်းကိုရှာကြသည်။ AORISTမှာအနားသပ်မပါသောကာလပြဖြစ်သည်။၄င်းမှာ "အတိအကျမဟုတ်သော" "မှတ်သားချက် မပါသော" (ဝါ) "အလံတင်ခြင်းမရှိသော" ကြိယာပုံစံဖြစ်သည်။ ကျမ်းစကားအဆက်အစပ်သဘော အားဖြင့်သာအတိအကျနားလည်ပြီး အသုံးပြုပုံအမျိုးမျိုးရှိနိုင်သည်။ ၄င်းသည်တစ်စုံတစ်ရာဖြစ် ပျက်ခဲ့ကြောင်းရိုးရိုးလေးဖော်ပြသည်။ အတိတ်ကာလ၏သဘောသည် INDICATIVE MOOD နှင့်သာဆိုင်သည်။ အခြားကာလပြပုဒ် (TENSE) များသုံးပါကပိုမိုတိကျစေလို၍ဖြစ်သည်။ သို့သော် မည်သည့်ကာလပြပုဒ်နည်း?

၁။ PERFECT TENSE ၄င်းသည်လုပ်ဆောင်မှုတစ်ခုပြီးစီးသွားခဲ့ကြောင်းနှင့်၄င်း၏ရလဒ် (ဝါ) ၄င်းကြောင့်ဖြစ်လာသောအရာမှာပျောက်ပျက်မသွားဘဲဆက်လက်ရှိနေကြောင်းပြောသည်။တစ်န ည်းအားဖြင့်၄င်းမှာ AORIST နှင့် PRESENT TENSE (အတိတ်နှင့်ပစ္စုပ္ပန်နှစ်မျိုး ပေါင်းစပ်ခြင်းဖြစ်သည်။ ဖော်ပြလိုသည့်အရာမှာ ဆက်လက်ရှိနေသောရလဒ်ဖြစ်နိုင်သည်နည်း

တူလုပ်ဆောင်မှုပြီးစီးသွားကြောင်းလည်းဖြစ်နိုင်သည်။ ဥပမာ ဖေက် ၂း၅ နှင့် ၈ ၌ "သင်တို့သည်ကယ်တင်ခြင်းခံခဲ့ကြကာဆက်လက်၍ကယ်တင်ခြင်းခံကြသည်။"

၂။ PLUPERFECT TENSE ၄င်းမှာ PERFECT နှင့်တူသော်လည်းရလဒ်မှာဆက်လက်မသွားဘဲရပ်ဆိုင်းခဲ့ပြီဖြစ်ကြောင်းဖော်ပြမှုဖြစ်သည်။ ဥပမာ "ပေတရုသည်တံခါးအပြင်ဘက်၌ရပ်လျက်ရှိနေခဲ့သည်" (ယော ၁၈း၁၆)

၃။ PRESENT TENSE ၄င်းသည်မပြီးဆုံးသေးသောလုပ်ဆောင်မှုတစ်ခုကိုပြောသည်။ လုပ်ဆောင်မှုတစ်ခုဆက်လက်နေ ကြောင်းဖော်ပြသည်။ ဥပမာ "သခင်ဘုရားအထဲတည်နေသည်ဆက်လက်၍အပြစ်မပြုချေ။" "ဘုရားသခင်ဖြစ်ဘွားစေသောသူသည်ဆက်လက်၍အပြစ်မကျူးလွန်ချေ။" (၁ယော ၃း၆၊၈)

၄။ IMPERFECT TENSE ပစ္စုပ္ပန်ကာလပြပုဒ် PRESENT TENSE နှင့် ဆက်စပ်မှု၌ PLUPERFECT နှင့်တို့၏ဆက်စပ်ပုံအတိုင်းဖြစ်သည်။ ဤ IMPERFECT သည်ပြီးပြတ် ပြည့်စုံခြင်းမရှိသောလုပ်ဆောင်မှု တစ်ခုသည် အတိတ်၌ဖြစ်ပျက်ခဲ့သော်လည်း ယခုအခါရပ်တံ့ခဲ့ပြီးဖြစ်သည် သို့မဟုတ် လုပ်ဆောင်မှုတစ်ခု၏အစမှာအတိတ်ကာလ၌ဖြစ်ကြောင်းပြ သည်။ ဥပမာ "ထို့နောက်ယေရုရှလင်တစ်မြို့လုံးသူ့ထံသို့အဆက်မပြတ်သွားနေခဲ့ကြသည်" သို့မဟုတ် "ထို့နောက်ယေရုရှလင်တစ်မြို့လုံးသူ့ထံသို့ထွက်သွား ရန်စတင်ခဲ့ကြသည်" (မဿဲ ၃း၅)

၅။ FUTURE TENSE ၄င်းသည်အနာဂတ်ကာလ၌ဖြစ်လတ္တံ့သော လုပ်ဆောင်မှုကိုပြောသည်။ အမှန်တကယ်ဖြစ်ပျက်နိုင်ချေရှိခြင်း၊ ဖြစ်နိုင်သောအလားအလာရှိခြင်းကိုပြောသည်။ သေချာဖြစ်မည့်အရာကိုပြောလေ့ရှိသည်။ ဥပမာ "မင်္ဂလာရှိကြ၏...သူတို့သည်...ကြ၏" (မဿဲ ၅း၄–၉)

## ၂။ ပြုသူ/အပြုခံ (VOICE)

က။ Voice သည်ကြိယာ၏အလုပ်နှင့်၄င်း၏ကတ္တားတည်းဟူသောလုပ်ဆောင်သူတို့၏ဆက်စပ်မှုကိုဖော်ပြသည်။

ခ။ ACTIVE VOICE သည်ကြိယာ၏အလုပ်ကိုထိုဝါကျ၏ကတ္တားကိုယ်တိုင်လုပ်ကြောင်းပြောခြင်းဖြစ်ပြီးအထူးတလည်ပြောခြင်းမပါဘဲပုံမှန်မျှော်လင့်ထားသည့်အတိုင်းဖော်ပြခြင်းဖြစ်သည်။

ဂ။ PASSIVE VOICE သည်ထိုဝါကျ၏ ကတ္တားမှာကြိယာပြုသောလုပ်ဆောင်မှုကိုခံရသူဖြစ်ပြီး လုပ်ဆောင်သူမှာဝါကျ၌ဖော်ပြခြင်းမရှိသောပြင်ပလူပုဂ္ဂုလ် (ဝါ) အရာတစ်ခုဖြစ်သည်။ ထိုလုပ်ဆောင်မှုကိုပြုသူပြင်ပလူ (ဝါ) အရာအားဓမ္မသစ်ကျမ်းဂရိ၌အောက်ပါဝိဘတ်များ (ဝါ) cases များအားဖြင့်ဖော်ပြသည်။

၁။ လူအားဖြင့်တိုက်ရိုက်လုပ်ဆောင်မှုကို *hupo* ဝိဘတ်နှင့်အတူ ABLATIVE CASE ဖြင့်ဖော်ပြသည်။(မဿဲ ၁း၂၂။ တမန် ၂၂း၃၀)

၂။ လူအားဖြင့်တိုက်ရိုက်မဟုတ်၊ သွယ်ဝိုက်လည်းမဟုတ်ဘဲအလယ်အလတ်အနေအထားဖြင့် (ကြားနေ)လုပ်ဆောင်မှုကို(ဝါ) နမ်ဝိဘတ်နှင့်အတူ ABLATIVE CASE ဖော်ပြသည်။ (မဿဲ ၁း၂၂)

၃။ လူအားဖြင့်မဟုတ်သောလုပ်ဆောင်မှုကို *en* ဝိဘတ်နှင့်အတူ INSTRUMENTAL CASE ဖြင့်ဖော်ပြသည်။

၄။ တစ်ခါတစ်လေလူအားဖြင့်လုပ်ဆောင်မှုဖြစ်စေ၊ လူအားဖြင့်မဟုတ်သောလုပ်ဆောင်မှုဖြစ်စေ၊ INSTRUMENTAL CASE ဖြင့်သာဖော်ပြသည်။

ဃ။ MIDDLE VOICE ဟူသည့်ဝါကျ၏ကတ္တားသည် ကြိယာ၏လုပ်ဆောင်မှုကိုပြသူဖြစ်ကာ ထိုကြိယာ၏လုပ်ဆောင်မှု၌တိုက်ရိုက်ပါဝင်သည်။ ဤဖွဲ့စည်းမှုသည်ဝါကျတစ်ခု(ဝါ)ဝါကျတစ်ပိုင်း၏ကတ္တားကိုတစ်နည်းနည်းဖြင့်အထူးပြုသည်။ ဤဖွဲ့စည်းပုံမျိုးအင်္ဂလိပ်ဘာသာစကား၌မရှိချေ။ ဂရိဘာသာစကား၌ ဤဖွဲ့စည်းပုံတွင်ဖြစ်နိုင်သောအဓိပ္ပါယ်နှင့် ဘာသာပြန်နိုင်ပုံကျယ်ပြန့်စွာရှိသည်။ ဥပမာ အချို့မှာ–

၁။ REFLEXIVE –ကတ္တား၏လုပ်ဆောင်မှုသည်ကတ္တားအပေါ်၌ပင်သက်ရောက်သည်။ ဥပမာ "သူ့ကိုယ်သူကြိုးဆွဲချသည်"(မဿဲ ၂၇း၅)

၂။ INTENSIVE – ကတ္တားသည်လုပ်ဆောင်မှုကိုမိမိအတွက်ပင်ပြုလုပ်သည်။ ဥပမာ "စာတန်သည်အလင်း၏ကောင်းကင်တမန်အဖြစ်သူ့ကိုယ်သူယောင်ဆောင်သည်" (၂ကော ၁၁း၁၄)

၃။ အတုံ့အလှည့်/အပြန်အလှန်– ကတ္တားနှစ်ခုတို့တစ်ခုပေါ်တစ်ခု အတုံ့အလှည့်လုပ်ဆောင်ခြင်း။ ဥပမာ "သူတို့အချင်းချင်းတိုင်ပင်ကြ၏"(မဿဲ ၂၆း၄)

## ၃။ စိတ်အခြေအနေပြပုဒ် MODE (သို့မဟုတ်) MODE

က။ Koine Greek ၌ (စိတ်) အခြေအနေပြပုဒ်လေးမျိုးလေးစားရှိသည်။ ကြိယာသည် တကယ့်အဖြစ်အပျက်ဖြစ်ကြောင်းနှင့် အနည်းဆုံးအားဖြင့် စာရေးသူ၏စိတ်ထဲ၌အမှန်ပင်ဖြစ်ပျက်ကြောင်းပြသည်။ အခြေအနေပြပုဒ်များကို ကျယ်ပြန့်သောအမျိုးအစားနှစ်မျိုးဖြင့်ခွဲခြားနိုင်သည်။ အစစ်အမှန်ဖြစ်ပျက်မှုကိုဖော်ပြခြင်း (INDICATIVE)နှင့် ဖြစ်ပျက်နိုင်ခြေအလားအ လာကိုဖော်ပြခြင်း( SUBJUNCTIVE IMPERATIVE နှင့် OPTATIVE) ဟူ၍ဖြစ်သည်။

ခ။ INDICATIVE MOOD မှာပုံမှန် MOOD ဖြစ်ပြီးဖြစ်ပေါ်ခဲ့ပြီးသောအရာ (ဝါ) ဖြစ်ပေါ်နေသောအရာကိုဖော်ပြခြင်းဖြစ်၍အနည်းဆုံးအနေဖြင့် စာရေးသူ၏စိတ်ထဲဖြစ်ပေါ်နေခြင်းကိုပြသည်။ ဖြစ်ပေါ်မှုမှာတိကျသောအချိန်တစ်ချိန်၌ဖြစ်ကြောင်း Greek စကား၌သာရှိကာ ဤနေရာ၌ပြောသည့်အမျိုးအစားမှာဒုတိယတန်းစားပင်ဖြစ်နေသေးသည်။

ဂ။ SUBJUNCTIVE MOOD သည်အနာဂတ်၌ဖြစ်နိုင်ချေရှိသောလုပ်ဆောင်မှုကိုပြသည်။ တစ်စုံတစ်ရာမှာမဖြစ်ပျက်သေးသော်လည်းဖြစ်ပျက်မည့်အလားအလာကောင်းရှိသည်။ ၄င်းသည် FUTURE INDICATIVE နှင့် များစွာတူသည်။ ကွဲပြားခြားနားမှုမှာ SUBJUNCTIVE သည် တစ်စုံတစ်ခုသောအတိုင်းအတာ အထိသံသယရှိခြင်းကိုပြသည်။ အင်္ဂလိပ်ဘာသာ၌၄င်းကို " could " " would " " may " (ဝါ) " might " စကားလုံးများ ဖြင့်ဖော်ပြသည်။

ဃ။ OPTATIVE MOOD သည်သဘောတရားအားဖြင့်ဖြစ်နိုင်သောစိတ်ဆန္ဒရှိကြသည်။ ၄င်း သည် SUBJUNCTIVE ထက်ဖြစ်နိုင်ချေရှိမှုနောက်ထပ်တစ်လှမ်းဆုပ်ကိုင်ခြင်းဖြစ်သည်ဟုတွက်ဆထားကြသည်။ OPTATIVE သည်အခြေအနေအချို့အောက်၌ဖြစ်နိုင်ချေရှိပုံကိုဖော်ပြသည်။ ဓမ္မသစ်ကျမ်း၌ OPTATIVE မှာရှားပါးသည်။ ၄င်းသည်အများအားဖြင့်ပေါလု၏ထင်ရှားသော"မည်သည့်အခါ၌မျှထိုသို့မဖြစ်ရ" "May it never be" (KJV " God forbid") စကားစု၌တွေ့ရပြီးတဆယ့်ငါးကြိမ်သုံးသည်။ (ရောမ ၃း၄၊၆၊၃၁။ ၆း၂၊၁၅။၇း၇၊၁၃။၉း၁၄။

၁၁း၁၁၁။ ၁ကော ၆း၁၅။ ဂလာ ၂း၁၇။၃း၂၁။၆း၁၄)။ အခြားဥပမာများမှာ ၁သက် ၁း၃၈။ ၂၀း၁၆။ တမန် ၈း၂၀ နှင့် ၁သက် ၃း၁၁။

င။ IMPERATIVE MOOD ၄င်းသည်ဖြစ်နိုင်ခြေရှိသောစေခိုင်းခြင်းကို အထူးပြုသော်လည်း၊ ထိုအထူးပြုမှုသည် ပြောဆိုသူ၏ကြံရွယ်ချက်ပေါ်၌ဖြစ်သည်။ ၄င်းသည်စိတ်စေတနာအား ဖြင့်ဖြစ်နိုင်ခြေရှိမှုကိုပြောခြင်းမျှသာဖြစ်ကာ၊ အခြားသူ၏ရွေးချယ်မှုပေါ်၌သာမူတည်သည်။ IMPERATIVE ဆုတောင်းခြင်းများနှင့် တတိယပုဂ္ဂိုလ်အားဖြင့်ပြုသောတောင်းဆိုမှု/ မေတ္တာ ရပ်ခံမှုများ၌အထူးသဖြင့်သုံးသည်။ ဤစေခိုင်းခြင်းများကိုဓမ္မသစ်ကျမ်းတွင် PRESENT နှင့် AORIST များ၌သာတွေ့ရသည်။

စ။ အချို့သဒ္ဒါစာအုပ်များ၌ PARTICIPLE များကို MOOD တစ်မျိုးအဖြစ်ဖော်ပြသည်။ ဤနှစ် မျိုးမှာဓမ္မသစ်ဂရိစကား၌အလွန်တူပြီး VERBAL ADJECTIVE အဖြစ်မှတ်ယူလေ့ရှိကာ၊ အဓိကကြိယာနှင့်ဆက်စပ်၍ဘာသာပြန်လေ့ရှိကြသည်။ PARTICIPLE များကိုအမျိုးမျိုး ကျယ်ပြန့်စွာဘာသာပြန်နိုင်သည်။ အင်္ဂလိပ်ဘာသာပြန်ကျမ်းအမျိုးမျိုး၌ကြည့်ရန်အကောင်း ဆုံးဖြစ်သည်။ Baker ပုံနှိပ်တိုက်မှထုတ်ဝေသော The Bible in Twenty Six Translation မှာများစွာအထောက်အကူပြုပါသည်။

ဆ။ AORIST ACTIVE INDICATIVE မှာအဖြစ်အပျက်တစ်ခုကို ပုံမှန်(ဝါ) "သတ်မှတ်ချက် မထားသော" ပုံစံဖြင့်မှတ်တမ်းတင်ခြင်းဖြစ်သည်။ သို့သော်၄င်း၌အခြားကာလပြပုဒ် (tense) voice (ပြုသူ၊ အပြုခံပုဒ်) သို့မဟုတ်စာရေးသူ ပြောလိုသောအရာကိုအတိအကျအနက်ဖော် နိုင်ရန်အဓိပ္ပါယ်မရှိဖြစ်သည်။

## ၄။ ဂရိဘာသာစကားမတတ်ကျွမ်းသူများအတွက် အောက်ပါအထောက်အကူပြု စာအုပ်များမှ လိုအပ်သောအကြောင်းအမျိုးမျိုးရရှိနိုင်သည်။

က။ Freberg, Barbara နှင့် Timothy တို့ရေးသားပြုစုသည့် *Analytical Greek New Testament* Grand Rapids: Baker စာပုံနှိပ်တိုက် ၁၉၈၈။

ခ။ Marshall, Alfred ရေးသားပြုစုသည့် *Interlinear Greek-English New Testamen.* Grand Rapids: Baker Zondervan စာပုံနှိပ်တိုက် ၁၉၇၆။

ဂ။ Mounce, William D ရေးသားပြုစုသည့် *The Analytical Lexicon to the Greek New Tastement.* Grand Rapids: Zondervan စာပုံနှိပ်တိုက်၁၉၉၃။

ဃ။ Summers, Ray တို့ရေးသားပြုစုသည့် *Essentials of New Testament Greek* Nashville: Broadman စာပုံနှိပ်တိုက် ၁၉၅၀။

င။ အဆင့်မြင့်မြင့်သင်ကြားပေးသော Koine Greek စာပေးယူသင်ခန်းစာများ Moody Bible Institute, Chicago, IL မှရနိုင်သည်။

## ၅။ နာမ်များ – NOUNS

က။ ဝါကျများဖွဲ့စည်းပုံအရနာမ်များကိုအကြောင်းအရာ (case) များအားဖြင့်အမျိုးအစားခွဲသည်။ (case) ဟူသည်နာမ်ပုံစံတစ်ခုမှခွဲထွက်ကာ ကြိယာနှင့်ဝါကျ၏ အခြားအစိတ်အပိုင်းများနှင့် ဆက်စပ်ပုံကိုပြသည်။

Kiine Greek စကား၌(case) ၏အလုပ်လုပ်ပုံများစွာတို့ကိုဝိဘတ်များဖြင့်ပြသည်။ (case) သည် ဆက်စပ်မှုအမျိုးမျိုးကိုသတ်မှတ်ဖော်ပြနိုင်သဖြင့်၊ ဝိဘတ်များသည်၄င်းတို့ကိုပိုမိုရှင်းလင်းစေသည်။

ခ။ Greek ဘာသာစကား၌ (case) တို့ကိုအောက်ပါအတိုင်းအမျိုးအစားခွဲခြားနိုင်သည်။

၁။ NOMINATIVE CASE အမည်နာမပေးရန်သုံးလေ့ရှိပြီးဝါကျ (ဝါ) ဝါကျအပိုင်းတစ်ခု၏ ကတ္တားဖြစ်လေ့ရှိသည်။ ၄င်းကိုဖြစ်ခြင်းတွဲစပ်မှုပြသောကြိယာများ to be (or) become တို့ နှင့် အတူ PREDICATE NOUN နှင့် ADJECTIVE များ၌လည်းသုံးသည်။

၂။ GENITIVE CASE ဖော်ပြမှုအဖြစ်သုံးကာ၊ ၄င်းနှင့်ဆက်စပ်သောစကားလုံး၏ဂုဏ်အင်္ဂါ (ဝါ) အရည်အချင်းသတ်မှတ်လေ့ရှိသည်။ ၄င်းသည်မည်သည့်အမျိုးအစားဖြစ်ကြောင်းမေးခွန်းကို အဖြေပေးသည်။ ၄င်းသည်အင်္ဂလိပ်ဝိဘတ် "of " ဖြင့်ဖော်ပြလေ့ရှိသည်။

၃။ BLATIVE CASE ကို GENITIVE ကဲ့သို့စကားလုံးပုံစံပြောင်းလဲအသုံးပြုပုံ တူညီသော် လည်း၄င်းကိုသီးခြားခွဲထုတ်ခြင်းအားဖော်ပြရန်သုံးသည်။ ၄င်းသည် အချိန်၊ နေရာ၊ မူလ ရင်းမြစ်၊ မူလအစ (ဝါ) အတိုင်းအတာ (degree) တစ်ခုမှခွဲထွက်ခြင်း၊ သီးခြားဖြစ်သွား ခြင်းကိုပြလေ့ရှိသည်။ ၄င်းကိုအင်္ဂလိပ်ဝိဘတ် "from" ဖြင့်ဖော်ပြသည်။

၄။ DATIVE CASE ပုဂ္ဂိုလ်ရေးဆိုင်ရာများ ဖော်ပြရန်သုံးသည်။ အပြုသဘောဖြစ်စေ၊ အပျက် သဘောဖြစ်စေဖော်ပြနိုင်သည်။ ၄င်းမှာတိုက်ရိုက်ကံပုဒ်တည်း (DIRECT OBJECT) ဖြစ်လေ့ ရှိသည်။ အင်္ဂလပ်ဝိဘတ် "to" ဖြင့်ဖော်ပြလေ့ရှိသည်။

၅။ LOCATIVE CASE မှာ DATIVE ကဲ့သို့စကားလုံးပြောင်းလဲပုံတူညီသော်လည်းနေရာ၊ အချိန် (ဝါ) ကျိုးကြောင်းဆင်ခြင်တုံးတရားဆိုင်ရာကန့်သတ်မှုများ၏ အနေအထား (သို့) တည် နေရာကိုဖော်ပြသည်။ ၄င်းကိုအင်္ဂလိပ်ဝိဘတ်များဖြစ်သော "in, on, at, among, during, by, upon, beside" များအားဖြင့်ဖော်ပြလေ့ရှိသည်။

၆။ INSTRUMENTAL CASE သည် DATIVE ကဲ့သို့စကားလုံးပြောင်းလဲပုံတူညီသည်။ ၄င်း သည်နည်းလမ်း (means) သို့မဟုတ်တွဲစပ်မှုကိုဖော်ပြသည်။ ၄င်းကိုအင်္ဂလိပ်စကားလုံး "by" သို့မဟုတ် "with" ဖြင့်ဖော်ပြလေ့ရှိသည်။

၇။ ACCUSATIVE CASE ကိုလုပ်ဆောင်မှုတစ်ရပ်၏ အဆုံးသတ်အားဖော်ပြရန်သုံးသည်။ အကန့်အသတ်ကိုဖော်ပြသည်။ ၄င်းကိုအဓိကအားဖြင့် direct object ၌သုံးသည်။ ၄င်း သည် "မည်မျှအကွာအဝေး" သို့မဟုတ် "မည်သည့်အတိုင်းအတာ" ဟူသောမေးခွန်း ကိုအဖြေပေးလေ့ရှိသည်။

၈။ VOCATIVE CASE ကို တိုက်ရိုက်ပြောဆိုမှုများ၌သုံးသည်။

## ၆။ စကားဆက်များနှင့် ဆက်စပ်မှုများ (CONJUNCTIONS AND CONNECTORS)

က။ ဂရိစကား၌ ဆက်စပ်ပေးသော စကားလုံးများစွာရှိသဖြင့် အလွန်တိကျသောဘာသာစကားဖြစ်သည်။ ၄င်းတို့သည်တွေးတောမှုများ (ဝါကျအပိုင်းများ၊ ဝါကျများနှင့် စာပိုဒ်များ) ကိုဆက်စပ်ပေးသည်။ ၄င်းတို့မှာ အလွန်အသုံးများသဖြင့် ၄င်းတို့မပါရှိခြင်းသည် အနက်ဖွင့်ရာ၌အလွန်အဓိပ္ပါယ်ရှိသည်။ ဤစကားဆက်များနှင့် အဆက်အစပ်များသည်စာရေးသူ၏ အတွေးမည်သည့်ဘယ်ကိုရှေးရှုကြောင်း ပြသည်။ စာရေးသူမည်သည့်အရာအားပြောလိုကြောင်းအတိအကျဆုံးဖြတ်ချက်ပေးလေ့ရှိသည်။

ခ။ စကားဆက်နှင့် အဆက်စပ်အချို့၏စာရင်းနှင့် ၄င်းတို့၏အဓိပ္ပါယ်များကို အောက်တွင်ဖော်ပြသည်။ (၄င်းတို့မှာအများစုကို H.E. Dana and Julius K. Mantey's တို့၏ *A Manual Grammar of the Greek New Testament* စာအုပ်မှကောက်နှုတ်သည်)

၁။ အချိန်ကာလ၏အဆက်အစပ်များ။

(က) *epei, epeide, hopote, hos, hote, hotan* (SUBJ)- " When" - ဘယ်အခါ၊ သောအခါ

(ခ) *heos* - while - စဉ်တွင်၊ အခိုက်

(ဂ) *hotan, epan* (subj) – whenever - ဘယ်အခါမဆို၊ အခါတိုင်း

(ဃ) *heos, achri, mechri,* (subj)-until –တိုင်အောင်၊ အထိ

(၁) *priv* (infin) – before အရင်၊ အဦး၊ မတိုင်မီ

(၂) *hos*- "since" "when" "as" -"မစ၍၊ ကတည်းက၊ ရကား၊ သောကြောင့်" "ဘယ်အခါ၊ သောအခါ" အလားတူ၊ သကဲ့သို့၊ ကဲ့သို့သော၊ အနေဖြင့်၊ သဖြင့်၊ နေစဉ်၊ နေဆဲ၊ စဉ်တွင်၊ အတိုင်း၊ ကဲ့သို့၊ ပမာ"

## ၂။ ကျိုးကြောင်းဆင်ခြင်မှုအားဆက်စပ်ပေးခြင်း

က။ ရည်ရွယ်ချက်

(၁) *hina* (SUBJ), *hopos* (SUBJ), hos- "in order that," "that" -"ရန်၊ ရန်အလို့ငှါ၊ စေရန်ငှါ" "ဟု၊ ဟူ၍"

(၂) *hoste* (ARTICULAR ACCUSATIVE INFINITIVE) – "that" -"ဟု၊ ဟူ၍"

(၃) *pros* (ARTICULAR ACCUSATIVE INFINITIVE) သို့မဟုတ် *eis* (ARTICULAR ACCUSATIVE INFINITIVE) – "that" - ဟု၊ ဟူ၍

ခ။ ရလဒ် (ရည်ရွယ်ချက်နှင့် ရလဒ်တို့၌ သဒ္ဒါဖွဲ့စည်းပုံအရ နီးကပ်စွာဆက်စပ်မှုရှိသည်)။

(၁) *hoste* (INFINITIVE ၄င်းမှာ အသုံးများဆုံးဖြစ်သည်)– in order that "thus" "ရန်၊ ရန်အလို့ငှါ၊ စေရန်ငှါ" ထိုသို့၊ သို့ဖြင့်"

(၂) *hiva* (SUBJ) "so that" "ရန်ငှါ၊ ဘို့ရန်၊ စေရန်"

(၃) *ara* – " so " ထိုမျှလောက်၊ ထိုကြောင့်၊ ထိုသို့ပင်

ဂ။ Causal or reason - အကြောင်းတရား၊ အကြောင်းတစ်ခုကိုအထောက်အပံ့ပြုသော

(၁) *gar* (အကြောင်းရင်း/ အကျိုးသက်ရောက်မှု (ဝါ) အကြောင်းတရား/ နိဂုံးချုပ်)– "for" "because of" "အဘို့၊ အတွက်၊ အဘယ် ကြောင့်ဆိုသော်"

(၂) *dioti, hotiy* – "because" - အဘယ့်ကြောင့်ဆိုသော်

(၃) *epei, epeide, hos* - "မှစ၍ ကတည်းက၊ ရထားသောကြောင့်"

(၄) dia (with ACCUSATIVE) နှင့် (with ARTICULAR INFIN) – because

ဃ။ Inferential - ယူဆခြင်းဆိုင်ရာ

(၁) *ara, poinun, hoste* – "therefore" - "သို့ဖြစ်၍၊ သို့ဖြစ်ခြင်းကြောင့် ထိုသို့ဖြစ်၍"

(၂) *dio* (အပြင်းထန်ဆုံး INFERENTAL CONJANCTION) – "on which account" "wherefore" " therefore" -"ထိုအကြောင်းကြောင့်"

(၃) *oun* – "therefore" "so" "then" " conseguently" - "အကျိုးဆက်အားဖြင့်"

(၄) *toinoun* – "accordingly" - "လိုက်လျော်ညီစွာ"

င။ ဆန့်ကျင်ဘက်ဖြစ်သော၊ ကွာခြားသော၊ ခြားနားသော

(၁) alla (ပြင်းထန်သောADVERSATIVE) – "but" "except" - "မှုသာ၊ မှတစ်ပါး၊ သော်ငြားလည်း၊ စေကာမူ" "မှတပါး"

(၂) *de*- "but" "however" "*yet*" "on the other hand" - "သို့သော်၊ စေကာမူ၊ မှုသာ၊ မှတပါး" "ထိ၊ သေး၊ သို့ရာတွင်၊ သို့ပေမဲ့၊ သို့ငြားလည်း" အခြားတဖက်၌"

(၃) *kai* – "but"

(၄) *mentoi, oun* – "however"

(၅) *plen* – nerver- the – less (လုကာခရစ်ဝင်ကျမ်း၌အများဆုံး) – "သို့ပါလျက်နှင့်"

(၆) *oun* – however

စ။ နှိုင်းယှဉ်ခြင်း

(၁) *hos, kathos* (နှိုင်းယှဉ်သောဝါကျအပိုင်းတစ်ခုကိုမိတ်ဆက်စတင်ပေးသည်)

(၂) *kata* (ပေါင်းစပ်စကားလုံးများ – katho, kathoti, kathosper, kathaper)

(၃) *hosos* (ဟေဗြဲဩဝါဒစာ၌)

(၄) *e* – "than" - ထက်၊သာ

ဆ။ ဆက်လက်နေခြင်း (ဝါ) အတွဲလိုက်၊ အစဉ်အဆက်

(၁) *de* – "and" "now" - "နှင့်၊ ၍" "ယခု"

(၂) *kai* – "and"

(၃) *tei* – "and"

(၄) *hina* - *oun* - "that" – "ထိုအရာဟု၊ ဟူ၍"

(၅) *oun*, then (ယောဟန် ထဲ၌)

၃။ အလေးအနက်ပြုသောအသုံးအနှုန်းများ

(က) *alla* – "certainty" "yea" in fact" - "သေချာသောအဖြစ်" "ဟုတ်ပါသည်" "အမှန်စင်စစ်"

(ခ) *ara* –"indeed" "certainly" "really" - "အမှန်အားဖြင့်၊ အမှန်တကယ်" "စင်စစ်အားဖြင့်"

(ဂ) *gar* –"but really" "certainly" "indeed" - "အမှန်အားဖြင့်၊ အမှန်တကယ်"

(ဃ) *de* – indeed

(င) *ean* –"even" "-" "ပင်လျှင်၊ တောင်မှ"

(စ) *kai* – "even" "indeed" "really"

(ဆ) *mentoi* - "indeed"

(ဇ) *oun* - "really" "by all means" - အစစ်

## ၇။ ရှုပ်ထွေးသော ဝါကျများ

က။ ရှုပ်ထွေးသောဝါကျဆိုသည်မှာ ရှုပ်ထွေးသောဝါကျအစိတ်အပိုင်း (clause) တစ်ခု သို့မဟုတ်တစ်ခုထက်ပို၍ပါသောဝါကျဖြစ်သည်။ ဤသဒ္ဒါဖွဲ့စည်းပုံသည်အနက်ပြန်မှုကိုကိုပံ့ပိုးပေးသည်။ အဘယ်ကြောင့်ဆိုသော်

ဝါကျ၏ အဓိကကြိယာသည် အဘယ့်ကြောင့်ထိုသို့လုပ်ဆောင်ရကြောင်း၏အခြေအနေများ၊ အကျိုးအကြောင်း (ဝါ) အကြောင်းရင်းများကိုဖော်ပြပေးသောကြောင့်ဖြစ်သည်။ ချွင်းချက်ပါဝါကျလေးမျိုးလေးစားရှိသည်။ ၎င်းတို့သည်စာရေးသူအနေဖြင့် မှန်သည်ဟုမှတ်ယူထားခြင်း (ဝါ) သူ၏ဆန္ဒသက်သက်ဖြစ်သောကြံရွယ်ချက်မှ ဆင်းသက်လာသည်။

ခ။ ပထမတန်းစားချွင်းချက်ပါဝါကျသည်စာရေးသူ၏အမြင်မှ မှန်သည်ဟုမှတ်ယူသောလုပ်ဆောင်မှု (ဝါ) ဖြစ်နေသော၊ ရှိနေသောအရာ (ဝါ) အင်္ဂလိပ်စကားလုံး " if "–"လျှင်၊ ခဲ့လျှင်" နှင့်ပြလျှင်ပင် သူရည်ရွယ်သောအရာကိုပြသည်။ နေရာအတော်များများ၌၎င်းကို " since "မှစ၍၊ ကတည်းက၊ ရကား၊ သောကြောင့်အဖြစ်ဘာသာပြန်နိုင်သည်။ (မဿဲ ၄း၃။ ရောမ ၈း၃၁)။ သို့သော်ပထမတန်းစားများအားလုံးကိုအဖြစ်မှန်ဟုဆိုလိုခြင်းမဟုတ်ချေ။ မကြာခဏပင်ကျိုးကြောင်းပြဆွေးနွေးတင်ပြမှုများ၌ဖြစ်စေ၊ မှားယွင်းကြောင်းအားစိတ်ဝင်စားစရာအကောင်းဆုံးအချက်များဖြင့် ပြရန်သုံးလေ့ရှိသည်။ (မဿဲ ၁၂း၂၇)။

ဂ။ ဒုတိယတန်းစားချွင်းချက်ပါ ဝါကျများကို "အဖြစ်မှန် နှင့် ဆန့်ကျင်ဘက်" ဟုခေါ်သည်။ အချက်တစ်ချက်အဖြစ်ယူရလောက်အောင်အမှန်မဟုတ်သောအရာတစ်ခုပြသည်။ ဥပမာအားဖြင့်

၁။ သူသည်မိမိမဟုတ်သောပရောဖက်တစ်ဦးအမှန်ဖြစ်ခဲ့မည်ဆိုလျှင်၊ " သူကိုဖက်လှဲတကင်းပြုနေသူအမျိုးသမီးမည်သူဖြစ်ကြောင်းနှင့် ထိုအမျိုးသမီး၏အကျင့်စာရိတ္တမည်သို့ဖြစ်ကြောင်း သူသိရှိလိမ့်မည်ဖြစ်သော်လည်း၊ သူ (He )သည်မဟုတ်ခဲ့" (လုကာ ၇း၃၉)

၂။ "သင်တို့သည်၊ သင်တို့မယုံကြည်ကြသော၊ မောရှေကိုအမှန်ယုံကြည်ခဲ့ကြပါက၊ သင်တို့မယုံကြည်သောငါ့ကိုယုံကြည်ကြလိမ့်မည်" (ယောဟန် ၅း၄၆)

၃။ ငါသည်မိမိထိုသို့မပြုခဲ့သည့်အရာဖြစ်သော လူများအားကျေနပ်စေရန် အားထုတ်နေသေးသည်ဆိုလျှင် ငါဖြစ်နေသည့်အရာဖြစ်သောခရစ်တော်၏ ကျေးကျွန်တစ်ယောက်မဟုတ်တော့ပြီ" (ဂလာ ၁း၁၀)

ဃ။ တတိယတန်းစားသည် အနာဂတ်၌ဖြစ်နိုင်ချေရှိသောလုပ်ဆောင်မှုကိုပြောသည်။ ၎င်းသည်ဖြစ်နိုင်ချေရှိသောထိုလုပ်ဆောင်မှုကို အမှန်ဟုမှတ်ယူသည်။ ၎င်းသည်မမျှော်မှန်းသော၊ မမျှော်လင့်သောအဖြစ်အပျက်ကိုဆိုလိုလေ့ရှိသည်။ ဝါကျပါအဓိကကြိယာ၏လုပ်ဆောင်မှုသည် "ထိုအရာ၊ ၎င်း(it)"နှင့် ဖြစ်သောဝါကျအစိတ်အပိုင်း၏လုပ်ဆောင်မှုအပေါ်မမျှော်လင့်သော (ကြိုတင်မခန့်မှန်းနိုင်သော) အရာဖြစ်သည်။ ဥပမာများမှာ ၁ယောဟန်ထဲမှာ ၁း၆–၁၀။ ၂း၄၊ ၆၊ ၉၊ ၁၅၊ ၂၀၊ ၂၁၊ ၂၄၊ ၂၉။ ၃း၂၁။ ၄း၂၀။ ၅း၁၄၊ ၁၆။

င။ စတုတ္ထအမျိုးအစားမှာ ဖြစ်နိုင်ချေနှင့်အလှမ်းဝေးဆုံးဖြစ်သည်။ ၎င်းမှာခဓမ္မသစ်ကျမ်းထဲတွေ့ရသည်။ အမှန်မှာချွင်းချက်နှစ်ပိုင်းလုံးဤအဓိပ္ပါယ်သတ်မှတ်ချက်နှင့်ကိုက်ညီသောစတုတ္ထတန်းစား ချွင်းချက်ပါဝါကျစစ်စစ်ဟူ၍မရှိချေ။ တစ်စိတ်တစ်ပိုင်းအားဖြင့်စတုတ္ထအမျိုးအစား၏ဥပမာမှာ ၁ပေ၃း၁၄ဖြစ်သည်။ အလားတူ ဥပမာတစ်ခုမှာ တမန်တော်၈း၃၁ အဆုံးသတ်ပိုင်းဖြစ်သည်။

## ၈။ တားဆီးခြင်းများ

က။ PRESENT IMPERATIVE နှင့် MEPARTICLE တွဲနေသည့်အခါ(၎င်းသာလျှင်မဟုတ်) ဆက်လက်နေခဲ့ပြီဖြစ်သောလုပ်ဆောင်မှုတစ်ခုရပ်တန့်လိုက်ခြင်းကို အထူးပြောသည်။ ဥပမာအချို့မှာ"မြေကြီးပေါ်ဘဏ္ဍာစုခြင်းကိုရပ်တန့်ကြလော့…" (မဿဲ ၆း၁၉) "သင့်အသက်အတွက်စိုးရိမ်နေခြင်းကိုရပ်တန့်ကြလော့ယ…" (မဿဲ ၆း၂၅) "သင်တို့၏ခန္ဓာကိုယ်အစိတ်အပိုင်းများအား မှားယွင်းသောတန်ဆာပလာအဖြစ်အပြစ်၌ပေးလှူခြင်းကိုရပ်တန့်ကြလော့…" (ရောမ ၆း၁၃) "သင်တို့သည်ဘုရား

သခင်၏သန့်ရှင်းသောဝိညာဉ်တော်အားပြစ်မှားခြင်းကိုရပ်တန့်ရလိမ့်မည်။(ဧဖက် ၄း၃၀) "စပျစ်ရည်သောက်ခြင်းကိုရပ်တန့်ကြလော့..." (ဧဖက် ၅း၁၈)

ခ။ AORIST SUBJUNCTIVE သည် MEPARTICLE နှင့်တွဲသည့်အခါ "လုပ်ဆောင်မှုပြုရန်အစပြုခြင်းကိုပင်မပြုနှင့်" ဟူ၍အလေးအနက်ပြုခြင်းဖြစ်သည်။ ဥပမာအချို့မှာ"ထင်မြင်ရန်စတင်ခြင်းပင်မပြုကြနှင့်" (မဿဲ ၆း၃၁) "စိုးရိမ်ရန်အစပြုခြင်းမည်သည့်အခါ၌မျှမပြုကြနှင့်" (မဿဲ ၆း၃၁) "သင်သည်မည်သည့်အခါ၌မျှမရှက်..." (၂တိ ၁း၈)

ဂ။ DOUBLE NEGATIVE နှင့် SUBJUNCTIVE MOOD တွဲသည့်အခါအထူးလေးနက်စွာငြင်းပယ်ခြင်းဖြစ်သည်။ "မဟုတ်၊ မည်သည့်အခါ၌မျှမဟုတ်" သို့မဟုတ်"မည်သည့်အခြေအနေ၌မျှ"ဟူ၍ဖြစ်သည်။ ဥပမာအချို့မှာ "သူသည်သေခြင်းကိုမည်သည့်အခါ၌မျှမကြုံရ၊သူသည်မည်သည့်အခါ၌မျှကြုံရလိမ့်မည်မဟုတ်" (ယော ၈း၅၁)။ "ငါသည်မည်သည့်အခါ၌မျှ...လိမ့်မည်မဟုတ်၊မည်သည့်အခါ၌မျှ..." (၁ကော ၈း၁၃)။

## ၉။ THE ARTICLE (The နှင့် a, an)

က။ Konine Greeh ၌ DEFINITE ARTICLE "The" (တစ်ခုခု၊ တစ်စုံတစ်ရာအားအတိအကျညွှန်းရန်သုံးသည်)ကိုသုံးနှုန်းပုံမှာ အင်္ဂလိပ်ဘာသာနှင့်အတူတူပင်ဖြစ်သည်။ ၄င်းသည်"ညွှန်ပြရာမြှားဦး" (pointer) နည်းတူစကားလုံး၊ နာမည်တစ်ခု (ဝါ) စကားစုတစ်ခုအား အားရုံပြုစေရန်ညွှန်ပြသည်။ ဓမ္မသစ်ကျမ်း၌၄င်းကိုအသုံးပြုပုံမှာ ကျမ်းပြုသူတစ်ဦးနှင့်တစ်ဦးတစ်မျိုးစီဖြစ်သည်။ ဤ "The" စကားလုံးသည် အောက်ပါအတိုင်းလည်းအလုပ်လုပ်နိုင်သည်။

၁။ သရုပ်ပြရှင်းလင်းမှုပေးသောနာမ်စား demonstrative PRONOUN နည်းတူကွာခြားချက်၊ခြားနားချက်ကိုပြရန်။

၂။ အစပြုဖော်ပြခဲ့ပြီးသောအကြောင်းအရာ(SUBJECT)သို့မဟုတ်လူပုဂ္ဂိုလ်အားရည်ညွှန်းခြင်းအဖြစ်

၃။ ဝါကျတစ်ခု၏ကတ္တား(SUBJEC)အားဆက်စပ်ပေးသောကြိယာတစ်ခုဖြင့်သတ်မှတ်ဖော်ပြခြင်းအဖြစ်"ဥပမာ"ဘုရားသခင်သည်နာမ်ဝိညာဉ်ဖြစ်တော်မူ၏။(ယော ၄း၂၄)။ "ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" (၄း၈၊ ၆)

ခ။ Koine Greek ၌အင်္ဂလိပ်ဘာသာမှာကဲ့သို့ 'a'(or) 'an' (တစ်ခု၊တစ်ယောက်)တည်းဟူသော INDEFINTE ARTICLE မရှိချေ။ ဤအသုံးအနှုန်းမရှိခြင်းသည်–

၁။ တစ်စုံတစ်ခု၏ကြင်အင်လက္ခဏာ(ဝါ)အရည်အသွေးအားစူးစိုက်ခြင်း

၂။ တစ်စုံတစ်ရာ၏အမျိုးအစားအား စူးစိုက်ခြင်းဖြစ်နိုင်သည်။

ဂ။ ဓမ္မသစ်ကျမ်းရေးသားသူများ၌ ARTICLE များသုံးနှုန်းပုံအလွန်ကွဲပြားခြားနားသည်။

## ၁၀။ ဂရိဓမ္မသစ်ကျမ်း၌အလေးအနက်ဖော်ပြပုံအမျိုးမျိုး

က။ အလေးအနက်ပြုရန်သုံးနှုန်းပုံမှာ ဓမ္မသစ်ကျမ်းပြုသူတစ်ဦးနှင့်တစ်ဦးကွဲပြားခြားနားသည်။ တပြေးညီနှင့်စည်းကမ်းတကျအရှိဆုံးမှာ လုကာနှင့်ဟေဗြဲကျမ်းပြုသူများ၌ဖြစ်သည်။

ခ။ AORIST ACTIVE INDICATIVE မှာစံဖြစ်ပြီးအလေးအနက်ပြုမှု၏အမှတ်အသားတစ်စုံတစ်ရာမပါကြောင်းခပ်စောစော၌ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့သော်၄င်း၌အနက်ဖွင့်နိုင်ရန်အဓိပ္ပါယ်တိုသောအခြား

ကာလပြပုဒ်၊ voice သို့မဟုတ် mood ဟူ၍မရှိချေ။ ထိုသို့ဖြစ်ခြင်းကြောင့် AORIST ACTIVE INDICATIVE ကိုသဒ္ဒါနည်းကျအဓိပ္ပါယ်ရှိသောသဘောဖြင် အသုံးမများဟူသောသဘောမသက်ရောက်ချေ။ ဥပမာ ရောမ ၆း၁၀၌ဆိုလျှင်နှစ်ခါပင်သုံးသည်။

ဂ။ အများသုံး Koine Greek ၏စကားလုံးအစီအစဉ်

၁။ Koine Greek စကားမှာအင်္ဂလိပ်နည်းတူစကားလုံးရှေ့နောက်အစီအစဉ်ပေါ်မတည်မှီဘဲ၊ အပြောင်းအလဲပြုသောဘာသာစကားဖြစ်သည်။ ထို့ကြောင့်စာရေးသူသည်မျှော်လင့်ထားသည့်ပုံမှန်အစီအစဉ်ကို အောက်ပါအကြောင်းများကြောင့်ပြောင်းလဲနိုင်သည်။

(က) စာရေးသူသည်စာဖတ်သူအားအလေးအနက်ပြောလိုသည့်အရာပေါ်မူတည်၍

(ခ) မိမိ၏စာရှုသူတအံ့တသြဖြစ်မည်ဟုစာရေးသူယူဆသည့်အရာပေါ်မူတည်၍

(ဂ) စာရေးသူလေးနက်စွာခံစားရသည့်အရာပေါ်မူတည်၍

၂။ ပုံမှန်ဂရိစကား၏ရှေ့နောက်အစီအစဉ်သည်ပင်အတည်တကျရှိသည်မဟုတ်ချေ။ သို့သော်ပုံမှန်ဟုယူဆထားသည့်အစီအစဉ်မှာ

(က) ဆက်စပ်ပေးသောကြိယာများ၌

(၁)ကြိယာ

(၂)ကတ္တားပုဒ်

(၃)ပြည့်စုံစေမှု

(ခ) ကံပုဒ်မလိုသောကြိယာများ (transitive verbs)၌

(၁)ကြိယာ

(၂)ကတ္တားပုဒ် (SUBJECT)

(၃)ကံပုဒ် (OBJECT)

(၄) INDIRECT OBJECT

(၅)ဝိဘတ်နှင့်ဆိုင်သောစကားစု

(ဂ) နာမ်ပါသောစကားစုများ

(၁)နာမ်

(၂) MODIFIER (ရှင်းလင်း၊ တိကျစေသောစကားလုံး)

(၃)ဝိဘတ်ပါသောစကားစု

၃။ စကားလုံးအစီအစဉ်သည်အနက်ဖွင့်ရာ၌အလွန်တရာအရေးကြီးနိုင်သည်။ ဥပမာများမှာ

(က) "ညာလက်ကိုငါနှင့်ဗာနဘအားမိတ်သဟာယအတွက်ပေးကြသည်" (ဂလာ၂း၉) မိတ်သဟာယပြုခြင်းဆိုင်ရာ "ညာလက်" စကားစုသည်နေရာပြောင်းကာ၄င်း၏အရေးကြီး ပုံဖော်ပြရန် ရှေ့၌တင်ထားသည်။

(ခ) "ခရစ်တော်နှင့်အတူ" (ဂလ ၂း၂၀)စကားစုကိုရှေ့၌ထားသည်။ ခရစ်တော်၏သေခြင်းကိုအလယ်၌ထားသည်။

(ဂ) "၄င်းသည်တစ်စစီ၊ တစ်စစီနှင့် ကွဲပြားခြားနားသောနည်းလမ်းများဖြင့်ဖြစ်သည်" (ဟေဗြဲ ၁း၁) ဟူသောအပိုင်းကိုပထမပိုင်း၌ ရှေ့ဆုံး၌ထားသည်။ ၄င်းမှာဘုရားသခင်သည်မိမိကိုယ်မိမိမည်သို့ဖွင့်ပြကြောင်းပြောခြင်းဖြစ်၍ ဖွင့်ပြမှုအားပြောလိုခြင်းမဟုတ်ချေ။

ဃ။ အလေးအနက်ပြုမှုအားအတိုင်းအတာတစ်ခုထိဖော်ပြလေ့ရှိပုံမှာ

(၁) ပုံစံပြောင်းထားသောကြိယာပုံစံထဲ၌ပါရှိပြီးဖြစ်သောနာမ်စားတစ်ခုအားထပ်မံဖော်ပြခြင်း။ ဥပမာ "ငါ၊ ငါကိုယ်တိုင်သည်သင်တို့နှင့်အတူဧကန်အမှန်ရှိလိမ့်မည်" (မဿဲ ၂၈း၂၀)

(၂) မျှော်လင့်ထားသည့်စကားဆက်တစ်ခု သို့မဟုတ် စကားလုံးချင်း၊ စကားစုချင်း၊ ဝါကျအပိုင်းချင်းသို့မဟုတ် ဝါကျချင်းတို့၏ အဆက်အစပ်တစ်ခုခုမပါရှိခြင်း။ ၎င်းကို asyndeton (ချည်နှောင်မထား)ဟုခေါ်သည်။ စကားဆက်ကိုမျှော်လင့်ထား သော်လည်းမပါရှိသည့်အခါ အာရုံစိုက်မှုပြုစေသည်။ ဥပမာအားဖြင့်

- (က) တောင်ပေါ်ဒေသနာ။ မဿဲ ၅း၃ (ပါဝင်သည့်အရာကိုအလေးအနက်ပြု သည်)
- (ခ) ယောဟန် ၁၄း၁ (အကြောင်းအရာအသစ်)
- (ဂ) ရောမ ၉း၁ (ကဏ္ဍအသစ်)
- (ဃ) ၂ကော ၁၂း၂၀ (ပါဝင်သည့်အရာအလေးအနက်ပြုသည်)

(၃) ဖော်ပြပါအကြောင်းအရာတစ်ခုအတွင်းပါသောစကားလုံး သို့မဟုတ်စကားစုတို့ အားထပ်မံဖော်ပြခြင်း။ ဥပမာ "ဘုန်းအသရေတော်ကိုချီးမွမ်းစေခြင်းငှါ" (ဧဖက် ၁း၆၊၁၂၊၁၄) ဤစကားစုကိုသုံးပါးတစ်ဆူ၏အလုပ်အားဖော်ပြရန်သုံးသည်။

(၄) ဝေါဟာရတစ်ခုနှင့်တစ်ခုစပ်ကြားတွင်စကားလုံး(ဝါ)စကားလုံးတွဲများ (အီဒီယံ) များကို ကစားပြ၍သုံးနှုန်းခြင်း။

- (က) euphemisms (သွယ်ဝိုက်သုံးနှုန်း)– သေသည် စကားလုံးအစား "အိပ်ပျော်သည်" ဟုအစားထိုးကာသွယ်ဝိုက်သုံးနှုန်းပြောဆိုခြင်း။ (ယောဟန်၁၁း၁၁–၁၄) သို့မဟုတ် ယောကျာ်းအင်္ဂါဇာတ်အစား "ခြေထောက်" ဟုပြောခြင်း။ (ရှသ ၃း၇–၈။ ၁ဓမ္မ ၂၄း၃)
- (ခ) circumlocutions (လှည့်ပတ်သုံးနှုန်းခြင်း)။ ဘုရားသခင်၏နာမတော်အားအစားထိုးသုံးနှုန်းခြင်းများ။ ဥပမာ "ကောင်းကင်နိုင်ငံတော်" (မဿဲ ၃း၂၁) သို့မဟုတ် "ကောင်းကင်မှအသံတစ်သံ" (မဿဲ ၃း၁၇)
- (ဂ) ပြောပုံဆိုပုံများ
  - (၁) မဖြစ်နိုင်သောချဲ့ကားပြောဆိုခြင်း–(မဿဲ ၃း၉။ ၅း၂၉–၃၀။ ၁၉း၂၄)
  - (၂) ပျော့ပြောင်းသောအလွန်အကျွံဖော်ပြမှု– (မဿဲ ၃း၅။ တမန်တော် ၂း၃၆)
  - (၃) လူအဖြစ်တင်စားပြောဆိုခြင်း – (၁ကော ၁၅း၅၅)
  - (၄) အဓိပ္ပါယ်ပြောင်းပြန်ကောက်ရသောပြောဆိုသုံးနှုန်းခြင်း – (ဂလာ ၅း၁၂)
  - (၅) ကဗျာအလင်္ကာစာပိုဒ်များ – (ဖိ ၂း၆–၁၁)
  - (၆) စကားလုံးများလှည့်ပတ်ကစား၍သုံးနှုန်းခြင်း–
    - (က) "အသင်းတော်" (Church)
      - (i)"အသင်းတော်" – Church (ဧဖက် ၃း၂၁)
      - (ii)"ခေါ်ဖိတ်ခြင်း (ဧဖက် ၄း၁၊၄)
      - (iii)"ခေါ်ဖိတ်ခံရသော" (ဧဖက် ၄း၁၊၄)
    - (ခ) "လွတ်လပ်"
      - (i)"လွတ်လပ်သောမိန်းမ" (ဂလ ၄း၃၁)
      - (ii)"လွတ်လပ်ခြင်း" (ဂလ ၅း၁)
      - (iii)"လွတ်လပ်" (ဂလ ၅း၁)

(ဂ) စကားလုံးတွဲများ (idiomatic) သုံးနှုန်းပုံဤအသုံးအနှုန်း မျိုးသည်ဓလေ့ထုံးစံနှင့်ဘာသာစကားကိုအခြေခံသောသီး သန့်အဓိပ္ပါယ်ရှိသည်။

(၁) ၄င်းသည် "အစာ" ကိုပုံဆောင်ခြင်းဖြစ်သည်(ယော ၄း၃၁–၃၄)

(၂) ၄င်းသည် "ဗိမာန်တော်" ကိုပုံဆောင်ခြင်းဖြစ်သည် (ယော ၂း၁၉။ မဿဲ ၂၆း၆၁)

(၃) ၄င်းသည်သနားကြင်နာခြင်း၏ ဟေဗြဲအီဒီယံအသုံးအနှုန်း "မုန်းတီး" ဖြစ်သည်။ (ကမ္ဘာ ၂၉း၃၁။ တရားဟော ၂၁း၁၅။ ယော ၁၂း၂၅။ ရောမ ၉း၁၃)။

(၄) "အားလုံး" သည် "အများအပြား" နှင့်အပြိုင်ဖြစ်သည်။ ဟေရှာယ ၅၃း၆(အားလုံး)ကို ၅၃း၁၁၊၁၂ ရှိ (အများ)နှင့် နှိုင်းယှဉ်ပါ။ ထိုဝေါဟာရတို့မှာ ရောမ ၅း၁၈ နှင့် ၁၉ တို့ ၌ပြသကဲ့သို့အဓိပ္ပါယ်တူဖြစ်သည်။

(၅) စကားလုံးတစ်လုံးတည်းသုံးခြင်းထက်စကားစုအပြည့်အစုံ သုံးခြင်း။ ဥပမာ "သခင်ယေရှုခရစ်တော်"

(၆) *autos* အားအထူးတလည်သုံးနှုန်းပုံ

(က) ARITICLE (the,a,an) တို့နှင့်တွဲသည့်အခါ (ဂုဏ်အင် လက္ခဏာပြအနေဖြင့်) same"အတူတူ"ဟုဘာသာပြန်သည်

(ခ) ARTICLE မပါဘဲ (ကြိယာသဘောဖြင့် –predicate) သုံး သည့်အခါ INTENSIVE REFLEXIVE "သူ့ကိုယ်တိုင်" "၄င်း ကိုယ်တိုင်" အဖြစ်ဘာသာပြန်သည်။

ဂ။ Greek သဒ္ဒါကျမ်းစာမသုံးသောသူများအနေဖြင့်အထူးပြုမှုကိုအမျိုးမျိုးခွဲခြားသိရှိနိုင်သည်။

(၁) ခွဲခြမ်းစိတ်ဖြာသောဟေဗြဲ၊ဂရိအဘိဓါန်နှင့်ဂရိ/အင်္ဂလိပ်လိုတွဲသောကျမ်းစာကိုသုံးခြင်းဖြင့်

(၂) အင်္ဂလိပ်ဘာသာပြန်ကျမ်းများကိုအထူးသဖြင့်ဘာသာပြန်ခြင်း သီအိုရီမတူသောကျမ်းများကို နှိုင်းယှဉ်ခြင်း။

ဥပမာ။ လုံးစေ့ပတ်စေ့ဘာသာပြန်ကျမ်းတစ်ကျမ်းအား (KJV, NKJV, ASV, NASB, RSV, NRSV) "အပြည့်အဝကိုက်ညီသော"–dynamic equivalent ဘာသာပြန် ကျမ်းတစ်ကျမ်း (Williams, NIV, NEB, REB, JB, NJB, TEV) နှင့်နှိုင်းယှဉ်လေ့လာခြင်း။ ၄င်း အတွက်ကောင်းသော အထောက်အကူပြုကျမ်းမှာ Baker ပုံနှိပ်တိုက်မှထုတ်ဝေသော "*The Bible in Twenty –Six Translation*" ဖြစ်သည်။

(၃) Joseph Bryant, Rotherham (Kregel 1994) ရေးသားပြုစုသည့် *The Empharized Bible*

(၄) အလွန်လုံးစေ့ပတ်စေ့ကျသောဘာသာပြန်ကျမ်းတစ်ကျမ်းကိုသုံး ခြင်း

(က) *The American Standard Version* of 1901

(ခ) *Youngs' Literal Translation of the Bible-by Robert Young* (Guardian ပုံနှိပ်တိုက် 1976)

သဒ္ဒါလေ့လာခြင်းသည်ပင်ပန်းပျင်းရိဘွယ်ရာကောင်းသော်လည်း ကောင်းစွာအနက်ပြန်ခြင်းအတွက် လိုအပ်သည်။ ဤအကျဉ်းချုပ်အဓိပ္ပာယ်သတ်မှတ်ချက်များ၊မှတ်ချက်ပြုမှုများနှင့် ဥပမာတို့မှာဤစာတွဲ အတွင်းပေးထားသည့်သဒ္ဒါဆိုင်ရာမှတ်စုများပို၍နားလည်စေရန် ဂရိဘာသာမတတ်ကျွမ်းသောစာရှုသူများကို အားပေးကူညီရန်ဖြစ်သည်။ ဤအဓိပ္ပါယ်သတ်မှတ်ချက်တို့မှာရိုးရှင်းလွန်းအားကြီးသည်မှာသေချာသည်။ ၄င်းတို့ကိုသြဝါဒတစ်ခုချမှတ်ရန်ဖြစ်စေ၊ ပုံသေကားချဖြစ်စေမသုံးရပါ။ ဓမ္မသစ်ကျမ်း၏ဝါကျအထားအသို အားပိုမိုနားလည်သဘောပေါက်စေရန်ခြေလှမ်းတစ်လှမ်းမျှသာဖြစ်ပါသည်။ ထို့ပြင်ဓမ္မသစ်ကျမ်းအားနည်း ပညာအဆင့်ဖြင့် အနက်ဖွင့်ကျမ်းမျိုးကဲ့သို့သော အခြားလေ့လာရေး အထောက်အကူပြုကျမ်းများကို ပိုမိုနား လည်သဘောပေါက်စေရန် ဤအဓိပ္ပါယ်သတ်မှတ်ချက်တို့သည် စာရှုသူများကိုအထောက်အကူပြုလိမ့်မည် ဟုများစွာမျှော်လင့်မိပါသည်။

ကျွန်တော်တို့သည်မိမိ၏ အနက်ပြန်မှုမှန်ကန်ခြင်း ရှိမရှိသမ္မာကျမ်းစာ၏လက်ရေးကျမ်းတို့ထဲတွေ့ရှိ ရသည့် အကြောင်းအရာများပေါ် အခြေပြုနိုင်စွမ်းရှိရပေမည်။ သဒ္ဒါသည်အထောက်အကူအများဆုံးပေးသော အမျိုးအစားတစ်ခုဖြစ်သည်။ အခြားအမျိုးအစားများ၌သမိုင်းဝင်အကြောင်းအရာများ၊ ကျမ်းစကားအဆက် အစပ်၊ ခေတ်ပြိုင်စကားလုံးအသုံးအနှုန်းနှင့်အလားတူကျမ်းပိုဒ်များဖြစ်ပါသတည်း။

# နောက်ဆက်တွဲနှစ်

## မူရင်းကျမ်းဆိုင်ရာအကဲဖြတ်စီစစ်ခြင်း

ဤကဏ္ဍမှာဤအနက်ဖွင့်ကျမ်း၌တွေ့ရသောမူရင်းကျမ်းဆိုင်မှတ်ချက်များကိုရှင်းလင်းရန်ဖြစ်သည်။ အောက်ပါတို့ကိုအကျဉ်းချုပ်၍အသုံးပြုသည်။

၁။ အင်္ဂလိပ်ကျမ်းစာများ၏မူရင်းလက်ရေး

က။ ဓမ္မဟောင်းကျမ်း

ခ။ ဓမ္မသစ်ကျမ်း

၂။ မူရင်းလက်ရေးကျမ်းများဆိုင်ရာအကဲဖြတ်စီစစ်မှု "textual criticism" ဟူ၍လည်းခေါ်သော "lower criticism" ဆိုင်ရာပြဿနာများနှင့်သီအိုရီများကိုအကျဉ်းချုပ်ရှင်းလင်းခြင်း။

၃။ နောက်ထပ်လေ့လာရန်အကြံပြုသောစာအုပ်များ။

## ၁။ အင်္ဂလိပ်ကျမ်းစာများ၏မူရင်းလက်ရေးကျမ်းများ

### က။ ဓမ္မဟောင်းကျမ်း

၁။ Masoretic text (MT) ဟေဗြဲသရကျမ်းကို အေဒီ(၁၀၀)ခုနှစ်၌ရဗ္ဗိ Aquiba ပြုစုသည်။ သရများ၊ အသံအနိမ့်အမြင့်ပြများ၊ ဘေးမှတ်ချက်များ၊ အဖြတ်အတောက်သင်္ကေတများ စသည်တို့ကိုအေဒီ (၆) ရာစုအတွင်းစတင်ဖြည့်စွက်လာခဲ့ကြရာအေဒီ (၉) ရာစုအတွင်း အပြီးသတ်ခဲ့သည်။ ၎င်းကို Masoretes ခေါ်ကျမ်းတတ်မိသားစုတစ်စုလုပ်ခဲ့ခြင်းဖြစ်သည်။ သူတို့သုံးသောမူရင်းကျမ်းများမှာ Misnah, Jalmad, Peshitta နှင့် Vulgate ကျမ်းများနည်းတူဖြစ်သည်။

၂။ Septuagint(LXX)အလက်ဇန္ဒြားမြို့စာကြည့်တိုက်အတွက် တိယမြောက်တော်လမီဘုရင်ကြီး၏(၂၈၅–၂၄၆ဘီစီ) ထောက်ပံ့မှုဖြင့်ဂျူးကျမ်းတတ်ဆရာကြီး၇၀ဦးတို့အရက် ၇၀ အတွင်း ပြုစုခဲ့ကြသောကျမ်းဟုခေါ်သည်။ ထိုသို့ဘာသာပြန်ရန်အလက်ဇန္ဒြားမြို့၌နေထိုင်သူ ဂျူးခေါင်းဆောင်တစ်ဦးမေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်ဟုယူဆကြသည်။ ဤအကြောင်းအား "Letter of Aristeas" ၌တွေ့ရသည်။ LXX သည်မကြာခဏပင်ရဗ္ဗိ Aguiba ၏မူရင်း ကျမ်း(MT) နှင့်ကွဲပြားသော ဟေဗြဲမူရင်းကျမ်းတစ်ကျမ်းအားအမှီပြုကြောင်းတွေ့ရ သည်။

၃။ Dead Sea Scrolls (DSS) ဤပင်လယ်သေကျမ်းစာလိပ်များကို Essenes ခေါ်ဂျူးသီးခြားခွဲထွက်ရေးဂိုဏ်းတစ်ဂိုဏ်းသည်ရောမခေတ်တွင် (၂၀၀ဘီစီမှ အေဒီ၇၀)ရေးသားပြုစုခဲ့ကြခြင်းဖြစ်သည်။ ပင်လယ်သေပတ်ဝန်းကျင်နေရာအတော်များများ၌တွေ့ရသော ဤဟေဗြဲလက်ရေးကျမ်းများသည် (MT) နှင့် LXX နှစ်ခုစလုံးနောက်ပိုင်း ကွဲပြားခြားနားသောဟေဗြဲကျမ်းအုပ်စုတစ်ခုဖြစ်ကြောင်းပေါ်လွင်သည်။

၄။ အနက်ဖွင့်သူများသည် ဓမ္မဟောင်းကျမ်းအားနားလည်သဘောပေါက်နိုင်ရန် ဤမူရင်းလက်ရေးကျမ်းများအားနှိုင်းယှဉ်မှုသည်မည်သို့ကူညီနိုင်ပုံတိကျသောဥပမာတစ်ချို့မှာ–

(က) LXX သည်ဘာသာပြန်ဆရာများနှင့်ကျမ်းစာပညာရှင်များအား MT ကိုနားလည်သဘောပေါက် နိုင်ရန်ကူညီပံ့ပိုးသည်။

၁။ LXX ၏ဟေရှာ ၅၂း၁၄ "လူအများသည်သူ့အားအံ့ဩမိန်းမောကြသည်နှင့်အညီ"

၂။ MT ၏ဟေရှာ ၅၂း၁၄ "လူများစွာတို့သည်သင့်အားအံ့ဩမိန်မောခဲ့သည်နှင့်အညီ"

၃။ LXX ၏ကွဲပြားခြားနားသောနာမ်စားများကိုဟေရှာ ၅၂း၁၅ သည်အတည်ဖြစ်စေသည်။

(က) LXX "သို့ဖြစ်၍လူမျိုးများစွာတို့သည်သူ့ကိုအံ့ဩကြလိမ့်မည်။"

(ခ) MT သို့ဖြစ်၍သူသည်လူမျိုးများစွာတို့ကိုပက်ဖြန်းသည်။

(ခ) DSS သည်ဘာသာပြန်ဆရာများနှင့်ကျမ်းစာလေ့လာသူများအား MT ကိုနားလည်သဘောပေါက်ရန်ကူ ညီသည်။

(၁) DSS ၏ဟေရှာ ၂၁း၈ "ထို့နောက်ကင်းစောင့်သောသူသည်အော်ဟစ်လျက်ကင်းမျှော်စင် ပေါ်ကျွန်ုပ်ရပ်လျက်..."

(၂) MT ၏ဟေရှာ ၂၁း၈ "ပြီးလျှင်ကျွန်ုပ်သည်ခြင်္သေ့တစ်ကောင်ကိုအော်ဟစ်သည်! ကျွန်ုပ်၏အရှင်သခင်၊ ကျွန်ုပ်သည်နေ့အချိန်တွင်ကင်းမျှော်စင်ပေါ်အမြဲရပ်လျက်ရှိပါသည်..."

(ဂ) LXX နှင့် DSS နှစ်မျိုးစလုံးဟေရှာ ၅၃း၁၁ကိုရှင်းလင်းစေသည်။

(၁) LXX & DSS "မိမိစိတ်ဝိညာဉ်၌ဝေဒနာခံပြီးနောက်သူသည် အလင်းကိုမြင်လိမ့်မည်။ သူသည် အားရကျေနပ်လိမ့်မည်။"

(၂) MT "မိမိစိတ်ဝိညာဉ်၏ဝေဒနာကိုသူမြင်လိမ့်မည်။ သူသည်အားရကျေနပ်လိမ့်မည်။"

## ခ။ ဓမ္မသစ်ကျမ်း

၁။ ဂရိဓမ္မသစ်ကျမ်းအပြည့်အစုံ(ဝါ)အစိတ်အပိုင်းပေါင်း(၅၃၀၀)ကျော်ရှိသည်။ (၈၅)လောက်မှာပေရွက်ပေါ်ရေးသားခြင်းဖြစ်ကာ လက်ရေးကျမ်း(၂၆၈)တို့မှာစာလုံးကြီးများဖြင့်ရေးထားသည်။ နောက်ပိုင်းအေဒီ(၉)ရာစုခန့်တွင် စာလုံးသေးကျမ်းပေါ်လာသည်။ ဂရိလက်ရေးကျမ်း(၂၇၀၀)ရှိသည်။ ဝတ်ပြုကိုးကွယ်ရာ၌သုံးသောကျမ်းပိုဒ်များစုစည်းသည့်ကျမ်းပေါင်း(၂၁၀၀)ရှိပြီး ၎င်းတို့ကို lectionaries ဟုခေါ်သည်။

၂။ ပေစာဖြင့်ရေးသည့်ဓမ္မသစ်ကျမ်းအစိတ်အပိုင်းများ ပါဝင်သောဂရိလက်ရေးကျမ်း(၈၅)ခန့်ပြတိုက်များ၌သိမ်းဆည်းထားရှိသည်။ ၎င်းတို့အနက်အချို့မှာအေဒီဒုတိယရာစုရက်စွဲပါသော်လည်းအများစုတို့မှာအေဒီ(၃)ရာစုနှင့်(၄)ရာစုအတွင်းဖြစ်သည်။ ဤလက်ရေးကျမ်းများတစ်ကျမ်း၌မှ ဓမ္မသစ်ကျမ်းအပြည့်အစုံမပါချေ။ ၎င်းတို့မှာဓမ္မသစ်ကျမ်း၏အစောဆုံးမိတ္တူများဖြစ်ခြင်းကြောင့်ကွဲပြားမှုပို၍နည်းရခြင်းမဟုတ်ချေ။ ၎င်းတို့အနက်အများအပြားမှာဒေသန္တရတစ်ခုအတွင်းသုံးရန်အမြန်ကူးရေးခြင်းဖြစ်သည်။ ဂရုတစိုက်လုပ်ကြခြင်းမဟုတ်သဖြင့်၊ ကွဲပြားခြားနားမှုများစွာရှိသည်။

၃။ Codex Sinaiticus ကိုဟေဗြဲစလုံး א *(aleph)* သို့မဟုတ် (01) အမှတ်အသားပြုသည်။ သိနတောင်ပေါ်၌ရှိသော St.Catherine ဘုန်းတော်ကြီးကျောင်း၌ Tischendorf ဆိုသူတွေ့

ရှိခဲ့ခြင်းဖြစ်သည်။ အေဒီ(၄)ရာစုကာလ၌ဖြစ်ကာ LXX ၏ဓမ္မဟောင်းကျမ်းနှင့် ဂရိဓမ္မသစ်ကျမ်းနှစ်ခုစလုံးပါဝင်သည်။ ၄င်းများအမျိုးအစားအားဖြင့် "The AlexandrianText" ဖြစ် သည်။

၄။ Codex Alexandrinus "A" သို့မဟုတ် (02) အဖြစ်သိရှိထားကား အီဂျစ်နိုင်ငံ အလက်ဇန္ဒြားမြို့၌ တွေ့ရှိပြီး(၅)ရာစုကာလဂရိလက်ရေးကျမ်းဖြစ်သည်။

၅။ Codex Vaticanus ကို "B" သို့မဟုတ် (03) အဖြစ်သိရှိထားကား ရောမမြို့ဗာတီကန်စာကြည့်တိုက်၌တွေ့ရှိခြင်းဖြစ်ပြီး၊ အေဒီ(၄)ရာစုအလယ်ကာလ၌ရေးသားခြင်းဖြစ်သည်။ LXX ၏ဓမ္မဟောင်းကျမ်းနှင့်ဂရိဓမ္မသစ်ကျမ်းနှစ်မျိုးလုံးပါဝင်သည်။ ၄င်းမှာ "The Alexandrian" အမျိုးအစား ဖြစ်သည်။

၆။ Codex Ephraemi ကို "C" သို့မဟုတ်(04) အဖြစ်သိရှိထားကြကာ(၅)ရာစုကာလဂရိ လက်ရေးကျမ်းဖြစ်ပြီး၊တစ်စိတ်တစ်ပိုင်းဖျက်ဆီးထားသည်။

၇။ Codex Bezae ကို "D" သို့မဟုတ် (05) ဟုသိရှိထားကြကာ၊ (၅)သို့မဟုတ် (၆)ရာစုကာလဂရိလက်ရေးကျမ်းဖြစ်သည်။ ၄င်းမှာ "The Western Text" ဟုခေါ်သောကျမ်း၏အဓိကကျမ်းဖြစ်သည်။ ၄င်း၌ဖြည့်စွက်မှုအများအပြားကာ King James ဘာသာပြန်ကျမ်း၏အဓိက ဂရိအခြေပြုကျမ်းဖြစ်သည်။

၈။ ဓမ္မသစ်လက်ရေးကျမ်းများကို အချို့သောထူးခြားမှုများတူညီပုံကိုလိုက်ကာအုပ်စု (၃) ခု သို့မဟုတ် (၄)ခုခွဲခြားနိုင်သည်။

(က) အီဂျစ်ပြည်မှ Alexandrian မူရင်းကျမ်း
   (၁) $P^{75}$, $P^{66}$ အေဒီ(၂၀၀)ခန့်ခရစ်ဝင်ကျမ်းများ
   (၂) $P^{46}$ အေဒီ(၂၂၅)ခန့်ပေါလု၏ကျမ်းများ
   (၃) $P^{72}$ အေဒီ(၂၂၅–၂၅၀)ခန့်ပေတရုနှင့်ယုဒ
   (၄) Codex B, Vaticanus ဟုခေါ်ကားအေဒီ (၃၂၅) ခန့်ဓမ္မဟောင်း၊ ဓမ္မသစ်အားလုံးပါဝင်သည်။
   (၅) Origen သည်ဤအမျိုးအစားကိုကိုးကားသည်။
   (၆) ဤအမျိုးအစားဖြစ်သောအခြားလက်ရေးကျမ်းများမှာ Aleph, C, L, W, 33 တို့ဖြစ်သည်။

(ခ) မြောက်အာဖရိကမှ Western မူရင်းကျမ်း
   (၁) မြောက်အာဖရိကအသင်းတော်ဖခင်ကြီးများဖြစ်သည့် Tertulian, Cyprian နှင့် Old Latin ဘာသာပြန်ကျမ်းများ၌ကိုးကားသည်။
   (၂) Irenaeus ကကိုးကားသည်။
   (၃) Tatian နှင့် Old Syriac ဘာသာပြန်ကျမ်းများ၌ကိုးကားသည်။
   (၄) Codex D "Bezae" သည်ဤအမျိုးအစားကိုလိုက်သည်။

(ဂ) Constantinople မှ Eastern Byzantine မူရင်းကျမ်း
   (၁) (၅၃၀၀) သောလက်ရေးကျမ်းများ၏ (၈၀ %) ၌ဤအမျိုးအစားထင်ဟပ်ပေါ်လွင်သည်။
   (၂) အန္တီအုတ်မြို့မှအသင်းတော်ဖခင်ကြီးများဖြစ်သည့် Cappadoceans, Chrysostom နှင့် Therodoret တို့အကိုးအကားပြုကြသည်။

(၃) Codex A မှာခရစ်ဝင်ကျမ်းများ၌သာဖြစ်သည်။
(၄) Codex E မှာ(၈)ရာစုဓမ္မသစ်ကျမ်းအပြည့်အစုံဖြစ်သည်။

(ဃ) စတုတ္ထမြောက်ဖြစ်နိုင်ချေအမျိုးအစားမှာပါလက်စတိုင်းမှ Caesarean အမျိုးအစားဖြစ်သည်။
(၁) မူလအားဖြင့်မာကု၌သာလျှင်ဖြစ်သည်။
(၂) P[45] နှင့် W တို့လည်းဖြစ်သည်။

## ၂။ မူရင်းကျမ်းဆိုင်ရာစီစစ်ဝေဖန်မှုခေါ် "lower critism" ဆိုင်ရာပြဿနာများ နှင့် သီအိုရီများ

က။ ကွဲပြားခြားနားမှုပေါ်ပေါက်ရခြင်း

၁။ သတိမမူသော(ဝါ)မတော်တဆဖြစ်ခြင်း (အများစုဖြစ်သည်)

(က) တူသောစကားလုံးများနောက်တစ်ခုရှိသည်ကို ရေးကူးရာ၌ မမြင်လိုက်ရသဖြင့် ထိုစကားများအကြားရှိ စကားလုံးများအားလုံး ကျန်ခဲ့ခြင်း (homoioteleuon)

(၁) စာလုံးထပ်(ဝါ)စကားစုထပ်နေသည်ကိုမမြင်ဘဲကျန်ရစ်ခြင်း (haplography)

(၂) စကားစုတစ်ခု(ဝါ) စာတစ်ကြောင်းနောက်ထပ်ပါသည်ကိုမေ့သွားခြင်း(dittography)

(ခ) နှုတ်တိုက်တိုင်ပေးခြင်းကိုရေးကူးရာ၌ စာလုံးပေါင်းမှားခြင်းကိုမကြားလိုက်ရခြင်း။ (itacism) ဤအကြောင်းကြောင့်စာလုံးပေါင်းအမှားများနှင့် အသံထွက်တူသောဂရိစကားလုံးများစာလုံးပေါင်းမှားယွင်းမှုဖြစ်ပေါ်သည်။

(ဂ) အစောဆုံးဂရိမူရင်းကျမ်းများ၌အခန်းကြီး၊ အခန်းငယ်ခွဲခြားခြင်း၊ စာအဖြတ်အတောက်နှင့် စကားလုံးချင်းခွဲခြားမှုမရှိခဲ့ချေ။ ထို့ကြောင့်စာလုံးများခွဲရာ၌နေရာမှားယွင်းကာကွဲပြားခြားနားသောစကားလုံးများဖြစ်ပေါ်စေနိုင်သည်။

၂။ ရည်ရွယ်ချက်ဖြင့်

(က) ကူးရေးသောကျမ်း၏သဒ္ဒါပုံစံပိုမိုပီပြင်စေရန်အပြောင်းအလဲလုပ်ခြင်း

(ခ) အခြားကျမ်းပိုဒ်များနှင့် တပြေးညီဖြစ်သွားစေရန်အပြောင်းအလဲလုပ်ခြင်း။ (harmonization of parallels)

(ဂ) ကွဲပြားခြားနားသောအမျိုးအစားနှစ်မျိုး သို့မဟုတ် ပိုများသောအမျိုးအစားများကိုရှည်လျားသောအမျိုးအစားတစ်ခုအဖြစ်ပေါင်းစပ်ခြင်း (conflation)

(ဃ) လက်ရှိမူရင်းစာ၌ ပြဿနာရှိသည်ဟုသိမြင်သည့်အချက်အား အမှားပြင်ရန်အပြောင်းအလဲလုပ်ခြင်း (၁ကော ၁၁:၂၇ နှင့် ၁ယော ၅:၇–၈)

(င) သမိုင်းဆိုင်ရာဖြစ်စေ၊ ပိုမိုဆီလျော်သောအနက်ပြန်မှုအတွက်ဖြစ်စေ မှတ်ချက်အချို့အားဘေးမှတ်ချက်အဖြစ်ထားသည်ကို နောက်ပိုင်း၌ အခြား

ကျမ်းကူးဆရာတစ်ယောက်သည် စာ သားထဲထည့်လိုက်ခြင်းမျိုး။ (ဥပမာ ယော ၅း၄)

ခ။ မူရင်းကျမ်းဆိုင်ရာ အကဲဖြတ်စီစစ်ခြင်း (မူရင်းကျမ်းကွဲများရှိသည့်အခါရွေးချယ်ဆုံးဖြတ်ရန် တက္ကဗေဒနည်း ကျလမ်းညွှန်)

(၁) ဖတ်ရှုရာ၌မပီမပြင်ဖြစ်မှုအများဆုံး သို့မဟုတ် သုံးနေကျသဒ္ဒါနည်းမဖြစ်ဆုံးသော ကျမ်းသည်မူရင်းဖြစ်နိုင်သည်။

(၂) ပို၍တိုတုတ်စွာရေးထားသောကျမ်းသည်မူရင်းဖြစ်နိုင်သည်။

(၃) ပိုမိုဟောင်းသောကျမ်းကိုအသာပေးသည်။ အကြောင်းမှာသမိုင်းကြောင်းဖြစ်ပြီးအခြား အကြောင်းအရာများမှာမူအားလုံးညီတူတန်းတူဖြစ်သည်။

(၄) ဒေသကွဲပြားသောလက်ရေးကျမ်းများသည်မူရင်းဖြစ်လေ့ရှိသည်။

(၅) အဓိကကျသောဓမ္မသဘောတရားဆိုင်ရာ ဆွေးနွေးမှုဖြစ်ပေါ်ရာကာလတစ်ခုအတွင်း သုံးပါးတစ်ဆူအား ၁ယော ၅း၇–၈ မှာနည်းတူလက်ရေးကျမ်းများ၌အပြောင်းအလဲ ပြုခြင်းများနှင့်ဆိုင်၍သြဝါဒဆိုင်ရာတွင်ပိုမိုအားနည်းသော ကျမ်းများမှာ ပိုမိုနှစ်သက် စရာကောင်းသည်။

(၆) အခြားမူကွဲများ၏မူလအစကိုအကောင်းဆုံးရှင်းလင်းချက်ပေးနိုင်သောကျမ်း။

(၇) ဒုက္ခပေးသောဤမူကွဲများ၏သဟဇာတဖြစ်မှုအားကူညီသောကိုးကားမှုနှစ်ခုမှာ

(က) J.Harold Greenlee ရေးသားပြုစုသော *Introduction to New Testament Textual Criticism*

"အငြင်းပွါးဘွယ်ရာလက်ရေးမူရင်းကျမ်းပေါ် မည်သည့်ခရစ်ယာန်သြဝါဒ မှမူတည်ခြင်းမရှိချေ။ ဓမ္မသစ်ကျမ်းလေ့လာသူများသည်မိမိရွေးချယ်သော (ဝါ) နှစ်သက်သောလက်ရေးကျမ်းသည်ဝိညာဉ်တော်မှုတ်သွင်းထားသည့် ပထမမူရင်းကျမ်းထက်သြဝါဒအားဖြင့်ပိုမိုအားကောင်းစေလိုသောဆန္ဒမရှိသင့် ချေ။"(စာ ၆၈)

(ခ) W.A.Criswell သည် *The Birmingham News* ခေါ်သတင်းစာ၏ Greg Garrison အားသမ္မာကျမ်းစာထဲရှိ စကားလုံးတိုင်းဝိညာဉ်တော်မှုတ်သွင်း ခြင်းဖြစ်သည်ဟုသူမယုံကြည်ကြောင်းပြောပြရာ၌ Criswellက "ရာ စုနှစ်ပေါင်းများစွာအတွင်းဘာသာပြန် ဆရာအမျိုးမျိုးအားဖြင့်ယနေ့ခေတ် သစ်ကာလလူထုလက်ထဲရှိသမျှစကားလုံးတိုင်းဟာဝိညာဉ်တော်မှုတ်သွင်းတာမ ဟုတ်ပါဘူး။ မူရင်းကျမ်းဆိုင်ရာအကဲဖြတ်စီစစ်မှု ကိုကျွန်တော် အလွန်ယုံကြည်ပါတယ်။ ထိုနည်းတူစွာဘဲမာကုအခန်းကြီး ၁၆ အဆုံးပိုင်း တစ်ဝက်ဟာမိစ္ဆာဝါဒဖြစ်တယ်လို့ကျွန်တော်ထင်ထယ်။ ဝိညာဉ်တော်မှုတ် သွင်းတာမဟုတ်ပါဘူး။ ထွင်လုံးသက်သက်ဖြစ်တယ်။ မာကုကျမ်းရဲ့ နိဂုံးချုပ်မှာပါသည့်အရာတွေမျိုးအခြားမည်သည့်လက်ရေးကျမ်းတွေမှာမှမတွေ့ ရပါဘူး။ ဒါကို တစ်ယောက်ယောက်ဖြည့်စွက်လိုက်တာပါ..."

SBC ၏ဂိုဏ်းချုပ်ဖြစ်သူအမှားကင်းစင်ရေးသမားကြီးသည် လည်းဗေသေသဒရေကန်မှာယေရှုအကြောင်း ယောဟန်အခန်းကြီး ၅

ကမှတ်တမ်းမှာလည်း နောက်ပိုင်းဖြည့်စွက်ချက်ဖြစ်ကြောင်းထင်ရှားထယ်။ ယုဒမိမိကိုယ်မိမိကြိုးဆွဲချအဆုံးစီရင်ပုံအကြောင်းမှတ်တမ်း နှစ်ခုတို့ ကွဲပြားခြားနားပုံ(မဿဲ ၂၇ နှင့် တမန်တော် ၁)အားဆွေးနွေးရာ တွင်သူသည် "ဒါဟာယုဒရဲ့သူ့ကိုယ်သူအဆုံးစီရင်ခြင်းအ ကြောင်းပေါ်ရှု မြင်ပုံကွဲပြားခြားနားမှုအား ရှင်းလင်းပြောပြလိုတဲ့အရာတစ်ခုရှိလို့ဘဲဖြစ် တယ်။ ယုဒမိမိကိုယ်မိမိအဆုံးစီရင်မှုမှတ်တမ်းနှစ်ခုသမ္မာကျမ်းစာ ထဲရှိတယ်။ မူရင်းကျမ်းဆိုင်ရာအကဲဖြတ်စီရင်မှုဟာအံ့သြဘွယ်ရာ သိပ္ပံ ပညာတစ်မျိုးဖြစ်တယ်။ ဒါဟာသေးနပ်တဲ့အရာမဟုတ်သလို မခိုးမခံ့ ပြုခြင်းလည်းမဟုတ်ပါဘူး။ ဒါဟာစွမ်းအား တန်ခိုးနှင့်ဖြစ်ပြီး အဓိက လည်းကျတယ်..."

၃။ လက်ရေးကျမ်းများဆိုင်ရာပြဿနာ (မူရင်းကျမ်းဆိုင်ရာစီစစ်အကဲဖြတ်ခြင်း)

(က) နောက်ထပ်ဖတ်ရှုရန်အကြံပြုသောစာအုပ်များ

(၁) *Biblical Criticism: Historical, Literary and Textual* by R.H.Harrison

(၂) *The Text of the New Testament: Its Transmission, Corruption and Restoration* by Bruce M. Metzger

(၃) *Introduction to New Testament Textual Criticism* by J.H Greenlee

# နောက်ဆက်တွဲ သုံး
## ခက်ဆစ်အဓိပ္ပါယ်ရှင်းလင်းချက်

Adoptionism **"သားဖြစ်စေခြင်း၊မွေးစားခြင်း"**၎င်းမှာယေရှုသည်ဘုရားဖြစ်ခြင်းနှင့်ဆိုင်သော ကနဦးကာလအမြင်တစ်မျိုးဖြစ်သည်။ အခြေခံအားဖြင့်ယေရှုသည်ကဏ္ဍအားလုံး၌ ပုံမှန်သာမန်လူသားပင်ဖြစ်ကာ သူရေနှစ်မင်္ဂလာခံယူချိန်၌(မဿဲ ၃း၁၇။ မာကု ၁း၁၁) သို့မဟုတ်ပြန်ရှင်ထမြောက်ချိန်၌ (ရောမ ၁း၄) ဘုရားသခင် သည်သူ့အားအထူးအဓိပ္ပါယ်တစ်မျိုးဖြင့်သားတော်အရာ၌ချီးမြှောက်သည်ဟူသောအဆိုဖြစ်၏။ ယေရှုသည်စံ တင်ရအောင်အသက်ရှင်ခဲ့သဖြင့်အချိန်တစ်ချိန် (ရေနှစ်မင်္ဂလာခံချိန်ပြန်ရှင်ထမြောက်ချိန်) ဘုရားသခင်သည် သူ့ကိုမိမိ "သားတော်" အဖြစ်ချီးမြှောက်သည်။ (ရောမ ၁း၄။ ဖိ ၂း၉)။ ၎င်းမှာကနဦးအသင်းတော်ကာလနှင့်ရှစ်ရာစုတို့၌လူနည်းစုတို့၏အမြင်ဖြစ်သည်။ ဘုရားသခင်သည် လူသားတစ်ယောက်ဖြစ်လာသည့်အစား (လူဝင်စားတော်မူခြင်း) ဤအမြင်သည်၎င်းကိုပြောင်းပြန်လှန်ကာ လူကိုဘုရားဖြစ်လာစေသည်။

သားတော်ဘုရားဖြစ်သူ ရှေးမဆွကပင်တည်ရှိလာခဲ့သူဘုရားဖြစ်သောယေရှုသည်စံတင်လောက် အောင်အသက်ရှင်ခဲ့ခြင်းကြောင့် ချီးမြှောက်ခံရသည်ဆိုခြင်းမှာမည်သို့ဖြစ်နိုင်ကြောင်းနှုတ်ဖြင့်ပြောရန်ခက်ခဲ သည်။ သူသည်ဘုရား ဖြစ်ခဲ့ပြီးသူမှန်လျှင်မည်သို့ချီးမြှင့်ခံမည်နည်း? ဘုရားဘုန်းတန်ခိုးတော်ဖြင့်ရှေးမဆွကပင်တည်ရှိခဲ့သည်ဆိုလျှင်သို့ထက်ပို၍မည်သို့ချီးမြှင့်ခံနိုင်ပါဦးမည်နည်း? ကျွန်တော်တို့နားလည်ရန်ခက်ခဲသည်မှန်သော်လည်း ယေရှုသည်ခမည်းတော်၏အလိုတော်အားစုံလင်ပြည့်ဝစွာပြည့်စုံစေခြင်းကြောင့်ခမည်းတော်သည်အထူးအဓိပ္ပါယ်တစ်မျိုးဖြင့်ဂုဏ်ပြုခဲ့သည်မှာအမှန်ဖြစ်သည်။

Alexandrian School **"အလက်ဇန္ဒြားကျောင်းတော်"**။ ၎င်းမှာသမ္မာကျမ်းစာအနက်ဖွင့်ခြင်းနည်းတစ်မျိုး ဖြစ်ကာ အေဒီဒုတိယရာစုခေတ်အတွင်းအီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့၌ဖြစ်ပေါ်သည်။ ဂရိတွေးခေါ်ရှင်ပလာတို ၏ တပည့်ကျော်ဖြစ်ခဲ့သူ ဖိလို၏ခြေခံအနက်ပြန်ခြင်းနည်းကိုသုံးသည်။ ၎င်းကိုပုံပမာပြု၍တင်စားခြင်းနည်းလမ်း(allegorical)ဟုခေါ်သည်။ ၎င်းသည်အသင်းတော်ကိုပြန်လည်ပြုပြင်ရေး (Reformation) ခေတ်ကာလတိုင်အောင်လွှမ်းမိုးခဲ့သည်။ ၎င်းကိုအဓိကထောက်ခံသြဇာရှိသူများမှာ Origen နှင့် Augustine တို့ဖြစ်သည်။ Moises Silva ရေးသားသော *Has The Church Misread The Bible?* (Academic 1987)၌ကြည့်ပါ။

Alexandrinus အီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့မှငါးရာစုကာလဂရိလက်ရေးကျမ်းဖြစ်သည်။ ဓမ္မဟောင်းကျမ်း၊ Apocrypha (ကာသိုလစ်အသင်းတော်၌သုံးသောကျမ်းငါးကျမ်း) နှင့်ဓမ္မသစ်ကျမ်းအများစုပါဝင်သည်။ ၎င်းမှာဂရိဓမ္မသစ်ကျမ်း၏အပြည့်စုံဆုံးအဓိကကျမ်းတစ်ကျမ်းဖြစ်သည်။ မဿဲ၊ ယောဟန်နှင့် ၂ကောရိန္သုကျမ်းများ၏အချို့အစိတ်အပိုင်းများမှအပ) " A "အဖြစ်နာမည်တပ်သော(Vaticanus)နှစ်မျိုးလုံးနှင့်တူညီသောလက်ရေးကျမ်းအားမူရင်းဖြစ်သည်ဟုသမ္မာကျမ်းစာလေ့လာသူအများစုတို့မှတ်ယူကြသည်။

Allegory **"ပုံပမာပြုတင်စားခြင်း"** ၎င်းသည်မူလအားဖြင့်အလက်ဇန္ဒြားမြို့ဂျူးဘာသာအသိုင်းအဝိုင်းမှထွန်းကားလာသောသမ္မာကျမ်းစာအနက်ပြန်ခြင်းနည်းတစ်နည်းဖြစ်သည်။ ၎င်းနည်းကိုအလက်ဇန္ဒြားမြို့သားဖီလို (Philo)သည်လူသိများထင်ပေါ်ကျော်ကြားစေသည်။ ၎င်း၏အဓိကအချက်မှာ သမ္မာကျမ်းစာ၏သမိုင်းနောက်ခံနှင့်ကျမ်းစကားအဆက်အစပ်အကြောင်းအရာသဘောကိုလစ်လျူရှုကာ သမ္မာကျမ်းစာအားယဉ်ကျေးမှုခလေ့

ထုံးစံ(ဝါ)တွေးခေါ်မြော်မြင်မှုသဘောတရားတစ်ရပ်နှင့်အံဝင်ဂွင်ကျဖြစ်စေလိုခြင်းဖြစ်သည်။ ၎င်းသည်သမ္မာကျမ်းစာကျမ်းချက်တိုင်း၏နောက်ကွယ်၌ ဖုံးကွယ်နေသော(ဝါ)ဝိညာဉ်ရေးရာအဓိပ္ပါယ်ရှိသည်ဟုဆိုကာ၎င်းကိုရှာဖွေဖော်ထုတ်ရန်အားထုတ်ခြင်းဖြစ်သည်။ ယေရှုသည်မဿဲ ၁၃ ၌လည်းကောင်း၊ ပေါလုသည်ဂလာတိ ၄ လည်းကောင်း သမ္မာကျမ်းတရားအားဖော်ပြရန်ပုံဥပမာပြုကာတင်စားဖော်ပြမှုသုံးကြောင်းမှာမှန်ပါသည်။ မည်သို့ဖြစ်စေ ၎င်းတို့မှာအမျိုးအစားခြင်း နှိုင်းယှဉ်ပြခြင်းဖြစ်ကာပုံပမာပြုခြင်းစင်စစ်မဟုတ်ချေ။

Analytical Lexicon **"ခွဲခြမ်းစိတ်ဖြာမှုပြုသောဟေဗြဲ၊ ဂရိအဘိဓါန်"**၎င်းမှာဓမ္မသစ်ကျမ်းစရိုဂရိစကားလုံးတိုင်းသိရှိစေရန်လေ့လာမှုတစ်မျိုးဖြစ်သည်။ ၎င်း၌ဂရိအက္ခရာအစဉ်လိုက်ပုံစံနှင့်အခြေခံအဓိပ္ပါယ်ရှင်းလင်းခြင်းများပါဝင်သည်။ စာလုံးချင်းယှဉ်၍ဘာသာပြန်သော(interlinear translation)ကျမ်းတစ်ကျမ်းနှင့်တွဲ၍သုံးပါကဂရိဘာသာမကျွမ်းကျင်သောယုံကြည်သောစာရှုသူများအားဂရိဓမ္မသစ်ကျမ်းကိုသဒ္ဒါနည်းကျနှင့်ဝါကျဖွဲ့စည်းပုံများဖြင့်ခွဲခြမ်းစိတ်ဖြာ၍လေ့လာနိုင်ရန်အထောက်အကူပြုသည်။

Analogy of Scripture **"သမ္မာကျမ်းစာ၏ဆင်တူမှုအားနှိုင်းယှဉ်လေ့လာခြင်း"**။ သမ္မာကျမ်းစာတစ်ခုလုံးဘုရားသခင်မှုတ်သွင်းခြင်းဖြစ်၍ အထဲရှိအကြောင်းအရာများတစ်ခုနှင့်တစ်ခုဆန့်ကျင်ဖီလာမဖြစ်ဘဲ တစ်ခုနှင့်တစ်ခုအပြန်အလှန်ဖြည့်ဆည်းပေးသည်ဟူသောအမြင်အတွက်သုံးသောစကားစုဖြစ်သည်။ ဤတင်ကူးအတည်ပြုခြင်းသည် သမ္မာကျမ်းစာအားအနက်ဖွင့်ရာ၌ အလားဆင်တူသောကျမ်းပိုဒ်များကို အသုံးပြုခြင်း၏အခြေခံမှုဖြစ်သည်။

Ambiguity **"မသဲကွဲသောအဓိပ္ပါယ်"** စာဖြင့်ရေးသားသောမှတ်တမ်းမှတ်ရာတစ်ခု၌ ဖြစ်နိုင်ချေရှိသောအဓိပ္ပါယ် နှစ်မျိုး(ဝါ)သို့ထက်ပိုသောအကြောင်းအရာများကိုတစ်ချိန်တည်း၌ညွှန်းဆိုဖော်ပြရာမှဖြစ်ပေါ်သောမသေချာ၊ မရေရာမှုကိုခေါ်ဆိုသည်။ ယောဟန်သည်ဤမသဲမကွဲဖြစ်မှုကိုတမင်တကာသုံးခြင်းဖြစ်နိုင်သည်။

Anthropomorphic **"လူသားကဲ့သို့ဖော်ပြပြောဆိုခြင်း"** ၎င်းမှာဘုရားသခင်အကြောင်းကျွန်တော်တို့၏ဘာသာရေးစကားဖြင့်ပြောသောဝေါဟာရဖြစ်သည်။ ၎င်းမှာလူသားဆိုသည် ဂရိဝေါဟာရမှဆင်းသက် လာသည်။ ဆိုလိုသည်မှာဘုရားသခင်ကို လူသားဖြစ်နေဟန်မျိုးဖြင့်ပြောဆိုဖော်ပြမှုဖြစ်သည်။ ဘုရားသခင်အားလူသားနှင့်ဆိုင်သောခန္ဓာကိုယ်၊ လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာဝေါဟာရများဖြင့် သုံးနှုန်းဖော်ပြခြင်းဖြစ် သည်။ (ကမ္ဘာ ၃း၈။ ၃ဓမ္မ ၂၂း၁၉-၂၃)။ ၎င်းမှာအမှန်အားဖြင့်ဆင်တူမှုဖြင့်နှိုင်းယှဉ်ဖော်ပြမှုသာဖြစ်သည်။ ဘုရားသခင်အကြောင်းပြောရန် အသုံးပြုဘို့လူသားမှအပအခြားဝေါဟာရ(ဝါ)အမျိုးအစားမရှိသေးကြောင်း ဖြစ်သည်။ ထို့ကြောင့်ဘုရားသခင်ကိုကျွန်တော်တို့သိသည်မှာမှန်သော်လည်းအကန့်အသတ်နှင့်ဖြစ်သည်။

Antiochinn School **"အန္တိအုတ်ကျောင်းတော်"**၎င်းမှာ ဆီးရီးယားနိုင်ငံအန္တိအုတ်မြို့၌အေဒီသုံးရာစုအတွင်းထွန်းကားလာခဲ့သောသမ္မာကျမ်းစာအနက်ဖွင့်ခြင်းနည်းတစ်မျိုးဖြစ်သည်။ ၎င်းမှာအီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့၏ပုံပမာပြုသောတင်စားခြင်းနည်းကိုတုံ့ပြန်မှုဖြစ်သည်။ ၎င်းနည်း၏အဓိကအချက်မှာသမ္မာကျမ်းစာ၏သမိုင်းဝင်အဓိပ္ပါယ်ကိုအာရုံပြုခြင်းဖြစ်သည်။ ၎င်းနည်းသည်သမ္မာကျမ်းစာကိုပုံမှန်လူသားစာပေများနည်းတူအနက်ပြန်သည်။ ဤကျောင်းတော်သည်ခရစ်တော်၌သဘာဝနှစ်မျိုး( Nestorianism )ရှိသည်သို့မဟုတ်သဘာဝတစ်မျိုးရှိသည် (ဘုရားအပြည့်အဝနှင့်လူသားအပြည့်အဝ) ဟူသောအငြင်းပွါးမှု၌ပါဝင်ပါတ်သက်သည်။ ၎င်းကိုရောမကာသိုလစ်အသင်းတော်သည်လွဲမှားသောအယူဝါဒအဖြစ်သတ်မှတ်ကာ ပါရှား(အီရန်)သို့ရွှေ့ပစ်

လိုက်သော်လည်းကျောင်းတော်အတွင်းမှုအဓိပ္ပါယ်ထူးခြားမှုမရှိချေ။ ၎င်းမှာနောက်ပိုင်းတွင်အဆင့်မြင့်ပရိုတက်စတင့်ပြန်လည်ပြုပြင်ရေးသမားများအတွက်အနက်ဖွင့်ခြင်းဆိုင်ရာနိယာမကြီးများ၏အခြေခံဖြစ်လာပါသည်။(မာတင်လူသာနှင့် ကဲလ်ဗင်)

Antithetical ၎င်းဟေဗြဲကဗျာအလင်္ကာများ၏စာကြောင်းများအကြားဆပ်စပ်ပေးရန်အသုံးပြုသောဝေါဟာရသုံးလုံးအနက်တစ်ခုဖြစ်လာသည်။ (သုတ္တံ ၁၀း၁၊၁၅း၁)။

Apocalyptic Literature **"အနာဂတ်အကြောင်းဖွင့်ပြမှုဆိုင်ရာစာပေ"**၎င်းမှာပြည်ပကမ္ဘာ့အင်အားကြီးနိုင်ငံ ၏ကျူးကျော်သိမ်းပိုက်မှုခံရသောကာလများအတွင်းအသုံးပြုသည့် အဓိပ္ပါယ်လျှို့ဝှက်ဖုံးကွယ်ထားသောအရေးအသားမျိုးဖြစ်သည်။ ကမ္ဘာ့အဖြစ်အပျက်များကိုပုဂ္ဂိုလ်အားဖြင့် တည်ရှိသောရွေးနုတ်ခြင်းပြုသူဘုရားသခင်သည် ထိန်းချုပ်နေကာ အထူးသဖြင့်အစ္စရေးကိုစိတ်ဝင်စားဂရုစိုက်သည်ဟူသော ယုံကြည်မှုဖြစ်သည်။ ဤစာပေများသည် ဘုရားသခင်အားထုတ်မှုအားဖြင့် အဆုံးစွန်သောအောင်မြင်မှုကို ကတိပေးထားသည်။

၎င်း၌အဓိပ္ပါယ်လျှို့ဝှက်ထားသည့်အမှတ်အသားများဆန်းကြယ်သောအရာများစွာပါဝင်သည်။ ထိုစာပေများ၌သမ္မာတရားတစ်ရပ်ကိုအရောင်များ၊ နံပါတ်များ၊ ရူပါရုံများ၊ အိပ်မက်များ၊ ကောင်းကင်တမန်များ၏ကြားဝင်ဆောင်ရွက်မှုများဖြင့်ဖော်ပြကာ အကောင်းနှင့်အဆိုးနှစ်မျိုးအားစူးရှစွာပေါ်လွင်စေလေ့ရှိသည်။

စာပေအမျိုးအစား၏ဥပမာအချို့မှာ (၁)ဓမ္မဟောင်းကျမ်း၌ယေဇကျေလ(အခန်းကြီး ၃၆–၄၈)၊ ဒံယေလ(အခန်းကြီး ၇–၁၂)၊ ဇာခရိနှင့် (၂) ဓမ္မသစ်ကျမ်းမဿဲ ၂၄၊ မာကု ၁၃၊ ၂သက်သာလောနိအခန်းကြီးနှင့်ဗျာဒိတ်ကျမ်းတို့ဖြစ်သည်။

Apologist (Apologetics)၎င်းဝေါဟာရဂရိစကား"တရားဥပဒေအရလျှော့က်လဲကာကွယ်ခြင်း" ဟူသောစကားလုံးမှဆင်းသက်သည်။ ခရစ်ယာန်ယုံကြည်မှုအတွက်အထောက်အထား၊ ကျိုးကြောင်းပြကာဆွေးနွေးရန်ဓမ္မသဘောတရားအရအားထုတ်မှုဖြစ်သည်။

*Apriori* ၎င်းသည်အမှန်ဟု "ကြိုတင်မှတ်ယူခြင်း" နှင့်အဓိပ္ပါယ်တူဖြစ်သည်။ ၎င်း၌အမှန်ဟုမှတ်ယူထားသောယခင်ကလက်ခံထားခဲ့ကြသည့်အဓိပ္ပါယ်ရှင်းလင်းချက်များ၊ နိယာမများနှင့်အနေအထားများအားဖြင့်ဆင်ခြင်စဉ်းစားမှုပြုခြင်းဖြစ်သည်။ စစ်ဆေးခြင်း(ဝါ)ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲလက်ခံခြင်းဖြစ်သည်။

Arianism သူသည်သုံးရာစုနှင့်လေးရာစုအစောပိုင်းကာလများ၌ အီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့အသင်းတော်မှဦးဆောင်အသင်းတော်လူကြီး(ဆရာကြီး) တစ်ဦးဖြစ်ခဲ့သည်။ သူ့အဆိုမှာယေရှုသည်ရှေးမဆွကပင်တည်ရှိလာခဲ့သော်လည်းဘုရားမဟုတ်(ခမည်းတော်နှင့်အနှစ်သာရချင်းမတူဟူ၍ဖြစ်ပြီးသုတ္တံကျမ်း ၈း၂၂–၃၁ ကိုအခြေခံခြင်းဖြစ်နိုင်သည်။ သူ့အားအလဇန္ဒြားမြို့ဂိုဏ်းအုပ်ကြီးသည်စတင်ဖိတ်ခေါ်ခဲ့ရာ(အေဒီ ၃၁၈)၎င်းအငြင်းပွါးမှုမှာနှစ်ပေါင်းများစွာရှိနေခဲ့သည်။ ၎င်း ဤအာရီယားနီစ်ဝါဒသည် အရှေ့ပိုင်းအသင်းတော်၏တရားဝင်ယုံကြည်မှုဖြစ်လာသည်။ အေဒီ ၃၂၅ တွင် Nicea ကောင်စီသည်သူ့ကိုပြစ်တင်ရှုံ့ချလျက်သားတော်သည်အပြည့်အဝတန်းတူညီခြင်းနှင့် ဘုရားဖြစ်ခြင်းအားအတည်ပြုခဲ့သည်။

Aristotle သူသည်ရှေးခေတ်ဂရိတွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်ကာ ပလာတို၏တပည့်နှင့်မဟာအလက်ဇန္ဒြားဘုရင်ကြီး၏ဆရာဖြစ်သည်။ သူသည်ယနေ့တိုင်ခေတ်ပညာသင်ကြားရေး၏ကဏ္ဍများစွာ၌လွှမ်းမိုးနေဆဲဖြစ်

သည်။ အဘယ်ကြောင့်ဆိုသော်လေ့လာမှုနှင့်ခွဲခြမ်းစိတ်ဖြာမှုအားဖြင့်ရသောအသိပညာကိုအလေးအနက်ပြု သောကြောင့်ဖြစ်သည်။ ၄င်းမှာသိပ္ပံနည်းကျနည်းစနစ်၏သဘောတရားတစ်ရပ်ဖြစ်သည်။

Autographs ၄င်းမှာသမ္မာကျမ်းစာ၏မူရင်းရေးသားမှုများအတွက်ပေးသောနာမည်ဖြစ်သည်။ လက်ဖြင့်ရေး သော၍မူရင်းစာများအားလုံးပျက်စီးစပျောက်ကွယ်ခဲ့ကြပြီဖြစ်သည်။ အဆင့်ဆင့်ကူးယူသောမိတ္တူပွါးများသာ ကျန်ရစ်သည်။ ၄င်းမှာဟေဗြဲနှင့်ဂရိလက်ရေးကျမ်းအမျိုးမျိုးနှင့်ရှေးဟောင်းဘာသာပြန်ကျမ်းများ၏မူလရင်း မြစ်ဖြစ်သည်။

Bezae ၄င်းမှာအေဒီခြောက်ရာစုကာလဂရိနှင့်လက်တင်လက်ရေးကျမ်းတစ်မျိုးဖြစ်သည်။ ၄င်းကို " D "ဟု မှတ်သားသည်။ ၄င်း၌ခရစ်တော်ကျမ်းများ၊ တမန်တော်ဝတ္တုနှင့်အချို့သောအထွေထွေသြဝါဒစာများပါဝင် သည်။ ကျမ်းကူးဆရာများ၏ဖြည့်စွက်ချက်အတော်များများဖြင့်ထူးခြားမှုရှိသည်။ ၄င်းမှာ King James Version နောက်ကွယ်ကအဓိကဂရိလက်ရေးကျမ်းဖြစ်သော " Textus Receptus " ၏အခြေခံဖြစ်သည်။

Bias ၄င်းမှာအကြောင်းအရာသို့မဟုတ် အမြင်တစ်မျိုးအားတင်ကူး၍ပြင်းထန်စွာနှစ်သက်မှုအားဖော်ပြရန်သုံး သောဝေါဟာရဖြစ်သည်။ အထူးသီးသန့်အကြောင်းအရာ သို့မဟုတ် ရှုမြင်ပုံတစ်ရပ်အားမိမိဆန္ဒ၏ ငဲ့ကွက်မှု ကင်းရှင်းစွာမရှုမြင်နိုင်သော စိတ်နေသဘောကိုပြောခြင်းဖြစ်သည်။ ၄င်းမှာမျက်နှာလိုက်သောအနေအထား တစ်မျိုးဖြစ်သည်။

Biblical Authority **"သမ္မာကျမ်းစာ၏အခွင့်အာဏာ"**ဤဝေါဟာရကိုအဓိပ္ပါယ်အထူးတလည်အတွက်သုံး သည်။ မူရင်းစာရေးသူသည်မိမိခေတ်ကာလ၌ပြောသောအရာကိုနားလည်ကာ ထိုသမ္မာတရားကိုကျွန်တော်တို့ ခေတ်၌အသုံးပြုခြင်းအဖြစ်အဓိပ္ပါယ်ရှင်းလင်းမှုပေးကြသည်။ ကျွန်တော်တို့၏တစ်ခုတည်းသောအခွင့်အာဏာ ပိုင်လမ်းပြအဖြစ်သမ္မာကျမ်းစာအားရှုမြင်ခြင်းကိုသမ္မာကျမ်းစာ၏အခွင့်အာဏာဟုအဓိပ္ပါယ်ရှင်းလင်းချက်ပေး ကြသည်။ မည်သို့ဖြစ်စေလက်ရှိကာလ၊ မဆီလျော်သောအနက်ပြန်မှုများကိုအကြောင်းပြုကာ ကျွန်ုပ်သည် သမိုင်းကြောင်းနှင့်သဒ္ဒါနည်းကျဘာသာပြန်ခြင်းနည်းမှာနည်းတူ သမ္မာကျမ်းစာ၏အခွင့်အာဏာကိုကန့်သတ် ထားပါသည်။

Canon ဤဝေါဟာရကိုဝိညာဉ်တော်အားဖြင့်အတုအနှိုင်းကင်းသောမှုတ်သွင်းရေးသားသည့်အများအားဖော်ပြ ရန်သုံးသည်။ ၄င်းမှာဓမ္မသစ်ကျမ်းနှစ်ခုစလုံးကိုပြောခြင်းဖြစ်သည်။

Christocentric ဤဝေါဟာရကိုယေရှု၏ ဗဟိုချက်မဖြစ်ခြင်းအားပြောရန်သုံးသည်။ ယေရှုမှာသမ္မာကျမ်းစာ တစ်အုပ်လုံး၏သခင်ဖြစ်သည်ဟူသော သဘောဖြင့်ကျွန်ုပ်သုံးပါသည်။ ဓမ္မဟောင်းကျမ်းသည်သူ့ကိုညွှန်ပြ ကာ သူသည်၄င်း၏ပြည့်စုံခြင်းနှင့်ပန်းတိုင်ဖြစ်သည်။ (မဿဲ ၅း၁၇–၄၈)

Commentary အထူးသီးသန့်သုတေသနပြုစာအုပ်အမျိုးအစားတစ်မျိုးဖြစ်သည်။ ၄င်းသည်သမ္မာကျမ်းစာထဲ ကျမ်းတစ်ကျမ်း၏ယေဘုယျနောက်ခံသမိုင်းကိုဖော်ပြသည်။ ထို့ပြင်ကျမ်းတစ်ကျမ်း၏အပိုင်းတစ်ပိုင်း၏ အဓိပ္ပါယ်ကိုရှင်းပြရန်အားထုတ်သည်။ အချို့သောကျမ်းပြုသူများသည် လက်တွေ့အသုံးချခြင်းကိုအာရုံစိုက် ကာအချို့တို့ကမူကျမ်းကိုနည်းပညာကျကျလေ့လာမှုကိုပို၍ဂရုပြုကြသည်။ ဤစာအုပ်များမှာအထောက်အ ကူပြုသော်လည်း မိမိကိုယ်တိုင်လေ့လာမှုပြုပြီး၌သာ၄င်းကျမ်းတို့ကိုလေ့လာသင့်သည်။ အနက်ဖွင့်ကျမ်းရေး

သူ၏အနက်ဖွင့်မှုတို့ကိုဆန်းစစ်ခြင်းမပြုဘဲမည်သည့်အခါ၌မျှမလက်ခံရချေ။ ကွဲပြားခြားနားသောခမ္မသဘော တရားရှုထောင့်များမှအနက်ဖွင့်ကျမ်းအတော်များများကို နှိုင်းယှဉ်လေ့လာခြင်းသည်အထောက်အကူဖြစ်စေ လေ့ရှိ၏။

Concordance သမ္မာကျမ်းစာလေ့လာမှုအတွက်သုတေသနပြုခြင်းဆိုင်ရာလက်စွဲတစ်မျိုးဖြစ်သည်။ ၄င်းမှာ စကားလုံးတိုင်းခမ္မဟောင်း၊ ခမ္မသစ်ကျမ်းများ၌တွေ့ရသောနေရာပြစာရင်းဖြစ်သည်။ အမျိုးမျိုးအထောက်အ ကူပြုပုံများမှာ (၁) အင်္ဂလိပ်စကားလုံးတစ်လုံးတိုင်း၏ ဟေဗြဲ သို့မဟုတ် ဂရိစကားလုံးကိုသတ်မှတ်ခြင်း (၂) တူညီသောဟေဗြဲ(ဝါ)ဂရိစကားလုံးအသုံးပြုရာအလားတူကျမ်းပိုဒ်များနှိုင်းယှဉ်ဖော်ပြခြင်း (၃) မတူသော ဟေဗြဲ(ဝါ)ဂရိစကားနှစ်လုံးအားအင်္ဂလိပ်စကားလုံးတစ်လုံးတည်းဖြင့် ဘာသာပြန်သည့်နေရာကိုပြသခြင်း (၄) စကားလုံးတစ်လုံးအားကျမ်းတစ်ကျမ်း၌ဖြစ်စေ၊ မူရင်းစာရေးသူတစ်ဦးကဖြစ်စေ အကြိမ်ပေါင်းမည်မျှသုံး ကြောင်းဖော်ပြခြင်း (၅) ကျမ်းချက်/ပိုဒ်တစ်ခုအားသမ္မာကျမ်းစာထဲရှာဖွေတွေ့ရှိနိုင်ရန်ကူညီခြင်းတို့ဖြစ် သည်။ (Walter Clark's *How to Use New Testament Greek Study Aids*, pp.54-55)

Dead Sea Scrolls **"ပင်လယ်သေကျမ်းစာလိပ်များ"** ၄င်းမှာပင်လယ်သေအနီးတွင် ၁၉၄၇ ခုနှစ် ၌တွေ့ရှိသောဟေဗြဲနှင့်အာရမိစကားဖြင့်ရေးသည့်ရှေးခေတ်စာတွဲများဖြစ်သည်။ ၄င်းတို့မှာပထမရာစုနှစ်အ တွင်းဂျူးဘာသာဂိုဏ်း၏ဘာသာရေးစာကြည့်တိုက်များဖြစ်သည်။ ရောမလူမျိုးတို့၏သိမ်းပိုက်မှုနှင့် မျိုးချစ် သမားများအကြားအေဒီ ၆၀ ပြည့်နှစ်ကာလများအတွင်းဖိစီးမှုများကြောင့်သားရေလိပ်စာများကို အလုံပိတ် ကာတံဆိပ်ခတ် သောခရားအိုးများအထဲကျောက်ဂူများ (ဝါ) တွင်းပေါက်များအတွင်း ဝှက်ထားကြခြင်း ဖြစ်သည်။ ၄င်းတို့သည် ပထမရာစု ပါလက်စတိုင်း၏သမိုင်းကြောင်းကိုနားလည်သဘောပေါက်စေကာ Masoretic Text (ခမ္မဟောင်းဟေဗြဲကျမ်း) သည်အစောပိုင်းဘီ၊စီနှစ်ကာလများတိုင်အောင် အလွန်တိကျမှန် ကန်ကြောင်းအတည်ပြုသည်။ ၄င်းတို့ကို " DSS " ဟုအတိုကောက်နာမည်သတ်မှတ်သည်။Deductive တတ္တဗေဒနည်း သို့မဟုတ် ကျိုးကြောင်းဆင်ခြင်မှုနည်းတစ်မျိုးဖြစ်ကာ၊ ယေဘုယျသဘော နိယမများမှ အတိအကျလက်တွေ့ကျကျဆင်ခြင်သုံးသပ်မှုဖြစ်သည်။ ၄င်းမှာတတ္တဗေဒနည်းကျဆင်ခြင်းမှု နှင့် ဆန့်ကျင် ဘက်ဖြစ်သည်။ အထူးပြုလေ့လာမှုမှသည် အထွေထွေနိဂုံးချုပ် (သီအိုရီ) များထုတ်ဖော်ခြင်း ဖြစ်သည်။

Dialectical ၄င်းမှာတင်းမာမှုတစ်ခုအတွင်း ဆန့်ကျင်နေဟန်ရှိသော (paradoxical) အကြောင်းအရာ များ၏နှစ်ဖက်စလုံးပါဝင်သော စုစည်းညီညွတ်သည့်အဖြေကိုရှာဖွေစဉ်းစားဆင်ခြင်သောနည်းဖြစ်သည်။ သမ္မာ ကျမ်းစာ၏သမ္မာတရားအများအပြား၌ဆန့်ကျင်နေဟန်အတွဲများစွာရှိသည်။ ကြိုတင်ခန့်ထားခြင်း– လွတ်လပ်သောဆန္ဒ၊ လုံခြုံခြင်း–စွဲမြဲခြင်း၊ ယုံကြည်ခြင်း–လုပ်ဆောင်ခြင်း၊ ဆုံးဖြတ်ချက်–တပြည့်တော် ဖြစ်ခြင်း၊ ခရစ်ယာန်လွတ်လပ်မှု–ခရစ်ယာန်တာဝန်ဝတ္တရား––စသဖြင့်။

Diaspora ၄င်းမှာကတိတော်ပြည်၏ ပထဝီနယ်နိမိတ်ပြင်ပတွင်နေထိုင်သူ အခြားဂျူးများကိုဖော်ပြရန် ပါလက်စတိုင်းဒေသနေ ဂျူးများအသုံးပြုသော ဂရိဝေါဟာရဖြစ်သည်။

Dynamic equivalent **"အပြည့်အဝကိုက်ညီခြင်း"** ၄င်းမှာသမ္မာကျမ်းစာ ဘာသာပြန်ခြင်းသီအိုရီတစ်ခုဖြစ်သည်။ သမ္မာကျမ်းစာဘာသာပြန်ခြင်းဟူသည် မူရင်းဟေဗြဲစကားလုံး (ဝါ) ဂရိစကားလုံးတစ်လုံးအား မိမိ၏စကားလုံး တစ်လုံးဖြင့်ဖော်ပြလိုက်ခြင်းမှသည်မူရင်းစကားလုံး သုံးနှုန်းပုံနှင့် စကားလုံးစုစည်းပုံတို့ကို ပို၍လျော့ထွက်ကာ၊

၎င်းတို့အားဖြင့်ဖော်ပြသောအတွေးကိုသာလျှင် ဘာသာပြန်ခြင်းသို့ အဆင့်လိုက်ပြောင်းလဲခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ဤသီအိုရီနှစ်ခုကြား၌ "အပြည့်အဝကိုက်ညီခြင်း" (dyramic eqvivalent )ကမူ မူရင်းစာကိုအလေးအနက်ပြင်ရန်အားထုတ်သော်လည်း ခေတ်သစ်သဒ္ဒါနည်းနှင့် အသုံးအနှုန်းများဖြင့် ဘာသာပြန်သည်။ ဘာသာပြန်ခြင်းဆိုင်ရာ သီအိုရီအမျိုးမျိုးတို့အကြောင်းအလွန်ကောင်းသော ဆွေးနွေးမှုတစ်ခုမှာ Fee နှင့် Stuart တို့ရေးသားသော*How to Read the Bible for All It's Worth*, p-35 နှင့် Robert Bratcher ၏ TEV နိဒါန်းစကားဖြစ်သည်။

Eclectic - ဤဝေါဟာရကို မူရင်းကျမ်းဆိုင်ရာ စီစ်အကဲဖြတ်မှုနှင့် ဆိုင်၍သုံးသည်။ မူရင်းလက်ရေးကျမ်းများနှင့်နီးစပ်သော မူရင်းကျမ်းတစ်ခုသတ်မှတ်နိုင်ရန် မူကွဲဂရိမူရင်းကျမ်းများအားရွေးချယ်ခြင်းကို ရည်ညွှန်းသည်။ ၎င်းသည်ဂရိမူရင်းအုပ်စုတစ်ခုခုအားမူရင်းအဖြစ်အတင်းမှတ်ယူခြင်းကိုငြင်းပယ်သည်။

Eisegesis - ၎င်းမှာ exegesis နှင့် ဆန်ကျင်ဘက်ဖြစ်သည်။ Exegesis သည်မူလစာရေးသူ၏ ကြံရွယ်ချက်ကို "ဖော်ထုတ်သည်" ဆိုလျှင်၊ Eisegesis သည်ဘာသာခြားတစ်ခု၏ အတွေးကို "ထည့်သွင်း" ခြင်းအားဆိုလိုသည်။

Etymology **"စကားလုံးများ၏ မူလဇစ်မြစ်ကိုလေ့လာသောပညာ"** ၎င်းမှာစကားလုံးများအားလေ့လာမှု၏ ကဏ္ဍတစ်ခုဖြည်ပြီးစကားလုံးတစ်လုံး၏ မူလအနက်အဓိပ္ပါယ်ကိုအတည်ပြုပြောနိုင်ရန် အားထုတ်မှုဖြစ်သည်။ ဤမူရင်းအဓိပ္ပါယ်ကိုအခြေခံခြင်းဖြင့် အထူးတလည်သုံးနှုန်းပုံတို့ကို ပို၍လွယ်ကူစွာခွဲခြားသိရှိနိုင်သည်။ အနက်ပြန်ရာ၌စကားလုံး၏ဇစ်မြစ်မှာ အဓိကအာရုံစိုက်ရာမဟုတ်ဘဲ ရေးသားသောကာလနှင့် ခေတ်ပြိုင် အဓိပ္ပါယ်နှင့် သုံးနှုန်းပုံများမှာအဓိကအာရုံပြုရာဖြစ်သည်။

Exegesis ကျမ်းပိုဒ်တစ်ပိုဒ်အားအနက်ပြန်ခြင်းလုပ်ငန်းဆိုင်ရာဝေါဟာရဖြစ်သည်။ အဓိပ္ပါယ်မှာ "ဖော်ထုတ်သည်" ဟုအဓိပ္ပါယ်ရကာ၊ မူရင်းစာရေးသူ၏ရည်ရွယ်ချက်အား သမိုင်းကြောင်းစာအဆက်အစပ်၊ ဝါကျတည်ဆောက်ပုံနှင့်စကားလုံး၏ခေတ်ပြိုင်(ရေးသားချိန်) အဓိပ္ပါယ်များအားဖြင့် နားလည်ရန်အားထုတ်ခြင်းဖြစ်သည်။

Genre - ၎င်းမှာပြင်သစ်စကားလုံးဖြစ်ပြီး ကွဲပြားခြားနားသော စာပေအမျိုးအစားများကို ပြသည်။ ၎င်းမှာစာပေအရေးအသားများအားတူညီသော လက္ခဏာများအလိုက်စာပေအမျိုးအစားခွဲခြားခြင်းဖြစ်သည်။ ထိုသို့ခွဲခြားရာ၌သမိုင်းဆိုင်ရာ အရေးအသား၊ ကဗျာ၊ အလင်္ကာ၊ သုတ္တံစကားများ၊ အနာဂတ်၌ဖြစ်ပျက်မည့်အရာများ၊ ညတ်ချက်၊ ဥပဒေဆိုင်ရာစသည့်တို့ဖြစ်၏။

Gnosticism **"နော့စတစ်အယူဝါဒ"** မိမိတို့သိရသမျှမှာ ဤလွဲမှားသော အယူဝါဒသည် ဒုတိယရာစုနှစ်ကာလနော့စတစ်စာပေများမှ ဆင်းသက်လာခြင်းဖြစ်သည်။ သို့သော်အစပြုစိတ်ကူးများမှာ ပထမရာစု (နှင့်မတိုင်မီ) ကာလများ၌ ရှိခဲ့ပြီဖြစ်သည်။

ဒုတိယရာစုကာလ Valentian နှင့် Cerinthian Gnosticism အယူဝါဒများအကြောင်းအချို့က ဤသို့ဖော်ပြခဲ့ကြသည်။ (၁) ရုပ်ဝတ္ထုနှင့် နာမ်ဝိညာဉ်တို့မှာ တည်ရှိဖော်တည်ရှိဖက်များဖြစ်သည်။ ရုပ်ဝတ္ထုသည် ဆိုးသွမ်း၍နာမ်ဝိညာဉ်မှာကောင်းမြတ်သည်။ နာမ်ဝိညာဉ်ဖြစ်သောဘုရားသည် ပုံပန်းသဏ္ဍာန်နှင့်ဖြစ်သောဆိုးသွမ်းသည့်ရုပ်ဝတ္ထု၌ တိုက်ရိုက်ပါဝင်ပါတ်သက်ခြင်းမပြုနိုင်ချေ။ (၂) ဘုရားနှင့် ဝတ္ထုပစ္စည်းကြားဆင်းသက်သူများ (*eons* သို့မဟုတ် ကောင်းကင်တမန်နယ်ပယ်အဆင့်)။ အနိမ့်ဆုံး (ဝ၊) နောက်ပိတ်ဆုံးမှာစကြာဝဠာ (*Kosmos*)ကိုဖန်ဆင်းသောဓမ္မဟောင်းကျမ်းထဲဖော်ပြသည့် YHWH ဖြစ်သည်။ (၃) ယေရှုသည် YHWH

ကဲ့သို့ဆင်းသက်သူတစ်ပါးဖြစ်သော်လည်း အချိုးအဆအားဖြင့် YHWH ထက်ပို၍မြင့်ကာ၊ စစ်မှန်သောဘုရား ထက်ပို၍နိမ့်ကပ်သည်။ အချို့တို့သည် သူ့ကိုအမြင်ဆုံးအဖြစ်ထားသော်လည်း ဘုရားထက်ပိုလျော့နည်းပြီး၊ လူဝင်စားသူ ဘုရားမဟုတ်ချေဟုဆိုကြသည်။ (ယောဟန် ၁း၁၄) ရုပ်ဝတ္ထုဖြူသည်ဆိုးသွမ်းသဖြင့်ယေရှုသည်လူ သားကိုယ်ခန္ဓာရှိသည်ဆိုလျှင် ဘုရားမဖြစ်နိုင်ချေ။ သူသည်ဝိညာဉ်၏တစ္ဆေဖြစ်သည်။ (၁ယောဟန်၁–၃။ ၄း၁–၆)။ (၄) ကယ်တင်ခြင်းကို ယေရှုအားယုံကြည်ခြင်းနှင့် အထူးသီးသန့် လူပုဂ္ဂိုလ်များကသာလျှင်သိသောအသိပညာနှင့် ပေါင်းစပ်ခြင်းအားဖြင့်ရရှိသည်။ ကောင်းကင်ဘုံအရပ်များကိုဖြတ်သန်းသွားနိုင်ရန်အသိပညာ(စကားဝှက်) လိုအပ် သည်။ ဘုရားထံတော်ရောက်နိုင်ရန် ဂျူးဘာသာရေးပညတ်တရားလည်းလိုအပ်သည်။

နော့စတစ်မိစ္ဆာဒိဋ္ဌိဆရာများသည် ဆန့်ကျင်ဘက်ကိုယ်ကျင့်တရားစံနစ်နှစ်မျိုးထောက်ခံကြသည်။ (၁) လူအချို့အတွက်ကယ်တင်ခြင်းရရန်အသက်ရှင်ခြင်းပုံစံလုံးဝမလိုအပ်ချေ။ သူတို့အတွက်ကယ်တင်ခြင်းနှင့်ဝိညာဉ် လူဖြစ်ခြင်းတို့ကို ကောင်းကင်တမန်ဆိုင်ရာနယ်ပယ် (*eons*) မှတဆင့်ရသောအသိပညာ (စကားဝှက်) ထဲထုပ်ပိုး ထည့်သွင်းပေးသည်။ သို့မဟုတ် (၂) အခြားသူများအတွက်မူအသက်ရှင်ခြင်းပုံစံမှာ ကယ်တင်ခြင်းအတွက်အဆုံး အဖြတ်ပေးသောအရာဖြစ်သည်။ သူတို့သည်စစ်မှန်သော ဝိညာဉ်လူဖြစ်ခြင်း၏အထောက်အထားအဖြစ်အခြေခံနှစ် သိမ့်မှုများမခံယူဘဲ၊ အလွန်နှိမ့်ချရိုးစင်းစွာ အသက်ရှင်ခြင်းပုံစံကိုအလေးအနက်ထားကြသည်။

Hermeneutous အနက်ဖွင့်ခြင်းကို လမ်းညွှန်သော နိယမများအတွက်သုံးသော ဝေါဟာရဖြစ်သည်။ ၄င်း၌တိကျသော လမ်းညွှန်မှုများနှင့် ကျွမ်းကျင်မှု (ဆုလက်ဆောင် – gift) နှစ်မျိုးလုံးပါဝင်သည်။ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်း၌ အမျိုးအစားနှစ်မျိုးပါဝင်သည်။ ယေဘုယျနိယမများနှင့် အထူးနိယမများဟူ၍ဖြစ်သည်။ ၄င်းသည်သမ္မာကျမ်းစာ၌ တွေ့ရသောစာပေအမျိုးအစားများနှင့် ဆိုင်သည်။ စာပေအမျိုးအစား (genre )တစ်ခုစီ၌ ကိုယ်ပိုင်သပ်သပ်လမ်း ညွှန်မှုများရှိသော်လည်း တူညီသောအယူအဆများနှင့် အနက်ပြန်ခြင်းလုပ်ထုံးလုပ်နည်းများလည်းရှိသည်။

Higher Criticism - ၄င်းမှာသမိုင်းကြောင်းဆိုင်ရာနှင့် ကျမ်းတစ်ကျမ်း၏စာပေဖွဲ့စည်းပုံကို အာရုံစိုက်ကာ၊ သမ္မာကျမ်းစာအားဘာသာပြန်ခြင်းနည်းဖြစ်သည်။

Idiom စကားလုံးတစ်လုံးချင်း၏ အဓိပ္ပါယ်အားဖြင့်မဟုတ်၊ စကားလုံးချင်းဆက်စပ်မှု၏ပုံမှန် အဓိပ္ပါယ်အားဖြင့် လည်းမဟုတ်ဘဲ မူရင်းမိခင်ဘာသာစကားပြောသူများသုံးနှုန်းပုံကိုလိုက်၍ အဓိပ္ပါယ်ရှိသော စကားလုံးတွဲများဖြစ် သည်။ ဥပမာအင်္ဂလိပ်အီဒီယံ "to do with" ၏အဓိပ္ပါယ်မှာနှင့်ဆိုင်သည်။ (concerned, related) ခြင်းမျိုး ဖြစ်သည်။

Illumination ဘုရားသခင်သည် လူသားအားစကားပြောခြင်းအတွက် ပေးသောနာမည်ဖြစ်သည်။ ဝေါဟာရသုံးခု ဖြင့်ဖော်ပြသည်။ (၁) ဖွင့်ပြတော်မူခြင်း–ဘုရားသခင်သည် လူ့သမိုင်းထဲလုပ်ဆောင်တော်မူခဲ့သည်။ (၂) မှုတ်သွင်း တော်မူခြင်း – ဘုရားသခင်သည် မိမိလုပ်ဆောင်မှုများနှင့် ၄င်းတို့၏မှန်ကန်သော အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုပေးကာ၊ ၄င်းအားလူသားများအတွက် မှတ်တမ်းတင်ရလူအချို့ရွေးချယ်သည်။ (၃) ရှင်းလင်းပြသခြင်း – ဘုရားသခင်သည် မိမိကိုယ်မိမိ ဖွင့်ပြတော်မူခြင်းအားလူသားများနားလည်သဘောပေါက်စေရန် ကူညီခြင်းတို့ မိမိ၏ဝိညာဉ်တော်ကို ပေးထားသည်။

Inductive ၄င်းမှာသီးသန့်သဘောမှတစ်ခုလုံးခြုံငုံခြင်းသဘောသို့ပြောင်းသွားသော တတ္တဗေဒနည်း (ဝါ) ဆင်ခြင် တွေးခေါ်ခြင်းနည်းစံနစ်ဖြစ်သည်။ ခေတ်သစ်သိပ္ပံပညာ၏ လက်တွေ့စမ်းသပ်သောနည်းစနစ်ဖြစ်သည်။ မူလအား ဖြင့်အရစ္စတိုတယ်၏ချဉ်းကပ်နည်းဖြစ်သည်။

Interlinear သမ္မာကျမ်းကိုရေသားရာ ဘာသာစကားများမတတ်မြောက်သူတို့ သမ္မာကျမ်းစာ၏ အဓိပ္ပါယ်နှင့် တည်ဆောက်ပုံများစီစစ်လေ့လာနိုင်ရန် ကူညီပေးသောကိရိယာတစ်မျိုးဖြစ်သည်။ သမ္မာကျမ်းစာမူရင်း ဘာသာစာလုံးတစ်လုံးချင်း၏အောက်၌ အင်္ဂလိပ်စကားလုံးတစ်လုံးချင်းထားရှိသည်။ ဤကဲ့သို့သော ကျမ်းတစ်ကျမ်းအား **"စီစစ် လေ့လာသောအဘိဓါန်"** (ဟေဗြဲ၊ ဂရိ) နှင့် တွဲဖက်ပါကဟေဗြဲနှင့် ဂရိ ပုံစံအခြေခံအဓိပ္ပါယ်ရှင်းလင်းချက်များရရှိ လိမ့်မည်။

Inspiration ဘုရားသခင်သည် မိမိဖွင့်ပြတော်မူခြင်းအားမှန်ကန်စွာနှင့် ရှင်းလင်းစွာမှတ်တမ်းတင်ရန် သမ္မာကျမ်းစာ ရေးသားသူများကို လမ်းပြလျက်၊ လူသားများအားစကားပြောခဲ့ခြင်းအားဖော်ပြရန်သုံးသည်။ ဤယုံကြည်မှုကို ဝေါဟာရသုံးခုဖြင့်ဖော်ပြသည်။ (၁) ဖွင့်ပြတော်မူခြင်း – ဘုရားသခင်သည်လူ့ သမိုင်းထဲလုပ်ဆောင်တော်မူခဲ့သည်။ (၂) မှုတ်သွင်းတော်မူခြင်း – ဘုရားသခင်သည်မိမိ၏လုပ်ဆောင်မှုများနှင့် ၎င်းတို့၏ မှန်ကန်သော အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုပေးကာ၊ ၎င်းအားလူသားများအတွက်မှတ်တမ်းရန် လူအချို့ တို့အားရွေးချယ်ခဲ့သည်။ (၃) ရှင်းလင်းပြသခြင်း – ဘုရားသခင်သည် မိမိကိုယ်မိမိဖွင့်ပြတော်မူခြင်းအား လူသားများနားလည်သဘောပေါက်စေရန် ကူညီပေးဘို့မိမိ၏ဝိညာဉ်တော်ကိုပေးထားသည်။

Language of description ရှင်းလင်းဖော်ပြသောဘာသာစကား။ ၎င်းမှာ ဓမ္မဟောင်းကျမ်းရေးသားရာ၌ သုံးသော အီဒီယံများ (စကားလုံးတွဲများ) နှင့် ဆက်စပ်၍သုံးသည်။ ၎င်းသည်အာရုံငါးပါးအားဖြင့် သိရသောစကားလုံးများ ဖြင့်ကျွန်တော်တို့၏ ကမ္ဘာအကြောင်းပြောပြသည်။ ၎င်းမှာသိပ္ပံနည်းကျရှင်းလင်းဖော်ပြမှု မဟုတ်သည်နည်းတူ ထိုသို့သောအဓိပ္ပါယ်လည်းမရှိချေ။

Legalism **"နည်းဥပဒေသဝါဒ"** ဤစိတ်နေသဘောထားမှာ စည်းကမ်းချက်များ (ဝါ) ဘာသာရေး ဆင်ယင်ကျင်းပပုံများပေါ်အလွန်အကျွံအလေးထားခြင်းဖြစ်သည်။ ဘုရားသခင်၏လက်ခံမှုရရှိရန် နည်းလမ်း အဖြစ်နည်းပဒေများ အတိုင်းလုပ်ဆောင်ခြင်းကိုအားကိုးအားထားပြုသည်။ ၎င်းသည်ဆက်ဆံရေး ကိုလျှော့ တွက်ကာလုပ်ဆောင်မှုကို မြှောက်စားသည်။ သန့်ရှင်းသောဘုရားနှင့် အပြစ်ပြည့်သောလူသားများကြား ပဋိညာဉ်တရားအားဖြင့် ဆက်ဆံရေး၌ ထိုမျက်နှာ ***နှစ်မျိုးစလုံး*** ညီတူညီမျှအရေးကြီးသည်။

Literal (လုံးစေ့ပတ်စေ့) မူလစာနှင့် သမိုင်းကြောင်းကိုအခြေပြုကာအနက်ဖွင့်ခြင်း နည်းလမ်းတစ်မျိုးဖြစ်ပြီး အန္တီအုတ်မြို့မှ စတင်သည်။ လူသား၏ဘာသာစကားဖြင့်ရေးသားမှု၏ပုံမှန်နှင့် ပေါ်လွင်သောအဓိပ္ပါယ်အားဖြင့် အနက်ပြန်ခြင်းကိုဆိုလိုသည်။ သို့တစေ့ပုံဆောင်သောတင်စားဖော်ပြမှုများပါရှိကြောင်းလည်း အသိအမှတ်ပြု သည်။

Literary genra (စာပေအမျိုးအစား)လူသားချင်းပြောဆိုဆက်သွယ်မှုပုံစံများဖြစ်သည့် ကဗျာအလင်္ကာ သို့မဟုတ် သမိုင်းဖြစ်စဉ်အားရေးသားစီကုံးမှုပုံစံများကို ညွှန်းသည်။ စာပေအက္ခရာဖြင့် ရေးသားမှုအားလုံး၏ ယေဘုယျနိယမ များအပြင်၊ စာပေပုံစံအမျိုးအစားတိုင်း၌၎င်းတို့၏ ကိုယ်ပိုင်အနက်ဖွင့်မှုကိုယ်စီရှိသည်။

Literary unit (စာစု) ၎င်းသည်သမ္မာကျမ်းစာထဲရှိ ကျမ်းတစ်ကျမ်း၏အဓိကအပိုင်းခွဲများကို ညွှန်းသည်။ ၎င်း၌ အခန်းငယ်အနည်းအကျဉ်း (ဝါ) စာပိုဒ်များ (ဝါ) အခန်းကြီးအချို့ပါဝင်နိုင်သည်။ ၎င်းမှာအဓိကကျသော အကြောင်းအရာတစ်ခုပါဝင်သည့်စာစုတစ်စုဖြစ်သည်။

Lower criticism "မူရင်းကျမ်းဆိုင်ရာအကဲဖြတ်စီစစ်ခြင်း" textual criticism ၌ကြည့်ပါ။

Manuscript **"လက်ရေးကျမ်းများ"** ဂရိဓမ္မသစ်ကျမ်း၏ကွဲပြားခြားနားသော မိတ္တူပွားများကိုပြောသည်။ သုံးမျိုးသုံးစားခွဲခြားလေ့ရှိသည်။ (၁) ၄င်းတို့ကိုရေးသားရာပစ္စည်းပေါ်မူတည်၍ (ပေရွက်၊ သားရေ) သို့မဟုတ် (၂) ရေးသားခြင်းပုံစံ (စာလုံးကြီးသို့မဟုတ် စာလုံးသေး/ဆွဲ၍ရေးသားခြင်း)။ "MS" (အနည်းပြကိန်း)သို့မဟုတ် "MSS" (အများပြကိန်း) ဖြင့်ရေးသားဖော်ပြလေ့ရှိသည်။

Masoretic Text - အေ၊ ဒီ ကိုးရာစုကာလ၌ရေးသားသော ဟေဗြဲဓမ္မဟောင်းကျမ်းကို ညွှန်းသည်။ ၄င်းကိုဂျူးကျမ်းတတ်ပညာရှင်များ မျိုးဆက်နှင့် ချီကာထုတ်လုပ်ပြခြင်းဖြစ်ပြီ။ အသံထွက်သရအမှတ်အသားများနှင့် အခြားအမှတ်အသားများပါရှိသည်။ ၄င်းမှာ ကျွန်ုပ်တို့၏အင်္ဂလိပ်ဓမ္မဟောင်း၏ အခြေခံမူရင်းစာဖြစ်သည်။ ဟေဗြဲ MSS များ၊ အထူးသဖြင့်ပင်လယ်သေ ကျမ်းစာလိပ်များ Dead Sea Scrolls ခေါ်အထူးသဖြင့် ဟေရှာယအနာဂတ္တိကျမ်းသည် ဤဟေဗြဲဓမ္မဟောင်းကျမ်းကို အတည်ပြုသည်။ ၄င်းကိုအတိုကောက်အားဖြင့် "MT"ဟုမှတ်သားသည်။

Metonymy ၄င်းမှာစကားပြောခြင်းအမျိုးအစားပုံစံတစ်မျိုးဖြစ်ကာ၊ အရာတစ်ခုအား၏အမည်းအား၄င်းနှင့်ဆိုင်သောအခြားအရာတစ်ခုကို ကိုယ်စားပြုရန်အသုံးပြုခြင်းဖြစ်သည်။ ဥပမာ "ရေနွေးအိုးဆူနေပြီ" ဟုဆိုရာ၌ "ရေနွေးအိုးအထဲရှိ ရေဆူနေပြီ" ဟုဆိုလိုသည်။

Muratorian Fragments ဓမ္မသစ်လက်ရေးကျမ်းတစ်မျိုးဖြစ်သည်။ ရောမမြို့၌အေဒီ(၂၀၀)ကာလအတွင်းရေးသည်။ ၄င်း၌ပရိုတက်စတင်ဓမ္မသစ်ကျမ်း(၂၇)ကျမ်းပါရှိသည်။ (၄)ရာစုကာလအတွင်းအဓိကအသင်းတော်ကောင်စီကြီးများသည်။ သမ္မာကျမ်းစာပါကျမ်းများအတည်ပြုခြင်းမပြုမှီကပင်ရောမအင်ပါယာ၏ကွဲပြားခြားနားသောဒေသန္တရအသင်းတော်များသည်သမ္မာကျမ်းစာပါကျမ်းအားအတည်ပြုခြင်းပြုခဲ့ကြပြီးဖြစ်ကြောင်းပြသသည်။

Natural revelation ဘုရားသခင်သည် မိမိကိုယ်မိမိဖွင့်ပြတော်မူခြင်း၏အမျိုးအစားတစ်မျိုးဖြစ်သည်။ ၄င်း၌သဘာဝတရား (ရောမ ၁း၁၉–၂၀) နှင့် ကိုယ်ကျင့်တရားဆိုင်ရာကောင်းဆိုးခွဲခြင်းသိတတ်မှု/ သြတ္တပ္ပစိတ် (ရောမ ၂း၁၄–၁၅) ဖြစ်သည်။ ၄င်းကို ဆာလံ ၁၉း၁–၆ နှင့် ရောမ ၁–၂ တို့၌ပြောသည်။ ၄င်းသည် သမ္မာကျမ်းစာနှင့်နာဇရက်မြို့သားယေရှုအားဖြင့်ဘုရားသခင်သည် မိမိကိုယ်မိမိအထူးတိကျစွာဖွင့်ပြ တော်မူခြင်းနှင့် ကွဲပြားသည်။

ဤဓမ္မသဘောတရားကို ခရစ်ယာန်သိပ္ပံပညာရှင်များအကြား (ဥပမာ – Hugh Ross ရေးသောစာများ) "အိုမင်းသောကမ္ဘာ" လှုပ်ရှားမှုအဖွဲ့သည်ပြန်လည်း အလေးအနက်ပြုလာကြသည်။ ဤအမျိုးအစားသဘောကိုအခြေပြုကာ၊ သမ္မာတရားမှန်လျှင် ဘုရားသခင်၏သမ္မာတရားချည်းပင်ဖြစ်သည်ဟုဆိုကြသည်။ သဘာဝသည်ဘုရားသခင်အကြောင်းသိရန်ဖွင့်ထားသောတံခါးဖြစ်သည်။ ၄င်းမှာ အထူးဖွင့်ပြတော်မူခြင်း (သမ္မာကျမ်းစာ) နှင့်ကွဲပြားသည်။ ၄င်းသည်ခေတ်သစ်သိပ္ပံပညာအားသဘာဝ၏သဘောတရားကို လွတ်လပ်စွာစူးစမ်းရှာဖွေမှုပြုစေသည်။ ကျွန်ုပ်၏သဘောအရ အနောက်တိုင်းခေတ်သစ်သိပ္ပံနည်းကျကမ္ဘာအား သက်သေခံရန်၄င်းမှာ အလွန်ကောင်းသောအခွင့်အရေးဖြစ်သည်ဟု ယူဆပါသည်။

Nestorianism – သူသည်ငါးရာစုကာလ၌ ကွန်စတင်တီနိုပယ်၏ မျိုးနှစ်ခေါင်းဆောင်ကြီးဖြစ်သည်။ သူသည် ဆီးရီးယားနိုင်ငံ၊ အန္တီအုတ်မြို့၌ပညာသင်ကြားခဲ့ရာယေရှု၌သဘာဝနှစ်မျိုးရှိပြီး၊ လူသားအပြည့်အဝနှင့် အပြည့်အဝဘုရားဖြစ်သည်ဟု အခိုင်အမာဆိုသည်။ ၄င်းမှာ သဘာဝတစ်မျိုးဟူသော အလက်ဇန္ဒြားမြို့၏ မိရိုးဖလားဝါဒနှင့်ကွဲပြားသည်။ Nestorius ၏အဓိကစိုးရိမ်ပူပန်မှုမှာ မာရိအား အပ်နှင်းသည့် "ဘုရာ၏မယ်တော်" ဟူသောဘွဲ့တော်ဖြစ်သည်။ သူ့အားမိမိ၏အန္တီအုတ်ကျောင်းတော် ထွက်ဖြစ်ခြင်း

ကိုအကြောင်းပြုကာအလက်ဇန္ဒြားမြို့က Cyril သည်ဆန့်ကျင်ဘက်ပြု၏။ အန္တီအုတ်မှာ သမ္မာကျမ်း အနက်ဖွင့်ရာ၌သမိုင်းကြောင်း၊ သဒ္ဒါနည်းကျနှင့် မူရင်းစာကို အခြေပြုခြင်း၏ဌါနချုပ်ဖြစ်သော၊ အလက်ဇန္ဒြားမှာမူ ဥပမာပြုတင်စားသောအနက်ဖွင့်ခြင်း၏ဌာနချုပ်ဖြစ်သည်။ နောက်ဆုံး၌ Nestorious ကိုရာထူးမှ ဖယ်ရှားကာ ပြည်နှင့်ဒဏ်ပေးသည်။

Original author (**မူရင်းစာရေးသူ**) ၄င်းသည် သမ္မာကျမ်းစာအား လက်တွေ့ရေးသားသူများကိုခေါ်သည်။
Papyri - အီဂျစ်နိုင်ငံမှ စာရေးကိရိယာတစ်မျိုးဖြစ်သည်။ မြစ်ကမ်း၌ပေါက်သောကျူပင်တစ်မျိုးမှ လုပ်ခြင်း ဖြစ်ပြီး ပေရွက်ကဲ့သို့ သုံးသည်။ ကျွန်တော်တို့၏ရှေးအကျဆုံး ဓမ္မသစ်ကျမ်းများကို ဤပေရွက်စာများ ပေါ်ရေးခြင်းဖြစ်သည်။

Parallel passages (**အလားတူကျမ်းပိုဒ်၊ ကျမ်းပြိုင်များ**) သမ္မာကျမ်းစာတစ်အုပ်လုံးဘုရားသခင်ပေးခြင်း ဖြစ်သဖြင့်၄င်းကိုအကောင်းဆုံးအနက်ဖွင့်ပေးသူနှင့် ဆန့်ကျင်နေဟန်ရှိသော သမ္မာတရားအချင်းချင်းအား သဟဇာတဖြစ်စေသူမှာ သမ္မာကျမ်းစာကိုယ်၌ပင်ဖြစ်သည်ဟူသောခံယူချက်ဖြစ်သည်။ မရှင်းလင်း၊ မသဲကွဲ သောကျမ်းပိုဒ်တစ်ပိုဒ်အားအနက်ပြန်ရန်အားထုတ်ရာ၌ ၄င်းမှာအထောက်အကူဖြစ်သည်။ အကြောင်းအရာ တစ်ခုအားအရှင်းလင်းဆုံးဖော်ပြသည့်ကျမ်းပိုဒ်တစ်ခုရှာဖွေတွေ့ရှိရန်နှင့် ထိုအကြောင်းအရာကိုသမ္မာကျမ်းစာ ၏အခြားနေရာများအားလုံး၌မည်သို့ဖော်ပြကြောင်းရှာဖွေတွေ့ရှိနိုင်ရန်လည်းကူညီသည်။

Paraphrase ၄င်းမှာသမ္မာကျမ်းစာဘာသာပြန်ခြင်း၏ သီအိုရီတစ်မျိုးဖြစ်သည်။ သမ္မာကျမ်းစာဘာသာပြန် ခြင်းဟူသည့်မူရင်းဟေဗြဲစကားလုံး (ဝါ) ဂရိစကားလုံးတစ်လုံးအားမိမိစကားလုံးတစ်လုံးဖြင့်ဖော်ပြလိုက်ခြင်း မှသည်မူရင်းစကားလုံးသုံးနှုန်းပုံနှင့်စကားလုံးစုစည်းပုံတို့ကိုပို၍လျှော့တွက်ကာ ၄င်းတို့အားဖြင့်ဖော်ပြသော အတွေးကိုသာလျှင်ဘာသာပြန်ခြင်းဆီသို့ အဆင့်လိုက်ပြောင်းလဲခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ဤသီအိုရီနှစ် ခုကြား၌ရှိသော "အပြည့်အဝကိုက်ညီခြင်း" (dynamic equivalent)ကမူ မူရင်းစာကိုအလေးအနက်ပြုရန်အား ထုတ်သော်လည်းခေတ်သစ်သဒ္ဒါနည်းနှင့် အသုံးအနှုန်းများဖြင့်ဘာသာပြန်သည်။ ဘာသာပြန်ခြင်းသီအိုရီအ မျိုးမျိုးတို့အကြောင်း အလွန်ကောင်းသောဆွေးနွေးမှုတစ်ခုမှာ Fee နှင့် Stuart တို့ရေးသားပြုစုသော" *How to Read the Bible For All It's Worth*", pp 35 ဖြစ်သည်။

Paragraph (**စာပိုဒ်**)။ ၄င်းမှာ စာစုတစ်ခုအား စကားပြေဖြင့် အနက်ပြန်ခြင်း၏ အခြေခံဖြစ်သည်။ ၄င်း၌ ဗဟိုပြုရာ အတွေးတစ်ခုနှင့် ၄င်းအားဆင့်ပွားတိုးချဲ့ခြင်းဟူ၍ပါရှိသည်။ အဓိကအချက်ကိုစွဲကိုင်ထားပါက အသေးအဖွဲ့များကို အဓိကထားမိခြင်းသို့မဟုတ်၊ မူရင်းစာရေးသူ၏ရည်ရွယ်ချက်အား လက်လွတ်သွားခြင်း မျိုးရှိမည် မဟုတ်တော့ချေ။

Parochialism ၄င်းဒေသန္တရဓမ္မသဘောတရား/ထုံးတမ်းဓလေ့ဆိုင်ရာ ထဲသော့ခတ်ထားသော၊ တစ်ဖက်စောင်း နင်းကျမှုများဖြစ်သည်။ ၄င်းသည် သမ္မာကျမ်းစာ၏ သမ္မာတရား (ဝါ) ၄င်းအားလက်တွေ့အသုံးချခြင်းသည် လူ၏ယဉ်ကျေးမှုဓလေ့ထုံးစံကို ကျော်လွန်ကြောင်းအသိအမှတ်မပြုချေ။

Paradox (**ဆန့်ကျင်နေသယောင်မှန်သောအရာများ**) တစ်ခုနှင့် တစ်ခုဆန့်ကျင်ဖြစ်ကာ၊ တင်းမာမှုရှိနေ သယောင်ဖြစ်နေသော်လည်း နှစ်ဘက်စလုံးအမှန်ချည်းသာလျှင်ဖြစ်သော သမ္မာတရားမှားကိုဆိုလိုသည်။ ၄င်း

တို့ကိုသမ္မာတရားအား ဆန့်ကျင်သော ဘက်နှစ်ဖက်ဆက်တည်ဆောက်သည်။ သမ္မာကျမ်းစာ၏သမ္မာတရား အများအပြားကို ဆန့်ကျင်နေသယောင်အတွဲများ (သို့မဟုတ်ကျိုးကြောင်းပြဖော်ပြမှုများ) ဖြင့် တင်ဆက်ထား သည်။ သမ္မာကျမ်းစာ သမ္မာတရားများသည် သီးခြားတည်နေသောကြယ်များမဟုတ်ဘဲ၊ ကြယ်များအားဖြင့် ပုံသဏ္ဍာန်ဖော်ဆောင်သောကြယ်စုများဖြစ်သည်။

Plato **(ပလာတို)** ရှေးခေတ်ဂရိလူမျိုးတွေးခေါ်ရှင်တစ်ဦးဖြစ်သည်။ သူ၏ဒဿနိကဗေဒသည် ကနဦးအသင်း တော်အား အီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့က ပညာရှင်များမှတဆင့်နှင့် နောက်ပိုင်း၌ ဩဂတ်စတင်(Augustine) မှတဆင့်အလွန်လွှမ်းမိုးခဲ့သည်။ ကမ္ဘာပေါ်ရှိအရာခပ်သိမ်းတို့သည် ဝိညာဉ်ရေးရာမူလပုံစံတစ်ခု၏ ပုံတူနှင့် ၎င်းအားထင်ယောင်ထင်မှားဖြစ်မှု များသာဖြစ်သည်ဟုဆိုသည်။ နောက်ပိုင်းတွင် ဓမ္မပညာရှင်များသည် ပလာတို့၏ 'ပုံပန်းသဏ္ဍာန်/စိတ်ထူးအကြံ" တို့ကို ဝိညာဉ်ရေးရာနယ်ပယ်နှင့် တန်းတူထားကြသည်။

Presupposition အကြောင်းအရာ၊ ကိစ္စရပ်တစ်ခုအားကြို၍ သိရှိနားလည်မှုဖြစ်သည်။ ကျွန်တော်တို့သည် အကြောင်းကိစ္စရပ်တစ်ရပ်အား သမ္မာကျမ်းစာ၌ မရှာဖွေမီ မိမိတို့၏ထင်မြင်မှုများနှင့် စီရင်ဆုံးဖြတ်မှုများဖော် ဆောင်လေ့ရှိကြသည်။ ဤကဲ့သို့တင်ကူးသောစိတ်သဘောထားကိုငဲ့ကွက်မှု (bias) သို့မဟုတ် တဖက်စောင်း နင်းကျမှု၊ မှန်းဆမှု၊ ကြို၍နားလည်သိရှိမှုဟုခေါ်ဆိုကြသည်။

Prooftexting **(ကျမ်းချက်တစ်ချက်တည်းဖြင့် အတည်ပြုခြင်း)** ကျမ်းချက်တစ်ချက်၏ ကျမ်းစကား အဆက်အစပ် သို့မဟုတ် ပိုမိုကျယ်ပြန့်သောစာစုအား ဂရုမစိုက်ဘဲကျမ်းချက်တစ်ချက်တည်းကိုးကား၍ သမ္မာကျမ်းစာအနက်ပြန်ခြင်းဖြစ်သည်။ ၎င်းသည်ကျမ်းချက်များကိုမူလစာရေးသူ၏ရည်ရွယ်ချက်မှ လမ်းလွှဲ သွားစေကာမိမိ၏အယူအဆတစ်ခုအား သမ္မာကျမ်းစာ၏ အခွင့်အာဏာကိုစွဲကိုင်လျက်အတည်ပြုချက် ယူရန် အားထုတ်ခြင်းဖြစ်သည်။

Rabbinical Judaism **(ရဗ္ဗိဆရာကြီးများ၏ ဂျူးဘာသာ)** ဂျူးလူမျိုးတို့၏ ပုံစံဘဝသည် ဗာဗုလုန်သို့ပြည်နှင်ဒဏ်ခံချိန် (၅၈၆–၅၃၈ ဘီစီ) အတွင်းစတင်သည်။ ယဇ်ပုရောဟိတ်များနှင့် ဗိမာန်တော် ၏လွှမ်းမိုးမှုဖယ်ရှားခံရသဖြင့် ဒေသန္တရတရားဇရပ် (Synagogues) များသည် ဂျူးလူမျိုးတို့၏ဘဝ၌ အာရုံပြုရာအရပ်များဖြစ်လာခဲ့သည်။ ဂျူးလူမျိုးတို့၏ ဓလေ့ထုံးစံ၊ မိတ်သဟာယပြုမှု၊ ဝတ်ပြုကိုးကွယ်မှုနှင့် သမ္မာကျမ်းစာလေ့လာမှု၏ ဒေသန္တရဗဟိုဌာနများဖြစ်သော ဤတရားဇရပ်များသည် အမျိုးသားရေးရာ ဘာသာရေးဘဝ၏အာရုံပြုရာ နေရာများဖြစ်လာသည်။ ယေရှု၏ခေတ်၌ "ကျမ်းတတ်ပုဂ္ဂိုလ်များ၏ ဘာသာရေး" ဖြစ်သော၎င်းသည် ယဇ်ပုရောဟိတ်များ၏ ဘာသာရေးနှင့် အပြိုင်ဖြစ်သည်။ အေ၊ ဒီ ၇၀ ၌ယေရုရှလင်ကျသည့်အခါ ဖါရိရှဲများကြီးစိုးသောကျမ်းတတ်ပုဂ္ဂိုလ်ပုံစံသည် ဂျူးလူမျိုးများ၏ဘာသာရေး ဘဝကိုထိန်းကျောင်းသည်။ ၎င်းသည်နှုတ်တိုက်လက်ဆင့်ကမ်းသော ရှေးရိုးစဉ်လာကျမ်း (Talmud) ၌ ရှင်းလင်းသည့်အတိုင်း Torah (ပညတ္တိကျမ်း – ဓမ္မဟောင်းကျမ်း၏ပထငါးကျမ်း) အားတရားဥပဒေအဖြစ် အနက်ပြန်၍ကျင့်သုံးသည်။

Revelation **(ဖွင့်ပြတော်မူခြင်း)** ဘုရားသခင်သည်လူသားအားစကားပြောခြင်းကိုဖော်ပြရန်သုံးသောနာမည် ဖြစ်သည်။ အဓိပ္ပါယ်အပြည့်အစုံကိုဝေါဟာရသုံးမျိုးဖြင့်ဖော်ပြသည်။ (၁)ဖွင့်ပြတော်မူခြင်း–ဘုရားသခင်သည် လူ့သမိုင်းထဲလုပ်ဆောင်တော်မူခဲ့သည်။ (၂)မှုတ်သွင်းတော်မူခြင်း–ဘုရားသခင်သည်မိမိလုပ်ဆောင်မှုများနှင့်

၄င်းတို့၏မှန်ကန်သောအဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုပေးကာ၊ ၄င်းအားလူသားများအတွက်မှတ်တမ်းတင်ရန်လူအချို့ရွေးချယ်သည်။ (၃)ရှင်းလင်းပြသခြင်း–ဘုရားသခင်သည်မိမိကိုယ်မိမိဖွင့်ပြတော်မူခြင်းအားလူသားများအားနားလည်သဘောပေါက်စေရန်ကူညီပေးဖို့မိမိ၏ဝိညာဉ်တော်ကိုပေးထားသည်။

Semantic field စကားလုံးတစ်လုံးနှင့်ဆိုင်သောအဓိပ္ပါယ်၏အဆင့်အတန်းအပြည့်အစုံကိုညွှန်းသည်။ ၄င်းမှာကွဲပြားခြားနားသောအဆက်အစပ်များ၌စကားလုံးတစ်လုံး၏ အဓိပ္ပါယ်ပွားများမည်သို့ဖြစ်ပေါ်ကြောင်းပြောခြင်းဖြစ်သည်။

Septuagint ဟေဗြဲဓမ္မဟောင်းကျမ်းအားဂရိလိုဘာသာပြန်သောကျမ်း၏နာမည်ဖြစ်သည်။ အီဂျစ်နိုင်ငံအလက်ဇန္ဒြားမြို့စာကြည့်တိုက်အတွင်းမှုုပညာရှင်(၇၀)တို့ ရက်ပေါင်း(၇၀)အတွင်းဘာသာပြန်ရေးသားခဲ့ကြခြင်းဖြစ်သည်ဟုရှေးရိုးစဉ်လာအရပြောကြသည်။ ရှေးရိုးစဉ်လာအရအချိန်ကာလမှာဘီစီ(၂၅၀)ဝန်းကျင်ဖြစ်သည်။ (အမှန်စင်စစ်အားဖြင့်၄င်းအားပြီးစီးစေရန်နှစ်ပေါင်း(၁၀၀)ကျော်ကြာခဲ့ဟန်ရှိသည်။ ဤဘာသာပြန်ကျမ်းအရေးကြီးရခြင်းမှာ (၁)၄င်းသည်ဟေဗြဲဓမ္မဟောင်းကျမ်းနှင့်နှိုင်းယှဉ်ရန်ရှေးဟောင်းကျမ်းတစ်ကျမ်းကိုကျွန်တော်တို့အတွက်ပေးသည်။ (၂)၄င်းသည်ဘီစီ(၃)ရာစုနှင့်(၂)ရာစုအတွင်းဂျူးဘာသာပြန်အတတ်၏အခြေအနေကိုပြသည်။ (၃)ဂျူးများသည်ယေရှုကိုမငြင်းပယ်မီပင်မေရှိယအားနားလည်သိရှိပုံကိုပြသည်။ ၄င်း၏အတိုကောက်မှာ “LXX” ဖြစ်သည်။

Sinaiticus ၄င်းမှာအေဒီလေးရာစုဂရိကျမ်းတစ်ကျမ်းဖြစ်သည်။ ၄င်းကိုဂျာမန်ပညာရှင် Tischendorf ဆိုသူသည်ရှေးရိုးစဉ်လာအဆိုအရသိနတောင်ဖြစ်သော Jebel Musa တောင်ကုန်းပေါ်ရှိစိန့်ကက်သရင်းဘုန်းကြီးကျောင်း၌တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၄င်းကိုဟေဗြဲပထမအက္ခရာ [ ] ဖြစ်ဖေါ်ပြပြီး၊ ဓမဟောင်းနှင့်ဓမသစ်ကျမ်းနှစ်ခုစလုံးပါဝင်သည်။ ၄င်းမှာကျွန်တော်တို့၌ရှိသောရှေးအကျဆုံးစာလုံးကြီးလက်ရေးကျမ်း MISS တစ်ခုဖြစ်သည်။

Spiritualizing **(ဝိညာဉ်သဘောဖြစ်စေခြင်း)** သမိုင်းကြောင်းနှင့်ကျမ်းချက်တစ်ချက်၏ကျမ်းစကားအဆက်အစပ်အကြောင်းအရာသဘောကိုဘေးဖယ်ကာအခြားစံနှုန်းများဖြင့် အနက်ပြန်ခြင်းပြုရာ၌၄င်းသည်ဥပမာပြုတင်စာဖေါ်ပြမှုနှင့်သဘောချင်းတူသည်။

Synonymous ၄င်းသည်တိကျသော(ဝါ)အလွန်ဆင်တူသောအဓိပ္ပါယ်ရှိသည့်ဝေါဟာရများကိုခေါ်ဆိုသည်။ (အမှန်မှာအဓိပ္ပါယ်ချင်းအပြည့်အဝတူညီသောစကားလုံးဟူ၍မရှိချေ။) ထိုစကားလုံးမျိုးမှာအလွန်နီးစပ်လှသဖြင့်အဓိပ္ပါယ်မပျောက်ပျက်ဘဲဝါကျတစ်ခုအတွင်း နေရာလဲ၍ပင်သုံးနိုင်သည်။ ပုံစံချင်းတူသောဟေဗြဲကဗျာပုံစံသုံးမျိုးအနက်တစ်မျိုးအားဖေါ်ပြရန်လည်းသုံးသည်။ ဤသို့သုံးရာ၌တူညီသောအကြောင်းအရာကိုပြသည့်ကဗျာ၏စာကြောင်းနှစ်ကြောင်းကိုခေါ်သည်။ (ဆာလံ ၁၀၃း၃)

Syntax ၄င်းသည်ဝါကျတစ်ကြောင်း၏တည်ဆောက်ပုံကိုညွှန်းသောဂရိဝေါဟာရတစ်ခုဖြစ်သည်။ အကြောင်းအရာတစ်ခုအားအပြည့်အစုံဖေါ်ပြရန်ဝါကျတစ်ခု၏အစိတ်အပိုင်းများအားစုစည်းထားခြင်းကိုခေါ်သည်။

Synthetical ဟေဗြဲကဗျာ၊ အလင်္ကာအမျိုးအစားများကိုဖော်ပြသောဝေါဟာရသုံးမျိုးအနက်တစ်မျိုးဖြစ်သည်။ အဓိပ္ပါယ်တဖြည်းဖြည်းပို၍ပေါ်လွင်သွားစေသောပုံစံဖြင့်၊ တစ်ခုပေါ်တစ်ခုထပ်၍တည်ဆောက်ထားသည့် ကဗျာစာကြောင်းများကိုပြောသောဝေါဟာရဖြစ်ပြီးတစ်ခါတစ်လေ "Climatic" ဟုလည်းခေါ်သည်။ (ဆာလံ ၁၉း၇–၉)

Systematic theology အနက်ပြန်ခြင်း၏အဆင့်တစ်ဆင့်ဖြစ်ကာသမ္မာကျမ်းစာထဲများကိုစုစည်း၍ဆင်ခြင်သောပုံစံဖြင့်ပြောပြရန်အားထုတ်မှုဖြစ်သည်။ ၎င်းသည်သမိုင်းကြောင်းဆိုင်ရာသက်သက်ထက်တက္ကဗေဒနည်းကျဖြစ်သည်။ ခရစ်ယာန်ဓမ္မသဘောတရားအားအမျိုးအစားခွဲကာတင်ပြသည်။ (ဘုရားသခင်အကြောင်း၊ လူသားအကြောင်း၊ အပြစ်အကြောင်းကယ်တင်ခြင်းအကြောင်း...စသဖြင့်)။

Talmud ဂျူးလူမျိုးတို့၏နှုတ်ပါးစပ်ဖြင့် လက်ဆင့်ကမ်းသောရှေးရိုးစဉ်လာအယူဝါဒ (နှုတ်ရာဇဝင်) အား နီတိကျမ်းတစ်ကျမ်းအဖြစ်ရေးသားခြင်းဖြစ်သည်။ ဂျူးတို့သည် ၎င်းကိုသိနာတောင်ပေါ်တွင်ဘုရားသခင်သည်မောရှေအားပေးအပ်ခြင်းဖြစ်သည်ဟုယုံကြည်ကြသည်။ အမှန်မှာသမိုင်းတစ်လျှောက်ဂျူးဆရာသမားများ၏ပညာစကားများကိုစုစည်းထားသည်နှင့်တူသည်။ စာဖြင့်ရေးထားသော Talmud နီတိကျမ်းနှစ်ကျမ်းရှိသည်။ ဗာဗုလုန် Talmud ကျမ်းနှင့်ပို၍တိုတောင်းသောမပြီးစီးသည့်ပါလက်စတိုင်း Talmud ကျမ်း တို့ဖြစ်သည်။

Textual criticism **(မူရင်းကျမ်းဆိုင်ရာစီစစ်အကဲဖြတ်ခြင်း)** ၎င်းမှာသမ္မာကျမ်းစာ၏လက်ရေးကျမ်းများအားလေ့လာမှုဘာသာရပ်ဖြစ်သည်။ နဂိုမူရင်းကျမ်းများမရှိတော့ဘဲ မိတ္တူကျမ်းများလည်းတစ်ခုနှင့်တစ်ခုကွဲပြားကြသဖြင့်မူရင်းကျမ်းဆိုင်ရာစီစစ်အကဲဖြတ်မှုမှာလိုအပ်သည်။ ကွဲပြားမှုများကိုရှင်းပြရန်နှင့်ဓမ္မဟောင်း၊ ဓမ္မသစ်လက်ရေးကျမ်းများ၏မူရင်းအသုံးနှုန်းများ(အနီးစပ်ဆုံး) သိရှိနိုင်ရန်အားထုတ်ခြင်းဖြစ်သည်။ ၎င်းကို " lower critiousm " (အောက်ခြေအဆင့်စီစစ်အကဲဖြတ်မှု)ဟုလည်းခေါ်သည်။

Textus Receptus ဤနာမည်မှာ ၁၆၃၃ အေဒီ၌ Elzevir ၏ဂရိဓမ္မသစ်ကျမ်းအားဖြင့်ပေါ်လာသည်။ အခြေခံအားဖြင့်ပိုမိုနောက်ကျသောဂရိလက်ရေးကျမ်းအနည်းငယ်နှင့်လက်တင်ဘာသာပြန်ကျမ်းများဖြစ်သည့် Eramus (၁၅၁၀–၁၅၃၅) Stephanus (၁၅၄၆–၁၅၅၉)နှင့် Elzevir (၁၆၂၄–၁၆၇၈) တို့မှထုတ်လုပ်သောဂရိဓမ္မသစ်ကျမ်းပုံစံတစ်ခုဖြစ်သည်။ *An Introduction to the Textual Criticism of the New Testament* p.27 ၌ A. T. Robertson က "Byzantine ကျမ်းဟာလက်တွေ့မှာ Textus Receptus ဖြစ်လာတယ်"ဟုဆိုသည်။ Byzantine ကျမ်းမှာကနဦးဂရိလက်ရေးကျမ်းအုပ်စုသုံးခုထဲကတန်ဘိုးအနည်းဆုံးကျမ်းဖြစ်သည်။ (Western ကျမ်း၊ Alexandian ကျမ်းနှင့် Byzantine ကျမ်း)၎င်း၌ရာစုနှစ်များချီကာလက်ဖြင့်ကျမ်းများရေးကူးခြင်း၏အမှားများစုပုံပါရှိသည်။ မည်သို့ဖြစ်စေ A.T.Robertson ကပင်ပြောသည်မှာ" Textus Receptus သည်ကျွန်တော်တို့အတွက် မယ်မယ်ရရနှင့် မှန်ကန်သောကျမ်းကိုလုံခြုံစွာသိမ်းဆည်းပေးသည်"(စာ ၂၁)ဟုဆို သည်။ ဤအစဉ်အလာဂရိလက်ရေးကျမ်း (အထူးသဖြင့် Erasmus ၏တတိယမြောက်တည်းဖြတ်ခြင်း – ၁၅၂၂) မှာ ၁၆၁၁ အေဒီ၌အင်္ဂလိပ်ဘာ သာသို့ပြန်ဆိုသော King James Version ကိုမွေးဖွားပေးသည်။

Torah ၎င်းမှာဟေဗြဲစကား "သင်ကြားခြင်း" ဖြစ်သည်။ ၎င်းမှာမောရှေရေးသောကျမ်းများ၏တရားဝင်နာမည်ဖြစ်လာသည်။ (ကမ္ဘာဦးမှတရားဟောရာကျမ်းအထိ) ၎င်းမှာဂျူးများအတွက်ဓမ္မဟောင်းကျမ်း၏အခွင့်အာဏာအရှိဆုံးအပိုင်းဖြစ်သည်။

Typological ၎င်းမှာအနက်ပြန်ခြင်းအထူးပုံစံတစ်မျိုးဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌အလားတူလက္ခဏာဖြင့်တွေ့ရသည့်ဓမ္မသစ်ကျမ်း၏သမ္မာတရားများဖြစ်သည်။ ဤအမျိုးအစားအနက်ဖွင့်ခြင်းမှာ Alexandrian အနက်ပြန်ခြင်းနည်း၏အဓိကအချက်ဖြစ်သည်။ ဤပုံစံအနက်ပြန်ခြင်းကိုအသုံးပြုပုံမှားယွင်းမှုကြောင့်ဓမ္မသစ်ကျမ်းထဲမှတ်တမ်းတင်ထားသည့်တိကျသောဥပမာများကိုအသုံးပြုခြင်းအားကန့်သတ်လိမ့်မည်ဖြစ်သည်။

Vaticanus အေဒီလေးရာစုဂရိလက်ရေးကျမ်းဖြစ်သည်။ ၎င်းကို ဗာတီကန် စာကြည့်တိုက်ထဲတွေ့ရှိရသည်။ ၎င်း၌ဓမ္မဟောင်းကျမ်းအားလုံး Apocrypha ခေါ်ကာသိုလစ်အသင်းတော်၌သာသုံးသောကျမ်း ငယ် ၁၅ ကျမ်း နှင့်ဓမ္မသစ်ကျမ်းများပါဝင်သည်။ မည်သို့ဖြစ်စေအချို့ကျမ်းများမပါရှိချေ။ (ကမ္ဘာဦး၊ ဆာလံကျမ်း၊ ဟေဗြဲ၊ သင်းအုပ်ဩဝါဒစာများ၊ ဖိလေမုန်နှင့်ဗျာဒိတ်ကျမ်းများ) ၎င်းမှာမူရင်းလက်ရေးကျမ်းများ၏စကားလုံးသုံးနှုန်းပုံများကိုအဆုံးအဖြတ်ပေးရာ၌အလွန်အထောက်အကူပြုသောလက်ရေးကျမ်းဖြစ်သည်။ ၎င်းကို " B " ဖြင့်အမှတ်အသားပြုသည်။

Vulgate, Jerome ၏လက်တင်ဘာသာပြန်သမ္မာကျမ်းစာ၏နာမည်ဖြစ်သည်။ ၎င်းမှာရောမကာသိုလစ်အသင်းတော်အတွက်ဘာသာပြန်ရာ၌အသုံးပြုသောအခြေခံသို့မဟုတ်အများသုံးကျမ်းဖြစ်လာသည်။

Wisdom Literature **(ပညာစာပေများ)** ၎င်းမှာအရှေ့အလယ်ပိုင်း၌ရှေးခေတ်(နှင့်ခေတ်သစ်ကမ္ဘာ) တွင်တွေ့နေကျစာပေအမျိုးအစားတစ်မျိုးဖြစ်သည်။ ၎င်းမှာအခြေခံအားဖြင့်အောင်မြင်သောဘဝအတွက်အဆိုအမိန့်များကိုကဗျာအလင်္ကာများ၊ သုတ္တံစကားများသို့မဟုတ်စာစီစာကုံးများအားဖြင့်မျိုးဆက်သစ်တစ်ဆက်အား ကြိုးစားသွန်သင်မှုဖြစ်သည်။ ၎င်းမှာအစုအပေါင်းထက်တစ်ဦးချင်းအားရည်စူးခြင်းဖြစ်သည်။ သမိုင်းကိုရည်ညွှန်းကိုးကားခြင်းမပြုသော်လည်းဘဝအတွေ့အကြုံများနှင့်လေ့လာမှတ်သားမှုများကိုအခြေပြုသည်။ သမ္မာကျမ်းစာ၌ယောဘကျမ်းမှစ၍ဆောလမုန်သီချင်းတိုင်အောင် YHWH ၏ပါရှိမှုနှင့်ကိုးကွယ်မှုဖြစ်သည်ဟုဆိုသော်လည်း ဤဘာသာရေးလောကအမြင်သည်လူသားအားလုံးနှင့်အချိန်ကာလတိုင်းအတွက်ရှင်းလင်းသောအရာမဟုတ်ချေ။

စာပေအမျိုးအစားတစ်မျိုးအနေဖြင့်၎င်းသည်ယေဘုယျသမ္မာတရားကိုဖော်ပြသည်။ သို့သော်ဤစာပေမျိုးကိုအခြေအနေအားလုံး၌အတိအကျမသုံးနိုင်ချေ။ ၎င်းတို့မှာအခြေအနေတစ်ခုချင်းတိုင်းအတွက်မဟုတ်သောသမ္မာတရားအကြမ်းဖျင်းများဖြစ်သည်။ ဤပညာရှိကြီးများသည်ဘဝ၏ခက်ခဲသောမေးခွန်းများကိုမေးမြန်းရဲကြသည်။ ၎င်းတို့သည်ရှေးရိုးစဉ်လာဘာသာရေးအမြင်များကိုစိန်ခေါ်လေ့ရှိသည်။ (ယောဘနှင့်ဒေသနာကျမ်း) ၎င်းတို့သည်ဘဝ၏အဖြစ်ဆိုးများအကြောင်း လွယ်ကူသောအဖြေများအတွက်ညီညွတ်မျှတမှုနှင့်တင်းမာမှုများဖော်ဆောင်ပေးကြသည်။

World Picture and Worldview ၎င်းတို့မှာဝေါဟာရတွဲများဖြစ်သည်။ နှစ်မျိုးစလုံးဖန်ဆင်းခြင်းနှင့်ဆိုင်သောတွေးခေါ်မြော်မြင်ရေးဆိုင်ရာအယူအဆများဖြစ်သည်။ World Picture (ကမ္ဘာ့ရုပ်ပုံသွင်ပြင်)ဟူသောဝေါဟာရသည်"ဘယ်လို" ဖန်ဆင်းကြောင်းအားညွှန်းဆိုပြီး"Worldview"(ကမ္ဘာ့အမြင်)ကမူ"မည်သူဖန်ဆင်းသည်" ဟူသောအချက်နှင့်ဆိုင်သည်။ ဤဝေါဟာရတို့သည် ကမ္ဘာဦးအခန်းကြီး ၁–၂ ၌မူလအကြောင်းအရာမှာဘယ်လိုဖန်ဆင်းသည့်အကြောင်းမဟုတ်ဘဲ ဘယ်သူဖန်ဆင်းကြောင်းအားဖော်ပြခြင်းဖြစ်သည်ဆိုသောအနက်ပြန်ခြင်းနှင့်ကိုက်ညီသည်။

YHWH ဓမ္မဟောင်းကျမ်းအထဲဘုရားသခင်၏ပဋိညဉ်တရားဆိုင်ရာနာမတော်ဖြစ်သည်။ ၄င်းအားထွက် ၃း၁၄ ၌အဓိပ္ပါယ်သတ်မှတ်သည်။ ၄င်းမှာဟေဗြဲဝေါဟာရ "ရှိသည်၊ ဖြစ်သည်" (to be)၏ CAUSATIVE ပုံစံဖြစ်သည်။ ဂျူးတို့သည်ထိုနာမတော်ကိုအချည်းနှီးခေါ်ရာရောက်မည်စိုးရိမ်ကာ မခေါ်ရဲကြသဖြင့် "ဘုရားသခင်"ဟုအဓိပ္ပါယ်ရှိသော *Adonai* ဖြင့်အစားထိုးသုံးစွဲကြသည်။ ၄င်းမှာဤပဋိညဉ်ခံနာမတော်အား ဘာသာပြန်ဆိုပုံဖြစ်သည်။

# နောက်ဆက်တွဲ လေး

## ယုံကြည်ခြင်းဆိုင်ရာ ဩဝါဒဖော်ပြချက်

ကျွန်ုပ်သည်ယုံကြည်ခြင်းဖော်ပြမှုများကိုအထူးတလည်စိတ်ဝင်စားခြင်းမရှိ။ သမ္မာကျမ်းစာသာလျှင် ဖြစ်သည်ဟုဆိုရန်ပို၍နှစ်သက်ပါသည်။ မည်သို့ဖြစ်စေကျွန်ုပ်နှင့်ရင်းနှီးသောသူများသည်ကျွန်ုပ်၏ယုံကြည် ခြင်းဩဝါဒဆိုင်ရာအမြစ်ကိုအကဲဖြတ်စေရန် ယုံကြည်ခြင်းဖော်ပြမှုသည် အထောက်အကူဖြစ်စေလိမ့်မည်ကို သဘောပေါက်နားလည်ပါသည်။ ယနေ့ကျွန်တော်တို့၏ခေတ်ကာလ၌ဓမ္မသဘောတရား ဆိုင်ရာအမှားနှင့် လှည့်ဖြားခြင်းများလွန်းသဖြင့် ကျွန်ုပ်၏ဓမ္မသဘောတရားအကျဉ်းချုပ်ကိုအောက်တွင်ဖော်ပြပေးပါသည်။

၁။ ဓမ္မဟောင်း၊ ဓမ္မသစ်နှစ်ခုစလုံးဖြစ်သောသမ္မာကျမ်းစာသည်ဝိညာဉ်တော်မှုတ်သွင်းသော၊ မမှား ယွင်းနိုင်သော၊ အခွင့်အာဏာရှိသော၊ ဘုရားသခင်၏ထာဝရနှုတ်ကပတ်တော်ဖြစ်သည်။ ၄င်းမှာဘုရားသခင် ၏မိမိကိုယ်မိမိဖွင့်ပြတော်မူဖြစ်ကာ၊ ဥဘာဝလွန်ဦးဆောင်မှုဖြင့်လူသားများမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ၄င်းမှာဘုရားသခင်နှင့်သူ၏ရည်ရွယ်ချက်များအတွက်ကျွန်တော်တို့၏တစ်ခုတည်းသောရှင်းလင်းသည့်သမ္မာ တရားဖြစ်သည်။ ၄င်းမှာအသင်းတော်၏ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုအတွက်တစ်ခုတည်းသောအရင်းအမြစ်ဖြစ် သည်။

၂။ ထာဝရဖြစ်သောဖန်ဆင်းရှင်ရွေးနှုတ်ရှင်ဘုရားသခင်တစ်ဆူသာလျှင်ရှိသည်။ သူသည်ရူပအရာ၊ အရူပအရာ၊ ခပ်သိမ်းသောအရာတို့၏ဖန်ဆင်းရှင်ဖြစ်သည်။ သူသည်မှန်ကန်၍တရားမျှတတော်မူသော်လည်း ချစ်ခြင်းမေတ္တာရှင်နှင့်ဂရုစိုက်တော်မူသူအဖြစ်မိမိကိုယ်မိမိဖွင့်ပြတော်မူသည်။ သူသည်သီးခြားစီဖြစ်သော် လည်းအနှစ်သာရချင်းတူသောခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တည်းဟူသော ပုဂ္ဂိုလ်သုံးပါးဖြင့်မိမိ ကိုယ်မိမိဖွင့်ပြတော်မူသည်။

၃။ ဘုရားသခင်သည်မိမိ၏ ဤကမ္ဘာအားတက်ကြွစွာထိန်းထားသည်။ မိမိ၏ဖန်ဆင်းခြင်းအတွက် မပြောင်းမလဲနိုင်သောထာဝရအစီအမံနှင့်လူသား၏လွတ်လပ်သောဆန္ဒကိုခွင့်ပြုသောတစ်ဦးချင်းကိုအာရုံပြုမှု နှစ်မျိုးစလုံးရှိသည်။ ဘုရားသခင်မသိရှိ၊ ခွင့်ပြုတော်မူချက်မပါဘဲ မည်သည့်အရာမျှမဖြစ်ပွါးချေ။ သို့သော် သူသည်ကောင်းကင်တမန်များနှင့်လူသားများ၏တစ်ဦးချင်းရွေးချယ်မှုကိုလည်းခွင့်ပြုသည်။ ယေရှုသည် ခမည်းတော်ရွေးချယ်သောလူသားဖြစ်ကာ လူသားအားလုံးသူ့အထဲအလားအလာဖြင့်ရွေးချယ်သည်။ ဘုရား သခင်သည်အဖြစ်အပျက်များကိုကြိုတင်ရေးသားထားသည့်ဆုံးဖြတ်ချက်ချပြီးသားဖြစ်စဉ်ကိုသာလိုက်ရသော အဆင့်သို့လျော့ကျမသွားစေချေ။ ကျွန်တော်တို့အားလုံးသည်မိမိတို့၏အတွေးနှင့်လုပ်ဆောင်မှုများအတွက်တာ ဝန်ရှိသည်။

၄။ လူသားအားဘုရားသခင်၏သဏ္ဍာန်တော်ဖြင့်အပြစ်ကင်းစင်သူအဖြစ်ဖန်ဆင်းခဲ့သော်လည်း သူ သည်ဘုရားသခင်ကိုဆန့်ကျင်ရန်ရွေးချယ်သည်။ သဘာဝလွန်တစ်ခုသည် သူတို့ကိုသွေးဆောင်ခဲ့သည်မှန် သော်လည်းအာဒံနှင့်ဧဝတို့၌သူတို့၏စိတ်ဆန္ဒဖြင့်အတ္တကိုဗဟိုပြုခြင်း၌တာဝန်ရှိကြသည်။ သူတို့၏ပုန်ကန်

ခြင်းသည်လူသားနှင့်ဖန်ဆင်းခြင်းကိုထိခိုက်သည်။ ကျွန်တော်တို့အားလုံးသည်အာဒံအထဲမိမိတို့၏တစ်စုတစ်ပေါင်းတည်းသောအခြေအနေနှင့်တစ်ဦးချင်း၏ဆန္ဒဖြင့်ပုန်ကန်မှုအတွက်ဘုရားသခင်၏ဂရုဏာတော်နှင့်ကျေးဇူးတော်လိုအပ်လျက်ရှိနေကြသည်။

၅။ ကျဆင်းသောလူသားအတွက်ဘုရားသခင်သည်အပြစ်လွတ်ခြင်းနှင့်နဂိုနေပြန်လည်ဖြစ်စေရေးအတွက်နည်းလမ်းတစ်ရပ်ဘုရားသခင်ပြင်ဆင်ပေးထားသည်။ ဘုရားသခင်၏အတုအနှိုင်းမဲ့သားတော်ယေရှုခရစ်သည်လူသားတစ်ယောက်ဖြစ်လာခဲ့သည်။ အသက်တာ၌အပြစ်ကင်းစင်သည်။ အစားထိုးအသေခံခြင်းဖြင့်လူသား၏အပြစ်အတွက်ပြစ်ဒဏ်ပေးဆပ်ခဲ့သည်။ သူသည်နဂိုနေပြန်ဖြစ်ရန်နှင့် ဘုရားသခင်နှင့်မိတ်သဟာယဖြစ်ရေးအတွက်တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ သူပြီးစီးခဲ့သောအလုပ်အားကိုးစားယုံကြည်ခြင်းကလွဲလျှင်ကယ်တင်ခြင်းအတွက်အခြားနည်းမရှိချေ။

၆။ ကျွန်တော်တို့တစ်ယောက်ချင်းသည်အပြစ်လွှတ်ခြင်းနှင့် နဂိုပြန်ဖြစ်ရေးအတွက်ဘုရားသခင်ပေးစမ်းခြင်းအားတစ်ဦးချင်းလက်ခံရန်ဖြစ်သည်။ ၎င်းကိုယေရှုမှတဆင့်ဘုရားသခင်ပေးသောကတိတော်များကိုစိတ်ဆန္ဒရှိရှိအားကိုးအားထားပြုကာ မိမိသိသမျှအပြစ်မှ မိမိစိတ်နှင့်မိမိပြန်လှည့်လာခြင်းဖြင့်ပြီးစီးသွားစေသည်။

၇။ ကျွန်တော်တို့အားလုံးခရစ်တော်ကိုအားကိုးရာပြုခြင်းနှင့် အပြစ်မှနောင်တရခြင်းဖြင့်အပြည့်အဝအပြစ်လွှတ်ခြင်းရရှိကာ နဂိုမူလအတိုင်းပြန်လည်ဖြစ်သွားစေခြင်းရရှိကြသည်။ သို့သော် ဤအသစ်သောဆက်ဆံရေးမှာပြောင်းလဲခဲ့ကာပြောင်းလဲနေသော ဘဝအသက်တာဖြင့်သက်သေထူသည်။ လူသားအတွက်ဘုရားသခင်၏ပန်းတိုင်မှာတစ်နေ့သောအခါကောင်းကင်ဘုံ၌သာမဟုတ်ဘဲ ယခု၌ပင်ခရစ်တော်နှင့်တူနေခြင်းဖြစ်သည်။ အစစ်အမှန်ရွေးနှုတ်ခြင်းခံသူများသည် ပြစ်မှားနိုင်သည်ဆိုသော်လည်း မိမိတို့ဘဝအသက်တာတလျှောက်လုံး၌ဆက်လက်၍ယုံကြည်သွားကာ နောင်တဖြင့်ဆက်လက်၍အသက်ရှင်သွားကြလိမ့်မည်။

၈။ သန့်ရှင်းသောဝိညာဉ်တော်မှာ "အခြားသောယေရှု" ဖြစ်သည်။ သူသည်ပျောက်ဆုံးနေသူများကိုခရစ်တော်ထံဦးဆောင်ရန်နှင့်ကယ်တင်ခြင်းရရှိသူတို့အားခရစ်တော်နှင့်ပို၍ပို၍တူလာစေရန် ဤကမ္ဘာလောကထဲရှိနေသည်။ ဝိညာဉ်တော်ဆုကျေးဇူးများကိုကယ်တင်ခြင်းရရှိချိန်၌ပေးအပ်သည်။ ၎င်းတို့မှာခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သောအသင်းတော်အတွင်းခွဲဝေပေးထားသော ယေရှု၏အသက်နှင့်အမှုတော်လုပ်ငန်းဖြစ်သည်။ အခြေခံအားဖြင့်ယေရှု၏စိတ်နေသဘောထားနှင့် သူ့အားလှုပ်ရှားစေသောအကြောင်းရင်းများဖြစ်သည့်ဆုကျေးဇူးများသည် ဝိညာဉ်တော်အသီးများအားဖြင့်လှုပ်ရှားရန်လိုသည်။ ဝိညာဉ်တော်တို့၏ခေတ်၌လည်းလုပ်ဆောင်သည်။

၉။ ခမည်းတော်သည်ရှင်ပြန်ထမြောက်သောယေရှုခရစ်တော်အား အရာခပ်သိမ်း၏တရားသူကြီးဖြစ်စေသည်။ သူသည်လူသားအားလုံးတရားစီရင်ရန်ပြန်လည်ကြွလာပေမည်။ ယေရှုကိုအားကိုးအားထားပြုလျက်သိုးသူငယ်၏အသက်စာစောင်၌ ၎င်းတို့၏နာမည်များရေးမှတ်ထားသူတို့သည် ဘုန်းကြီးသောမိမိတို့၏ထာဝရကိုယ်ခန္ဓာများကို ယေရှုခရစ်ပြန်လည်ကြွချိန်၌လက်ခံရရှိကြပေလိမ့်မည်။ သူတို့သည်သခင်ဘုရားနှင့်အတူအမြဲထာဝရနေထိုင်ကြလိမ့်မည်။ မည်သို့ဖြစ်စေ ဘုရားသခင်၏သမ္မာတရားအားတုံ့ပြန်မှုပြုရန်ငြင်းဆန်သူတို့သည်သုံးပါးတစ်ဆူနှင့်မိတ်သဟာယပြုခြင်း၏ ဝမ်းမြောက်မှုမှထာဝရဖယ်ရှားခြင်းခံကြလိမ့်မည်။ သူတို့သည်မာရ်နတ်နှင့်သူ၏ကောင်းကင်တမန်တို့နှင့်အတူ ပြစ်ဒဏ်စီရင်ခြင်းခံရကြလိမ့်မည်။

ဤဖော်ပြမှုသည်ပြည့်စုံခြင်းမရှိသော်လည်း ကျွန်ုပ်နှလုံးသား၏ဓမ္မသဘောတရားကိုမှုပေါ်လွင်စေလိမ့်မည်ဟုမျှော်လင့်ပါကြောင်း။ ကျွန်ုပ်ကြိုက်နှစ်သက်သောဖော်ပြမှုတစ်ရပ်မှာ
– "မရှိမဖြစ်သောအရာ–စည်းလုံးခြင်း။ အတွင်း၌ရှိသောအရာ–လွတ်လပ်ခြင်း။ အရာခပ်သိမ်း၌–ချစ်ခြင်းမေတ္တာ"